ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်

မဟာအောင်မြေဘုံစံကျောင်းတိုက်

ပဓာနနာယကဆရာတော်

အဂ္ဂမဟာပဏ္ဍိတ

အရှင်စန္ဒိမာ

စီရင်ရေးသားတော်မူအပ်သော

# ဓမ္မပဒဝတ္ထုတော်ကြီး

## (ဒုတိယတွဲ)


ပြည်ထောင်စု မြန်မာနိုင်ငံတော်

သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၃၆ ကောဇာ ၁၃၅၄ ခရစ် ၁၉၉၂

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌
လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်း
(မှတ်ပုံတင်အမှတ်–၀၂၄၀၅/၀၂၅၂၇)က ပုံနှိပ်ထုတ်ဝေသည်။

ဆရာတော် အရှင်စန္ဒိမာဘိ

# ဓမ္မပဒဝတ္ထုတော်ကြီး

## (ဒုတိယတွဲ)

### မာတိကာ

ဝတ္ထုဦးရေ ဝတ္ထုစဉ် မျက်နှာနံပါတ်


၃။ စိတ္တဝဂ်

၇။ ပူတိဂတ္တတိဿမထေရ်အကြောင်း .... .... ၁
မြတ်စွာဘုရားကိုယ်တော်တိုင် ပူတိဂတ္တတိဿမထေရ်အား
စောင့်ရှောက်တော်မူခြင်း .... .... ၂
ဒေသနာတော်၏ အကျိုးအာနိသင် .... .... ၄
ပူတိဂတ္တတိဿမထေရ်၏ အကြောင်း အတိတ်ဝတ္ထု .... ၅

၈။ နန္ဒဂေါပါလက နွားကျောင်းသားအကြောင်း .... .... ၇
ဒေသနာတော်၏ အကျိုးအာနိသင် .... .... ၉

၉။ သောရေယျပြည်သား သူဌေးသားအကြောင်း .... ၁၀
သောရေယျသူဌေးသား မိန်းမအဖြစ်နှင့် တက္ကသိုလ်ပြည်သို့
ရောက်ခြင်း .... .... ၁၁
သူငယ်ချင်းဖြစ်သော သူဌေးသားတစ်ဦးနှင့် တွေ့ဆုံခြင်း .... ၁၃
သောရေယျသူဌေးသား ယောကျ်ားဘဝ ပြန်ဖြစ်ခြင်း .... ၁၅
အရှင်သောရေယျမထေရ် ရဟန္တာဖြစ်ခြင်း .... .... ၁၇
ဒေသနာတော်၏ အကျိုးအာနိသင် .... .... ၁၈

၄။ ပုပ္ဖဝဂ်

၁။ မြေကြီးစကားကိုပြောဆိုသော ငါးရာကုန်သော
ရဟန်းတို့အကြောင်း .... .... ၁၉
ဒေသနာတော်၏ အကျိုးအာနိသင် .... .... ၂၀

၂။ တံလျှပ်ကမ္မဋ္ဌာန်းကိုရှုသော မထေရ်အကြောင်း .... ၂၁
ဒေသနာတော်၏ အကျိုးအာနိသင် .... .... ၂၂

# ဓမ္မပဒဝတ္ထုတော်ကြီး


| ဝတ္ထုဦးရေ | ဝတ္ထုစဉ် | မျက်နှာနံပါတ် |
|---|---|---|
| ၃။ | ဝိဋ္ဋူဘမင်းသားအကြောင်း .... .... | ၂၃ |
| | သံဃာတော်တစ်ထောင် ဆွမ်းလုပ်ကျွေးခြင်း .... .... | ၂၅ |
| | အကျွမ်းမဝင်ခြင်း ၉-ပါးနှင့် အကျွမ်းဝင်ခြင်း ၉-ပါး .... | ၂၇ |
| | ကေသဝရသေ့အကြောင်း အတိတ်ဝတ္ထု .... .... | ၂၉ |
| | ကေသဝရသေ့အကြောင်း ဇာတ်ပေါင်းခြင်း .... .... | ၃၄ |
| | သာကီဝင်မင်းသမီးနှင့် အမျိုးဆက်ခြင်းအကြောင်း .... | ၃၅ |
| | ဝိဋ္ဋူဘမှည့်ခြင်းအကြောင်း .... .... | ၃၆ |
| | သာကီဝင်မင်းတို့ထံ သွားခြင်းအကြောင်း .... .... | ၃၇ |
| | အဆင့်အတန်း နှိမ့်ချထားခြင်း .... .... | ၃၈ |
| | အဘအမျိုးသာ ပမာဏဖြစ်ကြောင်း .... .... | ၃၉ |
| | ထင်းခွေသည်မိန်းမအကြောင်း အတိတ်ဝတ္ထု .... | ၄၀ |
| | ထင်းခွေသည်မအား လက်စွပ်ပေးအပ်ခြင်း .... .... | ၄၀ |
| | မင်းကြီးက ငါ့သားတော်မဟုတ်ဟု ပယ်ခြင်း .... .... | ၄၁ |
| | ခမည်းတော်အား တရားဟောခြင်း .... .... | ၄၂ |
| | ထင်းခွေသည်မအကြောင်း ဇာတ်ပေါင်းခြင်း .... | ၄၃ |
| | ဗန္ဓုလနှင့် မလ္လိကာအကြောင်း .... .... | ၄၄ |
| | မလ္လိကာ ချင်ခြင်းတပ်ခြင်း .... .... | ၄၅ |
| | ဗန္ဓုလကို ဖမ်းယူရန် ရထားငါးရာဖြင့် လိုက်ခြင်း .... | ၄၆ |
| | လိစ္ဆဝီမင်းတို့ သေဆုံးခြင်း .... .... | ၄၈ |
| | ဗန္ဓုလစစ်သူကြီးအား မကောင်းကြံစည်ကြခြင်း .... | ၄၉ |
| | ဗန္ဓုလစစ်သူကြီး အသတ်ခံရခြင်း .... .... | ၄၉ |
| | ချွေးမတော်တို့အား ဆုံးမစကားပြောခြင်း .... .... | ၅၁ |
| | မလ္လိကာသည် မိဘရပ်ထံ ပြန်သွားခြင်း .... .... | ၅၂ |
| | ပသေနဒီကောသလမင်းကြီး နတ်ရွာစံခြင်း .... .... | ၅၃ |
| | ဆွေတော်မျိုးတော်တို့အား စောင့်ရှောက်တော်မူခြင်း .... | ၅၄ |
| | သာကီဝင်မင်းတို့ ပျက်စီးခြင်း .... .... .... | ၅၅ |
| | မဟာနာမ်မင်းကြီး နဂါးပြည်၌ စံနေခြင်း .... .... | ၅၇ |
| | ဝိဋ္ဋူဘမင်း ပရိသတ်နှင့်တကွ သေဆုံးခြင်း .... | ၅၈ |
| | သာကီဝင်မင်းသားတို့ ရှေးအကြောင်း အတိတ်ဝတ္ထု .... | ၅၉ |
| | ဒေသနာတော်၏ အကျိုးအာနိသင် .... .... | ၆၀ |

| ဝတ္ထုဦးရေ | ဝတ္ထုစဉ် | မျက်နှာနံပါတ် |
|---|---|---|
| ၄။ | ပတိပူဇိကာ ဥပါသိကာမအကြောင်း .... .... | ၆၀ |
| | အကြောင်း အတ္တုပ္ပတ္တိ အစဉ်ကား ဤသို့တည်း .... | ၆၁ |
| | ရဟန်းအများ မျက်ရည်မဆည်နိုင်ကြခြင်း .... .... | ၆၆ |
| | ပတိပူဇိကာ နတ်ပြည် ပြန်ရောက်ခြင်း .... .... | ၆၆ |
| | ဒေသနာတော်၏ အကျိုးအာနိသင် .... .... | ၆၈ |
| ၅။ | မစ္ဆရိယကောသိယ သူဌေးအကြောင်း .... .... | ၆၈ |
| | အရှင်မဟာမောဂ္ဂလာန် မုန့်အလှူခံ ကြွတော်မူခြင်း .... | ၇၂ |
| | အရှင်မဟာမောဂ္ဂလာန်အား မုန့်လှူဒါန်းခြင်း.... .... | ၇၃ |
| | အရှင်မဟာမောဂ္ဂလာန်သည် သူဌေးကြီးလင်မယားကို ဇေတဝန်ကျောင်းတော်သို့ဆောင်ခြင်း .... .... | ၇၅ |
| | သူဌေးလင်မယား သောတာပန်တည်ခြင်း .... .... | ၇၇ |
| | ရဟန်းတော်တို့ကျင့်ရန် ဟောကြားတော်မူခြင်း .... | ၇၇ |
| | ဒေသနာတော်၏ အကျိုးအာနိသင် .... .... | ၇၈ |
| | မစ္ဆရိယ သူဌေးအကြောင်း ဣလ္လိသဇာတ် .... .... | ၇၉ |
| | ဣလ္လိသသူဌေးအား အဖသိကြားမင်း ဆုံးမခြင်း .... | ၈၀ |
| | ဣလ္လိသဟန်ဆောင်သော သိကြားမင်းသည် ကြီးကျယ်စွာ လှူဒါန်းခြင်း .... .... .... .... | ၈၁ |
| | ဣလ္လိသသူဌေးကို အလှူခံများက ရိုက်ပုတ်ကြခြင်း .... | ၈၂ |
| | ဣလ္လိသသည် မင်းကြီးထံ သွားရောက် လျှောက်ထားခြင်း | ၈၄ |
| | ဣလ္လိသ နှစ်ယောက် ရွေးမရအောင် တူနေခြင်း .... | ၈၄ |
| | သိကြားမင်းက ရှင်းပြပြီး ဣလ္လိသသူဌေးအား ဆုံးမခြင်း.... | ၈၆ |
| ၆။ | ပါဝေယျကမည်သော အာဇီဝကအကြောင်း .... | ၈၇ |
| | မြတ်စွာဘုရားကို သွားမပင့်ရန် အာဇီဝက-က တားမြစ်ပြီး စားသောက်ရန် ကြံခြင်း .... .... .... | ၈၈ |
| | အာဇီဝကသည် မြတ်စွာဘုရား တရားတော်ကို မနာလို ဆဲရေးကာ ထွက်ပြေးခြင်း .... .... .... | ၉၀ |
| | ဒါယိကာမကြီး စိတ်မကောင်း ဖြစ်နေခြင်း .... | ၉၁ |
| | ဒေသနာတော်၏ အကျိုးအာနိသင် .... .... .... | ၉၁ |

| ဝတ္ထုဦးရေ | ဝတ္ထုစဉ် | မျက်နှာနံပါတ် |
|---|---|---|
| ၇။ | ဆတ္တပါဏိ ဥပါသကာအကြောင်း .... .... | ၉၂ |
| | မြတ်စွာဘုရားထံ၌ ကောသလမင်းကြီးနှင့် တွေ့ဆုံခြင်း | ၉၃ |
| | နန်းတော်တွင်း၌ ပိဋကတ်သုံးပုံ သင်ပေးရန် တောင်းပန်ခြင်း | ၉၄ |
| | မလ္လိကာမိဖုရားနှင့် ဝါသဘခတ္တိယာတို့ ပိဋကတ်သုံးပုံ သင်ကြခြင်း | ၉၆ |
| | ဒေသနာတော်၏ အကျိုးအာနိသင် .... .... | ၉၇ |
| ၈။ | ပုဗ္ဗာရုံကျောင်းအမ ဝိသာခါ ဒါယိကာမကြီးအကြောင်း | ၉၈ |
| | ဆုထူးပန်ဆင်ခဲ့ကြသူ ငါးယောက် .... .... | ၉၈ |
| | ဝိသာခါသည် ခုနစ်နှစ်အရွယ်က သောတာပန်တည်ခြင်း | ၉၉ |
| | ကောသလမင်းကြီးသည် ယောက်ဖ ဗိမ္ဗိသာရမင်းကြီးထံ သူဌေးကြီးတစ်ဦးကို သွားရောက်တောင်းဆိုခြင်း | ၁၀၀ |
| | သာကေတမြို့တော်သစ် တည်ထောင်ခြင်း .... | ၁၀၂ |
| | သူဌေးသား ပုဏ္ဏဝဍ္ဎနအတွက် အိမ်ထောင်ဘက် အမျိုးသမီးရှာကြခြင်း .... .... | ၁၀၂ |
| | မိန်းမတို့ကောင်းခြင်း လက္ခဏာ ၅-ပါး .... | ၁၀၃ |
| | သူဌေးသမီးဝိသာခါ နက္ခတ်ပွဲသဘင်ထွက်ခြင်း .... | ၁၀၅ |
| | သူဌေးသမီးဝိသာခါ ပုဏ္ဏားတို့နှင့် စကားအချေအတင် ပြောဆိုခြင်း .... .... .... | ၁၀၅ |
| | ပြေးသွား၍ မတင့်တယ်သူ လေးဦး .... .... | ၁၀၆ |
| | အဖိုးငွေတစ်သိန်းတန် ရွှေပန်းခိုင်ကို လက်ခံသိမ်းပိုက်ချင်း | ၁၀၈ |
| | ဝိသာခါ၏ လက်ထပ်မင်္ဂလာပွဲ .... .... | ၁၁၀ |
| | မဟာလ္လတာတန်ဆာ စီရင်ပြုလုပ်ခြင်းအကြောင်း .... | ၁၁၂ |
| | သက်န်းလှူခြင်းအကျိုး .... .... | ၁၁၃ |
| | သမီးဝိသာခါအား ပစ္စည်းဥစ္စာ ရတနာတို့ကို ခွဲဝေပေးခြင်း | ၁၁၄ |
| | နွားအပေါင်းတို့သည် ခြံကိုခုန်ထွက်၍ လိုက်ကြခြင်း.... | ၁၁၅ |
| | သမီးဝိသာခါအား ဆုံးမလိုက်သော ဩဝါဒစကား ဆယ်ခွန်း | ၁၁၆ |
| | ရွာကြီးတစ်ဆယ့်လေးရွာမှ လူများအားလုံးလိုက်ကြခြင်း | ၁၁၉ |
| | အာဇာနည်မြင်းမ သားဖွားခြင်း .... .... | ၁၂၀ |
| | တက္ကတွန်းတို့က ဝိသာခါအား နှင်ထုတ်ပစ်ရန်ပြောခြင်း | ၁၂၀ |
| | ရဟန်းတော်တစ်ပါး ဆွမ်းခံရန်ကြွလာခြင်း .... | ၁၂၂ |
| | သူဌေးကြီးရှစ်ဦးအား တိုင်ကြားပြောဆိုခြင်း .... | ၁၂၂ |
| | ဩဝါဒစကားဆယ်ခွန်းကို ရှင်းပြခြင်း .... | ၁၂၄ |

ဝတ္ထုဦးရေ ဝတ္ထုစဉ် မျက်နှာနံပါတ်

မြတ်စွာဘုရားနှင့်တကွ ရဟန်းသံဃာတော်တို့အား
ပြုစု လုပ်ကျွေးခြင်း .... .... ၁၂၇
မိဂါရသူဌေးကြီး သောတာပန်တည်ခြင်း .... ၁၂၈
မိဂါရမာတာဟု အမည်တွင်ခြင်း .... .... ၁၂၉
ချွေးမဝိသာခါအား အထူးဝိသေသပြု၍ ချီးမြှင့်ခြင်း ၁၃၁
သားသမီးနှစ်ကျိပ်၊ မြေးလေးရာ၊ မြစ်ရှစ်ထောင် .... ၁၃၂
ဝိသာခါအား ဆင်ပြောင်ကြီးနှင့် တိုက်စေလျက် အားစမ်းခြင်း ၁၃၃
ဝိသာခါကဲ့သို့ အားကောင်းသောကျွန်မ .... ၁၃၄
မဟာလ္လတာတန်ဆာ ဝတ်ဆင်နိုင်သော မိန်းမသုံးဦး .... ၁၃၆
ပုဗ္ဗာရုံကျောင်းတော်ကြီးကို ဆောက်လုပ်လှူဒါန်းခြင်း ၁၃၇
အရှင်မောဂ္ဂလာန် စောင့်ရှောက်တော်မူခြင်း .... ၁၃၈
ဝိသာခါ ကျောင်းတော်ပူဇော်ပွဲ .... .... ၁၄၀
ဝိသာခါ သီဆိုကျူးရင့်သော ငါးဂါထာပါဠိအနက် .... ၁၄၁
ကျောင်းအစ်မကြီးဝိသာခါ၏ ရှေးဆုတောင်းအကြောင်း ၁၄၃
ပဒုမုတ္တရမြတ်စွာဘုရားအား သံဃာတော်တစ်သိန်းနှင့်တကွ
ဆွမ်းလုပ်ကျွေးရာ ဗျာဒိတ်ကြားတော်မူခြင်း .... ၁၄၄
ဒေသနာတော်၏အကျိုးအာနိသင် .... .... ၁၄၆

၉။ အာနန္ဒထေရပဥ္စာအကြောင်း .... .... ၁၄၆
မွေးကြိုင်လှစွာသော နံ့သာအကြောင်း .... ၁၄၇
ဒေသနာတော်၏ အကျိုးအာနိသင် .... .... ၁၄၉

၁၀။ ကဿပထေရ ပိဏ္ဍပါတဒါနအကြောင်း .... ၁၅၀
သိကြားမင်းနှင့် သုဇာတာတို့ သူအိုအသွင်ဖန်ဆင်း၍
ဆွမ်းလှူဒါန်းကြခြင်း .... .... ၁၅၂
ဒေသနာတော်၏အကျိုးအာနိသင် .... .... ၁၅၆

၁၁။ ဂေါဓိကမထေရ်ပရိနိဗ္ဗာန်ပြုသောအကြောင်း .... ၁၅၇
မာရ်နတ်သားက မြတ်စွာဘုရားအား လျှောက်ထားခြင်း ၁၅၇
အရှင်ဂေါဓိကမထေရ် ပရိနိဗ္ဗာန်ပြုခြင်း .... ၁၅၉
မာရ်နတ်သား မေးလျှောက်ခြင်း .... .... .... ၁၆၁
မြတ်စွာဘုရားသခင် ဖြေကြားတော်မူခြင်း .... — ၁၆၁
ဒေသနာတော်၏ အကျိုးအာနိသင် .... .... — ၁၆၂

ဝတ္ထုဦးရေ ဝတ္ထုစဉ် မျက်နှာနံပါတ်

၁၂။ **သီရိဂုတ္တ သူကြွယ်နှင့် ဂရဟဒိန္နသူကြွယ်တို့အကြောင်း** ၁၆၄
နိဂဏ္ဌ တဏှာတွန်းစကားဖြင့် သီရိဂုတ္တသူကြွယ်အားပြောကြားခြင်း ၁၆၄
နိဂဏ္ဌတဏှာတွန်းတို့သည် မစင်တွင်း၌ ကျရောက်ခြင်း .... ၁၆၆
သီရိဂုတ္တသူကြွယ်အားဒဏ်ထားရန် မင်းကြီးထံသို့ တိုင်ကြားခြင်း ၁၆၇
ဂရဟဒိန္နသူကြွယ်သည် သီရိဂုတ္တသူကြွယ်အား အမျက်ဒေါသ ထားခြင်း .... .... .... .... .... ၁၆၉
မြတ်စွာဘုရားသည် မီးကျီးခဲအစုမှ ပဒုမ္မာကြာပန်းကြီးများ ပေါ်လာမည်ကို မြင်တော်မူခြင်း.... .... .... ၁၇၁
ဂရဟဒိန္နသူကြွယ်သည် မကောင်းကြံစည် ပြုလုပ်ခြင်း .... ၁၇၂
မီးကျီးခဲစုအတွင်းမှ ပဒုမ္မာကြာများ ထပေါက်ခြင်း .... ၁၇၃
ဒေသနာတော်၏ အကျိုးအာနိသင် .... .... .... ၁၇၆
မီးကျီးခဲစုအတွင်းမှ ပဒုမ္မာကြာများ ပေါက်ရောက်ဖူးကြောင်း ၁၇၆
ပစ္စေကဗုဒ္ဓါအား ဆွမ်းလှူဒါန်းရာ မာရ်နတ်သားက ဖျက်ဆီးခြင်း ၁၇၇
မီးကျီးခဲစုအတွင်းမှ အံ့သြဖွယ် ပဒုမ္မာကြာများပေါက်ခြင်း .... ၁၈၀

## ၅။ ဗာလဝဂ်

၁။ **ကောသလမင်းကြီးနှင့် အညတရ ယောကျ်ားအကြောင်း ....** ၁၈၂
ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်မယ်အကြောင်း .... ၁၈၂
ပြာသာဒ်မယ်ကို လိုချင်၍ လင်ယောကျ်ားကိုသတ်ရန် ရာထူး ပေးအပ်ခြင်း .... .... .... .... ၁၈၃
ကုမုဒြာကြာနှင့် အရုဏဝတီမြေကို နဂါးမင်းက ပေးခြင်း .... ၁၈၅
ကောသလမင်းကြီးသည် ထပ်မံ၍ အကောက်ကြံစည်ခြင်း .... ၁၈၆
"ဒု-သ-န-သော" အသံကြီးချားကို ကြားရခြင်း.... .... ၁၈၇
အဓိပ္ပါယ်ကို မသိဘဲနှင့်လိမ်လည်၍ လျှောက်တင်သော ပုဏ္ဏားများ ၁၈၇
မလ္လိကာမိဖုရားနှင့်တကွ မြတ်စွာဘုရားထံ သွားရောက် လျှောက်ထားခြင်း .... .... .... .... ၁၈၉
မြတ်စွာဘုရားသခင် ဖြေတော်မူခြင်း .... .... .... ၁၉၁
ဒု-သ-န-သော သူဌေးသားလေးယောက်အကြောင်း .... ၁၉၁
ပြာသာဒ်မယ်၏ လင်ယောကျ်ား မင်းခစားသည် သောတာပန် တည်ခြင်း .... .... .... .... .... ၁၉၇
ဒေသနာတော်၏ အကျိုးအာနိသင် .... .... .... ၁၉၈

ဝတ္ထုဦးရေ ဝတ္ထုစဉ် မျက်နှာနံပါတ်

ပညာရှိသော မလ္လိကာ၏ ရှေးအကြောင်း .... .... ၁၉၉
တားမြစ်ကယ်ဆယ်ရန် သိကြားမင်းလည်း မတတ်နိုင်ခြင်း .... ၁၉၉
ပညာရှိသော ဓမ္မဒိန္နာမိဖုရားသည် မင်းမိဖုရားတို့ အသက်ကို
ကယ်ဆယ်ခြင်း.... .... .... .... .... ၂၀၁
သိုးတစ်ကောင်ကို သတ်ခဲ့ဖူးသော ရှေးအကြောင်း .... ၂၀၂
ဇာတ်တော်ကိုပေါင်းခြင်း .... .... .... .... ၂၀၄

၂။ ရှင်မဟာကဿပမထေရ်ကြီး၏ တပည့်ငယ်အကြောင်း .... ၂၀၅
အရှင်မဟာကဿပ၏ တပည့်ရဟန်းနှစ်ပါး .... .... ၂၀၆
အရှင်မဟာကဿပအား ပြစ်မှားသော တပည့်ရဟန်းငယ်
အဝီစိသို့ကျရောက်ခြင်း.... .... .... .... ၂၀၇
ပြစ်မှားသော ရဟန်းငယ်၏ ရှေးအကြောင်း အတိတ်ဝတ္ထု.... ၂၀၉
မျောက်သည် ငှက်သိုက်ကို ဆွဲငင် ဖျက်ဆီးခြင်း .... .... ၂၁၂
ဒေသနာတော်၏ အကျိုးအာနိသင် .... .... .... ၂၁၃

၃။ အာနန္ဒာသူဌေးကြီး၏ အကြောင်း .... .... .... ၂၁၃
အာနန္ဒာသူဌေးကြီးသေ၍ ဒွန်းစဏ္ဍားဘဝ၌ ဖြစ်ရခြင်း .... ၂၁၄
ဒွန်းစဏ္ဍားမသည် သားအတွက် ဆင်းရဲလှ၍ ခွဲခွါစွန့်ပစ်လိုက်ခြင်း ၂၁၅
မူလသိရိသူဌေး သရဏဂုံ တည်ခြင်း .... .... .... ၂၁၇
ဒေသနာတော်၏ အကျိုးအာနိသင် .... .... .... ၂၁၈

၄။ အထုတ်ကို ဖြေတတ်သောသူခိုးနှစ်ယောက် အကြောင်း .... ၂၁၉
ဒေသနာတော်၏ အကျိုးအာနိသင် .... .... .... ၂၂၀

၅။ အရှင်ဥဒါယီ မထေရ်အကြောင်း .... .... .... ၂၂၀
ဒေသနာတော်၏ အကျိုးအာနိသင် .... .... .... ၂၂၁

၆။ သုံးကျိပ်သော ပါဝေယျကတိုင်းသားရဟန်းတို့အကြောင်း .... ၂၂၂
မြတ်စွာဘုရားထံ၌ မင်းသားတို့ "ဧဟိဘိက္ခု" ရဟန်းဖြစ်ကြခြင်း ၂၂၃
မင်းသားတို့၏ ရှေးအကြောင်း .... .... .... ၂၂၄
ဒေသနာတော်၏ အကျိုးအာနိသင် .... .... .... ၂၂၄

၇။ သုပ္ပဗုဒ္ဓလူနူ၏ အကြောင်း .... .... ၂၂၅
သုပ္ပဗုဒ္ဓလူနူ သောတာပန်တည်ခြင်း .... .... ၂၂၆

| ဝတ္ထုဦးရေ | ဝတ္ထုစဉ် | မျက်နှာနံပါတ် |
|---|---|---|
| | သုပ္ပဗုဒ္ဓသည် ပစ္စည်းကြွယ်ဝသူဖြစ်ကြောင်း သိကြားမင်းအား ပြောကြားခြင်း .... .... | ၂၂၇ |
| | သုပ္ပဗုဒ္ဓအား သတ်သော ဘီလူးမအကြောင်း .... | ၂၂၈ |
| | သုပ္ပဗုဒ္ဓသည် တာဝတိံသာ၌ ဖြစ်ခြင်းနှင့် ရှေးအကြောင်း | ၂၃၁ |
| | ဒေသနာတော်၏ အကျိုးအာနိသင် .... .... | ၂၃၂ |
| ၇။ | **လယ်ထွန်သမားအကြောင်း** .... .... | ၂၃၃ |
| | မြတ်စွာဘုရားသည် လယ်ထွန်ရာအရပ်သို့ ကြွတော်မူခြင်း | ၂၃၄ |
| | လယ်ထွန်သမားအား ခိုးမှုဖြင့် သေဒဏ်ပေးခြင်း .... | ၂၃၄ |
| | မြတ်စွာဘုရားထံသို့ သွားရောက် လျှောက်ထားခြင်း .... | ၂၃၆ |
| | ဒေသနာတော်၏ အကျိုးအာနိသင် .... .... | ၂၃၇ |
| ၉။ | **သုမနပန်းသည်အကြောင်း** .... .... | ၂၃၇ |
| | သုမနပန်းသည် မြတ်စွာဘုရားအား ပန်းတို့ဖြင့် ပူဇော်ခြင်း | ၂၃၈ |
| | မြတ်စွာဘုရားအား တစ်ဆယ့်ရှစ်ကုဋေသော မြို့သူမြို့သားတို့ လှူဒါန်းပူဇော်ကြခြင်း .... .... | ၂၄၁ |
| | စိတ်ထားမကောင်းသော မယားသည် လင်သုမနပန်းသည်နှင့် ကွာရှင်းခြင်း .... .... | ၂၄၃ |
| | သုမနပန်းသည်အား များမြတ်သော ဆုရှစ်မျိုးကို ဗိမ္ဗိသာရမင်းကြီးက ချီးမြှင့်ခြင်း .... .... | ၂၄၅ |
| | ပစ္စေကဗုဒ္ဓါ ဖြစ်လတ္တံ့ဟု သုမနပန်းသည်အား ဗျာဒိတ် ပေးတော်မူခြင်း .... .... | ၂၄၆ |
| | ဒေသနာတော်၏ အကျိုးအာနိသင် .... .... | ၂၄၇ |
| ၁၀။ | **ဥပ္ပလဝဏ်ထေရီမအကြောင်း** .... .... | ၂၄၇ |
| | ဥပ္ပလဝဏ္ဏာ သတို့သမီးနှင့် လက်ထပ်ရန် တောင်းဆိုကြခြင်း | ၂၄၈ |
| | ဥပ္ပလဝဏ္ဏာ သတို့သမီး ရဟန်းပြုခြင်း .... .... | ၂၅၀ |
| | အလွန် မိုက်မဲလှစွာသော နန္ဒလုလင် အဝီစိငရဲ၌ကျခြင်း.... | ၂၅၀ |
| | ဒေသနာတော်၏ အကျိုးအာနိသင် .... .... | ၂၅၁ |
| | ရဟန္တာပုဂ္ဂိုလ်တို့အား အာရုံငါးပါး၌ ခုံမင်တပ်မက်ခြင်း မရှိကြောင်း .... .... | ၂၅၂ |

ဝတ္ထုဦးရေ ဝတ္ထုစဉ် မျက်နှာနံပါတ်


**၁၁။ ဇမ္ဗုကအာဇီဝက၏ အကြောင်း** .... .... ၂၅၄

ကျောင်းနေ ရဟန်းသည် ရဟန္တာအရှင်မြတ်အား ဆဲရေး ပြစ်မှားခြင်း ... ... ၂၅၅

ဘုရားနှစ်ဆူတို့၏ အကြား၌ ငရဲခံရခြင်း .... .... ၂၅၆

ဇမ္ဗုကရဟန်း၏ သူငယ်ဘဝ .... .... ၂၅၇

ဇမ္ဗုကကို အာဇီဝကတို့က နှင်ထုတ်လိုက်ခြင်း .... ၂၅၈

ဇမ္ဗုကအား ကိုးကွယ် ပူဇော်ကြခြင်း .... .... ၂၅၉

မြတ်စွာဘုရား ဇမ္ဗုကထံသို့ ကြွတော်မူခြင်း .... .... ၂၆၀

ဇမ္ဗုကသည် မြတ်စွာဘုရားအား အမျက်ထွက်ခြင်း .... ၂၆၁

မြတ်စွာဘုရားအား နတ်ဗြဟ္မာအပေါင်းတို့ လာရောက် ပူဇော်ကြခြင်း .... .... ၂၆၂

ဇမ္ဗုကသည် မြတ်စွာဘုရားအား လှည့်ပတ်၍ လျှောက်ထားခြင်း .... .... ၂၆၃

ဇမ္ဗုကသည် ပဋိသမ္ဘိဒါပတ္တ "ဧဟိဘိက္ခု" ရဟန်းဖြစ်ခြင်း ၂၆၄

လူအပေါင်းတို့၏ ယုံမှားမှုကို ဇမ္ဗုကသည် ပယ်ရှား၍ ပြခြင်း ၂၆၆

ဒေသနာတော်၏ အကျိုးအာနိသင် .... .... ၂၆၇

**၁၂။ အဟိပေတ မြွေပြိတ္တာ၏ အကြောင်း** .... .... ၂၆၈

ကြီးပြိတ္တာအကြောင်း .... .... ၂၇၀

မြွေပြိတ္တာအကြောင်း .... .... ၂၇၂

အရှင်ပစ္စေကဗုဒ္ဓါကျောင်းကို မီးရှို့ခဲ့ဖူးခြင်း .... .... ၂၇၂

ဒေသနာတော်၏ အကျိုးအာနိသင် .... .... ၂၇၄

**၁၃။ သဋ္ဌိကူဋပြိတ္တာအကြောင်း** .... .... ၂၇၄

ကျောက်စရစ် ပစ်တတ်သော သူဆွံ့အကြောင်း .... ၂၇၆

စကားများလွန်းသော ပုရောဟိတ်ပုဏ္ဏား .... .... ၂၇၇

ဆရာဆွံ့၏ တပည့်သည် အရှင်ပစ္စေကဗုဒ္ဓါကို ပစ်သတ်ခြင်း ၂၇၈

ဒေသနာတော်၏ အကျိုးအာနိသင် .... .... ၂၈၁

**၁၄။ သုဓမ္မမထေရ်နှင့် စိတ္တသူကြွယ်အကြောင်း** .... .... ၂၈၁

အဂ္ဂသာဝကနှစ်ပါးနှင့် သံဃာတော်တစ်ထောင်အား ဆွမ်းလှူဒါန်းခြင်း .... .... ၂၈၂

သုဓမ္မမထေရ်သည် စိတ္တသူကြွယ်အား တောင်းပန်ရခြင်း ၂၈၃

ဝတ္ထုဦးရေ　　ဝတ္ထုစဉ်　　မျက်နှာနံပါတ်


ဒေသနာတော်၏ အကျိုးအာနိသင် .... .... ၂၇၅
သုဓမ္မမထေရ် ရဟန္တာဖြစ်ခြင်း .... .... ၂၇၆
စိတ္တသူကြွယ်သည် မြတ်စွာဘုရားထံ သွားရောက် ဖူးမြော်ခြင်း ၂၇၆
နတ်များက စောင့်ရှောက်ကာ ပန်းမိုးရွာခြင်း .... ၂၇၈
စိတ္တသူကြွယ်၏ ရှေးဆုတောင်း အကြောင်း .... ၂၉၁

၁၅။ **ဝနဝါသီတိဿ သာမဏေ အကြောင်း** .... ၂၉၃
ဆင်းရဲလှသော မဟာသေနပုဏ္ဏားကြီး စေတနာကောင်းလှခြင်း ၂၉၃
မဟာသေနပုဏ္ဏားကြီး နောက်ဘဝ လူပြန်ဖြစ်ခြင်း ၂၉၅
သူငယ်ကလေး၏ အဖွဲ့ဒါန ကုသိုလ် .... ၂၉၆
တိဿသူငယ် ရှင်သာမဏေ ပြုခြင်း .... ၂၉၇
တိဿသာမဏေငယ်အား လှူဒါန်းသူ ပေါများခြင်း ၃၀၀
တိဿသာမဏေငယ်သည် သံဃာတော် တစ်ထောင်အား
ကမ္ဗလာသက်န်း လှူဒါန်းခြင်း .... .... ၃၀၁
အထည်ကုန်သည်၏ ထူးမြတ်သော စေတနာ .... ၃၀၃
တိဿသာမဏေသည် တောရကျောင်း၌ သီတင်းသုံးခြင်း ၃၀၅
တိဿသာမဏေသည် ပဋိသမ္ဘိဒါပတ္တ ရဟန္တာဖြစ်ခြင်း ၃၀၆
ရှင်သာရိပုတ္တရာနှင့်တကွ သံဃာတော် လေးထောင်
တိဿသာမဏေထံသို့ ကြွတော်မူခြင်း .... ၃၀၈
တိဿသာမဏေသည် ဆန်းကြယ်စွာ တရားဟောတော်မူခြင်း ၃၀၉
တိဿသာမဏေငယ်ထံ မြတ်စွာဘုရား ကြွတော်မူခြင်း ၃၁၀
ငိုကြွေးခဲ့ရသော မျက်ရည်သည် သမုဒ္ဒရာရေမျှမက များခြင်း ၃၁၃
မသေဖူးသော နေရာမရှိခြင်း .... .... ၃၁၄
အရှင်အာနန္ဒာ ပရိနိဗ္ဗာန် ပြုသောအရပ် .... ၃၁၆
ဒေသနာတော်၏ အကျိုးအာနိသင် .... ၃၂၁


## ၆။ ပဏ္ဍိတဝဂ်


၁။ **ရာဓမထေရ် အကြောင်း** .... .... ၃၂၃
ရာဓပုဏ္ဏား ရဟန်းပြု၍ ရဟန္တာဖြစ်ခြင်း .... ၃၂၃
ရှင်သာရိပုတ္တရာ၏ ရှေးအကြောင်း .... ၃၂၆
ကျေးဇူးသိတတ်လှသောဆင် .... .... ၃၂၆
သားငယ်ဆင်ဖြူတော်ကလေးကို လက်သမားတို့အား ပေးခြင်း ၃၂၈

ဝတ္ထုဦးရေ ဝတ္ထုစဉ် မျက်နှာနံပါတ်

ဇာရာဏသီမင်းကြီး ဆင်ဖြူတော်ရတနာကို ဝယ်ယူတော်မူခဲ့ခြင်း ၃၂၉
ဆင်အာဇာနည်သည် ရန်သူကောသလမင်းကို တိုက်ခိုက် အောင်မြင်ခြင်း .... .... ၃၃၀
အလီနစိတ္တဇာတ်တော်ပေါင်းခြင်း .... .... ၃၃၄
ဒေသနာတော်၏ အကျိုးအာနိသင် .... ၃၃၅

၂။ အဿဇိပုနဗ္ဗသုကတို့အကြောင်း .... .... ၃၃၆
ဒေသနာတော်၏ အကျိုးအာနိသင် .... ၃၃၈

၃။ ဆန္နမထေရ် အကြောင်း .... .... ၃၃၈
ဖွားဖက်တော် ခုနစ်ယောက် .... .... ၃၃၉
ဆန္နအမတ်သည် ရဟန်းပြုလျက် ဆဲရေး ရေရွတ်ခြင်း ၃၄၀
ဒေသနာတော်၏ အကျိုးအာနိသင် .... ၃၄၀
အရှင်ဆန္နမထေရ် ပဋိသမ္ဘိဒါပတ္တ ရဟန္တာဖြစ်ခြင်း ၃၄၁

၄။ မဟာကပ္ပိနမထေရ်၏ အကြောင်း .... .... ၃၄၂
ရက်ကန်းသည်တို့က ဝါဆိုကျောင်း လှူဒါန်းကြခြင်း ၃၄၃
အမျိုးသား အမျိုးသမီး နှစ်ထောင်တို့သည် ညီညွတ်ပေါင်းစု၍ ကောင်းမှုပြုခြင်း .... .... ၃၄၅
မဟာကပ္ပိနမင်းကြီးနှင့် အနောဇာဒေဝီတို့၏ ကြီးကျယ်သော မင်းစည်းစိမ် .... .... ၃၄၇
မဟာကပ္ပိနမင်းကြီး အမတ်တစ်ထောင်နှင့် တကွ မြတ်စွာဘုရားထံ သွားခြင်း .... .... ၃၄၈
မြတ်စွာဘုရားသည် ခရီးဦးကြိုဆိုတော်မူခြင်း .... .... ၃၅၀
ရတနာသုံးပါးဂုဏ်ကို ယုံကြည် မိဋ္ဌာန်လျက် မြစ်သုံးတန်ကို ကူးမြောက်ခြင်း .... .... ၃၅၁
အမတ်တစ်ထောင်တို့နှင့် ကပ္ပိနမင်းကြီး သောတာပန် ဧဟိဘိက္ခု ရဟန်းဖြစ်ခြင်း .... .... ၃၅၂
ရတနာသုံးပါးသတင်းပြောကြားသူတို့အား အနောဇာဒေဝီ မိဖုရားသည် အသပြာကိုးသိန်းတို့ဖြင့် ပူဇော်ခြင်း .... ၃၅၃
မှူးမတ်ကတော်တစ်ထောင်နှင့် အနောဇာဒေဝီသည် ရဟန်းပြုရန် တိုင်းပြည်မှ ထွက်သွားခြင်း .... .... ၃၅၅

ဝတ္ထုဦးရေ | ဝတ္ထုစဉ် | မျက်နှာနံပါတ်

မှူးမတ်ကတော်တစ်ထောင်နှင့် အနောဇာဒေဝီသည် သော့တာပန်
ကည်ခြင်း .... .... ၃၅၆
မှူးမတ်ကတော် တစ်ထောင်တို့နှင့် အနောဇာဒေဝီသည်
ရဟန္တာထေရီမ ဖြစ်ခြင်း .... .... ၃၅၈
ဒေသနာတော်၏ အကျိုးအာနိသင် .... .... ၃၆၀

၅။ ပဏ္ဍိတသာမဏေအကြောင်း .... .... ၃၆၁
သံဃာတော်နှစ်သောင်းနှင့် ကဿပမြတ်စွာဘုရားအား
ဆွမ်းလှူပူဇော်ပွဲကြီး .... .... ၃၆၂
အလွန်ဆင်းရဲသော မဟာဒုတ်အကြောင်း .... .... ၃၆၃
မဟာဒုတ်မယား သူဆင်းရဲမ .... .... ၃၆၅
မဟာဒုတ်မယားကို ကဿပမြတ်စွာဘုရားမြင်တော်မူခြင်း .... ၃၆၇
မဟာဒုတ်အား သိကြားမင်းက ကူညီလုပ်ကိုင်ပေးခြင်း .... ၃၆၈
မဟာဒုတ်သည် မြတ်စွာဘုရား သပိတ်တော်ကို ရခြင်း .... ၃၆၉
မဟာဒုတ်ထံမှ မြတ်စွာဘုရား သပိတ်တော်ကို ဝယ်ကြခြင်း .... ၃၇၁
မဟာဒုတ်အိမ်၌ ရတနာခုနစ်ပါး မိုးကြီးရွာခြင်း .... .... ၃၇၃
မိခင်သူဌေးသမီးအား ချင်ခြင်းတပ်ခြင်း .... .... ၃၇၄
ပဏ္ဍိတသူငယ် ရှင်သာမဏေပြုခြင်း .... .... ၃၇၆
ပဏ္ဍိတသာမဏေသည် ရှင်သာရိပုတ္တရာအား မေးမြန်း
လျှောက်ထားခြင်း .... .... ၃၇၇
ပဏ္ဍိတသာမဏေအား သိကြားနတ်မင်းတို့က စောင့်ရှောက်ခြင်း ၃၇၉
မြတ်စွာဘုရားသည် ရှင်သာရိပုတ္တရာအား ပုစ္ဆာလေးခု
မေးတော်မူခြင်း .... .... ၃၈၀
ခုနစ်နှစ်သား ပဏ္ဍိတသာမဏေသည် ရှင်ပြုပြီး ရှစ်ရက်မြောက်၌
ရဟန္တာ ဖြစ်ခြင်း .... .... ၃၈၂
ဒေသနာတော်၏ အကျိုးအာနိသင် .... .... ၃၈၃

၆။ လကုဏ္ဍကဘဒ္ဒိယမထေရ်အကြောင်း .... .... ၃၈၄
ဒေသနာတော်၏ အကျိုးအာနိသင် .... .... ၃၈၅

| ဝတ္ထုဦးရေ | ဝတ္ထုစဉ် | မျက်နှာနံပါတ် |
| --- | --- | --- |
| ၇။ | **ကာဏာသတို့သမီး၏ မိခင်အကြောင်း .... ....** | ၃၇၅ |
| | ကာဏမာတာသည် လက်ဆောင်အတွက် မုန့်ကို အကြိမ်ကြိမ် လှူဒါန်းခြင်း .... .... | ၃၇၆ |
| | ကာဏာသတို့သမီး သောတာပန်တည်ခြင်း .... .... | ၃၇၇ |
| | ကာဏာသတို့သမီးကို ကောသလမင်းကြီးက သမီးအဖြစ် ချီးမြှောက်ခြင်း .... .... | ၃၇၈ |
| | ရဟန်း သံဃာတော်တို့အား အစဉ်မပြတ် လှူဒါန်းခြင်း .... | ၃၇၉ |
| | ကာဏာသတို့သမီး ရှေးအကြောင်း .... .... | ၃၉၀ |
| | ဥစ္စာစောင့် ကြွက်မနှင့် ကြောင်လေးကောင်တို့ အကြောင်း.... | ၃၉၁ |
| | ဘုရားအလောင်း အကူအညီကြောင့် ကြောင်တို့ ဘေးရန်မှ လွတ်ခြင်း .... | ၃၉၂ |
| | ဒေသနာတော်၏ အကျိုးအာနိသင် .... .... | ၃၉၄ |
| ၈။ | **ငါးရာကုန်သော ရဟန်းတို့အကြောင်း .... ....** | ၃၉၅ |
| | အရှင်မောဂ္ဂလာန်၏ တန်ခိုးပြခြင်းကို မြတ်စွာဘုရား တားမြစ်ခြင်း .... .... | ၃၉၆ |
| | ကစားပျော်ရွှင်ကြသော စားကြွင်းစား ငါးရာ .... | ၃၉၇ |
| | စားကြွင်းစားငါးရာတို့ ရှေးအကြောင်း .... .... | ၃၉၇ |
| | ဒေသနာတော်၏ အကျိုးအာနိသင် .... .... | ၄၀၀ |
| ၉။ | **ဓမ္မိကမထေရ်အကြောင်း .... ....** | ၄၀၃ |
| | ဒေသနာတော်၏ အကျိုးအာနိသင် .... .... | ၄၀၁ |
| ၁၀။ | **ဓမ္မသဝနဝတ္ထု ငါးရာ သော တရားနာပုဂ္ဂိုလ်တို့အကြောင်း ....** | ၄၀၄ |
| | ဒေသနာတော်၏ အကျိုးအာနိသင် .... .... | ၄၀၅ |
| ၁၁။ | **ငါးရာကုန်သော အာဂန္တုကရဟန်းတို့အကြောင်း ....** | ၄၀၆ |
| | ဒေသနာတော်၏ အကျိုးအာနိသင် .... .... | ၄၀၇ |

## ဆရာတော် အရှင်စန္ဒိမာဘိဝံသ

# ဓမ္မပဒဝတ္ထုတော်ကြီး

## ( ဒုတိယတွဲ )

✧✧✧✧✧✧✧✧✧✧✧✧✧

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ၃။ စိတ္တဝဂ်

### ၇။ ပူတိဂတ္တတိဿမထေရ်အကြောင်း

ပစ္စုပ္ပန်ဝတ္ထု

**အစိရံ ဝတ ယံ** ကာယော–အစရှိသော ဤဓမ္မဒေသနာ ပါဌ်ဂါထာကို သံသရာစက် ဝဲဂယက်၌ မြုပ်တက်မျောက်လှန် ရောက်ရောက်ဆန်မျှ ပြင်းထန်ဒုက္ခ ခံစားရသည့် ဝေနေယျများစွာ သတ္တဝါတို့ကို ထိုထို သံသရာတည်းဟူသော ရေပြင်မှ ကျွန်းခွင်သောင်မြို့သို့ ကူးတို့ရွှေဖောင်ဖြင့် ပို့ဆောင်ရွေကူ ကူးတို့မှူး သဖွယ်အစစ် ဖြစ်တော်မူပေသော လူနတ်တို့ဆရာ ဗြဟ္မာတို့ထွတ်ထား ဘုရားကိုယ်တော်မြတ်သည် မပြတ်ဆယ်သံ အတန်တန်သော အင်္ဂါတို့နှင့် ကောင်းစွာ ပြည့်စုံသော ဘုံသာဝတ္ထိ မည်ရှိပညတ် မြို့မြတ်နီဿယ ဂေါစရသပ္ပါယဖြင့် မျှတ ရှင်ပြုံး သီတင်းသုံး စံနေတော်မူသည်ကာလ ပူတိဂတ္တမထေရ် အရှင်မြတ်အား အကြောင်းပြုသောအားဖြင့် ဟောကြားတော်မူခဲ့ပေသတည်း။

အကြောင်းအတ္ထုပ္ပတ္တိ အစဉ်ကား ဤသို့တည်း

သာဝတ္ထိပြည်၌ နေလေ့ရှိသော တစ်ယောက်သော အမျိုးကောင်းသားသည် မြတ်စွာဘုရား ကိုယ်တော်မြတ်၏အထံ၌ တရားတော်ကို နာခံကြားသိရသဖြင့် ဘုရားမြတ်စွာ သာသနာတော်၌ အာသာလျဉ်းပြေး ရင်ကိုပေး၍ ညွတ်လေးသမှု ရဟန်းပြုအပ်သည်ရှိသော် ရအပ်သော ပဉ္စင်းအဖြစ် ရှိသောအားဖြင့်

တိဿမထေရ်မည်သည် ဖြစ်ပေ၏။ နောက်နောက်သော ကာလရှည်လျားလှသော် ထိုတိဿမထေရ်ကိုယ်၌ ထိုးကျင်ကိုက်ခဲ ပေါက်ကွဲဖို့ရာ ပြင်းစွာသော အနာအဖုသည် အစုစုပေါ် ပေါက်လာ၏ ရှေးဦးစွာ မုန်ညင်းစေ့ အတိုင်းအရှည်ပမာဏရှိကုန်သော အိုင်းအမာတို့သည် ထပေါက်ကုန်၏။ ထိုအိုင်းအမာတို့သည် ပဲနောက်စေ့ပမာဏ ပဲစင်းငုံသီးပမာဏ ဆီးသီးပမာဏ ဆီးဖြူသီးပမာဏ ဥသျှစ်သီးပမာဏ ရှိအောင် အစဉ်အတိုင်း ကြီးပွားလာပြီးသည်ကာလ ပေါက်ကွဲကုန်သည်ဖြစ်၍ အလုံးစုံသော ကိုယ်သည် အပေါက်အပေါက် ဖြစ်၏။ ပူတိဂတ္တတိဿမထေရ်ဟူသောအမည်သည် ထင်ရှား၏။ ထိုမှရှေ့မြောက် နောက်ဖြစ်သော အဖို့၌ မထေရ်အား အိုင်းအမာတို့သည် အရိုးတို့ကို ဖောက်ခွဲ စွဲဝင်လေကုန်သောကြောင့် မသုတ်သင်နိုင်သောအဖြစ်သို့ ရောက်လေ၏။ ဝတ်ရုံသုံးဆောင်သော အဝတ် သင်္ကန်းတို့သည်လည်း ပြည်သွေးတို့ဖြင့် အလိမ်းလိမ်းအကျံကျံ ပြန်လှန်ရစ်ပတ် ဖွဲ့ယှက်အပ်သဖြင့် ပိုက်ကွန်၏ပမာ များစွာသော အပေါက်ရှိသော မုန့်ခြောက်နှင့်တူသည်ဖြစ်၍ အတူနေတပည့်စသော သူတို့သည်လည်း ကြည့်ရှုပြုပြင်သုတ်သင် လုပ်ကျွေးခြင်းငှါ မစွမ်းနိုင်ကြသောကြောင့် ရှောင်တိမ်းပယ်လွှတ် စွန့်လွှတ်အပ်သည်ဖြစ်၍ ပူတိဂတ္တဒုက္ခိတမထေရ်သည် တိုကျ်အမှုကြည့်ရှုတတ်သော သူတည်းဟူသော ကိုးကွယ်ရာမှ မဲ့သည်ဖြစ်၍ တစ်ယောက်ထီးတည်း ချီးနှီးခွေလျောင်း ညောင်စောင်း၌ အိပ်နေရလေ၏။

ဘုရားသခင် ကိုယ်တော်မြတ်တို့မည်သည်ကား တစ်နေ့ကို နှစ်ကြိမ် နှစ်ကြိမ် လောကအားလုံးကို သိမ်းကျုံးသမျှ ကြည့်ရှုမြဲတံထွာ ဓမ္မတာ အာစိဏ္ဏ မစွန့်အပ်သော အရေးဌာနသည် ဖြစ်ပေ၏။ နံနက်မိုးသောက် အရုဏ်ရောက်စ ခါသမယ၌ လောကကို ကြည့်ရှုတော်မူသည်ရှိသော် စကြဝဠာ အနားရေးမှစ၍ ဂန္ဓကုဋိသို့ ကျအောင် ဉာဏ်တော်ကို ရှေးရှုပြီးသည်ကာလ ကြည့်ရှုတော်မူ၏။ ညချမ်းနေ သောအခါ စကြဝဠာ လောကဓာတ်အလုံးကို သိမ်းကျုံး ကြည့်ရှုတော်မူသည်ရှိသော် ဂန္ဓကုဋိတိုက်တော်မှအစ အပသို့ ရှေးရှု ဉာဏ်တော်ကို ပို့ပြီးသည်ကာလ ကြည့်ရှုတော်မူ၏။

## မြတ်စွာဘုရား ကိုယ်တော်တိုင် ပူတိဂတ္တတိဿမထေရ်အား စောင့်ရှောက်တော်မူခြင်း

ထိုအခါ မြတ်စွာဘုရားသခင်သည် အစဉ်မပြတ် ရှုစားတော်မူအပ်သော ဉာဏ်တော်ကွန်ရက်၏ အတွင်း ရုပ်မြင်းဝင်ရောက် ပင့်ထောက်သမှု ကြည့်ရှုမည်သူ ကင်းဝေးလျက် သေဘေးဖြစ်သောက် တစ်ယောက်ထည်းတည်း ညောင်စောင်း၌ အိပ်လျောင်းညှိုးခွေ ခံနေရသော ပူတိဂတ္တ မထေရ်ကို

မြင်တော်မူလေ၏။ ဘုရားကိုယ်တော်မြတ်သည် ပူတိဂတ္တ တိဿမထေရ်၏ အရဟတ္တဖိုလ်သို့ ရောက်အံ့သောအကြောင်း၏ ပြည့်စုံခြင်းကို မြင်တော်မူ၍ ဤရဟန်းကို ဒေတူနေတပည့် စသည်တို့သည် စွန့်ပစ်အပ်လေပြီ။ ယခုအခါ ဤရဟန်းအား ငါဘုရားမှတစ်ပါး အခြားသောအရာ၌ ဆောက်တည်ရာ မှီခိုရာ မရှိလေပြီဟု ဆင်ခြင်တော်မူပြီးသော် ဂန္ဓကုဋီတိုက်မှ ထွက်ကြွတော်မူ၍ ကျောင်းစဉ် လှည့်လည်ခြင်းဖြင့် လှည့်လည်တော်မူဘိသကဲ့သို့ မီးတင်းကုပ်သို့ ကြွသွားတော်မူသည်ကာလ အိုးခွက်တို့ကို ဆေးကြောသုတ်သင် ခံုလောက်သို့ တင်ပြီး၍ ရေပူ ရေနွေးသည်တိုင်အောင် ဆိုင်းတွင်ငံ့လင့်လျက် မီးတင်းကုပ်၌သာ တန့်ရပ် သီတင်းသုံးနေတော်မူ၏။ ခံုလောက၌တင်ချက်အပ်သောရေအေးသည် ပူနွေးသော အဖြစ်ကို သိ၍ ကြွသွားတော်မူပြီးလျှင် ပူတိဂတ္တမထေရ်၏ ညှိုးလည်အိပ်လျောင်း ညောင်စောင်း အစွန်းကို လက်တော်ဖြင့် ကိုင်ငင် သုံးသပ်တော်မူ၏။ ထိုအခါ များစွာသောရဟန်းတို့သည် လျင်စွာ လာကြ၍ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား အရှင်ဘုရားသည် ဖယ်ရှား၍ သီတင်းသုံးစံနေတော်မူပါ။ တပည့်တော်တို့သည် ကိုင်ငင် ဆောင်ယူပါကုန်အံ့ဟု လျှောက်သားတောင်းပန် ဝန်းရံ ခံညောင်း ညောင်စောင်းကို ချီကိုင်၍ မီးတင်းကုပ်သို့ ဆောင်ယူကြကုန်၏။ ဘုရားကိုယ်တော်မြတ်လည်း သရက်ခေါက်ကို ခွါယူကျုံချက်စေ၍ ရေနွေးကို သွန်းလောင်းလဲလှယ်ပြီးသည်ကာလ ထိုရဟန်းတို့ကို ပူတိဂတ္တတိဿမထေရ် ဝတ်ရုံသောသင်္ကန်းတို့ကို ခွါယူစေ၍ ရေနွေးဖြင့် ဆုပ်နယ်ဖွပ်လျှော်ပြီးသော် နေပူ၌ ဖြန့်လှမ်းစေ၏။ ထိုနောက်မှ ပူတိဂတ္တတိဿမထေရ်၏ ထံ၌ တန့်ရပ်တည်နေတော်မူပြီးသော် ကိုယ်ကို ရေနွေးဖြင့် သွန်းလောင်းဆွတ်ဖျန်း ပွတ်တိုက်ရေချိုးစေ၏။ ထိုမထေရ်၏ ရေချိုး၍ ပြီးသောအခါ ဝတ်ရုံသော သင်္ကန်းလည်း ခြောက်သွေ့သဖြင့် ခြောက်သွေ့သော သင်္ကန်းကို ဝတ်ရုံစေပြီးလျှင် ဝတ်ရုံထားသော သင်္ကန်းကို ခွါယူပြန်ပြီးသည်ကာလ ရေဖြင့် ဆုပ်နယ်ဖွပ်လျှော်ပြီး၍ နေပူ၌ ဖြန့်လှမ်းစေ၏။ ထိုအခါ မထေရ်၏ ကိုယ်၌ ရေပြတ်ခါမျှဖြင့် သာလျှင် ဝတ်ရုံသောသင်္ကန်းသည်လည်း ခြောက်သွေ့လေ၏။ မထေရ်သည်လည်း တစ်ထည်သော သင်္ကန်းကိုဝတ်၍ တစ်ထည်သော သင်္ကန်းကို ရုံပြီးလျှင် ပေါ့ပါးသော ကိုယ်ရှိသောအားဖြင့် တည်ကြည်သော စိတ်နှလုံး ရှိသည်ဖြစ်၍ အိပ်ရာညောင်စောင်း ထက်၌သာ လျောင်းညှိုးခွေ အိပ်၍နေ၏။

မြတ်စွာဘုရား ကိုယ်တော်မြတ်သည် ပူတိဂတ္တတိဿမထေရ်၏ ဦးခေါင်းရင်း၌ တန့်ရပ်တည်တော်မူ၍ ချစ်သား ပူတိဂတ္တ၊ ကေသာ, လောမာ, အစရှိကုန်သော သုံးဆယ့်နှစ်ပါးကုန်သော ကောဋ္ဌာသအစုတို့သည် ပြုပြင်စီမံ၍ ထားအပ်သော အလျားတစ်လံ အနံတစ်ထွာမျှလောက်သာရှိသော ဤခန္ဓာကိုယ်

အကောင်ပုပ် သည်ကား ဆိုလျှင် စောင့်ရှောက်တတ်သော ဝိညာဏ်မှကင်း၍ အကြွင်းမဲ့ ချုပ်ခဲ့သည်ရှိသော် ကောင်းရာ ကောင်းနိုး အကျိုးမရှိသည်ဖြစ်၍ ဖွဲထင်းနှင့်တူစွာ အသင်၏ ကိုယ်ခန္ဓာသည် မဟာပထဝီမြေထက်၌ ပက်လက် တစ်စောင်း လဲလျောင်း၍ အိပ်ရလတ္တံ့သည်တကား ဟု မိန့်တော်မူ၍–

၄၁။ အစိရံ ဝတ'ယံ ကာယော၊ ပထဝိံ အဓိသေဿတိ။

ဆုဒ္ဓေါ အပေတဝိညာဏော၊ နိရတ္ထံဝ ကလိင်္ဂရံ–

ဟူသော ဤဂါထာကို ဟောကြားတော်မူ၏။

**အနက်ကား**။ ။အယံ ကာယော၊ အလျားတစ်လံ အနံတစ်ထွာ ကေသာ အစ ဒွတ္တိံသ အစုဖြစ်သော ဤကိုယ်အကောင်ပုပ်သည်။ ဆုဒ္ဓေါ၊ ငဲ့ကွက် တွယ်တာ ညှာတာမငဲ့ ပစ်စွန့်အပ်သည်ဖြစ်၍။ အပေတဝိညာဏော၊ ဇီဝိန် ချုပ်ခြင်း ကင်းသော ဝိညာဏ် ရှိသည်ဖြစ်၍။ နိရတ္ထံ၊ နှစ်ပြင်လုံးရှုံး အသုံး မကျသော။ ကလိင်္ဂရံဝ၊ ထင်းဖွဲကဲ့သို့။ အစိရံ၊ ကာလမရှည် မကြာမြင့်မီ။ ပထဝိံ၊ မြေပြင်ထက်၌။ အဓိသေဿတိ ဝတ၊ ခင်မင်သူကင်း စွန့်ပစ်ခြင်းဖြင့် တစ်ကိုယ်ချင်း အိပ်ရလတ္တံ့သည် တကား။ ဤကားအနက်။

## ဒေသနာတော်၏ အကျိုး အာနိသင်

ဒေသနာတော်၏ အဆုံး၌ ပူတိဂတ္တတိဿမထေရ်သည် ပဋိသမ္ဘိဒါတို့နှင့် တကွ အရဟတ္တဖိုလ်ကိုရသော ခီဏာသဝအစစ်ရဟန္တာဖြစ်၍ ပရိနိဗ္ဗာန် စံယူ လေ၏။ ပူတိဂတ္တတိဿမထေရ်မှ တစ်ပါးလည်း ဖြစ်ကုန်သော မျှားစွာကုန် သော သူတို့သည်လည်း သောတာပန်အစရှိသည် ဖြစ်ကုန်၏။ မြတ်စွာဘုရား သခင်သည် ထိုပူတိဂတ္တမထေရ်၏ရုပ်အလောင်းကို ကောင်းစွာဘုတ်ကြည်း သင်္ဂြိုဟ်စေးပြီးသည်ကာလ ဓာတ်တော်တို့ကို ယူစေ၍ စေတီတည်စေတော်မူ၏။

ရဟန်းတို့သည် မြတ်စွာဘုရားကိုယ်တော်မြတ် အထံသို့ ရှိသေစွာချဉ်းကပ်ဝပ် တွားလျက် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ပူတိဂတ္တတိဿမထေရ် သည် အတည်အရပ်မှာ ဖြစ်ပါလိမ့်မည်နည်းဟု မထေရ်၏ လားရာဂတိကို မေး လျှောက်ကြကုန်၏။ ဘုရားကိုယ်တော်က ချစ်သားရဟန်းတို့ ငါ၏သားတော် ပူတိဂတ္တတိဿသည် ပရိနိဗ္ဗာန်ပြုလေသည်ဟု မိန့်တော်မူသောကာလ ရဟန်း တို့က ဘုန်းတော်ကြီး မြတ်တော် မူလှပေသော မြတ်စွာဘုရား ဤသို့သဘော

ရှိသော အရဟတ္တဖိုလ်သို့ ရောက်ခြင်းအကြောင်း ကောင်းသော ဥပနိဿယ အဆောက်အဦနှင့် ပြည့်စုံလုံလောက် ပြီးမြောက်သော သမ္ဘာရှိသော ဤမထေရ်မြတ် ရဟန်းအား အဘယ်သို့သော အကြောင်းကြောင့် မကောင်း ခံခက် ကွဲအက်ပုပ်သိုး အရိုးကွဲဖြ ပြင်းပြသော အနာရောဂါသည် ဖြစ်လာပေါ် ပေါက် ကပ်ရောက်သောအားဖြင့် ခံစားရပါသနည်း။ အဘယ်သို့သော အကြောင်းကြောင့် လမ်းကောင်းတက်ခို အရဟတ္တဖိုလ်၏ မငြိုငြင်ကောင်း အကြောင်းဥပနိဿယ ပြည့်ဝစုံလင်သည်၏ အဖြစ်သို့ ရောက်ပါလေသနည်းဟု လျှောက်ကြားကုန်သည်ရှိသော် မြတ်စွာဘုရား ကိုယ်တော်မြတ်က ချစ်သား ရဟန်းတို့ ထိုအလုံးစုံ အကုန်ချင်းတကြောင်းကိစ္စ ဟူသမျှကို ငါ၏သားတော် ပူတိဂတ္တမထေရ်အား မိမိသည် ပြုအပ်သော ကံသည်သာလျှင် စီမံပြုပြင် စီရင် အပ်လေသည် ဟု မိန့်တော်မူသော ကာလ ရဟန်းအပေါင်းတို့က ဘုန်းတော် ကြီးမြတ်တော် မူလှပေသော မြတ်စွာဘုရား ထိုပူတိဂတ္တမထေရ်သည် အဘယ် ကဲ့သို့သော အမှုကို ပြုစုံခဲ့ဘူးပါသနည်းဟု မေးလျှောက်ကုန်သည်ရှိသော် ထိုသို့ တပြီးကား ချစ်သားရဟန်းတို့ နာလင့်ကြကုန်လော့ဟု မိန့်တော်မူ၍ မြတ်စွာ ဘုရားသခင်သည် ပူတိဂတ္တတိဿမထေရ်၏ ရှေး၌ဖြစ်ဖူးသော အတိတ်ဘဝကို ဆောင်တော်မူ၏။

## ပူတိဂတ္တတိဿမထေရ်၏ အကြောင်း

### အတိတ်ဝတ္ထု

ချစ်သားရဟန်းတို့ ငါ၏သားတော်ဖြစ်သော ပူတိဂတ္တတိဿမထေရ်သည် ကဿပမြတ်စွာဘုရားသည် သုံးပါးသောလောက၌ မမျှော်အံ့ ပြီးမဆန့်အောင် အနန္တဘဝဂ် ပြန့်တက်ထင်ရှား ဘုရားပွင့်တော်မူစဉ် လက်ထက်က ငှက်မုဆိုး အတတ်ဖြင့် တောရပ်တောင်စောင်း ငှက်အပေါင်းတို့ကို ဝင်အောင်းသတ်ဖြတ် လျက် အစိုးရသောသူကို မပြတ်ရိုကျိုး ဝပ်လျှိုးခစား လုပ်ကျွေး၏၊ မင်းကြီး ထံမှောက်သို့ ကပ်ရောက်ဆက်သွင်းသည်မှ ပိုလွန်ကြွင်းကျန် တိရိစ္ဆာန်များစွာ ငှက်သတ္တဝါတို့ကို ထိုထိုသောင်းသောင်းလူအပေါင်းတို့အား ရောင်းစားခြင်းကို ပြု၍ မကုန်ကြွင်းကျန်သော ငှက်တို့ကို သတ်ဖြတ်၍ ထားချေက ရောင်းစား မကုန် ကြွင်းကျန်တုံသည်ရှိသော် မကောင်းပုပ်သိုး အဖိုးမထိုက် ပစ်စွန့်လိုက် ရချေတော့မည်၊ ကြံဆင်ခြင်ပြီးသည်ကာလ အကြင်သို့သော အခြင်းအရာ ကြင်နာစွာသော ဒဏ်ရာဒဏ်ချက်ဖြင့် ရိုက်နှက်ပုတ်ခတ်၍ ထားရသည်ရှိသော် အသက်မသေဘဲ ပျံတက် ထွက်ပြေးခြင်းငှါ မစွမ်းနိုင်ကုန်။ ထိုသို့သော အခြင်းအရာဖြင့် ကောင်းစွာဆင်ခြင် စီရင်ရိုက်နှက်လျှက် ငှက်တို့၏ ဒူးရိုး

အတောင်တို့ကို ရိုက်နှက်ချိုးဖွဲ့ ထားပြီးသော် ငှက်စုကို ပြု၍ထား၏။ နံနက်မိုးသောက် ကျရောက်သော အခါ၌ ရောင်းစားပြန်၏။ များစွာပိုလှန်သော အခါ၌ မိမိ၏ စားသုံးရန်အလို့ငှါလည်း ချက်ပြုတ်ပေ၏။

ထိုအခါ တစ်နေ့သောကာလ ငှက်မုဆိုးအား ကောင်းမွန် မြိန်မြတ်ကုန်သော ဘောဇဉ်တို့ကို အိမ်တွင် ချက်ပြုတ်အပ်သည်ရှိသော် ရဟန္တာမထေရ်မြတ် တစ်ပါးသည် အိမ်စဉ်အတိုင်း လှည့်လည်ကာ ဆွမ်း အလို့ငှာ ဖြင့် ကြွ လာ တော် မူ ၍ ငှက်မုဆိုး၏ အိမ်တံခါးဝ၌ ရပ်တန့်လာ၏၊ ထို ငှက်မုဆိုးသည် ရဟန္တာမထေရ်ကို မြင်လျှင် ကြည်ရွှင်နှစ်သက် ထက်သန်သော စေတနာကို ဖြစ်စေပြီးလျှင်၊ ငါသည် များစွာကုန်သော ငှက်သတ္တဝါတို့ကို သတ်ဖြတ်စားသောက်လျက် အသက်မွေးရသဖြင့် ဝန်လေးသော သဘောရှိလှပေ၏၊ အရှင်မြတ်လည်း ငါ၏အိမ်တံခါး၌ တံတွံမတ်မတ် ရပ်တော်မူလာပေ၏၊ ငါ၏အိမ်တွင်း၌လည်း ကောင်းမွန်မြိန်မြတ်သော အရသာရှိသော ဘောဇဉ်တို့ကို စီရင်ချက်ပြုတ်အပ်သည်ဖြစ်၍ ထင်ရှားရှိခဲ့ပေ၏။ ထိုအရှင်မြတ်အား သုဓာဘုတ်ပမာ ရသာလှိုင်ကြူ ဆွမ်းအလှူကို ကြည်ဖြူရွှင်လန်း လှူဒါန်းလိုက်တော့အံ့ဟု ကြံ၍ ရဟန္တာအရှင်မြတ်၏ သပိတ်တော်ကို ခွင့်ပန်တောင်းယူပြီးသော် မွန်မြတ်သော ဆွမ်းခဲဖွယ်ဘောဇဉ်တို့ကို သပိတ်၌ဆည့်လောင်း ပြည့်စေပြီးသည်ကာလ မြိန်မြတ်သော ဘောဇဉ်တို့ဖြင့် ပြည့်သောသပိတ်ကို အရှင်မြတ်၏ထံမှောက်သို့ ချဉ်းရောက်ဆက်ကပ်ပြီးမှ ရဟန္တာမထေရ်ကို ကြည်ညို မြတ်နိုးသော အခြင်းအရာ ငါးဖြာသောထိခြင်းဖြင့် ဝပ်စင်းညွတ်သျှိုး ရှိခိုး ဦးခိုက်၍—

"ဘန္တေ တုမှေဟိ ဒိဋ္ဌဓမ္မဿ မတ္ထကံ ပါပုဏေယျံ"—

ဟူသောပါဠိဖြင့် ဆုတောင်းပဏ္ဏာ ကောင်းစွာ လျှောက်ကြားလိုက်ပေ၏။

**အနက်ကား**။ ။ဘန္တေ၊ ရှင်ဘုန်းတော်သခင် အရှင်ဘုရား။ မယာ၊ တပည့်တော် ဒါယကာ လှူစွာမိုက်မျိုး ငှက်မုဆိုးသည်။ ကတေန၊ သဒ္ဓါ ဝမ်းမြောက် စောစိတ်ပေါက်၍ ချီးမြှောက်ပြုစုအပ်သော။ ဣမိနာ ပုညကမ္မေန၊ ဤသို့သော ကောင်းမှုကံကြောင့်။ တုမှေဟိ၊ အရှင်မြတ်ဘုရားတို့သည်။ ဒိဋ္ဌဓမ္မဿ၊ မျက်မှောက်ထင်ထင် သိမြင်တော်မူအပ်သော တရား၏။ မတ္ထကံ၊ မကြွင်းဥဿုံ အကုန်အားလုံး ပြီးဆုံးခြင်းသို့။ ပါပုဏေယျံ၊ အမှန်ထုတ်ချောက် ရောက်ရပါလို၏။ ဤကားအနက်။

အဓိပ္ပါယ်ကား။ ။ရှေ့ဘုန်းတော်သခင် အရှင်ဘုရား၊ များစွာကုန်သော သတ္တဝါတို့၏အသက်ကို ပယ်ဖျက်ချသတ် အသက်မွေးလေ့ရှိသော တပည့်တော် ငှက်မုဆိုးသည် မြတ်နိုးစေတနာ သဒ္ဓါတရား တိုးပွားသမှု ပြုစုအပ်သော ဤသို့သော ကောင်းမှုကံကြောင့် အရှင်မြတ်တို့သည် မျက်မှောက်ပြုအပ်သည် ဖြစ်၍ သိမြင်အပ်ကုန်သော တရားထူး တရားမြတ်၏ မကြွင်းဥဿုံ အကုန်အားလုံး ပြီးဆုံးခြင်းသို့ အမှန်ထုတ်ချောက် ရောက်ရလို၏ဟု ဆုတောင်း ပတ္ထနာ လျှောက်ကြားလိုက်၏။ ရဟန္တာမထေရ်ကလည်း ဒါယကာ...အသင် တို့သည် ဆုတောင်းပတ္ထနာသည့်အတိုင်း မချွတ်ကုံလုံ ပြည့်စုံစေသတည်းဟု အနုမောဒနာကိုပြု၍ ကြွသွားလေ၏။ ချစ်သားရဟန်းတို့....ထိုအခါကာလက ပြုစုခဲ့သမျှသော ကံသည် စီမံလှုံ့နှိုး အကျိုးကိုဖြစ်စေသောအားဖြင့် ပြီးပေ၏။ လွန်လေကာလ ငှက်မုဆိုးဘဝက များစွာသောငှက်တို့ကို အသက်မသေ တာရှည်လေးမြင့်စွာ ရောင်းစားရာ စီမံလျက် တောင်ပံဒူးရိုး ရိုက်ချိုးခဲ့ဖျက် သော အကျိုးဆက်ဝိပါကဖြင့် ဝါသားတော် ပူတိဂတ္တအား ကိုယ်လုံးပုပ်သိုး အရိုးကွဲပြာခြင်း ဖြစ်ရလေသည်။ ရဟန္တာပုဂ္ဂိုလ်အား ကြည်ညိုသဒ္ဓါ စေတနာ ရှေးရှု ပြုလှူဆက်ကပ်အပ်သော သုခာဘုတ်ဘောဇဉ်၏ အကျိုးဆက်အာနိသံ သဖြင့် အရဟတ္တဖိုလ်သို့ ရောက်လေသည်ဟု များစွာသော ရဟန်းအပေါင်းတို့ တုပ်ပျောင်းညွတ်လျှိုး ရှိခိုးတောင်းပန်အပ်သည်ဖြစ်၍ ဟောကြားတော်မူ ပေ၏။

ဓမ္မပဒစိတ္တဝဂ်၌ ခုနစ်ခုမြောက်သော ပူတိဂတ္တတိဿမထေရ်၏

ဝတ္ထုစကားအစဉ်ကား ဤတွင်ရှေ့ပြီး၏။

---

## ၈။ နန္ဒဂေါပါလက နွားကျောင်းသားအကြောင်း

### ပစ္စုပ္ပန်ဝတ္ထု

ဒိသော ဒိသံ–အစခံသော သုတ္တန်ဒေသနာ ဤဂါထာကို စက္ကဝါထိုထို အဟိုချားစွာ၌ ကယ်ထိုက်သော သတ္တဝါတို့ကို မြင်ကာခဏ ကိုယ်တိုင်ကြွ၍ ဆုံးမတော်မူတတ်သော သကတ်ဝိသိဋ္ဌ ဂုဏ်ထူးဟိတ်ဖြင့် မဆိတ်ကျော်ကြား ရှင်တော်ဘုရားသည် ကောသလတိုင်း ခွန်သွင်းဆက်အုပ် ဇနပုဒ်ဒေသ၌ နန္ဒမည်သော နွားကျောင်းသားဟောကျြားကို အကြောင်းပြုသောအားဖြင့် ဟောကြားတော်မူခဲ့ပေ၏။

## အကြောင်းအထွာပွတ္တိအစဉ်ကား ဤသို့တည်း

သာဝတ္ထိပြည်ကြီး၌ အနာထပိဏ်သူဌေး၏ နန္ဒအမည်ရှိသော နွားကျောင်း ယောကျ်ားသည် များစွာသော နွားအပေါင်းကို ထိန်းကျောင်းစောင့်ရှောက် ပေသတတ်၊ ပစ္စည်းဥစ္စာ ရတနာရွှေငွေ အထွေထွေသော ဘဏ္ဍာကျီကျတ်ဖြင့် ကြွယ်ဝပြန့်ပြောသော စည်းစိမ်ရှိ၏။ ထိုနန္ဒဂေါပါလကကို ကေဏိယမည်သော ရသေ့တဦးသည် ရသေ့ရဟန်း၏အသွင်ဖြင့် ပုပြင်စောင့်ရှောက်ပေ၏။ ဤသို့ သော အခြင်းအရာ နွားကျောင်းသားတို့၏ အနွယ်ဖြင့်သာလျှင် အဖြာဖြာသော မင်းပြစ်ဘေးဒဏ်တို့ကို ပယ်လှန်ညွတ်ကွင်း လွတ်ရှင်းဝေးကွာအောင် ကြဉ်ရှောင် လျက် သူဌေးတို့စည်းစိမ်ချမ်းသာကို ကောင်းစွာစောင့်ရှောက် ခံစားပေ၏။ ထိုနန္ဒဂေါပါလကသည် ရံခါရံခါ ငါးပါးကုန်သော နွားနို့အရသာတို့ကို ယူ၍ အနာထပိဏ်သူဌေးကြီး၏ အထံသို့ လာပြီးလျှင် မြတ်စွာဘုရား၏ ထံတော်ခွင်သို့ ဝင်ရောက်၍ ဖူးမျှော်ရှိခိုး၏၊ တရားတော်ကို ကြားနာ၏။ ထိုနန္ဒဂေါပါလကသည် မိမိ၏နေရာ အရပ်ဒေသသို့ ကြွလာတော် မူအံ့သောငှါ မြတ်စွာဘုရား ကိုယ်တော်မြတ်ကို အထပ်ထပ် တောင်းပန် လျှောက်ကြား၏။ မြတ်စွာဘုရား သခင်သည် ထိုနန္ဒဂေါပါလက၏ ဉာဏ်ပညိန္ဒြေ ရင့်ကျက်ခြင်းကို ဆိုင်းတွင့်လင့် တော်မူသောအားဖြင့် တပါးသော ဒေသသို့ ဒေသစာရီ ကြွချီတော်မူပြီးသော် ဒဗ္ဗသမ္ဘာ ကောင်းစွာလောက်လုံ ပြည့်စုံပေါ်မြင့် ပညိန္ဒြေရင့်သည်ကို မြင်တော် မူသည့်ကာလ တစ်နေ့သ၌ သုံးတိုက်မကုဋ္ဌ အတုလသင်းကျစ် ဓမ္မရာဇ်မင်းဖျား ဘုရားသခင် ကိုယ်တော်မြတ်သည် နောက်ထပ်သံဃာ များစွာခြံရံလျက် ဒေသစာရီ ကြွချီတော်မူသည်ရှိသော် ခရီးလမ်းမမှ ဖဲ့ကြွသက်ဆင်း၍ ထိုနန္ဒဂေါပါလက ယောကျ်ား၏ နေရာအနီးဖြစ်သော တစ်ခုသော သစ်ပင်ရင်း၌ ချဉ်းကပ်ရှင်ပြုံး သီတင်းသုံးတော်မူ၏။ နန္ဒဂေါပါလကလည်း မြတ်စွာဘုရား ကိုယ်တော်မြတ်၏ အထံသို့ လာရောက်၍ ရိုသေမြတ်နိုး ရှိခိုးပြီးသော် နှစ်သက် မြတ်နိုးဖွယ် အသွယ်သွယ်သော ပဋိသန္ထာရကို ပူပြီးသည်ကာလ မြတ်စွာဘုရား ကိုယ်တော်မြတ်ကို ပင့်ဖိတ်၍ ခုနစ်ရက်ပတ်လုံး ရဟန်းတော် အရှင်မြတ် အပေါင်းအား မွန်မြတ်ရသ ဩဇာထက်ပွား ငါးပါးသော နွားနို့အရသာအလှူကို ကြည်ဖြူမြတ်လေး ပေးလှူပူဇော်ပေ၏။ ခုနစ်ရက်မြောက် ကျရောက်ထွက်လေ့ ရက်အစေ့၌ ဓိပတိသွတ်ထား ဘုရားကိုယ်တော်မြတ်က ရောက်လာသော ပရိသတ်တို့အား တရားအနုမောဒနာကို ပြုတော်မူ၍ ဒါနကထာ အစဖြာလျက် အစဉ်အားဖြင့် များစွာအပြားရှိသော တရားစကားကို ဟောကြားဆုံးမတော် မူပေ၏။ ဒေသနာတော်၏ အဆုံး၌ နန္ဒဂေါပါလကသည် သောတာပတ္တိဖိုလ်၌ တည်၍ မြတ်စွာဘုရား ကိုယ်တော်မြတ်၏ နောက်တော်စဉ်စိုက် လိုက်၍ပို့အံ့ သောငှါ သပိတ်တော်ကို ထမ်းဆောင်ယူငင်ပြီးလျှင် ဘုရားရှင် ကိုယ်တော်မြတ်၏

နောက်သို့ အစဉ့်တစိုက်လိုက်ခဲ့ရာ အတော်ဝေးကွာသော အရပ်သို့ ရောက်၍ ဘုရားကိုယ်တော်မြတ်က ဥပါသကာ တံ့ရပ်နေထိုင်ရစ်ပေခဲ့ဦးလော့ဟု မိန့်တော်မူသည်ရှိသော် ဘုရားရှင်ကို ကြည်လင်ညွတ်လျှိုး ရှိခိုးဦးချ၍ ထိုနေရာဌာနကပင် ဆုတ်နစ်ပြန်လည် ခဲ့၏။

ထိုအခါ မုဆိုးတစ်ယောက်သည် မြတ်စွာဘုရား ကိုယ်တော်မြတ်ကို လိုက်ပို့ရာမှ ပြန်လာသော နန္ဒဂေါပါလကကို လမ်းခရီးအရပ်၌ လေးဖြင့် ပစ်သတ်လေ၏။ နောက်မှ လိုက်ကြွ၍လာကုန်သော ရဟန်းတို့အား နန္ဒဂေါပါလက သေလွန်၍နေသော သူသေကောင်ကို လမ်းခရီးဒေသ၌ တွေ့မြင်ခဲ့ကြ၍ မြတ်စွာဘုရားကိုယ်တော်မြတ်ကို မှီလာသောအခါမှ များစွာသော ရဟန်းတို့က ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား နန္ဒဂေါပါလက ယောကျ်ားသည် အရှင်မြတ်တို့ ဤအရပ်ဒေသသို့ ကြွလာတော် မူကြသောကြောင့်သာလျှင် ကြီးစွာသော အလှူကြီးကို အထူးအားထုတ် ပြုလုပ်ပေးလှူ၍ အစဉ့်ပို့လိုက်ပြီးသော် ပြန်လည်သောကာလ၌ သေလွန်ရှာလေသည်။ အရှင်မြတ်တို့သည် ဤအရပ်ဒေသသို့ ကြွလာတော်မူကြသည် အကယ်၍ မဖြစ်ကုန်အံ့၊ နန္ဒဂေါပါလက ဥပါသကာသည် သေလွန်ခြင်းမဖြစ်ပေရာဟု လျှောက်ကြားကုန်၏။ မြတ်စွာဘုရားကိုယ်တော်မြတ်ကလည်း ချစ်သားရဟန်းတို့ ငါဘုရားသည် ကြွလာတော်မူသော်လည်းကောင်း၊ ကြွလာတော်မမူသော်လည်းကောင်း၊ တူရူဖြစ်သော အရပ်လေးမျက်နှာတို့သို့ သွားသော်လည်းကောင်း၊ အထောင့်ဖြစ်တော အရပ်လေးမျက်နှာတို့သို့ သွားသော်လည်းကောင်း ထိုနန္ဒဂေါပါလကအား သေခြင်းမှ လွတ်မြောက်အံ့သော အကြောင်းတစ်စုံတစ်ရာမျှ မရှိချေ။ ချစ်သားရဟန်းတို့ အကြင် သတ်ဖြတ်ဖျက်ဆီးခြင်း အမှုကို ခိုးသူတို့သည်လည်း မပြုနိုင်ကုန်။ ရန်သူတို့သည်လည်း မပြုနိုင်ကုန်။ ထိုခိုးသူ ရန်သူတို့သည် မပြုနိုင် မဖျက်ဆီးနိုင်သော အရာကို သတ္တဝါတို့၏ အဇ္ဈတ္တသန္တာန်၌ ဖြစ်သော မသင့်မတင့် မကောင်းမြတ် မလျှောက်ပတ်သောအားဖြင့် ကျင့်သုံးဆောက်တည် နှလုံးသွင်း အပ်သော စိတ်သည်သာလျှင် ပြုလေသတည်းဟု ဟောကြားတော်မူပြီး၍—

၄၂။ ။ဒိသော ဒိသံ ယန္တံ ကယိရာ၊ ဝေရီ ဝါ ပန ဝေရိနံ။
မိစ္ဆာ ပဏိဟိတံ စိတ္တံ၊ ပါပိယော နံ တတော ကရေ—

ဟူသော ဂါထာကို ဟောကြားတော်မူ၏။

ဒေသနာတော်၏ အကျိုးအာနိသင်

ဒေသနာတော်၏အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပန်စသည်တို့သို့ ရောက်ကုန်၏။

**အနက်ကား**။ ။ဒိသော၊ ခိုးသူတစ်ယောက်သည်။ ဒိသံ၊ခိုးသူတစ်ယောက်ကို။ ဝါ ပန၊တနည်းသော်ကား။ဝေရီ၊ရန်ငြိုးထားသောသူတစ်ယောက်သည်။ဝေရိနံ။ ရန်ငြိုးဆက်ဆက် မပြတ်ဖွဲ့ကြံ ရန်သူတစ်ယောက်ကို။ ဒိသွာ၊ တွေ့မြင်၍။ ဝါ၊ သော်။ ယန္တံ၊ အကြင်အကျိုးမဲ့ကို။ ကယိရာ၊ ဤဘဝတွင်သာ ပြုနိုင်လေရာ၏။ တတော၊ ထိုအကျိုးမဲ့ကို ကြံစည်သောခိုးသူ ရန်သူထက်။ မိစ္ဆာပဏိဟိတံ၊ မိစ္ဆာဖြစ်ကြောင်း မကောင်းသဖြင့် ဆောက်တည်အပ်သော။ စိတ္တံ၊ အကုသိုလ်စိတ် ရန်ထိပ်ပိတ်သည်။ နံ အတ္တာနံ၊ ထိုမိမိကိုယ်ကို။ ပါပိယော၊ ဘဝများစွာ သံသရာ၌ ယုတ်မာလေအောင်။ ကရေ၊ ပြုရာ၏။ ဤကား အနက်။

ဓမ္မပဒစိတ္တဝဂ်၌ ရှစ်ခုမြောက်ဖြစ်သော နန္ဒဂေါပါလက၏

ဝတ္ထုစကားအစဉ်ကား ဤတွင်ရွေ့ပြီး၏။

---

## ၉။သောရေယျပြည်သား သူဌေးသားအကြောင်း

**န တံ မာတာပိတာ ကယိရာ** အစချီသော ဤဓမ္မဒေသနာ ပါဋ္ဌ်ဂါထာကို ဗြဟ္မာနတ်လူ သုံးဘုံသူတို့ ကြည်ဖြူဦးခိုက်ရာဆရာတင်ဆူ ဖြစ်ထော်မူသော သယမ္ဘူထွတ်ထား မြတ်စွာဘုရားသည် သာဝတ္ထိပြည်ကြီးငယ် ခိုမှီးသမူ အမှီပြုသောအားဖြင့် များစွာကုန်သော ခြူးပန်း-ခြူးနွယ် အသွယ်သွယ်ကုန်သော အံ့ဖွယ်ဘနန်းတို့ဖြင့် ထူးဆန်းပြည့်မွန် ဇေတဝန် ရွှေကျောင်း၌ ကိန်းအောင်း သီတင်းသုံးတော်မူလျက်သောရေယျမြို့၌ ဖွားသော သောရေယျသူဌေးသားကို အကြောင်းပြုသောအားဖြင့် ဟောကြားတော်မူပေ၏။ သောရေယျပြည်၌ ဖြစ်သော တရားစကားကို သာဝတ္ထိပြည်၌ ပြီးဆုံးတော်မူစေ၏။

## အကြောင်းအတ္ထုပ္ပတ္တိအစဉ်ကား ဤသို့ပေတည်း

ဥဒ္ဒေးယျစံတရား ငါးပါးတို့ကို သူတပါးမဆို အလိုလိုဘာသာ ကောင်းစွာ တင်ထင် သိမြင်တော်မူဟတ်သော မြတ်စွာဘုရား သခင်သည် သာဝတ္ထိပြည်၌ သီတင်းသုံး စံနေတော်မူသည် ရှိသော် သောရေယျမြို့၌ သောရေယျ သူဌေးသားသည်သူငယ်ချင်း အဖော်တစ်ယောက်နှင့် အတူတကွ ကောင်းမွန် ငြိမ်သက်ချမ်းသာသော လှည်းယာဉ်၌ ထိုင်နေလျက် များစွာကုန်သော အခြံအရံနှင့်တကွ ရေချိုးခြင်းငှါ မြို့မှထွက်လာ၏၊ ထိုခဏ၌ အရှင်မဟာကစ္စည်း မထေရ်သည် သောရေယျမြို့၌ ဆွမ်းခံခြင်းငှါ ကြွဝင်တော်မူလိုသည်ဖြစ်၍ မြို့အပ ပြင်ဘက်၌ နှစ်ထပ်သောဒုကုဋ်သင်္ကန်းကိုဝတ်ရုံ၍ နေတော်မူ၏၊ မထေရ်မြတ်၏ရွှေအဆင်း ကဲ့သို့သောအဆင်းရှိသော ကိုယ်ကို သောရေယျသူဌေးသာမြင်၍ ဤမထေရ်

သည် ငါ၏ခင်ပွန်းမ မယားဖြစ်ပါမူကား ဩော်ကောင်းလေစွ ငါ၏ ခင်ပွန်းမမယား၏ ကိုယ်အဆင်းသည် ဤမထေရ်၏ ကိုယ်အဆင်းကဲ့သို့ ရှိပါဘိ မူကား ကောင်းသေစွဟု ကြံအောက်မေ့၏။ ထိုသောရေယျ သူဌေးသားအား ကြံစည်ပြစ်မှားကာမျှ၌သာလျှင် ပုရိသလိင်သည် ကွယ်ပျောက်၏၊ ဣတ္ထိလိင် သည် ထင်ရှားဖြစ်ပေါ်လာလေ၏။ ထိုသူဌေးသားသည်ရှက်နိုးလှသောကြောင့် ယာဉ်မှသက်ဆင်း၍ထွက်ပြေးလေ၏၊ အခြံအရံဖြစ်သော သူအပေါင်းသည်လည်း ထိုအကြောင်းကို မသိသောကြောင့်လည်းကောင်း၊မိန်းမ၏အဖြစ်သို့ ရောက်လေ သဖြင့် မမှတ်မိသောကြောင့်လည်းကောင်း ဤသူသည်ကား အဘယ်သူဖြစ်ပါ လိမ့်မည်နည်း-ဟုဆို၏။ ထိုမိန်းမသည်လည်း တက္ကသိုလ်တိုင်းပြည်သို့ သွားသော ခရီးလမ်းသို့သွားလေ၏၊ သူဌေးသား၏ အဖော်ခင်ပွန်းတို့သည်လည်း ထိုမှဤမှ လိုက်ပြေး ရှာဖွေသော်လည်း မတွေ့မမြင်ရကုန်၊ အလုံးစုံကုန်သော သူတို့သည် ရေချိုး၍ အိမ်သို့လာကုန်၏၊သူဌေးသားအဘယ်မှာနည်းဟု ဆိုကုန်သည်ရှိသော် ရေချိုးပြီး၍ ပြန်သွားနှင့်လေပြီ ဖြစ်ပေလိမ့်မည်၊ အောက်မေ့ မှတ်ထင်ကုန် သည်ဟု ဆိုကြကုန်၏။ ထိုအခါ သူဌေးသား၏ မိခင်ဖခင်တို့သည် ထိုထိုသို့သော အရပ်တို့၌ လှည့်ပတ်ရှာမှီး၍ မတွေ့မမြင်ကုန်သည်ရှိသော် ငိုကြွေးမြည်တမ်းကြ ကုန်လျက် စုတိသေလွန်သည် ဖြစ်လိမ့်မည်ဟု မတကဘတ်ကို ပေးလှူကုန်၏။

## သောရေယျ သူဌေးသား မိန်းမအဖြစ်နှင့် တက္ကသိုလ်ပြည်သို့ ရောက်ခြင်း

ယောကျ်ားဘဝမှ ပြောင်းလဲအပ်သော ထိုမိန်းမသည် တက္ကသိုလ် တိုင်းပြည်သို့ သွားသော တစ်ဦးသော လှည်းကုန်သည်ကို မြင်၍ လှည်း ယာဉ်၏ နောက်မှနောက်မှ အစဉ်လိုက်၏။ ထိုအခါ လှည်း၏နောက်၌ အစဉ် လိုက်လာသော ထိုမိန်းမကိုမြင်၍ ငါတို့၏ လှည်းယာဉ်၏ နောက်မှ အဘယ့် ကြောင့် အစဉ်လိုက်ဘိနည်း။ ငါတို့သည် အသင်ကို အဘယ်သူ၏ မယားဟူ၍ မသိကြကုန်ဟု ဆိုကြကုန်၏။ ထိုမိန်းမကလည်း အရှင် အသင်တို့သည် တစ်စုံ တစ်ခုသော စကားကို မမေးဆိုကြပါကုန်လင့်။ မိမိ၏ လှည်းကိုသာလျှင် မောင်းနှင်ကြပါကုန်လော့ ငါသည် ခြေဖြင့်သာလျှင် သွားအံ့ဟုဆို၍ သွားသည် ရှိသော် ခြေတို့သည် ကွဲကုန်၏။ ထိုအခါ မိမိ၌ပါလာသော လက်စွပ်ကို ပေး၍ တစ်ခုသော လှည်း၌ အခွင့်ကို ပြုစေ၍ တက်စီး၏။ လူတို့သည် တက္ကသိုလ် တိုင်းပြည်ဝယ် ငါတို့၏ သူဌေးသားအား မယားမရှိချေ။ ထိုသူဌေးသားအား ကြားပေအံ့ ငါတို့အားလည်း များစွာသော လက်ဆောင်ပဏ္ဏာကာရကို ရသည် ဖြစ်ပေလတ္တံ့ဟု ကြံကြကုန်၏။ တက္ကသိုလ်ပြည်သို့ ကျရောက်သောကာလ ထိုလူတို့သည် အိမ်သို့သွား၍ အရှင် ငါတို့သည် အရှင်တို့နှင့် ထိုက်တန်သော တစ်ယောက်သော မိန်းမရတနာကို ဆောင်ယူခဲ့ပါသည်ဟု ကြား၏။ သူဌေး

သွားလည်း ထိုစကားကို ကြား၍ ထိုမိန်းမကို ခေါ်စေပြီးသော် မိမိအား အရှယ်လျောက်ပတ်သည်ကို လည်းကောင်း၊ အလှန် အဆင်းသဏ္ဍာန် လှပသည်ကိုလည်းကောင်း ကြည့်ရှုစဖွယ် တင့်တယ်ခြင်း ရှိသည်ကိုလည်းကောင်း မြင်၍ ဖြစ်သောချစ်ခြင်းရှိသဖြင့် မိမိ၏အိမ်၌ သိမ်းဆည်း၍ မယားအိမ်ရှင် အဖြစ်ကို ပြုပေ၏။

ထိုစကားကို ထင်ရှားအောင်ချဲ့၍ ဆိုလိုက်ဦးအံ့။ ယောကျ်ားတို့သည် မိန်းမတို့၏ အဖြစ်ကိုလည်းကောင်း၊ မိန်းမတို့သည် ယောကျ်ားတို့၏ အဖြစ်ကိုလည်းကောင်း မဖြစ်ဖူးသော မည်သည် မရှိ၊ ယောကျ်ားတို့သည်ပင်လျှင် သူတစ်ပါး၏ မယားတို့၌ လွန်ကျူးပြုကျင့်မိ၍ သေခြင်းကို ပြုသည်ရှိသော် များစွာကုန်သော အနှစ်တစ်သိန်းတို့ပတ်လုံး ငရဲ၌ ကျက်ရပြီးလျှင် ငရဲမှ စုတေလာခဲ့သည်ကာလ လူ၏အဖြစ်သို့ ရောက်ရသည်ရှိသော် ဘဝတစ်ရာတို့ပတ်လုံး မိန်းမအဖြစ်သို့ ရောက်ရ၏။ ကမ္ဘာတစ်သိန်း ဖြည့်ဆည်းပူးအပ်ပြီးသော ပါရမီ အဆောက်အဦရှိသော အရိယာသာဝကဖြစ်တော်မူသော အရှင်အာနန္ဒာမထေရ် မြတ်သည်သည်း သံသရာ၌ ကျင်လည်၍ လာခဲ့ရသည့် အခါကာလ တစ်ခုသော ဘဝဝယ် ပန်းတိမ်သည် အမျိုး၌ ဖြစ်ရလျှင် ပရဒါရကံကိုပြု၍ ငရဲ၌ကျက်ရပြီး၍ အကျိုးကြွင်း၏ အစွမ်းဖြင့် တစ်ဆယ့်လေးဘဝတို့၌ ယောကျ်ား၏ ခြေရင်း အလုပ်အကျွေး မိန်းမသည် ဖြစ်ရ၏။ ခုနစ်ပါးကုန်သော ကိုယ်အဖြစ်တို့၌ အစေ့ တုက်သည်အဖြစ်သို့ ရောက်လေ၏၊ မိန်းမတို့သည် ဒါန အစရှိသော ကောင်းမှုတို့ကိုပြု၍ မိန်းမ၏အဖြစ်၌ အလိုဆန္ဒ နှစ်သက်ခြင်းကို ကင်းစေ၍ အကျွန်ုပ်တို့၏ ဤကောင်းမှုသည် ယောကျ်ား၏အဖြစ်ကို ရခြင်းငှါ ဖြစ်ပါစေသတည်းဟု စိတ်ကိုဆောက်တည်၍ သေလွန်ခြင်းကို ပြုခဲ့သည်ရှိသော် ယောကျ်ား၏အဖြစ်ကို ရကုန်၏။ အိမ်ဦးနတ်ကဲ့သို့ မိမိ၏ ခင်ပွန်းလင်ယောကျ်ား၌ ကောင်းစွာ ကျင့်ခြင်း ရှိသေစွာ လုပ်ကျွေးခြင်း၏ အစွမ်းဖြင့်လည်း ယောကျ်ား၏ အဖြစ်ကို ရကုန်သည်သာလျှင်တည်း။

[ဤနေရာ၌ ကျယ်ဝန်းမည် စိုးသောကြောင့် ပါဠိသာဓကကို မထည့်လိုက်ပါ။ အလိုရှိတော်မူကြပါလျှင် ၎င်းအဋ္ဌကထာမှာ ရှုတော်မူကြပါလေကုန်။ ဤကား အမှာ။]

ဤ သောရေယျမြို့သား သူဌေးသားသည်ကား ရှင်မဟာကစ္စည်း မထေရ်မြတ်၌ မသင့်လျော် မလျောက်ပတ် မကြံစည်အပ်သောအားဖြင့် ပြစ်မှား ကြံစည်ခြင်း စိတ်ကို ဖြစ်စေသောကြောင့် ဤဘဝ၌ပင်လျှင် မိန်းမ၏ အဖြစ်ကို ရ၍ တက္ကသိုလ်ပြည်၌ သူဌေးသားနှင့် အတူတကွ ပေါင်းဖော်နှီးနှော

ရောယှက်ခြင်း သံဝါသကို အစွဲပြု၍ ထိုမိန်းမ၏ ဝမ်းတိုက်၌ စွဲပိုက်သန္ဓေ တည်နေလေ၏။ ထိုမိန်းမသည် ဆယ်လကိုလွန်သဖြင့် သားကိုရ၍ ထိုသားငယ်၏ ခြေဖြင့်သွားလာနိုင်သော အရွယ်သို့ ရောက်သည်ရှိသော် တစ်ပါး တစ်ယောက် လည်းဖြစ်သော သားကို ရပြန်လေ၏။ ဤသို့သော အခြင်းအရာဖြင့် ထိုမိန်းမ၏ ဝမ်း၌ ကိန်းပိုက်သန္ဓေ တည်နေ ဖွားမြင်အပ်ကုန်သော နှစ်ယောက်ကုန်သော သားငယ်တို့သည် ဖြစ်လေကုန်၏။ သောရေယျ မြို့၌လည်း ထိုသူဌေးသားကို အစွဲပြု၍ ဖွားမြင်ပြီးကုန်သော နှစ်ယောက်ကုန်သော သားတို့သည် ရှိကုန်၏။ ထို့ကြောင့် နှစ်ဦးဆိုပေါင်းစပ်သော အားဖြင့် လေးယောက်ကုန်သော သားတို့သည် ဖြစ်ကုန်၏။

## သူငယ်ချင်းဖြစ်သော သူဌေးသားတစ်ဦးနှင့် တွေ့ဆုံခြင်း

ထိုကာလ၌ သောရေယျမြို့မှ ထိုမိန်းမ၏ အဖော်အဆွေ ခင်ပွန်း ဖြစ်သော သူဌေးသားသည် ငါးရာကုန်သော လှည်းတို့နှင့် တတူတကွ တက္ကသိုလ် တိုင်းပြည်သို့သွား၍ ငြိမ်သက်ကောင်းမွန် ချမ်းသာလှသော လှည်းယာဉ်၌ထိုင်နေလျက် တက္ကသိုလ်ပြည်သို့ဝင်၏။ ထိုအခါ သောရေယျ ပြည်သား ယောကျ်ားအဖြစ်မှ ကူးပြောင်းရသော ထိုမိန်းမသည် အထက် ဖြစ်သော ပြာသာဒ်အပြင်၌ လေသောက်ပြူတင်းကို ဖွင့်လှစ်ပြီးသည်ကာလ ခရီးမသို့ ကြည့်ရှုလျက် တည်သည်ရှိသော် သောရေယျ ပြည်မှလာသော အဖော်ခင်ပွန်းကို မြင်၍ ထိုအဖော်ခင်ပွန်းကို သိသောကြောင့် ကျွန်မကို စေလွှတ်ခေါ်စေပြီးလျှင် ကြီးကျယ်သော ပြာသာဒ်အပြင်၌ ထိုင်နေစေလျက် ကောင်းမွန်စွာ မြတ်နိုးတနာ ပူဇော်လုပ်ကျွေးခြင်းကို ပြုပေ၏။ ထိုအခါ ကောင်းမွန်စွာ မြတ်နိုးတနာ ပူဇော်လုပ်ကျွေးပေသော မိန်းမကို သောရေယျ ပြည်သား သူဌေးသားက ချစ်နှမ အသင် ချစ်နှမကို ဤမှ ရှေးအခါ ကာလ တန်းက ငါတို့သည် မတွေ့မထင် မမြင်ဘူးချေသည်တကား။ ငါတို့ကို အဘယ် ကြောင့် ကြီးကျယ်ကောင်းမွန်စွာ မြတ်နိုးတနာ ပူဇော်ပြုစုလုပ်ကျွေး ဘိလေ သနည်း၊ ငါတို့ကို အသင်သည် သိအင်လေသလောဟုဆို၏၊ အရှင် အကျွန်ုပ် သည် သိအပ်ပါ၏။ အရှင်တို့သည် သောရေယျမြို့၌ နေသည်မဟုတ်ကုန်လောဟု မေး၏။ ချစ်နှမ ဩော်-ဟုတ်ပါပေ၏။ ငါတို့သည် သောရေယျမြို့၌ နေပေ၏ဟု ပြောသည်ကာလမှ ထိုမိန်းမသည် မိခင်ဘခင်တို့၏ လည်းကောင်း၊ မယား၏ လည်းကောင်း၊ သားတို့၏လည်းကောင်း၊ ရောဂါဗျာဓိ အနာမရှိသည့်အဖြစ်ကို မေးမြန်း၏၊ သူဌေးသားကလည်း ချစ်နှမ ထိုသူတို့သည် အနာရောဂါကင်းရှင်း လျက် ချမ်းသာခြင်း ရှိကြပါကုန်၏ဟု ပြောပြီးသော် ချစ်နှမ အသင်သည် ထိုအလုံးစုံသော သူတို့ကို အကုန်သိလေသလောဟုဆို၏။ အရှင် ဩော် သိပါ၏။

အရှင် ထိုသူဌေးကြီးတို့အား တစ်ယောက်သောသားသည် ရှိသည်မဟုတ်ပါလော။ ထိုသားသည် အခြားလူမဟုတ် အကျွန်ုပ်ပင် ဖြစ်ပါသည်ဟုပြောလျှင် ချစ်နှမ ဤသို့သောစကားကို မပြောကြားပါလင့်၊ ငါတို့သည် ထိုသူဌေးသားနှင့် အတူတကွ တစ်နေ့သ၌ ကောင်းမွန်ငြိမ်သက် ချမ်းသာသော လှည်းယာဉ်၌ အတူထိုင်နေ၍ ရေချိုးခြင်းငှါ ထွက်သွားကြကုန်သည်ရှိသော် ထိုသူဌေးသား၏ သွားရာလာရာ လမ်းခရီးကို မသိကြကုန်။ ထိုမှ ဤမှ ရှာဖွေစိစစ် မေးမြန်းပါသော်လည်း ထိုသူဌေးသားကို မတွေ့မမြင်သောကြောင့် မိခင်ဘခင်တို့အား ကြားရကုန်၏။ ထို မိခင်ဘခင်တို့သည်လည်း စိုးရိမ်ပူဆွေး ငိုကြွေးမြည်တမ်းလျက် သူသေ၏ကိစ္စကို ပြုကြရလေကုန်ပြီဟု ပြော၏။

အရှင် ထိုသူဌေး၏သားသည် အကျွန်ုပ်ပင် ဖြစ်ပါသည်ဟု ပြောပြန်၏။ ချစ်နှမ ဖယ်သွားပါလေလော့၊အဘယ်သို့သောစကားကို ပြောကြားဘိသနည်း၊ ငါ၏အဖော်ခင်ပွန်းဖြစ်သော သူဌေးသားသည် နတ်သားလုလင်ကဲ့သို့ အလွန်လျှင် အဆင်းသဏ္ဍာန် ကြန်အင်လက္ခဏာနှင့် ပြည်စုံသည်ဖြစ်၍ လှပသင့်တင့်ရှုစချင့်သော တစ်ယောက်သော ယောကျ်ားဖြစ်ပေချေသည်ဟု ဆိုသည့်ကာလ အရှင်ယောကျ်ားပင် ဟုတ်ပါစေလော့။ ထိုသူဌေးသားသည်အခြားသူ မဟုတ် အကျွန်ုပ်ပင် ဖြစ်ပါသည်ဟု ပြောပြန်၏။ ထိုအခါ သောရေယျပြည်သား အဖော်ဖြစ်သော သူဌေးသားက ချစ်နှမ ဤအမှုသည် အဘယ်မည်သော အမှုပေနည်းဟု မေးလျှင် အရှင် ထိုနေ့၌ အသင်နှင့် အတူတကွ ငြိမ်သက်ကောင်းမွန်လှသော လှည်းယာဉ်၌ စီး၍ သွားကြစဉ်ကာလက အသင်သည် အရှင်မဟာကစ္စည်းမထေရ်ကို မြင်လိုက်ပါ၏လောဟု မေးသည်ရှိသော် ချစ်နှမ သြော် မြင်လိုက်ပါ၏ဟု ပြောလျှင် အရှင် အကျွန်ုပ်သည် ဤ အရှင်မဟာကစ္စည်းမထေရ်ကို ကြည့်ရှု၍ ဤမထေရ်သည် ငါ၏အိမ်ရှင် မယားဖြစ်ပါမူကား သြော် ကောင်းလေစွ၊ ထိုမထေရ်၏ ကိုယ်အဆင်းကဲ့သို့ ငါ၏အိမ်ရှင်မယား၏ ကိုယ့်အဆင်းသည် ဖြစ်ပါဘိမူကား ကောင်းလေစွဟု ကြံမိပေ၏ ကြံမိသောခဏ၌သာလျှင် ပုရိသလိင်သည် ကွယ်ပျောက်ပြီးသော် ဣတ္ထိလိင်သည်ထင်ရှားစွာဖြစ်ပေါ် လာခဲ့၏။ ထိုအခါ အကျွန်ုပ်သည် အလွန်တရာ ရှက်နိုးလှသည်ဖြစ်သောကြောင့် တစ်စုံတစ်ယောက်သောသူအား တစ်စုံတစ်ခုသော စကားကိုမျှ ပြောကြားခြင်းငှါ မစွမ်းနိုင်ဘဲ ပြေးထွက်ခဲ့ပြီး၍ ဤအရပ်သို့ လာခဲ့ရပါသည်ဟု အကြောင်း အလုံးစုံကို အကုန်ပြန်ကြား ပြောဆိုပေ၏။

အသင်သည် အလွန် ဝန်လေးသော အမှုကို ပြုမိပလေသည်။ ထိုအခါက အဘယ့်ကြောင့် ငါ့အား မပြန်ကြားဘိလေ သနည်း။ စင်စစ်သော်ကား အသင်သည် မထေရ်ကို သည်းခံစေသောအားဖြင့် ကန်တော့ဝန်ချပါ၏လောဟု မေး၏။ အရှင် သည်းမခံစေအပ်ပါသေးဟု ပြောသည်

ကာလ ယခုအခါ အရှင်မဟာကစ္စည်း မထေရ်သည် အဘယ်အရပ်၌ သီတင်းသုံးတော်မူသည်ကို အသင်သည် သိ၏လောဟု မေးသဖြင့် အရှင်မဟာကစ္စည်းမထေရ် အရှင်မြတ်သည် ဤမြို့ကိုမှီ၍ သီတင်းသုံးစံနေတော်မူပါသည်။ မထေရ်မြတ်သည် ဆွမ်းအလို့ငှါ လှည့်လည်သည် ရှိသော် ဤအရပ်နေအိမ်သို့ အကယ်၍ ကြွလာတော်မူသည် ဖြစ်ခဲ့အံ့။ အကျွန်ုပ်သည် မထေရ်အရှင်မြတ်အား ဆွမ်းခဲဖွယ်ဘောဇဉ် အာဟာရကို လှူဒါန်းလုပ်ကျွေးပေးကမ်းလိုပါ၏ဟု ဆို၏။ ထိုသို့တပြီးကား ချစ်နှမ ပေးကမ်းလှူဒါန်းဖွယ်အသွယ်သွယ်သော ပူဇော်သက္ကာရ ဝတ္ထုကို ပြုစုပြင်ဆင်ပါလော့။ ငါတို့သည် မထေရ်အရှင်မြတ်ကို သည်းခံစေကုန်အံ့ဟု ပြောဆိုပြီးသည်ကာလ အရှင်မဟာကစ္စည်းမထေရ်၏ သီတင်းသုံး စံနေတော်မူရာ အရပ်သို့ သွားရောက်ပြီးသော် ရှိသေမြတ်နိုး ရှိခိုးပြီး၍ သင့်တင့်လျောက်ပတ်သော အရပ်၌ထိုင်နေလျက် ဘုန်းတော်ကြီးပေသော အရှင်ဘုရား။ နက်ဖြန်ခါ၌ တပည့်တော်၏ ဆွမ်းကို အလှူခံတော်မူပါကုန်လော့ဟု လျှောက်ကြား၏။ မထေရ်က သူဌေးသား သင်သည် ခရီးသွားဧည့်သည် အာဂန္တု မဟုတ်တုံလောဟု မေးတော်မူသည်ကာလ အရှင်ဘုရား တပည့်တော်တို့အား ခရီးသွားဧည့်သည် အာဂန္တု၏အဖြစ်ကို မေးတော်မမူပါကုန်လင့်။ နက်ဖြန်ခါ၌ တပည့်တော်၏ ဆွမ်းကို အလှူခံတော်မူပါလော့ဟု လျှောက်လျှင် မထေရ်အရှင်သည် ဆိတ်ဆိတ် သည်းခံတော်မူပေ၏။

## သောရေယျသူဌေးသား ယောကျ်ားဘာဝ ပြန်ဖြစ်ခြင်း

အိမ်၌လည်း မထေရ်အရှင်မြတ်အား လှူဒါန်းပေးကမ်း ပူဇော်ဖွယ်ဝတ္ထုကို ပြုစုစီရင်၍ ထား၏။ အရှင်မဟာကစ္စည်း မထေရ်မြတ်သည်လည်း တစ်နေ့မိုးသောက် နက်ဖြန်သို့ ရောက်သောအခါ၌ ထိုသူ၏ အိမ်တံခါးသို့ ကြွလာတော်မူ၏။ ထိုအခါ မထေရ် အရှင်မြတ်ကို ကောင်းမွန်စွာ ထိုင်နေ သီတင်းသုံးတော်မူစေ၍ မွန်မြတ်သော အာဟာရဖြင့် လုပ်ကျွေးပြီးသည်ကာလ သောရေယျပြည်က လာရောက်သော အဖော်ခင်ပွန်းဖြစ်သောသူဌေးသားသည် ထိုမိန်းမကို ခေါ်ယူပြီးမှ မထေရ်မြတ်၏ ခြေတော်ရင်း၌ ဝပ်စင်းညွတ်ကျိုး ရှိခိုးနေစေပြီးသော် အရှင်ဘုရား တပည့်တော်၏ အဖော်မအား သည်းခံတော်မူပါကုန်လော့ဟု လျှောက်ကြား၏။ မထေရ်အရှင်မြတ်ကလည်း ဤသည်းခံရမည့်အရာသည် အဘယ်နည်းဟု မေးတော်မူသဖြင့် အရှင်ဘုရား ဤဒါယိကာမသည်ကား ရှေးအခါ၌ တပည့်တော်၏ အဖော်ခင်ပွန်း ဖြစ်ပါသည်။ အရှင်ဘုရားတို့ကို ကြည့်ရှုပြီးကာလ ဤအမည်ရှိသော အကြံကို ကြံမိပါသည်။ ထိုသို့ ကြံမိသော အခါ၌ တပည့်တော်၏ ထိုခင်ပွန်း အဖော်အား ပုရိသလိင် ကွယ်ပျောက်

ပြီးသော် ဣတ္ထိလိင် ထင်ရှားဖြစ်ပေါ်လာပါသည်။ အရှင်ဘုရားတို့သည် သည်းခံတော်မူပါကုန်လောဟု လျှောက်ထား၏။ ထိုသို့တပြီးကား ထလေလော့၊ အသင်အား ငါသည် သည်းခံ၏ဟု မိန့်တော်မူ၏။ မထေရ်အရှင်မြတ်သည် သည်းခံ၏ဟု မိန့်တော်မူကာမျှ၌သာလျှင် ဣတ္ထိလိင်သည် ကွယ်ပျောက်လေ၏။ ပုရိသလိင်သည် ထင်ရှားဖြစ်ပေါ်လာ၏။ ပုရိသလိင် ထင်ရှား ဖြစ်ပေါ်လာ၍ ယောကျ်ားဖြစ်သော ခဏ၌သာလျှင် ထိုသောရေယျသူဌေးသားကို တက္ကသိုလ်ပြည် သူဌေးသားက အဖော်ဖြစ်ပေသော အို... အချင်း ဤနှစ်ယောက်ကုန်သော သားသူငယ်တို့သည် အသင်၏ ဝမ်း၌ ကိန်းအောင်းဖွားမြင်လာသော သားသူငယ်တို့ပေတည်း။ ငါ့ကိုစွဲ၍ ဖြစ်ပေ၏။ နှစ်ယောက်ကုန်သော ငါတို့သည် သားငယ်တို့နှင့် အတူတကွသာလျှင် ဤအရပ်၌ နေကြပါကုန်အံ့။ အသင်အား ဆန့်ကျင်ခြင်း မဖြစ်ပါလင့်ဟု တောင်းပန်၏။

အဆွေ ငါသည် တစ်ခုသော ကိုယ်၏ အဖြစ်ဖြင့် ရှေးဦးစွာ ယောကျ်ားဖြစ်၍ တစ်ဖန် မိန်းမအဖြစ်သို့ ရောက်ရပြန်၏။ မိန်းမအဖြစ်မှ တစ်ဖန် ယောကျ်ားဖြစ်ရပြန်သည် ဖြစ်၍ အလွန်အကျူး အထူးဖောက်ပြန်ခြင်းသို့ ရောက်ခဲ့၏။ ရှေးဦးစွာ ငါ့ကိုအစွဲပြု၍ နှစ်ယောက်ကုန်သောသားတို့သည် ဖြစ်ကုန်၏။ ဤယခု အခါ၌ ငါ၏ဝမ်းမှ နှစ်ယောက်ကုန်သော သားငယ်တို့သည် ဖွားကုန်၏။ ငါသည် တစ်ခုသော အတ္တဘောကိုယ်၏ အဖြစ်ဖြင့် ဖောက်ပြန်ခြင်းသို့ ရောက်၍ တစ်ဖန် အိမ်၌ နေအံ့ဟူသော အမှတ်သညာကို မပြုပါပြီ။ ငါသည် အရှင်မထေရ်မြတ်၏ ထံ၌သာလျှင် ရဟန်းပြုတော့အံ့။ ဤနှစ်ယောက်ကုန်သော သားသူငယ်တို့သည် အသင်၏ ဝန်ဖြစ်ပါစေလော့။ ဤသားသူငယ်တို့၌ မမေ့မလျော့ပါလင့်ဟု မှာထားပြီးသည်ကာလ သားငယ်တို့ကို ဖက်လဲနမ်းရှုပ်ဆုပ်နယ်သုံးသပ်သည်ကို ပြု၍ ရင်ခွင်ထက်၌ လျှောင်းဖက် အိပ်စေပြီးလျှင် ဖခင် သူဌေးသားအား ဆောက်နှင်းအပ်နှံခဲ့ပြီးသော် ထွက်လာခဲ့၍ မထေရ်၏ ထံ၌ ရဟန်းအဖြစ်ကို တောင်းပန်၏။ အရှင်မဟာကစ္စည်း မထေရ်မြတ်သည်လည်း ထိုသောရေယျ သူဌေးသားကို ရဟန်းပြုပြီးသည်ကာလ ပဉ္စင်းအဖြစ်ကို ရစေ၍ ကမ္မဋ္ဌာန်းတရားကို ချီးမြှင့်ပြီးသော် ဒေသစာရီကို လှည့်လည်လျက် အစဉ်အတိုင်းအားဖြင့် သာဝတ္ထိပြည်သို့ ရောက်လာခဲ့၏။

ထိုရဟန်းအား သောရေယျမထေရ်ဟူသော အမည်သည် ဖြစ်၏။ ဇနပုဒ်၌ နေကုန်သော လူတို့သည် ထိုအကြောင်းကို ကြား၍ တုန်လှုပ်ချောက်ချားလျက် အုတ်အုတ်ကျက်ကျက်သော ကောလာဟလသည် ဖြစ်၏။ ထိုသောရေယျမထေရ်ကို ချဉ်းကပ်၍ အရှင်ဘုရား ဤသို့ဖြစ်သောဟူသည် မှန်ပေသလောဟု မေးလျှောက်ကုန်၏။ ငါ့ရှင်တို့ ပြောဆိုကြသည်အတိုင်းပင် မှန်ပေ၏ဟု ဝန်ခံ၏။

အရှင်ဘုရား ဤသို့သော အကြောင်းမည်သည် ဖြစ်ပါသည်။ အရှင်မြတ်တို့၏ ဝမ်း၌ နှစ်ယောက်ကုန်သော သားသူငယ်တို့သည် ဖြစ်ပါကုန်သည်။ အရှင်မြတ်ကို စွဲ၍ နှစ်ယောက်ကုန်သော သားငယ်တို့သည် ဖြစ်ပါကုန်သည်၊ ထိုနှစ်ဦးကုန်သော သားတို့တွင် အရှင်တို့အား အဘယ်သားတို့၌ အားကြီးသော ချစ်ခြင်းရှိသည် ဖြစ်ပါလေသနည်းဟု မေးလျှောက်ကုန်၏။ ငါ့ရှင်တို့ ဝမ်း၌ဖြစ်၍ ဖွားမြင်ရကုန်သော သားတို့၌ သာလွန်ပိုမိုအားကြီးသော ချစ်ခြင်းသည် ဖြစ်လေသည်ဟု ပြော၏။ လာတိုင်းလာတိုင်းသော သူတို့သည် အမြဲမပြတ် ထိုအတူသာလျှင် မေးကုန်၏။ မထေရ်သည်လည်း ဝမ်း၌လွယ်ငြား ဖွားမြင်အပ်သော သားတို့၌ သာလျှင် ချစ်ခြင်းသည် အားကြီးပါသည်ဟု အဖန်တလဲလဲ ပြောဆိုရသည် ရှိသော် ရှက်နိုးသည်ဖြစ်၍ တစ်ယောက်ထီးတည်းသာ ထိုင်နေ၏၊ တစ်ယောက် ထီးတည်းသာ ရပ်နေ၏။

## အရှင်သောရေယျမထေရ် ရဟန္တာဖြစ်ခြင်း

ထိုသောရေယျမထေရ်သည် ဤသို့တစ်ယောက်ထီးတည်း နေထိုင်ခြင်းသို့ ကပ်လျက် အတ္တဘော၌ ခယဝယကမ္မဋ္ဌာန်းကို ဖြစ်စေလျှင် ပဋိသမ္ဘိဒါတို့နှင့် တကွ အရဟတ္တဖိုလ်သို့ ရောက်လေ၏။ ထိုနောက် သောရေယျမထေရ်ကို လာတိုင်းလာတိုင်းကုန်သော သူတို့သည် အရှင်ဘုရား ဤသို့သော အခြင်းအရာဖြင့် ဖြစ်သောဟူသည် ဟုတ်မှန်ပါသလောဟု မေးကုန်၏။ ငါ့ရှင်တို့ ဟုတ်ပေ၏ ဟု ဝန်ခံသည့်ကာလ အဘယ်သားတို့၌ အရှင်ဘုရားတို့အား ချစ်ခြင်းအားကြီး ပါသနည်းဟု မေးလျှောက်ကြလျှင် ငါ့အား တစ်စုံတစ်ခုသော ဝတ္ထုအာရုံ၌ ခုံမင်နှစ်သက် စုံမက်ချစ်ခင်ခြင်း မရှိပြီဟု ပြောဆိုလိုက်၏။ ရဟန်းတို့က ဤသောရေယျမထေရ်သည် မဟုတ်မမှန်သော စကားကို ပြောဆိုဘိ၏။ ရှေ့ဖြစ်သော နေ့၌ ဝမ်း၌ လွယ်ဖွားအပ်သော သားတို့၌ ချစ်ခင်ခြင်းအားကြီးသည်ဟု ဆိုပြီးလျက် ဤယခုအခါ၌ ငါ့အား တစ်စုံတစ်ခုသော ဝတ္ထုအာရုံ၌ ခုံမင် နှစ်သက်စုံမက်ခြင်း မရှိပြီဟု ဆိုလေသည်ဟု မြတ်စွာဘုရားသခင်အား ကြားလျှောက်ကုန်၏။

ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဤသောရေယျမထေရ်သည် မဟုတ်မမှန်သော စကားကို ပြောကြားလေဘိသည်။ အရဟတ္တဖိုလ်ကို ပြောဆိုလေဘိသည်ဟု လျှောက်ကြားကုန်၏။ မြတ်စွာဘုရားကိုယ်တော်မြတ်က ချစ်သားရဟန်းတို့ ငါ့၏ သားတော်သည် အရဟတ္တဖိုလ်ကို ဖြေကြားပြောဆို သည်မဟုတ်၊ ကောင်းစွာ ဆောက်တည်အပ်သော စိတ်ဖြင့် မဂ်ကို မြင်အပ်သော ကာလမှစ၍ တစ်စုံတစ်ခုသော ဝတ္ထုအာရုံတို့၌ ခုံမင်နှစ်သက် စုံမက်မြတ်နိုးခြင်း မရှိသည် ဖြစ်ပေ၏။ ဤမဂ်ဖိုလ်တည်းဟူသော စည်းစိမ်ချမ်းသာကို အမိ

သည်လည်း ပြုပြင်၍ပေးခြင်းငှါ မစွမ်းနိုင်။ အဖသည်လည်း ပြုပြင်၍ပေးခြင်းငှါ မစွမ်းနိုင်။ ထိုမဂ်ဖိုလ်တည်းဟူသော စည်းစိမ်ချမ်းသာကို ဤသတ္တဝါတို့၏ ကိုယ်တွင်းသန္တာန်၌ ကောင်းစွာ ဖြစ်စေအပ်သော စိတ်သည်သာလျှင် ပေးလေသတည်းဟု မိန့်တော်မူပြီး၍—

၄၃။ ။န တံ မာတာ ပိတာ ကယိရာ၊ အညေ ဝါပိ စ ဉာတကာ။
သမ္မာပဏိဟိတံ စိတ္တံ၊ သေယျသော နံ တတော ကရေ—

ဟူသော ဤဂါထာကို ဟောကြားတော်မူ၏။

## ဒေသနာတော်၏ အကျိုးအာနိသင်

ထိုဒေသနာ ပါဠိဂါထာ၏အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကုန်၏။

**အနက်ကား။** ။တံ သုခံ၊ ထိုသူနတ်နိဗ္ဗာန် သုံးတန်သော ချမ်းသာကို။ မာတာ၊ ဝမ်း၌လွယ်ဖွား မယ်ဘွားမိခင်သည်။ န ကယိရာ၊ ပြုပြင်စီရင်၍ မပေးနိုင်ရာ။ ပိတာ၊ ငယ်ကလေးက မွေးကျွေးပြုပြင်ပေသော ဖခင်သည်။ န ကယိရာ၊ ပြုပြင်၍ မပေးနိုင်ရာ။ အညေ၊ မိခင်ဖခင်မှတစ်ပါးကုန်သော။ ဉာတကာ ဝါပိ၊ ဆွေးမျိုးပေါက်ဖော် တော်စပ်သော သူတို့သည်လည်း။ န ကရေယျုံ၊ ပြုပြင်စီရင်၍ မပေးနိုင်ကုန်ရာ။ သမ္မာပဏိဟိတံ၊ ကောင်းစွာ ဆောက်တည်အပ်သော။ စိတ္တံ၊ ဆွေမျိုးထိတ်ပိတ် ကုသိုလ်စိတ်သည်။ တတော၊ ထိုမိဘဆွေမျိုးထက်။ နံ ပုဂ္ဂလံ၊ ထိုပုဂ္ဂိုလ်ကို။ သေယျသော၊ တဆင့်တဆင့် မြင့်မြတ်လေအောင်။ ကရေ၊ ပြုရာ၏။ ဤကားအနက်။

ဓမ္မပဒစိတ္တဝဂ်၌ ကိုးခုမြောက်ဖြစ်သော သောရေယျမထေရ်၏
ဝတ္ထုစကားအစဉ်ကား ဤတွင်ရွှေ ပြီးဆုံးသတည်း။

---

ဣတိ ဟံသာဝတီနဂရဿ တိဂုမ္ဗစေတိယဿ ဥတ္တရာနုဒိသာဘာဂေ မဟာအာရညိကဝိဟာရေ ဝသန္တေန စန္ဒိမာဘိလဒ္ဓနာမေန အဋ္ဌဝဿိကေန ဂဏဝါစကေန ဘိက္ခုနာ မရမ္မဘာသာယ ဒေသိတော ကတော ဓမ္မပဒဋ္ဌေ မဟာပကရဏေ တတိယ၊စိတ္တဝဂ္ဂဿ မရမ္မဘာသတ္တော နိဋ္ဌိတော။

ဓမ္မပဒပါဠိတော် အဋ္ဌကထာတို့၌ သုံးခုမြောက်ဖြစ်သော
စိတ္တဝဂ်ကား ဤတွင်ရွှေ ပြီး၏။

---

# ၄။ ပုပ္ဖဝဂ်

## ၁။ မြေကြီးစကားကို ပြောဆိုသော ငါးရာကုန်သော ရဟန်းတို့ အကြောင်း

### ပစ္စုပ္ပန်ဝတ္ထု

ကော ဣမံ ပထဝိံ ဝိစေဿတိ အစရှိသော ဤဓမ္မဒေသနာ ပါဠိဂါထာကို သတ္တာဝါဝေနေ ဗိုလ်ခြေ ခပင်းတို့ ဝပ်စင်းဦးနှိမ်ရာ ဆရာ မြတ်ဖျား ဘုရားသခင်သည် ပြည့်ခွင်ဘုမ္မိ သာဝတ္ထိ၌ ဇာရိယာပထ မြတ်လေးဝတ်ဖြင့် မျှတတော်မူလျက် မြေ၏ လက္ခဏာ ကောင်းရာ မကောင်း ပြန်ပြောင်း အထွေထွေ မြေ စကားကို ပြောကြား ဖွဲ့ချည် ကုန်သော ငါးရာကုန်သော ရဟန်းတို့ကို အကြောင်းပြုသော အားဖြင့် ဟောကြားတော်မူ၏။

### အကြောင်း အတ္ထုပ္ပတ္တိအစဉ်ကား ဤသို့တည်း

ထို ငါးရာကုန်သော ရဟန်းတို့သည် မြတ်စွာဘုရား ကိုယ်တော်မြတ်နှင့်အတူတကွ ဇနပုဒ်ဒေသစာရီကို လှည့်လည်ပြီးသော် ဇေတဝန်ကျောင်းတော်သို့ ရောက်လာခဲ့၍ ညချမ်းသော အခါဝယ် စည်းဝေး ခစားရာဖြစ်သော ဇရပ်၌ ထိုင်နေ စည်းဝေးကုန်လျက် မိမိတို့သည် ရောက်ရာရောက်ရာ အရပ်တို့၌ ဤအမည်ရှိသော ရွာမှ ဤအမည်ရှိသော ရွာသို့သွားသော လမ်းခရီး၌ာန၌ ညီညွတ်၏။ မညီညွတ် ရှုံ့ညွန်ပေါမျာ း၏။ ကျောက်စရစ်ကျောက်ပြုတ်ပေါများ၏။ မည်းနက်သော မြေစိုင်ရှိ၏။ မြေနီ မြေစိုင်ရှိ၏ဟု မြေစကားကို ပြောကြား၍ နေကြကုန်၏။ မြတ်စွာဘုရား ကိုယ်တော်မြတ်သည် ကြွတော်မူလာ၍ ချစ်သားရဟန်းတို့ ယခု ငါဘုရား ကြွတော်မူလာဆဲသော ဤအခါ၌ အဘယ်သို့သောစကားဖြင့် ပြောကြား စည်းဝေးကြကုန်သနည်းဟု မေးတော်မူ၍ ဘုန်းတော်ကြီးမြတ်တော်မူလှပေသော မြတ်စွာဘုရား တပည့်တော်တို့သည် လှည့်လည်၍ လာကြသော နေရာဌာန၌ မြေနှင့်စပ်လျဉ်းသော စကားဖြင့် ပြောကြားစည်းဝေး၍ နေပါကုန်သည်ဟု လျှောက်ကုန်သည်ရှိသော် မြတ်စွာဘုရား ကိုယ်တော်မြတ်က ချစ်သားရဟန်းတို့ ဤမြေသည် အပဖြစ်သော မြေကြီးမည်ပေ၏။ အသင်တို့သည် အတွင်း အဇ္ဈတ္တသန္တာန်ဖြစ်သော မြေကြီး၌ ပရိကံကိုပြုခြင်းငှါ သင့်လျော်လျောက်ပတ်အပ်၏ဟု မိန့်တော်မူပြီး၍—

၄၄။ ကော ဣမံ ပထဝိံ ဝိစေဿတိ၊
ယမလောကဉ္စ ဣမံ သဒေဝကံ။
ကော ဓမ္မပဒံ သုဒေသိတံ၊
ကုသလော ပုပ္ဖမိဝ ပစေဿတိ။

၄၅။ သေခေါ ပထဝိံ ဝိစေဿတိ၊
ယမလောကဉ္စ ဣမံ သဒေဝကံ။
သေခေါ ဓမ္မပဒံ သုဒေသိတံ၊
ကုသလော ပုပ္ဖမိဝ ပစေဿတိ–

ဟူသော နှစ်ဂါထာကို ဟောကြားတော်မူပေ၏။

## ဒေသနာတော်၏ အကျိုးအာနိသင်

ထိုဒေသနာတော်တို့၏ အဆုံး၌ ငါးရာကုန်သော ရဟန်းတို့သည် ပဋိသမ္ဘိဒါတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်ကုန်၏။

**အနက်ကား။** ။ကော၊ အဘယ်သူသည်။ ဣမံ ပထဝိံ၊ ဤအတ္တဘော တည်းဟူသော မြေကြီးကို။ ဝိစေဿတိ၊ မိမိ၏ ပညာဉာဏ်ဖြင့် ဝေဖန်ရွေးချယ်နိုင်လတ္တံ့နည်း။ ယမလောကဉ္စ၊ အပါယ်ဘုံကိုလည်းကောင်း။ သဒေဝကံ၊ နတ်ဗြဟ္မာဘုံနှင့် တကွသော။ ဣမံ၊ ဤ လူ့ ဘုံကိုလည်းကောင်း။ ကော၊ အဘယ်သူသည်။ ဝိစေဿတိ၊ မိမိ၏ ပညာဉာဏ်ဖြင့် ဝေဖန်ရွေးချယ်နိုင်လတ္တံ့နည်း။ ကုသလော၊ အကြောင်းအရာ လိမ္မာသော ပန်းသည်သည်။ ပုပ္ဖံ၊ အခိုင်အရုံ ပွင့်ငုံအပြား ပန်းအမျိုးကို။ ဝိစေယျ ဣဝ၊ မကောင်းကိုပယ် ကောင်းရာ သယ်လျက် ရွေးချယ်ဘိသကဲ့သို့။ သုဒေသိတံ၊ ကောင်းစွာ ဟောကြားတော်မူအပ်သော။ ဓမ္မပဒံ၊ တရားအစုကို။ ကော၊ အဘယ်သူသည်။ ပစေဿတိ၊ ရွေးချယ်နိုင်ပါအံ့နည်း။

သေခေါ၊ သောတာပတ္တိမဂ် အစ အရဟတ္တမဂ် အဆုံး မတိုးကိုးစွ သေခ ပုဂ္ဂိုလ် ခုနစ်ယောက်သည်။ ဣမံ ပထဝိံ၊ ဤအတ္တဘော တည်းဟူသော မြေကြီးကို။ ဝိစေဿတိ၊ မိမိ၏ ပညာဉာဏ်ဖြင့် ဝေဖန်ရွေးချယ်လတ္တံ့။ ယမလောကဉ္စ၊ အပါယ်ဘုံကိုလည်းကောင်း၊ သဒေဝကံ။ နတ်ဗြဟ္မာဘုံနှင့် တကွသော။ ဣမဉ္စ၊ ဤလူ့ဘုံကိုလည်းကောင်း။ ဝိစေဿတိ၊ မိမိ၏ ဉာဏ်ဖြင့် ဝေဖန်ရွေးချယ်လတ္တံ့။ ကုသလော၊ အကြောင်းအရာ လိမ္မာသော ပန်းသည်သည်။ ပုပ္ဖံ၊ အခိုင် အရုံ ပွင့်ငုံ အပြား ပန်းအမျိုးကို။ ဝိစေယျ ဣဝ၊

မကောင်းကိုပယ် ကောင်းရာ သယ်လျက် ရွေးချယ်ဘိသကဲ့သို့။ သုဒေသိတံ၊ ကောင်းစွာ ဟောကြားတော်မူအပ်သော။ ဓမ္မပဒံ၊ တရားအစုကို။ သေခေါ၊ သဲည်။ ပစေဿတိ၊ ရွေးချယ်လတ္တံ့။ ဤကား အနက်။

ဓမ္မပဒစိတ္တဝဂ်၌ ရှေးဦးစွာ မြေကြီးစကားကို ပြောဆိုလေ့ကျက်
ကုန်သော ရဟန်းတို့၏ ဝတ္ထုစကား အစဉ်ကား
ဤတွင်ရွှေ ပြီး၏။

## ၂။ တံလျှပ်ကမ္မဋ္ဌာန်းကို ရှုသော မထေရ်အကြောင်း

### ပစ္စုပ္ပန်ဝတ္ထု

ဖေဏူပမံ အစရှိသော ဤသို့သော ဒေသနာ ပါဠ်ဂါထာတို့ ဆရာမြတ်ဖြစ်သော ဘုရားသခင် ကိုယ်တော်မြတ်သည် သာဝတ္ထိပြည်ကြီး၌ ခိုမှီးယာပဿ မျှတတော်မူလျက် အမျိုးအမည်အားဖြင့် မထင်ရှားသော တံလျှပ်ကို ကမ္မဋ္ဌာန်း ရှုခြင်းရှိသော ရဟန်းတစ်ပါးကို အကြောင်းပြုသောအားဖြင့် ဟောကြားတော်မူ၏။

### အကြောင်းအတ္ထုပ္ပတ္တိ အစဉ်ကား ဤသို့တည်း

ထိုအညတရ ရဟန်းသည် မြတ်စွာဘုရား ကိုယ်တော်မြတ်၏ အထံတော်၌ ကမ္မဋ္ဌာန်းကို ယူ၍ ရဟန်းတရားကို အားထုတ်၍ ပြုပေအံ့ဟု တောသို့ ဝင်ပြီးသော် စေ့ဆော်လုံ့လ ဥဿာဟ ဝီရိယဖြင့် အားထုတ်ပါသော်လည်း အရဟတ္တဖိုလ်သို့ ရောက်ခြင်းငှါ မစွမ်းနိုင်သောကြောင့် အထူးပြု၍ ကမ္မဋ္ဌာန်းကို ဟောတော်မူစေဦးအံ့ဟု ကြံပြီးလျှင် မြတ်စွာဘုရား ကိုယ်တော်မြတ်၏ အထံသို့ လာခဲ့သည်ရှိသော် လမ်းခရီးအကြား၌ တံလျှပ်ကိုမြင်၍ အကြင်သို့သော အခြင်းအရာဖြင့် ဤတံလျှပ်သည် နွေဥတုအခါ ကာလ၌ ဖြစ်ပေါ်လာ၏။ တံလျှပ်သည် အဝေး၌ တည်ကုန်သော သူတို့အား ရောက်လာသော အဆင်းသဏ္ဌာန်ကဲ့သို့ ထင်၏။ အနီးသို့ ရောက်လာကုန်သော သူတို့အား မထင်။ ဤခန္ဓာကိုယ် အတ္တဘောသည်လည်း ဖြစ်တတ်ပျက်တတ်သော အနက်သဘောကြောင့် ဤတံလျှပ်နှင့်တူသော သဘောရှိပေ၏ဟု တံလျှပ်ကမ္မဋ္ဌာန်းကို ပွါးများလျက် လာခဲ့သည်ရှိသော် ခရီးသွားစဉ် ပင်ပန်းသည် ဖြစ်သောကြောင့် အစိရဝတီမြစ်၌ ရေချိုး၍ အဟုန်ပြင်းစွာ စီးလာသော အလျဉ်ရှိသော တစ်ခုသော မြစ်ကမ်းနား သစ်ပင်၌ ထိုင်နေပြီးသော် ရေအဟုန်သည် တိုက်ခတ်အပ်သဖြင့် တက်ဆူ ပွက်ထကုန်သော အလွန်ကြီးကုန်သော မြေမြှုပ်စိုင်

တို့သည် တက်ဆူပွက်ထပြီးသည်ကာလ ပျက်စီးသည်တို့ကို မြင်၍ ဤခန္ဓာကိုယ် အတ္တဘောသည်လည်း ဖြစ်ပြီး၍ ပျက်တတ်သော **သဘောရှိသောကြောင့်** ရေမြှုပ်စိုင်နှင့်တူသော သဘောရှိသည်သာလျှင် တည်းဟူသော အာရုံကို ယူ၏။

မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်သည် ဂန္ဓကုဋိတိုက်၌ သီတင်းသုံးတော်မူလျက်သာလျှင် ထိုမထေရ်ကို မြင်တော်မူ၍ ချစ်သားရဟန်း....ဤအတူသာလျှင် ဤသို့ **သဘောရှိသော** ခန္ဓာကိုယ် အတ္တဘောသည် ရေမြှုပ်စိုင်ကဲ့သို့ **လည်းကောင်း**၊ တံလျှပ်ကဲ့သို့လည်းကောင်း ဖြစ်ပြီးသည်ရှိသော် ပျက်တတ်သော သဘောရှိသည်သာလျှင်တည်း ဟု မိန့်တော်မူပြီး၍–

**၄၆။ ။ဖေဏူပမံ ကာယမိမံ ဝိဒိတွာ၊ မရီစိဓမ္မံ အဘိသမ္ဗုဓာနော။**
**ဆေတွာန မာရဿ ပပုပ္ဖကာနိ၊ အဒဿနံ မစ္စုရာဇဿ ဂစ္ဆေ–**

ဟူသော ဤဂါထာကို ဟောကြားတော်မူ၏။

**အနက်ကား**။ ။ဣမံ ကာယံ၊ သုံးဆယ့်နှစ်ဝသော ကောဋ္ဌာသအစုပေါင်းစုပြုပြင် အပ်သော ဤခန္ဓာကိုယ် အတ္တဘောကို။ ဖေဏူပမံ၊ ရေမြှုပ်အမျိုး အကျိုးမဖြစ် အနှစ်မရ ကာလမရှည် ပျက်တတ်သည်ဟု။ ဝိဒိတွာ၊ သိ၍။ မရီစိဓမ္မံ၊ တံလျှပ်အတူ ယူ၍မရ အထင်မျှသာ ဖြစ်၏ဟု။ အဘိသမ္ဗု-ဓာနော၊ ကောင်းစွာ သိသည်ဖြစ်၍။ မာရဿ၊ မာရ်မင်း၏။ ပပုပ္ဖကာနိ၊ ပန်းမာလ်နှင့်တကွ ဖြစ်သည်ဟု ဆိုအပ်ကုန်သော တေဘူမ္မက ဝဋ္ဋဒုက္ခတို့ကို။ ဆေတွာန၊ သမုစ္ဆေဒဖြင့် ပယ်ခုဖြတ်တောက်၍။ မစ္စုရာဇဿ၊ သတ္တဝါကို ရောဂါလဲလဲ ညှဉ်းဆဲတတ်ခြင်း ရှင်သေမင်း၏။ အဒဿနံ၊ မမြင်ရာမှန် နိဗ္ဗာန်အောင်မြို့သို့။ ဂစ္ဆေ၊ ရောက်ပေရာ၏။ ။ဤကား အနက်။

## ဒေသနာတော်၏ အကျိုးအာနိသင်

ထိုဒေသနာ ဂါထာ၏ အဆုံး၌ မထေရ်သည် ပဋိသမ္ဘိဒါတို့နှင့် တကွ အရဟတ္တဖိုလ်သို့ ရောက်၍ မြတ်စွာဘုရား ကိုယ်တော်မြတ်၏ ရွှေ၏ အဆင်းကဲ့သို့ အဆင်းရှိသော ကိုယ်တော်ကို ချီးမွမ်းထောမနာ ရှိခိုးလျက်သာလျှင် လာခဲ့လေသတည်း။

ဓမ္မပဒပုပ္ဖဝဂ်၌ နှစ်ခုမြောက်သော တံလျှပ်ကမ္မဋ္ဌာန်းကို ရှုသော မထေရ်၏ ဝတ္ထုစကား အစဉ်ကား ဤတွင်ရွှေ ပြီးဆုံး၏။

## ၃။ ဝိဋူဋဘမင်းသား အကြောင်း

### ပစ္စုပ္ပန်ဝတ္ထု

ပုပ္ဖါနိ ဟေဝ ပစိနန္တံ အစခ်ိသော သုတ္တန်ဒေသနာ ဤသို့သော ပါဠိဂါထာကို ဆရာတစ်ဆူ ဖြစ်တော်မူသော သယမ္ဘူ့ထွတ်ထား ဘုရားသခင်သည် ပြည်ခွင်ဘုမ္မိ သာဝတ္ထိ၌ မျှာတိကျိန်းရှောင်း ကိန်းအောင်း စံပယ်တော်မူလျက် ပရိသတ် အခြံအရံနှင့် တကွ ကြီးစွာသော ရေအဟုန်ဖြင့် သုန်သုန်ကျဖြိုး လွှမ်းမိုးနစ်မွန်း၍ သေလေသော ဝိဋူဋဘမင်းသားကို အကြောင်းပြုသော အားဖြင့် ဟောကြားတော်မူပေ၏။

## ဤသို့ ဆိုလတ္တံ့သည်ကား စကားအစဉ်အတိုင်းပေတည်း

### မင်းသား သုံးပါးအကြောင်း

သာဝတ္ထိပြည်၌ မဟာကောသလမင်းကြီး၏ သားတော်သည် ပသေနဒီမင်းသား အမည်ရှိ၏။ ဝေသာလီပြည်၌ လိစ္ဆဝီမင်း၏ သားတော်ဖြစ်သော လိစ္ဆဝီမင်းသားသည် မဟာလိ အမည်ရှိ၏။ ကုသိနာရုံပြည် မလ္လာမင်း၏ သားတော်သည် ဗန္ဓုလ အမည်ရှိ၏။ ဤသုံးယောက်ကုန်သော မင်းသားတို့သည် ဒိသာပါမောက္ခဆရာ၏ အထံ၌ အတတ်ကို သင်ယူခြင်းငှါ တက္ကသိုလ်တိုင်းပြည်သို့ သွားကြ၍ မြို့မှအပဖြစ်သော ဇရပ်၌ ကောင်းစွာ ပေါင်းဆုံမိသည်ကာလ အချင်းချင်းအား လာရေးက်သော အကြောင်းကို လည်းကောင်း၊ အမျိုးကိုလည်းကောင်း၊ အမည်ကိုလည်းကောင်း မေးမြန်းပြီးသော် အဖော်အဆွေခင်ပွန်း ဖြစ်ကြ၍ တစ်ပေါင်းတည်းသာလျှင် ဆရာသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် အတတ်တို့ကို သင်ယူကုန်သည်ရှိသော် မကြာမြင့်မီပင်လျှင် သင်ယူအပ်သော အတတ်ပညာတို့သည် အပြီးသို့ ရောက်လေကုန်၏။ ထိုသုံးယောက်ကုန်သော မင်းသားတို့သည် ဆရာ၏ အဖိုးကို ပေး၍ ဆရာကို ပန်ကြားခွင့်တောင်းပြီးသော် တစ်ပေါင်းတည်းသာလျှင် ထွက်ခဲ့၍ မိမိတို့အရပ်ဌာနတိုင်းပြည်သို့ သွားကြကုန်၏။ ထိုမင်းသား သုံးယောက်တို့တွင် ပသေနဒီမင်းသားသည် ခမည်းတော် မင်းကြီးအား အတတ်ကို ပြသည်ရှိသော် ကြည်ညိုစုံမက် နှစ်သက်ခြင်းရှိသဖြင့် ခမည်းတော် မင်းကြီးက မင်းအဖြစ်ဖြင့် အဘိသိက် သွင်းတော်မူ၏။

မဟာလိမင်းသားသည် လိစ္ဆဝီမင်းတို့အား အတတ်ပညာကို ပြသည်ရှိသော် ကြီးကျယ်စွာသော လုံ့လဝီရိယ ဥဿာဟဖြင့် ပြ၏။ ထို့ကြောင့် မဟာလိမင်းသားအား မျက်စိတို့သည် ကွဲပျက်ခြင်းသို့ ရောက်ကုန်၏။ လိစ္ဆဝီမင်းတို့သည်

ဆရာသည် ဩဘြာ်အံ့ဖွယ်ရှိလေစွတကား မျက်စိ၏ ပျက်စီးခြင်းသို့ ရောက်ခဲ့ချေပြီတကား။ ထိုသို့ မျက်စိပျက်စီးခြင်းသို့ ရောက်သော်လည်း ဆရာကို ငါတို့ မစွန့်ကုန်အံ့။ လုပ်ကျွေးပြုစုကုန်အံ့ဟု တိုင်ပင်စည်းဝေး ပြောဆို၍ အခွန်တစ်သိန်းထွက်သော တံခါးတစ်ခုကို ပေးကြကုန်၏။ မဟာလိမင်းသားသည် ထိုတံခါးကို အမှီပြု၍ ငါးရာကုန်သော လိစ္ဆဝီမင်းသားတို့ကို အတတ်ပညာကို သင်စေလျက် နေ၏။

ဗန္ဓုလမင်းသားသည် အတောင်ခြောက်ဆယ် အတောင်ခြောက်ဆယ်စီရှိသော ဝါးကိုယူ၍ အလယ်၌ သံတိုင်သံချောင်းကို ထည့်သွင်းပြီးသည် ကာလ ခြောက်ဆယ်မျှလောက်ကုန်သော ဝါးစီးတို့ကို စိုက်ထောင်စေ၍ ထားအပ်ကုန်ပြီးသည်ကာလ မလ္လာမင်းတို့က ဤဝါးစီးတို့ကို ဖြတ်ခြင်းကို ပြုစုစေသတည်းဟု ဆိုသည်ရှိသော် အတောင်ရှစ်ဆယ်မျှလောက် ကောင်းကင်သို့ ခုန်တက်၍ သန်လျက်ဖြင့်ပိုင်းဖြတ်၍ သွားလေ၏၊ ထိုဗန္ဓုလမင်းသားသည် အဆုံးဖြစ်သော ဝါးစီး၌ သံတိုင်-သံချောင်း၏ ကျစ်ကျစ် ချင်ချင်ဟူသော အသံကိုကြား၍ ဤအသံသည်ကား အဘယ်အသံနည်းဟု မေးသည်ကာလ အလုံးစုံကုန်သော ဝါးစီးတို့၌ သံတိုင်သံချောင်းတို့၏ ထည့်သွင်း၍ ထားအပ်သည်၏ အဖြစ်ကို ကြားသိ၍ သံလျက်ကို စွန့်ပစ်ပြီးလျှင် ငိုကြွေးလျက် ငါ့အား ဤမျှလောက် အတိုင်းအရှည်ရှိကုန်သော ဆွေမျိုးတို့၏အလယ်၌ တစ်ယောက်သော သူမျှသည်လည်း ချစ်ခင်နှစ်သက် စုံမက်ခြင်းရှိသည်ဖြစ်၍ ဤကဲ့သို့သော အကြောင်းကို မပြောကြားပေ၊ အကယ်၍ ငါသည် သိပါသည် ဖြစ်ခဲ့တုံအံ့၊ သံတိုင်-သံချောင်း၏ အသံကို မထွက်မကြားစေဘဲ ဖြတ်ပိုင်းရာ၏ဟု ဆို၍ ငါသည် အလုံးစုံကုန်သော သူတို့ကိုသတ်၍ မင်းအဖြစ်ကိုပြုအံ့ဟု မိခင်ဖခင်တို့အား ပြောကြား၏။ ထိုမိခင်ဖခင်တို့က ချစ်သား၊ ဤမင်းစဉ်မင်းဆက်မည်သည်ကို ဤသို့ပြုခြင်းငှါ မရအပ်ဟု အထူးထူးသော အခြင်းအရာဖြင့် တားမြစ်အပ်သည်ရှိသော် ထိုသို့တပြီးကား ငါ၏အဖော်အဆွေ ခင်ပွန်းဖြစ်သော ပသေနဒီမင်းသား၏ အထံသို့ သွားတော့အံ့ဟု ပြောဆို၍ သာဝတ္ထိပြည်သို့ သွားလေ၏။ ပသေနဒီကောသလမင်းသည်လည်း ထိုဗန္ဓုလမင်းသား၏ လာသောအကြောင်းကို ကြားသိ၍ ခရီးဦးကြိုဆိုပြီးသော် ကြီးကျယ်စွာသော ပူဇော်သက္ကာရဖြင့် ထိုဗန္ဓုလမင်းသားကို မြို့တွင်းသို့သွင်းခေါ် ယူဆောင်ပြီးသည်ကာလ စစ်သူကြီး၏အရာ၌ ထားပေ၏။ ထိုဗန္ဓုလစစ်သူကြီးသည် မိခင်ဖခင်တို့ကို ခေါ်စေ၍ သာဝတ္ထိပြည်၌သာလျှင် နေခြင်းကိုပြု၏။

## သံဃာတော်တစ်ထောင် ဆွမ်းလုပ်ကျွေးခြင်း

ထိုနေ့ာတ် တစ်နေ့သ၌ ပသေနဒီကောသလ မင်းကြီးသည် ပြာသာဒ်၏ အထက်၌ ရပ်တည်လျက် ခရီးမကို ကြည့်ရှုသည်ရှိသော် မဟာအနာထပိဏ် သူဋ္ဌေး၏လည်းကောင်း၊ စူဠအနာထပိဏ် သူဋ္ဌေး၏လည်းကောင်း၊ ဝိသာခါ ဒါယိကာမ၏လည်းကောင်း၊ သုပ္ပဝါသာ၏လည်းကောင်း၊ ထိုသူတို့၏ အိမ်သို့ အမြဲနိစ္စဘတ် မပြတ်ဆွမ်းစားခြင်းငှါ ကြွသွားတော်မူကြကုန်သော အထောင်မက များစွာကုန်သော ရဟန်းတော် အရှင်မြတ်တို့ကိုမြင်၍ အရှင်တို့သည် အဘယ်အရပ်သို့ ကြွတော်မူကြကုန်သနည်းဟု မေးတော်မူလျှင် အရှင်မင်းမြတ် အနာထပိဏ်သူဋ္ဌေး၏အိမ်၌ အမြဲမပြတ် နိစ္စဘတ် သလာကဘတ် ဂိလာနဘတ် စသည်တို့၏အလို့ငှါ နေ့တိုင်းနေ့တိုင်း နှစ်ထောင် မျှလောက်ကုန်သော ရဟန်းတို့သည် ကြွသွားတော်မူကုန်၏။ စူဠအနာထပိဏ်သူဋ္ဌေးအိမ်၌ ငါးရာကုန်သော ရဟန်းတို့ ထို့အတူ ဝိသာခါဒါယိကာမ၏အိမ်၌လည်းကောင်း၊သုပ္ပဝါသာ၏အိမ်၌ လည်းကောင်း၊ ငါးရာ ငါးရာကုန်သောရဟန်းတို့ကို အမြဲမပြတ် နိစ္စဘတ်စသည် တို့ဖြင့် ပြုစုလုပ်ကျွေးအပ်ကုန်သည်ဖြစ်သောကြောင့် ကြွသွားတော်မူကြပါကုန်သည့်ဟု လျှောက်တင် ကုန်သည်ရှိသော် မိမိသည်လည်း ရဟန်းသံဃာတော် အပေါင်းကို လုပ်ကျွေးပြုစုခြင်းငှါ အလိုရှိသည်ဖြစ်၍ ကျောင်းတော်သို့ သွားရောက်ပြီးလျှင်ရဟန်းတစ်ထောင်နှင့်တကွမြတ်စွာဘုရားကို ပင့်ဖိတ်၍မိမိ၏လက်ဖြင့်ခုနစ်ရက်တို့ပတ်လုံး မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်အား အလှူကြီးကို ပေးလှူပြီးသည်ကာလ ခုနစ်ရက်မြောက်သောနေ့၌ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် ဘုန်းတော်ကြီးတော်မူလှပေသော မြတ်စွာဘုရား၊ ငါးရာကုန်သောရဟန်းတို့နှင့်အတူတကွ အမြဲမပြတ် ဒကာတော်၏ ဆွမ်းကို အလှူခံယူ သုံးဆောင်တော်မူပါကုန်လော့ဟု လျှောက်ကြား၏။ ဒါယကာမင်းမြတ် ဘုရားတို့မည်သည်ကား တစ်ခုသောအရပ်၌ အမြဲမပြတ်ဆွမ်းကို မခံယူကုန်။ များစွာကုန်သောလူတို့သည် ဘုရားသခင်တို့၏ ကြွလာတော်မူခြင်းကို တောင့်တကုန်၏ဟု မိန့်တော်မူသော် ထိုသို့တပြီးကား တစ်ပါးသောရဟန်းကို အမြဲစေလွှတ်တော် မူပါကုန်လော့ဟု လျှောက်ထား၏။ မြတ်စွာဘုရားသခင်သည် အရှင်အာနန္ဒာ မထေရ်၏ ဝန်ကို ပြုတော်မူ၏၊ မင်းသည် ရဟန်းသံဃာတော်သည် ကြွလာကုန်သည်ရှိသော် သပိတ်ကိုယူ၍ ဤအမည်ရှိကုန်သောသူတို့သည် လုပ်ကျွေးပြုစုစေကုန်သတည်းဟု မစိစစ် မင်္ဂရင်မူ၍ ခုနစ်ရက်ပတ်လုံး မိမိကိုယ်တော်တိုင်သာလျှင် လုပ်ကျွေးပြီးသည်ကာလ ရှစ်ရက်မြောက်သောနေ့၌ ပျံ့လွင့်သော စိတ်အကြံ အစည်ရှိသည်ဖြစ်၍ မေ့လျော့ခြင်းကို ပြုလေ၏။

မင်းအိမ်နန်းတော် မည်သည်ကား မစေခိုင်းအပ်သည်ရှိသော် နေရာတို့ကို ခင်းစေ၍ ရဟန်းတို့ကို ထိုင်နေ သီတင်းသုံးစေပြီးလျှင် လုပ်ကျွေး ပြုစုခြင်းငှါ

မရကုန်။ ရဟန်းတို့သည် ငါတို့ကား ဤအရပ်၌ တည်နေခြင်းငှါ မစွမ်းနိုင်ကုန်ဟု များစွာကုန်သော ရဟန်းတို့သည် ဖယ်ကြကုန်၏။ မင်းကြီးသည် နှစ်ရက်မြောက်သော နေ့၌လည်း မေ့လျော့၏၊ များစွာကုန်သော ရဟန်းတို့သည် ဖယ်ကြကုန်၏၊ သုံးရက်မြောက်သော နေ့၌လည်း မေ့လေ့လေ၏၊ ထိုသုံးရက်မြောက် အခါ၌မူကား အာနန္ဒာမထေရ် တစ်ပါးတည်းကိုထား၍ ကြွင်းကုန်သော ရဟန်းတို့သည် ဖယ်ကြကုန်၏၊ ပြုအပ်ပြီးသော ကောင်းမှုရှိကုန်သော ပုဂ္ဂိုလ်တို့မည်သည်ကား အကြောင်းကို ထောက်ထားသဖြင့် နေခြင်းရှိကုန်၏၊ ဒါယကာတို့သဒ္ဓါကြည်ညိုခြင်းကို စောင့်ရှောက်ကုန်၏၊ မြတ်စွာဘုရား ကိုယ်တော်မြတ်အား သာရိပုတ္တရာမထေရ် မောဂ္ဂလာန်မထေရ် ဟူကုန်သော နှစ်ပါးကုန်သော အဂ္ဂသာဝကတို့သည်လည်းကောင်း၊ ရဟန်းမိန်းမတို့တွင် ခေမာ, ဥပ္ပလဝဏ်ဟူကုန်သော နှစ်ပါးကုန်သော တပည့် အဂ္ဂသာဝိကာမတို့သည် လည်းကောင်း၊ ဒါယကာယောကျ်ားတို့တွင် စိတ္တသူကြွယ်, ဟတ္ထာဠဝက ဟူကုန်သော နှစ်ယောက်ကုန်သော ဥပါသကာတို့သည်လည်းကောင်း၊ ဥပါသိကာမတို့တွင် ဝေဠုကဏ္ဍရွာ၌နေသော နန္ဒမာတာ, ခုဇ္ဇုတ္တရာဟူကုန်သော နှစ်ယောက်ကုန်သော မြတ်သောဥပါသိကာမတို့သည် လည်းကောင်း ဤသို့ ပြုအပ်ပြီးသော ဤရှစ်ယောက်ကုန်သော သူတို့ကို အစပြု၍ အရာထူးသို့ ရောက်တော်မူကုန်သော အလုံးစုံကုန်သော တပည့်သာဝကတို့သည် တစိတ်အားဖြင့် ဆယ်ပါးကုန်သော ပါရမီတို့ကို ဖြည့်ဆည်းပူးအပ်ကုန်သည် ဖြစ်ကြသောကြောင့် ကြီးသောဘုန်းကံရှိကုန်၏၊ ဆုတောင်းနှင့်ပြည့်စုံကုန်၏။ အာနန္ဒာမထေရ်သည်လည်း ကမ္ဘာတစ်သိန်းကာလပတ်လုံး ဖြည့်ဆည်းပူးအပ်သော ပါရမီရှိသည်ဖြစ်၍ ဆုတောင်းခြင်းနှင့်ပြည့်စုံသောကြောင့် ကြီးသောဘုန်းကံ ရှိပေ၏။ အကြောင်းကိုထောက်ထား၍ မိမိ၏ ကရုဏာဖြင့် ဒါယကာတို့၏ သဒ္ဓါတရားကို စောင့်ရှောက်သော အားဖြင့် တည်နေတော်မူ၏။ ထိုအရှင်အာနန္ဒာ တစ်ပါးကိုသာလျှင် ထိုင်နေ သီတင်းသုံးစေသည်ဖြစ်၍ လုပ်ကျွေးပြုစုကြကုန်၏။

မင်းကြီးသည် ရဟန်းတို့၏ ကြွသွားတော်မူကြသောကာလ၌ လာ၍ ခဲဖွယ်ဘောဇဉ်တို့သည် ထိုထားမြဲတိုင်းသော နေရာ၌သာလျှင် တည့်နေကုန်သည်တို့ကိုမြင်၍ အရှင်တို့သည် အဘယ်ကြောင့် မကြွလာတော် မူကြကုန်သနည်းဟု မေးတော်မူသော် အရှင်မင်းမြတ် အာနန္ဒာမထေရ် တစ်ပါးတည်းသာ ကြွလာတော်မူပါသည်ဟု လျှောက်ထားသော စကားကို ကြားသိသောကာလ မချွတ်မှန်လှ ဤမျှအတိုင်းအရှည် ရှိကုန်သော ငါ၏ ဥစ္စာတို့၏ ပျက်စီးကုန်ပြတ်ခြင်းကို ပြုလေဘိသည်ဟု ရဟန်းတို့အား အမျက်ထွက်၍ မြတ်စွာဘုရားကိုယ်တော်မြတ်၏ အထံသို့ သွားရောက်ပြီးလျှင် ဘုန်းတော်ကြီးမြတ်ဟော် မူလှပေသော မြတ်စွာဘုရား ဒကာတော်တို့သည် ငါးရာကုန်သော ရဟန်းတို့အား ဆွမ်းကို စီရင်ပြုပြင်၍

ထားပါကုန်သည်။ အရှင်အာနန္ဒာ မထေရ်တစ်ပါးသည်သာ ကြွလာတော်မူပါ သတတ် ပြုပြင်စီရင်၍ ထားအပ်ကုန်သော ဆွမ်းတို့သည် ထားမြဲတိုင်းသော ထိုအရပ်၌သာလျှင် တည်၍ ရှိပါကုန်သည်။ ငါးရာကုန်သော ရဟန်းတို့သည် ဒကာတော်၏ နန်းအိမ်တော်၌ ဆွမ်းဘုဉ်းပေးခြင်းငှါ အမှတ်ကို မပြုကြပါကုန် အကြောင်းကား အဘယ်သို့ပါနည်းဟု မေးလျှောက်၏။

အကျွမ်းမဝင်ခြင်း ၉-ပါးနှင့် အကျွမ်းဝင်ခြင်း ၉-ပါး

မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်သည် ရဟန်းတို့အား အပြစ်မဆိုမူ၍ ဒကာတော်မင်းကြီး ငါ၏ တပည့်သား သာဝကတို့အား အသင်မင်းကြီးတို့နှင့် အတူတကွ အကျွမ်းဝင်ခြင်းမရှိ။ ထိုကြောင့် မကြွလာကုန်သည်ဖြစ်ပေကုန်လတ္တံ့ ဟု မိန့်တော်မူပြီးသော် ဒါယကာတို့သို့ မသွားရောက် မကပ်အပ်သော အကြောင်းကိုလည်းကောင်း၊ သွားရောက်ချဉ်းကပ်အပ်သော အကြောင်းကို လည်းကောင်း ပြတော်မူလျက် ရဟန်းတို့ကို ခေါ်တော်မူပြီးလျှင်—

နဝဟိ ဘိက္ခဝေ အင်္ဂေဟိ သမန္နာဂတံ ကုလံ အနုပဂန္တွာ ဝါ နာလံ ဥပဂန္တုံ၊ ဥပဂန္တွာ ဝါ နာလံ ဥပနိသီဒိတုံ။ ကတမေဟိ နဝဟိ၊ န မနာပေန ပစ္စုဋ္ဌေန္တိ၊ န မနာပေန အဘိဝါဒေန္တိ၊ န မနာပေန အာသနံ ဒေန္တိ၊ သန္တမဿ ပရိဂုဟန္တိ၊ ဗဟုကမ္ပိ ထောကံ ဒေန္တိ၊ ပဏီတမ္ပိ လူခံ ဒေန္တိ၊ အသက္ကစ္စံ ဒေန္တိ နော သက္ကစ္စံ၊ န ဥပနိသီဒန္တိ ဓမ္မဿဝနာယ၊ ဘာသိတမဿ န သုဿူသန္တိ၊ ဣမေဟိ ခေါ ဘိက္ခဝေ နဝဟင်္ဂေဟိ သမန္နာဂတံ ကုလံ အနုပဂန္တွာ ဝါ နာလံ ဥပဂန္တုံ၊ ဥပဂန္တွာ ဝါ နာလံ ဥပနိသီဒိတုံ။

နဝဟိ ဘိက္ခဝေ အင်္ဂေဟိ သမန္နာဂတံ ကုလံ အနုပဂန္တွာ ဝါ အလံ ဥပဂန္တုံ၊ ဥပဂန္တွာ ဝါ အလံ ဥပနိသီဒိတုံ။ ကတမေဟိ နဝဟိ၊ မနာပေန ပစ္စုဋ္ဌေန္တိ၊ မနာပေန အဘိဝါဒေန္တိ၊ မနာပေန အာသနံ ဒေန္တိ၊ သန္တမဿ န ပရိဂုဟန္တိ၊ ဗဟုကမ္ပိ ဗဟုကံ ဒေန္တိ၊ ပဏီတမ္ပိ ပဏီတံ ဒေန္တိ၊ သက္ကစ္စံ ဒေန္တိ-နော အသက္ကစ္စံ၊ ဥပနိသီဒန္တိ ဓမ္မဿဝနာယ၊ ဘာသိတမဿ သုဿူသန္တိ၊ ဣမေဟိ ခေါ ဘိက္ခဝေ နဝဟင်္ဂေဟိ သမန္နာဂတံ ကုလံ အနုပဂန္တွာ ဝါ အလံ ဥပဂန္တုံ။ ဥပဂန္တွာ ဝါ အလံ ဥပနိသီဒိတုံ—

ဟူသော ဤသို့သော သုတ်ကို ဟောကြားတော်မူ၏။

အနက်ကား။ ။ဘိက္ခဝေ၊ ငါ၏ချစ်သား ရဟန်းများတို့။ နဝဟိ၊ ကိုးပါးကုန်သော။ အင်္ဂေဟိ၊ အင်္ဂါတို့နှင့်။ သမန္နာဂတံ၊ ပြည့်စုံသော။ ကုလံ၊ ဒါယကာအိမ်သို့။ အနုပဂန္တွာ၊ အဖန်တလဲလဲ မသွားမူ၍သာလျှင်။ ဥပဂန္တုံ၊ ကပ်ခြင်းငှါ။ နာလံ၊ မသင့်။ ဥပဂန္တွာဝ၊ ကပ်ပြီး၍သာလျှင်။ ဥပနိသီဒိတုံ၊ ကပ်၍ထိုင်နေခြင်းငှါ။ နာလံ၊ မသင့်။ နဝဟိ၊ ကိုးပါးတို့ဟူသည်။ ကတမေဟိ၊ အဘယ်သည်တို့နည်းဟူမူကား။ မနာပေန၊ နှစ်လိုခြင်းဖြင့်။ န ပစ္စုဋ္ဌေန္တိ၊ ထ၍ ခရီးဦး မကြိုဆိုကုန်။ မနာပေန၊ နှစ်သက်ခြင်းဖြင့်။ န အဘိဝါဒေန္တိ၊ ရှိသေစွာ ရှိမခိုးကုန်။ မနာပေန၊ နှစ်သက်ခြင်းဖြင့်။ အာသနံ၊ နေရာကို။ န ဒေန္တိ၊ မပေးကုန်။ သန္တံ၊ ထင်ရှားရှိသော ပစ္စည်းဝတ္ထုကို။ အဿ၊ ထိုဒါယကာအား။ ဝါ၊ သည်။ ပရိဂုဟန္တိ၊ လျှို့ဝှက် ဖွက်ထားကုန်၏။ ဗဟုကမ္ပိ၊ အများ လှူအပ်သည်ကိုလည်း။ ထောကံ၊ အနည်းငယ်။ ဒေန္တိ၊ ပေးလှူကုန်၏။ ပဏီတမ္ပိ၊ မွန်မွန်မြတ်မြတ် လှူအပ်သည်ကိုလည်း။ လူခံ၊ ယုတ်ညံ့သည်ကို။ ဒေန္တိ၊ ပေးလှူကုန်၏။ အသက္ကစ္စံ၊ မရိုမသေ။ ဒေန္တိ၊ ပေးလှူကုန်၏။ သက္ကစ္စံ၊ ရိုသေစွာ။ နော ဒေန္တိ၊ မပေးလှူကုန်။ ဓမ္မသဝနာယ၊ တရားနာခြင်းအကျိုးငှါ။ န ဥပနိသီဒန္တိ၊ မထိုင်နေကုန်။ အဿ၊ ထိုဒါယကာအား။ ဘာသိတံ၊ ဟောအပ်သော တရားကို။ န သုဿူသန္တိ၊ ကောင်းစွာ မနာကုန်။ ဣတိ၊ ဤသို့။ ဘိက္ခဝေ၊ ငါ၏ချစ်သား ရဟန်းများတို့။ ခေါ၊ စင်စစ်။ ဣမေဟိ နဝဟိ အင်္ဂေဟိ၊ ဤကိုးပါးကုန်သော အင်္ဂါတို့နှင့်။ သမန္နာဂတံ၊ ပြည့်စုံသော။ ကုလံ၊ ဒါယကာအိမ်သို့။ အနုပဂန္တွာဝ၊ အဖန်တလဲလဲ မသွားမူ၍သာလျှင်။ ဥပဂန္တုံ၊ ကပ်ခြင်းငှါ။ နာလံ၊ မသင့်။ ဥပဂန္တွာဝ၊ သွားပြီး၍လျှင်။ ဥပနိသီဒိတုံ၊ ချဉ်းကပ်ထိုင်နေခြင်းငှါ။ နာလံ၊ မသင့်မှုအပ်။

ဘိက္ခဝေ၊ ငါ၏ချစ်သား ရဟန်းများတို့။ နဝဟိ အင်္ဂေဟိ၊ ကိုးပါးကုန်သော အင်္ဂါတို့နှင့်။ သမန္နာဂတံ၊ ပြည့်စုံသော။ ကုလံ၊ ဒါယကာအိမ်သို့။ အနုပဂန္တွာဝါ၊ အဖန်တလဲလဲ မသွားရောက်မူ၍လည်း။ ဥပဂန္တုံ၊ ကပ်ခြင်းငှါ။ အလံ၊ သင့်လျော် လျောက်ပတ်၏။ ဥပဂန္တွာ ဝါ၊ ကပ်ပြီး၍လည်း။ ဥပနိသီဒိတုံ၊ ထိုင်နေခြင်းငှါ။ အလံ၊ သင့်လျော် လျောက်ပတ်၏။ နဝဟိ၊ ကိုးပါးတို့သည်။ ကတမေဟိ၊ အဘယ်သည်တို့နည်း ဟူမူကား။ မနာပေန၊ ဝမ်းမြောက်ဝမ်းသာ။ ပစ္စုဋ္ဌေန္တိ၊ ခရီးဦးကြိုဆိုကုန်၏။ မနာပေန၊ ကြည်ညိုစွာ။ အဘိဝါဒေန္တိ၊ ရှိခိုးကုန်၏။ မနာပေန၊ စုံမက်မြတ်နိုးစွာ။ အာသနံ၊ နေရာကို။ ဒေန္တိ၊ ပေးကုန်၏။ အဿ၊ ထိုဒါယကာအား။ ဝါ၊ သည်။ သန္တံ၊ ထင်ရှားရှိသော လှူဖွယ်ပစ္စည်းကို။ န ပရိဂုဟန္တိ၊ လျှို့ဝှက်၍မထားကုန်။ ဗဟုကမ္ပိ၊ များစွာလှူအပ်သည်ကိုလည်း။ ဗဟုကံ၊ များစွာ။ ဒေန္တိ၊ ပေးလှူကုန်၏။ ပဏီတမ္ပိ၊ မွန်မွန်မြတ်မြတ်လှူအပ်သည်ကိုလည်း။ ပဏီတံ၊ မွန်မွန်မြတ်မြတ်။ ဒေန္တိ၊ ပေးလှူကုန်၏။ သက္ကစ္စံ၊ ရိုသေ

ကောင်းမွန်စွာ။ ဒေန္တိ၊ ပေးလှူကုန်၏။ အသက္ကစ္စံ၊ မရိုမသေ။ နော ဒေန္တိ၊ မပေးလှူကုန်။ ဓမ္မဿဝနာယ၊ တရားနာခြင်းအကျိုးငှါ။ ဥပနိသီဒန္တိ၊ ထိုင်နေကုန်၏။ အဿ၊ ထိုဒါယကာအား။ ဘာသိတံ၊ ဟောအပ်သော တရားကို။ သုဿူသန္တိ၊ ကောင်းစွာ နာကုန်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ဧတ္တကေခေါ၊ ဤသို့လျှင်။ ဧလမေဟိ နဝဟိ အင်္ဂေဟိ၊ ဤကိုးပါးကုန်သော အင်္ဂါတို့နှင့်။ သမန္နာဂတံ၊ ပြည့်စုံသော။ ကုလံ၊ ဒါယကာအိမ်သို့။ အနုပဂန္တွာ ဝါ၊ အဖန်ဖန် မကပ်မူ၍လည်း။ ဥပဂန္တုံ၊ သွားခြင်းငှါ။ အလံ၊ သင့်လျော်လျောက်ပတ်၏။ ဥပဂန္တွာ ဝါ၊ ကပ်ပြီး၍လည်း။ ဥပနိသီဒိတုံ၊ ထိုင်နေခြင်းငှါ။ အလံ၊ သင့်လျော်လျောက်ပတ်ကုန်၏။ ဤကားအနက်။

ဤသို့သော သုတ်ကို ဟောကြားတော်မူပြီးမှ ဒကာတော် မင်းကြီး ငါ၏ တပည့်သာဝကတို့သည် ဒကာတော်မင်းကြီးတို့၏ အထံ၌ အကျွမ်းဝင်ခြင်းကို မရကုန်သောကြောင့်မကြွလာကုန်သည်ဖြစ်ပေကုန်လတ္တံ့။ ဒကာတော်မင်းကြီး ရှေး၌ ဖြစ်ကုန်သော ပညာရှိတို့သည်လည်း အကျွမ်းမဝင်သော နေရာ၌ ရိုသေ ကောင်းမွန်စွာ လုပ်ကျွေး ပြုစုပါသော်လည်း သေခါနီးမျှလောက်သော ရောဂါဝေဒနာသို့ ရောက်သောကာလ အကျွမ်းဝင်သော အရပ်ဌာနသို့သာ သွားကြလေကုန်သတည်းဟု မိန့်တော်မူ၏။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား အဘယ်အခါ၌ ပါနည်းဟု မင်းကြီးသည် မေးလျှောက်အပ်သည် ရှိသော် အတိတ်ကို ဆောင်တော်မူ၏။

## ကေသဝရသေ့အကြောင်း

### အတိတ်ဝတ္ထု

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီးသည် မင်းအဖြစ်ကို ပြုသည်ရှိသော် ကေသဝအမည်ရှိသော မင်းကြီးသည် မင်းအဖြစ်ကို စွန့်လွှတ်ပယ်ချလျက် ရသေ့ရဟန်းအဖြစ်ကို ပြု၏။ ထိုကေသဝမင်းကြီးသို့ ငါးရာကုန်သော ယောကျ်ားတို့သည် အစဉ်လိုက်၍ ရသေ့ရဟန်း ပြုကြကုန်၏။ ထိုရသေ့သည် ကေသဝ ရသေ့မည်သည် ဖြစ်ပေ၏။ ကေသဝရသေ့၏ မင်းပြုစဉ် အခါက မုတ်ဆိတ်ဆံ စသည်ကို ပြုပြင်သုတ်သင်ခြင်း တန်ဆာဆင်ခြင်းနှင့် ယှဉ်သော မင်းကြီး၏ အမှုကိစ္စ၌ ရွက်ဆောင်ပေးသော ကပ္ပကသည်လည်း ရသေ့ရဟန်းပြု၍ ကပ္ပကအမည်ရှိသော အတွင်းနေ တပည့်သည် ဖြစ်၏။ ကေသဝရသေ့သည် ပရိသတ်နှင့်တကွ ရှစ်လတို့ပတ်လုံး ဟိမဝန္တာ၌နေ၍ မိုးရွာသွန်းသော အခါ ချဉ်ဆားမှီဝဲခြင်းငှါ ဗာရာဏသီပြည်သို့ သွားရောက်၍ ဆွမ်းအလို့ငှါ မြို့တွင်းသို့ ကြွဝင်လေ၏။ ထိုအခါ ကေသဝရသေ့ကို ဗာရာဏသီပြည်ကြီးရှင် ဘုရင်ဗြဟ္မဒတ်မင်းကြီးသည် မြင်တဲ့လျှင် ကြည်ရွှင်သော စိတ်

စေတနာ သဒ္ဓါတရား ရှိလှသောကြောင့် မိုးလေးလပတ်လုံး မိမိထံ၌ နေစိမ့်သောငှါ ပဋိညာဉ်ကို ယူစေလျက် ဥယျာဉ်၌ နေစေပြီးလျှင် ညချမ်းနံနက် ထိုရသေ့၏ အထံသို့ ဆည်းကပ်သွားရောက်၏။

ကြွင်းကုန်သော ရသေ့ဘို့သည် နှစ်ရက် သုံးရက် နေပြီးသည်ကာလ ဆင်သံ မြင်းသံ စသည်တို့ဖြင့် နှိပ်စက်ကုန်သည်ဖြစ်၍ ဆန့်ကျင်ကုန်သောကြောင့် ဆရာ-အကျွန်ုပ်တို့သည် ဆန့်ကျင်ခြင်း ဖြစ်ကြကုန်၏။ သွားကြကုန်အံ့ဟု ဆိုကုန်၏။ အမောင်တို့ အဘယ်အရပ်သို့ သွားကုန်အံ့နည်းဟု မေးလျှင် ဆရာ-ဟိမဝန္တာသို့ သွားကုန်အံ့ဟု ဆိုလေသဖြင့် အမောင်တို့ မင်းကြီးသည် ငါတို့အားရောက်လာသောနေ့၌သာလျှင် မိုးလေးလပတ်လုံး ဤအရပ်၌ နေစေခြင်းငှါ ပဋိညာဉ်ကို ယူအပ်၏။ အဘယ်သို့ သွားကုန်အံ့နည်းဟု ဆို၏။ ဆရာ-အရှင်တို့သည် ငါတို့အား မပြောမကြားမူ၍သာလျှင် ပဋိညာဉ်ကို ပေးအပ်ကုန်၏။ ငါတို့သည် နေခြင်းငှါ မစွမ်းနိုင်ကုန် ဤမှ မနီးမဝေး အရှင်ဆရာတို့၏ သတင်းစကားကို ကြားကောင်းသောအရပ် ၌သာနေလျှင် နေပါကုန်အံ့ဟု ပြောဆိုပြီးသည် ကာလ ရှိခိုး၍ ဖယ်သွားကြကုန်၏။ ကပ္ပကအမည်ရှိသော အတွင်းနေ တပည့်နှင့် အတူတကွ ဆရာရသေ့ သည်သာလျှင် ကျန်ရစ်ခဲ့၏။ ပြည့်ရှင်မင်းကြီးသည် ခစား ဆည်းကပ်ခြင်းသို့ လာရောက်သည်ရှိသော် အရှင်တို့သည် အဘယ်မှာနည်းဟု မေးလျှောက်၏။ မင်းကြီး ဆန့်ကျင်ခြင်း ဖြစ်ကုန်သည်ဟု ဆို၍ ဟိမဝန္တာသို့ သွားကုန်သတည်းဟု ဆို၏။ အတွင်းနေ တပည့်ဖြစ်သော ကပ္ပကသည်လည်း မကြာမြင့်မီပင်လျှင် ဆန့်ကျင်ခြင်း ရှိသည်ဖြစ်၍ ဆရာရသေ့သည် အဖန်တလဲလဲ တားမြစ်တောင်းပန်အပ်သော်လည်း မစွမ်းနိုင်ပါဟု ဆို၍ ဖယ်သွား ပြီးသည့်ကာလ ရှေ့ဦးစွာ သွားနှင့်သော ရသေ့တို့၏ အထံသို့ သွားရောက်၍ ဆရာရသေ့၏ သတင်းစကားကို နားထောင်လျက်သာလျှင် မနီးမဝေးသော အရပ်၌ နေ၏။ နောက်အဖို့၌ ဆရာရသေ့အား အတွင်းနေ တပည့်တို့ကို အစဉ်မပြတ် အောက်မေ့သောကြောင့် ဝမ်းကွဲ ရောဂါသည်ဖြစ်၏။ ဗာရာဏသီ ပြည့်ရှင် ဘုရင်ဗြဟ္မဒတ်မင်းကြီးသည် ဆေးသမားတို့ဖြင့် ကုစားစေပါသော်လည်း ရောဂါသည် မငြိမ်းမပျောက်လေ။

ထိုအခါ ကေသဝရသေ့က ဒကာတော်မင်းကြီး အသို့နည်း ငါ၏ရောဂါ ချမ်းသာ ငြိမ်းပျောက်ခြင်းကို အလိုရှိပါသလောဟု ဆို၏။ အရှင်ဘုရား အရှင်မြတ်၏ ရောဂါသည် ချမ်းသာခြင်းငှါ အကယ်၍ စွမ်းနိုင်သည် ဖြစ်ခဲ့ပါတုံအံ့။ ဒကာတော်သည် ဤယခုပင်လျှင် ချမ်းသာခြင်းကို ပြုလိုပါ၏ဟု လျှောက်ကြားလျှင် ဒကာတော်မင်းကြီး ငါ၏ ရောဂါချမ်းသာ ခြင်းကို အကယ်၍ အလိုရှိသည် ဖြစ်ခဲ့ပါအံ့။ ငါ၏ အတွင်းနေ တပည့်တို့ နေရာအထံသို့ စေလွှတ်ပို့သလိုက်ပါလော့ဟု ဆို၏။ မင်းကြီးကလည်း အရှင်

ဘုရား ကောင်းလှပါပြီဟု ဝန်ခံ၍ ထိုကေသဝရသေ့ကို ညောင်စောင်း ထက်၌ အိပ်စေပြီးလျှင် နာရဒအမတ် အမှူးရှိကုန်သော လေးယောက်ကုန်သောအမတ်တို့ကို ငါ့အရှင် ဆရာမြတ်၏ အကြောင်းဖြစ်ခြင်း သတင်းစကားကို ကြားသိအောင်ပြု၍ ငါ့အား သတင်းစကားကို စေလွှတ်လိုက်ကြကုန်လော့ဟု မှာထားမိန့်တော်မူ၍ စေလွှတ်လိုက်၏။ ကပ္ပက အမည်ရှိသော အတွင်းနေ တပည့်သည် ဆရာရသေ့၏ ကြွလာသော သတင်းစကားကို ကြား၍ ခရီးဦး ကြိုဆိုခြင်းကို ပြုပြီးလျှင် ဤမှတပါးသော ရသေ့တို့သည်ကား အဘယ်မှာနည်းဟု ဆိုသည်ရှိသော် ဤအမည်ရှိသော အရပ်၌ နေပါကုန်သည်ဟု ပြော၏။

ထို ရသေ့အပေါင်း တို့သည် ဆရာဖြစ်သော ကေသဝရသေ့၏ လာသည်၏ အဖြစ်ကို ကြားသိသည် ဖြစ်၍ ထိုအရပ်၌သာလျှင် စုဝေးကြပြီးသည်ကာလ ဆရာရသေ့အား ရေနွေးကို ပေး၍ သစ်သီးကြီးငယ်ကို ကျွေးမွေးပေးကမ်းကုန်၏။ ထိုခဏ၌သာလျှင် ရောဂါသည် ငြိမ်းပျောက် ချမ်းသာလေ၏၊ ကေသဝရသေ့သည် နှစ်ရက် သုံးရက်ဖြင့်သာလျှင် ရွှေအဆင်းကဲ့သို့ အဆင်းရှိသည် ဖြစ်လေ၏။ ထိုအခါ ကေသဝ ရသေ့ကို နာရဒအမတ်က—

မနုဿိန္ဒံ ဇဟိတွာန၊ သဗ္ဗကာမသမိဒ္ဓိနံ။
ကထံ နု ဘဂဝါ ကေသီ၊ ကပ္ပဿ ရမတိ အဿမေ—

ဟူသော ဂါထာဖြင့် မေးလျှောက်၏၊

**အနက်ကား။** ။ဘဂဝါ၊ ဘုန်းတော်ကြီးတော်မူသော။ ကေသီ၊ ဆံကျစ်ဖွဲ့ကိုးထုံးသော ရှင်ရသေ့။ သဗ္ဗကာမသမိဒ္ဓိနံ၊ခပ်သိမ်းထိုထို အလိုဟူသမျှကို ပေးတတ်ထသော။ မနုဿိန္ဒံ၊ များဖြင်ပြောထူ လူတို့ကို အစိုးရတော်မူသော မင်းကြီးကို။ ဇဟိတွာန၊ တွယ်တာမချစ် စွန့်ပစ်ခဲ့၍။ ကထံ နု ခေါ၊ ဘယ်သို့ဖြစ်ကောင်း အကြောင်းကြောင့် သာလျှင်၊ ကပ္ပဿ။ ကပ္ပကတွင်လေ့ ရှင်ရသေ့၏၊ အဿမေ။ ပျော်ရွှင်စံမြန်း ကျောင်းသခ်မ်း၌။ ရမတိ၊ စိတ်အလိုလိုက် နှစ်ခြိုက်ရွှင်ပျော် မွေ့လျော်ပါဘိလေသနည်း။ ဤကားအနက်။

**အဓိပ္ပါယ်ကား။** ။ဘုန်းကြီးတော်မူပေသော ဆံကျစ်ဖွဲ့ကိုး ရစ်ထုံးသော ကေသဝ ရှင်ရသေ့ အရှင် ရသေ့မြတ်သည် ခပ်သိမ်းသော အလိုကို မငြိုမငြင် အလျင်ခဏ မြန်စွာရအောင် ပြည့်ဝသော ဘုန်းကျက်သရေ ရှိတော်မူထသော များစွာပြောထူ လူတို့ကို အစိုးရတော်မူသော ပြည်ကြီးသနင်း မင်းမြတ်ကို မကပ်ပယ်ကာ လွှတ်ရှောင်ခွါလျက် ခြင်းရာရုံးပေါင်း ဘယ်သို့သော အကြောင်းကြောင့် မှိုင်စောင်းတောစ တည်နေရသည့် ကပ္ပက ရသေ့၏ သခ်မ်း၌ စံမြန်းရွှင်ပျော် မွေ့လျော်ခြင်း ဖြစ်ပါဘိလေသနည်းဟု မေးလျှောက်သောကာလ ကေသဝရသေ့က နာရဒအမတ်ကို—

သာဒူနိ ရမဏီယာနိ၊ သန္တိ ရုက္ခာ မနောရမာ။
သုဘာသိတာနိ ကပ္ပဿ၊ နာရဒ ရမယန္တိ မံ–

ဟူသောဂါထာဖြင့် ရွတ်ဆိုဖြေကြားပေ၏။

**အနက်ကား**။ ။နာရဒ၊ နာရဒဟု နာမထင်လတ် ဒါယကာအမတ်။ ကပ္ပဿ၊ ကပ္ပကတွင်ရှိ ငါ့တပည့်ရသေ့၏။ အဿမေ၊ ကိန်းပျော်စံအောင်း သင်္ခမ်းကျောင်း၌။ သာဒူနိ၊ လူသံမနှော တောကြီးအစပ် အရပ်ဆိတ်ငြိမ် ကောင်းမွန်ကုန်သည် ဖြစ်၍။ ရမဏီယာနိ၊ နှလုံးမွေ့လျော် ပျော်ဖွယ်တို့သည်။ သန္တိ၊ အထင်အရှား ရှိပါပေကုန်၏။ မနောရမာ၊ နှလုံးမွေ့လျော် ပျော်ဖွယ်ရာရှိကုန်သော။ ရုက္ခာ၊ စိမ်းစိုခက်လက် ပြန့်ထွက်မှိုင်းလွှင် သစ်ပင်အပေါင်းတို့သည်။ သန္တိ၊ အထင်အရှား ရှိပါပေကုန်၏။ နာရဒ၊ နာရဒဟု နာမထင်မှတ် ဒါယကာအမတ်။ ကပ္ပဿ၊ ကပ္ပကတွင်ရှိ ငါ့တပည့် ရသေ့၏။ သုဘာသိတာနိ၊ သာယာပြေပြစ် ကျစ်လျစ်ညင်းပျောင်း ကောင်းသော စကားတို့သည်။ မံ၊ ငါကို။ ရမယန္တိ၊ အပျင်းမထူ ဝမ်းပူမဖက် နှစ်သက်မွေ့လျော်ဖွယ် ရှိပါပေကုန်၏။ ဤကားအနက်။

**အဓိပ္ပါယ်ကား**။ ။နာရဒအမည်ရှိသော အိုအမတ် ကပ္ပကဟု အမည်တွင်သော ငါ့ရှင်တပည့် ရသေ့၏ နေရာစံမြန်း ဤကျောင်းသင်္ခမ်း၌ကား လူသံမနှော တောကြီးအစပ် အရပ်မွေ့ သိမ် ဆိတ်ငြိမ်ကောင်းမွန်ကုန်သည် ဖြစ်သောကြောင့် နှလုံးမွေ့လျော် ပျော်ဖွယ်ရာ ကောင်းပါပေကုန်၏။ နှလုံးမွေ့လျော် ပျော်ဖွယ်ရာရှိကုန်သော ပွင့်သီးညွန့်စို စိမ်းညိုခက်လက် ပြန့်ထွက်မှိုင်းလွှင်ကုန်သော သစ်ပင်အပေါင်းတို့သည် မှိုင်စောင်းတောစ ကြီးပွါးကြ၍ ဒိဋ္ဌမျက်မြင် အထင်အရှား ရှိပေကုန်၏။ နာရဒအမည်ရှိသော အိုအမတ် ကပ္ပက အမည်တွင်သော ငါ့ရှင်တပည့်ရသေ့၏ သာယာပြေပြစ် ကျစ်လျစ်ညင်းပျောင်း ကောင်းစွာ ပြောဆိုအပ်ကုန်သော စကားတို့သည် သည်းကြားနှလုံးကို သိမ်းကျုံး၍ ယူဘိသော အလားကဲ့သို့ အလွန်အားဖြင့် နှလုံးမွေ့လျော် ပျော်ပါးခြင်း ဖြစ်ပေကုန်၏ဟု ပြောဆိုသောကာလ နာရဒအမတ်က—

သာလီနံ ဩဒနံ ဘုဉ္ဇေ၊ သုစိံ မံသူပသေစနံ၊
ကထံ သာမာကနီဝါရံ၊ အလောဏံ ဆာဒယန္တိ တံ–

ဟူသော ဂါထာဖြင့် တဖန် မေးလျှောက်ပြန်၏။

**အနက်ကား**။ ။သုစိံ၊ အလွန်တရာ သန့်ရှင်းစင်ကြယ်စွာသော။ မံသူပသေစနံ၊ ရသာကြိုင်မွှမ်း သားဖြင့်ပြွမ်းအပ်သော။ သာလီနံ ဩဒနံ၊ နံ့သာကြိုင်မွှေး သလေးထမင်း ဘောဇဉ်ကို။ ဘုတ္တွာ၊ ဘုဉ်းပေး စားသောက်၍။ အလောဏံ၊

ဆားမျှ မခတ်သော။ သာမာကနီဝါရံ၊ မြက်သီးဆန်ကြမ်း ကျိတ်သမန်း အာဟာရသည်။ ကထံ၊ အဘယ်သို့သော အကြောင်းဖြင့်။ တံ၊ ရှင်ရသေ့ကို။ ဆာဒယန္တိ၊ နှစ်သက်စေဘိသနည်း။ ဤကားအနက်။

အဓိပ္ပါယ်ကား။ ။နာရဒအမတ်သည် ရှင်ရသေ့မြတ် အလွန်တရာ သန့်ရှင်းစင်ကြယ်စွာ ရသာကြိုင်မွှမ်း သားဖြင့် ပြွမ်းအပ်သော နံ့သာကြိုင်မွှေး သလေးထမင်းကို ပြည့်ရှင်မင်းကြီး၏ အထံမှ ခံယူသုံးဆောင် စားသောက်၍ နေသည်ဖြစ်ပါလျက် ယခုတဖန် ထို မြိန်မြတ် ကောင်းမွန်သော အရသာရှိသော ဘောဇဉ်ကို တားမြစ် ပယ်စွန့်ပြီးသည်ကာလ ဆားမျှမခတ် တောရပ်၌ဖြစ်သော ရှုန့်ရင်း ကြမ်းတမ်းသော မြက်သီးဆန် ကျိတ်လမန်းဆန် အစာ အာဟာရကို မျှတစားသောက်လျက် မြက်သီးဆန် ကျိတ်လမန်းဆန်သည် တောအောက်မြိုင်ကြား၌ အဘယ်အကြောင်းဖြင့် ပျော်ပါး မွေ့လျော်နိုင်အောင် နှစ်သက်စေတော် မူပါလိမ့်မည်နည်းဟု မေးလျှောက် ပြန်သည်ရှိသော် ကေသဝရသေ့က—

အသာဒုံ ဝါ ယဒိ ဝါ, သာဒုံ၊ အပ္ပံ ဝါ ယဒိ ဝါ ဗဟုံ။
ဝိဿတ္ထော ယတ္ထ ဘုဉ္ဇေယျ၊ ဝိဿာသပရမာ ရသာ—

ဟူသော ဂါထာဖြင့် ပြန်ကြား ပြောဆို၏။

အနက်ကား။ ။နာရဒ၊ နာရဒဟု နာမထင်မှတ် အိုအမတ်။ အသာဒုံ ဝါ၊ မကောင်းသည်မူလည်း ဖြစ်စေ။ ယဒိ၊ ထိုမြို။ သာဒုံဝါ၊ ကောင်းသည်မူလည်း ဖြစ်စေ။ အပ္ပံ ဝါ၊ နည်းသည်မူလည်း ဖြစ်စေ။ ယဒိ၊ ထိုမြို။ ဗဟုံ ဝါ၊ များသည်မူလည်းဖြစ်စေ။ ယတ္ထ၊ အကြင် ခဲဖွယ်ဘောဇဉ် ချိုချဉ် အာဟာရ၌။ ဝိဿတ္ထော၊ ရဲရဲဝံ့ဝံ့။ ဘုဉ္ဇေယျ၊ စားသောက်ရပေရာ၏။ ဝိဿာသာ၊ ချစ်ကျွမ်းဝင်သဖြင့် ယုံကြည်စားသောက် ရခြင်းသည်။ ပရမာ၊ လွန်ကဲ မွန်မြတ်သော။ ရသာ၊ ချိုမြိန် ကောင်းစွာ အရသာ မည်ပေ၏။ ဤကားအနက်။

အဓိပ္ပါယ်ကား။ ။နာရဒဟု လောကလူ့ရွာ၌ သညာသတ်မှတ် ခေါ်ဝေါ်အပ်သော အိုအမတ်ကြီး အရသာ ကြမ်းတမ်း ယုတ်ညံ့မ်း ပျက်ကြောင်း မကောင်းသော အစာအာဟာရပင် ဖြစ်စေ နူးညံ့သိမ်မွေ့ အတွေ့ကျူးလွန် ကောင်းမွန်သော အစာအာဟာရပင် ဖြစ်စေ မသုံး မစားလောက်သဖြင့် ပျောက်ပျက်ချည်းနှီး နည်းသော အစာအာဟာရမူလည်း ဖြစ်စေ သုံးစားမကုန် ပြည့်စုံပေါ်များသော အစာအာဟာရပင် ဖြစ်စေ အကြင်သို့သော ခဲဖွယ် ဘောဇဉ် ချိုချဉ်အာဟာရ၌ ရဲရဲဝံ့ဝံ့ မတွန့်မတို မငြိုသော မျက်နှာဖြင့် ကောင်းစွာ စားသောက်ရပေ၏။ ယင်းသို့ မတွန့်မတို မငြို မျက်နှာ

ကျွမ်းဝင်ကာဖြင့် ကောင်းစွာ စားသောက် မှီဝဲရခြင်းသည် လွန်ကဲသော အရသာ မည်ပါပေသည်ဟု ဖြေဆိုတော်မူ၏ နာရဒအမတ်သည်လည်း ထို အကြောင်း အလုံးစုံကို အကုန် ပြန်ကြား၍ ဗြဟ္မဒတ် မင်းကြီးအား လျှောက်ထားပေ၏။

## ကောသဝ ရသေ့အကြောင်း ဇာတ်ပေါင်းခြင်း

မြတ်စွာဘုရားသခင်သည် ဤသို့သော ဓမ္မဒေသနာကို ဆောင်တော်မူ၍ ဇာတ်ပေါင်းကို ပေါင်းတော်မူ၏။

ဒကာတော် ပသေနဒီကောသလမင်းကြီး ထိုအခါ ကာလက ဗာရာဏသီ ပြည်ကြီးကို အစိုးရတော်မူသော ဗြဟ္မဒတ်မင်းကြီးသည် ယခုအခါ ငါဘုရား၏ သားတော် မောဂ္ဂလာန် ဖြစ်လာ၏ ထိုအခါ ကာလက နာရဒ အမတ်သည် ယခုအခါ ငါဘုရား၏ သားတော် သာရိပုတ္တရာ မထေရ် ဖြစ်လာ၏ ထိုအခါ ကာလ က ကပ္ပကအမည်ရှိသော အတွင်းနေ တပည့် ရသေ့သည် ယခုအခါ အာနန္ဒာ ဖြစ်လာ၏ ထိုအခါ ကာလ က ဆရာဖြစ်သော ကောသဝရသေ့သည် ယခုအခါ ငါဘုရားပင်ပေတည်းဟု မိန့်ဆိုတော်မူပြီး၍ ဒကာတော်မင်းကြီး ဤသို့သော နည်းဖြင့် ရှေးရှေးသော အခါကာလ၌ ပညာရှိ အစစ် ဖြစ်တော်မူကြကုန်သော ပုဂ္ဂိုလ်တို့သည် သေခါနီး မျှလောက် ရှုံကြောက်ဖွယ်ရာ ပြင်းစွာသော ဒုက္ခဝေဒနာကို ခံစားရခြင်းဟု ဆိုအပ်သော ရောဂါဗျာဓိ တွေ့ထိခြင်းသို့ ရောက်၍ ချစ်ကျွမ်းဝင်သော အရပ်ဌာနသို့သာလျှင် သွားကြလေကုန်ဘိသည် ဒကာတော်မင်းကြီး ငါဘုရား၏ သားတော် ဖြစ်ကုန်သော ရဟန်းတို့သည်လည်း အသင်တို့၏ အထံ၌ ချစ်ကျွမ်းဝင်ခြင်းကို မရသောဟန် သဏ္ဌာန်လက္ခဏာ ထင်လေသည်ဟု မိန့်တော်မူ၏။

ပသေနဒီ ကောသလမင်းကြီးလည်း ငါသည် ရဟန်းသံဃာတော်နှင့် တကွ အကျွမ်းတဝင် ဆက်ဆံခြင်းငှါ သင့်လျော် လျောက်ပတ်အပ်ပေ၏ အဘယ်သို့ ပြုရအံ့ပါနည်း မြတ်စွာဘုရား၏ ဆွေတော်မျိုးတော်ဖြစ်သော သတို့သမီးငယ် တစ်ယောက်ကို ငါ၏ နန်းအိမ်တော်၌ ယူဆောင်၍ ထားသည်ကိုပြုခြင်းငှါ သင့်လျော်၏ ဤသို့ မြတ်စွာဘုရားသခင်၏ ဆွေတော် မျိုးတော် ဖြစ်သော သတို့သမီး တစ်ယောက်ကို ငါ၏ နန်းအိမ်တော်၌ ထားရသည်ရှိသော် ရဟန်းငယ်တို့သည် လည်းကောင်း သာမဏေတို့သည် လည်းကောင်း ဤ မင်းကြီးသည်ကား ငါတို့ ဖခင် ဖြစ်တော်မူသော မြတ်စွာဘုရား၏ ဆွေတော် မျိုးတော် ဖြစ်သော မင်းပေတည်း ဟု ငါ၏ အထံသို့ ရဲရဲဝံ့ဝံ့ အမြဲမပြတ် ချဉ်းကပ် လာရောက်ကြကုန်လတ္တံ့ဟု ကြံ၍ ငါ့အား တစ်ယောက်သော သတို့သမီးငယ်ကို ပေးစေသတည်း ဟု သာကီဝင်မင်းတို့၏ အထံသို့ သဟင်းစကားကို ပြောကြား ပို့လွှတ်စေခိုင်း၏။

## သာကီဝင်မင်းသမီးနှင့် အမျိုးဆက်ခြင်းအကြောင်း

ယင်းသို့ စေလွှတ်လိုက်သောအခါ၌ အဘယ်အမည်ရှိသော သာကီဝင်မင်း၏ သမီးပေနည်းဟု မေးမြန်း၍သာလျှင် အမှန်တည့်တည့် သိအောင် ပြုပြီးသည် ကာလ ပြန်လည်၍ လာခဲ့ကြကုန်လော့ဟု မှာထားပြီးမှသာ တမန်တို့ကို စေလွှတ်လိုက်ပေ၏။ စေလွှတ်အပ်သော တမန်တို့သည် ကပ္ပိလဝတ်ပြည်သို့ သွားရောက်ကြ၍ သာကီဝင်မင်းတို့ကို အကြောင်းခြင်းရာ အလုံးစုံတို့ကို အကုန်ပြန်ကြား လျှောက်ထားပြီးသော ကာလ သတို့သမီးကို တောင်းဆိုကြကုန်၏ သာကီဝင် မင်းအပေါင်းတို့လည်း ကောင်းစွာ စည်းဝေးကြပြီးသည် ကာလ အဖို့တစ်ခြား တိုင်းတစ်ပါးမှ ဖြစ်သော မင်းသည် ဆွေရင်းမျိုးသက် ဆက်လိုသော အကြောင်းဖြင့် တောင်းဆိုလာသည့် အရေးကို မပေးမဆောင် နှင်းခဲ့လျှင် အမျက်ဒေါသ ထွက်ကြွတင်ဖွဲ့သော ရန်ငြိုးဖြင့် ငါတို့၏ အမျိုးကို ဖျက်ဆီးပေလတ္တံ့ ငါတို့၏ အမျိုးနှင့်တူမျှသော အမျိုးသည် မရှိ။ ငါတို့၏ အမျိုးကို တစ်ပါးသော အမျိုးတို့နှင့် ဆက်ဆံခြင်းငှါလည်း မတတ်ကောင်း။ အဘယ်သို့ ပြုကြပါကုန်အံ့နည်းဟု ကြံစည်တိုင်ပင် ကြကုန်။ ထိုနောက် မဟာ နာမမင်းကြီးက ငါ၏ ကျွန်မဝမ်းပယ် ဖွားမြင်အပ်သော ဝါသဘခတ္တိယာ အမည်ရှိသော သတို့သမီးငယ် တစ်ယောက်သည် အဆင်း သဏ္ဌာန် ကြန်အင် အသွယ်သွယ်၌ တင့်တယ်ပြည့်ဟိတ် အထွတ်အထိပ်သို့ ရောက်သည်ရှိပေ၏။ ထိုသတို့သမီးငယ်ကို ပေးကုန်အံ့ဟု ပြောဆိုတိုင်ပင်သည်ကာလ လာရောက် တောင်းဆိုလာသော တမန်တို့ကို အမောင်တို့ ကောင်းလှပေပြီ ကောသလ မင်းကြီးအား သတို့သမီးကို ပေးကုန်အံ့ဟု ဆိုကုန်၏။ အဘယ်သူ၏ သမီးပေ နည်းဟု တမန်တို့က မေးမြန်းလျှင် မြတ်စွာဘုရား ဘတွေးတော်၏သား မဟာ **နာမ** အမည်ရှိသော သာကီဝင်မင်း၏ သမီး ဝါသဘခတ္တိယာ အမည်ရှိသော မင်းသမီးပေတည်းဟု ပြောကြားကြကုန်၏။ ထိုတမန်တို့သည် သာဝတ္ထိပြည်သို့ ပြန်သွား၍ မင်းကြီးအား ကြားလျှောက်ကုန်၏။

ပသေနဒီကောသလမင်းကြီးလည်း ယင်းသို့ ဖြစ်တပြီးကား ကောင်းလှ ပေပြီ လျင်မြန်စွာ ဆောင်ယူခဲ့ကြကုန်လော့။ မင်းတို့ မည်သည်ကား များသော မာယာရှိကုန်၏ ကျွန်မ၏ သမီးကိုသော်လည်း ပို့ဆက်စေလွှတ် တတ်ချေကုန်သည် ဖခင်ဖြစ်သော မင်းကြီးနှင့် အတူတကွ တစ်ခုသော ထမင်း ပွဲတော်အုပ်၌ စားသောက် သုံးဆောင်သည်ရှိသော် ဆောင်ယူခဲ့ကြ ကုန်လော့ဟု မှာထား စေလွှတ်လိုက်၏။ တမန်တို့သည် ကပ္ပိလပြည်သို့ သွားရောက်ကြ၍ အရှင်မင်းကြီး အရှင်မင်းကြီးတို့နှင့် အတူတကွ တပေါင်း တည်း တစ်ခုသော ပွဲတော်အုပ်၌ ပရဘုတ် သုံးဆောင် စားသောက်သော် သာလျှင် အကျွန်ုပ်တို့သခင် အရှင်မင်းကြီးသည် အလိုရှိပါသည် ဟု လျှောက်

ကြားကုန်၏။ မဟာနာမ မင်းကြီးကလည်း ကောင်းလှပေပြီ အမောင်တို့ဟု ဝန်ခံပြီးလျှင် ထိုမင်းသမီးကို တန်ဆာဆင်စေ၍ မိမိသည် ဘောဇဉ် သုံးဆောင်သောကာလ၌ ခေါ်စေ၍ ထိုမင်းသမီးနှင့် တစ်ခုတည်းသော ထမင်းပွဲတော်အုပ်၌ အတူတကွ စားသောက်ဘိ သကဲ့သို့သော အခြင်း အရာကို ပြ၍ ထိုမင်းသမီးကို တမန်တို့အား ဆောက်နှင်း အပ်နှံလိုက် ပေ၏။ တမန်တို့သည်လည်း ဝါသဘခတ္တိယာ မင်းသမီးကို သာဝတ္ထိ ပြည်သို့ ဆောင်ယူ သွားပြီးလျှင် ထိုကဲ့သို့သော အကြောင်း အလုံးစုံကို မင်းကြီးအား ပြန်ကြားလျှောက်တင်ကြကုန်၏။ ပသေနဒီ ကောသလမင်းကြီး သည် နှစ်သက်သောစိတ်ရှိသည်ဖြစ်၍ ထို ဝါသဘခတ္တိယာ မင်းသမီးကို ငါးရာ ကုန်သော မိန်းမတို့၏ အကြီးအမှူးကိုပြု၍ မြတ်သော မိဖုရားကြီးအရာ၌ အဘိ သိက် သွန်းလောင်းတော်မူ၏။

## ဝိဋူဋဘ မှည့်ခြင်းအကြောင်း

ထို ဝါသဘခတ္တိယာ မိဖုရားသည် မကြာမြင့်မီပင်လျှင် ရွှေအဆင်း ကဲ့သို့ အဆင်းရှိသော သားကိုဖွားမြင်လေ၏။ ထိုအခါ သားတော်အား အမည်ကို ယူအံ့သောနေ့၌ ပသေနဒီ ကောသလမင်းကြီးသည် အဘိုး၏အထံသို့ သာကီဝင် မင်းသမီးဖြစ်သော ဝါသဘခတ္တိယာ မင်းသမီးသည် သားရတနာကို ဖွားမြင် အပ်၏၊ ထိုသားငယ်၏အမည်ကို ပြုစေသတည်းဟု သတင်းစကားကိုပြောကြား စေလွှတ်လိုက်၏။ ထိုသတင်းစကားကို ယူဆောင်၍သွားသော အမတ်ကြီးသည် အနည်းငယ်ဆွံ့သော ထိုင်းသော နားရှိ၏။ ထိုအမတ်ကြီးသည် သွားရောက်၍ ဘိုးတော်ဖြစ်သော မဟာနာမမင်းကြီးအား ကြားလျှောက်ပေ၏။ မဟာနာမ မင်းကြီးလည်း ထိုသတင်းစကားကို ကြား၍ ဝါသဘခတ္တိယာသည် သားကို မဖွားမြင်ဘဲသော်လည်း အလုံးစုံသော လူတို့ကို နှိပ်စက်ညှဉ်းပန်း ညှိုးနွမ်းသော စိတ်နှလုံးရှိအောင်ပင် ဖြစ်ချေသေး၏။ ယခုအခါ သားကို ဖွားမြင်ရာ၌ကား မင်းကြီးအား အလွန်ပင် အကျွမ်းဝင်ခြင်းဖြစ်ပေလတ္တံ့ ဟုဆို၏။ ထိုသို့ပြောဆို သည်ရှိသော် နားဆွံ့သော တမန်အမတ်သည် ဝလ္လဘဟူသော စကားကို မဟုတ်မမှန် ဖောက်ပြန်တိမ်းပါး မှားသောစကားဖြင့် ကြား၍ ဝိဋူဋဘ ဟူသောဘွဲ့အမည်ကို ပေးလိုက်သကည်းဟု မှတ်ပြီးလျှင် ပြန်လာပြီးသည်ကာလ ပသေနဒီကောသလမင်းကြီးသို့ ချဉ်းကပ်၍ အရှင်မင်းမြတ် သားငယ်ကို ဝိဋူဋဘဟူသောအမည်ကို ပြုလိုက်ပါသတည်းဟု တင်လျှောက်၏ မင်းကြီးသည် ရှေး၌ဖြစ်သော အမျိုးတို့၏ အနွယ်အသက် ဥစ္စာဖြစ်သော အမည်ဖြစ်ပေလိမ့် မည်ဟုကြံအောက်မေ့၍ ဝိဋူဋဘဟူသောအမည်ကိုပင် ပြုလေ၏။ ထိုနောက်

ဝိဋ္ဋူဘမင်းသား ငယ်စဉ်ကာလ၌ပင်လျှင် ခမည်းတော်မင်းကြီးသည် မြတ်စွာဘုရားသခင်အား ချစ်မြတ်နိုးခြင်းဖြစ်စေအံ့ဟု စစ်သူကြီးအရာကို ပေးသနားတော်မူ၏။

ထိုဝိဋ္ဋူဘမင်းသားသည် မင်းသားတို့ အစောင့်အရှောက် အခြံအရံဖြင့် သာလျှင် ကြီးပွါးခဲ့၍ ခုနစ်နှစ်သားအရွယ်သို့ ကျရောက်သော ကာလ၌ တပါးကုန်သော မင်းသားတို့အား မယ်တော်, ဘွားတော်စသော မြတ်သော အမျိုးမှ ဆင်ရုပ်, မြင်းရုပ် အစရှိသည် ဆောင်ခဲ့ကြကုန်သည်တို့ကို မြင်သော ကြောင့် မယ်တော်သို့ ချဉ်းကပ်ပြီးလျှင် မိခင် တစ်ပါးသော မင်းသားတို့အား မယ်တော်, ဘွားတော်စသော မြတ်သောအမျိုးမှ လက်ဆောင်ပဏ္ဏာကာရကို ဆောင်ယူကြကုန်၏။ အကျွန်ုပ် သားတော်အား တစ်စုံတစ်ယောက်သောသူ သည် တစ်စုံတစ်ခုသော လက်ဆောင်ပဏ္ဏာကာရကို မပို့လာချေ အကြောင်း အသို့နည်း၊ အသင်မိခင်သည် အမိအဖမရှိလေသလောဟု မေးမြန်းသောကာလ ဝိဋ္ဋူဘ မယ်တော်ဖြစ်သော ဝါသဘခတ္တိယာမိဖုရားက ထို ဝိဋ္ဋူဘမင်းသား ကို ချစ်သား အသင်၏ အဘိုး အဘွား ဖြစ်ကုန်သော သာကီဝင်မင်း တို့သည် ဝေးကွာသော အရပ်ဒေသ၌ နေကြကုန်၏။ ထို့ကြောင့်သာ တစ်စုံ တစ်ခုသော လက်ဆောင်ပဏ္ဏာကာရကို မပို့လွှတ် မစေခိုင်းကြသတည်းဟု ပြောဆို ဖြောင်းဖြ ၍ လှည့်ပတ်၏။ တဖန်တစ်ဆယ့်ခြောက်နှစ်အရွယ်သို့ ကျရောက်ပြန်သော ကာလ မယ်တော် မယ်တော်၏ဆွေတော်မျိုးတော်ကို ကြည့်ရှု ဖူးမျှော်ခြင်းငှါ အလိုရှိ ပါသည်ဟုဆိုလျှင် ချစ်သား ထိုအရပ်သို့ သွားသဖြင့် အဘယ်သို့ ပြုအံ့ပါနည်း၊ ငါ့သားတော်သည် မသွားပါလေလင့်ဟု တားမြစ်ပိတ်ပင်ပါသော်လည်း အဖန် တလဲလဲ တောင်းပန်၏ ထိုအခါ မယ်တော်က ထိုသို့တပြီးကား ချစ်သား သွား လေလော့ဟု ဝန်ခံ၍ ခွင့်ပေး၏။

## သာကီဝင်မင်းတို့ထံ သွားခြင်းအကြောင်း

ဝိဋ္ဋူဘ မင်းသားသည် ခမည်းတော် မင်းကြီးအား လျှောက်ကြား၍ များစွာသော အခြံအရံဖြင့် သာဝတ္ထိပြည်မှ ထွက်လာခဲ့၏ ဝါသဘ ခတ္တိယာ မိဖုရားသည် ရှေးဦးစွာကပင် ကျွန်တော်မသည် ဤအရပ်ထံ၌ ချမ်းသာစွာ နေပါအံ့ ယခုရောက်လာသော ကျွန်တော်မ၏သား ဝိဋ္ဋူဘ အား အရှင်တို့သည် တစ်စုံတစ်ရာ ညစ်ကျုမျှေးတွယ် အန္တရာယ်ဖြစ်ရန် ဇာတိမာန်ကို ဖော်လှန်ကျူန ပြုတော် မမူလိုက်ကြပါနှင့်ဟု တောင်းပန် ချောက်ထားသော ကမ္ပည်းစာကို လျင်မြန်စွာ ပို့စေ၏၊ သာကီဝင်မင်း တို့သည် ဝိဋ္ဋူဘ၏ လာခြင်းကို ကြားသိ၍ ငါတို့သည် ရှိခိုးခြင်းငှါ မစွမ်းနိုင်ကုန်ဟု ဝိဋ္ဋူဘအောက် အသက်အရွယ်ငယ်ကုန်သော မင်းသားတို့ကို

ဇနပုဒ်သို့ စေလွှတ်၍ ထိုဝိဋ္ဋူဘသည် ကပိလပြည်သို့ ရောက်သည်ရှိသော် မင်းကွန်း၌ စည်းဝေးကြကုန်၏ ဝိဋ္ဋူဘမင်းသားသည် ထိုမင်းကွန်းသို့သွား၍ ရပ်တည်၏၊ ထိုအခါ ဝိဋ္ဋူဘမင်းသားကို ချစ်သား ဤသူသည်ကား သင်ချစ်သား၏ ဖွားဘော်တည်း ဤသူသည်ကား သင်ချစ်သား၏ ဦးရီးတည်းဟု ပြောဆို၍ ရှိခိုးစေကုန်၏ ဝိဋ္ဋူဘမင်းသားသည် အလုံးစုံသော သူတို့ကို ရှိခိုးလျက် လှည့်လည်ပြီးသည့်ကာလ တစ်စုံတစ်ယောက်သောသူမျှ မိမိအား ရှိခိုးသည်ကို မမြင်သောကြောင့် အသို့နည်း ငါ့ကို ရှိခိုးထိုက်သော သူတို့သည် မရှိလေသလောဟု မေး၏။ သာကီဝင်မင်းတို့သည် ချစ်သား သင့်အောက် အသက်အရွယ် ငယ်ကုန်သော အသင်၏ ညီတော်ဖြစ်ကုန်သော မင်းသားတို့သည် ဇနပုဒ်သို့ သွားကြကုန်သည်ဟု ပြောဆို၍ ဝိဋ္ဋူဘမင်းသားအား ကြီးကျယ်စွာသော ပူဇာသက္ကာရကို ပြုကုန်၏၊ ထိုဝိဋ္ဋူဘမင်းသားသည် နှစ်ရက်သုံးရက်မျှနေခဲ့၍ ကြီးစွာသော အခြံအရံဖြင့် ကပိလပြည်မှထွက်ခဲ့၏။

## အဆင့်အတန်း နှိမ့်ချထားခြင်း

ထိုအခါ တစ်ယောက်သော ကျွန်မသည် မင်းကွန်း၌ ဝိဋ္ဋူဘ မင်းသား၏ ထိုင်နေရာပျဉ်ချပ်ကို ဤနေရာသည်ကား ဝါသဘခတ္တိယာကျွန်မသား၏ နေရာ ပျဉ်ချပ်တည်းဟု ဆဲရေးရေရွတ်၍ နို့ရေဖြင့် ဆေးကြော၏ တစ်ယောက်သော မင်းချင်းယောက်ျားသည် မိမိ၏လက်နက်ကို မေ့လျော့၍ ချထားမိခဲ့သော ကြောင့် ဆုတ်နစ်ပြန်လည်၍ ထိုလက်နက်ကို ယူသည်ရှိသော် ဝိဋ္ဋူဘ မင်းသားအား ဆဲရေးသောအသံကို ကြား၍ ကျွန်မကို မေးသည်ကာလ ဝါသဘခတ္တိယာမိဖုရား၏ ကျွန်မဝမ်းဝယ် မဟာနာမ သာကီဝင်မင်းကိုအစွဲပြု၍ ပဋိသန္ဓေတည်နေ ဖွားမြင်ရသတည်းဟု သိ၍ စစ်သည်အပေါင်းအား ပြော ကြား၏၊ ဝါသဘခတ္တိယာ မိဖုရားသည် ကျွန်မ၏ သမီးဖြစ်ပေသတတ်ဟု အုတ်အုတ်ကျက်ကျက်သော အသံသည် ဖြစ်လေ၏ ထိုကဲ့သို့သော စကားကို ကြားသိသောကာလ ဝိဋ္ဋူဘမင်းသားက ဤသာကီဝင်မင်းတို့သည် ငါ၏ ထိုင်နေရာဖြစ်သော ပျဉ်ချပ်ကို နို့ရေဖြင့် ဆေးကြောသည်ကား ဆေးကြော နှင့်စေဦးတော့ ငါသည် မင်းအဖြစ်၌ တည်သောကာလ ထိုသူတို့၏လည်ချောင်း သွေးကိုယူပြီးလျှင် ငါ၏ ထိုင်နေရာ ပျဉ်ချပ်ကို ပွတ်သပ် ဆေးကြောပေးအံ့ ဟူသော စိတ်အကြံကို ဖြစ်စေ၏ ထိုဝိဋ္ဋူဘမင်းသားသည် သာဝတ္ထိပြည်သို့ ရောက်သည်ရှိသော် အမတ်တို့သည် အလုံးစုံသောအကြောင်းကို မင်းကြီးအား ကြားလျှောက်ကုန်၏ ပသေနဒီကောသလ မင်းကြီးသည် ငါ့အား ကျွန်မ၏ သမီးကို ပေးလေကုန်ဘိသည်ဟု သာကီဝင်မင်းတို့အား အမျက်ထွက်၍

ဝါသဘခတ္တိယာ မိဖုရားအားလည်းကောင်း၊ သားတော်ဝိဋ္ဋုဘအား လည်းကောင်း ပေးအပ်သော အစောင့်အရှောက် အခြံအရံကိုဖြတ်၍ ကျွန်ယောကျ်ား ကျွန်မိန်းမတို့သည် ရအပ်သော စည်းစိမ်မျှကိုသာလျှင် ပေးလေ၏။

## အဘအမျိုးသာ ပဏာမဖြစ်ကြောင်း

ယင်းမှ ထိုနောက် နှစ်ရက်သုံးရက်ကို လွန်မြောက်သဖြင့် မြတ်စွာဘုရားသခင်သည် မင်းကြီး၏ နန်းအိမ်တော်သို့ ကြွသွားတော်မူ၍ ခင်းထားအပ်သော နေရာ၌ ထိုင်နေ သီတင်းသုံးတော်မူ၏၊ မင်းကြီးသည် မြတ်စွာဘုရား ကိုယ်တော်မြတ်၏အထံတော်သို့ချဉ်းကပ်လာရောက်၍ရှိသေမြတ်နိုးရှိခိုးပြီးသော် ဘုန်းတော်ကြီးကော်မူသော မြတ်စွာဘုရား အရှင်ဘုရားတို့၏ ဆွေတော်မျိုးတော်တို့သည် ဒကာတော်အား ကျွန်မ၏သမီးကို ပေးကုန်ဘိသည် ထိုကြောင့် ဒကာတော်သည် မိဖုရားအား သားတော်နှင့်တကွ ရာထူးမှ နုတ်ချပြီးသည့်ကာလ အစောင့်အရှောက် အခြံအရံတို့ကို ဖျက်သိမ်းပြီးလျှင် ကျွန်ယောကျ်ား ကျွန်မိန်းမတို့ ခံစားရသော စည်းစိမ် ချမ်းသာမျှလောက်ကိုသာ ပေးသနား၍ ထားအပ်ပါသည်ဟု လျှောက်၏ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကလည်း ဒကာတော်မင်းကြီး သာကီပင် မင်းတို့သည် ပြုအပ်သော အမှုသည် မသင့်တင့် မလျောက်ပတ် မြင့်မြတ်သော အမျိုး အနွယ်ရှိကုန်သော မင်းကြီးတို့အား ဆောင်နှင်း ပေးအပ်သည် ရှိသော် မြင့်မြတ်သော အမျိုးအနွယ်မှ တူမျှသော သတို့သမီးကိုသာလျှင် ပေးကုန်ရာ၏ ဒကာတော်မင်းကြီး ငါဘုရားသည် တစ်ခုသော တရားစကားကို ဟောကြား ဆိုးမတော်မူအံ့ ငါ၏စကားကို မှတ်သား နာယူဘိလော့ ဝါသဘခတ္တိယာ မင်းသမီးသည် ခတ္တိယစင်စစ် ဖြစ်လေသော မင်း၏ နန်းအိမ်တော်၌ အဘိသိက်သွန်းခြင်းကို ရပေ၏၊ ဝိဋ္ဋုဘသည်လည်း ခတ္တိယ စင်စစ် မင်းပျိုးဖြစ်သော အသင်မင်းကြီးကိုသာလျှင် အစွဲပြု၍ ဖြစ်ပေ၏ ဒကာတော်မင်းကြီး အမိအမျိုးဟူသည် အသို့ပြုလတ္တံ့နည်း အဖ၏ အမျိုး အနွယ်သာ ပမာဏဖြစ်လေသည် ရှေး၌ဖြစ်ကုန်သော ပညာရှိတို့သည်လည်း သူဆင်းရဲဖြစ်သော ထင်းခွေသည်မိန်းမကို အဂ္ဂမဟေသီ ဒေဝီမြှောက်ချီး မိဖုရားကြီး အရာကို ပေးသနားတော် မူကုန်ပြီ ထိုထင်းခွေသည် မိန်းမ၏ ဝမ်းတိုက်၌ ကိန်းပိုက်သန္ဓေတည်နေ ဖွားမြင်လာသော မင်းသားငယ် လည်းလည်း တဆယ့်နှစ်ယူဇနာ ပြန့်ကျယ်သော ဗာရာဏသီပြည်ကြီး၌ ဘုန်းမီး နေလ တောက်ပထွန်းလင်းသော မင်းအဖြစ်သို့ ရောက်၍ ကဋ္ဌဝါဟန အမည် ရသော မင်းအဖြစ်ဖြင့် ဖြစ်ဘူးလေပြီဟု အတိတ်၌ဖြစ်သော ကဋ္ဌဝါဟနဇာတ်ကို ဆောင်တော်မူ၏။

## ထင်းခွေသည် မိန်းမအကြောင်း

### အတိတ်ဝတ္ထု

ဒကာတော် မင်းကြီး ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်မြတ်၌ ဗြဟ္မဒတ်မင်းကြီးသည် ထီးဖြူမိုးအုပ် မင်းလုပ်တော်မူသည်ရှိသော် တရံကာလ တစ်နေ့ကျ၌ ထိုဗြဟ္မဒတ် မင်းကြီးသည် ကြီးကျယ် များပြားသော အခြံအရံဖြင့် ဝန်းရံစီစဉ် ဥယျာဉ်သို့ ထွက်ကြွတော် မူပြီး၍ ထိုဥယျာဉ်တော်မြတ်၌ အထပ်ထပ်သော အပွင့် အဆင့်ဆင့်သော အသီး ကြည့်ရှု၍ မငြီးအောင် အပင်ကြီး အပင်ငယ် အသွယ်သွယ် အဝဝ၌ တပ်မက်လှသော စိတ်ဖြင့် ငေးချိတ်ဆွဲပြု ကြည့်ရှုလှည့်လည်တော် မူသည်ရှိလော် ဥယျာဉ် တောအုပ်အတွင်း၌ သီချင်းသီဆို၍ အလိုရှိသော ထင်းတို့ကို ထုတ်ဆောင်ယူဆွဲ ဆင်းရဲတုံမြောက် တစ်ယောက်သော မိန်းမပျိုကို တွေ့မြင်တော် မူသည်ရှိသော် ချစ်ခင်နှစ်သက် စုံမက်နှောင်ဖွဲ့သော စိတ်ရှိသည်ဖြစ်၍ ပေါင်းဘော်ခြင်း အမှုကို ပြုလေ၏။

### ထင်းခွေသည်မအား လက်စွပ် ပေးအပ်ခြင်း

ထိုအခါသမယ ယင်းခဏ၌သာလျှင် ဂေါတမမြတ်စွာဘုရားအလောင်းတော်သည် ထိုထင်းခွေသည် မိန်းမပျို၏ ဝမ်းတိုက်၌ ကိန်းပိုက်သန္ဓေတည်နေစွဲယူလေ၏ ဘုန်းကံကြီးမား ပုဂ္ဂိုလ်များ၌ ထင်ရှားတတ်သည် ဖြစ်ဘိရကား ထိုခဏ၌သာလျှင် ထင်းခွေသည် မိန်းမပျိုအား ကြီးမားရှောင်ရှိန် ဝရဇိန်ဖြင့် ပြည့်ဘိသကဲ့သို့ လေးသော ဝမ်းတိုက်ရှိသည် ဖြစ်လေ၏။ ထိုထင်းခွေသည် မိန်းမသည် မိမိ၌ ကိုယ်ဝန်တည်သည့်အဖြစ်ကိုသိ၍ အရှင်မင်းမြတ် ကျွန်တော်မအား ထင်ရှားပြည့်နှင့် ကိုယ်ဝန်တည်ခဲ့ပြီဟု ကြားလျှောက်၏။ ဗြဟ္မဒတ်မင်းကြီးသည် မိမိ ဝတ်ဆင်သော လက်ဝတ်တော်ရတနာကို ကောင်းစွာချွတ်၍ ပေးသနားတော်မူပြီးလျှင် အသင်နှမတော်အား သမီးငယ်ကို မွေးဖွါးသည်အကယ်၍ ဖြစ်ခဲ့အံ့။ ငါပေးသနားတော် မူအပ်သော ဤလက်စွပ်ရတနာကို လျော်စွာရောင်းချ စွန့်လွှတ်၍ ညီညွတ်ရွှေရေး မွေးမြူပါဘိလော့၊ သားတော်မြတ်ရတနာ မွေးဖွါးလာသည် အကယ်၍သာ ဖြစ်ခဲ့အံ့၊ ဤလက်စွပ်တော်ရတနာနှင့်တကွ ငါ့မင်းမြတ်၏ အထံတော်သို့ ဆောင်ယူခဲ့ပါလေလော့ဟု ပြောဆိုမှာထားပြီးလျှင် ဖဲသွားတော်မူလေ၏။

ထိုထင်းခွေသည် မိန်းမသည် ပြည့်စုံသော ကိုယ်ဝန်ရှိသည်ဖြစ်၍ နောက်အခါ၌ ဘုရားအလောင်းတော်ကို ဖွါးမြင်လေ၏။ ထိုသူငယ်၏ အရွယ်လျောက်ကြီးမြောက်စဉ်စီ ထို-ဤဖားဖား ပြေးသွား၍ လှည့်လည် နိုင်လောက်သောအခါ ကစားရာဖြစ်သော အပြင်၌ ကျင်လည် ကစားသော ထိုသူငယ်

အား အားကိုးရာနွဲ့ အဖမဲ့သောသူတို့သည် ငါတို့အား ပြစ်မှားပုတ်ခတ်ဘိသည်ဟု ကစားဖော်ဖြစ်သော သူငယ်တို့က ပြောဆိုကြသည် ဖြစ်ကုန်၏၊ ထိုပြောဆိုသောစကားကို ကြားရသည့် ရှိသော် ဘုရားအလောင်း မင်းသားကလေးသည် မိခင်၏အထံသို့ သွား၍ မိခင် အကျွန်ုပ်၏ ဖခင်သည် အဘယ်သူပါနည်းဟု မေး၏။ ချစ်သား အသင်သည် ဗာရာဏသီ ပြည်ကြီးရှင် ဘုရင်ဗြဟ္မဒတ်မင်းကြီး၏ သားတော်ပေတည်းဟု ပြောကြားသည်ကာလ မိခင် သက်သေညွှန်ကြား ထင်ရှားလှသော တစုံတခုသော ဝတ္ထုသည် ရှိပါသလောဟု မေးပြန်သဖြင့် ချစ်သား အသင်၏ ခမည်းတော် မင်းတရားသည် ဆင်ထားပြင်ဝတ်သော ဤလက်စွပ်ရတနာကို ကောင်းစွာ ပေးသနားတော်မူ၍ သမီးတော် မွေးဖွါးသည်အကယ်၍ ဖြစ်ခဲ့အံ့ ဤလက်စွပ်ရတနာကို ကောင်းစွာ စွန့်လွှတ် ရောင်းချ၍ ရသမျှသော ပစ္စည်းအစုဖြင့် ကြည့်ရှုမွေးမြူလေလော့၊ သားတော်မြတ် ရတနာ ဖွားမြင်လာသည် အကယ်၍ ဖြစ်ခဲ့တုံအံ့ ဤလက်စွပ် ရတနာနှင့်တကွ ငါ၏ထံသို့ ဆောင်ခဲ့လော့ဟု ပြောဆိုမှာထားပြီးလျှင် ကြွသွားတော်မူလေသည်ဟု ပြန်ကြား ပြောဆို၏။ မယ်တော် ဤသို့ဖြစ်ခဲ့သည်ရှိသော် အဘယ်ကြောင့် အကျွန်ုပ်ကို ခမည်းတော်၏ အထံသို့ မဆောင်မပို့ပါသနည်းဟု မေးပြန်သဖြင့် ထိုထင်းခွေသည် မိန်းမသည် သားငယ်၏ အလိုကိုသိ၍ သားငယ်ကို ဆောင်ယူပြီးလျှင် နန်းတော်တံခါးသို့ သွား၍ မင်းကြီးအား ကြားလျှောက်စေ၏။

## မင်းကြီးက ငါ့သားတော် မဟုတ်ဟု ပယ်ခြင်း

မင်းကြီးသည်လည်း အမိန့်တော်ဖြင့် ခေါ်စေသည် ဖြစ်သောကြောင့် ထိုထင်းခွေသည် မိန်းမသည် နန်းတော်၏ အတွင်းသို့ ဝင်သွားပြီးသော် ဗြဟ္မဒတ် မင်းမြတ်ကို ညွတ်ပြတ်ရိုကျိုး ရှိခိုးဦးတင်၍ အရှင်မင်းမြတ် လျှောက်ပတ်တင့်တယ် ဤသူငယ်ကား အရှင်မင်းမြတ်၏ သားတော်ပါတည်းဟု လျှောက်ထားလေ၏ ဘုရင်မင်းမြတ်သည် တပ်အပ်တိတိ သိလျက်ပင်သော်လည်း ပရိသတ်အလယ်၌ ရှက်ဖွယ်လိလိ ရှိအံ့ဟု ထင်သောအားဖြင့် ငါ၏သားတော် မဟုတ်ဟု မိန့်ဆိုတော်မူ၏ အရှင်မင်းမြတ် ဤလက်စွပ်တော် ရတနာသည် အရှင်မင်းမြတ်၏ လက်စွပ်တော်ရတနာ မဟုတ်ပါတုံလော ဤလက်စွပ်တော် ရတနာကို ကောင်းစွာတိတိ သိတော်မူသည့် မဟုတ်ပါတုံလောဟု လျှောက်ထားပြန်သဖြင့် ဤလက်စွပ် ရတနာသည်လည်း ငါ၏ လက်စွပ်ရတနာမဟုတ်ဟု မိန့်ဆိုတော်မူ၏ ထိုအခါ ထင်းခွေသည် မိန်းမက အရှင်မင်းမြတ် ဤယခုအခါ၌ သစ္စာပြုခြင်းကိုထား၍ သစ္စာပြုခြင်းမှတပါး ကျွန်တော်မအား ထင်ရှားလှပေ သက်သေပြနိုင်ဖို့ရာ မရှိချေတော့ပြီ၊

ဤသူငယ်ကလေးသည် အရှင်မင်းမြတ်တို့ကို စွဲ၍ မွေးဖွားသော သားသည် အကယ်၍ ဖြစ်ခဲ့တုံအံ့၊ အဇဋ္ဌာဝေဟင် ထက်ကောင်းကင်၌ တည်နေပါစေသတည်း။ အရှင်မင်းကြီးတို့ကို စွဲ၍ မွေးဖွားအပ်သော သားသည် အကယ်၍ မဖြစ်ခဲ့အံ့၊ မြေကြီးအထက်၌ ဆင်းသက်ကျရောက်၍ သေပါစေသတည်းဟု သစ္စာကို ပြုပြီးလျှင် ဘုရားလောင်းသူငယ်ကလေး၏ခြေတို့ကို ကိုင်ငင်ယူစွဲ၍ အထက်ကောင်းကင်သို့ ရောက်အောင်ပင့်မြှောက်ပစ်လွှင့်လိုက်၏။

## ခမည်းတော်အား တရားဟောခြင်း

ဘုရားလောင်းသည် ကောင်းကင်ထက်၌ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူလျက် သာယာစွာသော အသံဖြင့် ခမည်းတော်မင်းမြတ်အား တရားကို ဟောလိုသောကြောင့်—

ပုတ္တော တျာဟံ မဟာရာဇ၊ တွံ မံ ပေါသ ဇနာဓိပ။
အညေပ ဒေဝ ပေါသေတိ၊ ကိဉ္စ ဒေဝေါ သကံ ပဇံ။

ဟူသော ဤဂါထာကို ရွတ်ဆိုတော်မူ၏။

**အနက်ကား။** ။မဟာရာဇ၊ ရဋ္ဌဇမ္မ သင်္ဂဟဖြင့် များစွာဗိုလ်ခြေ နှစ်သက်စေတတ်သော အရှင်မင်းမြတ်။ အဟံ၊ အဇဋ္ဌာပြင် ထက်ကောင်းကင်၌ ပလ္လင်ဖွဲ့ခွေ ယခုနေသော အကျွန်ုပ်သည်။ တေ၊ ရှက်စနိုး၍ ငပ်ကိုးလှည့်ပတ် ရှင်မင်းမြတ်၏။ ပုတ္တော၊ သည်းတွင်းနှလုံး ယူကျုံးသောအားရင်သွေးဖြစ်သော သားပါတည်း။ ဇနာဓိပ၊ လူအပေါင်းတို့ ဦးခေါင်းညွှတ်လျှိုး အစိုးရတော်မူသော။ ဒေဝ၊ ပြည်ကြီးသနင်း အရှင်မင်းမြတ်။ တွံ၊ ခမည်းတော်သခင် အရှင်မင်းကြီးသည်။ မံ၊ ရင်သွေးဖြစ်ငြား နှလုံးကို ပွါးစေတတ်သော သားတော်ဖြစ်သော အကျွန်ုပ်ကို၊ ပေါသ၊ အစွမ်းအလျောက် ချီးမြှောက် ကျွေးမွေးတော်မူပါလော့။ ဒေဝေါ၊ ခမည်းတော်သခင် အရှင်မင်းမြတ်သည်။ အညေပိ၊ ဆွေမျိုးမစပ် ကင်းပြတ်ဝေးငြား သူတစ်ပါးတို့ကိုလည်း။ ပေါသေတိ၊ ပစ္စည်းဥစ္စာ ကောင်းစွာ ပေးကျွေးမွေးမြူတော်မူသေးသည်တကား။ ဒေဝေါ၊ ခမည်းတော်သခင် အရှင်မင်းမြတ်သည်။ သကံ၊ ကိုယ်တော်မှဖြစ်သော။ ပဇံ၊ သတ္တဝါဖြစ်ငြား အကျွန်ုပ်သားတော်ကို။ ကိဉ္စ၊ အဘယ်သို့သာ ဆိုဖွယ်ရာရှိပါအံ့နည်း။ ဝါ၊ အဘယ်သို့သော အကြောင်းကြောင့်။ န ပေါသေတိ၊ ပစ္စည်းဥစ္စာ လျော်စွာပေးကျွေးမမွေးမြူလိုပါဘိသနည်း။ ။ဤကားအနက်။

အမိပွါယ်ကား။ ။ရာဇဓမ္မ သင်္ဂဟဝတ္ထုတို့ဖြင့် ကြည့်ရှုနိစ္စ စောင်မပေတတ် ဂုဏ်သကတ်ကြောင့် လူတို့တပ်မက် နှစ်သက်ခြင်းကို ဖြစ်စေတတ်ပေသော ဖခင် မင်းမြတ် အဇဋ္ဌာပြင် ထက်ကောင်းကင်၌ ပလ္လင်ဖွဲ့ခွေ ယခုနေသော အကျွန်ုပ်သည် မွေးသဖခင် အရှင်မင်းကြီး၏ သည်းတွင်းနှလုံးယူကျုံးဘိ သောလား နှလုံးကို ပွားစေတတ်သော သားတော် ပါတည်း လူအပေါင်းတို့ ဦးခေါင်း ညွတ်လျှိုးရသဖြင့် အစိုးရတော် မူပေသော ကျေးဇူးတော်ရှင် ဘခင် မင်းမြတ် အရှင်မင်းမြတ်သည် ကိုယ့်သွေး ကိုယ့်သား ဖြစ်သော အားဖြင့် နှလုံးကို ပွားစေတတ်သော သားတော် ဖြစ်သော အကျွန်ုပ်ကို ပရိသတ်လယ် ရှက်ဖွယ်လိလို ရှိလေသည်တကားဟု ပယ်ရှားတော်မမူဘဲ သိမ်းယူ ပိုက်ထွေး မွေးမြူတော် မူပါလော့။ လူတို့၏ အရှင်ဖြစ်တော်မူပါသော ဘခင် မင်းမြတ်သည် အမျိုးမစပ် ကင်းပြတ်ဝေးငြား သူတပါးတို့ကိုသော်လည်း သင့်လျော်မွေးကျွေး ပေးကမ်းသမှု ကြည့်ရှု စောင်မတော် မူချေသေးသည် တကား ။မိမိမှ ဖြစ်သော သားကို အဘယ်သို့သော အကြောင်းကြောင့် ကောင်းစွာပြုပြင် သုတ်သင် ပေးကျွေး မမွေးမြူလိုပါဘိသနည်းဟု ပြောဆို၏။ မင်းကြီးသည် ကောင်းကင်အပြင်၌ ထိုင်နေ၍ ဤသို့သော တရားစကားကို ဟောကြားသော ဘုရားလောင်း၏ တရားကို ကြားနာရ၍ ချစ်သား လာလှည့်ဟု ခေါ်ဆို၍ လက်ကို ဖြန့်တော်မူ၏။ ငါသည်သာလျှင် မွေးမြူအံ့၊ ငါသည်သာလျှင် မွေးမြူအံ့ဟု ပြောဆိုကြကုန်လျက် တစ်ထောင် မျှလောက် သော လက်ကို အမတ်စစ်သူကြီး စသည်တို့သည် အသီးသီး ဖြန့်ကြကုန်၏။ ဘုရားလောင်းသည် တပါးသောသူ၏ လက်၌ မသက်မဆင်းမူ၍ မင်းကြီး၏ လက်၌သာလျှင် သက်ဆင်းပြီးသော် ရင်ခွင်၌ ထိုင်နေ၏။ မင်းကြီးသည် ထိုသားတော်အား အိမ်ရှေ့မင်းအဖြစ်သို့ ပေး၍ မယ်တော်ကို မြတ်သော မိဖုရား ကြီးအဖြစ်ကို ပြုပေ၏ ထိုဘုရားအလောင်း မင်းသားသည် ခမည်းတော် ကွယ်လွန်သဖြင့် ကဋ္ဌဝါဟန မင်းမည်သည် ဖြစ်၍ တရားသဖြင့် မင်းအဖြစ်ကို ပြုပြီးသော် ကံအားလျော်စွာ လားကပ်ရလေ၏။

## ထင်းခွေသည်မ အကြောင်း ဇာတ်ပေါင်းခြင်း

မြတ်စွာဘုရား သခင်သည် ကောသလ မင်းကြီးအား ဤသို့သော ဓမ္မဒေသနာတော်ကို ဆောင်တော်မူ၍ အနုသန္ဓေကို စပ်ပြီးသော် ဒကာတော် မင်းကြီး ထိုအခါကာလ၌ ထင်းခွေသည်မ ဖြစ်ဖူးသော မယ်တော် မိဖုရားသည် ယခုအခါ၌ မဟာမာယာမိဖုရားကြီး ဖြစ်လာသည်။ ထိုအခါ ခမည်းတော် ဗြဟ္မဒတ်မင်းကြီးသည် ယခုအခါ၌ သုဒ္ဓေါဒနမင်းကြီး ဖြစ်လာသည်။ ထိုအခါ ကဋ္ဌဝါဟန မင်းသည် ယခုအခါ၌ ငါဘုရားသည်သာလျှင် ဖြစ်လာသည်ဟူ

ဇာတ်တော်ကို ပေါင်းတော်မူ၏ ဒကာတော် မင်းကြီး ရှေး၌ ဖြစ်ကုန်သော ပညာရှိတို့သည် ဆင်းရဲ ပင်ပန်းလှသော ထင်းခွေသည်မအား မြတ်သော မိဖုရားအရာကို ပေးတုံသေး၏။ ထိုထင်းခွေသည် မိန်းမ၏ ဝမ်း၌ ကိန်းပိုက်မွေးဖွါးသော မင်းသားသည် တစ်ဆယ့်နှစ်ယူဇနာရှိသော ဗာရာဏသီပြည်ကြီး၌ မင်းအဖြစ်သို့ ရောက်၍ ကဋ္ဌဝါဟန မင်းမည်သည် ဖြစ်ပေ၏ဟု ကဋ္ဌဝါဟန ဇာတ်ကို ဟောကြားတော်မူ၏။

ပသေနဒီကောသလမင်းကြီးသည် မြတ်စွာဘုရား ဟောကြားတော်မူအပ်သော တရားစကားကို ကြားနာရ၍ အမိ၏ အမျိုး အနွယ်သည် ပမာဏ မဟုတ်၊ အဖ၏ အမျိုး အနွယ်သည်သာ ပမာဏ ဖြစ်ပေသတတ်ဟု နှစ်သက်၍ ဝါသဘခတ္တိယာ မိဖုရားအားလည်းကောင်း သားတော် ဖြစ်သော ဝိဋ္ဋူဘ အားလည်းကောင်း ရှေးအတိုင်းသော အစောင့်အရှောက် အခြံအရံတို့ကို သာလျှင် ပေးသနားတော်မူစေ၏ သားတော် ဝိဋ္ဋူဘ မင်းသားကိုလည်း စစ်သူကြီးအရာ၌ပင် ထားပေ၏။

ဗန္ဓုလနှင့် မလ္လိကာ အကြောင်း

ဗန္ဓုလ စစ်သူကြီးအားလည်း ကုသိနာရုံပြည် မလ္လာမင်း၏ သမီး မလ္လိကာ အမည်ရှိသော ခင်ပွန်းမ မယားသည် ရှိသည် ဖြစ်ပေ၏ ထိုမလ္လိကာသည် ကာလမြင့်ရှည် တည်နေသော် နေ့ညဉ့် ကာလပတ်လုံး သားသမီး တစ်စုံ တစ်ယောက်ကိုမျှ မဖွားမြင်လေ ထိုအခါ မလ္လိကာခင်ပွန်းမကို ဗန္ဓုလ စစ်သူကြီးက ချစ်နှမ အသင်သည် အသင်၏ အမျိုးဟု ဆိုအပ်သော မိခင် ဖခင်တို့၏ အိမ်သို့သာလျှင် ပြန်သွားလေတော့ဟု စေလွှတ်လိုက်၏။ မလ္လိကာ သည်လည်း မြတ်စွာဘုရား ကိုယ်တော်မြတ်ကို ညွတ်ပြတ်ရှိကျိုး ရှိခိုး ဖူးမြင်၍သော သွားတော့အံ့ဟု ဇေတဝန်ကျောင်းတော်သို့ ဝင်ပြီးသော် မြတ်စွာဘုရားသခင်ကို ကြည်လင်ညွတ်လျှိုး ရှိခိုးဦးချပြီးသည့်ကာလ တည်နေ သည်ကို မြတ်စွာဘုရား ကိုယ်တော်မြတ်က ဘယ်အရပ်သို့ သွားအံ့နည်းဟု မေးတော် မူသည်ရှိသော် ဘုန်းတော်ကြီးမြတ်တော်မူလှပေသော မြတ်စွာဘုရား ဟပည့်တော်မ၏ အရှင် ခင်ပွန်းလင်ဖြစ်သော ဗန္ဓုလစစ်သူကြီးက အမျိုး ဖြစ်သော မိခင်ဖခင်တို့၏ အိမ်သို့ ပြန်သွားရန် လွှတ်လိုက်ပါသည်ဟု လျှောက် ကြား၏၊ အဘယ်အကြောင်းကြောင့် အမျိုးဖြစ်သော မိခင်ဖခင်တို့၏ အိမ်သို့ ပြန်လွှတ်သနည်းဟု မေးတော်မူပြန်သော ကာလ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား တစ်ယောက်သော သမီးသားကို မရရှိ မဖွားမြင်သဖြင့် လူ့ ခွင် လောက၌ အသရေမဲ့လှသော မိန်းမမြုံမဟု အိမ်ကနှင်ထုတ်လိုက်၍ အမျိုး ဖြစ်သော မိခင် ဖခင်တို့ အိမ်သို့ ပြန်လည်ရန် စေလွှတ်လိုက်ပါသည် ဘုရားဟု

လျှောက်ကြားလျှင် မြတ်စွာဘုရား ကိုယ်တော်မြတ်က ဒါယိကာမ မလ္လိကာ သားသမီးမရ မိန်းမမြုံမဟု မိဘရပ်ထံ အိမ်သို့ပြန်ရန် အကြောင်းမရှိ၊ မိမိ၏ နေထိုင်ရာ အိမ်သို့ လာလျှင် ကောင်းစွာ ဆုတ်နစ် ပြန်လည်၍ သွားလေလော့ဟု မိန့်တော်မူ၏ မလ္လိကာသည်လည်း နှစ်သက် ရွှင်လန်းသော စိတ်ရှိသည်ဖြစ်၍ မြတ်စွာဘုရားသခင်ကို ကြည်လင် ညွတ်လျှိုး ရှိခိုးပြီးသော် မိမိ နေထိုင်ရာအိမ်သို့ ပြန်သွားသောကာလ ဗန္ဓုလ စစ်သူကြီးက အဘယ်ကြောင့် ပြန်လည်၍ လာပြန်ဘိသနည်းဟု မေးသည်ရှိသော် မြတ်စွာဘုရားသခင်က ဆုတ်နစ်ပြန်လည် သွားလေဟု မိန့်တော်မူသောကြောင့် လာခဲ့ပါသည်ဟု ပြောကြား၏။ ဗန္ဓုလစစ်သူကြီးလည်း မြတ်စွာဘုရားသခင်သည် ကာလမြင့်တည် ရှည်လှစွာသောအကြောင်းဖြစ်အင်ကို သိမြင်တော်မူပေလိမ့်မည်ဟု ကြံ၍ ထိုသို့ တပြီးကား ချစ်နှမ ကောင်းလှပေပြီ ကောင်းမွန်စွာ နေလေလော့ဟု ဝန်ခံ၏။

## မလ္လိကာ ချင်ခြင်းတပ်ခြင်း

မလ္လိကာသည်လည်း မကြာမြင့်မီပင်လျှင် ကိုယ်ဝန်ကိုရ၍ ချင်ခြင်းဖြစ်သောကြောင့် မိမိ၏ ခင်ပွန်းလင်ဖြစ်သော ဗန္ဓုလစစ်သူကြီးကို "ဒေါဟဠော မေ ဥပ္ပန္နော" ဟူသောစကားကို ပြောကြားပေ၏။

**အနက်ကား။** ။"သာမိ၊ အရှင်။ မေ-မမ၊ အသင့်ကြင်ဖော် ကျွန်တော်မအား။ ဒေါဟဠော၊ ချင်ခြင်းသည်။ ဥပ္ပန္နော၊ ဖြစ်ပေါ်လာချေပြီ"။ ဤကား အနက်။

**အဓိပ္ပါယ်ကား။** ။အရှင်-အသင့် ကြင်ဖော်ဖြစ်သော ကျွန်တော်မအား နှလုံးငြိုငြင် ခင်မင်တောင့်တခြင်းဟု ဆိုအပ်သော ချင်ခြင်းသည် ဖြစ်ပေါ် လာချေပြီဟု ပြောကြား၏။ ချစ်နှမ အဘယ်ကဲ့သို့သော ချင်ခြင်းဖြစ်ပေါ်လာသနည်းဟု ဗန္ဓုလစစ်သူကြီးက မေးပြန်သောကာလ—

"ဝေသာလိနဂရေ သကလ လိစ္ဆဝိရာဇ ကုလာနံ အဘိသေက
မင်္ဂလ ပေါက္ခရဏိယံ ဩတရိတွာ နှတွာ ပါနီယံ ပါတုကာမောမှိ သာမိ"

ဟူသော ပါဠိဖြင့် ပြောကြား၏။

**အနက်ကား။** ။"သာမိ၊ ချစ်လင်။ ဝေသာလီ နဂရေ၊ တံတိုင်းသုံးထပ် ပြန့်ပြောစည်သည့် ဝေသာလီပြည်ကြီး၌။ သကလလိစ္ဆဝိရာဇကုလာနံ၊ အလုံးစုံကုန်သော လိစ္ဆဝီမင်းမျိုးတို့၏။ အဘိသေက မင်္ဂလပေါက္ခရဏိယံ၊ ဘိသိက်သွန်းရာ မင်္ဂလာရှိသော ရေကန်သို့။ ဩတရိတွာ၊ သက်ဆင်း၍။ နှတွာ၊ ရေချိုး၍။ ပါနီယံ၊ ရေကို။ ပါတုကာမော၊ သောက်မျိုလိုသည်။ အမှိ၊ ဖြစ်ခဲ့ပါ၏"။ ဤကားအနက်။

**အဓိပ္ပါယ်ကား။** ။ကျွန်တော်မ၏ အရှင်သခင် ဖြစ်တော်မူသော အိုချစ်လင် အကာပရိုက်ား တံတိုင်းသုံးတည် ပြန့်ပြောစည်လှသော ဝေသာလီပြည်ကြီး၌ အလုံးစုံကုန်သော လိစ္ဆဝီမင်းတို့၏ ဘိသိက်သွန်းရာ မင်္ဂလာရေကန်သည် ရှိပါသည် ထိုမင်္ဂလာရေကန်၏ အတွင်းသို့ သက်ဆင်းပြီးသည်ကာလ ရေချိုး သုံးသပ်ပြီး၍ ရေကိုသောက်မျိုခြင်းငှါ အလိုဆန္ဒရှိပါသည် ဤသို့အမြဲ နှလုံး ထဲ၌ စွဲကပ်သောချင်ခြင်း ရှိပါသည်ဟု ပြောကြားသော၁ကာလ ဗန္ဓုလ စစ်သူကြီးက ကောင်းလှပြီ ချစ်နှမ မကြောင့်ကြလင့်ဟု နှစ်သိမ့်စေပြီးလျှင် ဗိုလ်တစ်ထောင်အားမှ ပင့်မချီကိုင် တတ်နိုင်သော လေးကိုယူ၍ ခင်ပွန်းမ ဖြစ်သော မလ္လိကာကို ရထားထက်၌တင်၍ သာဝတ္ထိပြည်မှ ထွက်ပြီးသော် ရထားကို မောင်းနှင်လျက် မဟာလိစ္ဆဝီမင်းသားအား ပေးထားအပ်သော တံခါးဖြင့် ဝေသာလီပြည်သို့ ဝင်လေ၏။

မဟာလိ လိစ္ဆဝီမင်း၏ နေရာအိမ်သည်လည်း တံခါး၏အနီး၌သာလျှင် ဖြစ်ပေ ၏။မဟာလိ- လိစ္ဆဝီမင်းသားသည် ရထား၏ တံခါးခုံ၌ ထိခိုက်သော အသံကို ကြား၍သာလျှင် ဤအသံသည်ကား ဗန္ဓုလစစ်သူကြီး၏ ရထားသံတည်း။ ယနေ့ လိစ္ဆဝီမင်းတို့အား ဘေးအန္တရာယ် ငြိတွယ်ကျရောက်ခြင်း ဖြစ်လတ္တံ့ဟု ဆို၏ ရေကန်သည်ယည်း အတွင်း၌လည်းကောင်း၊ အပ၌လည်းကောင်း အစောင့်အရှောက် လွန်စွာအားကြီး၏ အထက်၌ သံကွန်ရက်ဖြင့် မျေးယှက် အုပ်ကာ၍ ထားအပ်သောကြောင့် ကောင်းကင်သို့ ပျံသွားသော ငှက်များပင် သော်လည်း ဝင်နိုင်ရန် အခွင့်မရှိ။ ဗန္ဓုလစစ်သူကြီးသည် ရထားမှသက်ဆင်း၍ အစောင့်အရှောက် ဖြစ်ကုန်သော လူတို့၏ သံလျက်ဖြင့် ပုတ်ခတ်၍ထွက်ပြေးစေ ပြီးလျှင် သံကွန်ရက်ကို ဖြတ်ပြီးသော် ရေကန်၏အတွင်းသို့မယားကို သက်ဆင်း၍ ချိုးစေ သောက်စေပြီးသည်ကာလ မိမိသည်လည်း ရေချိုး၍ တဖန် မလ္လိကာကို ရထားထက်သို့ တင်ပြီးသော် မြို့မှထွက်၍ လာခဲ့သော လမ်းခရီးဖြင့်သာလျှင် သွားလေ၏။

## ဗန္ဓုလကို ဖမ်းယူရန် ရထားငါးရာဖြင့် လိုက်ခြင်း

ရေကန်ကို စောင့်ရှောက်ကုန်သော ထိုအစောင့်အရှောက်တို့သည်လည်း လိစ္ဆဝီမင်းတို့အား ကြားလျှောက်ကုန်၏။ လိစ္ဆဝီမင်းတို့သည်လည်း ဒေါသ အမျက်ချောင်းချောင်းထွက်၍ ငါးရာကုန်သော ရထားတို့သို့ တက်စီးကုန်လျက် ဗန္ဓုလစစ်သူကြီးကိုလည်းကောင်း၊ မလ္လိကာကိုလည်းကောင်း ဖမ်းယူအံ့ဟု ထွက်ကုန်၏ ထိုသို့သော အကြောင်းကိုလည်း မဟာလိအမည်ရှိသော လိစ္ဆဝီ မင်းအား ကြားကုန်၏ မဟာလိမင်းသားကလည်း အသင်တို့သည် မလိုက်ကြ ပါကုန်လင့် ထိုဗန္ဓုလသည် အလုံးစုံသော အသင်တို့ကို သတ်ပေလတ္တံ့ဟု

တားမြစ်ပြောဆို၏။ ဆရာ ငါတို့သည် တားမြစ်သော်လည်း မနေ လိုက်ကုန်အံ့ ဟု ဆိုကုန်သည် ရှိသော် ထိုသို့တပြီးကား ထိုဗန္ဓုလရထား၏ လှည်းဘီးစက်၏ ပုံတောင်း ချက်မျှတိုင်အောင် မြေသို့ ဝင်ရာအရပ်ကို မြင်သည် ရှိသော် ပြန်လည် ခဲ့ကြကုန်လော့၊ ထိုမျှလောက်အရပ်ဌာနမှ မဆုတ်နစ် မပြန်လည်ခဲ့ကြမူ ရှေ့မှ မိုးကြိုးစက် အသံကဲ့သို့သော အသံကို ကြားရကုန်လတ္တံ့၊ထိုမိုးကြိုးစက်ကဲ့သို့သော အသံကို ကြား၍ ကြားသော အရပ်ဌာနမှ ပြန်လည်ခဲ့ကြကုန်လော့၊ ထိုအရပ်မှ မဆုတ်နစ် မပြန်လည်ခဲ့သည်ရှိသော် သင်တို့၏ ရထားဦးတို့၌ အပေါက်ကို မြင်ကုန်လတ္တံ့၊ ယင်းသို့မြင်သောကာလ ထိုနေရာဌာနက ဆုတ်နစ်ပြန်လည်ကြ ကုန်လော့၊ ထိုအရပ်မှ တဖန် မပြန်ခဲ့သည်ရှိသော် ရှေ့နောက် စဉ်ကာ မသွား ကုန်လင့်ဟု မှာထားလိုက်၏။

ထို လိစ္ဆဝီမင်းတို့သည် မဟာလိမင်းသား မှာထားသော စကားဖြင့် မဆုတ်နစ် မပြန်လည်မူ၍ ထိုဗန္ဓုလကို လျင်မြန်စွာ အစဉ်လိုက်ကြကုန်၏။ ဤသို့ လိုက်လာသည်ကို မလ္လိကာက မြင်လျှင် အရှင် ရထားတို့သည် ထင်မြင်ကုန်၏ဟု ပြောကြား၏ ထိုသို့တပြီးကား ချစ်နှမ အလုံးစုံကုန်သော ရထားတို့သည် တစ်ခုတည်းသော ရထားကဲ့သို့ ထင်သော ကာလ၌ ငါ့အား ကြားလော့ဟု မှာထား၏ မလ္လိကာသည်လည်း အကြင်အခါ၌ အလုံးစုံကုန်သော ရထား တို့သည် တစ်ခုတည်းသော ရထားတို့ကဲ့သို့ ရှေ့နောက်စဉ်လျက် ထင်ကုန်၏။ ထိုအခါ မလ္လိကာက အရှင် တစ်ခုတည်းသော ရထားကဲ့သို့သာ ထင်မြင်ပါကုန် သည်ဟု ပြော၏။ ဗန္ဓုလစစ်သူကြီးက ထိုသို့တပြီးကား ချစ်နှမ ဤကြိုးတို့ကို ကိုင်ငင်လော့ဟု မလ္လိကာအား ကြိုးတို့ကို ပေး၍ ရထား၌ တည်လျက်ပင်လျှင် လေးကို တင်၍ ရထားလှည်းဘီးစက်သည် ပုံတောင်းချက်တိုင်အောင် မြေသို့ ဝင်လေ၏၊ လိစ္ဆဝီမင်းတို့သည် ထိုသို့သော အရပ်ဌာနကို မြင်ပါလျက်လည်း မဆုတ်နစ် မပြန်လည်ကုန် ဗန္ဓုလစစ်သူကြီးသည် အတန်ငယ်ညို့ကို ပုတ်ခတ် သည်ကာလ မိုးကြိုးစက်ကဲ့သို့သော အသံသည် ဖြစ်၏၊ လိစ္ဆဝီမင်းတို့သည် ထိုအရပ်မှလည်း မဆုတ်နစ် မပြန်လည်ကြဘဲ အစဉ်အတိုင်း လာကုန်သည် ရှိသော် သွားလျက်ပင် ဗန္ဓုလစစ်သူကြီးသည် ရထားထက်၌ တည်လျက် သာလျှင် တစ်ခုသောမြားကို ပစ်လွှတ်၏။ ထိုမြားသည် ငါးရာကုန်သော ရထားတို့၏ ရထားဦးတို့၌ အပေါက်ကို ပြု၍ ငါးရာကုန်သော လိစ္ဆဝီမင်းသားတို့ ရှေ့နောက်ငန်းညှပ် ဖွဲ့အပ်သောနေရာ၌ ထုတ်ချင်းထွင်းပေါက်၍ မဟာပထဝီ မြေကြီးသို့ ဝင်လေ၏။

## လိစ္ဆဝိမင်းတို့ သေဆုံးခြင်း

လိစ္ဆဝိမင်းသားတို့သည် မိမိတို့အား မြားဖောက်ထွင်း၍ သွားသည်အဖြစ်ကို မသိသောကြောင့် အချင်းဗန္ဓုလ ရပ်ဦးလော့၊ အချင်းဗန္ဓုလ ရပ်ဦးလော့ဟု ဆိုကုန်လျက် အစဉ်လိုက်ကုန်သည်သာလျှင်တည်း။ ဗန္ဓုလသည်လည်း ရထားကို မောင်းနှင်လျက်သာလျှင် အသင်တို့သည် သေလွန်ကုန်ပြီ၊ သေလွန်ကုန်ပြီးသော အသင်တို့နှင့် အတူတကွ ငါ့အား စစ်ထိုးဖွယ်ကိစ္စမည်သည် မရှိဟု ဆို၏၊ လိစ္ဆဝိမင်းတို့က သေလွန်သော သူတို့မည်သည် ငါတို့နှင့် တူသည် မဖြစ်ကုန်၊ ငါတို့သည် မသေလွန်ကုန်ဟု ပြန်ပြောသည်ကာလ ထိုသို့တပြီးကား အလုံးစုံ ကုန်သော သူတို့၏ ရှေ့ဦးလည်းကောင်း၊ နောက်ဦးလည်းကောင်း တည်ရှိသော ပြဲမြံစွာ ဖွဲ့အပ်သော အဖွဲ့တို့ကို ဖြေချွတ်ကုန်လော့ဟု ဆိုသဖြင့် လိစ္ဆဝိမင်း တို့သည် ဖြေချွတ်ကုန်သောကာလ ထိုခဏ၌သာလျှင် သေ၍ လဲကြလေ၏။ ထိုအခါမှ ဗန္ဓုလစစ်သူကြီးက အလုံးစုံကုန်သော အသင်တို့သည်လည်း ဤသို့ သဘောရှိသည်သာလျှင် ဖြစ်ကုန်သည်။ မိမိ၏အိမ်သို့ လျင်မြန်စွာ ပြန်သွား၍ စီရင်အပ်သည်ကို စီရင်၍ သားမယားတို့ကို ဆုံးမ၍ အဖွဲ့ကို ဖြေချွတ်ကုန်လော့ဟု ဆို၏။ လိစ္ဆဝိမင်းတို့လည်း ထိုသို့ပြောဆိုသော အခြင်းအရာဖြင့်ပြု၍ အလုံးစုံ ကုန်သော လိစ္ဆဝိမင်းတို့သည် အသက်ကုန်ခြင်းသို့ ရောက်ကုန်၏။

ဗန္ဓုလသည်လည်း ခင်ပွန်းမ မလ္လိကာကို သာဝတ္ထိပြည်သို့ ဆောင်ပေ၏။ မလ္လိကာသည်လည်း တစ်ဆယ့်ခြောက်ကြိမ် အစုံအစုံကုန်သော သားတို့ကို ဖွားမြင်လေ၏။ အလုံးစုံကုန်သော သားတို့သည်လည်း ရဲရင့်ကုန်၏။ အားအစွမ်းနှင့် ပြည့်စုံသည် ဖြစ်ပေကုန်၏။ အလုံးစုံကုန်သော သားတို့သည် အလုံးစုံကုန်သော အတတ်ပညာတို့၌ အပြီးအဆုံးသို့ ရောက်ကုန်၏။ တစ်ယောက် တစ်ယောက်သော သားအား ယောကျ်ားတစ်ထောင် အခြံအရံရှိ၏။ ဖခင်နှင့် တကွ မင်းအိမ်နန်းတော်သို့ ခစားရန် သွားကြကုန်သည် ရှိသော် ထိုသူတို့ဖြင့် သာလျှင် မင်းယင်ပြင်သည် ပြည့်လေ၏၊ ထိုနောက် တစ်နေ့သ၌ တရားဆုံးဖြတ် ကုန်သော အမတ်ဘို့သည် တံစိုးလက်ဆောင်စားလျက် ကောက်ကျစ် စဉ်းလဲသောအားဖြင့် ရှုံးစေအပ်ကုန်သော ပစ္စည်းရှင် ဖြစ်ကုန်သော လူတို့သည် ဗန္ဓုလစစ်သူကြီး ခရီးလမ်းမ၌ လာသည်ကို မြင်ကုန်သည်ရှိသော် ကြီးကျယ် စွာသော အသံဖြင့် မြည်တွန်ဟစ်အော်ကုန်လျက် တရားဆုံးဖြတ်ကုန်သော အမတ်တို့သည် မဖြောင့်မတ်ဘဲ စဉ်းလဲချွတ်ခြော် မတော်မလျှန် တရားဆုံးဖြတ် သော အကြောင်းကို ဗန္ဓုလစစ်သူကြီးအား လျှောက်ကြားကုန်၏၊ ဗန္ဓုလ စစ်သူကြီးလည်း တရားဆုံးဖြတ်ရာ အရပ်သို့ သွားပြီးသော် ထိုတရားကိုပင် စိစစ်ပြန်၍ ပစ္စည်းရှင်ဖြစ်သော သူကိုသာလျှင် ပစ္စည်းရှင်ဖြစ်အောင် ပြုပေ၏။ များစွာသော လူများအပေါင်းသည် ကျယ်စွာသော အသံဖြင့် ကောင်းချီး

ပေးခြင်းကို ဖြစ်စေကုန်၏။ ပသေနဒီ ကောသလ မင်းကြီးက ဤအသံကား အဘယ်အသံနည်းဟု မေးတော်မူ၍ ထိုအကြောင်းကို ကြားသိရသည်ရှိသော် နှစ်သက်တော်မူသောကြောင့် တရားဆုံးဖြတ်သော အလုံးစုံသော အမတ်တို့ကို ရာထူးမှ ဆုတ်ယုတ်နုတ်ထွက်စေ၍ ဗန္ဓုလစစ်သူကြီးအားသာလျှင် တရားဆုံးဖြတ်သော အရာကို ဆောင်နှင်းတော်မူ၏။ ထိုအခါကာလမှစ၍ ဗန္ဓုလ စစ်သူကြီးသည်သာ ကောင်းစွာ တရားဆုံးဖြတ်ပေ၏။

## ဗန္ဓုလစစ်သူကြီးအား မကောင်းကြံစည်ကြခြင်း

ထိုသို့ ဗန္ဓုလစစ်သူကြီးသည်သာ တရားဆုံးဖြတ်သောကြောင့် ရှေးက တရားဆုံးဖြတ်ကုန်သော အမတ်တို့သည် တစ်စုံတစ်ခုသော တံစိုးလက်ဆောင် မရကုန်သည်ဖြစ်၍ နည်းသော လာဘ် သပ်ပကာ ရှိကြကုန်သောကြောင့် ဗန္ဓုလစစ်သူကြီးသည် မင်းအဖြစ်ကို တောင်းတကြံစည်၏ဟု မင်းကြီးအား ဂုံးချောစကား လျှောက်ကြားလျက် အချစ်ပျက်ခြင်း အမှုကို ပြုကုန်၏။ မင်းကြီးသည်လည်း ထိုအမတ်တို့ လျှောက်ထားသော ဂုံးချောစကားကို ယုံကြည်ခြင်း ရှိသည်ဖြစ်၍ မိမိစိတ်ကို နှိပ်ကွပ် ငြိမ်းအေးအောင် မစွမ်းနိုင်။ ကြံခိုင်မြဲမြံ ဖွဲ့ထားသောရန်တို့ဖြင့် အတန်တန် စိုးရိမ်ပူပန် ငြူစူသဖြင့် ဤသူတို့ကို ဤအရပ်ဒေသ၌သာ သတ်ချအပ်သည်ရှိသော် ငါ့အား ကဲ့ရဲ့ရှုတ်ချခြင်း ဖြစ်ကုန်လတ္တံ့ဟု ကြံစည်ဆင်ခြင်ပြီးသည့်ကာလ အမှုကို ရွက်ဆောင်ကုန်သော မင်းချင်းယောကျ်ားတို့ဖြင့် ပစ္စန္တအရပ်ကို ပုတ်ခတ်ထိပါး ချောက်ချား တုန်လှုပ်သည်ကို ပြုစေ၍ ဗန္ဓုလစစ်သူကြီးကို ခေါ်တော်မူပြီးလျှင် ပစ္စန္တဒေသသည် ထကြွဖျက်ဆီး ပျက်စီး၍ ရှိပေသတတ်။ အသင်၏သားတို့နှင့် အတူတကွ သွား၍ ခိုးသူတို့ကို ဖမ်းယူပါလေဟု စေလွှတ်၍ ထိုအရပ်၌သာလျှင် သုံးကျိပ် နှစ်ယောက်ကုန်သော သားတို့နှင့် အတူတကွ ဗန္ဓုလ စစ်သူကြီး၏ ဦးခေါင်းကိုဖြတ်၍ ဆောင်ယူခဲ့ကြကုန်လော့ဟု ထိုသူတို့နှင့် အတူတကွသာလျှင် တပါးကုန်သော ဆောင်စွမ်းနိုင်သော စစ်သည်တို့ကို စေလွှတ်၏။

## ဗန္ဓုလစစ်သူကြီး အသတ်ခံရခြင်း

ဗန္ဓုလ စစ်သူကြီးသည် ပစ္စန္တရာဇ်အရပ်သို့ သွားရောက်ခါမျှဖြင့် သာလျှင် စစ်သူကြီးသည် လာပေသတတ်ဟု လုယူဖျက်ဆီး ပုန်ကန်သောင်းကျန်း ကုန်သော ခိုးသူတို့သည် ထွက်ပြေး တိမ်းရှောင်ကုန်၏။ ဗန္ဓုလ စစ်သူကြီးသည် ထိုပစ္စန္တအရပ်ဒေသကို ဖွဲ့စည်းငြိမ်းအေး ပိပြားသေဝပ်အောင် စီမံလျက် တဖန်နေစေပြီး၍ ဆုတ်နစ်ပြန်လည်၍ လာခဲ့ရာ မြို့နှင့်မဝေးမကွာသော နေရာဌာနသို့ ကျရောက်သောကာလ၌ မင်းကြီး စေလွှတ်အပ်ကုန်သော

ထိုစစ်သည်တို့သည် သုံးကျိပ် နှစ်ယောက်ကုန်သော သားတို့နှင့်တကွ ဗန္ဓုလ စစ်သူကြီး၏ ဦးခေါင်းကို ဖြတ်ကုန်၏။ ထိုနေ့၌ပင် မလ္လိကာသည် ငါးရာကုန်သော ရဟန်းတို့နှင့်တကွ အရှင်သာရိပုတ္တရာ အရှင်မောဂ္ဂလာန် ဟူကုန်သော နှစ်ပါးကုန်သော အဂ္ဂသာဝကတို့ကို ပင့်ဖိတ်၍ ထားအပ်ကုန်၏။ ထိုအခါ မလ္လိကာအား နံနက်မိုးသောက် ကျရောက်စဉ် ကာလကပင်လျှင် သုံးကျိပ်နှစ်ယောက်ကုန်သောသားတို့နှင့်တကွ အသင်၏အရှင် ခင်ပွန်းလင်ဖြစ်သော ဗန္ဓုလ၏ ဦးခေါင်း ဦးဆက်ကိုဖြတ်၍ သတ်အပ်ကုန်ပြီဟူသော ကမ္ပည်းစာကို ဆောင်ယူခဲ့ပြီးသည်ကာလ ပို့လာကုန်၏။ မလ္လိကာသည် ထိုအကြောင်းကိုသိ၍ တင်စုံတစ်ခုသော အကြောင်းကိုမျှ တစ်စုံတစ်ယောက်သောသူအား မပြောမကြားဘဲ ကမ္ပည်းစာကို ရင်ခွင်ယက်၌ ထည့်သွင်းတင်ထားပြီးလျှင် ရဟန်းသံဃာတော်ကိုသာလျှင် လုပ်ကျွေးပြုစုပေ၏။ ထိုအခါ မလ္လိကာ၏ အလုပ်အကျွေးတို့သည် ရဟန်းတို့အား ဆွမ်းကို ကပ်လှူပြီး၍ ထောပတ်အိုးကို ဆောင်ခဲ့ကုန်သည်ရှိသော် မထေရ်တို့၏ ရှေ့သို့ကျမှ ထောပတ်အိုးသည် ကွဲလေ၏။ တရားစစ်သူကြီးဖြစ်တော်မူသော ရှင်သာရိပုတ္တရာကိုယ်တော်မြတ်က "ဘေဒနဓမ္မံ ဘိန္နံ န စိန္တိတဗ္ဗံ"ဟု မိန့်တော်မူ၏။

**အနက်ကား**။ ။"ဥပါသိကာ၊ ဒါယိကာမ၊ ဘေဒနဓမ္မံ၊ အတည်မစွဲ မမြဲအလို ကွဲပို့တတ်သော သဘောတရားသည်။ ဘိန္နံ၊ ကွဲအပ်ပြုန်းတီး ပျက်စီးလေ၏၊ န စိန္တိတဗ္ဗံ၊ ကြံစည်စိုးရိမ် ညှိုးပိန်ပူပန်ခြင်းကို မဖြစ်စေအပ်။ ဤကားအနက်။

**အဓိပ္ပါယ်ကား**။ ။ဒါယိကာမ အနိစ္စသဘောဖြင့် မွေ့လျော်မတည် မရှည်အလို ကွဲပို့ ပျက်စီးတတ်သောတရားသည်၊ သဘောအားလျော်စွာ ကွဲအက်ပြုန်းတီး ပျက်စီးလေတော့သည် ငါ၏ ပစ္စည်းဥစ္စာသည် ကွဲပြိုပျက်စီးပြုန်းတီးရာသလောဟု မနော်ပဒေါသ သောကယှက်ထွေး ၊ ပူဆွေးညှိုးပိန် စိုးရိမ်ကြံစည်၊ ကြောင့်ကြခြင်းကို မပြုအပ်ဟု ဆုံးမဟောကြားတော် မူပေ၏။ ထို မလ္လိကာသည် မိမိ၏ ရင်ခွင်ထဲမှ ကမ္ပည်းစာကို ဆွဲထုတ်ယူငင်ပြီးသော်—

"ဒွတ္တိံသာယ ပုတ္တေဟိ သဒ္ဓိံ ပိတု သီသံ ဆိန္နတိတိ ဣမံ ပဏ္ဏံ
အာဟရိံသု၊ အဟံ ဣဒံ သုတွာပိ န စိန္တေမိ၊ ဣမ်သ္မာ သပ္ပိစာဋိယာ
ဘိန္နာယ ကိံ စိန္တယိဿာမိ ဘန္တေ"

ဟူသောပါဌ်ဖြင့် လျှောက်ကြား၏။

**အနက်ကား**။ ။"ဘန္တေ၊ အရှင်ဘုရား။ ဒွတ္တိံသာယ ပုတ္တေဟိ၊ သုံးကျိပ် နှစ်ယောက်သော သားတို့နှင့်။ သဒ္ဓိံ၊ တကွ။ ပိတုသီသံ၊ ဖခင်ဖြစ်သော စစ်သူကြီး၏ ဦးခေါင်းကို။ ဆိန္ဒတိ၊ ဖြတ်အပ်၏။ ဣတိ၊ ဤသို့။ ဣမံ ပဏ္ဏံ၊ ဤကမ္ပည်းစာကို။ အာဟရိံသု၊ ဆောင်ယူခဲ့ကုန်ပြီ။ အဟံ၊ တပည့်တော်မသည်၊ ဣဒံ ကာရဏံ၊ ဤသို့သောအကြောင်းကို။ သုတွာပိ၊ ကြားပါလျက် သော်လည်း။ န စိန္တေမိ၊ ကြံစည်စိုးရိမ်၊ ညှိုးပိန် ပူဆွေး ငိုကြွေးခြင်း မရှိပါ။ ဣမိဿာ သပ္ပိ စာဋိယာ၊ ဤ ထောပတ်အိုးသည်။ ဘိန္နာယ၊ ကွဲပျက်ရာ၌။ ကိံ စိန္တယိဿာမိ၊ အဘယ်သို့ ကြံစည်စိုးရိမ်ခြင်း ရှိပါအံ့နည်း"။ ဤကားအနက်။

**အဓိပ္ပါယ်ကား**။ ။အရှင်ဘုရား....သုံးကျိပ် နှစ်ယောက်သော သားတို့နှင့် တကွ ဖခင်ဖြစ်သော ဗန္ဓုလ စစ်သူကြီး၏ ဦးခေါင်းကို ဖြတ်အပ်သတည်းဟု ဤကမ္ပည်းစာကို ဆောင်ယူ၍ ပို့လာပါကုန်သည်။ တပည့်တော်မသည် ဤသို့သော အကြောင်းဖြစ်လျှားကို ကြားသိပါလျက် ပင်သော်လည်း ကြံစည် ညှိုးပိန် စိုးရိမ်ကြောင့်ကြ သောကပူဆွေး ငိုကြွေးခြင်းမရှိပါ။ ဤထောပတ်အိုး ကွဲပျက်ရာ၌ အဘယ်မှာ ကြံစည်စိုးရိမ်ခြင်း ဖြစ်ပါအံ့နည်းဟု လျှောက်ကြား၏။ တရားစစ်သူကြီး ဖြစ်တော်မူသော ရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်သည်လည်း "အနိမိတ္တမနညာတံ၊ မစ္စာနံ ဣဓ ဇီဝိတံ" အစရှိသည်တို့ကို ရွတ်ဆိုတော် မူပြီးသည် ကာလ၊ တရားစကား ဟောကြားတော်မူပြီးသော် နေရာမှ ထ၍ ကျောင်းတော်သို့ ကြွသွားတော်မူ၏။

## ချွေးမတော်တို့အား ဆုံးမစကားပြောခြင်း

မလ္လိကာသည်လည်း သုံးကျိပ် နှစ်ယောက် ကုန်သော ချွေးမတို့ကို ခေါ်စေ၍—

"တုမ္ဟာကံ သာမိကာ နိပရာဓာ အတ္တနော ပုရိမကမ္မဖလံ လဘိံသု။
တုမှေ မာသောစယိတ္ထ မာပရိဒေဝိတ္ထ။ ရညော ဥပရိ မနောပဒေါသံ
မာ ကရိတ္ထ"

ဟု ပြောဆိုဆုံးမပေ၏။

**အနက်ကား**။ ။"ဓိတရာ၊ ချစ်သမီးတို့။ တုမှာကံ၊ အသင်တို့၏။ သာမိကာ၊ ခင်းပွန်းအရှင် ငယ်ချစ်လင်တို့သည်။ နိပရာဓာ၊ တစိုးတစိ၊ အပြစ် မရှိပါဘဲလျက်။ဝါ၊ အပြစ်မရှိကုန်သော်လည်း။ အတ္တနော၊ မိမိ၏။ ပုရိမကမ္မဖလံ၊ ရှေးကပြုခဲ့ဖူးသော ကံ၏အကျိုးကို။ လဘိံသု၊ မရှောင်သာငြား ခံစားရရှိကြ လေကုန်ပြီ။ တုမှေ စ၊ သင်ချစ်သမီးတို့သည်လည်း။ မာ သောစယိတ္ထ၊ ချစ်လင် လူလှ သေလွန်ရသည်ဟု မစိုးရိမ်ကြပါကုန်လင့်။ မာ ပရိဒေဝိတ္ထ၊ ပြန်လှန် စေ့ရေး၊ ကြံရှာတွေးလျက်၊ မငိုးကြွေးကြပါကုန်လင့်။ ရညော၊ ပသေနဒီ ဘွဲ့ချီ

သတင်း မင်းကြီး၏။ ဥပရိ၊ အထက်၌၊ မနောပဒေါသံ၊ ငါတို့ချစ်လင် အပြစ်စင်ပါလျက် ပြင်ပြင်ကွပ်ညှပ် သတ်ဘိလေသည် တကားဟု ပြစ်မှားခြင်း မနောပဒေါသကို။ မာ ကရိတ္ထ၊ မပြုကြပါကုန်လင့်။ ဤကားအနက်။

အဓိပ္ပါယ်ကား။ ။ငါ့သားချစ်တို့နှင့် ရှေးဖြစ်သံသရာအဆက်ပါ၍ ခုခါဆိုစည်းကြောင်းရင်း နီးကြပေကုန်သော ချစ်သမီးတို့ အသင်တို့၏ အရှင် ငယ်ချစ်လင်တို့သည် ကင်းစင်အပြစ် မြူညစ်တင်မေး ယုက်ထွေးသောအရာ မရှိပါသော်လည်း ရှေးခါကာလ သံသာရက ပြုကျင့်ပြစ်မှားမိခဲ့ကြသော ကံ၏အကျိုးကို ကံသာလျှင် ပြုပြင်စီမံရာကို ခံရသော သတ္တဝါမျိုးဖြစ်၍ မရှောင်မငြင်းသာသော အားဖြင့် ခံစားရရှိလေကုန်ပြီ၊ အသင် ချစ်သမီးတို့သည် ငါတို့၏ချစ်လင် လူလု သေလွန်ရသည်ဟု မစိုးရိမ်ကြပါကုန်လင့်။ ရှေးဖြစ်သော နောက်ကြောင်း တပြောင်းပြန်ပြန် ကြံဖန်တွေးဆလျက် မငိုကြွေးကြပါကုန်လင့်။ ကျေးဇူးတော်သခင် အရှင်ဖြစ်ပေသော ပသေနဒီဘုရင် မင်းမြတ်၏ အပေါ်၌လည်း အပြစ်အာစာရ အနည်းငယ်မျှ မရှိပါဘဲလျက် သက်သက် သူတစ်ပါးတို့ ကုန်းချောသော စကားဖြင့် တက်ပွါးအမျက် ကွပ်မျက်သတ်ဖြတ်ခြင်းကို ပြုရသလေဟု မနောပဒေါသ ပြစ်မှားခြင်းကို မပြုကြပါကုန်လင့်ဟု ဆုံးမပေ၏။ မင်းကြီး၏ သတင်းစကားကို နားထောင် လှည့်ကုန်သော မင်းချင်း ယောကျ်ားတို့သည် မလ္လိကာပြောဆိုဆုံးမသော ထိုစကားကို ကြား၍ မင်းကြီးထံသို့ သွားရောက်ပြီးလျှင် ဗန္ဓုလစစ်သူကြီးနှင့်တကွ သုံးကျိပ်နှစ်ယောက်ကုန်သော သားတို့၏ အပြစ်အာစာရ မရှိသောအဖြစ်ကို ကြားလျှောက်ကုန်၏။ ပသေနဒီကောသလ မင်းကြီးသည် ထိတ်လန့်ခြင်းသို့ ရောက်၍ မလ္လိကာ၏ နေအိမ်သို့ သွားရောက်ပြီးသော် မလ္လိကာကိုလည်းကောင်း၊ သုံးကျိပ်နှစ်ယောက်ကုန်သော ချွေးမတို့ကိုလည်းကောင်း သည်းခံစေ၍ မလ္လိကာအား ဆုကို ပေး၏။

## မလ္လိကာသည် မိဘရပ်ထံ ပြန်သွားခြင်း

မလ္လိကာကလည်း အရှင်မင်းမြတ်သည် ပေးသနားတော်မူအပ်သော ဆုကို ယူအပ်သည် ဖြစ်ပါစေလော့ဟု လျှောက်ကြားပြီးမှ ပသေနဒီကောသလမင်းကြီး ပြန်သွားသည်ရှိသော် ထိုအိမ်၌ သေလွန်လေသော သူတို့အား ရည်မှန်း၍ ကျွေးမွေးပေးကမ်း လှူဒါန်းခြင်းတည်းဟူသော မတကဘတ်ကို လှူဒါန်း ကျွေးမွေးပြီးသည်ကာလ မင်းကြီး၏ အထံသို့ ချဉ်းကပ် ညွတ်လျှိုး ရှိခိုး ပြီးသော် အရှင်မင်းမြတ် အရှင်မင်းမြတ်တို့သည် ကျွန်တော်မအား အစဉ် သနားသဖြင့် တစ်ခုသောဆု ပေးသနားတော်မူပါသည်။ ယင်းသို့ ပေးသနား တော်မူသော ဆုအရ တစ်ပါးသော ကိစ္စဖြင့် ကျွန်တော်မအား အလိုဆန္ဒ

မရှိပါ။ သုံးကျိပ်နှစ်ယောက်ကုန်သော ချွေးမတို့နှင့် ကျွန်တော်မကို ဆွေမျိုးဉာတိ မိဘတို့အိမ်သို့ ကောင်းစွာ ပြန်လည်ရန် အခွင့်ကိုသာ ခွင့်ပေးသနားတော်မူပါကုန်လော့ဟု လျှောက်ကြား၏။ မင်းကြီးလည်း ဝန်ခံပေ၏။ မလ္လိကာသည် သုံးကျိပ်နှစ်ယောက်ကုန်သော ချွေးမတို့ကို မိမိတို့၏ ဆွေမျိုးဉာတိ မိဘတို့အိမ်သို့ စေလွှတ်၍ ပို့စေ၏။ မိမိသည်လည်း ကုသိနာရုံပြည် ဆွေမျိုးဉာတိ မိမိ၏ မိခင်ဖခင်တို့ အိမ်သို့ ပြန်လာခဲ့၏။

ပသေနဒီ ကောသလမင်းကြီးသည် ဗန္ဓုလစစ်သူကြီး၏ တူဖြစ်သော ဒီဃကာရာယနအား စစ်သူကြီးအရာကို ပေးတော်မူ၏။ ဒီဃကာရာယန စစ်သူကြီးလည်း ဤမင်းကြီးသည် ငါ၏ ဦးရီးကို ကွပ်မျက် သတ်ဖြတ်လေသော သူတည်းဟု စိတ်၌ ကြံစည်အောက်မေ့လျက် မင်းကြီး၏ သတိမေ့လျော့သော အခွင့်ကိုသာ ရှာကြံကြည့်ရှုပြီးသည်ကာလ လှည့်ပတ်ခစား၍ နေ၏။ ပသေနဒီ ကောသလမင်းကြီးသည် အပြစ်အာစာရ အနည်းငယ်မျှ မရှိသော ဗန္ဓုလစစ်သူကြီးအား သတ်အပ်သော ကာလမှစ၍ နှလုံးမသာယာခြင်း ရှိသည်ဖြစ်၍ စိတ်၏ သက်သာရာကို မရ၊ မင်း၏ စည်းစိမ်ချမ်းသာကို မခံစားလေ၊ ထိုအခါ မြတ်စွာဘုရားသခင်သည် သာကီဝင်မင်းတို့၏ ရွာဖြစ်သော ဝေနုပရမ အမည်ရှိသော နိဂုံးကို အမှီပြု၍ သီတင်းသုံးနေတော်မူ၏။

## ပသေနဒီ ကောသလမင်းကြီး နတ်ရွာစံခြင်း

ပသေနဒီ ကောသလမင်းကြီးသည် ထိုမြတ်စွာဘုရား သီတင်းသုံးတော်မူရာဖြစ်သော အရပ်နေရာသို့ သွားရောက်၍ ကျောင်းတော်အာရာမ်မှ မနီးမဝေး၌ သစ်ခက်တဲ့နန်းဖွဲ့၍ နေပြီးသော် များစွာသော အခြံအရံနှင့်တကွ မြတ်စွာဘုရားကို ရှိခိုးအံ့ဟု ကျောင်းတော်သို့ သွားပြီးလျှင် ငါးပါးကုန်သော မင်းမြောက်တန်ဆာတို့ကို ဒီဃကာရာယန စစ်သူကြီးအား ပေးအပ်၍ တစ်ယောက်ချင်းသာ ဂန္ဓကုဋိသို့ ဝင်တော်မူ၏။ မင်းကြီးသည် ဂန္ဓကုဋိတိုက်ဘုရားဖာထံတော်သို့ ဝင်တော်မူသည်ရှိသော် ဒီဃကာရာယန စစ်သူကြီးသည် မိမိအား အပ်နှံ၍ ထားခဲ့သော ငါးပါးကုန်သော မင်းမြောက်တန်ဆာတို့ကို ယူ၍ ဝိဋ္ဋူဘမင်းသားကို မင်းမြောက်သည်ကို ပြုပြီးလျှင် မင်းကြီးအား တစ်ကောင်သောမြင်း၊ တစ်ယောက်သော ခြေရင်းအလုပ်အကျွေး မိန်းမကို ထား၍ သာဝတ္ထိပြည်သို့ ပြန်လည်၍ သွား၏။ ပသေနဒီ ကောသလမင်းကြီးသည်လည်းမြတ်စွာဘုရားကိုယ်တော်မြတ်နှင့် အတူတကွ ချစ်ခင်နှစ်သက်ဖွယ်ရာသော စကားတို့ကို ပြောဆို လျှောက်ထားပြီးသည်ကာလ မြတ်စွာဘုရားကို ရှိခိုးဦးချ၍ ထွက်သွားသည်ရှိသော် စစ်သည်အပေါင်းကို မမြင်သောကြောင့် ကြွင်းကျန်စောင့်နေသော မိန်းမတစ်ယောက်ကို မေးသည်ရှိသော် အခြင်းအရာ

အကြောင်းအလုံးစုံတို့ကို အကုန်ပြန်ကြား လျှောက်ထားသဖြင့် ကြားသိသော ကာလ ငါသည် တူတော်ဖြစ်သော အဇာတသတ်မင်းကိုသွားရောက်ခေါ်ယူပြီး သည်ကာလ တူတော် အဇာတသတ်မင်းနှင့် အတူတကွ သာဝတ္ထိပြည်သို့ သွား ပြီးသော် ဝိဋ္ဋူဘကို ဖမ်းယူအံ့ဟုကြံ၍ ရာဇဂြိုဟ်ပြည်သို့ ရှေးရှုသွားသည် ရှိသော် ညချမ်းသောအခါ ကာလဟု ဆိုအပ်သော မြို့တံခါးတို့ကို ပိတ်ထား သော ကာလတို့၌ မြို့သို့ရောက်၍ မြို့တံခါး၏အနီးဖြစ်သော တစ်ခုသောဇရပ်၌ အိပ်စက်တော်မူသည်ရှိသော် လေနေပူဘို့ဖြင့် ပင်ပန်းသောသဘောရှိသည်ဖြစ်၍ ညဉ့်အဖို့ ကာလဝယ် ထိုဇရပ်၌ပင်လျှင် စုတိသေလွန်လေ၏။

ထိုညဉ့်မိုးသောက် လင်းစင်ခြင်းသို့ ရောက်သောကာလ ကောသလတိုင်း ကြီးရှင် ဘုရင်နရိန္ဒ ရာဇညသည် ဤဒေသ ဤအရပ်၌ ဆည်းကပ်မည့်သူပါးရှား လျက် ကိုးကွယ်ရာမဲ့သောအားဖြင့် ဖြစ်ခဲ့လေပြီတကားဟု ဟစ်အော် ငိုကြွေး သော အလုပ်အကျွေး ထိုမိန်းမ၏အသံကို ကြား၍ မင်းကြီးအားကြားလျှောက် ကုန်၏၊ အဇာတသတ်မင်းကြီးလည်း ဦးရီးတော်၏အလောင်းတော်ကို ကြီးကျယ် စွာသော ပူဇော်သက္ကာရဖြင့် ဘုတ်ကြဉ်းသင်္ဂြိုဟ်ခြင်းအမှုကို ပြုပေ၏၊ ဝိဋ္ဋူဘ သည်လည်း မင်းအဖြစ်ကိုရ၍ ရှေးက ပြုဖူးသော ရန်ကို ပြန်လှန်စေ့စေ့ အောက်မေ့မိသည်ဖြစ်၍ အလုံးစုံကုန်သော သာကီဝင်မင်းတို့ကို သတ်အံ့ဟု များစွာသော စစ်သည်ဗိုလ်ထုနှင့်တကွ သာဝတ္ထိပြည်မှ ထွက်ခဲ့၏။

## ဆွေတော်မျိုးတော်တို့အား စောင့်ရှောက်တော်မူခြင်း

ထိုနေ့၌ မြတ်စွာဘုရားသခင်သည် မိုးသောက်ယံကာလ လောကကို ကြည့်ရှု တော် မူသည်ရှိသော် ဆွေတော်မျိုးတော်အပေါင်း၏ ပျက်စီးအံ့သည်ကို မြင် တော်မူသောကြောင့် ဆွေတော်မျိုးတော်တို့အား ချီးမြှင့်ခြင်းကို ပြုခြင်းငှါ သင့်လျော်လျောက်ပတ်အပ်၏ဟု ကြံတော်မူ၍ နံနက်သောအခါ၌ ဆွမ်းအလို့ငှါ လှည့်လည်တော်မူပြီးသည်ကာလ ဆွမ်းခံရွာမှ ဖဲကြွတော်မူသည်ရှိသော် ဂန္ဓကုဋိ တိုက်တော်၌ မြတ်သော လျောင်းခြင်းဖြင့် လျောင်းစက်တော်မူခြင်းကို ပြုတော် မူပြီး၍ညချမ်းသောအခါ၌ ကောင်းကင်ခရီးဖြင့် ကြွလာတော်မူခဲ့ပြီးလျှင် ကပိလ ဝတ်ပြည်၏ အနီးဖြစ်သော ပြောက်ကျားကျဲတဲသော အရိပ်ရှိသော တစ်ခုသော သစ်ပင်ရင်း၌ သီတင်းသုံး ထိုင်နေတော်မူ၏။ ထိုမှတပါး ဝိဋ္ဋူဘမင်းသား၏ နိုင်ငံတွင်း အပိုင်းအခြားဝယ် စည်ကားခက်လက် မြေက် ဝေဆာသောအရိပ်ရှိ သော ပညောင်ပင်ကြီးသည် ရှိ၏။ ဝိဋ္ဋူဘမင်းသားသည် ခရီးအစဉ်အတိုင်း လ ခဲ့၍ မြတ်စွာဘုရား ကိုယ်တော်မြတ်ကို မြင်လျှင် ကြည်လင်ညွတ်လျှိုး ရှိခိုး ချဉ်းကပ် ပြီးသည်ကာလ ဘုန်းတော်ကြီးမြတ်တော်မူလှပေသော မြတ်စွာဘုရား ဤသို့သဘောရှိသော ပူပြင်းလှသော အခါကာလ၌ ပြောက်ကျား ကျဲတဲသော

အရိပ်ရှိသော ဣ်သစ်ပင်ရင်း၌ အဘယ်အကြောင်းကြောင့် မြတ်စွာဘုရား ကိုယ်တော်မြတ်သည် သီတင်းသုံးတော်မူပါသနည်း၊ ဘုန်းတော်ကြီးတော်မူ သော မြတ်စွာဘုရား ထူထဲခက်ရွက်အေးမြက်ဝေဆာသော အရိပ်နေရာရှိသော ထိုပညောင်ပင်ကြီးသည် ရှိပါသည်။ ထိုပညောင်ပင်ရင်း၌ အရှင်ဘုရားသည် သီတင်းသုံးတော်မူပါကုန်လော့ဟု လျှောက်ကြားသည်ကာလ မြတ်စွာဘုရား ကိုယ်တော်မြတ်က ဒကာတော်မင်းကြီး ရှိပါစေတော့ ဆွေမျိုးတို့၏ အရိပ် မည်သည်ကား အလွန်ပင် ချမ်းအေးလှပေသည်ဟု မိန့်တော်မူသည်ရှိသော် ဆွေတော်မျိုးတော်တို့အား စောင့်ရှောက်ခြင်းငှါ မြတ်စွာဘုရားသခင်သည် ကြွလာတော်မူသည် ဖြစ်ပေလိမ့်မည်ဟု ကြံ၍ မြတ်စွာဘုရားသခင်ကို ရှိခိုးပြီး လျှင် ဆုတ်နစ်ပြန်လည်ခဲ့ပြီးသည်ကာလ သာဝတ္ထိပြည်သို့သာလျှင် ပြန်လာခဲ့၏။ မြတ်စွာဘုရားသခင်သည်လည်း ကောင်းကင်သို့ ပျံတက်တော်မူ၍ ဇေတဝန် ကျောင်းတော်သို့သာ ကြွတော်မူခဲ့၏။ ဝိဋူဍဘမင်းသည်လည်း သာကီဝင်မင်း တို့၏ အပြစ်ကို စိစစ်အောက်မေ့ဆောင်ခြင်း၌ နှစ်ကြိမ်မြောက် ထွက်တော်မူပြန် သည်ရှိသော် ထိုအရပ်၌သာလျှင် မြတ်စွာဘုရား ကိုယ်တော်မြတ်ကို တွေ့မြင်၍ ရှေးနည်းအတူ ဆုတ်နစ် ပြန်လည်လေ၏။ သုံးကြိမ်မြောက်လည်း ထွက်သွား၍ ဘုရား ကိုယ်တော်မြတ်ကို တွေ့မြင်သည်ကာလ ထိုနေရာကပင် ဆုတ်နစ် ပြန်လည်၏။

## သာကီဝင်မင်းတို့ ပျက်စီးခြင်း

လေးကြိမ်မြောက်၌ သော်ကား ဝိဋူဍဘမင်းသည် စစ်သည် ဗိုလ်ပါတို့နှင့် တကွ ထွက်သွားသည်ရှိသော် မြတ်စွာဘုရားသခင်သည် သာကီဝင်မင်းတို့၏ ရှေးကပြုခဲ့ဖူးသော မကောင်းမှုကံကို ကြည့်ရှုသောကာလ ထိုသာကီဝင်မင်း တို့အားတစ်နေ့သောအခါ၌ မြစ်၌ ငါးအဆိပ်ဆေးခတ်မိသော မကောင်းမှုကံ၏ ပြင်းထန်ယုတ်ထေး ဝန်လေးလှသောသဘော ရှိသဖြင့် မတားမြစ် ကောင်း သည်၏ အဖြစ်ကြောင်းအင်္ဂါကို သိမြင်တော်မူသည် ဖြစ်၍သာလျှင် လေးကြိမ် မြောက်၌ မြတ်စွာဘုရားသည် ကြွလာတော်မမူ ဝိဋူဍဘမင်းသည်လည်း သာကီဝင်မင်းတို့ကို သတ်အံ့ဟု ကြီးကျယ်များပြားသော စစ်သည်ဗိုလ်ပါဖြင့် ထွက်လာ၏။ မြတ်စွာဘုရားသခင်၏ ဆွေတော်မျိုးတော် ဖြစ်ကုန်သော သာကီဝင်မင်းတို့သည်သူတစ်ပါး၏ အသက်ကို ပယ်ဖျက်ချသတ်ခြင်း သဘော မရှိသော အသတ္တဃာတက မည်သည်ကုန်ရကား မိမိ၏အသက်ပင် သေလွန် သော်လည်း သူတပါး၏ အသက်ကို မချသတ်ကုန်။ ထိုသာကီဝင် မင်းတို့သည် စည်းဝေးကြပြီးသည်ကာလ ငါတို့သည် သင်ကြား၍ တတ်မြောက်အပ်သော ကြီးကျယ်မြင့်မြတ်သော လေးအတတ် ပညာတို့သည်ကား ရှိ၏။ ယင်းသို့ ပင် ရှိပါသော်လည်း သူတစ်ပါး၏ ဇီဝိတိန္ဒြေအသက်ကို ချသတ်ခြင်းငှါ မထိုက်

ကောင်း မိမိ၏ အတတ်ပညာ အမှုကိစ္စကိုပြလျက် ထွက်ပြေးစေကုန်အံ့ဟု တိုင်ပင်ကြံစည်ကြပြီးသည် ကာလ သာကီဝင် မင်းအပေါင်းတို့သည် ရှုံးစု စည်းဝေးလျက် ထွက်သွားပြီးသော် စစ်ထိုးခြင်းငှါ အားထုတ်ကုန်၏။ ထို သာကီဝင်မင်းတို့သည် ပစ်လွှတ်အပ်သော မြှားတို့သည် ဝိဋ္ဋူဘမင်းပရိသတ် စစ်သည်ဗိုလ်ထုတို့၏ အကြားအကြားဖြင့် သွားကုန်၏။ ပျဉ်ချပ်အကြားတို့ဖြင့် လည်းကောင်း နားပေါက်စသည်တို့ဖြင့်လည်းကောင်း ထွက်သွားကုန်၏။ ဝိဋ္ဋူ- ဘ မင်း မြင်သည်ရှိသော် အိုအချင်းတို့ သာကီဝင် မင်းတို့သည် သတ္တဝါတို့ကို မသတ်ပုတ် မညှဉ်းဆဲဟု ဆိုကုန်သည် မဟုတ်တုံလော။ ယခုအခါ ငါ၏စစ်သည် တော် ယောကျ်ားတို့ကို အဘယ့်ကြောင့် ထိပါးပုတ်ခတ် ဖျက်ဆီးကုန်သနည်းဟု ဆို၏။ ထိုအခါ ဝိဋ္ဋူဘမင်းကို တစ်ယောက်သော မင်းချင်း ယောကျ်ားက အရှင်မင်းမြတ် အသို့နည်း ဆုတ်နစ်ပြန်လည်၍ ကြည့်ရှုတော်မူပါလော့ သာကီဝင်မင်းတို့သည် ငါ၏ မင်းချင်းယောကျ်ားတို့ကို သတ်ဖြတ်သည်ဟု ဆိုကုန်၏။ အရှင်မင်းကြီး၏ တစ်ယောက်သော မင်းချင်းယောကျ်ားမျှ သေ သောသူ မည်သည် မရှိဟု လျှောက်ကြား၏။ အချင်းတို့ ထိုသို့တပြီးကား ငါ တိုက်တွန်း၏။ ရေတွက်ကြကုန်လော့ဟု ပြောဆို၍ ရေတွက်စေသည် ရှိသော် တစ်ယောက်သော သူမျှ ကုန်ပျောက်ခြင်းကို မမြင် ဝိဋ္ဋူဘမင်းသည် ထို အရပ်မှ ပြန်နစ်၍ အချင်းတို့ အကြင်သူတို့သည် သာကီဝင်ဟူ၍ ဆိုကုန်၏။ အလုံးစုံကုန်သော ထိုသူတို့ကို သတ်ဖြတ်ကြကုန်လော့။ ငါ၏ ဘိုးတော် ဖြစ် တော်မူသော မဟာနာမ် သာကီဝင်မင်း၏ အထံ၌ တည်ကုန်သော သူတို့အား ဇီဝိတိန္ဒြေအသက်ကို ပေးကုန်လော့ဟု စေလွှတ်မိန့်ဆိုတော်မူ၏။

သာကီဝင်မင်းတို့သည် ဆွဲငင်ယူလုမ်း မှီရမ်းခိုကိုးစရာ တစ်စုံတစ်ခုမျှကို မမြင်ကုန်သည်ဖြစ်၍ အချို့ကုန်သော သာကီဝင်မင်းတို့သည် မြက်ကို ကိုက်ခဲ ပြီးသည်ကာလ ရပ်တည်ကုန်၏။ အချို့ကုန်သော သာကီဝင်မင်းတို့သည် ကျူကို ကိုင်ငင်ဆွဲယူပြီးသည်ကာလ ရပ်တည်ကုန်၏။ အသင်တို့သည် သာကီဝင်ဘို့ပင် ဖြစ်လေသလော့ သာကီဝင်မင်း မဟုတ်ဘဲပင် ရှိလေသလော့ဟု မေးမြန်း၏။ ထိုသာကီဝင်တို့သည် အသက်ပင် သေစေကာမူ ချွတ်ယွင်းသော မုသာဝါဒ စကားတို့ကို မပြောကြကုန်၊ ထို့ကြောင့်မြတ်တို့ကို ကိုက်ခဲ၍ တည်ကုန်သော သာကီဝင်တို့သည် ငါတို့သည် တိဏ သာကီဝင် မဟုတ်ကုန်ဟု ဆိုကုန်၏။ ကျူကို ဆွဲငင် ကိုင်ယူ၍ တည်ကုန်သော သာကီဝင် တို့သည် ငါတို့သည် နဠ သာကီဝင် မဟုတ်ကုန်ဟု ဆိုကုန်၏။ အကြင်သာကီဝင်တို့သည် မဟာနာမ သာကီဝင် မင်းတို့၏ အထံ၌ တည်ကုန်၏။ ထိုသူတို့သည် ဇီဝိတိန္ဒြေ အသက်ကို ရကုန်၏။ ထိုကြွင်းကျန်ရစ်ခဲ့ကြကုန်သော သာကီဝင်မင်း အပေါင်းတို့တွင် မြက်ကို ကိုက်ခဲ၍ တည်ကုန်သော သာကီဝင်တို့သည် တိဏသာကီဝင်မည်

ကုန်၏။ ကျူကို ကိုင်ငင်ဆွဲယူ၍ တည်ကုန်သော သာကီဝင်တို့သည် နဋ္ဌသာကီဝင်မည်သည် ဖြစ်ကုန်၏။ ဝိဋူဍူဘမင်းသည် ကြွင်းကုန်သော နို့စို့မျှသော သူငယ်တို့ကိုသော်လည်း မလွတ်မူ၍ အလုံးစုံကုန်သော သာကီဝင်တို့ကို သတ်စေပြီးသော် သွေးချောင်းစီးခြင်းကို ဖြစ်စေလျက် ထိုသာကီဝင်မင်းတို့၏ လည်ချောင်းသွေးဖြင့် ပျဉ်ချပ်ကို ဆေးကြောစေ၏။ ဤသို့သောအခြင်းအရာဖြင့် သာကီဝင်မင်း အဆက်အနွယ်သည် ဝိဋူဍူဘမင်း၏ဘေးဖြင့် ပြတ်ခြင်းသို့ ရောက်လေ၏။

## မဟာနာမ်မင်းကြီး နဂါးပြည်၌ စံနေခြင်း

ဝိဋူဍူဘမင်းသည်လည်း ဘိုးတော်ဖြစ်တော်မူသော မဟာနာမမင်းကြီးကို ခေါ်ဆောင်ပြီးသည်ကာလ ဆုတ်နစ်ပြန်လည်၍ လာခဲ့ရာ နံနက်စာစားချိန်ကာလသို့ ကျရောက်သောအခါ၌ နံနက်စာစားခြင်းကို ပြုကုန်အံ့ဟု တစ်ခုသော နေရာ၌ ချဉ်းကပ်သက်ခြင်း ထိုင်နေ၍ ဘောဇဉ်အုပ်ကို ဆောင်ယူ အပ်သည်ရှိသော် ဝိဋူဍူဘမင်းသည် ငါသည် ဘိုးတော်နှင့်အတူတကွ ပွဲတော်တည်အံ့ဟု ဘိုးတော်မဟာနာမမင်းကြီးကို ခေါ်စေ၏။ မင်းမျိုးတို့ မည်သည်ကား မိမိ၏ အသက်ကိုပယ်ဖျက် စွန့်လွှတ်ရလေငြားသော်လည်း ကျွန်မ၏သားတို့နှင့်အတူ တကွ ပွဲတော်စာ စားသုံးခြင်းကို မပြုကြကုန်။ ထို့ကြောင့် မဟာနာမ မင်းကြီးသည် ရေတို့ဖြင့်ပြည့်သော တစ်ခုသောရေအိုင်ကိုကြည့်၍ ချစ်သား ဘိုးတော်သည် ပင်ပန်းနွမ်းနယ်သော ကိုယ်ရှိ၏ ရေသုံးသပ်ဦးအံ့ဟု ဆို၏။ ဝိဋူဍူဘ မင်းကလည်း ဘိုးတော် ကောင်းလှပါပြီ၊ ရေသုံးသပ်တော်မူပါကုန်ဦးဟု ဆိုသည်ကာလ မဟာနာမမင်းကြီးသည် ဤ ငါ၏မြေးတော်သည် တစ်ခုသော ဘောဇဉ်ပွဲတော်အုပ်၌ အတူတကွ ညီမျှရွှင်ပြုံး မစားသုံးချေက နှလုံးမသာ ပြင်းစွာ အမျက်ထွက်၍ ငါ့အား သတ်ဖြတ်ပေလတ္တံ့၊ ငါသည် သူတစ်ပါး သတ်ပုတ်သည်ကို ခံရသောထက် မိမိအလိုလို သေရခြင်းသည် မြတ်ထွတ်ခြင်း ဖြစ်ငပေလိမ့်မည်ဟုကြံ၍ ဆံပင်ကို ဖြေပြီးသောအခါ အဖျား၌ အထုံးအစုကို ဖွဲ့ချီပြီးသည် ကာလ ဆံပင်တို့၌ ခြေမတို့ကို သွတ်သွင်း၍ ရေ၏အတွင်းသို့ ခုန်ဆင်း ငုပ်လျှိုးလေ၏၊ ထိုရေအခါ မဟာနာမ သာကီယမင်းမြတ်၏ ဂုဏ်သကတ် တန်ခိုးတော်ကြောင့် နဂါးတို့၏ စံနေရာဖြစ်သော ပြည်၌ မဘည်မရပ်နိုင်စရာပူလောင်သော အခြင်းအရာကို ပြပေ၏။ နဂါးမင်းသည်လည်း အကြောင်းအသို့နည်းဟု တွေးတောဆင်ခြင်သည်ရှိသော် ထိုအကြောင်းအလုံးစုံကို အကုန်မြင်သိ၍ မဟာနာမမင်းကြီး၏ အထံသို့ လျင်မြန်စွာ လာရောက်ပြီးလျှင် ထိုမဟာနာမမင်းကြီးကို မိမိ၏ပါးပျဉ်းထက်၌ထိုင်နေစေ၍ နဂါးပြည်သို့ ပင့်ဆောင်သွတ်သွင်းခဲ့လေ၏။ မဟာနာမမင်းကြီးသည် တစ်ဆယ့်နှစ်နှစ်တို့ ပတ်လုံး နဂါးပြည်၌သာလျှင် စံနေတော်မူ၏။

## ဝိဋူဋဘမင်း ပရိသတ်နှင့်တကွ သေဆုံးခြင်း

ဝိဋူဋဘမင်းလည်း ငါ၏ဘိုးတော်သည် ဤယခုပင် လာလတ္တံ့ဟု မြော်ငံ့ဆိုင်းတွလျက်သာ နေ၏။ ထိုဟာနာမမင်းကြီးသည် အလုန်ကြာမြင့်သည်ရှိသော် ရေအိုင်သို့သွား၍ စူးစမ်းကြည့်ရှုပြီး သောအခါ အလျှံတောက်ပစွာသော မီးတိုင်မီးရှူးတို့ကို ညှိထွန်းလျက် သူတစ်ပါးတို့ အငတ်အသုံးအဆောင်အကြားတို့ကိုလည်း ရှာဖွေကြည့်ရှု၍ မမြင်သောကြောင့် အရပ်တပါးသို့ ထွက်သွားတော်မူသည်ဖြစ်ပေလိမ့်မည်ဟု ဖဲသွားလေ၏။ ထို ဝိဋူဋဘ မင်းသည် ညဉ့်အဖို့ကာလ၌ အစိရဝတီမြစ်သို့ရောက်၍ သစ်ခက်တဲနန်းတော်ကို ဖွဲ့ပြီးသည် ကာလ နေ၏။ ဝိဋူဋဘမင်း၏ စစ်သည်ဗိုလ်ပါပရိသတ်တို့တွင် အချို့ကုန်သော သူတို့သည် မြစ်၏ အတွင်းဖြစ်သော သဲပုံစုထက်၌ အိပ်နေကြကုန်၏၊ အချို့ကုန်သောသူတို့သည် မြစ်မှအပဖြစ်သော ကုန်းပြင်ထက်၌ အိပ်နေကြကုန်၏၊ မြစ်၏အတွင်း၌သက်ဆင်း၍ အိပ်နေကုန်သော သူတို့တွင်လည်း ရှေးလွန်လေကာလ ဘဝတို့က မကောင်းမှုအကုသိုလ်ကံကို မပြုခဲ့ဖူးသော သူတို့လည်း ရှိပေကုန်၏။ မြစ်မှအပဖြစ်သော ကုန်းပြင်ထက်၌ အိပ်နေကုန်သော သူတို့တွင်လည်း ရှေးရှေးသောကာလ ဘဝကပြုခဲ့ဖူးသော အကုသိုလ် မကောင်းမှုကံရှိသော သူတို့သည်လည်း ရှိပေကုန်၏။ ထိုသူတို့၏အိပ်ရာနေရာတို့၌ ပိုးရွခြမွှားတို့သည် ထကုန်သဖြင့် ငါ၏အိပ်ရာနေရာ၌ ပိုးရွ ခြမွှားတို့ရှိကုန်၏၊ ငါ၏နေရာ၌ ပိုးရွ ခြမွှားတို့ ရှိကုန်၏ဟု ထကြပြီးသောအခါပြုခဲ့ဖူးသော မကောင်းမှုအကုသိုလ် မရှိကုန်သော သူတို့သည် မြစ်တွင်းမှတက်၍ ကုန်းပြင်၌ အိပ်ကုန်၏။ ပြုအပ်ပြီးသော အကုသိုလ်မကောင်းမှုကံရှိကုန်သော သူတို့သည် မြစ်၏အတွင်းသို့ သက်ဆင်း၍ သဲစုသဲပုံထက်၌ အိပ်ကုန်၏။

ထို ခဏ၌သာလျှင် ကြီးစွာသော မိုးကြီးသည် ထလတ်၍ တခဲနက်သော အဟယဉ်ရှိသော မိုးကြီးရွာလေ၏၊ မြစ်ရေအယဉ်သည် စီးလာ၍ ပရိသတ်နှင့် တကွ ဝိဋူဋဘ မင်းသားကို သမုဒ္ဒရာ သို့သာလျှင် မျောကျရောက်စေသဖြင့် မြစ်ထဲ၌ နစ်မွန်း မျောပါကုန်သော အလုံးစုံ ကုန်သော သတ္တဝါတို့သည် ငါးလိပ်တို့၏အစာ ဖြစ်ကုန်၏။ လူအပေါင်း သည်လည်း သာကီဝင်မင်းအပေါင်းတို့အား ဤသို့သေလွန်ရခြင်းသည် မသင့်လျော်လေ။ ဝိဋူဋဘသည်လည်း ဤမျှလောက်သော အခြင်းအရာဖြင့် ပြင်းစွာ အမျက်ထွက်ပြီးသည် ကာလ သာကီဝင် မင်းတို့ကို သတ်ဖြတ် ပယ်ချလေ၏။ ထိုအကြောင်းသည် မသင့်လျော်ချေတကားဟူသော စကားကို ပြောကြကုန်၏။ မြတ်စွာဘုရား သခင်သည် ရဟန်းတို့ ပြောကြားသော စကားကို ကြားသိတော်မူသောကာလ ချစ်သား ရဟန်းတို့.... ဤယခုဘဝ ပစ္စုပ္ပန်ဖြစ်သော အတ္တဘော၌ကား သာကီဝင်မင်းတို့အား မသင့်လျော် မလျောက်

ပတ်သဖြင့် သေလွန်ရခြင်းသည် အကယ်၍ကား ဟုတ်မှန်ပေ၏။ လွန်လေပြီးသော ကာလ ရှေးဘဝက ပြုခဲ့ကြသော အကုသိုလ် အကျိုး ဆက်၏ အစွမ်းအားဖြင့်ကား သင့်လျော် လျောက်ပတ်သော အကျိုးကို ခံစားရရှိကုန်သည်ဟု မိန့်တော်မူ၏။

## သာကီဝင်မင်းသားတို့ ရှေးအကြောင်း အတိတ်ဝတ္ထု

ဘုန်းတော် ကြီးမြတ်တော်မူလှပေသော မြတ်စွာဘုရား.... ထိုသာကီဝင်မင်းတို့သည် ရှေးအဖို့ အခါကာလ၌ အဘယ်သို့သော မကောင်းမှု အကုသိုလ်ကံကို ငြိမ်ပြုစု ခဲ့ကြဖူးပါသနည်းဟု ရဟန်းတို့က မေးလျှောက်သောကာလ ချစ်သား ရဟန်းတို့.... အလုံးစုံကုန်သော ဤသာကီဝင် မင်းတို့သည် အတိတ်ဖြစ်သော ရှေးဘဝ၌ ညီညွတ်ဝမ်းမြောက်ခြင်း ရှိကြသဖြင့် တစ်ပေါင်းတည်းဖွဲ့စုလျက် တစ်ခုသောမြစ်ဝယ် ငါးဆေး အဆိပ်ကို ထည့်ခတ်ခဲ့ကြကုန်သတည်းဟု မြတ်စွာဘုရား ကိုယ်တော်မြတ်က မိန့်တော်မူ၏။ တစ်နေ့ မိုးသောက်ရောက်သောနေ့၌ များစွာကုန်သော ရဟန်းတို့သည် တရားသဘင်၌ ငါ့ရှင်တို့ ဝိဋူဍူဘမင်းသည် ဤမျှ အတိုင်းအရှည်ရှိကုန်သော သာကီဝင်မင်းတို့ကို သတ်ဖြတ်ပြီးသည်ကာလ လာခဲ့သည်ရှိသော် မိမိ၏ စိတ်နှလုံးအလို နှစ်မျိုးပြီးဆုံးခြင်းသို့ မရောက်မီသာလျှင် လူအပေါင်းတို့ကို ယူပြီး၍ အပြောကျယ်စွာ မဟာသမုဒ္ဒရာ၌ ငါးလိပ်တို့၏ အစာဖြစ်ရလေသည် ဟူသော စကားကို ဖြစ်စေကုန်၏။ မြတ်စွာဘုရား သခင်သည် တရားသဘင် အစည်းအဝေး ခွင်သို့ ကြွဝင်လာတော်မူပြီးလျှင် ချစ်သား ရဟန်းတို့.... ယခု ငါဘုရား ကြွတော်မူလာဆဲသော အခါကာလ၌ အဘယ်မည်သော တရားစကားဖြင့် ပြောကြားစည်းဝေးနေထိုင် ကြကုန်ဘိသနည်းဟု မေးတော်မူ၍ ဤမည်သော အကြောင်းစကားကို ပြောကြား စည်းဝေးပါသည်ဟု လျှောက်ကြားသည် ရှိသော် ချစ်သား ရဟန်းတို့.... ဤသတ္တဝါတို့အား စိတ်နှလုံးအလို နှစ်မျိုး ပြီးဆုံးခြင်းသို့ မရောက်မီသာလျှင် သေမင်းတည်းဟူသော မရဏသည် အိပ်၍ပျော်သော လူမိုက်ရွာကို လွှမ်းမိုးဖိစီး တိုက်ယူသော ကြီးကျယ်စွာသော ရေအယဉ်ကဲ့သို့ ဇီဝိတိန္ဒြေ အသက်ကို ပယ်ဖျက် ဖြတ်တောက်ပြီးသည်ကာလ လေးပါးသော အပါယ်တည်း ဟူသော သမုဒ္ဒရာတို့၌ မျောပါးနစ်မွန်း ငုပ်လျှိုးစေ၏ ဟု မိန့်တော်မူပြီး၍—

၄၇။ ။ပုပ္ဖါနိဟေဝ ပစိနန္တံ၊ ဗျာသတ္တမာနသံ နရံ။

သုတ္တံ ဂါမံ မဟောဃောဝ၊ မစ္စု အာဒါယ ဂစ္ဆတိ–

ဟူသော ဂါထာကို ဟောကြားတော်မူ၏။

### ဒေသနာတော်၏ အကျိုးအာနိသင်

ဒေသနာတော်၏အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကုန်၏။

အနက်ကား။ ။ပုပ္ဖါနိ၊ အာရုမ်တွင်းရောက် ဝတ်ညောက်ခွေရှံ အစုံထွက်ပွါး ပန်းအများတို့ကို။ ပစိနန္တံ၊ ဣာ၊ တစ်ပင်ဆွတ်ခူး တစ်ပင်ကူးလျက် ရွှင်မြူး စိတ်မှာ ကောင်းနိုးရာကို အာသာမပြယ် ရွေးချယ်သောသူကဲ့သို့။ ပစိနန္တံ၊ ရူပါရမ္မဏာ စသည်အာရုံ ကာမဂုဏ်ကို ခုံမင်တွယ်တာ ကောင်းနိုးဆုဖြင့် အာသာမပြယ် ရွေးချယ်ထသော။ ဗျာသတ္တမာနသံ၊ ရောက်ပြီးရောက်တုံ ကာမဂုဏ်ဟု အာရုံငါးပါးကို လိုက်စားပြီးကာ လွန်စွာကပ်ငြိသော စိတ်ရှိထ သော။ နရံ၊ ရဟန်း လူပါ သတ္တဝါကို။ မဟောဃော၊ နှစ်ယူဇနာ သုံးယူဇနာ နက်စွာ အလျားရောက် ကျည်တောက်သွန်စီး ကြီးသောခရအယဉ်သည်။ သုတ္တံဂါမံ၊ လွတ်ရာကုန်းမှ သက်ခဲ့ကြ၍ ပြင်းပြအိပ်ရှာ သူမိုက်ရွာကို။ အာဒါယ၊ ယောကျ်ား မိန်းမ အိမ်မှစ၍ အနည်းငယ်မျှမကြွင်း ခပင်းဥဿုံ လုံးစုံ တိုက်ယူ၍။ ဂစ္ဆတိ ဣဝ၊ သွားလေဘိသကဲ့သို့။ မစ္စု၊ အသနားကင်း ရှင်သေမင်းသည်။ အာဒါယ၊ ယူ၍။ ဂစ္ဆတိ၊ သွားလေ၏။ ဤကား အနက်။

ဓမ္မပဒပုပ္ဖဝဂ်၌ သုံးခုမြောက်ဖြစ်သော ဝိဋ္ဋူဘမင်းသားဝတ္ထု
စကားအစဉ်သည်ကား ဤတွင်ရွေ့ ပြီး၏။

---

## ၄၊ ပတိပူဇိကာ ဥပါသိကာမအကြောင်း

### ပစ္စုပ္ပန်ဝတ္ထု

ပုပ္ဖာနိဟေဝ–ယင်းသို့စသည့် ဤဓမ္မဒေသနာ ပါဠိဂါထာကို နတ်ပြဟ္မာလူ သုံးဘုံသူတို့ ကြည်ဖြူဆည်းကပ် ညွတ်တွားအပ်သဖြင့်သတ္တတံဆိပ် ဂုဏ်ဝိသိဋ္ဌဖြင့် မဆိတ်ကျော်ကြား ရှင်တော်ဘုရားသည် များစွာ ဗိုလ်ခြေ စုဖြိုးဝေသော ပသေနဒီကောသလ ရာဇညမင်းမြတ်သည် စိုးမိုးတော်မူအပ်သော ပြည်ရပ် သာဝတ္ထိ၌ ဇေတဝန် ကျောင်းတော်၌ သီတင်းသုံးနေတော်မူသောကာလ ပတိပူဇိကာ ဒါယိကာမအား အကြောင်းပြုသောအားဖြင့် ဟောကြားတော်မူခဲ့ပေ၏။ ဝတ္ထု သည် တာဝတိံသာနတ်ပြည်၌ ဖြစ်၏။

## အကြောင်းအတ္ထုပ္ပတ္တိအစဉ်ကား ဤသို့တည်း

သိကြားမင်းစံရာ တာဝတိံသာနတ်ပြည်၌ မာလာဘာရီ အမည်ရှိသော နတ်သားသည်နတ်သမီးတစ်ထောင် ဝန်းခြံရံလျက် ပန်းအာရာမ်ဥယျာဉ်တွင်းသို့ သက်ဆင်း၍ဝင်ခဲ့၏။ ဝန်းမြောက်ခြံရံကာ လိုက်ပါကုန်သော ထိုတစ်ထောင်ကုန်သော နတ်သမီးတို့တွင် ငါးရာကုန်သောနတ်သမီးတို့သည်သစ်ပင်ထက်သို့ တက်၍နှစ်သက်ဖွယ်ရာ များစွာကုန်သော ပန်းတို့ကို ခူးဆွတ်၍ချကုန်၏၊ ငါးရာကုန်သော နတ်သမီးတို့သည် ပန်းပင်ထက်မှ ကြွေသက်ကျလာ များစွာကုန်သောပန်းတို့ကို လှမ်းကောက်ယူငင်၍ အရှင်ဖြစ်သော မာလာဘာရီ နတ်သားကို ဝတ်တွားလျောက်တင် တန်ဆာဆင်ကုန်၏။ ထိုတထောင်ကုန်သော နတ်သမီး တို့တွင်သစ်ပင်ထက်သို့ တက်၍ခူးဆွတ် ပန်းကိုဆွတ်ကုန်သော နတ်သမီးတို့မှ တစ်ဦးသောနတ်သမီးသည် တခုသောသစ်ခက်ဝယ်နတ်သက်ကုန်ခမ်း ငြိမ်းချမ်းသော မီးတောက်ကဲ့သို့ကွယ်ပျောက်သော ခန္ဓာကိုယ်ရှိသဖြင့်စုတိစိတ်ချုပ်လေ၏ ထိုနတ်သမီးသည် သာဝတ္ထိပြည်၌ တဦးသော အမျိုးအိမ်ဝယ် ကြိုက်ကြိမ်သန္ဓေ တည်နေစွဲယူပြီး၍ ဖွားမြင်လာသောကာလ ဇာတိဿရဉာဏ်ဖြင့် ပြန်လှန်ထင်ထင် သိမြင်ခြင်းရှိသည်ဖြစ်၍ မာလာဘာရီ နတ်သား၏ မယားဖြစ်လိုသည်ကိုသာ ကြံစည်တောင့်တ ကြောင့်ကြ အောက်မေ့လျက် အတော်ကြီးပြင်းသောအရွယ်သို့ ကျသည်ကာလ ဘုရားစသော ရတနာမြတ်တို့အား ဆည်းကပ်ပြီးသောအခါ ပန်းနံ့သာ စသည်တို့ဖြင့် ပူဇော်လှူဒါန်းခြင်းကိုပြု၍ ဤကောင်းမှု ကုသိုလ် ကံကြောင့် တဖန်ပြောင်းကြ နောင်ဘဝဝယ် အရှင်ဖြစ်သော မာလာဘာရီ နတ်သား၏ အထံ၌ ပြန်၍ဖြစ်ရန် အကြောင်းကိုသာ တောင့်တပန်ဆင်၏။

ထိုသတို့သမီးငယ်သည် တစ်ဆယ့်ခြောက်နှစ် တွက်စစ်ဖွဲ့လောက် အရွယ်ရောက်သောအခါ ထိုက်လျောက်သော သတို့သားတယောက်နှင့် ချီးမြှောက်ထိမ်းမြား၍ လင်အိမ်သို့သွားရောက်ရသော ကာလလည်း စာရေးတံချ၍ လှူဒါန်းခြင်းတည်း ဟူသောသလာကဘတ်ကိုလည်းကောင်း တစ်ဆယ့်လေးရက် တစ်ဆယ့်ငါးရက်ပက္ခတ္ပိုင်း လှူဒါန်းခြင်းတည်းဟူသော ပက္ခိကဘတ်ကိုလည်းကောင်း၊ ဝါဆိုသင်္ကန်းစသည် တို့ကိုလည်းကောင်း လှူဒါန်းပေးကမ်း၍—

အယံ မေ သာမိကဿ သန္တိကေ နိဗ္ဗတ္တနတ္ထာယ ပစ္စယော ဟောတု

ဟူသော ပါဠိဖြင့် ဆုတောင်းပတ္ထနာ၏။

**အနက်ကား။** ။"မေ-မမ၊ အကျွန်ုပ်၏။ အသံ၊ လျှဒါန်းပြုစုဤကောင်းမှု အပေါင်းသည်။ သာမိကဿ၊ အတိတ်ဘဝ ကြင်ခဲ့ကြသည့် ကျွန်မသခင် အရှင်ဖြစ်သော မာလာဘာရီ နတ်သား၏။သန္တိကေ၊ စံတော်မူရာထံတော်သာ၌။ နိဗ္ဗတ္တနတ္ထာယ၊ ဤမှပြောင်းကြွ နောက်ဘဝ၌ ဖြစ်ပါရစေခြင်း အကျိုးငှါ။ ပစ္စယော၊အထောက်အပင့်သည်။ဟောတု၊ဖြစ်ပါစေသတည်း"။ဤကားအနက်။

**အဓိပ္ပါယ်ကား။** ။အကျွန်ုပ်၏ အားထုတ်သမှု လျှဒါန်းပြုအပ်သော ဤကောင်းမှု အပေါင်းသည် လွန်လေသော အတိတ်ဘဝက ကျင်လည်ခဲ့ဖူးသည့် ကျွန်တော်မသခင် အရှင်ဖြစ်သောမာလာဘာရီနတ်သား၏ စံတော်မူရာထံတော်သာ၌ ဤဘာမှပြောင်းကြွခဲ့လို့ရှိက နောက်ဘဝ၌ ဖြစ်ပါရခြင်း အကျိုးငှါ၊ အထောက်အပင့် ဖြစ်ပါစေသတည်းဟု ဆုတောင်းပတ္ထနာသည်ကိုပြု၏။

ထိုအခါ ရဟန်းတို့က ဤဒါယိကာမသည် ထကြွလုံ့လ ဥဿာဟ ရှိသည် ဖြစ်၍ ဒါနစသော ကုသိုလ်ကောင်းမှုကို ပြုစုတိုင်း ပြုစုတိုင်း အရှင်လင်ကိုသာ အစဉ်မပြတ် တောင့်တ၏။ယနေ့မှစ၍ ပတိပူဇိကာ အမည်ကို ပြုကြကုန်အံ့ဟု ထိုဒါယိကာမအား ပတိပူဇိကာ 'ဟူသောအမည်ကိုပြုကြကုန်၏။ ထိုပတိပူဇိကာ ဒါယိကာမသည်လည်း အမြဲမပြတ်သောအားဖြင့် ဆွမ်းစားဇရပ်ကို ရှင်းလင်း သုတ်သင်သိမ်းဆည်း၏ သံဃာတော်တို့ သောက်ရေသုံးဆောင်ရေကိုတည်ထား ၏သံဃာတော်တို့ ထိုင်နေသုံးဆောင်ရာနေရာတို့ကို ခင်းထား၏။ တစ်ပါးသော လူတို့သည် သလာကဘတ် စသည်တို့ကို ပေးလှူလိုကုန်သည်ရှိသော် ချစ်သမီး.... ဤမျှလောက်သော ပစ္စည်းဝတ္ထုတို့ကို ရဟန်းသံဃာတော်အား အသီးဝေဖန် ခွဲခြမ်း၍ လှူဒါန်းစီရင်ပါလေ့ဟု စေခိုင်း ပြောဆိုသည်ရှိသော် ကောင်းမွန်စွာ ယူဆောင်၍ ပေးလှူ၏၊ ထိုသို့သော အကြောင်းကြောင့် ထို ပတိပူဇိကာ ဥပါသိကာမသည် လာသည် ရှိသော်လည်းကောင်း၊ သွားသည် ရှိသော် လည်းကောင်း တစ်ခုတစ်ခုသော ခြေလှမ်းအကြိမ်၌ ငါးဆယ့်ခြောက်ပါး ကုန်သော ကုသိုလ်တရားတို့ကို ရပေ၏။ ထိုကြောင့် ၎င်းအဋ္ဌကထာ၌–

"သာပိ တေန နိယာမေန အာဂစ္ဆန္တိမ္ပိ ဂစ္ဆန္တိမ္ပိ ကေပဒဝါရေ ဆ ပညာသ ကုသလဓမ္မေ ပဋိလတိ"—

ဟု မိန့်တော်မူ၏။

**အနက်ကား။** ။သာ၊ ထိုပဋိပူဇိကာ ဥပါသိကာမသည်။ တေန နိယာမေန၊ ထိုအမှတ်ဖြင့်။ အာဂစ္ဆန္တိမ္ပိ၊ လာသည်ရှိသော်လည်းကောင်း။ ဂစ္ဆန္တိမ္ပိ၊ သွားသည် ရှိသော်လည်းကောင်း။ ကေပဒဝါရေ၊ တစ်ခုသော ခြေလှမ်း အကြိမ်၌။ ဆပညာသ ကုသလဓမ္မေ၊ ငါးဆယ့်ခြောက်ပါးကုန်သော ကုသိုလ် တရားတို့ကို။ ပဋိလတိ၊ ရလေ၏။ ဤကားအနက်။

[ဤနေရာ၌ ဆပညာသ ကုသိုလ်အရကို ဇောကိုကောက်ယူရမည်။ သဘော ရရှိသောကြောင့် ပညာဝန္တ အစစ် ဖြစ်တော်မူသော မြို့ပြင်ကြီး ဆရာတော် ဘုရားကြီးကို လျှောက်ထားမေးမြန်းရာ စဉ်းစားဆင်ခြင်၍ သဘောကျနခြင်း မရှိသေးဟု သုံးကြိမ် သုံးခါတိုင်တိုင် မိန့်တော်မူပြီးမှ ၎င်းဆရာတော်ဘုရားကြီး ကွယ်လွန်၍သွားသောကြောင့် အဆုံးအဖြတ်ကို မရလိုက်။ ပညာဝန္တအရှင်တို့ ဆင်ခြင်တော်မူကြပါစေကုန်သတည်း။ ။ဤကား အမှာ။]

ခင်ပွန်းအရှင် လင်၏အိမ်သို့ ရောက်၍ ချီးမြှောက်အပ်သော စည်းစိမ် ချမ်းသာဖြင့် သံဃာတော်တို့အား ပြုစုလုပ်ကျွေး လှူဒါန်းခြင်း စသော ကုသိုလ်အထူးကိုသာ ဆည်းပူး ရှာကြံလေ့ရှိသော ထို ပတိပူဇိကာ ဥပါသိကာမ၏ ဝမ်း၌ စွဲလမ်းသန္ဓေ တည်နေပြီးမှ ဆယ်လကိုလွန်သဖြင့် သားငယ်ကို ဖွား၍ ထို သားငယ်၏ ခြေဖြင့် သွားနိုင်သော အရွယ်သို့ ရောက်သောအခါ နောက်၌ တဖန် တစ်ယောက်တစ်ယောက်သော သားငယ်ကို ဖွားမြင်ပြန်၏။ ဤသို့ အစဉ်အတိုင်း ဖွားမြင်သောအားဖြင့် လေးယောက်သော သားတို့ကို ရလေ၏။ ထိုပတိပူဇိကာ ဥပါသိကာမသည် တစ်နေ့သောနေ့၌ အလှူဒါန ဒါတဗ္ဗဝတ္ထုကို ပြုစုလှူဒါန်း ပေးကမ်းပူဇော်ခြင်းပြုလျက် တရားတော်ကို နာပြီးသည်ကာလ သိက္ခာသီလတို့ကို လုံ့လကြိုးကုတ် အားထုတ်စောင့်ရှောက်ပြီး၍ နေ့၏အဆုံးသို့ အကြား ညချမ်းသောကာလ၌ ထိုခဏ၌သာလျှင် တက်ကြွဖြစ်ပေါ်လာသော တစ်စုံတစ်ခုသော ရောဂါဖြင့် လူ့ရွာလောက လူ့ဘဝမှ ခဏပြတ်ခြေ သေလွန် ခြင်းကိုပြုခဲ့၍ ဘဝဟောင်းက ဂယ်ပေါင်းကျွမ်းဝင် မိမိ၏ အရှင်လင်ဖြစ်သော မာလာဘာရီ နတ်သား၏ အထံ၌သာ တစ်ဖန် ဖြစ်ပြန်လေ၏။ အတိတ်ဘဝ နတ်သမီး ဖြစ်စဉ်ကာလက မိမိနှင့် အတူတကွ ပန်းကို ဆွတ်ခူး ပန်ဆင်ကြ ကုန်သော အဖော်ဖြစ်ကုန်သော နတ်သမီးတို့သည်လည်း ဤမျှလောက်သော ကာလပတ်လုံး မာလာဘာရီ နတ်သားကို တန်ဆာဆင်ယင် ပြုပြင်လျက်ပင် ရှိကြကုန်သေး၏။

မာလာဘာရီ နတ်သားသည် လူ့ပြည်မှတဖန် စုတိပြန်လာခဲ့သော ထို နတ်သမီးကို မြင်၍ အသင်သည် စောစောသော ကာလမှစ၍ ဤဒေသ ဤအရပ်၌ တပ်အပ်ထင်ထင် ငါမမြင်ချေ ကြောင်းနေကိစ္စ ဘယ်ချင်းတကြောင့် ဘယ်ဒေသအရပ်သို့ လှည့်ပတ်သွားလာသနည်းဟု မေး၏။ အရှင်....ကျွန်တော်မ သည် စုတိပြောင်းကြွေ သေလွန်ပါသည်ဟု ပြောလျှင် အသင်နတ်သမီး.... အသင်သည် အဘယ်သို့သော စကားကို ပြောကြားလိုက်သနည်းဟု မေးပြန် သောကာလ နတ်သမီးက အရှင်....စုတိပြောင်းကြွေ သေလွန်ကြောင်းကို ပြောဆိုပါသည်ဟု တဖန် ပြန်ပြောသောအခါမှ ယင်းသို့ စုတိပြောင်းကြွေ

သေလွန်သည် ဖြစ်ပါက အသင်နတ်သမီးသည် ဘယ်အရပ်၌ ချဉ်းကပ်ရောက်လစ် ဖြစ်ရပေသနည်းဟု မေးလျှင် အရှင်....သာဝတ္ထိပြည်ဝယ် တစ်ဦးသော အမျိုး အိမ်၌ ဖြစ်ရပါသည်ဟု ပြောဆို၏။ ထိုဘဝ၌ ကာလဘယ်လောက် ကြီးမြောက် မြင့်ရှည် တည်နေခဲ့ရပါသနည်းဟု နတ်သားက မေးသည်ရှိသော် အရှင်.... ထိုသာဝတ္ထိပြည် တစ်ဦးသော အမျိုးအိမ်၌ ပဋိသန္ဓေ တည်နေကိန်းအောင်း ပြီးသည်ကာလ ဆယ်လသွန်မြောက် မိခင်ဝမ်းမှ ဖွားမြင်ခြင်းသို့ ရောက်၍ တစ်ဆယ့်ခြောက်နှစ်မြောက် ရှိသောအခါဝယ် ခင်ပွန်းအရှင် လင်၏အိမ်သို့ သွားရောက်ရ၍ ထိုခင်ပွန်းလင်ကို အစွဲပြုသောအားဖြင့် လေးယောက် ကုန်သော သားတို့ကို ဖွားမြင်ပြီးလျှင် ဒါန အစရှိကုန်သော ကောင်းမှု တို့ကို ပြုစု အားထုတ်၍ အရှင်နတ်မင်း၏ အထံ၌ ဖြစ်ရန်ဖြစ်ကြောင်း ဆုတောင်းပန်ဆင်၍ ပြည့်ခွင်ဘုမ္မိ သာဝတ္ထိပြည်ကြီးမှ ချုပ်တည်းစုတေကာ ဤအရပ်သို့ လာခဲ့၍ အရှင်၏ အထံ၌ ဖြစ်လာရပါသည် ဟု ပြောဆိုလျှင် အသင် နတ်သမီး လူတို့အား အဘယ်မျှလောက် အသက်ရှည်ကြပါသနည်းဟု မေးပြန်သော ကာလ အရှင်နတ်မင်း အနှစ်တစ်ရာမျှလောက် အသက်ရှည်ကြပါ ကုန်သည်ဟု ပြော၏။ လူတို့သည် အနှစ်တစ်ရာမျှလောက်သာ အသက်ရှည်ကုန် သလောဟု နတ်သားက ထပ်၍မေးပြန်သဖြင့် ဩော်–ဟုတ်ပါ၏ ဤမျှလောက် သာ အသက်ရှည်ပါသည်ဟု နတ်သမီးက ဝန်ခံလျှင် ဤသို့ ဖြစ်ခဲ့သည်ရှိသော် အသင် နတ်သမီး ဤမျှလောက်သော ပရိစ္ဆေဒ အနှစ်တစ်ရာမျှလောက်သော အသက်ကို ယူဆက်မြင့်ရှည် တည်နေကျင်လည် ဖြစ်ကြရကုန်သော လူတို့သည် အသျှိနည်း၊ အိပ်ပျော်ခြင်း မေ့လျော့ခြင်း ရှိကုန်သည်ဖြစ်၍ ကာလကိုလွန်စေ ကုန်ဘိသေလောသလော သို့တည်းမဟုတ် ဒါန စသော ကုသိုလ်ကောင်းမှုတို့ကိုသာ ပြုစုအားထုတ်၍ ကာလကို လွန်စေကုန်သလောဟု မေးမြန်သော ကာလ အရှင်နတ်မင်း အဘယ်သို့ အမိန့်တော်ရှိပါသနည်း လူ ပြည်၌ တည်ရှိကုန်သော လူများအပေါင်းတို့သည် နှစ်အသချေ မရေမတွက်နိုင်သော အသက်ကိုယူလျက် မြင့်ရှည် တည်နေရဘိသကဲ့သို့၊ မအို မသေ တည်နေရဘိသကဲ့သို့ အမြဲမပြတ် တစပ်တည်း မေ့လျော့ကြပါကုန်သည်ဟု ပြောကြားသောကာလ မာလာဘာရီ နတ်သားအား–

> "ဝဿသတံမတ္တံ အာယုံ ဂဟေတွာ နိဗ္ဗတ္တမနုဿာ ကိရ ပမတ္တာ နိပ္ပဇ္ဇိတွာ နိဒ္ဒါယန္တိ၊ ကဒါ နုခေါ ဒုက္ခာ မုစ္စိဿန္တိ"

ဟူသော ပါဠိအရဖြင့် ပြင်းပြစွာ ထိတ်လန့်သော သံဝေဂဉာဏ်သည် ထင်ရှား ဖြစ်ပေါ်လာ၏။

**အနက်ကား**။ ။ဝဿသတမတ္တံ၊ သချာတွက်စစ် အနှစ်တစ်ရာမျှလောက်သော။ အာယုံ၊ ဇီဝိတိန္ဒြေ တည်နေသော အသက်ကို။ ဂဟေတွာ၊ ယူ၍။ နိဗ္ဗတ္တမနုဿာ၊ လူ့ဘုံလောက သန္ဓေခ၍ ဖြစ်ကြကုန်သော လူတို့သည်။ ပမတ္တာ၊ မေ့လျော့ကုန်သည်ဖြစ်၍။ နိပ္ပဇ္ဇိတွာ၊ ကိုယ်လက်ဆန့်ပြောင်း လျောင်းကုန်သည်ဖြစ်၍။ နိဒ္ဒါယန္တိ ကိရ၊ အိပ်ကုန်သတတ်။ ကဒါ၊ အဘယ်နံရောအခါ၌။ ဒုက္ခာ၊ ဆင်းရဲမှ။ မုစ္စိဿန္တိ နုခေါ၊ လွတ်ကုန်လတ္တံ့နည်း။ ဤကား အနက်။

**အဓိပ္ပာယ်ကား**။ ။သချာတွက်စစ် အနှစ်တစ်ရာမျှလောက်သော အသက်ကို ဆက်သက် ယူတည် မြင့်ရှည်ကုန်သည် ဖြစ်၍ ဖြစ်ကုန်သော လူတို့သည် မေ့လျော့ ပေါ့တန်ကုန်သည်ဖြစ်၍ ကိုယ်ကို ဆန့်ပြောင်း လျောင်းလျက် သင့်လျော် အိပ်ပျော်၍သာ နေကြကုန်သည်ဖြစ်ခဲ့က အဘယ်နံရောကာလ၌ ပြင်းပြနက်နဲ ဆင်းရဲအပေါင်းမှ လွတ်မြောက်နိုင်ပါကုန်အံ့နည်းဟူသော သံဝေဂ ဉာဏ်သည် ထင်ရှား ဖြစ်ပေါ်လာ၏။

ဤခနရာ၌ ထင်ရှားစွာ ခွဲ၍ ဆိုလိုက်ဦးအံ့၊ လူတို့၏ နှစ်အရေအတွက် အနှစ်တစ်ရာသည် အနည်းငယ်သာ ဖြစ်၏။ငင်း အနှစ်တစ်ရာသည် တာဝတိံသာ နတ်တို့အား တစ်နေ့တစ်ညဉ့်သာ ဖြစ်၏။ ထိုနေ့ညဉ့် အရေအတွက်ဖြင့် နေ့ညဉ့် သုံးဆယ်သည် တာဝတိံသာနတ်တို့အား တစ်လ၊ ထိုလဖြင့် တစ်ဆယ့်နှစ်လသည် တာဝတိံသာနတ်တို့အား တစ်နှစ်ဖြစ်၏။ထိုနှစ်ဖြင့် နတ်၌ဖြစ်သော အနှစ်တစ်ထောင် အသက်အပိုင်းအခြား ပမာဏရှိ၏။ လူတို့၏ နှစ်အရေအတွက်ဖြင့် နှစ်ပေါင်း သုံးကုဋေ ခြောက်သန်း အရေအတွက်ရှိသည် ဖြစ်၏။ ထို့ကြောင့် မာလာဘာရီနတ်သား ပတိပူဇိကာ ဥပါသိကာမ၏ လူ့ပြည်၌ လာ၍ ဖြစ်ခြင်းသည် တစ်နေ့တစ်ရက်ကိုမျှ မလွန် တစ်ဟုတ်မျှ ပမာဏကဲ့သို့ ဖြစ်၏။ ဤသို့လျှင် အနည်းငယ်မျှသော ဇီဝိတိန္ဒြေ အသက်ရှိကုန်သော လူတို့အား မေ့လျော့ပေါ့တန်၍ နေခြင်းသည် အလွန်ပင် မသင့်တင့် မလျောက်ပတ်ခြင်း ဖြစ်လေသည်ဟု ပြတော်မူလိုသောကြောင့် ငင်း အဋ္ဌကထာ၌——

"ဧဝံ အပ္ပါယုကာနံ မနုဿာနံ ပမာဒေါနာမ အတိဝိယ အယုတ္တော"

ဟု မိန့်တော်မူ၏။

**အနက်ကား**။ ။"ဧဝံ၊ ဤသို့။ အပ္ပါယုကာနံ၊ နည်းသော အသက်ရှိကုန်သော။ မနုဿာနံ၊ လူတို့အား။ ပမာဒေါ နာမ၊ မေ့လျော့ခြင်းမည်သည်။ အတိ ဝိယ၊ အလွန်လျှင်။ အယုတ္တော၊ မသင့်လေ"။ ဤကားအနက်။

## ရဟန်းအများ မျက်ရည်မဆည်နိုင်ကြခြင်း

တစ်ဖန် မိုးသောက် ရောက်သောနေ့၌ ရဟန်းအများတို့သည် ရွာတွင်းသို့ ဝင်ကုန်သည်ရှိသော် ဆွမ်းစားဇရပ်ကို သပ်ရပ်ပြုပြင် သုတ်သင်ရှင်းလင်းသည်ကိုလည်းကောင်း၊ ရဟန်းတော်တို့ ထိုင်နေ သီတင်းသုံးရာ နေရာသန့်ရှင်းမခင်းကျင်းအပ်သည်တို့ကိုလည်းကောင်း၊ သောက်ရေသုံးရေကို ရှိသေညွတ်ချိမတည်အပ်ကုန်သည်ကိုလည်းကောင်း မြင်ကုန်သည်ဖြစ်၍ ပတိပူဇိကာဒါယိကာမသည် အဘယ်သို့ သွားသနည်း ဟု မေးမြန်းကုန်၏။ အရှင်ဘုရားတို့ အရှင်မြတ်တို့သည် အဘယ်မှာ ပတိပူဇိကာ ဥပါသိကာမကို မြင်နိုင်ပါကုန်အံ့နည်း။ ယမန်နေ့ကာလက အရှင်ဘုရားတို့ ဆွမ်ဘုဉ်းပေးပြီး၍ ကြွတော်မူကုန်သည်ရှိသော် ညချမ်းသော ကာလ၌ ဥပါသိကာမသည် စုတိပြောင်းရွှေ့ သေလွန်၍သွားပါသည်ဟု လျှောက်ကြားသောအခါ ပတိပူဇိကာဥပါသိကာမ၏ သေလွန်သော အကြောင်းကိုကြား၍ ပုထုဇဉ်ဖြစ်သော ရဟန်းတို့သည် ထိုဥပါသိကာမ၏ ကျေးဇူးဥပကာရ များလှသည့် ဖြစ်အင်ကို ဆင်ခြင် အောက်မေ့မိကုန်သည်ဖြစ်၍ မျက်ရေစက်လက် ယိုထွက်ကျစီးသည်ကို ဖိစီးပယ်ပစ် မတားမြစ်နိုင်အောင် ဖြစ်ကြကုန်၏။ ကိလေသာအာသဝေါတရားကို ပယ်ရှားဖြတ်တောက်ငြိမ်းပျောက်ပြီးသော ရဟန္တာအရှင်မြတ်တို့အား ဓမ္မသံဝေဂသည် ထင်ရှားဖြစ်ပေါ်လာ၏။ ထိုကြောင့် အဋ္ဌကထာ၌—

> "တံ သုတွာ ပုထုဇ္ဇနာ ဘိက္ခူ တေသာ ဥပကာရံ သရိတွာ
> အဿူနိ သန္ဓာရေတုံ နာသက္ခိံသု၊ ခီဏာသဝါနံ ဓမ္မသံဝေဂေါ ဥဒပါဒိ"

ဟု မိန့်တော်မူ၏။

**အနက်ကား။** ။"တံ ကာရဏံ၊ ထိုပတိပူဇိကာ ဥပါသိကာမ သေလွန်သော အကြောင်းကို။ သုတွာ၊ ကြား၍။ ပုထုဇ္ဇနာ ဘိက္ခူ၊ ပုထုဇဉ်ရဟန်းတို့သည်။ တေသာ၊ ထိုဥပါသိကာမ၏။ ဥပကာရံ၊ ကျေးဇူးဥပကာရကို။ သရိတွာ၊ ဆင်ခြင်အောက်မေ့၍။ အဿူနိ၊ မျက်ရည်ဘို့ကို။ သန္ဓာရေတုံ၊ တည်တံ့စေခြင်းငှါ။ နာသက္ခိံသု၊ မစွမ်းနိုင်ကြကုန်။ ခီဏာသဝါနံ၊ ရဟန္တာပုဂ္ဂိုလ်တို့အား။ ဓမ္မသံဝေဂေါ၊ ဓမ္မသံဝေဂသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ ဤကားအနက်။

## ပတိပူဇိကာ နတ်ပြည်ပြန်ရောက်ခြင်း

ထိုရဟန်းအများတို့သည် ဆွမ်းစားခြင်း အမှုကိစ္စကို ပြုလုပ်ကြပြီး၍ ကျောင်းသို့သွား ရောက်ပြီးသည်ကာလ ဘုန်းတော်အလွန်ကြီးတော်မူလှပေသော မြတ်စွာဘုရား ပတိပူဇိကာ ဥပါသိကာမသည် ထကြွလိုလ ဉဿာဟဖြင့် အထူးထူးအပြားပြား များစွာကုန်သော ကုသိုလ်ကောင်းမှုတို့ကို ပြုစုအားထုတ်

သည်ရှိသော် မိမိအရှင် ခင်ပွန်းလင်ကိုသာ အစဉ်မပြတ် တောင့်တ၏၊ ထို ဥပါသိကာမသည် စုတိသေလွန်သော ယခုအခါ၌ ဘယ်အရပ်မှာ ဖြစ်ပါလေ သနည်းဟု မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကို ညွှတ်ပြတ်ဝပ်လျှိုး ရှိခိုး မေးလျှောက်ကုန်၏။ မြတ်စွာဘုရား ကိုယ်တော်မြတ်က ချစ်သားရဟန်းတို့...၊ ထိုဥပါသိကာမသည် မိမိ၏အရှင် ခင်ပွန်းလင်၏ထံမှောက်သို့သာ ပြန်ရောက် သောအားဖြင့် ထင်ရှားဖြစ်ရလေသည်ဟု မိန့်တော်မူသောကာလ အရှင်ဘုရား ထိုဥပါသိကာမသည် သူ၏ခင်ပွန်းအရှင် လင်၏ထံ၌ မရှိပါဟု ရဟန်းတို့က လျှောက်ကြား ပြန်သောကာလ ချစ်သားရဟန်းတို့ ထို ပတိပူဇိကာ ဥပါသိကာမသည် ယခုဘဝ၌ ထင်ရှားရှိသော ခင်ပွန်းလင်ကို တောင့်တပတ္ထနာ သည်မဟုတ်၊ လွန်လေသော ရှေးအတိတ်ဘဝက တာဝတိံသာနတ်ပြည်၌ ပတ်ပူဇိကာ ဥပါသိကာမအား မာလာဘာရီအမည်ရှိသော နတ်သားအရှင် ခင်ပွန်းလင်သည် ရှိ၏၊ ထိုနတ်သားအား ပန်းကိုပန်ဆင်ပြုပြင်သော နေရာ ဌာနက စုတိစိတ်ကျခဲ့သောကြောင့် တောင့်တပန်ဆင် ထိုနတ်သားအရှင်၏ ထံခွင်၌ဖြစ်လိုသော ဆန္ဒရှိသည့်အတိုင်း ထိုနတ်သား၏သာလျှင် အထံ၌ တဖန်ပြန်၍ ဖြစ်သည်ဟု မိန့်တော်မူက အရှင်ဘုရား ဤသို့ဖြစ်ပါလေသလောဟု မေးလျှောက်ပြန်သောကာလ ချစ်သားရဟန်းတို့ ဩေ်-ဟုတ်ပေ၏ဟု မြတ်စွာ ဘုရား ကိုယ်တော်မြတ်က ဝန်ခံမိန့်ဆိုတော်မူသဖြင့် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား သတ္တဝါတို့၏ ဇီဝိတိန္ဒြေ အသက်သည်ကား အလွန်နည်းလေစွ တကား၊ နံနက်စောစောကပင်လျှင် တပည့်တော်တို့ကို လုပ်ကျွေးပြုစုပြီး၍ ညချမ်းသောအခါ ဖြစ်ပေါ်လာသော ရောဂါဗျာဓိဖြင့် စုတိပြောင်းကြွေ သေလွန်ရချေသည်တကားဟု ရဟန်းအများတို့က လျှောက်ကြားသောကာလ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်က ဩေ်-ဟုတ်လှပေ၏။ ချစ်သား ရဟန်းတို့ သတ္တဝါတို့၏ ဇီဝိတိန္ဒြေ အသက်မည်သည်ကားဆိုလျှင် အလွန်ပင် နည်းလှချေ၏။ ယင်းသို့ နည်းလှသော ဇီဝိတိန္ဒြေ အသက်ရှိခြင်းကြောင့် ဤသတ္တဝါတို့သည် ဝတ္ထုအာရုံ ကာမဂုဏ်တို့ဖြင့်လည်းကောင်း၊ ကိလေသာ အာရုံ ကာမဂုဏ်တို့ဖြင့်လည်းကောင်း မရောင့်ရဲ မတင်းတိမ်ဘဲသာလျှင် ကိုးဆယ့်ရှစ်ဖြာ များစွာသော စစ်သည်ဗိုလ်ပါရှိသော သေမင်းမိုက်သည် မိမိအလိုနိုင်ငံသို့ လိုက်ပါစေလျက် ဝိုကြွေးမြည်တမ်း ပင်ပန်းဟစ်အော်စဉ် အလျှင်ဖမ်းယူ၍ သွားတော့လေသည်သာတည်းဟု မိန့်တော်မူပြီး၍——

ပုပ္ဖါနိ ဟေဝ ပစိနန္တံ၊ ဗျာသတ္တမာနသံ နရံ။

အတိတ္တံ ယေဝ ကာမေသု၊ အန္တကော ကုရုတေ ဝသံ-

ဟူသော ဂါထာကို ဟောတော်မူ၏။

## ဒေသနာတော်၏ အကျိုးအာနိသင်

ထိုဒေသနာတော်၏ အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကြလေကုန်၏။

**ဂါထာ၏အနက်ကား။** ။ပုပ္ဖါနိ၊ ပွင့်ငုံဖူးချပ် ရွက်ထပ်ညွန့်ကောင်း ပန်းအပေါင်းတို့ကို။ ပစိနန္တော ဣဝ။ အာသာမပြယ် အသွယ်သွယ်ကိုင်းညွတ်ဆွတ်ယူသောသူကဲ့သို့။ ပစိနန္တံ၊ ငါးပါးအာရုံ ကာမဂုဏ်ကို ခုံမင်တပ်ညွတ် အဖန်ဖန်ဆွတ်ထသော။ ဗျာသတ္တမာနသံ၊ မရသေးသည်ကို တောင့်တရပြီးသည်ကို တွယ်တာ လွန်စွာကပ်ငြိသော စိတ်ရှိထသော။ ကာမေသု၊ ဝတ္ထုကိလေသနှစ်ထွေသော ကာမတို့၌။ အတိတ္တံ ယေဝ၊ ရှာမှီးရခြင်း ခံစားရခြင်းတို့ဖြင့် အလျဉ်းမှီဝဲ မရောင့်ရဲသည်သာလျှင် ဖြစ်သော။ နရံ၊ သတ္တဝါကို။ အန္တကော၊ ကိုးဆယ့်ရှစ်ဖြာ များစွာသင်းပင်း သေမင်းမိုက်သည်။ ဝသံ၊ မိမိ၏အလိုကို။ ကုရုတေ၊ ပြုလေ၏။ ။ဤကားအနက်။

ဓမ္မပဒပုပ္ဖဝဂ်၌ လေးခုမြောက်သော ပတိပူဇိကာ
ဥပါသိကာမ၏ ဝတ္ထုစကား အစဉ်ကား

ဤတွင်ရွှေပြီး၏။

---

## ၅။ မစ္ဆရိယကောသိယ သူဌေးအကြောင်း

### ပစ္စုပ္ပန်ဝတ္ထု

**ယထာပိဘမရော ပုပ္ဖံ** အစခံသော ဤသုတ္တန်ဒေသနာ ပါဌ်ဂါထာကို မြတ်စွာဘုရားသခင်သည် ပြည်ခွင်ဘုမ္မိ သာဝတ္ထိ၌ ဣရိယာပထဖြင့် မျှတသီတင်းသုံးတော်မူလျက် မစ္ဆရိယကောသိယ အမည်ရသော သူဌေးကို အကြောင်းတစ်ခုပြုသောအားဖြင့် ဟောကြားတော်မူခဲ့ပေ၏။ အကြောင်းဝတ္ထုကား ရာဇဂြိုဟ်ပြည်၌ ဖြစ်၏။

### အကြောင်းအတ္ထုပ္ပတ္တိ အစဉ်ကား ဤသို့တည်း

ငါးလုံးတောင်ညို ရံပတ်ခိုသော ရာဇဂြိုဟ်ပြည်ကြီး၏ မနီးမဝေးသော အရပ်ဒေသ၌ သက္ကာရမည်သော နိဂုံးတစ်ခု ရှိပေသတတ်။ ထိုသက္ကာရ နာမဘွဲ့ထံုး နိဂုံးဒေသ ရပ်ဂါမ၌ မစ္ဆရိယ ကောသိယမည်သော သူဌေးသည် ကုဋေရှစ်ဆယ် ပြည့်ကြွယ်ရိပ်ငြိမ် စည်းစိမ်ချမ်းသာ ရှိသည်ဖြစ်၍ နေထိုင်၏။

ထိုသူဌေးသည် သမန်းမြက်ဖျားၓ ထင်ရှားကပ်ငြိ ရေပေါက်၏ပမာ အနည်းငယ်မျှသာ ဖြစ်သော ဆီကိုလည်း ချီးမြှင့်သောလား သူတစ်ပါးတို့အား သနားပေးကမ်းခြင်းကို မပြု။ မိမိသည်လည်း မသုံးဆောင် မခံစား ဆုံးပါးကုန်ခန်းအံ့သည်ကို ပင်ပန်းစိုးရိမ် ကြောင့်ကြသောကြောင့် ရသမျှပစ္စည်းကို သိမ်းဆည်းသိုမှီး၍သာ ထား၏၊ ထိုသို့သော အကြောင်းကြောင့် ၎င်းသူဌေး၏ စည်းစိမ်ချမ်းသာကို မယား သားသမီး တို့အားလည်းကောင်း၊ ရဟန်းပုဏ္ဏားတို့အားလည်းကောင်း တစ်စုံတစ်ခုမျှသော အကျိုးကို မသုံးဆောင် မခံစားရလေ။ အစောင့်အရှောက် ရက္ခိုက်ဘီလူးတို့သည် အထူးသိမ်းဆည်းစောင့်ရှောက်အပ်သော ကန်ကဲ့သို့ မသုံးဆောင်နိုင်သော အရာၓတည်း၏၊ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်သည် တစ်ပါးသောနေ့ မိုးသောက်ယံကာလ နံနက်ထၓ မဟာကရုဏာ သမာပတ်မှ ထတော်မူ၍ အလုံးစုံသော လောကဓာတ်ၓ ကျွတ်ထိုက်သော ဝေနေယျ သတ္တဝါတို့ကို ကြည့်ရှုဆင်ခြင်တော်မူသည်ရှိသော် သာဝတ္ထိပြည်မှ ခရီးယူဇနာ လေးဆယ့်ငါးယူဇနာမျှ ဝေးကွာသော သက္ကာရနိဂုံးရွာၓကောင်းစွာ နေထိုင်လေ့ရှိသော မစ္ဆရိယကောသိယသူဌေး၏ ခင်ပွန်းမယားနှင့်တကွ သောတာပတ္တိဖိုလ် အကြောင်းပြည့်စုံခြင်းကို မြင်တော်မူလေ၏။

မြတ်စွာဘုရားသခင်သည် ကြည့်ရှုထင်ထင် မြင်တော်မူသောနေ့မှ ရှေးအဖို့ဖြစ်သောနေ့ၓ ထိုမစ္ဆရိယ ကောသိယ သူဌေးသည် မင်းကြီးကို ခစားခြင်းငှါ ရာဇဂြိုဟ်ပြည်သို့ သွားရောက်၍ မင်းကြီးအား ခစားခြင်းကိုပြု၍ ပြန်လာခဲ့သည်ရှိသော် တစ်ခုသောမုန့် ချက်လုပ်သော ဇရပ်ၓမုယောမုန့်ကို လည်းကောင်း၊ အိုးကင်းမုန့်ကိုလည်းကောင်း စားသောက်သော ဇနပုဒ်နေသူ လူအပေါင်းကိုမြင်၍ ထိုမုန့်ၓ မွတ်သိပ်နှစ်မျို စားလိုခြင်းဖြစ်ပြီးလျှင် မိမိ၏ အိမ်သို့ သွားရောက်ပြီးသည်ကာလ စဉ်းစားကြံဆင်ခြင်သည်မှာ ငါသည် အိုးကင်းမုန့်ကို စားလိုသောဆန္ဒဖြစ်ပေသည်ဟု အကယ်၍ ဆိုခဲ့အံ့၊ များစွာကုန်သော လူတို့သည် ငါနှင့်အတူတကွ စားသောက်လိုသည် ဖြစ်ကုန်လတ္တံ့။ ယင်းသို့ စားလိုကုန်သည်ဖြစ်၍ စားသောက်ခဲ့သည် ရှိသော် ငါ၏ နှမ်း, ဆန်, ထောပတ် တင်လဲ စသည်တို့သည် ကုန်ခန်းခြင်းသို့ ရောက်ပေလတ္တံ့။ ငါသည် တစ်စုံတစ်ယောက်သော သူအားမပြောကြားတော့အံ့ဟုကြံ၍ ပြင်းထန်စွာ စားလိုခြင်းၓ တပ်မက်သောတဏှာကို သိမ်းဆည်း သည်းခံလျက်သာ လှည့်ပတ် သွားလာ နေထိုင်ခြင်းကို ပြု၏။ မစ္ဆရိယကောသိယ သူဌေးသည် သွားတိုင်း သွားတိုင်းသော အချိန် သမယကာလ မြင့်ရှည်သည်ရှိသော် စားလိုသော အာသာတဏှာ မပြေဘဲ ကိုယ်ရေနွမ်းပျော့ ဖျော့တော့သော အဆင်း ရှိခြင်း၊ ကွမ်းရွက်တမျှ ပမာဏကဲ့သို့ အကြောပြိုင်းပြိုင်း ထခြင်းသည် ဖြစ်၏။ ထိုနောက်မှ သူဌေးသည် မုန့်ၓစားလိုသော အာသာ တပ်မက်မောသော တဏှာကို သည်းခံခြင်းငှါ မစွမ်းနိုင်

သောကြောင့် တိုက်ခန်းထဲသို့ ဝင်၍ ညောင်စောင်းထက်၌ ပက်လက် တစောင်း ဘယ်ညာ ပြောင်းလျက် ဦးခေါင်းရုံခြင်းကို ပြု၍ အိပ်၏။ ဤမျှလောက်သော ဆင်းရဲဒုက္ခသို့ ရောက်ရလေငြားသော်လည်း ပစ္စည်းဥစ္စာ ဆုတ်ယုတ်အံ့သည်မှ ရှုံကြောက် စိုးရိမ်သဖြင့် တစ်စုံတစ်ယောက်သော သူအား တစ်စုံတစ်ခုသော စကားကိုမျှ မပြောမဆိုဘဲ တိတ်တဆိတ်သာ နေလေ၏။ ထိုကြောင့် ရှင်းအဋ္ဌကထာ၌–

"ဧဝံ ဂတောပိ ဟိ ဓနဟာနိ ဘယေန န ကဿစိ ကိဉ္စိ ကထေသိ"

ဟု မိန့်တော်မူ၏။

**အနက်ကား**။ ။"ဟိတာဒေဝ သစ္စံ၊ ထိုစကားသည် သာလျှင် မှန်၏။ ဧဝံ၊ ဤသို့သော ဒုက္ခ ဆင်းရဲသို့။ ဂတောပိ။ ရောက်သော်လည်း။ ဓနဟာနိဘယေန၊ ပစ္စည်းဥစ္စာ ဆုတ်ယုတ်အံ့သည်မှ ကြောက်သဖြင့်။ ဝါ ကြောက်ခြင်းကြောင့်။ ကဿစိ၊ တစ်စုံတစ်ယောက်သော သူအား။ ကိဉ္စိ၊ တစ်စုံတစ်ခုသော စကားကို။ န ကထေသိ၊ မဆိုလေ။ ဤကားအနက်။

ထိုအခါ၌ မစ္ဆရိယ ကောသိယ သူဌေးကို ခင်ပွန်းမ သူဌေးကတော်သည် ချဉ်းကပ်၍ ကျောက်ကုန်းကို ဆုတ်နယ်ပြီးသော် အရှင် အသို့ပေနည်း၊ အရှင်အား အဘယ်သို့သော မချမ်းသာခြင်းသည် ဖြစ်ပါသနည်းဟု မေး၏။ ချစ်နှမ ငါအား တစ်စုံတစ်ခုသော မချမ်းမသာ ရောဂါစွဲကပ်ခြင်း မရှိပေဟု ပြောကြားသည် ရှိသော် အသို့နည်း အရှင် အရှင်အား ပြည့်ရှင်မင်းကြီးသည် အမျက်ထွက်လေ သလောဟု မေးပြန်သောကာလ ချစ်နှမ ငါ့အား မင်းကြီးသည် အမျက်မထွက်ပေဟု ပြော၏။ ထိုသို့ မဟုတ်ခဲ့သည် ရှိသော် အသို့ပေနည်း အရှင်အား သားသမီးတို့သည် လည်းကောင်း၊ ကျွန်အမှုလုပ် စသည်တို့သည်လည်းကောင်း တစ်စုံတစ်ခု မနှစ်သက်ဖွယ်သော အမှုကို ပြုပါ သလောဟု မေးပြန်က တစ်စုံတစ်ခုမျှကို ပြုသည် မရှိပေဟု ပြောသဖြင့် အရှင်၊ အရှင်အား တစ်စုံတစ်ခုသော ပစ္စည်းဝတ္ထု၌ တပ်မက်ခြင်းသည် ရှိပါသလောဟု မေး၏။ ဤသို့ မေးမြန်းအပ်သော်လည်း ပစ္စည်းဥစ္စာ ဆုတ်ယုတ်အံ့သည်မှ ရှုံ့ကြောက်သောကြောင့် တစ်စုံတစ်ခုမျှသော စကားကို မပြောမဆိုဘဲ အသံ ဆိတ်သည် ဖြစ်၍သာလျှင် အိပ်နေ၏။ ထိုအခါ ခင်းပွန်းမဖြစ်သော သူဌေး ကတော်က အရှင် အသင်သည် တစ်စုံတစ်ခုသော ပစ္စည်းဝတ္ထု၌ တပ်မက်သော တဏှာ ဖြစ်ခဲ့ပါမူကား ကျွန်တော်မအား ပြန်ကြားပါလော့ဟု အထပ်ထပ် အတန်တန် မေး၏။ ထိုသူဌေးသည် မယား၏ စကားကို ပြန်ကြားရမည့်အရာ ပင်ပန်းဘိသကဲ့သို့ ဖြစ်ပြီးလျှင် ချစ်နှမ ငါ့အား တစ်ခုသော ပစ္စည်းဝတ္ထု၌

တပ်မက်၍ နေသော တဏှာသည် ရှိပေသည်ဟု ပြော၏။ အရှင် တပ်မက်သော အရာသည် အဘယ်ပါနည်းဟု မေးလျှင် ချစ်နှမ အိုးကင်းမုန့်ကို စားခြင်းငှါ အလိုရှိခြင်း ဖြစ်ပေသည်ဟု ပြော၏။ အရှင် ထိုသို့ ဖြစ်ပါလျက် အဘယ့်ကြောင့် ကျွန်တော်မအား ထိုအကြောင်းကို မကြား မဆိုဘိသနည်း၊ အသို့နည်း၊ အသင်သည် ဆင်းရဲသော သူလော၊ ဤယခုအခါ၌ အလုံးစုံသော မြို့နိဂုံး တစ်ရွာလုံး၌ နေသော လူတို့အား စားသုံး လောက်အောင်သော မုန့်တို့ကို ချက်ပေအံ့ဟု ဆို၏။

ချစ်နှမ ထိုရွာသူ ရွာသားတို့သည် အသင်၏ မုန့်ဘိုကို စားပြီးသည် ကာလ မိမိတို့၏ အမှုကိစ္စကို မိမိတို့ ပြုကြကုန်လတ္တံ့။ ထိုရွာသူ ရွာသားတို့ဖြင့် အဘယ် အကျိုးရှိအံ့နည်းဟု ဆို၏။ ထိုသို့ တပြီးကား အရှင် တစ်ခုသော ခရီးလမ်းမ၌ နေလေ့ ရှိသော သူတို့အား စားသုံးလောက်အောင် မုန့်တို့ကို ချက်အံ့ဟု ဆို၏။ ထိုအခါ သူဌေးက ချစ်နှမ ငါသည် အသင်အား ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာ သည်၏ အဖြစ်ကို သိပါ၏ဟု ပြောသဖြင့် ယင်းသို့ တပြီးကား ဤအိမ်၌ နေကုန်သော အလုံးစုံကုန်သော သူတို့အား စားသုံးလောက်သည်ကို ပြု၍ မုန့်တို့ကို ချက်အံ့ဟု ဆို၏။ ချစ်နှမ အသင် အလိုကြီးသည်၏ အဖြစ်ကို ငါသည် သိပါ၏ဟု ပြောပြန်သဖြင့် ထိုသို့ တပြီးကား အရှင်သူဌေး၏ သားသမီးမျှ စားလောက်ရုံကို ပြု၍ ချက်ပါအံ့ဟု ဆိုလျှင် ထိုသားသမီးတို့ဖြင့် အဘယ်သို့ ပြုအံ့နည်းဟု ဆိုသဖြင့် အသို့နည်း၊ အရှင် အရှင်အားလည်းကောင်း ကျွန်တော်မ အားလည်းကောင်း စားလောက်ရုံကို ပြု၍ ချက်ပါတော့အံ့ဟု ပြောက အသင်မှာ အဘယ်သို့ ဖြစ်၍ စားလတ္တံ့နည်းဟု ပြောဆိုပြန်သဖြင့် ထိုသို့ တပြီးကား အရှင် အရှင်တစ်ယောက် စားလောက်ရုံကိုသာ ပြု၍ ချက်ပါတော့ အံ့ဟု ပြော၏။ ထိုအခါ သူဌေးက ချစ်နှမ ဤအရပ်ဌာန၌ မုန့်ကို ချက်လုပ်သည် ရှိသော် များစွာသော သူတို့သည် တောင့်တသားလိုင်း ဖြစ်ပေလိမ့်မည်။ ကောင်းမွန်သော ဆန်တို့ကို ထား၍ ဆန်ကျိုး ဆန်ကွဲတို့ကိုလည်းကောင်း၊ ခုံလောက်ငယ် အိုးကင်းငယ်တို့ကိုလည်းကောင်း ယူပြီးသည်ကာလ အနည်းငယ် မျှသာဖြစ်သော နို့ ရည်၊ ထောပတ်၊ ပျား တင်လဲတို့ကို ယူ၍ ဘုံခုနစ်ဆင့် ရှိသော ပြာသာဒ်အထက်ဆင့် အပြင်ထက်သို့ တက်ပြီးသော် မုန့်ကို ချက်ပါ လေလော့၊ ထိုအရပ်၌ငါသည် တစ်ယောက်ချင်းသာလျှင် ထိုင်နေ၍ စား သောက်အံ့ဟု ဆို၏၊ သူဌေးကတော်လည်း ကောင်းပါပြီဟု ဝန်ခံပြီးကာလ ယူသင့် ယူထိုက်သော အဆောက်အဦ အလုံးစုံကို အကုန် ယူစေ၍ ပြာသာဒ် ထက်သို့ တက်ပြီးသော် လိုက်ပို့သော ကျွန်မတို့ကို ယွတ်သုက် ပြီးလျှင် သူဌေးကြီးကို ခေါ်စေ၏။ ထိုသူဌေးလည်း အစဖြစ်သော ဘုံအဆင့်မှ စ၍ တံခါးတို့ကို ပိတ်လျက် အလုံးစုံသော တံခါးတို့၌ မင်းတုံးကြီးငယ်

တို့ကို ချပိတ်၍ ခုနစ်ခုမြောက်သော ပြာသာဒ်အပြင်ထက်သို့ တက်ပြီးသော် ထိုပြာသာဒ်အပြင်၌လည်း တံခါးကို လုံခြုံစွာပိတ်၍ ထိုင်နေ၏၊ သူဌေး၏ ခင်ပွန်းမဖြစ်သော သူဌေးကတော်သည်လည်းခုံလောက်၌ မီးကိုညှိပြီးသောအခါ အိုးကင်းကို ခုံလောက်ထက်သို့တင်၍ မုန့်တို့ကိုချက်ခြင်းငှါအားထုတ်၏။

## အရှင်မောဂ္ဂလာန် မုန့်အလှူခံကြွတော်မူခြင်း

ထိုအခါ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်သည် နံနက်စောစောကပင်လျှင် အရှင်မဟာမောဂ္ဂလာန်မထေရ်ကိုခေါ်တော်မူ၍ ချစ်သားမောဂ္ဂလာန်၊ ရာဇဂြိုဟ်ပြည်၏ မနီးမဝေးဖြစ်သော သက္ကာရရွာနိဂုံး၌ မစ္ဆရိယကောသိယ သူဌေးသည် အိုးကင်းမုန့်ကိုစားအံ့ဟူ၍ သူတစ်ပါးတို့ မြင်အံ့သောဘေးမှ ရှိခ့ကြောက်သောကြောင့် ဘုံခုနစ်ဆင့်မြောက်ဖြစ်သော ပြာသာဒ်အပြင်ထက်၌ အိုးကင်းမုန့်တို့ကို ချက်စေ၏။ သင် ချစ်သားသည် ထိုသက္ကာရ နိဂုံးအရပ်ဒေသသို့ သွားရောက်၍ သူဌေးကြီးကို တဏှာမွန်စိတ် အဆိပ်မရှိ ကင်းပြတ်ဘိအောင် ကြည့်ရှုဆုံးမ ပြုပြီ၊ သည်ကာလ နှစ်ယောက်ကုန်သော ခင်ပွန်းလင်မယားတို့ကိုလည်းကောင်း မုန့်တို့ကိုလည်းကောင်း နို့ရေ ထောပတ် ပျား တင်လဲတို့ကို လည်းကောင်း ယူစေပြီး၍ မိမိ၏အစွမ်းဖြင့် ငါဘုရား သီတင်းသုံးတော်မူရာဖြစ်သော ဇေတဝန်ကျောင်းတော်သို့ ခေါ်ဆောင်ခဲ့လေလော့။ ငါဘုရားသည် ယနေ့အခင်းဝယ် မြို့တွင်းသို့ ဆွမ်းခံခြင်းသို့ ကြွဝင်တော်မမူဘဲ ငါးရာကုန်သောရဟန်းတို့နှင့်အတူတကွ ကျောင်းတော်၌သာလျှင် မျှတသီတင်းသုံးတော်မူအံ့၊ ယနေ့အဖို့ဝယ် မစ္ဆရိယ ကောသိယသူဌေး၏မုန့်တို့ဖြင့်သာလျှင် ဆွမ်းဘုဉ်းပေးခြင်းကိစ္စပြုတော့အံ့ဟု မိန့်တော်မူ၏။ အရှင်မဟာမောဂ္ဂလာန်မထေရ်လည်း ကောင်းလှပါပြီအရှင်ဘုရားဟု မြတ်စွာဘုရား စကားတော်ကို လျှောက်ကြားဝန်ခံ၍ ထိုခဏ၌သာလျှင် တန်ခိုးတော်အစွမ်းဖြင့် သက္ကာရနိဂုံးသို့ ကြွတော်မူ၍ ထိုမစ္ဆရိယကောသိယ သူဌေးပြာသာဒ်၏ လေသောက် ပြတင်းတို့၌ သင်္ကန်းကို ကောင်းစွာ ဝတ်ရုံတော်မူလျက် ကောင်းကင်အပြင်၌ ပတ္တမြားဆင်းတုတမျှ ပမာဏကဲ့သို့ တန့်တန့်မတ်မတ်ရပ်၍ သီတင်းသုံးတော်မူ၏။

မစ္ဆရိယ ကောသိယသူဌေးကြီးအား အရှင်မောဂ္ဂလာန်မထေရ်ကို မြင်သောအခါ နှလုံးတုန်လှုပ်ခြင်း ဖြစ်လေ၏။ ငါသည် ဤသို့သဘောရှိသော တစ်ပါးသော သူအား ပေးရအံ့သောဘေးမှ တွေးတော ရှိခ့ကြောက်ခြင်း ရှိသည် ဖြစ်၍ ဤအရပ်သို့လာခဲ့၏။ ဤရဟန်းသည်လည်း ကောင်းကင်ခရီးဖြင့် ကြွလာ၍ လေသောက် ပြတင်းတံခါး၌ ရပ်လာ၏ဟု ကြံစည် စိုးရိမ်လျက် ယူသင့် ယူထိုက်သော ပစ္စည်းဝတ္ထုကိုမျှ ကြည့်ရှုဘင်ထင် မမြင်နိုင်ဘဲ မီးထဲ၌ထည့်အပ်သောဆားကဲ့သို့ ဖျစ်ဖျစ်မြည်လျက် အမျက်ဒေါသဖြင့် အရှင်ရဟန်း

အသင်သည် ကောင်းကင်ထက်၌ တန့်တန့်မတ်မတ် ရပ်တည်၍နေသော်လည်း အဘယ်ကိုရလတ္တံ့နည်း၊ ရပ်တန့်ရုံမျှမကာ ခြေရာမထင် ကောင်းကင်ပြင်ထက်၌ ခြေရာကိုပြလျက် စင်္ကြံကြွ၍ နေစေကာမူ တစ်စုံတစ်ခုကိုမျှ မရလတ္တံ့ဟု ဆို၏။ အရှင်မောဂ္ဂလာန်မထေရ်သည် ထိုလေသောက်ပြတင်းအရပ်၌ပင် ထိုမှ ဤမှ စင်္ကြံတုန့်ခေါက် ရှောက်၍နေတော်မူ၏။ သူဌေးကလည်း အရှင်ရဟန်း၊ အသင်သည် စင်္ကြံတုန့်ခေါက် ရှောက်၍နေသော်လည်း အဘယ်ကို ရလတ္တံ့နည်း၊ စင်္ကြံရှောက်ရုံမျှမက ကောင်းကင်ပြင်ထက်၌ ပလ္လင်ဖွဲ့ခွေ ထိုင်၍ နေသော်လည်း တစ်စုံတစ်ခုကိုမျှ မရလတ္တံ့ သည်သာလျှင်တည်းဟု ဆို၏၊ အရှင်မောဂ္ဂလာန် မထေရ်လည်း ကောင်းကင်ပြင်ထက်၌ ပလ္လင်ဖွဲ့ခွေ ထိုင်နေတော်မူ၏။ ထိုနောက် သူဌေးက အရှင်ရဟန်း အသင်သည် ကောင်းကင်ပြင်ထက်၌ ထက်ဝယ် ဖွဲ့ခွေ ထိုင်နေသော်လည်း အဘယ်ကို ရလတ္တံ့နည်း။ ထက်ဝယ် ဖွဲ့ခွေ ထိုင်နေရုံမျှမက ဤသို့ ကြွလာခဲ့၍ လေသောက် ပြတင်းတံခါးခုံ၌ ရပ်တည်လေငြားသော်လည်း တစ်စုံတစ်ခုကိုမျှ မရပေလတ္တံ့ဟု ဆို၏။ အရှင်မောဂ္ဂလာန် မထေရ်သည် လေသောက် ပြတင်းတံခါးခုံ၌ ရပ်တော်မူ၏။ ထိုနောက် သူဌေးက အရှင်မောဂ္ဂလာန်မထေရ်ကို အရှင်ရဟန်း အသင်သည် တံခါးခုံ၌ ရပ်တည်လေငြားသော်လည်း အဘယ်ကို ရလတ္တံ့နည်း။ တံခါးခုံ၌ ရပ်တည်ရုံမျှမက အခိုးအငွေ့ကို လွှတ်လေငြားသော်လည်း တစ်စုံတစ်ခုမျှကို မရပေလတ္တံ့ဟု ဆို၏။ အရှင်မောဂ္ဂလာန် မထေရ်သည်လည်း အခိုးအငွေ့ကို လွှတ်တော်မူ၏။ အလုံးစုံသော ပြာသာဒ်သည် တစ်ပြိုင်နက် အခိုးအငွေ့ဖြင့် ပြီးသည်ဖြစ်လေ၏။ သူဌေးအား မျက်စိကို အပ်ဖြင့် ထိုးဆွကသကဲ့သို့ အလွန်ကျင်နာခြင်းသည် ဖြစ်၏။ အိမ်ကို မီးလောင်အံ့သော ဘေးမှ ကြောက်သောကြောင့် အိမ်ကိုမီးလျှံတောက်အောင် ပြုငြားသော်လည်း တစ်စုံတစ်ခုမျှ မရပေလတ္တံ့ဟု နှုတ်က မဆိုဝံ့မူ၍ ဤရဟန်းသည် ငါတို့အား ကောင်းစွာ ကပ်ငြိ၍ နေ၏။ တစ်စုံတစ်ခုမျှကို မရသည်ရှိသော် မသွားဘဲ နေလတ္တံ့။ ထိုရဟန်းအား တစ်ခုသော မုန့်ကို ပေးစေအံ့ဟု ကြံ၍ ခင်ပွန်းမယားကို ချစ်နှမ သေးငယ်စွာသော တစ်ခုသောမုန့်ကို ချက်၍ ရဟန်းအား ပေးပြီးသည်ကာလ လွှတ်လိုက်ပါလော့ဟု ဆို၏။

## အရှင်မောဂ္ဂလာန်အား မုန့်လှူဒါန်းခြင်း

သူဌေးကတော်သည် အနည်းငယ်သော မုန့်ညက်ကို အိုးကင်းခွက်၌ ထည့်၏။ ကြီးစွာသော မုန့်ကြီးဖြစ်၍ အိုးကင်းခွက် တစ်ပြင်လုံးကို ပြည့်၏။ ဖူးဖူးယောင်တက် ကြွသည်ဖြစ်၍ တည်၏။ သူဌေးသည် ထိုအခြင်းအရာကိုမြင်လျှင် အသင်သည် မုန့်ညက်တို့ကို များစွာထည့်သောကြောင့် ဤသို့ ဖြစ်လေသည်ဟု ပြောဆိုပြီးလျှင် မိမိကိုယ်တိုင် ယောက်မကို ကိုင်၍ ယောက်မဖျား အနား

စွန်းဖြင့် အလွန်တရာ နည်းလှစွာသော မုန့်ညက်ကို ယူ၍ ဆည့်၏။ မုန့်သည် ရွှေထက်တိုးတက်၍ တိုးတက်၍သာ ကြီးခြင်း ဖြစ်လေ၏။ ဤသို့သော နည်းဖြင့် အကြင်အကြင်သို့သော မုန့်သည် ကျက်၏။ ထိုကျက်သောမုန့်ထက် နောက်နောက်ချက်လုပ်အပ်သော မုန့်သည် ကြီး၍သာ နေသောကြောင့် ငြီးငွေ့သော သဘောရှိလေရကား မိမိခင်ပွန်းမ သူဌေးကတော်ကို ချစ်နှမ ဤရဟန်းအား တစ်ခုသော မုန့်ကို ပေးကမ်းလှူဒါန်း လိုက်ပါလော့ဟု ဆို၏။ သူဌေးကတော်အား မုန့်ထည့်သောခြင်းမှ တစ်ခုသော မုန့်ယူက်ကို ယူသည်ရှိသော် အလုံးစုံကုန်သောမုန့်တို့သည် တစ်စပ်တည်းကဲ့သို့ ကပ်ငြိ၍ တည်ကုန်၏။ သူဌေးကတော်သည် သူဌေးကို အရှင် အလုံးစုံကုန်သော မုန့်တို့သည် တစ်စပ်တည်းကဲ့သို့ ကပ်ငြိ၍ တည်ကုန်၏။ အသီးအခြား တစ်ခုသော မုန့်ယူက်ကို ယူခြင်းငှါ မစွမ်းနိုင်ပါဟု ပြောကြား၏။ ထိုအခါ သူဌေးက ငါပြုအံ့ဟု ဆို၍ ထိုသူဌေးသည် ခွါ၍ ယူသော်လည်း ခွါယူ၍မရ၊ ခွါယူခြင်းငှါ မစွမ်းနိုင်သဖြင့် နှစ်ယောက်ကုန်သော သူဌေးလင်မယားတို့သည် အစွန်း၌ကိုင်၍ ဆွဲငင်ဖဲ့ခွါကုန်သော်လည်း ခွါယူခြင်းငှါ မစွမ်းနိုင်သည်သာလျှင် ဖြစ်လေကုန်၏။ ထိုသို့ သူဌေးအား မုန့်တို့နှင့်တကွ လုံ့လပြုစဉ်ပင်လျှင် ကိုယ်မှချွေးတို့သည် အပြိုင်အပြိုင် စီးထွက်ကုန်၏။ မွတ်သိပ်ခြင်း ပြတ်လေ၏။ ထိုနောက်မှ သူဌေးက ခင်ပွန်းမ သူဌေးကတော်ကို နှမ ငါ့အား ဤမုန့်တို့ဖြင့် အလိုမရှိပြီ၊ ခြင်းတောင်းနှင့် တကွသာလျှင် ဤရဟန်းအား ပေးလှူလိုက်ပါလော့ဟု ပြော၏။ သူဌေးကတော်သည်လည်း မုန့်ခြင်းတောင်းကို ယူ၍ အရှင်မောဂ္ဂလာန် မထေရ်သို့ ချဉ်းကပ်၏။

အရှင်မောဂ္ဂလာန် မထေရ်သည် နှစ်ဦးကုန်သော သူဌေးခင်ပွန်း လင်မယားတို့အား တရားစကား ဟောကြား ဆုံးမတော်မူ၏။ သုံးပါးကုန်သော ရတနာတို့၏ ဂုဏ်ကျေးဇူး အထူးကို မိန့်ဆိုဟောပြတော်မူ၏။ "အတ္ထိ ဒိန္နံ အတ္ထိ ယိဋ္ဌံ" စသည်ဖြင့် အလှူဒါန၏ အကျိုးကို ကောင်းကင်ပြင်ဗဟိုလယ် တင့်တယ်တောက်ထွန်းသော လပြည့်ဝန်းကဲ့သို့ ထင်ရှားစွာ ပြတော်မူ၏။ ထိုသို့သော တရားစကားကို ကြားနာရသည်ရှိသော် ကြည်ညို ညွတ်ရှိုင်းသော စိတ်ရှိသည် ဖြစ်၍ သူဌေးသည် ဘုန်းတော်ကြီးတော်မူသော အရှင်ဘုရား အရှင်မြတ်သည် ကြွလာတော်မူပြီးသော ကာလ ဤပလ္လင်ထက်၌ ထိုင်နေသီတင်းသုံး၍ မုန့်ကို ဘုဉ်းပေးတော်မူပါကုန်လော့ဟု လျှောက်ကြား၏။ အရှင်မောဂ္ဂလာန် မထေရ်မြတ်က သူဌေးကြီး မြတ်စွာဘုရား ကိုယ်တော်မြတ်သည် မုန့်တို့ကို ဘုဉ်းပေးသုံးဆောင်တော်မူမည်ဟူ၍ ငါးရာကုန်သော ရဟန်းတို့နှင့်တကွ ကျောင်းတော်၌ သီတင်းသုံးတော်မူ၏။ အသင်တို့သည် ရှင်လန်းနှစ်မြို့ အလိုရှိကုန်သည်ရှိသော် အသင်၏ ခင်ပွန်းမဖြစ်သော သူဌေးကတော်ကို မုန့်တို့ကိုလည်းကောင်း၊ နို့ရည်

စသည်တို့ကို လည်းကောင်း ယူစေကုန်လော့ အသင်တို့ကို မြတ်စွာဘုရား ကိုယ်တော်မြတ်၏ ထံတော်သို့ ယူဆောင်၍ သွားကုန်အံ့ဟု မိန့်တော်မူ၏။ အရှင်ဘုရား ယခုအခါ၌ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်သည် ဘယ်အရပ်၌ သီတင်းသုံးတော် မူပါသနည်းဟု မေးလျှောက်၏။ ဒါယကာ သူဌေးကြီး ဤ သက္ကာရနိဂုမ်းရွာမှ လေးဆယ့်ငါး ယူဇနာမျှလောက် ဝေးကွာသော ဇေတဝန် ကျောင်းတော်၌ သီတင်းသုံးတော် မူသတည်းဟု မိန့်တော်မူလျှင် အရှင်ဘုရား ဘုဉ်းပေးအံ့သော ကာလကို မလွန်မူ၍ ဤမျှလောက် အဝေးရှည်စွာ ဝေးကွာ သော အရပ်သို့ အဘယ်သို့ သွားနိုင်ပါကုန်အံ့နည်းဟု လျှောက်သည်ကာလ အရှင်မောဂ္ဂလာန် မထေရ်မြတ်က သူဌေးကြီး အသင်တို့သည် အလိုရှိသည် ရှိသော် ငါသည် အသင်တို့အား မိမိ၏ တန်ခိုး၏ အစွမ်းဖြင့် ဆောင်ပေအံ့။ အသင်တို့၏ ပြာသာဒ်စောင်းတန်းဦးသည် မိမိ၏ တည်ရာအရပ်၌သာ ဖြစ်လတ္တံ့။ စောင်းတန်း၏ အဆုံးသည်ကား ဇေတဝန်ကျောင်းတော်၏ တံခါးမုခ်ဝ၌ ဖြစ်လတ္တံ့။ အထက်ပြာသာဒ်အပြင်မှအောက်ပြာသာဒ်အပြင်သို့သက်ဆင်းကာမျှ ဖြင့်သာလျှင် အသင်တို့အား ဇေတဝန် ကျောင်းတော်သို့ ရောက်အောင် ဆောင်ယူအံ့ဟု မိန့်တော်မူသည်ကာလ သူဌေးကြီးကလည်း ကောင်းလှပါပြီ အရှင်ဘုရားဟု ဝန်ခံ၏။

## အရှင်မောဂ္ဂလာန်သည် သူဌေးကြီးလင်မယားကို ဇေတဝန်ကျောင်းတော်သို့ ဆောင်ခြင်း

အရှင်မဟာမောဂ္ဂလာန် မထေရ်သည် စောင်းတန်းဦးကို ထိုအရပ်၌သာလျှင် ပြု၍ စောင်းတန်းခြေရင်းသည် ဇေတဝန်ကျောင်းတော်၏ တံခါးမုခ်ဝ၌ တည်စေ သတည်းဟု ဓိဋ္ဌာန်တော်မူ၏။ မထေရ်မြတ် ဓိဋ္ဌာန်တော်မူတိုင်းသာလျှင် ဖြစ်လေ ၏။ ဤသို့သော အခြင်းအရာဖြင့် ပြုတော်မူပြီးမှ အရှင်မောဂ္ဂလာန်မထေရ်သည် သူဌေးကြီးကိုလည်း ကောင်း၊ သူဌေးကတော်ကိုလည်းကောင်း အထက်ဖြစ်သော ပြာသာဒ်အပြင်ထက်မှ အောက်ဖြစ်သော ပြာသာဒ်သို့ သက်ဆင်းသောကာလမှ လျင်မြန်စွာ ဇေတဝန်ကျောင်းတော်သို့ ရောက်စေ၏။ ထိုနှစ်ယောက်ကုန်သော သူဌေးလင်မယားတို့သည် မြတ်စွာဘုရားသခင်၏ ထံရပ်သို့ ချဉ်းကပ်၍ အခါ ကာလကို ကြားလျှောက်ကုန်၏။ မြတ်စွာဘုရားသခင်သည် ဆွမ်းစားဇရပ်သို့ သံဃာတော်တို့နှင့်တကွ ကြွဝင်တော်မူ၍ ခင်းထားအပ်သော ဘုရားသခင်တို့ နေရာ၌ မြတ်စွာဘုရား ကိုယ်တော်မြတ်သည် ထိုင်နေ သီတင်းသုံးတော်မူ၏။ သံဃာတော်တို့လည်း အသီးအသီး မိမိတို့လျှောက်ပတ်သော နေရာအားလျော် စွာ ထိုင်နေ သီတင်းသုံးတော်မူကြကုန်၏။ သူဌေးကြီးလည်း ဘုရားအမှူးရှိ သော ရဟန်း သံဃာတော်အား အလှူရေစက်ကို သွန်းချပေးလှူ၏။ သူဌေး

ကတော်သည် မြတ်စွာဘုရားသခင်၏ သပိတ်တော်၌ မုန့်ကိုထည့်၍ တည်စေ၏။ မြတ်စွာဘုရားသည်လည်း မိမိအား မျှလောက်ရုံမျှကို အလှူခံတော်မူ၏။ ဤသို့သောနည်းဖြင့် ငါးရာကုန်သော ရဟန်းတို့သည်လည်း မျှလောက်ရုံမျှကို ခံယူကြကုန်၏။ မစ္ဆရိယ ကောသိယသူဌေးသည် နို့ ရေ ထောပတ်-ပျား-တင်လဲ-သကာစသည်တို့ကို ပေးလှူ ထည့်လောင်းသည်ရှိသော် မကုန်နိုင်သည့် အဖြစ်သို့ ရောက်လေ၏။

မြတ်စွာဘုရားသခင်သည် ငါးရာကုန်သော ရဟန်းတို့နှင့်တကွ ဆွမ်းစားခြင်းကိစ္စကို ပြီးဆုံးစေတော်မူ၏။ သူဌေးသည်လည်း မိမိ၏ ခင်ပွန်းမဖြစ်သော မယားနှင့်တကွ အလိုရှိတိုင်း မုန့်တို့ကို စားသောက်လေ၏။ မုန့်၏ ကုန်ခန်းခြင်းအဖြစ်သည်မထင်။ အလုံးစုံကုန်သော ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးကုန်သော ရဟန်းတို့အားလည်းကောင်း၊ စားကြွင်းစားတို့အားလည်းကောင်း ပေးကမ်းလှူဒါန်း၍စားသောက်ဘုဉ်းပေးကြသော်လည်းကုန်ခန်းခြင်းမရှိသောကြောင့် မြတ်စွာဘုရား ကိုယ်တော်မြတ်သို့ ချဉ်းကပ်၍ ဘုန်းတော်ကြီးတော်မူလှပေသော မြတ်စွာဘုရား အလုံးစုံသောသူတို့ပင် စားသောက် သုံးဆောင်ပေလကြသော်သည်း မုန့်တို့သည် ပြီးဆုံးကုန်ခန်းခြင်းသို့ မရောက်ပါကုန်ဟု မြတ်စွာဘုရားအား ကြားလျှောက်ကုန်၏။ မြတ်စွာဘုရား ကိုယ်တော်မြတ်က ထိုသို့တပြီးကား ဇေတဝန်ကျောင်းတော်၏ တံခါးမုခ်ဝ၌ စွန့်ပစ်ကြကုန်လော့ဟု မိန့်တော်မူ၏။ ထိုအခါ သူဌေးခင်ပွန်း လင်မယားတို့သည် ပိုလွန် ကြွင်းကျန်သောမုန့်တို့ကို ဇေတဝန်ကျောင်း အရံတံခါးမုခ်ဝ၏ မနီးမဝေးဖြစ်သော ချိုင့်ဝှမ်းသော အရပ်ဒေသတစ်ခု၌ စွန့်ပစ်ကြကုန်၏။ ယနေ့ထက်တိုင်အောင်လည်း ထိုနေရာဌာနသည် "ကပလ္လပူဝပဗ္ဘာရ"ဟူသော အမည်သည် ထင်ရှားလေ၏။ ထိုကြောင့် ဤအဋ္ဌကထာ၌–

ယာဝဇ္ဇတနာပိ တံ ဌာနံ ကပလ္လပူဝပဗ္ဘာရံ တွေဝ ပညာယတိ–

ဟု မိန့်တော်မူ၏။

**အနက်ကား**။ ။ယာဝဇ္ဇတနာပိ၊ ယခုနေ့သို့ တိုင်အောင်လည်း။ တံ ဌာနံ၊ ထိုမုန့်စွန့်ပစ်ရာဖြစ်သော အရပ်သည်။ ကပလ္လပူဝပဗ္ဘာရံ တွေဝ၊ ကပလ္လပူဝပဗ္ဘာရ-ဟူ၍သာလျှင်။ ဝါ၊ အိုးကင်းမုန့်ရှိသော ချိုင့်ဟူ၍သာလျှင်။ ပညာယတိ၊ ထင်ရှား၏။ ဤကား အနက်။

## သူဌေးလင်မယား သောတာပန်တည်ခြင်း

သူဌေးကြီးလည်း ခင်ပွန်းမသူဌေးကတော်နှင့်တကွ မြတ်စွာဘုရားကိုယ်တော်မြတ်သို့ ချဉ်းကပ်ပြီးသောကာလ ရှိခိုးဦးချ၍ တင့်အပ်လျောက်ပတ်သော အရပ်၌ တည်နေ၏။ မြတ်စွာဘုရားသခင်သည် အနုမောဒနာကို ပြုတော်မူ၏။ အနုမောဒနာ ဒေသနာတော်အဆုံး၌ သူဌေးခင်ပွန်း လင်မယားတို့သည် သောတာပတ္တိဖိုလ်၌တည်၍ မြတ်စွာဘုရား ကိုယ်တော်မြတ်အား ညွတ်ပြတ်ဝပ်လျိုး ရှိခိုးပြီးသည်ကာလ တံခါးမုခ်ဝ၌ရှိသော စောင်တန်းသို့တက်၍ မိမိ၏ ပြာသာဒ်ထက်၌သာလျှင် တည်ကြကုန်၏။ ထိုနေ့ကာလ ယင်းမှစ၍ သူဌေးကြီးသည် ကုဋေရှစ်ဆယ်မျှလောက်ကုန်သော ပစ္စည်းဥစ္စာတို့ကို မြတ်စွာဘုရား သာသနာတော်၌ စွန့်ကြဲပေးလှူ၏။

တစ်နေ့မိုးသောက် ရောက်သောအခါ ညချမ်းသောကာလ တရားသဘင်၌ ကြွဝင်စည်းဝေး ထိုင်နေတော်မူကြကုန်သော ရဟန်းအပေါင်းတို့သည် ငါ့ရှင်တို့ အရှင်မဟာမောဂ္ဂလာန် မထေရ်မြတ်၏ တန်ခိုးအနုဘော်ကို ကြည့်ရှုတော်မူကြပါကုန်လော့။ သဒ္ဓါတရား စီးပွါးချမ်းသာ များစွာသော ဥစ္စာတို့ကို ထိခိုက်ယွင်းကွက် ပျက်စီးခြင်းကို မဖြစ်စေမူ၍ မစ္ဆရိယသူဌေးကို တစ်မုဟုတ်ခဏမျှဖြင့် ဆုံးမတော်မူပြီးသည်ကာလ မစ္ဆရိယ လောဘညစ်ကြေး အစေးဆိပ်တောက်ကင်းပျောက်သည်ကိုပြု၍ မုန့်တို့ကိုယူစေပြီးလျှင် ဇေတဝန်ကျောင်းတော်သို့ ဆောင်၍ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်၏ မျက်မှောက်တော်၌ ရောက်သည်ကို ပြုပြီးသောကာလ သောတာပတ္တိဖိုလ်၌ တည်စေ၏။ အရှင်မောဂ္ဂလာန်မထေရ်မြတ်၏ တန်ခိုးအာနုဘော်သည် အံ့ဩဖွယ်ရှိပါပေစွတကားဟု အရှင်မောဂ္ဂလာန်မထေရ်၏ ဂုဏ်ကျေးဇူးတို့ကို အထူးချီးမွမ်း ထောမနာလျက် ထိုင်နေကြကုန်၏။

## ရဟန်းတော်တို့ကျင့်ရန် ဟောကြားတော်မူခြင်း

မြတ်စွာဘုရားသခင်သည် ဒိဗ္ဗသောတဓာတ်ဖြင့် စကားစပ်ဖြစ်လားကို ကြားတော်မူသောကြောင့် တရားသဘင် အစည်းအဝေးခွင်သို့ ကြွဝင်တော်မူလာ၍ ချစ်သားရဟန်းတို့....ငါဘုရားကြွလာတော်မူသော ယခုအခါ၌ အဘယ်သို့သော တရားစကားဖြင့် ပြောကြားစည်းဝေးကြကုန်သနည်းဟု မေးတော်မူသည်ရှိသော် ဤအမည်ရှိသော အကြောင်းပါဟု ပြောကြား စည်းဝေးသော အကြောင်းစကားကို လျှောက်ထားသည်ရှိသော် ချစ်သားရဟန်းတို့–အမျိုးကို ဆုံးမယဉ်ကျေးစေသော ရဟန်းမည်သည်ကား သဒ္ဓါတရား များစွာကုန်သော ပစ္စည်းဥစ္စာ စည်းစိမ်ချမ်းသာတို့ကို မထိမခိုက်စေဘဲ အမျိုးစည်းစိမ် ရိပ်ငြိမ်

ချမ်းသာကို မငြိစ်နွမ်း မပျက်စီးစေမူ၍ အခိုင်အရုံ ဖူးငုံပွင့်လန်း ပန်းအပေါင်း၏ ပွင့်ချပ်ဝတ်မှုံ အထုံအခိုး အမျိုးမျိုးသော ယန့်အချက်တို့ကို မပျက်ကွက်စေဘဲ ဝတ်ရည်အရသာကို ကောင်းစွာစုပ်ယူသော ပိတုန်းကဲ့သို့ ချဉ်းကပ်ယူသုံး စုရုံးညွတ်လာသော ဒါယကာ ဒါယိကာမတို့ကို ဘုရားကျေးဇူး ဂုဏ်ထူးအထွေထွေကို သိစေအပ်၏၊ ဒါယကာ ဒါယိကာမ ပသန္နဖွံ့ဖြိုးသော အမျိုးအိမ်ရပ်သို့ ချဉ်းကပ်သော ရဟန်းသည်လည်း ငါ၏သားတော်ဖြစ်သော မောဂ္ဂလာန်နှင့် အလားတူသည် ဖြစ်ပေရာ၏ဟု အရှင်မောဂ္ဂလာန်မထေရ်မြတ်ကို ချီးမွမ်းထောမနာတော်မူပြီး၍—

**ယထာပိ ဘမရော ပုပ္ဖံ၊ ဝဏ္ဏ ဂန္ဓမပေါဌယံ။**

**ပလေတိ ရသမာဒါယ၊ ဧဝံ ဂါမေ မုနိ စရေ—**

ဟူသော ဂါထာကို ဟောကြားတော်မူ၏။

**အနက်ကား။** ။ဘမရော၊ ပန်းဝတ်ရက်ကို ဆွတ်လျက်ယူသုံး ပျားပိတုန်းသည်။ ပုပ္ဖံ၊ ဝင်ဆံစုင့်စွင့် လှပတင့်သော ပန်းပွင့်ကိုလည်းကောင်း။ ဝဏ္ဏဂန္ဓံ၊ ကြည့်ရှုစချင့် နန်းစချင့်ဖြင့် သင့်တင့်ကောင်းမြတ်သော အဆင်းအနံ့ကိုလည်းကောင်း။ အပေါဌယံ-အပေါဌယန္တော၊ ယွင်းသွေ့ချတ်နည်း မပျက်စီးစေမူ၍၊ ရသံ၊ မြတ်နိုးရာ ပန်းဝတ်အရသာကို။ အာဒါယ၊ စုတ်ယူ၍။ ပလေတိ ယထာ၊ အလိုရှိရာ ရပ်နေရာသို့ ကောင်းစွာ ပျံသွားသကဲ့သို့၊ ဧဝံတထာ၊ ထိုအတူ။ ဂါမေ၊ ရွာ၌။ မုနိ၊ တရားဟုတ်မှန် သိရန်ကြောင်းလမ်း ရှင်ရဟန်းသည်။ ပုပ္ဖံ၊ ပန်းပွင့်နှင့်တူ ကြည်ဖြူရွှင်လန်း သဒ္ဓါပန်းကိုလည်းကောင်း။ ဝဏ္ဏဂန္ဓံ၊ အဆင်းအနံ့ သင်းပျံ့သည့်နှယ် နှစ်သက်ဖွယ်သော အဆင်းအနံ့ ဥစ္စာကိုလည်းကောင်း။ အပေါဌယံ အပေါဌယန္တော၊ မဖွဲ့မွေးယုက် မပျက်မစီးစေဘဲ။ ရသံ၊ ဝတ်ရက်ပမာ သုံးဆောင်ရာဖြစ်သော ပစ္စည်းလေးပါး အရသာကို။ အာဒါယ၊ ခံယူ၍။ စရေ၊ ကျင့်ပေရာ၏။ ဤကားအနက်။

## ဒေသနာတော်၏ အကျိုးအာနိသင်

ထိုဒေသနာတော်၏အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကုန်၏။ မြတ်စွာဘုရား သခင်သည် ဤသို့သော ဓမ္မဒေသနာ ပါဌ်ဂါထာကို ကောင်းစွာ ဟောကြားတော်မူပြီး၍ ထိုထက် လွန်စွာ မထေရ်၏ ဂုဏ်ကျေးဇူး အထူး ဝိသေသကို ပြတော်မူခြင်းငှါ ချစ်သားရဟန်းတို့ ငါ့သားတော်ဖြစ်သော မောဂ္ဂလာန်သည် ဤယခုအခါ၌ သာလျှင် မစ္ဆရိယ သူဌေးကို ဆုံးမအပ်သည် မဟုတ်သေး၊ ရှေးအတိတ် ဖြစ်သောဘဝ

လွန်လေသောကာလကလည်း ထိုမစ္ဆရိယ သူဌေးကို ဆုံးမ၍ ကံ-ကံ၏အကျိုးနှင့် စပ်သည်ကို သိစေဖူးသည် သာလျှင်တည်းဟု မိန့်တော်မူ၍ ဤသို့သော အကြောင်းကို ပြုခြင်းငှါ အတိတ်ကို ဆောင်တော်မူ၏။

## မစ္ဆရိယ သူဌေးအကြောင်း ဣလ္လိသဇာတ်

### အတိတ်ဝတ္ထု

ရှေးလွန်လေပြီးသော အခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်အမည်ရသော မင်းသည် မင်းပြုတော်မူသည်ရှိသော် ထိုဗာရာဏသီ မြို့တွင်း၌ ကုဋေရှစ်ဆယ် ဥစ္စာကြွယ်ဝသော ဣလ္လိသမည်သော သူဌေးသည် ရှိပေသတတ်၊ ထိုသူဌေးသည် ခြေခွင်ခြင်း, လက်ကောက်ခြင်း, စောင်းစွေသော မျက်စိရှိခြင်း, ဘုန်းတောင်းယာစကာ စသော အလှူခံပုဂ္ဂိုလ်၌ မကြည်မညို ဝန်တိုပိတ်ပင်ခြင်း, စသော ယောကျ်ားယုတ်တို့၏ အင်္ဂါလက္ခဏာတို့နှင့် ပြည့်စုံ၏။ မိမိ၏ ပစ္စည်းဥစ္စာကို အလှူခံ ယာစကာတို့အား သမန်းမြက်ဖျားမျှဖြင့်သော်လည်း ပေးဖူးသည် မရှိ၊ မိမိသည်လည်း မသုံးဆောင် မယား သားသမီး ဆွေနီး ဉာတကာတို့ လည်း မသုံးဆောင်ရ၊ ထိုသူဌေး၏ အိမ်သည် ရက္ခိုက် စောင့်ရှောက်သော ရေကန်ပမာဏကဲ့သို့ ရှိရလေသတည်း။ ထိုဣလ္လိသသူဌေး၏ မိဘ ဘေးဘိုး အမျိုးခုနစ်ဆက်တို့သည်ကား မပျက်ပေးကမ်း လှူဒါန်းစွန့်ကြဲလေ့ ရှိကြ၏။ ဣလ္လိသ သူဌေးသည် ကျေးဇူးအရှင် ဖခင် သူဌေးသည် စုတိမနေ သေလွန်ပြောင်းကြွ သူဌေးအရာကို ရသောကာလမှစ၍ မိဘဘေးဘိုး အမျိုးအဆက်ဆက် မပျက်တည်လုပ်သော အလှူတင်းကုပ် မဏ္ဍပ်တို့ကို မီးရှို့ဖျက်ဆီး ပျက်စီးပြတ်တောက်စေပြီးမှ လာသမျှသော ဘုန်းတောင်းယာစကာ အလှူခံပုဂ္ဂိုလ်တို့ကို ရိုက်ပုတ်နှင်ထုတ် စေပြီးသည်ကာလ ဥစ္စာပစ္စည်းကိုသာ သိမ်းဆည်း တိုးပွါးစေ၏။

ထိုဣလ္လိသသူဌေးသည် တစ်နေ့သောအခါ ပြည့်ရှင်မင်းမြတ်၏ ထံသို့ ခစားအံ့သောငှါ သွားရောက်၍ အိမ်သို့ပြန်လာသည်ရှိသော် လမ်းခရီးအကြား၌ ခရီးပင်ပန်းသော ခရီးသွားတစ်ယောက်သည် တစ်ခုသော သူရာခွက်ကိုယူ၍ အင်းပျဉ်၌ ထိုင်ပြီးသော် ချဉ်သောသူရာခွက်ကို ပြည့်စေလျက် ငါးပုပ်ခပ်သော ဟင်းလျာဖြင့် သူရာသောက်သည်ကို မြင်လျှင် အလွန်ပင် သူရာကို သောက်လိုခြင်းသည်ဖြစ်၍ ငါသည် သူရာကို အကယ်၍ သောက်ခဲ့သည်ဖြစ်အံ့၊ ငါသောက်သည်ရှိသော် များစွာကုန်သော သူတို့သည်လည်း သောက်လိုခြင်း ဖြစ်ကုန်လတ္တံ့။ ယင်းသို့ သောက်ကုန်သည် ရှိသော် ပစ္စည်းဥစ္စာ များစွာကုန်ခန်းခြင်း ဖြစ်ပေလတ္တံ့ဟု ကြံ၍ သေသောက်လိုခြင်းကို သည်းခံလျက်သာ သွားလာ

လှည့်လည်၏၊ ရှည်မြင့်သောကာလသို့ ကျရောက်သည်ရှိသော် သည်းခံ အံ့သောငှါ မစွမ်းနိုင်သည်ဖြစ်၍ ကြွတ်အပ်သော ဝါဂွမ်းကဲ့သို့ ညှိုးနွမ်း ဖျော့ တော့သော ကိုယ်ရှိသဖြင့် အကြောတို့သည် ပြိုင်းပြိုင်းထကုန်၏။ ထိုအခါ ကာလ တစ်နေ့မျှ၌ အိပ်ရာတိုက်ခန်းသို့ ဝင်ပြီးလျှင် ညောင်စောင်းငယ်၌ သိမ်းခြုံဦးခေါင်း လျှောင်း၍ အိပ်နေ၏။ ထိုဂ္ဃလ္လိသသူဌေး၏ ခင်ပွန်းမ သူဌေးကတော်သည်လည်း ဂ္ဃလ္လိသသူဌေးကို ချဉ်းကပ်ရှင်ပြုံး ကျောက်ကုန်းရိုး စသည်တို့၌ ဆုပ်နယ်လျက် အရှင် သင်အား အဘယ်သို့သော မချမ်းမသာ ရောဂါစွဲကပ်ခြင်း ဖြစ်ပါလေသနည်းဟု အောက်က ပြဆိုအပ်ခဲ့ပြီးသည်အတိုင်း အစဉ်လျှောက်၍ မေး၏။ ဂ္ဃလ္လိသ သူဌေးသည်း အောက်က ပြဆိုခဲ့ပြီးအတိုင်း အစဉ်လျှောက်၍ ပြောသဖြင့် သိရပြီးသော် ထိုသို့တပြီးကား အရှင်တစ်ယောက် တည်းသာလျှင် သောက်လောက်ရုံ သေကိုဖေါ်၍ ပေးပါအံ့ဟု ငန်ခံကာ အိမ်၌ သူရာကိုဖေါ်သည်ရှိသော် များစွာကုန်သော သူတို့သည် သောက်လိုသည် ဖြစ်ကုန်လတ္တံ့ အိမ်ဈေးမှ ဝယ်ယူစေပြီးသောကာလ ဤအိမ်၌ သောက်ခြင်းငှါ မတတ်ကောင်းဟု ကြံပြီးလျှင် တစ်ပဲမျှသော ဥစ္စာကိုပေး၍ အိမ်ဈေးမှ သေကို ဆောင်ယူစေပြီးသည်ကာလ အစေအပါးကို ဆောင်ယူစေပြီးလျှင် မြို့မှ ထွက်၍ မြစ်ဆိပ်သို့ သွားသော လမ်းအနီးအပါး ဖြစ်သော တစ်ခုသော ချုံသို့ ဝင်ပြီးသည်ကာလ သေခွက်ကို ချထားစေပြီးသော် အစေအပါးကို တခြားသော အရပ်သို့ ဖဲသွားစေ၍ မိမိတစ်ယောက်တည်း ချုံ၌ တည်နေလျက် သေကို သောက်ခြင်းငှါ အားထုတ်၏။

## ဂ္ဃလ္လိသသူဌေးအား အဖ သိကြားမင်းက ဆုံးမခြင်း

ထိုဂ္ဃလ္လိသ သူဌေး၏ ဖခင်ဖြစ်သော သူဌေးသည်ကား လူဖြစ်စဉ် အခါက များစွာသော ကောင်းမှုတို့ကို ပြုစု အားထုတ်ခဲ့ခြင်းကြောင့် တာဝတိံသာ နတ်ပြည်၌ သိကြားနတ်မင်း၏ အဖြစ်ဖြင့် ဖြစ်၍ နေရကား သိကြားနတ်မင်း သည် ဂ္ဃလ္လိသသူဌေး သေသောက်ဆဲခဏ၌ သတိရသဖြင့် ငါ၏ အလှူ တင်းကုပ်မကျွပ်သည် ရှိသေးသလော မရှိပြီလော စသဖြင့် ရှေးဘဝအကြောင်းကို ရှုံးပေါင်း ဆင်ခြင်သည်ရှိသော် သားဖြစ်သော ဂ္ဃလ္လိသသူဌေးသည် အလှူမကျွပ် တင်းကုပ်တို့ကို ပယ်ဖြတ် ဖျက်ဆီး မီးဖြင့် တိုက်ရှို့ခြင်း၊ ဖုန်းတောင်းယာစကာ အလှူခံတို့ လာသည်ကို ရိုက်ပုတ် နှင်ထုတ်ခြင်း အနည်းငယ်မျှကို သော်လည်း မပေးမကမ်းဘဲ မိဖ ဘေးဘိုး အမျိုးတို့အဆက်ကို ပယ်ဖျက် ဖြတ်တောက်ခြင်း မိမိသည် သေကို သောက်လိုသည် ဖြစ်၍ သူတစ်ပါးတို့ မသိ မမြင်ရအောင် ချုံအတွင်းသို့ ဝင်ရောက်ခြင်းအားဖြင့် များစွာသော အကြောင်းတို့ကို ရှုံးပေါင်း၍ မြင်သော ကာလ ငါသည် လူ့ပြည်သို့ သက်ဆင်း သွားရောက်၍

ထိုသူကို ခြိမ်းခြောက်ပြီးသည် ကာလ ကံ ကံ၏ အကျိုးနှင့် စပ်သည်ကို ဆုံးမ သွန်သင် ပြသ သိရှိစေပြီးလျှင် ဣလ္လိသကို နတ်ပြည်သို့ ဆောင်စေတတ်သော ကုသိုလ် ကောင်းမှုကံကို စီမံ ပြုစုစေခြင်းငှါ အပ်၏ဟု ကြံ၍ လူ့ပြည်သို့ သက်ဆင်းပြီးသော် ခွင်သော ခြေရှိခြင်း, ကောက်သော လက်ရှိခြင်း, စွေစောင်း သော မျက်စိရှိခြင်း, စသောအားဖြင့် ဣလ္လိသ သူဌေးနှင့် တူစွာ မိမိကိုယ်ကို ဖန်ဆင်းပြီးသော် ဗာရာဏသီ မြို့တွင်းသို့ ချဉ်းကပ် ဝင်ရောက်ပြီးမှ မင်းကြီး၏ နန်းတော် တံခါးဝ၌ ရပ်တံ့၍ မိမိလာသော အဖြစ်ကို မင်းကြီးအား လျှောက် ကြား ခွင့်ပန်စေ၍ ဝင်ရန်အရေးကို ခွင့်ပေးတော်မူသော ကာလ နန်းတော်သို့ ဝင်၍ မင်းကြီးကို ရှိခိုးလျက် တည်၏။

မင်းကြီးက သူဌေးကြီး အခါမဟုတ်ဘဲလျက် ဘယ်သို့သော အတွက်ကြောင့် နန်းတော်သို့ ဝင်လာပေသနည်းဟု မေးတော်မူသောကာလ ဘုန်းတော်ကြီးတော် မူသော အရှင်မင်းမြတ် အခါမဟုတ်သည်၌ ရုတ်တရက် ရှောင်တခင် နန်းတော်သို့ ဝင်လာသည်ကား မှန်ပေ၏။ အကျွန်ုပ်၏ အိမ်၌ ကုဋေရှစ်ဆယ် ပမာဏ များပြားလှသော ဉစ္စာတို့သည် ရှိပါသည်။ ထိုပစ္စည်းဥစ္စာ ဘဏ္ဍာ အထွေထွေတို့ကို ဆောင်ယူစေပြီးသည် ကာလ အရှင်မင်းမြတ်၏ ကျီကြ ဘဏ္ဍာတို့၌ ပြည့်ပါစေလော့ဟု ဆိုသည်ရှိသော် ပြည့်ရှင်မင်းကြီးက သူဌေးကြီး ငါသည် အသင့်ဉစ္စာမှ အလိုမရှိချေ။ ငါတို့၏ ပစ္စည်းဥစ္စာတို့သည် သင်၏ပစ္စည်း ဥစ္စာထက် လွန်စွာတိုးပွါး များပြားလှပေသေးသည်ဟု ပြောကြားက အရှင် မင်းမြတ် အရှင်မင်းမြတ်သည် ပစ္စည်းဥစ္စာတို့ဖြင့် အကယ်၍ အလို မရှိသည် ဖြစ်ခဲ့ပါသည် ဖြစ်အံ့၊ အကျွန်ုပ်သည် ထိုပစ္စည်းဘဏ္ဍာ ဥစ္စာကို ထုတ်ယူ၍ အလှူကြီးကို ပေးလှူပါအံ့ဟု ခွင့်တောင်း၏။ ပြည့်ရှင်မင်းကြီးကလည်း သူဌေးကြီး ကောင်းပြီ ပေးလှူလော့ဟု ခွင့်ပြုတော်မူ၏။

## ဣလ္လိသ ဟန်ဆောင်သော သိကြားမင်းသည် ကြီးကျယ်စွာ လှူဒါန်းခြင်း

သိကြားမင်းလည်း ကောင်းပါပြီဟု ဝန်ခံ ပြောဆို မင်းကြီးကို ရှိခိုး၍ ထွက်လာပြီးသော် ဣလ္လိသသူဌေးကြီး၏ အိမ်သို့ သွား၏။ အလုံးစုံသော အလုပ်အကျွေး ဟူသမျှတို့သည် ခြံရံကုန်၏။ တစ်စုံတစ်ယောက်မျှသော သူသည်လည်း ဤသူကား ဣလ္လိသသူဌေး မဟုတ်ဟု မသိ မထင်နိုင်ကြကုန်။ သိကြားမင်းသည်လည်း အိမ်သို့ ဝင်၍ တံခါးခုံအတွင်း၌ ရပ်တံ့ပြီးသော် တံခါးစောင့်ကို ခေါ်စေ၍ ငါမှတပါး ငါနှင့် အသွင်သဏ္ဌာန် ကြန်အင် လက္ခဏာ တူမျှသော တစ်ယောက်သော သူသည် လာ၍ ဤအိမ်သည်

ငါ့အိမ်ဟု ငင်လာလတ္တံ့။ ထိုသူကို ကျောက်ကုန်း၌ ကြိမ်ဖြင့် ရိုက်ခတ်၍ နှင်ထုတ် ကုန်လော့ဟု မှာထား ပြောဆို ပြီးလျှင် ပြာသာဒ် ထက်သို့ တက်ပြီးသည့် ကာလ မြတ်သော ဘုတ်ိုအားသာ ထိုက်သော နေရာ၌ နေ၍ သူဌေးမကို ခေါ်စေပြီးသော် ပုံ့ရှင်သော အခြင်းအရာကို ပြ၍ ချစ်နှမ အလှူဒါနကို စွန့်ချ ပေးကမ်းကုန်အံ့ဟု ဆို၏။ ထိုသို့ သိကြားမင်း ပြောဆိုသော စကားကို ကြားလျှင် သူဌေးကတော်နှင့် တကွ သားသမီး၊ ကျွန် အမှုလုပ် အစရှိသည်တို့သည် ဤမျှသောက်တာ မြင့်ကြာ ကာလ ရှည်ဝေးလှသဖြင့် နေရပါသော်လည်း ဖ‌ေလှူ ပေးအံ့ဟူသော ဝိတ်အကြံ သည် တစ်ရံတစ်ခါမျှမသိက် နှုတ်မြွက်ပြောဆိုသည်ကို မကြားစဖူး အထူး ဝိသေသ ယနေ့မှလျှင် သေကိုသောက်ရသည်ဖြစ်၍ နူးညံ့သော စိတ်နှလုံး ရှိသဖြင့် လှူလိုသော သဘောရှိသည့် ဖြစ်ပေလိမ့်မည်ဟု ကြံစည်ပြောဆိုကြ ကုန်၏။

ထိုနောက် သူဌေးကတော်က အရှင် အသင် အလိုရှိတော်မူသည် အတိုင်း လှူဒါန်းပေးကမ်းပါလော့ဟု ဆိုသဖြင့် ထိုသို့ တမြီးကား စည်တီးတတ်သော သူကို ခေါ်၍ ရွှေငွေ ပုလဲ မျက်ရွဲ ပတ္တမြား ဥဿဖယား စပါး ဆန် ရေ စသော သက်မဲ့ဥစ္စာ၊ ဆင် မြင်း ကျွဲ နွား စသော သက်ရှိဥစ္စာ ရတနာတို့ကို အလိုရှိကုန်သော သူတို့သည် ဣလ္လိသသူဌေး၏ အိမ်သို့သွားကြကုန်လော့ ဟူသော စည်ကို မြို့၌ လှည့်ပတ်စေလော့ဟု ဆို၏။ သူဌေးကတော်သည်လည်း သိကြားမင်းဆိုတိုင်း ပြုစေ၏။ လူများအပေါင်းတို့လည်း တောင်း အိတ်စသည် တို့ကို လက်စွဲကိုင်ငင်ကုန်လျက် သူဌေး၏အိမ်တံခါးဝ၌ လာရောက် စည်းဝေး ကြကုန်၏၊ သိကြားမင်းလည်း ရတနာခုနစ်ပါးဖြင့် ပြည့်သော တိုက်ခန်းတို့ကို လည်းကောင်း၊ ကျီကြာ‌ကျွာတိုက်တို့ကိုလည်းကောင်း ဖွင့်လှစ်စေ၍ သင်တို့ အား ငါပေးကမ်းလှူဒါန်း၏။ အလိုရှိသောအတိုင်း ယူငင်သယ်ပိုး၍ သွားကြ ကုန်လော့ဟု ဆို၏။ လူများအပေါင်းတို့သည် ဥစ္စာတို့ကိုထုတ်၍ ကျယ်သော နေရာအပြင်၌ အစုအပုံကိုပြုပြီးသည်ကာလ မိမိတို့ ယူဆောင်ခဲ့ကြသောတောင်း အိတ်တို့၌ အသီးအသီး ထည့်ယူဆောင်ပြည့်စေ၍ သွားကြကုန်၏။

## ဣလ္လိသသူဌေးကို အလှူခံများက ရိုက်ပုတ်ကြခြင်း

ဇနပုဒ်ရွာသားဖြစ်သော တစ်ယောက်သော လူသည် ဣလ္လိသသူဌေး၏ နွားတို့ကို ထိုဣလ္လိသသူဌေး၏ ရထား၌သာလျှင် က၍ ရတနာ ခုနစ်ပါးတို့ဖြင့် လှည်းကိုပြည့်စေ၍ မြို့မှထွက်၍ ခရီးသို့သွားပြီးသည့်ကာလ ဣလ္လိသသူဌေး သေသောက်၍နေသော ချုံ၏အနီး လမ်းခရီးဖြင့် လှည်းကို မောင်းနှင်လျက် အရှင် ဣလ္လိသသူဌေးကြီး အသင့်ကို အမှီပြု၍ ယခုအခါ ငါသည် အသက်

ထက်ဆုံး အမှုကိစ္စကို မပြုလုပ်ရဘဲ ချမ်းသာစွာ အသက်မွေးရပေသည်၊ ဤနွားသည်လည်း အသင်၏နွားတို့ပင် ဖြစ်ပေသည် ဤရထား သည်လည်း အသင်၏ ရထားပင် ဖြစ်ပေသည်၊ ဤရထားလှည်းပေါ်၌ တင်ထားသော ပစ္စည်းအစုသည်လည်း အသင်၏ ပစ္စည်း အစုသာလျှင် ဖြစ်ပေသည်၊ ငါ့မိငါ့ဘသည် ပေးကမ်းအပ်သော ပစ္စည်းဥစ္စာတို့ မဟုတ်ကုန်၊ အရှင်သူဌေးကြီးကိုသာ အမှီပြု၍ ရပါပေသည်။ သို့ဖြစ်၍ အရှင်သူဌေးကြီးသည် အသက်တစ်ရာ မြင့်ကြာတည်တည် ရှည်ပါစေသတည်းဟု ဆိုမြည်တမ်းတ ကျေးဇူးကို ချီးပလျက်သွား၏၊ ချုံတွင်း၌ သေသောက်၍နေသော ဣလ္လိသသူဌေးသည် ထိုအသံကို ကြားသည်ကာလ ထိတ်လန့် ကြောက်ရွံ့ခြင်းဖြစ်၍ ဤသူသည်ငါ၏ နှစ်သက်ဖွယ်တို့ကို ယူ၍ ဤသို့သဘောရှိသော ကျေးဇူးစကားတို့ကို ပြောဆိုပါစ်အော်၍သွားသည်မှာ ငါ၏ပစ္စည်းဥစ္စာကို ပြည့်ရှင်မင်းကြီးသည်ယူ၍ ဤသူအား ပေးအပ်လေသလောဟု ကြံ၍ ချုံမှ ထွက်ပြီးလျှင် ကြည့်ရှုသည်ရှိသော် နွားတို့ကိုလည်းကောင်း၊ ရထားကိုလည်းကောင်းမြင်၍ မိမိ နွား ရထား၏အဖြစ်ကို သိသောကြောင့် ဟယ် ကျွန်ယုတ် ငါ၏နွားတို့တည်း ငါ၏ ရထားတည်းဟု ပြောဆိုမြည်တမ်းလျက် နွားကြိုးတို့၌ ကိုင်ငင်ဟန့်တား၏ ဇနပုဒ်သားလည်း ရထားမှ သက်ဆင်းပြီးလျှင် ဟယ်ကျွန်ယုတ်ဣလ္လိသသူဌေးကြီးသည် အလုံးစုံကုန်သော မြို့သူမြို့သား အပေါင်း တို့အား အလှူကြီးကို ပေးသည်ဖြစ်၍ ငါရခဲ့ပေ၏။ သင်အသို့ဖြစ်သနည်းဟု မိုးကြိုးကျသကဲ့သို့ ပြေးလာ၍ လည်ကုတ်ကို ကိုင်တွန်းရိုက်ခတ်ပြီးလျှင် ရထားကို မောင်းနှင်ယူသွား၏။

ဣလ္လိသသူဌေးသည် တဖန် တုန်တုန်လှုပ်လှုပ်ထ၍ မြေမှုန့် လိမ်းကပ်သော ကိုယ်လက်ရှိသဖြင့် ပုတ်ခါပြီးသော် လျင်မြန်စွာ လိုက်၍ရထားကို ဆွဲငင်ပြန်၏။ ဇနပုဒ်ရွာသားလည်း ရထားမှ သက်ဆင်း၍ လည်ပင်း ဦးဆက်နှင့်တကွ ဦးစွန်းဆံပင်ကို ကိုင်ငင်ဆွဲနှိမ် အကြိမ်ကြိမ် ထောင်းထုပြီးမှ လည်ကိုကိုင်၍ လာရာခရီးသို့ ပစ်လွှတ်လိုက်ပြီးသည်ကာလ သွားမြဲတိုင်း သွား၏။ ဣလ္လိသသူဌေးအား ထိုမျှလောက် ထောင်းသတ်ခြင်းဖြင့် သေရစ်ခြင်း ပြေပျောက် ဖြတ်တောက်၍ ကြောက်ရွံ့တုန်လှုပ်လျက် အိမ်တံခါးသို့ လျင်မြန်စွာ သွားရောက် ကြည့်ရှုက အသီးအသီး ဥစ္စာတို့ကို ယူဆောင်၍သွားသောလူတို့ကိုမြင်၍ အချင်းတို့ ဤအမှုသည် အဘယ်မည်သော အမှုနည်း၊ မင်းကြီးသည် ငါ၏ ဥစ္စာကိုလုယက်စေသလောဟု ပြောဆိုမြည်တမ်း၍ ဥစ္စာကို ယူကုန်သော သူတို့အား သွား၍ သွား၍ ကိုင်ငင်ဟန့်တားသဖြင့် လူများ အပေါင်းသည် ထောင်းထုပုတ်ခတ် လှူးလဲကျစေကုန်၏။ ဣလ္လိသသူဌေးသည် အိမ်သို့ဝင်ခြင်းငှါ အားထုတ်၍ အိမ်တံခါးသို့ သွားသည်ရှိသော်၊ တံခါးစောင့်တို့လည်း ဟယ် သူယုတ် အဘယ်သို့

ဝင်အံ့နည်းဟု ဆို၍ ဝါးခြမ်းစိတ် စသည်ဘို့ဖြင့် ရိုက်ခတ်ပြီးလျှင် ကိုင်ငင် ဆွဲထုတ်ကုန်၏၊

## ဇာလ္လိသသည် မင်းကြီးထံ သွားရောက်လျှောက်ထားခြင်း

ဇာလ္လိသသူဌေးလည်း ယခုအခါ ငါ့အား ပြည့်ရှင်မင်းကြီးကိုယှားး၍ မင်းကြီးမှ တစ်ပါး အခြားကိုးကွယ်ရာမရှိဟု ကြံ၍ လျှင်မြန်စွာ မင်းကြီး၏အထံသို့ သွားရောက်၍ အရှင်မင်းကြီး အရှင်မင်းကြီးတို့သည် အကျွန်ုပ်၏ အိမ်ကို လုယက်ဖျက်ဆီး စေကုန်သလောဟု လျှောက်ကြား၏။ မင်းကြီးကလည်း သူဌေးကြီး ငါသည်မလုယက်စေ။ အသင်သည်ပင်လျှင် လာရောက်၍ အရှင် မင်းကြီး အကျွန်ုပ်၏ ဥစ္စာတို့ကို ယူတော်မူကုန်လော့ အကယ်၍ မယူသည် ရှိသော် အကျွန်ုပ်ဥစ္စာကို အကျွန်ုပ် အလှူပေးအံ့ဟု လာ၍ လျှောက်ထားပြီး သည် ကာလ မြို့၌ စည်ကို လည်စေ၍ အလှူကိုပေးသည် မဟုတ်ပါလောဟု ဆို၏။ အရှင်မင်းကြီး အကျွန်ုပ်သည် အရှင်မင်းမြတ်၏ ထံမှောက်သို့လာရောက် လျှောက်ထားရသည် မဟုတ်ပါ။ အရှင်မင်းကြီးတို့သည် အကျွန်ုပ်၏ ပစ္စည်း ဥစ္စာ၌ လွန်စွာ ဝန်တိုနှမြော စုံမက်တတ်သည်ကို မသိပါသလော အကျွန်ုပ်သည် မြက်ဖျား၌ ကပ်ပါသော ဆီပေါက်ကိုမျှ တစ်စုံတစ်ယောက်သောသူအား မပေးနိုင်၊ မသုံးနိုင်ပါ။ အရှင်မင်းကြီး အကြင်သူသည် အလှူကိုပေးလှူ၏။ ထိုသူကို ခေါ်၍ သိအောင် စူးစမ်းတော်မူပါဦးလော့ဟု လျှောက်ကြား၏။ မင်းကြီးလည်း သိကြားကို ခေါ်စေ၍ လာရောက်ထိုင်နေသောကာလ အဘယ် သူသည် ဇာလ္လိသသူဌေးဟု မသိနိုင် အမတ်စစ်သူကြီးစသော သူတို့သည်လည်း မသိနိုင်ကုန်ကြသည်သာလျှင်တည်း။

## ဇာလ္လိသနှစ်ယောက် ရွေးမရအောင် တူနေခြင်း

ဇာလ္လိသသူဌေးက အသို့နည်း အရှင်မင်းကြီး အကျွန်ုပ်သည် ဇာလ္လိသသူဌေး ပါဟု ဆို၏။ မင်းကြီးကလည်း ငါတို့သည် ခွဲခြမ်း၍မသိကုန်။ သင်အား သိနိုင်သူ တစ်စုံတစ်ယောက်မျှ မရှိပါသလောဟု မေးက အကျွန်ုပ် ခင်ပွန်းမ သူဌေး ကတော်သည် သိပါသည်ဟု လျှောက်လျှင် သူဌေးကတော်ကို ခေါ်စေ၍ မေးမြန်းသောကာလ သူဌေးကတော်က သိကြားမင်းကို ဤသူသည် အကျွန်ုပ် အရှင် လင်ဖြစ်သော ဇာလ္လိသ သူဌေးပါဟုဆို၍ သိကြားမင်း၏ အနီး၌ ထိုင်နေ၏။ သားသမီးတို့ကိုလည်းကောင်း ကျွန်အမှုလုပ်တို့ကိုလည်းကောင်း ခေါ်စေ၍ မေးမြန်းကုန်သောအခါ ရွှေနည်းအတူသာလျှင် ပြောဆို၍ အလုံး စုံသောသူတို့သည် သိကြားမင်း၏အနီး၌သာ တည်နေကုန်၏။ ထိုနောက်တဖန် ဇာလ္လိသသူဌေးသည် ငါ၏ဦးခေါင်း၌ ဆံတို့ဖြင့် ဖုံးလွှမ်းအပ်သော မှဲ့သည်ရှိ၏။

ထိုမှဲ့ကိုကား ငါ၏ဆေတ္တာသည် တစ်ယောက်သာသိ၏။ ထိုဆေတ္တာသည်ကို ခေါ်စေ၍ မေးရသည်ရှိသော် သင့်လျော် လျောက်ပတ်လိမ့်မည်ဟု ကြံ၍ အရှင်မင်းကြီး အကျွန်ုပ်၏ ဆေတ္တာသည်ကို ခေါ်စေ၍ မေးတော်မူပါလော့၊ ဆေတ္တာသည်သည် သိပါလိမ့်မည်ဟု လျှောက်ထား၏။ ထိုအခါ၌ ဘုရားလောင်းသည် ဣလ္လိသသူဌေး၏ ဆေတ္တာသည်ဖြစ်၏။ မင်းကြီးသည် ဆေတ္တာသည်ကို ခေါ်စေ၍ အသင်သည် ဣလ္လိသသူဌေးကို သိ၏လောဟု မေးတော်မူသဖြင့် အရှင်မင်းကြီး ဦးခေါင်းကို ကြည့်ရှုရပါမူကား သိတန်စရာရှိပါ၏ဟု လျှောက်ထား၏။ ထိုသို့တပြီးကား နှစ်ယောက်ကုန်သော သူတို့၏ ဦးခေါင်းကို ကြည့်ရှုလေလော့ဟု မိန့်တော်မူ၏။ ထိုခဏ၌ သိကြားမင်းသည် ဦးခေါင်း၌မှဲ့ကို ဖန်းဆင်း၍ ထားလေ၏။ ဘုရားလောင်း ဆေတ္တာသည်သည် နှစ်ယောက်ကုန်သောသူတို့၏ ဦးခေါင်းကို ကြည့်ရှုသည် ရှိသော် မှဲ့ကိုမြင်၍ မင်းကြီးအား လျှောက်ကြားလိုသည် ဖြစ်သောကြောင့်—

> ဥဘော ခဉ္ဇာ ဥဘော ကုဏီ၊ ဥဘော ဝိသမစက္ခုကာ။
>
> ဥဘိန္နံ ပိဠကာ ဇာတာ၊ နာဟံ ဇာနာမိ ဣလ္လိသံ—

ဟူသောဂါထာကို ရွတ်ဆို၏။

**အနက်ကား။** ။မဟာရာဇ၊ ပြည်ကြီးသနင်း အရှင်မင်းမြတ်။ ဥဘော၊ နှစ်ယောက် နှစ်ဦးကုန်သော သူတို့သည်။ ခဉ္ဇာ၊ မဖြောင့်ထဲဝင်၊ ခြေခွင်ကုန်သည်။ ဇာတာ၊ ဖြစ်ပါကုန်၏၊ ဥဘော၊ နှစ်ဦး နှစ်ယောက်ကုန်သော သူတို့သည်။ ကုဏီ၊ ပြန်လှန်ခွေမှောက် လက်ကောက်ကုန်သည်။ ဇာတာ၊ ဖြစ်ပါကုန်၏။ ဥဘော၊ နှစ်ဦးနှစ်ယောက်ကုန်သော သူတို့သည်။ ဝိသမ-စက္ခုကာ၊ ညီညွတ်မကောင်း စွေစောင်း သောမျက်စိရှိကုန်သည်၊ ဇာတာ၊ ဖြစ်ပါကုန်၏။ ဥဘိန္နံ၊ နှစ်ဦး နှစ်ယောက်ကုန်သော သူတို့အား။ ပိဠကာ၊ ထိပ်၌စွဲရောက် ပေါက်သော မှဲ့တို့သည်။ ယသ္မာ၊ အကြင့်ကြောင့်။ ဇာတာ၊ ဖြစ်ပါကုန်၏။ တသ္မာ၊ ထိုကြောင့်။ အဟံ၊ အကျွန်ုပ် ဆေတ္တာသည်သည်။ ဣလ္လိသံ၊ ဣလ္လိသသူဌေးကို။ န ဇာနာမိ၊ မသိနိုင်ပါ။ ဤကားအနက်။

**အဓိပ္ပါယ်ကား။** ။ပြည်ကြီးသနင်း မင်းမြတ် နှစ်ဦးနှစ်ယောက်ကုန်သော သူတို့သည် ခွင်သော ခြေရှိသည် ဖြစ်ကုန်၏၊ ကောက်ကွေးသော လက်ရှိသည် ဖြစ်ကုန်၏။ မညီညွတ် မကောင်း စွေစောင်းသော မျက်စိရှိကုန်၏။ နှစ်ဦး နှစ်ယောက်ကုန်သော သူတို့အား ဦးခေါင်း၌ မှဲ့ဘို့သည် ပေါက်ရောက်၍ ရှိပါကုန်၏။ ထိုကြောင့် အကျွန်ုပ်သည် အဘယ်သူသည် ဣလ္လိသသူဌေးဟူ၍ခွဲခြမ်း၍

မသိနိုင်ပါဟု လျှောက်ကြား၏။ ဘုရားလောင်း ဆေတ္တာသည် လျှောက်ထားသော စကားကိုကြား‌လျှင် ဃဋိကာရသူဌေးသည် တုန်လှုပ်၍ ဥစ္စာ၌ စိုးရိမ်ကြောင့်ကြခြင်းဖြင့် သတိကိုတည်စေအံ့သော်ငှါ မစွမ်းနိုင်ရကား ထိုနေရာ၌ပင် လဲလေ၏။

## သိကြားမင်းက ရှင်းပြပြီး ဃဋိကာရသူဌေးအားဆုံးမခြင်း

ထိုခဏ၌ သိကြားမင်းသည် အရှင်မင်းကြီး ငါသည်ကား ဃဋိကာရသူဌေး မဟုတ်၊ သိကြားနတ်မင်းတည်းဟုဆို၍ ကောင်းကင်၌ ရပ်တည်ပြီးသည် ကာလ ဃဋိကာရသူဌေး၏ မျက်နှာကို သုတ်သင် ပွတ်သပ်၍ ရေစက်ဖြင့် သွန်းလောင်းကုန်၏။ ထိုခဏ၌ ဃဋိကာရသူဌေးသည် သတိရ၍ ထပြီးလျှင် သိကြားမင်းကို ရှိခိုး၍ ရပ်တည်၏။ ထိုအခါ သိကြားမင်းက အသင်ဃဋိကာရ ဤပစ္စည်းဥစ္စာ ရတနာသည် အသင်၏ ပစ္စည်းဥစ္စာ မဟုတ်၊ ငါ၏ပစ္စည်းဥစ္စာ ဖြစ်ချေသည်။ ထိုစကား မှန်၏။ ငါသည် အသင်၏ ဖခင်တည်း။ အသင်သည် ငါ၏သားတည်း။ ငါသည် ဒါနစသော ကုသိုလ်ကောင်းမှုတို့ကို ပြုစုအားထုတ်ခဲ့သောကြောင့် သိကြားနတ်မင်း၏အဖြစ်သို့ ရောက်၏။ အသင်သည်ကား မိဘ ဘေးဘိုး အမျိုးအနွယ်ကို ပယ်ဖျက် ဖြတ်တောက်ပြီးသောအခါ မသဒ္ဓါ မကြည်ညို ဝန်တိုငြူစူ အလှူမဏ္ဍပ် တင်းကုပ်တို့ကို လှန်ဖြုတ်မီးရှို အလှူခံတို့ကိုလည်း နှင်ထုတ်ပြီးလျှင် ဥစ္စာပစ္စည်းကိုသာ တည်စေ၏။ ထိုပစ္စည်းဥစ္စာကို မိမိနှင့်တကွ မယား သား သမီးတို့လည်း မသုံးဆောင်ရ- သူတပါးတို့အားလည်း မပေးကမ်း မလှူဒါန်း ရက္ခိုက်စောင့်သော ရေကန်ကဲ့သို့ တည်နေ၏။ ယနေ့မှစ၍ ငါပြုလုပ်၍ ထားခဲ့သော အလှူတင်းကုပ်ကို ပကတိအတိုင်းပြုလုပ်၍ အလှူကို အကယ်၍ ပေးခဲ့အံ့၊ ကောင်းလှပေ၏။ အကယ်၍ မပေးကမ်း မလှူဒါန်းသည် ဖြစ်ခဲ့အံ့။ အသင်၏ ပစ္စည်းဥစ္စာ အလုံးစုံကို အကုန်ကွယ်ပျောက်စေပြီး သည်ကာလ ဝရဇိန်လက်နက်ဖြင့် ဦးဆက်ကို ခွင်းဖျက်၍ အသက်ကုန်ခြင်းသို့ ရောက်စေအံ့ဟု ခြိမ်းခြောက်ပြောဆို၏။

ဃဋိကာရသူဌေးသည် သေဘေးမှ ရွံ့ကြောက် ထိတ်လန့်သောကြောင့် ယခု နေ့မှစ၍ အလှူဒါနကို ဝေငှလှူဒါန်းပါတော့မည်ဟု ဝန်ခံ၏။ သိကြား နတ်မင်းသည် ဃဋိကာရသူဌေး၏ ဝန်ခံခြင်းကိုယူ၍ ကောင်းကင်၌ ရပ်တည်ပြီးသည်ကာလ သီလစသည်ကိုလည်း စောင့်ရှောက်ဒလလော့ဟု တရားဓမ္မ ဆုံးမဟောကြား၍ မိမိစံရာ တာဝတိံသာနတ်ပြည်သို့ ပြန်သွား၏။ ဃဋိကာရသူဌေးလည်း ဒါန- စသော ကုသိုလ် ကောင်းမှုတို့ကို ပြုစုအားထုတ်၍ စုတိစိတ် ချုပ်သည်ရှိသော် နတ်ပြည်သို့ လားရလေ၏။

မြတ်စွာဘုရားသခင်သည် ကေနိပါတ်၌ ဤသို့သော အတိတ်ဇာတ်ကို ဆောင်တော်မူ၍ ချစ်သားရဟန်းတို့ ငါ၏သားတော်ဖြစ်သော မောဂ္ဂလာန်သည် ယခုအခါသာ မစ္ဆရိယ ကောသိယသူဌေးကို ယဥ်ကျေးအောင် ဆုံးမဖူးသည် မဟုတ်သေးသေး၊ ရှေးအခါ ကာလ၌လည်း ဆုံးမဖူးသည်သာလျှင်တည်းဟု အနုသန္ဓေကို စပ်တော်မူ၏။ ချစ်သားရဟန်းတို့ ယခုအခါ မစ္ဆရိယ ကောသိယသူဌေးသည် ထိုအခါ ဣလ္လိသသူဌေး ဖြစ်ဖူးပြီ။ ယခုအခါ ငါ၏သားတော် မောဂ္ဂလာန်သည် ထိုအခါက သိကြားနတ်မင်း ဖြစ်ဖူးပြီ၊ ယခုအခါ ငါ၏ ညီတော် အာနန္ဒာသည် ထိုအခါ ပြည့်ရှင်မင်းကြီး ဖြစ်ဖူးပြီ။ ယခုအခါ ငါဘုရားသည်ပင်လျှင် ထိုအခါက ဆေတ္တာသည်ဖြစ်ဖူးပြီဟု ဇာတ်တော်ကို ပေါင်းရုံး၍ နိဂုံးကမ္ပတ် သတ်တော်မူ၏။

ဓမ္မပဒပုပ္ဖဝဂ်၌ ငါးခုမြောက်သော မစ္ဆရိယ ကောသိယသူဌေး၏

ဝတ္ထုစကား အစဉ်သည်ကား ဤတွင်ရွေ ပြီး၏။

## ၆။ ပါဝေယျကမည်သော အာဇီဝကအကြောင်း

ပစ္စုပ္ပန်ဝတ္ထု

န ပရေသံ ဝိလောမာနိ အစရှိသော ဤဓမ္မဒေသနာ ပါဌ်ဂါထာကို တဏှာ မောဟ မြစ်မူလတို့ဖြင့် တကွမြွေးယှက် ပြေးမထွက်နိုင်အောင် ဆက်ကာဆက်ကာ သံသရာ၌ ချာချာရစ်ပတ် အထပ်ထပ်လည်လျက် အတည်မကျကုန်သော သတ္တဝါတို့ကို ထိုသံသရာ အဆက်မှ လွတ်ထွက်အောင်ကြံဖန် ရွှေညာဏ်တော်ကွန်ရက်ကို ဖြန့်ကျက်အုပ်ဖုံး ဆုံးမတော်မူတတ်သော သဗ္ဗညုတ်ဂုဏ်ဟိတ် ဝိသိဋ္ဌ ဩဘာဖြင့် သတ္တာမည်တော်မူသော မြတ်စွာဘုရားသခင်သည် သာဝတ္ထိပြည်ကြီး၌ မျှမှီးသမူ ဂေါစရဂါမ်ပြုလျက် သေးခုသော ဣရိယာပထဖြင့် မျှတကျိန်းလျောင်း ကိန်းအောင်း စံပယ်တော်မူလျက် မကြည်ဖြူ မသဒ္ဓါ ဣဿာ မစ္ဆရိယ နှောက်ယှက်လှသော ပါဝေယျက အမည်ရရှိသော အာဇီဝကကို အကြောင်းတစ်ခု ပြုသောအားဖြင့် ဟောကြားတော်မူခဲ့ပေ၏။

### အကြောင်းအတ္ထုပ္ပတ္တိအစဉ်ကား ဤသို့တည်း

သာဝတ္ထိပြည်၌ တစ်ဦးသောသူကြွယ်မသည် ပါဝေယျကအမည်ရှိသော အာဇီဝကကို မိမိမှမွေးဖွားအပ်သော သားရင်းကဲ့သို့ သားအရာ၌ထားလျက် များစွာသော ပစ္စည်းတို့ဖြင့် ချီးမြှင့်စောင့်ရှောက် သုတ်သင်မွေးမြူပေသတတ်၊ ထိုသူကြွယ်မအိမ်၏အခြားမဲ့ဖြစ်သောအနီးဖြစ်ကုန်သောအိမ်တို့၌နေထိုင်၍ရှိကြကုန်သော လူတို့သည် မြတ်စွာဘုရား ဟောကြားဆုံးမသော ဓမ္မဒေသနာကို

ကောင်းစွာ နာခံမှတ်သားရ၍ အိမ်သို့ပြန်လာပြီးသောကာလ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်တို့၏ တရားဒေသနာတော်သည် ဩော်-အံ့ဘွယ် ရှိလှပါပေသည်တကားဟု အထူးထူးအပြားပြား များစွာကုန်သော အခြင်းအရာတို့ဖြင့် မြတ်စွာဘုရားကိုယ်တော်မြတ်၏ ဂုဏ်တော်ကို ချီးမွမ်းထောမနာကုန်၏။ ထိုသူကြွယ်မသည် မြတ်စွာဘုရားသခင်၏ ဂုဏ်ကျေးဇူးစကားတို့ကို ကြားသိရသောကာလ ကျောင်းတော်သို့သွား၍ တရားတော်ကို နာလိုသည်ဖြစ်၍ ထိုအကြောင်းကို အာဇီဝကအား ပြန်ကြားပြောဆိုပြီးသည်ကာလ သွားအံ့ဟုကြံ၍ အရှင်-အကျွန်ုပ်သည် မြတ်စွာဘုရားသခင်၏ အထံသို့ တရားနာခြင်းငှါသွားအံ့ဟု ပြောဆို၏။ ပါဝေယျက အာဇီဝကလည်း မသွားလေလင့်ဟုတားမြစ်ပိတ်ပင်သောကြောင့် အာဇီဝကကို အဖန်ဖန် အထပ်ထပ် မပြတ် အခါခါ တောင်းပန်ပါသော်လည်း ထိုအာဇီဝကသည် တားမြစ်ပိတ်ပင်သည်သာလျှင်တည်း။ သူကြွယ်မလည်း ဤသူသည် ငါ့အား ကျောင်းတော်သို့သွား၍ တရားနာအံ့သောငှါ ခွင့်မပေး။ မြတ်စွာဘုရားကိုယ်တော်မြတ်ကို ပင့်ဖိတ်၍ ဤအိမ်၌သာလျှင် တရားတော်ကို နာတော့အံ့ဟုကြံ၍ ညချမ်းသောကာလ၌ သားငယ်ကို ခေါ်စေပြီးသော် ချစ်သားသွားတဲ့ချေ၊ နက်ဖြန်အလို့ငှါ မြတ်စွာဘုရားသခင်ကို ပင့်ဖိတ်၍ပေးပါလော့ဟု စေလွှတ်၏။

## မြတ်စွာဘုရားကို သွားမပင့်ရန် အာဇီဝက-က တားမြစ်ပြီး စားသောက်ရန် ကြံခြင်း

ထိုသားငယ်သည် မိခင်စေခိုင်းသောစကားဖြင့် သွားသည်ရှိသော် ရှေဦးစွာ အာဇီဝက၏နေရာဖြစ်သော အရပ်သို့သွား၍ ရှိခိုးပြီးသည်ကာလ ထိုင်နေ၏။ ထိုအခါ လုလင်ကို အာဇီဝက က အသင် ဘယ်အရပ်သို့ သွားအံ့နည်းဟုမေး၏။ မိခင်၏စကားဖြင့် မြတ်စွာဘုရားသခင်ကို ပင့်ဖိတ်ခြင်းငှါ သွားပါအံ့ဟုဆိုလျှင် ထိုရှင်ကြီးဂေါတမ၏ အထံသို့ မသွားလေလင့်ဟု ဆို၏။ လုလင်ကလည်း အရှင် ဤအကြောင်းသည် မလျော်ပါ၊ အကျွန်ုပ်၏မိခင်အား ကြောက်ရွံလှပါသည်၊ အကျွန်ုပ်သည် သွားပါအံ့ဟု ပြောဆို၏။ အာဇီဝကက မသွားလေလင့်၊ ထိုရှင်ဂေါတမအား ပူဇော်သက္ကာရအဖို့ကို နှစ်ယောက်ကုန်သော ငါတို့သည် စားသောက်ကုန်အံ့ဟုဆို၏။ လုလင်သည်လည်း အရှင် ဤအကြောင်းသည် မသင့်မလျော်ပါ၊ မိခင်သည် အကျွန်ုပ်အား အမျက်ထွက်ရောက်ခြိမ်းခြောက်ပါလိမ့်မည်ဟုဆို၏။ ထိုသို့ တပြီးကား သွားချေ သွားပြီး၍ကားပင့်ဖိတ်ပြီးလျှင် အကျွန်ုပ်တို့၏အိမ်သည်ဤအမည်ရှိသောအရပ်၌လည်းကောင်း ဤအမည်ရှိသော ခရီး၌လည်းကောင်း တည်ရှိပါသည်၊ ဤအမည်ရှိသော ခရီးဖြင့် သွားရပါသည်ဟု မပြောကြားလေလင့်၊ ထိုသူ၏အထံ၌၊ တည်ဘိသကဲ့

သို့ တစ်ပါးသောကိစ္စကို အောက်မေ့နှလုံးသွင်း၍သွားဘိသကဲ့သို့လည်းကောင်း ထွက်ပြေး၍လာခဲ့လေ့ဟု မှာထားလိုက်၏၊ ထိုသူကြွယ်မ၏ သားသည်လည်း အာဇီဝက၏စကားကိုနာ၍ မြတ်စွာဘုရားသခင်၏ အထံသို့သွားရောက်ပြီးလျှင် ပင့်ဖိတ်၍ ဆုတ်နစ်ပြန်လည် ပြီးသည်ကာလအာဇီဝကသည် မှာထားပြောကြားလိုက်သော အမှတ်ဖြင့်သာလျှင် အလုံးစုံကိုပြု၍ အာဇီဝက၏ အထံသို့ ပြန်လာခဲ့သည် ရှိသော် အသို့နည်း အသင်အား ငါ မှာထားလိုက်သော အစဉ်အတိုင်းကို ပြုခဲ့ပါ၏လေဟု မေးသဖြင့် အရှင် အသင်မှာလိုက်သော အတိုင်း အလုံးစုံကိုပင် ပြုခဲ့ပါသည်ဟု ဆို၏။ ယင်းသို့ ဖြစ်လျှင် အသင်အား ကောင်းမြတ်သည်ကို ပြုအပ်၏။ ထိုရှင်ဂြိုဟ်ဂေါတမအား ပူဇော်သက္ကာရဒါန ဝတ္ထု ပြုစုစီမံသည်ကို နှစ်ယောက် ကုန်သော ငါတို့သည် စားကုန်အံ့ဟု ဆို၍ တဖန် မိုးသောက်ရောက်သောနေ့၌ အာဇီဝကသည် စောစောကသာလျှင် အိမ်သို့ လာခဲ့၍ မိမိ အလိုငှါ ခင်းထား အပ်သော အာဇီဝကနေရာကို ယူ၍ နောက်ဖြစ်သော တိုက်ခန်း၌ နေစေ၏။

အိမ်နီးချင်း ဖြစ်ကုန်သော လူတို့သည် ထို သူကြွယ်မ၏ အိမ်ကို စိုသော နွားချေးတို့ဖြင့် လိမ်းကျံ၍ ပေါက်ပေါက်လျှင် ငါးခုမြောက်သော ပန်းတို့ကို လှူပြီးသည်ကာလ မြတ်စွာဘုရား ထိုင်နေ သီတင်းသုံးတော်မူရန် အလို့ငှါ မြတ်သောသူတို့အားသာ ထိုက်သောနေရာကို ခင်းထားကုန်၏။ ထိုစကား မှန်၏။ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်တို့နှင့် အတူတကွ မလေ့ကျက်ဖူး ကုန်သော လူတို့သည် နေရာခင်းခြင်းကို မသိကြကုန်။ ထို့ကြောင့် အိမ်နီးချင်း တို့သည် လာ၍ မြတ်စွာဘုရား နေရာတော် ပြုပြင်စီမံခင်းထား၍ ပေးရကုန် သတည်း။ ထို့ကြောင့် ရှင်းအဋ္ဌကထာ၌—

"ဗုဒ္ဓေဟိ သဒ္ဓိံ အပရိစိတမနုဿာ ဟိ အာသနပညတ္တိံ န ဇာနန္တိ"

ဟု မိန့်၏။

အနက်ကား။ ။ဟိ သစ္စံ၊ ထို စကားမှန်၏။ ဗုဒ္ဓေဟိ၊ မြတ်စွာဘုရား ကိုယ်တော်မြတ်တို့နှင့်။ သဒ္ဓိံ၊ အတူတကွ။ အပရိစိတမနုဿာ၊ မလေ့ကျက်ဖူး ကုန်သော လူတို့သည်။ အာသနပညတ္တိံ၊ နေရာခင်းခြင်းကို။ န ဇာနန္တိ၊ မသိကုန်"။ ဤကား အနက်။

မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်တို့အား ခရီးကို ညွှန်ကြားပြောဆို ခြင်းဖြင့် ပြုဖွယ်ကိစ္စမည်သည် မရှိ။ ဗောဓိပင်အရင်း၌ တစ်သောင်းသော လောကဓာတ်ကို တုန်လှုပ်တော် မူစေ၍ သဗ္ဗညုတ အတုလဓမ္မရာဇ် ဘုရား

အဖြစ်သို့ ရောက်တော်မူသော နေ့၌သာလျှင် ထိုဘုရားရှင်တို့အား ဤလမ်းခရီးသည်ကား ငရဲသို့ သွားအံ့သော လမ်းခရီးတည်း။ ဤလမ်းခရီးကား တိရစ္ဆာန်မျိုးသို့ သွားအံ့သော လမ်းခရီးတည်း။ ဤလမ်းခရီးကား ပြိတ္တာဘုံသို့ သွားအံ့သော လမ်းခရီးတည်း။ ဤလမ်းခရီးကား လူ့ဘုံသို့ သွားအံ့သော လမ်းခရီးတည်း၊ ဤလမ်းခရီးကား နတ်ပြဟ္မာဘုံသို့ သွားအံ့သော လမ်းခရီးတည်း။ ဤလမ်းခရီးကား အမတ ရပ်ထံ၊ နိဗ္ဗာန်ပြည်မြတ်သို့ သွားအပ်သော လမ်းခရီးတည်းဟု အလုံးစုံသော ခရီးလမ်းတို့သည် လွန်စွာ ထင်ရှားသည် ဖြစ်၍ သိတော်မူသေး၏။ ရွာ နိဂုမ်းတို့၏ လမ်းခရီးမျှ၌ ဆိုဖွယ်ရာ မရှိလေ။ ထို့ကြောင့် မြတ်စွာဘုရားကိုယ်တော် မြတ်သည် နံနက်စောစောကပင်လျှင် သပိတ်သကင်္န်းကို ယူတော်မူ၍ သူကြွယ်မဖြစ်သော ဥပါသိကာမကြီး၏ အိမ်တံခါးသို့ ကြွတော်မူ၏။

## အာဇီဝကသည် မြတ်စွာဘုရား တရားတော်ကို မနှဲလို ဆဲရေးကာ ထွက်ပြေးခြင်း

သူကြွယ်မကြီး သည်လည်း အိမ်မှ ထွက်၍ မြတ်စွာဘုရားသခင်ကို ငါးပါးသော ထိခြင်းဖြင့် ရှိသေမြတ်နိုး ရှိခိုးပူဇော်ပြီး၍ အိမ်၏အတွင်းသို့ သွင်းပြီးသော် ခင်းထားအပ်သော နေရာ၌ ထိုင်နေ သီတင်းသုံးစေ၍ အလှူရေစက်ကို ပေးဆက်လှူဒါန်းသည်ကို ပြုပြီးသော် မွန်မြတ်သော ခဲဖွယ်ဘောဇဉ်ဖြင့် လုပ်ကျွေး၏။ ဒါယိကာမကြီးသည် ပြုအပ်သော ဆွမ်းစားခြင်း ကိစ္စရှိသော မြတ်စွာဘုရားသခင်အား အနုမောဒနာကို ပြုစေလိုသည်ဖြစ်၍ သပိတ်တော်ကို ယူ၏၊ မြတ်စွာဘုရားသခင်သည် သာယာစွာသော မြတ်သော အသံတော်ဖြင့် အနုမောဒနာ တရားစကားကို အားထုတ် ဟောကြားတော်မူ၏။ ဒါယိကာမကြီးလည်း သာဓု သာဓု ဟု ကောင်းချီးပေးလျက် တရားတော်ကို နာ၏။ အာဇီဝကသည် နောက်ဖြစ်သော တိုက်ခန်း၌နေလျက် ကောင်းချီးကိုပေး၍ တရားတော်ကို နာသော ထိုဥပါသိကာမကြီး၏ အသံကို ကြားသည်ရှိသော် တည်တန့်၍နေအံ့သောငှါ မစွမ်းနိုင်သည်ဖြစ်၍ ဤဥပါသိကာမသည် ယခုအခါ ငါ့အား လှူဒါန်းပေးကမ်း သဒ္ဓါကြည်ညိုခြင်းကို မပြုပေတော့အံ့ဟု ကြံစည်ကြောင့်ကြ စိုးရိမ်လှသဖြင့် တိုက်ခန်းမှ ထွက်၍ ဟယ်....သူယုတ်မကြီး၊ ထိုရှင်ကြီးဂေါတမအား ဤသို့သော ပူဇာသက္ကာရကို ပြု၏။ အသင်သည် ပျက်လေပေါ့ ဟု အဘူးထူး အပြားပြား များစွာကုန်သော အခြင်းအရာဖြင့် ဒါယိကာမကြီးကို လည်းကောင်း၊ မြတ်စွာဘုရားသခင်ကို လည်းကောင်း၊ ဆဲရေး ရေရွတ်လျက် ပြေးသွား၏။

## ဒါယိကာမကြီး စိတ်မကောင်း ဖြစ်နေခြင်း

ဒါယိကာမကြီးသည် ထိုအာဇီဝက၏ ဆဲရေး ရေရွတ်သော စကားဖြင့် ရှက်နိုးသည် ဖြစ်သောကြောင့် တစ်ပါးသော အာရုံသို့ တုန်လှုပ် 'ပြေးသွား သောစိတ် ရှိသည်ဖြစ်၍ ဒေသနာတော်သို့ "အစဉ်လျှောက်သော အားဖြင့် ဉာဏ်ကို ရေးရှုတည့်ခိုင် စေလွှတ်ခြင်းငှါ ' မစွမ်းနိုင်လေ။ ထိုအခါ ဒါယိကာမ ကြီးကို မြတ်စွာဘုရား ကိုယ်တော်မြတ်က ဒါယိကာမကြီး အသို့နည်း မိမိ၏စိတ်ကို ဒေသနာတော်သို့ အစဉ်လျှောက်၍ အောက်မေ့ တည်တံ့သည်ကို ပြုခြင်းငှါ မစွမ်းနိုင် သလေဝဟု မေးတော်မူ၏။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ထိုအာဇီဝက၏ စကားဖြင့် တပည့်တော်မ၏ စိတ်သည် တစ်ပါး သောအာရုံသို့ တုန်လှုပ်ပြေးသွားပါသည်ဟု လျှောက်ကြားသော ကာလ မြတ်စွာဘုရား ကိုယ်တော်မြတ်က ဒါယိကာမကြီး ဤသို့ သဘောရှိသော ဆန့်ကျင်ဘက်ဖြစ်သော ဝိသဘာဂလူ၏ ပြောဆို ဆဲရေးအပ်သော စကားမည် သည်ကို ဆင်ခြင်အောက်မေ့၍ နေခြင်းငှါ မအပ်။ ဤသို့သဘောရှိသော ပြောဆို ဆဲရေးသော စကားကို နှလုံးမသွင်းမူ၍ မိမိ၏သာလျှင် ကုသိုလ်ကောင်းမှုကို ပြုအပ်လေပြီလော ဟူ၍လည်းကောင်း မပြုအပ်သေးဟူ၍လည်းကောင်း၊ မိမိကိုယ်ကိုသာလျှင် ဆင်ခြင်ကြည့်ရှုခြင်းငှါ အပ်၏ဟု မိန့်တော်မူပြီး၍—

၅၀။ န ပရေသံ ဝိလောမာနိ၊ န ပရေသံ ကတာကတံ။
အတ္တနောဝ အဝေက္ခေယျ၊ ကတာနိ အကတာနိ စ—
ဟူသော ဂါထာကို ဟောကြားတော်မူ၏။

### ဒေသနာတော်၏ အကျိုး အာနိသင်

ဒေသနာတော်၏ အဆုံး၌ ဥပါသိကာမကြီးသည် သောတာပတ္တိဖိုလ်၌ တည်လေ၏။

အနက်ကား။ ။ပရေသံ၊ မိမိမှ အခြား တစ်ပါးသော သူတို့၏။ ဝိလော မာနိ၊ ဖရုသဝါစာ ယုတ်မာကြမ်းထော် မလျော်သော အမှုတို့ကို။ န အဝေက္ခေယျ၊ မရှုမဆင်ခြင်ပေရာ။ ပရေသံ၊ မိမိမှ အခြား တစ်ပါးသော သူတို့ ၏၊ ကတာကတံ၊ ကုသိုလ် အကုသိုလ် ထိုထိုကောင်းမှုမကောင်းမှု ပြု-မပြုကို။ န အဝေက္ခေယျ၊ မရှုမဆင်ခြင်ရာ။ အတ္တနောဝ၊ မိမိ၏ သာလျှင်။ ကတာနိ စ၊ ဤသို့သော ကုသိုလ် ကောင်းမှုကို ပြုမိလေကုန်၏လော ဟူ၍လည်းကောင်း။

အကာဘာနိ စ၊ ကုသိုလ်ကောင်းမှုကိုမပြုမိလေကုန်သလောဟူ၍လည်းကောင်း။ အဝေကွေ့ယျ၊ စိစစ်စေ့ရေး ကြံတွေးဆင်ခြင်ရာ၏။ ဤကားအနက်။

ဓမ္မပဒပုပ္ဖဝဂ်၌ ခြောက်ခုမြောက်သော ပါဝေယျက မည်သော
အာဇီဝက၏ ဝတ္ထုစကားအစဉ်ကား ဤတွင်ရွေပြီး၏။

---

## ၇။ ဆတ္တပါဏိ ဥပါသကာအကြောင်း

[ပစ္စုပ္ပန်ဝတ္ထု]

ယထာပိ ရုစိရံ ပုပ္ဖံ အစခံသော ဤသုတ္တန်ဒေသနာ ပါဌ်ဂါထာကို မိစ္ဆာဝါဒ ဒိဋ္ဌိတက္ကဖြင့် မာနတံခွန် မိုးလုံးမွန်မျှ လူချွန်ပေါက်ပြ ဆသတ္ထာရ-စသော ဆရာကြီးတို့ကို နည်းဥပဒေသ ညွှန်းပြဆုံးမတတ်သော သကတ်ဂုဏ်ထူးချီးကျူး အံ့ရာ မဆန့်သာသဖြင့် သတ္ထာ-မည်တော်မူသော မြတ်စွာဘုရား သခင်သည် ပြည့်အင် စည်းစိမ် ရိပ်ငြိမ်ရှိဘိ ဂုဏ်သိဒ္ဓိဖြင့် သာဝတ္ထိမည်သော ပြည်မြတ်၌ မှီကပ်ဆွမ်းခံ လေးတန်သော ဣရိယာပထဖြင့် မျှတတော်မူစဉ်ကာလ ဆတ္တ-ပါဏိ ဥပါသကာကို အရင်းမူလ ပြုသောအားဖြင့်၊ ဟောကြားတော်မူခဲ့ပေ၏။

### အကြောင်းအတ္ထုပ္ပတ္တိအစဉ်ကား ဤသို့တည်း

သာဝတ္ထိပြည်၌ ဆတ္တပါဏိ အမည်ရှိသော ဥပါသကာသည် ပိဋကတ်သုံးပုံကိုဆောင်သော အနာဂါမ်ပုဂ္ဂိုလ်ဘည်း။ ထိုဆတ္တပါဏိ ဥပါသကာသည် နံနက်စောစောကပင်လျှင် ဥပုသ်သီလကို စောင့်သုံးသည်ဖြစ်၍ မြတ်စွာဘုရား ကိုယ်တော်မြတ်ကို ခစားဆည်းကပ်ခြင်းငှါ သွားလေ၏။ ထိုစကား မှန်၏။ အနာဂါမ် ဖြစ်ကုန်သော အရိယာ သာဝကတို့အား ဆောက်တည်ခံယူသည်၏ အစွမ်းဖြင့် ပြုအပ်သော ဥပုသ်ကိစ္စမည်သည်မရှိ။ မဂ်သို့ ရောက်သည်နှင့် တစ်ပြိုင်နက်သာလျှင် အဗြဟ္မစရိယကို ပယ်ရှားခြင်းဟု ဆိုအပ်သော ဗြဟ္မစရိယ သည်သည်းကောင်း တစ်ထပ်တည်းသော ထမင်းကို စားသောက်ခြင်းသည် လည်းကောင်း လာရောက်ရရှိ၏။ ထို့ကြောင့် မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်သည်—

“ဃဋိကာရော ခေါ မဟာရာဇ ကုမ္ဘကာရော၊ ဧကဘတ္တိကော
ဗြဟ္မစရိယော သီလဝါ ကလျာဏဓမ္မော”

အစရှိသဖြင့် မဇ္ဈိမပဏ္ဏာသပါဠိတော်၌ ဟောကြားတော်မူခဲ့၏။

အနက်ကား။ "မဟာရာဇ၊ ဒကာတော် ကိုကိုမင်းကြီး။ ခေါ၊ စင်စစ်။ ဃဋိကာရော၊ ဃဋိကာရ အမည်ရှိသော။ ကုမ္ဘကာရော၊ အိုးထိန်းသည် သည်။ ဧကဘတ္တိကော၊ တစ်ထပ်သာစား၏။ ဗြဟ္မစရိယော၊ မြတ်သော အကျင့်ရှိ၏။ သီလဝါ၊ သီလရှိ၏။ ကလျာဏဓမ္မော၊ ကောင်းသော တရားရှိ၏။ ။ဤကား အနက်။

ဤသို့သော နည်းဖြင့် အနာဂါမ် ပုဂ္ဂိုလ်တို့သည် ပကတိဓမ္မတာအားဖြင့် သာလျှင် ညစာမစား နံနက်အခါစားခြင်း တည်းဟူသော တစ်ထပ်တည်းသောထမင်း ရှိသည်လည်းကောင်း၊ မြတ်သော အကျင့်ရှိသည်လည်းကောင်း ဖြစ်ကြ ကုန်၏။ ထိုဆတ္တပါဏိ ဥပါသကာသည်လည်း ထိုအတူသာလျှင် မကဇတိသော ဥပုသ်သုံးခြင်း ရှိသည်ဖြစ်၍ မြတ်စွာဘုရားသခင်ကို ဆည်းကပ်ပြီးလျှင် ရှိသေမြတ်နိုး ရှိခိုးပြီးသော် တရားစကား ကြားနာလျက် ထိုင်နေ၏။

## မြတ်စွာဘုရားထံ၌ ကောသလမင်းကြီးနှင့် တွေ့ဆုံခြင်း

ထိုအခါကာလ သာဝတ္ထိပြည်ကြီးကို အစိုးရတော်မူသော ကောသလ မင်းဖျားလည်း ဘုရားသခင်အား ဖူးမြော်ခစား ဆည်းကပ်ခြင်းငှါ သွား၏။ ဆတ္တပါဏိ ဥပါသကာသည် ရွေးရှုလာသော ထို ပသေနဒီကောသလမင်းကြီးကို မြင်၍ ငါသည်ထ၍ သွားရအံ့လော၊ ထ၍ မသွားမူ၍ပင် နေရအံ့လောဟု ကြံ၍ ငါသည် မြတ်သော မင်းဖြစ်တော်မူသော မြတ်ဘုရားသခင်၏ အထံ တော်၌ နေလျက် တစ်စိတ်တစ်ဒေသ အစိုးရသော ပဒေသရာဇ်မင်း လာသည်ကို မြင်၍ ထသွားခြင်းငှါ ငါ့အား မသင့်လျော်ချေ။ မင်းကြီးသည် ထ၍ မရှောင်ကြဉ်သော ငါ့အား အမျက်ထွက်လတ္တံ့။ ထိုမင်းကြီးသည် အမျက် ထွက်သော်လည်း ငါမထတော့အံ့၊ မင်းကြီးကို မြင်၍ ထသွားသည်ရှိသော် မင်းကြီးကို အလေးပြုရာ ရောက်ပေလိမ့်မည်။ ဆရာဖြစ်တော်မူသော မြတ်စွာ ဘုရားကို မလေးစားရာ ရောက်ချေတော့မည်။ ထိုကြောင့် မထ မဖယ်ရှောင်ဘဲ သာလျှင် နေတော့အံ့ဟု မထမူ၍သာလျှင် နေ၏။ ပညာရှိသော ယောကျ်ားတို့ မည်သည်ကား အလေးအမြတ် ပြုအပ်သော ဆရာတို့၏ အထံ၌ ထိုင်နေလျက် မထ မဖယ်ရှောင်သော သူကိုမြင်သော်လည်း အမျက်မထွက်ကုန်။ ထိုကြောင့် ရှင်းအဋ္ဌကထာ၌—

"ပဏ္ဍိတပုရိသာ စ နာမ ဂရုနံ သန္တိကေ ဋ္ဌိတံ ဝါ နိသီဒိတွာ အနုဋ္ဌဟန္တံ ဒိသွာ န ကုဇ္ဈန္တိ"—

ဟု မိန့်တော်မူ၏။

**အနက်ကား။** ။ပဏ္ဍိတပုရိသာ စ နာမ၊ ပညာရှိသော ယောကျ်ားတို့ မည်သည်ကား။ ဂရူနံ၊ ဆရာမြတ်တို့၏။ သန္တိကေ၊ အထံ၌။ ဌိတံ ဝါ၊ တည်သည် လည်းဖြစ်သော။ နိသိဒိတွာ၊ ထိုင်နေ၍။ အနုဋ္ဌဟန္တံ၊ မထသောသူကို။ ဒိသွာ၊ မြင်၍။ ဝါ၊ မြင်သည်ရှိသော်။ ဝါ၊ ကြောင့်။ န ကုဇ္ဈန္တိ၊ အမျက်မထွက် လေကုန်။ ဤကားအနက်။

ပသေနဒီကောသလမင်းကြီးသည်ကား မထ မဖယ်ရှောင်သော ထိုဆတ္တပါဏိ ဥပါသကာကို မြင်၍ အမျက်ထွက်သော စိတ်ရှိလျက် မြတ်စွာဘုရားသခင်ကို ရှိခိုးပြီးသည်ကာလ တင့်အပ် လျောက်ပတ်သော အရပ်၌ ထိုင်နေ၏။ မြတ်စွာဘုရားသခင်သည် ထိုမင်းကြီး၏ အမျက်ထွက်သည်ကို သိ၍ ဒကာတော် မင်းကြီး ဤဆတ္တပါဏိ ဥပါသကာသည် ပညာရှိ၏။ သိမြင်အပ်ပြီးသော တရားရှိ၏။ ပိဋကတ်သုံးပုံကို ဆောင်၏၊ အကျိုးဟုတ်သည် မဟုတ်သည်၌ လိမ္မာ၏ ဟု ဥပါသကာ၏ ဂုဏ်ကျေးဇူးကို ချီးကျူးမိန့်ဆိုတော်မူ၏။ ပသေနဒီ ကောသလမင်းကြီးအား ထိုဆတ္တပါဏိ ဥပါသကာ၏ ဂုဏ်ကျေးဇူးစကားကို ကြားနာရစဉ်ပင်လျှင် စိတ်သည် နူးညံ့ခြင်း ဖြစ်လေ၏။

## နန်းတော်တွင်း၌ ပိဋကတ်သုံးပုံ သင်ပေးရန် တောင်းပန်ခြင်း

ထိုနောက် တစ်နေ့သောနေ့၌ ပသေနဒီကောသလမင်းကြီးသည် အထက် ဖြစ်သော ဘုံနန်းပြာသာဒ်၌ စမ္ပာယ်တော်မူစဉ် ဆတ္တပါဏိ ဥပါသကာသည် ပြုအပ်ပြီးသော ထမင်းစားခြင်း ကိစ္စရှိသည်ဖြစ်၍ ထီးကို ယူငင်လျက် ဖိနပ်ကို စီးပြီးသော် မင်းရင်ပြင်ဖြင့် သွားသည်ကို မြင်၍ ခေါ်စေတော် မူ၏။ ဆတ္တပါဏိ ဥပါသကာသည် ထီး ဖိနပ်ကို ပယ်ထားခဲ့ပြီးသောကာလ မင်းကြီးသို့ ချဉ်းကပ်၍ ရှိခိုးပြီးသော် သင့်တင့်လျောက်ပတ်သော အရပ်၌ တည်နေ၏။ ထိုအခါ ဆတ္တပါဏိ ဥပါသကာကို မင်းကြီးက အို အချင်း ဥပါသကာ အသင်၏ ထီး ဖိနပ်တို့ကို အဘယ့်ကြောင့် ပယ်ချ စွန့်ပစ်၍ ထားခဲ့သနည်းဟု မေးတော်မူ၏။ အရှင်မင်းမြတ်သည် ခေါ်တော်မူအပ်သည်ဟု ကြားသိရသည် ဖြစ်ပါသောကြောင့် ထီး ဖိနပ်တို့ကို ပယ်ချစွန့်ပစ်၍ ထားခဲ့ ပြီးသည်ကာလ လာခဲ့ရပါသည်ဟု လျှောက်၏။ ယနေ့ ငါတို့၏ ပြည့်ရှင်မင်း အဖြစ်ကို အသင်တို့သည် သိအပ်သည် ဖြစ်ပေလိမ့်မည်ဟု မင်းကြီးက မိန့်တော် မူလျှင် ဆတ္တပါဏိ ဥပါသကာက အရှင်မင်းမြတ် အခြင်းခပ်သိမ်းလည်း အကျွန်ုပ် တို့သည် အရှင်တို့၏ မင်းအဖြစ်ကို သိပါကုန်၏ဟု လျှောက်တင်သောအခါ၊ ဤသို့ ငါ၏ မင်းအဖြစ်ကို သိသည် အကယ်၍ ဖြစ်ခဲ့အံ့ ရှေးဖြစ်သော နေ့အခါက မြတ်စွာဘုရားသခင်၏ အထံတော်၌ ထိုင်နေလျက် ငါ့ကို မြင်သည်ရှိသော် အဘယ့်ကြောင့် ထသွား ဖယ်ရှောင်၍ မပေးသနည်းဟု မေးတော်မူပြန်သော

ကာလ၊ အရှင်မင်းကြီး မင်းတကာတို့ထက် မြတ်တော်မူသော အဂ္ဂရာဇာ ဖြစ်တော်မူသော မြတ်စွာဘုရားသခင်၏ အထံတော်၌ နေပါလျက် တစ်နိုင်ငံ တစ်ဒေသမျှကို အစိုးရတော်မူသော ပဒေသရာဇ်မင်းကို မြင်၍ ဖယ်ရှောင် ထသွားသည်ရှိသော် မြတ်စွာဘုရား ကိုယ်တော်မြတ်၌ မရိုသေ မကိုင်းညွတ်ခြင်း အဂါရဝ သည် ဖြစ်ခဲ့ပေရာ၏။ ထိုကြောင့် အကျွန်ုပ်သည် မထသွား မဖယ်ရှောင် ပါသတည်းဟု လျှောက်တင်၏။

မင်းကြီးကလည်း အိုအချင်း ဥပါသကာ အသင် လျှောက်တင်သောအတိုင်း ဖြစ်ပါစေလော့။ ဤစကားကို တံ့ရပ်၍ ထားပါဦးလော့။ အသင်တို့သည် မျက်မှောက် ပစ္စုပ္ပန် အတ္တဘော၌ ဖြစ်သော အကျိုး, တမလွန်လောက နောင်ဘဝ၌ ဖြစ်လတ္တံ့သော အကျိုးအားဖြင့် နှစ်ပါးကုန်သော အကျိုးတို့အား သိကျွမ်း လိမ္မာသည်ဖြစ်ပေကုန်သတတ်။ ပိဋကတ်သုံးပုံ ဆောင်ပေကုန်သတတ်။ အသင်တို့သည် ငါတို့၏ နန်းတော်တွင်း၌ မြတ်စွာဘုရား တရားတော်ကို ချပို့ ပါလော့ဟု မိန့်တော်မူလျှင် အရှင်မင်းမြတ် မစွမ်းနိုင်ပါဟု လျှောက်ကြား၏။ အဘယ်အကြောင်းကြောင့်နည်းဟု မေးတော်မူလျှင် အရှင်မင်းမြတ် မင်းအိမ် နန်းတော် မည်သည်ကား ဆိုလျှင် များသော အပြစ်ရှိပါသည်။ အရှင်မင်းမြတ် ဤနန်းအိမ်တော်၌ မကောင်းသောသူ, ကောင်းသော သူတည်းဟူသော များစွာသောသူတို့နှင့် ရောယှက် ထွေးယှဉ်သောအားဖြင့် အလွန်ပင် ဝန်လေး လှပါသည်ဟု လျှောက်ကြား၏။ မင်းကြီးကလည်း အချင်း သင်တို့သည် ဤသို့ ကြောက်ရွံ့ ပစ်ပယ်သော စကားတို့ကို မပြောမကြားပါကုန်လင့်။ ရှေးဖြစ်သော နေ့၌ ငါ့ကို မြင်၍ မထ မဖယ်ရှောင်မိသောကြောင့် ရွံ့ကြောက် တွေးတောခြင်း ဖြစ်သော အလိုလိုကို မဖြစ်ပါစေလင့်ဟု ဆိုလျှင် ဆတ္တပါဏိ ဥပါသကာက အရှင်မင်းမြတ် လူတို့၏ သွားလာလှည့်လည်သော အရပ်မည်သည် များသော အပြစ်ရှိပါသည်။ ရဟန်းတော် အရှင်မြတ်တပါးကို ဖိတ်မန် ပင့်ခေါ် ပြီးသည်ကာလ မြတ်စွာဘုရား တရားတော်ကို ချပို့ပါစေလော့ဟု လျှောက်၏။ အိုအချင်းဥပသကာ ကောင်းပြီ၊ အသင်တို့သည် သွားကြကုန်လေလော့ဟု ဥပသကာကို လွှတ်လိုက်ပြီးလျှင် မင်းကြီးသည် မြတ်စွာဘုရား ကိုယ်တော်မြတ်၏ ထံသို့ သွားရောက်၍ မြတ်စွာဘုရားသခင်ကို ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ မလ္လိကာ မိဖုရားသည်လည်းကောင်း၊ ဝါသဘခတ္တိယာ မိဖုရား သည်လည်းကောင်း၊ မြတ်စွာဘုရား တရားတော်ကို သင်ပါကုန်လတ္တံ့။ အရှင်ဘုရားသည် ငါးရာကုန်သော ရဟန်းတို့နှင့်တကွ ဒကာတော်၏ နန်းတော်သို့ အမြဲကြွတော်မူ၍ ထိုမိဖုရားတို့အား တရားတော်ကို သင်တော်မူစေကုန်လော့။ တရားတော်ကို ဟောကြားတော်မူကုန်လော့ဟု တောင်းပန် လျှောက်ကြား၏။

## မလ္လိကာ မိဖုရားနှင့် ဝါသဘခတ္တိယာတို့ ပိဋကတ်သုံးပုံ သင်ကြခြင်း

မြတ်စွာဘုရား ကိုယ်တော်မြတ်က ဒကာတော်မင်းကြီး ငါဘုရားတို့ မည်သည်ကား အမြဲမပြတ် တစ်ခုတည်းသော အရပ်သို့ သွားအပ်သည် မည်သည် မရှိဟု မိန့်တော်မူက ထိုသို့ တပြီးကား ဘုန်းတော်ကြီးတော် မူလှ ပေသော မြတ်စွာဘုရား၊ သင့်လျော် လျောက်ပတ်သော တစ်ပါးသော ရဟန်းကို စေလွှတ် သနားတော်မူပါဟု လျှောက်ကြား တောင်းပန်ပြန်သဖြင့် မြတ်စွာဘုရားသခင်သည် အာနန္ဒာမထေရ်၏ ဝန်ကို ပြုတော်မူ၏။ အရှင်အာနန္ဒာ မထေရ်သည် အမြဲမပြတ် နန်းတော်သို့ ကြွသွားတော်မူ၍ ထိုမိဖုရားတို့အား ဘုရားဟောဖော် တရားတော်ကို သင်စေ၏။ ထိုမိဖုရား နှစ်ပါးတို့တွင် မလ္လိကာ မိဖုရားသည် တရားတော်ကို ရိုသေ ကောင်းမွန်စွာ နာခံသင်ယူ၍ ကောင်းစွာ သရဇ္ဈာယ်ပြီးလျှင် ပါဠိအရှည် ခန့်သည်ကို ဖြစ်စေ၏။ ဝါသဘခတ္တိယာမိဖုရား သည်ကား ရိုသေ ကောင်းမွန်စွာ မသင်ယူ မသရဇ္ဈာယ်၊ ပါဠိအရှည် ခံ့စေ ခြင်းငှါ မစွမ်းနိုင်။ ထိုနောက် တစ်နေ့သောအခါ၌ မြတ်စွာဘုရားသည် ချစ်သား အာနန္ဒာ အသို့နည်း။ ဒကာတော်မ မိဖုရားတို့သည် တရားကို သင်ယူကြပါ ကုန်၏လောဟု မထေရ်ကို မေးတော်မူသည်၌သော် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ရိုသေ ကောင်းမွန်စွာ သင်ယူကြပါကုန်၏ဟု မထေရ်က လျှောက် သဖြင့် ချစ်သား အာနန္ဒာ အဘယ် မိဖုရားသည် နာခံ သင်ယူသနည်းဟု မေးတော်မူပြန်သော ကာလ ဘုန်းတော်ကြီးတော်မူလှပေသော မြတ်စွာဘုရား၊ မလ္လိကာမိဖုရားသည် ရိုသေ ကောင်းမွန်စွာ တရားတော်ကို သင်ယူပါသည်။ ရိုသေ ကောင်းမွန်စွာ တရားတော်ကို သရဇ္ဈာယ်ပါသည်။ ရိုသေ ကောင်းမွန်စွာ ပါဠိကို ခံယူစေခြင်းငှါ စွမ်းနိုင်ပါသည်။ အရှင်မင်းမြတ်တို့၏ ဆွေတော် မျိုးတော် သမီးဖြစ်သော ဝါသဘခတ္တိယာ မိဖုရားသည် တရားတော်ကို ရိုသေ ကောင်းမွန်စွာ မသင်ယူ၊ မသရဇ္ဈာယ်ပါ။ ပါဠိကို ခံယူခြင်းငှါ မစွမ်းနိုင်ပါဟု လျှောက်ကြား၏။

မြတ်စွာဘုရားသခင်သည် အာနန္ဒာမထေရ် လျှောက်ကြားသော စကားကို ကြားတော်မူလျှင် ချစ်သားအာနန္ဒာ ငါဘုရား ဟောကြားတော် မူအပ်သော တရားတော်မည်သည် ရိုသေကောင်းမွန်စွာ မနာခံ မသရဇ္ဈာယ် မမှီဝဲသောသူ အား အဆင်းသဏ္ဌာန်နှင့်သာ ပြည့်စုံ၍ အနံ့မရှိသော ပန်းကဲ့သို့ အကျိုးမရှိ သည် ဖြစ်ပေ၏။ ရိုသေ ကောင်းမွန်စွာ တရားနာခြင်း စသည်ကို ပြုသော သူအား ကြီးကျယ်ပြန့်ပြော များမြတ်သော အကျိုးအာနိသင် ရှိသည်ဖြစ်ပေ ၏ဟု မိန့်တော်မူပြီး၍—

၅၁။ ယထာပိ ရုစိရံ ပုပ္ဖံ၊ ဝဏ္ဏဝန္တံ အဂန္ဓကံ။
　　ဧဝံ သုဘာသိတာ ဝါစာ၊ အဖလာ ဟောတိ အကုဗ္ဗတော။

၅၂။ ယထာပိ ရုစိရံ ပုပ္ဖံ၊ ဝဏ္ဏဝန္တံ သုဂန္ဓကံ။
　　ဧဝံ သုဘာသိတာ ဝါစာ၊ သဖလာ ဟောတိ ကုဗ္ဗတော–

ဟူသော နှစ်ဂါထာတို့ကို ဟောကြားတော်မူ၏။

## ဒေသနာတော်၏ အကျိုး အာနိသင်

ဒေသနာတော်၏ အဆုံး၌ များစွာသော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကြလေကုန်၏။

အနက်ကား။　။ရုစိရံ၊ နီ-ပြာ-ရွှေ-ကြောင် အရောင်ဖြင့် တင့်တယ်ထသော။ ဝဏ္ဏဝန္တံ၊ လှပထွန်းလင်း အဆင်းရှိထသော။ အဂန္ဓကံ၊ သင်းထုံမွှေးပျံ့ အနံ့ မရှိထသော။ ပုပ္ဖံ၊ ကသစ်ခေါင်ရမ်း ဇလပ်စသော ပန်းသည်။ အပ္ပဖလံ ယထာပိ၊ မမြတ်မနိုး အကျိုးမရှိသကဲ့သို့။ ဧဝံ တထာ၊ ထိုအတူ။ သုဘာသိတာ၊ ပရဝမ္ဘန စသည့် ပယ်ရှောင်း ကောင်းစွာ ဟောကြားတော်မူအပ်သော။ ဝါစာ၊ ဘုရား စကားတော်သည်။ အကုဗ္ဗတော၊ ရှိသေ ကိုင်းညွတ်ခြင်းကို မပြုသောသူအား။ အဖလာ၊ မဂ် ဖိုလ် နိဗ္ဗာန် ရရန်မျှော်ကိုး အကျိုးမရှိသည်။ ဟောတိ၊ ဖြစ်၏။

ရုစိရံ၊ နီ-ပြာ-ရွှေ-ကြောင် အရောင်ဖြင့် တင့်တယ်ထသော။ ဝဏ္ဏဝန္တံ၊ ကြည့်ရှုစချင့် သင့်တင့်ကောင်းမြတ်သော အဆင်းရှိထသော။ သုဂန္ဓကံ၊ သင်းထုံမွှေးပျံ့ ကောင်းသော အနံ့လည်း ရှိထသော။ ပုပ္ဖံ၊ ကြာညိုချရား စကားစပယ် စသောပန်းသည်။ သဖလံ ယထာပိ၊ မြင်သူစုံမက် နှစ်သက်မြတ်နိုး အကျိုး ရှိသကဲ့သို့။ ဧဝံ တထာ၊ ဤအတူ။ ဘုဘာသိတာ၊ ပရဝမ္ဘနစသည်ပယ်ရှောင်း ကောင်းစွာ ဟောကြားတော်မူအပ်သော။ ဝါစာ၊ ဘုရားစကားတော်သည်။ ကုဗ္ဗတော၊ ရှိသေကိုင်းညွတ်ခြင်းကို ပြုသောသူအား။ သဖလာ၊ မဂ် ဖိုလ် နိဗ္ဗာန် ရရန်မျှော်ကိုး အကျိုးရှိသည်။ ဟောတိ၊ ဖြစ်၏။　ဤကား အနက်။

ဓမ္မပဒပုပ္ဖဝဂ်၌ ခုနစ်ခုမြောက်ဖြစ်သော ဆတ္တပါဏိဥပါသကာ၏
ဝတ္ထုစကား အစဉ်ကား ဤတွင်ရွှေပြီး၏။

---

## ၇။ ပုဗ္ဗာရုံကျောင်းအမ ဝိသာခါဒါယိကာမကြီး အကြောင်း

### ပစ္စုပ္ပန်ဝတ္ထု

ယထာပိ ပုပ္ဖရာသိမှာ—အစလာသော ဤဓမ္မဒေသနာ ပါဌ်ဂါထာကို သံသရာရေလျဉ်၌ ပျော်လည် ပြေးသွား မနားမရပ် အထပ်ထပ်သော သတ္တဝါတို့ကို ထိုသံသရာတည်းဟူသောရေလျဉ်မှ အလျင်ထွက်ပေါက် လွတ်ကူးမြောက်အောင် ကျွတ်ထောက် ကြိမ်သင့် အချိန်လင့်၍ အခွင့်အလျော် ဆုံးမတော်မူတက်သော လူနတ်တို့ဆရာ ပြဟ္မာတို့ ထွတ်ထား ရှင်တော် ဘုရားသခင်သည် ပြည်ခွင့်ဘုမ္မိ သာဝတ္ထိကို ပဓာမိညာဏ်ကျုံး နောင်တော် ဘုန်းတို့ စံထုံးတံတုအမှီပြု၍ ယဉ်နု ဆန်းကြွ ပန်းပေါင်းစို့လျက် ညို့ညို့မှိုင်းဆင် ပန်းဥယျာဉ်တည်လုပ်သော အရှေ့အရပ်၌ သတ်မှတ်တည်တုံ အမည်ထုံသော ပုဗ္ဗာရုံကျောင်းကြီး၌ မျှမှီးရှင်ပြုံး သီတင်းသုံးတော်မူလျက် ကြည်ဖြူသဒ္ဓါ ရှိလှစွာသော ကျောင်းအမ ဝိသာခါ ဒါယိကာမကြီးကို အကြောင်းတစ်ခု ရည်သွန်းပြုလျက် အတုလမြတ်ဖျား ဘောဘုရားသည် ဟောကြား မိန့်မြွက်တော်မူခဲ့ပေသတည်း။

### အကြောင်း အတ္ထုပ္ပတ္တိ စကားအစဉ်ကား ဤသို့တည်း

ထိုဝိသာခါဒါယိကာမသည်ကား အင်္ဂတိုင်း ဘဒ္ဒိယမြို့၌ မေဏ္ဍကသူဌေးကြီး၏ သားဖြစ်သော ဓနဉ္စယသူဌေး၏ အဂ္ဂမဟေသီဖြစ်သော သုမနသူဌေးမ၏ ဝမ်းတိုက်၌ ကိန်းပိုက်သန္ဓေတည်နေ၍ ဆယ်လစေ့မြောက် ဖွားမြင်ခြင်းသို့ ရောက်ပြီးမှ ထိုဝိသာခါသည် ခုနစ်နှစ်သမီးအရွယ်သို့ ကျသောကာလ၌ မြတ်စွာဘုရား သခင်သည် သေလပုဏ္ဏား အစရှိကုန်သော ကျွတ်ထိုက်ကုန်သော သတ္တဝါတို့၏ အကြောင်း၏ ပြည့်စုံခြင်းကို မြင်တော်မူသောကြောင့် များစွာသော ရဟန်းသံဃာတော်အပေါင်း ခြံရံလျက် ဒေသစာရီ လှည့်လည် ကြွမြန်းတော်မူသည်ရှိသော် ထိုဘဒ္ဒိယမြို့သို့ ရောက်တော်မူလေ၏။

### ဆုထူးပန်ဆင်ခဲ့ကြသူ ငါးယောက်

ထိုအခါကာလ ဘဒ္ဒိယမြို့၌ မေဏ္ဍက သူဌေးကြီးသည် ငါးဦးကုန်သော ဘုန်းကံကောင်းမှုရှိကုန်သော သူတို့၏ အကြီးအမှူးသည်ဖြစ်၍ သူဌေး၏အရာကို ပြု၏။ ငါးဦးကုန်သော ကောင်းမှု ဘုန်းကံရှိသော သူတို့မည်သည်ကား—

၁။ မေဏ္ဍက သူဌေးကြီး တစ်ဦး။

၂။ စန္ဒပဒုမ မည်သော ထိုမေဏ္ဍက သူဌေးကြီး၏ သူဌေးကတော် တစ်ဦး။

၃။ ထိုမေဏ္ဍက သူဌေးကြီး၏ သားဖြစ်သော ဓနဉ္စယမည်သောသူ တစ်ဦး။

၄။ ထိုဓနဉ္စယ၏ မယားဖြစ်သော သုမနဒေဝီမည်သော ချွေးမ တစ်ဦး။

၅။ မေဏ္ဍက သူဌေးကြီး၏ ကျွန်ဖြစ်သော ပုဏ္ဏမည်သောသူ တစ်ဦး– အားဖြင့် ငါးဦးတို့ပေတည်း။

ဤမေဏ္ဍက သူဌေးကြီး တစ်ဦးသာမဟုတ် ဗိမ္ဗိသာရမင်းကြီး၏ တိုင်းပြည်နိုင်ငံတော်အတွင်း၌ အတိုင်းမသိသော စည်းစိမ်ချမ်းသာရှိကုန်သော ငါးဦးကုန်သော သူဌေးကြီးတို့သည် ရှိကုန်၏၊ ငါးဦးကုန်သော သူဌေးကြီးတို့ဟူသည်ကား ဇောတိကသူဌေး၊ ဇဋိလသူဌေး၊ မေဏ္ဍကသူဌေး၊ ပုဏ္ဏသူဌေး၊ ကာကဝလ္လိယ သူဌေးအားဖြင့် ငါးဦးတို့ပေတည်း။

## ဝိသာခါသည် ခုနစ်နှစ်အရွယ်က သောတာပန်တည်ခြင်း

ထိုငါးဦးကုန်သော သူဌေးကြီးတို့တွင် ဤမေဏ္ဍက သူဌေးကြီးသည် မြတ်စွာဘုရား ကိုယ်တော်မြတ်၏ မိမိနေရာဖြစ်သော ဘဒ္ဒိယမြို့သို့ ကြွရောက်တော်မူသာသည်ကို ကြားသိ၍ သားဖြစ်သော ဓနဉ္စယသူဌေး၏ သမီးဖြစ်သော ဝိသာခါ သတို့သမီးငယ်ကို ခေါ်စေ၍ ချစ်မြေး အသင့်အားလည်းကောင်း၊ မြတ်သော မင်္ဂလာသည်ဖြစ်ပါလတ္တံ့။ ငါတို့အား လည်းကောင်း မြတ်သော မင်္ဂလာသည် ဖြစ်ပါလတ္တံ့။ အသင်ချစ်မြေးသည် အခြံအရံ ဖြစ်ကုန်သော ငါးရာကုန်သော သဘို့သမီးတို့နှင့် အတူတကွ ငါးရာသော ရထားတို့သို့ တက်စီးသွားရောက်ပြီးသည်ကာလ ငါးရာကုန်သော သတို့သမီးငယ်တို့ဖြင့် ခြံရံလျက် မြတ်စွာဘုရားသခင်အား ခရီးဦးကြိုဆိုခြင်းကို ပြုပါဘိလော့ဟု ဆို၏။ ဝိသာခါ သတို့သမီးသည်လည်း ကောင်းလှပါပြီဟု ဝန်ခံ၍ ဘိုးတော်ဖြစ်သော သူဌေးကြီး မိန့်ဆိုတိုင်းကို လိုက်နာ၍ ပြုပေ၏၊ အကြောင်းဟုတ်သည် မဟုတ်သည်တို့၌ သိမြင် လိမ္မာ ပညာ အဆင်အခြင်နှင့် ပြည့်စုံသောကြောင့် အကြင်မျှလောက် ယာဉ်ဖြင့် သွားခြင်းငှါ လျောက်ပတ်သော မြေပြင်၌ ယာဉ်ဖြင့်သွား၍ ယာဉ်မှ သက်ဆင်း၍ သွားခြင်းငှါ လျောက်ပတ်သော အရပ်ဒေသသို့ ကျရောက်သည့်ကာလ ယာဉ်မှ သက်ဆင်း၍ ခြေဖြင့်လာပြီးသော် မြတ်စွာဘုရား ကိုယ်တော်မြတ်ကို ချဉ်းကပ်ဝပ်လျှိုး ရှိခိုးပြီးသည့်ကာလ တင့်အပ်လျောက်ပတ်သော အရပ်၌နေ၏၊ ထိုအခါ ဝိသာခါအား ရှေးရှေးသော

ကာလ အတိတ်ဘဝက ဖြည့်ဆည်းပူးခဲ့သော ကောင်းမှုထူး စရိုက် အလိုက် အလျောက် ထောက်မြော်တော်မူသည် အစွမ်းဖြင့် မြတ်စွာဘုရား သခင်သည် တရားဒေသနာတော်ကို ကောင်းစွာ ဟောကြားတော်မူပေ၏။

ထိုဝိသာခါ သဟိုသမီးသည် ဒေသနာတော်၏ အဆုံး၌ ငါးရာကုန်သော သတို့သမီးငယ်တို့နှင့် တကွ သောတာပတ္တိဖိုလ်၌ တည်လေ၏၊ မေဏ္ဍက သူဌေး ကြီးသည်လည်း မြတ်စွာဘုရားသခင်ကို ကြည်လင်သွတ်သျှိုး ရှိခိုးချဉ်းကပ်၍ တရားတော်ကို ကြားနာရသောကြောင့် သောတာပတ္တိဖိုလ်၌ တည်ပြီး၍ နက်ဖြန်အလို့ငှါ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကို ပင့်ဖိတ်၍ တစ်ဖန် မိုးသောက်သောနေ့၌ မိမိ၏နေအိမ်ဝယ် မွန်မြတ်သော ခဲဖွယ်ဘောဇဉ်ဖြင့် ဘုရားအမှူးရှိသော ရဟန်း သံဃာတော်အပေါင်းကို လုပ်ကျွေးမွေးမြူ လှူဒါန်းပြီးသည်ကာလ ဤသို့သောအမှာဖြင့်သာလျှင် မပြတ်မစဲ လခွဲ တိုင်တိုင် ကြီးစွာသော အလှူကြီးကို ပေးလှူ၏၊ မြတ်စွာဘုရားသခင်သည် ဘဒ္ဒိယမြို့၌ မွေ့လျော်သမျှကာလပတ်လုံး သီတင်းသုံး မှီတော်မူပြီး၍ ဖဲကြွတော်မူ၏။ ထိုအခါ ရာဇဂြိုဟ်ပြည်ကြီးကို အစိုးရတော်မူသော ဗိမ္ဗိသာရ မင်းကြီးနှင့် ပသေနဒီကောသလမင်းတို့သည် အချင်းချင်း အတူတကွ နှစ်မနှင့် လက်ထပ်ကြသော ယောက်ဖတော်တို့ ဖြစ်ကုန်၏။

## ကောသလမင်းကြီးသည် ယောက်ဖ ဗိမ္ဗိသာရ မင်းကြီးထံ သူဌေးကြီးတစ်ဦးကို သွားရောက် တောင်းဆိုခြင်း

ထိုအခါ တစ်နေ့သ၌ ကောသလမင်းကြီးသည် ကြံဆင်ခြင်တော်မူ၏။ ငါ၏ ယောက်ဖတော် ဖြစ်သော ဗိမ္ဗိသာရမင်း၏ နိုင်ငံတော် အတွင်း၌ အတိုင်း မသိသော ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာကုန်သော ငါးဦးကုန်သော သူဌေးကြီး တို့သည် အထင်အရှား နေထိုင်၍ ရှိပေကုန်၏၊ ငါ၏ နိုင်ငံတော်အတွင်း၌ ထိုသို့ သဘောရှိကုန်သော သူဌေးကြီးတို့သည် တစ်ဦးတစ်ယောက်မျှ မရှိချေ။ ငါသည် ယောက်ဖတော် ဗိမ္ဗိသာရမင်းကြီး၏ထံသို့ သွားပြီးသည်ကာလ ထိုသို့ သဘောရှိသော ကောင်းမှု ဘုန်းကံရှိသော သူဌေးကြီးတစ်ဦးကို တောင်းယူ ခေါ်ဆောင်အံ့ဟု ကြံတော်မူ၏။ ထိုသို့ ကြံဆင်ခြင်ပြီးမှ ကောသလမင်းကြီးသည် ရာဇဂြိုဟ်ပြည် ဗိမ္ဗိသာရ မင်းကြီး၏အထံသို့ သွားရောက်၍ ဗိမ္ဗိသာရမင်းကြီးက ပဋိသန္ထာရ စသည်မလွတ် ဝတ်ကြီးဝတ်ငယ် ပြုဖွယ်ကိစ္စတို့ကို တစ်ဝတည်း ပြည့်စုံစေပြီးမှ အသင်မင်းကြီးသည် အဘယ် အကြောင်းကြောင့် ကြွလာတော် မူပါသနည်း ဟု မေးသည်ရှိသော် အသင် ယောက်ဖတော်၏ တိုင်းပြည်နိုင်ငံ၏ အတွင်း၌ ပြည့်တင်း ကြွယ်ဝ ပေါများလှသော စည်းစိမ်ရှင် ဖြစ်ကုန်သော ဘုန်းကံရှိကုန်သော ငါးဦးကုန်သော သူဌေးကြီးတို့သည် အထင်အရှား နေ၍

ရှိကုန်၏။ ထိုငါးကုန်သော သူဌေးကြီးတို့မှ တစ်ဦး တစ်ယောက်မျှသော သူဌေးကြီးကို ပြောဆို တောင်းယူပြီးသည် ကာလ သွားအံ့ဟု အကျွန်ုပ် လာခဲ့ပေသည်။ ထိုငါးဦးကုန်သော သူဌေးကြီးတို့တွင် တစ်ဦးတစ်ယောက် ရွေးကောက်၍ ထည့်ပေးလိုက်ပါကုန်လော့ဟု ဆို၏။

ဗိမ္ဗိသာရ မင်းကြီးကလည်း ထိုသူဌေးကြီးတို့သည် ကြီးကျယ် ပြန့်ပြော များမြတ်သော ကောင်းမှုဘုန်းကံရှိသော သူတို့ ဖြစ်ပေသည်။ ငါတို့သည် လှုပ်ရှားပြောင်းရွှေ စေခြင်းငှါ မစွမ်းနိုင်ပါဟု ဆိုလျှင် ငါသည် တစ်ဦး တစ်ယောက်သော သူဌေးကြီးကိုမျှ မရသည်ရှိသော် စံတော်မူရာ ဖြစ်သော သာဝတ္ထိပြည်သို့ မပြန်တော့အံ့ဟု ကောသလ မင်းကြီးက ဆို၏။ ထိုအခါ ဗိမ္ဗိသာရမင်းကြီးသည် အမတ်တို့နှင့် တိုင်ပင်တော်မူ၍ ဇောတိက စသော သူဌေးကြီးတို့အား ရွှေပြောင်း တုန်လှုပ်စေခြင်း မည်သည် မဟာပထဝီ မြေကြီးကို ရွှေ့ပြောင်း တုန်လှုပ်စေရသည်နှင့် တူ၏။ မေဏ္ဍက သူဌေးကြီး၏ သားဖြစ်သော ဓနဥ္စယ သူဌေးမည်သည် ရှိ၏၊ ထိုဓနဥ္စယ သူဌေးနှင့် အတူတကွ တိုင်ပင် မေးမြန်း ပြောဆိုပြီးသည် ကာလမှ အသင် မင်းကြီးအား ပြန်ကြား ပြောဆိုနိုင်တော့မည် ဟု ပြောဆိုပြီးသော် ဓနဥ္စယသူဌေးကို ခေါ်စေပြီးလျှင် အမောင် သာဝတ္ထိပြည့်ရှင် ဘုရင်ကောသလမင်းသည် ပစ္စည်းဥစ္စာ ကြွယ်ဝ ချမ်းသာသော သူဌေးတစ်ဦး တစ်ယောက်ကို ခေါ်ငင်ယူဆောင်၍ သွားခြင်းငှါ လာသည်ဟု ပြောဆို၏၊ အမောင်သည် ထိုကောသလမင်းနှင့် အတူတကွ သာဝတ္ထိပြည်သို့ လိုက်သွားပါလော့ဟု ပြော၏။ ဓနဥ္စယ သူဌေးကလည်း အရှင်မင်းမြတ် အရှင်မင်းမြတ်တို့သည် လိုက်စေလိုသော ဆန္ဒတော်ဖြင့် စေလွှတ်အပ်ကုန်သည်ရှိသော် အကျွန်ုပ်သည် လိုက်သွားအံ့ ဟု လျှောက်လျှင် အမောင် ထိုသို့တပြီးကား သွားအံ့သော အကြောင်းအခြင်းအရာ အလုံးစုံ တို့ကို အကုန် ပြုပြင်ပါလေလော့ ဟု မင်းကြီးက မိန့်ဆိုသဖြင့် ဓနဥ္စယ သူဌေးလည်း အိမ်သို့ ပြန်သွားပြီးသည်ကာလ မိမိသည် ပြုသင့်ပြုထိုက်သော အကြောင်းအလုံးစုံကို အကုန်ပြုပြင်ပေ၏။

ဗိမ္ဗိသာရမင်းကြီးလည်း ဓနဥ္စယသူဌေးကြီးအား ကြီးစွာသော ချီးမြှင့် ပူဇော်ခြင်းကို ပြု၍ ဤသူဌေးကို ယူ၍ သွားပါလေလော့ ဟု ပသေနဒီ ကောသလမင်းကြီးကို လွှတ်လိုက်ပေ၏။ ပသေနဒီ ကောသလမင်းလည်း ထိုဓနဥ္စယ သူဌေးကို ယူ၍ မိမိစံတော်မူရာ ဖြစ်သော သာဝတ္ထိပြည်သို့ ပြန်လည်တော် မူလာခဲ့ပြီးသည် ကာလ အလုံးစုံသော လမ်းခရီးဌာန၌ တစ်ညဥ့်မျှအိပ်ခြင်းဖြင့် တဖန် သွားပြန်သည်ရှိသော် ချမ်းသာအေးမြသော တစ်ခုသော နေရာဌာနသို့ရောက်၍ ရပ်တန့် နားနေ တည်းခိုတော်မူ၏။

## သာကေတမြို့တော်သစ် တည်ထောင်ခြင်း

ထိုအခါ ပသေနဒီ ကောသလမင်းကြီးကို ဓနဥ္စယ သူဌေးက အရှင်မင်းမြတ် ဤနေရာအရပ်သည် အသယ်သူ၏ တိုင်းပြည် နိုင်ငံတော်တွင်း ကျပါသနည်းဟု မေးလျှောက်၏။ မင်းကြီးက ငါ၏ နိုင်ငံတော် အတွင်း ကျသည်ဟု မိန့်တော်မူလျှင် အရှင်မင်းမြတ် ဤအရပ်မှသည် သာဝတ္ထိပြည်ကြီးသို့ ခရီးအဘယ်မျှလောက် ဝေးကွာပါသနည်း ဟု မေးလျှောက်ပြန်သဖြင့် သူဌေးကြီး ခုနစ်ယူဇနာမျှလောက် ဝေးကွာသော အရပ်အထက်၌ ငါ စံနေရာဖြစ်သော သာဝတ္ထိပြည် တည်ရှိသည်ဟု မိန့်တော်မူသည်ကာလ ဓနဥ္စယ သူဌေးကြီးက အရှင်မင်းမြတ် မြို့၏ အတွင်းမည်သည်ကား ကျဉ်းမြောင်းသော နေရာရှိသည်ဖြစ်ပါသည်၊ အကျွန်ုပ်တို့အား အခြံအရံ အလုပ်အကျွေးဖြစ်သော လူဝရိသတ်ကား အလွန် အားအင်ကြီးကျယ် များပြားပါသည် အရှင်မင်းမြတ်တို့သည် အကယ်၍တည်း နှစ်သက်ကုန်သည် ဖြစ်ခဲ့တုံအံ့ ဤအရပ်ဒေသ၌ပင် အကျွန်ုပ်သည် နေလိုပါ၏ဟု တောင်းပန်လျှောက်ကြား၏။ မင်းကြီးလည်း ကောင်းလှပေပြီဟု ဝန်ခံတော်မူ၍ ထိုအရပ်၌ပင်လျှင် မြို့ကို တည်ထောင် ပြုစုစီရင်၍ ဓနဥ္စယ သူဌေးကြီးအား ပေးအပ် ဆောက်နှင်းတော်မူပြီးသည်ကာလ သာဝတ္ထိပြည်သို့ ကြွသွားလေ၏။ ထိုအရပ်ဒေသ၌ မိမိသည် နေထိုင်ခြင်းအလို့ငှါ တောင်းပန်လျှောက်ကြား၍ ယူအပ်သည်၏ အဖြစ်ကြောင့် ဓနဥ္စယသူဌေးကြီး နေထိုင်သော ထိုမြို့၏ သာကေတမြို့ ဟူသောအမည်သည် ဖြစ်လေ၏။ ထို့ကြောင့် ဋ္ဌကထာ၌—

> တသ္မိံ ပဒေသေ သယံ ဝသနဋ္ဌာနဿ ဂဟိတတ္တာ နဂရဿ သာကေတန္တွေ နာမံ အဟောသိ—

ဟု မိန့်တော်မူ၏။

**အနက်ကား။** ။"တသ္မိံ ပဒေသေ၊ ထိုအရပ်၌။ သယံ၊ မိမိသည်။ ဝသနဋ္ဌာနဿ၊ နေရာအရပ်ကို။ ဂဟိတတ္တာ၊ တောင်းပန် လျှောက်ကြား၍ ယူအပ်သည်၏ အဖြစ်ကြောင့်။ နဂရဿ၊ မြို့၏။ သာကေတန္တွေဝ နာမံ၊ သာကေတ ဟူသော အမည်သည်သာလျှင်။ အဟောသိ၊ ဖြစ်လေ၏"။ ဤကား အနက်။

## သူဌေးသား ပုဏ္ဏဝဍ္ဎနအတွက် အိမ်ထောင်ဘက်အမျိုးသမီး ရှာကြခြင်း

သာဝတ္ထိပြည်ကြီး၌လည်း မိဂါရသူဌေး၏ သားဖြစ်သော ပုဏ္ဏဝဍ္ဎန သတို့သားသည် အရွယ်သို့ ရောက်သည် ဖြစ်ပေ၏။ ထိုအခါ သားငယ်ဖြစ်သော ပုဏ္ဏဝဍ္ဎန သတို့သားကို အမိအဖတို့က ချစ်သား အသင်၏ နှစ်သက်သော

အရပ်၌ ဒေသ အမျိုးအနွယ်၌ တစ်ဦး တစ်ယောက်သော သမျိုးသမီးကို စူးစမ်းဆင်ခြင် ရှာဖွေကြည့်ရှုပါလော့ဟု ဆိုကြကုန်၏။ သားငယ်ဖြစ်သော ပုဏ္ဏဝဍ္ဎန က မိခင် ဖခင်တို့ အကျွန်ုပ် သားတော်အား ခင်ပွန်းမယား၏ ကိစ္စဖြင့် အလိုဆန္ဒ မရှိပါဟု ပြောလျှင် ချစ်သား ဤသို့ မပြုပါလင့် သားမရှိသော အမျိုးတို့မည်သည်ကား စည်းစိမ်ချမ်းသာ မတည် ပျက်စီးတတ်ပါသည်၊ သို့ဖြစ်၍ ဤသို့ မပြုပါလင့်ဟု အထပ်ထပ် အဖန်ဖန် တောင်းပန်တိုက်တွန်းသည်ရှိသော် ပုဏ္ဏဝဍ္ဎန သတို့သားက ထိုသို့ဖြစ်ပြီးကား မိခင်ဖခင်တို့ ကောင်းခြင်း ငါးပါးနှင့် ပြည့်စုံသော သတို့သမီးကို ရသည်ရှိသော် အသင်တို့ ပြောကြားသောစကားကို မှတ်သားလိုက်နာခြင်းကို ပြုပါတော့အံ့ဟု ဝန်ခံ၏။

## မိန်းမတို့ ကောင်းခြင်းသက္ခဏာ ၅-ပါး

ချစ်သား ငါးပါးကုန်သော ကောင်းခြင်းတို့ဟူသည် အဘယ်သည်တို့နည်းဟု မေးသဖြင့် ဆံ၏ ကောင်းခြင်း၊ အသား၏ ကောင်းခြင်း၊ အရိုး၏ ကောင်းခြင်း၊ အရေ၏ ကောင်းခြင်း၊ အရွယ်၏ ကောင်းခြင်းတို့ပေတည်း၊ ထိုငါးပါးတို့တွင်—

၁။ ဆံ၏ ကောင်းခြင်းဟူသည်ကား— ဘုန်းရှိသော မိန်းမ၏ ဆံပင်သည် ဥဒေါင်းမြီးကို စည်းနှောင်၍ ထားသကဲ့သို့ ညီညွတ်၏။ မသုတ်သင် မပြုပြင်ဘဲ အရောင်အဆင်း သန့်ရှင်းတောက်ပလျက် မည်းနက်သော အဆင်းရှိ၏။ ထွေးယှက် လိမ်ကောက်ခြင်း မရှိ။ ပကတိအားဖြင့် မွှေးသောရနံ့ သင်းပျံ့ခြင်းရှိသည် ဖြစ်၍ ဖြောင့်မတ်စွာ ရင်နေပြီး သည်ကာလ နောက်အဖို့ဖြင့် ဖြေ၍ချ လိုက်သည်ရှိသော် ခြေဖနှောင့် သို့ ဆံဖျားထိရောက်ပြီးမှ သားလိုးဒေးကဲ့သို့ ကော့ညွတ်သော ဆံဖျားရှိ၏။ ဤကား ဆံ၏ကောင်းခြင်းတည်း။

၂။ အသား၏ ကောင်းခြင်းဟူသည်ကား—နှုတ်ခမ်းသည် ပကတိအတိုင်း အားဖြင့်ကျီးအာသီးအမှည့်ကဲ့သို့ နီမြန်းသောနှုတ်ခမ်းရှိ၏။ကောင်း စွာစေ့စပ်သည်ဖြစ်၍ထိ၏။ လက်ဖဝါး ခြေဖဝါးတို့သည် ဆိတ်ရေဖြင့် တပ်ဘိသကဲ့သို့ နီမြန်း၏၊ ဤကား အသား၏ ကောင်းခြင်းတည်း။

၃။ အရိုး၏ ကောင်းခြင်းဟူသည်ကား— သွားတို့သည် မခေါ မပေါ် မစိပ် မကျဲ ရွှဲကို စီထားဘိသကဲ့သို့ ရှိ၏။ ကောင်းစွာ စိုက်ထားအပ် သော ပုလဲဝရဇိန်ကဲ့သို့ သန့်ရှင်းဖြူစင်၏။ ကောင်းစွာ တည်းဖြတ် အပ်သော ခရုသင်းကဲ့သို့ အနိမ့်အမြင့် မရှိ ပကတိ ညီညွတ်၏။ အရိုးအဆစ်တို့သည်း မခေါ မထ ပြေပြစ် ချောမွေ့ခြင်း ရှိ၏။ ဤကား အရိုး၏ ကောင်းခြင်းတည်း။

၄။ အရေ၏ ကောင်းခြင်းဟူသည်ကား—မည်းသော ညိုသော အဆင်းရှိသော မိန်းမအား ညိုသောအဆင်း အစရှိသည်ဖြစ်၍ မကွန့် မလိပ်သော ကိုယ်ရေရှိ၏။ ကိုယ်ရေသည် ချောမွေ့ ပြေပြစ်၏၊ ကြာညိုပွင့်ပန်းဆိုင်းနှင့်တူသော အဆင်းရှိ၏၊ ရွှေသောအသားရှိသော မိန်းမအား မဟာလှေကားပွင့် အဆင်းကဲ့သို့ ဝင်းဝင်းတောက်ပသော အဆင်းရှိ၏။ ဤကား အရေ၏ ကောင်းခြင်းတည်း။

၅။ အရွယ်၏ ကောင်းခြင်း ဟူသည်သည်ကား—ဆယ်ကြိမ် တိုင်အောင် သားသမီးတို့ကို ဖွားမြင် လေငြားသော်လည်း တစ်ကြိမ်သားဖွားသော သူကဲ့သို့ အရေ အဆင်း ယုတ်လျော့ပျက်စီးခြင်းမရှိ။ ဤကား အရွယ်၏ ကောင်းခြင်းတည်း။

ထိုအခါ ပုဏ္ဏားဝန်လုလင်၏ မိခင် ဖခင်တို့လည်း ရှစ်ယောက်ကုန်သော ပုဏ္ဏားတို့ကို ဖိတ်မန်ပြီးသည်ကာလ ထမင်းဘောဇဉ် ချိုချဉ် အာဟာရတို့ကို ကျွေးမွေး၍ ငါးပါးကုန်သော ကောင်းခြင်းတို့နှင့် ပြည့်စုံကုန်သော မိန်းမတို့ မည်သည် ရှိပါကုန်သလောဟု မေးကုန်၏။ ပုဏ္ဏားတို့က ခြောက်သူဌေးမင်းတို့ ရှိပါကုန်၏ဟုဆိုလျှင် ထိုသို့တပြီးကား ဤသို့သဘောရှိသော ငါးပါးသော ကောင်းခြင်းတို့နှင့် ပြည့်စုံသော သတို့သမီးကို ရှာမှီးခြင်းငှါ ရှစ်ယောက်ကုန်သော အရှင်ပုဏ္ဏားတို့သည် သွားပါကုန်လော့ဟု များစွာကုန်သော ပစ္စည်းဥစ္စာတို့ကို ပေးပြီး၍ တွေ့ဆုံကြုံကြိုက်၍ ပြန်လည်လာသော ကာလ၌လည်း အသင်တို့အား ပေးကမ်းချီးမြှင့်ဖွယ် အသွယ်သွယ်တို့ကို ငါတို့သိရှိ ကြည့်ရှုပြီးသည် ကာလ ပြုစုပါကုန်အံ့၊ သွားတဲ့ကြပါကုန်။ ဤသို့သဘောရှိသော သတို့သမီးငယ်ကို ရှာဖွေကြပါကုန်လော့၊ ကြည့်ရှုထင်ထင် တွေ့မြင်သောကာလ၌လည်း ဤ ပန်ဆင်အပ်သော ပန်းတည်းဟူသော တန်ဆာကိုလည်း ပန်ဆင်၍ ပေးကြပါကုန်လော့ဟု အဖိုးတစ်သိန်းထိုက်သော ရွှေပန်းခိုင်ကို ပေး၍ စေလွှတ်လိုက်ကုန်၏။

ထိုပုဏ္ဏားတို့သည်လည်း ကြီးကျယ် ပြန့်ပြောစည်ကားသော မြို့ကြီးတို့သို့ သွား၍ ရှာမှီးပါကုန်သော်လည်း ငါးပါးသောကောင်းခြင်းနှင့် ပြည့်စုံသောသတို့သမီးငယ်ကို တစ်စုံတစ်ယောက်မျှ မတွေ့ မထင် မမြင်ရသည်ဖြစ်၍ ပြန်လည်ဆုတ်နစ်၍ လာခဲ့ကုန်သည်ရှိသော် ဝိဝဋ္ဌ နက္ခတ်ပွဲသဘင် ကြိမ်သောနေ့၌ သာကေတမြို့သို့အစဉ်အတိုင်း ဆောက်လာကြကုန်သည်ဖြစ်၍ ယခုနေ့ငါတို့၏အမှုကိစ္စသည် မုချပြီးခြင်းသို့ ရောက်လတ္တံ့ ဟု ကြံဆခြင်ကြကုန်၏။ ထိုသာကေတမြို့၌ နှစ်တိုင်း နှစ်တိုင်း တစ်နှစ်ကို တစ်ကြိမ် တစ်ကြိမ်“ဝိဝဋ္ဌ နက္ခတ်ပွဲ”မည်သည်

ဖြစ်ပေသတတ်၊ ထိုနက္ခတ်ပွဲကြီမ်သောအခါ အပပြင်ဘက်သို့ မထွက်ကုန်သော အမျိုးသမီးတို့သည် အခြံအရံနှင့်တကွ နေအိမ်မှထွက်၍ ရထားစသည်တို့ဖြင့် မဖုံးမကွယ် တင့်တယ်စမွါယ်သော ကိုယ်ရှိသဖြင့် ခြေဖြင့်သာလျှင် မြစ်ကမ်းဆိပ်သို့သွားကြကုန်၏၊ ထိုနေ့၌ မင်း ပုဏ္ဏား သူကြွယ် အစရှိသည်တို့၏သားတို့သည်လည်း မိမိနှင့်တူမျှသော အမျိုးအနွယ်ရှိသော အမျိုးသမီးတို့ကို စိစစ်ရွေးချယ်ကြည့်ရှုတွေ့မြင်သောကာလ ပန်းကုံးဖြင့် ပစ်ချရွေးကောက်ကုန်အံ့ဟု ထိုသို့သော ခရီးကိုမှီ၍ စောင့်စားငံ့တည်၍ နေကုန်၏။ ထိုပုဏ္ဏားတို့သည်လည်း မြစ်၏ကမ်း၌ တစ်ခုသော ဇရပ်သို့ ဝင်ရောက်၍ တည်းခိုနေထိုင်ကြကုန်၏။

## သူဌေးသမီးဝိသာခါ နက္ခတ်ပွဲသဘင် ထွက်ခြင်း

ထိုအခါ၌ ဝိသာခါသူဌေးသမီးသည် တစ်ဆယ့်ငါးနှစ်၊ တစ်ဆယ့်ခြောက်နှစ် အရွယ်သို့ရောက်သည်ဖြစ်၍ အလုံးစုံကုန်သော တန်ဆာတို့ကို ဝတ်ဆင်ပြီးသော် ငါးရာကုန်သောသတို့သမီးငယ်တို့ဖြင့် ခြံရံလျက် မြစ်ဆိပ်သို့သွား၍ရေချိုးအံ့ဟု သက်ဆင်း၍လာခဲ့သဖြင့် ပုဏ္ဏားတို့ တည်းခိုနေထိုင်ရာဖြစ်သော ထိုဇရပ်အနီးသို့ ရောက်လာ၏၊ ထိုအခါ ကြီးစွာသော မိုးကြီးသည် ထ၍ရွာ၏၊ ဝိသာခါသူဌေးသမီး၏ အခြံအရံဖြစ်ကုန်သော ငါးရာကုန်သော သတို့သမီးတို့သည် လျင်စွာပြေးသွားကြ၍တည်းခိုရာဇရပ်သို့ ဝင်ကြကုန်၏။ ညှော်သည်ပုဏ္ဏားတို့သည် ပြေးလာသော သတို့သမီးတို့၏ အတွင်း၌ ကြည့်ရှုကုန်သည်ရှိသော် ငါးပါးသော ကောင်းခြင်းနှင့်ပြည့်စုံသော သတို့သမီးကို တစ်စုံတစ်ယောက်မျှ မမြင်လေကုန်၊ ဝိသာခါသည်ကား မိုးကြီးသည်းထန်စွာ ရွာ၍ လာသော်လည်း လျင်မြန်စွာပြေးသွားခြင်းကို မပြုမူ၍ ပြကတေ သော သွားခြင်းဖြင့်သာလျှင် သွားပြီးသည် ကာလ ဇရပ်သို့ ဝင်၏၊ အဝတ်တန်ဆာ ဟူသမျှတို့သည် မိုးစွတ် ကုန်၏။ ပုဏ္ဏားတို့သည် ထိုဝိသာခါ သတို့သမီး၏ လေးပါးသော ကောင်းခြင်းနှင့် ပြည့်စုံသည်တို့ကို မြင်၍ သွားတို့ကို ကြည့်ရှု လိုသောကြောင့် ဤ ငါတို့ သမီးငယ်သည်ကား ပျင်းရိထိုင်းမှိုင်းသော သဘောရှိပုံ ရှိချေသည်။ ထိုသတို့သမီး၏ ခင်ပွန်းအရှင် ချစ်လင်များသည် ပအုန်းရည်ကိုမျှလည်း မရလွယ်မည် ဖြစ်ပေလိမ့်မည်တကားဟု အချင်းချင်း ပြောဆိုကြကုန်၏။

## သူဌေးသမီးဝိသာခါ ပုဏ္ဏားတို့နှင့် စကားအခြေအတင် ပြောဆိုခြင်း

ထိုအခါ ဝိသာခါက ထိုပုဏ္ဏားတို့ကို အသင်တို့သည် အဘယ်ကို ပြောဆိုကုန်သနည်းဟု မေး၏။ ချစ်သမီး အသင့်ကို ပြောဆိုကုန်သည်ဟု ပုဏ္ဏားတို့က ဆို၏။ ထိုဝိသာခါ၏ အသံသည်ကား သာယာ၏၊ ကြေးခွက်ကို ခေါက်နှက်သော အခါ ထွက်လာသောကြေးဟီသံနှင့် တူ၏၊ ထို့ကြောင့် ၎င်းအဌကထာ၌—

မဧုရော ဟိ တဿာ သဒ္ဒေါ၊ ကံသတာဠသရော ဝိယ နိစ္ဆရတိ–
ဟု မိန့်၏။

**အနက်ကား။** ။ဟိ၊ မှန်၏။ တဿာ၊ ထိုဝိသာခါ သတို့သမီး၏။ သဒ္ဒေါ၊ အသံသည်။ မဓုရော၊ သာယာ၏။ ကံသတာဠသရော ဝိယ၊ ကြေးခွက်သံကဲ့သို့။ နိစ္ဆရတိ၊ ထွက်၏။ ဤကား အနက်။

ထိုသို့ သာယာကောင်းမြတ်သော အသံဖြင့် တဖန် ထပ်မံ၍ အသင်တို့သည် အဘယ်အကြောင်းကြောင့် ပြောဆိုကြပါကုန်သနည်းဟု မေး၏။ ချစ်သမီး အသင်၏ အခြံအရံဖြစ်ကုန်သော မိန်းတို့သည် အလုံးစုံသော တန်ဆာတို့ ဆင်ယင်ဝတ်စားလျက်သာ လာကုန်သည်ရှိသော် သည်းစွာသော မိုးကြီးရွာလာသောကြောင့် အဝတ်တန်ဆာတို့ကို မိုးမစွတ်စေမူ၍ လျင်မြန်စွာ ပြေးလာသပြင့် ဇရပ်သို့ ဝင်ရောက်ကြကုန်၏။ အသင် တစ်ယောက်အားမူကား ဤမျှလောက်သော အရပ်သို့ လျင်မြန်စွာလာခြင်း မရှိ။ အဝတ်တန်ဆာတို့ကို မိုးစွတ်စေသဖြင့်သာလျှင် လာသည်ဖြစ်ပေ၏။ ထို့ကြောင့် ငါတို့သည် ပြောဆိုကြကုန်သတည်းဟု ပုဏ္ဏားတို့က ပြောဆိုလျှင် ဖခင်တို့ ဤသို့သော စကားကို မပြောကြား မဆိုကြပါကုန်လင့်။ ကျွန်တော်မသည် ထိုမိန်းမတို့ထက် ကြံ့ခိုင်သော ခွန်အား လျင်မြန်သော စွမ်းအားကား ရှိပါသည်၊ တစ်စုံတစ်ရာသော အကြောင်းဖြစ်အင်ကို ထင်မြင်သိရှိပါသောကြောင့် လျင်မြန်သောအဟုန်ဖြင့် မပြေး မလွှား နှေးသော သွားလာခြင်း ဖြစ်ပါသည်ဟု ပြောလျှင် ချစ်သမီး အကြောင်းအဘယ်သို့ ရှိပါသနည်းဟု မေးသည်ကာလ ဖခင်တို့ လောက၌ လေးဦးကုန်သော သူတို့သည် လျင်မြန်စွာ ပြေးသွားသဖြင့် တင့်တယ်ခြင်း မဖြစ်ကြပါ။ ဤလည်း အကြောင်းတစ်ပါး ဖြစ်ပါသည်၊ ထိုမှတပါးလည်း အကြောင်းတစ်ပါး ရှိပါသေးသည်။ ဤသို့သောအကြောင်းတို့ကို ကောင်းစွာ သိရှိသောကြောင့် လျင်မြန်စွာ မသွားဘဲ နှေးသော သွားခြင်း ဖြစ်ပါသည်ဟု ဝိသာခါက ဆိုလျှင် ချစ်သမီး လေးဦးကုန်သော သူတို့သည် လျင်မြန်စွာ သွားလာခြင်းဖြင့် မတင့်တယ်ဟု ဆိုသည်မှာ ထိုလေးဦးသော သူတို့သည် အဘယ်သူတို့ပါနည်းဟု မေးလျှင်–

## ပြေးသွား၍ မတင့်တယ်သူ လေးဦး

၁။ ဖခင်တို့ အဘိသိက်သွန်းအပ်ပြီးသော မင်းသည် အလုံးစုံသော မင်းမြှောက် တန်ဆာဖြင့် ဆင်ယင်ဝတ်စား ပြီးသောအခါ ခါးတောင်း အောက်ပိုး ကျိုက်ခြင်းကို ပြု၍ မင်းယင်ပြင်၌ လျင်မြန်စွာ သွားလာသည် ရှိသော် မတင့်တယ်ပါ။ ဤမင်းသည်ကား သူဆင်းရဲသားကဲ့သို့

လျင်မြန်စွာ သွားဘိသည်ဟု စင်စစ် ကဲ့ရဲ့ရှုတ်ချခြင်းကို ခံရပါသည်။ ဖြည်းဖြည်းသာသာ သွားလာသော်သာလျှင် တင့်တယ်စမွာယ်ခြင်းကို ရပါသည်။

၂။ ပြည့်ရှင်မင်းကြီးသည် သုံးဆောင်စီးနင်းတော်မူအပ်သော မင်္ဂလာဆင်တော်သည် တန်ဆာဆင်ယာဉ်လျက် လျင်မြန်စွာ သွားခြင်းသည် မတင့်တယ်ပါ။ ဆင်ယာဉ်တို့၏ တင့်တယ် စမွာယ်ခြင်းဖြင့် သွားသော်သာလျှင် တင့်တယ်ပါသည်။

၃။ ရဟန်းတော် အရှင်မြတ်သော်လည်း လျင်မြန်စွာ သွားသည် ရှိသော် မတင့်တယ်ပါ။ ဤရဟန်းသည်ကား လူကဲ့သို့ပင် လျင်စွာ ပြေးသွားဘိသည်ဟု သက်သက်ကဲ့ရဲ့ ရှုံ့ချခြင်းကိုသာ ခံရပါသည်။ ပကတိ ငြိမ်သက်စွာ သွားခြင်းဖြင့်သာ တင့်တယ် ကောင်းမြတ်ပါသည်။

၄။ မိန်းမတို့မည်သည် လျင်မြန်စွာ သွားလာခြင်းတို့သည် တင့်တယ်ခြင်း မဖြစ်ပါကုန်။ ဤမိန်းမကား ယောကျ်ားကဲ့သို့ လျင်မြန်စွာ ပြေးသွားလေသည်ဟု ကဲ့ရဲ့ရှုတ်ချခြင်းကိုသာ ခံရပါသည်။ ဖြည်းဖြည်း သာသာ သွားလာခြင်းဖြင့်သာ တင့်တယ်ပါသည်။

ဖခင်တို့ ဤလေးဦးသော သူတို့သည် လျင်မြန်သော သွားလာခြင်းတို့ဖြင့် မတင့်တယ် မလျောက်ပတ်သောသူတို့ ဖြစ်ပါသည်ဟု ဆိုလျှင် ချစ်သမီး အသင်က သည့်ပြင် အကြောင်းတစ်ပါးလည်း ရှိပါသည်ဟု ပြောသည်မှာ ထိုအကြောင်းကား အဘယ်ပါနည်းဟု မေးပြန်သဖြင့် ဖခင်တို့ အမိအဖတို့ မည်သည်ကား မိမိသမီးကို အင်္ဂါကြီးငယ် အသွယ်သွယ် အဝဝတို့ကို လုပတင့်တယ် ရှုချင်ဖွယ် ရှိသည်၏ အဖြစ်၌ တည်စေလျက် မွေးမြူကုန်၏။ ငါတို့ သတို့သမီးကို မိဖတို့ မွေးမြူရခြင်းသည်ကား ရောင်းစားခြင်းငှါ ဝယ်ယူ၍ ထားအပ်သော ဘဏ္ဍာနှင့် အလားတူသည် ဖြစ်၍ အရှင်လင်၏ အိမ်သို့ ပို့ခြင်းငှါ မွေးမြူအပ်ကုန်၏။ လျင်မြန်စွာ သွားလာသည် ရှိသော် အဝတ် ပုဆိုးစွန်း၌ ငင်ချိတ် နင်းနယ်မိသည် ဖြစ်၍လည်းကောင်း၊ မြေကြီး၌ ချွတ်ချော်သည် ဖြစ်၍လည်းကောင်း၊ အကယ်၍ လည်းခဲ့သည် ရှိသော် လက်-ခြေ-အင်္ဂါ ကျိုးပျက်သော အခါ၌ အမျိုးမိဖတို့၏ စိတ်နှလုံးပူပန် ညှိုးငယ်ခြင်း တာဝန်သာ ဖြစ်ခဲ့ရာ၏။ ကျွန်ုပ်၏ ဤအဝတ် တန်ဆာတို့ကို မိုးစွတ်သဖြင့်လည်း တစ်စုံတစ်ရာ ပျက်စီးဖို့ရာမရှိ၊ မချွတ် ခြောက်သွေ့လတ္တံ့။ ဤသို့သော အကြောင်းကို သိမြင်သောကြောင့်လည်း လျင်မြန်စွာ သွားလာခြင်းကို မပြုပါသည်ဟု ပြော၏။

ပုဏ္ဏားတို့လည်း ဝိသာခါ သတို့သမီး စကားဆိုသောကာလ၌ သွား၏ ပြည့်စုံခြင်းကို မြင်ရ၍ ဤသို့ သဘောရှိသော သွား၏ ကောင်းခြင်းနှင့် ပြည့်စုံသော သဘောရှိသော သတို့သမီးကို ငါတို့သည် တစ်ရံတစ်ခါမျှ မတွေ့ မထင် မမြင်ဖူးချေဟု အချင်းချင်း ပြောဆိုပြီးမှ ထိုဝိသာခါအား ကောင်းချီး ပေးပြီးလျှင် ချစ်သမီး ဤရွှေပန်းခိုင်သည် အသင့်အားသာလျှင် သင့်လျော်၏ဟု ပြောဆို၍ မိမိတို့ ဆောင်ယူလာသော ရွှေပန်းခိုင်ကို ဝိသာခါ သတို့သမီးအား ပန်ဆင်ရန် အပ်နှံ ဆောက်နှင်းကုန်၏။

## အဖိုးငွေ တစ်သိန်းတန် ရွှေပန်းခိုင်ကို လက်ခံ သိမ်းပိုက်ခြင်း

ထိုအခါ ဝိသာခါက ပုဏ္ဏားတို့ကို ဖခင်တို့ ဖခင်တို့သည် ဘယ်မြို့ ဘယ်ရွာမှ လာခဲ့ကြပါကုန်သနည်းဟု မေးသဖြင့် ချစ်သမီး ငါတို့သည် သာဝတ္ထိပြည်မှ လာခဲ့ပါကုန်သည်ဟု ဆိုလျှင် ဖခင်တို့ သူဌေးမျိုးသည် အဘယ်အမည် ရှိပါသနည်းဟု မေးပြန်သောကာလ ချစ်သမီး "မိဂါရသူဌေး" မည်ပါသည်ဟု ပြောလျှင် အရှင်သူဌေး၏ သားသည် အဘယ်အမည် ရှိပါသနည်းဟု မေးသဖြင့် ချစ်သမီး "ပုဏ္ဏဝဍ္ဎန" သတို့သား မည်ပါသည်ဟု ပြော၏။ ဝိသာခါ သတို့သမီးလည်း ငါတို့နှင့် တူမျှသော ဇာတ်ရှိသော အမျိုးဖြစ်ပေသည်ဟု ရွှေပန်းခိုင်ကို သိမ်းပိုက်ခံယူ ပန်ဆင်ပြီးသော ကာလ အကျွန်ုပ်တို့အား ရထားကို စေလွှတ် လိုက်ပါလေ့ဟု ဖခင်ဖြစ်သော ဓနဉ္စယသူဌေးကြီးအား သတင်းစကား မှာကြား စေလွှတ်လိုက်၏။ ထိုစကားမှန်၏။ ဝိသာခါ သည် လာသောကာလက ခြေဖြင့်သာလျှင် အကယ်၍ လာအပ်၏။ ယင်းသို့ ခြေဖြင့်သာလျှင် လာအပ် သော်လည်း ရွှေပန်းခိုင်ကို ခံယူပန်ဆင်သော ကာလမှ စ၍ ထိုသို့သော ခြေဖြင့် သွားခြင်းငှါ မရပေ။ အစိုးရသော အရှင် ခင်ပွန်းလင် ရှိကုန်သော သတို့သမီး တို့သည် ရထား စသည်တို့ကို စီးနင်းလျက် သွားကြကုန်၏။ ဤမှ တပါးကုန် သော မိန်းမတို့သည် ပကတိသော ယာဉ်သို့မူလည်း တက်စီးကုန်၏၊ ထီးကို လည်းကောင်း၊ ထန်းရွက်ယပ်ကိုလည်းကောင်း အထက်၌ မိုးကြက်ဖြန့်ဆောင်း သည်ကို ပြုကြကုန်၏။ ထိုမျှလောက်ပင် မစွမ်းနိုင်သော သတို့သမီးတို့မှာ ဝတ်ရုံအပ်သော အဝတ်ပုဆိုး၏ အစွန်းကို ပင့်၍ ပခုံး၌ ပစ်ချ တင်ထားရကုန် သည်သာလျှင်တည်း။ ထိုကြောင့် ဝိသာခါ သတို့သမီးသည် ဖခင်အထံသို့ ရထားလွှတ်ရန်ကို စေလိုက်လေသတည်း။

ထိုဝိသာခါ၏ ဖခင်ဖြစ်သော ဓနဉ္စယ သူဌေးသည် သမီး မှာကြားလိုက်သော သတင်းစကားဖြင့် ငါးရာသော ရထားတို့ကို ပို့လွှတ်စေ၏။ ဝိသာခါသည် အခြံအရံနှင့်တကွ ရထားထက်သို့ တက်စီး၍ သွားကြကုန်၏။ ပုဏ္ဏားတို့သည် လည်း အဘူတကွသာလျှင် လိုက်သွားကုန်၏။ အိမ်သို့ ကျရောက်သော ကာလ

ညှော်သည် အာဂန္တုတို့ ဝတ်ကို မချွတ်မယွင်း ခင်းကျင်း ပြုပြင်၍ ပေးပြီးမှ ထိုပုဏ္ဏားတို့ကို ဓနဉ္စယသူဌေးက ဘယ်အရပ်မှ လာခဲ့ကြပါသနည်းဟု မေး၏။ သူဌေးကြီး အကျွန်ုပ်တို့သည် သာဝတ္ထိပြည်မှ လာခဲ့ကြပါကုန်သည်ဟု ပြောလျှင် အသင်တို့၏ သူဌေးသည် အဘယ်အမည် ရှိသနည်းဟု မေးသဖြင့်"မိဂါရသူဌေး" မည်ပါသည်ဟု ပြော၏။ အသင်တို့၏ သူဌေးသားသည် အဘယ်အမည် ရှိသနည်းဟု မေးပြန်လျှင် "ပုဏ္ဏဝဍ္ဎန" သတို့သား မည်ပါသည်ဟု ပြော၏။ အသင်တို့ သူဌေးအား ပစ္စည်းဥစ္စာ အဘယ်မျှ ချမ်းသာကြွယ်ဝပါသနည်းဟု မေးပြန်လျှင် အရှင်သူဌေးမင်း ကုဋေလေးဆယ်မျှသော ဥစ္စာ ကြွယ်ဝချမ်းသာ ပါသည်ဟု ပြောကြားသော ကာလ ဓနဉ္စယသူဌေးကြီးက ဤကုဋေလေးဆယ် မျှသော ပစ္စည်းဥစ္စာသည်ကား ငါတို့၏ ဥစ္စာကို ထောက်ဆ ချင့်တွက် စာနာသည်ရှိသော် တစ်ခြင်ရွေးမျှ လောက်သာ အဖိုးထိုက် ချေသည်။ သို့သော်လည်း ငါ၏သမီးသည် အစောင့်အရှောက် ရယူသော ကာလမှစ၍ တပါးသောအကြောင်းဖြင့် ချွတ်လွဲပြောဆို သွေလုန်သဖြင့် အဘယ်အကျိုး ရှိတော့အံ့နည်းဟု ဝန်ခံ၏။ ဓနဉ္စယသူဌေးကြီးသည် ထိုပုဏ္ဏားတို့အား ကြီးစွာသော ပူဇော်သက္ကာရကို ပြု၍ နှစ်ရက် သုံးရက်ပတ်လုံး နေစေပြီးသော် ပြန်လွှတ်ပေ၏။

ထိုပုဏ္ဏားတို့သည် သာဝတ္ထိပြည်သို့ပြန်သွား၍ ငါတို့စေလွှတ်ရှာဖွေ စေအပ်သော သတို့သမီးကို ရပါ၏လောဟု မေးလျှင် ရပါ၏ဟု ပြောသဖြင့် အဘယ် သူ၏ သမီးနည်းဟု မေးပြန်လျှင် ဓနဉ္စယသူဌေးကြီး၏ သမီးဖြစ်ပါသည်ဟု ပြော၏။ မိဂါရသူဌေးလည်း ကြီးကျယ်မြင့်မြတ်သော အမျိုး၏သမီးကို ငါတို့ သည် ရအပ်ကုန်၏။ အဆောတလျင် ရှောင်တခင် လျင်မြန်စွာ ဆောင်ယူခြင်းငှါ အပ်၏ဟု ပြောဆိုတိုင်ပင်၍ ထိုအရပ်သို့သွားခြင်းငှါ သာဝတ္ထိပြည်ကြီးရှင် ဘုရင် ပသေနဒီ ကောသလမင်းအား ကြားလျှောက်၏။ ပသေနဒီကောသလမင်းကြီး က ကြီးကျယ်ပြန့်ပြော များမြတ်သော စည်းစိမ်ချမ်းသာရှိသော ဤသူဌေးကြီး ကို ငါသည် ဗိမ္ဗိသာရမင်း၏အထံမှ တောင်းဆို ဆောင်ယူ ပြီးသည်ကာလ သာကေတမြို့၌ နေစေအပ်၏။ ထိုသူဌေးကြီးကို ကောင်းစွာချီးမြှင့် ထောက်ပံ့ ခြင်းငှါ အပ်၏။ ငါသည်လည်း ထိုအရပ်သို့ လိုက်အံ့ဟု မိန့်တော်မူ၏။ မိဂါရ သူဌေးလည်း အရှင်မင်းမြတ် ကောင်းလှပါပြီဟု ဝန်ခံပြောဆို၍ ဓနဉ္စယ သူဌေးကြီး၏အထံသို့ သတင်းစကား မှာကြားပေးပို့လိုက်၏။

"ငါသည် လာသည်ရှိသော် သာဝတ္ထိပြည်ကြီးရှင်ဘုရင်မင်းမြတ်သည် လည်း ကြွလာတော်မူပါလတ္တံ့။ မင်းကြီး၏စစ်သည်ဗိုလ်ပါသည် အလွန် တရာ များပြား၏၊ ဤမျှလောက်သော လူအပေါင်းအား ကောင်းမွန်

ကျေးမွေး ပေးကမ်းနှစ်ခြိုက် ပြုထိုက်သင့်သော အမှုကိစ္စအဝဝ အလုံးစုံကို အကုန်ပြုခြင်းငှာ စွမ်းဆောင်နိုင်ပါလတ္တံ့လော၊ မစွမ်းနိုင်ဘဲပင်ရှိမည်လော" —

ဟု သတင်းစကား မှာကြား ပေးပို့လိုက်၏။

ဓနဉ္စယသူဌေးကြီးက "တစ်ကျိပ်ကုန်သော မင်းတို့သည် စစ်သည်ဗိုလ်ပါ အခြံအရံ များစွာတို့နှင့်တကွ လာလိုသော်လည်း လာစေ၊ ငါ့အား အနည်းငယ်မျှ ကြောင့်ကြပူပန်ခြင်းမရှိ"—

ဟု သတင်းစကားကို ပြန်ကြား၍ ပို့လိုက်၏။

## ဝိသာခါ၏ လက်ထပ်မင်္ဂလာပွဲ

မိဂါရသူဌေးကြီးသည် ကြီးစွာသော အခြံအရံဖြင့် မြို့၌ အိမ်စောင့်မျှလောက်ကိုထား၍ ကြွင်းသော လူအပေါင်းကို ခေါ် ယူ၍သွားပြီးသော် ယူနေသဲ့မျှသော အရပ်၌နေ၍ မိမိတို့လာသော သတင်းစကားကို စေလွှတ်၏။ ဓနဉ္စယသူဌေးသည် လက်ဆောင်ပဏ္ဏာကို ပို့စေပြီးလျှင် သမီးငယ် ဝိသာခါကိုခေါ်၍ အတူတကွ တိုင်ပင်၏။ ချစ်သမီး အသင်၏ ယောက္ခမဖြစ်သော မိဂါရသူဌေးသည် သာဝတ္ထိပြည်ကြီးရှင် ဘုရင်ကောသလမင်းမြတ်နှင့် အတူတကွ လာ၏။ ထိုသူဌေးကို အဘယ်သို့သောအိမ်ကို သုတ်သင်ပြုစု၍ နေထိုင်စေအံ့နည်း။ ပြည့်ရှင်မင်းကြီး အိမ်ရှေ့မင်း စသည်တို့အား အဘယ်သို့ ပြုစုလုပ်ကျွေးအံ့နည်းဟု တိုင်ပင် မေးမြန်း၏။ ပညာရှိသော သူဌေးသမီးသည် ကမ္ဘာတစ်သိန်း ကာလပတ်လုံး တောင့်တပန်ဆင်အပ်သော ဆုတောင်းရှိသဖြင့် ဝရဇိန်ပမာ ထက်စွာသောဉာဏ်ပညာရှိသည်ဖြစ်၍ ဖခင် အကျွန်ုပ်၏ ယောက္ခမဖြစ်သော သူဌေးကြီးကို ဤအမည်ရှိသော အိမ်ကို သုတ်သင်ပြုစု၍ ထားပါအံ့၊ ပြည့်ရှင်မင်းကြီးအား ဤအမည်ရှိသော အိမ်ကို အိမ်ရှေ့မင်းအား ဤအမည်ရှိသော အိမ်ကို ပြုစုသုတ်သင်၍ ထားပါအံ့ဟု ပြောဆိုစီမံ၍ ကျွန်အမှုလုပ်တို့ကို ခေါ် စေပြီးလျှင် ဤမျှလောက်သော အသင်တို့သည် မင်းကြီး၏ ပြုဖွယ်ကိစ္စဟူသမျှကို တစမကျန် ပြုစု ရွက်ဆောင်ကြကုန်လော့။ ဤမျှလောက်သော အသင်တို့သည် အိမ်ရှေ့မင်း စသည်တို့အား ပြုစုကြကုန်လော့။ အသင်တို့က ဆင် မြင်းစသည်တို့ကို ပြုစုသုတ်သင်ကြကုန်လော့။ ဆင် မြင်း ထိန်းကျောင်း စောင့်ရှောက်သော သူတို့သည်လည်း မင်္ဂလာသဘင် ဆင်ယင်ကျင်းပသည်ကို ကြည့်ရှုလိုကြကုန်လတ္တံ့ဟု ပြောဆိုစီရင်၍ ထား၏ အဘယ်သို့သော အကြောင်းကြောင့် ဤကဲ့သို့ စီမံအားထုတ်၍ ထားသနည်းဟူမူကား ငါတို့သည် ဝိသာခါ သူဌေးသမီး၏ မင်္ဂလာပြုရာအရပ်သို့ သွားရောက်၍ တစ်စုံတစ်ခုကိုမျှ ကြည့်ရှုခွင့်မရ၊ ဆင် မြင်း စသည်တို့ကို စောင့်

ရှောက် ထိန်းကျောင်း၍ နေရသည်ဖြစ်သောကြောင့် ချမ်းသာစွာ လှည့်ပတ်ကြည့်ရှုခြင်းကို မရကုန်ဟု အချို့ကုန်သော သူတို့သည် ပြောဆို ပြစ်တင်ခွင့်ကို မရပါစေသတည်းဟု နှလုံးသွင်း၍ ပြုစုစီမံပြီးသည်ကာလ ထားပေသတည်း။

ထိုနေ့၌ပင်လျှင် ဝိသာခါ သတို့သမီး၏ ဖခင်ဖြစ်သော ဓနဉ္စယသူဌေးကြီးသည် ငါးရာကုန်သော ရွှေပန်းထိမ်သည်တို့ကို ခေါ်စေ၍ ငါ၏သမီး ဆင်ယင်ဖို့ရာ မဟာလ္လတာ တန်ဆာ မှည်သည်ကို ပြုကြကုန်လော့ ဟု နီးမြန်းသော ရွှေစင်နိက္ခ တစ်ထောင်ကိုလည်းကောင်း၊ ထိုရွှေစင်ဒ ၁း ထိုက်လျော် လျောက်ပတ်သော ငွေ့ ပတ္တမြား, ပုလဲ, သန္တာ, ဝရဇိန် အစရှိသည် တို့ကိုလည်းကောင်း ပေးစေ၏။ ပသေနဒီ ကောသလမင်းကြီးသည် သာကေတ ပြည်သို့ ရောက်၍ နှစ်ရက် သုံးရက်မြောက် ကျရောက်သောကာလ ဓနဉ္စယ သူဌေးကြီး၏ ထံသို့ တမန်စေလွှတ် ပြောကြားသည်မှာ သူဌေးကြီး ငါတို့၏ စစ်သည်ဗိုလ်ပါတို့သည် များ၏၊ အသင်သည် တာရှည် လေးမြင့်စွာ လုပ်ကျွေး ပြုစု မွေးမြူခြင်းငှါ မစွမ်းနိုင်လတ္တံ့။ ဤယခုအခါ သတို့သမီး ငယ်ကို ထိမ်းမြားလက်ထပ် ထည့်အပ်ဆောက်နှင်းသော အားဖြင့် သွားအပ်သော အခါကာလကို သိစေလော့ဟု သဝ င်းစကားကို ကြား၍ အရှင်မင်းမြတ် ယခုအခါသည်ကား ရေရှိုးညှန့်စီး လမ်းခရီး၌ တားဆီးပြွမ်းဆိုးလှသော မိုးလအခါ ဖြစ်ပါသည်။ လှည့်လည် ပြန်ကြွတော်မူခြင်းငှါ မသင့်ပါသေး အရှင်မင်းမြတ်၏ စစ်သည်ဗိုလ်ထုကို ကြည့်ရှု ပြုပြင် စီရင်ကျွေးမွေး ပေးကမ်း ချီးမြှင့်သော အရာ၌ အကျွန်ုပ်တာဝန်သာ ဖြစ်ပါစေ။ သွားရန်သင့်မြောက် အချိန်ရောက်က အကျွန်ုပ်လျှောက်တင်ပါအံ့။ ထိုအခါကာလမှ ကြွတော်မူပါဟု ပြန်၍ လျှောက်ကြားလိုက်၏။

ထိုနေ့မှစ၍ သာကေတ မြို့အလုံးစုံသည် အမြဲမပြတ် နက္ခတ်ပွဲသဘင် ကဲ့သို့ ဖြစ်လေ၏၊ မင်းကြီးကို အစပြု၍ အလုံးစုံသော လူများအပေါင်းတို့အား ပန်းနံ့သာ အဝတ် အသုံးအဆောင် စသည်တို့ကို ဆင်ယင် ဝတ်စား သုံးဆောင် လျက်သာ လှည့်လည် ပျော်ပါးကုန်၏။ ထိုလူများအပေါင်းတို့သည် သူဌေးကြီး သည် ငါတို့အားသာလျှင် ကြီးစွာ ပူဇော်ချီးမြှင့်ခြင်းကို ပြုလေဘိသည်ဟု ကြံစည်အောက်မေ့ မှတ်ထင်ကြရကုန်၏။ ဤသို့သောနည်းဖြင့် သုံးလတို့ကို လွန်မြောက်ပါသော်လည်း မဟာလ္လတာ တန်ဆာသည် မပြီးဆုံးလေ။ ထိုထို သို့သော အမှုကို ပြုစုရွက်ဆောင်ကုန်သော သူတို့သည် လာ၍ သူဌေးကြီး အကျွန်ုပ်တို့အား တပါးမရှိသော အရာမည်သည် မရှိပါ။ စစ်သည်အပေါင်း အား ကျွေးမွေးရန်အလို့ငှါ ချက်ပြုတ်သော အရာမှာသာ ထင်းကိစ္စဖြင့် မလောက်မမျှပါကုန်ဟု ပြောလျှင် သူဌေးကြီးက အဖမောင်တို့ သွားကြချေ၊

ဤမြို့၏ အတွင်း၌ ဟောင်းနွမ်း ဆွေးမြေ့ကုန်သော ဆင်တင်းကုပ် စသည်တို့ကို လည်းကောင်း၊ ဟောင်းနွမ်းဆွေးပျက်သော အိမ်တို့ကိုလည်းကောင်း၊ ဖျက်ဆီး ဆောင်ယူ၍ ချက်ပြုတ်ကုန်လော့ဟု ဆို၏။ ဤသို့ သူဌေးကြီး ဆိုတိုင်း ချက်ပြုတ်ကုန်သည်ရှိသော် လခွဲကို လွန်မြောက်လေ၏။ ထိုနောက်တစ်ဖန် ထင်းမရလောက်ပြန်ပါဟု ပြောကြားကြပြန်လျှင် ဤမြို့၏ အတွင်း၌ ထင်းတို့ကို ရနိုင်ဖွယ် မရှိချေ၊ ပုဆိုး ဘဏ္ဍာ ကျီကြ တိုက်ဘို့ကို ဖွင့်လှစ်စေ၍ ကြမ်းတမ်းသော ပုဆိုးတို့ကို ဖြစ်ကျက်ပြီးသည်ကာလ ဆီအိုးစရည်းတို့၌ ထည့်၍ ဆီဖြင့်စိုစွတ်စေ ပြီးသောအခါ ထိုပုဆိုးတို့ဖြင့် ချက်ပြုတ်ခြင်းကိစ္စကို ပြုကြကုန်လော့ဟု ဆို၏။ အမှုရွက်ဆောင်သောသူတို့သည်း ထိုသို့ပြောဆိုတိုင်းကို ပြုသဖြင့် လေးလတို့ကို လွန်မြောက်လေကုန်၏။ ပြုပြင်စီမံသော မဟာလ္လတာ တန်ဆာသည်လည်း ပြီးဆုံးခြင်းသို့ ရောက်လေ၏။

### "အဖိုးငွေ ကိုးကုဋေ"

### မဟာလ္လတာတန်ဆာ စီရင်ပြုလုပ်ခြင်း အကြောင်း

ထိုမဟာလ္လတာတန်ဆာ၌ ဝရဇိန် လေးကွမ်းစား၊ ပုလဲ တစ်ဆယ့်တစ်ကွမ်းစား၊ သန္တာ နှစ်ဆယ့်နှစ်ကွမ်းစား၊ ပတ္တမြားရတနာ သုံးဆယ့်သုံးကွမ်းစားတို့ဖြင့် လည်းကောင်း၊ တပါးကုန်သော ရတနာတို့ဖြင့် လည်းကောင်း ပြုပြင်စီရင် ခြယ်လှယ်အပ်သည် ဖြစ်၍ ပြီးခြင်းသို့ ရောက်၏။ ပိုးချည် ပါချည်တို့ဖြင့် မရောယှက် သက်သက်သော ရွှေချည် ငွေချည်တို့ဖြင့်သာ ချည်ကိစ္စကို ပြီးစေကုန်၏။ ထိုမဟာလ္လတာ တန်ဆာကို ဦးခေါင်းဦးထိပ်မှ စွပ်၍ ချလိုက်သည် ရှိသော် ခြေဖမိုးတိုင်အောင် ဖုံးမိ၏။ ထိုထိုသို့သော နေရာ၌ အကွင်းအချိတ်တို့ကို ရှည်၍ ပြုအပ်ကုန်၏။ ရွှေဖြင့်ပြီးသော အဖုအဆစ် အကြစ်ကို ပြုအပ်သည် ဖြစ်၍ ငွေဖြင့် ပြီးသော အကွင်းအချိကို ဦးခေါင်း ဦးထိပ်၌ တစ်ချိ၊ နားနှစ်ဘက်တို့၌ နှစ်ချိ၊ လည်ချောင်း ရေချိုး၌ တစ်ချိ၊ နှစ်ဘက်သော ဒူးဆစ် နေရာတို့၌ နှစ်ချိ၊ နှစ်ဘက်သော တတောင်၊ နှစ်ဘက်သော ပေါင်တို့၌ နှစ်ချိ၊ ခါးစောင်နှစ်ဘက်တို့၌ နှစ်ချိ အားဖြင့် တစ်ဆယ့်နှစ်ချိကုန်သော လက်စွပ်ကွင်း သဏ္ဌာန် အလျှံရောင်သီ အကွင်း အချိဘို့ကို တည်တည် ညွတ်ကွေး ယဉ်ကျေးဖအောင် ပြုလုပ်အပ်ကုန်၏။ ထိုမဟာလ္လတာ တန်ဆာ၌ တစ်ခုသော ဥဒေါင်းရုပ်ကိုလည်း ပြုအပ်ကုန်၏၊ ထိုဥဒေါင်းရုပ်၏ လက်ယာတောင်ရွက် ဖျား ငါးရာ၊ လက်ဝဲတောင်ရွက်ဖျား ငါးရာတို့သည် မီးလျှံပမာ နီမြန်းသော အရောင်ရှိသော ရွှေဖြင့်ပြီးကုန်၏။ နှုတ်သီးသည် သန္တာဖြင့်ပြီး၏။ မျက်လုံး လည်ဆံ မြီးဆံ ဤသုံးပါးတို့သည် ပတ္တမြားဖြင့် ပြီးကုန်၏။ အတောင်၏ အရိုး မြင်းခေါင်းစသော အင်္ဂါတို့သည်ကားငွေစင်ဖြင့် ပြီးကုန်၏။ ထိုဥဒေါင်းရုပ်သည်

ဝိသာခါ သူဌေးသမီး၏ ထိပ်ထက်အလယ်၌ တောင်ထိပ် တောင်ထွတ်ဝယ် ကွေးညွတ် ပျံကျ ကောင်းမွန်စွာ ကအပ်သော ဥဒေါင်းကဲ့သို့ ထင်ရ၏။ အတောင်ရိုး တစ်ချောင်း၏ အသံသည် ဘုန်းသမ္ဘာကာ စီမံပြုအပ် လွန်ထူး မြတ်သော နတ်၌ ဖြစ်သော တူရိယာကဲ့သို့လည်းကောင်း၊ အင်္ဂါငါးဖြာ ကောင်းစွာ ပြည့်စုံသော တူရိယာကဲ့သို့ လည်းကောင်း ကြားနာသူပေါင်း ညွတ်ပျောင်းချေအံ့ ယူကျုံးဘိသကဲ့သို့သော အသံသည် ဖြစ်၏။ အနီးသို့ ချဉ်းကပ်မိသော်သာလျှင် ဥဒေါင်းစစ်မဟုတ် အရုပ်၏ အဖြစ်ကို သိကုန်၏။ ထိုမဟာလတာ တန်ဆာသည် ကိုးကုဋေ အဖိုးထိုက်တန်၏၊ လက်ခ အဖိုးတစ်သိန်း ပေးရ၏။

## သက်န်းလှူရခြင်း အကျိုး

အဘယ်ကဲ့သို့သော အကျိုးဆက် အာနိသံသဖြင့် ဝိသာခါ သူဌေးသမီး အား ဤမဟာလတာတန်ဆာကို ဆင်မြန်း သုံးဆောင်ရလေသနည်းဟူမူကား သူဌေးသမီး ဝိသာခါသည် ရှေးအခါကာလ ကဿပဘုရား ပွင့်တော်မူသော အခါကာလ၌ နှစ်သောင်းမျှလောက် ကုန်သော သံဃာတော် အရှင်မြတ် တို့အား သင်္ကန်းအလို့ငှါ ပုဆိုးတို့ကို ပေးလှူ၍ ဆက်ကပ်၍ ချည်,အပ်,ဆိုးရည်တို့ ကိုလည်း မိမိ၏ ဥစ္စာဖြင့်သာ ကောင်းစွာ ပူဇော်လှူဒါန်း ပေးသတတ်။ ထိုသင်္ကန်းအလှူဒါန၏ အကျိုးဆက်ဖြင့် ဤမဟာလတာတန်ဆာ ထူးမြတ်ကို ဆင်ယင်ခြင်းငှါ ရအပ်ပေသတည်း။ ထိုစကားမှန်၏၊ မာတုဂါမတို့အား အဝတ် သင်္ကန်းအလှူကို ကြည်ဖြူရွှင်လန်း လှူဒါန်းပေးကမ်းခြင်း အလှူဒါနသည် မဟာလတာ တန်ဆာကို ဆင်ယင်သုံးဆောင် ရသဖြင့် အထွတ်အထိပ်သို့ ရောက်ရပေ၏။ ဒါယကာ ယောကျ်ားတို့အား တန်ခိုးဖြင့် ပြီးသော သပိတ် သင်္ကန်းကို ဆင်မြန်းသုံးဆောင်ရသဖြင့် အထွတ်အထိပ်သို့ ရောက်ရပေ၏။ ထို့ကြောင့် ဋ္ဌကထာ၌—

ဣတ္ထီနံ ဟိ စီဝရဒါနံ မဟာလတာပသာဓနဘဏ္ဍေန မတ္ထကံ ပပ္ပေါတိ၊ ပုရိသာနံ ဣဒ္ဓိမယပတ္တစီဝရေန—

ဟု မိန့်တော်မူ၏။

အနက်ကား။ ။ဟိ သစ္စံ၊ ထိုစကားသည် ထင်ရှားကေန် မှန်လှပေ၏။ ဣတ္ထီနံ၊ မိန်းမတို့အား။ ဝါ၊ တို့၏။ စီဝရဒါနံ၊ အဝတ်သင်္ကန်း လှူဒါန်းခြင်းဒါန သည်။ မဟာလတာပသာဓနဘဏ္ဍေန၊ မဟာလတာတန်ဆာကို ဆင်မြန်းသုံးဆောင် ရသဖြင့်။ မတ္ထကံ၊ အပြီးအဆုံး အထွတ်အထိပ်သို့။ ပပ္ပေါတိ၊ ရောက်ရလေ၏။

ပုရိသာနံ၊ ယောကျာ်းတို့အား။ ဝါ၊ တို့၏။ စီဝရဒါနံ၊ သည်။ ကူဒ္ဒိမယပတ္တ-စီဝရေန၊ တန်ခိုးဖြင့် ပြီးသော သပိတ် သင်္ကန်းကို ရသဖြင့်။ မတ္တကာ၊ သို့။ ပပ္ပေါတိ၊ ၏။ ဤကား အနက်။

## သမီးဝိသာခါအား ပစ္စည်းဥစ္စာရတနာတို့ကို ခွဲဝေပေးခြင်း

ထိုသို့သော အခြင်းအရာဖြင့် သူဌေးကြီးသည် လေးလဘို့ဖြင့် သမီးငယ် ဝတ်ဆင်ရန် တန်ဆာကို ကောင်းစွာ ပြုပြင်ပြီးမှ ထိုသမီးငယ်အား ပေးကမ်း ချီးမြှင့်ဖွယ် ပစ္စည်းအနုတို့ကို ကြည့်ရှု ဆောင်နှင်းလိုသည် ဖြစ်၍ အသပြာဖြင့် ပြည့်ကုန်သော ငါးရာကုန်သော လှည်းတို့ကို လည်းကောင်း၊ ရွှေခွက်ဖြင့် ပြည့်ကုန်သော ငါးရာကုန်သော လှည်းတို့ကို လည်းကောင်း၊ ငွေခွက်ဖြင့် ပြည့်ကုန်သော ငါးရာကုန်သော လှည်းတို့ကို လည်းကောင်း၊ သလွဲခွက်တို့ဖြင့် ပြည့်ကုန်သော ငါးရာကုန်သော လှည်းတို့ကို လည်းကောင်း၊ ပဋ္ဋုဏ္ဏတိုင်းမှ ဖြစ်သောပုဆိုး, ပိုးချည်ပုဆိုးတို့ဖြင့် ပြည့်သောလှည်းငါးရာတို့ကို လည်းကောင်း၊ ထောပတ်ဖြင့် ပြည့်သော လှည်းငါးရာ ဆီဖြင့် ပြည့်သော လှည်းငါးရာ, သလေးဆန်ဖြင့် ပြည့်သော လှည်းငါးရာ, ထွန်သွား ထွန်တံစသော အဆောက် အဦတို့ဖြင့် ပြည့်သော လှည်းငါးရာအားဖြင့် ဤမျှသော အသုံး အဆောင် ပစ္စည်း ဥစ္စာတို့ကို ပေးကမ်း ဆောင်နှင်းလိုက်၏။

ဓနဉ္စယ သူဌေးကြီးသည် ဤမျှ လောက်သော ပစ္စည်း ဥစ္စာတို့ဖြင့် ကောင်းစွာ ချီးမြှင့် ပေးကမ်းလိုက်ခြင်းသည် ငါ၏ သမီးသည် ရောက်ရာဒေသ ရပ်ဌာန၌ ဤအမည်ရှိသော ဥစ္စာဖြင့် ငါ့မှာ အလိုရှိပါဘိတော့သည်ဟု ကြံစည်တောင့်တ ပူပန်ရသဖြင့် သူတပါး၏ အိမ်ရံသို့ ချေးငှါးရန် မစေလွှတ်ရပါ စေသတည်းဟု နှလုံးသွင်းပြီးသည်ကာလ ဆောက်နှင်းပေးအပ်လိုက်ပေသတည်း။ ထိုမှတပါးလည်း တစ်ခုတစ်ခုသော ရထား၌ အလုံးစုံကုန်သော တန်ဆာ တို့ဖြင့် တန်ဆာဆင်အပ်ကုန်သော သုံးယောက် သုံးယောက်ကုန်သော အမျိုး ကျွန်မတို့ကို တင်ထားလျက် ငါးရာကုန်သော ရထားတို့ကို ပေးလိုက်၏။ ထို အမျိုးသမီး ကျွန်မတစ်ထောင့်ငါးရာတို့ကို ပေးအပ်လိုက်ခြင်းမှာ ထိုအမျိုးသမီး ကျွန်မတို့သည် ငါ၏ သမီး သွားလာလှည့်ပတ်သောအခါ ထမင်း ဘောဇဉ် ချိုချဉ်အာဟာရ သုံးဆောင်စားသောက်သော အခါ တန်ဆာဆင်ယင်သော အခါတို့၌ အခြွေအရံ အလုပ်အကျွေး ဖြစ်ပါစိမ့်သောငှါ ပေးထည့်လိုက်ပေ သတည်း။

ထို့နောက် သူဌေးကြီးသည် ငါ၏ သမီးအား နွားတို့ကို ပေးလိုက်ဦးအံ့ဟု ကြံ၍ အလုပ်အကျွေး ယောကျ်ားတို့ကို ခေါ်ပြီးလျှင် အချင်းတို့ သွားတဲ့ကြ ချေကုန်။ ခြံ၌ တံခါးငယ်တို့ကို ဖွင့်ပြီးသည်ကာလ သုံးဂါဝုတ်ရှိသော အရပ်ဌာန တို့၌ သုံးခုကုန်သော စည်ကြီးတို့ကို ယူ၍ တည်ကြကုန်လော့၊ အပြန့်အကျယ် အားဖြင့် တစ်ဥသဘမျှသော အရပ်၌ နှစ်ဖက်သော နံပါးတို့၌ တည်ကြကုန် လော့။ ထိုအရပ်မှ ကြွင်းကျန်ပိုလွန်သောအရပ်၌ တည်ရှိကုန်သော နွားတို့ကို လိုက်သွားအံ့သော အခွင့်ကို မပေးဘဲ ဤအရပ်၌ တည်ရှိကုန်သော နွားတို့ကို ထွက်ပြေးလိုက်သွားရန် စည်ဖြင့် အမှတ်ကို ပေးကြကုန်လော့ဟု စေခိုင်း၏၊ ကျွန်အမှုလုပ် ယောကျ်ားတို့လည်း ထိုသူဌေးကြီး ပြောကြားသော စကား အတိုင်း ပြုကြကုန်၏။ ထိုနွားအပေါင်းတို့သည် ခြံမှ ထွက်၍ တစ်ဂါဝုတ်မျှသော အရပ်သို့ ရောက်သော ကာလ၌ စည်အမှတ်ကို ပြုကြကုန်၏၊တစ်ဖန် ယူဇနာခွဲသို့ ရောက်သောကာလ၌ စည်အမှတ်ကို ပြုကြကုန်၏၊ တစ်ဖန် သုံးဂါဝုတ်ပမာဏ ရှိသော အရပ်သို့ ရောက်သော အခါ၌ ခွန်အားစွမ်းပကားနှင့် ပြည့်စုံ ကုန်သော ယောကျ်ားတို့သည် ခြံတံခါးကို ပိတ်ထားလျက် ကြွင်းကျန်သော နွားတို့သည် မသွားမထွက်ရအောင် တားမြစ်ပိတ်ပင်ကုန်၏၊ ဤသို့သော အမှတ်သညာ အခြင်းအရာဖြင့် ပေးအပ်သော နွားတို့သည် အလျားအားဖြင့် သုံးဂါဝုတ်, အပြန့်အကျယ်အားဖြင့် တစ်ဥသဘရှိသော အရပ်၌ အချင်းချင်း ကျောချင်းစပ်ထိကာ တည်ကုန်၏။

## နွားအပေါင်းတို့သည် ခြံကို ခုန်ထွက်၍ လိုက်ကြခြင်း

သူဌေးကြီးလည်း ငါ၏ သမီးအား ဤမျှသော နွားတို့ဖြင့် တော်သင့် လောက်ပေပြီ၊ ခြံတံခါးကို ပိတ်ထားကုန်လော့ဟု စေခိုင်းပိတ်ထား စေ၏။ ထိုသို့ ပိတ်ထား တားမြစ်စေအပ်သော်လည်း ဝိသာခါသူဌေးသမီး ကောင်းမှု၏ အကျိုးဆက်ဖြင့် ခွန်အားကြီးကုန်ကော နွားလားတို့သည် လည်းကောင်း၊ နွားမတို့သည်လည်းကောင်း ခုန်ထွက်ကုန်၏။ လူတို့သည် ဟန့်တား ပိတ်ပင်စဉ်ပင်လျှင် ခြောက်သောင်းကုန်သော နွားလားတို့သည် လည်းကောင်း ခြောက်သောင်းကုန်သော နွားမတို့သည်လည်းကောင်း၊ ခြောက် သောင်းမျှလောက်ကုန်သော နွားပိုက်တို့သည်လည်းကောင်း ခုန်ထွက်ပြေးသွား၍ လိုက်ကုန်သဖြင့် တစ်ဥသဘမျှပင် ရှိလေကုန်သတည်း။ ထိုတစ်ဥသဘမျှ လောက်သော နွားတို့သည် တားမြစ်ပိတ်ပင်စဉ် ခုန်ထွက်၍ လိုက်ခြင်းသည်ကား ဝိသာခါသူဌေးသမီးအား ရှေးကောင်းမှု အကျိုးဆက်ပေတည်း။ ထိုဝိသာခါ သူဌေးသမီးသည် ကဿပမြတ်စွာသခင် ကိုယ်တော်မြတ်သည် လူတွင်ထင်ရှား ဘုရားဖြစ်တော်မူသောအခါကာလ၌ ကိကီမင်းကြီး၏ သမီးတော် ခုနစ်ယောက်

တို့ဘွင် ညီမသ်ာ အထွေးဆုံး သံဃဒါသီမည်ဪသော မင်းသမီးဖြစ်၍ နှစ်သောင်း မျှသောက်ကုန်သော သံဃာတော်မြတ်တို့အား ငါးပါးကုန်သော နွားနို့အရသာ တို့ကို ပေးလှူဆက်ကပ်သည်ရှိသော် မသေရ်၏လည်းကောင်း၊ သီတင်းငယ် တို့၏လည်းကောင်း၊ သာမဏေတို့၏လည်းကောင်း၊ သပိတ်ကို ပိတ်ထား၍ တန်ပြီဟု တားမြစ်ပိတ်ပင်ကုန်သော်လည်း ဤအရသာသည်ကား ကောင်းမြတ် ချိုမြိန်လှပါသည်၊ ဤအရသာသည်ကား နှစ်သက်မြတ်နိုးဖွယ် ရှိလှပါသည်၊ အလှူခံတော်မူပါဦး၊ ဘုဉ်းပေးသုံးဆောင်တော်မူပါဦးဟု ထပ်ကာ ထပ်ကာ လှူဒါန်းပေးကမ်းအပ်သည်သာလျှင်တည်း။ ဤသို့ လှူဒါန်းပေးကမ်းအပ်သော ထိုကောင်းမှု၏ အကျိုးဆက်ဖြင့် ဖျက်ဆီးတားဟန့် ကန့်ကွက် ပိတ်ပင်ပါ သော်လည်း နွားအပေါင်းတို့သည် ခုန်ထွက်ပြေးသိုက်ကြကုန်သည်သာ ဖြစ်ပေ ကုန်၏။

ဤမျှလောက်သော ပစ္စည်းဥစ္စာ ရတနာတို့ကို ပေးအပ်ဆောင်နှင်းသော ကာလ ဓနဥ္စယသူဌေးကြီးအား သူဌေးကတော်ဖြစ်သော သုမနဒေဝီ-က အရှင်သူဌေးမင်း အရှင်တို့သည် ကျွန်တော်မ သမီးငယ်အား ပေးကမ်းဖွယ် အစုစု ပစ္စည်း ဝတ္ထုတို့ကို ပြုစုစီမံအပ်ကုန်၏၊ အမှုကြီးငယ်ကို ရွက်ဆောင် လုပ်ကျွေးအံ့သော ကျွန်ယောကျ်ား ကျွန်မိန်းမတို့ကို မစီရင် မဆောက်နှင်း မပေးအပ်ခြင်းသည် အကြောင်း မည်သို့ ရှိပါသနည်းဟု ဆို၏။ ရှင်မ ငါ၏ သမီးကို မေတ္တာသက်ဝင် ချစ်ခင်သောသူ၊ မေတ္တာမသက်ဝင် မချစ်ခင်သော သူတို့ကို သိလိုသောကြောင့်သာ ဤအမှုကိစ္စ တစ်ခုမျှကို မစီရင်မဆောင်နှင်းဘဲ ပယ်ချား၍ ထားပေသည်။ လိုက်သွားလိုသော ဆန္ဒ သဘောမမျှသောသူကို လိုက်သွားရမည်ဟူ၍ ငါက နှိပ်စက်ဖိစီး တိုက်တွန်းစေခြင်းငှါ အလိုမရှိချေ။ ငါ၏သမီးသည် သွားရန်အံ့သို့ငှါ ယာဉ်ထက်သို့တက်စီးကျရောက် ထွက်သွားသော ကာလမှာသာလျှင် ငါ၏သမီးနှင့် အတူတကွ လိုက်သွားသိုကြကုန်သော သူတို့ သည် လိုက်သွားကြစေကုန်သတည်း။ သဘောမနှစ်ခြိုက်မသွားမလိုက်လိုသောသူ တို့သည် မသွားမလိုက်စေသတည်းဟု ပြောဆိုစီရင်ဆောက်နှင်းတော့အံ့ဟု ဆို၏။

## သမီးဝိသာခါအား ဆုံးမလိုက်သော ဩဝါဒစကားဆယ်ခွန်း

ထိုနောက်မှ ဓနဥ္စယ သူဌေးကြီးသည် နက်ဖြန်မိုးသောက် လင်းစင်ရောက်က ချီးမြှောက်ဖြင့်ပြီး ငါ၏သမီးသည် ခရီးဝေးကွာ လင့်ရှာသင့်အိမ်သို့ အချိန် သင့်ငြား သွားပေတော့လတ္တံ့ဟု တိုက်ခန်းတွင်းသို့ ဝင်၍ ထိုင်နေပြီးသော် သမီးဝိသာခါကို အနီး၌ ထိုင်နေစေ၍ ချစ်သမီး ခင်ပွန်းအရှင် လင်၏ အချီး အိမ်၌ နေသော သူမည်သည့်ကား ဤသို့သော အကျင့်အာစာရကို သင့်လျော် လျောက်ပတ် စောင့်ရှောက်ခြင်းငှါ အပ်၏ဟု အဆုံးအမ ဩဝါဒကို ပေး၏။

ပုဏ္ဏဝဍ္ဍန လုလင်၏ ဖခင်ဖြစ်သော မိဂါရ သူဌေးသည်လည်း အခြားမဲ့ ဖြစ်သော တိုက်ခန်းတစ်ခု၌ နေလျက် ဓနဉ္စယသူဌေး၏ ဩဝါဒကို ကြားနာ၍ နေ၏။ ဓနဉ္စယသူဌေးကြီးသည် သမီးဖြစ်သော ဝိသာခါကို—

အမ္မ သဿုရကုလေ ဝသန္တိယာ နာမ—

အန္တော အဂ္ဂိ ဗဟိ န နီဟရိတဗ္ဗော။

ဗာဟိရတော အဂ္ဂိ န အန္တော ပဝေသေတဗ္ဗော။

ဒဒန္တဿေဝ ဒါတဗ္ဗံ။

အဒဒန္တဿ န ဒါတဗ္ဗံ။

ဒဒန္တဿာပိ အဒဒန္တဿာပိ ဒါတဗ္ဗံ။

သုခံ နိသီဒိတဗ္ဗံ။

သုခံ ဘုဉ္ဇိတဗ္ဗံ။

သုခံ နိပဇ္ဇိတဗ္ဗံ။

အဂ္ဂိ ပရိစရိတဗ္ဗော။

အန္တောဒေဝတာ နမဿိတဗ္ဗာ—

ဟူသော ပါဌ်ဖြင့် အဆုံးအမ ဩဝါဒကို ပေးပေ၏။

**ထိုပါဌ်၏အနက်ကား**။ ။အမ္မ၊ အရှယ်ကျုံပြီး လွန်မကြီးသေးသော ချစ်သမီး ဝိသာခါ။ သဿုရကုလေ၊ ခင်ပွန်းအရှင် ချစ်လင်ခေါ် မြောက် ယောက္ခမ တို့၏ အမျိုးအိမ်၌။ ဝသန္တိယာ နာမ၊ နေရသော အမျိုးချွေးမ မည်သည်ကား။ အန္တော အဂ္ဂိ၊ အတွင်းမီးကို။ ဗဟိ၊ အပပြင်ဘက်သို့။ န နီဟရိတဗ္ဗော၊ မထုတ်အပ်။ ဗာဟိရတော အပပြင်ဘက်မှဖြစ်သောအဂ္ဂိ၊ မီးကို။ အန္တော၊ အတွင်းသို့။ န ပဝေသေတဗ္ဗော၊ မသွင်းအပ်။ ဒဒန္တဿေဝ၊ ပေးကမ်းသော သူအားသာလျှင်။ ဒါတဗ္ဗံ၊ ပေးကမ်းအပ်၏။ အဒဒန္တဿ၊ မပေးမကမ်းသော သူအား။ န ဒါတဗ္ဗံ၊ မပေးမကမ်းအပ်။ ဒဒန္တဿာပိ၊ ပေးကမ်းသော သူအားလည်း ကောင်း။ အဒဒန္တဿာပိ၊ မပေးမကမ်းသော သူအား လည်းကောင်း။ ဒါတဗ္ဗံ၊ ပေးကမ်းအပ်၏။ သုခံ၊ ချမ်းသာစွာ။ နိသီဒိတဗ္ဗံ၊ ထိုင်နေအပ်၏။ သုခံ၊ ချမ်းသာစွာ။ ဘုဉ္ဇိတဗ္ဗံ၊ စားအပ်၏။ သုခံ၊ ချမ်းသာစွာ။ နိပဇ္ဇိတဗ္ဗံ၊ အိပ်အပ်၏။ အဂ္ဂိ၊ မီးကို။ ပရိစရိတဗ္ဗော၊ လုပ်ကျွေးအပ်၏။ အန္တောဒေဝတာ၊ အိမ်တွင်းနတ်ကို၊ နမဿိတဗ္ဗာ၊ ရိုသေညွတ်သျှိုး ရှိခိုးအပ်၏။ ဤကားအနက်။

အဓိပ္ပါယ်ကား။ ။ချစ်ခင်လှစွာသော အမိအဘတို့နှင့် အတူတကွ မနေရမူ၍ ယောက္ခမအိမ်သို့ လိုက်သွားရလတ္တံ့သော ချင့်ချိန်တိုင်းထွာ စာနာတတ်သော အရွယ်မကျရောက် မကြီးမြောက်သေးသော ချစ်သမီးဝိသာခါ ခင်ပွန်းအရှင် ချစ်လင်ခေါ်မြောက် ယောက္ခမတို့၏ နေအိမ်သို့ လိုက်ပါနေထိုင်ရသော အမျိုးချွေးမတို့ မည်သည်ကား—

၁။ အတွင်းမီးကို အပပြင်ဘက်သို့ မထုတ်ဆောင်အပ်။

၂။ အပပြင်ဘက်ဖြစ်သော မီးကို အတွင်းသို့ မသွင်းအပ်။

၃။ ပေးကမ်းသော သူအားသာလျှင် ပေးကမ်းအပ်၏။

၄။ မပေးမကမ်းသော သူအား မပေးမကမ်းအပ်။

၅။ ပေးကမ်းသော သူအားလည်းကောင်း၊ မပေးမကမ်းသော သူအား လည်းကောင်း ပေးကမ်းအပ်၏။

၆။ ချမ်းသာစွာ နေထိုင်အပ်၏။

၇။ ချမ်းသာစွာ စားသောက်အပ်၏။

၈။ ချမ်းသာစွာ အိပ်အပ်၏။

၉။ မီးကို လုပ်ကျွေးအပ်၏။

၁၀။ အိမ်တွင်းနတ်ကို ရိုသေညွှတ်လျိုး ရှိခိုးအပ်၏—

ဟု ဤဆယ်ပါးသော အဆုံးအမဩဝါဒကိုပေး၍ တစ်ဖန်မိုးမသောက် ရောက်သော နေ့၌ အလုံးစုံကုန်သော စစ်သည် ဗိုလ်ပါတို့ကို စည်းဝေးစေ၍ မင်းကြီး, စစ်သည် ဗိုလ်ပါ ပရိသတ်တို့၏ အလယ်၌ အသီးသီးသော အသုံးအဆောင် များပြောသော ပစ္စည်းဘဏ္ဍာ ဥစ္စာရှိကုန်သော ရှစ်ယောက်ကုန်သော သူဌေးကြီးတို့ကို ခေါ်ယူပြီးသည်ကာလ မိမိ၏ ကိုယ်စား အရာဌာန၌ ထားလျက် ရောက်ရာဒေသ ရပ်ဌာန၌ ငါ၏ သမီးအား အပြစ်ဒေါသ ဆိုးမဖွယ်သောအပြစ်သည် အကယ်၍ဖြစ်ခဲ့အံ့၊ အသင်တို့သည် ကြည့်ရှုပြုပြင် သုတ်သင်ဆုံးမပါကုန်လော့ဟု ဆောက်နှင်း အပ်နှံပြောဆိုပြီးသော် အဖိုးကိုးကုဋေ ထိုက်တန်သော မဟာလတာ တန်ဆာဖြင့် သမီးကို ဝတ်ဆင်စေ၍ ရေချိုး ကသယ်မှုန့် အနံ့အလိုငှါ ငါးဆယ့်လေးကုဋေသော ဥစ္စာကို ပေးအပ်၍ ယာဉ်ယက်သို့ တင်စေပြီးလျှင် သာကေတမြို့၏ အနီးဖြစ်ကုန်သော သီတင်း၁၄ကျွန်း၌ အနုရာဓမြို့မျှ ပမာဏ ကြီးကျယ်ပြန့်ပြော စည်ကားကုန်သော မိမိ၏ ဥစ္စာဖြစ်ကုန်သော ရွာကြီး

တစ်ဆယ့်လေးရွာတို့၌ ငါ၏သမီးနှင့်အတူတကွ သွားလိုလိုက်လိုသောသူတို့သည် သွားစေ လိုက်စေကုန်သတည်းဟူသော စည်ကို လည်စေကုန်၏။

## ရွာကြီးတစ်ဆယ့်လေးရွာမှ လူများအားလုံး လိုက်ကြခြင်း

ထိုစည်လည်သောအသံကို ကြားကုန်သော လူများအပေါင်းတို့သည် အရှင်မဝိသာခါသည် သွားသောအခါ၌ ဤအရပ်ဝယ် နေသဖြင့် ငါတို့အား အဘယ်အကျိုးရှိတော့အံ့နည်းဟု ရွာကြီးတစ်ဆယ့်လေးရွာ၌ တစ်စုံတစ်ယောက်မျှသောသူသည်မကြွင်းမကျန်မူ၍ ထွက်ကြကုန်၏၊ မနဉ္စယသူဌေးကြီးသည်ပသေနဒီကောသလမင်းအားလည်းကောင်း၊ မိဂါရသူဌေးကြီးအားလည်းကောင်း ပူဇော်သက္ကာရကိုပြု၍ အနည်းငယ်အစဉ်လိုက်ပို့ပြီးသော် လမ်းခရီးသို့ကျလျှင် ထိုသူတို့နှင့်အတူတကွ မိမိ၏သမီး ဝိသာခါကို ထည့်၍ လွှတ်လိုက်၏၊ မိဂါရသူဌေးသည် အလုံးစုံသောသူတို့၏နောက်မှ တစ်ခုသောယာဉ်၌ စီးနေလျက်သွားသည်ရှိသော် များစွာသော လူထုအပေါင်းကို မြင်၍ ထိုသူတို့သည် အဘယ်သို့သဘောရှိသောသူတို့ပေနည်းဟု မေး၏။ အရှင်သူဌေးမင်း အသင့်ချွေးမ၏ အမှုလုပ်ဖြစ်ကုန်သောကျွန်မိန်းမကျွန်ယောကျ်ားတို့ပါဟု ပြောလျှင် ဤမျှလောက်သောသူတို့ကို အဘယ်သူသည် မွေးကျွေးနိုင်ပါလတ္တံ့နည်း။ ထိုသူတို့ကို ရိုက်နှက်ပုတ်ခတ်၍ ထွက်ပြေးစေကြကုန်လော့ဟုဆို၏။ ဝိသာခါက တားမြစ်ပုတ်ခတ်အံ့သော သူတို့ကို အသင်တို့သည် ဖယ်သွားကြကုန်လော့၊ မတားမြစ်ပါကုန်လင့်၊ ဤများစွာသော လူထုအပေါင်းသည်သာလျှင် များစွာသော လူထုအပေါင်းအား ထမင်းဘောဇဉ် ချိုချဉ်အာဟာရစသည် ပေးကျွေးမွေးမြူခြင်းကို ပြုပါလတ္တံ့ဟုဆို၏၊ ဤသို့ဝိသာခါသည် တားမြစ်တောင်းပန် ပြောဆိုပါသော်လည်း မိဂါရသူဌေးက ချစ်သမီး ငါတို့အား ဤမျှလောက်သော လူအပေါင်းဖြင့် အလိုမရှိ၊ ဤမျှလောက်သော လူတို့ကို အဘယ်သူ ကျွေးမွေးနိုင်လတ္တံ့နည်းဟု ဆို၍ ခဲ အုတ်ကျောက် တုတ်ဒဏ် စသည်တို့ဖြင့် ပုတ်ခတ်ရိုက်နှက် ထွက်ပြေးစေပြီးမှ အတန်ငယ်မျှသော သူတို့သည် ကြွင်းကျန်ကုန်သည် ရှိသော် ငါတို့အား ဤမျှလောက်ကုန်သော လူတို့ဖြင့် တော်လျော် သင့်မျှလောက်ပေပြီဟု ထိုမျှလောက်သော လူတို့ကို ယူ၍ သွားလေ၏။ ထိုနောက် သာဝတ္ထိပြည် မြို့တံခါးသို့ ရောက်သောအခါ၌ ဝိသာခါ သူဌေးသမီးသည် ကြံဆင်ခြင်သည်မှာ ဖုံးကွယ်လုံခြုံသောယာဉ်၌ တစ်ဖက်စီးနေထိုင်ပြီးသည်ကာလ မြို့သို့ဝင်ရအံ့လော၊ သို့တည်းမဟုတ် ရထား၌ စီးနင်း၍တည်း မြို့တွင်းသို့ ဝင်ရအံ့သလောဟု ကြံဆင်ခြင်၏ ထိုနောက် တဖန် ကြံဆင်ခြင်ပြန်သည်မှာဖုံးကွယ်လုံခြုံသောယာဉ်၌ စီးနင်းပြီးသည်ကာလ မြို့တွင်းသို့ ဝင်သည်ရှိသော် မဟာလတာ တန်ဆာ၏ ဂုဏ်ထူးဝိသေသသည် မထင်ရှားသည် ဖြစ်ပေလတ္တံ့ဟု ကြံ၍ ဝိသာခါသည် အလုံးစုံသော မြို့အား မိမိ၏

ကိုယ်ကို ပြလျက်ရထားထက်၌ စီးနင်းပြီးသည်ကာလ မြို့သို့ဝင်လေ၏။ သာဝတ္ထိ ပြည်၌ နေလေ့ရှိကုန်သောပြည်သူပြည်သား ယောကျ်ားမိန်းမအပေါင်းတို့သည် သူဌေးသမီး ဝိသာခါ၏ အံ့ဖွယ်မခန်း ထူးဆန်းရိပ်ငြိမ် စည်းစိမ်၏ ပြည့်စုံခြင်းကို မြင်၍ ဤသတို့သမီးသည် ဝိသာခါအမည်ရှိပေသတတ်၊ ဤသို့ သဘော ရှိသော စည်းစိမ်ချမ်းသာသည် ထိုဝိသာခါသတို့သမီးအားသာလျှင် တင့်တယ် လျောက်ပတ်ပေ၏ဟု ပြောဆိုကြကုန်၏၊ ဤသို့ လူအပေါင်းတို့ ချီးမွမ်းပြော ဆိုစဉ် ကြီးကျယ်စွာသော စည်းစိမ်ချမ်းသာ၏ ပြည့်စုံခြင်းဖြင့် မိဂါရသူဌေး၏ အိမ်သို့ ဝင်လေ၏။

ထိုဝိသာခါ၏ မိဂါရသူဌေး၏ အိမ်သို့ ရောက်သောအခါ၌ သာဝတ္ထိပြည်၌ နေလေ့ရှိကုန်သော များစွာကုန်သော သူတို့သည် ဓနဥ္စယ သူဌေးကြီးသည် မိမိ၏ မြို့သို့ လိုက်ပါရောက်သွားကုန်သော ငါတို့အား အကြီးတကျယ် မြတ်နိုး နှစ်သက်ဖွယ်သော ပူဇာသက္ကာရကို ပြုဖူးပေသည်ဟု အစွမ်းသတ္တိ ရှိသည် အလျောက် ချီးမြှောက် ပူဇော်လိုသောကြောင့် လက်ဆောင်ပဏ္ဏာကာရကို ပို့ဆောင် စေလွှတ်ကြကုန်၏။ ဝိသာခါသည် စေလွှတ် ပို့လာတိုင်းသော လက်ဆောင် ပဏ္ဏာကာရကို ထိုမြို့၌သာလျှင် အချင်းချင်း ဖြစ်ကုန်သော အမျိုးတို့၌ ရောက်လာတိုင်းသော လက်ဆောင်ပဏ္ဏာကာရတို့ကို လဲလှယ်လျက် ဤပစ္စည်းဥစ္စာကို ငါ၏ မိခင်အား ပေးကမ်းကြပါကုန်လော့၊ ဤပစ္စည်းဥစ္စာကို ငါ၏ ဖခင်အား ပေးကမ်းကြပါကုန်လော့၊ ဤပစ္စည်းဥစ္စာကို ငါ၏ မောင်ကြီး အား ပေးကမ်းကြပါကုန်လော့၊ ဤပစ္စည်းဥစ္စာကို ငါ၏ အစ်မအား ပေးကမ်း ကြပါကုန်လော့ဟု ထိုသူတို့၏ အရွယ်အား လျောက်ပတ်စွာ ချစ်ဖွယ်သော စကားကို ဆို၍ လက်ဆောင်ပဏ္ဏာကာရကို တဖန်တုံ့ ပြန် ပို့စေ၏။ အလုံးစုံသော သာဝတ္ထိပြည်၌ နေလေ့ရှိသော သူအပေါင်းအား ဆွေမျိုးဉာတိကဲ့သို့ ပြုပေ၏။

## အာဇာနည်မြင်းမ သားဖွားခြင်း

ထိုနောက် ဝိသာခါ သူဌေးသမီးအိမ်သို့ ရောက်သော ထိုညဉ့်၌ပင်လျှင် အာဇာနည် မြင်းငယ်ကို ကိုယ်ဝန်ဆောင်သော မြင်းမသည် ကိုယ်ဝန်မှ တမြောက် ဖွားမြင်လေ၏။ ဝိသာခါသည် ကျွန်မတို့နှင့်တကွ မီးရှူးမီးတိုင်တို့ကို ယူစေပြီးသည်ကာလ ထိုမြင်းမရှိရာ မြင်းစောင်းသို့ သွားရောက်၍ မြင်းမကို ရေနွေးဖြင့် ပွတ်သပ်ဆေးကြော သုတ်သင်ပြီးလျှင် ဆီဖြင့် လိမ်းကျံစေ၍ မိမိ၏ နေရာဒေသသို့ သာလျှင် သွား၏။ မိဂါရသူဌေးသည် မိမိ၏ သားအား ထိမ်းမြားလက်ထပ်ခြင်း မင်္ဂလာကို ပြုသည်ရှိသော် မနီးမဝေးသော ဇေတဝန် ကျောင်းတော်၌ သီတင်းသုံးတော်မူသော မြတ်စွာဘုရားကို နှလုံးသွင်းရှေးရှု သတိမမူဘဲ မြင့်ရှည်စွာသော နေ့ညဉ့်ပတ်လုံး အဝတ်မဝတ်သော အစေလက

တက္ကဒ္ဒန်းတို့၌ ရည်ညွှန်းဆောက်တည် ချစ်ကြည်မြတ်နိုးခြင်းဖြင့် နှိုးဆော်ပို့ထောက် အောက်မေ့ ဆင်ခြင်မိသည် ဖြစ်၍ ငါတို့သည် အရှင်ကောင်းတို့အားလည်း ပူဇော်သက္ကာရကို ပြုကုန်အံ့ ဟူ၍ တစ်နေ့သော နေ့၌ တစ်ရာမက များပြားလှကုန်သော အိုးသစ်တို့၌ ရေမရောသော နို့ထမင်းကို ချက်စေ၍ ငါးရာမျှလောက်ကုန်သော အဝတ်မဝတ်သော အစေလက တက္ကဒ္ဒန်းတို့ကို ပင့်ဖိတ်စေပြီးသော် အိမ်တွင်းသို့ သွင်းစေပြီး၍ ငါ၏ ချွေးမသည် ရဟန္တာတို့ကို ရှိခိုးပူဇော်ခြင်းငှါ လာပါစေသတည်းဟု ဝိသာခါအား သတင်းစကား ပြောကြားပေးပို့ရန် စေလွှတ်လိုက်၏။

## တက္ကဒ္ဒန်းတို့က ဝိသာခါအား နှင်ထုတ်ပစ်ရန် ပြောခြင်း

သောတာပန် အရိယာဖြစ်ပြီးသော ဝိသာခါသည် ရဟန္တာ ဟူသော စကားကို ကြား၍ ရွှင်လန်းနှစ်သက်သော စိတ်ရှိသည် ဖြစ်ရကား ထိုသူတို့၏ ဆွမ်းကျွေးရာ အရပ်သို့ လျင်မြန်စွာ လာရောက်၍ ထိုအစေလက တက္ကဒ္ဒန်းတို့ကို ကြည့်ရှုထင်ထင် မြင်တွေ့လျှင် ဤသို့ သဘောရှိကုန်သောရှက်ခြင်း ကြောက်ခြင်း ဟိရိ ဩတ္တပ္ပမှ ကင်းကုန်သော သူတို့သည် ရဟန္တာမည်သည် မဖြစ်ကုန်။ အဘယ်ကြောင့် ငါ၏ ယောက္ခမသည် ငါ့ကို ခေါ်ဘိသနည်း။ စက်ဆုပ်ရွံရှာဖွယ် ရှိလေစွ၊ စက်ဆုပ်ရွံရှာဖွယ် ရှိလေစွဟု ကဲ့ရဲ့ရှုတ်ချ၍ မိမိ၏ နေရာ တိုက်ခန်းသို့ သွားလေ၏။ အလုံးစုံသော အစေလက တက္ကဒ္ဒန်းတို့သည် ထိုဝိသာခါကို မြင်၍ တစ်ပြိုင်နက်တည်းသာလျှင် သူဌေးကြီးကို ကဲ့ရဲ့ရှုတ်ချကုန်ပြီးသည်ကာလ ဒါယကာသူဌေးကြီး အသင်အား တစ်ပါးသော အမျိုးကောင်းသမီးကို မရနိုင်ပါသလော၊ ရဟန်းဂေါတမ၏ တပည့်မ ဖြစ်သော အလွန် ယုတ်မာသော သူယုတ်မကို အဘယ်ကြောင့် ဤအိမ်သို့ ဆောင်ယူသွင်းထားပေသနည်း။ လျင်စွာ ဤအိမ်မှ နှင်ထုတ်စေလော့ဟု ဆိုကုန်၏။ မိဂါရသူဌေးကြီးသည် ဤအရှင်တို့၏ စကားမျှဖြင့်သာလျှင် ကြီးကျယ်ပြန့်ပြော များမြတ်သော စည်းစိမ်ချမ်းသာရှိသော အမျိုးသမီးကို နှင်ထုတ်ခြင်းငှါ မသင့်လျော် မလျောက်ပတ် ဟူ၍ ကြံပြီးသည်ကာလ အရှင်ဘုရားတို့ အသက်အရွယ် နုနယ်ပျိုမျစ်သော သူတို့မည်သည်ကား သိသည်ဖြစ်၍လည်းကောင်း၊ မသိသည် ဖြစ်၍ လည်းကောင်း ပြုသော်လည်း ပြုတတ်ပါသည်။ ပြောဆိုသော်လည်း ပြောဆိုတတ်ပါသည်။ အရှင်တို့သည် တိတ်တဆိတ် သည်းခံခြင်း ဖြစ်တော်မူကုန်လော့ဟု တောင်းပန် လျှောက်ကြား၍ ထိုတက္ကဒ္ဒန်းတို့အား လွှတ်လိုက်ပြီးမှ မြတ်သော သူတို့အား ထိုက်သော နေရာ၌ ထိုင်နေလျက် ရွှေခွက်၌ အနည်းငယ်မျှသာ ရေရှိသော ချိုမြိန်ကောင်းမြတ်သော နို့ထမင်း အဖျော်ကို သုံးဆောင်စားသောက်၍ နေ၏။

## ရဟန်းတော်တစ်ပါး ဆွမ်းခံရန် ကြွလာခြင်း

ထိုအခါ၌ ဆွမ်းခံလှည့်လည်လေ့ရှိသော တစ်ဦးသော မထေရ်သည် ဆွမ်းအလို့ငှါ လှည့်လည်လျက် ထိုမိဂါရသူဌေး၏ အိမ်သို့ ကျရောက်သောကာလ အိမ်သို့ ဝင်၍ ရပ်ခံ၏။ ဝိသာခါသည်လည်း ယောက္ခမဖြစ်သော မိဂါရသူဌေးကို ယပ်ခတ်လျက် ထိုင်နေရာမှ ဆွမ်းရပ်ခံသော ထိုရဟန်းကို မြင်၍ ငါ၏ ယောက္ခမအား ပြောကြားခြင်းငှါ မသင့်လျော်ချေ၊ အကြင်သို့သော အခြင်းအရာဖြင့် ပြုသည် ရှိသော် ထိုသူဌေးကြီးသည် မထေရ်ကို မြင်ရာ၏။ ဤသို့ မထေရ်ကို မြင်လောက်သော အခြင်းအရာဖြင့် ပြုမှသာ သင့်လျော်လျောက်ပတ်ပေလိမ့်မည်ဟု ကြံ၍ အနည်းငယ် ဖဲသွားပြီးသည်ကာလ တစ်ပါးသော အရပ်၌ တည်နေ၏။ ထိုမိဂါရသူဌေးသည်ကား မိုက်မဲတွေဝေသည်၏အဖြစ်ကြောင့် မထေရ်ကို မြင်ပါလျက်လည်း မမြင်ဘိသကဲ့သို့ပြု၍ အောက်သို့သာလျှင် မျက်နှာချမူ၍ စားနေသလေတည်း။ ဝိသာခါသည် မထေရ်ကို မြင်ပါလျက်သော်လည်း ငါ၏ ယောက္ခမသည် ကောင်းမှုကို မပြုလေဟု သိ၍ အရှင်ဘုရား ကန်တော့ပါသေး၏ ဘုရား၊ တပည့်တော်မ၏ ယောက္ခမသည် အဟောင်းကိုသာ စားသောက်ပါသည်ဟု လျှောက်ဆို၏။ ထိုမိဂါရသူဌေးသည် နိဂဏ္ဌတက္ကဒွန်းတို့က ပြောဆိုသောကာလ၌ သည်းခံလျက်နေခဲ့ရာ အဟောင်းကိုသာ စားသောက်ပါသည်ဆိုသော ခဏ၌သာလျှင် လက်ကို ပယ်၍ ဤနို့ထမင်းကို ဆောင်ယူကြကုန်လော့။ ဤသူယုတ်မကို ဤအိမ်မှ နှင်ထုတ်ကြကုန်လော့၊ ဤသူယုတ်မသည် ဤသို့ သဘောရှိသော မင်္ဂလာကို ပြုသောကာလ၌ ငါ့အား မစင်ကို စားသောက်သည်အဖြစ်ကို ပြုလေသည်ဟု ဆို၏။

## သူဌေးကြီးရှစ်ဦးအား တိုင်ကြားပြောဆိုခြင်း

ထိုအခိုက်အခါ အနီးအပါးအိမ်၌ တည်ရှိကုန်သော အလုံးစုံကုန်သော ကျွန်အမှုလုပ်စသည်တို့သည် ဝိသာခါ၏ဥစ္စာဖြစ်ကုန်သော ကျွန်အမှုလုပ်တို့သည်သာလျှင်တည်း။ အဘယ်သူသည် ထိုဝိသာခါကို လက်၌လည်းကောင်း၊ ခြေ၌လည်းကောင်း ကိုင်ဆွဲယူငင်ဝံ့အံ့နည်း။ အယုတ်အားဖြင့် နှုတ်စကားဖြင့်သော်လည်း ဝိသာခါကို ပြောဆိုဝံ့သောသူမည်သည် မရှိ။ ဝိသာခါသည် မိဂါရသူဌေး၏ စကားကို ကြား၍ ဖခင် အကျွန်ုပ်တို့သည် ဤမျှသော စကားကို ပြောဆိုကာမတ္တမျှဖြင့် မထွက် မသွားနိုင်ပါ၊ ကျွန်တော်မသည် အသင်တို့ ရေဆိပ်မှ ခေါ်ငင်ယူဆောင်လာသော အမျိုး ကျွန်မကဲ့သို့ အညတရ သာမည မဟုတ်ပါ၊ အမိအဖတို့ ထင်ရှားရှိသော သမီးဖြစ်ပါသည်။ သို့ဖြစ်၍ ဤမျှလောက်သော ပြောဆိုကာမတ္တမျှဖြင့် မထွက်မသွားနိုင်ပါ၊ ထိုသို့သော အကြောင်းဖြင့် ကျွန်တော်မ၏ ဖခင်သည် ဤအရပ်နေအိမ်သို့ လာသောအခါ၌ ရှစ်ယောက်

ကုန်သော သူဌေးကြီးတို့ကို ခေါ်စေ၍ ငါ၏သမီးအား အပြစ်ဒေါသသည် အကယ်၍ ဖြစ်ခဲ့တုံအံ့၊ အသင်တို့သည် ကြည့်ရှုစီရင် သုတ်သင်ကြပါကုန်လော့ဟု ဆို၍ ကျွန်တော်မကို ထိုသူဌေးကြီးတို့၏ လက်၌ ဆောက်နှင်းအပ်နှံ၍ ထည့်လိုက်ပါသည်။ ထိုရှစ်ယောက်ကုန်သော သူဌေးကြီးတို့ကို ခေါ်ဆောင်စေပြီးသော ကာလ ကျွန်တော်မ၏ အပြစ်ရှိသည်, မရှိသည်ကို သုတ်သင်ရှင်းလင်တော်မူပါကုန်ဦးဟု ဆို၏။

မိဂါရသူဌေးကြီးကလည်း ဝိသာခါသည် ကောင်းမြတ် သင့်လျော်သော အကြောင်းကို ဆိုပလေသည်ဟု အောက်မေ့မိ၍ ရှစ်ယောက်ကုန်သော သူဌေးကြီးတို့ကို ခေါ်ဆောင်ဖိတ်ကြား၍ အိမ်သို့ ရောက်လာပြီးသောကာလ သင့်ဘင့်သော နေရာ၌ ထိုင်နေစေပြီးလျှင် မိဂါရသူဌေးကြီးက အချင်း သူဌေးမင်းတို့ ဤသူငယ်မသည် မင်္ဂလာပြုသောအခါကာလ၌ ထိုင်နေပြီးသော ကာလ ရွှေခွက်၌ ရေမရောသော နို့ အဖျော်ထမင်းကို သုံးဆောင်စားသောက်၍ နေသော ငါ့ကို မစင်ကျင်ကြီးကို သုံးဆောင်စားသောက်သည်ဟူ၍ ဆိုလေဘိသည်။ သို့ဖြစ်၍ ဤသို့သောအပြစ်ကို တင်ပြီးသည်ကာလ ဤသူငယ်မကို ဤအိမ်မှနှင်ထုတ်လိုက်တော့ကုန်အံ့ဟု ပြောဆို၏။ရှစ်ဦးကုန်သော သူဌေးကြီးတို့ကလည်း ချစ်သမီး အသင်သည် ဤသို့ ပြောဆိုသောဟူသည် ဟုတ်မှန်ပေသလောဟု မေး၏။ ဝိသာခါက ဖခင်တို့ ကျွန်တော်မသည် ဤသို့ပြောဆိုရသည် မဟုတ်ပါ၊ဆွမ်းခံလှည့်လည်လေ့ရှိသော တစ်ပါးသော မထေရ်သည် အိမ်တံခါး၌ ဆွမ်းရပ်ခံလာသည်ရှိသော် ကျွန်တော်မ၏ယောက္ခမသည် နည်းသောရေရှိသော ချိုမြိန်ကောင်းမြတ်သော နို့ထမင်းကို သုံးဆောင်စားသောက်၍ နေပါလျက် လှူဒါန်းပေးကမ်းဖို့ရာကို အနည်းငယ်မျှ နှလုံးမသွင်းသည် ဖြစ်သောကြောင့် ဤငါ၏ ယောက္ခမသည်ကား ဤပစ္စုပ္ပန်ဖြစ်သော ခန္ဓာကိုယ် အတ္တဘော၌ ကောင်းမှုကို မပြု၊ ရှေးရှေးသောဘဝက ပြုစု လှူဒါန်းခဲ့သော အဟောင်းဖြစ်သော ကောင်းမှုကိုသာ သုံးဆောင်စားသောက်လေသည်ဟု ကြံ၍ အရှင်ဘုရား ကန်တော့ပါသေး၏၊ သည်းခံတော်မူပါဦး၊ တပည့်တော်မ၏ ယောက္ခမသည် အဟောင်းကိုသာ သုံးဆောင် စားသောက်ပါသည်ဟု ပြောဆိုမိပါသည်။ ဤသို့ ပြောဆိုမိရာ၌ ကျွန်တော်မအား အဘယ်သို့သော အပြစ်အာစာရ ဖြစ်ပါသနည်းဟု ဆို၏။

ရှစ်ဦးကုန်သော သူဌေးကြီးတို့ကလည်း အရှင်သူဌေးမင်း ငါတို့သမီးအား တစိုးတစိအပြစ်မရှိချေတကား၊ ငါတို့၏ သမီးသည် သင့်လျော်လျောက်ပတ် ကောင်းမြတ်သည်ကိုသာ ဆိုချေသည်တကား၊ အဘယ်ကြောင့် အသင်သည် အမျက်ထွက်ဘိသနည်းဟု ဆို၏။ ထိုအခါ မိဂါရသူဌေးက အရှင်သူဌေးမင်းတို့

ဤစကားသည်ကား ထင်ရှားသော အပြစ် မဖြစ်ပါလျှင် ရှိပါစေဦးတော့။ ဤဝိသာခါသည် တနေ့သောအခါ ညဉ့်သန်းခေါင်ဖြစ်သော မဇ္ဈိမယာမ်၌ ကျွန်မိန်းမ ကျွန်ယောကျ်ားတို့ဖြင့် ခြံရံလျက် အိမ်၏ အနောက်သို့ ဆင်းသွားပါသည်၊ ၎င်း ညဉ့်နက်သန်းခေါင် ဆင်းသွားခြင်းသည် ဤဝိသာခါ၏ အပြစ်မဟုတ်ပါလောဟု ဆို၏။ ရှစ်ဦးကုန်သော သူဌေးကြီးတို့က ချစ်သမီး ဝိသာခါ ဤမိဂါရသူဌေးကြီး ပြောဆိုတိုင်းပင် ဟုတ်မှန်ပေသလောဟု မေးမြန်းသောကာလ ဝိသာခါက ဖခင်တို့ ကျွန်တော်မသည် တစ်ပါးသော အကြောင်းကိစ္စဖြင့် ပြုလုပ်ရန် ရှိသောကြောင့် သက်ဆင်းသွားခြင်းကို ပြုရသည်မဟုတ်ပါ။ ဤအိမ်၌ အာဇာနည် မြင်းမသည် သားပေါက်ဖွားရာ၌ အမှတ်သညာမျှကိုသော်လည်း မပြုဘဲ နေခြင်းငှါ မအပ်ဟုနှလုံးသွင်း၍ မီး ရှူးမီးတိုင်တို့ကို ယူစေပြီးသော် ကျွန်မိန်းမတို့နှင့် အတူတကွ သွားရောက်၍ မြင်းမသားဖွားသော အစောင့်အရှောက် သုတ်သင်ပြုစုခြင်း အမှုကို ပြုမိပါသည်ဟု ပြော၏။ ရှစ်ဦးကုန်သော သူဌေးကြီးတို့က အရှင်သူဌေးမင်း ငါတို့၏ သမီးသည် အသင်၏ အိမ်၌ အမှုလုပ် ကျွန်မတို့ပင်သော်လည်း မပြုနိုင်သော အမှုကို ပြုပေသည်တကား၊ အသင် သူဌေးမင်းသည် ဤမျှလောက်ကိုပင် အပြစ်အာစာရဟူ၍ အောက်မေ့မှတ်ထင် ကြည့်ရှုပါသလောဟု ပြောဆိုကြကုန်၏။

## သြဝါဒစကား ဆယ်ခွန်းကို ရှင်းပြချက်

မိဂါရသူဌေးကြီးက အရှင်သူဌေးမင်းတို့ ဤအရာ၌လည်း ဝိသာခါ၏အပြစ်မဟုတ်ပါမူ ရှိပါစေဦးတော့၊ ဤဝိသာခါ၏ အဖ ဓနဉ္စယသူဌေးကြီးသည် ဤအိမ်သို့ လာခါနီးအခါ၌ ဤဝိသာခါကို ဆုံးမလျက် လျှို့ဝှက်ဖုံးကွယ်သောနေရာ၌ ဤဆယ်ပါးသော အဆုံးအမသြဝါဒကို ပေး၏။ ထိုအဆုံးအမ သြဝါဒစကားတို့၏ အနက်ကို ငါသည် မသိ။ ထိုအဆုံးအမ သြဝါဒစကားတို့၏ အနက်ကို ဆိုဦးလော့၊ ဤဝိသာခါ၏ အဖ ဓနဉ္စယ သူဌေးကြီးသည် အတွင်းမီးကို ပြင်ပသို့ မထုတ်အပ်ဟု ဆုံးမ၏။ အသို့နည်း၊ ငါတို့သည် အိမ်နီးချင်း ဖြစ်ကုန်သော သူတို့အား မီးကို မပေးမကမ်းဘဲ နေရမည်လော၊ နေနိုင်ပါအံ့လောဟု ဆို၏။ ရှစ်ဦးကုန်သော သူဌေးကြီးတို့က ချစ်သမီး ဤသို့ ပြောဆိုတိုင်း ဟုတ်မှန်ပေသလောဟု မေးပြန်၏။

ကျွန်တော်မ၏ ဖခင်သည် ဤသို့သော မီးကို ရည်ညွှန်း၍ ပြောဆိုဆုံးမသည် မဟုတ်ပါ၊ ချစ်သမီး ယောက္ခမ ချစ်လင်တို့၏ ကျေးဇူးမဲ့ဖြစ်သော အပြစ်ဒေါသကို မြင်၍ အပဖြစ်သော ထိုထိုသို့သော အိမ်၌ မပြောမဆိုပါလေလင့်။ ဤသို့သောက္ခမ ချစ်လင်တို့၏ ကျေးဇူးမဲ့အပြစ်ကို ပြောဆိုခြင်းနှင့် တူသော ပူလောင်စေတတ်သော မီးသည် လောက၌ မရှိဟု ဆိုလိုပါသည်ဟု ဝိသာခါ

ပြန်ကြား ဖြေဆိုသောကာလ မိဂါရ သူဌေးကြီးက အရှင်သူဌေးမင်းတို့ ထိုစကားသည် ဤသို့ ပြန်ကြားပြောဆိုတိုင်း ရှိပါစေဦးတော့၊ ဤဝိသာခါ၏ အဖ ဓနဥ္စယသူဌေးကြီးက ပြင်မှဖြစ်သော မီးကို အတွင်းသို့ မသွတ်သွင်းရဟု ပြောဆိုမှာထားလိုက်သည်မှာ ငါတို့သည် အိမ်တွင်း၌ မီးမရှိခဲ့သည့် ရှိသော် ပြင်ဖက်အပမှ ဖြစ်သော မီးကို အတွင်းသို့ မဆောင်သွင်းဘဲ နေခြင်းငှါ ငါတို့ မတတ်နိုင်ချေဟု ဆိုပြန်၏။ ရှစ်ဦးသော သူဌေးကြီးတို့က ချစ်သမီး ဤသို့ ပြောဆိုတိုင်း မှန်ပေသလောဟု မေးပြန်၏။

ဝိသာခါက ဖခင်တို့ ကျွန်တော်မ၏ ဖခင်သည် ဤသို့ သဘောရှိသော မီးကို ရည်ညွှန်းပြီးသည်ကာလ မိန့်ဆိုဆုံးမသည် မဟုတ်ပါ၊ အိမ်နီး၌ တည်ရှိကုန်သော ယောကျ်ားတို့သည်လည်းကောင်း၊ မိန်းမတို့သည်လည်းကောင်း ယောက္ခမ ချစ်လင်တို့၏ အကျိုးကျေးဇူးမဲ့ကို ပြောဆိုကုန်သည်ရှိသော် ထိုသူတို့ ပြောဆိုအပ်သောစကားတို့ကို ဆောင်ယူ၍ ဤအမည်ရှိသော သူတို့သည် အသင်တို့၏ ဤအမည်ရှိကုန်သော အပြစ်ကျေးဇူးမဲ့ကို ပြောဆိုအပ်သည်ဟု တစ်ဖန်ပြန်ကြား ပြောဆိုခြင်းကို မပြုလေလင့်၊ ဤသို့ သဘောရှိသော မီးနှင့်တူသော မီးမည်သည်မရှိ၊ ဤသို့သော အကြောင်းကို ရည်ညွှန်းတော်မူ၍ ဆုံးမပါသည်ဟု ပြောပြန်သောအခါ မိဂါရသူဌေးကြီးက အရှင်သူဌေးမင်းတို့ ဤစကား၌ ပြန်ကြားဖြေဆိုတိုင်းပင် ရှိပါစေဦးတော့၊ ဤဝိသာခါ၏ အဘ ဓနဥ္စယ သူဌေးကြီးက ပေးသော သူအားသာလျှင် ပေးအပ်၏၊ မပေးမကမ်းသော သူအား မပေးမကမ်းအပ်၊ ပေးကမ်းသောသူအားလည်းကောင်း၊ မပေးမကမ်း သောသူအားလည်းကောင်း ပေးကမ်းအပ်၏၊ ချမ်းသာစွာ နေထိုင်အပ်၏၊ ချမ်းသာစွာ အိပ်အပ်၏။ မီးကို ရှိသေစွာ လုပ်ကျွေးအပ်၏။ အိမ်တွင်းနတ်ကို ရှိသေညွှတ်လျှိုး ရှိခိုးအပ်၏ဟုမှာထားဆုံးမလိုက်သော စကားသည် အဘယ်ကို ပြောကြားလေသနည်း၊ ၎င်းမှာထားသော စကား၏ အလိုတို့ကို ငါတို့ မသိရလေဟု ပြောပြန်သောကာလ ဝိသာခါကလည်း ၎င်းစကားတို့၏ အပြစ် ဒေါသသည် တစ်စုံတစ်ခုမျှ မရှိပါ။

ပေးကမ်းသော သူကိုသာ ပေးကမ်းအပ်၏ဟု ကျွန်တော်မ ဖခင်သည် ဆုံးမလိုက်သည်မှာ မိမိ၏ ပစ္စည်းဥစ္စာတို့ကို အလိုရှိ၍ တောင်းဆိုသော အခါကာလ၌ ပြန်၍ပေးသောသူအားသာလျှင် ပေးအပ်၏ဟု ဤကို ရည်ညွှန်း၍ ပြောဆိုဆုံးမလိုက်ပါသည်။

မပေးကမ်းသောသူတို့အား မပေးကမ်းအပ်ဟု ပြောဆို ဆုံးမလိုက်သည်မှာ မိမိအလိုရှိ၍ တောင်းဆိုသောကာလ ပြန်၍ ပေးကမ်းခြင်းကို မပြုကုန်သော သူတို့အား မပေးကမ်းအပ်ဟု ပြောဆို ဆုံးမပါသည်။

ပေးကမ်းသော သူအား လည်းကောင်း၊ မပေးကမ်းသော သူအား လည်းကောင်း ပေးကမ်းအပ်၏ဟု ဆိုသည်မှာ ဆင်းရဲငြိုငြင် ပင်ပန်းကုန်သော အဆွေအမျိုး အဆွေခင်ပွန်းတို့သည် ရောက်လာကုန်သည် ရှိသော် ပြန်၍ ပေးခြင်းငှါ စွမ်းနိုင်ကုန်သော်လည်းကောင်း၊ မစွမ်းနိုင်ကုန်သော်လည်းကောင်း အထိုက်အလျောက် ချီးမြှောက် ပေးကမ်းခြင်းငှါ အပ်၏ဟု ဤသို့သော အကြောင်းကို ရည်ညွှန်း၍ ဆိုးမပါသည်။

ချမ်းသာစွာ ထိုင်နေအပ်၏ဟူသောစကားကို ယောက္ခမချစ်လင်တို့ကို မြင်၍ ထအပ်သော နေရာ၌ ထိုင်၍ နေခြင်းငှါ မလျောက်ပတ်သည်ကို ရည်ညွှန်း၍ ဆိုးမပါသည်။

ချမ်းသာစွာ စားအပ်၏ဟူသော ဤစကားကို ယောက္ခမ မိဘ အရှင် လင်တို့၏ ရှေးဦးစွာ စားသောက်ခြင်းကို မပြုမူ၍ ထိုယောက္ခမ မိဘ အရှင် လင်တို့ကို ပြုပြင်ညွတ်လေး ရှေးဦးစွာ လုပ်ကျွေးပြီး၍ ထိုသူတို့အား ပြည့်စုံလုံလောက်စွာ ရအပ်သည်၊ မရအပ်သည်ကို သိပြီး၍ နောက်မှ စားသောက်ခြင်းကို ပြုခြင်းငှါ အပ်သည်ကို ရည်ညွှန်း၍ ပြောဆိုဆုံးမတော်မူပါသည်။

ချမ်းသာစွာ အိပ်အပ်၏ဟူသော ဤစကားကို ယောက္ခမ မိဘ အရှင် လင်တို့၏ ရှေးဦးစွာ အိပ်ရာသို့ တက်၍ မအိပ်မူ၍ ထိုသူတို့အား ပြုခြင်းငှါ သင့်လျော် လျောက်ပတ်သော ဝတ်ကြီး ဝတ်ငယ်ကို ပြုပြီး၍ နောက်မှ မိမိသည် အိပ်ခြင်းငှါ သင့်လျော်သည်ကို ရည်ညွှန်း၍ ပြောဆိုဆုံးမပါသည်။

မီးကို ရှိသေစွာ လုပ်ကျွေးရမည်ဟူသော ဤစကားကို အရှင်လင်၏ ဖခင်ကိုလည်းကောင်း၊ မိခင်ကိုလည်းကောင်း၊ မီးပုံကြီးကဲ့သို့လည်းကောင်း၊ အဆိပ်ထန်သော နဂါးမင်းကဲ့သို့လည်းကောင်း ရိုသေကြောက်ရွံ့ခြင်းကို ပြု၍ ကြည့်ရှုခြင်းငှါ သင့်လျော်သည်ကို ရည်ညွှန်း၍ ပြောဆိုဆုံးမပါသည်။

အိမ်တွင်းနတ်ကို ရှိသေမြတ်နိုး ရှိခိုးရမည်ဟူသော ဤစကားကို အရှင်လင်၏ ဖခင် မိခင်ကိုလည်းကောင်း၊ အရှင်လင်ကိုလည်းကောင်း နတ်ကဲ့သို့ ရှိသေ တုံ့ဝပ်ခြင်းကို ပြု၍ ကြည့်ရှုခြင်းငှါ အပ်သည်ကို ရည်ညွှန်း၍ ပြောဆိုဆုံးမလိုက်ပါသည်ဟု အကျယ်အားဖြင့် ပြန်ကြားဖြေဆိုအပ်သော ဤဆယ်ပါးသော စကားအဓိပ္ပါယ်တို့ကို ကြားသိသောအခါ မိဂါရသူဌေးကြီးသည် တုံ့ပြန် ဖြေဆိုဖို့ရာ တစ်စုံတစ်ခုသော စကားမျှကို ကြည့်ရှု၍ မမြင်သောကြောင့် အောက်သို့ ချအပ်သော မျက်နှာရှိသည် ဖြစ်၍ နေ၏။

ထိုအခါ ရှစ်ဦးကုန်သော သူဌေးကြီးတို့ကို မိဂါရသူဌေးက အရှင်သူဌေးကြီး အသို့နည်း၊ ထိုမှတစ်ပါးလည်းဖြစ်သော ငါတို့သမီး ဝိသာခါ၏အပြစ်ဒေါသသည် ရှိပါသေးသလောဟု မေးကြကုန်၏၊မရှိပါပြီဟု မိဂါရသူဌေးကြီးကဆိုလျှင် ထိုသို့ အပြစ်မရှိဘဲလျက် အကြောင်းမဟုတ်ဘဲ အပြစ်မရှိသော ဤသတို့သမီးကို အဘယ့်ကြောင့် အိမ်မှ နှင်ထုတ်ဘိသနည်းဟုပြောဆိုကုန်၏၊ဤသို့ ပြောဆိုသည် ရှိသော် ဝိသာခါက ဖခင်တို့ ကျွန်တော်မအား ယောက္ခမ၏ နှင်ထုတ်သော စကားဖြင့် သွားခြင်းငှါ မလျောက်ပတ်၊ကျွန်တော်မ၏ ဖခင်သည် ကျွန်တော်မအား ဤအိမ်သို့ လိုက်ပါလာစဉ် ကာလက ကျွန်တော်မ၏ အပြစ် ကြီးငယ်ကို ကြည့်ရှုသုတ်သင်ရန် ဖခင်တို့၏ ထံ၌ အပ်နှံဆောင်နှင်း လိုက်ပေ၏။ အရှင်ဖခင်တို့သည်လည်း ကျွန်တော်မ၏ အပြစ်အာစာရ အနည်းငယ်မျှ မရှိသည်ကို သိအပ်ကုန်ပြီ။ ဤယခုအခါ၌ ကျွန်တော်မသည် သွားခြင်းငှါ သင့်လျော်လျောက်ပတ်ပေပြီဟု ပြော၏။ ကျွန်မိန်းမ ကျွန်ယောကျ်ားတို့ကို ယာဉ်စသည်တို့ကို စီရင်ကြကုန်လော့ဟု စေခိုင်း၏။

## မြတ်စွာဘုရားနှင့်တကွ ရဟန်းသံဃာတော်တို့အား ပြုစုလုပ်ကျွေးခြင်း

ထိုအခါ မိဂါရသူဌေးကြီးသည် ရှစ်ဦးကုန်သော သူဌေးကြီးတို့နှင့် တကွ ပြောဆိုပြီးသည်ကာလ ချစ်သမီး ငါသည် မသိမထင် မမြင်နိုင်သောကြောင့် ပြောဆိုမိပါသည်။ ငါ့အား သည်းခံပါလော့ဟု တောင်းပန် ပြောဆို၏။ ဝိသာခါက ဖခင်တို့ အရှင်တို့ သည်းခံစေအပ်သည်ကို ကျွန်တော်မသည် သည်းခံပါ၏။ သို့သော်လည်း ကျွန်တော်မသည် မြတ်စွာဘုရားသခင်၏ သာသနာတော်၌ မတုန်မလှုပ် သက်ဝင်ကြည်ညို လေးမြတ်သော အမျိုးသမီး ဖြစ်ပါသည်။ ကျွန်တော်မသည် ရဟန်းသံဃာတော်နှင့် ကင်း၍ နေခြင်းငှါ မစွမ်းနိုင်ပါ။ ကျွန်တော်မ၏ အလိုအလျောက် နှစ်သက်သည် အားလျော်စွာ ရဟန်းသံဃာတော်ကို ပြုစုလုပ်ကျွေး ဆည်းကပ်ခြင်းငှါ အကယ်၍ ရပါသည် ဖြစ်ခဲ့တုံအံ့။ ဤအိမ်၌ နေပါဦးတော့အံ့ဟု ပြန်ပြောလျှင် မိဂါရသူဌေးကြီးက ချစ်သမီး အသင်သည် အလိုရှိတိုင်း အသင်၏ ရဟန်းသံဃာတော်တို့ကို ပြုစုလုပ်ကျွေးပါလော့ဟု ခွင့်ပေး၏။ ဝိသာခါသည် မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကို ပင့်ဖိတ်စေ၍ နက်ဖြန်မိုးသောက်ရောက်သောနေ့၌ ကြွတော်မူလာသော မြတ်စွာဘုရားကိုယ်တော်မြတ်ကို သံဃာတော်တို့နှင့်တကွ မိမိအိမ်သို့ ပင့်တင်၏။ အဝတ်မဝတ် အချည်းနှီးသော အစေလကတက္ကဒွန်းတို့သည် မြတ်စွာဘုရား ကိုယ်တော်မြတ်သည် မိဂါရသူဌေး၏ အိမ်သို့ ကြွတော်မူသည်၏ အဖြစ်ကို ကြား၍ သွားရောက်ကြပြီးသည်ကာလ အိမ်၌ ခြံရံလှည့်ပတ်၍ ထိုင်နေကုန်၏။ ဝိသာခါသည် အလှူရေစက်ပေးဆက်လှူဒါန်း၍ အလုံးစုံသော ပူဇာသက္ကာရကို

စီရင်ပြီးသော် ငါ၏ ယောက္ခမသည် ကြွလာ၍ မြတ်စွာဘုရားသခင်ကို ပြုစု လုပ်ကျွေးတော်မူပါလော့ဟု သတင်းစကား ပြောကြားရန် စေလွှတ်လိုက်၏။

ထိုအခါ သွားခြင်းငှါ အလိုရှိသော မိဂါရသူဌေးကြီးကို အာဇီဝကတက္ကဒွန်း တို့က သူဌေးကြီး အသင်သည် ရှင်ကြီးဂေါတမ၏ အထံသို့ မသွားလေလင့်ဟု တားမြစ်ကြကုန်၏။ မိဂါရသူဌေးကြီးကလည်း ငါ၏ ချွေးမသည် မိမိ၏ အလို လိုသော လုပ်ကျွေးလှူဒါန်းပါတော့ဟု စေလွှတ်ပြန်ကြားလိုက်၏။ ဝိသာခါသည် ဘုရားအမှူးရှိသော ရဟန်းသံဃာတော်ကို ပြုစု လုပ်ကျွေးပြီးသော ကာလ ကျွန်တော်မ၏ ယောက္ခမသည် လာရောက်၍ မြတ်စွာဘုရား တရားတော်ကို ကြားနာတော်မူပါလော့ဟု တစ်ဖန် သတင်းစကားကို ဖိတ်ကြားစေလွှတ် ပြန်၏။

## မိဂါရသူဌေးကြီး သောတာပန်တည်ခြင်း

ထိုအခါ မိဂါရသူဌေးကြီးက အာဇီဝကတက္ကဒွန်းတို့ကို အရှင်တို့ ယခုအခါ ၌ကား မသွားဘဲ နေခြင်းငှါ အသွန်လျှင် မသင့်လျော် မသျောက်ပတ်ခြင်း ဖြစ်ပါလိမ့်မည်။ တရားတော်ကို နာခြင်းငှါ အလိုမရှိသော်လည်း သွားရောက် မှပင် သင့်လျော်ပါမည်ဟု ပြော၏။ ယင်းသို့ ပြောဆိုသောကာလ အာဇီဝက တက္ကဒွန်းတို့က ထိုသို့တပြီးကား ဒါယကာသူဌေးကြီး ရဟန်းဂေါတမ၏ အထံ၌ တရားကို နာသည် ရှိသော် တင်းတိမ်အကာ၏ ပြင်ဘက်က နေ၍သာ နာလော့ဟု မှာလိုက်ကုန်၏။ မိဂါရသူဌေးကြီး မသွားမီ ရှေးဦးကပင်လျှင် သွားရောက်ကြ၍ သူဌေးကြီး နေလတ္တံ့သော နေရာ၌ အကာတင်းတိမ်ကို ကာရံ၍ ထားကြကုန်၏။ မိဂါရသူဌေးကြီးသည် သွားရောက်၍ တင်းတိမ် အာရာ၏ အပြင်၌ ထိုင်နေ၏။ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်က အသင်သည် တင်းတိမ်အပ၌ တည်နေသည်မူလည်း ဖြစ်စေ၊ တိုက်နံရံခြားသော အရပ်၌ တည်နေသည်မူလည်း ဖြစ်စေ၊ စကြဝဠာတစ်ပါး၌ တည်နေသည် မူလည်းဖြစ်စေ၊ ငါသည် သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်ပြီးသော ဘုရားစင်စစ် ဖြစ်ပေ၏။ ငါ့တရားကို မကြားဘဲ နေခြင်းငှါ မတတ်ကောင်းချေဟု မိန့်တော်မူ၍ ကြီးစွာသော သပြေပင်၏ ပင်စည်ကို ကိုင်ငင်၍ လှုပ်ဘိသကဲ့သို့လည်းကောင်း၊ အမြိုက်တရားတည်းဟူသော မိုးကို ဖြိုးဖြိုးသွန်းကာ ရွာစေဘိသကဲ့သို့လည်းကောင်း တရားတော်ကို ဟောကြား တော်မူခြင်းငှါ အစဉ်သော စကားကို အားထုတ်တော်မူ၏။

မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်သည် တရားတော်ကို ဟောကြားတော် မူသည် ရှိသော် ရှေ့တည့်တည့်မှ နေကုန်သော်လည်းကောင်း၊ နောက် တည့်တည့်မှ တည်နေကုန်သော်လည်းကောင်း စကြဝဠာ အရာအထောင်ကို

လွှန်မြောက်၍ တည်နေကုန်သော်လည်းကောင်း၊ အကနိဋ္ဌဗြဟ္မာ့ပြည်၌ တည်နေကုန်သော် လည်းကောင်း၊ မြတ်စွာဘုရားသခင်သည် ငါ့ကို ကြည့်ရှုပြီးသည့်ကာလ ငါ့ကိုသာ တရားဟောကြားတော်မူလေသည်တကားဟု ပြောဆိုမြည်တမ်းကြရကုန်၏။ မြတ်စွာဘုရားသခင်သည်ထိုထိုသို့သော သူတို့ကိုကြည့်ရှု၍ ထိုထိုသော သူတို့နှင့် အတူတကွ စကားပြောဆို ဘိသကဲ့သို့ ဖြစ်၏။ မြတ်စွာဘုရားကိုယ်တော်မြတ်တို့သည် လမင်းနှင့် တူကုန်၏၊ လမင်းသည် ကောင်းကင်လယ်၌ တည်လျက် ငါ၏ အထက်၌ လမင်းတည်ရှိလေသည်၊ ငါ၏ အထက်၌ လမင်း တည်ရှိလေသည်ဟူ၍ အလုံးစုံသော သတ္တဝါတို့ ထင်မှတ်ရသကဲ့သို့ ထိုအတူ အမှတ်မထင် အကြင်တစ်စုံတစ်ခုသော အရပ်၌တည်နေကုန်သော သူတို့အား ရှေ့တူရူ၌ တည်နေဘိသကဲ့သို့ မှတ်ထင်ရကုန်၏၊ ဤသို့ မှတ်ထင်ရခြင်းသည် အဘယ်သို့သော ကောင်းမှုကံ၏ အကျိုးအာနိသင် ဖြစ်လေသနည်းဟူမူကား ပါရမီဖြည့်တော်မူစဉ်ကာလက ထိုဘုရားလောင်းတို့အား တန်ဆာဆင်အပ်သော ဦးခေါင်းတော်ကို ဖြတ်ပိုင်း၍ ပေးလှူတော်မူခြင်း၊ မျက်လုံးတော်ကိုထုတ်၍ လှူတော်မူခြင်း၊ နှလုံးသားကိုထုတ်၍ လှူတော်မူခြင်း၊ သူတပါး၏ ခိုင်းစေရန် ကျွန်အလို့ငှါ ဇာလီမင်းသားနှင့် တူကုန်သော သားတော်တို့ကို ပေးလှူတော်မူခြင်း၊ ကဏှာဇိန်နှင့် တူကုန်သော သမီးတော်တို့ကို ပေးလှူတော်မူခြင်း၊ မဒ္ဒီမိဖုရားနှင့်တူကုန်သော ခင်ပွန်းမယားတို့ကို စွန့်လွှတ်ပေးလှူတော်မူ ခြင်းအားဖြင့် ဤသို့သော ကောင်းမှုကံတို့၏ အကျိုးဆက်အာနိသင်ပေတည်း။

## မိဂါရမာတာဟု အမည်တွင်ခြင်း

မိဂါရသူဌေးကြီးသည်လည်း မြတ်စွာဘုရား တရားတော်ကို ကြားနာရ၍ တင်းတိမ်အရံမှအပ အခြားဖြစ်သောနေရာကနေလျက်သာလျှင် နယတစ်ထောင်တို့ဖြင့် တန်ဆာဆင်အပ်သော သောတာပတ္တိဖိုလ်၌ တည်လျက် မတုန်မလှုပ်မြဲမြံခိုင်ခံ့ တည်တံ့သော သဒ္ဓါတရားနှင့် ပြည့်စုံသဖြင့် သုံးပါးကုန်သော သရဏဂုံတို့၌ ယုံမှားခြင်းကင်းသည်ဖြစ်၍သာလျှင် တင်းတိမ်အရံကို ပင့်တင်ပြီးသောကာလ ချွေးမဖြစ်သော ဝိသာခါ၏အထံသို့ သွားရောက်၍ ချွေးမ၏ သားမြတ်ကို ခံတွင်းဖြင့် ယူပြီးသောအခါ သင်သည် ယနေ့မှစ၍ ငါ၏ မိခင်ပေတည်းဟု မိခင်အရာ၌ ထား၏၊ ထိုဝိသာခါသည်လည်း ထိုနေ့မှစ၍ မိဂါရမာတာမည်သည်ဖြစ်လေ၏၊ ထို့ကြောင့် ၎င်းအဋ္ဌကထာ၌—

သာပိ တတော ပဋ္ဌာယ မိဂါရမာတာ နာမ ဇာတာ—

ဟု မိန့်တော်မူ၏။

ဓမ္မပဒဝတ္ထု (၃) ၉—ပ·မ·သ·စ

**အနက်ကား**။ ။သာပိ၊ ထိုဝိသာခါသည်လည်း။ တတော ပဋ္ဌာယ၊ထိုနေ့ သမယ ထိုကာလမှစ၍ သာလျှင်။ မိဂါရမာတာ နာမ၊ မိဂါရမာတာ မည်သည်။ ဝါ၊ မိဂါရသူဌေး၏အမိမည်သည်။ ဇာတာ၊ ဖြစ်လေ၏။ ဤကား အနက်။

နောက်၌ ဂိသာခါသည် သားကို ဖွားမြင်ရရှိသော်လည်း မိဂါရဟူသော အမည်ကို ပြုလေ၏။ ထို့ကြောင့် ရင်းအဋ္ဌကထာ၌ပင်—

"ပစ္ဆာဘာဂေ ပုတ္တံ လဘိတွာပိ **မိဂါရော**တိဿ **နာမမကာသိ**"

ဟု မိန့်၏။

**အနက်ကား**။ ။သာ၊ ထိုဝိသာခါသည်။ ပစ္ဆာဘာဂေ၊ နောက်အဖို့၌။ ပုတ္တံ၊ သားကို။ လဘိတွာပိ၊ ရ၍လည်း။ အဿ၊ ထိုသားအား။ မိဂါရောတိ နာမံ၊ မိဂါရဟူသောအမည်ကို၊ အကာသိ၊ ပြုလေ၏ ။ ဤကား အနက်။

မိဂါရသူဌေးကြီးသည် ချွေးမ၏သားမြတ်ကို လွှတ်ပြီးသော် မြတ်စွာဘုရား သခင်၏အထံသို့သွား၍ မြတ်စွာဘုရားသခင်၏ ခြေတော်ရင်းတို့၌ ဝပ်စင်းဦးချ လျက် ခြေတော်တို့ကို လက်တို့ဖြင့် ပွတ်သပ်လျက် ခံတွင်းဖြင့် နမ်းစုတ်ပြီးလျှင် ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား တပည့်တော်သည် မိဂါရ ပါတည်းဟု သုံးကြိမ်တိုင်တိုင် အမည်ကိုလျှောက်ကြား၍ ဘုန်းတော်ကြီးတော် မူသောမြတ်စွာဘုရား တပည့်တော်သည် ဤမျှအတိုင်းအရှည်ရှိသော ကာလ ပတ်လုံး ဤမှာအနာသုံးရပ်၌ ဆည်းကပ် လှူဒါန်းအပ်သော ကောင်းမှုကံ၊ အကျိုးအာနိသင်ကြီး ကျယ်သည်ကို မသိပါ၊ ယခုအခါ၌ တပည့်တော်၏ချွေးမကို အမှီပြု၍ သိအပ်ပါပြီ၊ အလုံးစုံသော အပါယ်ဆင်းရဲမှ လွတ်မြောက်ရပေပြီ၊ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား တပည့်တော်၏ အကျိုးစီးပွါး များပြားအံ့သောအလို့ငှါ တပည့်တော်၏ချွေးမသည် ဤအိမ်သို့ လာရောက်ရပါ သည်ဟု လျှောက်ကြား၍---

သောဟံ အဇ္ဇ ပဇာနာမိ၊ ယတ္ထ ဒိန္နံ မဟပ္ဖလံ။
အတ္ထာယ ဝတ မေ ဘဒ္ဒါ၊ သုဏိသာ ဃရမာဂတာ—

ဟူသောဂါထာကို ရွတ်ဆို၏။

**အနက်ကား**။ ။ဘန္တေ၊ ရွှေဘုန်းတော်သခင် ရှင်ပင်ဘုရား။ သောဟံ၊ မိဂါရဟု နာမတွင်ခေါ် ထိုတပည့်တော်သည်။ ယတ္ထ၊ အကြင်အလှူခံပုဂ္ဂိုလ်၌။ ဒိန္နံ၊ စွန့်ကြဲပေးကမ်း လှူဒါန်းအပ်သော အလှူဒါနသည်။ မဟပ္ဖလံ၊ ကြီးကျယ်

ပြန့်ပြော များမြတ်သော အကျိုးအာနိသံ ရှိသည်ကို။ အဇ္ဇ၊ ယခု၊ ပဇာနာမိ၊ မကြွင်းမကျန် အမှန်ထင်ထင်ရှားရှား သိရပေ၏။ ဝတ၊ စင်စစ်၊ မေ မမ၊ တပည့်တော်၏။ အညာယ၊ အကျိုးစီးပွားအလို့ငှါ။ ဘဒ္ဒါ၊ ငါးပါးသော ကောင်းခြင်းရှိသော။ သုဏိသာ၊ ချွေးမ ဝိသာခါသည်။ ဃရံ၊ တပည့်တော်၏ အိမ်သို့။ အာဂတာ၊ လာရောက်ပါပေ၏။ ဤကား အနက်။

ဝိသာခါသည် တဖန်မိုးသောက် ရောက်သောနေ့၌လည်း ဆွမ်းကို အလှူခံရန် အလို့ငှါ မြတ်စွာဘုရားသခင်ကို ပင့်ဖိတ်၏။ ထိုနောက်တဖန် မိုးသောက် ရောက်သော နေ့၌လည်း ထိုဝိသာခါ၏ ယောက္ခမဖြစ်သော သူဌေးကတော်သည် သော ာပတ္တိဖိုလ်သို့ ရောက်လေ၏။ ထိုအခါကာလမှ စ၍ မိဂါရသူဌေးကြီး၏ အိမ်သည် သာသနာတော်အား ဟင်းလင်း ဖွင့်ထားအပ်သော တံခါးနှင့်တူသည် ဖြစ်လေ၏။

## ချွေးမ ဝိသာခါအား အထူးဝိသေသပြု၍ ချီးမြှင့်ခြင်း

ထိုနောက်မှ မိဂါရသူဌေးကြီးသည် ကြံစည်ဆင်ခြင်သည်မှာ ငါ၏ ချွေးမသည် ငါ့အား အလွန်လျှင် ကျေးဇူးများလှပေသည်။ ထိုချွေးမအား ကြည်ညိုသော အခြင်းအရာကို ပြုအံ့ဟု ကြံ၍ ငါ၏ ချွေးမအား ယခုရှိသော မဟာလ္လတာ တန်ဆာသည် ဝန်လေးသော သဘောရှိသည်။ အမြဲ ကာလပတ်လုံး ဝတ်ဆင် ခြင်းငှါ မစွမ်းနိုင်လတ္တံ့၊ နေ့၌သော်လည်းကောင်း၊ ညဉ့်၌သော်လည်းကောင်း အလုံးစုံကုန်သော သွားလာခြင်းကိစ္စတို့၌ ဝတ်ဆင်ခြင်းငှါ ခန့်သော တန်ဆာ တစ်ခုကို ပြုစု၍ ပေးအံ့ဟု ကြံပြီးလျှင် အဖိုးတစ်သိန်းထိုက်သော "ဃနမဋ္ဌက" မည်သော တန်ဆာကို ပြုစေ၍ ထိုတန်ဆာပြီးသည်ရှိသော် ဘုရားအမှူးရှိသော ရဟန်းသံဃာတော်တို့ကို ပင့်ဖိတ်၍ ရိုသေကောင်းမွန်စွာ ဆွမ်းကျွေးပြီးသော် ဝိသာခါကို တစ်ဆယ့်ခြောက်လုံး ကုန်သော နံ့သာရေတို့ဖြင့် ရေချိုးစေ၍ မြတ်စွာဘုရား ရှေ့တူရူ၌ထား၍ တန်ဆာကို ဝတ်ဆင်စေပြီးလျှင် မြတ်စွာဘုရား သခင်ကို ရှိခိုးစေ၏။ မြတ်စွာဘုရားသခင်သည် အနုမောဒနာကို ပြုတော်မူ၍ ကျောင်းတော်သို့သာလျှင် ကြွတော်မူ၏။ ဝိသာခါသည်လည်း ထိုအခါမှ စ၍ ဒါနစသော ကောင်းမှုတို့ကို ပြုလျက် မြတ်စွာဘုရားကိုယ်တော်မြတ်၏ အထံ၌ ရှစ်ပါးသောဆုကိုရ၍ ကောင်းကင်အပြင်၌ လရေးကောက်ကဲ့သို့ အလွန် ထင်ရှား လျက် သားသမီးတို့ဖြင့် ကြီးပွားခြင်းသို့ ရောက်လေ၏။ ဝိသာခါအား တစ်ကျိပ် ကုန်သော သားတို့သည်လည်းကောင်း၊ တစ်ကျိပ်ကုန်သော သမီးတို့သည် လည်းကောင်း ဖြစ်ကုန်၏။

## သားသမီး နှစ်ကျိပ်၊ မြေးလေးရာ၊ မြစ်ရှစ်ထောင်

ထိုသားသမီးတို့တွင် တစ်ယောက် တစ်ယောက်အား တစ်ကျိပ်ကုန်သော သားတို့သည်လည်းကောင်း၊ တစ်ကျိပ်ကုန်သော သမီးတို့သည်လည်းကောင်း ဖြစ်ကုန်၏။ ထိုမြေးတို့တွင်လည်း တစ်ယောက် တစ်ယောက်အား တစ်ကျိပ်ကုန်သော သားတို့သည်လည်းကောင်း၊ တစ်ကျိပ်ကုန်သော သမီးတို့သည် လည်းကောင်း ဖြစ်ကြကုန်၏။ ဤသို့လျှင် ဝိသာခါအား သား, မြေး, မြစ် အစဉ်၏ အစွမ်းဖြင့် ရှစ်ထောင့်လေးရာ့ နှစ်ဆယ်တို့သည် ဖြစ်ကုန်၏။ ထို့ကြောင့် ရှေး သင်္ဂါယနာတင် ဆရာတော်ကြီးတို့သည်—

ဝိသာခါ ဝီသတိ ပုတ္တာ၊ နတ္တာ စ စတုရောသတာ။
ပနတ္တာ အဋ္ဌသဟဿာနိ၊ ဇမ္ဗုဒီပေ သုပါကဋာ—

ဟူသောဂါထာကို မိန့်ဆိုတော်မူခဲ့ကြပေကုန်၏။

**အနက်ကား**။ ။ဝိသာခါ၊ ဝိသာခါသည်။ ဝီသတိပုတ္တာ၊ နှစ်ကျိပ်သော သားသမီးရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ နတ္တာ စ စတုရောသတာ၊ မြေး လေးရာရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ပနတ္တာအဋ္ဌသဟဿာနိ၊ မြစ်ရှစ်ထောင် ရှိကုန်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣတိ၊ ဤသို့။ ဇမ္ဗုဒီပေ၊ ဇမ္ဗူဒိပ် ကျွန်း၌၊ သုပါကဋာ၊ ထင်ရှားပေ၏။ ဤကားအနက်။

မိမိသည် အသက် တစ်ရာ့နှစ်ဆယ် ရှည်၏၊ ဦးခေါင်း၌ တစ်ခုသော ဆံပင့်မျှသော်လည်း ဖြူခြင်းမည်သည် မဖြစ်၊ အမြဲသာလျှင် တစ်ဆယ့်ခြောက်နှစ် အရွယ်ကဲ့သို့ တည်၏။ ထိုဝိသာခါသည် သား, သမီး, မြေးခြံရံလျက် ကျောင်းသို့ သွားသည်ကို မြင်ကုန်သည်ရှိသော် ဤသူတို့တွင် အဘယ်သူသည် ဝိသာခါပါလိမ့် မည်နည်းဟု မေးရကုန်၏ အကြင်သူတို့သည် ဝိသာခါသည် သွားသောအခါ၌ မြင်ရကုန်၏။ ဤယခုအခါ၌ အနည်းငယ် သွားပါစေဦး၊ သွားလျက်သာလျှင် ငါတို့၏ အရှင်မသည် ကြည့်ရှုဖွယ် တင့်တယ်လှပေသည်ဟု ကြံကြကုန်၏။ အကြင်သူတို့သည် ရပ်နေသောအခါ ထိုင်နေသောအခါ အိပ်နေသော အခါတို့၌ မြင်ရကုန်၏။ဤယခု အခါ၌ အနည်းငယ်ရပ်ပါစေဦး အနည်းငယ်ထိုင်နေပါစေဦး အနည်းငယ် အိပ်ပါစေဦး ရပ်နေသောအခါ ထိုင်နေသောအခါ အိပ်နေသော အခါတို့၌ ငါတို့၏ အရှင်မသည် ကြည့်ရှုဖွယ် သာ၍ပင် တင့်တယ်ပါပေသည်ဟု ကြံကြကုန်၏။ ဤသို့သော အခြင်းအရာဖြင့် လေးဖြာသော ဣရိယာပထတို့တွင် ဤအမည်ရှိသော ဣရိယာပုထ်၌မူကား မတင့်တယ်ချေတကားဟု ဆိုဖွယ်မရှိ။

## ဝိသာခါအား ဆင်ပြောင်ကြီးနှင့် တိုက်စေလျက် အားစမ်းခြင်း

ထိုဝိသာခါသည် ဆင်ပြောင် ငါးစီးအားကိုလည်း ဆောင်စွမ်းနိုင်၏။ ပသေနဒီ ကောသလမင်းကြီးသည် ဝိသာခါသည် ဆင်ပြောင်ငါးစီး၏ အားအစွမ်းကို ဆောင်နိုင်သည်ဟု ကြား၍ ထိုဝိသာခါသည် ကျောင်းသို့သွား၍ တရားတော်ကို ကြားနာ၍ ပြန်လာသောအခါ အားအစွမ်းကို စူးစမ်းလိုသော ကြောင့် ဆင်ကို လွှတ်စေ၏။ ထိုဆင်သည် နှာမောင်းကိုပင့်၍ ဝိသာခါသို့ ရှေးရှု ပြေးလာ၏။ ဝိသာခါ၏ အခြံအရံဖြစ်ကုန်သော ငါးရာမျှလောက်ကုန်သော မိန်းမတို့သည် ထွက်ပြေးကြကုန်၏။ အချို့ကုန်သော ရှေမှ ပြန်ပြေးလာကုန်သော မိန်းမတို့ကို ဖမ်းဆီး၍ ဤအမှုသည် အဘယ်အမှုနည်းဟု ဆိုသည် ရှိသော် အရှင်မ မင်းကြီးသည် အရှင်မ အားအစွမ်းကို စူးစမ်းလိုသောကြောင့် ဆင်ကို လွှတ်စေဘိသည်ဟု ပြောဆိုကုန်၏။ ဝိသာခါသည် ဤဆင်ကို မြင်၍ အဘယ်သို့ ပြေးသွားအံ့နည်း။ ဤဆင်ကို ငါသည် အဘယ်သို့ ဖမ်းရအံ့နည်း။ အကယ်၍ ငါသည် မြဲမြံစွာ ဖမ်းကိုင်ခဲ့အံ့၊ ဤဆင်သည် ပျက်စီးခြင်းသို့ ရောက်ပေရာ၏ဟု ကြံ၍ နှင်ချောင်းသော လက်တို့ဖြင့် နှာမောင်းကို ကိုင်၍ နောက်သို့ ညွှတ်အောင် တွန်းလိုက်၏၊ ဆင်သည် မိမိ၏ ကိုယ်ကို တည်တံ့စွာ ရပ်နေခြင်းငှါ မစွမ်းနိုင်သည် ဖြစ်၍ မင်းရင်ပြင်၌ ဆောင့်ကြောင့်ဖြစ်၍ လဲလေ၏။ များစွာကုန်သော လူအပေါင်းတို့သည် ကောင်းချီးပေးကြကုန်၏။ ဝိသာခါသည် အခြံအရံတို့နှင့်တကွ ချမ်းသာစွာ အိမ်သို့ သွားလေ၏။ ထိုအခါ သာဝတ္ထိပြည်၌ ဝိသာခါမည်သော မိဂါရမာတာသည် များစွာသော သားရှိ၏။ များစွာသော မြေးရှိ၏။ အနာရောဂါမှ ကင်းရှင်းသော သားသမီးတို့ ရှိကုန်၏။ အနာရောဂါ ကင်းကုန်သော မြေးတို့ရှိကုန်၏။ အလွန်မင်္ဂလာရှိသည် ဟု သမုတ်အပ်ကုန်၏။

ထိုမျှလောက်ကုန်သော သားသမီးအထောင်တို့တွင် တစ်စုံတစ်ယောက်သော သူမျှလည်း အကြား၌ သေလွန်သော သူမည်သည် မရှိ။ သာဝတ္ထိ ပြည်သူ ပြည်သား များစွာကုန်သော သူတို့သည် မင်္ဂလာတို့၌လည်းကောင်း၊ သဘင်တို့၌ လည်းကောင်း ဝိသာခါကို ရှေးဦးစွာ ဖိတ်မံ၍ ကျွေးမွေးကုန်၏။ ထိုနောက် တစ်နေ့သော သဘင်နေ့၌ များစွာသော လူအပေါင်းတို့သည် အဝတ်တန်ဆာ တို့ကို ကောင်းစွာ ဝတ်ဆင်လျက် တရားတော်ကို ကြားနာအံ့သောငှါ ကျောင်းသို့ သွားကုန်သည်ရှိသော် ဝိသာခါသည်လည်း ဖိတ်ကြားရာအရပ်၌ စားသောက်ပြီး၍ မဟာလ္လတာ တန်ဆာကို ဝတ်ဆင်လျက် များစွာသော လူအပေါင်းတို့နှင့်တကွ ကျောင်းသို့သွားသည်ရှိသော် တန်ဆာကို ဖြေချွတ်၍ ထုပ်ပိုးပြီးကာလ ကျွန်မအား ဤဘဏ္ဍာထုပ်ကို ယူခဲ့လော့ဟု ပေး၏။

## ဝိသာခါကဲ့သို့ အားကောင်းသော ကျွန်မ

ဝိသာခါသည် ကျောင်းသို့သွားသည်ရှိသော် ဤသို့ သဘောရှိသော အဖိုးများစွာထိုက်သော ဦးခေါင်း၌စုပ်၍ ခြေဖနောင့်တိုင် ရောက်သော တန်ဆာကို ဆင်ယင်ဝတ်စားပြီးသည်ကာလ ကျောင်းတော်သို့ ဝင်ခြင်းငှါ မသင့်မလျော်ဟု ထိုတန်ဆာကို ဖြေချွတ်ပြီးသည်ကာလ အထုပ်ကိုပြု၍ မိမိ၏ ကောင်းမှုကြောင့်သာလျှင် ဖြစ်ပေါ်လာသော ဆင်ပြောင်ငါးစီးအားကို ဆောင်စွမ်းနိုင်သော ကျွန်မ၏လက်၌ ပေးအပ်၏။ ထိုကျွန်မသည်သာလျှင် ဆောင်ယူခြင်းငှါ စွမ်းနိုင်၏။ ထိုကြောင့် မိခင် ဤမဟာလတ္တာ တန်ဆာကို သိမ်းယူသိုထားပါလော့။ မြတ်စွာဘုရား ကိုယ်တော်မြတ်၏ အထံမှ ပြန်လည်လာသောကာလမှ ဝတ်ဆင်တော့အံ့ဟု ဆို၍ ထိုမဟာလတ္တာ တန်ဆာကို ကျွန်မအား ပေးအပ်ပြီးလျှင် ဃနမဋ္ဌက တန်ဆာကို ဝတ်ဆင်၍ မြတ်စွာဘုရား ကိုယ်တော်မြတ်၏ အထံတော်သို့ ချဉ်းကပ်၍ တရားတော်ကို နာလေသတည်း။ တရားနာပြီးသည်၏ အဆုံး၌ မြတ်စွာဘုရား ကိုယ်တော်မြတ်ကို ရှိခိုးဖူးမြော်ပြီးသည်ကာလ နေရာမှထ၍ ဖယ်သွားလေ၏။ မဟာလတ္တာ တန်ဆာထုပ်ကို သိမ်းဆည်းသော ထိုကျွန်မသည်လည်း သတိလွတ်ကင်းသဖြင့် မေ့လျော့ခဲ့၏။ တရားတော်ကို ကြားနာ၍ ဖယ်သွားသော ပရိသတ်သည် တစ်စုံတစ်ခုသော ပစ္စည်းဝတ္ထုသည် အကယ်၍ မေ့လျော့၍ ကျန်ရစ်ခဲ့အံ့၊ ထို ပစ္စည်း ဝတ္ထုကို ရှင်အာနန္ဒာမထေရ်သည် သိမ်းဆည်း သိုမှီး၍ ထားပေ၏။ ထိုနေ့၌လည်း အရှင်အာနန္ဒာ မထေရ်သည် မဟာလတ္တာ တန်ဆာကို မြင်၍ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဝိသာခါသည် မဟာလတ္တာ တန်ဆာကို မေ့လျော့၍ သွားကြကုန်ပြီဟု မြတ်စွာဘုရားသခင်ကို လျှောက်ထား၏။ မြတ်စွာဘုရား ကိုယ်တော်မြတ်က ချစ်သားအာနန္ဒာ သင့်တင့်လျောက်ပတ် တစ်ခုသောအရပ်၌ ထားလေတော့ဟု မိန့်တော်မူသဖြင့် အရှင်အာနန္ဒာမထေရ်သည် ထိုတန်ဆာကို ပင့်ချီယူမ၍ စောင်းတန်း နံပါး၌ တွဲလည်းဆွဲ၍ ထား၏။ ဝိသာခါသည် သုပ္ပိယာ ဒါယိကာမနှင့်တကွ အာဂန္တု ဧည့်သည်ရဟန်း သူနာရဟန်းစသည်တို့အား ပြုသင့်ပြုထိုက်သော ပေးကမ်းလှူဒါန်းဖွယ်ကို သိရအံ့ဟု ကျောင်းတွင်း၌ လှည့်လည်ခဲ့လေ၏။

**ထိုစကားမှန်၏။** ထိုသုပ္ပိယာဥပါသိကာမနှင့် ဝိသာခါဒါယိကာမ တို့သည် ကျောင်းသို့ လာရောက်တိုင်း လာရောက်တိုင်းသော အခါတို့၌ ထောပတ်ပျားရည်စသည် လက်စွဲကုန်လျက် ကျောင်း၏ အတွင်း၌ အာဂန္တုရဟန်း သူနာရဟန်းတို့ကို လှည့်လည် မေးမြန်းသည်ရှိသော် ထိုသူတို့၏ သဒ္ဓါတရား တိုးပွါးထက်သန်သည်၏ အဖြစ်ကိုသိ၍ ရဟန်းငယ်တို့သည်လည်းကောင်း

သာမဏေတို့သည်လည်းကောင်း ခွက်စသည်တို့ကို လက်စွဲလျက် ချဉ်းကပ်ခံယူခြင်းကို ပြုလေ့ရှိကြကုန်၏။ ဤနေ့၌လည်း ထိုနည်းအတူ သာလျှင် ပြုကြကုန်၏။

သုပ္ပိယာ ဥပါသိကာမသည် တစ်နေ့သောနေ့၌ သူနာရဟန်းကို တွေ့မြင်၍ အရှင်ဘုရား အရှင်မြတ်အား အဘယ်ဝတ္ထုဖြင့် အလိုတော်ရှိပါသနည်းဟု မေးလျှောက်၏။ သူနာရဟန်းကလည်း ဒါယိကာမကြီး သားစိမ်းရည်ဖြင့် အလိုရှိပါသည်ဟု မိန့်တော်မူသည်ရှိသော် ရှိပါစေတော့။ အရှင်မြတ်အား တပည့်တော်မသည် စေလွှတ်၍ ပို့လိုက်ပါအံ့ဟု လျှောက်ပြီးလျှင် နက်ဖြန်ရောက်သောနေ့၌ အိမ်စျေးစသည်တို့၌ အပ်သော ကပ္ပိယ သားစိမ်းကို ရှာကြံ၍မရသည်ရှိသော် မိမိ၏ ပေါင်သားဖြင့် ပြုဖွယ်ကိစ္စကို မချွတ်မယွင်းရအောင်ပြု၍ နောင်မြတ်စွာဘုရား၌ ကြည်ညိုသော စိတ်ကြောင့် ပကတိအတိုင်း ကျန်းမာစွာဖြစ်၏။ ဝိသာခါသည်လည်း သူနာရဟန်းတို့ကို လည်းကောင်း၊ ရဟန်းငယ် သာမဏေငယ်တို့ကိုလည်းကောင်း၊ ကြည့်ရှုပေးကမ်း လှူဒါန်းချီးမြှင့်ပြီးသော် တပါးသော တံခါးဖြင့်ထွက်ခဲ့၍ ကျောင်း၏ ဥပစာ၌ တည်ပြီးသည်ကာလ မိခင် တန်ဆာကို ယူခဲ့လော့ ဝတ်ဆင်အံ့ဟု ဆို၏။ ထိုခဏ၌ ကျွန်မသည် မေ့လျော့၍ လာမိခဲ့သည်၏ အဖြစ်ကို သိ၍ အရှင်မ မေ့လျော့၍ ကျန်နေခဲ့ပြီဟု ပြော၏။ ထိုသို့ဘပြီးကားသွား၍ ဆောင်ယူပြီးသည်ကာလ လာခဲ့လော့။ ငါ၏ တန်ဆာကို အရှင်အာနန္ဒာမထေရ်သည် ပင့်ချီယူမ၍ တစ်ပါးသော အရပ်၌ အကယ်၍ ထားသည်ဖြစ်အံ့။ မဆောင်ယူခဲ့လေလင့် အရှင်မြတ်အား သာလျှင် ငါသည် ပစ္စည်းကို စွန့်လွှတ်အပ်၏ဟု ဆို၏။

ဤသို့သောစကားကို မှာထားလိုက်ခြင်းသည်ကား ထို ဝိသာခါသည် မေ့လျော့ကြောင်းကျန်၍ ရှိကုန်သော ပစ္စည်း ဘဏ္ဍာ ဥစ္စာကို အရှင်အာနန္ဒာသည် သိမ်းဆည်းသိုမှီး၍ ထားသတည်းဟု သိပေသတတ်။ ထို့ကြောင့် မှာထားလိုက်၏။ အရှင်အာနန္ဒာမထေရ်သည်လည်း ထိုကျွန်မကိုမြင်၏ အဘယ်အကျိုးငှါ လာသနည်းဟု မေးတော်မူလျှင် အရှင်မ၏ တန်ဆာကို တပည့်တော်မ မေ့လျော့၍ သွားမိသောကြောင့် ပြန်လာပါသည်ဟု လျှောက်သည် ရှိသော် ငါသည် ထိုစောင်းတန်း နံပါး၌ ထားအပ်၏။ သွားတဲ့ချေ ထိုဘဏ္ဍာကို ယူချေလော့ဟု ဆို၏။ ကျွန်မက အရှင်ဘုရား အရှင်မြတ်တို့၏ လက်ဖြင့် သုံးသပ်အပ်သော ဘဏ္ဍာကို ငါ၏ အရှင်အား စွန့်လှူပြီး ဖြစ်သည်။ မဆောင်ယူခဲ့လေလင့်ဟု မှာကြားလိုက်သည်။ လျှောက်ကြား၍ အချည်းနှီးသော လက်ဖြင့် သာလျှင် သွားရောက်သည်ကာလ ဝိသာခါက မိခင် အသို့နည်းဟု မေးသည်ရှိသော် ထိုအလုံးစုံသော အကြောင်းကို ကြားသိရပေ၏။ ဝိသာခါက မိခင်

ကျွန်တော်မသည် ငါ၏ အရှင်ဖြစ်သော အာနန္ဒာမထေရ်သည် သုံးသပ်အုပ်သော ဘဏ္ဍာကို မဝတ်မဆင်တော့အံ့ အရှင်အားသာလျှင် စွန့်အပ်ပေပြီ။ ယင်းသို့ စွန့်လွှတ်ပေးလှူအပ်သော်လည်း ဤဘဏ္ဍာကို အရှင်တို့သည့် စောင့်ရှောက် ထိန်းသိမ်း လုံခြုံစေခြင်းငှါ ခဲယဉ်းငြိုငြင် ပေလတ္တံ့။ ၎င်းဘဏ္ဍာကို စွန့်လွှတ်ရောင်းချပြီးသော ကာလ အပ်သောကပ္ပိယ ဘဏ္ဍာကို ဆောင်လှူအံ့ သွား တဲ့ ချေ။ ထိုဘဏ္ဍာကို ဆောင်ယူခဲ့လော့ဟု စေလွှတ်ပြန်၏။ ကျွန်မသည် သွားရောက်၍ ဆောင်ယူခဲ့၏။ ဝိသာခါသည် ပန်းထိမ်သည်တို့ကို ခေါ်ပြီးသော် ထိုတန်ဆာကို အဖိုး ဖြတ်စေ၏။ ထိုပန်းထိမ်သည်တို့က အဖိုးအားဖြင့် ကိုးကုဋေ ထိုက်တန်၏။ လက်ခအားဖြင့် ဝစ်သိန်းထိုက်၏ ဟု ဆိုသည်ရှိသော် တန်ဆာကို ယာဉ်၌ တင်ထားပြီးသည့်ကာလ စွမ်းနိုင်သော သူတို့သည် ဝယ်ယူကြကုန်လော့ဟု လှည့်လည်၍ ရောင်းချစေ၏။

## မဟာလတာတန်ဆာ ဝတ်ဆင်နိုင်သော မိန်းမသုံးဦး

ထိုမျှလောက်သော အဖိုးဥစ္စာကို ပေး၍ ဝယ်ယူနိုင်သောသူ တစ်စုံတစ်ယောက်မျှ မရှိ။ ထိုမဟာလတာ တန်ဆာကို ဝတ်ဆင်ခြင်းငှါ သင့်လျော်လျောက်ပတ်ကုန်သော မိန်းမတို့မည်သည် ရခဲကုန်၏။ ထိုစကား မှန်၏။ ဇမ္ဗူဒိပ်မြေဝန်းအပြင်၌ သုံးဦးကုန်သော မိန်းမတို့သည်သာ မဟာလတာ တန်ဆာကို ဝတ်ဆင်ရကုန်၏။ သုံးဦးသော မိန်းမတို့ဟူသည်ကား—

၁။ ဝိသာခါ ဒါယိကာမကြီး၊

၂။ ဗန္ဓုလအမည်ရှိသော မလ္လာမင်းသား စစ်သူကြီး၏ မယား ခင်ပွန်းဖြစ်သော မလ္လိကာ၊

၃။ ဗာရာဏသီသူဌေးကြီး၏ သမီး။

ဤ သုံးဦးတို့ပေတည်း။

ထိုသို့ တစ်စုံတစ်ယောက်မျှ ဝယ်ယူဝတ်ဆင်နိုင်သောသူ မရှိသောကြောင့် ဝိသာခါသည် ကိုယ်တိုင်သာလျှင် ထိုတန်ဆာ၏ အဖိုးကိုပေး၍ ဝယ်ယူပြီးလျှင် ဝစ်သိန်းအလွန်ရှိသော ကိုးကုဋေသော အသပြာတို့ကို လှည်းထက်သို့ တင်၍ ကျောင်းသို့ ဆောင်ပြီးသော် မြတ်စွာဘုရားသခင်ကို ကြည်လင်ညွတ်လျိုး ရှိခိုးပူဇော်ပြီး၍ ဘုန်းတော် အလွန်ကြီးတော်မူသော မြတ်စွာဘုရား အရှင်အာနန္ဒာမထေရ်သည်တပည့်တော်မ၏မဟာလတာတန်ဆာကိုလက်တော်ဖြင့်သုံးသပ်အပ်၏။ ထိုမထေရ် သုံးသပ်သောကာလမှစ၍ ထိုတန်ဆာကို တပည့်တော်မ ဝတ်ဆင်ခြင်းငှါ မတတ်နိုင်ပါ။ ထိုတန်ဆာကို စွန့်လွှတ်ရောင်းချ၍ အပ်သောကပ္ပိယဘဏ္ဍာကို

ဆောင်အံ့ဟု ရောင်းချစေပါသော်လည်း တစ်စုံတစ်ယောက်မျှသော သူသည် ဝယ်ယူခြင်းငှါ မစွမ်းနိုင်သောကြောင့် တပည့်တော်မ သည်ပင်လျှင် ထိုတန်ဆာ၏ အဖိုးကို ယူစေ၍ လာရောက်ခဲ့ပါသည်။ ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား လေးပါးကုန်သော ပစ္စည်းတို့တွင် အဘယ်ပစ္စည်းဖြင့် လှူဒါန်းရပါအံ့နည်းဟု လျှောက်၏။ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်က ဝိသာခါ အသင်အား မြို့၏ အရှေ့မျက်နှာ တံခါး၌ သံဃာတော်တို့ သီတင်းသုံးနေရာ ဖြစ်သော ကျောင်းကို ဆောက်လုပ်ခြင်းငှါ သင့်လျော်၏ဟု မိန့်တော်မူ၏။

## ပုဗ္ဗာရုံကျောင်းတော်ကြီးကို ဆောက်လုပ်လှူဒါန်းခြင်း

ဝိသာခါသည် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား သင့်လျော် လျှောက်ပတ်ပါပြီဟု လျှောက်ကြား၍ နှစ်သက်ဝမ်းမြောက်စွာ ကိုးကုဋေသော အသပြာတို့ဖြင့် မြေကိုဝယ်ယူ၏။ တစ်ပါးလည်း ဖြစ်ကုန်သော ကိုးကုဋေတို့ဖြင့် ကျောင်းကို ဆောက်လုပ်ခြင်းငှါ အားထုတ်၏။ ထိုနောက် တစ်နေ့သောနေ့ မိုးသောက်ယံ၌ မြတ်စွာဘုရားသခင်သည် လောကကို ကြည့်ရှုတော်မူသည် ရှိသော် နတ်ပြည်မှ စုတိစိတ်ကျလာခဲ့၍ ဣဘဒ္ဒိယမြို့ဝယ် သူဌေးမျိုး၌ ဖြစ်သော ဘဒ္ဒိယမည်သော သူဌေးသား၏ ဥပနိဿယ အကြောင်း၏ ပြည့်စုံခြင်းကို မြင်တော်မူ၍ အနာထပိဏ်သူဌေးကြီးအိမ်၌ ဆွမ်းစားခြင်းကိစ္စကိုပြု၍ မြောက်တံခါးသို့ ရှေးရှု ကြွတော်မူ၏။ ပကတိသဘောအားဖြင့် မြတ်စွာဘုရား ကိုယ်တော်မြတ်သည် ဝိသာခါ၏အိမ်၌ ဆွမ်းကို ခံယူတော်မူပြီးသော် တောင်တံခါးဖြင့်ထွက်ကြွတော်မူ၍ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူ၏။ အနာထပိဏ်သူဌေးအိမ်၌ ဆွမ်းကို ခံယူပြီးသော် အရှေ့တံခါးဖြင့် ထွက်ကြွတော်မူ၍ ပုဗ္ဗာရုံကျောင်းတော်၌ သီတင်းသုံးတော်မူ၏။ မြောက်မျက်နှာတံခါးကို ရှေးရှုရည်ညွှန်း၍ ကြွတော်မူသည်ရှိသော်သာလျှင် မြတ်စွာဘုရားကိုမြင်၍ ဒေသစာရီ လှည့်လည်ခြင်းကို ဖဲကြွလတ္တံ့ဟု သိကြရကုန်၏။ ဝိသာခါသည် ထိုနေ့၌ မြတ်စွာဘုရားသခင်သည် မြောက်မျက်နှာတံခါးသို့ ရှေးရှု ကြွသွားတော်မူသည်ဟူ၍ ကြားသိသောကြောင့် လျင်စွာလိုက်သွား၍ ရှိခိုးပြီးသော် ဘုန်းတော်ကြီးမြတ်တော်မူပေသော မြတ်စွာဘုရား အရှင်မြတ်သည် ဒေသစာရီ လှည့်လည် ကြွမြန်းတော်မူလိုသောင်တကားဟု လျှောက်၏။ ဘုရားကိုယ်တော်မြတ်က ဩော်-ဟုတ်ပေ၏။ ဝိသာခါဟု မိန့်တော်မူ၏။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဤမျှလောက်ကုန်သော ပစ္စည်းဥစ္စာတို့ကို စွန့်လွှတ်၍ အရှင်မြတ်တို့ သီတင်းသုံးတော်မူရာဖြစ်သော ကျောင်းအာရာမ်ကို ဆောက်လုပ် ပြုစုပါသည်။ အရှင်ဘုရားသည် ကြွသွားတော်မမူဘဲ ဆုတ်နစ်ပြန်လည်တော်မူပါဟု လျှောက်၏။

## အရှင်မောဂ္ဂလာန် စောင့်ရှောက်တော်မူခြင်း

ဝိသာခါ ငါဘုရားသည် မဆုတ်နစ်သော ကြွသွားခြင်းရှိသတည်းဟု မိန့်တော်မူသောကာလ ဝိသာခါသည် ဤသို့ ကြွသွားတော်မူရာ၌ အကြောင်းဥပနိဿယ ကုသိုလ် အဆောက်အဦ ပြည့်စုံသော တစ်စုံတစ်ယောက်သောပုဂ္ဂိုလ်ကို မြင်တော်မူပေလိမ့်မည်ဟု ကြံ၍ ထိုသို့ တပြီးကား ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ပူအပ် မပူအပ် လျှောက်ပတ်သည် မလျှောက်ပတ်သည်ကို ကြည့်ရှုစီရင်တတ်သော အရှင်မြတ်တစ်ပါးကို တပည့်တော်မအားသနားကယ်မတော်မူသောအားဖြင့် ဆုတ်နစ်ပြန်လည်တော်မူစေ၍ ကြွတော်မူပါဘုရားဟု လျှောက်ကြား၏၊ မြတ်စွာဘုရား ကိုယ်တော်မြတ်က ဝိသာခါအသင်သည် အကြင်ရဟန်းအား နှစ်သက်၏။ ထိုရဟန်း၏ သပိတ်ကို ယူလိုက်လေလော့ဟု မိန့်တော်မူသောအခါ ထိုဝိသာခါသည် စင်စစ်အားဖြင့် အရှင်အာနန္ဒာ၌ မြတ်နိုး ကြည်ညိုခြင်း ရှိပေ၏။ ယင်းသို့ပင် မြတ်နိုး ကြည်ညိုခြင်း ရှိသော်လည်း အရှင်မောဂ္ဂလာန် မထေရ်သည် တန်ခိုးအာနုဘော် ကြီး၏။ ထိုအရှင်မောဂ္ဂလာန်ကို အမှီပြုရလျှင် အမှုကိစ္စသည် လျင်မြန်စွာ ပြီးပေလတ္တံ့ဟု ကြံ၍ အရှင်မောဂ္ဂလာန်မထေရ်၏ သပိတ်တော်ကို ယူ၍ အရှင်မောဂ္ဂလာန်သည် မြတ်စွာဘုရားကို မော်၍ ကြည့်ရှု၏။ မြတ်စွာဘုရား ကိုယ်တော်မြတ်က ချစ်သား မောဂ္ဂလာန် အသင်၏ အခြံအရံ ဖြစ်ကုန်သော ငါးရာကုန်သော ရဟန်းတို့ကို ယူပြီးသောကာလ ဆုတ်နစ်ပြန်လည်လေလော့ဟု မိန့်တော်မူသဖြင့် အရှင်မောဂ္ဂလာန်သည် မြတ်စွာဘုရား မိန့်တော်မူတိုင်းကို ပြု၏။ ထိုအရှင်မောဂ္ဂလာန်၏ တန်ခိုး အာနုဘော်ဖြင့် ယူဇနာငါးဆယ် ခြောက်ဆယ် ရှိသော အချပ်တို့သို့ သစ်အလို့ငှါ လည်းကောင်း၊ ကျောက်အလို့ငှါ လည်းကောင်း သွားကုန်သည်ရှိသော် ကြီးကုန် ကြီးကုန်သော သစ် ကျောက်တို့ကို ယူ၍ ထိုနေ့၌ပင် ပြန်လာကြကုန်၏။ လှည်းထက်သို့ သစ် ကျောက်တို့ကို တင်ရာ၌ ပင်ပန်းခြင်းမည်သည် မရှိကုန်။ လှည်းဝင်ရိုး ကျိုးပျက်ခြင်း စသည်ဖြင့် တစ်စုံတစ်ရာ ချွတ်ယွင်း ပျက်စီးခြင်း မည်သည် မရှိလေ။ မကြာမြင့်မီပင်လျှင် ဘုံနှစ်ဆင့်ရှိသော ပြာသာဒ်ကျောင်းကြီးကို ဆောက်လုပ်ကုန်၏။ အောက်ဖြစ်သော ဘုံအဆင့်၌ တိုက်ခန်းငါးရာ အထက်ဖြစ်သော ဘုံအဆင့်၌ တိုက်ခန်းငါးရာအားဖြင့် ပြာသာဒ်သည် တိုက်ခန်းတစ်ထောင် ဘို့ဖြင့် တန်ဆာဆင်အပ်၏။

ရှစ်ပါယ်မျှလောက်သော အရပ်၌ ဆောက်လုပ်သော ပြာသာဒ် ကျောင်းကြီးသည် တစ်ဆောင်တည်းဖြင့် မတင့်တယ်ဟု ကြံ၍ ထိုပြာသာဒ် ကျောင်းကြီးကို ဝန်းရံပြီးသောအခါ ပြာသာဒ်ငယ် ငါးရာတို့ကိုလည်းကောင်း ကျောင်းငယ် ငါးရာတို့ကိုလည်းကောင်း ဇရပ်ရှည် ငါးရာတို့ကိုလည်းကောင်း ပြုစေ၏။

ထိုနောက် မြတ်စွာဘုရားသခင်သည် ကိုးလတို့ဖြင့် ဒေသစာရီ လှည့်လည်တော်မူ၍ တဖန် သာဝတ္ထိပြည်သို့ ပြန်ကြွတော်မူလာ၏။ ဝိသာခါ၏လည်း ကျောင်းပြာသာဒ် ဆောက်လုပ်သော အမှုသည် ကိုးလတို့ဖြင့်သာလျှင် ပြီး၏။ ပြာသာဒ်အထွတ် ထုပိကာသည် နီမြန်းသော ရွှေစင် ရွှေနှစ်ဖြင့် ပြီးသဖြင့် ခြောက်ဆယ်သော ရေအိုးယူနိုင်လောက်သည်ကို ပြုစေ၏။ ဝိသာခါသည် ကျောင်းကိစ္စပြီးသည်နှင့် တပြိုင်နက် မြတ်စွာဘုရား ဇေတဝန်ကျောင်းတော်သို့ ကြွတော်မူလာသည်ဟု ကြားသိ၍ ခရီးဦး ကြိုဆိုပြီးလျှင် မြတ်စွာဘုရားသခင်ကို မိမိ၏ ကျောင်းသို့ ဆောင်၍ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား... ဤမိုးလေးလပတ်လုံး သံဃာတော်တို့နှင့်တကွ ဤကျောင်း၌ သီတင်းသုံးတော်မူအံ့သော ပဋိညာဉ်ကို ပေးသနားတော်မူပါလော့ တပည့်တော်မသည် ကျောင်းပူဇော်ခြင်းကို ပြုပါအံ့ဟု ကြားလျှောက်သဖြင့် မြတ်စွာဘုရားသခင်သည် သည်းခံတော်မူ၏။ ထိုအခါမှ စ၍ ဝိသာခါသည် ဘုရား အစရှိသော သံဃာတော်တို့အား ကျောင်း၌ သီတင်းသုံးစေတော် မူလျက် အလှူ ဒါနကို ပေးလှူစွန့်ကြဲ၏။ ထိုအခါ ဝိသာခါ၏ ခင်ပွန်းမဖြစ်သော ဒါယိကာမတစ်ယောက်သည် အဖိုးတစ်သိန်းထိုက်သော တစ်ခုသော ကမ္ဗလာကို ယူလာ၍ အိုအဆွေခင်ပွန်းမဖြစ်သော ဝိသာခါ ငါသည် ဤကမ္ဗလာကို အသင်၏ ကျောင်းပြာသာဒ်၌ မြေအခင်းမှု အဖြစ်ဖြင့် ခင်းလိုပါသည်။ ခင်းဖို့ရာ အရပ်ဌာနတစ်ခုကို ငါ့အား ညွှန်ကြားပြသပါလော့ဟု ဆို၏။ ဝိသာခါကလည်း အချင်း အဆွေမ ငါသည် ခင်းဖို့ရာ အရပ်မရှိဟု ဆိုသည်ရှိသော် ငါ့အား အခွင့်မပေး လိုသောကြောင့် ပြောဆိုသည်ဟု အသင် မှတ်ထင် အောက်မေ့ ပေလိမ့်မည်။ အသင့်ကိုယ်တိုင် ပြာသာဒ်၏ နှစ်ဆင့်ကုန်သော ဘုံတို့ကိုလည်းကောင်း တိုက်ခန်း တစ်ထောင်တို့ကိုလည်းကောင်း ကြည့်ရှု ပြီးသည်ကာလ လစ်လပ် ကြွင်းကျန်သော နေရာဌာန၌ ခင်းပါလေလော့ဟု ဆို၏။

ထိုအဖော်မ သည်လည်း အဖိုးတစ်သိန်း ထိုက်သော ကမ္ဗလာကို လက်၌ ကိုင်ယူလျက် ထိုထိုသို့သော ကျောင်းနေရာ တို့ကို လှည့်ပတ်ကြည့်ရှုသည့် ကာလ အပြည့်အကြပ် အားဖြင့် ခင်းထား အပ်သော ကမ္ဗလာ တို့တွင် မိမိ ယူလာသော ကမ္ဗလာထက် အဖိုး နည်းသော ကမ္ဗလာကို မမြင်သောကြောင့် ဤကျောင်းပြာသာဒ်၌ ငါသည် ကောင်းမှုအဖို့ မရဘဲ ရှိချေအံ့ဟု နှလုံးမသက်သာခြင်းသို့ ရောက်သည်ဖြစ်၍ တစ်ခုသော နေရာ၌ ငိုကြွေး၍ ရပ်တည်နေ၏။ ထိုအခါ အရှင်အာနန္ဒာသည် ငိုကြွေး၍ နေသော ဒါယိကာမကို မြင်၍ အသင်သည် အဘယ်ကြောင့် ငိုကြွေး၍ နေသနည်းဟု မေးတော်မူသဖြင့် ထိုအကြောင်းကို ကြားလျှောက်၏။ မထေရ်ကလည်း ဒါယိကာမ မကြောင့်ကြလင့် ငါသည် အသင်၏ ကမ္ဗလာခင်းဖို့ရာ

အရပ်ကို ညွှန်ပြ ပြောကြားအံ့ဟု မိန့်တော်မူပြီးသော် စောင်းတန်းရင်း ခြေဆေးရာ အရပ်၏ အခြားမဲ့ဖြစ်သော ဤနေရာ၌ ခြေသုတ်ပုဆိုးပြ၍ ခင်းလေလော့၊ ရဟန်းတို့သည် ခြေကိုဆေးသော်ကာလ ရှေးဦးစွာ ထိုကမ္ဗလာ၌ ခြေကိုသုတ်၍ အတွင်းသို့ ကြွဝင်ကုန်လတ္တံ့။ ဤသို့ ခင်းအပ်သည်ရှိသော် အသင့်အား အကျိုးကြီးသည် ဖြစ်ပါလတ္တံ့ဟု မိန့်တော်မူ၏။

## ဝိသာခါ၏ ကျောင်းတော်ပူဇော်ပွဲ

ထိုနေရာသည် ဝိသာခါသည် အမှတ်သညာကို မရ၍ ကြွင်းကျန်ရစ်ခဲ့သော နေရာပေတည်း။ ဝိသာခါသည် လေးလပတ်လုံး ကျောင်း၏ အတွင်း၌ ဘုရား အမှူးရှိသော ရဟန်းသံဃာတော်အား အလှူကို ပေးလှူ၏။ အဆုံးဖြစ်သော နေ့၌ ရဟန်းသံဃာတော်အား သင်္ကန်းလျာ ပုဆိုးကို ပေးလှူ၏။ သံဃာ၏ အငယ်ဆုံးဖြစ်သော သံဃနဝကရဟန်း ရအပ်သော သင်္ကန်းလျာ ပုဆိုးသည် အဖိုးတစ်သိန်း ထိုက်၏။ အလုံးစုံကုန်သော ရဟန်းတို့၏ သပိတ်တို့ကို ပြည့်စေ၍ ဆေးကိုလည်း ပေးလှူ၏။ ဤသို့အားဖြင့် အသီးသီးသော ဒါနဝတ္ထုကို ပြုစု လှူဒါန်းခြင်းသည် အသပြာ ကိုးကုဋေမျှ ကုန်၏။ ကျောင်းကိုဆောက်လုပ်ရန် မြေကို ဝယ်ယူခြင်းသည်လည်း ကိုးကုဋေပင် ကုန်၏၊ ကျောင်းကိုဆောက်လုပ် ခြင်း၌လည်း ကိုးကုဋေပင် ကုန်ကျ၏။ ကျောင်းတွင် ပူဇော်သဖြင့် ကိုးကုဋေ ကုန်ကျသည်ဖြစ်၍ နှစ်ဆယ့်ခုနစ်ကုဋေကုန်သော အသပြာတို့ကို မြတ်စွာဘုရား သာသနာတော်၌ စွန့်ကြဲလှူဒါန်းပေ၏၊ မိန်းမ၏ အဖြစ်၌ တည်လျက် မိစ္ဆာ ဒိဋ္ဌိ၏ အိမ်၌နေပြီးသည်ကာလ ဤသို့သဘောရှိသော စွန့်ကြဲလှူဒါန်းခြင်းသည် ဝိသာခါမှ တစ်ပါးသော တစ်စုံတစ်ယောက်မျှသော မာတုဂါမသည် မရှိလေ။ ထိုကြောင့် ရင်းအဋ္ဌကထာ၌—

> ဣတ္ထိဘာဝေ ဌတွာ မိစ္ဆာဒိဋ္ဌိကဿ ဂေဟေ ဝသမာနာယ
> ဧဝရူပေါ မဟာပရိစ္စာဂေါ နာမ အညိဿာ နတ္ထိ—

ဟု မိန့်၏။

**အနက်ကား**။ ။ဣတ္ထိဘာဝေ၊ မိန်းမ၏ အဖြစ်၌။ ဌတွာ၊ တည်၍။ မိစ္ဆာဒိဋ္ဌိကဿ၊ မှားသော အမြင်ရှိသော မိစ္ဆာဒိဋ္ဌိ၏။ ဂေဟေ၊ အိမ်၌။ ဝသမာနာယ၊ နေရလျက်။ ဝါ၊ နေရသော။ ဧဝရူပေါ နာမ၊ ဤသို့သဘော ရှိသော။ မဟာပရိစ္စာဂေါ နာမ၊ ကြီးကျယ်စွာ စွန့်ကြဲပေးကမ်း လှူဒါန်းခြင်း မည်သည်။ အညိဿာ။ ဝိသာခါမှ တစ်ပါးသော မိန်းမအား။ နတ္ထိ၊ မရှိ။ ဤကား အနက်။

## ဝိသာခါ သီဆိုကျူးရင့်သော ငါးဂါထာ ပါဠိအနက်

ထိုဝိသာခါသည် ကျောင်းပူဇော်ခြင်း၏ ပြီးဆုံးသောနေ့ ညချမ်းအခါ၌ သား သမီး မြေး အပေါင်း ခြံရံလျက် ငါသည် ရှေး၌ တောင်းတပတ္တနာ အပ်သော အလုံးစုံသည် အကုန်ပြီးဆုံး ပြည့်စုံခြင်းသို့ ငါ့အား ရောက်ရပေပြီဟု ကျောင်းပြာသာဒ်သို့ အစဉ်လှည့်လည်လျက် သာယာစွာသော အသံဖြင့်—

ကဒါဟံ ကတ္ဘာ ပါသာဒံ၊ သုဓာမတ္တိကလေပနံ။
ဝိဟာရဒါနံ ဒဿာမိ၊ သင်္ကပ္ပေါ မယှ ပူရိတော။

ကဒါဟံ မဉ္စပီဌဉ္စ၊ ဘိသိဗိမ္ဗောဟနာနိ စ။
သေနာသနဘဏ္ဍံ ဒဿာမိ၊ သင်္ကပ္ပေါ မယှ ပူရိတော။

ကဒါဟံ သလာကဘတ္တံ၊ သုစိံမံသူပသေစနံ၊
ဘောဇနေဒါနံ ဒဿာမိ၊ သင်္ကပ္ပေါ မယှ ပူရိတော၊

ကဒါဟံ ကာသိကံ ဝတ္ထံ၊ ခေါမကပ္ပါသိကာနိ စ။
စီဝရဒါနံ ဒဿာမိ၊ သင်္ကပ္ပေါ မယှ ပူရိတော၊

ကဒါဟံ သပ္ပိနဝနီတံ၊ မဓုတေလဉ္စ ဖာဏိတံ။
ဘေသဇ္ဇဒါနံ ဒဿာမိ၊ သင်္ကပ္ပေါ မယှ ပူရိတော—

ဟူသော ဥဒါန်းငါးဂါထာတို့ကို ရွတ်ဆိုကျူးရင့်၏။

**အနက်ကား။** ။ကဒါ၊ အဘယ်သမယ ဘယ်ကာလ၌။ အဟံ၊ ငါသည်။ သုဓာမတ္တိကလေပနံ၊ ထုံး အင်္ဂတေ မြေညက်ဖြင့် လိမ်းကျံအပ်သော။ ပါသာဒံ၊ ပြာသာဒ်ကို။ ကတွာ၊ ပြု၍။ ဝိဟာရဒါနံ၊ ဘုရားမြတ်စွာ သံဃာကိုန်းအောင်း ကျောင်းအလှူကို။ ဒဿာမိ၊ ကြည်ဖြူရွှင်သန်း လှူဒါန်းပါရအံ့နည်း။ ဣတိ၊ ဤသို့။ မယှာ၊ ငါသည်။ သင်္ကပ္ပိတံ၊ ကြံစည်အပ်၏။ မယှံ၊ ငါ၏။ ဝါ၊ ငါ့အား။ သင်္ကပ္ပေါ၊ အကြံသည်။ ပူရိတော၊ မချွတ်ကုန်လုံ ပြည့်စုံပေပြီ။

**ကဒါ၊ အဘယ်နံရောအခါ၌။** အဟံ၊ ငါသည်။ မဉ္စပီဌဉ္စ၊ ညောင်စောင်း အင်းပျဉ်ကိုလည်းကောင်း။ ဘိသိဗိမ္ဗောဟနာနိ စ၊ ဘုံလျှိုအုံးတို့ကိုလည်း ကောင်း။ သေနာသနဘဏ္ဍံ၊ ကျောင်း၏အသုံးအဆောင် ဘဏ္ဍာကို။ ကတွာ၊ ပြု၍။ ဒဿာမိ၊ ကြည်ဖြူရွှင်လန်း လှူဒါန်းပါရအံ့နည်း။ ဣတိ၊ ဤသို့။ မယှာ၊ ငါသည်။ သင်္ကပ္ပိတံ၊ ကြံစည်အပ်၏။ မယှံ၊ ငါ၏။ ဝါ၊ ငါ့အား။ သင်္ကပ္ပေါ၊ အကြံသည်။ ပူရိတော၊ မချွတ်ကုံလုံ ပြည့်စုံပါပေပြီ။

ကဒါ၊ အဘယ်နံ့ရောအခါ၌။ အဟံ၊ ငါသည်။ သုစိမ်သူပသေစနံ၊ စင်ကြယ်ထူးပြား ငါးအမဲဖြင့်ပြွမ်းထသော။ သလာကဘတ္တံ၊ နံ့သာကြိုင်မွှေး သလေးထမင်းဟု ဆိုအပ်သော။ ဘောဇနဒါနံ၊ ဆွမ်းအလှူဒါနကို။ ဂ တွာ၊ ပြု၍။ ဒဿာမိ၊ ကြည်ဖြူရွှင်လန်း လှူဒါန်းပါရအံ့နည်း။ ဣတိ၊ ဤသို့။ မယာ၊ ငါသည်။ သက်ပ္ပိတံ၊ ကြံစည်အပ်၏။ မယှံ၊ ငါ၏။ ဝါ၊ ငါ့အား။ သက်ပ္ပေါ၊ အကြံသည်။ ပူရိတော၊ မချွတ်ကုံလုံ ပြည့်စုံပါပေပြီ။

ကဒါ၊ အဘယ်နံ့ရောအခါ၌။ အဟံ၊ ငါသည်။ ကာသိကဝတ္ထူဥ၊ ကာသိကရာဇ်တိုင်းဖြစ် ပုဆိုးကိုလည်းကောင်း။ ခေါမကပ္ပါသိကာနိ စ၊ ခေါမတိုင်းဖြစ်ပုဆိုး, ဝါချည်ပုဆိုးဘို့ကိုလည်းကောင်း။ စီဝရဒါနံ၊ အဝတ်သင်္ကန်းအလှူကို။ ကတွာ၊ ပြု၍။ ဒဿာမိ၊ ကြည်ဖြူရွှင်လန်း လှူဒါန်းပါရအံ့နည်း။ ဣတိ၊ ဤသို့။ မယာ၊ ငါသည်။ သက်ပ္ပိတံ၊ ကြံစည်အပ်၏။ မယှံ၊ ငါ၏။ ဝါ၊ ငါ့အား။ သက်ပ္ပေါ၊ အကြံသည်။ ပူရိတော၊ ပြည့်စုံပါပေ၏။

ကဒါ၊ အဘယ်နံ့ရောအခါ၌။ အဟံ၊ ငါသည်။သပ္ပိနဝနီတဥ၊ ထောပတ်ဆီဉကိုလည်းကောင်း။ မဓုတေလဥ၊ ပျားရည်ဆီဥကိုလည်းကောင်း။ ဖာဏိတဥ၊ တင်လဲကိုလည်းကောင်း။ ဘေသဇ္ဇဒါနံ၊ ဆေးအလှူကို။ ကတွာ၊ ပြု၍။ ဒဿာမိ၊ ကြည်ဖြူရွှင်လန်း လှူဒါန်းရပါအံ့နည်း။ ဣတိ၊ ဤသို့။ မယာ၊ ငါသည်။ သက်ပ္ပိတံ၊ ကြံစည်အပ်၏။ မယှံ၊ ငါ၏။ ဝါ၊ ငါ့အား။ သက်ပ္ပေါ၊ အကြံသည်။ ပူရိတော၊ မချွတ်ကုံလုံ ပြည့်စုံပါပေပြီ။ ဤကားအနက်။

ရဟန်းအပေါင်းတို့သည် ထိုဝိသာခါဒါယိကာမ၏ ဂါထာရွတ်ဆိုသော အသံကိုကြား၍ ဘုန်းတော်ကြီးတော်မူပေသော မြတ်စွာဘုရား တပည့်တော်တို့သည် ဤမျှလောက်တည် မြင့်ရှည်စွာသော ကာလပတ်လုံး သီတင်းသုံးနေကြသည်မှာ ဝိသာခါဒါယိကာမ၏ သီချင်းသီသော အသံမည်သည် တစ်ရံတစ်ခါမျှ မကြားမထင် မမြင်ဖူးပါ။ထိုဝိသာခါသည် ယနေ့အခါ များစွာကုန်သော သားသမီး မြေးမြစ်အပေါင်းတို့ဖြင့် ခြံရံပြီးသောကာလ သီချင်းကိုသီလျက် ကျောင်းပြာသာဒ်ကို အစဉ်လှည့်လည် ပါသည်၊ အသို့နည်း အရှင်ဘုရား ဝိသာခါအား သည်းခြေပျက်ပြားခြင်း ဖြစ်လေသလော၊ သို့တည်းမဟုတ် ရူးသွပ်ခြင်းပင်ဖြစ်လေသလောဟု ကြားလျှောက်ကုန်၏၊ မြတ်စွာဘုရားကိုယ်တော်မြတ်ကချစ်သားရဟန်းတို့ ငါ၏သမီးတော် ဝိသာခါသည် သီချင်းသီဆိုသည် မဟုတ်၊ မိမိ၏အလိုဆန္ဒ အဇ္ဈာသယသည် ပြည့်စုံသည်ဖြစ်၍ ယခုအခါ ငါ၏တောင့်တရည်ရွယ် ပတ္ထနာခြင်းသည် အပြီးအဆုံးသို့ ရောက်ပေပြီဟု နှစ်သက်ရွှင်လန်းသော စိတ်ရှိသည်ဖြစ်၍ ဥဒါန်းကို ရွတ်ဆိုကျူးရင့်ပြီးလျှင် လှည့်လည်လေ

သည်ဟု မိန့်တော်မူသည်ရှိသော် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား အဘယ်အခါ၌ တောင့်တ ပန်ဆင်ခဲ့ပါသနည်းဟု ရဟန်းတို့ကမေးလျှောက်လျှင် ချစ်သားရဟန်းတို့....နာလိုကုန်သလောဟု မိန့်တော်မူသဖြင့် နာကြားလိုပါကုန်သည် အရှင်ဘုရား ဟု ရဟန်းတို့က ကြားလျှောက်သည်ရှိသော် မြတ်စွာဘုရားသခင်သည် အတိတ်ကို ဆောင်တော်မူ၏။

## ကျောင်းအမကြီးဝိသာခါ၏ ရှေးဆုတောင်းအကြောင်း

### အတိတ်ဝတ္ထု

ချစ်သားရဟန်းတို့ ရှေးလွန်လေပြီးသောအခါ ဤဘဒ္ဒကပ်ကမ္ဘာမှ သင်္ချေ အရေအတွက် အထက်ကပ်တစ်သိန်းမြောက်၏ အထက်၌ ပဒုမုတ္တရမည်တော်မူသော လောကထွတ်ထား ဘုရားကိုယ်တော်မြတ်သည် သုံးရပ်သော လောကဓာတ်၌ ရဟတ်စက်ခုန်သကဲ့သို့ ရိုက်တုန်ထင်ရှား လှုပ်ချောက်ချားစေလျက် ဘုရားဖြစ်တော်မူ၏။ ထိုမြတ်စွာဘုရားသခင်သည် အနှစ်တစ်သိန်း အသက်အပိုင်းအခြားရှိသော ကာလ၌ ဖြစ်တော်မူ၏။ ရဟန္တာတစ်သိန်း အခြံအရံရှိ၏၊ မြတ်စွာဘုရား ဖွားမြင်တော်မူသော မြို့သည် ဟံသာဝတီအမည်ရှိ၏။ ခမည်းတော်မင်းကြီးသည် သုနန္ဒမင်းမည်တော်မူ၏။ မယ်တော်မိဖုရားကြီးသည် သုဇာတာမည်၏၊ ထိုပဒုမုတ္တရမြတ်စွာဘုရား၏ မြတ်သောအလုပ်အကျွေးဖြစ်သော ဒါယိကာမ တစ်ယောက်သည် ရှစ်ပါးသောဆုတို့ကို တောင်းယူ၍ မိခင်၏အရာ၌ တည်ပြီးလျှင် မြတ်စွာဘုရားသခင်ကို လေးအင်သောပစ္စည်းတို့ဖြင့် မြှောက်ချီးကော်ရော် ပူဇော်ညွတ်လေး လုပ်ကျွေးပြုစု သုတ်သင်ပေ၏၊ ညချမ်း နံနက်၊ ချိန်နှစ်ချက်၌ မပျက်ကွက်စေသောအားဖြင့် ခစားလုပ်ကျွေး ခြင်းငှါ သွားရောက်၏။ ထိုအခါ အဖော်ဖြစ်သော ဒါယိကာမတစ်ယောက်သည် ထိုမြတ်စွာဘုရား အလုပ်အကျွေး ဒါယိကာမနှင့်အတူတကွ အမြဲမပြတ် ဘုရားကျောင်းတော်သို့ လိုက်ပါသွားရောက်၏။ ဘုရား၏ အလုပ်အကျွေးဖြစ်သော မိမိ၏ အဖော်မသည် ဘုရားနှင့်အတူတကွ ကျွမ်းဝင်သဖြင့် စကားပြောဆိုကြသည်ကိုလည်းကောင်း၊ အကျွမ်းဝင်သည်၏ အဖြစ်ကိုလည်းကောင်း မြင်၍ အဘယ်သို့သော ကောင်းမှုကုသိုလ်ကံကို စီမံပြုစုခဲ့ခြင်းကြောင့် ဤသို့ မြတ်စွာဘုရားကိုယ်တော်မြတ်တို့အား အကျွမ်းဝင်ခြင်း ဖြစ်လိမ့်မည်နည်းဟု ကြံ၍ မြတ်စွာဘုရားကိုယ်တော်မြတ်ကို ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဤဒါယိကာမသည် အရှင်ဘုရားတို့အား အဘယ်ကြောင့်အကျွမ်းဝင်ပါသနည်းဟု မေးလျှောက်၏။ မြတ်သော အလုပ်အကျွေးဖြစ်ပေသည်ဟု မြတ်စွာဘုရားက မိန့်တော်မူသည်ရှိသော် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား အဘယ်သို့သော ကုသိုလ်ကောင်းမှုကို ပြု၍ အဘယ်မျှသောကာလ မြင့်ကြာအောင်

ဆည်းပူးအားထုတ် ပြုလုပ်ပါက ဥပါသိကာမ အလုပ်အကျွေးမြတ်၏ဘဝကို ရနိုင်ပါသနည်းဟု မေးလျှောက်လျှင် ဘုရားရှင်ကိုယ်တော်မြတ်က ကမ္ဘာ တစ်သိန်းကာလမျှ တောင့်တဆင့်ရည် ပါရမီဖြည့်ကျင့်က ရသင့်ရထိုက်ပေသည် ဟု မိန့်တော်မူသောကာလ တပည့်တော်မ ယခုအားထုတ်ရသည်ရှိသော် ရနိုင်ပါ အံ့လောဟု မေးလျှောက်ပြန်သောအခါ သြော်.... ရခြင်းငှါ စွမ်းနိုင်ပါလတ္တံ့ဟု မြတ်စွာဘုရားက မိန့်တော်မူသဖြင့် ထိုသို့တပြီးကား ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား တစ်သိန်းသော သံဃာတော်တို့နှင့်တကွ တပည့်တော်မ၏ ဆွမ်းကို အလှူခံတော်မူပါကုန်ဘုရားဟု လျှောက်ကြားပင့်ဖိတ်၏၊ ဘုရားသခင် ကိုယ်တော်မြတ်သည်လည်း ဆိတ်ဆိတ် သည်းခံတော်မူ၏။

## ပဒုမုတ္တရမြတ်စွာဘုရားအား သံဃာတော်တစ်သိန်းနှင့်တကွ ဆွမ်းလုပ်ကျွေး၍ ဗျာဒိတ်ကြားတော်မူခြင်း

ထိုဒါယိကာမသည် ခုနစ်ရက်ပတ်လုံး အလှူဒါနကို ပေးကမ်းစွန့်ကြဲ လှူဒါန်း၍ အဆုံးဖြစ်သောနေ့၌ သင်္ကန်းလျာပုဆိုးတို့ကို လှူဒါန်းပြီးလျှင် မြတ်စွာဘုရား ခြေတော်ရင်း၌ ဝပ်စင်းညွတ်လျိုး ရှိခိုးပြီးသော် ဘုန်းတော် အလွန် ကဲမွန်ချုပ်သော အနုတ္တရ လောကထွတ်ထား မြတ်စွာဘုရား....တပည့် တော်မသည် ဤအလှူဒါန၏ အကျိုးဆက်ဖြင့် နတ်မင်း၏ရိပ်ငြိမ် စည်းစိမ် ချမ်းသာ အစဖြာသော များစွာသော လောကီစည်းစိမ်အပေါင်းတို့တွင် အမှတ်မထင် အကြင် တစ်စုံတစ်ရာသော စည်းစိမ်ချမ်းသာကို ရပါစေကြောင်း တောင့်တ ရည်ရွယ်ခြင်းမရှိပါ၊ အရှင်မြတ်ကဲ့သို့ သဘောရှိသော တစ်ဆူသော ဘုရား၏ အထံတော်၌ ရှစ်ပါးကုန်သော ဆုမြတ်တို့ကို ရပြီးသည်ကာလ မိခင်၏ အရာ၌ တည်ပြီးလျှင် လေးဖြာကုန်သော ပစ္စည်းတို့ဖြင့် ချီးမြှင့်ပေးကမ်း လှူဒါန်းလုပ်ကျွေးခြင်းငှါ စွမ်းနိုင်ကုန်သော သူတို့ထက် မြတ်သော အလုပ် အကျွေးသည် ဖြစ်ရပါလိုသော ဟူသော ဆုတောင်းပဌနာခြင်းကို ဖြစ်စေ၏။ မြတ်စွာဘုရားသခင်သည် ပြည့်စုံလတ္တံ့လော၊ မပြည့်စုံလတ္တံ့လော၊ လာလတ္တံ့ သော အနာဂတ်ကို ကြည့်ရှု ဆင်ခြင်တော်မူသည်ရှိသော် ပြည့်စုံလတ္တံ့သည်ကို မြင်တော်မူ၍ ဥပါသိကာမ ဤကမ္ဘာမှလွန်မြောက် ကမ္ဘာတစ်သိန်းရောက်သည့် အဆုံး၌ ဂေါတမမည်သော ငါ၏ညီတော်ဘုရားသည် ထင်ရှားဖြစ်ပေါ်လတ္တံ့။ ထိုအခါ အသင်သည် ဝိသာခါမည်သော ဒါယိကာမဖြစ်၍ ထိုဂေါတမဘုရား၏ အထံ၌ ရှစ်ပါးသောဆုမြတ်တို့ကိုရ၍ မိခင်၏အရာ၌ တည်ပြီးသောကာလ လေးပါးသော ပစ္စည်းတို့ဖြင့် ချီးမြှင့်လုပ်ကျွေးရကုန်သော ဒါယိကာမတို့တွင် အထွတ်အမြတ်ဖြစ်ပေလတ္တံ့ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူ၏။

ဥပါသိကာမသည်လည်း မြတ်စွာဘုရား မိန့်ကြားတော်မူသော စည်းစိမ်ချမ်းသာကို နက်ဖြန်ခါ၌ ရတော့မည့်ကဲ့သို့ အောက်မေ့မှတ်သင်၍ ထိုဘဝ၌ပင် အသက်ရှင်သမျှကာလပတ်လုံး ကုသိုလ်ကောင်းမှုကို ဆည်းပူးပြုစု၍ ထိုဘဝမှ စုတိမနေ့ သေလွန်သည်ရှိသော် နတ်ပြည်၌ဖြစ်၍ နတ်ပြည် လပြည်တို့ဝယ် ကျင်လည်ခံစား၍ လာခဲ့ရာ ကဿပမြတ်စွာဘုရား ထင်ရှားပွင့်တော်မူသော အခါ၌ ကိကီမင်းကြီး၏ သမီးတော်ခုနစ်ယောက်တို့တွင် အထွေးဆုံး သံဃဒါသီ အမည်ရှိသော မင်းသမီးဖြစ်၍ ခင်ပွန်းအရှင် ချစ်လင်၏နောက် တပါးသောအမျိုးသို့ သွားရောက်ရသည် ရှိသော်လည်း ထိုအစ်မတော်တို့နှင့် အတူတကွသာလျှင် မြင့်ရှည်စွာသော နေ့ညဥ့်တို့ပတ်လုံး ဒါန-အစရှိကုန်သော ကုသိုလ်ကောင်းမှုတို့ကို ပြုစုအားထုတ်၍ ကဿပမြတ်စွာဘုရား ခြေတော်ရင်း၌လည်း နောင်လာလတ္တံ့သော အနာဂတ်ဝယ် အရှင်မြတ်တို့ကဲ့သို့သော ဘုရားရှင်၏ မိခင်၏အရာ၌ တည်ပြီးလျှင် ပစ္စည်းလေးပါးတို့ဖြင့် ချီးမြှင့်လုပ်ကျွေးကုန်သော ဒါယိကာမတို့တွင် အထွတ်အမြတ် ဖြစ်ရပါလို၏ဟူသော ဆုတောင်းပတ္ထနာကို ပြု၏။ ထိုဘဝမှစ၍ နတ်ပြည် လူ့ပြည်တို့၌ ကျင်လည်ပြေးသွား ခံစားလျက်သာ လာခဲ့ရာ ဤဘဝခန္ဓာကိုယ် အတ္တဘော၏ အဖြစ်၌ မေဏ္ဍက သူဌေးကြီး၏သား ဓနဉ္စယသူဌေး၏ သမီးအဖြစ်ဖြင့်ဖြစ်၍ ငါဘုရားသာသနာတော်၌ များစွာကုန်သော ကုသိုလ်ကောင်းမှုတို့ကို ပြုစုအားထုတ်လေ၏။

ချစ်သားရဟန်းတို့ ဤသို့ ပြအပ်ခဲ့ပြီးသော အစဉ်အတိုင်းအားဖြင့် ငါ၏ သမီးတော် ဝိသာခါသည် သီချင်းကို သီဆိုသည်မဟုတ်၊ တောင့်တ ပန်ဆင်အပ်သော ပတ္ထနာ ပြီးဆုံးပြည့်စုံသည်၏ အဖြစ်ကို မြင်သောကြောင့်သာ ဥဒါန်းကို ကျူးရင့်ခြင်း ဖြစ်လေသည်ဟု မိန့်တော်မူပြီး၍ တရားတော်ကို ဟောကြားလိုသောကြောင့် ချစ်သားရဟန်းတို့ ဥပမာမည်သည်ကား၊ လိမ္မာလှစွာသော ပန်းသည်သည် အထူးထူးအပြားပြားကုန်သော ပန်းတို့၏ ကြီးစွာသော အစုကိုပြု၍ ထူးပြားအံ့ဖွယ် ဆန်းကြယ်သောပန်းကုံးကို သီကုံး ပြုပြင်ဘိသကဲ့သို့ ထိုအတူသာ ဝိသာခါသည်လည်း အထူးထူးအပြားပြား များစွာကုန်သော ကုသိုလ်ကောင်းမှုတို့ကို ပြုစုခြင်းငှါ စိတ်သည် ညွတ်လေ၏ဟု မိန့်ဆိုတော်မူပြီး၍—

၅၃။ ယထာပိ ပုပ္ဖရာသိမှာ၊ ကယိရာ မာလာဂုဏေ ဗဟူ။

ဧဝံ ဇာတေန မစ္စေန၊ ကတ္တဗ္ဗံ ကုသလံ ဗဟုံ—

ဟူသောဂါထာကို ဟောတော်မူ၏။

## ဒေသနာတော်၏ အကျိုးအာနိသင်

ဒေသနာတော်၏ အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပန် စသည်တို့သို့ ရောက်ကုန်၏။

**အနက်ကား။** ၊ပုပ္ဖရာသိမှာ၊ အပွင့်အငုံ ခိုင်ရှုံရောပြု ပန်းအစုမှ။ ဗဟူ၊ များစွာကုန်သော။ မာလာဂုဏေ၊ ပန်းကုံးတို့ကို။ ကယိရာ ယထာ၊ လိမ္မာလှသော ပန်းသည်သည် ပြုသကဲ့သို့။ ဧဝံ တထာ၊ ထိုအတူ။ ဇာတေန၊ မွေးဖွားသော။ မစ္စေန၊ သတ္တဝါသည်။ ဝါ ဇာတေန၊ အမိဝမ်းဝယ် စွဲလမ်းသန္ဓေ တည်နေ တတ်သော။ မစ္စေန၊ ဘေဝမိန်းမော- နစ်မျော၍ သေတတ်သော။ သတ္တေန၊ သတ္တဝါသည်။ ပုပ္ဖရာသိမှာ၊ ပစ္စည်းဥစ္စာ သဒ္ဓါမခန်း ပန်းအစုမှ။ ဗဟုံ၊ များစွာသော။ ကုသလံ၊ ပန်ဆင်တင့်သုံး အံ့မဆုံးသော ကုသိုလ်ပန်းကုံးကို။ ကတ္တဗ္ဗံ၊ မနေမနား ထပ်ပွားအားထုတ် ပြုလုပ်အပ်၏။ ဤကား အနက်။

ဓမ္မပဒပုပ္ဖဝဂ်၌ ရှစ်ခုမြောက်သော ဝိသာခါ ဒါယိကာမကြီး၏

ဝတ္ထုစကားအစဉ်ကား ဤတွင်ရွေ့ပြီး၏။

---

## ၉။ အာနန္ဒထေရပဉှာ အကြောင်း

### ပစ္စုပ္ပန်ဝတ္ထု

န ပုပ္ဖဂန္ဓော ပဋိဝါတမေတိ အစရှိသော ဤဓမ္မဒေသနာ ပါဌ်ဂါထာတို့ကို ဗြဟ္မာလူနတ် ပါယ်လေးရပ်တို့ဖြင့် တစပ်တည်းပြေးသွားလျက် မျောပါးနစ်မြုပ် ကုန်သော ဒုက္ခိတသတ္တဝါ ဝေနေယျာအပေါင်းတို့ကို လမ်းကြောင်းညွှန်ပြ ဆုံးမတော်မူတတ်သော သံကတ်ဂုဏ်ဟိတ် ဝိသိဋ္ဌသြဘာကြောင့် သတ္ထာမည်တော် မူသော မြတ်စွာဘုရား ကိုယ်တော်မြတ်သည် အရပ်ရပ်သော ရတနာတို့ဖြင့် လွန်စွာဖြိုးဘိ ဂုဏ်ထူးရှိသော သာဝတ္ထိပြည်မြတ်၌ ချဉ်းကပ်သီတင်းသုံးတော် မူသောအခါ ငါးဖြာဒေဒဂ် မိန့်မြွက်ကျူးနိုပ် ဂုဏ်ရုပ်ထင်ပေါ် ညီတော် မြတ်လေး အလုပ်အကျွေး ဖြစ်တော်မူသော ရှင်အာနန္ဒာမထေရ်မြတ်၏ မေး လျှောက်အပ်သော အမေးပုစ္ဆာကို ဖြေဆိုတော်မူခြင်းကို အကြောင်းပြုသော အားဖြင့် ဟောကြားတော်မူခဲ့ပေသတည်း။

### အကြောင်းအတ္ထုပ္ပတ္တိအစဉ်ကား ဤသို့တည်း

အရှင်အာနန္ဒာမထေရ်သည် ညချမ်းသော အခါကာလ၌ ဆိတ်ငြိမ်ရာသို့ ချဉ်းကပ် ကိန်းအောင်းတော်မူပြီးသော အခါ ကြံဆင်ခြင်တော်မူသည်မှာ

မြတ်စွာဘုရားသခင်သည် အနှစ်တည်းဟူသော အနံ့၊ အမြစ်တည်းဟူသောအနံ့ အပွင့်တည်းဟူသော အနံ့အားဖြင့် ဤသုံးပါးကုန်သော အနံ့တို့ကို မြတ်သော အနံ့တို့ဟူ၍ ဟောကြားတော်မူအပ်ကုန်၏။ ထိုအနံ့တို့သည် လေအောက်သို့သာ အစဉ်လျှောက်၍ သင်းပျံ့မွှေးကြိုင် လှိုင်စေနိုင်၏ လေတင်လေညာသို့ တက်ကာ မွှေးကြိုင် လှိုင်ခြင်းငှါ မစွမ်းနိုင်။ အကြင်အနံ့သည် လေတင်လေညာသို့ လည်းကောင်း၊ လေအောက်သို့ လည်းကောင်း ပြေးရောက်ပျံ့ကြိုင် ရနံ့သိုင်စေ နိုင်၏။ ထိုသို့သော နံ့သာသည် ရှိပါအံ့လော။ ဤသို့သော အကြောင်းကို ငါသည် ဆုံးဖြတ်ခြင်းငှါ မစွမ်းနိုင်။ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကို လျှောက်ထားမေးမြန်းအံ့ဟု ကြံ၍ ထိုအာနန္ဒာသည် မြတ်စွာဘုရား သီတင်း သုံးတော်မူရာ အရပ်သို့ ချဉ်းကပ် ဝပ်တွားလျက် လျှောက်ကြား ပန်ဆင် သည်မှာ ဘုန်းတော်အလွန် ကြီးမြတ်တော်မူပေသော မြတ်စွာဘုရား လောက၌ ထင်ရှားရှိကုန်သော ဤသုံးပါးသော နံ့သာတို့သည် လေအောက်သို့သာ သင်းပျံ့မွှေးကြိုင် လှိုင်သောရနံ့ကို ဖြစ်စေနိုင်ပါသည် လေဝင် လေညာသို့ တက်ကာ မွှေးကြိုင်လှိုင်သော ရနံ့ကို မဖြစ်စေနိုင်ပါ ထိုသုံးပါးသော အနံ့တို့ ဟူသည် အဘယ်သည်တို့ပါနည်း ဟူမူကား အမြစ်တည်းဟူသော နံ့သာတစ်ပါး အနှစ်တည်းဟူသော နံ့သာတစ်ပါး အပွင့်တည်းဟူသော နံ့သာတစ်ပါး အားဖြင့် ဤသုံးပါးတို့တည်း။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ထိုသုံးပါး ကုန်သော အနံ့တို့သည် လေအောက်သို့သာ သင်းပျံ့ကြိုင်လှိုင်သော ရနံ့ရှိနိုင် ပါသည်။ လေတင်လေညာသို့ ဆန်တက်၍ နှစ်သက်ဖွယ်ရာ နံ့သာသင်းကြိုင် လှိုင်စေနိုင်သည် မဟုတ်ပါ။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား အကြင်အနံ့သည် လေအောက်သို့ လည်းကောင်း၊ လေတင်လေညာသို့သော် လည်းကောင်း၊ လေအောက် လေညာသို့သော် လည်းကောင်း သင်းပျံ့မွှေးကြိုင် လှိုင်စေနိုင်၏ ထိုနံ့သာသည် လောက၌ ရှိပါအံ့လောဟု မေးလျှောက်၏။

## မွှေးကြိုင်လှစွာသော နံ့သာအကြောင်း

မြတ်စွာဘုရား ကိုယ်တော်မြတ်က ထိုအမေးကို ဖြေဆိုတော်မူလိုသော ကြောင့် ချစ်သား အာနန္ဒာ အကြင်နံ့သာတို့သည် လေအောက်သို့သော် လည်းကောင်း လေညာသို့သော် လည်းကောင်း လေအောက် လေညာသို့သော် လည်းကောင်း သင်းပျံ့မွှေးကြိုင် လှိုင်သောရနံ့ကို ထွက်ပြေးစေနိုင်၏။ ထိုနံ့သာတို့သည် အထင်အရှား ရှိပေကုန်၏ဟု ဝန်ခံ၍ မိန့်တော်မူလျှင် အရှင်အာနန္ဒာမထေရ်ကဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားလေအောက် သို့သော် လည်းကောင်း လေညာသို့သော် လည်းကောင်း လေအောက် လေညာသို့သော် လည်းကောင်း ပြေးထွက်သင်းပျံ့ ရနံ့မွှေးထုံနိုင်သော နံ့သာ

ဟူသည် အဘယ်ပါနည်းဟု လျှောက်ကြားပြန်သောကာလ မြတ်စွာဘုရား ကိုယ်တော်မြတ်က ချစ်သား အာနန္ဒာ အကြင်သို့သော မြို့ရွာ၌လည်းကောင်း နိဂုံး ဇနပုဒ်၌လည်းကောင်း နေထိုင်လေ့ရှိသော မိန်းမသည်လည်းကောင်း ယောကျ်ားသည် လည်းကောင်း မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကို ဆည်းကပ်ခြင်းသို့ ရောက်၏ တရားတော်ကို ဆည်းကပ်ခြင်းသို့ ရောက်၏ သံဃာတော်ကို ဆည်းကပ်ခြင်းသို့ ရောက်၏။ သူတစ်ပါး၏ ဇီဝိတိန္ဒြေအသက်ကို ပယ်ဖျက်ချသတ်ခြင်း တည်းဟူသော ပါဏာတိပါတမှ ကြဉ်ရှောင်၏။ အရှင်မပေးသော သူတစ်ပါး၏ ဥစ္စာကို ခိုးယူခြင်း တည်းဟူသော အဒိန္နာဒါနမှ ကြဉ်ရှောင်၏ မသွားမရောက်အပ်သော အဂမနီယဝတ္ထုဟု ဆိုအပ်သော ကာမဂုဏ်တို့၌ မှားသော အကျင့်ဖြစ်သော ကာမေသုမိစ္ဆာစာရမှ ကြဉ်ရှောင်၏ မဟုတ်မမှန် ချွတ်ယွင်းသောစကားကို ပြောဆိုခြင်း တည်းဟူသော မုသာဝါဒမှ ကြဉ်ရှောင်၏ သေအရက်ကို သောက်စား ယစ်မူး မေ့လျော့ခြင်း၏ တည်ရာဖြစ်သော သုရာမေရယ မဇ္ဇပမာဒဋ္ဌာနမှ ကြဉ်ရှောင်၏ သီလရှိ၏။ ကောင်းသော အကျင့်ရှိ၏။ ကင်းပျောက် ပယ်ရှားအပ်သော မစ္ဆရိယ တည်းဟူသော အညစ်အကြေးရှိသော စိတ်ဖြင့် အိမ်ရာထောင်သော လူ့ဘောင်၌ နေ၏ လွတ်လွတ်စွန့်ကြဲသော စိတ်နှလုံးရှိသည်ဖြစ်၍ ဖြန့်အပ်သော လက်နှင့်တူသော သဘောရှိ၏။ ခွဲခြမ်း ဝေဖန်၍ ပေးကမ်းလှူဒါန်းခြင်း၌သာ မွေ့လျော်လေ့ရှိ၏။

ထိုကဲ့သို့သော ယောကျ်ား မိန်းမအား အရပ်ရှစ်မျက်နှာတို့၌ နေလေ့ရှိကုန်သော မကောင်းမှု ခပ်သိမ်းမှ ကင်းငြိမ်းပြီးကြ သမဏမည်ကုန်သော သူတို့သည်လည်းကောင်း၊ မကောင်းမှု အကုသိုလ် ဒုစ္စရိတမှ အပပြုပြီးသည် ဖြစ်၍ ဗြာဟ္မဏ မည်ကုန်သော သူတို့သည်လည်းကောင်း၊ ဤအမည်ရှိသော မြို့ ရွာ ဤအမည်ရှိသော နိဂုံးဇနပုဒ်၌ နေလေ့ရှိသောမိန်းမသည်လည်းကောင်း၊ ယောကျ်ားသည်လည်းကောင်း ဘုရား တရား သံဃာ အားဖြင့် ရတနာ သုံးပါးကို မှီဝဲဆည်းကပ်ခြင်းသို့ ရောက်ပေ၏။ ပါဏာတိပါတ စသော ငါးပါးကုန်သော ဂရုဓမ္မတို့မှ ကြဉ်ရှောင်ကုန်၏။ သီလရှိကုန်၏ စသည်တို့ဖြင့် ဂုဏ်ကျေးဇူးစကားတို့ကို များစွာ ချီးမွမ်း ပြောကြားကုန်၏ ထိုကဲ့သို့ သဘောရှိသော ပုဂ္ဂိုလ်ကို တန်ခိုးဣဒ္ဓိပါဒ် ကြီးမြတ်ကုန်သော နတ်များ အပေါင်းတို့သည် ဤအမည်ရှိသော မြို့ ရွာ နိဂုံး ဇနပုဒ်၌ နေလေ့ရှိသော မိန်းမ ယောကျ်ားသည် သရဏဂုံသုံးပါး ဆည်းကပ်ခြင်းသို့ ရောက်၏ စသည်တို့ဖြင့် ဂုဏ်ကျေးဇူးစကားတို့ကို များစွာ ချီးမွမ်း ထောမနာ ပြောကြားကုန်၏။

ချစ်သား အာနန္ဒာ အကြင်သူအား ဤသို့ သဘောရှိသော သီလ သိတင်း စောင့်သုံးခြင်းစသည်ဖြင့် ချီးမွမ်းထောမနာသည်ကို ခံရသော ရန့် သည်သာ လေအောက်လေတင် လေညာသို့ ကောင်းစွာပြေးတက် အထက် အောက်ဖီလာ ရပ်ရွာခပင်း မကြွင်းဥဿုံ အလုံးစုံ ပျံ့နှံ့ခြင်းသို့ ရောက်လေ သည်ဟု မိန့်တော်မူပြီး၍—

၁၄။ န ပုပ္ဖဂန္ဓော ပဋိဝါတမေတိ၊
န စန္ဒနံ တဂရံ မလ္လိကာ ဝါ။
သတဥ္စ ဂန္ဓော ပဋိဝါတမေတိ၊
သဗ္ဗာ ဒိသာ သပ္ပုရိသော ပဝါယတိ။

၁၅။ စန္ဒနံ တဂရံ ဝါပိ၊
ဥပ္ပလံ အထ ဝဿိကီ။
ဧတေသံ ဂန္ဓဇာတာနံ၊
သီလဂန္ဓော အနုတ္တရော—

ဟူသော နှစ်ဂါထာတို့ကို ဟောကြားတော်မူ၏။

### ဒေသနာတော်၏ အကျိုးအာနိသင်

ထိုဒေသနာတော်တို့၏ အဆုံး၌ များစွာကုန်သော သူတို့သည် သောတာ- ပတ္တိဖိုလ် စသည်တို့သို့ ရောက်ကုန်၏။

**အနက်ကား။** ။ပုပ္ဖဂန္ဓော၊ သင်းပျံ့မွှေးထုံ ဂန္ဓာရုံဖြင့် ခံမင်တတ်စွန်း ပန်းရနံ့သည်။ ပဋိဝါတံ၊ လေလာရာသို့ ယူကာဆောင်ငင် လေတင် လေညာသို့။ န ဧတိ၊ လက်ရှစ်သစ်တွက် ပိုလွန်ထွက်အောင် ဆောင်တက်၍ မသွားရောက်နိုင်။ စန္ဒနံ ဝါ၊ စန္ဒကူးနံ့သည် လည်းကောင်း။ တဂရံ ဝါ၊ တောင်ဇလပ် ပန်းနံ့သည် လည်းကောင်း။ မလ္လိကာ ဝါ၊ စပယ်ကြက်ရိုးနံ့သည် လည်းကောင်း။ ပဋိဝါတံ၊ လေတင် သေညာသို့။ န ဧတိ၊ ရှစ်လက်သစ်တွက် ပိုလွန်ထွက်အောင် ဆောင်တက်၍ မသွားရောက်နိုင်။ သတံ၊ ဘုရားအစ သပ္ပုရိသအပေါင်း သူတော် ကောင်းတို့၏။ ဂန္ဓော စ၊ -သီလသိတင်း မကင်းသုံးကြ သီလတည်းဟူသော ရနံ့သည်။ ပဋိဝါတံ၊ လေတင် လေညာသို့။ ဧတိ၊ ရနံ့ထွက်မြောက် ပေါက်ရောက် သွားလာပေ၏။ သပ္ပုရိသော၊ သိတင်းသီလ မကွာရအောင် နှေ့ညဖြည့်သုံး နှလုံးမွေ့လျော် သူတော်ကောင်းတို့ အနံ့သည်။ သဗ္ဗဒိသာ၊ ထက်အောက်ဖီလာ မျက်နှာရပ်ဖုံး အလုံးစုံတို့သို့။ ပဝါယတိ၊ သူတော်ရနံ့ သင်းပျံ့မွှေးကြိုင် လှိုင်ပါပေ၏။

စန္ဒနံ ဝါပိ၊ စန္ဒကူးသည် လည်းကောင်း။ တဂရံ ဝါပိ၊ တောင်ဇလပ်ပန်းသည်လည်းကောင်း။ ဥပ္ပလံ ဝါ၊ ကြာပန်းသည် လည်းကောင်း။ အထ၊ ထိုမှတစ်ပါး။ ဝဿိကီ၊ မြတ်လေးကြက်ရိုး ပန်းသည်လည်းကောင်း။ အတ္ထိ၊ ရှိ၏။ ဧတေသံ ဂန္ဓဇာတာနံ၊ ထိုသို့ ပြအပ်ခဲ့ပြီးကုန်သော အနံ့မျိုးပေါင်းတို့ထက်။ သီလဂန္ဓော၊ သီလသီတင်း စောင့်သုံးခြင်း ရနံ့သည်။ အနုတ္တရော၊ လွန်ကဲထူးမြတ်ပေ၏။ ဝါ၊ အတုမရှိလေ။ ဤကား အနက်။

ဓမ္မပဒပုပ္ဖဝဂ်၌ ကိုးခုမြောက်ဖြစ်သော အာနန္ဒတ္ထေရပဉှာ

ဝတ္ထုကား ဤတွင်ရွေ့ ပြီးဆုံး၏။

---

## ၁၀။ ကဿပထေရ ပိဏ္ဍပါတဒါန အကြောင်း

### ပစ္စုပ္ပန်ဝတ္ထု

အပ္ပမတ္တော အယံ ဂန္ဓော - အစရှိသော ဤဓမ္မဒေသနာ ပါဠိဂါထာကို နတ်ရွာလူ့ဘုံ တွေ့ကြိုက်ကြုံသည့် အာရုံငါးပါး ကာမဂုဏ်တရားတို့ကို လိုက်စားဝပ်မက် နှစ်သက်များစွာ သတ္တဝါတို့ကို လျော်စွာညွှန်းပြ နည်းဓမ္မဖြင့် ဆုံးမတော်မူဇာတ်သော သကတ်ဝိသိဌ် အလာကြောင့် သတ္ထာ မည်တော်မူသော မြတ်စွာဘုရားသခင်သည် ကမ္ဘာတည်စ ရှေးဦးကျလျက် ပျက်ကနောက်ဆုံး ဘုန်းရှိသော မင်းတို့စံရာ ရာဇဂြိုဟ်မြို့ကြီး၏အနီး ရိပ်ဆိုးဖြန့်ယှက်ဝါးညွန့်ခက်တို့ဖြင့် ဝေထွက် တင့်တယ် ဆက်သွယ် ကာရံသည့် အရကြောင့် ဝေဠုဝန်မည်သော မဟာဝိဟာရ၌ ယာပထလေးဖော်ဖြင့် မျှတသီတင်းသုံးတော်မူလျက် အရှင်မဟာကဿပ မထေရ်မြတ်အား ဆက်ကပ်လှူဒါန်းအပ်သော ဆွမ်းဒါနကို အကြောင်းပြုသောအားဖြင့် ဟောကြားတော်မူခဲ့ပေ၏။

### အကြောင်းအတ္ထုပ္ပတ္တိ အစဉ်ကား ဤသို့တည်း

တစ်ခုသောအခါ ကာလဝယ် အရှင်မဟာကဿပမထေရ်သည် ခုနစ်ရက်ကို လွန်မြောက်သဖြင့် နိရောဓသမာပတ်မှ ထတော်မူသည်ရှိသော် ရာဇဂြိုဟ်မြို့၌ အိမ်စဉ်အတိုင်း ဆွမ်းခံခြင်းငှါ လှည့်လည်အံ့ဟု ထွက်ကြွတော်မူ၏။ ထိုခဏ၌ နတ်တို့ကို အစိုးရသော သိကြားမင်း၏ အခြေအရံ အလုပ်အကျွေးဖြစ်ကုန်သော ခိုခြေအဆင်းရှိကုန်သော ငါးရာကုန်သော နတ်သမီးတို့သည် မထေရ်အရှင်မြတ်အား ဆွမ်းအလှူကို ကြည်ဖြူရွှင်လန်း ဆက်ကပ်အံ့-ဟူသော အားထုတ်ခြင်း ရှိကုန်သည်ဖြစ်၍ ငါးရာမျှလောက်ကုန်သော ဆွမ်းတို့ကို စီရင်ပြီးလျှင် ယူလာခဲ့၍ လမ်းခရီးအကြားက ဆီးကြိုတန့်ရပ်ပြီးသောကာလ—

"ဘန္တေ ဣမံ ပိဏ္ဍပါတံ ဂဏှထ၊ သင်္ဂဟံ နော ကရောထ"

ဟူသောပါဌ်ဖြင့် လျှောက်ကြား တောင်းပန်ကြကုန်၏။

**အနက်ကား။** ။"ဘန္တေ၊ ဘုန်းတော်သခင် အရှင်ဘုရား။ ဣမံ ပိဏ္ဍပါတံ၊ နတ်ဖြစ်သုဒ္ဓါ ရသာကိုင်မွှမ်း ဤသည့်ဆွမ်းကို။ တုမှေ၊ ရှင်ပင်ဘုရားတို့သည် ဂဏှထ၊ သနားကြည်ဖြူ ခံယူတော်မူပါကုန်လော့၊ နော၊ တပည့်တော်မတို့အား။ သင်္ဂဟံ၊ လောကုတ် လောကီ၊ နှစ်လီဖြိုးမြင့် ချီးမြှင့်ခြင်းကို။ ကရောထ၊ ပြုတော်မူပါကုန်"။ ဤကားအနက်။

**အဓိပ္ပါယ်ကား။** ။ဘုန်းတော်ကြီးတော်မူသော အရှင်ဘုရား နတ်၌ဖြစ်သော သုဒ္ဓါဘတ် မွှန်မြတ်သော ဤဆွမ်းဘောဇဉ်ကို အရှင်မြတ်တို့သည် သနားကြည်ဖြူ အလှူခံတော်မူပါကုန်လော့ အကျွန်ုပ်တို့အား လောကီ လောကုတ္တရာ နှစ်ဖြာပွါးတိုး အကျိုးကြီးမြင့်အောင် ချီးမြှင့်တော်မူပါ ကုန်လော့ ဟု လျှောက်ထား တောင်းပန်ကြကုန်လျှင် ရှင်မဟာကဿပမထေရ်မြတ်က အသင်တို့သည် ဖဲသွားကြကုန် ငါသည် ဆင်းရဲ ငြိုငြင် ပင်ပန်းနွမ်းနယ်သော သူတို့အား ချီးမြှင့်ခြင်းကို ပြုအံ့ဟု မိန့်တော်မူ၏ အရှင်ဘုရား တပည့်တော် မတို့ကို မပျက်ဆီးပါလင့် အရှင်ဘုရားသည် အလှူခံတော်မူပါ တပည့်တော် မတို့အား ချီးမြှင့်တော်မူပါကုန်ဟု နတ်သမီးတို့သည် ထပ်ကာထပ်ကာ တောင်းပန်သောအခါ၌ ရှင်မဟာကဿပမထေရ်သည် ထပ်ကာထပ်ကာ ပယ်မြစ်သော်လည်း နတ်သမီးတို့သည် ဖဲခွါ၍ မသွားလိုသောကြောင့် အသင် တို့သည် မိမိ၏ ပမာဏကို မသိကြလေကုန် ဖဲသွားကြကုန်လော့ဟု မိန့်တော် မူ၍ မထေရ်သည် လက်ဖျစ်ကို တီးခတ်တော်မူ၏ မထေရ်၏ လက်ဖျစ်တီးသံကို ကြား၍ ငါးရာကုန်သော နတ်သမီးတို့သည် တုန်လှုပ်ထိတ်လန့်ခြင်း ရှိသဖြင့် မိမိ၏နေရာ၌ ရပ်တည်၍ နေခြင်းငှါ မစွမ်းနိုင်ရကား ပြေးလွှား တိမ်းရှောင် ပြီးသော အခါ နတ်ရွာဒေသ သိကြားမင်း ထံမှောက်သို့ ပြန်ရောက်တက် သွားကြသဖြင့် သိကြားမင်းက အသင်တို့ ဘယ်အရပ်သို့ သွားကြသနည်းဟု မေးသည်ရှိသော် အရှင်သိကြားမင်း၊ သမာပတ်မှ ထတော်မူလာသော အရှင် မဟာကဿပမထေရ်အား ဆွမ်းလှူခြင်းငှါ သွားပါသည်ဟု လျှောက်လျှင် အသင်တို့ လှူရပါ၏လောဟု မေးသဖြင့် အရှင်သိကြားမင်း မထေရ်မြတ်က ခံယူတော်မူခြင်းငှါး အလိုမရှိပါဟု လျှောက်ပြန်သည်ကာလ မထေရ်မြတ်က အဘယ်သို့ မိန့်တော်မူသနည်းဟု မေးတော်မူပြန်လျှင် အရှင်သိကြားမင်း မထေရ်မြတ်က ဆင်းရဲငြိုငြင် ပင်ပန်းနွမ်းနယ်ကုန်သော သူတို့အား ချီမြှင့်ခြင်း ကို ပြုအံ့ဟု မိန့်တော်မူပါသည်ဟု လျှောက်၏။

## သိကြားမင်းနှင့် သုဇာတာတို့ သူအိုအသွင်ဖန်ဆင်း၍ ဆွမ်းလှူဒါန်းကြခြင်း

အသင်တို့က အဘယ်သို့သောအသွင်ဖြင့် သွားရောက်ကြ ကုန်သနည်းဟု မေးမြန်းသဖြင့် အရှင်သိကြားမင်း၊ ဤနတ်၏အသွင်ဖြင့်သာ သွားရောက်ပါသည်ဟု လျှောက်သည်ရှိသော်၊ သိကြားမင်းသည် အသင်တို့ကဲ့သို့ သဘောရှိသော သူတို့သည် မထေရ်အား ဆွမ်းအလှူကို အဘယ်မှာ လှူရပေအံ့နည်းဟု ပြောဆို၍ မိမိသည် ပေးလှူခြင်းငှါ အလိုရှိသည် ဖြစ်သောကြောင့်၊ အိုမင်းကြီးရင့်လေပြီးသော ကျိုးသော သွားရှိသော ဖွေးဖွေးဖြူသော ဆံရှိသော နံရိုးကျဲတဲ တုန်လဲမတတ် တည့်မတ်အောင် မရပ်နိုင်သော ရက်ကန်းသည် အဘိုးအို၏ အသွင်ကို ပြုပြင် ဖန်ဆင်းပြီး၍၊ သုဇာတာ မည်သော နတ်မိဖုရားကိုလည်း ထိုသို့ သဘောရှိသော သူအိုမ၏ အသွင်ကို ပြုပြင် ဖန်ဆင်းလျက် တစ်စုံသော ရက်ကန်းသည်တို့နေရာ ခရီးကို ဖန်ဆင်းပြီးသော် ရက်ကန်းချည်ကို ဖြန့်လျက်နေလေ၏။

အရှင်မဟာကဿပ မထေရ်သည်လည်း ဆင်းရဲငြိုငြင် ပင်ပန်းနွမ်းနယ်ကုန်သော သူတို့အား ချီးမြှင့်ခြင်းကိုပြုအံ့ဟု မြို့သို့ ရှေးရှုကြွတော်မူလျက် မြို့၏အပ၌သာလျှင်ဖြစ်သော ထိုရက်ကန်းသည် လမ်းခရီးကိုမြင်၍ ကြည့်ရှုတော်မူသည်ရှိသော် ထိုနှစ်ဦးကုန်သော သူအိုခင်ပွန်းလင်မယားတို့ကို မြင်တော်မူလေ၏၊ ထိုခဏ၌ သိကြားမင်းသည် ရက်ကန်းကိုဖြန့်၍ နေ၏၊ သုဇာတာသည် ရက်ဖေါက်ကို လုံး၍နေ၏၊ အရှင်မဟာကဿပမထေရ်မြတ်သည် ကြံဆင်ခြင်တော်မူသည်မှာ ဤသူအိုလင်မယားတို့သည် အိုမင်းကြီးရင့်သောအရွယ်သို့ကျ၍ဇရာဒုဗ္ဗလအခါ၌သော်လည်း အသက်မွေးပြု အမှုကိစ္စကို ပြုလုပ်ရကုန်၏။ ဤမြို့၌ ဤသူတို့ထက် သာလွန်ပိုမို၍ ဆင်းရဲငြိုငြင် ပင်ပန်းနွမ်းနယ်သော သူသည် မရှိယောင်တကား၊ ဤနှစ်ယောက်ကုန်သော သူအိုလင်မယားတို့သည် တစ်ယောက်ချို တစ်မှုတ်မျှသော ဆွမ်းယာဂုဟင်းရွက်ပုတ်မျှကိုခံယူသုံးဆောင်၍ဤသူအိုလင်မယားတို့အား ချီးမြှင့်ခြင်းကို ပြုအံ့ဟု ကြံဆင်ခြင်တော်မူ၏။ ကြံဆင်ခြင်တော်မူပြီးသော် ရှင်မဟာကဿပမထေရ်မြတ်သည် ထိုသူတို့၏ အိမ်တံခါးဝသို့ ရှေးရှု ကြွတော်မူလေ၏။

သိကြားမင်းသည် မိမိဘို့ အိမ်နေရာသို့ ရှေးရှု ကြွတော်မူလာသော မထေရ်ကိုမြင်၍ သုဇာတာကို ချစ်နှမ ငါတို့၏ အရှင်မထေရ်သည် ဤလမ်းခရီးဖြင့် ကြွတော်မူလာ၏၊ အသင်သည် မမြင်ဘိသကဲ့သို့ ဆိတ်ဆိတ်နေပါလော့၊ ထိုခဏဖြင့်သာလျှင် လှည့်ပတ်ပြီးသောကာလ ဆွမ်းကို ပေးလှူကုန်အံ့ဟုဆို၍ မထေရ်

သည်လည်း အစဉ်အတိုင်း ကြွတော်မူလာ၍ အိမ်တံခါး၌ ရပ်တန့်တော်မူ၏ ထိုသူအိုသမီးခင်ပွန်းတို့သည်လည်း မမြင်ဘိသကဲ့သို့ ပြု၍ အနည်းငယ်ငံ့လင့်ကုန်၏ ထိုနောက်မှ သိကြားမင်းက ရှင်မ ငါတို့အိမ်တံခါးဝ၌ တစ်ဦးသော မထေရ်သည် ရပ်တည်၍ နေဘိသကဲ့သို့ ထင်၏ သွားတဲ့ချေ စူးစမ်း ကြည့်ရှုပါချေလော့ဟု စေခိုင်း၏ အရှင် အသင်တို့သည် သွားရောက် စူးစမ်းကြည့်ရှုပါချေဟု တဖန် ပြန်ပြောသဖြင့် သူအိုအသွင် ဖန်ဆင်းအပ်သော သိကြားမင်းသည် အိမ်မှထွက်လာ၍ မထေရ်အား ငါးပါးကုန်သော ထိခြင်းတို့ဖြင့် ရှိခိုး၍ နှစ်ဖက်သောလက်တို့ဖြင့် ဒူးကိုထောက်၍ အဘယ်မထေရ် ဖြစ်ပါလေသနည်း အဘယ်မထေရ် ဖြစ်ပါလေသနည်းဟု ပြောဆိုညီးတွားပြီးလျှင် အတန်ငယ် အတန်ငယ် တွန့်တိုဆုတ်နစ်၍ သွားပြီးသော် မျက်စိတို့သည် သိမ့်ထိုင်းမှိုင်း တွေဝေလှသည်တကားဟုဆို၍ နဖူးထက်၌ လက်ကိုတင်ထားပြီးလျှင် အထက်သို့မော့၍ ကြည့်ရှုပြီးသော် ဩော်-ဆင်း လေစွတကား ငါတို့၏အရှင် ဖြစ်တော်မူသော အရှင်မဟာကဿပသည် ငါတို့၏ အိမ်တံခါးဝသို့ မကြွတော်မူလာသည်ကား ကြာမြင့်လှပေပြီ ယခုကြွတော်မူလာသည် တစ်စုံတစ်ခု ပေးကမ်းလှူဒါန်းဖွယ်ဖြစ်သော ပစ္စည်းဝတ္ထုသည် ရှိပါသလောဟု ဆို၏ သုဇာတာသည် အတန်ငယ် မွေ့နှောက် ရှာဖွေဟန်ပြု၍ အရှင်ရှိပါ၏ဟု တုံ့ပြန်ပြောဆို၏။

သိကြားမင်းသည် ဘုန်းတော်ကြီးတော်မူသော အရှင်ဘုရား ခေါင်းပါးရှန့်ကြမ်းသည်ကိုလည်းကောင်း မွန်မြတ်သည်ကိုလည်းကောင်း မရေမတွက် မကြံစည်မူ၍အကျွန်ုပ်တို့အားချီးမြှင့်ခြင်းကိုပြုတော်မူပါကုန်လော့ဟု လျှောက်၍ သပိတ်ကို ယူ၍ မထေရ်ကလည်း ထိုသူတို့သည် ဟင်းရွက်ကျက်ရေကို ပေးလှူသည်မူလည်း ဖြစ်စေ ဆန်ကျိုးဆန်ကွဲ ဖွဲနှင့်ရောလျှင်း ပုန်းရေဟင်းကိုလည်း ပေးလှူသည်ဖြစ်စေ ငါသည် ထိုသူတို့အား ချီးမြှင့်ခြင်းကို ပြုအံ့ဟု ကြံတော်မူ၍ သပိတ်တော်ကို ပေးသနားတော်မူ၏ ထိုသူအိုသည် မိမိ၏ အိမ်တွင်းသို့ဝင်၍ ထိုမှ ထမင်းဘောဇဉ်ကိုခူးထုတ်ယူငင်ပြီးလျှင် သပိတ်ကို ပြည့်စေ၍ မထေရ်၏လက်၌ တင်ထား၏။ ထိုဆွမ်းသည် များစွာကုန်သော လက်သုပ်ဟင်းလျာ ရှိသည်ဖြစ်၍ အလုံးစုံသော ရာဇဂြိုဟ်မြို့ကြီးကို အနံ့ဖြင့် လွှမ်းမိုးလေ၏ ထိုအခါ မထေရ်သည် ဤယောကျ်ားအိုကြီးကား နည်းသော ဘုန်းကံရှိ၏ ဤဆွမ်းသည်ကား ဘုန်းကံကြီးမြတ်သော သူတို့ သုံးဆောင်ရာ ဖြစ်ပေ၏။ သိကြားမင်း၏ ဘောဇဉ်နှင့် တူ၏။ အကြောင်း အသို့နည်းဟု ဆင်ခြင်တော်မူ၏။ ထိုသို့ ဆင်ခြင်တော်မူသောအခါ သိကြားမင်းတည်းဟု သိတော်မူ၍ သိကြားမင်း အသင်သည်ဆင်းရဲငြိုငြင် ပင်ပန်းသောသူတို့၏ စည်းစိမ်ချမ်းသာကို လုယက်ဖျက်ဆီးသဖြင့် ဝန်လေးသောအမှုကို ပြုပေ၏။ ယနေ့ ငါ့အား အလှူဒါနကို ပေးလှူ၍ တစ်စုံတစ်ယောက်သည်သာဖြစ်သော ဆင်းရဲငြိုငြင်

ပင်ပန်းသောသူသည် စစ်သူကြီးအရာကိုသော်လည်းကောင်း၊ သူဌေးကြီး၏ အရာကိုသော်လည်းကောင်း ရပေရာ၏ဟုမိန့်တော်မူ၏ သိကြားမင်းက အရှင်ဘုရား တပည့်တော်ထက် ဆင်းရဲသောသူ မရှိပါဟု လျှောက်လျှင် အသင် သိကြားမင်းသည် နတ်ပြည်၌ နတ်အပေါင်းကို အစိုးရသော သိကြားနတ်မင်း၏ စည်းစိမ်ချမ်းသာကိုခံစား၍ နေရပါလျက် အဘယ်အကြောင်းကြောင့် ဆင်းရဲသနည်းဟု မေးတော်မူသောကာလ အရှင်ဘုရား တပည့်တော်သည် နတ်တို့ကို အစိုးရသောသိကြားမင်းဖြစ်သော်လည်းဘုရားပွင့်တော်မမူမီကာလ သာသနာပ ဖြစ်သော ဗာဟိရအခါ၌ ကုသိုလ်ကောင်းမှု ပြုစုအားထုတ်ရပါသည် ဘုရားပွင့်တော်မူပြီးသောကာလ နတ်ဒေဖြစ်ကိုရသဖြင့် ကောင်းမှုပြုခဲ့ကြရကုန်သော စူဠရထနတ်သားသည်လည်းကောင်း မဟာရထနတ်သားသည် လည်းကောင်း အနေကဝဏ္ဏ နတ်သားသည်လည်းကောင်း ဤသုံးယောက်ကုန်သော နတ်သားတို့သည် တပည့်တော်၏ အနီး၌ ဖြစ်ကြပါကုန်သည်။ ကြီးကျယ်တောက်ပသော တန်ခိုးအာနုဘော် ကိုယ်ရောင် ရှိပါကုန်သည်။ ထိုနတ်သားတို့သည် နက္ခတ်ကစားကုန်အံ့ဟု အလုပ်အကျွေး အခြွေအရံတို့ကို ယူပြီးသောကာလ ခရီးမသို့ သက်ကုန်သည်ရှိသော် တပည့်တော်သည် ပြေးသွားပြီးသည် ကာလ တိုက်ခန်း၌ဝင်၍ ပုန်းအောင်းရပါသည် ထိုနတ်သားတို့၏ ကိုယ်မှ ဖြစ်သော ကိုယ်ရောင်သည် တပည့်တော်၏ ကိုယ်ရောင်ကို လွှမ်းမိုးနိုင်ပါသည်။ တပည့်တော်၏ ကိုယ်မှ ထွက်သော ကိုယ်ရောင်သည် ထိုနတ်သားတို့၏ ကိုယ်ရောင်ကို မလွှမ်းမိုးနိုင်ပါ အရှင်ဘုရား တပည့်တော်ထက် ဆင်းရဲသူသည် အဘယ်မှာ ရှိအံ့နည်းဟု လျှောက်၏။

အရှင်မဟာကဿပ မထေရ်မြတ်က ဒကာတော် သိကြားမင်း ဤသို့ပင် ဖြစ်သော်လည်း ဤနေ့ ဤအခါမှစ၍ နောက်နောင်သောကာလ၌ ငါ့အား ဤသို့သော လှည့်ပတ်ပေးလှူခြင်းကို မပြုပါလေလင့်ဟုမိန့်တော်မူ၏ သိကြားမင်းက အရှင်ဘုရား အရှင်မြတ်ဘို့အား လှည့်ပတ်ပေးလှူသောအလှူဒါန၌ တပည့်တော်အား ကုသိုလ်ကောင်းမှုသည် ရရှိပါအံ့လော မရမရှိဘဲပင် ရှိအံ့လောဟု မေးလျှောက်ပြန်လျှင် ဒါယကာ သိကြားမင်း ကောင်းမှု ကုသိုလ်ကိုမူကား ရရှိပါ၏ဟု မိန့်တော်မူသည်ကာလ ဤသို့ ဖြစ်ခဲ့လျှင် ကုသိုလ်ကောင်းမှုကို ပြုစုအားထုတ်ခြင်းမည်သည် ဒကာတော်၏ ဝန်ပါဘုရားဟု လျှောက်ကြား၍ သိကြားမင်းသည် မထေရ်ကို ရှိခိုးပြီးလျှင် သုဇာတာကို ခေါ်ယူ၍ မထေရ်ကို လက်ယာရစ်လှည့်သည်ကိုပြု၍ ကောင်းကင်သို့ တက်ကြွပြီးသော်—

အဟော ဒါနံ ပရမဒါနံ ကဿပေသု ပတိဋ္ဌိတံ—

ဟူသော ဥဒါန်းထို ကျူးရင့်လေ၏။

**အနက်ကား။** ။ဒါနံ၊ ပေးကမ်းလှူဒါန်းအပ်သော ဒါနသည်။ အဟော၊ ဩြော်-အံ့ဖွယ်ရှိလေစွတကား။ ပရမဒါနံ၊ အလွန်အကြူး အထူးမွန်မြတ်သော ဒါနကို။ ကဿပေသု၊ ခုတင်တေရသ် ပဋိပတ်ကို မပြတ်ဆောင်ထ အရှင်မဟာကဿပ မထေရ်တို့၌။ ပတိဋ္ဌိတံ၊ တည်စေအပ်ပါပြီ။ ဤကား အနက်။

**အဓိပ္ပါယ်ကား။** ။ငါသည် ပေးကမ်း လှူဒါန်းအပ်သော ဒါနသည် ဩြော်-အံ့ဖွယ်ရှိလေစွတကား။ အလွန်အကြူးအထူးကောင်းမြတ်သော ဒါနကို ခုတင်တေရသ် ပဋိပတ်ကို မပြတ်ဖြည့်ဆောင်သော ဘုန်းရောင်တောက်ပ အရှင်မဟာကဿပ၌ တည်စေ အပ်ပေပြီဟု သုံးကြိမ်တိုင်အောင် ဥဒါန်းကျူးရင့်လျက် ကောင်းကင်သို့ တက်ပြီးသည်ကာလ မိမိစံရာ တာဝတိံသာနတ်ပြည်သို့ သွား၏။ မြတ်စွာဘုရားသခင်သည် ကျောင်းတော်၌ သီတင်းသုံးတော်မူလျက် သာလျှင် ထိုသိကြားမင်း၏ ဥဒါန်းကျူးရင့်သော အသံကို ကြား၍ ရဟန်းတို့ကို ခေါ်တော်မူပြီးလျှင် ချစ်သားရဟန်းတို့ ကြည့်ရှုကြကုန်လော့၊ နတ်တို့ကို အစိုးရသော သိကြားမင်းသည် ဥဒါန်းကို ကျူးရင့်လျက် ကောင်းကင်သို့ သွားလေဘိသည်ဟု မိန့်တော်မူ၏။ ရဟန်းတို့က ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ထိုသိကြားမင်းသည် အဘယ်ကြောင့် ဥဒါန်းကျူးရင့်ပါသနည်းဟု မေးလျှောက်လေလျှင် ချစ်သား ရဟန်းတို့ ထိုသိကြားမင်းသည် လှည့်ပတ်ပြီးသောကာလ ငါ၏သားတော် ကဿပအား ဆွမ်းကိုပေးလှူ၏၊ ဆွမ်းကို ပေးလှူပြီး၍ ဝမ်းမြောက်ဝမ်းသာသော စိတ်ရှိသည်ဖြစ်၍ ဥဒါန်းကို ကျူးရင့်လျက် သွားလေဘိသည်ဟု မိန့်တော်မူသော် ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား အရှင်မြတ်သည် အဘယ့်ကြောင့် သိအပ်ပါသနည်းဟု မေးလျှောက်ပြန်သောကာလ ချစ်သား ရဟန်းတို့ ငါ၏သားတော်နှင့် တူသော အိမ်စဉ်မပြတ် ဆွမ်းရပ်ခံသော ပိဏ္ဍပါတိက ပုဂ္ဂိုလ်ကို နတ်တို့သည်လည်းကောင်း လူတို့သည်လည်းကောင်း ချစ်မြတ်နိုးကုန်သလျှင် ကတည်းဟု မိန့်တော်မူပြီး၍—

ပိဏ္ဍပါတိက ဘိက္ခုနော၊ အတ္တဘရဿ အနညပေါသိနော။

ဒေဝါ ပိဟယန္တိ တာဒိနော၊ ဥပသန္တဿ သဒါ သတီမတော—

ဟူသော ဥဒါန်းဂါထာကို ကျူးရင့်တော်မူ၏။

**အနက်ကား။** ။အတ္တဘရဿ၊ မိမိကိုယ်ကိုလုပ်ကျွေး မွေးမြူထသော။ အနညပေါသိနော၊ သူတပါး မမွေးမြူအပ်ထသော။ ပိဏ္ဍပါတိကဿ၊ ဆွမ်းခံလှည့်လည်ထသော။ ဥပသန္တဿ၊ ကိလေသာမှ ငြိမ်းပြီးသည်ဖြစ်၍။ ဝါ၊ ငြိမ်းထသော။ သဒါ၊ အခါခပ်သိမ်း။ သတီမတော၊ အမြဲမပြတ် ဆောက်တည်အပ်သော တာဒိနော၊ ထိုသို့ သဘောရှိသော။ ဝါ၊ တာဒိဂုဏ်နှင့် ပြည့်စုံသော။ ဘိက္ခုနော၊

သတိရှိထသော ရဟန်းအား။ ဒေဝါပို၊ တန်ခိုးကြီးပါဒ် လွန်ထူးမြတ်သော နတ်တို့သည်လည်း။ ဝိဟယန္တိ၊ သဒ္ဓါကြည်ညို ရှိသေ ချစ်မြတ်နိုးကုန်၏။ ဤကား အနက်။

မြတ်စွာဘုရားသခင်သည် ဤသို့သော ဥဒါန်းကို ကျူးရင့်တော်မူပြီး၍ ချစ်သား ရဟန်းတို့ နတ်တို့ကို အစိုးရသော သိကြားမင်းသည် ငါဘုရား သား‌တော်ဖြစ်သော ကဿပ၏ သီလတည်းဟူသော အနံ့ကြောင့် လာရောက် ပြီးလျှင် ဆွမ်းအလှူကို ကြည်ဖြူရွှင်လန်း လှူဒါန်းပေးကမ်းခြင်းကို ပြုလေ သတည်းဟုမိန့်တော်မူ၍—

၅၆။ ။အပ္ပမတ္တော အယံ ဂန္ဓော၊ ယွာယံ တဂရစန္ဒနီ။
ယော စ သီလဝတံ ဂန္ဓော၊ ဝါတိ ဒေဝေသု ဥတ္တမော—

ဟူသော ဂါထာကို ဟောကြားတော်မူ၏။

## ဒေသနာတော်၏ အကျိုးအာနိသင်

ဤဒေသနာတော်၏ အဆုံး၌ များစွာကုန်သော သူတို့သည် သောတာ ပတ္တိဖိုလ် စသည်တို့သို့ ရောက်ကုန်၏။

**အနက်ကား**။ ။တဂရစန္ဒနီ၊ တောင်ဇလပ်ပန်း စန္ဒကူး၏။ ယွာယံ ယော အယံ ဂန္ဓော၊ အကြင်အနံ့သည်။ အတ္ထိ၊ ရှိ၏။ အယံ ဂန္ဓော၊ သင်းတုံ မွှေးပျံ့ ဤအနံ့သည်။ အပ္ပမတ္တော၊ အနည်းငယ်မျှသာတည်း။ ပါ၊ နည်းသော အတိုင်းအရှည်ရှိ၏၊ သီလဝတံ၊ သီလရှိသော သူတို့၏။ ယော စ ဂန္ဓော၊ အကြင် အနံ့သည်။ အတ္ထိ၊ ရှိ၏။ သော ဂန္ဓော၊ ထိုသီလ တည်းဟူသော အနံ့သည်။ ဥတ္တမော၊ ထူးကဲလွန်မြတ်၏။ ဝါ၊ ထူးကဲလွန်မြတ်သည်ဖြစ်၍။ ဒေဝေသု၊ နတ်ပြဟ္မာပြည်တို့၌။ ဝါတိ- ဝါယတိ၊ ပျံ့နှံ့သင်းကြိုင်လှိုင်စေ၏။ ဤကား အနက်။

ဓမ္မပဒ ပုပ္ဖဝဂ်၌ ဆယ်ခုမြောက်သော ကဿပထေရ ပိဏ္ဍပါတဒါန ဝတ္ထုကား ဤတွင်ရွေ ပြီး၏။

## ၁၁။ ဂေါဓိကမထေရ်ပရိနိဗ္ဗာန်ပြုသောအကြောင်း

ပစ္စုပ္ပန်ဝတ္ထု

**တေသံ** သမ္ပန္နသီလာနံ-အစရှိသော ဤသုတ္တန်ဒေသနာ ပါဠိဂါထာကို ဆရာတစ်ဆူ ဖြစ်တော်မူသော သဃမ္ဘူမြတ်စွာ ဘုရားသည် ဝေဠုဝန်ကျောင်း တောင်ညို ရံပတ်ခိုသော ရာဇဂြိုဟ်မြို့ကြီးကို နိမိုးရည်ရှု ဂေါစရဂံပြုသဖြင့် တုမှဲ့သောဘောင်း ဝေဠုဝန်ရွှေကျောင်း၌ ကိန်းအောင်း စမ္ပာယ်တော်မူပြီးသောကာလ ဂေါဓိကမထေရ်၏ ပရိနိဗ္ဗာန် စံယူတော်မူသည်ကို အကြောင်းပြုသောအားဖြင့် ဟောကြားတော်မူခဲ့ပေသတည်း။

### အကြောင်း အတ္ထုပ္ပတ္တိ အစဉ်ကား ဤသို့တည်း

ထို အရှင်ဂေါဓိကမထေရ်သည် ဣသိဂိလိတောင်၏ နံပါးဖြစ်သော မျက်စဉ်းညိုရောင် ပြောင်ပြောင်တောက်ပသော တစ်ခုသော ကျောက်ဖျာထက်၌ သီတင်းသုံးတော်မူလျက် မမေ့မလျော့ ပြင်းစွာ အားထုတ်အပ်သော လုံ့လဝီရိယဖြင့် ကေဂ္ဂတာ သမာပတ်ဈာန်တရားသို့ ရောက်စေပြီး၍ တစ်ပေါက်ထိုးတည်း လျောင်းအိပ်လျက် မထမလှုန် မပြန်နိုင်သော ရောဂါဝေဒနာ၏ အစွမ်းဖြင့် ရအပ်သော ဈာန်မှ ယုတ်လေ၏။ ဤနည်းအတူသာလျှင် ဈာန်ကို ဖြစ်စေ၍ ခြောက်ကြိမ်တိုင်တိုင် ဈာန်မှ ယုတ်၏၊ ခုနစ်ကြိမ်မြောက်၌ ဈာန်ကို ဖြစ်စေ၍ ကြံဆခြင်တော်မူသည်မှာ ငါသည် ခြောက်ကြိမ်တိုင်တိုင် ရအပ်ပြီးသော ဈာန်မှ ယုတ်ခဲ့၏။ ယုတ်သော ဈာန်ရှိသည် ဖြစ်၍ ပကတိသော အဖြစ်ဖြင့် သေလွန်ကွယ်ပျောက် စုတေစိတ်ချုပ်ခြင်းသို့ ရောက်ရသည်ရှိသော် လားရာဂတိ ချွတ်လွဲ၍ မမြဲသည်သာ အမှန်စင်စစ် ဖြစ်ပေအံ့သည် ယခု ခုနစ်ကြိမ်မြောက် ဈာန်သို့ ရောက်သည့်အခါ လက်နက်ကို ရှာဖွေ ယူဆောင်၍ မိမိ၏ ကိုယ်ကို မိမိ သတ်ဖြတ်၍ သေတော့အံ့ဟု ကြံပြီးလျှင် ဆံရိတ်သော ဓားငယ်ကို ကိုင်ယူ၍ လည်ချောင်းကို လှီးဖြတ်ခြင်းငှါ ညောင်စောင်း၌ လျောင်းအိပ်၏။

### မာရ်နတ်သားက မြတ်စွာဘုရားအား လျှောက်ထားခြင်း

ဝသဝတ္တီ နတ်ပြည်၌ စံနေသော မာရ်နတ်မင်းသည် ထို ဂေါဓိကမထေရ်မြတ်၏ စိတ်အကြံတော်ကို သိ၍ ဤရဟန်းသည် လက်နက်ကို ဆောင်ယူ ကိုင်ငင် ပြီးသော ကာလ မိမိကိုယ်ကို မိမိ သတ်ခြင်းငှါ အားထုတ်၏။ ဤသို့ ဆောင်ယူ-အားထုတ်သည် ရှိသော် ဇီဝိတိန္ဒြေ အသက်၌ ငဲ့ကွက် တွယ်တာ ညှာတာခြင်း မရှိမူ၍ ဝိပဿနာတို့ကို ပွါးများ ထင်စေ

ပြီးသော ကာလ အရဟတ္တဖိုလ်သို့ ရောက်ပေလတ္တံ့ အကယ်၍ ငါသည် ထိုရပ်နန်းကို သွား၍ တားမြစ်အံ့။ ငါ၏ စကားကို နာယူခြင်း မပြုဘဲ ရှိပေလိမ့်မည်။ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကို မြစ်စေအံ့ဟု ကြံပြီးလျှင် ထိုမာရ်နတ်သားသည် မထင်ရှားသော အသွင်ဖြင့် မြတ်စွာဘုရားသခင်သို့ ချဉ်းကပ်၍—

မဟာဝီရ မဟာပည၊ ဣဒ္ဓိယာ ယသသာ ဇလ။
သဗ္ဗဝေရ ဘယာတီတ၊ ပါဒေ ဝန္ဒာမိ စက္ခုမ။

သာဝကော တေ မဟာဝီရ၊ မရဏံ မရဏာဘိဘူ။
အာကင်္ခတိ စေတယတိ၊ တံ နိသေဓ ဇုတိန္ဓရ။

ကထဉှိ ဘဂဝါ တုယှံ၊ သာဝကော သာသနေ ရတော။
အပ္ပတ္တမာနသော သေက္ခော၊ ကာလံ ကြိယာ ဇနေသုတ—

ဟူသော သုံးဂါထာတို့ဖြင့် လျှောက်ကြား၏။

**အနက်ကား။** ၊မဟာဝီရ၊ ကြီးသော လုံ့လရှိတော်မူထသော။ မဟာပုည၊ ကြီးမြတ်သော ဘုန်းကြက်သရေတော် ရှိတော်မူထသော။ ဣဒ္ဓိယာ၊ တန်ခိုးတော်ဖြင့်။ ယသသာ၊ အခြံအရံဖြင့်၊ ဇလ-ဇလန္တော၊ တောက်ပသည် ဖြစ်၍။ ဝါ၊ တောက်ပထသော။ သဗ္ဗဝေရဘယာတီတ၊ ကြွင်းမဲ့ဥဿုံ အလုံးစုံကုန်သော ဘေးရန်တို့ကို လွန်မြောက်တော်မူပြီးထသော။ စက္ခုမ၊ မျက်စိအမြင် ရှိတော်မူသော မြတ်စွာဘုရား။ တေ၊ အရှင်ဘုရား၏။ ပါဒေ၊ ခြေစက်ပဒုံ ခြေတော်စုံတို့ကို။ အဟံ၊ တပည့်တော်သည်။ ဝန္ဒာမိ၊ လက်အုပ်ချီမိုး ဦးညွှတ်သျှိုး၍ ရှိခိုးပါ၏ ဘုရား။

မဟာဝီရ၊ ကြီမြတ်သော လုံ့လရှိတော်မူသော မြတ်စွာဘုရား။ တေ၊ ရှင်တော်မြတ်ဖျား စောဘုရား၏၊ သာဝကော၊ တပည့်သားတော်မြတ်ဖြစ်သော အရှင်ဂေါဓိကသည်။ မရဏာဘိဘူ၊ သေခြင်းဖြင့် နှိပ်စက်အပ်သည် ဖြစ်၍။ မရဏံ၊ သေခြင်းကို။ အာကင်္ခတိ၊ တောင့်တတော်မူဘိ၏။ စေတယတိ၊ လုံ့လ ဥဿာဟဖြင့် စေ့ဆော်ဘိ၏။ ဇုတိန္ဓရ၊ ပြိုးပြက် ပြောင်ပြောင် မြတ်သော အရောင်ကို ဆောင်တော်မူသော မြတ်စွာဘုရား။ တွံ၊ အရှင်ဘုရားသည်။ တံ၊ ထိုသေခြင်း၌ တောင့်တ လုံ့လဥဿာဟဖြင့် စေ့ဆော်သည်ကို။ နိသေဓ၊ တားမြစ် ပိတ်ပင်ကော်မူပါလော့။

ဇနေသုတ၊ သတ္တဝါအပေါင်း၌ ထင်ရှားတော်မူသော။ ဘဂဝါ၊ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား။ တုယှံ၊ ရှင်တော်ဘုရား၏။ သာသနေ၊ ဆုံးမသြဝါ သာသနာတော်၌။ ရတော၊ မွေ့လျော်သော။ သာဝကော၊ တပည့်သာဝကသည်။ သေက္ခော၊ သေက္ခသာ ဖြစ်လျက်။ အပ္ပတ္တမာနသော၊ အရဟတ္တဖိုလ်သို့ မရောက်ဘဲ။ ကာလံ ကြယာ၊ သေလွန်သည်ကို ပြုခြင်းသည်။ ကထံ၊ အဘယ်သို့သာ သင့်လျော်နိုင်ပါမည်နည်း။ ဤကား အနက်။

အဓိပ္ပါယ်ကား။ ။ကြီးသော လုံ့လ ဥဿာဟ ဝီရိယ ရှိတော်မူထသော ကြီးမြတ်သော ဘုန်းကျက်သရေတော် ရှိတော်မူထသော တန်ခိုးတော်ဖြင့်လည်းကောင်း မြတ်သော အခြံအရံဖြင့်လည်းကောင်း ဝန်းကျင်ပတ်ကုံး အဆုံးမရှိသော အရပ်ဌာန၌ ထွန်းလင်း တောက်ပတော်မူထသော ကြွင်းမဲ့ဥဿုံ အလုံးစုံကုန်သော ရန်ဘေးတို့မှ ကင်းဝေး လွန်မြောက်တော် မူပြီးထသော စက္ခုငါးပါးတို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား ရှင်တော်ဘုရား၏ ရွှေစက်ပဒုံ ခြေတော်စုံတို့ကို တပည့်တော်သည် ပူဇော်မြတ်နိုး ရှိခိုးပါ၏။ ကြီးမြတ်သော လုံ့လဥဿာဟဝီရိယ ရှိတော်မူသော မြတ်စွာဘုရား ရှင်တော်မြတ်ဖျား စောဘုရား၏ သားတော်မြတ် ဖြစ်သော အရှင်ဂေါဓိကသည် သေခြင်းဖြင့် နှိပ်စက်အပ်သည်ဖြစ်၍ သေခြင်းကို တောင့်တဘိ၏၊ သေခြင်း၌ စေ့ဆော်ဘိ၏။ အရောင်အပေါင်းကို ဆောင်တော်မူသော မြတ်စွာဘုရား.... ထိုသို့သေခြင်းကို တောင့်တ စေ့ဆော်ဘိသည်ကို အရှင်မြတ်စွာဘုရားသည် တားမြစ်ပိတ်ပင် ကန့်ကွက်တော်မူပါလော့၊ သတ္တဝါအပေါင်းတို့၌ ထင်ရှားကျော်စောတော်မူသော ဘုန်းတော် ကြီးတော်မူပေသော မြတ်စွာဘုရား ရှင်တော်ဘုရား၏ ဆုံးမသြဝါ သာသနာတော်၌ မွေ့လျော် ပျော်ပိုက်လှပါသော ဤကဲ့သို့ သဘောရှိသော သာဝကသည် သေက္ခသာ ဖြစ်လျက် အရဟတ္တဖိုလ်ကို မရောက်သေးဘဲ သေလွန်ခြင်းကို ပြုရမည်အရာသည် အဘယ်မှာ သင့်လျော်လျောက်ပတ်ပါအံ့နည်း၊ အလွန်ပင် မသင့်လျော်ပါသည်ဟု လျှောက်ကြား၏။

## အရှင်ဂေါဓိကမထေရ် ပရိနိဗ္ဗာန်ပြုခြင်း

ထိုသို့ မာရ်နတ်သားသည် မြတ်စွာဘုရားအား လျှောက်ထားစဉ်ခဏ၌သာလျှင်အရှင်ဂေါဓိကမထေရ်သည်လည်း လက်နက်ကို ကိုင်ဆွဲဆောင်ယူသတည်း။ မြတ်စွာဘုရား ကိုယ်တော်မြတ်သည် ဤလျှောက်ထားလာသော သူသည်ကား မာရ်နတ်သားတည်းဟု သိ၍—

ဧဝံဟိ ဓီရာ ကုဗ္ဗန္တိ၊ နာဝကင်္ခန္တိ ဇီဝိတံ။
သမူလံ တဏှမဗ္ဗုယှ၊ ဂေါဓိကော ပရိနိဗ္ဗုတော—

ဟူသော ဂါထာကို မိန့်တော်မူ၏။

**အနက်ကား။** ။ပါဒိမ၊ ခြောက်ဘုံစိုးအုပ် နတ်ယုတ်မိစ္ဆာ ပါပိမာ။ ဧဝံဟိ၊ ဤသို့လျှင်။ ဓီရာ၊ ပညာရှိတို့သည်။ကုဋ္ဌန္တိ၊ ပြုကုန်၏။ ဇီဝိတံ၊ ဇီဝိတိန္ဒြေ အသက်ကို။ နာဝ ကင်္ခန္တိ၊ မတောင့်တကုန်။ သမူလံ၊ မြေးယှက်တွယ်ရစ် အမြစ်နှင့်တကွသော။ တဏှံ၊ စွဲလမ်းတပ်မက် နှစ်သက်တတ်သော တဏှာကို။ အဗ္ဗုယှ၊ နှုတ်ပယ်၍။ ဂေါဓိကော၊ ဂေါဓိကသည်။ ပရိနိဗ္ဗုတော၊ ပရိနိဗ္ဗာန် ပြုလေပြီ။ ဤကား အနက်။

**အဓိပ္ပါယ်ကား။** ။ခြောက်ဘုံစိုးအုပ် နတ်ယုတ်မိစ္ဆာ ပါပိမာ ပညာရှိတို့ မည်သည်ကား ဤသို့သော သဘောရှိသည်ကို ပြုတတ်ကုန်၏။ တဏှာရာဂ ကိလေသာ ထွေးယှက်ပြီးသည့်ကာလ မိမိ၏ ဇီဝိတိန္ဒြေအသက်သည် မပျက် ကွက် မချွတ်လွဲ အမြဲတာရှည် တည်နေရသည်ကို မတောင့်တကုန်။ ဘဝ အသွယ်သွယ်၌ မြေးတွယ် ကျင်လည်စေတတ်သော အမြစ်နှင့်တကွသော တဏှာတရားကို ပယ်ရှားဖြတ်တောက်ပြီးသည်ဖြစ်၍ ငါ၏သားတော် ဂေါဓိက သည်ပရိနိဗ္ဗာန်ပြုလေပြီဟု မိန့်တော်မူ၏။ ဤသို့မိန့်တော်မူပြီးမှ မြတ်စွာဘုရား သခင်သည် များစွာကုန်သော ရဟန်းတို့နှင့်တကွ ဂေါဓိကမထေရ်၏ လက်နက် ကို ကိုင်စွဲလျက် လျောင်းအိပ်ရာဖြစ်သော အရပ်သို့ ကြွလာတော်မူခဲ့၏၊ ထိုခဏ၌ ယုတ်မာညစ်ညမ်းသော သဘောရှိသော မာရ်နတ်သားသည်လည်း အဘယ်အရပ်၌ ဤဂေါဓိကမထေရ်၏ ပဋိသန္ဓေ ဝိညာဉ်သည် တည်နေလေ သနည်းဟု ကြံ၍ အခိုးအစုကဲ့သို့ လည်းကောင်း အမိုက်အစုကဲ့သို့လည်းကောင်း ဖြစ်၍ အလုံးစုံကုန်သော အရပ်မျက်နှာတို့၌ လှည့်ပတ်ပြေးသွား၍ မထေရ် ဝိညာဉ်ကို ရှာမှီး၏။

မြတ်စွာဘုရား သခင်သည် အခိုးအမိုက်တိုက်ကဲ့သို့ ဖြစ်၍ ရှာဖွေသော ထိုမာရ်နတ်သားကို ပြတော်မူ၍ ချစ်သားရဟန်းတို့ ယုတ်မာသော သဘော ရှိသော မာရ်နတ်သားသည် ဂေါဓိက အမျိုးကောင်းသား၏ ဝိညာဉ်ကို ရှာမှီး၍ နေလေသတည်း ဟု မိန့်တော်မူလျှင် ရဟန်းအပေါင်းတို့က ဘုန်း တော်ကြီးတော်မူသော မြတ်စွာဘုရား ဂေါဓိက အမျိုးကောင်းသား၏ ဝိညာဉ်သည် အဘယ်အရပ်၌ တည်ပါလေသနည်းဟု မေးလျှောက်ကြသဖြင့် ချစ်သားရဟန်းတို့ ဂေါဓိက အမျိုးကောင်းသားသည် ဝိညာဉ်တည်နေခြင်း မရှိသဖြင့် ပရိနိဗ္ဗာန်ပြုလေပြီဟု မိန့်တော်မူ၏။

## မာရ်နတ်သားမေးလျှောက်ခြင်း

မာရ်နတ်သားသည်လည်း ဂေါဓိကမထေရ်၏ ဝိညာဏ်တည်ရာဌာနကို ကြည့်ရှုထင်ထင် မြင်ခြင်းငှါ မစွမ်းနိုင်သည်ဖြစ်၍ သတို့သားငယ်၏အသွင်ကို ပြုပြင်ဖန်ဆင်းပြီးသောအခါ ဝါးမှည့်ကဲ့သို့ ဖျော့တော့သော အဆင်းရှိသော စောင်းကို လက်စွဲယူဆောင်ပြီးလျှင် မြတ်စွာဘုရားသခင်အထံသို့ ချဉ်းကပ်၍—

ဥဒ္ဓံ အဓော တိရိယဉ္စ၊ ဒိသာသု အနုဒိသာ သွာဟံ။

အန္ဝေသံ နာဓိဂစ္ဆာမိ၊ ဂေါဓိကော သော ကုဟိံ ဂတော—

ဟူသော ဂါထာဖြင့် မေးလျှောက်၏။

**အနက်ကား။** ။ဘန္တေ၊ အရှင်ဘုရား။ ဥဒ္ဓဉ္စ၊ အထက်၌လည်းကောင်း။ ဝါ၊ အထက်သို့လည်းကောင်း။အဓောစ၊ အောက်မျက်နှာ အဖို့၌လည်းကောင်း။ ဝါ၊ အောက်မျက်နှာ အဖို့သို့လည်းကောင်း။ တိရိယဉ္စ၊ ဖီလာ၌လည်းကောင်း။ ဝါ၊ ဖီလာသို့ လည်းကောင်း။ ဒိသာသု စ၊ အရပ်လေးမျက်နှာတို့၌ လည်းကောင်း။ အနုဒိသာသု စ၊ အထောင့်မျက်နှာတို့၌ လည်းကောင်း။ အဟံ၊ အကျွန်ုပ်သည်။ အန္ဝေသံ၊ ရှာမှီးသည်ရှိသော်။ ဂေါဓိကော၊ ဂေါဓိကမထေရ်ကို။ နာဓိ ဂစ္ဆာမိ၊ ရှာမှီး၍ မရပါ။ သော ဂေါဓိကော၊ ဂေါဓိကမထေရ်သည်။ ကုဟိံ၊ အဘယ်အရပ်သို့။ ဂတော၊ လားကပ်ရပါလေသနည်း။ ဝါ၊ ကုဟိံ၊ အဘယ်အရပ်၌။ ဂတော၊ ဖြစ်ပါလေသနည်း။ ဤကား အနက်။

**အဓိပ္ပါယ်ကား။** ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား။ အထက်အဖို့ အောက်အဖို့ ဖီလာဖြစ်သော အရပ် တူရူမျက်နှာဖြစ်သောအရပ် အထောင့်မျက်နှာဖြစ်သောအရပ်တို့၌ အကျွန်ုပ်သည် ဂေါဓိကမထေရ်ကို လှည့်ပတ်ဖွေရှာပါသော်လည်း တစ်စုံတစ်ရာမျှ မတွေ့မထင် မမြင်ရပါ၊ မြတ်စွာဘုရား ထိုဂေါဓိကမထေရ်သည် အတည်အရပ်၌ ဖြစ်ပါလေသနည်း၊ အတည်အရပ်သို့ လားကပ် ထုတ်ချောက် ရောက်ပါလေသနည်းဟု မေးလျှောက်၏။

## မြတ်စွာဘုရားသခင် ဖြေကြားတော်မူခြင်း

မြတ်စွာဘုရားသ**ခင်** ကိုယ်တော်မြတ်သည် ထိုအမေးကို ဖြေလိုသော ကြောင့် —

ယော ဓီရော ဓိတိသမ္ပန္နော၊ ဈာယီ ဈာနရတော သဒါ။

အဟောရတ္တံ အနုယုဉ္စံ၊ ဇီဝိတံ အနိကာမယံ။

ဆေတွာန မစ္စုနော သေနံ၊ အနာဂန္တွာ ပုနဗ္ဘဝံ။
သမူလံ တဏှံ မအဗ္ဗုယှ၊ ဂေါဓိကော ပရိနိဗ္ဗုတော–

ဟူသော နှစ်ဂါထာတို့ကို မိန့်ဆိုတော်မူ၏။

**အနက်ကား။** ။ယါပိမ၊ ခြောက်ဘုံစိုးအုပ် နတ်ယုတ်မိစ္ဆာ ပါပိမာ၊ယော၊ အကြင်ဂေါဓိကသည်။ ဓီရော၊ ပညာရှိ၏။ ဓိတိသမ္ပန္နော၊ ပညာနှင့် ပြည့်စုံ၏။ ဈာယီ၊ရှအပ်သော ဈာန်ရှိ၏။ သဒါ၊ အခါခပ်သိမ်း။ ဈာနရတော၊ ဈာန်၌ မွေ့လျော်၏။ အဟောရတ္တံ၊ နေ့ညဉ့်ပတ်လုံး။ အနုယုဉ္စံ၊ ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်း ပွါးများအားထုတ်အပ်၏။ ဇီဝိတံ၊ ဇီဝိတိန္ဒြေအသက်ကို။အနိကာမယံ၊ မတောင့်တ။ ဝါ၊ ဇီဝိတံ၊ အသက်ကို။ အနိကာမယံ အနိကာမယန္တော၊ တောင့်တခြင်းကင်းလျက်။ အဟောရတ္တံ၊ နေ့ညဉ့်ပတ်လုံး။ အနုယုဉ္စံ၊ ပွါးများ အားထုတ်အပ်၏။ ဝါ၊ အနုယုဉ္စံ အနုယုဉ္စန္တော၊ လုံ့လကျိုးကုတ် အားထုတ် သော။သောဂေါဓိကော၊ထိုဂေါဓိကသည်။မစ္စုနော၊သေမင်း၏။သေနံ၊ စစ်သည် ဗိုလ်ပါအပေါင်းကို။ ဆေတွာန၊ လေးပါးသော မဂ်ဉာဏ်ဖြင့် တွန်းလှန်ပယ်နှင် အောင်မြင် ဖြတ်တောက်ပြီး၍။ ပုနဗ္ဘဝံ၊ တစ်ဖန်ဘဝသစ်သို့။ အနာဂန္တွာ၊ မလာမရောက်မူ၍။ သမူလံ၊ မြေးတွယ်ထွေးရစ် အမြစ်နှင့်တကွသော။ တဏှံ၊ တပ်မက်တတ်သော တဏှာကို။ အဗ္ဗုယှ၊ နုတ်အပ်ပြီ။ ဝါ-အဗ္ဗုယှန္တော၊ နုတ် ပယ်ပြီးသည်ဖြစ်၍။ ပုနဗ္ဘဝံ၊တစ်ဖန်ဘဝသစ်သို့။ အနာဂန္တွာ၊မလာမရောက်ဘဲ။ ဂေါဓိကော၊ ဂေါဓိကသည်။ ပရိနိဗ္ဗုတော၊ ပရိနိဗ္ဗာန်ပြုလေပြီ။ ဤကားအနက်။

**အဓိပ္ပါယ်ကား။** ။ခြောက်ဘုံစိုးအုပ် ဟယ် မာရ်နတ်ယုတ် ငါ၏သားတော် ဖြင်သော ဂေါဓိကမထေရ်သည် ပညာရှိ၏။ ပညာနှင့်ပြည့်စုံ၏၊ ရှအပ်သော ဈာန်ရှိ၏၊ အခါခပ်သိမ်း ဈာန်၌ မွေ့လျော်၏။ မြင့်ရှည်စွာသော နေ့ညဉ့် ပတ်လုံး အားထုတ်အပ်သော လုံ့လဝီရိယရှိသည်ဖြစ်၍ မိမိ၏ ဇီဝိတိန္ဒြေ အသက်ပျက်စီးအံ့သည်ကိုလည်း မငဲ့ညှာ မတောင့်တ ထိုသို့ လုံ့လဥဿာဟ ရှိသော ဂေါဓိကသည် သေမင်း၏ စစ်သည်ဗိုလ်ပါများစွာကို အောင်မြင် ဖြတ်တောက်၍ တပ်မက်တပ်သော တဏှာတရားကိုပယ်ရှား ပစ်ခွါလျက် တစ်ဖန် ဘဝသစ်သို့ မလာမရောက်ဘဲ ပရိနိဗ္ဗာန်ပြုလေပြီဟု မြတ်စွာဘုရား ကိုယ်တော် မြတ်က မိန့်တော်မူသည်ရှိသော် မာရ်နတ်သားသည် ဂေါဓိကမထေရ်ကား ငါ၏နိုင်ငံတွင်းမှ လွတ်မြောက်လေပြီဟု စိုးရိမ်ပူပန်ခြင်းသောကဖြင့် နှိပ်စက် အပ်သည်ဖြစ်၍ လက်ကတီးကြားမှ စောင်းသည် လွတ်၍ ကျလေ၏။ ထို မာရ်နတ်သားသည် ပြင်းစွာ နှလုံးမသက်သာခြင်း ရှိသည်ဖြစ်၍ ထိုနေရာ ဌာန၌ပင် ကွယ်လေ၏။ ထိုကြောင့် ဋ္ဌင်းအဋ္ဌကထာ၌–

တဿ သောကပရေတဿ၊ ဝီဏာ ကစ္ဆာ အဘဿထ။
တတော သော ဒုမ္မနော ယက္ခော၊ တတ္ထေဝန္တရဓာယထီ—

ဟူသော ဂါထာကို မိန့်တော်မူခဲ့၏။

**အနက်ကား**။ ။သောကပရေတဿ၊ ပူပန်ခြင်း သောကဖြင့် နှိပ်စက်အပ်ထသော။ တဿ၊ ထိုမာရ်နတ်သားအား။ ဝါ၊ မာရ်နတ်သား၏။ **ကစ္ဆာ**၊ လက်ကတီးကြားမှ။ ဝီဏာ၊ စောင်းသည်။ အဘဿထ၊ လွတ်၍ကျလေ၏။ တတော၊ ထိုသို့ စောင်းလွတ်၍ ကျပြီးမှ။ ဒုမ္မနော၊ မသက်မသာ ကြွင်နာသောစိတ်ရှိသော။ သော ယက္ခော၊ ထိုမာရ်နတ်သားသည်။ တတ္ထေဝ၊ ထိုအရပ်၌သာလျှင်။ အန္တရဓာယထိ၊ ကွယ်ပျောက်လေ၏။ ဤကားအနက်။

မြတ်စွာဘုရားသခင်သည်လည်း ဟယ် မာရ်နတ်ယုတ် အသင်အား ဂေါဓိကအမျိုးကောင်းသား၏ ဖြစ်ရာအရပ်ကို အဘယ်မှာ ရှာဖွေကြည့်ရှု၍မြင်ခြင်းငှါ စွမ်းနိုင်ပါအံ့နည်း။ ဂေါဓိက၏ ဖြစ်ရာဌာနကို အသင်ကဲ့သို့သော နတ် သိကြားသည် တစ်ရာသည်လည်းကောင်း တစ်ထောင်သည်လည်းကောင်း ရှာဖွေကြည့်ရှု၍ ထင်မြင်ခြင်းငှါ မစွမ်းနိုင်သည်သာလျှင်တည်းဟု မိန့်တော်မူပြီး၍—

၅၇။ ။တေသံ သမ္ပန္နသီလာနံ၊ အပ္ပမာဒဝိဟာရိနံ။
သမ္မဒညာ ဝိမုတ္တာနံ၊ မာရော မဂ္ဂံ န ဝိန္ဒတိ—

ဟူသောဂါထာကို ဟောတော်မူ၏။

## ဒေသနာတော်၏ အကျိုးအာနိသင်

ထိုဒေသနာ၊ ပါဠိဂါထာ၏အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကုန်၏။

**အနက်ကား**။ ။သမ္ပန္နသီလာနံ၊ မကျိုး မပေါက် မပြောက် မကျားများစွာဖုံ့ဖုံ့ ပြည့်စုံသောသီလ ရှိကုန်ထသော။ အပ္ပမာဒဝိဟာရိနံ၊ သတိမပေါ့မမေ့မလျော့သဖြင့် နေလေ့ရှိကုန်ထသော။ သမ္မဒညာဝိမုတ္တာနံ၊ ကောင်းစွာသိအပ်ပြီးသည်ဖြစ်၍ တဒင်္ဂ ဝိက္ခမ္ဘန စသည်ငါးပါး ဝိမုတ္တိတရားတို့ဖြင့် ပယ်ရှား ဖြတ်ကျွတ် ကိလေသာမှ လွတ်ကုန်ပြီးထသော။ တေသံ၊ ထိုသူတို့၏။ မဂ္ဂံ၊ လားကပ်ရာခရီးကို။ မာရော၊ မာရ်မင်းသည်။ န ဝိန္ဒတိ၊ မသိမထင် မမြင်နိုင်လှ ရှာ၍မရလေ။ ဤကားအနက်။

ဓမ္မပဒပုဗ္ဗဝဂ် တစ်ဆယ့်တစ်ခုမြောက်ဖြစ်သော ဂေါဓိကမထေရ်
ပရိနိဗ္ဗာန်ပြုသော ဝတ္ထုစကားအစဉ်ကား
ဤတွင်ရွေ ပြီး၏။

## ၁၂။ သိရိဂုတ္တသူကြွယ်နှင့် ဂရဟဒိန္နသူကြွယ်တို့၏ အကြောင်း

ပစ္စုပ္ပန်ဝတ္ထု

ယထာသကံ၁ရရဒ္ဒါနသို့ ‐အစရှိသော ဤသို့သောဒေသနာပါဌ် ဂါထာတို့ကို မြတ်စွာဘုရားသခင်သည် ပြည့်အင်ဖြိုးဘိ ဂုဏ်ထူးရှိသော သာဝတ္ထိပြည်မှန် ဇေတဝန်ရွှေကျောင်း၌ ကံနံးအောင်း စံပယ်တော်မူလျက် မသူတော်အလေ့ အောက်မေ့မျက်ကြုတ် ဆိုးယုတ်ပါပ ဂဟာရဒိန္နအမည်ရှိသော နိဂဏ္ဌတက္ကတွန်း တို့၏ တပည့်တကာဖြစ်သော သူကြွယ်ကို အကြောင်း ပြုသောအားဖြင့် ဟောကြားမြွက်ဖော်တော် မူခဲ့လေသတည်း။

### အကြောင်းအတ္ထုပ္ပတ္တိ အစဉ်ကား ဤသို့တည်း

သာဝတ္ထိပြည်ကြီး၌ သိရိဂုတ္တ အမည်ရှိသော သူကြွယ်သည်လည်းကောင်း ဂရဟဒိန္နသူကြွယ်သည်လည်းကောင်း နှစ်ဦးကုန်သော အပေါင်းအဖော် သူကြွယ် တို့သည် ရှိသည်ဖြစ်ကုန်၏ ထိုနှစ်ဦးကုန်သော သူကြွယ်တို့တွင် သိရိဂုတ္တသူကြွယ် သည် မြတ်စွာဘုရားသခင်သို့ မှီဝဲဆည်းကပ်သော တပည့်သားဖြစ်သော ဥပါ- သကာတည်း ဂရဟဒိန္နသူကြွယ်သည်ကား နိဂဏ္ဌတက္ကတွန်းတို့၏ တပည့်တည်း၊ ထိုဂရဟဒိန္န သူကြွယ်ကို ဆရာဖြစ်ကုန်သော နိဂဏ္ဌတက္ကတွန်းတို့က၊ ဒါယကာ အသင်၏ သူငယ်ချင်းအဖော်ဖြစ်သော သိရိဂုတ္တကို အဘယ်ကြောင့် ရဟန်း ဂေါတမကို မှီဝဲဆည်းကပ်စေဘိသနည်း ထိုရဟန်းဂေါတမသို့ မှီဝဲဆည်းကပ်သဖြင့် ရဟန်းဂေါတမ၏ အထံ၌ အဘယ်ကိုရသနည်း ငါတို့ကို မှီဝဲဆည်းကပ်အပ်သည် မဟုတ်ပါတုံလော၊ ငါတို့အားလည်း ပေးကမ်း လှူဒါန်းဖွယ်ကို လှူဒါန်းအပ် သည် မဟုတ်ပါတုံလော အသင်ကသည် ငါတို့အား မှီဝဲဆည်းကပ်ရန် လှူဒါန်း ရန်ကို ဆုံးမပြောဆိုအပ်ပါသည် မဟုတ်တုံလော အဘယ်ကြောင့် မပြော မဆိုဘဲနေဘိသနည်းဟု အစဉ်မပြတ် အထပ်ထပ်သာလျှင် ပြောဆိုတိုက်တွန်း ကုန်၏။

### နိဂဏ္ဌတက္ကတွန်းစကားဖြင့် သိရိဂုတ္တသူကြွယ်အား ပြောကြားခြင်း

ဂရဟဒိန္န သူကြွယ်သည် မိမိ၏ ဆရာဖြစ်သော ထိုနိဂဏ္ဌတက္ကတွန်းတို့၏ ပြောဆိုတိုက်တွန်းသော စကားကို ကြားနာ၍ အတူသွားသောအခါ အတူ ရပ်တည်နေထိုင်သောအခါ စသည်တို့၌ သိရိဂုတ္တသူကြွယ်ကို အဆွေသိရိဂုတ္တ အသင်အား ရဟန်းဂေါတမကို မှီဝဲဆည်းကပ်သဖြင့် အသို့ အကျိုးကျေးဇူးရှိပါ အံ့နည်း ထိုရဟန်းဂေါတမသို့ မှီဝဲဆည်းကပ်သဖြင့် အသင်အား အဘယ်ကို ရသနည်း အဆွေ သိရိဂုတ္တ အသို့နည်း ငါ၏ အရှင်မြတ်တို့ကိုလည်း မှီဝဲချဉ်းကပ်

ခြင်းငှါ အပ်သည့် မဟုတ်တုံလော ငါ၏ဆရာဖြစ်သော ထိုအရှင်တို့အားလည်း လှူဒါန်းပေးကမ်းဖွယ်ကို လှူဒါန်းပေးကမ်းခြင်းငှါ အပ်သည် မဟုတ်ပါတုံလောဟု မပြတ်သာလျှင် ပြောဆို၏။ သီရိဂုတ္တသူကြွယ်သည် ဂရဟဒိန္နသူကြွယ်၏ စကားကို ကြားရှုလည်း များစွာကုန်သော နေ့တို့ပတ်လုံး ဆိတ်ဆိတ် သာလျှင် နေ၏ တစ်နေ့သောနေ့၌ ထိုဂရဟဒိန္န ပြောကြားသော စကားကို ငြီးငွေ့လှသည် ဖြစ်၍ အဆွေ ဂရဟဒိန္န အသင်သည် ငါ့အား အဆွေသီရိဂုတ္တ ရဟန်းဂေါတမကို မှီဝဲဆည်းကပ်သဖြင့် အဘယ်သို့ အကျိုးရှိသနည်း အဘယ်ကို ရသနည်း ငါ၏ဆရာဖြစ်ကုန်သော နိဂဏ္ဌတက္ကတွန်းတို့အား မှီဝဲဆည်းကပ်ပါလော့၊ လှူဒါန်း ပေးကမ်းပါလော့ဟု မပြတ်သာလျှင် ပြောဆို၏။

အသင်၏ ဆရာဖြစ်ကုန်သော နိဂဏ္ဌတက္ကတွန်းတို့သည် အဘယ်ကို သိသနည်းဟု မေး၏။ ဂရဟဒိန္န သူကြွယ်လည်း အဆွေ သီရိဂုတ္တ ဤသို့ မပြောမဆိုပါလင့်။ ငါ၏ အရှင်တို့အား မသိသော အရာမည်သည် မရှိ။ အလုံးစုံသော အတိတ် အနာဂတ် ပစ္စုပ္ပန်ကာလကို လည်းကောင်း အလုံးစုံသော ကာယကံ ဝစီကံ မနောကံကိုလည်းကောင်း၊ ဤအမှုသည် ဖြစ်လတ္တံ့-ဤအမှုသည် မဖြစ်လတ္တံ့သည်ကိုလည်းကောင်း၊ အလုံးစုံထိုက်သည်-မထိုက်သည်ကိုပင် သိပါကုန်၏ဟု ပြောလျှင် သီရိဂုတ္တသူကြွယ်က အလုံးစုံကိုပင် သိပါကုန်သလောဟု မေးပြန်သောကာလ ဩော်-သိပါကုန်၏ဟု ပြောဆိုဝန်ခံသဖြင့် အဆွေ ဂရဟဒိန္န အသင် ပြောဆိုဝန်ခံသော အတိုင်း ဖြစ်ခဲ့ပါလျှင် အသင်သည် အလွန်ဝန်လေးသော အမှုကို ပြုပေသည်။ ဤမျှဤမျှ မြင့်ကြာသော ကာလ အတိုင်းအရှည်ပတ်လုံး ဤသို့သော အကြောင်းကို ငါ့အား အဘယ်ကြောင့် မပြောကြားပါဘိ လေသနည်း။ ယခု အသင်ပြောကြားသည်ဖြစ်သောကြောင့် ယနေ့မှစ၍ ငါသည် အသင့်ဆရာတို့၏ ဉာဏ်အစွမ်းအာနုဘော်ကို သိအပ်ပေပြီ။ အဆွေ ပရဟဒိန္န သွားတော့ချေ အသင်၏အရှင်တို့ကို ငါ၏စကားဖြင့် လျှောက်ကြားပင့်ဖိတ်ပါချေလောဟု ပြော၏။ ထိုဂရဟဒိန္နသူကြွယ်သည် ဆရာဖြစ်သော နိဂဏ္ဌတက္ကတွန်းတို့၏ထံသို့ သွားရောက်၍ နိဂဏ္ဌတက္ကတွန်းတို့ကို ရှိခိုးပြီးသော် အကျွန်ုပ်၏ အဖော်အဆွေခင်ပွန်းဖြစ်သော သီရိဂုတ္တသူကြွယ်သည် နက်ဖြန် အလို့ငှါ အရှင်ဘုရားတို့ကို ပင့်ဖိတ်ပါသည်ဟု လျှောက်လျှင် သီရိဂုတ္တသူကြွယ် ကိုယ်တိုင်ကပင် ဆိုသလောဟု မေးသဖြင့် အရှင်ဘုရားတို့ ဩော်-ဟုတ်ပါ၏ဟု လျှောက်လျှင် ထိုနိဂဏ္ဌတက္ကတွန်းတို့သည် ရွှင်လန်းနှစ်သက်သောစိတ် ရှိကုန်သည်ဖြစ်၍ ငါတို့၏အလိုဆန္ဒကိစ္စသည် ပြီးဆုံးပေပြီ။သီရိဂုတ္တသူကြွယ်၏ ငါတို့၌ ကြည်ညိုသော ကာလမှစ၍ အဘယ်မှာ အလိုဆန္ဒကိစ္စသည် ပြည့်စုံစွာ မဖြစ်ဘဲ ရှိပါတော့အံ့နည်းဟု ပြောဆိုကြကုန်၏။

## နိဂဏ္ဌတက္ကတွန်းတို့သည် မစင်တွင်း၌ ကျရောက်ခြင်း

သိရိဂုတ္တသူကြွယ်၏ နေရာ အိမ်သည်ကား ကြီးကျယ်၏။ သိရိဂုတ္တသူကြွယ်သည် မိမိ၏ နေရာ ဖြစ်ကုန်သော နှစ်ခုကုန်သော အိမ်တို့၏အကြား၌ နှစ်ဘက်အလျား ရှည်စွာသော တွင်းကိုတူးစေ၍ မစင်ဘင်ပုပ်ညှန်ဖြင့် ပြည့်စေ၏။ တွင်း၏အပ နှစ်ဘက်သော အစွန်းတို့၌ သစ်ငုတ်ကိုကို ရိုက်နှက်စိုက်စေ၍ ထိုသစ်ငုတ်တို့၌ ကြိုးတို့ကို ဖွဲ့ချည်စေပြီးသော ကာလ နေရာကိုခင်းသော အခါ ရှေ့ခြေကို တွင်း၏ ရှေ့အဖို့နံပါး၌ တည်စေလျက် နောက်ခြေကိုကြိုးတို့၌ တည်စေပြီးလျှင် အကြင်သို့သော အခြင်းအရာဖြင့် ထိုင်နေလိုက်သည် ရှိသော် အောက်သို့ ဦးခေါင်းစောက်ထိုးကျရာ၏။ ထိုအခြင်းအရာဖြင့် ခင်းထားပြီးမှ အောက်၌ တည်ရှိသော တွင်းကို မသိ မမြင်ရလေအောင် အပေါ်၌ ပုဆိုးဖြူတို့ဖြင့် ဖုံးလွှမ်း ဖုံးလွှမ်း၍ ခင်းထားစေ၏။ ကြီးကုန် ကြီးကုန်သောအိုးစရည်းကြီးတို့ကို ဆေးကြောစေပြီးသောကာလ ငှက်ပျောရွက်တို့ဖြင့် လည်းကောင်း ဖြူသောပုဆိုးပိုင်းတို့ဖြင့်လည်းကောင်း မျက်နှာဝတို့ကို ဖုံးပိတ်စည်းထားစေ၏။ အိုးတို့၏ အတွင်း၌ကား တစ်စုံတစ်ခုမျှ မရှိမူ၍အချည်းနှီးသည် သာလျှင်တည်း။ အိမ်၏ နောက်အဖို့ဖြစ်သော အပနေရာ၌ ယာဂု-ထမင်းလုံး ထောပတ်-ဆီ-ပျား-တင်လဲ-မုန့်မှုန့်တို့ဖြင့် အလိမ်းလိမ်း ဂ.ပ်ငြိသည်ကိုပြု၍ ထားစေ၏။ ဂရဟဒိန္နသူကြွယ်သည် နံနက်စောစောကပင်လျှင် ထိုသိရိဂုတ္တသူကြွယ်၏အိမ်သို့ လျှင်စွာသွားရောက်၍ အရှင်တို့အား ကျွေးမွေးပေးကမ်းလှူဒါန်းဖွယ်ကို စီရင်အပ်ပါပြီလောဟု မေး၏။ သိရိဂုတ္တသူကြွယ်က အဆွေ စီရင်အပ်ပါပြီဟု ဆိုလျှင် ထိုစီရင်၍ထားသော ပေးကမ်းလှူဒါန်းဖွယ်သည် အဘယ်မှာနည်းဟု မေးပြန်သဖြင့် မိမိသည် စီရင်၍ထားသော များစွာသော အိုးစရည်းတို့ကို ဤမျှလောက်သော အိုးစရည်းကြီးတို့၌ ယာဂုကို စီရင်အပ်၏။ ဤမျှလောက်သော အိုးစရည်းကြီးတို့၌ ဆွမ်းကို စီရင်အပ်ကုန်၏။ ဤမျှလောက်သော အိုးစရည်းကြီးတို့၌ ထောပတ် တင်လဲ သကာမုန့် စသည်တို့ကို စီရင်၍ ပြည့်စေအပ်ကုန်၏။ ဤသို့သော နေရာကို ခင်းထားအပ်၏ဟု ညွှန်ပြပြောဆို၏။

ဂရဟဒိန္န သူကြွယ်သည်လည်း ကောင်းလှပြီဟု ပြော၍ ပြန်သွားလေ၏။ ထိုဂရဟဒိန္န သူကြွယ် ပြန်သွားသော ကာလ၌ ငါးရာ ကုန်သော နိဂဏ္ဌတို့သည် လာကြကုန်၏။ နိဂဏ္ဌတက္ကတွန်းတို့ လာသည်ကို သိရိဂုတ္တသူကြွယ်မြင်သောအခါ အိမ်မှထွက်၍ ငါးပါးသော တည်ရာထိခြင်းဖြင့် ရှိခိုးပြီးလျှင် ထိုနိဂဏ္ဌ တက္ကတွန်းတို့၏ ရှေ့မှ လက်အုပ်ကို မြှောက်ချီရပ်တည်နေပြီး၍ ကြံဆင်ခြင်သည်မှာ နိဂဏ္ဌတက္ကတွန်း ဖြစ်ကုန်သော အသင်တို့သည် အတိတ် အနာဂတ် အစရှိသည်ပြားသော အလုံးစုံကိုပင် သိမြင်နိုင်သည်ဟု အသင်တို့

၏ အလုပ်အကျွေးဖြစ်သော ငါ၏အဆွေသည် ပြောဆိုအပ်၏။ ထိုပြောဆိုတိုင်း အသင်တို့သည် အလုံးစုံကို အကယ်၍ သိကုန်သည်ဖြစ်အံ့၊ ငါ၏အိမ်သို့ မကြွ ဝင်လာ ကုန်လင့်။ အိမ်၌ အသင်တို့အား ပြုစုလုပ်ကျွေးဒါန်း ပေးကမ်းကျွေးမွေး ဖွယ် ဖြစ်သော ယာဂု ထမင်းစသည်တို့သည် တစ်စုံတစ်ရာမျှ မရှိချေ၊ အသင် တို့သည် မသိသောကြောင့်သာ ကြွဝင်ကြကုန်သည် မစင်ဘင်ပုပ်တွင်း၌ ကျစေ ပြီးသောကာလ ဆုံးဖြတ်ခြင်းကို ဖြစ်စေအံ့ဟု ကြံဆင်ခြင်၏။ ဤသို့ ကြံဆင်ခြင် ပြီးသောကာလ၊ အမှုလုပ်ယောကျ်ားတို့ကို အသင်တို့ ထိုနိဂဏ္ဌတက္ကတွန်းတို့၏ ထိုင်နေသောအခါ နောက်အဖို့ကတည်၍ အပေါ်ကလွှမ်း၍ ခင်းထားအပ်သော ပုဆိုးတို့ကို ပယ်ကြကုန်လော့ ပုဆိုးတို့ကို မစင်မလိမ်းမကျံစေလင့်ဟု ပြောဆို မှာထား၏။ ထိုနောက်မှ နိဂဏ္ဌတက္ကတွန်းတို့ကို အရှင်တို့သည် ဤအရပ်ဖြင့် ကြွဝင်ကြကုန်လော့ဟု ဆို၏၊ နိဂဏ္ဌတို့သည် ကြွသွားဝင်ရောက် ခင်းထား အပ်သော နေရာ၌ ထိုင်နေခြင်းငှါ အားထုတ်ကုန်၏၊ ထိုနိဂဏ္ဌတက္ကတွန်းတို့ကို အစောင့်အရှောက် အလုပ်အကျွေး လူတို့က အရှင်တို့ ငံ့လင့်တော်မူကြပါဦး တစ်ယောက်စီဝင်၍ ရှေဦးစွာမထိုင်ပါလင့်ဟု တားမြစ်ကုန်၏။အဘယ်အကြောင်း ကြောင့်နည်းဟု မေးသည်ရှိသော် အကျွန်ုပ်တို့၏ အိမ်သို့ဝင်ရောက်ကုန်သော အရှင်တို့အား ထိုင်နေအပ်သော ဝတ်တရားကိုသိ၍ ထိုင်နေအပ်ပါသည်ဟု ပြောသဖြင့် ဒါယကာတို့ အဘယ်သို့ပြုခြင်းငှါ အပ်သနည်းဟု မေးပြန်လျှင် အရှင်ဘုရားတို့ မိမိတို့၏ ရောက်သောနေရာ၏ အရင်းအနီး၌ တံ့ရပ်တည် နေတော်မူပြီး၍ အလုံးစုံသော အရှင်တို့သည် တစ်ပြိုင်နက်တည်းသာ ထိုင်နေ အပ်ပါသည်ဟု ပြော၏။

ဤသို့ တားမြစ်ပြီးသောကာလ တစ်ပြိုင်နက်တည်းနေရာ၌ ထိုင်နေစေခြင်း ငှါ တားမြစ်သောအကြောင်းမှာ ရှေဦးစွာသောသူတို့သည် ထိုင်နေ၍ တွင်းသို့ ကျသည်ရှိသော် ကြွင်းသော သူတို့သည် ဆုတ်နစ် ပြန်လည်၍ ပြေးကုန်လတ္တံ့၊ ထိုကြောင့်တားမြစ်၍ ထားပြီးသည်ကာလ တစ်ပြိုင်နက်တည်း ထိုင်နေစေ သတည်း။ ထိုနိဂဏ္ဌတို့လည်း ကောင်းလှပေပြီဟု ဝန်ခံပြောဆို၍ ထိုသူတို့ ပြောဆိုတိုင်းပင် ငါတို့သည် ပြုခြင်းငှါအပ်၏ဟု ကြံကြကုန်၏။ထိုနောက် အလုံး စုံသော နိဂဏ္ဌတို့သည် မိမိ၏ရောက်သော နေရာအရင်းအနီး၌ အစဉ်အတိုင်း ရပ်တည်ကုန်၏။ ထိုအခါ အမှုလုပ် ယောကျ်ားတို့က နိဂဏ္ဌတို့ကို အရှင်ဘုရား တို့ တစ်ပြိုင်နက်သာလျှင် ထိုင်ကုန်လော့ဟု လျှောက်ကြား၍။ထိုသူတို့ ထိုင်နေ အံ့သောအဖြစ်ကိုသိ၍ နေရာ၏အထက်၌ ခင်းထားအပ်သော အပေါ်လွှမ်းပုဆိုး ကို ဆွဲငင်ခွါယူကုန်၏ နိဂဏ္ဌတို့သည် နေရာ၏ အထက်သို့ တစ်ပြိုင်နက်တည်း တက်၍ ထိုင်နေသည်နှင့် တစ်ချက်တည်းသာလျှင် ယှက်ချည်တုတ်နှောင်၍

ထားအပ်သော ကြိုးတို့၏ အထက်၌ ခင်းထားအပ်သော နေရာတို့သည် လျှောကျကုန်သည်ဖြစ်၍ နိဂဏ္ဍတို့သည် ဦးခေါင်းစောက်ထိုး တွင်း၌ကျကုန်၏။

သီရိဂုတ္တသူကြွယ်သည် ထိုနိဂဏ္ဍတို့ မစင်ဘင်ပုပ်တွင်းသို့ ကျကုန်သည်ရှိသော် တံခါးကိုပိတ်ထား၍တွင်းမှ တက်၍ တက်၍ လာကုန်သော နိဂဏ္ဍတို့ကို အသင်တို့သည်အတိတ်အနာဂတ်ပစ္စုပ္ပန်ကို သိကုန်သည်ဟု ပြောဆိုဝန်ခံကုန်လျက်၊ အဘယ်ကြောင့် မသိကြကုန်သနည်းဟု ပြောဆိုကြိမ်းမောင်း၍ တုတ်ဒဏ်တို့ဖြင့် ရိုက်နှက် ပုတ်ခတ် စေပြီးသောကာလ ဤမျှသော အမှုသည် ထိုသူတို့အား သင့်လျော်လောက်ပြီဟု တံခါးကိုဖွင့်စေ၏။ နိဂဏ္ဍတို့သည် ဖွင့်ရာတံခါးမှထွက်၍ ပြေးခြင်းငှါ အားထုတ်ကုန်သည်ရှိသော် ထိုသူတို့ ထွက်သွားအံ့သောလမ်း၌ အပြေအပြစ်ပြုအပ်သော မြေပြင်ကို ပြစ်ချွဲသော ဝဘ္ဍုဖြင့် အလိမ်းလိမ်း ကပ်ငြိသည်ကို ပြုစေ၏၊ ထို လမ်းခရီးဖြင့် ထွက်ပြေးလာကုန်သော နိဂဏ္ဍတို့သည် တည်တံ့မြဲမြံစွာ သွားခြင်းငှါ မစွမ်းနိုင်သည်ဖြစ်၍ ချွတ်ချော်တိမ်းပါး လဲသွားသည်ကို တစ်ဖန် ရိုက်နှက်ပုတ်ခတ်ပြန်၍ ဤနိဂဏ္ဍတို့အား ဤမျှသော နှိပ်စက်ညှဉ်းပန်းခြင်းဖြင့် တော်လောက်ပေပြီဟု လွှတ်လိုက်၏။ နိဂဏ္ဍတို့သည် အသင်ဒါယကာသည် ငါတို့အား ဖျက်ဆီးလေဘိသည်ဟု ငိုကြွေးမြည်တမ်းလျက် မိမိတို့၏ အလုပ်အကျွေးဖြစ်သော ဂရဟဒိန္န သူကြွယ်၏ အိမ်တံခါးဝသို့ သွားကြကုန်၏။

## သီရိဂုတ္တသူကြွယ်အား ဒဏ်ထားရန် မင်းကြီးထံသို့ တိုင်ကြားခြင်း

ဂရဟဒိန္နသူကြွယ်သည် ထိုသို့သော ဖောက်ပြန်ပျက်စီးခြင်းကိုမြင်၍ ပြင်းစွာ အမျက်ထွက်ရကား လက်တို့ကို ဆန့်တန်းလျက် သီရိဂုတ္တသည် ရှိခိုးကြည်ညို ရိုသေကုန်သောသူတို့အား နတ်နှင့်တကွသော လူ့ပြည်၌ အလိုရှိသည်အား လျော်စွာ ပေးခြင်းငှါ စွမ်းနိုင်သောကောင်းမှုကို ပြုခြင်း၌ လယ်ယာမြေကောင်း သဖွယ်ဖြစ်ကုန်သော ငါ့အရှင်တို့ကို ရိုက်ပုတ်ခတ်ပြီးသောကာလ ဖျက်ဆီးအပ်သည်ကိုပြု၍ ပျက်စီးခြင်းသို့ ရောက်စေဘိသည်တကားဟု မြည်တမ်း ဟစ်အော် ပြောဆိုလျက် မင်းအိမ်နန်းတော်သို့ သွားရောက်ပြီးသော် သီရိဂုတ္တသူကြွယ် အား အသပြာတစ်ထောင်မျှသော ဒဏ်ကို ထားရန်အလို့ငှါ ပြုစေ၏။ မင်းကြီး သည်လည်း မင်းချင်းယောကျ်ားတို့ကို စေလွှတ်၍ သီရိဂုတ္တသူကြွယ် လာရောက် ရန်သော သတင်းစကားကို မှာကြားပို့လွှတ်လိုက်၏။ သီရိဂုတ္တ သူကြွယ်သည် လာရောက်ပြီးသောကာလ မင်းကြီးကို ရှိခိုး၍ အရှင်မင်းမြတ် စူးစမ်းဆင်ခြင်၍ ဒဏ်ကို ယူတော်မူကုန်လော့၊ မစူးမစမ်း မဆင်မခြင်မူ၍ မယူပါလင့်ဟု လျှောက်၏။

အသင်သူကြွယ် စူးစမ်းဆင်ခြင်၍သာ ငါသည်ယူအံ့ဟု မိန့်တော်မူသဖြင့် ကောင်းလှပေပြီ အရှင်မင်းကြီးဟု ပြောဆိုသည်ကာလ၊ထိုသို့တပြီးကား အချင်း သူကြွယ် အကြောင်းကို ဆိုလေလော့ဟု မိန့်တော်မူသဖြင့် အရှင်မင်းမြတ် အကျွန်ုပ်၏ အဖော်အဆွေခင်ပွန်း နိဂဏ္ဌတို့၏ တပည့်ဖြစ်သော ဤဂရဟဒိန္န သူကြွယ်သည် ရှေ့ဦးစွာ အကျွန်ုပ်သို့ချဉ်းကပ်၍ အတူနေထိုင် သွားလာသော ကာလစသည်တို့၌ အစဉ်မပြတ် အဆွေသီရိဂုတ္တ အသင်အား ရဟန်းဂေါတမဖြင့် အဘယ်သို့ အကျိုးရှိအံ့နည်း၊ ရဟန်းဂေါတမကို မှီဝဲဆည်းကပ်၍ အဘယ်ကို ရလတ္တံ့နည်း အစရှိသဖြင့် မိမိကပြန်၍ မေးသောစကား ဂရဟဒိန္နသူကြွယ် က ဝန်ခံသောစကားဟု ဆိုအပ်သော ပြဆိုအပ်ခဲ့ပြီးသော စကားအလုံးစုံကို အကုန်ပြန်ကြားလျှောက်ထား၍ အရှင်မင်းမြတ်အကျွန်ုပ်သည် ထိုသူတို့ပြောဆို ဝန်ခံသောစကားအတိုင်းကိုပြုပါသည်။ ဤသို့ပြုရာ၌ အကျွန်ုပ်အား ဒဏ် ထားခြင်းငှါ ထိုက်ခဲ့လို့ရှိရင် ပေးဆောင်ပါမည်၊ ယူတော်မူပါ ကုန်လော့ဟု လျှောက်၏၊ မင်းကြီးသည် ဂရဟဒိန္နသူကြွယ်ကိုကြည့်ပြီးလျှင် အချင်းဂရဟဒိန္န အသင်သည် ဤသို့ပြောဆိုလျှောက်ထားတိုင်းဟုတ်မှန်ပေသလောဟု မေးတော် မူသောကာလ အရှင်မင်းမြတ် ဟုတ်မှန်ပါ၏ဟု ဝန်ခံလျှင် အသင်သည် ဤမျှ လောက် မသိမလိမ္မာ ပညာကင်းရှင်းသော သူတို့ကို ဆရာဟူ၍ ကိုးကွယ် ဆည်းကပ်မပြတ်လှည့်လည်လျက် ငါ၏ဆရာတို့သည် အလုံးစုံ အကုန်ပင် သိနိုင် မြင်နိုင်၏ဟု အဘယ်အကြောင်းကြောင့် မြတ်စွာဘုရား၏ တပည့်သားအား ပြောကြားဘိသနည်း။ သင်သည် ပြောဆိုလျှောက်ကြား တင်ထားအပ်သော မင်းဒဏ်သည် အသင်အားသာလျှင် ဖြစ်စေသတည်းဟု မိန့်တော်မူ၍ ထို ဂရဟဒိန္နသူကြွယ်အားသာလျှင် ဒဏ်ကိုပေးဆောင်စေ၏။

## ဂရဟဒိန္နသူကြွယ်သည် သီရိဂုတ္တသူကြွယ်အား အမျက်ဒေါသထားခြင်း

ဂရဟဒိန္နသူကြွယ်လည်း ဤသူသည် ငါ၏အိမ်သို့ အချိန်မပြတ် ချဉ်းကပ် ရောက်လာ ငါ့ဆရာတို့ကို ပြင်းစွာပုတ်ခတ် နှင်ထုတ်သည်ဟူ၍ သီရိဂုတ္တသူကြွယ် ကို အမျက်ဒေါသ ပြင်းစွာထွက်ကြသဖြင့် ထိုနေ့မှစ၍ လခွဲမျှသောကာလပတ် လုံး သီရိဂုတ္တသူကြွယ်နှင့်အတူတကွ အလ္လာပ သလ္လာပစကားကိုမျှသော်လည်း မပြောမဆိုဘဲနေပြီး၍ စဉ်းစားဆင်ခြင်ပြန်သည်မှာ ငါ့အား ဤသို့ နေသဖြင့် လည်း မသင့်မလျော် မလျောက်ပတ် ကောင်းမြတ်သမိုက် အဖိုးထိုက်လှသည် မဟုတ်သေး၊ ရှေးရှေးသော အခါကဲ့သို့ပင် ကျွမ်းဝင်ရောနှော စကားပြောဆို ခြင်းကိုပြု၍ ထိုသူ၏အိမ်သို့ ဆွမ်းခံချဉ်းကပ် မှီဝဲအပ်သော ဆရာတို့အားလည်း တို့စားတစ်ဖန် အလှည့်ပြန်၍ ပြင်းထန်ဖျက်ဆီး ပျက်စီးအောင်ပြုခြင်းငှါ ငါသည်

ပြုလုပ်ခြင်းငှါ အပ်ပေ၏ဟု ကြံ၏။ ကြံဆင်ခြင်ပြီးသောအခါ ဂရဟဒိန္နသူကြွယ်သည် သီရိဂုတ္တသူကြွယ်သို့ကပ်၍ အဆွေ သီရိဂုတ္တ အသို့နည်းဟု ဆိုသဖြင့် အသို့နည်း အဆွေ ဂရဟဒိန္နဟု စကားတုံ့ ကို ပြန်၏၊အဆွေသီရိဂုတ္တခိုက်ရန်ငြင်းခုန်ဖြစ်ပွါးခြင်းမည်သည် ဆွေမျိုးသားချင်းနီးရင်းသော သူများပင် သော်လည်း ဖြစ်တတ်သေး၏။ အသင်သည် ငါ့အား အဘယ်သို့သော အကြောင်းကြောင့် တစ်စုံတစ်ခုသောစကား မပြောမဆို နေဘိသနည်း၊အဘယ်ကြောင့်ဤသို့ ပြုဘိသနည်းဟုမေး၏။အဆွေဂရဟဒိန္န အသင်သည် စကားမပြောမဆို သောကြောင့် ငါသည်လည်း စကားမပြောမဆိုဘဲ နေပေသည်။အသင်သည် ငါ့အား ပြောဆိုသည်ဖြစ်ခဲ့အံ့ အသင့်အား ငါကလည်း ပြောဆိုအံ့ အဆွေခင်ပွန်းကိုဖျက်ဆီးခြင်းငှါ အလိုမရှိပါဟု ပြော၏။ ထိုအခါမှစ၍ နှစ်ဦးကုန်သော သူကြွယ်တို့သည် တစ်ခုသော နေရာ၌ အတူတကွ ထိုင်နေ စားသောက်ခြင်းကို ပြုကုန်၏။

ထိုနောက် တစ်နေ့သောနေ့၌ သီရိဂုတ္တသူကြွယ်က အဆွေဂရဟဒိန္န အသင်အား ထိုနိဂဏ္ဌတက္ကတွန်းတို့ဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ ထိုနိဂဏ္ဌတို့သို့ မှီဝဲဆည်းကပ်၍ နေသဖြင့် အဘယ်ကို ရလတ္တံ့နည်း၊ ငါ၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသို့ မှီဝဲဆည်းကပ်ခြင်းငှါ မအပ်လေသလော ငါ၏အရှင်တို့အား အလှူဒါနကို ပေးလှူပူဇော်ခြင်းငှါ မအပ်ပါသလောဟု ပြောဆို၏။ ထိုဂရဟဒိန္နသူကြွယ်သည်လည်း ဤသို့ပြောဆိုခြင်းကိုသာ တောင့်တ၍ နေသည်ဖြစ်သောကြောင့် သီရိဂုတ္တသူကြွယ် ပြောကြားလိုက်သော စကားသည် ဂရဟဒိန္နသူကြွယ်အား ယားနာကို လက်သည်းဖြင့် ပယ်ဖျောက်ကုတ်ခြစ်၍ ပေးဘိသကဲ့သို့ ဖြစ်၍ သီရိဂုတ္တသူကြွယ်ကို ဂရဟဒိန္နသူကြွယ်က အဆွေ အသင်၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် အဘယ်ကိုသိသနည်းဟု မေးလျှင် အချင်း ဂရဟဒိန္န ဤသို့မဆိုပါလင့် ငါ၏ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသခင်သည် မသိအပ်သော အရာမည်သည်မရှိ။ အတိတ်-အစရှိသော အလုံးစုံသော တရားကို သိ၏၊ တဆယ့်ခြောက်ပါးသော အခြင်းအရာတို့ဖြင့် သတ္တဝါတို့၏ စိတ်ကို ပိုင်းခြား၍ သိတော်မူ၏ဟု ဆို၏။ ဂရဟဒိန္နသူကြွယ်က အဆွေ ဤသို့သော အကြောင်းကို ငါမသိပါ အသင်သည် ငါ့အားမပြောကြားဘဲ ဤမျှလောက် ကာလမြင့်ကြာအောင် နေဘိသနည်း အဆွေသီရိဂုတ္တ ထိုသို့တပြီးကား အသင်သည် သွားပါချေ၊ အသင်၏ ဆရာဖြစ်သော မြတ်စွာဘုရားကို ပင့်ဖိတ်၍ ပေးပါလော့။ ငါသည် မွန်မြတ်သော ခဲဖွယ်ဘောဇဉ်တို့ဖြင့် လုပ်ကျွေးမွေးမြူ လှူဒါန်းလိုပါ၏၊ ငါးရာကုန်သော ရဟန်းတို့နှင့်တကွ ငါ၏ဆွမ်းအလှူကို ခံယူ သုံးဆောင်တော်မူပါစေလော့ဟု ပြောကြား၏။

သီရိဂုတ္တသူကြွယ်သည် မြတ်စွာဘုရားသခင်သို့ ချဉ်းကပ်၍ ရိုသေမြတ်နိုး ရှိခိုးပြီးသော် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ တပည့်တော်၏ အဖော်ဖြစ်သော ဂရဟာဒိန္နသည် ငါးရာကုန်သော ရဟန်းတို့နှင့်တကွ ဆွမ်းကို အလှူခံတော်မူပါမည့် အကြောင်းနှင့် တပည့်တော်ကို လျှောက်ထားပင့်ဖိတ်စေ၏။ ငါးရာကုန်သော ရဟန်းတို့နှင့်တကွ နက်ဖြန်၌ ဆွမ်းကို ခံယူတော်မူပါကုန်လော့၊ ရှေးဖြစ်သောနေ့၌ ထိုဂရဟာဒိန္နသူကြွယ်၏ ကိုးကွယ်ဆည်းကပ်ရာ ဆရာဖြစ်သော ကုလုပကရဟန်းတို့အား တပည့်တော်သည် ဤသို့သောအမှုကို ပြုစီရင်အပ်ပါသည်။ ထိုသို့ ပြုစီရင်အပ်သော အမှုကား တုံ့ပြန်၍ ပြုလိုသော ကြောင့် ပြုသည်ဟူ၍လည်း မသိပါ၊ အရှင်ဘုရားတို့အား စင်ကြယ်ကောင်းမွန် သော စိတ်ဖြင့် ဆွမ်းကို လှူလိုသည် ဟူ၍လည်းမသိပါ၊ အရှင်ဘုရားတို့သည် ဆင်ခြင်ထောက်မျှော်၍ သင့်လျော်သည် အကယ်၍ ဖြစ်ခဲ့ပါအံ့၊ သည်းခံတော် မူကြပါကုန်လော့ အကယ်၍ မသင့်လျော်သည်ဖြစ်ခဲ့အံ့ သည်းခံတော်မမူကြပါ ကုန်လင့်ဟု လျှောက်ကြား၏။

## မြတ်စွာဘုရားသည် မီးကျီးခဲအစုမှ ပဒုမ္မာကြာပန်းကြီးများ ပေါက်လာမည်ကို မြင်တော်မူခြင်း

မြတ်စွာဘုရား ကိုယ်တော်မြတ်သည် အသို့နည်း ငါတို့အား အဘယ်သို့သော အကြောင်းကို ပြုလိုသနည်းဟု စူးစမ်းဆင်ခြင်တော်မူသည်ရှိသော် နှစ်ခုကုန် သော အိမ်တို့၏အကြား၌ ကြီးစွာသော တွင်းကိုတူးစေ၍ လှည်းအစီး ရှစ်ဆယ် တိုက်မျှလောက်ကုန်သော ရှားသစ်ထင်းတို့ကို ဆောင်ယူစေပြီးသောကာလ တွင်း၌ပြည့်စေ၍ မီးကျီးကိုပြု၍ ငါတို့အား မီးကျီးတွင်း၌ ကျစေပြီးသည်ကာလ ဖမ်းယူခြင်းငှါ အလိုရှိ၏ဟု မြင်တော်မူ၏။ တဖန် မြတ်စွာဘုရားသည် ငါဘုရား ကြွသွားခြင်းတည်းဟူသော အကြောင်းကြောင့် အကျိုးရှိအံ့လော မရှိအံ့လော ဟု စူးစမ်းဆင်ခြင်တော် မူပြန်သည်ကာလ ငါဘုရားသည် မီးကျီးတွင်း၌ ခြေတော်ကို ဆန့်လှမ်းနင်းဖြန့်အံ့ဟု ခြေတော်ကို ချသည်ရှိသော် ဖုံးလွှမ်း၍ ထားအပ်သော ဖျာသည် ကွယ်ပျောက်လတ္တံ့၊ မီးကျီးခဲအစုကို ခွဲဖောက်ပြီးသော ကာလ လှည်းဘီးစက် ပမာဏရှိသော ကြီးစွာသော ကြာပဒုမ္မာပန်းကြီးသည် ပေါက်လတ္တံ့၊ ထိုအခါ ငါသည် ပဒုမ္မာကြာချက်ပေါ် သို့ နင်းပြီးသော် ကြွသွား၍ နေရာ၌သာလျှင် ထိုင်နေရလတ္တံ့၊ ငါးရာကုန်သော ရဟန်းတို့သည်လည်း ထို့အတူ သာလျှင် သွားရောက်၍ ထိုင်နေကုန်လတ္တံ့။ များစွာကုန်သော လူတို့သည်လည်း စည်းဝေး လာရောက်လတ္တံ့။ ငါဘုရားသည် ထိုအစည်းအဝေး၌ နှစ်ခုသောဂါထာ တို့ဖြင့် အနုမောဒနာ ပြုရလတ္တံ့။ အနုမောဒနာ ဒေသနာတော်၏ အဆုံး၌ ရှစ်သောင်းလေးထောင်ကုန်သော သတ္တဝါတို့အား သစ္စာလေးပါး တရားထင်ထင်

သိမြင်ပြီးသောအား အကျွတ်တရားကို ရကုန်လတ္တံ့။ သီရိဂုတ္တသူကြွယ်၊ ဂရဟဒိန္နသူကြွယ်တို့သည်လည်း သောတာပန် ဖြစ်ကုန်လတ္တံ့။ မိမိ၏ ပစ္စည်းဥစ္စာကို သာသနာတော်၌ စွန့်ကြဲလှူဒါန်းလတ္တံ့။ ဤအမျိုးကောင်းသားကိုမှီ၍ ငါဘုရားသည်ကြွသွားခြင်းငှါအပ်၏ဟု ဆင်ခြင်တော်မူ၍ ပင့်ဖိတ်လာသောဆွမ်းအလှူကို ဆိတ်ဆိတ် သည်းခံတော်မူ၏။ သီရိဂုတ္တသူကြွယ်လည်း မြတ်စွာဘုရား သည်းခံတော်မူသည် အဖြစ်ကို သိ၍ ပြန်သွားပြီးသော် ဂရဟဒိန္နသူကြွယ်အား ပင့်ဖိတ်၍ ရကြောင်းကို ကြားပြီး၍ အဆွေ လူသုံးပါးတို့၏ အကြီးအမှူး ဖြစ်တော်မူသော မြတ်စွာဘုရားအား ပူဇော်သက္ကာရကို ပြုစီရင်ဘိလော့ဟု ပြော၏။

## ဂရဟဒိန္နသူကြွယ်သည် မကောင်းကြံစည်ပြုလုပ်ခြင်း

ဂရဟဒိန္နသူကြွယ်သည် ယခုအခါ ထိုသီရိဂုတ္တအား ပြုအပ်သည်နှင့် ယှဉ်သည်ကို သိစေအံ့ဟု ကြံပြီးလျှင် နှစ်ခုကုန်သော အိမ်တို့၏ အကြား၌ နွားချေးဖြင့် လိမ်းကျံပြီးသော် ကြီးစွာသော တွင်းကို တူးစေ၍ လှည်းဒံစီး ရှစ်ဆယ် တိုက်မျှလောက်ကုန်သော ရှားထင်းတို့ဖြင့် ပြည့်စေ၍ ထိုထင်းတို့ကို မီးရှို့ ဖုတ်မြိုက်၍ အလျှံရဲရဲ ငြိသော ရှားမီးခဲအစုကို ပြုစေပြီးလျှင် အထက်၌ ပြောက်ကျားကျဲတဲသော သစ်သားကို ခင်းစေပြီးသော် အပေါ်၌ ဖျာတို့ဖြင့် ဖုံးလွှမ်း၍ နွားချေးတို့ဖြင့် လိမ်းကျံစေပြီးသော် တစ်ဖက်သော နံပါးဖြင့် အားနည်းသော တုတ်တံတို့ကို ထောက်ထား ဖြန့်ခင်း၍ သွားအပ်သော လမ်းကိုပြု၏။ ဤသို့ပြု၍ ခင်းထားခြင်းသည်ကား ဤနေရာ အဆင့်ထက်သို့ နင်းတက်မိသည်ရှိသော် တုတ်တံတို့သည် ကျိုးပြတ် ပြုတ်ထွက်၍ ပြန်လန် ပြီးသော ကာလ မီးကျီးတွင်း၌ ကျလတ္တံ့ဟု အောက်မေ့မှတ်ထင်၍ ပြုပေသတည်း။ နေအိမ်၏ နောက်၌လည်း သီရိဂုတ္တသူကြွယ် ပြုအပ်သော အမှတ်သင်္ကေတ နည်းဖြင့်သာလျှင် အိုးစရည်းကြီးတို့ကိုလည်း ထားစေ၏။ နေရာတို့ကိုလည်း ထိုသီရိဂုတ္တ သူကြွယ်ကဲ့သို့ပင် ခင်းထားစေ၏။ ထိုနောက် သီရိဂုတ္တသူကြွယ်သည် နံနက်စောစောကပင် ဂရဟဒိန္န သူကြွယ်အိမ်သို့ သွားရောက်၍ အဆွေ ပူဇာသက္ကာရဝတ္ထုကို ပြုအပ်ပြီလောဟု ဆို၏။ အဆွေ သြော်.... စီရင် ပြုစု၍ ထားပါပြီဟု ဆိုလျှင် ထိုလှူဒါန်းပေးကမ်း ကျွေးမွေးဖွယ်ဝတ္ထုသည် အဘယ်မှာနည်းဟု မေးသဖြင့် အဆွေလာလှည့် ကြည့်ရှုလေလော့ဟု သီရိဂုတ္တသူကြွယ်သည် ပြအပ်သော နည်းဖြင့်သာလျှင် ပြပေ၏။ သီရိဂုတ္တသူကြွယ်သည်လည်း အဆွေ ကောင်းလှပြီဟု ဝန်ခံပြောဆို၏။

ထိုအခါ၌ များစွာကုန်သော လူအပေါင်းတို့သည် စည်းဝေးကြကုန်၏။ မိစ္ဆာဒိဋ္ဌိတို့၏ စည်းဝေးခြင်းမှာကား ရဟန်းဂေါတမ၏ ဖောက်ပြန် ပျက်စီးခြင်းကို ကြည့်ရှုကြကုန်အံ့ဟု စည်းဝေး လာရောက်ကုန်၏။ သမ္မာဒိဋ္ဌိတို့၏ စည်းဝေးလာရောက်ခြင်းမှာ ယနေ့ ငါတို့၏ဆရာဖြစ်တော်မူသော မြတ်စွာဘုရား

သခင်သည် ကြီးကျယ် မြင့်မြတ်သော တရား ဟောကြားတော်မူခြင်းဖြင့် တရားတော်ကို ဟောကြားတော်မူလတ္တံ့။ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်၏ တင့်တယ် စံပယ်ခြင်းကို စူးစမ်းကြည့်ရှု ဖူးမြော်ကုန်အံ့ဟု လာရောက် စည်းဝေးကြကုန်၏။ တစ်ဖန် မိုးသောက် ရောက်သောနေ့၌ မြတ်စွာဘုရားသခင်သည် ငါးရာကုန်သော ရဟန်းတို့နှင့်တကွ ဂရဟဒိန္နသူကြွယ်၏ အိမ်တံခါးဝသို့ ကြွသွားတော်မူ၏။ ဂရဟဒိန္နသူကြွယ်သည် အိမ်မှ ထွက်၍ ငါးပါးသော တည်ရာ ထိခြင်းဖြင့် ရှိခိုးပြီးသော် ရှေ့မှ လက်အုပ်ကို ချီလျက် ရပ်နေပြီး၍ စိတ်ထဲ၌ ကြံအောက်မေ့ သည်မှာ အရှင်ဘုရားတို့ အရှင်တို့သည် အတိတ်စသည် ပြားသော အလုံးစုံကို သိကုန်၏။ သတ္တဝါတို့အား တစ်ဆယ့်ခြောက်ပါး ကုန်သော အခြင်းအရာတို့ဖြင့် စိတ်ကို ပိုင်းခြားနိုင်ကုန်၏ဟု အသင်တို့၏ အလုပ်အကျွေး ဖြစ်သော သီရိဂုတ္တသူကြွယ်သည် ဆိုအပ်၏။ အလုံးစုံကို အကယ်၍ အကုန်သိကုန်သည် ဖြစ်ခဲ့အံ့။ ငါ၏ အိမ်သို့ မဝင်ကြကုန်လင့်။ အိမ်သို့ ဝင်ကုန်သော အသင်တို့အား ပေးကမ်း ကျွေးမွေးဖို့ရာ ယာဂုဆွမ်း စသည်တို့သည် တစ်စုံတစ်ခုမျှ မရှိချေ။ အလုံးစုံသော အသင်တို့ကို မီးကျီးတွင်းတို့၌ ကျစေပြီးသည် ကာလ ဖမ်းယူပေလတ္တံ့ဟု ကြံအောက်မေ့၏။ ဤသို့ ကြံအောက်မေ့ပြီးသော ကာလ မြတ်စွာဘုရား သပိတ်တော်ကို ယူ၍ ဤအရပ်မှ ကြွတော်မူပါဟု လျှောက်ကြားပြီးလျှင် အရှင်ဘုရားတို့ အကျွန်ုပ်၏ အိမ်ဘို့ လာရောက်ကုန်သော သူတို့အား ဝတ်ကိုသိ၍ လာရောက်ခြင်းငှါ အပ်ပါသည်ဟု လျှောက်၏။ ဒါယကာ အဘယ်သို့သော ဝတ်ကိုပြုခြင်းငှါ အပ်သနည်းဟု မေးတော်မူလျှင် တစ်ယောက် တစ်ယောက်သောသူသည် ရှေးဦးစွာ ဝင်ရောက် သွားလာ ထိုင်နေပြီးသောကာလ၌ နောက်မှနောက်မှ တစ်ပါးသောသူတို့သည် ထိုင်နေခြင်းငှါ မရအပ်ပါဟု လျှောက်ကြား၏ ဤသို့ လျှောက်ကြားခြင်း သည်ကား ရှေ့မှရှေ့မှ လာရောက်ကုန်သော သူတို့သည် မီးကျီးတွင်း၌ ကျသည်ကို တွေ့မြင်ရသော ကာလ နောက်မှ လာရောက်ကုန်သော ကြွင်းကုန်သော သူတို့သည် မလာရောက်ပေကုန်လတ္တံ့။ ထိုကြောင့် တစ်ယောက် တစ်ယောက်ချင်းသာလျှင် ကျရောက်စေပြီးသော ကာလမှ နှိပ်နင်း ချုပ်ဖမ်းယူအံ့ဟု ကြံပြီးသော် လျှောက်ကြားပေသတည်း ဘုရားကိုယ်တော်မြတ်လည်း ကောင်းပြီဟု ဝန်ခံတော်မူ၍ ကိုယ်တော်မြတ် တစ်ပါးတည်းသာလျှင် ကြွသွားတော်မူ၏။

## မီးကျီးခဲစုအတွင်းမှ ပဒုမ္မာကြာများ ထပေါက်ခြင်း

မီးကျီးတွင်း၏ အနီးသို့ ကျရောက်သောကာလ ဂရဟဒိန္နသူကြွယ်သည် နောက်သို့ ဆုတ်ဖယ်၍ လျင်စွာသော အဟုန်ဖြင့် ပြန်သွားပြီးမှ ရပ်တည်လျက် အရှင်ဘုရားတို့ ရှေ့မှ ကြွတော်မူပါကုန်လော့ဟု လျှောက်၏။ ထိုအခါ

မြတ်စွာဘုရားသခင်သည် မီးကျီးတွင်း၏ အထက်၌ ခြေတော် ဆန့်လှမ်းတော်မူသဖြင့် အထက်၌ ခင်းထားအပ်သော ဖျာသည် ကွယ်ပျောက်လေ၏။ မီးကျီးစုကို ဖောက်ခွဲပြီးသောကာလ လှည်းဘီးစက်မျှ ပမာဏရှိကုန်သော ပဒုမ္မာကြာတို့သည် ထပေါက်ကုန်၏။ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်သည် ပဒုမ္မာကြာချက်ကို တက်နင်း ကြွလှမ်းတော်မူလျက် ခင်းထားအပ်သော မြတ်သော ဘုရားရှင်နေရာ၌ ထိုင်နေ သီတင်းသုံးတော်၏။ ရဟန်းတို့သည်လည်း ထိုအတူသာလျှင် ကြွသွားတော်မူကြ၍ ထိုင်နေသီတင်းသုံးတော်မူကုန်၏။ ဂရဟဒိန္နသူကြွယ်၏ ကိုယ်မှ မီးဖြင့် မြိုက်သော အခြင်းအရာ ပြင်းစွာ ပူလောင်ဘိ်သကဲ့သို့ ထင်၏။

ထိုဂရဟဒိန္နသူကြွယ်သည် လျင်စွာသော အဟုန်ဖြင့် သိရိဂုတ္တသူကြွယ် ထံမှောက်သို့ သွားရောက် ချဉ်းကပ်ပြီးသည်ကာလ အဆွေ သိရိဂုတ္တ ငါ၏ ကိုးကွယ် မှီခိုရာ ဖြစ်ပါလော့ဟု တောင်းပန် ပြောဆို၏။ ဤအမှုကား အဘယ်နည်းဟု မေးသည်ရှိသော် အဆွေ ငါးရာကုန်သော ရဟန်းတို့အား ကျွေးမွေးပေးကမ်း လှူဒါန်းဖို့ရာ ငါ၏ အိမ်၌ ယာဂု ခဲဖွယ် ဆွမ်း စသည်တို့သည် တစ်စုံတစ်ရာမျှ မရှိပါ အသို့ပြုရပါအံ့နည်းဟု ပြောလျှင် အသင်သည် အဘယ်သို့ ပြုအပ်သနည်းဟု မေးပြန်လျှင် ငါသည် နှစ်ခုကုန်သော အိမ်တို့၏ အကြား၌ ကြီးစွာသော တွင်းကို မီးကျီးဖြင့် ပြည့်သည်ကို ပြုပြီးသည်ကာလ ထိုတွင်း၌ ကျစေ၍ နှိပ်နယ်ဖမ်းချုပ်အံ့ဟု ကြံပြီးလျှင် ပြုမိပါသည်။ ယခုမှာကား အလျှံတောက်ပသော ထိုမီးကျီးကို ဖောက်ခွဲပြီးသောကာလ ပဒုမ္မာကြာတို့သည် ထပေါက်ကုန်သ ဖြင့် ထိုပဒုမ္မာကြာချက်၌ နင်းတက်ကြွသွား ခင်းထားအပ်သော နေရာ၌ ထိုင်နေ သီတင်းသုံးတော် မူကြကုန်ပြီ၊ အဆွေခင်ပွန်း ကျွမ်းဝင် ဆက်ဆံလှပေသော အို အရှင် ယခုအခါ အဘယ်သို့ ပြုရပါအံ့နည်း ဟု ပြောဆိုက သိရိဂုတ္တ သူကြွယ်က ကျွေးမွေးပေးကမ်းဖို့ရာ ဤမျှလောက်ကုန်သော အိုးစရည်းကြီးတို့၌ ယာဂုဖြင့် စီရင်၍ ထားအပ်၏ ဤမျှလောက်ကုန်သော အိုးစရည်းကြီးတို့၌ ဆွမ်းတို့ကိုစီရင်၍ ထားအပ်ကုန်၏။ အစရှိသည်ဖြင့် ညွှန်ပြအပ်သည် မဟုတ်ပါလောဟု မေးလျှင် အဆွေ ငါသည် လိမ်လည်လှည့်ဖြား မဟုတ်မမှန်သော စကားကို ပြောကြားမိပါသည်။ အလုံးစုံကုန်သော အိုးစရည်းကြီးတို့သည် အချည်းနှီးသာလျှင် ဖြစ်ပါကုန်သည် ဟု ပြောဆိုသောအခါ သိရိဂုတ္တသူကြွယ်က အဆွေ ဂရဟဒိန္န၊ အသင်ပြောတိုင်းပင် ရှိစေတော့ သွားတဲ့ချေ၊ အိုးစရည်းကြီးတို့၌ ယာဂု ဆွမ်း ခဲဖွယ် ဘောဇဉ်တို့ ရှိ မရှိကို ဖွင့်လှစ်၍ ကြည့်ပါချေလော့ဟု စေလွှတ်သဖြင့် စေလွှတ်ပြောဆိုသော အတိုင်း ဂရဟဒိန္န သူကြွယ်သည် ဖွင့်လှစ်၍ ကြည့်ရှုသည်ရှိသော် အကြင် အိုးစရည်းကြီး၌ လိမ်လည်လှည့်ပတ်သောအားဖြင့် မိမိက ယာဂုတို့ဖြင့် ပြည့်၏ဟု

ညွှန်ပြအပ်၏။ ဤသို့ညွှန်ပြအပ်သော အိုးစရည်းကြီး၌ ယာဂုတို့ဖြင့် ပြည့်ကုန်၏။ အကြင် အိုးစရည်းကြီး၌ မိမိကသည် ထမင်းတို့ဖြင့် ပြည့်၏ဟု ညွှန်ပြအပ်၏။ ထိုသို့ ညွှန်ပြအပ်သော အိုးစရည်းကြီး၌ ထမင်းတို့ဖြင့် ပြည့်ကုန်၏။ ထိုသို့ အလုံးစုံသော ပြည့်စုံခြင်းကို တွေ့မြင်ရသည်ကာလ ဂရဟဒိန္န သူကြွယ်၏ ကိုယ်သည် နှစ်သက်ဝမ်းသာခြင်းဖြင့် ထက်ဝန်းကျင်ပြည့်သော စိတ်နှလုံး ညွတ်ရိုး နှစ်မြို့ ကြည်ညိုခြင်း ရှိသည်ဖြစ်၍ ဂရဟဒိန္နသူကြွယ်သည် ရှိသေ ကောင်းမွန်စွာ ဘုရားအမှူးရှိသော သံဃာတော်အပေါင်းကို ကောင်းမွန်စွာ လုပ်ကျွေး ပြုစုပြီးသော် ပြုအပ်ပြီးသော ဆွမ်းစားခြင်းကိစ္စ ရှိတော်မူသော မြတ်စွာ ဘုရားသခင်အား အနုမောဒနာကို ပြုစေလိုသောကြောင့် သပိတ်တော်ကို ယူ၏။

မြတ်စွာဘုရား ကိုယ်တော်မြတ်သည် အနုမောဒနာကို ပြုတော်မူလိုသော ကြောင့် ဤသတ္တဝါတို့သည် ပညာတည်းဟူသော စက္ခု၏ မရှိသည်၏ အဖြစ်ကြောင့် ငါဘုရား တပည့်သာဝကတို့၏ ဂုဏ်ကျေးဇူးကို မသိကြကုန်။ ငါဘုရား အဆုံးအမဖြစ်သော တရားတော်၏ ဂုဏ်ကျေးဇူးကို မသိကြကုန်။ ပညာတည်း ဟူသော စက္ခုတို့မှ ကင်းကုန်သော သူတို့သည် သူကန်းတို့ မည်ကုန်၏။ ပညာရှိကုန်သော သူတို့သည် စက္ခုရှိကုန်သော သူတို့ မည်ကုန်၏ဟု မိန့်တော်မူ ပြီး၍—

၅၈။ ယထာ သင်္ကာရဓာနသ္မိံ၊ ဥဇ္ဈိတသ္မိံ မဟာပထေ။
ပဒုမံ တတ္ထ ဇာယေထ၊ သုစိဂန္ဓံ မနောရမံ။

၅၉။ ဧဝံ သင်္ကာရဘူတေသု၊ အန္ဓိဘူတေ ပုထုဇ္ဇနေ။
အတိရောစတိ ပညာယ၊ သမ္မာသမ္ဗုဒ္ဓသာဝကော။

ဟူသော ဤနှစ်ဂါထာတို့ကို ဟောကြားတော်မူပေ၏။

အနက်ကား။ ။သင်္ကာရဓာနသ္မိံ၊ ယှက်လိမ်ညစ်ထွေး၊ တံမြက်ချေးစုံရာ အရပ်ဖြစ်သော။ ဥဇ္ဈိတသ္မိံ၊ စွန့်ပစ်အပ်သော။ တတ္ထ မဟာပထေ၊ ထိုခရီးမ ကြီး၌။ သုစိဂန္ဓံ၊ စင်ကြယ်သန့်ရှင်း ထုံသင်းသော ယနံ့ရှိသော။ မနောရမံ၊ ကြည်ဖြူရွှင်ပြုံး စိတ်နှလုံးမွေ့လျော်ရာ ဖြစ်ထသော။ ပဒုမံ၊ ပွင့်ချပ်ဝတ်မှုံ ကြာပဒုမ္မာပန်းသည်။ ဇာယေထ ယထာ၊ ပေါက်ရောက်သကဲ့သို့။ ဧဝံ တထာ၊ ဤအတူ။ သင်္ကာရဘူတေသု၊ တံမြက်ချေးစုသဖွယ်ဖြစ်၍ ဖြစ်ကုန်သော သူတို့၏ အလယ်၌။ ဝသန္တော၊ နေသော။ သမ္မာသမ္ဗုဒ္ဓသာဝကော၊ ငါဘုရား တပည့်သားဖြစ်သော သူသည်။ အန္ဓိဘူတေ၊ ပညာမျက်စိ၊ မသိလမ်းပန်း ကန်းသည်ဖြစ်၍ ဖြစ်ကုန်သော။ ပုထုဇ္ဇနေ၊ ပုထုဇဉ်တို့ကို။ ပညာယ၊ ပညာဖြင့်။ အတိရောစတိ၊ သာလွန်၍ တင့်တယ်ပေ၏။ ဤကား အနက်။

## ဒေသနာတော်၏ အကျိုးအာနိသင်

ဒေသနာတော်၏ အဆုံး၌ ရှစ်သောင်းလေးထောင်ကုန်သော သတ္တဝါတို့အား အကျွတ်တရားကို ရခြင်း ဖြစ်လေ၏။ ဂရဟဒိန္န သူကြွယ်သည်လည်းကောင်း သီရိဂုတ္တ သူကြွယ်သည် လည်းကောင်း သောတာပတ္တိဖိုလ်သို့ ရောက်ကုန်၏။ ထိုနှစ်ဦးကုန်သော သူငယ်ချင်း အဆွေခင်ပွန်းတို့သည် အလုံးစုံသော မိမိ၏ဥစ္စာကို မြတ်စွာဘုရားသခင်၏ သာသနာတော်၌ စွန့်ကြဲပေးကမ်း လှူဒါန်းကုန်၏။ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်သည် နေရာမှ ထတော်မူ၍ ကျောင်းတော်သို့ ကြွတော်မူ၏။ ရဟန်းအပေါင်းတို့သည် ညချမ်းသော အခါကာလ တရားသဘင် အစည်းအဝေးခွင်၌ ငါ့ရှင်တို့ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်၏ ဂုဏ်တော် ကျေးဇူးတော်တို့ မည်သည်ကား ဩော်- အံ့ဩဖွယ် ရှိပါပေစွ တကား၊ ထိုသို့ သဘောရှိသည် မည်သော အလျှံရဲရဲ မစဲပြောင်ပြောင် တောက်လောင်၍ နေသော ရှားမီးခဲအစုကို ဖောက်ခွဲပြီးသောကာလ ပဒုမ္မာကြာတို့သည် ပေါက်ရောက်ကုန်၏-ဟူသော စကားကို ဖြစ်ကြစေကုန်၏။ မြတ်စွာဘုရား ကိုယ်တော်မြတ်သည် ကြွတော်မူလာ၍ ချစ်သား ရဟန်းတို့ ငါဘုရား ကြွတော်မူလာသော ဤယခုအခါ၌ အဘယ်မည်သော တရားစကားဖြင့် ပြောကြားစည်းဝေး ထိုင်နေကုန်သနည်း ဟု မေးတော်မူသည် ရှိသော် ဤအမည်ရှိသော အကြောင်းပါတည်းဟု လျှောက်ကြားသော ကာလ ချစ်သား ရဟန်းတို့ ယခုအခါ၌ ဘုရား၏ အဖြစ်သို့ ရောက်တော်မူသဖြင့် ဘုရားဖြစ်၍ ဖြစ်သော ငါ့အား ရှားမီးခဲအစုမှ ဖောက်ခွဲ၍ ပဒုမ္မာကြာပန်းတို့ ပေါက်လာကုန်သည်ကား အံ့ဩဖွယ် မရှိလှသေး၊ တစ်စိတ် တစ်ဒေသသော ဉာဏ်၌ တည်သည်ဖြစ်၍ ဖြစ်သော မရင့်ကျက်သော ဉာဏ်ရှိသည်ဖြစ်သော အလောင်းတော်ဖြစ်သော ငါ့အား ရှားမီးခဲအစုကို ဖောက်ခွဲပြီးသောကာလ ကြာပဒုမ္မာပန်းတို့သည် ပေါက်ရောက်ဖူးသည် သာလျှင်တည်းဟု မိန့်တော်မူလျှင် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား အဘယ်အခါ၌ပါနည်း၊ တပည့်တော်တို့အား မိန့်ကြားတော်မူပါလော့ ဟု တောင်းပန်အပ်သည်ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

## မီးကျီးခဲစုအတွင်းမှ ပဒုမ္မာကြာများ ပေါက်ရောက်ဖူးကြောင်း အတိတ်ဝတ္ထု၊

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်ကြီး၌ ဖွံ့ဖြိုးသီးလုံးစုံ သမ္ဘာဟုန်ဖြင့် စုပုံပြောလတ် မြဟွဒတ်မည်သော မင်းကြီးသည် ဆယ်သီးရာဇဓမ် လေးတန် သင်္ဂဟ ရာဇ ကျင့်ဝတ်တို့ဖြင့် မချွတ်မယွင်း မျှတင်း

သမှု မင်းပြုတော်မူသည်ရှိသော် ငါဘုရားလောင်းသည် ထိုဗာရာဏသီ ပြည် ပူရိဝယ် လောကီဥစ္စာ ရတနာတို့ဖြင့် လွန်စွာကြွယ်ဝ ပေါများလှသဖြင့် မိဘ ဆက်နွယ် စင်ကြယ်မြတ်ရိုး သူဌေးမျိုး၌ဖြစ်၍ အထူးထူးအပြားပြား များစွာ ကုန်သော အဆောက်အဦတို့ဖြင့် လောက်လုံပြည့်ငြား နတ်သားလုလင်ကဲ့သို့ ကြီးပွါးလျက် အစဉ်အတိုင်း လိမ္မာယဉ်ကျေးသည်၏ အဖြစ်သို့ ရောက်၍ တစ်ဆယ့်ခြောက်နှစ်မြောက် ကျရောက်သောအခါ တတ်ကောင်းဖွယ်ရာသော အတတ်ပညာတို့၌ ကောင်းစွာတတ်မြောက် အပြီးသို့ရောက်သဖြင့် နှစ်ယောက် ကုန်သော ဘမိတို့သည် စုတိချုပ်ကြေ သေလွန်သောကာလ သူဌေး၏အရာကို ရ၍ မြို့တံခါး၀ လေးမျက်နှာတို့၌ အလှူတင်းကုတ် မဏ္ဍပ်လေးခု၊ မြို့၏ အလယ်၌ အလှူဘင်းကုတ် မဏ္ဍပ်တစ်ခု၊ မိမိ၏အိမ်ရှေ့၌ အလှူတင်းကုတ် မဏ္ဍပ်တစ်ခုအားဖြင့် ခြောက်ခုကုန်သော အလှူတင်းကုတ် မဏ္ဍပ်ကြီးတို့ကို ဆောက်လုပ်စေ၍ ကြီးစွာသော အလှူကြီးကို ပေးလှူစွန့်ကြဲ၏။သီတင်းသီလ ဆောက်တည် ကျင့်သုံးခြင်း အမှုကိုလည်း ပြုပေ၏။

## ပစ္စေကဗုဒ္ဓါအား ဆွမ်းလှူဒါန်းရာ မာရ်နတ်သားက ဖျက်ဆီးခြင်း

တစ်နေ့သောအခါ နံနက်စာ စားဆဲသော ဘုရားလောင်း သူဌေးအား အထူးထူး အပြားပြား စိတ်အားတပ်မက် နှစ်သက်ဖွယ်ရာ ကောင်းမွန်သော အရသာရှိသော ဘောဇဉ်ကို ခင်းကျင်းတည်ထားသည်ရှိသော် တစ်ပါးသော ပစ္စေကဗုဒ္ဓါ အရှင်မြတ်သည် ခုနစ်ရက်ပတ်လုံး နိရောဓ သမာပတ်ကို ဝင်စား တော်မူ၍ နိရောဓသမာပတ်မှ ထတော်မူပြီးသောအခါ ဆွမ်းခံလှည့်လည် အင်သော အချိန်ကို မှတ်၍ ယနေ့ ငါသည် ဗာရာဏသီသူဌေး၏အိမ်သို့ သွား ရောက်ခြင်းငှါ အပ်၏ဟု ကြံဆင်ခြင်တော်မူ၍ ကွမ်းရိုးဒန်ပူကို စားပြီးသော် အနဝတတ်အိုင်၌ မျက်နှာသစ်တော်မူ၍ ဆေးဒါန်းမြင်းသီလာဖြင့် ပြီးသော ကျောက်ဖျာအပြင်၌ သင်းပိုင်ကို ပြင်ဝတ်တော်မူပြီး၍ လျှပ်စစ်နွယ်ကဲ့သို့သော ခါးပန်းတော်ကို ပန်းတော်မူပြီးသည်ကာလ သင်္ကန်းကို ရုံတော်မူ၍ တန်ခိုးဖြင့် ပြီးသော မြေသပိတ်ကို ယူ၍ ကောင်းကင်ခရီးဖြင့် ကြွတော်မူပြီးသောကာလ ဘုရားလောင်း သူဌေးအိမ်တံခါး၀ အနီး၌ တန့်ရပ်တော်မူ၍ အလောင်းတော် သူဌေးလည်း ရှင်ပစ္စေကဗုဒ္ဓါကို မြင်လျှင် ကြည်ရွှင်သောစိတ် ရှိသည်ဖြစ်၍ စားမျိုဆဲသော ထမင်းပွဲမှထ၍ အရိုအသေအမှုကို ပြုပြီးလျှင် မိမိစေခိုင်း အပ်သော အမှုလုပ် ယောကျ်ားကို ကြည့်ရှု၏။ အမှုလုပ်ယောကျ်ားက အရှင် အဘယ်ကိုပြုရပါအံ့နည်းဟု မေးလျှင် အချင်းယောကျ်ား အရှင်မြတ်၏ သပိတ် တော်ကို ဆောင်ယူခဲ့လော့ဟု စေခိုင်းတိုက်တွန်း၏။ ထိုခဏ၌ ယုတ်မာသော သူတို့အောက် အလွန်အကြူး အထူးသဖြင့် ယုတ်မာသော မာရ်နတ်မင်း

ဓမ္မပဒဝတ္ထု၊ (ဒု) ၁၂–ပ·မ·သ·စ

သည် တုန်လှုပ်တက်ကြွ ရုတ်ခြည်းထလျက် ဤပစ္စေကဗုဒ္ဓါသည် ယနေ့မှ ခုနစ်ရက်မြောက် ကျရောက်စဉ်ကာလမှစ၍ အာဟာရကို မစားရသုံးရ ယနေ့မှ အစာအာဟာရကို မရခဲ့သည်ရှိသော် ပျက်စီးလတ္တံ့၊ ဤပစ္စေကဗုဒ္ဓါကိုလည်း ဖျက်ဆီးအံ့၊ သူဌေး၏ အလှူအန္တရာယ်ကိုလည်း ပြုအံ့ဟု ကြံပြီးလျှင် ထိုခဏ၌ သာလျှင် မြန်စွာသက်ဆင်းလာ၍ သူဌေး၏အိမ်နှင့် ပစ္စေကဗုဒ္ဓါအရှင်မြတ် ရပ်တန့်သော အကြား၏အတွင်း၌ အတောင်ရှစ်ဆယ်မျှ ပမာဏရှိသောမီးကျီး တွင်းကို ဖန်ဆင်း၍ ထားလေ၏။

ထိုမီးကျီးတွင်းသည်ကား အလျှံပြောင်ပြောင် တောက်လောင်ရဲရဲ မီးခဲ မီးကျီးတို့ဖြင့် ပြည့်၏၊ အဝီစိငရဲမီးကဲ့သို့ မှတ်ထင်ရ၏၊ မီးကျီးတွင်းကို ဖန်ဆင်း ပြီး၍ မိမိသည် ကောင်းကင်က ရပ်တန့်ကြည့်ရှု၍ နေ၏၊ သူဌေး စေလွှတ်အပ် သည်ဖြစ်၍ သပိတ်ကို ဆောင်ယူအံ့သောငှါ သွားသောအမှုလုပ် ယောကျ်ား သည် မီးကျီးတွင်းကိုမြင်၍ ကြီးစွာသော ကြောက်ရွံ့ထိတ်လန့်ခြင်း ဖြစ်သဖြင့် ပြန်၍ ပြေးလာ၏။ ဘုရားလောင်း သူဌေးက အချင်းလုလင် အဘယ်ကြောင့် ပြန်လာသနည်းဟု မေးလျှင် အရှင်၏အိမ်ရှေ့အပြင်၏ အတွင်း၌ ပြင်းပြလျှံစွဲ ရဲရဲငြိုးသော မီးကျီးတွင်းသည် ရှိပါသည်ဟု ပြောလျှင် ထိုနောက်တစ်ပါးသော သူကို စေလွှတ်ပြန်ပါသော်လည်း ရှေးနည်းအတူသာလျှင်ပြန်၍ ပြေးလာကုန်၏၊ ထိုအခါ ဘုရားလောင်းသည် ယခုအခါ ငါ၏အလှူအန္တရာယ်ကို ပြုလိုသော ကြောင့် ဝသဝတ္တီနတ်ပြည်၌နေသော မာရ်နတ်သားသည် ငါ့အား စစ်ပြုလာ သည် ဖြစ်ပေလတ္တံ့၊ ထိုသို့သဘောရှိသော မာရ်နတ် ဒ ထောင် ဒ သောင်း အသိန်းတို့ပင် ဖြစ်စေကာမူ ငါ၏ စိတ်နှလုံးကို မတုန်မလှုပ် စေနိုင်သည်၏ အဖြစ်ကို မသိလေ သလျှင်ကတည်း၊ ယခုအခါ ငါ၏လည်းကောင်း၊ မာရ်နတ် သား၏လည်းကောင်း ခွန်အားစွမ်းပကားကြီးမြတ်သည်ကို သိရပေတော့အံ့ဟု ကြံ၍ စီရင်မြဲတိုင်းသာလျှင် ဖြစ်သော ထိုဆွမ်းခွက်ကိုယူ၍ အိမ်မှထွက်ခဲ့ ပြီးသည်ကာလ မီးကျီးတွင်းနား၌ တန့်ရပ်ပြီးသော် ကောင်းကင်ကို မျှော်၍ ကြည့်ရှုက မာရ်နတ်သားကိုမြင်၍ သင်သည် အဘယ်သူနည်းဟု မေး၏။ ငါကား မာရ်နတ်သားဟုဆိုလျှင် ဤမီးကျီးတွင်းကို အသင် ဖန်ဆင်းအပ် သလောဟု မေးပြန်သဖြင့် သြော်– ဟုတ်ပေ၏။ ငါသည် ဖန်ဆင်းအပ်သတည်း ဟု ဝန်ခံလျှင် အသင် အဘယ်အကျိုးငှါ ဖန်ဆင်းဘိသနည်းဟု မေးပြန်သည် ကာလ အသင်၏ အလှူအန္တရာယ်ကို ပြုခြင်းငှါလည်းကောင်း၊ အရှင်ပစ္စေက ဗုဒ္ဓါ၏ အသက်ကို ဖျက်ဆီးခြင်းငှါလည်းကောင်း ဖန်ဆင်းအပ်ပေသည်ဟု ဆိုလျှင် ဘုရားလောင်းက ငါ၏အလှူအန္တရာယ်ကို ပြုနိုင်စေသောငှါ သင်အား ငါမပေး တော့အံ့၊ အရှင်ပစ္စေကဗုဒ္ဓါ၏ အသက်အန္တရာယ်ကို ပြုနိုင်စိမ့်သောငှါ အသင် အား ငါမပေးတော့အံ့ ယခုအခါ အသင်နှင့် ငါတို့သည် ခွန်အားစွမ်းပကားသတ္တိ၊

အဘယ်သူက ကြီးမြတ်စွာ ရှိသည်ကို သိရပါလိမ့်အံ့ဟု ပြောဆိုပြီးလျှင် မီးကျီး တွင်း၏ အနားငကမ်းထိပ်ထက် တန့်တန့်မတ်မတ် ရပ်လျက် အရှင်ပစ္စေကဗုဒ္ဓါ အား လျှောက်ထား တောင်းပန်လိုသည် ဖြစ်သောကြောင့်—

ကာမံ ပတာမိ နိရယံ၊ ဥဒ္ဓံပါဒေါ အဝံသိရော။
နာနရိယံ ကရိဿာမိ၊ ဟန္ဒ ပိဏ္ဍံ ပဋိဂ္ဂဟ–

ဟူသော ဂါထာကို ရွတ်ဆို၏။

**အနက်ကား။** ။ဘန္တေ၊ ရှေ့ဘုန်းတော်သခင် အရှင်ဘုရား။ နိရယံ၊ အလျှံ ပြောင်ပြောင် တောက်လောင်သဲသဲ ရဲရဲဟုန်ပြင်း မီးကျီးတွင်းငရဲသို့။ ဥဒ္ဓံပါဒေါ၊ အထက်သို့ရောက် ခြေထောက်မိုးမြော်။ အဝံသိရော၊ အောက်သို့ညွတ်ပျောင်း ဦးခေါင်းတွဲလဲ။ ကာမံ၊ စင်စစ်။ အဟံ၊ တပည့်တော်သည်။ ပတာမိ၊ လျှင်မြန် ထုတ်ချောက် ကျရောက်မှုလည်း ကျရောက်ပါစေတော့။ တထာပိ၊ ထိုသို့မသေ့ ကျရောက်ပေသော်မှုလည်း။ အနရိယံ၊ တရားမလျော် မသူတော်တို့ မွေ့လျော် သဖြင့် ကျင့်နာဖြစ်သော အလှူကို မပေးခြင်း သီလမစောင့်ခြင်းကို။ အဟံ၊ တပည့်တော်သည်။ န ကရိဿာမိ၊ မပြုပါအံ့။ တုမှေ၊ အရှင်ဘုရားတို့သည်။ ဟန္ဒ၊ လွတ်လွတ်။ ပိဏ္ဍံ၊ တပည့်တော်စားရန် စီမံချက်ပြုတ် နတ်သုဒ္ဓါအသွင် ဆွမ်း ဘောဇဉ်ကို။ ပဋိဂ္ဂဟ၊ အသက်ကိုမျှ မတွယ်တာ သဒ္ဓါကြည်ဖြူ ငါ့အား လှူပေ သည်ဟု ရှေ့ရှုကရုဏာ ငဲ့ညှာ ကြံမြော်လျက် ခံယူတော်မူပါလော့။ ဤကား အနက်။

**အဓိပ္ပါယ်ကား။** ။ရှေ့ဘုန်းတော်သခင် အရှင်ဘုရား အလျှံပြောင်ပြောင် တောက်လောင်သဲသဲ ရဲရဲဟုန်ပြင်း ဤမီးကျီးတွင်းသို့ အထက်သို့ ခြေထောက် မိုးမြော် အောက်သို့ ဦးခေါင်းတွဲလဲ ဆွဲပြီးသည်ကာလ ကျမှုလည်း တပည့်တော် စင်စစ်အားဖြင့် ကျပါစေတော့၊ ထိုသို့ပင် ကျရောက်၍ သွားရလေငြားသော် လည်း မသူတော်တို့သည် ပြုကျင့်အပ်သောအလှူကို မပေးခြင်း၊ သီလကို မစောင့်ရှောက်ခြင်းကို တပည့်တော် မပြုပါအံ့၊ အရှင်ဘုရားတို့သည် လွတ်လွတ် စွန့်ပြီးသောကာလ တပည့်တော် စားသောက်ရန်အလို့ငှါ စီမံချက်ပြုတ်၍ ထားအပ်သော သုဒ္ဓါဘုတ်တမျှကဲ့သို့ မွန်မြတ်လှသော ဤဆွမ်းကို မိမိ၏အသက် ကိုမျှ မတွယ်တာ သဒ္ဓါကြည်ဖြူ ငါ့အားလှူပေသည်ဟု ရှေ့ရှုကရုဏာ ငဲ့ညှာ ကြံမြော်လျက် အလှူခံတော်မူပါလော့ဟု လျှောက်ကြားပြီးလျှင် ဘုရားလောင်း သည် မြဲမြံခိုင်ခံ့သော ဆောက်တည်ခြင်းဖြင့် ဆွမ်းခွက်ကို ကိုင်လျက် မီးကျီး တွင်း၏ အထက်ဖြင့် နင်းတက်၍ သွား၏။

## မီးကျီးခဲစုအတွင်းမှ အံ့ဩဖွယ် ပဒုမ္မာကြာများ ပေါက်ခြင်း

ထိုခဏ၌ အတောင်ရှစ်ဆယ်မျှလောက်ရှိသော မီးကျီးတွင်း အပြင်မှ အဆင့်ဆင့်မြှာသော ပွင့်ချပ်တစ်ရာတို့ဖြင့် တန်ဆာဆင်အပ်သော အပွင့်ရှိသော ကြာပဒုမ္မာပင်သည် ပေါက်လာ၍ ဘုရားအလောင်း၏ ခြေအောက်၌ ခံ၏။ ထိုကြာပဒုမ္မာပန်းမှ တစ်တုမ္ဗမျှ ပမာဏရှိသော ဝတ်ဆံဝတ်မှုန်တို့သည် တက်လာပြီးသောကာလ ဘုရားလောင်း၏ ဦးထိပ်၌တည်သဖြင့် အလုံးစုံသော ကိုယ်သည် ရွှေမှုံဖြင့် ကြဲဘိသကဲ့သို့ တည်၏။ ဘုရားလောင်းသည် ပဒုမ္မာကြာပန်း အချပ်အထက်၌ ရပ်လျက် အထူးထူးသော မြတ်သောအရသာရှိသော ဘောဇဉ်ကို အရှင်ပစ္စေကဗုဒ္ဓါ၏ သပိတ်၌ ထည့်လောင်းလှူဒါန်း၏။ အရှင်ပစ္စေကဗုဒ္ဓါလည်း ဆွမ်းကိုခံယူလျက် အနုမောဒနာကို ပြုတော်မူပြီးသည်ကာလ သပိတ်ကို ကောင်းကင်၌ပစ်လွှတ်လိုက်၍ လူတို့ ကြည့်ရှုထင်ထင် မြင်စဉ်ပင် ကောင်းကင်သို့ တက်၍ အထူးထူးအပြားပြားရှိသော တိမ်တိုက်လွှာတိမ်ကို နင်းဘိသကဲ့သို့ဖြစ်၍ ဟိမဝန္တာသို့သာလျှင် ကြွသွားတော်မူ၏။

မာရ်နတ်သားသည်လည်း စစ်ရှုံး၍ နှလုံးမသာယာခြင်းသို့ ရောက်လေရကား မိမိစံနေရာ ဖြစ်သော ဝသဝတ္တီ နတ်ပြည်သို့သာလျှင် ပြန်သွားရလေ၏။ အလောင်းတော် သူဌေးလည်း ပဒုမ္မာကြာချက်၏ အထက်၌ ရပ်လျက် လူများ အပေါင်းအား ဒါန သီလ စသည်ပေါင်းစု ကောင်းမှု ကုသိုလ်ကံ၏ အာနိသံသ အကျိုးဆက်ကို မိန့်မြွက် ဟောပြပြီးလျှင် လူများအပေါင်း ခြံရံလျက် မိမိအိမ်သို့ ဝင်၍ အသက်ထက်ဆုံး ဒါနအစရှိသော ကုသိုလ်ကောင်းမှုတို့ကို ပြု၍ ကံအားလျော်စွာ လားရလေ၏။ ချစ်သားရဟန်းတို့ ယခုအခါ ဘုရားအဖြစ်သို့ စင်စစ်ထုတ်ချောက် ရောက်တော်မူလာပြီး၍ ဘုရားဖြစ်၍ ဖြစ်သော ငါ့အား မီးကျီးခဲအစုမှ ကြာပဒုမ္မာပန်းသည် ပေါ်ပေါက်လာသည်ကား အံ့ဩဖွယ်မရှိ။ ရှေးအခါကာလက တစ်စိတ်တစ်ဒေသဉာဏ်ကိုရသဖြင့် ဘုရားအလောင်းတော် ဖြစ်သောသူဌေးအား အလျှံရဲရဲ မီးကျီးခဲအစုမှ ကြာပဒုမ္မာပန်း ထူးဆန်း ပေါ်ပေါက် ထွက်ရောက်လာသည်ကား သာ၍ပင်အံ့ဩဖွယ် ရှိပါပေသည်ဟု နိဂုံးကမ္ပတ် အုပ်သတ်တော်မူပြီးမှ ချစ်သားရဟန်းတို့ ထိုအခါကာလက ရှင်ပစ္စေကဗုဒ္ဓါသည် ထိုဘဝ၌ပင် ပရိနိဗ္ဗာန်ပြုတော်မူပေ၏။ ထိုအခါကာလက ဗာရာဏသီ သူဌေးသည် ယခုအခါ ငါဘုရား ဖြစ်လာပေ၏ဟု ဇာတ်တော်ကို ပေါင်း တော်မူ၏။

ဓမ္မပဒပုပ္ဖဝဂ်၌ တစ်ဆယ့်နှစ်ခုမြောက်ဖြစ်သော သိရိဂုတ္တသူကြွယ်နှင့်
ဂရဟဒိန္နသူကြွယ်တို့၏ ဝတ္ထုစကားအစဉ်ကား
ဤတွင်ရွှေ ပြီးဆုံး၏။

ဥလတိ ဟံသာဝတီနဂရဿ တိဂုမ္ဘစေတိယဿ ဥတ္တရာနုဒိသာဘာဂေ မဟာအာရညိကဝိဟာရေ ဝသန္တေန စန္ဒိမာတိလဒ္ဓနာမေန အဋ္ဌဝဿိ-ကေန ဂဏဝါစကေန ဘိက္ခုနာ မရမ္မဘာသာယ ဒေသိတော ကတော ဓမ္မပဒတ္ထော မဟာပကရဏော စတုတ္ထပုပ္ဖဝဂ္ဂဿ မရမ္မဘာသတ္ထော နိဋ္ဌိတော။

ဓမ္မပဒပါဠိတော် အဋ္ဌကထာတို့၌ လေးခုမြောက်ဖြစ်သော ပုပ္ဖဝဂ်သည်

ဤတွင်ရွေကား ပြီးဆုံး၏။

# ၅။ မာလာဝဂ်

## ၁။ ကောသလမင်းကြီးနှင့် အညတရယောကျ်ားအကြောင်း

### ပစ္စုပ္ပန်ဝတ္ထု

**ဒီဃာ ဇာဂရတော** ရတ္တိ–အစရှိသော ဤဓမ္မဒေသနာ ပါဌ်ဂါထာကို **သရာတစ်ဆူ** ဖြစ်တော်မူသော သယမ္ဘူမြတ်ဖျား စေတဘုရားသည် များစွာ ကောင်းမွန် သာမျိုးလှန်သော ဇေတဝန်ကျောင်းကြီး၌ ပျော်မွေ့ယာပထ မျှတ သီတင်းသုံးတော်မူလျက် ပသေနဒီ ကောသလမင်းကြီးကိုလည်းကောင်း၊ အမျိုး အမည် မထင်ရှား တစ်ဦးသောယောကျ်ားကိုလည်းကောင်း ထောက်ထားသမှု အကြောင်းပြုသောအားဖြင့် ဟောကြားတော်မူခဲ့ပေသတည်း။

### အကြောင်း အတ္ထုပ္ပတ္တိ အစဉ်ကား ဤသို့တည်း

သာဝတ္ထိပြည်ကြီးကို အစိုးရတော်မူသော ဘုရင်ပသေနဒီကောသလမင်းကြီး သည် ပွဲသဘင်ကြိမ်သော တစ်နေ့သော နေ့၌ အထူးထူးအသွယ်သွယ် အုံ့ဖွယ် များစွာ တန်ဆာတို့ဖြင့် ဆင်ယင်အပ်သော ဘော်ငွေဖြူအသွေးကဲ့သို့ တစ်ကိုယ် လုံး ဖွေးဖွေးဖြူသော ပုဏ္ဍရိကမည်သော ဆင်တစ်ကောင်ကို တက်စီးတော်မူ၍ ကြီးစွာသောမင်း၏အာနုဘော်ဖြင့် မြို့ကို လက်ယာရစ် လှည့်လည်သည်ကို ပြု၏။ ပွဲလမ်းသဘင် စီရင်ခင်းကျင်း မင်း၏တင့်တယ် စမွာယ်ခြင်းရှိသော ပွဲသဘင် ဖြစ်သည်ရှိသော် ခဲ့တုတ် စသည်တို့ ပစ်ခတ်ရိုက်နှက်အပ်သော်လည်း များစွာ သော လူများအပေါင်းသည် ထွက်ပြေးတိမ်းရှောင်လျက်သာ လည်ကိုလှည့်လည် ပြန်စောင်းလျက် ကြည့်ရှုကြကုန်သေးသည်သာလျှင်တည်း။ ဤသို့ ကြည့်ရှု ရခြင်းသည်ကား ရေမြေသနင်း ပြည့်ရှင်မင်းတို့အား ရှိသေကောင်းမွန်စွာ ပေးကမ်းလှူဒါန်းခဲ့ဖူးသော ဒါန၏အကျိုးဆက် အာနိသံ ဖြစ်ပေသတတ်။

### ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်မယ်အကြောင်း

မထင်မရှားသော ကစ်ယောက်သော ဆင်းရဲသား ယောကျ်ား၏ မယား ခင်ပွန်းမသည် ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်၏ အထက်အပြင်၌ တည်လျက် တစ်ခုသော လေသောက်ပြူတင်း တံခါးရွက်ကို ဖွင့်လှစ်စေပြီးသော ကာလ မင်းကြီးကို ကြည့်ရှုပြီးသော် မိမိ၏နေရာတိုက်ခန်းသို့ ဝင်၍ သွား၏။ ပသေနဒီ ကောသလမင်းကြီးသည် ကျောင်းကင်၌ တက်ထွန်းသော လပြည့်ဝန်းသည် တိမ်တိုက်ကြားသို့ဝင်၍ သွားဘိသကဲ့သို့ မှတ်ထင်အောက်မေ့၏။ မင်းကြီးသည်

မိမိအား ကြည့်ရှုပြီးသောကာလ တိုက်ခန်းတွင်းသို့ ဝင်သွားသောထိုမိန်းမအား နှောင်ဖွဲ့တပ်ညှိသော စိတ်ရှိသည်ဖြစ်၍ ဆင်၏ ကျောက်ကုန်းထက်မှ သျှောသက်၍ ကျအံ့သကဲ့သို့သော အခြင်းအရာသည်ဖြစ်၍ လျင်စွာမြို့ကို လက်ယာရစ်လည်သည်ကိုပြု၍ နန်းတွင်းသို့ ပြန်ဝင်တော်မူပြီးလျှင် မိမိနှင့် အကျွမ်းဝင်သော တစ်ယောက်သော အမတ်ကို အချင်းအမတ် ဤအမည်ရှိသောအရပ်၌ သွားသည်ရှိသော် ငါသည် ကြည့်ရှုအပ်သော တစ်ခုသော ပြာသာဒ်ကို အသင်မြင်ပါ၏လောဟု မေး၏။ သြော်-အရှင်မင်းမြတ် မြင်ပါ၏ဟု အမတ်ကလျှောက်လျှင် ထိုပြာသာဒ်၌ တစ်ယောက်သောမိန်းမကို မြင်ပါ၏လောဟု မေးတော်မူသဖြင့် အရှင်မင်းမြတ် ထိုပြာသာဒ်၏အထက်၌ နှစ်သက်ဖွယ်ရာ အင်္ဂါသဏ္ဌာန်ကြွန်အင်လှပသော တစ်ယောက်သော မိန်းမငယ်ကို မြင်ရပါသည်ဟု လျှောက်ကြားသော ကာလ အချင်းအမတ် အသင်သည် သွားတဲ့ချေ ထိုအမျိုးမိန်းမငယ်အား အစိုးရသော ခင်ပွန်းအရှင် လင်ရှိသည်၏အဖြစ် မရှိသည်၏အဖြစ်ကို သိအောင်ပြု၍ လာခဲ့ဘိလော့ဟု စေလွှတ်တော်မူ၏။ ထိုအမတ်သည် လျင်စွာသွားရောက် စူးစမ်းသောကာလ အစိုးရသော ခင်ပွန်းအရှင် လင်ရှိသည်၏အဖြစ်ကိုသိ၍ ပြန်လာပြီးလျှင် မင်းကြီးအား အစိုးရသော ခင်ပွန်းအရှင် လင်ရှိသည်၏ အဖြစ်ကို ပြန်ကြား လျှောက်တင်၏။

## ပြာသာဒ်မယ်ကို လိုချင်၍ လင်ယောကျ်ားကို သတ်ရန် ရာထူးပေးအပ်ခြင်း

ထိုအခါ အမတ်ကို မင်းကြီးက အချင်းအမတ် ထိုသို့ပြုပြီးကား အချင်းအမတ် သွားတဲ့ချေ၊ ထိုအမျိုးမိန်းမငယ်၏ ခင်ပွန်းအရှင်လင်ကို ငါ၏ထံသို့ ခေါ်ဆောင်ခဲ့လော့ဟု စေလွှတ်တော်မူသည်ရှိသော် အမတ်သည်လည်း သွားရောက်၍ အိုအချင်း လာလှည့် အသင့်ကို ပြည့်ရှင်မင်းကြီးသည် ခေါ်စေတော်မူအပ်၏ဟု ပြော၏။ ထိုယောကျ်ားကလည်း ငါ့အား မယား ခင်ပွန်းမကို အမှီပြုပြီးသောကာလ ဘေးဖြစ်သော် ဖြစ်ဖွယ်ရာရှိချေသည်။ ငါတည်းဟူသော အကြောင်းကြောင့် မင်းကြီးခေါ်တော်မူရန် တစ်စုံတစ်ခုမျှမရှိဟု ကြံစည်ဆင်ခြင်ပြီးသော် မင်းကြီး၏အာဏာကို တားမြစ်ခြင်းငှာ မစွမ်းနိုင်သောကြောင့် လိုက်ပါ သွားရောက်ရ၍ မင်းကြီးကို ရှိသေညွတ်သျှိုး ရှိခိုးပြီးလျှင် ရပ်တည်နေ၏။ ထိုအခါ ရှိခိုးရောက်လာသော ယောကျ်ားကို မင်းကြီးက ယနေ့မှစ၍ အသင်သည် ငါ့အား ခစား လုပ်ကျွေးလေသော့ဟု မိန့်တော်မူ၏။ ထိုယောကျ်ားကလည်း အရှင်မင်းကြီး အကျွန်ုပ်သည် အလိုဆန္ဒမရှိလှပါ၊ အကျွန်ုပ်သည် မိမိအမှုကို ပြုပြီးသောကာလ အရှင်မင်းကြီးတို့အား အခွန်ဘဏ္ဍာကို ဆက်သွင်းပါအံ့၊ အိမ်၌သာလျှင် အသက်မွေးကာ ချမ်းသာစွာ နေလိုပါသည်ဟု လျှောက်၏။

မင်းကြီးကလည်း အသင်၏ အခွန်ဘဏ္ဍာဖြင့် ငါ့အားအလိုမရှိ၊ ယနေ့မှစ၍ ငါ့အား ခစားလုပ်ကျွေးခြင်းကို ပြုဘိလော့ဟု မိန့်တော်မူ၍ ထိုယောကျ်ားအား အရာအထူးကိုလည်းကောင်း၊ လက်နက်ကိုလည်းကောင်း ဆောက်နှင်းပေးသနားတော်မူ၏။ ဤသို့ အပ်နှံပေးသနားခြင်းသည်ကား ထိုယောကျ်ားကို တစ်စုံတစ်ခုသောအပြစ်ဒေါသကို တင်ပြီးသောကာလ ပယ်ဖျောက် သတ်ပုတ်ပြီးလျှင် ထိုသူ၏ မယားခင်ပွန်းမကို သိမ်းပိုက်အံ့ဟူသော အကြံဖြင့် ဆောက်နှင်းအပ်နှံလေသတည်း။

ထိုယောကျ်ားသည်လည်း သေအံ့သောဘေးမှ တွေးတောရှုံကြောက်သည်ဖြစ်၍ မမေ့မလျော့သာလျှင် ခစားလုပ်ကျွေး၏။ ထိုအခါ ပသေနဒီ ကောသလမင်းကြီးသည် ထိုယောကျ်ားအား တစ်စုံတစ်ခုသော အခွင့်နေရာကို ကြည့်ရှု၍ မမြင်ဘဲ ကာမဂုဏ်တည်းဟူသော ပူပန်နှိပ်စက်ခြင်းသည် ကြီးပွား၍သာလာသည်ရှိသော် ထိုယောကျ်ားအား တစ်ခုသော ဒေါသ အပြစ်သို့ တင်၍ မင်း၏အာဏာကို ပြုအံ့ဟု ကြံပြီးလျှင် ထိုယောကျ်ားကို ခေါ်တော်မူ၍ အို.... အချင်းယောကျ်ား ဤသာဝတ္ထိပြည်မှ တစ်ယူဇနာမျှလောက်ဖြစ်သော မြစ်၌ ဤအမည်ရှိသော အရပ်သို့ သွားရောက်ပြီးသော် ညချမ်းသောကာလ ငါသည် ရေသုံးသပ် စံပယ်သော အခါ၌ ကုမုဒြာ ကြာတို့ကိုလည်းကောင်း၊ အရုဏဝတီ မြေညက်ကိုလည်းကောင်း ဆောင်ယူခဲ့လော့။ အကယ်၍ ငါ၏ ရေသုံးသပ်စံပယ်ပြီးသော အခါခဏ၌ မလာမရောက်သည် ဖြစ်ခဲ့တုံအံ့။ အသင်အား မင်း၏ အာဏာကို ပြုအံ့ဟု မိန့်တော်မူ၏။ ထို မင်းခယောကျ်ားသည် လေးမျိုးကုန်သော ကျွန်တို့အောက် အသွန်တရာ ယုတ်မာ ညစ်ညမ်းသော ကျွန်သည် ဖြစ်ပေသတတ်။ ထိုစကားမှန်၏။ ပစ္စည်းဥစ္စာများစွာပေးလှယ်၍ ဝယ်ယူအပ်သောသူ အစရှိကုန်သော ကျွန်တို့သည် အကျွန်ုပ်အား ဦးခေါင်း၌ ထိုးကျင့် နှိပ်စက် ကိုက်ခဲလှပါသည်၊ အကျွန်ုပ်အား ကျောက်ကုန်း၌ ထိုးကျင့်နှိပ်စက် ကိုက်ခဲလှပါသည်ဟု တောင်းပန်ပြောဆို၍ နေခြင်းငှါ ရသေးကုန်၏။ မင်းခစားယောကျ်ားအား ထိုကဲ့သို့ မဖြစ်ချေ၊ မပြုထိုက် မစွမ်းနိုင်သော အမှုကိစ္စပင် ဖြစ်စေကာမူ မင်း၏အာဏာဖြင့် စေခိုင်းက ပြုရတော့သည်သာတည်း။ ထိုကြောင့် ထိုမင်းခစား ယောကျ်ားသည်လည်း မင်း၏ အာဏာကို မသွန်ဆန်နိုင်သောကြောင့် ကေန်မချွတ် ငါသွားရတော့မည်။ ကုမုဒြာကြာနှင့် အရုဏဝတီ မြေညက် မည်သည်ကား နဂါးတို့၏ နေရာရပ်ထံ၌သာလျှင် ရှိသည်ဖြစ်ပေ၏။ ငါသည် အဘယ်သို့ ရပါနိုင်အံ့နည်းဟု ကြံစည်လျက် သေအံ့သော ဘေးမှ တွေးတော ရှုံကြောက်သည်ဖြစ်၍ လျင်စွာသော အဟုန်ဖြင့် အိမ်သို့ ပြန်သွားပြီးလျှင် ချစ်နှမ ထမင်းကို စီရင်ချက်ပြုတ်၍ ပြီးပါပြီလောဟု မယားခင်ပွန်းမကို မေးလျှင် ခင်ပွန်းမကလည်း အရှင် ထမင်းအိုးသည် ချက်ပြုတ်

စီရင်၍ မပြီးတတ်ပါသေး ခုံလောက်ထက်၌သာ ရှိပါသေးသည်ဟု ပြောသည်ကာလ ထိုယောကျ်ားသည် အကြင်မျှလောက် ထမင်းအိုးကို ခုံလောက်ထက်မှ ချသည်တိုင်အောင် တည်တံ့ ဆိုင်းငံ့နေခြင်းငှါ မစွမ်းနိုင်သည်ဖြစ်၍ မှုတ်ဖြင့် ပအုံးရေကို ဆောင်စေပြီးသောကာလ အကြင်ရတိုင်းမျှသော ဟင်းနှင့်တကွ စိုစွတ်သည်သာလျှင် ဖြစ်သော ထမင်းကို ခြင်း၌ သိပ်နိုပ် ထည့်ယူပြီးသော် တစ်ယူဇနာမျှလောက်သော ခရီးသို့ ပြေးသွား၏။ ထိုယောကျ်ား၏ ခရီးသွားစဉ်ပင် ထမင်းသည် ကျက်ခြင်း နပ်ခြင်း ဖြစ်လေ၏။

## ကုမ္ဗြာကြာနှင့် အရဏဝတီမြေကို နဂါးမင်းက ပေးခြင်း

မင်းခစားယောကျ်ား ခရီးသွားလည်း မိမိယူဆောင် လာခဲ့သော ထမင်းတောင်းခြင်းမှ စားကြွင်း မဖြစ်စေခြင်းငှါ အဦးဖြစ်သော အနည်းငယ်မျှသော ထမင်းကို ချွင်းချန်ပယ်ထားလျက် စားသောက်၍ နေသည်ရှိသော် တစ်ယောက်သော ခရီးသွားယောကျ်ားကို တွေ့မြင်ပြန်၍ ငါသည် ချွင်းပယ်၍ ထားအပ်သော စားကြွင်းမဟုတ်သော ထမင်းအဦးသည် ရှိ၏။ ထိုထမင်းဦးကို အသင်သည် စားလတ္တံ့လောဟု မေးမြန်းပြောဆို၍ ပေးသဖြင့် ခရီးသွားယောကျ်ားလည်း ထိုထမင်းကို ယူ၍ စားသောက်၏။ မင်းခစား ယောကျ်ားလည်း မိမိစားပြီး၍ တစ်ခုသော ထမင်းဆုပ်ကို ရေ၌ စွန့်ကြဲပြီးလျှင် ခံတွင်းကို ဆေးကြော၍ ကျယ်စွာသော အသံဖြင့် ဟစ်အော်လျက် ဤမြစ်အရပ်၌ စောင့်ရှောက်ကုန်သော နဂါး ဂဠုန် အစရှိကုန်သော နတ်များအပေါင်းတို့သည် ငါ၏စကားကို နာတော်မူကြပါကုန်လော့ သာဝတ္ထိပြည်ကြီးရှင် ဘုရင်ပသေနဒီကောသလမင်းကြီးသည် ငါ့အား မင်းအာဏာကို ပြုလိုသောကြောင့် ကုမ္ဗြာကြာပန်းနှင့်တကွ အရဏဝတီ မြေညက်ကို ဆောင်ယူ၍ ဆက်ရမည်ဟု မိန့်မြွက်စေလွှတ်တော်မူ၏။ ငါသည် ခရီးသွားယောကျ်ား ဧည့်သည် အာဂန္တုအား ထမင်းပေးလှူ၏။ ထိုအလှူသည် တစ်ထောင်သောအကျိုးအာနိသံသ ရှိ၏၊ ရေ၌တည်သော ငါးတို့အားလည်း ပေးလှူအပ်၏။ ထိုအလှူသည် အရာသော အကျိုးအာနိသံသ ရှိ၏။ ဤမျှလောက်သော ကောင်းမှုကို ပြုပြီးသောကာလ အသင်တို့အား ကောင်းမှု၏ အဖို့ကို ပေးဝေပါ၏။ ငါ့အား ကုမ္ဗြာကြာနှင့် တကွသော အရဏဝတီ မြေညက်ကို ဆောင်ယူ၍ ပေးသနားပါကုန်လော့ဟု သုံးကြိမ်တိုင်အောင် ကြွေးကြော် ပြောကြား၏။ ထိုမြစ်၌ စောင့်ရှောက်သော နဂါးမင်းသည် မင်းခစား ယောကျ်ား ကြွေးကြော် ဟစ်အော်သော အသံကိုကြား၍ သူအို၏ အသွင်ကို ပြုပြင်ဖန်ဆင်းပြီးသော် ထိုယောကျ်ား၏ အထံသို့ သွားရောက်၍ အသင်သည် အဘယ်ကို ဟစ်အော် ပြောဆိုသနည်းဟု မေးသဖြင့် ထိုယောကျ်ားသည် ရှေးနည်းအတူ အလုံးစုံသော

အကြောင်းကို ပြောကြားသဖြင့် နဂါးမင်းက ငါ့အား ထိုကုသိုလ်အဖို့ကို ပေးပါလော့ဟု ပြောဆိုပြန်သည်ကာလ မင်းခစားယောကျ်ားကလည်း အရှင်ကုသိုလ်အဖို့ကို ပေးဝေပါ၏ဟု ပြောဆို၏။ ဤသို့သော နည်းဖြင့် နှစ်ကြိမ်သုံးကြိမ်တိုင်အောင် ပေးဝေစေပြီးမှ ကုမုဒြာကြာပန်းနှင့်တကွ အရဏဝတီမြေညက်ကို ယူဆောင်၍ ပေးလိုက်ပေ၏။

## ကောသလမင်းကြီးသည် ထပ်မံ၍ အကောက်ကြံစည်ခြင်း

ပသေနဒီ ကောသလမင်းကြီးက ကြံဆင်ခြင်တော်မူသည်မှာ လူတို့မည်သည်များသော မန္တန် မန္တရား ရှိ၏။ တစ်စုံတစ်ခုသော ဥပါယ်တံမျဉ် အခြင်းအရာဖြင့် ထိုယောကျ်ားသည် အကယ်၍ ရခဲ့သည်ဖြစ်အံ့။ ငါ့အား ကိစ္စပြီးခြင်းမဖြစ်ရာဟု ကြံဆင်ခြင်တော်မူ၏။ ကြံတော်မူပြီး၍ အလုံးစုံသော မြို့တံခါးကို ပိတ်ထားစေ၍ ကမ္ဘည်းတံဆိပ်ကို မိမိ၏ထံသို့ ဆောင်စေ၏။ မင်းခစားယောကျ်ားလည်း မင်းကြီး ရေသုံးသပ်တော်မူသော အခါ၌သာလျှင် သွားရောက်၍ တံခါးကို ဝင်ခွင့်မရသောကြောင့် တံခါးစောင့်ကို ခေါ်၍ တံခါးကို ဖွင့်ပါလော့ဟု ဆို၏။ တံခါးစောင့်တို့က ငါတို့သည် ဖွင့်ခြင်းငှါ မဝံ့ချေ၊ မင်းကြီးသည် စောစောကပင်လျှင် တံဆိပ်ကို ခတ်နှိပ်၍ မင်းအိမ်နန်းတော်သို့ ဆောင်စေတိသည်ဟု ပြောဆို၏။ ထိုယောကျ်ားက ငါသည် မင်းကြီးစေလွှတ်အပ်သော တမန်ဖြစ်ပါသည်။ တံခါးကိုဖွင့်၍ ပေးပါလော့ဟု တောင်းပန်ပြောဆိုသော်လည်း မရသည်ဖြစ်၍ ဤယခုအခါ၌ ငါ၏အသက်သည် ရှိတော့မည်မဟုတ်၊ အဘယ်သို့ ပြုရပါအံ့နည်းဟု ကြောင့်ကြပူပန် ကြံစည်ပြီး၍ မြို့တံခါး၏ တံခါးခုံထက်၌ မြေညက်စိုင်ခဲကို တင်ထားပြီးလျှင် ထိုမြေဆိုင်ခဲ၏ အထက်၌ ကြာပန်းကိုဆွဲ၍ ထားပြီးသော် ကျယ်စွာသော အသံကိုပြုလျက် မြို့၏အတွင်း၌ နေလေ့ရှိကုန်သော အို လူများအပေါင်းတို့ ငါသည် မင်းကြီးစေခိုင်းသော အတိုင်းအားဖြင့် ပြုအပ်သည်၏အဖြစ်ကို အသင်တို့သည် သိကြပါကုန်လော့ မင်းကြီးသည် ငါ့အား အကြောင်းမဟုတ်သဖြင့် ဖျက်ဆီးခြင်းငှါ အလိုရှိ၏ဟု သုံးကြိမ်တိုင်အောင် ဟစ်အော်ပြီးမှ အဘယ်အရပ်သို့ သွားရပါမည်နည်းဟု ကြံ၍ ရဟန်းတို့မည်သည်ကား နူးညံ့သိမ်မွေ့သော နှလုံးရှိ၏။ ကျောင်းသို့ သွား၍ အိပ်တော့အံ့ဟု ကြံစည်ဆုံးဖြတ်သည်ကို ပြု၏။ ထိုစကားမှန်၏။ သတ္တဝါတို့ မည်သည်ကား ချမ်းသာသော အခါကာလ၌ ရဟန်းတို့၏ ရှိသည်အဖြစ်ကိုသော်လည်း မသိမူ၍ ဆင်းရဲဖြင့် နှိပ်စက်သောကာလ၌ ရဟန်းတို့ ကိန်းအောင်းသောကျောင်းသို့ သွားလိုခြင်း ဖြစ်ပေကုန်၏။ ထို့ကြောင့် ၎င်းအဋ္ဌကထာ၌ “ဣမေ ဟိ နာမ သတ္တာ သုခိတကာလေ ဘိက္ခူနံ အတ္ထိဘာဝမ္ပိ အဇာနိတွာ ဒုက္ခာဘိဘူတကာလေ ဝိဟာရံ ဂန္တုကာမာ ဟောန္တိ” ဟု မိန့်တော်မူ၏။

**အနက်ကား**။ ။ဟိ သစ္စံ၊ မှန်၏။ ဣမေနာမ သတ္တာ၊ ဤသတ္တဝါတို့ မည်သည်ကား။ သုခိတကာလေ၊ ချမ်းသာသော အခါကာလ၌။ ဘိက္ခူနံ၊ ရဟန်းတို့၏။ အတ္တဘာဝမ္ပိ၊ ရှိသည်၏အဖြစ်ကိုသော်လည်း။ အဇာနိတွာ၊ မသိမူ၍။ ဒုက္ခာဘိဘူတကာလေ၊ ဆင်းရဲဖြင့် နှိပ်စက်သော အခါကာလ၌။ ဝိဟာရံ၊ ကျောင်းသို့။ ဂန္တုကာမာ၊ သွားလိုကုန်သည်။ ဟောန္တိ ကိရ၊ ဖြစ်ကုန်သတတ်။ ဤကား အနက်။

## "ဒု-သ-န-သော" အသံကြီးများကို ကြားရခြင်း

ထိုယောက်ျားသည်လည်း ငါ့အား တစ်ပါးသော ထောက်တည်ရာ မှီခိုရာ ကိုးကွယ်ရာမည်သည် မရှိလေပြီဟု ကြံ၍ ကျောင်းသို့သွားပြီးလျှင် ချမ်းသာ အေးငြိမ်းသော နေရာတစ်ခု၌ အိပ်နေ၏။ ထိုအခါ ပသေနဒီ ကောသလ မင်းကြီးသည် ထိုညဉ့်၌ အိပ်ပျော်ခြင်းကို မရ။ ထိုမိန်းမငယ်ကို အောက်မေ့ ကြံစည်စဉ် ကာမဂုဏ်တည်းဟူသော ပြင်းစွာသော ပူလောင်ခြင်းသည်ဖြစ်၏။ ပူပန်ခြင်းဖြစ်ပြီး၍ကား ထိုပသေနဒီ ကောသလမင်းကြီးသည် မိုးလင်းစင်သော ခဏ၌သာလျှင် ထိုယောက်ျားကို သတ်ဖြတ် ပယ်ဖျောက်ပြီးသော ကာလ ထိုမိန်းမငယ်ကို နန်းတော်သို့ လျှင်မြန်စွာ ဆောင်ယူသိမ်းပိုက်အံ့ဟု ကြံစည် အောက်မေ့၍ နေ၏။ ထိုသို့ ကြံစည်အောက်မေ့၍နေသော ခဏ၌သာလျှင် ယူဇနာ ခြောက်ဆယ်ရှိသော လောဟကုမ္ဘီငရဲ၌ ဖြစ်ကုန်သော လေးယောက် ကုန်သော ယောက်ျားတို့သည် ခုံလောက်၌ တင်အပ်သော ကျိုက်ကျိုက်ဆူသော အိုး၌ အောက်ထက် ပြောင်းပြန်လန်သော် ဆန်ကဲ့သို့ အောက်ထက်ပြောင်းပြန် ပြန်လှန်၍ ကျက်ရသဖြင့် အနှစ် သုံးသောင်းတို့ဖြင့် အောက်အငြင်သို့ ရောက်၍ တစ်ပါးလည်းဖြစ်ကုန်သော အနှစ်သုံးသောင်းတို့ဖြင့် တဖန် အထက်သို့ ဆန်တက် ပေါ်လာ၍ အထက်မျက်နှာရေးပသို့ ရောက်ကုန်၏။ ထိုယောက်ျားလေးယောက် တို့သည်ငရဲအိုး သံရေထဲမှ ပေါ်လာသည်နှင့် တစ်ပြိုင်နက် ဦးခေါင်းကိုပင့်မြှောက် အချင်းချင်းကို ကြည့်ရှုပြီးလျှင် တစ်ခုသော ဂါထာကို ရွတ်ဆိုစကား ပြောလို ပါလျက် တစ်ဂါထာလုံး ရွတ်ဆိုခြင်းငှါ မစွမ်းနိုင်မူ၍ တစ်ခုသော ပါဒ်ဂါထာတွင် တစ်လုံးသော အစအက္ခရာကို ရွတ်မိရုံကာမတ္တမျှဖြင့် လောဟကုမ္ဘီ မည်သော ငရဲအိုးသို့သာ နစ်မြုပ်ဝင်သွားပြန်လေကုန်၏။

## အစီပွါယ်ကို မသိဘဲနှင့် လိမ်လည်၍ လျှောက်ထင်သော ပုဏ္ဏားများ

ပသေနဒီ ကောသလမင်းကြီးသည် အိပ်ရာ ညောင်စောင်း ထက်၌ လျောင်းလျက် ညိုးလျော် စက်တော်ခေါ်ခြင်းငှါ မရသည် ဖြစ်၍ ညဉ့်၏ မဇ္ဈိမယာမ် အခြားမဲ့၌ ထိုအသံကို ကြားရ၍ ကြောက်ရွံ့တုန်လှုပ် ထိတ်လန့်သော

စိတ်ရှိရကား အသို့နည်း။ ငါ၏ အသက်အန္တရာယ်ပင် ဖြစ်လတ္တံ့လေလော၊ သို့တည်းမဟုတ် ငါ၏လက်ယာ တောင်ညာဒေဝီ မဟေသီမိဖုရားကြီး၏ အန္တရာယ်ပင် ဖြစ်လတ္တံ့လော၊ သို့တည်းမဟုတ် ငါသိမ်းချုပ်၍ စိုးအုပ်မျှလစ် မင်းအဖြစ်သည်ပင် ကျွံနစ်ဖောက်ထွက် ပျက်စီးလတ္တံ့ လေအံ့လောဟု တွေးတော ဖန်ဖန် ပူပန် စိုးရိမ် ညှိုးပိန်နွမ်းကြုံ သို့လုံးစုံသော ညဉ့်သုံးယံ ပတ်လုံးကို မျက်စိကို မှိတ်၍ အိပ်ပျော်မွေ့လျော် စက်တော်ခေါ် ခြင်းငှါ မစွမ်းနိုင်ဘဲ ရှိလေ၏။ ထိုပသေနဒိ ကောသလမင်းကြီးသည် နေအရုဏ်တက်ကြွ လင်းစင်ခြင်းသို့ ရောက်သောကာလ၌သာလျှင် ပရောဟိတ်ပုဏ္ဏားကို ခေါ်စေ တော်မူပြီးလျှင် ဆရာပုဏ္ဏား ညဉ့်၏ မဇ္ဈိမယာမ်၏အခြားမဲ့၌ အကြီးတကျယ် ကြောက်မက်ဖွယ်သော အသံကို ကြားအပ်၏။ တိုင်းပြည်၏လည်းကောင်း၊ အဂ္ဂမဟေသီ ဒေဝီထွတ်ဖျား မိဖုရား၏လည်းကောင်း၊ ငါမင်းမြတ်၏လည်း ကောင်း တစ်စုံတစ်ခု အမူငြိတွယ် အန္တရာယ်ကပ်ရောက် ပေါ် ပေါက်ဖြစ်လတ္တံ့ လေလော၊ ငါမင်းမြတ်သည် တပ်အပ်တည့်တည့် မသိမထင်နိုင်သောကြောင့် အသင် ဆရာပုဏ္ဏားအား ခေါ်တော်မူစေပြီးလျှင် မေးပေသည်ဟု မိန့်တော် မူ၏။ ပုရောဟိတ်ပုဏ္ဏားက အရှင်မင်းဖျား အဘယ်သို့ကြားသိပါသနည်းဟု မေးလျှောက်လျှင် ဆရာပုဏ္ဏား ငါမင်းဖျားသည် ရှေးဦးစွာ ဒု-ဟူသော အသံ ကိုကြားရသည်။ ထိုနောက် သ-ဟူသောအသံကို ကြားရသည်။ ထိုနောက် န-ဟူသော အသံကို ကြားရသည်။ ထိုနောက် သော-ဟူသော အသံကို ကြားရ လေသည်။ ဤလေးပါးသော အသံတို့၏ ဖြစ်ရန်ကြောင်းဟိတ် နိမိတ်အထူးကို စူးစမ်းဆင်ခြင်ပါလေ့ဟု မိန့်တော်မူ၏။

ပုရောဟိတ် ပုဏ္ဏားအား ကြီးစွာသော အမိုက်တိုက်သို့ ဝင်ရဘိသကဲ့သို့ တစ်စုံတစ်ခုသော အကြောင်းကိုမျှ စူးစမ်းဆင်ခြင်၍ မထင်မြင်နိုင်လေ ငါသည် မသိမထင်မမြင်နိုင်သောအတိုင်း အကျွန်ုပ်မသိပါဟု အကယ်၍ လျှောက်ကြား မိခဲ့သည်ဖြစ်အံ့၊ ငါ့အား လာဘသက္ကာရသည် ဆုတ်ယုတ်ခြင်း ဖြစ်ပေလိမ့်မည်။ လာဘသက္ကာရ ယုတ်အံ့သည်မှ ကြောက်သောကြောင့် အရှင်မင်းမြတ် ဝန်လေး လှပါသည်ဟု လျှောက်ကြား၏။ အသို့ပေနည်း ဆရာဟု မင်းကြီးက မေးသည် ရှိသော် အရှင်မင်းမြတ်၏ အသက်အန္တရာယ် ငြိတွယ်ကပ်ရောက် အံ့သည် ထင်ပါသည်ဟု လျှောက်ကြား၏။ မင်းကြီးသည် ပုဏ္ဏား လျှောက် ထားသော စကားကို ကြားတော်မူလျှင် ရှေးထက်ပင် နှစ်ဆလောက်မျှ တက်ကြွရှုံ့ကြောက်ခြင်း ရှိသည်ဖြစ်၍ ဆရာပုဏ္ဏား ပယ်ဖျောက်နိုင်အံ့သော တစ်စုံတစ်ခုသော အကြောင်းရှိပါသလောဟု မေးတော်မူလျှင် အရှင်မင်းမြတ် လွတ်အံ့သောအကြောင်းကို သိပါ၏။ အရှင်မင်းမြတ်သည် ရှုံ့ကြောက်တော် မမူလင့်၊ အကျွန်ုပ်သည် သုံးပုံသောဗေဒင်ဝယ် ကုန်စင်မျှလောက် ပေါက်ရောက်

သိစွမ်းနိုင်ပါသည်ဟု လျှောက်သဖြင့် ဆရာပုဏ္ဏား အဘယ်ကို ရခြင်းငှါ အပ်သနည်းဟု မေးတော်မူသော် သဗ္ဗသတ အမည်ရသော ယဇ်ကြီးကို ပူဇော်ချီးမြှင့်သဖြင့် ဇီဝိတိန္ဒြေ အသက်ကို ရတော်မူပါလတ္တံ့ဟု လျှောက်ကြား ပြန်သည်ကာလ အဘယ်သို့သော၀တ္ထုကို ရှာဖွေယူဆောင်ရအောင် ပြုခြင်းငှါ အပ်ပါသနည်းဟု မေးတော်မူပြန်လျှင် ဆင်တစ်ရာ၊ မြင်းတစ်ရာ၊ နွားလား ဥသဘတစ်ရာ၊ နို့ညှစ်နွားမတစ်ရာ၊ ဆိတ်မြန်မာတစ်ရာ၊ ဆိတ်ကုလားတစ်ရာ၊ မြည်းတစ်ရာ၊ အာဇာနည်မြင်းတစ်ရာ၊ ကြက်တစ်ရာ၊ ၀က်တစ်ရာ၊ သတို့သား ငယ်တစ်ရာ၊ သတို့သမီးငယ်တစ်ရာအားဖြင့် တစ်ဦးတစ်ဦးသော သတ္တ၀ါ၌ တစ်ရာ တစ်ရာတို့ကို ဖမ်းယူခြင်းငှါ အပ်ပါသည်ဟု လျှောက်၏။ ဤသို့လျှောက်ထား ခြင်းသည်ကား အကယ်၍ ဆိတ်မြန်မာ ဆိတ်ကုလား-စသော သားမျိုးအပေါင်း ကိုသာ အကယ်၍ ညွှန်ပြပြောဆို ဖမ်းယူစေသည်ဖြစ်ခဲ့အံ့၊ မိမိစားသောက်ရန် အလို့ငှါ ခဲဖွယ် စားသောက်ဖွယ်တို့ကိုသာ ဖမ်းယူစေဘိသည်ဟု ဆိုကုန်လတ္တံ့၊ ထိုကြောင့် ဆင် မြင်း လူတို့ကိုလည်း ဖမ်းယူစေဘိသတည်း။

မင်းကြီးသည်လည်း ငါ၏ ဇီဝိတိန္ဒြေအသက်ကိုသာ မပျက်မပျောက် စောင့်ရှောက်၍ရခြင်းငှါ အပ်ပေ၏ဟုကြံ၍ အလုံးစုံသော သတ္တ၀ါတို့ကို ဖမ်းဆီး ကြကုန်လော့ဟု အမိန့်အာဏာဖြင့် စေခိုင်းတော်မူ၏။ မင်းကြီး စေခိုင်းအပ် သော လူတို့သည်လည်း မင်းကြီးစေခိုင်းသော ပမာဏထက်ပိုလွန်၍ ဖမ်းဆီး ကြကုန်၏၊ များစွာကုန်သော လူအပေါင်းတို့သည် မိမိတို့၏ သား သမီးဆွေမျိုး ဉာတိတို့ကို ဖမ်းဆီးချုပ်နှောင် ယူဆောင်ခြင်းဟူသော အကြောင်းကြောင့် ဟစ်အော်ငိုကြွေး ပူဆွေးလျက် ကြီးစွာသော အသံကို ပြုကုန်၏။ ထိုအသံသည် မဟာပထ၀ီမြေကြီးသည် ပဲ့တင်ထပ်ဘိသကဲ့သို့ ဖြစ်လေ၏။

## မလ္လိကာမိဖုရားနှင့်တကွ မြတ်စွာဘုရားထံ သွားရောက် လျှောက်ထားခြင်း

ထိုအခါ မလ္လိကာမိဖုရားကြီးသည် ထို ဟစ်အော်ငိုကြွေး မြည်တမ်းကြသော အသံကိုကြား၍ မင်းကြီးအထံသို့ လျင်မြန်စွာ သွားရောက်ပြီးသော် အကြောင်း အဘယ်သို့ပေနည်း၊ အရှင်မင်းမြတ်၏ ဣန္ဒြေတော်လည်း မချမ်းမသာ ဖြစ်ဘိ ယောင်တကား၊ နွမ်းနယ်ပင်ပန်းဘိသကဲ့သို့ ထင်မြင်ရချေသည်တကားဟု မေး လျှောက်၏။ မင်းကြီးကလည်း မလ္လိကာ အသင်သည် ငါ၏ နားရင်း၌ လျင်မြန် သော အဆိပ်ကဲ့သို့ ပြေးသွားသည်ကို မသိပါသလောဟု မိန့်တော်မူသော ကာလ ရေမြေသနင်း မောင်တော်မင်းမြတ် မိန့်တော်မူအပ်သော အကြောင်း သည်ကား အဘယ်သို့ပါနည်းဟု မေးလျှောက်သဖြင့် ချစ်နှမ မလ္လိကာ ညဉ့် အဖို့၌ ငါ့အား ဤသို့ သဘောရှိသော အသံကို ကြားအပ်၏။ ငါသည်

ပုရောဟိတ်ပုဏ္ဏားတို့ကို မေးမြန်းသည်ကာလ အရှင်မင်းမြတ်အား အသက်၏ အန္တရာယ်သည် ထင်၏၊ သဗ္ဗသတ-အမည်ရသော ယဇ်ကြီးကို ပူဇော်၍ ဇီဝိ-တိန္ဒြေအသက်ကို ရပေလတ္တံ့ဟု လျှောက်တင်သော စကားကို ကြားသိရသောကြောင့် ငါ၏ဇီဝိတိန္ဒြေ အသက်ကို ရပါစိမ့်သောငှါ ဤသတ္တဝါတို့ကို ဖမ်းယူစေဘိသည်ဟု မိန့်တော်မူလျှင် မလ္လိကာ မိဖုရားကြီးက အရှင်မင်းမြတ် အရှင်မင်းကြီးသည် အလွန်မိုက်သည်သာလျှင် ဖြစ်ပေ၏။ များစွာကုန်သော မွန်မြတ်သော ဟင်းခဲဖွယ် အထူးတို့ဖြင့် စီရင်အပ်သော တစ်ဒေါဏချက်မျှလောက်သော ထမင်းပွဲတော်ကို စားသုံးသည်ဖြစ်၍ အလွန်အစားကြီးသည်ကား အကယ်၍ ဖြစ်၏။ တိုင်းကြီးနှစ်တိုင်းတို့၌ မင်းအဖြစ်ကို အကယ်၍ကား ပြုအပ်၏။ ယင်းသို့ပင် အစားအသောက်ကြီး၍ တိုင်းကြီး နှစ်တိုင်းတို့ကို အစိုးရသော်လည်း အသိအမြင် ဆင်ခြင်တတ်သော ပညာသည်ကား အလွန်နည်းလှပေ၏ဟု ဆို၏။

ချစ်နှမ အသင်သည် အဘယ်ကြောင့် ဤသို့ပြောဆိုဘိသနည်းဟု မင်းကြီးက မေးမြန်းလျှင် အရှင်မင်းမြတ် အသို့နည်း တစ်ပါးသော သတ္တဝါသေသဖြင့် တစ်ပါးသော သတ္တဝါ၏ ဇီဝိတိန္ဒြေ အသက်ရအပ်သည်ကို မြင်ဖူးပါသလော မိုက်လှစွာသော သူမိုက်ပုဏ္ဏား၏ စကားကို ယူမှားပြီးသည်ကာလ အဘယ်ကြောင့် များစွာသော လူများအပေါင်း၏ အထက်၌ ဆင်းရဲဒုက္ခကို ပစ်ချ၍ ရောက်စေဘိသနည်း၊ မနီးမဝေး အဦးဖြစ်သော ဇေတဝန် ကျောင်းတော်၌ နတ်နှင့်တကွသော လူအပေါင်းတို့ထက် ဆဆတက်၍ ပြိုင်ဘက်မရ ထွတ်မြတ်လှသော အဂ္ဂပုဂ္ဂလ ဖြစ်တော်မူသော အတိတ်-အစရှိသောကာလ၌ အပိတ်ပင် အဆီးအတားမရှိသော အပ္ပဋိဟတ-ဉာဏ်တော်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား ကိုယ်တော်မြတ်သည် လေးရပ်သော ဣရိယာပထဖြင့် မျှတရှင်ပြုံး သီတင်းသုံးတော်မူပါသည် မဟုတ်တုံလော၊ ထိုမြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကို မေးလျှောက်၍ မြတ်စွာဘုရား ကိုယ်တော်မြတ်သည် ဆုံးမဟောကြားတော်မူတိုင်းကိုသာ လိုက်နာ ကျင့်ဆောင်၍ပြုတော်မူပါလော့ဟု လျှောက်ကြားပြောဆိုသည်ရှိသော် ထိုအခါ ပသေနဒီ ကောသလမင်းကြီးသည် ပေါ့လျော့လျင်မြန်သော ယာဉ်ငယ်တို့ဖြင့် မလ္လိကာ မိဖုရားနှင့် တကွ တက်စီး၍ ကျောင်းတော်သို့ သွားရောက်ပြီးသော် သေအံ့သောဘေးဖြင့် တွေးတောရွံ့လောက် ကြောက်လန့်သော စိတ်ရှိသည် ဖြစ်၍ တစ်စုံတစ်ခုမျှသောစကားကို ပြောဆိုခြင်းငှါ မစွမ်းနိုင်ဘဲ မြတ်စွာဘုရား ကိုယ်တော်မြတ်ကို ရှိခိုးပြီးသော် တင့်အပ် လျောက်ပတ်သော အရပ်၌ နေထိုင်၏။

ထိုအခါ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်က ဒကာတော်မင်းကြီးပူရှိန်ပြင်းပြ နေထွန်းပသော နေ့မွန်းတည့် အခါကာလ၌ အဘယ်အရပ်မှ လာခဲ့သနည်းဟု ရှေးဦးစွာ စ၍ပင် ခေါ်တော်မူ၏။ ပသေနဒီ ကောသလမင်းကြီး

သည် ဆိတ်ဆိတ်သာလျှင် ထိုင်နေ၏ ထိုနောက်မှ မလ္လိကာမိဖုရားက ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား အရှင်မြတ်၏ ဒကာတော်မင်းကြီးသည် မစ္ဆိမယာမ်၏ အခြားမဲ့ဖြစ်သော ညဉ့်၌ အသံကို ကြားပါသည်။ ထိုကြားအပ်သောအသံကို ပုရောဟိတ်ပုဏ္ဏားတို့အား ပြန်ကြားပြောဆိုသော ကာလ ပုရောဟိတ်ပုဏ္ဏားသည် မင်းကြီး၏ အသက်အန္တရာယ်ဖြစ်လတ္တံ့ ထိုအန္တရာယ်ကို ပယ်ဖျောက်ခြင်းငှါ အလုံးစုံသော အမျိုးဇာတ်၌ တစ်ရာထစ်ရာသော သတ္တဝါတို့ကို ဖမ်းယူပြီးသည်ကာလ ထိုသတ္တဝါတို့၏ လည်ချောင်းသွေးဖြင့် ယဇ်နတ်ကိုပူဇော်သည်ရှိသော် အသက်ကို ရပါလတ္တံ့ဟု လျှောက်တင်သောကြောင့် မင်းကြီးသည် သတ္တဝါတို့ကို ဖမ်းယူစေပါသည်။ သို့ဖြစ်၍ တပည့်တော်မသည် ဤမင်းကြီးကို အရှင်ဘုရား၏ ခြေတော်ရင်းသို့ ရောက်အောင် ခေါ်ဆောင်ခဲ့ပါသည်ဟု လျှောက်ကြား၏။ မြတ်စွာဘုရားကိုယ်တော်မြတ်က ဒကာတော်မင်းကြီး မလ္လိကာမိဖုရား လျှောက်ကြားတိုင်း မှန်ပေသလောဟု မေးတော်မူလျှင် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားဟုတ်မှန်ပါသည်ဟု ဝန်ခံသဖြင့် မင်းကြီး အသင်အား အဘယ်သို့သော အသံကို ကြားအပ်သနည်း ဟု မေးတော်မူသော ကာလ မင်းကြီးသည် မိမိ၏ ကြားအပ်သော အမှတ်ဖြင့်သာလျှင် အလုံးစုံသောအကြောင်းကို ပြန်ကြား၏။

## မြတ်စွာဘုရားသခင် ဖြေတော်မူခြင်း

မြတ်စွာဘုရား ကိုယ်တော်မြတ်သည် မင်းကြီးလျှောက်ထားသည်ကို ကြားတော်မူ၍ ဒကာတော်မင်းကြီး မကြောက်မရွံ့ပါလင့်၊ အသင်ဒကာတော်မင်းကြီးအား အန္တရာယ်မရှိ၊ မကောင်းမှုကိုပြုကုန်သော သတ္တဝါတို့သည် မိမိ၏ဆင်းရဲဒုက္ခကို သည်းခံခြင်းငှါ မစွမ်းနိုင်သည်ဖြစ်၍ ပြောကြားလိုသောကြောင့် ရွတ်ဆိုကြသော အသံတို့ပေးတည်းဟု မိန့်တော်မူ၏။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ထိုသူတို့ပြုအပ်သော မကောင်းမှုသည်ကား အဘယ်ပါနည်းဟု လျှောက်ကြားပြန်သဖြင့် ထိုအခါ မြတ်စွာဘုရားသခင်သည် ထိုသူတို့၏ မကောင်းမှုကို ဟောကြားတော်မူခြင်းငှါ ထိုသို့တပြီးကား ဒကာတော်မင်းကြီး နာလေလော့ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

## ဒု-သ-န-သော သူဌေးသားလေးယောက် အကြောင်း

### အတိတ်ဝတ္ထု

ရှေးလွန်လေပြီးသောအခါကာလ လူတို့ အနှစ်နှစ်သောင်း အသက်ရှည်သော အခါတို့၌ ကဿပမည်တော်မူသော မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်သည်

လူတွင်ထင်ရှား ဘုရားဖြစ်တော်မူ၍ နှစ်သောင်းမျှလောက်ကုန်သော ရဟန္တာတို့နှင့်တကွ ဒေသစာရီ လှည့်လည်ကြွမြန်းတော်မူသည် ရှိသော် ဗာရာဏသီပြည်သို့ ကြွရောက်တော်မူ၏။ ဗာရာဏသီပြည်၌ နေလေ့ရှိကုန်သော နှစ်ဦးသုံးဦးကုန်သော လူတို့သည်လည်းကောင်း၊ များစွာကုန်သော လူတို့သည်လည်းကောင်း တစ်ပေါင်းတစ်စုတည်း စည်းဝေးတိုင်ပင် ညီညွတ်သည် ဖြစ်၍ အာဂန္တုကဒါနကို ဖြစ်စေကြကုန်၏။

ထိုအခါ ဗာရာဏသီပြည်၌ ကုဋေလေးဆယ် ကြွယ်ဝချမ်းသာသော စည်းစိမ်ရှိသော လေးယောက်ကုန်သော သူဌေးသားတို့သည် အပေါင်းအဖော် အဆွေခင်ပွန်း ကျွမ်းဝင်ဆက်ဆံသော သူတို့ဖြစ်ကြသဖြင့် တိုင်ပင်စည်းဝေး ပြောဆိုကုန်၏။ အဆွေတို့ အသင်တို့ ငါတို့၏အိမ်၌ များစွာသော ရွှေငွေရတနာပစ္စည်းဥစ္စာတို့သည် ရှိကုန်၏။ ထိုပစ္စည်းဥစ္စာတို့ကို အသို့ပြုကုန်အံ့နည်းဟု တိုင်ပင်ကုန်၏။ ယခုဒေသစာရီ လှည့်လည်ကြွမြန်းတော်မူသော မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်၌ အလှူဒါနကို ပေးလှူကြကုန်အံ့၊ ပူဇော်ခြင်းကို ပြုကြကုန်အံ့၊ သီလကို စောင့်ရှောက်ကြကုန်အံ့ဟု ပြောဆိုသည်ရှိသော်ထိုလေးယောက်ကုန်သောသူဌေးသားတို့တွင်တစ်ဦးတစ်ယောက်သောသူကမျှ တုံ့ပြန်ပြောဆိုခြင်းကို မပြုမူ၍ တစ်ယောက်သောသူဌေးသားက ရှေးဦးစွာပြောဆိုသည်မှာ ငါတို့သည် ထက်စွာသော သေကိုသောက်စားကာ ကောင်းမွန်ထွတ်မြတ်လှသော သားငါးတို့ကို စားသုံးပြီးသော် လှည့်လည်ကုန်အံ့၊ ဤသို့ လှည့်လည်ရခြင်းသည် ငါတို့အား အသက်ရှည်ခြင်း အကျိုးဖြစ်ပေလိမ့်မည်ဟု ပြော၏၊ တစ်ယောက်သော သူဌေးသားက အဆွေတို့ နေ့တိုင်း နေ့တိုင်း ကောင်းမွန်သော အဝတ်ကို ဝတ်ဆင်၍ နံ့သာမွှေးကြိုင်သော သလေးထမင်းကို အထူးထူးသော အရသာတို့ဖြင့် သုံးဆောင်လျက် လှည့်လည်ကုန်အံ့ဟု ပြော၏။ တစ်ယောက်သော သူဌေးသားက အဆွေတို့ အထူးထူးအပြားပြား များစွာသော ခဲဖွယ်အာဟာကို ချက်ပြုတ်စေပြီးသောကာလ စားသောက်လှည့်လည်ကြကုန်အံ့ဟု ပြောဆို၏။ တစ်ယောက်သော သူဌေးသားက အဆွေတို့ တစ်ပါးသောကိစ္စကို မပြုကြကုန်အံ့၊ ပစ္စည်းဥစ္စာကို ပေးအံ့ဟု ဆိုသည် ရှိသော် မလိုမရှိသော မိန်းမတို့မည်သည် မရှိ၊ ထိုကြောင့် ပစ္စည်းဥစ္စာကို ပေးကမ်းဖြားယောင်းပြီးသောကာလ သူတစ်ပါး၏ မယားခင်ပွန်းမတို့၌ ပျော်ပါးမွေ့လျော် ဖြစ်မှားလွန်ကျူးခြင်းတည်းဟူသော ပရဒါရိကအမှုကို ပြုကုန်အံ့ဟု ပြော၏။ အလုံးစုံသော သူဌေးသားတို့သည် ကောင်းပေ၏၊ ကောင်းပေ၏ဟု ထိုသူဌေးသား၏ စကားဉ်သာ တည်ကြလေကုန်၏။

ထိုသူဌေးသားတို့သည် တိုင်ပင်ပြောဆိုပြီးကာလမှ စ၍ အဆင်းသဏ္ဌာန်ကြန်အင်လက္ခဏာ ကောင်းစွာပြည့်စုံ လှပချောမွေ့ကုန်သော မိန်းမတို့အား

ပစ္စည်းဥစ္စာဖြင့် ပြားယောင်းဖျောင်းဖျ၍ အနှစ်နှစ်သောင်း ကာလပတ်လုံး ပရဒါရိကကို ပြုမိခဲ့ကြ၍ ထိုသူဌေးသားတို့သည် သေလွန်ခြင်းကို ပြုခဲ့ကြ သည်ရှိသော် အဝီစိငရဲကြီး၌ ဖြစ်၍ တစ်ဆူသော ဘုရားရှင်၏အကြားပတ်လုံး ငရဲ၌ကျက်ရပြီးလျှင် ထိုအဝီစိငရဲကြီးက သေလွန်၍လာခဲ့သည်ရှိသော် အကျိုး အကြွင်း၏အစွမ်းအားဖြင့် ယူဇနာခြောက်ဆယ်ရှိသော လောဟကုမ္ဘီငရဲအိုး၌ ဖြစ်၍ အနှစ်သုံးသောင်းတို့ဖြင့် ငရဲအိုး၏အောက်အပြင်သို့ ကျရောက်၍တစ်ဖန် အနှစ်သုံးသောင်းတို့ဖြင့် ငရဲအိုး၏အထက် မျက်နှာရေးဝသို့ ရောက်လာသည် ကာလ တစ်ခုသော ဂါထာကို ဆိုလိုကုန်သည်ဖြစ်၍ ရွတ်ဆိုသည်ရှိသော် ဆိုခြင်း ငှါ မစွမ်းနိုင်ဘဲ တစ်လုံးသောအက္ခရာကို ရွတ်ဆိုမိကာမျှလောက်ဖြင့် တဖန် ငရဲအိုးသို့ စောက်ထိုးနစ်မြုပ် ဝင်သွားရပြန်လေ၏။ ဒကာတော်မင်းကြီး အသင် သည် လျှောက်ဆိုလေလော့၊ ရှေးဦးစွာ အဘယ်အသံကို ကြားအပ်ပေသနည်း ဟု မေးတော်မူလျှင် မင်းကြီးက ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား (ဒု)ဟူ၍ ကြားရပါသည်ဟု လျှောက်၏၊ မြတ်စွာဘုရား ကိုယ်တော်မြတ်သည် ထိုငရဲအိုး၌ နစ်မြုပ်သွားရသော သတ္တဝါသည် မပြည့်မစုံဘဲ ရွတ်ဆိုအပ်သော စကားကို အပြည့်အစုံပြု၍ ဟောပြတော်မူလိုသောကြောင့်—

( ဒု ) ဒုဇ္ဇီဝိတမဇီဝိမှ၊ ယေ သန္တေ န ဒဒမှသေ။

ဝိဇ္ဇမာနေသု ဘောဂေသု၊ ဒီပံ နာကမှ အတ္တနော—

ဟူသော ဤဂါထာကို မိန့်တော်မူ၏။

**အနက်ကား။** ။ယေသံ နော၊ အကြင်ငါတို့အား။ ဝါ၊ ငါတို့၏။ ဘောဂေသု၊ စည်းစိမ်ချမ်းသာ ပစ္စည်းဥစ္စာတို့သည်။ ဝိဇ္ဇမာနေသု၊ ထင်ရှားရှိကုန် စဉ်။ ဝါ၊ ရှိကုန်လျက်။ န ဒဒမှသေ၊ မဇ္ဈေရစိတ် ဆို့ပိတ်ယှက်မြှေး မပေး မလှူမိကုန်။ တဝ်နည်းကား။ ယေ မယံ၊ အကြင်ငါတို့သည်။ သံ၊ မိမိ၏ ဥစ္စာ ကို။ န ဒဒါမှသေ၊ မပေးမလှူမိကုန်။ အတ္တနော၊ မိမိ၏။ ဒီပံ၊ ကျွန်းကြီး သဖွယ် ဆယ်ဖြာကြိယ ပုညဝတ္ထု ကုသိုလ်စုကို။ နာကမှ၊ မပြုမိကြလေကုန်။ တေ မယံ။ ထို ငါတို့သည်။ ဒုဇ္ဇီဝိတံ၊ ရဲရဲထိန်ထိန် ပူရှိန် ဝုန်းဝှေ့ အငွေ့ချောင်း ချောင်း မီးမှာအောင်း၍ မကောင်းသော အသက်ရှည်ခြင်းကို။ အဇီဝိမှ၊ အသက်ရှည်၍ နေကြရလေကုန်ပြီ။ ဤကား အနက်။

**အဓိပ္ပါယ်ကား။** ။သူဌေးသားစစ် ဖြစ်စဉ်ကာလ အခါက ပင် တိုင်ပင် ဘက် ဖြစ်ကုန်သော အို အဆွေတို့ ငါတို့အား စည်းစိမ်ချမ်းသာ ပစ္စည်းဥစ္စာ တို့သည် ထင်ရှားရှိကုန်ပါလျက် မဇ္ဈေရစိတ် ဆို့ပိတ်ယှက်မြှေး မပေးမလှူ မိကြကုန်၊ မိမိ၏ထောက်တည်ရာ မှီခိုရာ ကျွန်းကြီးသဖွယ် ဖြစ်သော ဆယ်ဖြာ

ကြီယ ပုညဝတ္ထု ကုသိုလ်စုကို မပြုမိကြလေကုန်။ ထိုငါတို့သည် ပူရှိန်ဝှန်းငွေ့ အငွေ့ ခြောင်းခြောင်း မီးမှာအောင်း၍ ဤမကောင်းသော အသက်ရှည်ခြင်းဖြင့် အသက်ရှည်ကြရလေကုန်ပြီဟု ပြောဆိုလိုခြင်းမျှသာ ဖြစ်လေသည်။ ဤ အသံဟူသော အကြောင်းကြောင့် ဒကာတော် မင်းကြီးအား အန္တရာယ် တစ်စိုးတစ်စိ ငြိတွယ်ရန်မရှိ၊ ဒကာတော်မင်းကြီး ထိုနောက် ကြားအပ်သော အသံကို လျှောက်ထားဦးလော့ဟု မေးတော်မူသဖြင့် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ထိုနောက် (သ)ဟူသော အသံကို ကြားရပါသည်ဘုရားဟု ကြားလျှောက်၏။ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်သည် ထိုသတ္တဝါသည် မပြည့်မစုံ ရွတ်ဆိုအပ်သောစကားကို အပြည့်အစုံပြု၍ ဟောပြတော်မူလိုသောကြောင့်—

( သ ) သဋ္ဌိဝဿသဟဿာနိ၊ ပရိပုဏ္ဏာနိ သဗ္ဗသော။

နိရယေ ပစ္စမာနာနံ၊ ကဒါ အန္တော ဘဝိဿတိ—

ဟူသော ဂါထာကို မိန့်တော်မူ၏။

**အနက်ကား။** ။နိရယေ၊ လောဟကုမ္ဘီ ဤသည်ငရဲ သံပူထဲ၌။ သဗ္ဗသော၊ အချင်းခပ်သိမ်း။ ပစ္စမာနာနံ၊ နစ်မြုပ်ပေါ်တက် ကျက်ရကုန်သော ငါတို့အား။ သဋ္ဌိဝဿသဟဿာနိ၊ ကာလတွက်စစ် အနှစ်ခြောက်သောင်း တို့သည်။ ပရိပုဏ္ဏာနိ၊ ပြည့်ကုန်ပြီ။ ကဒါ၊ အဘယ်နံ့ရှေအခါ၌။ ဝါ။ အဘယ်နံရှေအခါမှ။ အန္တော၊ အဆုံးသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့နည်း။ ဤကား အနက်။

**အဓိပ္ပါယ်ကား။** ။လောဟကုမ္ဘီ ဤသည်ငရဲ သံရေထဲ၌ အချင်းခပ်သိမ်း နစ်မြုပ်ပေါ်တက် ကျက်၍ခံစားရကုန်သော ငါတို့အား ကာလတွက်စစ် အနှစ်ခြောက်သောင်းတို့သည် ပြည့်၍ရှိလေပြီ။အဘယ်အခါမှ အဆုံးသည်ဖြစ်ပါလတ္တံ့နည်းဟု ဆိုလိုသော စကားမျှသာ ဖြစ်လေသည်။ ၎င်းအသံကို ကြားရခြင်းကြောင့် မင်းကြီး၏အပေါ်၌ အန္တရာယ်တစ်ခုမျှ မရှိချေ။ ဒကာတော်မင်းကြီး ထို့နောက် တတိယမြောက်ကြားအပ်သောအသံကို လျှောက်ဦးလော့ဟု တိုက်တွန်းတော်မူသဖြင့် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ထိုနောက်(န) ဟူသောအသံကို ကြားရပါသည်ဟု လျှောက်ကြား၏။ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်က ထိုငရဲသားသတ္တဝါသည် မပြည့်မစုံ ရွတ်ဆိုအပ်သော စကားကို အပြည့်အစုံပြု၍ ဟောပြတော်မူပြန်လိုသောကြောင့်—

( န ) နတ္ထိ အန္တော ကုတော အန္တော၊ န အန္တော ပဋိဒိဿတိ။

တဒါ ဟိ ပကတံ ပါပံ၊ မမ တုယှဉ္စ မာရိသာ—

ဟူသော ဤဂါထာကို မိန့်တော်မူ၏။

**အနက်ကား။** ။မာရိသ၊ ယခေါင်ရှည်ဝေး သူဌေးသားစစ် ဖြစ်သည့်အခါ သုရာရစ်ဝ ကာမကြူးကာ အိမ်ရာကျူးကျော် အိုငယ်ဖော်တစ်စုတို့။ တဒါ၊ ထို သူဌေးသားစစ် ဖြစ်သောအခါ၌။ ပကတံ၊ ပြုမိခဲ့သော။ ပါပံ၊ ပရဒါရ စသည် ညစ်ကျုု မကောင်းမှုသည်။ မမ စ၊ ငါ့အား လည်းကောင်း။ တုယှဉ္စ၊ အသင် အားလည်းကောင်း။ အန္တော၊ အဆုံးသည်။ နတ္ထိ၊ မရှိ။ အန္တော၊ အဆုံးသည်။ ကုတော အတ္ထိ၊ အတည်မှာ ရှိပါအံ့နည်း။ အန္တော၊ အဆုံးသည်။ န ပဋိဒိဿတိ၊ မထင်နိုင်။ ဤကား အနက်။

**အဓိပ္ပါယ်ကား။** ။ယခေါင်ရှည်ဝေး သူဌေးသားစစ် ဖြစ်သည်အခါ သုရာ ရစ်ဝ ကာမကြူးကာ အိမ်ရာကျူးကျော် အို- ငယ်ဖော်တစ်စုတို့ ထို သူဌေး သားစစ် ဖြစ်စဉ်ကာလတုန်းက ပြုမိခဲ့ကြသော ပရဒါရ စသည်ညစ်ကျုု မကောင်းမှု အကုသိုလ်ကံသည် ငါ့အား လည်းကောင်း၊ အသင်အား လည်းကောင်း အဆုံးမရှိ၊ အဆုံး အဘယ်မှာ ရှိအံ့နည်း၊ အဆုံးမထင်နိုင်ဟု ဆိုလိုသော စကားသာဖြစ်၏။ ဒကာတော်မင်းကြီး၌ အန္တရာယ်တစ်စုံတစ်ခု ငြိတွယ်ရန်မရှိဟု မိန့်တော်မူပြီး၍ ဒကာတော်မင်းကြီး လေးကြိမ်မြောက်၌ ကြားအပ်သော စတုတ္ထအုသံကို လျှောက်ထား လေဦးလော့ဟု မိန့်တော်မူ သဖြင့် ဘုန်းတော်အလွန် ကြီးမြတ်တော်မူပေသော မြတ်စွာဘုရား ထိုနောက် (သော) ဟူသော အသံကို ကြားပါသည်ဟု လျှောက်၏၊ မြတ်စွာဘုရား သခင် ကိုယ်တော်မြတ်သည် ထိုငရဲသား သတ္တဝါသည် မပြည့်မစုံ ရွတ်ဆိုအပ် သော စကားကို အပြည့်အစုံကိုပြု၍ ဟောပြတော်မူပြန်လိုသောကြောင့်—

(သော) သောဟံ နူန ဣတော ဂန္တွာ၊ ယောနိံ လဒ္ဓါန မာနုသိံ။

ဝဒညူ သီလသမ္ပန္နော၊ ကာဟာမိ ကုသလံ ဗဟုံ–

ဟူသော ဂါထာကို မိန့်တော်မူ၏။

**အနက်ကား။** ။သောဟံ၊ ပရဒါရ စသည်သွားလာ မိုက်မှားလေပြီးသော ငါသည်။ ဣတော၊ သံရေပွက်ပွက် ပူချက်မစဲ ဤငရဲမှ။ ဂန္တွာ၊ သွား၍။ မာနုသိ- ယောနိံ၊ လူတို့၏ ပဋိသန္ဓေကို။ လဒ္ဓါ နူန၊ အကယ်၍ ရခဲ့သည်ရှိသော်။ ဝဒညူ၊ အလှူခံပုဂ္ဂိုလ် လူထိုထိုတို့ ဆိုသောစကားကို သိသည်ဖြစ်၍။ သီလသမ္ပန္နော၊ သီလနှင့်ပြည့်စုံလျက်။ ဗဟုံ၊ အကြိမ်များစွာ။ ကုသလံ၊ ဒါန သီလ စသည်၊ ပေါင်းစု ကောင်းမှုကုသိုလ်ကို။ ကာဟာမိ၊ နေ့ညဥ့်မစဲ အားထုတ်၍ နေပါတော့မည်ဟဲ့။ ဤကား အနက်။

ကြီယ ပုညဝတ္ထု ကုသိုလ်စုကို မပြုမိကြလေကုန်။ ထိုငါတို့သည် ပုရှိန်ဝှန်းငွေ့ အငွေ့ ခြောင်းခြောင်း မီးမှာအောင်း၍ ဤ မကောင်းသော အသက်ရှည်ခြင်းဖြင့် အသက်ရှည်ကြရလေကုန်ပြီဟု ပြောဆိုလိုခြင်းမျှသာ ဖြစ်လေသည်။ ဤ အသံဟူသော အကြောင်းကြောင့် ဒကာတော် မင်းကြီးအား အန္တရာယ် တစ်စုံးတစ်စိ ငြိတွယ်ရန်မရှိ၊ ဒကာတော်မင်းကြီး ထိုနောက် ကြားအပ်သော အသံကို လျှောက်ထားဦးလော့ဟု မေးတော်မူသဖြင့် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ထိုနောက် (သ)ဟူသော အသံကို ကြားရပါသည်ဘုရားဟု ကြားလျှောက်၏။ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်သည် ထိုသတ္တဝါသည် မပြည့်မစုံ ရွတ်ဆိုအပ်သောစကားကို အပြည့်အစုံပြု၍ ဟောပြတော်မူလိုသောကြောင့်—

( သ ) သဋ္ဌိဝဿသဟဿာနိ၊ ပရိပုဏ္ဏာနိ သဗ္ဗသော။

နိရယေ ပစ္စမာနာနံ၊ ကဒါ အန္တော ဘဝိဿတိ—

ဟူသော ဂါထာကို မိန့်တော်မူ၏။

အနက်ကား။ ။နိရယေ၊ လောဟကုမ္ဘီ ဤသည်ငရဲ သံပူထဲ၌။ သဗ္ဗသော၊ အချင်းခပ်သိမ်း။ ပစ္စမာနာနံ၊ နစ်မြုပ်ပေါ်တက် ကျက်ရကုန်သော ငါတို့အား။ သဋ္ဌိဝဿသဟဿာနိ၊ ကာလတွက်စစ် အနှစ်ခြောက်သောင်း တို့သည်။ ပရိပုဏ္ဏာနိ၊ ပြည့်ကုန်ပြီ။ ကဒါ၊ အဘယ်နံရေအခါ၌။ ဝါ။ အဘယ်နံရေအခါမှ။ အန္တော၊ အဆုံးသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့နည်း။ ဤကား အနက်။

အဓိပ္ပါယ်ကား။ ။လောဟကုမ္ဘီ ဤသည်ငရဲ သံရေထဲ၌ အချင်းခပ်သိမ်း နစ်မြုပ်ပေါ်တက် ကျက်၍ခံစားရကုန်သော ငါတို့အား ကာလတွက်စစ် အနှစ်ခြောက်သောင်းတို့သည် ပြည့်၍ရှိလေပြီ။အဘယ်အခါမှ အဆုံးသည်ဖြစ်ပါလတ္တံ့နည်းဟု ဆိုလိုသော စကားမျှသာ ဖြစ်လေသည်။ ၎င်းအသံကို ကြားရခြင်းကြောင့် မင်းကြီး၏အပေါ်၌ အန္တရာယ်တစ်ခုမျှ မရှိချေ။ ဒကာတော်မင်းကြီး ထိုနောက် တတိယမြောက်ကြားအပ်သောအသံကို လျှောက်ဦးလော့ဟု တိုက်တွန်းတော်မူသဖြင့် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ထိုနောက်(န) ဟူသောအသံကို ကြားရပါသည်ဟု လျှောက်ကြား၏။ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်က ထိုငရဲသားသတ္တဝါသည် မပြည့်မစုံ ရွတ်ဆိုအပ်သော စကားကို အပြည့်အစုံပြု၍ ဟောပြတော်မူပြန်လိုသောကြောင့်—

( န ) နတ္ထိ အန္တော ကုတော အန္တော၊ န အန္တော ပဋိဒိဿတိ။

တဒါ ဟိ ပကတံ ပါပံ၊ မမ တုယှဉ္စ မာရိသာ—

ဟူသော ဤဂါထာကို မိန့်တော်မူ၏။

**အနက်ကား။** ။မာရိသ၊ ယခေါင်ရှည်ဝေး သူဌေးသားစစ် ဖြစ်သည့်အခါ သုရာရစ်ဝ ကာမကြူးကာ အိမ်ရာကျူးကျော် အိုငယ်ဖော်တစ်စုတို့။ တဒါ၊ ထို သူဌေးသားစစ် ဖြစ်သောအခါ၌။ ပကတံ၊ ပြုမိခဲ့သော။ ပါပံ၊ ပရဒါရ စသည် ညစ်ကျူ မကောင်းမှုသည်။ မမ ၈၊ ငါ့အား လည်းကောင်း။ တုယှဉ္စ၊ အသင် အားလည်းကောင်း။ အန္တော၊ အဆုံးသည်။ နတ္ထိ၊ မရှိ။ အန္တော၊ အဆုံးသည်။ ကုတော အတ္ထိ၊ အဘယ်မှာ ရှိပါအံ့နည်း။ အန္တော၊ အဆုံးသည်။ န ပဋိဒိဿတိ၊ မထင်နိုင်။ ဤကား အနက်။

**အဓိပ္ပါယ်ကား။** ။ယခေါင်ရှည်ဝေး သူဌေးသားစစ် ဖြစ်သည်အခါ သုရာ ရစ်ဝ ကာမကြူးကာ အိမ်ရာကျူးကျော် အို- ငယ်ဖော်တစ်စုတို့ ထို သူဌေး သားစစ် ဖြစ်စဉ်ကာလတုန်းက ပြုမိခဲ့ကြသော ပရဒါရ စသည်ညစ်ကျူ မကောင်းမှု အကုသိုလ်ကံသည် ငါ့အား လည်းကောင်း၊ အသင်အား လည်းကောင်း အဆုံးမရှိ၊ အဆုံး အဘယ်မှာ ရှိအံ့နည်း၊ အဆုံးမထင်နိုင်ဟု ဆိုလိုသော စကားသာဖြစ်၏။ ဒကာတော်မင်းကြီး၌ အန္တရာယ်တစ်စုံတစ်ခု ငြိတွယ်ရန်မရှိဟု မိန့်တော်မူပြီး၍ ဒကာတော်မင်းကြီး လေးကြိမ်မြောက်၌ ကြားအပ်သော စတုတ္ထအသံကို လျှောက်ထား လေဦးလော့ဟု မိန့်တော်မူ သဖြင့် ဘုန်းတော်အလွန် ကြီးမြတ်တော်မူပေသော မြတ်စွာဘုရား ထိုနောက် (သော) ဟူသော အသံကို ကြားပါသည်ဟု လျှောက်၏၊ မြတ်စွာဘုရား သခင် ကိုယ်တော်မြတ်သည် ထိုငရဲသား သတ္တဝါသည် မပြည့်မစုံ ရွတ်ဆိုအပ် သော စကားကို အပြည့်အစုံကိုပြု၍ ဟောပြတော်မူပြန်လိုသောကြောင့်—

(သော) သောဟံ နူန ဣတော ဂန္တွာ၊ ယောနိံ လဒ္ဓါန မာနုသိံ။
ဝဒညူ သီလသမ္ပန္နော၊ ကာဟာမိ ကုသလံ ဗဟုံ–

ဟူသော ဂါထာကို မိန့်တော်မူ၏။

**အနက်ကား။** ။သောဟံ၊ ပရဒါရ စသည်သွားလာ မိုက်မှားလေပြီးသော ငါသည်။ ဣတော၊ သံရေပွက်ပွက် ပူချက်မစဲ ဤငရဲမှ။ ဂန္တွာ၊ သွား၍။ မာနုသိ- ယောနိံ၊ လူတို့၏ ပဋိသန္ဓေကို။ လဒ္ဓါ နူန၊ အကယ်၍ ရခဲ့သည်ရှိသော်။ ဝဒညူ၊ အလှူခံပုဂ္ဂိုလ် လူထိုထိုတို့ ဆိုသောစကားကို သိသည်ဖြစ်၍။ သီလသမ္ပန္နော၊ သီလနှင့်ပြည့်စုံလျက်။ ဗဟုံ၊ အကြိမ်များစွာ။ ကုသလံ၊ ဒါန သီလ စသည်၊ ပေါင်းစု ကောင်းမှုကုသိုလ်ကို။ ကာဟာမိ၊ နေ့ညဉ့်မစဲ အားထုတ်၍ နေပါတော့မည်ဟဲ့။ ဤကား အနက်။

**အဒိပ္ပာယ်ကား။** ။ပရဒါရ စသည်ညစ်ကျူ မကောင်းမှုကို ပြုမိသောအား ဖြင့် ကြီးမား ကြောက်မက်ဖွယ်သဘောရှိသော ကျိုသံရေပူထဲ၌ စွဲမြဲပြေးလွှား ခံစား၍ နေရသော ငါသည် ကျိုသံရေပူထဲမှ လွတ်မြောက်ပြီးသော ကာလ လူ့ဘဝကို အကယ်၍ ရကုန်သည် ဖြစ်ခဲ့အံ့၊ ထိုထိုသို့သော ပညာရှိတို့၏ ပြောဆို ဆုံးမသော စကားကို မှတ်သားနာယူပြီးသောကာလ သီလနှင့်ပြည့်စုံသည် ဖြစ်၍ ဒါန သီလ အစရှိသော ကောင်းမှု ကုသိုလ်တို့ကိုသာ စီမံအားထုတ် ပြုလုပ် ၍သာ နေပါတော့မည်ဟု ပြောဆိုငြီးတွားသော စကားမျှသာ ဖြစ်လေသည်။ ဒကာတော်မင်းကြီး၌ တစ်စုံတစ်ခု အန္တရာယ်ငြိတွယ်ရန် မရှိ။ ဒကာတော် မင်းကြီး ထိုလေးယောက်ကုန်သော သူတို့သည် ယခင်ပြခဲ့ပြီးသော တစ်ခု တစ်ခုသော ဂါထာအစဉ်ကို ရွတ်ဆိုခြင်းငှါ အလိုရှိပါလျက် ရွတ်ဆိုခြင်းငှါ မစွမ်းနိုင်ဘဲ တစ်လုံး တစ်လုံးသော အက္ခရာကို ရွတ်ဆိုမိရုံကာမျှဖြင့် သောဟကုမ္ဘီ ငရဲအိုး၏ အတွင်းသို့ ပြန်ဆင်းနစ်ဝင် ရပြန်လေတော့သည်ဟု မိန့်တော်မူ၏။ ထိုသို့ ဟောကြားတော်မူသော တရားစကားကို ကြားနာရသည် ကာလ ပသေနဒီ ကောသလမင်းကြီးသည် ထိုသတ္တဝါတို့သည်ကား ပျက်စီး လေစွတကား၊ ကျိုမျှလောက်သော ကာလ အတိုင်းအရှည် ကြာလျက် ယနေ့ ထက် တိုင်အောင်ပင် ရှိသော်လည်း အနှစ်တစ်ထောင်မျှကို သော်လည်း မလွန်မြောက်နိုင်ချေသည် တကားဟု စဉ်းစား ကြံအောက်မေ့လျက် မင်း ကြီးအား ထိုဒေသနာကို ကြား၍ ကြီးစွာသော တုန်လှုပ်ထိတ်လန့်ခြင်းသည် ဖြစ်လေ၏။

ပသေနဒီ ကောသလမင်းကြီးသည် သူတစ်ပါးတို့၏ မယား၌ ပြစ်မှား လွန်ကျူးခြင်း ပရဒါရကံသည်ကား အလွန်ဝန်လေးစွ တကား၊ တစ်ဆူသော ဘုရားရှင်၏ အကြားပတ်လုံး ငရဲ၌ ကျက်၍ ခံစားရပြီးမှ ထိုငရဲမှစုတိစိတ် ချုပ်၍ လာခဲ့ပြန်သည် ကာလ ယူဇနာ ခြောက်ဆယ်ရှိသော လောဟ ကုမ္ဘီ ငရဲအိုး၌ ဖြစ်ရ၍ ထိုငရဲအိုး၌ အနှစ် ခြောက်သောင်းတို့ ပတ်လုံး ကျက်၍ ခံစားကာ နေရပါလျက်ပင်သော်လည်း ဆင်းရဲမှ လွတ်အံ့သော အခြင်းအရာသည် မထင်သေး။ သြော်-ဝန်လေးစွ တကား၊ ငါတို့သည် လည်း သူတစ်ပါး၏ မယား၌ ချစ်ခြင်း နှောင်ဖွဲ့ခြင်းကို ပြု၍ အလုံးစုံသော ညဉ့်ပတ်လုံး အိပ်ပျော်ခြင်းကို မရလေ။ ယခုအခါ ကျိုနေ့မှ စ၍ သူတပါး၏ မယား၌ ပြစ်မှားတပ်ညွတ် နှောင်ဖွဲ့ခြင်းကို မဖြစ်တော့အံ့ဟု ကြံပြီးလျှင် မြတ်စွာဘုရားသခင်ကို ဘုန်းတော်အလွန် ကြီးတော်မူသော မြတ်စွာဘုရား ဒကာတော်သည် ယနေ့၌ ညဉ့်ရှည်သည်၏အဖြစ်ကို သိရပါသည် ဘုရားဟု လျှောက်ကြား၏။

## ပြာသာဒ်မယ်၏ လင်ယောကျ်ား မင်းခစားသည် သောတာပန်တည်ခြင်း

မင်းကြီး စေလွှတ်အပ်သော ထိုမင်းချင်းယောကျ်ားသည်လည်း ထိုနေရာ၏ အနီးသာလျှင် ထိုင်နေ၍ရှိသောကြောင့် မင်းကြီးလျှောက်ထားသောစကားကို ကြားအပ်သည်ရှိသော် ငါ့အား အားကြီးသော အကြောင်းအခွင့် အထောက်အပင့်ကို ရအပ်ပေပြီဟု ကြံလျက် မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကို ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ပြည့်ရှင်မင်းမြတ်သည် ယနေ့ညဉ့်၌ ရှည်ဝေးသည်၏အဖြစ်ကို သိပါသည်။ တပည့်တော်သည်လည်း ယမန်နေ့က တပည့်တော်ကိုယ်တိုင် ယူဇနာမျှလောက်သော ခရီးကိုသွားရောက်ရသည်ဖြစ်၍ ယူဇနာမျှသော ခရီးကို ရှည်ဝေးသည်ဟူ၍ သိပါသည်ဟု လျှောက်ထား၏။ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်သည် နှစ်ဦးနှစ်ယောက်သောသူတို့ လျှောက်ထားအပ်သည်လည်း ဖြစ်သော စကားကိုနှီးနှောတော်မူ၍ အချို့သောသူအား ညဉ့်သည် ရှည်ဝေးသည်ဖြစ်၏။ အချို့သောသူအား ယူဇနာမျှသော ခရီးသည် ရှည်ဝေးသည်ဖြစ်၏။ မိုက်မဲတွေဝေလှစွာသော သတ္တဝါအား ပြေးသွားကျင်လည်ရာ သံသရာသည် ရှည်ဝေး၏ဟု မိန့်တော်မူပြီး၍ တရားစကားကို ဟောကြား မိန့်မြွက်တော်မူလိုသောကြောင့်–

၆ဝ။ ဒီဃာ ဇာဂရတော ရတ္တိ၊ ဒီဃံ သန္တဿ ယောဇနံ။
ဒီဃော ဗာလာန သံသာရော၊ သဒ္ဓမ္မံ အဝိဇာနတံ—

ဟူသော ဂါထာကို မိန့်တော်မူ၏။

**အနက်ကား**။ ။ဇာဂရတော၊ အိပ်၍မပျော် နိုးကြား၍နေသောသူအား။ ရတ္တိ၊ ပထမ မဇ္ဈိမ ပစ္ဆိမဟု သုံးဝသုံးတန် ညဉ့်သုံးယာမ်သည်။ ဒီဃာ၊အောက်မေ့ကြံတွေး ရှည်ဝေးသကဲ့သို့ဖြစ်၏။ သန္တဿ၊ ခရီးစခန်း ပင်ပန်းနွမ်းနယ်သောသူအား။ ယောဇနံ၊ လေးဂါဝုတ်တာ တစ်ယူဇနာမျှသော ခရီးသည်။ ဒီဃံ၊ရောက်လိုစိတ်တွေး ဖန်ဖန်မေးလျက် ရှည်ဝေးသကဲ့သို့ ဖြစ်ပေ၏။ သဒ္ဓမ္မံ၊ သုံးဆယ့်ခုနစ်ပါး ဗောဓိပက္ခိယ တရားတည်းဟူသော သူတော်ကောင်းတရားကို။ အဝိဇာနတံ၊ ပညာမျက်စိဖြင့် မသိမထင် မမြင်နိုင်ကုန်သော။ ဗာလာနံ၊ ပစ္စုပ္ပန် တမလွန် နှစ်တန်ကျိုးမြတ် မသိတတ်သဖြင့် မိုက်မဲတွေဝေသော သူတို့အား။ သံသာရော၊ ပြေးသွားကျင်လည်ရာ သံသရာသည်။ ဒီဃော၊ အလွန်ရှည်ဝေးလှသည် ဖြစ်ပေ၏။ ဤကားအနက်။

## ဒေသနာတော်၏ အကျိုးအာနိသင်

ဤဒေသနာ ပါဠိဂါထာ၏အဆုံး၌ မင်းခစားယောကျ်ားသည် သောတာပတ္တိဖိုလ်သို့ ရောက်လေ၏။ တပါးလည်း ဖြစ်ကုန်သော များစွာကုန်သောသူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကုန်၏။ ပသေနဒီကောသလမင်းကြီးသည် မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကို ညွတ်ပျပ်ဝပ်လျှိုး ရှိခိုးပြီးသောကာလ နန်းတော်သို့ ပြန်သွား၍ ချုပ်နှောင်ဖမ်းဆီး၍ ထားကုန်သော သတ္တဝါတို့ကို အနှောင်အဖွဲ့မှ လွတ်စေကုန်၏။ ချုပ်နှောင်ဖမ်းဆီးခြင်းကို ခံရကုန်သော မိန်းမ ယောကျ်ားအပေါင်းတို့သည် အနှောင်အဖွဲ့မှ လွတ်ကုန်သောကာလ ဦးခေါင်းကို ရေဖြင့်ဆေးကြော သုတ်သင်ပြီးသည်ရှိသော် မိမိတို့၏ အိမ်တို့သို့ သွားရောက်ကြကုန်လျက် အရှင်မ–ဖြစ်တော်မူသော မလ္လိကာမိဖုရားကြီးသည် ကြာမြင့်ရှည်စွာ သက်တော်ရှည်ပါစေသတည်း၊ အရှင်ကောင်းမ–ဖြစ်တော်မူသော ထိုမလ္လိကာ မိဖုရားကြီးကို အမှီပြုပြီးသည်ကာလ ငါတို့၏ ဇီဝိတိန္ဒြေအသက်ကို ရပါပေကုန်သည်ဟု မလ္လိကာမိဖုရားကြီး၏ ဂုဏ်ကျေးဇူးစကားကို ပြောဆိုကြကုန်၏။ ရဟန်းသံဃာတော်တို့သည်လည်း ညချမ်းသောအခါဖြစ်သော တရားသဘင်၌ ငါ့ရှင်တို့ ဩဝါဒအံ့ဩဖွယ်ရှိလေစွတကား၊ မလ္လိကာမိဖုရားကြီးသည် ပညာရှိပေစွတကား၊ မိမိ၏ပညာကိုမှီ၍ ဤမျှအတိုင်းအရှည်ရှိသော သတ္တဝါများအား ဇီဝိတဒါနကို ပေးလေဘိသည်တကားဟု ချီးမွမ်းထောမနာသော စကားကို ဖြစ်စေကြကုန်၏၊ ထိုအခါ မြတ်စွာဘုရားသခင်သည် ဂန္ဓကုဋိတိုက်၌ ထိုင်နေ သီတင်းသုံးတော်မူလျက်သာလျှင် ထိုရဟန်းတို့ ချီးမွမ်းထောမနာကြသော စကားကို ကြားသိတော်မူ၍ ဂန္ဓကုဋီတိုက်မှ ထွက်ကြွတော်မူပြီးသောကာလ တရားသဘင်သို့ ဝင်တော်မူ၍ ခင်းထားအပ်သောနေရာ၌ ထိုင်နေ သီတင်းသုံးတော်မူပြီးသော် ချစ်သားရဟန်းတို့ ငါဘုရား ကြွတော်မူလာသော ဤယခုအခါ၌ အဘယ်မည်သော စကားဖြင့် ပြောကြား စည်းဝေးကြလေသနည်းဟု မေးတော်မူသဖြင့် ဤအမည်ရှိသော စကားဖြင့် ပြောကြားစည်းဝေးပါသည်ဟု လျှောက်ထားကုန်သည်ရှိသော် ချစ်သားရဟန်းတို့ မလ္လိကာမိဖုရားသည် ဤယခုဘဝ၌သာလျှင် မိမိ၏ ပညာကိုမှီ၍ များစွာသော လူအပေါင်းအား ဇီဝိတဒါနကို ပေးသည်မဟုတ်သေး၊ ရှေးဖြစ်သော ဘဝ၌လည်း ပေးဖူးသည်သာလျှင်တည်းဟု မိန့်တော်မူပြီး၍ ထိုအကြောင်းကို ပြတော်မူလိုသောကြောင့် အတိတ်ကို ဆောင်တော်မူ၏။

## ပညာရှိသော မလ္လိကာ၏ ရှေးအကြောင်း

အတိတ်ဝတ္ထု

ရှေးလွန်လေပြီးသော အခါ ဗာရာဏသီပြည်ကြီးကို အစိုးရတော်မူသော ပြည့်ရှင်မင်းကြီး၏ သားတော်မင်းသား တစ်ပါးသည် တစ်ခုသောညောင်ပင်သို့ ချဉ်းကပ်၍ ထိုညောင်ပင်၌ စောင့်ရှောက် နေထိုင်သော နတ်အား အရှင်နတ်မင်း ဤဇမ္ဗူဒိပ်ကျွန်း၌ အကျွန်ုပ်၏ ခမည်းတော်သည် လွန်မြောက်သည်ကာလ အကယ်၍ မင်းအဖြစ်ကိုရသည် ဖြစ်ခဲ့အံ့၊ တစ်ရာ့တစ်ယောက်သော မင်းတို့ကို လည်းကောင်း၊ တစ်ရာ့တစ်ယောက်သော အဂ္ဂမဟေသီ မိဖုရားတို့ကိုလည်း ကောင်း ဆောင်ယူခဲ့ပါအံ့၊ ဆောင်ယူခဲ့ပြီးသောကာလ ထိုမင်းမိဖုရားတို့၏ လည်ချောင်းသွေးတို့ဖြင့် ပူဇော်ခြင်းအမှုကို ပြုပါအံ့ဟု တောင်းပန်၏။ ထိုမင်းသားသည် ခမည်းတော် နတ်ရွာစံလွန်သည်ရှိသော် မင်း၏အဖြစ်သို့ ရောက်၍ နတ်မင်း၏ အာနုဘော်ကြောင့် ငါ့အား မင်းအဖြစ်သို့ ရောက်ရပေ သည်ဟု အောက်မေ့မှတ်ထင်သဖြင့် ထိုနတ်မင်းအား ပူဇော်ခြင်းအမှုကို ပြုတော့ အံ့ဟု များပြားကြီးကျယ်စွာသော စစ်သည်ဗိုလ်ပါဖြင့် ပြည်မှထွက်၍ တစ်ဦး သောမင်းကို မိမိ၏အလိုသို့ လိုက်ပါစေပြီးလျှင် ထိုမင်းနှင့် အတူတကွပေါင်း သင်း၍ တပါးသောမင်းတို့ကိုလည်း ဖမ်းယူ၍ မိမိအလိုသို့ လိုက်ပါစေသည်ကို ပြု၏။ ဤသို့သော နည်းဖြင့် အလုံးစုံသော မင်းတို့ကို ဖမ်းယူ၍ မိမိ၏အလိုသို့ လိုက်သည်ကို ပြုပြီးသော် အဂ္ဂမဟေသီ မိဖုရားကြီးနှင့်တကွသော မင်းအပေါင်း တို့ကို ယူပြီးသည်ကာလ မိမိ၏တိုင်းပြည်သို့ ပြန်လာခဲ့သည်ရှိသော် အလုံးစုံသော မင်းတို့အောက် ငယ်သောအရွယ်ရှိသော ဥဂ္ဂသေနမင်း၏ ဓမ္မဒိန္နာ အမည်ရှိသော အဂ္ဂမဟေသီ မိဖုရားသည်ကား လေးသော ကိုယ်ဝန်ရှိ၏။ ထိုဓမ္မဒိန္နာ မိဖုရားကို ခြွင်းချန် ပယ်ထားလျက် ကြွင်းကုန်သော မင်းမိဖုရား များစွာသော လူအပေါင်းကို အဆိပ်ဆေးဖြင့် ရေသော အဖျော်ကို တိုက်ကျွေး၍ သတ်အံ့ဟု ကြံပြီးလျှင် ညောင်ပင်ရင်းကို သုတ်သင်စေ၏။

## တားမြစ် ကယ်ဆယ်ရန် သိကြားမင်းလည်း မတတ်နိုင်ခြင်း

ညောင်ပင်ကို အစိုးရသော ညောင်ပင်စောင့် နတ်မင်းသည် ဤမင်းကြီး သည်ကား ဤမျှလောက် အတိုင်းအရှည်ရှိကုန်သော မင်းအပေါင်းတို့ကို အောင်မြင်ယူနိုင်ခြင်းသည် ငါ့ကိုအမှီပြုပြီးသည်ကာလ ဖမ်းယူအောင်မြင်နိုင် သည်ဟု မှတ်ထင်ကြံစည်၍ ထိုမင်းတို့၏ လည်ချောင်းသွေးဖြင့် ငါ့အားပူဇော် လိုသည် ဖြစ်ခဲ့ဘိ၏။ ဤမင်းကြီးသည် ထိုမင်းတို့ကို အကယ်၍ သတ်ဖြတ်အံ့ပဲသည် ဖြစ်ခဲ့အံ့၊ ဇမ္ဗူဒိပ်ကျွန်းကြီး၌ မင်းဆက် မင်းနွယ်ပြတ်သည် ဖြစ်ပေလတ္တံ့၊ ငါ၏

စံရာ ကောင်းစွာသန့်ရှင်း ညောင်ပင်ရင်းသည်လည်း မသန့်ရှင်း မစင်ကြယ် စက်ဆုပ်ရွံရှာဖွယ် ဖြစ်သတ္တံ့၊ ထိုအမှုကို ငါသည် တားမြစ်ခြင်းငှါ စွမ်းနိုင်လတ္တံ့သလောဟု စူးစမ်းဆင်ခြင်သည်ရှိသော် မစွမ်းနိုင်လတ္တံ့သည်ကို သိ၍ တပါးသောနတ်မင်းဟူ့သို့ ချဉ်းကပ်သွားရောက်ပြီးလျှင် ထိုအကြောင်းအလုံးစုံ တို့ကို အကုန်ပြောကြားသောကာလ ထိုနတ်မင်းက တားမြစ်ခြင်းငှါ မစွမ်းနိုင်ပါ ဟု မြစ်ပယ်သဖြင့် တပါးသော နတ်မင်း၏အထံသို့ သွားရောက်ဟောင်းပန်ပြန်၏။ ဤသို့သောနည်းဖြင့် စကြဝဠာတိုက်အလုံး၌ တည်ရှိကုန်သော နတ်မင်းတို့အား ချဉ်းကပ်၍သော်လည်းကောင်း၊ စတုမဟာရာဇ်နတ်မင်းကြီးတို့၏ အထံသို့ သွားရောက် ချဉ်းကပ်၍သော်လည်းကောင်း တောင်းပန်ပြောဆိုပါသော်လည်း ထိုနတ်မင်းကြီးတို့က ငါတို့သည် တားမြစ်ကန့်ကွက်ခြင်းငှါ မစွမ်းနိုင်ကုန်ဟု ပယ်လိုက်သောအခါ တာဝတိံသာနတ်ပြည်၌ တည်ရှိတော်မူသော သိကြားမင်း၏ အထံသို့ ချဉ်းကပ်၍ ထိုအကြောင်းအလုံးစုံတို့ကို အကုန်ပြန်ကြား ပြီးသော် နတ်အပေါင်းတို့ကို အစိုးရတော်မူသော အရှင်သိကြားမင်း အရှင် သိကြားမင်းတို့သည် ကြောင့်ကြမဲ့ နေခဲ့ကုန်သည်ရှိသော် ဇမ္ဗူဒိပ်ကျွန်း၌ မင်းမျိုးမင်းနွယ် ပြတ်ပါလိမ့်မည်၊ အရှင်သိကြားမင်းသည် ထိုမင်းအပေါင်းတို့၏ ကိုးကွယ်ရာ မှီခိုရာသည် ဖြစ်ပါကုန်လော့ဟု လျှောက်ထား၏။

သိကြားမင်းကလည်း အချင်း နတ်သား ငါသည်လည်း တားမြစ် ပိတ်ပင် ခြင်းငှါ မစွမ်းနိုင်။ တားမြစ်ပိတ်ပင်နိုင်သော အကြောင်းကိုမူကား ငါသည် ညွှန်ကြား ပြသလိုက်ပေအံ့။ အသင်သည် သွားပြီးသည်ကာလ မင်းကြီးသည် ကြည့်ရှုထင်ထင် မြင်စဉ်ပင်လျှင် နီမြန်းသော အဝတ်ကို ဝတ်ရုံလျက် မိမိ၏ သစ်ပင်မှ ထွက်ပြီးသော် သွားအံ့သော အခြင်းအရာကို ပြလေလော့။ ထိုအခါ မင်းကြီးသည် ညောင်ပင်စောင့် နတ်မင်းသည် ထွက်သွားချေပြီ။ ထိုနတ်မင်းကို ဆုတ်နစ်ပြန်လည်စေအံ့ဟု အထူးထူးအပြားပြား များစွာသော အခြင်းအရာဖြင့် အသင့်ကို တောင်းပန်လတ္တံ့။ ထိုသို့ တောင်းပန်သောအခါ အသင်ကသည် အရှင်မင်းကြီး အသင်သည် အဂ္ဂမဟေသီမိဖုရားတို့နှင့် တကွသော တစ်ရာ့ တစ်ယောက်သော ပြည့်ရှင်မင်းတို့ကို ဖမ်းယူ၍ ထိုမင်းမိဖုရားတို့၏ လည်ချောင်း သွေးဖြင့် ပူဇော်ခြင်းအမှုကို ပြုပါအံ့ဟု တောင်းပန်ဝပ်တွား ပြောကြား ဝန်ခံ ပါလျက် ယခုအခါမှာ ဥဂ္ဂသေနမင်း၏ မဟေသီ ဖြစ်သော ဓမ္မဒိန္နာ မိဖုရားကို ချွင်းချန်ပယ်ထားလျက် လာရောက်ပေ၏။ ငါသည် ထိုသို့သသောရှိသော မဟုတ်မမှန် ချွတ်ယွင်းသော စကားကို ပြောဆိုသေ့ရှိသော သူ၏ အပူဇော်ကို

မခံပေတော့အံ့ဟု ပြောဆိုလေလေ့။ ဤသို့ အသင်က ပြောဆိုသည်ရှိသော် မင်းကြီးသည် ဓမ္မဒိန္နာမိဖုရားကို အာဏာဖြင့် စေလွှတ်၍ ခေါ်ဆောင်စေလတ္တံ့။ ထိုဓမ္မဒိန္နာ မိဖုရားသည် မင်းကြီးအား တရားဟော၍ ဤမျှလောက် အတိုင်းအရှည် ရှိကုန်သော လူတို့အား အသက် ရှည်မြင့်စွာ နေရခြင်းတည်းဟူသော ဇီဝိတဒါနကို ပေးလတ္တံ့ဟု မိန့်တော်မူလျက် သိကြားမင်းသည် ထိုညောင်ပင်စောင့် နတ်အား အကြောင်း ဥပါယ်တမည်ကို ညွှန်ကြားပြသလိုက်ပေ၏။

## ပညာရှိသော ဓမ္မဒိန္နာမိဖုရားသည် မင်းမိဖုရားတို့ အသက်ကို ကယ်ဆယ်ခြင်း

ညောင်ပင်စောင့် နတ်သည်လည်း သိကြားမင်း မှာထား ညွှန်ပြလိုက်သည် အတိုင်းကို ပြုပေ၏။ မင်းကြီးကလည်း အရှင်နတ်မင်း မကြွသွားပါလင့်။ ဓမ္မဒိန္နာမိဖုရားကို ခေါ်ဆောင်ပါအံ့ဟု တားမြစ် တောင်းပန်ပြီးမှ ဓမ္မဒိန္နာ မိဖုရားကို ခေါ်ဆောင်ရန် စေလွှတ်၏။ ဓမ္မဒိန္နာ မိဖုရားသည် လာရောက်ပြီးသော ကာလ ထိုအလုံးစုံသော မင်းတို့အောက် အငယ်ဆုံး ဖြစ်၍ အစွန်ဆုံး ဖြစ်သော နေရာ၌ ထိုင်နေ်တော်မူသော မိမိ၏ ခင်ပွန်း အရှင်ဖြစ်သော ဥဂ္ဂသေနမင်းကိုသာ ရှိသေစွာ ရှိခိုး၍ ထိုင်နေ၏။ ထိုအခါ ဗာရာဏသီ ပြည့်ရှင်မင်းကြီးက ငါသည် အလုံးစုံသော မင်းတို့၏ အကြီးအမှူး အရာ၌ တည်နေပါလျက် ငါ့အား ရှိခိုးခြင်းကို မပြု။ အလုံးစုံသော မင်းတို့အောက် ငယ်သော အရွယ်ရှိသော မိမိ၏ ခင်ပွန်း အရှင်ဖြစ်သော ဥဂ္ဂသေနမင်းကိုသာ ရှိခိုးလေဘိသည်ဟု ထိုဓမ္မဒိန္နာမိဖုရားအား အမျက်ဒေါသ တက်ကြွထွက်ပွါးခြင်းဖြစ်လေ၏။

ထိုအခါ ဓမ္မဒိန္နာ မိဖုရားက အရှင်မင်းကြီး အရှင်မင်းကြီးသည် ကျွန်တော်မတို့အား နှောင်ဖွဲ့ ဖမ်းဆီးအပ်ပေ၏။ ကျွန်တော်မ၏ ခင်ပွန်းအရှင် ဖြစ်တော်မူသော ဤ ဥဂ္ဂသေနမင်းမြတ်သည်ကား ကျွန်တော်မအား အစိုးရခြင်းနှင့်တကွ စည်းစိမ်ချမ်းသာ အခြံအရံတို့ကို ပေးသနားတော်မူပေ၏။ ထိုကဲ့သို့ အစိုးရခြင်း စည်းစိမ်ချမ်းသာ အခြံအရံကို ပေးသနားခြင်းဖြင့် ချီးမြှင့်သော ဤအရှင်မင်းမြတ်ကို ရှိမခိုးမူ၍ စည်းစိမ်ချမ်းသာ အသက်ကို ပျက်စီးအောင် ဖျက်ဆီးခြင်းကို ပြုတတ်သော အရှင်မင်းမြတ်ကို အဘယ်သို့ ရှိခိုးနိုင်ပါအံ့နည်းဟု တင်လျှောက်၏။ ညောင်ပင်စောင့် နတ်မင်းသည်လည်း များစွာသော လူအပေါင်း မြင်စဉ်ပင်လျှင် ချစ်နှမ အသင် ပြောကြားအပ်သော စကားသည် ဖြောင့်မှန် သင့်လျော်လှပေ၏ဟု ပြောဆို ချီးမွမ်း၍ ဓမ္မဒိန္နာမိဖုရားကို ပန်းဆုပ်တို့ဖြင့် ပူဇော်ပေ၏။

တဖန် ဗာရာဏသီ ပြည့်ရှင်မင်းကြီးက အသင်မိဖုရား အသင်သည် ငါ့အား အကယ်၍ ရှိမခိုးလိုမူ ရှိစေဦးတော့။ ငါ့အား မင်း၏ စည်းစိမ် ချမ်းသာကို ပေးတော်မူပေတတ်သော ကြီးမြတ်သော တန်ခိုးအာနုဘော် ရှိတော်မူပေသော ညောင်ပင်စောင့်နတ်မင်းကို အဘယ်ကြောင့် ရှိခိုးခြင်းကို မပြုပါလေသနည်းဟု မေး၏။ ဓမ္မဒိန္နာ မိဖုရားက အရှင်မင်းမြတ် အရှင် မင်းမြတ်သည် ပြုစုဆည်းပူးတော်မူခဲ့အပ်သော ကောင်းမှု ဘုန်းကံတော်၌ တည်သည် ဖြစ်၍သာလျှင် မင်း၏အဖြစ်ကို ယူအပ်ပေ၏။ နတ်သည် ယူ၍ ပေးအပ်သည် မဟုတ်ဟု လျှောက်မိသော ကာလ တဖန် ညောင်ပင်စောင့် နတ်မင်းက ရှေးနည်းအတူ သာလျှင် ချစ်နှမ အသင် ပြောဆိုအပ်သော စကားအတိုင်း ဟုတ်မှန်လှပေ၏ဟု ချီးမွမ်း၍ ရှေးနည်းအတူသာလျှင် ပန်းဖြင့် ပူဇော်ပြန်၏။ တဖန် ဓမ္မဒိန္နာ မိဖုရားက ဗာရာဏသီပြည့်ရှင် မင်းကြီးကို အရှင်မင်းကြီး အရှင်မင်းကြီးက ဤညောင်ပင်စောင့်နတ်မင်းသည် ဤမျှ လောက်သော မင်းတို့ကို ဖမ်းဆီး၍ ပေးအပ်၏။ နတ်၏ အာနုဘော်ကြောင့် အောင်နိုင်အပ်၏။ တန်ခိုးအာနုဘော်ကြီး၏ဟု ပြောဆိုချီးမွမ်းတော်မူအပ်၏။ အရှင်မင်းမြတ်သည် ချီးမွမ်းတော်မူအပ်သည့်အတိုင်း အကယ်၍ တန်ခိုး အာနုဘော် ကြီးသည်ဖြစ်ခဲ့ပါအံ့။ ဤနတ်မင်းစံနေရာဖြစ်သော ညောင်ပင်၏ အထက်ဖြစ်သော လက်ဝဲဘက်နံပါးကို မီးဖြင့် မြိုက်လောင် ကြေကျွမ်းခြင်း ဖြစ်ပေ၏။ ထိုသို့မြိုက်လောင် ကြေကျွမ်းခြင်းကို အဘယ့်ကြောင့် ကြည့်ရှု၍ နေဘိသနည်း။ မိမိ၏ တန်ခိုးအာနုဘော်ဖြင့် အဘယ့်ကြောင့် မီးကို မငြိမ်းအေး စေဘိသနည်းဟု လျှောက်ပြန်၏။ ညောင်ပင်စောင့်နတ်မင်းသည် ရှေးနည်းအတူ သာလျှင် ချီးမွမ်း၍ ပန်းဆုပ်တို့ဖြင့် ပူဇော်ပြန်၏။ ဓမ္မဒိန္နာမိဖုရားသည် ထိုစကားကို ပြောစဉ်ပင်လျှင် ငိုလည်း ငိုကြွေး၏။ ရယ်လည်း ရယ်ရွှင်၏။

## သိုးတစ်ကောင်ကို သတ်ခဲ့ဖူးသော ရှေးအကြောင်း

ထိုအခါ ဗာရာဏသီပြည့်ရှင် မင်းကြီးက ဓမ္မဒိန္နာမိဖုရားကို အသင်မိဖုရား အသို့နည်း၊ သင်အား စိတ်၏ဖောက်ပြန်ခြင်း ရူးသွပ်ခြင်း ဖြစ်လေသလောဟု မေးသဖြင့် အရှင်မင်းမြတ် ဤသို့ အမိန့်တော် မရှိပါလင့်။ ကျွန်တော်မကဲ့သို့ သဘောရှိကုန်သော သတိပညာ ပြည့်စုံကုန်သော သူတို့သည် ရူးသွပ်ခြင်း မဖြစ်နိုင်ကုန်ပါဟု လျှောက်လျှင် အသင်မိဖုရား ထိုသို့ ရူးသွပ်ခြင်း မဖြစ်ခဲ့သော် အသင်သည် အဘယ်ကြောင့် ငိုကြွေးခြင်း ရယ်ရွှင်ခြင်းကို ပြုဘိသနည်းဟု မေးပြန်သည်ကာလ ဓမ္မဒိန္နာမိဖုရားက အရှင်မင်းမြတ် နာတော်မူလော့၊ ကျွန်တော်မသည် ရှေးလွန်လေပြီးသောအခါ၌ တစ်ဦးသော အမျိုးသမီးသည် ဖြစ်၍ အရွယ်ကျရောက်လာသောကာလ မေတ္တာသက်ဝင် အစိုးရသောအရှင်

ခင်ပွန်းလင်၏နောက်သို့ လိုက်ပါရသည်ဖြစ်၍ ခင်ပွန်းအရှင် လင်၏အိမ်၌ နေရသည်ရှိသော် အရှင်လင်၏ အဖော်အဆွေခင်ပွန်း ချစ်ကျွမ်းဝင်သော ညှော်သည် အာဂန္တုတစ်ယောက်သည် ရောက်လာသည်ကိုမြင်၍ ထိုညှော်သည် အာဂန္တုကဝတ်ကို ပြုရန်အလို့ငှါ ထမင်းကို ချက်ပြုတ်လိုသောကြောင့် အသားဟင်းမျိုးကို ဝယ်ယူ၍ ဆောင်ခဲ့လော့ဟု အိမ်နေ ကျွန်မအား အသပြာကို ပေးပြီးလျှင် အိမ်ဈေးသို့ စေလွှတ်၏။ ထိုကျွန်မသည် အမဲဟင်းမျိုးကို မရသောကြောင့် ပြန်လာပြီးသော် အမဲဟင်းမျိုး မရှိပါဟု ပြောသည်ကာလ ထိုအိမ်၏နောက်အဖို၌ အိပ်နေသော သိုးမ၏ ဦးခေါင်းကို ပိုင်းဖြတ်ပြီးသော် ထမင်းကို စီရင်စေ၏။ ထိုအမျိုးသမီးသည် တစ်ကောင်သော သိုးမ၏ ဦးခေါင်းကို ပိုင်းဖြတ်ခဲ့သောကြောင့် ငရဲ၌ကျက်၍ ခံစားရခဲ့ပြီးမှ အကျိုးအကြွင်းအကျန်၏ အစွမ်းဖြင့် ထိုသိုးမ၏ အမွေး အရေအတွက်အားဖြင့် ဦးခေါင်း ဦးဆက်ပြတ်ခြင်းသို့ ရောက်ရလေ၏။ အရှင်မင်းမြတ်သည် ဤမျှလောက် အတိုင်းအရှည်ရှိသော မင်းအပေါင်းကို သတ်၍ အဘယ်အခါကာလဝယ် ဤသို့သော ဆင်းရဲဒုက္ခမှ လွတ်ရပေလတ္တံ့နည်းဟု ဤသို့လျှင် အလွန်ကြီးကျယ်သော ဆင်းရဲဒုက္ခကို အောက်မေ့မိ၍ စိုးရိမ်ပူဆွေး ငိုကြွေးမိပါသည်ဟု ပြောဆိုပြီး၍——

ဧဋကဿ ကဏ္ဍံ ဆိန္ဒိတွာ၊ လောမဂဏနာယ ပစ္စိဿံ။
ဗဟူနံ ကဏ္ဍေ ဆေတွာန၊ ကထံ ကာဟာသိ ခတ္တိယ–

ဟူသော ဂါထာကို ရွတ်ဆို၏။

အနက်ကား။ ။ခတ္တိယ၊ ရေမြေသနင်း ပြည့်ရှင်မင်းမြတ်။ အဟံ၊ ကျွန်တော်မသည်၊ ဧဋကဿ၊ တစ်ကောင်သောသိုး၏။ ကဏ္ဍံ၊ လည်ကို။ ဆိန္ဒိတွာ၊ ဖြက်မိသောကြောင့်။ လောမဂဏနာယ၊ အမွေး၏ အရေအတွက် အားဖြင့်။ ကဏ္ဍစ္ဆေဒံ၊ လည်ဖြတ်ခံရခြင်းသို့။ အပစ္စိဿံ၊ ရောက်၍ ကျက်၍ ခံစားရလေပြီ။ ဗဟူနံ၊ များစွာကုန်သော မင်းမိဖုရားတို့၏။ ကဏ္ဍေ၊ လည်တို့ကို။ ဆေတွာန၊ ဖြတ်ခဲ့သည်ရှိသော်။ မောစနံ၊ လွတ်မြောက်ခြင်းကို။ ကထံ ကာဟာသိ၊ အဘယ်သို့ ပြုနိုင်ပါတော့အံ့နည်း။ ဤကား အနက်။

ထိုနောက် မင်းကြီးက အသင် အဘယ်ကြောင့် ပြုံးရယ်ခြင်းကို ဖြစ်စေဘိသနည်းဟု မေးပြန်လျှင် အရှင်မင်းမြတ် ကျွန်တော်မသည် ထိုဆင်းရဲမှ လွတ်မြောက်ခြင်း ဖြစ်ပေပြီ။ သို့ဖြစ်၍ နှစ်သက် ဝမ်းသာသောကြောင့် ရယ်ရွှင်မိပါသည်ဟု လျှောက်ကြား၏။ ညောင်ပင်စောင့် နတ်လည်း တဖန် ရှေးနည်းအတူသာလျှင် ချီးမွမ်းထောမနာ၍ ပန်းဆုပ်ဖြင့် ပူဇော်ပြန်၏။ ဗာရာဏသီ ပြည့်ရှင်မင်းမြတ်သည် သြော် ငါသည် ဝန်လေးသော အမှုကို ပြုမိလေစွတကား၊ ဤမမှဒိန္နာမိဖုရားသည် တစ်ကောင်သော သိုးကို သတ်မိခဲ့

ခြင်းကြောင့် ငရဲ၌ ကျက်၍ ခံစားရပြီးမှ အကျိုးအကြွင်း၏ အစွမ်းအားဖြင့် ထိုသိုး၏ အမွေးအငရအတွက်အားဖြင့် ဦးခေါင်းပြတ်ခြင်းသို့ ရောက်ရပေ၏။ ငါသည် ဤမျှလောက်သော မင်းတို့ကို သတ်မိခဲ့က အဘယ်အခါ၌ ချမ်းသာခြင်းသို့ ရောက်နိုင်ပါလတ္တံ့နည်းဟု ဆို၍ အလုံးစုံသော မင်းတို့ကို လွှတ်စေပြီးသော် မိမိထက် အသက်အရွယ် ကြီးရင့်ကုန်သော မင်းတို့ကို ခြေ၌ရှိခိုး၍ မိမိအောက် အသက်အရွယ် ငယ်ကုန်သော မင်းတို့အား လက်အုပ်ချီလျက် အလုံးစုံသော မင်းအပေါင်းတို့အား မိမိ၏ အပြစ်ကို သည်းခံစေကုန်၍ မိမိတို့၏ စံရာဖြစ်သော တိုင်းပြည်သို့ ပြန်၍လွှတ်ပေ၏။

## ဇာတ်တော်ကို ပေါင်းခြင်း

မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်သည် ဤသို့သော ဓမ္မဒေသနာကို ဆောင်တော်မူ၍ ချစ်သားရဟန်းတို့ ဤသို့လျှင် မလ္လိကာမိဖုရားသည် ဤယခုအခါ၌သာလျှင် မိမိ၏ ပညာကို မှီ၍ များစွာသော လူအပေါင်းအား ဇီဝိတဒါနကို ပေးဖူးသည် မဟုတ်သေး၊ ရှေးအခါကာလကလည်း ပေးဖူးသည်သာလျှင်တည်းဟု မိန့်တော်မူပြီး၍ ထိုအခါ ဗာရာဏသီပြည်ရှင် မင်းမြတ်သည် ယခုအခါ ပသေနဒီကောသလမင်းကြီး ဖြစ်လာ၏။ ထိုအခါ ဓမ္မဒိန္နာမိဖုရားသည် ယခုအခါ မလ္လိကာမိဖုရား ဖြစ်လာ၏။ ထိုအခါ ညောင်ပင်စောင့်နတ်သည် ယခုအခါ ငါဘုရားသာလျှင် ဖြစ်တော်မူလာ၏ဟု ဇာတ်တော်ကို ပေါင်းတော်မူ၏။ ဤသို့ အတိတ်ဇာတ်ကို ပေါင်းတော်မူပြီးသော ကာလ တဖန် တရားတော်ကို ဟောပြတော် မူလိုပြန်သောကြောင့် ချစ်သားရဟန်းတို့ သူတစ်ပါး ဇီဝိတိန္ဒြေအသက်ကို ပယ်ဖျက် ချသတ်ခြင်းမည်သည်ကား ပြုခြင်းငှါ မသင့်တင့် မလျောက်ပတ်သော အမှုပေတည်း။ ထိုစကား မှန်၏။ သူတစ်ပါး၏ ဇီဝိတိန္ဒြေအသက်ကို ပယ်ဖျက်ချသတ်ခြင်း မည်သည်ကား ရှည်စွာသော နေ့ညဥ့်ပတ်လုံး စိုးရိမ်ပင်ပန်းရသည်သာလျှင်တည်းဟု မိန့်တော်မူပြီး၍—

ဣဓ သောစတိ ပေစ္စ သောစတိ၊
ပါပကာရီ ဥဘယတ္ထ သောစတိ။
သော သောစတိ သော ဝိဟညတိ၊
ဒိသွာ ကမ္မကိလိဋ္ဌမတ္တနော။

ဝေဒ္ဓေ သတ္တာ ဇာနေယျုံ၊
ဒုက္ခာယံ ဇာတိသမ္ဘဝေါ။
န ပါဏော ပါဏိနံ ဟညေ၊
ပါဏဃာတီ ဟိ သောစတိ—

ဟူသော ဤနှစ်ဂါထာတို့ကို ဟောတော်မူ၏။

ရှေ့ဂါထာ၏ အနက်မှာ အောက်၌ဖော်ပြခဲ့ပြီ။ နောက်ဂါထာ၏–

**အနက်ကား**။ ၊ဧဝံ၊ ဤသို့။ ဒုက္ခာ၊ ဆင်းရဲ၍ငြင်ငြင် ပင်ပန်းသော။ အယံ ဇာတိသမ္ဘဝေါ၊ ဤသို့သော ပဋိသန္ဓေ၏ ဖြစ်ခြင်းကို။ ဝါ၊ ဤသို့သော ဘဝ၏ဖြစ်ခြင်းကို။ သတ္တာ၊ အပေါင်းများစွာ သတ္တဝါတို့သည်။ စေ ဇာနေယျုံ၊ အကယ်၍ သိကုန်ငြားသည်ဖြစ်ခဲ့အံ့။ ပါဏော၊ သတ္တဝါသည်။ ပါဏိနံ၊ သတ္တဝါတို့အား။ န ဟညေ၊ မသတ်ဖြတ်ပေရာ။ ဟိ၊ ထိုစကားသင့်စွ။ ပါဏဃာတီ၊ သတ္တဝါတို့ကို သတ်ဖြတ်လေ့ရှိသော သတ္တဝါသည်။ သောစတိ၊ နှစ်ဘဝလုံး ဆုံးရှုံးကြိမ်ကြိမ် စိုးရိမ်ပူပန်ရ၏။ ဤကား အနက်။

ဤသို့သော ဒေသနာတော်၏ အဆုံး၌လည်း များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ရလေကုန်၏။

ဓမ္မပဒဗာလဝဂ်၌ ရှေးဦးစွာသော ပသေနဒီကောသလမင်းကြီးနှင့်

အညတရယောကျ်ားဝတ္ထု စကားအစဉ်ကား

ဤတွင်ရွေ့ ပြီး၏။

---

## ၂။ ရှင်မဟာကဿပမထေရ်ကြီး၏ တပည့်ငယ်အကြောင်း

ပစ္စုပ္ပန်ဝတ္ထု

**စရဉ္စေ နာဓိဂစ္ဆေယျ** ဤသို့စသည့် ဓမ္မဒေသနာ ပါဠ်ဂါထာကို သံသရာသမုဒ် ဝဲစလုတ်၌ နစ်မြုပ်ပေါလော အတောမသတ် မရပ်မတည် ကျင်လည်ပြေးတုံ သုံးဘုံသတ္တဝါ ဝေနေယျာကို ထိုသံသရာ ရေစလုတ်မှ ဆွဲထုတ်သည်ပမာ ဒေသနာအဇရပ်ရပ်တို့ဖြင့် မပြတ်ဆုံးမ သကတ္တဝိသိဂ်၌ ဂုဏ်ဟိတ်ကြွဘာ ထောမနာလျက် သတ္တာ မည်တော်မူသော မြတ်စွာ ဘုရားသခင်သည် ပြည်ခွင်ဘုမ္မိ သာဝတ္ထိ၌ မျာဘိကျိန်းရှောင်း ကိန်းအောင်း စံပယ်တော်မူလျက် လူမက နတ်မသွန် မှောင်ဝန်ယှက်သန်း တိုက်ခန်း၌ာနဝယ် ကိုယ်ရောင်ဖြင့် ထွန်းပနိုင်သော ဘဒ္ဒသညာ ကလျာကို ကြဉ်ကာ သွေမှု ရဟန်း ပြုသည့် ဓုတင်ဂုဏ် ပြည့်စုံတက်ကြွ ကဿပမထေရ်မြတ်၏ ချဉ်းကင်မသွေ အတူ နေတပည့်ကို အကြောင်းပြုသောအားဖြင့် ဟောကြားတော် မူခဲ့ပေသတည်း။ ဝတ္ထုကား ရာဇဂြိုဟ်ပြည်၌ ဖြစ်၏။

## အကြောင်းအတ္ထုပ္ပတ္တိ အစဉ်ကား ဤသို့တည်း

အရှင်မဟာကဿပ မထေရ်မြတ်သည် ငါးရပ်တောင်ညို ရံပတ်ခိုသော ရာဇဂြိုဟ်ပြည်ကြီးကို ခိုမှီးသမူ ပြုတော်မူလျက် ပိပ္ပလိလိုဏ်ဂူ၌ ကြည်ဖြူ ရွှင်ပြုံး သီတင်းသုံးတော်မူသောအခါ နှစ်ဦးနှစ်ယောက်ကုန်သော အတူနေ တပည့်ငယ် တို့သည် အသွယ်သွယ်သောဝတ်တို့ကို မချွတ်ကုံလုံ ပြည့်စုံစေလျက် လုပ်ကျွေး ပြုစုကြကုန်သတည်း။

## အရှင်မဟာကဿပ၏ တပည့်ရဟန်းနှစ်ပါး

ထိုနှစ်ဦးနှစ်ယောက်ကုန်သော တပည့်ငယ်တို့တွင် တစ်ယောက်သောတပည့် ငယ်သည် ရိုသေကောင်းမွန်စွာ ဝတ်ကြီးဝတ်ငယ်ကို ပြု၏။ တစ်ယောက်သော တပည့်ငယ်ကား မိမိကသည် တစ်စုံတစ်ခုကိုမျှကို မပြုဘဲ ထိုတပည့်ငယ်ပြုထား သော ဝတ်ကြီးဝတ်ငယ်အမှုကို မိမိပြုဘိသကဲ့သို့ ပြုလျက် ခံတွင်းဆေးသော ရေ ဒန်ပူ ထင်းစသည်တို့၏ စီရင်၍ထားအပ်သည်၏အဖြစ်ကို သိသောကာလ အရှင်ဘုရား ခံတွင်းဆေးအပ်သောရေ ဒန်ပူ ထင်း စသည်တို့ကို တပည့်တော် ပြုပြင်စီရင်၍ ထားအပ်ပါကုန်၏၊ အရှင်ဘုရား ခံတွင်းကို ဆေးကြောတော်မူပါ လော့၊ ဒန်ပူကို သုံးဆောင်တော်မူပါလော့ဟု လျှောက်ကြား၏၊ ခြေဆေးသော အခါ ရေချိုးသောအခါတို့၌မေ ရှုးနည်းအတူသာလျှင် သူတစ်ပါး စီရင်ပြုပြင်၍ ထားအပ်သည်ကို မိမိပြုပြင်စီရင်၍ ထားဘိသကဲ့သို့ ညွှန်ပြလျှောက်ထား၏။

ဤမှတစ်ပါးသော တပည့်ငယ်က ကြံဆင်ခြင်သည်မှာ ဤသူသည် အမြဲ မပြတ်သောကာလပတ်လုံး ငါသည်ပြုပြင်စီမံ၍ ထားအပ်သည်ကို မိမိပြုအပ်ဘိ သကဲ့သို့ ပြုပြီးသည်ကာလ ညွှန်ပြလေ၏၊ ရှိစေဦးတော့၊ ဤသူအား ပြုအပ် သော အမှုအရာကို သိစေအံ့ဟု ကြံ၏။ ကြံဆင်ခြင်ပြီးသောကာလ ထိုတပည့် ငယ်သည် စားသောက်ပြီး၍အိပ်နေစဉ်သာလျှင် ချိုးရေကို ပူစေပြီးသောကာလ တစ်ခုသောအိုး၌ လဲလှယ်သည်ကိုပြု၍ ရေချိုးအိမ်၏နောက်၌ ကွဲဝှက်၍ထား၏။ ရေနွေးကျိုသော အိုး၌ကား တစ်ကွမ်းစား တစ်ခွက်မျှလောက်သော ရေကို ကြွင်းကျန်စေ၍ အခိုးအငွေ့ချောင်းချောင်းထသည်ကို ဖြစ်စေ၏၊ ဤမှတစ်ပါး သော တပည့်ရဟန်းငယ်သည် ညနေချမ်းအခါအိပ်ရာမှနိုး၍ အခိုးငွေ့ ချောင်း ချောင်းထသည်ကိုမြင်လျှင် ရေကိုပူနွေးစေပြီးသောကာလ ရေချိုးအင်းပျဉ်၌ ထားအပ်သည်ဖြစ်ပေလတ္တံ့ဟု မှတ်ထင်လျက် လျင်မြန်စွာသွားရောက်ပြီးသော် မထေရ်ကို ရှိခိုးပြီးသောအခါ အရှင်ဘုရား ရေချိုးအိမ်၌ ရေကိုတည်ထားအပ် ပါပြီ၊ ရေချိုး သုံးသပ်တော်မူပါလော့ဟု လျှောက်၍ မထေရ်နှင့်တကွသာလျှင် ရေချိုးရာ တိုက်ခန်းအိမ်သို့ ဝင်ရောက်လေ၏၊ မထေရ်ကလည်း ရေကို မမြင်

သည်ဖြစ်၍ ငါ့ရှင် ရေအတည်မှာနည်းဟု မေးတော်မူ၏၊ ရဟန်းငယ်သည် မီးတင်းကုတ်သို့သွား၍ အိုး၌ မှုတ်ကို နှစ်မြှုပ်ချခပ်လျှင် ရေမရှိဘဲ အချည်းနှီးသောအိုး၏အဖြစ်ကိုသိ၍ ကြမ်းတမ်းယုတ်မာသော ဆိုနိုင်ခဲခက်သော ဤရဟန်းငယ်၏အမှုကို ကြည့်ရှုပါကုန်လော့၊ ရေမရှိဘဲ အချည်းနှီးသောအိုးကို ခုံလောက်၌တင်ထား၍ အဘယ်အရပ်သို့ လှည့်ပတ်သွားလာ၍ နေဘိသနည်း၊ ငါသည် ရေချိုးအိမ်တိုက်ခန်း၌ ရေရှိသည်အမှတ်ဖြင့် မထေရ်ကိုလျှောက်ထား ပင့်ဆောင်၍ လာမိခဲ့ပေသည်ဟု ရှုတ်ချကဲ့ရဲ့ ချုပ်ချယ်လျက် အိုးကိုယူပြီးလျှင် ရေခပ်ရာဆိပ်သို့ သွားလေ၏။

ဝတ်ကြီးဝတ်ငယ်နှင့်ပြည့်စုံသော ရဟန်းသည် ရေချိုးအိမ်၏နောက်၌ မိမိကဲ့ဝှက်၍ ထားအပ်သောရေကိုဆောင်၍ ရေချိုးအိမ်၌ထား၏။ မထေရ်လည်း ကြွဆင်ခြင်တော်မူသည်မှာ ဤရဟန်းငယ်သည် ရေကို ပူနွေးစေ၍ ရေချိုးအိမ်၌ ထားအပ်၏၊ အရှင်ဘုရား ကြွတော်မူပါကုန်လော့။ ရေသုံးသပ်တော်မူပါကုန်လော့ဟု လျှောက်ထား၍ ဤယခုအခါ၌ သူတစ်ပါးကို ချုပ်ချယ်မြည်တမ်းလျက် ရေအိုးကိုယူပြီးသောကာလ ရေချိုးဆိပ်သို့သွား၏။ ဤအကြောင်းကား အသို့နည်းဟု စူးစမ်းဆင်ခြင်တော်မူ၏။ မထေရ်သည်စူးစမ်းဆင်ခြင်တော်မူသည်ရှိသော် ထိုရဟန်းငယ်သည် ဤရဟန်းငယ် ပြုအပ်သော ဝတ်ကြီးဝတ်ငယ်အမှုကို မိမိသည် ပြုအပ်ဘိသကဲ့သို့ ညွှန်ပြလျက် ငါ့အားလှည့်ပတ်၍နေလေဘိသည်ဟု သိတော်မူ၍ သွချမ်းသောအခါ၌ မိမိ၏အထံသို့ လာရောက်ခစားထိုင်နေသောထိုရဟန်းငယ်အား ငါ့ရှင် ရဟန်းမည်သည်ကား မိမိပြုအပ်သော အမှုကိုသာလျှင် ပြုအပ်သည်ဟူ၍ ပြောဆိုခြင်းငှါ အပ်၏။ မိမိမပြုအပ်သည်ကို မိမိပြုအပ်သည်ဟု လိမ်သည်လှည့်ပတ် မပြောဆိုရာ အသင်သည် ယခုအခါကာလကပင်လျှင် ရေချိုးအိမ်၌ ရေကိုထားအပ်ပါပြီ။ ရေသုံးသပ်တော်မူပါကုန်လော့ဟု လျှောက်ကြား၍ ငါသည် ရေချိုးအိမ်သို့ဝင်၍ သွားရောက်တည်သော အခါ၌ ရေအိုးကိုယူ၍ သူတပါးကို ချုပ်ချယ်မြည်တမ်း ပြောဆိုလျက် ရေခပ်ရာဆိပ်သို့ သွားလေဘိသည်။ ရဟန်းမည်သည်ကား ဤသို့သော သဘောရှိသော လိမ်လည်လှည့်ပတ်ခြင်းအမှုကို ပြုခြင်းငှါ မအပ်ဟု ဆုံးမတော်မူ၏။

## အရှင်မဟာကဿပအား ပြစ်မှားသော တပည့်ရဟန်းငယ် အဝီစိသို့ ကျရောက်ခြင်း

ထိုရဟန်းငယ်သည် မထေရ်၏အမှုကို ကြည့်ကြပါကုန်လော့၊ ရေမျှကို အမှီပြုပြီးသည်ကာလ ငါ့အား ဤသို့ ပြောဆိုဘိလေသည်ဟု အမျက်ထွက်၍ တဖန်မိုးသောက် ရောက်သောနေ့၌ မထေရ်နှင့် အတူတကွ ဆွမ်းခံလှည့်လည်

ခြင်းငှါ မဝင်လေ၊ အရှင်မဟာကဿပ မထေရ်သည်လည်း ဤမှတပါးသော ရဟန်းငယ်နှင့် အတူတကွ တစ်ခုသော အရပ်သို့ ကြွတော်မူ၏။ ထိုရဟန်းငယ်သည် မထေရ်ကြွတော်မူသောအခါ မထေရ်၏ အလုပ်အကျွေးဖြစ်သော အမျိုးအိမ်သို့ သွား၍ အရှင်ဘုရား မထေရ်မြတ်သည် အဘယ်သို့ ကြွတော်မူပါသနည်းဟု မေးလျှောက်လျှင် မထေရ်အား မချမ်းမသာ ရောဂါစွဲကပ်၏၊ ကျောင်း၌သာ သီတင်းသုံးတော်မူ၏ဟု ပြော၏၊ အရှင်ဘုရား အဘယ်သို့သော အစာအာဟာရကို ရခြင်းငှါ အပ်ပါသနည်းဟု မေးလျှောက်သည်ရှိသော် ဤသို့သဘောရှိသည် မည်သော အစာအာဟာရကို ပေးကြကုန်လော့ဟု ပြောဆိုသဖြင့် ထိုရဟန်းငယ် ပြောဆိုသော အတိုင်းဖြင့်သာလျှင် ပြုပြင်စီရင်၍ ပေးလှူလိုက်ကုန်၏။ ထိုရဟန်းငယ်သည် လမ်းခရီးအကြား၌သာလျှင် ဆွမ်းကိုစားသောက်၍ ကျောင်းသို့ သွား၏ မထေရ်သည်လည်း ကြွတော်မူရာအရပ်၌ သိမ်မွေ့နူးညံ့သော သက်န်းလျာ အဝတ်ကို ရတော်မူ၍ ထိုအဝတ်ကို မိမိနှင့်အတူတကွ လိုက်ပါသော ရဟန်းငယ်အား ပေးသနားတော်မူသဖြင့် ရဟန်းသည် ထိုအဝတ်ကို ဖွပ်ဆိုး၍ ဝတ်ရုံသုံးဆောင်ခြင်းကိုပြု၏။ အရှင်မဟာကဿပ မထေရ်အရှင်မြတ်သည် တဖန် ပိုးသောက် ရောက်သောနေ့၌ အလုပ်အကျွေးအမျိုးအိမ်သို့ ကြွတော်မူသည်ရှိသော် အရှင်ဘုရား အရှင်မြတ်တို့အား မအီမသာ ရောဂါစွဲကပ်ခြင်းဖြစ်သည်ဟု အရှင်မြတ်၏ တပည့်ငယ်ရဟန်းသည် မိန့်ဆိုအပ်သည်ဖြစ်၍ ထိုမိန့်အပ်သော အမှတ်ဖြင့်သာလျှင် အစာအာဟာရကို ပြုပြင်စီရင်၍ ပေးပို့လိုက်ပါသည်။ ထိုအစာအာဟာရကို သုံးဆောင် စားသောက်ရသောကြောင့် အရှင်မြတ်အား ကျန်းမာ ချမ်းသာခြင်း ဖြစ်ပါလေသလောဟု လျှောက်ကြားလျှင် မထေရ်လည်း ဆိတ်ဆိတ်သာ နေတော်မူ၏။ ကျောင်းသို့ ပြန်လည်ကြွရောက်တော်မူ၍ ညချမ်းသောအခါ ခစားရှိခိုး၍ နေထိုင်လာသော ရဟန်းငယ်ကို မထေရ် အရှင်မြတ်က ငါ့ရှင် အသင်သည် ယမန်နေ့အခါက ဤသို့သောအမှုကို ပြုအပ်သည် မဟုတ်တုံလော၊ ဤသို့ပြုခြင်းသည် ရဟန်းတို့အား မသင့်လျော် ကိုယ်နှုတ်ဖြင့် တောင်းယူခြင်း ဝိညတ်ကိုပြု၍ စားသောက်ခြင်းငှါ မအပ်ဟု ပြောဆို ဆုံးမတော်မူ၏။

ထိုရဟန်းငယ်သည်လည်း မထေရ်အား အမျက်ထွက်၍ ရှေ့ဖြစ်သောနေ့၌ ရေမျှကို အမှီပြုပြီးသည်ကာလ ငါ့အား မုသာဝါဒပြောဆိုသည်ကို ပြုဘိ၏။ ယနေ့လည်း မိမိ၏ အလုပ်အကျွေး အမျိုး၌ တစ်ဆုပ်မျှသောက်သော ဆွမ်းတည်းဟူသော အကြောင်းကြောင့် ငါ့ကို ဝိညတ်ကိုပြု၍ တောင်းစားခြင်းငှါ မအပ်ဟု ပြောဆို၏။ ရအပ်သော အဝတ်သင်္ကန်းကို မိမိ၏ အလုပ်အကျွေး ဖြစ်သော ထိုရဟန်းငယ်အားသာလျှင် ပေး၏။ ငါ့အား မပေး၊ ဩော်– မထေရ်သည် ဝန်လေးသော အမှုကို ပြုလေစွတကား၊ မထေရ်အား ပြုအပ်သည်နှင့်

ယှဉ်သော အမှုကို သိစေအံ့ဟု ရန်ငြိုးကိုဖွဲ့၏။ တဖန်မိုးသောက် ရောက်သော နေ့၌ မထေရ်သည် ရွာတွင်းသို့ ကြွဝင်တော်မူသည်ရှိသော် မိမိသည် ကျောင်း၌ ကျန်ရစ်ခဲ့၍ တုတ်တံကို လက်စွဲကိုင်ယူပြီးလျှင် အသုံးအဆောင် ဖြစ်သော အိုးခွက်ဘို့ကို ရိုက်ခွဲပြီးသည်ကာလ မထေရ်၏ သစ်ရွက်ဖြင့် မိုးသောကျောင်းကို မီးတိုက်၍ အကြွင်းဝတ္ထုသည် မီးမစွဲလောင် ထိုမီးမစွဲလောင်သော ဝတ္ထုကို ဆောက်ပုတ်ဖြင့် ပုတ်ခတ်ရိုက်ခွဲ မှုန့်မှုန့်ညက်ညက် ကြေသည်ကိုပြု၍ ထွက်ပြေး ပြီးမှ မျှားမကြာမီသာလျှင် သေလွန်ခြင်းကိုပြု၍ အဝီစိငရဲကြီး၌ ဖြစ်ရလေ၏။

လူအပေါင်းသည် အရှင်မဟာကဿပ မထေရ်၏ တပည့်ရဟန်းငယ်သည် အဆုံးအမ ဩဝါဒကိုမျှလည်း မခံမယူဘဲ အမျက်ထွက်၍ မထေရ်၏ သစ်ရွက် မိုးသောကျောင်းကို မီးဖြင့်တိုက်၍ ထွက်ပြေးလေသည် ဟူသောစကားကို ဖြစ်စေကြကုန်၏။ နောက်အဖို့၌ တစ်ပါးသော ရဟန်းသည် ရာဇဂြိုဟ်ပြည်မှ ထွက်၍ မြတ်စွာဘုရားသခင်ကို ကြည့်ရှုဖူးမြော်အံ့သောငှါ ဇေတဝန်ကျောင်း တော်သို့ သွားချောက်၍ မြတ်စွာဘုရား ကိုယ်တော်မြတ်နှင့် အတူတကွ ပဋိသန္ဓာရကို ပြုပြီးလျှင် ချစ်သားရဟန်း အသင်သည် အဘယ်အရပ်က လာခဲ့သနည်းဟု မေးတော်မူသည်ရှိသော် ဘုန်းတော်ကြီးတော်မူသော မြတ်စွာ ဘုရား ရာဇဂြိုတ်ပြည်မှ လာခဲ့ရပါသည်ဟု လျှောက်ကြား၏။ ချစ်သားရဟန်း ငါ၏သားတော် ဖြစ်သော မဟာကဿပသည် ခန့်ကျန်းချမ်းသာစွာ ရှိပါ၏ လောဟု မေးတော်မူပြန်လျှင် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ခန့်ကျန်းပါ၏ ချမ်းသာပါ၏၊ ထိုမထေရ်မြတ်၏ အတူနေ တပည့်ရဟန်းငယ် တစ်ယောက်သည် မထေရ်ဆုံးမ ပြောဆိုကာမျှ၌ အမျက်ထွက်ပြီးသောကာလ သစ်ရွက်မိုးသောကျောင်းကို မီးဖြင့်တိုက်၍ ထွက်ပြေးပါသည်ဟု လျှောက် ကြား၏။ မြတ်စွာဘုရားကိုယ်တော်မြတ်က ချစ်သားရဟန်း ထိုရဟန်းသည် ယခုအခါ၌သာ ဆုံးမဩဝါဒကိုကြား၍ အမျက်ထွက်သည် မဟုတ်သေး။ ရှေး ၌လည်း အမျက်ထွက်ဘူးသည်သာလျှင်တည်း။ ယခု အခါ၌သာလျှင် နေရာ ဖြစ်သော ကုဋိကို ဖျက်ဆီးသည် မဟုတ်သေး၊ ရှေး၌လည်း ဖျက်ဆီးဘူးလေ သည်သာလျှင်တည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

## ဖြစ်မှားသော ရဟန်းငယ်၏ ရှေးအကြောင်းအတိတ်ဝတ္ထု

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်မြတ်၌ ဗြဟ္မဒတ်မင်းကြီးသည် မင်းအဖြစ်ကို ပြုတော်မူသည်ရှိသော် သိင်္ဂိလငှက်မျိုးဖြစ်သော တစ်ကောင် သော ငှက်သည် လုံခြုံကောင်းမွန်သော အသိုက်ကိုပြု၍ နေ၏။ ထိုအခါ တစ်နေ့သောနေ့၌ မိုးကြီးသည်းထန်စွာ ရွာခဲ့သည်ရှိသော် တစ်ကောင်သော

မျှောက်သည် ကျရောက်စိုစွတ်သော မိုးရေ တိုက်ခတ်သောကြောင့် တည်နေမရ အောင် ချမ်းလေ့ရကား ကြွက်ကြွခုန်လိုက် တုန်ရိုက်သော ဦးခေါင်းရှိလျက် ထိုငှက်၏ အသိုက်မြုံ အနီးအပါးသို့ လာခဲ့၏၊ သိင်္ဂိလငှက်သည် ကြွက်ကြွခိုက်တုန် သိုက်မြုံ၏ အနီးအပါးသို့ လာရောက်သော ထိုမျှောက်ကို မြင်၍—

မနုဿဿေဝ တေ သီသံ၊ ဟတ္ထပါဒါ စ ဝါနရ။
အထ ကေန နု ဝဏ္ဏေန၊ အဂါရံ တေ န ဝိဇ္ဇတိ—

ဟူသော ဂါထာကို ရွတ်ဆို၍မေး၏။

**အနက်ကား**။ ။ဝါနရ၊ အိုမျှောက်။ တေ၊ သင်မျှောက်၏။ သီသံ၊ ကိုယ် အင်္ဂါတွင် မြတ်ရာထားရှောင်း ဦးခေါင်းသည်။ မနုဿဿ၊ လူ၏။ သီသံ ဣဝ၊ ဦးခေါင်းကဲ့သို့။ ဟောတိ၊ ဖြစ်ပါပေ၏။ ဟတ္ထပါဒါ စ၊ လက်ခြေတို့သည်လည်း။ မနုဿဿ၊ လူ၏။ ဟတ္ထပါဒါ ဣဝ၊ လက်ခြေတို့ကဲ့သို့။ ဟောန္တိ၊ ဖြစ်ကုန်၏။ အထ၊ ထိုသို့ဖြစ်ပါလျက်။ ကေန ဝဏ္ဏေန၊ အဘယ်သို့သော အကြောင်းကြောင့်။ တေ၊ သင်အား။ အဂါရံ၊ လေမိုးမလာ ချမ်းသာစွာသော နေအိမ်သည်။ န ဝိဇ္ဇတိ၊ မရှိခဲ့ပါလေ သနည်း။ ဤကားအနက်။

အဓိပ္ပါယ်ကား။ အိုမျှောက် အသင်၏ ဦးခေါင်း လက်ခြေတို့သည်ကား လူတို့၏ ဦးခေါင်းလက်ခြေတို့ကဲ့သို့ ဖြစ်ပေကုန်၏၊ ထိုသို့ လူတို့ကဲ့သို့ လက်ခြေ ဦးခေါင်း ရှိပါလျက် အဘယ်သို့သော အကြောင်းကြောင့် အသင်အား လေမိုးလုံခြုံ သိုက်မြုံနေရာ တစ်ခုသာမျှ မရှိပါလေသနည်းဟု မေးဆို၏။ မျှောက်သည်လည်း ငါ့အား လက်ခြေတို့သည်ကား ရှိပေ၏။ အကြင်ပညာဖြင့် စိစစ်ဆင်ခြင်၍ လေမိုး လုံခြုံ သိုက်မြုံနေရာကို ပြုရာ၏။ ထိုပညာသည် ငါ့အား မရှိဟု ကြံ၍ ထိုအကြောင်းကို သိစေလိုသည်ဖြစ်၍ ပြောဆိုလိုရကား—

မနုဿဿေဝ မေ သီသံ၊ ဟတ္ထပါဒါ စ သိင်္ဂိလ။
ယာဟု သေဋ္ဌာ မနုဿေသု၊ သာ မေ ပညာ န ဝိဇ္ဇတိ—

ဟူသော ဂါထာကို ဆို၏။

**အနက်ကား**။ ။သိင်္ဂိလ၊ သိင်္ဂိလ မည်သောငှက်။ မေ၊ ငါ၏။ သီသံ၊ ကိုယ် အင်္ဂါတွင် မြတ်ရာထားရှောင်း ဦးခေါင်းသည်။ မနုဿဿ၊ လူ၏။ သီသံ ဣဝ၊ ဦးခေါင်းကဲ့သို့။ ဟောတိ၊ ဖြစ်၏။ ဟတ္ထပါဒါ စ၊ လက်ခြေတို့သည်လည်း။ မနုဿဿ၊ လူ၏။ ဟတ္ထပါဒါ ဣဝ၊ လက်ခြေတို့ကဲ့သို့။ ဟောန္တိ၊ ဖြစ်ကုန်၏။ ပန၊ ထိုသို့ပင် ဖြစ်သော်လည်း။ မနုဿေသု၊ လူတို့၌။ ယာ ပညာ၊ အကြင် ပညာကို။ သေဋ္ဌာ၊ ချီးမွမ်းအပ်သဖြင့် မြတ်၏ ဟူ၍။ အာဟု၊ ဆိုကုန်၏။

သာ ပညာ၊ သင့်လျော်လျောက်ပတ် ကောင်းမြတ်သွင်ပြင် စီရင်တတ်သော ထို ပညာသည်။ မေ၊ ငါ့အား။ န် ဝိဇ္ဇတိ၊ မရှိခဲ့။ တသ္မာ၊ ထိုကြောင့်။ မေ၊ ငါ့အား။ အဂါရံ၊ လေမိုးလုံခြုံ သိုက်မြုံအိမ်နေရာသည်။ န ဝိဇ္ဇတိ၊ မရှိလေသတည်း။ ဤကားအနက်။

**အဓိပ္ပါယ်ကား**။ ။သိင်္ဂီလအမည်ရှိသောငှက် ငါ၏ ဦးခေါင်း လက် ခြေ တို့သည်ကား လူတို့၏ ဦးခေါင်းလက်ခြေတို့ကဲ့သို့ ဖြစ်ပါကုန်၏။ထိုသို့ပင်ဦးခေါင်း လက်ခြေတို့ ဖြစ်ပါကုန်သော်လည်း လူတို့၌ စူးစမ်းဆင်ခြင် ထင်မြင်ရမိ သိတတ် သော ပညာကို ချီးမွမ်းအပ်သဖြင့် မြတ်သည်ဟု သမုတ်အပ်၏။ စူးစမ်းဆင်ခြင် တတ် ချီးမွမ်းအပ်သဖြင့် မြတ်သည်ဟူ၍ သမုတ်အပ်သော ထိုပညာသည် ငါ့အား မရှိခဲ့။ ထိုကြောင့် ငါ့အား လေမိုးလုံခြုံ သိုက်မြုံနေရာ တစ်ခုသောမျှ မရှိလေ သတည်းဟု ပြော၏။ ထိုအခါ ထိုမျောက်ကို ဤသို့သဘောရှိသော အသင်အား ဃရာဝါသ ကိစ္စဖွဲ့နှောင် အိမ်ရာထောင်ခြင်းကို အဘယ်ကြောင့် အလိုရှိဘိ သနည်းဟု ပြောဆို၍ ကဲ့ရဲ့ရှုံ့ချလိုရကား—

အနဝဋ္ဌိတစိတ္တဿ၊ လဟုစိတ္တဿ ဒုဗ္ဘိနော၊
နိစ္စံ အဒ္ဓုဝသီလဿ၊ သုခဘာဝေါ န ဝိဇ္ဇတိ။
သော ကရဿု အာနုဘာဝံ၊ ဝီတိဝတ္တဿု သီလိယံ။
သီတဝါတပရိတ္တာဏံ၊ ကရဿု ကုဋိကံ ကပိ—

ဟူသော ဤဂါထာ နှစ်ခုပေါင်းတို့ကို ရွတ်ဆို၏။

**အနက်ကား**။ ။အနဝဋ္ဌိတစိတ္တဿ၊ ဖွဲ့ပုံ၌ သစ်ငုတ်စိုက်သို့ တုန်ခိုက်လည်းမည် မတည်ကြည်သော စိတ်ရှိထသော။ လဟုစိတ္တဿ၊ လုံ့လမကူ ပျင်းထူလျော့လျော့ ပေါ့သောစိတ်ရှိထသော။ ဒုဗ္ဘိနော၊ ကိုယ်အားချစ်ကျွမ်း အဆွေခင်ပွန်းကို ရည်ညွှန်းမချစ် ပြစ်မှားတတ်ထသော။ နိစ္စံ၊ ခဏမလွဲ အမြဲမပြတ်။ အဒ္ဓုဝသီလဿ၊ မမြဲဖောက်ပြန် မတော်မမှန်သော သီလအကျင့်ရှိသောသူအား။ သုခဘာဝေါ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာသည်၏အဖြစ်သည်။ နဝိဇ္ဇတိ၊ မရှိပါလေ။ ကပိ၊ အိုမျောက်။ သော တွံ၊ ထိုသင်သည်။ ပညာသ၊ ကြည့်ရှုစီစဉ် ဆင်ခြင်တတ်သော ပညာ၏။ ဥပ္ပါဒနတ္ထံ၊ ဖြစ်ခြင်းအကျိုးငှါ။ အာနုဘာဝံ၊ အာနုဘော်ဟု ဆိုအပ်သော ဗလ ဥပါယကို။ ကရဿု၊ ရှာကြံသမှု ပြုပါလေလော့။ သီလိယံ၊ သီလိအလျဉ်း ကင်း ရှင်းပယ်ဖြုတ် ဒုဿီလအဖြစ်ဟု ဆိုအပ်သော မျောက်တို့၏ အလေ့အကျင့်ကို။ ဝီတိဝတ္တဿု၊ လွန်မြောက်ပါစေလော့။ သီတဝါတပရိတ္တာဏံ၊ ချမ်းအေးသော လေကို စောင့်ရှောက် ကွယ်ကာနိုင်သော။ ကုဋိကံ၊ လေမိုးမလာ ကောင်းစွာ လုံခြုံ သိုက်မြုံနေရာကို။ ကရဿု၊ ပြုပါလေလော့။ ဤကားအနက်။

**အဓိပ္ပါယ်ကား။** ။ဖွဲ့ပုံစု၌ စိုက်ဘားအပ်သော သစ်ငုတ်ကဲ့သို့ တုန်လှုပ်ပြန်လည် မတည်ကြည်သော စိတ်ရှိထသော လုံ့လမကူ ပျင်းထူလျော့လျော့ပေါ့သော စိတ်ရှိထသော ကိုယ်နှင့်ချစ်ကျွမ်းဝင်သော အဆွေခင်ပွန်းကို ဖျက်ဆီးပြစ်မှားလေ့ရှိထသော ခဏမလွဲ အမြဲမပြတ် မမြဲမမြဲ ဖောက်ပြန်ပျက်စီးသော သီလအကျင့်ရှိသောသူအား ကိုယ်စိတ်နှစ်ဖြာ ချမ်းသာသုခကို တရံတခါမျှ မရနိုင်ပေရာ။ အိုမျောက် အသင်သည် ကြည့်ရှုစီစဉ် ဆင်ခြင်တတ်သော ပညာဖြစ်စေခြင်းငှါ အာနုဘော်ဟုဆိုအပ်သော ဗလဥပါယကို ပြုပါလေလော့။ သီလအလျဉ်း ကင်းရှင်းပယ်ဖြတ် ဒုဿီလ၏အဖြစ်ဟု ဆိုအပ်သော မျောက်တို့၏ အလေ့အကျင့်မှ ထွက်မြောက်ပါစေလော့။ ချမ်းအေးသောလေကို စောင့်ရှောက်ကွယ်ကာနိုင်သော လေမိုးမလာ ကောင်းစွာ လုံခြုံသော သိုက်မြုံနေရာကို ပြုပါလေလော့ဟု ပြောဆိုဆုံးမ၏။

## မျောက်သည် ငှက်သိုက်ကို ဆွဲငင်ဖျက်ဆီးခြင်း

မျောက်သည်လည်း သိင်္ဂိလငှက်က ပြောဆိုဆုံးမသောစကားကို ကြားလျှင် ဤငှက်သည် ငါ့ကို မမြဲမြဲ မတည်တံ့သော စိတ်ရှိသည်၏အဖြစ်ကိုလည်းကောင်း၊ အဆွေခင်ပွန်းအား ပြစ်မှားတတ်သည်၏ အဖြစ်ကိုလည်းကောင်း၊ မမြဲမမြဲ ဖောက်ပြန်ပျက်စီးသော အကျင့်ရှိသည်၏အဖြစ်ကိုလည်းကောင်း ပြု၍ ပြောဆိုဘိ၏။ ဤယခုအခါ၌ ထိုငှက်အား ဖျက်ဆီး ပြစ်မှားအပ်သည်၏အဖြစ်ကို ပြပေအံ့ဟုကြံ၍ အသိုက်ကိုဆွဲငင်ဖျက်ဆီး၍ ဖရိုဖရဲကြဲ၏။ သိင်္ဂိလငှက်သည် ထိုမျောက်၏ အသိုက်ကို ဆွဲငင်ဖျက်ဆီးသော ကာလ၌သာလျှင် တစ်ခုသော နံပါးဖြင့် ထွက်ပြေးပျံသွားလေ၏။

မြတ်စွာဘုရား ကိုယ်တော်မြတ်သည် ဤသို့သော ဓမ္မဒေသနာကို ဆောင်တော်မူ၍ ဇာတ်တော်ကို ပေါင်းတော်မူ၏။ ချစ်သားရဟန်းတို့ ထိုအခါကာလက အသိုက်ရိပ်မြုံကို အကုန်ဖျက်ဆီးသော မျောက်သည် ယခုအခါ ကျောင်းနေရာကုဋိကို ဖျက်ဆီးသော ရဟန်းငယ် ဖြစ်လာ၏။ ထိုအခါကာလက သိင်္ဂိလငှက်သည် ယခုအခါ ငါ၏ သားတော် ကဿပမထေရ် ဖြစ်လာ၏ဟု ဇာတ်တော်ကို ပေါင်းတော်မူ၏။ ဇာတ်တော်ကို ပေါင်းတော်မူပြီး၍ ချစ်သားရဟန်းတို့ ထိုရဟန်းသည် ဤယခု အခါ၌သာ အဆုံးအမ ဩဝါဒကို အမျက်ထွက်၍ နေရာကုဋိကို ဖျက်ဆီးသည်မဟုတ်၊ ရှေးကလည်း ဖျက်ဆီးဖူးသည်သာတည်း၊ ချစ်သား ရဟန်းတို့ ငါ၏ သားတော်ဖြစ်သော ကဿပအား ဤသို့ သဘောရှိသော သူမိုက်နှင့် ပေါင်းသင်းဆက်ဆံ၍ နေရသောထက် တစ်ယောက်တည်း နေရခြင်းသည် မြတ်သေး၏ဟု မိန့်တော်မူပြီး၍—

**၆၁။ စရဉ္စေ နာဓိဂစ္ဆေယျ၊ သေယျံ သဒိသမတ္တနော။**
**ဧကစရိယံ ဒဠှံ ကယိရာ၊ နတ္ထိ ဗာလေ သဟာယတာ-**
**ဟူသော ဤဂါထာကို ဟောတော်မူ၏။**

## ဒေသနာတော်၏ အကျိုးအာနိသင်

ဒေသနာတော်၏ အဆုံး၌ အာဂန္တုကရဟန်းသည် သောတာပတ္တိဖိုလ်သို့ ရောက်လေ၏။ အာဂန္တုကရဟန်းမှ တပါး များစွာကုန်သော သူတို့သည်လည်း သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကြလေကုန်၏။

**အနက်ကား။** ။စရံ စရန္တော၊ ကလျာဏမိတ္တ သဟာယကို ရအောင် ရှာဌြား တရားကို ကျင့်သောသူသည်။ **အတ္တနော၊** မိမိထက်။ **သေယျံ** ဝါ၊ သီလ သမာဓိ စရှိ ဆင့်ဆင့် မြင့်မြတ်သော သူကိုလည်းကောင်း။ **အတ္တနော၊** မိမိနှင့်။ **သဒိသံ** ဝါ၊ သီလ သမာဓိ ပညာ ညီမျှစွာသောသူကိုလည်းကောင်း။ **စေ၊ နာဓိဂစ္ဆေယျ၊** အကယ်၍ မရခဲ့ငြားအံ့။ **ဧကစရိယံ၊** အဖော်မလှောက် တစ်ယောက်ထီးတည်း ကျင့်ခြင်းကို။ **ဒဠှံ၊** မြဲမြံခိုင်ခံ့ တည်တံ့စွာ။ **ကယိရာ၊** ပြုပေရာ၏။ **ဗာလေ၊** သူမိုက်၌။ **သဟာယတာ၊** အဆွေခင်ပွန်းကျွမ်းဝင် ဆက်ဆံသောသူ၏ အဖြစ်သည်။ **နတ္ထိ၊** မရှိ။ ဤကား အနက်။

ဓမ္မပဒ ဗာလဝဂ်၌ နှစ်ခုမြောက်သော အရှင်မဟာကဿပ
မထေရ်ကြီး၏ အတူနေ တပည့် ရဟန်းငယ်၏
ဝတ္ထုကား ဤတွင်ရွေ ပြီး၏။

## ၃။ အာနန္ဒာသူဌေးကြီးအကြောင်း

### ပစ္စုပ္ပန်ဝတ္ထု

**ပုတ္တာ မတ္ထိ** အစရှိသော ဓမ္မဒေသနာ ပါဠိဂါထာကို ဆရာတစ်ဆူ ဖြစ်တော်မူသော သယမ္ဘူထွတ်ထား စောဘုရားသည် သာဝတ္ထိပြည်မြတ်၌ ချဉ်းကပ် ရည်ရှု ဝေါစရဂါမ်ပြုလျက် လေးခုသော ဣရိယာပထဖြင့် မျှတတော်မူသော အခါ အာနန္ဒာ အမည်ရှိသော သူဌေးကို အကြောင်းပြုတော်မူသောအားဖြင့် ဟောကြားတော်မူခဲ့လေသတည်း။

### အကြောင်းအတ္ထုပ္ပတ္တိ အစဉ်ကား ဤသို့တည်း

**သာဝတ္ထိပြည်၌** အာနန္ဒာ အမည်ရှိသော သူဌေးကြီးတစ်ဦးသည် **ရှိ၏။** ကုဋေရှစ်ဆယ် ပြည့်ကြွယ်ရိပ်ငြိမ် **စည်းစိမ်ချမ်းသာ** ရှိ၏။ **မပေးမကမ်း** မလှူဒါန်းလို အလွန်ဝန်တို လျှို့ဝှက်သော **သဘော** ရှိပေသတတ်။ ထို

အာနန္ဒာ သူဌေးသည် လခွဲတိုင်း လခွဲတိုင်း ဆွေမျိုးဉာတိ အပေါင်းတို့ကို စည်းဝေးစေ၍ ဆုံးမ၏။ မိမိ၏ သားဖြစ်သော မူလသိရိကိုမူကား တစ်နေ့ကို သုံးခါသုံးဖို့ အစုတို့၌ ဤသို့သော အဆုံးအမ ဩဝါဒကို ပေး၏။ ချစ်သား ကုဋေ လေးဆယ်မျှလောက်သော ပစ္စည်းဥစ္စာ အသပြာကို များစွာ ရှိ၏ဟူသော အမှတ်သညာကို မပြုပါလေလင့်။ မိမိ၌ ထင်ရှားလက်မိ ရရှိလေပြီးသော ဥစ္စာကို မပေးမကမ်းအပ်၊ အသစ်ဖြစ်သော ဥစ္စာကို တိုးပွားစေအပ် ဖြစ်စေအောင်၏၊ တစ်ခုတစ်ခုသော အသပြာမျှကိုသော်လည်း သုံးစွဲကုန်ခန်း စေသော သူအား မကြာမတင် လျင်မြန်စွာ ကုန်ခန်းခြင်းသို့ ရောက်ပေရာ၏ဟု ပြောဆိုဆုံးမ၏။ ထိုကြောင့် ဤနေရာ၌သာနွှ် အဋ္ဌကထာ ဆရာတော်က—

အဉ္ဇနာနံ ခယံ ဒိသွာ၊ ဥပစိကာနဉ္စ အာစယံ။
မဓူနဉ္စ သမာဟာရံ၊ ပဏ္ဍိတော ဃရမာဝသေ—

ဟူသော ဂါထာကို ဆောင်တော်မူခဲ့၏။

**အနက်ကား။** ။အဉ္ဇနာနံ၊ မျက်စဉ်းတို့၏။ ခယံ၊ တစ်နေ့တစ်ပေါက် ထည့်လျှောက်ခတ်ရုံ ကုန်ခြင်းသို့ ရောက်သည်ကို။ ဒိသွာ စ၊ ကြည့်ရှုထင်ထင် မြင်သည်ဖြစ်၍လည်းကောင်း။ ဥပစိကာနံ၊ သေးငယ်စွာလှ ပိုး ရွ ခြ တို့၏။ အာစယံ၊ တစ်ကောင်ချီသယ် အနည်းငယ်ဖြင့် သွယ်သွယ်ဆည်းပူး အထူးကြီး မျှို့ မြေတောင်ပို့ကို။ ဒိသွာ စ၊ မြင်ကုန်သည်ဖြစ်၍လည်းကောင်း။ မဓူနဉ္စ၊ ပျားကြီး ပျားငယ်တို့၏လည်း။ သမာဟာရံ၊ ပန်းဝတ်ရသာကောင်းစွာယူဆောင် များမြောင်စွာမျှ ပျားလပို့ကို။ ဒိသွာ စ၊ ကြည့်ရှုထင်ထင် မြင်ကုန်သည် ဖြစ်၍လည်းကောင်း။ ပဏ္ဍိတော၊ ပညာရှိသည်။ ဃရမာဝသေ၊ အိမ်၌ နေရာ၏။ ။ဤကား အနက်။

## အာနန္ဒာသူဌေးကြီးသေ၍ ဒွန်းစဏ္ဍားဝမ်း၌ ဖြစ်ရခြင်း

ထို အာနန္ဒာ သူဌေးကြီးသည် နောက်အဖို့ဖြစ်သော တစ်ပါးသော အခါ၌ မိမိ၏မြေ၌ မြှုပ်နှံ၍ ထားအပ်သော ငါးလုံးသော ရွှေအိုးကြီးတို့ကို မိမိ၏ သားဖြစ်သော မူလသိရိအား မပြောမကြားမူ၍ ဇာကျမာနကို မှီလျက် ကြီးစွာသော ဝန်တိုခြင်း အညစ်အကြေးဖြင့် တွန့်တိုသည်ဖြစ်၍သာလျှင် စုတိ ပြောင်းကြွေ သေလွန်ခြင်းကိုပြု၍ ထိုသာဝတ္ထိမြို့၏သာလျှင် တစ်ခုသော တံခါး အနီး ဖြစ်သောရွာ၌ တစ်ထောင်မျှလောက် ကုန်သော ဒွန်းစဏ္ဍားတို့သည် နေကုန်၏။ ထိုရွာဝယ် ဆင်းရဲညှိုးနွမ်းကြုံပိန်သော ကိုယ်ရှိသော တစ်ယောက် သော ဒွန်းစဏ္ဍားမ၏ ဝမ်း၌ ပဋိသန္ဓေ တည်နေလေ၏။ သာဝတ္ထိပြည်ကြီးရှင် ဘုရင်ပသေနဒီ မင်းမြတ်သည် ထိုအာနန္ဒာ သူဌေး၏ သေလွန်ကြောင်းကို

ကြားသိတော်မူ၍ သားဖြစ်သော မူလသီရိကို ခေါ်စေတော်မူပြီးသော် သူဌေး၏ ရာထူးကို ပေးသနားတော်မူ၏။ ထိုတစ်ယောင်မျှလောက်ကုန်သော ဒွန်းစဏ္ဍားအမျိုးသည် ဟပေါင်းတစ်စုတည်းသာလျှင် အခစားအမှုကိုပြုလျက် အသက်မွေးခြင်းကို ဖြစ်စေ၏၊ အာနန္ဒာသူဌေးသည် သေလွန်၍ ထိုအမျိုး၌ ပဋိသန္ဓေယူနေသော အခါမှစ၍ အဖို့အခမျှလောက်ရှိသော ထမင်းဟင်းတို့ကိုပင်သော်လည်း မရသည်ဖြစ်၍ ထိုဒွန်းစဏ္ဍားတို့သည် ဤယခုအခါ ငါတို့သည် အမှုကို ပြုလုပ်ပါကုန်သော်လည်း ထမင်းဟင်းမျှ ကိုသော်လည်း မရကုန်။ ငါတို့၏ အတွင်း၌ ညစ်ညမ်းယုတ်မာသော သတ္တဝါရှိသည် ဖြစ်ပေရာ၏ဟု နှစ်ဖို့နှစ်စုကို ခွဲဝေကုန်၏။ ထိုသို့ ခွဲဝေသည်ရှိသော် အာနန္ဒာသူဌေး၏ အလောင်းပါသော အစု၌ ရှေးနည်းအတူသာလျှင် ဖြစ်ပြန်သောကြောင့် တဖန် ခွဲဝေပြန်၏။ ဤသို့သောနည်းဖြင့် အသီးသီး အစုစု ခွဲဝေခြင်းကို ပြု၍ လာခဲ့ရာ အာနန္ဒာသူဌေးအလောင်း၏ အမိ အဖတို့သည်သာ ကြွင်းကျန်အောင် ခွဲဝေကုန်၏။

ထိုအခါ အာနန္ဒာသူဌေး၏ မိခင်ဖြစ်သော ဒွန်းစဏ္ဍားမကို ဤသူသည်ကား ငါတို့၏အမျိုး၌ သူယုတ်မပေတည်းဟု နှင်ထုတ်ကြကုန်၏။ ထိုဒွန်းစဏ္ဍားမသည်လည်း အာနန္ဒာသူဌေးအလောင်း၏ ဝမ်း၌ပဋိသန္ဓေ တည်နေသောအခါ ကာလပတ်လုံး မျှလောက်ရုံမျှသော အစာအာဟာရကို ရှာဖွေ၍မရမူ၍ ငြိုငြင်ပင်ပန်းသဖြင့်သာ သားကို ဖွားမြင်ရရှာပေ၏။ ထိုသား၏ လက် ခြေ မျက်စိ နား နှာခေါင်း ခံတွင်းတို့သည် ပကတိသော လူတို့၏ အသွင်ကဲ့သို့ ပြေပြစ်သန့်ရှင်း ချောမွေ့ခြင်း မရှိမူ၍ တိမ်းစောင်း ကျိုးပဲ့ မတည့်မပြေ အသားအရေ နက်ကြုတ်လျက် ဘုတ် ပြိတ္တာ ဘီလူးတို့ကဲ့သို့ အလွန်လျှင် အဆင်းလှပခြင်း ဖောက်ပြန်ခြင်းရှိ၏။ ယင်းသို့ပင် အဆင်းသဏ္ဌာန် ကြုန်အင်လက္ခဏာ ချို့နဲ့ပါသော်လည်း မိခင်သည် စွန့်ပစ်ခြင်းငှါ မစွမ်းနိုင်။ ထိုစကား မှန်၏။ မိမိ၏ ဝမ်း၌ ပဋိသန္ဓေတည်နေ ဖွားမြင်ရသော သားသမီး၌ မိခင်တို့မည်သည် အလွန်လျှင် အားကြီးသော ချစ်ခင်ခြင်းရှိ၏။ ထိုဒွန်းစဏ္ဍားမသည် မိမိ၏ သားငယ်ကို ငြိုငြင် ပင်ပန်းသဖြင့်သာ မွေးဖွား၍ သားငယ်ကို ပွေ့ပိုက်ယုယင်ပြီးသော ကာလ လှည့်ပတ်ရှာဖွေ တောင်းရမ်းသောနေ့၌ တစ်စုံတစ်ခုမျှ မရသောကြောင့် သားငယ်ကို တစ်ခုသောနေရာ၌ ထားပြီးလျှင် သွားရောက် ရှာဖွေသောအခါ၌ မျှတစားသောက်လောက်ရုံသော အာဟာရကိုရ၍ အသက်ရှည်ရပေ၏။

ဒွန်းစဏ္ဍားမသည် သားအတွက် ဆင်းရဲလှ၍ ခွဲခွါစွန့်ပစ်လိုက်ခြင်း

ဤသို့သော နည်းဖြင့် ရှာဖွေ ပေးကမ်း ကျွေးမွေး၍ သားငယ်သည် မိမိဘာသာ သွားလာ လှည့်ပတ် ရှာဖွေစားသောက် နိုင်လာသော အရွယ်သို့

ကျရောက်သည် ရှိသော် တစ်ခုသော ခွက်ငယ်ကို လက်၌ တင်ထားစွဲကိုင်စေပြီးသောကာလ မိခင်ဖြစ်သော ဒွန်းစဏ္ဍားမက—

တာတ မယံ တံ နိဿာယ မဟာဒုက္ခံ ပတ္တာ၊ ဣဒါနိ န သက္ကောမ တံ ပေါသေတုံ။ ဣမသ္မိံ နဂရေ ကပဏဒ္ဓိကာဒီနံ ပဋိယတ္တဘတ္တာနိ အတ္ထိ၊ တတ္ထ ဘိက္ခာယ စရိတွာ ဇီဝါဟိ—
ဟူသော ပါဠိဖြင့် ပြောကြားမှာထားပေ၏။

**အနက်ကား**။ ။တာတ၊အမိဝမ်း၌ လွယ်ပိုက်ရှဖွားခဲ့ရသော အိုငါ၏ ချစ်သား။ တံ၊အသင်ချစ်သားကို။ နိဿာယ၊မှီ၍။မယံ၊ငါတို့သည်။မဟာဒုက္ခံ၊ထမင်းဟင်းမျှ ပြည့်ဝအောင် မစားမသောက်ရမှု၍ ကြီးမားလှသော ဆင်းရဲသို့။ ပတ္တာ၊ ရောက်ခဲ့ရလှလေကုန်ပြီ။ ဣဒါနိ၊ ဤမျှထုတ်ချောက် အရွယ်ရောက်သောအခါ၌။ မယံ၊ ငါမိခင်တို့သည်။ တံ၊ သင်ချစ်သားကို။ ပေါသေတုံ၊ ရှာဖွေရေးယူ မွေးမြူခြင်းငှါ။ န သက္ကောမ၊ မစွမ်းနိုင်ကုန်ပြီ။ ဣမသ္မိံ နဂရေ၊ ဤသာဝတ္ထိမြို့တော်ကြီး၌။ ကပဏဒ္ဓိကာဒီနံ၊ အထီးကျန်သော ခရီးသွားသော အာဂန္တုစသည်တို့အား။ ပဋိယတ္တဘတ္တာနိ၊ အသီးစီရင်အပ်ကုန်သော ထမင်းတို့သည်။ အတ္ထိ သန္တိ၊ ရှိပေကုန်၏။ တတ္ထ၊ ထိုသူဆင်းရဲ အာဂန္တု-စသည်တို့ကို ပေးကျွေးလှူဒါန်းသောအရပ်၌။ဘိက္ခာယ-ဘိက္ခံ၊ စားသောက်ဖြည့်တင်း ထမင်းဟင်းကို။ စရိတွာ၊ တောင်းခံလှည့်လည်၍။ တွံ၊ သင်ချစ်သားသည်။ ဇီဝါဟိ၊ အသက်ရှည်ရှည် တည်နေမွေးမြူပါလေလော့။ ဤကား အနက်။

**အဓိပ္ပါယ်ကား**။ ။ငြိုငြင်ပင်ပန်းစွာ ရှာဖွေရေးယူ မွေးမြူခဲ့ရသော အို—ငါ၏ချစ်သား အသင့်ကို အမှီပြုပြီးသောကာလ ငါတို့သည် ထမင်းဟင်းကိုမျှ ပြည့်ဝအောင် မစားရမှု၍ ကြီးမားလှသော ဆင်းရဲဒုက္ခကို တွေ့ကြုံထုတ်ချောက် ရောက်ပေါက်ခဲ့ရလေပြီ၊ ယခု ဤမျှလောက် အရွယ်သို့ ရောက်သောအခါ၌ ငါမိခင်တို့သည် အသင်ချစ်သားကို ရှာဖွေရေးယူ မွေးမြူခြင်းငှါ မစွမ်းနိုင်ကုန်ပြီ။ ဤသာဝတ္ထိမြို့ကြီး၌ ပစ္စည်းဥစ္စာ ဗလာကင်းရှင်း ဆင်းရဲနွမ်းညှိုး ကိုးကွယ်ရာမဲ့သောသူ တစ်ရပ်တစ်ကျေး အဝေးဒေသ သွားလာကြကုန်သော အာဂန္တုကဧည့်သည်- စသည်တို့အား ကျွေးမွေးရန် မှတ်ရည်လျက် ထမင်းဟင်းစသော ဘောဇဉ်တို့ကို တည်ထားအပ်ကုန်၏။ ထိုအရပ်၌ လှည့်ပတ်ဖွေရှာ တောင်းခံလျက် ကြံဖန်မပျက် သင့်အသက်ကို ဆက်လက်မွေးမြူပါလေတော့ဟု စေလွှတ်လိုက်၏။

ထိုသူငယ်သည် အိမ်စဉ်အတိုင်း တောင်းခံလှည့်လည်၍ သွားခဲ့သည်ရှိသော် အာနန္ဒာသူဌေးဖြစ်စဉ်ကာလ ရှေးဘဝက နေခဲ့ဖူးသော အိမ်နေရာသို့ ကျရောက်လျှင် ယခင်ရှေးက ဖြစ်ခဲ့ဖူးသော မိမိ၏ဘဝကို ပြန်၍သိစွမ်းနိုင်သော ဇာတိဿရဉာဏ်သည်ဖြစ်၍ မိမိ၏အိမ်သို့ ဝင်သွား၏။ ထိုအိမ်၏ ပဌမမုခ်တံခါး ဒုတိယမုခ်တံခါး တတိယမုခ်တံခါးအားဖြင့် သုံးပါးသော မုခ်တံခါးတို့၌ စောင့်ရှောက်နေထိုင်ကုန်သော သူတို့တွင် တစ်စုံတစ်ယောက်သောသူမျှ မမှတ်မိ၊ စတုတ္ထတံခါးမုခ်သို့ ကျရောက်သောကာလ မူလသီရိသူဌေး၏ သားငယ်တို့က မြင်လျှင် ပူပင်လိုက်လှဲ ကြည်ကဲ့တုန်လှုပ်သော နှလုံးဖြင့် ယူကျုံးမရ သောကလှိုက်ဖို ရှိုက်ငိုမြည်တမ်းလေကုန်၏။ ထိုအခါ သူဌေး၏အလုပ်အကျွေး အစောင့်အရှောက်ဖြစ်ကုန်သော ပရိသတ်တို့က ထိုသူငယ်ကို ဘုန်းကံအသရေမဲ့လှစွာသော အိုသူယုတ်ဆုတ်ညံ့ဖယ်ရှောင်ပါလေလော့ဟု မောင်းမဲပုတ်ခတ် ထုတ်ဆောင်၍ တံမြက်ချေးစွန့်ရာအရပ်၌ ပစ်ထားကုန်၏။ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်သည်လည်း အာနန္ဒာမထေရ်လျှင် နောက်လိုက်ရဟန်း ရှိသဖြင့် ဆွမ်းခံခြင်းငှါ လှည့်လည်ကြွဝင်တော်မူသည်ရှိသော် ထိုအရပ်သို့ ရောက်တော်မူ၍ အာနန္ဒာမထေရ်ကို ကြည့်ရှုတော်မူသည်ကာလ မထေရ်အရှင်မြတ်က အကြောင်းအသို့ပါနည်းဟု မေးလျှောက်လျှင် အလုံးစုံသော ထိုအကြောင်းကို မိန့်ကြားတော်မူ၍ အာနန္ဒာမထေရ်ကို မူလသီရိသူဌေးကို ခေါ်စေတော်မူ၏။

## မူလသီရိသူဌေး သရဏဂုံတည်ခြင်း

ထိုအခါ များစွာကုန်သော လူအပေါင်းတို့သည်လည်း စည်းဝေးကုန်၏။ မြတ်စွာဘုရားသခင်သည် မူလသီရိသူဌေးကို ခေါ်တော်မူ၍ အသင်သည် ဤသူငယ်ကို သိပါ၏လောဟု မေးတော်မူလျှင် မသိပါဘုရားဟု လျှောက်ကြားသဖြင့် အသင်၏ ဖခင်ဖြစ်သော အာနန္ဒာသူဌေးပေတည်းဟု မိန့်ဆိုမြွက်ဟပြန်ကြားတော်မူပါသော်လည်း မယုံကြည်သည်ကို အသင်၏ ဖခင်ဖြစ်သော အာနန္ဒာသူဌေးသည် မိမိ၏ မြှုပ်နှံ၍ ထားခဲ့သော ရွှေအိုးကြီး ငါးလုံးတို့ကို အသင်အားပြောကြားခဲ့ပါ၏လောဟု မေးတော်မူသဖြင့် မပြောကြားခဲ့ပါဟု လျှောက်ကြားလျှင် ယင်းသို့တပြီးကား ဤသူငယ်အား ကောင်းမွန်စွာ မေးမြန်းဘိလောဟု မိန့်တော်မူသည်ကာလ မိန့်တော်မူတိုင်းမေးမြန်းတူးဖော်ရှာဖွေသည်ရှိသော် ရွှေအိုးကြီးငါးလုံးတို့ကို ရရှိသောအခါမှ ယုံကြည် မြတ်နိုးခြင်းနှင့်လှသဖြင့် ထိုမူလသီရိသူဌေးသည် မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်သို့ ကိုးကွယ်ဆည်းကပ်ခြင်းသို့ ရောက်သည်ဖြစ်၍ သရဏဂုံခံယူ ဆောက်တည်လေ၏၊ မြတ်စွာဘုရား ကိုယ်တော်မြတ်သည် ထိုမူလသီရိသူဌေးသား တရားစကားကို ဟောကြားတော်မူလိုသောကြောင့်—

၆၂။ ။ပုတ္တာမတ္ထိ ဓနမတ္ထိ၊ ဣတိ ဗာလော ဝိဟညတိ။
အတ္တာ ဟိ အတ္တနော နတ္ထိ၊ ကုတော ပုတ္တာ ကုတော ဓနံ—
ဟူသော ဤဂါထာကို ဟောကြားတော်မူ၏။

## ဒေသနာတော်၏ အကျိုးအာနိသင်

ဤဒေသနာ ပါဠိဂါထာ၏ အဆုံး၌ ရှစ်သောင်း လေးထောင်ကုန်သော သတ္တဝါတို့အား အကျွတ်တရားကို ရကုန်၏။

အနက်ကား။ ။မေ မမ၊ ငါအား။ ဝါ၊ ငါ၏။ ပုတ္တာ၊ ကိုးကွယ်ရာထင်မှား မွေးမြူထားအပ်ကုန်သော သားသမီးတို့သည်။ အတ္ထိ သန္တိ၊ ထင်ရှားတည့်တည့် ရှိပေကုန်၏။ ဓနံ၊ ဖွေရှာသိမ်းဆည်း ပစ္စည်းဥစ္စာသည်။ အတ္ထိ၊ ထင်ရှားရှိပေ၏။ ဣတိ၊ ဤသို့။ ဗာလော၊ အနိစ္စအခြင်းအရာ ကောင်းစွာမထင် မမြင်မသိ ဉာဏ်မရှိသော သူမိုက်သည်။ ဝိဟညတိ၊ ငါ၏သားသမီး ပစ္စည်းဥစ္စာ ရှေးအခါက လည်း ပျက်ဖူးပြီ ယခုလည်း ပျက်စီးဆဲ နောင်လည်း ပျက်စီးလတ္တံ့ဟု ကြောက်လန့်ညှိုးပိန် စိုးရိမ်ပင်ပန်းရ၏။ ဝေါ၊ ဤသို့ပင် ကြောက်လန့်ညှိုးပိန် စိုးရိမ်ပင်ပန်းရပါသော်လည်း။ ။ အတ္တနော၊ မီးတောက် မီးလျှံဖြင့် ပြင်းထန်တောက်လောင်သည့်ပမာ သေရာညောင်စောင်း၌ တပြောင်း ခွေ့ခွေ့ ရောဂါတွေ့သော မိမိအား။ အတ္တာပိ၊ ရေချိုးသုံးသပ် မွန်မြတ်ဘောဇဉ် ချိုချဉ်ရသာ နံ့သာပန်းမန် လိမ်းကျံပြုပြင် ဝတ်ဆင်တန်ဆာ ယုံကြည်ရာ ဖြစ်သော ကိုယ်ခန္ဓာမျှသည်လည်း။ နတ္ထိ၊ တစိုးတစိ မရှိပချေ။ ပုတ္တာ၊ ယုံကြည်ရာ ပြင်းစွာထင်မှား မွေးမြူထားအပ်သော သမီးသားသည်။ ကုတော အတ္ထိ၊ အဘယ်မှာ ရှိပါအံ့နည်း။ ဓနံ၊ ဖွေရှာသိမ်းဆည်း ပစ္စည်း ဥစ္စာသည်။ ကုတော အတ္ထိ၊ အဘယ်မှာ ရှိပါအံ့နည်း။ ဤကားအနက်။

ဓမ္မပဒဗာလဝဂ်၌ သုံးခုမြောက်ဖြစ်သော အာနန္ဒာသူဌေးကြီး၏

ဝတ္ထုစကားအစဉ်ကား ဤတွင်ရွေ ပြီး၏။

## ၄။ အထုပ်ကို ဖြေတတ်သော သူခိုးနှစ်ယောက်အကြောင်း

### ပစ္စုပ္ပန်ဝတ္ထု

**ယော ဗာလော** အစရှိသော ဤဓမ္မဒေသနာ ပါဌ်ဂါထာကို ဆရာတစ်ဆူဖြစ်တော်မူသော သဗ္ဗညုတ်ထား မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်သည် ပြည်ရပ်ဘုမ္မိ သာဝတ္ထိတောင်စွန် ဇေတဝန်ရွှေကျောင်း၌ ကိန်းအောင်းနေမျှတော်မူလျက် သူတစ်ပါးတို့၏ ပစ္စည်းဘဏ္ဍာ ဥစ္စာထုပ်ကို ပယ်ဖျက်ထိုးဖောက်၍ ခိုးယူတတ်ကုန်သော သူခိုးတို့ကို အကြောင်းပြုသောအားဖြင့် ဟောကြားတော်မူခဲ့ပေ၏။

### အကြောင်းအတ္ထုပ္ပတ္တိအစဉ်ကား ဤသို့တည်း

သာဝတ္ထိပြည်၌ နေလေ့ရှိကုန်သော အပေါင်းအဖော် ဖြစ်ကုန်သော ဘဏ္ဍာထုပ်ကို ကွဲဟက်ဖျက်ဆီး၍ ယူတတ်ကုန်သော နှစ်ဦးကုန်သော ခိုးသူတို့သည် မြတ်စွာဘုရား သီတင်းသုံးတော်မူရာ ဖြစ်သော ဇေတဝန်ကျောင်းတော်သို့ တရားတော်ကို နာအံ့သောငှါ သွားကြကုန်သော လူများအပေါင်းနှင့် အတူတကွ ဇေတဝန်ကျောင်းတော်သို့ ရောနှောထွေးယှက် လိုက်သွား၍ တစ်ယောက်သော ခိုးသူသည်ကား တရားတော်ကို နာ၍ နေ၏။ တစ်ယောက်သော ခိုးသူသည်ကား မိမိကွဲဝှက် ခိုးယူရန် အဖို့ကိုသာ ကြည့်ရှု၍နေ၏။ ထိုနှစ်ယောက်ကုန်သော ခိုးသူတို့တွင် တစ်ယောက်သော ခိုးသူသည် တရားတော်ကို နာလျက်ပင် သောတာပတ္တိဖိုလ်သို့ ရောက်လေ၏။ တစ်ယောက်သော ခိုးသူသည် ပုဆိုးစွန်၌ ဖွဲ့ချီ၍ ထားအပ်သော ငါးပဲမျှလောက်သော အသပြာကို ခိုးယူ၍ ရလေ၏။ ထိုသူ၏ အိမ်သို့ ပြန်လည်လာရောက်သော အခါ ထိုငါးပဲမျှသော အသပြာသည် အိမ်၌ ထမင်း ဟင်းချက်ပြုတ်ခြင်းသည် ဖြစ်ပေ၏။ မိမိ၏ အဖော်ဖြစ်သော တရားနာ၍နေသော ခိုးသူ၏ အိမ်၌ မချက်မပြုတ်ရ၊ ထိုအခါ အဖော်ဖြစ်သော ခိုးသူသည် မိမိ၏ မယား ခင်ပွန်းနှင့် အတူတကွ ပြက်ရယ်ပြောဆိုလျက် အသင်သည် အလွန် ပညာရှိသည်၏ အဖြစ်ကြောင့် မိမိ၏ အိမ်၌ ထမင်းဟင်းချက်ရန် အဖို့မျှကိုသော်လည်း မပြီးစေနိုင်ဟု ပြောဆို၏။ မြတ်စွာဘုရား တရားတော်ကို ကြားနာ၍ နေသော ခိုးသူသည်လည်း ဤသူသည် အလွန်တရာ မိုက်မဲတွေဝေသည်ဖြစ်ပါလျက်နှင့် မိမိ၏ ကိုယ်ကိုပညာရှိဟု အောင်မေ့မှတ်ထင်၍ နေဘိ၏ဟု ကြံ၍ ထိုအကြောင်းကို မြတ်စွာဘုရားကိုယ်တော်မြတ်အား ကြားလျှောက်အံ့သောငှါ ဆွေမျိုးဉာတ်တို့နှင့် အတူတကွ ဇေတဝန်ကျောင်းတော်သို့သွား၍ မြတ်စွာဘုရားသခင်အား ကြားလျှောက်ပေ၏။

မြတ်စွာဘုရားသခင်သည် ထိုသူအား တရားတော်ကို ဟောကြားတော်မူလိုသောကြောင့်—

၆၃။ ယော ဗာလော မညတိ ဗာလျံ၊
ပဏ္ဍိတော ဝါပိ တေန သော။
ဗာလော စ ပဏ္ဍိတမာနီ၊
သ ဝေ ဗာလောတိ ဝုစ္စတိ—

ဟူသော ဤဂါထာကို ရွတ်ဆို ဟောကြားတော်မူ၏။

ဒေသနာတော်၏ အကျိုးအာနိသင်

ထိုဒေသနာတော်၏ အဆုံး၌ ရှေးက မြတ်စွာဘုရား တရားတော်ကို ကြားနာဖူးသော ထိုခိုးသူအား အဆွေအမျိုးတို့နှင့် အတူတကွ သောတာပတ္တိဖိုလ်သို့ ရောက်လေ၏။

**အနက်ကား**။ ။ယော ဗာလော၊ အကြင်သူမိုက်သည်။ ဗလျံ၊ မိမိမိုက်မဲတွေဝေသည်၏အဖြစ်ကို။ မညတိ၊ အောက်မေ့ဆင်ခြင် သိမြင်ပေ၏။ တေန၊ ထိုသို့ တည့်တည့် မိမိမိုက်သည်၏ အဖြစ်ကို သိသောကြောင့်။ သော ဗာလော၊ ထိုသူမိုက်သည်။ ပဏ္ဍိတော ဝါပိ၊ သိမြင်လိမ္မာ ပညာရှိသော်လည်း ဖြစ်ရသေး၏။ ဗာလော စ၊ တွေဝေနက်နဲ မိုက်မဲသည် ဖြစ်လျက်လည်း။ ပဏ္ဍိတမာနီ၊ သိမြင် လိမ္မာ ပညာသတိ ရှိသည်ဟု ထင်မှတ်သော။ သော နရော၊ ထိုလူကို။ ဝေ၊ စင်စစ်။ ဗာလောတိ၊ တွေဝေမိုက်မဲသောသူ ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဤကား အနက်။

ဓမ္မပဒဗာလဝဂ်၌ လေးခုမြောက်သော အထုပ်ကို ဖြေတတ်သော
ခိုးသူနှစ်ယောက်တို့၏ ဝတ္ထုစဉ်ကား
ဤတွင်ရွေပြီး၏။

---

## ၅။ အရှင်ဥဒါယိ မထေရ်အကြောင်း

ပစ္စုပ္ပန်ဝတ္ထု

**ယာဝ ဇီဝမ္ပိ စေ ဗာလော**— အစရှိသော ဤဓမ္မဒေသနာ ပါဌ်ဂါထာကို မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်သည် သကတ်ဂုဏ်ဟိတ် ဝိသိဋ္ဌထူးလွန်သော ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူလျက် ဥဒါယိမထေရ်

အမည်ရှိသော ရဟန်းတော်အား၊ အကြောင်းပြုသောအားဖြင့် ဟောကြားတော်မူခဲ့ပေ၏။

## အကြောင်းအတ္ထုပ္ပတ္တိ အစဉ်ကား ဤသို့ပေတည်း

ထိုအရှင်ဥဒါယီမထေရ်သည် မဟာထေရ် ဖြစ်ကုန်သော အရှင်မြတ်တို့သည် ဖဲကြွတော်မူကုန်သည်ရှိသော် တရားဟော သဘင်နေရာသို့ သွားရောက်၍ တရားဟောသော မွေ့ကထိက ပုဂ္ဂိုလ် ထိုင်နေသီတင်းသုံးသောနေရာ၌ ထိုင်နေလေ့ရှိ၏။ ထိုအခါ တနေ့သောနေ့၌ ထိုအရှင် ဥဒါယီမထေရ်ကို အဝေးရပ်ရွာမှ လာရောက်စ ဖြစ်ကုန်သော အာဂန္တုကဖြစ်သည် ရဟန်းတို့သည် တွေ့မြင်သောကာလ ဤပုဂ္ဂိုလ်သည်ကား အကြားအမြင် ပညာလောက်လုံ ပြည့်စုံပွားများသော မဟာထေရ်တစ်ပါး ဖြစ်ပေလတ္တံ့ဟု အောက်မေ့မှတ်ထင်လျက် ခန္ဓာ အာယတနစသည်တို့နှင့် စပ်သော အမေးပုစ္ဆာ ပြဿနာကို မေးလျှောက်သည်ကာလ တစ်စုံတစ်ခုမျှကိုသော်လည်း မသိမထင် မမြင်တွေ့ဝေ မဖြေဆိုနိုင်။ ထိုဥဒါယီကို ဤသူသည်ကား မြတ်စွာဘုရား ကိုယ်တော်မြတ်တို့နှင့် အတူတကွ တစ်ခုတည်းသော ကျောင်း၌ ကိန်းအောင်းနေမျှသည် ဖြစ်ပါလျက် ခန္ဓာ အာယတန ဓာတ်မျှကိုသော်လည်း မသိမထင်လေဟု ကဲ့ရဲ့ရှုံ့ချပြီး၍ ထိုအကြောင်းကို ရှုံးပေါင်းညွတ်တွားလျက် ဘုရားသခင်အား လျှောက်ကြားကုန်၏၊ မြတ်စွာဘုရားသခင်သည် ထိုအာဂန္တုက ရဟန်းတို့အား တရားတော်ကို ဟောကြားတော်မူလိုသည်ဖြစ်၍–

၆၄။ ယာဝဇီဝမ္ပိ စေ ဗာလော၊ ပဏ္ဍိတံ ပယိရုပါသတိ။

န သော ဓမ္မံ ဝိဇာနာတိ၊ ဒဗ္ဗိ သူပရသံ ယထာ–

ဟူသော ဤဂါထာကို ဟောကြားတော်မူ၏။

## ဒေသနာတော်၏ အကျိုးအာနိသင်

ထိုဒေသနာ ပါဠိဂါထာ၏ အဆုံး၌ အာဂန္တုက ရဟန်းတို့အား အာသဝေါ တရားတို့မှ ကင်းလွတ်သော ရဟန္တာတို့ ဖြစ်ကုန်၏။

အနက်ကား။ ။ယာဝဇီဝမ္ပိ၊ ဇီဝိတိန္ဒြေ တည်နေမပျက် အသက်ထက်ဆုံးလည်း။ ဗာလော၊ ပညာ, သတိ မရှိကင်းကြိုက် လူမိုက်သည်။ ပဏ္ဍိတံ၊ သိမြင်လိမ္မာ ပညာရှိသော သူကို။ စေ ပယိရုပါသတိ၊ အနီး၌ မပြတ် အကယ်၍ ဆည်းကပ်သည် ဖြစ်အံ့။ ဝေပိ၊ ဤသို့ မပြတ် ဆည်းကပ်အပ်သော်လည်း။ သော ဗာလော၊ ပညာ, သတိ မရှိကင်းကြိုက် ထိုသူမိုက်သည်။ ဓမ္မံ၊ အပါယ်

လေးယူပ် ကင်းပြတ်ဆောင်ဘိ သုဂတိသို့ ရောက်ရှိစေတတ် တရားမြတ်ကို။ န ဝိဇာနာတိ၊ သဒ္ဒါအတ္ထ သဒ္ဒတ္ထကို မချတည့်တည့် မသိမမြင်နိုင်။ ကိမိဝ၊ လောကူပမာ နှိုင်းစရာဆို အဘယ်လိုနည်း ဟူမူကား။ ဒဗ္ဗိ၊ ထမင်းဟင်းမှ စသည်ထွေထွေ နယ်မွှေနေကြ အဝိညာဏက ဖြစ်သော ယောက်မသည်။ သူပရသံ၊ ချို ဖန် စပ်ဖျင်း ချဉ် ပေါ့လျှင်းသော ဟင်း၏အရသာကို။ န ဝိဇာနာတိ ယထာ၊ ဝ.စိုးတစိမျှ မသိနိုင်ဘိသကဲ့သို့ပင် ပေတည်း။ ဤကား အနက်။

ဓမ္မပဒဗာလဝဂ်၌ ငါးခုမြောက်သော အရှင်ဥဒါယီ၏
ဝတ္ထုစကားစဉ်ကား ဤကွင်းရွေပြီး၏။

## ၆။ သုံးကျိပ်သော ပါဝေယျကတိုင်းသား ရဟန်းတို့ အကြောင်း

### ပစ္စုပ္ပန်ဝတ္ထု

မုဟုတ္တမပိ– အစရှိသော ပါဠိဂါထာ ဤဒေသနာကို ဝေနေယျာစု ရင့်အနုကို ထောက်ရှုမပြတ် ဆုံးမဘတ်သော သကတ် ဂုဏ်ဟိတ် ဝိသိဋ္ဌ ထောမနာကြောင့် သတ္ထာ မည်တော်မူသော မြတ်စွာဘုရား သခင်သည် ပြည်ခွင်ဘုမ္မိ သာဝတ္ထိတောစွန် ဇေတဝန် ရွှေကျောင်း၌ ကိန်းအောင်း စံပယ်တော်မူစဉ်ကာလက ပါဝေယျက ရဋ္ဌဂါသီ နောင်ညီ သုံးကျိပ်သော ရဟန်းတို့ကို ရည်သွန်းသမူ အကြောင်းပြုသောအားဖြင့် ဟောကြားတော်မူခဲ့ပေသတည်း။

#### အကြောင်း အဋ္ဌုပ္ပတ္တိ အစဉ်ကား ဤသို့တည်း

မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်သည် ဘုရားအဖြစ်သို့ ရောက်တော်မမူမီကာလက သာဝတ္ထိပြည့်ရှင် ဘုရင်ပသေနဒီ ကောသလမင်းကြီးနှင့် တစ်ဖတည်းသား နောင်တော် ညီတော် ဖြစ်ကုန်သော ဘဒ္ဒဝဂ္ဂီမင်းသား သုံးကျိပ်တို့သည် လူတို့နေရာ ရပ် ရွာ ဒေသ မြို့ နိဂုံး စသည်တို့၌ နေထိုင်ကြကုန်သည် ရှိသော် ကာမဂုဏ်ချမ်းသာ ခံစားရာ၌ ပျော်ချဖွယ်ရာအကြောင်း မကောင်းပြစ်တင် ရှုမြင်မလျော် မတော်နှစ်မြို့ အလိုရှိတိုင်း မခံစားရပေရာ လူသူမလေးပါး ထင်ရှားတည့်တည့် မသိမထင် မမြင်မတွေ့သော တောအုပ် မြိုင်နက်သို့ ထွက်သွားပြီးသည် ကာလ နေရပါမူကား လူသူမမြင် ပျော်ရွှင်လိုသမျှ နေမျှ တ ရလိမ့်

မည်ဟု ကြံစည် တိုင်ပင်ပြီးသည်ကာလ မိမိတို့၏ မယား ခင်ပွန်းကို အသီးသီး ဆောင်ကြဉ်းကြကုန်၏။ မင်းသားတစ်ပါးမှုကား မယားခင်ပွန်း မရှိသော ကြောင့် ပြည့်တန်ဆာ မိန်းမတစ်ယောက်ကို ဆောင်ကြဉ်း၍ သွား၏။

## မြတ်စွာဘုရားထံ၌ မင်းသားတို့ 'ဧဟိဘိက္ခု' ရဟန်း ဖြစ်ကြခြင်း

ထိုမင်းသား သုံးကျိပ်တို့သည် တောအုပ်သို့ ဝင်ပြီးသောကာလ မွေ့လျော် ပျော်ပါး၍ နေကြရာ မျှားမကြာမီပင် ပြည့်တန်ဆာ မိန်းမသည် မင်းသား၏ ပစ္စည်းဘဏ္ဍာ အဝတ်တန်ဆာတို့ကို ခိုးယူ ထွက်ပြေးသောကြောင့် ညီနောင် ဖြစ်ကုန်သော မင်းသားတို့သည် လိုက်လံရှာဖွေလျက် ဣပ္ပါသိက တောအုပ်သို့ ကျရောက်သောကာလ မြတ်စွာဘုရား ကိုယ်တော်မြတ်သည်လည်း မိဂဒါဝုန်မှ ကြွတော်မူခိုက် အခါ ကောင်းစွာ တွေ့မြင်ကြရကုန်သဖြင့် ထွက်ပြေး တိမ်းရှောင် သော ပြည့်တန်ဆာ မိန်းမ၏ အကြောင်းကို ချဉ်းကပ် မေးလျှောက်ကုန်သည် ရှိသော် မြတ်စွာဘုရားကိုယ်တော်မြတ်သည်အစဉ်အတိုင်းသောတရားစကားဖြင့် ဟောကြား ဆုံးမတော်မူသော ကာလ အချို့ကုန်သော မင်းသားတို့သည် သောတာပန်, အချို့ကုန်သော မင်းသားတို့သည် သကဒါဂါမ်, အချို့ကုန်သော မင်းသားတို့သည် အနာဂါမ် ဖြစ်ကုန်၏။ ထိုမင်းသားတို့သည် ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား တပည့်တော်တို့အား အစဉ် သနားတော်မူပါ သဖြင့် ရဟန်းပြုတော်မူပါဟု တောင်းပန် လျှောက်ကြားသော ကာလ မြတ်စွာ ဘုရားသခင် ကိုယ်တော်မြတ်သည်လည်း ထိုသူတို့၏ ရှေးအကြောင်းကို ကြည့်ရှု တော်မူ၍ "ဧဟိ ဘိက္ခု" ခေါ်တော်မူသည်ရှိသော် အလုံးစုံသော မင်းသား တို့သည် ဆံမုတ်ဆိတ် ကွယ်ပျောက်လျက် သပိတ် ပရိက္ခရာ ၈-စုံပါသဖြင့် အဝါခြောက်ဆယ် ရင့်ကြွယ်ပြည့်ပြီး မထေရ်ကြီးကဲ့သို့ တရည်တည်း ထမြောက် အောင်မြင် ဖန်ရေတင်သော သင်္ကန်းကို ဆင်မြန်းလျက် ရဟန်းဖြစ်ကြကုန်၏။ ထိုသို့ ရဟန်းဖြစ်ပြီးသည့် နောက်၌ သုံးကျိပ်ကုန်သော ရဟန်းတို့သည် တစ်ဆယ် သုံးပါးသော ဓုတင်ကျင့်ဝတ်တို့ကို မချွတ်မယွင်းစေရ။ ကျင့်သုံး ဆောက်တည် ကြ၍ ကာလမြင့်ရှည် တည်နေ လာရောက်ခဲ့ရာ မြတ်စွာဘုရား သခင်သည် သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ပိုင်းတပါး ဒေသ ရပ်ဌာနမှ ကြွလာတော် မူကြပြီးသောအခါ မြတ်စွာဘုရား ကိုယ်တော် မြတ်သို့ ချဉ်းကပ်ညွှတ်သျှိုး ရှိခိုးဖူးမြော်သောကာလ ဘုရားကိုယ်တော်မြတ်က အနမတဂ္ဂသုတ် ဒေသနာတော်ကို ထုတ်ဖော် ဟောကြားတော်မူသဖြင့် ကြားနာ ရ၍ ထိုနေရာဌာန၌ပင် အရဟတ္တဖိုလ်သို့ ရောက်၍ ခီဏာသဝအစစ် ရဟန္တာ ဖြစ်ကြကုန်၏။

## မင်းသားတို့၏ ရှေးအကြောင်း

### အတိတ်ဝတ္ထု

ရဟန်း သံဃာတော် အပေါင်းတို့သည် ဤဘဒ္ဒဝဂ္ဂိ ရဟန်း သုံးကျိပ်ဘို့ သည်ကား အံ့ဩဖွယ်ရှိလေစွ လျင်မြန်စွာလျင် တရားကို ထိုးထွင်း၍ သိကုန်ဘိ သည်ဟု တရားသဘင်၌ စကားကို ဖြစ်စေကုန်၏။ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်သည် ကြွတော်မူလာ၍ ထိုသို့ စည်းဝေး ပြောဆိုကြသော စကားကို ကြားတော်မူသောကာလ ချစ်သား ရဟန်းတို့ ဤသုံးကျိပ်ကုန်သော ဘဒ္ဒဝဂ္ဂိရဟန်းတို့သည် ဤယခုအခါ၌သာ တရားကို လျင်မြန်စွာ ထိုးထွင်း၍ သိသည် မဟုတ်သေး၊ ရှေးလွန်လေပြီးသော ဘဝက သုံးကျိပ်မျှလောက် ကုန်သော သေသောက်ကြူးတို့သည် ဖြစ်၍ တုဏ္ဍိလဇာတ်၌ မဟာတုဏ္ဍိလ အမည်ရှိသော ဝက်မင်း၏ တရားကို ကြားနာရ၍ လျင်မြန်စွာသာလျင် တရားကို သိကြသဖြင့် ငါးပါးကုန်သော သီလတို့ကို ဆောက်တည်ကုန်၏။ ထိုသို့သော ဥပနိဿယ ပြည့်ဝစုံလင်သော အကြောင်းကြောင့် ယခုအခါ ဓဏမျှ နေထိုင်သော နေရာ၌သာလျင် အရဟတ္တဖိုလ်သို့ ရောက်ကုန်၏ဟု မိန့်တော်မူ ပြီး၍ တရားဒေသနာကို ဟောကြားတော်မူလိုသော မြတ်စွာဘုရားသခင်သည်—

၆၅။ မုဟုတ္တမပိ စေ ဝိညူ၊ ပဏ္ဍိတံ ပယိရုပါသတိ။
ခိပ္ပံ ဓမ္မံ ဝိဇာနာတိ၊ ဇိဝှါ သူပရသံ ယထာ—

ဟူသော ဂါထာကို ဟောကြားတော်မူ၏။

### ဒေသနာတော်၏ အကျိုးအာနိသင်

ထိုဒေသနာ ပါဠိဂါထာ၏ အဆုံး၌ များစွာကုန်သော ရဟန်းတို့သည် အရဟတ္တဖိုလ်သို့ ရောက်ကုန်၏။

**အနက်ကား။** ။မုဟုတ္တမပိ၊ မကြာမတင် လျင်မြန်စွာလှ တစ်ခဏသော် လည်း။ ဝိညူ၊ သိကြားလိမ္မာ ပညာရှိသောသူသည်။ ပဏ္ဍိတံ၊ မိမိအထက် ဆဆတက်၍ ထက်မြက်လိမ္မာ ပညာရှိသောသူကို။ စေ ပယိ ရုပါသတိ၊ မပြတ် မလပ် အဆပ်ထပ်ပင် အကယ်၍ ဆည်းကပ်သည် ဖြစ်ခဲ့ပါအံ့။ ဇိဝှါ၊ ဇိဝှါပသာဒ ဌာနတည်ရာ လျှာသည်။ သူပရသံ၊ ချိုချဉ် ခါး ဖန် ငံ ပေါ့ စပ်ခြင်း ဟင်း၏ အရသာကို။ ခိပ္ပံ၊ လျင်လျင် မြန်မြန်။ ဝိဇာနာတိ ယထာ၊ သေချာ တည့်တည့်

အမှန်သိဘိသို့။ သော ဝိညူ၊ ထိုဆည်းကပ်တတ်သော ပညာရှိသည်။ ဓမ္မံ၊ နတ်ရွာနိဗ္ဗာန် အမှန်ဆောင်တတ် တရားမြတ်ကို။ ခိပ္ပံ၊ လျင်လျင် မြန်မြန်။ ဝိဇာနာတိ၊ အမှန် တည့်တည့် သိပေ၏။ ဤကား အနက်။

ဓမ္မပဒ ဗာလဝဂ်၌ ခြောက်ခုမြောက်သော သုံးကျိပ်မျှသော
ပါဝေယျကတိုင်းသား ရဟန်းတို့၏ ဝတ္ထုစကားစဉ်ကား
ဤတွင်ရွေ့ ပြီး၏။

---

## ၇။ သုပ္ပဗုဒ္ဓလူနူ၏ အကြောင်း

### ပစ္စုပ္ပန်ဝတ္ထု

စရန္တိ ဗာလာ ဒုမ္မေဓာ– အစဖြာသော ဤဓမ္မဒေသနာ ပါဌ်ဂါထာကို ဆရာတစ်ဆူ ဖြစ်တော်မူသော သယမ္ဘူထွတ်ထား မြတ်စွာဘုရားသည် ဆင့်ပွါးဝန်းပတ် ငါးရပ်တောင်ညို ခြံရံခိုသော ရာဇဂြိုဟ် ပြည်ကြီး၏ နီးကပ် တည်ငြား ဝါးတော ဥယျာဉ်ကို တီထွင်ပြုစု ကြည့်ရှုမမျှ နှိုင်းပြမယမ် ပြိုင်စံဂုဏ်လွန် ဝေဠုဝန် မင်းကျောင်း၌ ကိန်းအောင်းစံပယ်တော်မူသောအခါ ဝဋ္ဋဝိပါက ဖလကျိုးကြွင်း ပစ်ချခြင်းဖြင့် ဆင်းရဲဒုက္ခ ခံစားရသော သုပ္ပဗုဒ္ဓ လူနူကို ကြည်ဖြူစေတနာ ကရုဏာရှေးရှု အကြောင်းပြုသောအားဖြင့် ဟောကြားတော်မူခဲ့ပေသတည်း။

### အကြောင်း အဋ္ဌုပ္ပတ္တိ အစဉ်ကား ဤသို့တည်း

မြို့တွင်းကိုးကုဋေ မြို့ပြင်ကိုးကုဋေ တစ်ဆယ့်ရှစ်ကုဋေသော လူမျိုးတို့ ခိုကိုးပျော်မွေ့ရာဖြစ်သော ရာဇဂြိုဟ်ပြည်ကြီး၌ ပစ္စည်းဥစ္စာ ဗလာကင်းရှင်း ဆင်းရဲနွမ်းပါး တောင်းရမ်းဖွေရှာ၍ စားသောက်ရသော သုပ္ပဗုဒ္ဓ အမည်ရှိသော အထီးကျန်သောလူနူတစ်ယောက်သည် ရှိ၏။ ထိုလူသည် တစ်နေ့သော အခါ အစာအာဟာရ မွတ်သိပ်လှ၍ ထိုမှဤမှ လှည့်ပတ် စွန့်ကြဲတတ်သော အလေ့ရှိသော သူတို့၏အထံ တောင်းခံသွားရောက်ရာ အစာအာဟာရ မျှတလောက်ရုံ မရသေးသည်ဖြစ်သောကြောင့် တဖန် လှည့်လည်ပြန်သော် အရဟံ ဘဝန္တဂူ ဖြစ်တော်မူသော သယမ္ဘူမြတ်ဖျား ဘုရားကိုယ်တော်မြတ်သည် ပရိသတ် လေးပါးတို့အား တရားဟောတော်မူသောအနီးသို့ ကျရောက်သောကာလ များစွာသော လူပရိသတ်တို့ကို သုပ္ပဗုဒ္ဓလူနူ မြင်တွေ့လျှင် သို့စင်လူများ ထင်ရှားစည်းဝေးသော နေရာသို့ ငါသွားရပါဘိမူကား တစ်စုံတစ်ခုသော စားဖွယ်

သောက်ဖွယ်ကို ငါ့အား ရပေအံ့လည်း မသိ၊ ထိုပရိသတ်သို့ ချဉ်းကပ်ဦးအံ့ဟု ကြံပြီးမှ ချဉ်းကပ်ကြည့်ရှုသည် ရှိသော် နတ်လူဗြဟ္မာ သတ္တဝါတို့ နှိုင်းရာမတန် ရောင်လျှံကွန်ရက်ကို လွှတ်ထွက် ပျံ့မြူးစေလျက် လေးထွေသော ပရိသတ် အများကို တရားရေအေး တိုက်ကျွေးဆုံးမ၍ နေတော်မူသော မြတ်စွာဘုရားကို မြင်လျှင် ဩော်-ငါသည်ကား လူအများတို့ စားရန် သောက်ရန် စီမံသော အရပ်ဟု ထင်မှတ်မိသောကြောင့် ချဉ်းကပ် လာရောက်ခဲ့ပေသည်။ လူသူ လေးပါး စားဖွယ်သောက်မှု ပြုစုစီမံသော နေရာဒေသ မဟုတ်၊ ရဟန်း ဂေါတမသည် တရားဟောပြသော နေရာပေတကား၊ သို့သော်လည်း ငါသည် ဘုရားဂေါတမ ဟောပြသောတရားကို မှတ်သားမိအောင် နာဦးတော့အံ့ဟု ကြံ၍ ပရိသတ်အစွန်အဖျား၌ ချဉ်းကပ်သွားရောက် ထိုင်နေပြီးသော ကာလ တရားတော်ကို နာ၍ နေ၏။

## သုပ္ပဗုဒ္ဓလူနာ သောတာပန်တည်ခြင်း

မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်သည်လည်း တရားစကား ဟောကြား တော်မူလျက်သာ ကျွတ်ထိုက်သော သတ္တဝါကို ဉာဏ်ရှုဏာဉာဏ်ဖြင့် ဝေဖန် ကြည့်ရှုတော်မူသောကာလ ပရိသတ် အစွန်အဖျားက တန့်နား ချဉ်းကပ် မြတ်သော တရားဒေသနာကို ကြားနာ၍ နေသော သုပ္ပဗုဒ္ဓဒလိဒ္ဒလူ နူနာစွဲကပ် သောသူကို မြင်တော်မူ၍ ထိုသူကိုသာ ရည်ညွှန်းမူလ ကြောင်းရင်းပြုလျက် ဒါန ကထာ သီလကထာ စသော တရားတော်ကို ဟောဖော် မိန့်မြွက်တော်မူသော ကာလ ဒေသနာတော်၏ အဆုံးသို့ ကျလျှင်ပင် သုပ္ပဗုဒ္ဓလူနာသည် သောတာ ပတ္တိဖိုလ်သို့ ရောက်လေ၏။ ထိုသုပ္ပဗုဒ္ဓလူနာသည် သယမ္ဘူထွတ်ထား ဘုရား ကိုယ်တော်မြတ်ကို ချဉ်းကပ် ဝပ်လျှိုး ရှိခိုးပန်ထွာလျက် မိမိသည် ရအပ် ရောက်အပ်သောတရားကို လျှောက်ကြားလိုပါသော်လည်း လူပရိသတ် အရပ်ရပ် တို့ဖြင့် ကျဉ်းကြပ်များဖြင် အလယ်ခွင်၌ သွားဝင်ခြင်းငှါ မစွမ်းနိုင်သောကြောင့် မြတ်စွာဘုရားကျောင်းတော်သို့ ကြွတော်မူသောအခါ လိုက်ပို့ ကုန်သော သူတို့သည် ပြန်လာသော ကာလ၌ မိမိရအပ်သော တရားကို ဘုရားအား လျှောက်ကြားလိုသည် ဖြစ်သောကြောင့် ကျောင်းတော်သို့ သွားလေ၏။

ထိုခဏ၌သာလျှင် နတ်တို့ကို အစိုးရသော သိကြားမင်းသည် ဤသုပ္ပဗုဒ္ဓ လူနာသည်ကား မြတ်စွာဘုရားသာသနာတော်၌ မိမိသည် ရအပ်သော ဂုဏ်ကို ထင်ရှားပြုလိုသောအားဖြင့် ဘုရားကို လျှောက်ထားရန် ယခုသွား၏ဟု သိမြင်၍ ထိုသုပ္ပဗုဒ္ဓလူနာအား စူးစမ်းဦးအံ့ဟု ကြံပြီးလျှင် သွားရောက်၍ ကောင်းကင်က ရပ်တည်လျက်သာလျှင် ဟယ်-အချင်း သုပ္ပဗုဒ္ဓ အသင်သည်ကား လူ့ဘောင် လောက၌ ဆင်းရဲလှသော ဒုက္ခိတသတ္တဝါ ဖြစ်ပေလေသည်။ လှည့်ပတ်

ဖွေရှာ တောင်းခံမှ စားသောက်ရသော အထီးကျန်သော လူဖြစ်ပေသည်၊ သို့ဖြစ်၍ အသင်အား ငါသည် အရေအတွက် အပိုင်းအခြားမရှိသော ပစ္စည်း ဥစ္စာ ရတနာတို့ကို တစ်ခါတည်း ကြွယ်ဝ ချမ်းသာအောင် ပေးကမ်းပေအံ့၊ အသင်သည် "ဘုရားကို ဘုရား မဟုတ်၊ တရားကို တရား မဟုတ် သံဃာကို သံဃာ မဟုတ်၊ ဘုရားဖြင့် ငါ့အား အလို မရှိ၊ အကျိုး မရှိ၊ တရားဖြင့် ငါ့အား အလိုမရှိ အကျိုးမရှိ သံဃာဖြင့် ငါ့အား အလိုမရှိ အကျိုးမရှိ" ဆိုဘိလေလော့ဟု ပြော၏။

## သုပ္ပဗုဒ္ဓသည် ပစ္စည်းကြွယ်ဝသူဖြစ်ကြောင်း သိကြားမင်းအား ပြောကြားခြင်း

ထိုအခါ သိကြားမင်းကို သုပ္ပဗုဒ္ဓလူနူက အသင် အသူနည်းဟု မေးလျှင် ငါသိကြားမင်းဟု ပြန်ပြောသဖြင့် အသင်သိကြား အသင်သည် အလွန်ပင် မိုက်မဲတွေဝေလှသည်တကား၊ အသင်သည် အလွန်ပင် အရှက်မရှိလေစွတကား၊ အသင်သို့သော သိကြားနှင့် ငါသည် စကားအတူ ပြောဆိုခြင်းငှါ မသင့်လျော်၊ အသင်သိကြားက ငါ့အား ဆင်းရဲသောသူ အထီးကျန်သော သူဟူ၍ ပြောဆို ဘိ၏။ ငါသည်ကား မဆင်းရဲ မပင်ပန်း အထီးကျန်သောသူ မဟုတ်သည်သာ လျှင်တည်း။ ငါသည် ချမ်းသာခြင်း အထွတ်အထိပ်သို့ ရောက်သော ပစ္စည်း ဥစ္စာ ကြွယ်ဝသော သူတည်းဟု ပြောဆိုပြီးမှ မိမိအား ကြွယ်ဝချမ်းသာသော ပစ္စည်းဥစ္စာကို ပြလိုသောကြောင့်—

> သဒ္ဓါဓနံ သီလဓနံ၊ ဟိရီ ဩတ္တပ္ပိ ယံ ဓနံ။
> သုတဓနဉ္စ စာဂေါ စ၊ ပညာ ဝေ သတ္တမံ ဓနံ။
>
> ယဿ ဧတေ ဓနာ အတ္ထိ၊ ဣတ္ထိယာ ပုရိသဿ ဝါ။
> 'အဒလိဒ္ဒေါ'တိ တံ အာဟု၊ အမောဃံ တဿ ဇီဝိတံ—

ဟူသော နှစ်ဂါထာတို့ကို ဆို၏။

**အနက်ကား**။ ။သဒ္ဓါဓနဉ္စ၊ ရတနာသုံးတန် ကံ ကံ၏အကျိုး မြတ်နိုး တနာ ယုံကြည်ခြင်း လက္ခဏာရှိသော သဒ္ဓါတည်းဟူသော ဥစ္စာသည် လည်းကောင်း၊ သီလဓနဉ္စ၊ ဝါရိတ္တ စာရိတ္တ ယင်းနှစ်ဝဖြင့် သီလတည်း ဟူသော ဥစ္စာသည် လည်းကောင်း၊ ဟိရီ ဩတ္တပ္ပိ၊ ဒုစ္စရိတ ပါပညစ်ကျူ မကောင်းမှုကို ပြုသည်အရာဝယ် ရှက်ခြင်း လန့်ခြင်း လက္ခဏာရှိသော ဟိရီ ဩတ္တပ္ပဟူသော။ ယံ ဓနဉ္စ၊ အကြင်ဥစ္စာသည် လည်းကောင်း။ သုတဓနဉ္စ၊ သူတော်တရား မှတ်သားယူငင် အကြားအမြင် များခြင်းတည်းဟူသော သုတ

တည်းဟူသော ဥစ္စာသည်လည်းကောင်း။ စာဂေါ စ၊ အစွမ်းသတ္တိ ရှိသည် အလျောက် ချီးမြှောက်ပေးကမ်း စွန့်ကြဲခြင်းဟု ဆိုအပ်သော စာဂတည်း ဟူသော ဥစ္စာသည်လည်းကောင်း။ ဝေ၊ စင်စစ်။ သတ္တမံ၊ ခုနစ်ခုမြောက် ဖြစ်သော။ ပညာဓနဥ္စ၊ ယထာဘူတ သဘာဝကို ဌာနအလျောက် နှိုင်းထောက် ဝေဖန် အမှန်သိစွမ်းနိုင်သော ပညာတည်းဟူသော ဥစ္စာသည်လည်းကောင်း။ ယဿာ ဣတ္ထိယာ ဝါ၊ အမှတ်မထင် အကြင်တစ်စုံတစ်ယောက်သော မိန်းမအား လည်းကောင်း။ ယဿ ပုရိသဿ ဝါ၊ အမှတ်မထင် အကြင်တစ်စုံတစ်ယောက် သော ယောကျ်ားအားလည်းကောင်း။ ဧတေ ဓနာ၊ သဒ္ဓါသီလ စသည်အပြား ထိုသူတော်ကောင်းဥစ္စာ ခုနစ်ပါးတို့သည်။ အတ္ထိ သန္တိ၊ ထင်ရှားတည့်တည့်ရှိပေ ကုန်၏။ တံ တာဒိသံ၊ သူတော်ဥစ္စာ ကောင်းစွာမြဲဘိ ထိုသို့သဘောရှိသောသူကို။ အဒလိဒ္ဒေါတိ၊ ပစ္စည်းဥစ္စာ ဘလာကင်းရှင်း မဆင်းရဲသောသူဟူ၍။ ပဏ္ဍိတာ၊ ပညာ, သတိ ရှိသူအပေါင်း သူတော်ကောင်းတို့သည်။ အာဟု၊ မိန့်ဆိုတော် မူကြကုန်ပြီ။ တဿ၊ သူတော်ဥစ္စာ ကောင်းစွာစုံမိ ထင်ရှားရှိသော ထိုသူ၏။ ဇီဝိတံ၊ ဇီဝိတိန္ဒြေ မြင့်ရှည်စွာ နေရခြင်းသည်။ အမောဃံ၊ အချည်းနှီး မဟုတ်လေ။ ဤကား အနက်။

အဓိပ္ပါယ်ကား—

၁။ ရတနာသုံးပါး ဂုဏ်ကို ယုံကြည် မြတ်နိုးခြင်း လက္ခဏာ ရှိသော လောကုတ္တရာ သဒ္ဓါ၊ ကံ ကံ၏အကျိုးကို မြတ်နိုးယုံကြည်ခြင်း လက္ခဏာ ရှိသော လောကီသဒ္ဓါ ဤနှစ်ဖြာသော သဒ္ဓါတရားတည်း ဟူသော ဥစ္စာ။

၂။ ပကတိ အမြဲတိုင်းသော အားဖြင့် ကျင့်သုံး ဆောက်တည်ရသော ဝါရိတ္တသီလ, စွမ်းနိုင်သော်ကာလ ကျင့်သုံးဆောက်တည် အပ်သော စာရိတ္တသီလ နှစ်ဝသော သီလဟု ဆိုအပ်သော သီလတည်းဟူသော ဥစ္စာ။

၃။ ဒုစ္စရိတ ဖါပညစ်ကျု မကောင်းမှု အကုသိုလ်ကံကို စိမ်ပြုလုပ်ခြင်းမှ ရှက်နိုးတတ်သော ဟိရိတည်းဟူသော ဥစ္စာ။

၄။ ထိုမကောင်းမှုတို့ဖြင့် လန့်တတ်သော ဩတ္တပ္ပတည်းဟူသော ဥစ္စာ။

၅။ သူတော်ကောင်းတို့ ကျင့်ကောင်းတတ်ရာ အဖြာဖြာတို့၌ ကောင်းစွာ မှတ်သား အကြားအမြင် များခြင်းဟု ဆိုအပ်သော သုတတည်း ဟူသော ဥစ္စာ။

၆။ အစွမ်းသတ္တိ ရှိသည်အလျောက် ချီးမြှောက် ပေးကမ်းခြင်းဟု ဆိုအပ်သော စာဂတည်းဟူသော ဥစ္စာ။

၇။ ယထာဘူတ ကျွန ကေန် အမှန်ကို သိတတ်သော ပညာတည်းဟူသော ဥစ္စာ—

ဤ ခုနစ်ပါးကုန်သော သူတော် ဥစ္စာတို့သည် အကြင် မိန်းမအားလည်း ကောင်း၊ အကြင်ယောကျ်ားအားလည်းကောင်း ရှိပေကုန်၏။ ထိုသို့သဘော ရှိသော သူကို ပညာ, သတိ ရှိသူအပေါင်း သူတော်ကောင်းတို့က ပစ္စည်းဥစ္စာ ဘလာကင်းရှင်း မဆင်းရဲ မနွမ်းပါးသော သူဟူ၍ မိန့်ဆိုကုန်၏။ ထိုသို့သဘော ရှိသော သူတော်ကောင်းတို့ဥစ္စာ ထင်စွာမြဲတီ ရှိသောသူ၏ ဇီဝိတိန္ဒြေမြင့်ရှည်စွာ နေရခြင်းသည် အချည်းနှီး ပျက်စီး၍ နေရသည် မဟုတ်၊ သင့်တင့်လျောက် ပတ် ကောင်းမြတ်သော အသက်ရှည်ခြင်း မည်ပေ၏။ နတ်များအပေါင်းအား အစိုးရသော သိကြားမင်း ငါ့အား ထိုအရိယာ သူတော်ကောင်းတို့၏ ဥစ္စာ ခုနစ်ပါးတို့သည် ထင်ရှားလက်မိ ရရှိပေကုန်၏။ အကြင်သူတို့အား ခုနစ်ပါးဥစ္စာ တို့သည် ရှိကုန်၏။ ထိုသို့ သဘောရှိသော သူတို့ကို ဘုရားပစ္စေကဗုဒ္ဓါ အစဖြာ သော အရိယာသူတော်ကောင်း အပေါင်းတို့သည် ပစ္စည်းဥစ္စာ ဘလာကင်းရှင်း ဆင်းရဲနွမ်းပါးသော သူဟူ၍ မိန့်ဆိုတော်မမူကြကုန်ဟု ပြောဆိုသောကာလ သိကြားမင်းသည် သုပ္ပဗုဒ္ဓလူနူ၏ တရားစကားကို ကြားနာရ၍ ထိုနေရာဌာန လမ်းခရီးအကြား၌ နေရစ်ခဲ့ပြီးလျှင် ဘုရားသခင် ကိုယ်တော်မြတ်၏ အထံသို့ လျင်မြန်စွာ သွားရောက်ချဉ်းကပ် ပြီးသောကာလ အကြောင်းမျိုး အလုံးစုံကို အကုန်လျှောက်ကြား၏။ ထိုအခါ မြတ်စွာဘုရားကိုယ်တော်မြတ်က ဒကာတော် သိကြားမင်း ဒကာတော်ကဲ့သို့သော သိကြားအရာ အထောင်အသောင်း အသိန်းပင် ဖြစ်သော်လည်း သုပ္ပဗုဒ္ဓကို "ဘုရားကို ဘုရား မဟုတ်ဟူ၍ လည်းကောင်း၊ တရားကို တရား မဟုတ်ဟူ၍ လည်းကောင်း၊ သံဃာကို သံဃာ မဟုတ်ဟူ၍လည်းကောင်း"ဆိုစေခြင်းငှါ မစွမ်းနိုင်လတ္တံ့ဟု မိန့်တော်မူ၏။

## သုပ္ပဗုဒ္ဓအား သတ်သော ဘီလူးမအကြောင်း

သုပ္ပဗုဒ္ဓလူနူသည်လည်း မြတ်စွာဘုရားသခင်၏ အထံသို့ သွားရောက်၍ မြတ်စွာဘုရား ကိုယ်တော်မြတ်နှင့်တကွ ပဋိသန္ဓာရကထာ နှစ်သက် ဝမ်းမြောက် ဖွယ်သော စကားတို့ကို ပြောကြားပြီးသော် မိမိသည် ရအပ်သော တရား ဂုဏ်ထူးကို ချီးကျူး လျှောက်ထားပြီးသောကာလ နေရာမှ တရွေ့ရွေ့ ဖဲ့သွား၏။ ထိုအခါ ဖဲ့သွား၍ မကြာမြင့်မီသာလျှင် ဖြစ်သော ထိုသုပ္ပဗုဒ္ဓလူနူကို ပျိုမျစ် နုနယ် ငယ်သော သားရှိသော နွားမသည် ဦးချိုဖြင့် ဝှေ့ပြီးလျှင် ဇီဝိတိန္ဒြေမှ ချသတ်လေ၏။

ထိုနွားမသည်ကား ပကတိသောနွားမ မဟုတ်၊ တစ်ယောက်သော ဘီလူးမ သည် ပက္ကုသာတိမင်း, ဒါရုစိပရိဗိုဇ်, တမ္ဗဒါဌိကခိုးသတ်ယောကျ်ား သုပ္ပဗုဒ္ဓလူနူ ဤလေးဦးကုန်သော သူတို့ကို တစ်ပုံ တစ်ရာစီသော ခန္ဓာကိုယ် အတ္တဘော၏ အဖြစ်၌ သားငယ်ရှိသောနွားမ၏အယောင် ဆောင်ပြီးသောကာလ ဇီဝိတိန္ဒြေမှ ချသတ်လေ၏။ထိုဘီလူးမသည် ဇီဝိတိန္ဒြေမှ ချသတ်ခြင်းသည်ကား ရှေးလွန်လေ ပြီးသော အခါကာလက ပြအပ်ပြီးသော ပက္ကုသာတိမင်း, ဒါရုစိပရိဗိုဇ်, တမ္ဗဒါဌိက ခိုးသတ်ယောကျ်ား, သုပ္ပဗုဒ္ဓလူနူ ဤလေးဦး ကုန်သော သူတို့သည် အပေါင်းအဖော် အဆွေခင်ပွန်း ကျွမ်းဝင်ဆက်ဆံကုန်သော သူဌေးသား လေးယောက်တို့သည် ဖြစ်ကုန်၍ တစ်ယောက်သော ပြည့်တန်ဆာမိန်းမကို အသပြာတစ်ထောင် ပေးဆောင် ငှါးရမ်းကာ ဥယျာဉ်တွင်းသို့ ခေါ်ယူခဲ့၍ တစ်နေ့ပတ်လုံး ရွှင်ပြုံးသာယာစည်းစိမ်ချမ်းသာကို ခံစားပြီးလျှင် ညချမ်းသော ကာလသို့ ကျရောက်ခဲ့သည် ရှိသော် သူဌေးသားလေးယောက်တို့သည် အချင်း ချင်းအား ပြောကြားတိုင်ပင်ကုန်သည်မှာ အဆွေတို့ ဤအရပ်ဒေသ၌ ငါတို့မှ တစ်ပါး အခြားသော သူသည် တစ်စုံတစ်ယောက်မျှ မရှိ၊ ဤပြည့်တန်ဆာ မိန်းမအား ငါတို့ ပေးအပ်သော အသပြာ တစ်ထောင်ကိုလည်းကောင်း၊ ဆင်ဝတ်သော အလုံးစုံသော တန်ဆာတို့ကိုလည်းကောင်း ယူငင်ပြီးသောကာလ ဤပြည့်တန်ဆာမိန်းမကို သတ်၍ သွားကြကုန်အံ့ဟု တိုင်ပင်ပြောဆိုကြကုန်၏။

ပြည့်တန်ဆာမိန်းမသည် ထိုသူဌေးသားတို့ တိုင်ပင်ပြောဆိုသော စကားကို ကြား၍ ဤသူဌေးသား ယောကျ်ားတို့ကား ရှက်ကြောက်တွယ်တာ ညှာတာ သနားခြင်း မရှိကုန်။ ငါနှင့် အတူတကွ တစ်နေ့ပတ်လုံး ပျော်ပါးမွေ့လျော်၍ ဤယခုအခါ ငါ့အား သတ်လိုကုန်၏။ အနိုင်အထက် နှိပ်စက်ကလူ ညှဉ်းဆဲမှု အပ်သော ထိုသူတို့အား ပြုအပ်သော အခြင်းအရာကို နောင်အခါ သိစေအံ့ဟု ကြံဆင်ခြင်ပြီးမှ ပြည့်တန်ဆာမသည်—

တေဟိ မာရိယမာနာ–အဟံ ယက္ခိနီ ဟုတွာ ယထာ မံ ဧတေ မာရေန္တိ၊ ဧဝမေဝ တေ မာရေတုံ သမတ္ထာ ဘဝေယျံ –

ဟူသော ပါဠိဖြင့် ဆုတောင်း ပတ္ထနာကို ပြုပေ၏။

အနက်ကား။ ။တေဟိ၊ သနားငဲ့ညှာ တွယ်တာခြင်း ကင်းလွတ်ကုန်သော ထိုသူတို့သည်။ မာရိယမာနာ၊ ရက်စက်ကြမ်းကြုတ် သတ်ပုတ်အပ်သည်ရှိသော်။ အဟံ၊ ငါသည်။ ယက္ခိနီ၊ အသားစားကြူး ဘီလူးမသည်။ ဟုတွာ၊ အမှန်စင်စစ် ဖြစ်၍။ မံ၊ ငါ့ကို။ ဧတေ၊ ထိုသူတို့သည်။ မာရေန္တိ ယထာ၊ စိမ်းကား ရက်စက်

သတ်ဖျက်သကဲ့သို့။ ဝေမေဝ၊ ဤအတူသာလျှင်။ တေ၊ ထိုသူတို့ကို။ မာရေတုံ၊ သတ်ခြင်းငှါ။ သမတ္ထာ၊ စွမ်းနိုင်သည်။ ဘဝေယျ၊ ဖြစ်ရပါလို၏။ ဤကား အနက်။

**အဓိပ္ပါယ်ကား**။ ။သနားငဲ့ညှာ တွယ်တာခြင်း ကင်းလှစွာသော ထိုသူတို့သည် ရက်စက်ကြမ်းကြုတ် သတ်ပုတ်အပ်သည် ရှိသော် ငါသည် အသားစားကြူး ဘီလူးမ ဖြစ်၍ ငါ့ကို ထိုသူတို့ သတ်ခလဘီသကဲ့သို့ ထိုသူတို့ကို တဖန်ပြန်၍ သတ်ခြင်းငှါ စွမ်းနိုင်သည် ဖြစ်ရပါလို၏ဟု ဆုတောင်းပတ္ထနာ၏။ ဆုတောင်းပတ္ထနာပြီးသောကာလမှ သူဌေးသားတို့သည် ပြည့်တန်ဆာမိန်းမကို သတ်၍ မိမိတို့ အလိုရှိအပ်သည်ကို ယူပြီးသည့်ကာလ သွားကြကုန်၏။ ထိုသို့သော မကောင်းမှု အကျိုးဆက်ဖြင့် ထိုသူတို့အား ဘီလူးမက သတ်လေဘီသတည်း။

## သုပ္ပဗုဒ္ဓသည် တာဝတိံသာ၌ ဖြစ်ခြင်းနှင့် ရှေးအကြောင်း

### အတိတ်ဝတ္ထု

များစွာကုန်သော ရဟန်းအပေါင်းတို့သည် ထိုသုပ္ပဗုဒ္ဓလူနူ၏ စုတိမနေ သေလွန်ခြင်းကို တွေ့မြင်သိရှိသောအခါ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်သို့ ချဉ်းကပ်ကြကုန်၍ ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား သုပ္ပဗုဒ္ဓမည်သော ဒါယကာသည် အရှင်မြတ်၏ ထံတော်မှ ဖဲသွားလျှင်ပင် သားငယ်ရှိသော နွားမဝှေ့၍ သေလွန်ရပါတော့သည်။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ထိုဒါယကာအား အဘယ်မျှလောက်သော တရားထူးကို ရပါသနည်း၊ ယခုသေလွန်သောအခါ၌ အဘယ်သို့သော ဂတိသို့ လားကပ်ရပါသနည်းဟု မေးလျှောက်ကုန်၏။ မြတ်စွာဘုရားကိုယ်တော်မြတ်က ချစ်သားရဟန်းတို့ သုပ္ပဗုဒ္ဓဒါယကာသည် သောတာပတ္တိဖိုလ်သို့ ရောက်ခြင်းတည်းဟူသော တရားအထူးကို ရ၍ ယခု သေလွန်ရာဂယ် တာဝတိံသာနတ်ပြည်၌ လားကပ်၍ ဖြစ်ရလေသတည်းဟု မိန့်တော်မူ၏။

ရဟန်းတို့က တစ်ဖန် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဤမျှသော ဥပနိဿယ ပြည့်ဝစုံလင်ခြင်း ရှိပါလျက် အဘယ်ကြောင့် ရောဂါမပြတ် နူနာကပ်၍ မတင့်အပ် မဖွယ်ရာ ဆင်းရဲစွာ ဖြစ်ရပါလေသနည်းဟု လျှောက်ပြန်လျှင် ချစ်သား ရဟန်းတို့ ဤသုပ္ပဗုဒ္ဓ ဒါယကာသည် ရှေးလွန်လေသောအခါက ဤရာဇဂြိုဟ်ပြည်ကြီး၌ပင် ပစ္စည်းဥစ္စာ များစွာ ကြွယ်ဝချမ်းသာလှသော သူဌေးသား ဖြစ်ပေသတတ်။ ထိုအခါ တစ်နေ့သော နေ့၌ ဥယျာဉ်ကစားခြင်းငှါ များစွာကုန်သော အခြွေအရံတို့နှင့် တကွ ထွက်သွားခဲ့သည်

ရှိသော် လမ်းခရီးအကြား၌ အိမ်စဉ်အတိုင်း ဆွမ်းခံကြွဝင်တော်မူလာသော တဂ္ဂရသိခိ ပစ္စေကဗုဒ္ဓါ အရှင်မြတ်ကို တွေ့မြင်၍ ငါတို့သည် ဤသို့ ယုတ်မာ ညစ်ညမ်းသော ချုပ်ရိုးအစပ်တို့ဖြင့် မသပ်မပါယ် မတင့်တယ်သော အဝတ်ကို ဝတ်ရုံသုံးဆောင်လျက် အထီးကျန် ဆင်းရဲစွာ ဤကဲ့သို့သော သူယုတ်မာကို တွေ့မြင်ရခြင်းသည် မသင့်လျော် မလျောက်ပတ်လေစွတကား။ ဤသူယုတ်၏ ကိုယ်သည် ကုဋ္ဌနူနာရောဂါ စွဲကပ်လေယောင်တကားဟု မြည်တမ်းဆဲရေး တံတွေးဖြင့် ထွေးခြင်းစသော အကုသိုလ်မကောင်းမှုကို စီမံပြုလုပ်၍ ထိုကံ၏ အကျိုးဆက်ဖြင့် နရက်အောက်ထဲ ငရဲသို့ ကျရောက်ပြီးလျှင် ရှည်စွာသော နေ့ညဥ့်ပတ်လုံး ကျက်၍ ခံစားရပြီး၍ ကံအကျိုးကြွင်း၏ အစွမ်းအားဖြင့် ဤ ယခုဘဝ၌ ကုဋ္ဌနူနာ ရောဂါစွဲကပ်သည်ကို ခံစားရလေသည်ဟု မိန့်ကြားတော် မူပြီးသော် ချစ်သား ရဟန်းတို့ ဤသတ္တဝါတို့သည် မိမိတို့အား ခါးစပ်သော အကျိုးအာနိသင်ကို ကျင်လည်ခံစားရစေတတ်သော မကောင်းမှု အကုသိုလ် ကံကို စီမံပြုလုပ်လျက် ကျင်လည်ကုန်ဘိသည်ဟု အနုသန္ဓေကို စပ်တော်မူပြီး၍ ထိုထက်အလွန်ဖြစ်သော ဓမ္မဒေသနာကို ဟောကြားတော်မူလိုသော မြတ်စွာ ဘုရားသခင် ကိုယ်တော်မြတ်သည်—

၆၆။ စရန္တိ ဗာလာ ဒုမ္မေဓာ၊ အမိတ္တေနေဝ အတ္တနာ။
ကရောန္တာ ပါပကံ ကမ္မံ၊ ယံ ဟောတိ ကဋုကပ္ဖလံ—

ဟူသော ဤဂါထာကို မိန့်တော်မူ၏။

### ဒေသနာတော်၏ အကျိုးအာနိသင်

ဒေသနာတော်၏ အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်လေကုန်၏။

**အနက်ကား။** ။ယံ ကမ္မံ၊ အကြင်ကံသည်။ ကဋုကပ္ဖလံ၊ စပ်ပူထက်မြက် မနှစ်သက်ရာမခံသာသော အကျိုးရှိသည်။ ဟောတိ၊ ဖြစ်၏။ ဝါ၊ တနည်းကား။ ယံ ယေန ကမ္မေန၊ အကြင်ကံကြောင့်။ ကဋုကပ္ဖလံ၊ စပ်ပူထက်မြက် မနှစ် သက်ရာ မခံသာသော အကျိုးရှိသည်။ ဟောတိ၊ ဖြစ်၏။ ပါပကံ၊ ညစ်ညမ်း မသာမာ လွန်ယုတ်မာသော။ တံ ကမ္မံ၊ ထိုမကောင်းမှုကံကို။ ကရောန္တာ၊ အားထုတ် ပြုစုကုန်လျက်။ ဒုမ္မေဓာ၊ ပညာကင်းမဲ့ကုန်သော။ ဗာလာ၊ ပစ္စုပ္ပန် သံသရာ နှစ်ဖြာအကျိုး ပွားတိုးရန်မသိ မိုက်မဲဘိသော သူတို့သည်။ အမိတ္တေနေဝ၊ စီးပွား ကင်းမဲ့ ချို့နဲ့စေရန် ရန်သူဖြစ်၍သာလျှင် ဖြစ်သော။ အတ္တနာ၊ ကိုယ်ဖြင့်။ ဝါ၊

အမိတ္တေနေ၀ အတ္တနာ အမိတ္တေန အတ္တနာ ဝေ ဟုတ္ဝာ၊ ရန်သူဖြစ်၍ ဖြစ်သော ကိုယ်ရှိကုန်သည် ဖြစ်၍သာလျှင်။ စရန္တိ၊ ဘ၀ထို့ဤ ကျင်လည်ပြေးသွားကုန်၏။ ဤကား အနက်။

ဓမ္မပဒဗာလဝဂ်၌ ခုနစ်ခုမြောက်သော သုပ္ပဗုဒ္ဓလူနူ၏

ဝတ္ထုစကားစဉ်ကား ဤတွင်ရွေ ပြီး၏။

---

## ဂ။ လယ်ထွန်သမား အကြောင်း

### ပစ္စုပ္ပန်ဝတ္ထု

န တံ ကမ္မံ ကတံ သာဓု–အစပြုသည့် ဓမ္မပဒေသ နယဒေသနာ ပါဠိဂါထာကို ဆရာတစ်ဆူ ဖြစ်တော်မူသော အောင်သူမကိုဋ္ဌ် သုံးတိုက်ထွတ်ထား ဘုရား ကိုယ်တော်မြတ်သည် ပြည်ရပ်သာဝတ္ထိ ဘုမ္မိတံခွန် အောင်သံလွန်သော ဇေတဝန် ကျောင်းကြီး၌ မျှမှီးရှင်ပြုံး သီတင်းသုံးတော်မူ၍ လယ်ထွန်ယောကျ်ား တစ်ဦး သောသူအားကို အလားရှေးရှု အကြောင်းပြုလျက် ဟောကြားတော်မူခဲ့ ပေသတည်း။

### အကြောင်း အတ္ထုပ္ပတ္တိ အစဉ်ကား ဤသို့တည်း

လယ်ထွန်သမား တစ်ဦးသော ယောကျ်ားသည် သာဝတ္ထိပြည်ကြီးမှ မနီးမဝေးသော အရပ်၌ တစ်ခုသော လယ်ကို ထွန်၏။ ပစ္စည်းဥစ္စာ ဘဏ္ဍာ အများကို ခိုးယူသုံးစားလေ့ ရှိကုန်သော ခိုးသူတို့သည် ရေထုတ်သောပြွန်ပေါက် ဖြင့် မြို့သို့ဝင်၍ တစ်ဦးသော ပစ္စည်းဥစ္စာ ကြွယ်ဝမြားမြောင်သော အမျိုး အိမ်၌ ဥမင်ကို ခွဲဖြတ်ဖောက်ထွင်းပြီးသောကာလ များစွာသော ရွှေငွေကို ယူ၍ ရေထုတ်သော ပြွန်ပေါက်ဖြင့်သာလျှင် ထွက်ကုန်၏။ တစ်ယောက်သော ခိုးသူ သည် အဖော်ဖြစ်သော ခိုးသူတို့ကို လှည့်ပတ်ပြီးလျှင် ကွဲ၀ှက်လိုသောကြောင့် အသပြာတစ်ထောင်အိတ်ကို သိုအိမ်နီးရင်း အောက်ပိုးကြိုက်သော ပုဆိုးတွင်းသို့ သွတ်သွင်း၍ ယူခဲ့ရာ လယ်ထွန်သမား ထိုယောကျ်ား ထွန်ယက်ရာဖြစ်သော လယ်သို့ သွားရောက်၍ ထိုသူတို့နှင့် အတူတကွ ဘဏ္ဍာခွဲဝေ ယူကြပြီးသော ကာလ သွားကြကုန်သည်ရှိသော် အသပြာတစ်ထောင်အိတ်ကို ကွဲ၀ှက်အပ်သော အောက်ပိုးကြိုက်ရာမှ ဘဏ္ဍာကျနေသည်ကို အမှတ်မရဘဲ အဖော်ခိုးသူတို့နှင့် အတူတကွသာလျှင် ထသွား၏။

## မြတ်စွာဘုရားသည် လယ်ထွန်ရာအရပ်သို့ ကြွတော်မူခြင်း

ထိုနေ့၌ မြတ်စွာဘုရားကိုယ်တော်မြတ်သည် မိုးသောက်ယံကာလ အချိန် ကျဝယ် လောကကို ကြည့်ရှုတော်မူသည်ရှိသော် လယ်ထွန်သမား ယောကျ်ားကို ကိုယ်တော်မြတ် ဉာဏ်တော် တည်းဟူသော ကွန်ရက်၏ အတွင်းသို့ ဝင်သည်ကို မြင်တော်မူ၍ အသို့ဖြစ်လတ္တံ့နည်းဟု စူးစမ်းဆင်ခြင်တော်မူပြန်သည် ရှိသော် ဤလယ်ထွန်သမား ယောကျ်ားသည် နံနက်စောစောကပင်လျှင် လယ်ကို ထွန်ခြင်းငှါ သွားလတ္တံ့။ ဥစ္စာရှင်တို့သည် ခိုးသူတို့၏ ခြေရာသို့ အစဉ်လျှောက်၍ သိုအိမ်အရင်း အောက်ပိုးကြိုက်သော ပုဆိုးတွင်းတွင် ကဲ့ဝှက်သည်မှ ကျကျန် ခဲ့သော အသပြာတစ်ထောင်အိတ်ကို တွေ့မြင်သောအခါ ထိုလယ်ထွန်သမား ယောကျ်ားကို ဖမ်းလတ္တံ့၊ ငါဘုရားသခင်ကို ထား၍ တစ်ပါးသော သူသည် ထိုယောကျ်ားအား သက်သေမည်သည် မဖြစ်ပေလတ္တံ့၊ ထိုလယ်ထွန်ယောကျ်ား အား သောတာပတ္တိမဂ်ဖိုလ်ကို ရအံ့သောအကြောင်း ဥပနိဿယ ပြည့်စုံခြင်း ရှိ၏။ ထိုအရပ်သို့ ငါသည် ကြွသွားခြင်းငှါ အပ်၏ဟု မြင်တော်မူ၏။ လယ်ထွန် သမား ထိုယောကျ်ားလည်း မိမိ၏ လယ်ကို ထွန်ယက်ခြင်းငှါ နံနက်စောစော ကပင် လယ်တောသို့ သွား၏။ မြတ်စွာဘုရားသခင်သည် အာနန္ဒာမထေရ်လျှင် နောက်လိုက်ရဟန်းရှိသဖြင့် ထိုအရပ်သို့ ကြွသွားတော်မူ၏။ လယ်ထွန်ယောကျ်ား လည်း မြတ်စွာဘုရားသခင်ကို မြင်၍ သွားရောက်ပြီးသောကာလ ကြည်လင် ညွတ်လျိုး ရှိခိုးပြီး၍ တဖန် လယ်ကို- ထွန်ယက်ခြင်းငှါ အားထုတ်၏၊ မြတ်စွာ ဘုရားသခင်သည် ထိုလယ်ထွန်ယောကျ်ားနှင့် တစ်စုံတစ်ခုသော စကားကို မိန့်ကြား ပြောဆိုတော်မမူဘဲ အသပြာ ထောင်အိတ်ကျ၍ တည်ရှိနေရာသို့သာ ကြွသွားတော်မူ၏၊ ထိုတစ်ထောင်သော အသပြာအိတ်ကို မြင်တော်မူလျှင် ချစ်သား အာနန္ဒာ ပြင်းစွာထက်သော အဆိပ်ကို မြင်၏လောဟု မေးတော်မူ၏၊ အရှင်အာနန္ဒာကလည်း ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ကြမ်းတမ်း ခက်ထန်သော အဆိပ်ကို မြင်ပါ၏ဘုရားဟု လျှောက်ကြား၏။

## လယ်ထွန်သမားအား ခိုးမှုဖြင့် သေဒဏ်ပေးခြင်း

လယ်ထွန်ယောကျ်ားသည် ထိုစကားကို ကြား၍ ငါ့အား အခါဟုတ်သည်၌ လည်းကောင်း၊ အခါမဟုတ်သည်၌ လည်းကောင်း ဤနေရာဒေသ၌ လှည့်ပတ်၍ နေရ၏။ ဤအရပ်ဒေသဝယ် လျှင်သော အဆိပ်ရှိသော မြွေရှိ၏ဟု ကြံ၍ မြတ်စွာဘုရားသည် ဤမျှသော စကားကိုသာ မိန့်တော်မူ၍ ကြွသွားတော် မူသည် ရှိသော် ထိုမြွေကို သောင်အံ့ဟု နှင်တံကို ကိုင်ယူပြီးလျှင် ထိုအရပ်သို့ သွားရောက်ပြီးသော် ထိုမှဤမှ ကြည့်ရှုသောကာလ၊ အသပြာတစ်ထောင် အိတ်ကို မြင်၍ ဤအသပြာကို ရည်ညွှန်းတော်မူပြီးလျှင် မြတ်စွာဘုရား

သခင်သည် မိန့်တော်မူသည့် ဖြစ်ပေလိမ့်မည်ဟု ထိုအသပြာကို ယူပြီးသော ကာလ ဆုတ်နစ်ပြန်လည်ခဲ့၏။ မိမိသည် တွေးတောဆင်ခြင် သိမြင်လိမ္မာခြင်း မရှိသောကြောင့် ထိုအသပြာအိတ်ကို မိမိလယ်ထွန်ရာအနီး၌ မြေမှုန့်ဖြင့် အနည်းငယ် ဖုံးလွှမ်းသိုထားပြီး၍ တစ်ဖန် လယ်ကို ထွန်ခြင်းငှါ အားထုတ်၏။ လူအပေါင်းတို့သည်လည်း လင်းစင်မိုးသောက် ရောက်သောအခါ အိမ်၌ ခိုးသူတို့ပြုအပ်သော အခြင်းအရာအမှုကို မြင်၍ ခြေရာအစဉ်အတိုင်း ကြည့်ရှုလိုက်လာပြီးသော် ထိုလယ်တောအရပ်သို့ သွား၍ ထိုအရပ်ဒေသ၌ ခိုးသူတို့ ဘဏ္ဍာခွဲဝေသော နေရာကို တွေ့မြင်ရပြီးသည်ကာလ လယ်ထွန်သမား၏ ခြေရာကို မြင်ပြန်ကုန်၏၊ ထိုခြေရာဖြင့် အစဉ်လျှောက်သွားပြီးသော် ဘဏ္ဍာထားသော နေရာကို မြင်၍ မြေမှုန့်ကို ယက်ပြီးသော် တူးဖော်ယူငင်၍ အသင်သည် အိမ်၌ ခိုးယူလုယက်ပြီး၍ လယ်ထွန်ခြင်းအမှုကို ပြုဘိသကဲ့သို့ လှည့်လည်ဘိသည်ဟု ခြိမ်းခြောက် မောင်းမဲ ဆဲရေးပုတ်ခတ် ဆောင်ယူ၍ မင်းကြီးအား ပြကြကုန်၏။ မင်းကြီးသည်လည်း ထိုအကြောင်း အလုံးစုံတို့ကို အကုန်ကြားတော်မူသဖြင့် လယ်ထွန်ယောကျ်ားအား သတ်စေအံ့သောငှါ အမိန့်အာဏာကို ပေး၏။ မင်းချင်း ယောကျ်ားတို့လည်း ထိုလယ်ထွန်သမားကို ကြိုးလက်ပြန်ဖွဲ့လျက် ကြိမ်လုံးတို့ဖြင့် ရိုက်ခတ်ပြီးသောကာလ လူသတ်သုသာန်သို့ ဆောင်ယူကုန်၏။

ထိုလယ်ထွန်ယောကျ်ားသည် ကြိမ်လုံးတို့ဖြင့် ရိုက်ခတ်အပ်သည် ရှိသော် တစ်ပါးလည်း ဖြစ်သော တစ်စုံတစ်ခုသော အခြင်းအရာကို မပြည်တမ်းမူ၍ ချစ်သား အာနန္ဒာ လျင်သော ထက်သော အဆိပ်ကို မြင်၏လောဟု မေးတော်မူသောအခါ အရှင်အာနန္ဒာက ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ကြမ်းတမ်းခက်ထန်သော အဆိပ်ကို မြင်ပါ၏။ လျှောက်ကြား ပေသည်ဟု ဤသို့သောစကားကိုသာ မြည်တမ်းပြောဆိုလျက်သွား၏၊မင်းချင်းယောကျ်ားတို့က လယ်ထွန်သမားကို အသင်သည် မြတ်စွာဘုရား၏လည်းကောင်း၊ အရှင်အာနန္ဒာ၏လည်းကောင်း စကားကိုသာ များစွာ မြည်တမ်းပြောဆိုဘိသည်၊ အကြောင်းအသို့နည်းဟုမေးလျှင် အချင်းတို့ အသင်တို့သည် ငါ့အား မင်းကြီးကို ဖူးမြင်ခြင်းငှါ ရစေပါသည် ဖြစ်အံ့၊ ထိုအကြောင်းကို ပြောကြားပါအံ့ဟု ဆိုသည် ရှိသော် ထိုအကြောင်းကို မင်းကြီး၏ အထံသို့ သွား၍ ကြားလျှောက်ကုန်၏။ ထိုအခါ လယ်ထွန်ယောကျ်ားကို မင်းကြီးက အသင်သည် အဘယ်ကြောင့် ဤသို့ ဆိုဘိသနည်းဟု မေးတော်မူလျှင် ရေမြေသနင်း ပြည့်ရှင်မင်းမြတ် အကျွန်ုပ်သည် ဥစ္စာဘဏ္ဍာ ရတနာအမျိုးမျိုးကို ခိုးယူတတ်သော ခိုးသူမဟုတ်ပါဟု လျှောက်ပြီးလျှင် လယ်ထွန်ခြင်းငှါ ထွက်သွားသော ကာလမှစ၍ ဖြစ်ခဲ့သမျှသော အကြောင်းမျိုးစုံကို အကုန်ပြန်ကြား၍ မင်းကြီးအား လျှောက်ထား၏။

## မြတ်စွာဘုရားထံသို့ သွားရောက် လျှောက်ထားခြင်း

ထိုသူ၏ စကားကို မင်းကြီး ကြားသိရသောကာလ ပြည့်ရှင်မင်းမြတ်က အိုအချင်းတို့ ဤသူသည် ''လောက၌ မြတ်သော ပုဂ္ဂိုလ်အစစ် ဖြစ်တော်မူသော မြတ်စွာဘုရားသခင်ကို သက်သေ ညွှန်ပြ၏၊ ထိုသူအား ဦးစွာ အပြစ်ကို တင်ထားခြင်းငှါ မသင့်လျော် မလျောက်ပတ်၊ ငါသည် ဤအရာ၌ ပြုအပ်သော အခြင်းအရာကို သိစေအံ့ဟု မိန့်တော်မူပြီးလျှင် ထိုလယ်ထွန်ယောကျ်ားကို ယူ၍ ညချမ်းသောအခါ မြတ်စွာဘုရား ကိုယ်တော်မြတ်၏ အထံသို့ သွားရောက်၍ ဘုန်းတော် အလွန်ကြီးတော်မူသော မြတ်စွာဘုရား အသို့ပေနည်း၊ အရှင်ဘုရားတို့သည် အာနန္ဒာမထေရ်နှင့် အတူတကွ ဤလယ်ထွန်သမား၏ လယ်ထွန်ရာ အရပ်ဒေသသို့ ကြွသွားတော်မူပါသလောဟု မေးလျှောက်၏။ ဒကာတော်မင်းကြီး ဩော် ငါဘုရားသည် ကြွသွားတော်မူပေ၏ဟု မိန့်တော်မူလျှင် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ထိုအရပ်ဒေသသို့ ကြွသွားတော်မူစဉ်က အဘယ်သို့သော ဝတ္ထုကိုမြင်၍ အဘယ်သို့သော စကားကို မိန့်ဆိုတော်မူခဲ့ပါသနည်းဟု မေးလျှောက်၏။ ဒကာတော်မင်းကြီး တစ်ထောင်သော အသပြာအိတ်ကို မြင်၍ ချစ်သား အာနန္ဒာ ထက်သော လျှင်သော အဆိပ်ကိုမြင်၏လောဟု ငါဘုရား မိန့်ဆိုခဲ့ပေသည်ဟု မိန့်တော်မူလျှင် မင်းကြီးက ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဤလယ်ထွန်ယောကျ်ားသည် အရှင်ဘုရားတို့ကဲ့သို့သော သိကြားသူ ညွှန်ပြခြင်းကို မပြုခဲ့သည် ဖြစ်ခဲ့အံ့၊ ဇီဝိတိန္ဒြေ တည်နေခြင်းကို ရတော့မည်မဟုတ်။ အရှင်ဘုရားတို့သည် မိန့်ဆိုတော်မူခဲ့သော စကားကို ပြောဆို၍သာလျှင် ဇီဝိတိန္ဒြေ တည်နေခြင်းကို ရပေတော့သည်ဟု လျှောက်၏။ ထိုစကားကို ကြားတော်မူ၍ မြတ်စွာဘုရားသခင်သည် ဩော် ဟုတ်လှပေ၏။ ဒကာတော်မင်းကြီး ငါဘုရားသည်လည်း ဤမျှသော စကားကို ပြောကြား၍ လာခဲ့ပေသည်။ ဒကာတော်မင်းကြီး ပညာရှိသော သူတို့မည်သည်ကား အကြင်အမှုကို ပြုပြီးသောကာလ နောင်တစ်ဖန် ပူပန်ရ၏။ ထိုအမှုကို မပြုကျင့်အပ်ပေဟု မိန့်တော်မူပြီးမှ အနုသန္ဓေကို စပ်တော်မူ၍ တရားတော်ကို ဟောကြားတော်မူလိုသောကြောင့်—

၆၇။ န တံ ကမ္မံ ကတံ သာဓု၊ ယံ ကတွာ အနုတပ္ပတိ။
ယဿ အဿုမုခေါ ရောဒံ၊ ဝိပါကံ ပဋိသေဝတိ–

ဟူသော ဂါထာကို မိန့်တော်မူ၏။

### ဒေသနာတော်၏ အကျိုးအာနိသင်

ဒေသနာတော်၏ အဆုံး၌ လယ်ထွန်ယောကျ်ားသည် သောတာပတ္တိဖိုလ်သို့ ရောက်လေ၏။ စည်းဝေးလာရောက်ကုန်သော များစွာသော ရဟန်းတို့သည်လည်း သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကုန်၏။

**အနက်ကား။** ။ယံ ကမ္မံ၊ အကြင်သို့သော အမှုကို။ ကတွာ၊ ပြုပြီး၍။ ဝါ၊ ပြုသည်ရှိသော်။ ဝါ၊ ပြုသောကြောင့်။ အနုတပ္ပတိ၊ နောင်တတစ်ဖန် နှိုးနှေးကြံ၍ ပူပန်ရ၏။ အဿုမုခေါ၊ မျက်ရေဒီးဒီး ယိုစီးကျထွက်သော မျက်နှာရှိသည်ဖြစ်၍။ ရောဒံ-ရောဒန္တော၊ စိုးရိမ်ပူဆွေး ငိုကြွေးမြည်တမ်းလျက်။ ယဿ ကမ္မဿ၊ အကြင်ကံ၏။ ဝိပါကံ၊ အကျိုးဖလဝိပါကကို။ ပဋိသေဝတိ၊ မှီဝဲခံစားရ၏။ကတံ၊ ပြုအပ်သော။ တံ ကမ္မံ၊ ထိုမကောင်းမှုကံသည်။ န သာဓု၊ မကောင်း။ ဤကား အနက်။

ဓမ္မပဒဗာလဝဂ်၌ ရှစ်ခုမြောက်ဖြစ်သော လယ်ထွန်သမားယောကျ်ား၏

ဝတ္ထုစကားစဉ်ကား ဤတွင်ရွေ ပြီး၏။

---

### ၉။ သုမနပန်းသည် အကြောင်း

#### ပစ္စုပ္ပန်ဝတ္ထု

**တဥ္စ ကမ္မံ ကတံ—** အစခံသော ဤသုတ္တန်ဒေသနာ ပါဠိဂါထာကို ဆရာမြတ်ဖျား ဘုရားသခင်သည် အစဉ်ရှေးအခါ မန္ဒာတုဂေါဝိန္ဒ ဤသို့စသည့် ရာဇာ မင်းပေါင်းတို့ ကိန်းအောင်းသိမ်းပိုက်သည် အရဖြင့် ရာဇဂဟ တင်ပြ ဖွဲ့ဆို ရာဇဂြိုဟ်မြို့နန်းကို သိမ်းမြန်းတည်ထောင် ဘုန်းရောင်ထွန်းဖြာသော ဗိမ္ဗိသာရမင်းမြတ်သည် ဆောက်လုပ်လှူဒါန်းအပ်သော ကျောင်းမြတ် ဝေဠုဝန်ဝယ် နစ်ကျုံဖန်ခါ သံသရာ၌ ခန္ဓာအာယတန မပြတ်ရအောင် ဆုံးဆမထင် ကျင်လည်ကြရှာ ဝေနေယျာအများကို သနားကရုဏာရှေးရှုကာဖြင့် ကောင်းစွာ သီတင်းသုံးတော်မူလျက် မင်းကြီး၏ ပန်းတော်ဆက်ဖြစ်သော သုမနပန်းသည်ကို မျှရည်သမှု အကြောင်းပြုသောအားဖြင့် ဟောကြားတော်မူခဲ့ပေသတည်း။

#### အကြောင်းအတ္ထုပ္ပတ္တိအစဉ်ကား ဤသို့တည်း

**ရာဇဂြိုဟ်ပြည်၌** နေလေ့ရှိသော သုမနပန်းသည်သည် ရာဇဂြိုဟ်ပြည်ကြီးရှင် ဘုရင်ဗိမ္ဗိသာရမင်းမြတ်ကို မပြတ်နေ့စဉ် နံနက်တိုင်း နံနက်တိုင်း ရှစ်ကွမ်းစားမျှ လောက်ကုန်သော မုလေးပန်းအစုတို့ဖြင့် ပြုလုပ်ခစား ဆက်သပြီးကာ ရှစ်သပြာ

ရှစ်သပြာတို့ကို ရပေ၏။ ထိုအခါ တစ်နေ့သော နေ့၌ သုမနပန်းသည်သည် မင်းကြီးကို ဆက်သရည်မှန်း ပန်းတို့ကို ယူဆောင်ပြီးသောကာလ မြို့သို့ ဝင်ကာမျှ၌သာလျှင် လောကကေတု အတုလ သယမ္ဘူ ဖြစ်တော်မူသော အောင်သူ ထွတ်ထား ဘုရားကိုယ်တော်မြတ်သည် ပရိသတ်များစွာ သံဃာတော် အပေါင်း ခြံရံလျက် နေရောင်အရောင်ကို မပြောင်ကွယ်ပ ဖုံးလွှမ်း အောင် တောက်ပနိုင်သော ဆဗ္ဗဏ္ဏရံသီ ခြောက်ရောင်ခြည် ထွန်းဖြာလျက် ကြီးကျယ်စွာသော ဘုရား အာနုဘာဝဖြင့် မာဂဓခေါ် ဆို ရာဇဂြိုဟ် မြို့မြတ်သို့ လှည့်ပတ်ချိန်တန် ဆွမ်းရှာခံအံ့သောငှါ ကြွဝင်တော်မူလာခဲ့လေသတည်း။ ထိုစကားကို ထင်ရှားအောင် ဆိုလိုက်ဦးအံ့၊ မြတ်စွာဘုရား ကိုယ်တော်မြတ်သည် တစ်ရံတစ်ခါ၌ ယူဇနာသုံးဆယ်ရှိသော ခရီးသို့ အင်္ဂုလိမာလကို ခရီးဦးကြိုဆို ချွတ်လိုစိတ်ထားဖြင့် ကြွသွားတော်မူဘိသကဲ့သို့ ထိုအတူ ခြောက်သွယ်သော ရောင်ခြည်တော်တို့ကို သင်္ကန်းတော်ဖြင့် ဖုံးလွှမ်း၍ မထင်ရှားသော အညတရ ပိဏ္ဍပါတိက ရဟန်းကဲ့သို့ လှည့်လည်ကြွဝင်တော်မူ၏။ တစ်ရံတစ်ခါ၌ကား ကိုယ်တော်မြတ် ဖွားတော်မူရာဒေသ ကပိလမြို့ကြီးသို့ ကြွဝင်တော်မူသော နည်းကဲ့သို့ ခြောက်သွယ်ကုန်သော ရောင်ခြည်တော်တို့ကို လွှတ်လျက် ကြွဝင် လှည့်လည်တော်မူ၏။ ထို့ကြောင့် ရှင်းအဋ္ဌကထာကြီး၌—

> ဘဂဝါ ဟိ ကေဒါ ဆဗ္ဗဏ္ဏရံသိယော စီဝရေန ပဋိစ္ဆာဒေတွာ အညတရော ပိဏ္ဍပါတိကော ဝိယ ဝိစရတိ တိံသယောဇနမဂ္ဂံ အင်္ဂုလိမာလဿ ပစ္စုဂ္ဂမနံ ဂစ္ဆန္တော ဝိယ၊ ကေဒါ ဆဗ္ဗဏ္ဏရံသိယော ဝိဿဇ္ဇေတွာ ကပိလဝတ္ထုပ္ပဝေသနာဒီသု ဝိယ–

ဟု မိန့်တော်မူ၏။

**အနက်ကား။** ။ဟိ၊ ထိုစကားကို ထင်ရှားအောင် ချဲ့၍ ဆိုလိုက်ဦးအံ့။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ကေဒါ၊ တစ်ရံတစ်ခါ၌။ တိံသယောဇနမဂ္ဂံ၊ ယူဇနာ သုံးဆယ်ရှိသော ခရီးသို့။ အင်္ဂုလိမာလဿ၊ အင်္ဂုလိမာလအား။ ပစ္စုဂ္ဂမနံ၊ ခရီးရင်ဆိုင် ပြိုင်တော်မူခြင်းသို့။ ဂစ္ဆန္တော ဝိယ၊ ကြွတော်မူဘိ သကဲ့သို့။ ဆဗ္ဗဏ္ဏရံသိယော၊ ခြောက်သွယ်ကုန်သော ရောင်ခြည်တော် တို့ကို။ စီဝရေန၊ သင်္ကန်းတော်ဖြင့်။ ပဋိစ္ဆာဒေတွာ၊ ဖုံးလွှမ်းတော်မူ၍။ အညတရော၊ မထင်ရှားသော။ ပိဏ္ဍပါတိကော ဝိယ၊ ပိဏ္ဍပါတ် ရဟန်းကဲ့သို့။ ဝိစရတိ၊ ကြွဝင် လှည့်လည်တော်မူ၏။ ကေဒါ၊ တစ်ရံတစ်ခါ၌။ ကပိလဝတ္ထုပ္ပဝေသနာဒီသု ဝိယ၊ ကပိလဝတ်ပြည်သို့ ကြွဝင်တော်မူခြင်း စသည်တို့၌ကဲ့သို့။ ဆဗ္ဗဏ္ဏရံသိယော၊ ခြောက်သွယ်ကုန်သော ရောင်ခြည်တော်တို့ကို။ ဝိဿဇ္ဇေတွာ၊ လွှတ်၍။ ဝိစရတိ၊ လှည့်လည် ကြွဝင်တော်မူ၏။ ဤကား အနက်။

ထိုနေ့အခါ ကာလ၌လည်း ကိုယ်တော်မြတ်သည် ခြောက်ဝကုန်သော ရောင်ခြည်တော်တို့ကို လှည့်လည်ကွန့်ယှက် ထွက်တော်မူစေလျက် အသရေ အတန်တန် နှိုင်းရန်မလျော် ဘုရားတည်းဟူသော အာနုဘော် တင့်တယ်စံပယ် ခြင်းဖြင့် ရာဇဂြိုဟ်မြို့တွင်းသို့ ချဉ်းကပ်ကြွဝင်တော်မူလာခဲ့သတည်း။ သုမန ပန်းသည်သည် အတည်တည်သော ပါရမီတော်အဟုန် ကျေးဇူးဂုဏ်တို့ကြောင့် အဖုံဖုံသော အရောင် တပြောင်ပြောင် ထွန်းလင်းတောက်ပ တဝင်းဝင်း ထွက်ကြွလျက် လောကမင်္ဂလာ ရတနာပန်းစေတီနှင့် တူလှစွာသော သုံးဆယ့် နှစ်ပါးကုန်သော ယောကျ်ားမြတ်တို့၏ လက္ခဏာတော်ကြီး ရှစ်ဆယ်သော လက္ခဏာတော်ငယ် တင့်တယ်ခြင်း အစုတို့ဖြင့် ရှုကြည့်၍ မငြီးနိုင်လောက်သော ကိုယ်တော်မြတ်၏ အတ္တဘောတော်ကို ရှုမျှော် ဖူးမြင်ရသောအခါ ကြည်ညို စွာသော စိတ် ယိုဖိတ်ကျဆင်းမည့်ပမာ ဖြစ်ပေါ်လာသဖြင့် ဆရာမြတ်ဖျား ဘုရားသခင် ကိုယ်တော်မြတ်အား အဘယ်သို့သော ဝတ္ထုဖြင့် ပြုစုတောက်ပံ့ ချီးမြှင့်ကော်ရော် ပူဇော်လှူဒါန်းပါရအံ့နည်းဟု ထိုမှဤမှ ကြည့်ရှုကြံစည်သည် ရှိသော် တစ်စုံတစ်ခုမျှသော တစ်ပါးသော ပစ္စည်းဝတ္ထုကို ကြည့်မှု၍ မမြင် သောကြောင့် ငါ့တွင် ပါလာသော ဤမုလေးပန်းတို့ဖြင့် ပူဇော်လှူဒါန်းခြင်းကို ပြုအံ့ဟု ကြံပြီးလျှင် စဉ်းစားဆင်ခြင် ပြန်သည်မှာ ယခုအခါ ငါယူဆောင်ခဲ့သော ဤပန်းတို့သည်ကား ပြည့်ရှင်မင်းမြတ်အား နေ့စဉ်မပြတ် ဆက်သအပ်သော ပန်းတို့ဖြစ်လေသည်။ ပြည်ကြီးသခင် ဘုရင်မင်းမြတ်သည် ဆက်သွင်းနေကြ ဖြစ်သော ဤပန်းတို့ကို မရသည် ရှိသော် ငါ့ကို နှောင်ဖွဲ့မှုလည်း နှောင်ဖွဲ့ ပေရာ၏။ သတ်မှုလည်း သတ်ပေရာ၏။ တိုင်းပြည်မှ နှင်ထုတ်မှုလည်း နှင်ထုတ် ပေရာ၏။ အသို့ပြုရပါအံ့နည်းဟု စဉ်းစားဆင်ခြင်၏။

## သုမနပန်းသည် မြတ်စွာဘုရားအား ပန်းတို့ဖြင့် ပူဇော်ခြင်း

ထိုနောက်တဖန် ထပ်မံတက်ကြွ၍ ကြံပြန်သည်မှာ ပြည်ကြီးသခင် ဘုရင် မင်းမြတ်သည် ငါ့ကို သတ်လိုမူလည်း သတ်စေတော့ နှောင်ဖွဲ့ ချည်တုပ် တိုင်းပြည်မှ နှင်ထုတ်မူလည်း နှင်ထုတ်စေတော့။ ဤပန်းကို ထိုမင်း သို့ သွင်းဆက်သော်လည်း ထိုမင်းကြီးသည် ဤခန္ဓာကိုယ် အတ္တဘော၌ အသက် မွေးမျှလောက်ရုံသော ပစ္စည်းဥစ္စာကိုသာ ပေးလေရာ၏။ မြတ်စွာဘုရား ကိုယ်တော်မြတ်အား ညွတ်ပြတ်ကော်ရော် ပူဇော်လှူဒါန်း ရပါဘိမူကား များစွာကုန်သော ကမ္ဘာကုဋေတို့၌ စီးပွါးချမ်းသာ ကောင်းစွာများပြားခြင်းငှါ ဖြစ်ပေလိမ့်မည်ဟု ကြံ၍ မိမိ၏ ဇီဝိတိန္ဒြေ အသက်ကို မြတ်စွာဘုရား ကိုယ် တော်မြတ်အား စွန့်လွှတ်လေ၏။ ထို သုမနပန်းသည်သည် အကြင်မျှလောက် သော အခါပတ်လုံး ငါ၏ စိတ်သည် မတွန့်တို မဆုတ်နစ်၊ ထိုမျှလောက်သော

ကာလပတ်လုံး ပူဇော်ခြင်းကို ပြုအံ့ဟု နှိုင်းချိန်ပြီးလျှင် နှစ်သက်ဝမ်းသာ ကောင်းစွာ တက်ကြွသော စိတ်ရှိသည် ဖြစ်၍ မြတ်စွာဘုရားသခင်ကို ပူဇော်လှူဒါန်း၏။ အဘယ်သို့ ပူဇော် လှူဒါန်းသနည်း ဟူမူကား ရှေးဦးစွာ နှစ်ဆုပ်မျှလောက်သောပန်းတို့ကို မြတ်စွာဘုရားကိုယ်တော်မြတ်၏ အထက်သို့မြှောက်၍ ပစ်လိုက်၏။ ထိုပစ်အပ်သော ပန်းတို့သည် ဦးထိပ်၌ မျက်နှာကြက် ဗိတာန်ကဲ့သို့ ဖြစ်၍ တည်ကုန်၏။ ထိုနောက် နှစ်ဆုပ်သော ပန်းတို့ကို ကြဲမြှောက်၍ ပစ်လိုက်ပြန်၏။ ထိုပန်းတို့သည် လက်ယာနံပါး၌ ပန်းဖြင့် ဖုံးလွှမ်းလျက် အောက်သို့ သက်၍ တည်၏။ ထို့နောက် နှစ်ဆုပ်သော ပန်းတို့ကို ကြဲမြှောက်ပြန်၏။ထိုပန်းတို့သည် နောက်အဖို့ဖြင့် အောက်သို့ တွဲလည်း သက်ပြီးသည်ကာလ ရှေးနည်း အတူသာလျှင် တည်ကုန်၏။ ထို့နောက် နှစ်ဆုပ်သော ပန်းတို့ကို ကြဲမြှောက်ပြန်၏။ ထိုပန်းတို့သည် လက်ဝဲနံပါးဖြင့် သက်၍ ရှေးနည်းအတူသာလျှင် တည်ကုန်၏။ ဤသို့သော နည်းဖြင့် ရှစ်ကွမ်းစားမျှ လောက်ကုန်သော ပန်းတို့သည် ရှစ်ဆုပ်ဖြစ်၍ ကြဲမြှောက်သောအတိုင်း ဦးထိပ်၏ အထက်, လက်ဝဲ, လက်ယာ, အောက်အဖို့အားဖြင့် လေးမျက်နှာကုန်သော အရပ်အဖို့တို့၌ မြတ်စွာဘုရားကိုယ်တော်သို့ ဝန်းပတ်ခြံရံ၍ လိုက်ကုန်၏။ မြတ်စွာဘုရား၏ ရှေ့တည့်တည့်မှ တံခါးသဖွယ် ယှက်သွယ်ခြင်းမရှိ လစ်လပ်၍ တည်ဘိ၏။ ရှိရှိသမျှကုန်သော ပန်းတို့သည် အတွင်းသို့ အညှာရိုးတန်ကို ပြုလျက် ပြင်ဘက်အဖို့သို့ ပွင့်ချပ်ထွက်လျက် ပန်းကွန်ရက်ဖြင့် ဖုံးအုပ် ဝန်းရံ၍ ထားဘိသကဲ့သို့ ရှိ၏။ မြတ်စွာဘုရားသခင်သည် ငွေပြားဝန်းရံဘိသကဲ့သို့ ရှိ၏။ မြတ်စွာဘုရားသခင်သည် ငွေပြားဝန်းရံဘိသကဲ့သို့ ဖြစ်၍ ကြွသွားတော်မူ၏။

ထိုမုလေးပန်းတို့သည် စိတ်စေတနာ မရှိသော အဝိညာဏကပင် ဖြစ်ကုန်သော်လည်း စိတ်စေတနာ ရှိသော သဝိညာဏက ဖြစ်သော မြတ်စွာဘုရားသခင်ကို မှီ၍ စိတ်စေတနာ ရှိဘိသကဲ့သို့ မြတ်စွာဘုရားသခင်ကို မစွန့်မူ၍ အောက်သို့ မကျဘဲ မြတ်စွာဘုရားနှင့် အတူတကွသာလျှင် ဘုရားကြွသွားတော်မူသည် ရှိသော် သွား၏။ မြတ်စွာဘုရား တည်နေတော်မူသည် ရှိသော် တည်နေကုန်၏။

ထို့ကြောင့် ဋ္ဌကထာ၌—

> ပုပ္ဖါနိ အစိတ္တကာနိပိ သစိတ္တကံ နိဿာယ သစိတ္တကာနိ ဝိယ အဘိဇ္ဇိတွာ အပတိတွာ သတ္ထာရ သဒ္ဓိံ ယေဝ ဂစ္ဆန္တိ၊ ဌိတဌိတဋ္ဌာနေ တိဋ္ဌန္တိ–

ဟူ၍ မိန့်တော်မူ၏။

**အနက်ကား။** ။ပုပ္ဖါနိ၊ ပန်းတို့သည်။ အစိတ္တကာနိပိ၊ ဝိညာဏ်ကင်းဆိတ် စိတ်မရှိပါကုန်သော်လည်း။ သစိတ္တကံ၊ စိတ်ရှိတော်မူသော။ ဘဂဝန္တံ၊ ဘုန်းခြောက်ပါးရှင် ဘုရားသခင်ကို ။နိဿယ'မှီ၍။ သစိတ္တကာနိဝိယ၊ ဝိညာဏ်စိတ်၏ ထင်ရှားရှိကုန်ဘိသို့။ အဘိဇ္ဇိတွာ၊ သုံးလူ့ထွတ်ထား ဘုရားကို မကွေမကွာ မကွဲပြားမူ၍။ အပတိတွာ၊ အောက်သို့သက်ရ မလျှောကျမူ၍။ သတ္ထာရာ၊ ဆရာမြတ်ဖျား ဘုရားရှင်နှင့်။ သဒ္ဓိံ ယေဝ၊ အတူတကွသာလျှင်။ ဂစ္ဆန္တိ၊ သွားကုန်၏။ ဌိတဌိတဋ္ဌာနေ၊ မြတ်စွာဘုရား တည်တော်မူရာ တည်တော်မူရာ အရပ်တိုင်း၌။ တိဋ္ဌန္တိ၊ ဗိတာန်သဖွယ် ကောင်းကင်လယ်၌ အုံ့ဖွယ်တစ်ခု ပြု၍တည်နေကုန်၏။ ဤကား အနက်။

## မြတ်စွာဘုရားအား ဇစ်ဆယ့်ရှစ်ကုဋေသော မြို့သူမြို့သားတို့ လှူဒါန်းပူဇော်ကြခြင်း

မြတ်စွာဘုရားသခင်၏ ကိုယ်တော်မှလည်း ဝသန္တဥတုအခါ အဇဋ္ဌာကောင်းကင်ထက်ဝယ် ပြေးယှက်မြူးသန်း လျှပ်ပန်းနွယ် တစ်သိန်းမျှလောက်တို့၏ တောက်ပသော အခြင်းအရာကဲ့သို့ ရွှေနောက်နှစ်ဖြာ လက်ယာလက်ဝဲကဲဆင့် ဖြိုးလျက် ဦးထိပ်ထက်တို့မှ တလက်လက်တဝင်းဝင်း ထွန်းလင်းဖုံဖုံ ရောင်မျိုးစုံအဝဝတို့သည် ထွက်ကြွတော် မူကုန်၏။ ထိုရောင်ခြည်တော် အပေါင်းတို့သည် မြတ်စွာဘုရားရှုပကာယ ခန္ဓာကိုယ်တော်မှ ထွက်လျှင်ထွက်ချင်း ရှေးရှုရာအရပ်သို့ ဦးစွာမပြေးသွားသေးမူ၍ အလုံးစုံကုန်သော ရောင်ခြည်တော် တို့သည်လည်း မြတ်စွာဘုရားသခင်ကို သုံးကြိမ်သုံးခါတိုင်တိုင် လက်ယာရစ် လှည့်လည်သည်ကို ပြု၍ထန်းပင်ပျိုလုံးခန့် ပမာဏရှိသည်ဖြစ်၍သာလျှင် မြတ်စွာဘုရား ရှေ့တော်မှ ပြေးသွားကုန်၏။ ထို့ကြောင့် ရင်းအဋ္ဌကထာ၌—

ကောပိ သမ္မုခသမ္မုခဋ္ဌာနေနေဝ အပလာယိတွာ သဗ္ဗာပိ သတ္ထာရံ
တိက္ခတ္တုံ ပဒက္ခိဏံ ကတွာ တရုဏတာလက္ခန္ဓပ္ပမာဏာ ဟုတွာ
ပုရတော ဧဝ ဓာဝန္တိ—

ဟု မိန့်တော်မူ၏။

**အနက်ကား။** ။ကောပိ၊ တစ်ခုသော ရောင်ခြည်တော်သည်လည်း။ သမ္မုခ သမ္မုခဋ္ဌာနေနေဝ၊ ရှေးရှုရာ ရှေးရှုရာ အရပ်သို့သာလျှင်။ အပလာယိတွာ၊ မပြေးသွားမူ၍။ သဗ္ဗာပိ၊ အလုံးစုံကုန်အောင်တိုင်သော ရောင်ခြည်တော်တို့သည်လည်း၊ သတ္ထာရံ၊ ဆရာမြတ်ဖျား ဇေဘုရားကို။ တိက္ခတ္တုံ၊

သုံးကြိမ်တိုင်တိုင်။ ပဒက္ခိဏံ၊ လက်ယာရစ် လှည့်သည်သည်ကို။ ကတွာ၊ ပြု၍။ တချဏတာလက္ခန္ဓပ္ပမာဏာ၊ ပျိုနုသော ထန်းပင်စည်လုံးခန့် ပမာဏသည်။ ဟုတွာ၊ ဖြစ်၍၊ ပုရတော ဝေ၊ ရှေ့မှသာလျှင်။ ဓာဝန္တိ၊ ပြေးသွားကုန်၏။ ဤကား အနက်။

အလုံးစုံသော ရာဇဂြိုဟ်မြို့ကြီးသည် တုန်လှုပ်၏။ မြို့တွင်း ကိုးကုဋေ မြို့ပြင် ကိုးကုဋေအားဖြင့် တစ်ဆယ့်ရှစ်ကုဋေကုန်သော အိမ်ခြေတို့၌ တည်ရှိကုန်သော ယောကျ်ား မိန်းမ ဟူသမျှတို့တွင် လျှံဒါန်းဖွယ်ရာသော ဆွမ်းကို ကိုင်ငင်၍ အိမ်မှ မထွက်သောသူမည်သည် တစ်စုံတစ်ယောက်မျှ မရှိ။ များစွာသော လူအပေါင်းသည် ရဲရင့်စွာသော အသံကို ကြွေးကြော်ပျက် တစ်ထောင် မျှလောက်ကုန်သော ပုဆိုး ဦးရစ်မြှောက်ခြင်း စသည်တို့ကို ပြုကုန်ပြီးသော ကာလ မြတ်စွာဘုရားရှေ့တော်မှ ပူဇော်၍ လိုက်ကြကုန်၏။ မြတ်စွာဘုရားသခင် သည်လည်း သုမနပန်းသည်၏ ကျေးဇူးဂုဏ် ထင်ရှားသည်ကို ပြုခြင်းငှါ သုံးဂါဝုတ်ပမာဏရှိသော မြို့၌ စည်လှည့်လည်သော ခရီးလမ်းဖြင့် ကြွတော် မူ၏။ သုမနပန်းသည်၏ ကိုယ်သည် ငါးပါးသော အဆင်းရှိသော ပီတိဖြင့် ပြည့်၏။ ထိုပန်းသည်သည် အနည်းငယ်မျှသာလျှင် မြတ်စွာဘုရားသခင်နှင့် အတူတကွ လှည့်လည်၍ ဆေးဒါန်း မြင်းသီလာ အပြင်၌ ငုပ်ဘိသကဲ့သို့ ဘုရား ရောင်ခြည်တော်၏ အဘွင်းသို့ ဝင်ပြီးသော် မြတ်စွာဘုရားသခင်ကို ချီးမွမ်း ရှိခိုး၍ ပန်းမရှိသော အချည်းနှီးသော ခြင်းကိုသာလျှင်ယူ၍ အိမ်သို့သွားလေ၏။ ထိုအခါ သုမနပန်းသည်ကို မယားခင်ပွန်းမက ပန်းတို့သည် အဘယ်မှာနည်းဟု မေး၏။ မြတ်စွာဘုရားအား ပူဇော်လှူဒါန်းလိုက်ပြီဟု ပြော၏။ ထိုနောက် တဖန် ထပ်၍ ပန်းတို့သည် အဘယ်မှာနည်းဟု မေးပြန်သော် ဘုရားအား ပူဇော်လိုက်ပြီဟု ပြောပြန်၏။ ယင်းသို့ ပန်းတို့ကို ဘုရားအား လှူဒါန်းပူဇော် ခဲ့လျှင် ဤယခုအခါ၌ မင်းကြီးအား အသို့ ပြုပါအံ့နည်းဟု မေးသဖြင့် သုမန ပန်းသည် ချစ်နှမ မင်းကြီးသည် ငါ့အား သတ်လိုလည်း သတ်စေ တိုင်းပြည်မှ နှင်ထုတ်မူလည်း နှင်းထုတ်စေ ငါသည် အသက်ကို စွန့်လွှတ်ပြီးသောကာလ မြတ်စွာဘုရား ကိုယ်တော်မြတ်ကို ပူဇော်လှူဒါန်း၏။ အလုံးစုံသော ပန်းတို့သည် ရှစ်ဆုပ်မျှတို့သည် ဖြစ်ကုန်၏။ ဤသို့ သဘောရှိသည်မည်သော အံ့ဖွယ်သရဲနှင့် ပြည့်စုံသော ပူဇော်လှူဒါန်းခြင်းသည် ဖြစ်လေ၏၊ လူများအပေါင်းသည် ကြွေးကြော်ခြင်း တစ်ထောင်မျှလောက်ကုန်သော ဦးရစ်ပုဆိုး မြှောက်ခြင်းတို့ကို ပြု၍ မြတ်စွာဘုရား ကိုယ်တော်မြတ်နှင့်တကွ လိုက်သွား၏။ အသင်ချစ်နှမသည် လူအပေါင်းတို့ ကြွေးကြော်သော အသံကို မကြားပါလော့။ ထိုအသံသည် ငါပန်းပူဇော်ရာ၌ အံ့ဖွယ်သရဲဖြစ်၍ ကြွေးကြော်ကြသော အသံပေတည်းဟု ပြော၏။

## စိတ်ထားမကောင်းသော မယားသည် လင်သုမနပန်းသည်နှင့် ကွာရှင်းခြင်း

ထိုအခါ သုမနပန်းသည်၏ မယားခင်ပွန်းမသည် မိုက်မဲတွေလှသည် ဖြစ်သောကြောင့် ဤသို့သဘောရှိသော တန်ခိုးပြာဋိဟာ အံ့ဖွယ်သရဲ ဖြစ်ရာ၌ သော်လည်း ကြည်ညိုနှစ်သက်ခြင်း မည်သည်ကို မဖြစ်စေမူ၍ ထိုသုမနပန်းသည်ကို မြည်တမ်းဆဲရေး ရေရွတ်၍ ပြည်ရှင်မင်းတို့မည်သည်ကား ရက်စက်ကြမ်းကြုတ်သော သဘောရှိ၏၊ တစ်ကြိမ်မျှဖြစ်သော အမျက်ဖြင့် လက်ခြေကို ဖြတ်ခြင်း အစရှိသဖြင့် များစွာကုန်သော အကျိုးစီးပွားမဲ့ကိုသော်လည်း ပြုတတ်ကုန်၏။ အသင်ပြုအပ်သော ထိုအမှုဖြင့် ငါ့အားသော်လည်း အကျိုးစီးပွားမဲ့သည် ဖြစ်ရာသည်ဟု ပြောဆိုမည်ဘမ်း၍ သားငယ်တို့ကို ယူပြီးသောအခါ မင်းအိမ်နန်းတော်သို့ သွားပြီးလျှင် မင်းကြီးသို့ ချဉ်းကပ်သည်ကာလ မင်းကြီးက အဘယ်အကြောင်းနည်းဟု မေးတော်မူသော် ထိုမိန်းမက ကျွန်တော်မ၏ ခင်ပွန်းလင်သည် အရှင်မင်းမြတ်တို့အား ခစားလုပ်ကျွေး ဆက်သွင်းရဖြစ်သော ပန်းတို့ဖြင့် မြတ်စွာဘုရားကို ပူဇော်လှူဒါန်းပြီးသော် အချည်းနှီးသော လက်ရှိသည်ဖြစ်၍ အိမ်သို့ပြန်လာပါသည်။ ပန်းတို့သည် အတည်မှာနည်းဟု ကျွန်တော်မက မေးမြန်းသောကာလ ဤအမည်ရှိသောစကားကို ပြောဆိုပါသည်။ ကျွန်တော်မက ထိုသူကိုဆဲရေးရေရွတ်၍ မင်းတို့မည်သည်ကား ရက်စက်ကြမ်းကြုတ်ကုန်၏။ တစ်ကြိမ်အမျက်ထွက်ကာမျှသော်လည်း လက်ခြေ စသည်တို့ကို ဖြတ်ခြင်းဖြင့် များစွာသောအကျိုးစီးပွါးမဲ့ကိုလည်း ပြုတတ်ကုန်၏။ အရှင်မင်းမြတ်၏ ကျွန်တော်မျိုးဖြစ်သော ပန်းသည်သည် ပြုအပ်သောအမှုသည် ကျွန်တော်မအားလည်းဖြစ်ပေရာ၏ဟု နှလုံးပိုက်၍ ထိုသုမနပန်းသည်ကို စွန့်ပြီးသောကာလ ဤနန်းတော်သို့လာခဲ့ပါသည်။ ထိုသုမနပန်းသည် ပြုအပ်သောအမှုသည် ကောင်းသည်ကိုပြုသည်မူလည်းဖြစ်စေ၊ မကောင်းသည်ကို ပြုသည်မူလည်း ဖြစ်စေ၊ ထိုသူအားသာလျှင် ဖြစ်ပါစေ၊ ကျွန်တော်မသည် ထိုသူအား စွန့်အပ်သောအဖြစ်ကို အရှင်မင်းမြတ် သိတော်မူပါလော့ဟု ကြားလျှောက်၏။

ဗိမ္ဗိသာရမင်းကြီးသည် ရှေးဦးစွာ မြတ်စွာဘုရားသို့ ဖူးမြင်ရစဉ် ကပင် သောတာပတ္တိဖိုလ်သို့ ရောက်၏။ သဒ္ဓါတရားအားကြီးစွာ နှစ်သက်ကြည်ညိုခြင်းရှိသော အရိယာသာဝကဖြစ်တော်မူသော ဗိမ္ဗိသာရမင်းကြီးသည် ကြံဆင်တော်မူသည်မှာ ဩော် အံ့ဖွယ်ရှိလေစွတကား၊ ဤမိန်းမသည် အလွန်မိုက်မဲတွေဝေလေစွတကား၊ ဤသို့ သဘောရှိသော ကျေးဇူးဂုဏ်၌ သော်လည်း နှစ်သက်ကြည်ညိုခြင်းကို မဖြစ်စေနိုင်ဟု ကြံဆင်ခြင်တော်မူ၏၊ ကြံဆင်ခြင်တော်မူပြီးသော် ထိုသုမန ပန်းသည်အား အမျက်ထွက်ဘိသကဲ့သို့ဖြစ်၍ အသင်

ပန်းသည်မ၊အဘယ်ကို အသင်လျှောက်ကြားဘိသနည်း။ ငါ့အား ဆက်သွင်းဖို့ရာ ဖြစ်သော ပန်းတို့ဖြင့် သုမနသည် ပူဇော်လျှုဒါန်းခြင်းကို ပြုသလောဟု မေးတော်မူသည်ရှိသော် ပန်းသည်မကလည်း ဟုတ်ပါသည်အရှင်မြတ်ဟု လျှောက်ကြားသဖြင့် အသင်ပန်းသည်မ ဤယခုအခါ၌ ထိုသူကို အသင်စွန့်လွှတ်လိုက်ခြင်းသည် ကောင်းသောအမှုကို ပြုအပ်ပေ၏။ ထိုသုမနသည် ငါ၏ပန်းတို့ဖြင့် ပူဇော်လျှုဒါန်းခြင်းကို ပြုလေဘိသည်။ ထိုသုမနပန်းသည်အား ပြုအပ်သော အမှုကို သိစေအံ့ဟု ပြောဆို၍ ထိုမိန်းမကို လွှတ်လိုက်ပြီးသော် လျင်မြန်စွာ မြတ်စွာဘုရားသခင်၏ထံသို့ သွားရောက်ညွတ်လျှိုး ရှိခိုးပြီး၍ ဘုရားနှင့်အတူ တကွသာလျှင် လှည့်လည်လေ၏။ မြတ်စွာဘုရားသခင်သည် ဗိမ္ဗိသာရမင်းကြီးအား စိတ်၏ကြည်လင်နှစ်သက်ခြင်းဖြစ်သည်ကို သိတော်မူ၍ အစဉ်လှည့်လည်သော လမ်းခရီးအစဉ်ဖြင့်သာ မြို့ကိုလှည့်လည်ပြီးသော် မင်းအိမ်နန်းတော်တံခါးဝသို့ ကြွတော်မူ၏။

မင်းကြီးသည် သပိတ်တော်ကိုယူ၍ နန်းတွင်းသို့ သွင်းဆောင်ခြင်းငှါ အလိုရှိ၏၊ မြတ်စွာဘုရားသခင်သည်ကား မင်းရင်ပြင်၌သာ သီတင်းသုံးတော်မူလိုသော အခြင်းအရာကိုပြ၏၊ မင်းကြီးသည် ထိုအကြောင်းကိုသိ၍ လျင်မြန်စွာ မဏ္ဍပ်ကို ပြုကုန်လော့ဟု အမိန့်ပေး၍ ထိုခဏ၌သာလျှင် မဏ္ဍပ်ကိုပြုလုပ်စေ၏။ မြတ်စွာဘုရားသခင်သည် ရဟန်းသံဃာနှင့်တကွ မင်းရင်ပြင်မဏ္ဍပ်သို့သာ ချဉ်းကပ်သီတင်းသုံးထိုင်နေတော်မူ၏ မြတ်စွာဘုရားသခင်သည် အဘယ့်ကြောင့် မင်းအိမ်နန်းတွင်းသို့ ကြွဝင်၍ သီတင်းသုံးတော် မမူလေသနည်းဟူမူကား မြတ်စွာဘုရားကိုယ်တော်မြတ်အား ဤသို့အကြံတော်သည် ဖြစ်ပေသတတ်၊ အကယ်၍ ငါဘုရားသည် နန်းတွင်းသို့ဝင်၍ ထိုင်နေ သီတင်းသုံးတော်မူသည်ဖြစ်ခဲ့အံ့၊ လူများအပေါင်းသည် ငါဘုရားအား ဖူးမြော်ခြင်းငှါ မရပေလတ္တံ့၊ သုမနပန်းသည်၏ဂုဏ်ကျေးဇူးအထူးသည်ထင်ရှားသည်မဖြစ်ပေလတ္တံ့။ မင်းရင်ပြင်၌ ထိုင်နေတော်မူသော ငါဘုရားကိုမူကား လူများအပေါင်း ဖူးမြင်ခြင်းငှါ ရပေလတ္တံ့၊ သုမနပန်းသည်၏ ဂုဏ်ကျေးဇူးသည်လည်း အထူးထင်ရှားပေလတ္တံ့ဟု ဤသို့သော အကြံတော် ရှိတော်မူသောကြောင့် မင်းရင်ပြင်၌ သီတင်းသုံး ထိုင်နေတော်မူသတည်း။ ထိုစကားမှန်၏။ ဂုဏ်ရှိသောသူတို့၏ ဂုဏ်ကျေးဇူးကို မြတ်စွာဘုရားကိုယ်တော်မြတ်တို့ သည်သာလျှင် ထင်ရှားသည်ကို ပြုခြင်းငှါ စွမ်းနိုင်ကုန်၏။ ကြွင်းသောလူအပေါင်းသည် ဂုဏ်ကျေးဇူးရှိကုန်သော သူတို့၏ ဂုဏ်ကျေးဇူးကို ဆိုသည်ရှိသော် ဝန်တိုလျှို့ဝှက်၏။ ထိုကြောင့် ဋ္ဌင်း အဋ္ဌကထာ၌—

ဂုဏဝန္တာနဥ္စ ဂုဏံ ဗုဒ္ဓါ ဝေ ပါကဋံ ကာတုံ သက္ကောန္တိ၊
အဝသေသဇနော ဂုဏဝန္တာနံ ဂုဏံ ကထေန္တော မစ္ဆရာယတိ–

ဟု မိန့်တော်မူ၏။

**အနက်ကား။** ။တဒေဝ သစ္စံ၊ ထိုစကား သည်သာလျှင် ထင်ရှား ကေန် မှန်လှပေ၏။ ဂုဏဝန္တာနံ၊ ကျေးဇူးရနံ့ သင်းပျံ့ မွှေးထုံ ဂုဏ်ရှိကုန်သော သူတို့၏။ ဂုဏံ။ ဂုဏ်ကို။ ဗုဒ္ဓါ ဝေ၊ သစ္စာလေးအင် ကိုယ်တိုင်မြင်သော ဘုရားရှင်တို့သည်သာလျှင်။ ပါကဋံ၊ အဇင္ဓာပြင် ထက် ကောင်းကင်၌ ကြည်လင်ထွန်းပ နေ လ ရထားကဲ့သို့ ထင်ရှားသည်ကို။ ကာတုံ၊ ပြုခြင်းငှါ၊ သက္ကောန္တိ၊ စွမ်းနိုင်ကုန်၏။ အဝသေသဇနော၊ ကြွင်းသော လူများအပေါင်းသည်။ ဂုဏဝန္တာနံ၊ ကျေးဇူးရနံ့ သင်းပျံ့မွှေးထုံ ဂုဏ်ရှိကုန် သော သူတို့၏။ ဂုဏံ၊ ဂုဏ်ကို။ ကထေန္တော၊ ဆိုသည်ရှိသော်။ ဝါ၊ ဆိုလျက်။ မစ္ဆရာယတိ၊ မထင်ရှားစေလို ဝန်တိုလျှို့ဝှက်၏။ ဤကား အနက်။

## သုမနပန်းသည်အား များမြတ်သော ဆုရှစ်မျိုးကို ဗိမ္ဗိသာရမင်းကြီးက ချီးမြှင့်ခြင်း

ဤသို့မင်းရင်ပြင်၌ မြတ်စွာဘုရား ထိုင်နေ သီတင်းသုံးတော်မူသည်ရှိသော် လေးခုကုန်သော ပန်းဗိတာန်တို့သည် လေးပါးကုန်သော အရပ်မျက်နှာအဖို့ တို့၌ တည်ကုန်၏။ လူများအပေါင်းသည် မြတ်စွာဘုရားကို ခြံရံ၏။ ဗိမ္ဗိသာရ မင်းကြီးသည် ဘုရားအမှူးရှိသော ရဟန်း သံဃာတော် အပေါင်းကို မွန်မြတ် သော ခဲဖွယ်ဘောဇဉ် ချိုချဉ်အာဟာရဖြင့် လုပ်ကျွေးလှူဒါန်း၏။ မြတ်စွာ ဘုရားသခင်သည် ဆွမ်းစားပြီးသည်၏ အဆုံး၌ အနုမောဒနာကို ပြုတော်မူ၍ ရှေးနည်းအတူသာလျှင် လေးခုကုန်သော ပန်းဗိတာန်တို့ဖြင့် ဝန်းရံယှက်ကာ လျက် ခြသေ့်မင်း၏ အသံကဲ့သို့သော အသံဖြင့် အဖန်ဖန် ကျူးရင့်ခြင်းကို ဖြစ်စေလျက် လူများအပေါင်းဖြင့် ခြံရံအပ်သည်ဖြစ်၍ ကျောင်းတော်သို့ ကြွတော်မူ၏။

ဗိမ္ဗိသာရမင်းကြီးသည် မြတ်စွာဘုရားကို အစဉ်လိုက်၍ အနည်းငယ်ပို့လိုက် ပြီး၍ ဆုတ်နစ်ပြန်လည် လာခဲ့ပြီးသောအခါ သုမနပန်းသည်ကို ခေါ်တော်မူ၍ ငါ့အား ဆက်သွင်းခြင်းငှါ ယူဆောင်လာခဲ့သော ရှစ်ဆုပ် ရှစ်ကွမ်းစားသော ပန်းတို့ဖြင့် အဘယ်သို့ အောက်မေ့မှတ်ထင် နှလုံးသွင်းခြင်းကို ပြု၍ မြတ်စွာ ဘုရားအား ပူဇော်လှူဒါန်းဘိသနည်းဟု မေးတော်မူ၏။ သုမနပန်းသည်က ဘုန်းတော်ကြီးတော်မူသော အရှင်မင်းမြတ် ပြည့်ရှင်မင်းကြီးသည် ငါ့အား

သတ်လိုမှုလည်း သတ်စေတော့၊ တိုင်းနိုင်ငံမှ နှင်ထုတ်မှုလည်း နှစ်ထုတ်စေတော့ဟု ကြံ၍ အသက်ကို စွန့်ပြီးသည်ကာလ ပူဇော်လှူဒါန်းလိုက်မိပေသည်ဟု လျှောက်တင်လျှင် ဘုရင်မင်းမြတ်က သုမန သင်သည် ယောကျ်ားမြတ်တို့ မည်သည် ဖြစ်ပေ၏ဟု မိန့်တော်မူ၍ ရှစ်ကောင်သောဆင်၊ ရှစ်ကောင်သောမြင်း၊ ရှစ်ယောက်သောကျွန်မိန်းမ၊ ရှစ်ယောက်သော ကျွန်ယောကျ်ား၊ ရှစ်ခုသော တန်ဆာတို့ကို ပေးသနားတော်မူပြီးလျှင်၊ တစ်ဖန် အသပြာရှစ်ထောင် မင်းမျိုးမှ ထုတ်ဆောင်၍ အလုံးစုံသော တန်ဆာတို့ဖြင့် တန်ဆာဆင်အပ်ကုန်သော ရှစ်ယောက်ကုန်သော သမီးကညာ အခွန်ကျေးလက် ကောင်းစွာထွက်ကုန်သော ရှစ်ခုကုန်သော ရွာမြတ်အားဖြင့် ဤအလုံးစုံသော ရှစ်ခု ရှစ်ခု အရေအတွက် အပေါင်းပေးခြင်းတည်းဟူသော အဋ္ဌကဒါနကို ပေးသနားတော်မူ၏။ အရှင်အာနန္ဒာမထေရ် ကိုယ်တော်မြတ်က ကြံဆင်ခြင်တော်မူသည်မှာ ယနေ့နံနက်မှစ၍ ရရှင့်သော ကြွေးကြော်ခြင်းတစ်ထောင်တို့သည် လည်းကောင်း၊ ပုဆိုးဦးရစ်မြှောက်ခြင်း တစ်ထောင်တို့သည်လည်းကောင်း ဖြစ်ကုန်၏၊ သုမန ပန်းသည်အား ခံစားအပ်သော အကျိုးအာနိသံသကား အဘယ်သို့ ဖြစ်လတ္တံ့နည်းဟု ကြံဆင်ခြင်တော်မူ၏၊ ကြံဆင်ခြင်တော်မူပြီး၍ကား ထိုအကြောင်းကို ဘုရားသခင်အား မေးလျှောက်၏။

## ပစ္စေကဗုဒ္ဓါ ဖြစ်လတ္တံ့ဟု သုမနပန်းသည်အား ဗျာဒိတ်ပေးတော်မူခြင်း

ဘုရားသခင် ကိုယ်တော်မြတ်က ချစ်သား အာနန္ဒာ ဤသုမနပန်းသည်သည် အနည်းငယ်မျှသော ကောင်းမှု ကုသိုလ်ကံကို စီမံပြုစု လှူဒါန်းအပ်သည်ဟု အသင် မမှတ်လေလင့်။ ဤသူသည် ငါဘုရားအား ဇီဝိတိန္ဒြေ အသက်ကို စွန့်လွှတ်၍ ပူဇော်လှူဒါန်းခြင်းကို ပြုအပ်၏။ ထိုပန်းသည်သည် ငါဘုရား၌ စိတ်ကို ကြည်ညိုစေ၍ လှူဒါန်းပူဇော် ရသောကြောင့် ဤမျှလောက်သော အကျိုးဆက် အာနိသံသကို ကေန်မုချ ခံစားရလိမ့်မည်ဟု ပြတော်မူလိုသောကြောင့်—

> ကပ္ပါနိ သတသဟဿံ၊ ဒုဂ္ဂတိံ န ဂမိဿတိ၊
> ဌတွာ ဒေဝမနုဿေသု၊ ဖလံ တေသ ကမ္မုနော။
> ပစ္ဆာ ပစ္စေကသမ္ဗုဒ္ဓေါ၊ သုမနော နာမ ဘဝိဿတိ—

ဟူသော ဂါထာကို ဟောကြားတော်မူ၏။

**အနက်ကား**။ ။အာနန္ဒ၊ ချစ်သား **အာနန္ဒာ**။ တေသ ကမ္မုနော၊ မိမိအသက် မငဲ့ကွက်ဘဲ ရက်စက်ရှင်လန်း ပေးလှူဒါန်းရသော ထိုကောင်းမှုကံ၏။ ဖလံ၊ **အကျိုး**သည်။ ကပ္ပါနံ **သတသဟဿံ**၊ **ကမ္ဘာ**တစ်သိန်းတို့ တိုင်တိုင်။ ဒုဂ္ဂတိံ၊ အပါယ်နစ်မြုပ် ဒုဂ္ဂတိဘဝသို့။ န ဂမိဿတိ၊ **မလားမကပ်ရပေလတ္တံ့**။ ဒေဝမနုဿေသု၊ **ကောင်းမှုဘုန်းကံ** ပြုစီမံ့သော နတ်ထံ လူ့ပြည်တို့၌။ ဌတွာ၊ တည်၍။ ပစ္ဆာ၊ နောက်မှ။ ဝါ၊ နောက်၌။သုမနော နာမ၊ သုမနအမည်ရှိသော။ ပစ္စေကသမ္ဗုဒ္ဓေါ၊ ပစ္စေကဗုဒ္ဓါသည်။ ဘဝိဿတိ၊ အမှန်စင်စစ် ဖြစ်ပေလတ္တံ့။ ဤ**ကား**အနက်။

**အဓိပ္ပာယ်ကား**။ ။ချစ်သား အာနန္ဒာ သုမနပန်းသည်အား ထိုသို့ပြုရသော ကောင်းမှုကံ၏ အကျိုးအာနိသံသသည် ကမ္ဘာတစ်သိန်း ကာလပတ်လုံး အပါယ် **လေး**ဝသို့ မကျမရောက် မလားကပ်ရဘဲ လူ့ရပ် နတ်ရပ် ဂတိမြတ်သို့ လားကပ်ကျင်လည် ခံစား၍ **နောက်သော**အခါ သုမနမည်သော ပစ္စေကဗုဒ္ဓါသည် ဖြစ်ပေလတ္တံ့ ဟု မိန့်တော်မူ၏။

မြတ်စွာဘုရားသခင်သည် ကျောင်းတော်သို့ ကြွတော်မူ၍ ဂန္ဓကုဋိတိုက်သို့ **ဝင်တော်မူသောကာလ၌** ထိုမုလေးပန်းတို့သည် တံခါးမုခ်၌ ကျကုန်၏။ ညနေချမ်းအခါ ရဟန်းအပေါင်းတို့သည် တရားသဘင်၌ ငါ့ရှင်တို့ သုမနပန်းသည်၏ ပြုအပ်သော ကောင်းမှုကံသည် အဖန်ဖန်ချီးမွမ်း ပြန့်ပြောလျက် အံ့ဩဖွယ်ရှိလေစွတကား။ **သက်တော်ထင်ရှား** ရှိတော်မူသော မြတ်စွာဘုရား**အား အသက်**ကို စွန့်ပြီးသည်ကာလ ပန်းပူဇော် လှူဒါန်းခြင်းကိုပြု၍ ထိုခဏ၌ပင် သဗ္ဗဌက မည်သော ဆုမြတ်ကို ရအပ်လေသည်ဟူသော စကားကို ဖြစ်စေကြကုန်၏။ မြတ်စွာဘုရားသခင်**သည်** ဂန္ဓကုဋိတိုက်မှထွက်၍ သုံးပါးကုန်သော ကြွသွားတော်မူခြင်း အခြင်းအရာတို့တွင် အမှတ်မရှိ တစ်ပါးပါးသော အခြင်းအရာ ကြွသွားခြင်းဖြင့် တရားသဘင်သို့ ကြွသွား**တော်**မူ၍ ခင်း**ထား**အပ်သော ဘုရားနေရာ၌ ထိုင်နေ သီတင်းသုံးတော်မူပြီးသော် ချစ်သားရဟန်းတို့ ငါဘုရား ကြွတော်မူလာသော ယခုအခါ၌ အဘယ်သို့သော တရားစကားဖြင့် ပြောကြားစည်းဝေးတိုင်ပင်ကုန်သနည်းဟု မေးတော်မူသဖြင့် ဤအမည်ရှိသော အကြောင်းပါတည်းဟု လျှောက်ကြားကုန်သည်ရှိသော် ချစ်သား ရဟန်းတို့ ဩော်-ဟုတ်ပါပေ၏။ အကြင်သို့သော အမှုအား ပြုအပ်သည်၏အဖြစ်ကြောင့် နောင်တ တဖန် ပူပန်ကြည်ကဲ့ ဆင်းရဲခြင်းမဖြစ်၊ အောက်မေ့တိုင်း အောက်မေ့တိုင်းသော ခဏ၌ နှစ်သက်ဝမ်းသာခြင်း **သော**မနဿသာလျှင် ဖြစ်ပေ၏။ ဤသို့သဘောရှိသော အမှုကို ပြုအပ်သည့်သာလျှင်တည်းဟု မိန့်တော်မူပြီးလျှင် အနုသန္ဓေကိုစပ်၍ တရားတော်မြတ်ကို ဟောကြားတော်မူလိုရကား —

၆၈။ တဉ္စ ကမ္မံ ကတံ သာဓု၊ ယံ ကတွာ နာနုတပ္ပတိ။
ယဿ ပတီတော သုမနော၊ ဝိပါကံ ပဋိသေဝတိ–

ဟူသော ဂါထာကို မိန့်တော်မူ၏။

ဒေသနာတော်၏ အကျိုးအာနိသင်

ဒေသနာတော်၏ အဆုံး၌ ရှစ်သောင်းလေးထောင်ကုန်သော သတ္တဝါတို့အား အကျွတ်တရားကို ရကုန်၏။

အနက်ကား။ ။ယံ ကမ္မံ၊ အကြင်အမှုကို။ ကတွာ၊ ပြုပြီး၍။ ဝါ၊ ပြုသည်ရှိသော်။ ဝါ၊ ပြုသောကြောင့်။ နာနုတပ္ပတိ၊ နောင်တဘဖန် မပူပန်ရပေ။ ပတီတော၊ နှလုံးချမ်းမြည့် ဂွမ်းဆီထိသို့ ပီတိဖြင့် နှစ်သက်သည်ဖြစ်၍။ သုမနော၊ သောမနဿ ကြွကြွလျှမ်းတက် နှစ်သက်ဝမ်းမြောက်သည်ဖြစ်၍။ ယဿ ကမ္မဿ၊ ဆည်းပူးကြိုးကုတ်အားထုတ်အပ်သော အကြင်ကံ၏။ဝိပါကံ၊ပစ်ချဖွင့်ဖြိုး အကျိုးအာနိသံကို။ ပဋိသေဝတိ၊ များဖြန့်တည်ကဲ မှီဝဲသုံးဆောင်ရ၏။ကတံ၊ ဆည်းပူးကြိုးကုတ် ပြုလုပ်အပ်သော။ တဉ္စ ကမ္မံ၊ နှစ်သက်ဝမ်းမြောက်စွာ ခံစားရာမှန် ထိုကောင်းမှုကံသည်ကား။ သာဓု၊ ပစ္စုပ္ပန်သံသရာ နှစ်ဖြာစုပေါင်း ကောင်းလှပေ၏။ ဤကားအနက်။

ဓမ္မပဒဗာလဝဂ်၌ ကိုးခုမြောက်သော သုမနပန်းသည်၏
ဝတ္ထုစကားစဉ်ကား ဤတွင်ရွှေပြီး၏။

---

၁၀။ ဥပ္ပလဝဏ်ထေရီမ အကြောင်း

အတိတ်ဝတ္ထု

မဓုဝ မညတိ–အစရှိသော ပါဠိဂါထာ ဤဒေသနာကို ဆရာထွတ်ထား ဘုရားသခင်သည် ပြည်ခွင်ဘူမိ သာဝတ္ထိတောင်စွန် ဇေတဝန် ရွှေကျောင်း၌ ကိန်းအောင်း စံပယ်တော် မူစဉ်ကာလ ဥပ္ပလဝဏ် ထေရီမကို မူလရည်ထား အကြောင်းပြုသောအားဖြင့် ဟောကြားတော် မူခဲ့ပေသတည်း။

အကြောင်း အတ္ထုပ္ပတ္တိ အစဉ်ကား ဤသို့တည်း

ထိုဥပ္ပလဝဏ် ထေရီမသည် ဤဘဒ္ဒကပ်ကမ္ဘာမှ ပြန်ကာတွက်ကိန်း ကပ်တစ်သိန်းအကျတွင် ပဒုမုတ္တရ မည်တော်မူသော မြတ်စွာဘုရားသခင်သည် လူ့ဘွင်ထင်ရှား ဘုရားဖြစ်တော်မူသတည်း။ ထိုအခါ ဥပ္ပလဝဏ်ထေရီမ၏

အလောင်းသည် တစ်ဦးသော အမျိုးသမီး ဖြစ်၍ တစ်ပါးသော ထေရီမကို အဂ္ဂသာဝိကာဌာနထူး ချီးကျူးပေးသနားသည်ကို တွေ့မြင်ရလျှင် မိမိလည်း ထိုထေရီမကဲ့သို့ ဖြစ်လိုသောဆန္ဒ အားကြီးလှသည်ဖြစ်၍ ဘုရားအမှူးရှိသော သံဃာတော်မြတ်တို့အား ကြီးကျယ်စွာသော ဒါနကို လှူဒါန်းပေးကမ်း၍ ပဒုမုတ္တရ မြတ်စွာဘုရား၏ ခြေတော်ရင်း၌ ဝပ်စင်းပြီးကာ အဂ္ဂသာဝိကာမ ဆုကို ပန်ဆင် ဆုတောင်း၏။ မြတ်စွာဘုရားသခင်ကလည်း ကမ္ဘာတစ်သိန်း မြောက်ကျ ဂေါတမဘုရား၏ လက်ထက်၌ ပြည့်စုံလတ္တံ့ ဟု ဗျာဒိတ် ကြားတော်မူ၏။ ထိုဒါယိကာမသည် ယင်းသို့သော ဘဝမှ သေလွန် ပြောင်းကြွ၍ လာခဲ့သည်ရှိသော် ကမ္ဘာတစ်သိန်းတို့ ကာလပတ်လုံး များစွာ ကုန်သော ကောင်းမှုတို့ကို ဆည်းပူးကြိုးကုတ် အားထုတ်ပြုစုလျက် လူ့ပြည် နတ်ပြည်တို့၌ ကျင်လည်ခံစား၍ လာခဲ့ရာ ငါတို့မြတ်စွာဘုရား ပွင့်တော်မူသော အခါ၌ နတ်ပြည်မှ စုတေလာခဲ့၍ သာဝတ္ထိပြည်ဝယ် ပစ္စည်းဥစ္စာ များစွာ ကြွယ်ဝ ပေါများလှသော သူဌေးမျိုး၌ ပဋိသန္ဓေ တည်နေစွဲကပ် ယူလာ၏။ ဖွားမြင်သောအခါ ကြာညိုပန်းနှင့်တူသော အဆင်းသဏ္ဍာန် ကြန်အင်လက္ခဏာ လွန်စွာလှပ ကြည်လင်ခြင်း ရှိသောကြောင့် ထိုသတို့သမီးအား ဥပ္ပလဝဏ္ဏာ ဟူသော အမည်ကို ပြုကုန်၏။

## ဥပ္ပလဝဏ္ဏာ သတို့သမီးနှင့် လက်ထပ်ရန် တောင်းဆိုကြခြင်း

ထိုနောက် ဥပ္ပလဝဏ္ဏာ သတို့သမီး၏ ကြီးပြင်းအလျောက် အရွယ် ရောက်သောအခါ အလုံးစုံသော ဇမ္ဗူဒိပ်ကျွန်း၌ ရှိကုန်သော မင်း မှူးမတ်တို့ သည်လည်းကောင်း၊ သူဌေး သူကြွယ်တို့သည်လည်းကောင်း ဥပ္ပလဝဏ္ဏာ သတို့သမီး၏ ဖခင် သူဌေးကြီး အထံသို့ အသင်၏ သမီးကို ငါတို့အား ထိမ်းမြားလက်ထပ် ပေးဆောင်ခြင်းကို ပြုပါဘိလော့ ဟူသော သဝဏ်း စကားကို အသီးသီး စေလွှတ်ကုန်၏။ ဇမ္ဗူဒိပ်ကျွန်းလုံး၌ မစေလွှတ်ဖူးသော မင်း မှူး မတ် သူဌေး သူကြွယ် မည်သည် တစ်စုံတစ်ယောက်မျှ မရှိ။ ထိုနောက်မှ သူဌေးကြီးက ကြံဆင်ခြင်သည်မှာ - ငါသည် အလုံးစုံကုန်သော မင်း မှူးမတ် သူဌေး သူကြွယ်တို့၏ စိတ်အလိုကို ပြည့်အောင် ယူငြင်းငှါ မစွမ်းနိုင်၊ တစ်ခုသော ဥပါယ်တံမျဉ် အကြောင်းကို ပြုတော့အံ့ဟု ကြံ၍ မိမိ၏ သမီးကို ခေါ်စေပြီးလျှင် ချစ်သမီး အသင်သည် ရဟန်းပြုခြင်းငှါ စွမ်းနိုင်ပါလတ္တံ့လောဟု မေး၏။ ထိုဥပ္ပလဝဏ္ဏာ သတို့သမီးအား ကမ္ဘာ တစ်သိန်းပတ်လုံး ပါရမီကိုဖြည့်၍ အဆုံးစွန်သော ဘဝသို့ ရောက်ပြီးသော ပစ္ဆိမဘဝိက သတ္တဝါဖြစ်သောကြောင့် ချစ်သမီး ရဟန်းပြုနိုင်ပါအံ့လောဟု ဖခင်သူဌေးမေးအပ်သောစကားသည် ဦးခေါင်းဦးထိပ်၌ သွန်းလောင်းအပ်သော

အကြိမ်တစ်ရာ ချက်အပ် နူးညံ့ သိမ်မွေ့ မွေးကြိုင် ကောင်းမြတ်သော ဆိကဲ့သို့ဖြစ်၍ ဖခင် ကောင်းလှပါပြီ၊ ကျွန်တော်မသည် ရဟန်းပြုပါအံ့ဟု ဝန်ခံပြောဆို၏။

## ဥပ္ပလဝဏ်သတို့သမီး ရဟန်းပြုခြင်း

သူဌေးကြီးလည်း ထိုမိမိ၏ သမီးအား ကြီးစွာသော ပူဇော်သက္ကာရကို ပြု၍ ရဟန်းမိန်းမကျောင်းသို့ ပို့ဆောင်ပြီးသောကာလ ရဟန်းပြုစေ၏။ ထိုဥပ္ပလဝဏ္ဏာ ထေရီမအား ရဟန်းပြုပြီး မကြာမြင့်မီသာလျှင် ဥပုသ်အိမ်၌ အလုည့်အကြိမ်ကျသောကြောင့် ဥပုသ်အိမ်၌ ဆီမီးညှိထွန်းခြင်း ဥပုသ်အိမ်ကို တံမြက်လှည်းခြင်းပြု၍ မီမီ ညှိထွန်းအပ်သော ဆီမီးလျှံ၌ နိမိတ်ကို ယူပြီးသည် ကာလ ရပ်နေလျက်သာလျှင် အဖန်ဖန် အထပ်ထပ် မပြတ်ကြည့်ရှုလျက် တေဇောကသိုဏ်း အာရုံရှိသော ဈာန်ကို ဖြစ်စေ၍ ထိုဈာန်ကိုသာလျှင် အခြေပြုပြီးသော် ပဋိသမ္ဘိဒါ အဘိညာဏ်တို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်လေ၏။ ထိုဥပ္ပလဝဏ္ဏာ ထေရီမသည် နောက်အဖို့ဖြစ်သော တစ်ရံခါ၌ ဇနပုဒ်ဒေသစာရီ လှည့်လည်ခြင်းကို လှည့်လည်ပြီး၍ ပြန်လာသောကာလ ဘိက္ခုနီ ရဟန်းမိန်းမတို့အား တော၌ နေခြင်းကို ပညတ်တားမြစ်တော် မမူသေးရကား သာဝတ္ထိပြည်၏ အနီးဖြစ်သော အမိုက်တော၌ ကြွဝင်၍ သီတင်းသုံးတော်မူ၏။ ထိုအခါ မထေရ်မ-နေရာဖြစ်သော ထိုတောအုပ်၌ ကုဋိကိုပြု၍ ညောင်စောင်းခင်းပြီးသော ကာလ တင်းတိမ်ကို ဝန်းရံကုန်၏။

## အလွန်မိုက်လှစွာသော နန္ဒလုလင် အဝီစိငရဲ၌ ကျခြင်း

ဥပ္ပလဝဏ္ဏာ ထေရီမသည် နံနက်မိုးသောက် ကျရောက်သော အခါ သာဝတ္ထိပြည်၌ ဆွမ်းအလို့ငှါ လှည့်လည် ကြွဝင်တော်မူပြီး၍ မြို့မှ ထွက်ပြန်လာခဲ့၏။ ဥပ္ပလ ဝဏ္ဏာထေရီမ ဦးရီး၏သား ဖြစ်သော နန္ဒအမည်ရှိသော လုလင်သည် လူဖြစ်စဉ်ကာလမှ စ၍ ဥပ္ပလဝဏ္ဏာ ထေရီမအား အလွန်လျှင် ချစ်ခင်တိမ်းညွတ် နှောင်ဖွဲ့အပ်သော စိတ်ရှိ၏။ ထိုနန္ဒလုလင်သည် ဥပ္ပလဝဏ္ဏာ ထေရီမ၏ ကြွလာသောအဖြစ်ကို ကြားသိ၍ မထေရ်မ မလာမရောက်မီ ရှေးဦး ကပင်လျှင် အမိုက်တောသို့ သွားရောက်ပြီးသော် မထေရ်မ၏ နေရာကုဋိသို့ဝင်၍ အိပ်ရာညောင်စောင်း၏ အောက်၌ ပုန်းအောင်း၍ နေလင့်၏။ မထေရ်မလည်း ပြန်လာပြီးသော် ကုဋိသို့ဝင်၍ တံခါးကိုပိတ်ပြီး၍ ညောင်စောင်းထက်၌ တက်၍ ထိုင်နေကာမျှ အပြဖြစ်သော နေပူမှ လာခဲ့ရသည် အဖြစ်ကြောင့် စက္ခုထင်ထင် ရှုမြင်သော နေရာဝယ် အမိုက်တိုက်သို့ ဖြစ်ခြင်း မကင်းရှင်း မပျောက်ပမီ ညောင်စောင်းအောက်မှ ထွက်ကြွသက်သက် ညောင်စောင်းထက်သို့ တက်ပြီး

သောကာလ အချင်းသူမိုက်  မဖျက်ဆီးပါလေလင့်ဟု မဘေရ်မသည် တားမြစ် အတန်တန် တောင်းပန်ပြောဆိုပါလျက်သာလျှင် ဖိစီးနှိပ်စက်၍ မိမိသည် အလို ရှိအပ်သော အမှုကို ပြုပြီးသောကာလ  သွားလေ၏။

ထိုအခါ အလွန်မိုက်လှစွာသော နန္ဒလုလင်၏ ဂုဏ်ကျေးဇူး  အသရေမဲ့ လေးတွဲ့သော ခန္ဓာကိုယ်ကို ဆောင်ခြင်ငှါ မစွမ်းလေဘိသကဲ့သို့  မဟာပထဝီ မြေကြီးသည်  နှစ်ဖြာပြတ်စဲ ဟင်းလင်းကွဲလေ၏။ ထိုနန္ဒလုလင်သည် မြေကြီး၏ အတွင်းသို့ ဝင်ရောက်ကျသွား၍  မဟာအဝီစိ ငရဲကြီး၌သာလျှင် ဖြစ်လေ၏။ ဥပ္ပလဝဏ္ဏာ ထေရီမသည်လည်း ထိုအကြောင်းကို  သီတင်းသုံးဖော် ရဟန်း မိန်းမတို့အား  ပြောကြား၏၊  ရဟန်းမိန်းမတို့သည်  ရဟန်းတို့အား  ထို အကြောင်းကို ကြားကုန်၏။ ရဟန်းတို့သည်  မြတ်စွာဘုရားအား ကြားလျှောက် ကုန်၏၊ ထိုအကြောင်းစကားကို  ကြားသိတော်မူရသောကာလ  မြတ်စွာဘုရား သခင်သည်  ရဟန်းတို့ကို ခေါ်တော်မူ၍  ချစ်သားရဟန်းတို့  ဘိက္ခု-ဘိက္ခုနီ ဥပါသကာ ဥပါသိကာ  များစွာကုန်သော  သူအပေါင်းတို့တွင်  အမှတ်မထင် အကြင် တစ်စုံတစ်ယောက်သော  သူမိုက်သည်  မကောင်းမှု အကုသိုလ်ကံကို စီမံပြုလုပ်ရသည်ရှိသော်  ပျားသကာ အစဖြာသော များစွာကုန်သော အရသာတို့တွင် တစ်စုံတစ်ခုသာလျှင်  ဖြစ်သော  ချိုမြိန်ကောင်းမြတ်သော အရသာကို စားသုံးရသော ယောကျ်ားကဲ့သို့ ရွှင်လန်းနှစ်သက်  တက်ကြွသော စိတ်ရှိသည်ဖြစ်၍ မရွံ့မထိတ်  ပြုဘိ၏ဟု  အနုသန္ဓေကို စပ်တော်မူ၍  တရား ဒေသနာကို  ကောင်းစွာ  ဟောကြားတော်မူလိုသောကြောင့်—

၆၉။　။မဓုဝ မညတိ ဗာလော၊ ယာဝ ပါပံ န ပစ္စတိ။

ယဒါ စ ပစ္စတိ ပါပံ၊ ဗာလော ဒုက္ခံ နိဂစ္ဆတိ—

ဟူသောဂါထာကို  မိန့်တော်မူ၏။

ဒေသနာတော်၏ အကျိုးအာနိသင်

ဒေသနာတော်၏ အဆုံး၌ များစွာကုန်သော  သူဘို့သည်  သောတာပတ္တိ ဖိုလ် စသည်တို့သို့ ရောက်ကုန်၏။

**အနက်ကား။**　။ယာဝ၊ အကြင်မျှလောက်။ ပါပံ၊ ဒုစရိတ  ပါပညစ်ကျူ မကောင်းမှုသည်။ နပစ္စတိ၊  ဆင်းရဲပြင်းပြ ခံစားရမျိုး  အကျိုးမပေးသေး။ တာဝ၊အကုသိုလ်မျိုး မကောင်းကျိုး မပေးသေးသော ထို၍လောက်။ဗာလော၊ သူမိုက်သည်။ ပါပံ၊ ဒုစရိတ ပါပညစ်ကျူ  မကောင်းမှုကို။ မဓုဝ၊  ချိုမွန်လှစွာ ပျားသကာကဲ့သို့။ မညတိ၊ အောက်မေ့ မှတ်ထင်၏။ ယဒါ စ၊ အကြင်အခါ၌

ကား။ ပါပံ၊ ဒုစရိတ ပါပညစ်ကျု မကောင်းမှုသည်။ ပစ္စတိ၊ ဆင်းရဲအမျိုးအကျိုးပေး၏။ တဒါ၊ ထိုသို့ အကျိုးကို ပေးသော အခါ၌။ ဗာလော၊ သူမိုက်သည်။ ဒုက္ခံ၊ ဟစ်အော်ငိုကြွေး ကြီးစွာသော ဆင်းရဲသို့။ နိဂစ္ဆတိ၊ ရောက်ရလေ၏။ ဤကား အနက်။

## ရဟန္တာပုဂ္ဂိုလ်တို့အား အာရုံငါးပါး၌ ခုံမင်တပ်မက်ခြင်း မရှိကြောင်း

ထို့နောက် တပါးသော အခါ၌ကာလဝယ် တရားသဘင်၌ များစွာသော လူအပေါင်းသည် ကုန်ပြီးသော အာသဝေါ ရှိကုန်သော ရဟန္တာတို့သည်လည်း ငါးပါးကုန်သော ကာမဂုဏ်ချမ်းသာကို ခုံမင်တပ်မက် နှစ်သက်သာယာခြင်း ရှိကုန်သေးသလော၊ ငါးပါးကာမဂုဏ် ထိုအာရုံကို ခုံမင်တပ်စွဲ မှီဝဲ ကုန်သေးသလောဟု အချင်းချင်း တစ်ဦးသည်တစ်ဦးအား မေးမြန်းပြီးသောအခါ အသို့နည်း၊ ထိုသူတို့သည် အဝိဇ္ဇာဏက အဇီဝသဘော ရှိသော ခြောက်သွေ့သော သစ်ငုတ်ကဲ့သို့လည်းကောင်း၊ တောင်ပို့ကဲ့သို့လည်းကောင်း မဟုတ်ကုန်။ သဝိညာဏက သဇီဝမှသွတ် စိုစွတ်သောအသားရှိသော ကိုယ်အစိတ် ရှိကြကုန်သည်သာလျှင်တည်း။ ထို့ကြောင့် ထိုရဟန္တာတို့သည်လည်း ငါးပါးအာရုံ ကာမဂုဏ်တို့ကို ခုံမင်တပ်မက် နှစ်သက်သာယာခြင်း ရှိကုန်သည် သာလျှင်တည်း။ ငါးပါးအာရုံ ကာမဂုဏ်ကို ခုံမင်တပ်စွဲ မှီဝဲခြင်း ရှိကုန်သည်သာလျှင်တည်း ဟူသော စကားကို ဖြစ်စေကြကုန်၏။ မြတ်စွာဘုရားသခင်သည် တရားသဘင်သို့ ကြွဝင်တော်မူလာ၍ ချစ်သားရဟန်းတို့ ငါဘုရားကြွတော်မူလာဆဲသော ဤသခုအခါ၌ အဘယ်သို့သောစကားဖြင့် ပြောကြားစည်းဝေးကုန်ဘိသနည်းဟု မေးတော်မူသဖြင့် ဤအမည်ရှိသော အကြောင်းပါဟု ရှိုးပေါင်းညွတ်တွား လျှောက်ထား၊ ပန်ဆင်သည်ရှိသော် ချစ်သားရဟန်းတို့ ကုန်ပြီးသော အာသဝေါ ရှိကုန်သော ရဟန္တာပုဂ္ဂိုလ်တို့သည် ကာမဂုဏ်ချမ်းသာ၌ သာယာဘူပ်ငြိ စွဲလမ်းခြင်း မရှိကုန်၊ ငါးပါးအာရုံ ကာမဂုဏ်ကို ခုံမင်တပ်စွဲ မှီဝဲခြင်း မရှိကြကုန်။ ထိုစကားမှန်၏၊ ချစ်သားရဟန်းတို့ လောကီဥပမာ နှိုင်းစရာ အဘယ်သို့နည်းဟူမူကား ပဒုမ္မာကြာဖက်၌ ကျခရောက်သော ရေပေါက် ရေစက်သည် မသိမ်းကျုံ မကပ်ငြိမတည်မတံ့ဘဲ ရွှေလျော၍ကျရဘိသကဲ့သို့လည်းကောင်း၊ ပွတ်ဘောက်ဖျား၌ တင်ထားအပ်သော မုန်ညင်းစေ့သည် ကပ်ငြိမတည့် ပြန်လည်၍သာ ကျရလေဘိသကဲ့သို့ လည်းကောင်း၊ ထိုအတူသာလျှင် ရဟန္တာပုဂ္ဂိုလ်၏စိတ်၌ ဝတ္ထုကာမ ကိလေသာကာမ နှစ်ဝသောကာမသည် မကပ်ငြိ မတည်သည်သာလျှင်တည်းဟု မိန့်တော်မူပြီး၍ မြတ်စွာဘုရားသခင်သည် အနုသန္ဓေကို စပ်တော်မူ၍ တရားကို ဟောကြားတော်မူလိုသောကြောင့် ဗြာဟ္မဏဝဂ်၌ လာသော—

ဝါရိ ပေါက္ခရပတ္တေဝ၊ အာရဂ္ဂေရိဝ သာသပေါ။
ယော န လိမ္ပတိ ကာမေသု၊ တမဟံ ဗြူမိ ဗြာဟ္မဏံ–

ဟူသော ဤဂါထာကို ဟောတော်မူ၏။

ဤဂါထာ၏ အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပန်စသည် ဖြစ်လေကုန်၏။

**အနက်ကား။** ။ပေါက္ခရပတ္တေ၊ ရေမျက်နှာထက် ‿စည်ကာထွက်သော ကြာဖက်၌။ ဝါရိဣဝ၊ မတင်လျောအောက် ကျသော ရေပေါက်ကဲ့သို့။ဒ‿ာရဂ္ဂေ၊ ပွတ်ဆောက်ဖျား၌။ သာသပေါရိဝ၊ သေးငယ်တုံရွေ့ မုန်ညင်းစေ့ကဲ့သို့။ ယော ပုဂ္ဂလော၊ အကြင်ပုဂ္ဂိုလ်သည်။ ကာမေသု၊ငါးပါးအာရုံ ကာမဂုဏ်တို့၌။ န လိမ္ပတိ၊ မလိမ်းကျံ။ တံ ပုဂ္ဂလံ၊ ထိုပုဂ္ဂိုလ်ကို၊ ဗြာဟ္မဏံ၊မကောင်းမှုကို အပပြု ပြီးသောသူ ဟူ၍၊ အဟံ၊ ငါဘုရားသည်။ ဗြူမိ၊ ဟောကြားတော်မူ၏။ ဤကားအနက်။

မြတ်စွာဘုရားသခင်သည် သာဝတ္ထိပြည်ကြီးရှင် ဘုရင် ပသေနဒီကောသလ မင်းကြီးကို ခေါ်တော်မူ၍ ဒကာတော်မင်းကြီး၊ဤငါဘုရားသခင်၏ သာသနာ တော်၌ သဒ္ဓါတရား အားကြီးကုန်သော အမျိုးကောင်းသားတို့သည် သာသနာတော်ထမ်း ရဟန်းပြုကုန်ဘိသကဲ့သို့ အမျိုးကောင်းသမီး ဖြစ်ကုန် သော ဉပါသိကာမတို့သည်လည်း ကြီးကျယ်မြင့်မြတ်သော အဆွေအမျိုး စည်းစိမ်ချမ်းသာတို့ကို စွန့်ပစ်ပယ်ရှား ဘုရားသာသနာတော်ထမ်း ရဟန်းပြု ကုန်သည်ဖြစ်၍ တော၌ နေကြကုန်၏။ ထိုသို့ တော၌နေကုန်သည်ရှိသော် ရာဂဖြင့် တပ်စွမ်းကုန်သော ယုတ်မာကုန်သော သတ္တဝါတို့သည် မထီမဲ့မြင် ပြုကုန်သဖြင့် ညှဉ်းပန်းကုန်၏၊ မြတ်သောအကျင့်၏ အန္တရာယ်သို့သော် လည်း ရောက်စေကုန်၏။ ထိုသို့သောအကြောင်းကြောင့် ရဟန်း မိန်းမ သံဃာ တို့၏ နေရာကျောင်းကို မြို့၏အတွင်း၌သာ ပြုခြင်းငှါ အပ်သည်ဟု မိန့်တော် မူ၏။ ပသေနဒီကောသလမင်းလည်း ကောင်းပါပြီဟု ဝန်ခံ၍ မြို့၏တစ်ခုသော နံပါး၌သာလျှင် ဘိက္ခုနီမသံဃာ၏ နေရာဖြစ်သော်ကျောင်းကို ဆောက်လုပ် စေ၏။ ထိုအခါကာလမှစ၍ ရဟန်းမိန်းမတို့သည် မြို့ရွာ၏ အတွင်း၌သာလျှင် နေကြကုန်၏။ထို့ကြောင့် ဝိုင်းအဋ္ဌကထာ၌ "တာတော ပဋ္ဌာယ ဘိက္ခုနိယော အန္တောဂါမေယေဝ ဝသန္တိ" ဟု မိန့်တော်မူ၏။

**အနက်ကား**။ ။တတော ပဋ္ဌာယ၊ဘုရားမိန့်တော်မူသော **ကာလ** ထိုမှစ၍။ ဘိက္ခုနိယော၊ ရဟန်းမိန်းမတို့သည်။ အန္တောဂါမေ ယေဝ၊ မြို့ရွာ၏ အတွင်း၌ သာလျှင်။ ဝသန္တိ၊ နေကြကုန်၏။ ဤကားအနက်။

ဓမ္မပဒ ဗာလဝဂ်၌ ဆယ်ခုမြောက်သော ဥပ္ပလဝဏ်ထေရီမ၏

ဝတ္ထုစကားအစဉ်ကား ဤတွင်ရွေ့ပြီး၏။

---

### ၁၁-ဇမ္ဗုက အာဇီဝက၏ အကြောင်း

#### အတိတ်ဝတ္ထု

**မာသေ မာသေ ကုသဂ္ဂေန**— ဤသို့စသည့် ဓမ္မဒေသနာ ပါဌ်ဂါထာကို ဆရာတစ်ဆူ ဖြစ်တော်မူသော နတ်လူထွတ်ထား ဘုရားသဗ္ဗညူသည် ဝေဠုဝန် ရိပ်မြုံ ရွှေဘုံဝိဟာ ကျောင်းတော်သာ၌ လေးဖြာယာပထ မျှတရွှင်ပြုံး သီတင်းသုံးတော် မူစဉ်ကာလ ဇမ္ဗုကမည်ရှိသော အာဇီဝကကို ပဓာနကြောင်း လျား အရင်းထားလျက် ဟောကြားတော် မူခဲ့ပေသတည်း။

#### အကြောင်း အတ္ထုပ္ပတ္တိအစဉ်ကား ဤသို့တည်း

ရှေးလွန်လေပြီးသောအခါ ကဿပ မြတ်စွာဘုရား **သာသနာတော်**၌ ရွာတစ်ရွာဝယ် နေလေ့ရှိသော သူကြွယ်တစ်ဦးသည် တစ်ပါးသော မထေရ်**အား** သီတင်းသုံးရာဖြစ်သော ကျောင်းကို ဆောက်လုပ်လှူဒါန်း၍ ထိုကျောင်း၌ သီတင်းသုံးသော မထေရ်ကို လေးပါးကုန်သော ပစ္စည်းတို့ဖြင့် ချီးမြှင့်လုပ်ကျွေး ၏။ ကျောင်းနေ အာဝါသိက မထေရ်ရဟန်းသည် ထိုကျောင်းဒကာ သူကြွယ် အိမ်၌ အမြဲဆွမ်းဘုဉ်းပေး၏။ ထိုနောက် ကာလ၌ ရဟန္တာဖြစ်ပြီးသော ရဟန်း တစ်ပါးသည် နံနက် အခါဖြစ်သော နေ့အဖို့ဝယ် ထိုရွာ၏ အတွင်းသို့ ချဉ်းကပ် ဝင်ရောက် ဆွမ်းအလို့ငှါ လှည့်လည်တော် မူလာခဲ့သည်ရှိသော် ထိုကျောင်း ဒကာ သူကြွယ်၏ အိမ်တံခါးသို့ ကျရောက်လာ၏။ သူကြွယ်သည် ဣရိယာပထ ပြည့်စုံလင်ခြင်းရှိသော ထိုရဟန္တာကို မြင်လျှင် ကြည်လင်ညွတ်ရှိုင်းသောစိတ် ရှိလှသဖြင့် မိမိ၏အိမ်အတွင်းသို့ ပင့်သွင်း၍ ရှိသေကောင်းမွန်စွာ မွန်မြတ်သော ခဲဖွယ် ဘောဇဉ်ဖြင့် ပြုစုလုပ်ကျွေးပြီးလျှင် အရှင်ဘုရား ဤပုဆိုးဖျင်ကို ဖွပ် ဆုံး၍ ဝတ်ရုံသုံးဆောင်တော် မူပါကုန်လော့ဟု ကြီးစွာသော ပုဆိုးပိုင်းကို လှူပြီးလျှင် အရှင်ဘုရား အရှင်ဘုရား၏ ဆံပင်တို့သည်လည်း ရှည်ကုန်၏။ ဆံကိုရိတ်ခြင်းငှါ ဆေတ္တာသည်ကို ဆောင်၍လည်းကောင်း၊ အရှင်ဘုရား အိပ်ရာ နေရာ အလို့ငှါ ညောင်စောင်းကို ယူစေ၍လည်းကောင်း၊ တပည့်တော် လာခဲ့ ပါအံ့။ အရှင်ဘုရားသည် ကျောင်းသို့ ကြွတော်မူပါဟု လျှောက်၏။

## ကျောင်းနေ ရဟန်းသည် ရဟန္တာ အရှင်မြတ်အား ဆဲရေးပြစ်မှားခြင်း

အိမ်၌ အမြဲ ဆွမ်းဘုဉ်းပေးသော ကျောင်းနေဖြစ်သော အာဝါသိက ကုလူပက ရဟန်းသည် ထိုအာဂန္တုက ညွှေ့သည် ရဟန္တာအား ပြုအပ်သော ပူဇော်သက္ကာရကို မြင်၍ ကြည်ရွှင်နှစ်သက်စေခြင်းငှါ မစွမ်းနိုင်၊ ဤ ကျောင်းဒါယကာသည် တခဏမျှ မြင်အပ်သော အာဂန္တုက ညွှေ့သည် ရဟန်းအား ဤသို့ သဘောရှိသော ပူဇော်သက္ကာရကို ပြုဘိ၏၊ အိမ်၌ အမြဲမပြတ် ဆွမ်းစား၍ နေအပ်သော ငါ့အားမူကား တစ်စုံတစ်ရာ ပူဇာသက္ကာရကို မပြုလေဟု ကြံ၍ ကျောင်းသို့ သွား၏။ အာဂန္တုက ညွှေ့သည် ရဟန္တာသည်လည်း ထိုအာသိဝါက ကျောင်းနေ ရဟန်းနှင့် အဘူတကသွာလျှင် လိုက်သွား၍ ကျောင်းသို့ ရောက်သောကာလ သူကြွယ် လှူဒါန်းအပ်သော အဝတ်ပုဆိုးကို ဖွပ်ဆိုး၍ ဝတ်ရုံသုံးဆောင်၏။ သူကြွယ်လည်း ဆေတ္တာသည်ကို ခေါ်လာ၍ မထေရ်၏ ဆံကိုချပြီးမှ ညောင်စောင်းကို ခင်းထားပြီးသောအခါ အရှင်ဘုရား ဤ ညောင်စောင်း၌ သီတင်းသုံးတော်မူပါလော့ဟု လျှောက်၍ နှစ်ဦးကုန်သော မထေရ်တို့ကို နက်ဖြန် အလို့ငှါ ပင့်ဖိတ်ပြီးသောကာလ ဖဲသွားလေ၏။ အာဝါ-သိကဖြစ်သော ကျောင်းနေ ရဟန်းသည် ထိုအာဂန္တုက ညွှေ့သည် ရဟန်းအား ပူဇာသက္ကာရပြုသည်ကို သည်းခံခြင်းငှါ မစွမ်းနိုင်လေ။ ထိုနောက် ညချမ်းသော အခါသို့ရောက်သည်ရှိသော် အာဝါသိက ကျောင်းနေ ရဟန်းသည် အာဂန္တုက ညွှေ့သည် ရဟန်း အိပ်ရာသို့ သွားရောက်၍ ငါ့ရှင် အာဂန္တုက ညွှေ့သည် ရဟန်း၊ သူကြွယ်၏ အိမ်၌ ဆွမ်းကို စားသောက်ရသောထက် အသင်အား မစင်ဘင်ပုပ်ကို စားသုံးရခြင်းသည် မြတ်သေး၏။ သူကြွယ်သည် ဆောင်ခဲ့သော ဆေတ္တာသည်ဖြင့် ဆံကိုချသောထက် ထန်းစစ်ညှပ်ဖြင့် ဆံပင်တို့ကို နုတ်၍ ပစ်ခြင်းသည်ကား မြတ်သေး၏။ သူကြွယ်သည် ပေးလှူအပ်သော ပုဆိုးကို ဝတ်ရုံသောထက် အသင်အား အဝတ် မဆည်း အချည်းနှီး လှည့်လည်ရခြင်းသည်ကား မြတ်သေး၏။ သူကြွယ်သည် ဆောင်ယူခဲ့သော ညောင်စောင်း၌ အိပ်ရသောထက် အသင်အား မြေ၌ အိပ်ရခြင်းသည် မြတ်သေး၏ဟု လေးပါး ကုန်သော အခြင်းအရာတို့ဖြင့် ပြင်းစွာ ဆဲရေး ရေရွတ်၏။ အာဂန္တုကဖြစ်သော ရဟန္တာမထေရ်လည်း ဤသတ္တဝါမိုက်သည် ငါ့ကို အမှီပြု၍ အကြီးအကျယ် ကြောက်မက်ဖွယ်သော အကုသိုလ်ဖြစ်၍ မပျက်စီးပါစေလင့်ဟု ကြံဆင်ခြင်တော်မူ၍ ဒါယကာ ပင့်ဖိတ် လျှောက်ကြားထားသည်ကို မနာမယူ ပမာမမူဘဲ နံနက် စောစောကပင် ထ၍ အလိုရှိသည်အားလျော်စွာ ကြွတော်မူ၏။

အာဝါသိက ကျောင်းနေရဟန်းလည်း နံနက်စောစောက ပင်လျှင် ကျောင်း၌ ပြုဖွယ်ကိစ္စဖြစ်သော ဝတ်ကို ပြုပြီး၍ ဆွမ်းခံသွားချိန် တိုင်သော အခါ၌ ဤယခုအာဂန္တုကရဟန်းသည် အိပ်ပျော်၍ နေ၏။ ကျောက်စည်ထိုးခတ်ကာ ကျောက်စည်၏ အသံဖြင့် နိုးလတ္တံ့ဟူသော အမှတ်ဖြင့် လက်သည်းဖြင့်သာလျှင် ကျောက်စည်ကို ပုတ်ခတ်၍ ရွာသို့ဆွမ်းအလို့ငှါ ကြွဝင်၏။ သူကြွယ်လည်း ပူဇော်သက္ကာရကို ပြုစုစီမံ၍ မထေရ်တို့ ကြွလာအံ့သော လမ်းခရီးကိုသာ ကြည့်မျှော်၍ နေသဖြင့် ကြွလာသောအခါ အာဂန္တုက ဧည့်သည်ရဟန်းကို မမြင်သောကြောင့် ကျောင်းနေရဟန်းကို အရှင်ဘုရား မထေရ်သည် အဘယ်မှာနည်းဟု မေးလျှောက်၏။ ထိုအခါ အာဝါသိကဖြစ်သော ကျောင်းနေရဟန်းက ဒါယကာ အသင် အာဂန္တုကရဟန်း၏ အကြောင်း တစ်စုံတစ်ခုကိုမျှ ငါ့အား မမေးပါလင့် အသင်၏ ကုလူပက အာဂန္တုကရဟန်းသည် ယမန်နေ့က အသင်ထွက်ပြန်၍ သွားသောအခါ၌ တိုက်ခန်းသို့ ဝင်ပြီးသော် အိပ်ခြင်းသို့ သက်သဖြင့် နံနက်စောစောကထ၍ ကျောင်းကို တံမြက်လှဲခြင်း သောက်ရေ သုံးရေအိုးတို့၌ သောက်ရေကို တည်ထားခြင်း ယင်းသို့သော အသံတို့ကို ငါပြုပါသော်လည်း မနိုးကြား ကျောက်စည်ခေါင်းလောင်းကို ထိုးခတ်၍ အသံကို ပြုပါသော်လည်း မသိလေဟု ပြော၏။

## ဘုရားနှစ်ဆူတို့၏ အကြား၌ ငရဲခံရခြင်း

ဒါယကာ သူကြွယ်သည်လည်း ကြံဆင်ခြင်သည်မှာ ထိုသို့သဘောရှိသော ဣရိယာပုထ်နှင့် ပြည့်စုံသော ငါ၏ အရှင်အား ဤမျှလောက် ကာလကြာအောင် အိပ်ခြင်းမည်သည် မရှိပေရာ ဤရဟန်းသည်ကား ထိုအာဂန္တုက ရဟန်းအား ပူဇာသက္ကာရ ပြုသည်ကိုမြင်၍ မချွတ် ဤအရှင်နှင့် တစ်စုံတစ်ခုသော စကားကို ပြောကြားအပ်သည် ဖြစ်ပေလတ္တံ့ဟု ကြံ၏။ ကြံဆင်ခြင်ပြီးဖြစ်၍ မိမိ၏ ဉာဏ်ပညာရှိသည်၏အဖြစ်ဖြင့် ကြွလာသော ကျောင်းနေရဟန်းကို ရိုသေ ကောင်းမွန်စွာ ဆွမ်းကျွေး၍ ထိုရဟန်း၏ သပိတ်ကို ကောင်းစွာ ဆေးကြော ပြီးသောအခါ အထူးထူးသော အရသာရှိသော ဘောဇဉ်ဖြင့် ပြည့်စေ၍ အရှင်ဘုရား တပည့်တော်၏ အရှင်အား အကယ်၍ တွေ့မြင်ခဲ့ကုန်အံ့ ဤဆွမ်းကို လှူဒါန်းလိုက်ပါကုန်လော့ဟု ကြားလျှောက်လိုက်၏။ ကျောင်းနေ ရဟန်းလည်း ဆွမ်းဘောဇဉ်ကို ယူလာခဲ့ပြီးသော် ဤအာဂန္တုက ဧည့်သည်ရဟန်းသည် ဤသို့ သဘောရှိသော ဆွမ်းဘောဇဉ်ကို အကယ်၍ သုံးဆောင် စားသောက်ရသည်ရှိသော် ဤအရပ်၌ နေ၌သာလျှင် တပ်ငြိစွဲလမ်းခြင်းဖြစ်၍ နေလတ္တံ့ဟု ကြံ၍အောက်မေ့၍ ,လမ်းခရီးအကြား၌သာလျှင် ဆွမ်းကို စွန့်ပစ်ပြီးလျှင် မထေရ်၏ ဇနေရှဌာနသို့ သွားရောက်၍ ကြည့်ရှုသည်ရှိသော် မတွေ့မမြင်ဘဲ

ရှိလေ၏။ ဤမျှလောက် အတိုင်းအရှည်ရှိသော ရဟန္တာအား ပြစ်မှားခြင်း အကုသိုလ်မကောင်းမှုကံကို ပြုအပ်သည်၏ အဖြစ်ကြောင့် အနှစ် နှစ်သောင်း ပတ်လုံး ပြုစုအားထုတ်အပ်သည်လည်း ဖြစ်သော ရဟန်းတရားသည် စောင့်ရှောက်တားမြစ် ပိတ်ပင်ခြင်းငှါ မစွမ်းနိုင်သည်ဖြစ်၍ အသက် အပိုင်း အခြား၏ အဆုံး၌ သေလွန်ခြင်းကို ပြုခဲ့သော် အဝီစိငရဲကြီး၌ ဖြစ်၍ တစ်ဆူသော ဘုရားရှင်၏ ကာလအကြားပတ်လုံး ကြီးစွာသော ဆင်းရဲကို လဲလှယ်ဖန်ဖန် အပြန်ပြန် ခံစားပြီးသည်ကာလ ယခု ဂေါတမမြတ်စွာဘုရား ပွင့်တော်မူသောအခါ ရာဇဂြိုဟ်ပြည်၌ များစွာသောပစ္စည်းဥစ္စာ အစာအာဟာရ ကြွယ်ဝပြည့်ဖြိုး တစ်ဦးသော အမျိုးအိမ်၌ ဖြစ်လေ၏။

## ဇမ္ဗုကရဟန်း၏ သူငယ်ဘဝ

ထိုသူငယ်သည် ခြေဖြင့်သွားလာနိုင်သော အရွယ်သို့ကျရောက်သည်မှစ၍ အိပ်ရာနေရာ၌ အိပ်နေခြင်းငှါ အလိုမရှိ ထမင်း ဟင်း အစာတို့ကို စားခြင်းငှါ အလိုမရှိ။ မိမိ၏ ကိုယ်မှဖြစ်သော အညစ်အကြေးကိုသာလျှင် စား၏။ အသက်အရွယ် သေးငယ်မိုက်မဲသဖြင့် မလိမ္မာသောကြောင့်သာ ဤကဲ့သို့ ပြုဘိသည်ဟု အောက်မေ့မှတ်ထင်၍ မွေးမြူကုန်၏။ ကြီးရင့်သောအရွယ်သို့ ကျရောက်သော ကာလ၌လည်း အဝတ်အရုံကို ဝတ်ရုံခြင်းငှါ အလိုမရှိ။ အချည်းနှီးသာလျှင် လှည့်လည်၏။ မြေ၌အိပ်၏။ မိမိကိုယ်မှဖြစ်သော အညစ်အကြေးကိုသာ စား၏။ ထိုအခါ သူငယ်၏ အမိအဖတို့သည် ဤသူငယ်သည် ငါတို့၏ အမျိုးအနွယ်အား မသင့်တင့်မလျော် သက်သက်သော်ကား အရှက်မရှိသော သူဖြစ်လေသည်။ အာဇီဝကတို့အား သင့်လျော်လျောက်ပတ် ပေလတ္တံ့ဟု ကြံ၍ ထိုအာဇီဝကတို့၏ အထံသို့ ဆောင်ပြီးသောအခါ ဤသူငယ် ကို ရဟန်းပြုကြကုန်လော့ဟု ဆောင်နှင်းကြကုန်၏။ ထိုသို့ ဆောင်နှင်းသော အခါ အာဇီဝကတို့သည် ထိုသူငယ်ကို ရဟန်းပြုကြကုန်၏။ ရဟန်းပြုပြီး၍ကား လည်ပင်း ပမာဏရှိကုန်သော တွင်းတို့ကို ပြုလုပ်တူးထား၍ နှစ်ဖက်ကုန်သော အစွန်းတို့၏ အထက်၌ ကျတဲသော အမိုးတုတ်တံကို စီခင်း၍ ထိုအထက်၌ ထိုင်နေပြီးသော် ထန်းစစ်ညှပ်ဖြင့် ဆံတို့ကို နုတ်ကုန်၏။ ထိုနောက်မှ အမိအဖ တို့သည် နက်ဖြန် ဆွမ်းဘောဇဉ် ကျွေးမွေးခြင်းအလို့ငှါ ပင့်ဖိတ်၍ ဖဲသွား ပြန်လည်ကုန်၏။ နက်ဖြန်မိုးသောက် ရောက်သော်အခါ အာဇီဝကတို့က ငါရှင် လာလှည့် ရွာသို့ဝင်ကုန်အံ့ဟု ခေါ်သည်ရှိသော် ထိုသူက အသင်တို့သည် သွားကြကုန်လော့။ ငါသည် ဤအရပ်၌သာလျှင် နေရစ်ခဲ့အံ့။ ရွာသို့ဝင်ခြင်းငှါ အလိုမရှိဟု ငြင်းပယ်သဖြင့် အထပ်ထပ် အဖန်ဖန် တောင်းပန်ပြောဆို ပါကုန် သော်လည်း အလိုမရှိသောကြောင့် စွန့်ပစ်ချန်ထားခဲ့ပြီးသော ကာလ သွားကြ

ကုန်၏။ ထိုသူသည်လည်း အဖော် အာဇီဝကတို့ သွားကြသောအဖြစ်ကို သိ၍ ဝစ္စကုဋီ၌ ကျဲတစ်စီခင်းထားအပ်သော တုတ်တံတို့ကို ဖွင့်လှစ်ပြီးသောအခါ မစင်တွင်းသို့ သက်၍ နှစ်ဖက်ကုန်သော လက်တို့ဖြင့် ယူငင်ပြီးသောအခါ မစင်ဘင်ပုပ်ကို အလုပ်အလွေးပြု၍ စား၏။ အာဇီဝကတို့သည် ထိုသူစားရန် အလို့ငှါ ရွာတွင်းမှ အာဟာရကို ပို့လွှတ်ကုန်၏။

## ဇမ္ဗုကကို အာဇီဝကတို့က နှင်ထုတ်လိုက်ခြင်း

ထိုအစာအာဟာရကိုလည်း အလိုမရှိသဖြင့် အဖန်တလဲလဲ ပြောဆိုတိုက်တွန်းကြသော်လည်း ငါ့အား ဤအစာ အာဟာရဖြင့် အလိုမရှိ ငါ့အစေး အစာ အာဟာရကို ရအပ်ပြီဟု ပြော၏။ အဘယ်မှာရသနည်းဟု မေးသည်ရှိသော် ဤအရပ်၌ပင်ရသည်ဟု ပြော၏။ ဤသို့သော နည်းဖြင့် နှစ်ရက် သုံးရက် လေးရက်မြောက်သော နေ့တို့၌ ထိုအာဇီဝကတို့သည် များစွာ ပြောဆိုပါသော်လည်း ငါ့အား ဤအရပ်၌ပင် အစာအာဟာရ ရပေလတ္တံ့ဟု ပြောဆို၍ ရွာတွင်းသို့ ဝင်ခြင်းငှါ အလိုမရှိဘဲ နေ၏။ အာဇီဝကတို့က ဤသူသည် နေ့တိုင်း နေ့တိုင်း ရွာသို့ဝင်ခြင်းငှါ အလိုမရှိ။ ငါတို့ စေလွှတ်၍ ပို့အပ်သော ယာဂု ဘောဇဉ်ကိုလည်း အလိုမရှိ၊ ဤအရပ်၌သာလျှင် အစာအာဟာရ ရအပ်ပြီဟု မြွက်ပယ်ဆို၏။ အကြောင်းအသို့နည်း ထိုသူကို စူးစမ်း၍ ဖမ်းယူအံ့ဟု ကြံပြီးသော် ရွာသို့ ဝင်ကုန်သောကာလ နှစ်ယောက် သုံးယောက်ကုန်သော သူတို့ကို ခြင်းချန်ထားလျက် သွားကြကုန်၏။ နှစ်ယောက် သုံးယောက်ကုန်သော သူတို့လည်း နောက်မှ လိုက်သွားဘိသကဲ့သို့ ပြု၍ ပုန်းအောင်းပြီးလျှင် နေကြကုန်၏။ ထိုအခါ ဇမ္ဗုကသည်လည်း အာဇီဝကတို့ သွားကုန်ပြီဟု မှတ်၍ ရှေ့နည်းအတူသာလျှင် ဝစ္စကုဋီသို့ သက်၍ မစင်ဘင်ပုပ်ကို စား၏။ ပုန်းအောင်း ခြောင်းမြောင်း၍ နေကုန်သော အာဇီဝကတို့လည်း ထိုသို့သော အမူအရာကို မြင်၍ အာဇီဝကတို့အား ပြောကြားကုန်၏။ ထိုသို့ပြောကြားသည်ကို ကြားသိရသောကာလ အာဇီဝကတို့က ဩော် ဝန်လေးစွာသော အမှုကို ပြုအပ်စွ့ တကား ရဟန်းဂေါတမ၏ တပည့်တို့သည် အကယ်၍ သိကုန်သည်ဖြစ်အံ့။ အာဇီဝကတို့သည် မစင်ဘင်ပုပ်ကို ပရာဘုတ်စားသောက်၍ လှည့်လည်ဘိသည်ဟု ငါတို့၏ အကျော်အစောမဲ့ကို ပြုပေကုန်ရာ၏။ ဤသူသည် ငါတို့အား မသင့်လျော်ဟု ပြောဆိုတိုင်ပင်၍ မိမိတို့၏ အထံမှ နှင်ထုတ်ကုန်၏။ ထိုအခါက ဇမ္ဗုကသည် ဆရာအာဇီဝကတို့ နှင်ထုတ်အပ်သည်ဖြစ်၍ လူများအပေါင်း၏ ကျင်ကြီးစွန့်ရာ အရပ်ဝယ် ခင်းထားအပ်သော တစ်ခုသော ကျောက်ဖျာသည် ရှိ၏။ ထိုကျောက်ဖျာ၏ နှာမောင်းအစွန်းဖြစ်သော ကျောက်ဖျာအပြင်ကို မှီနေ၍ နေထိုင်ခြင်းကို ပြုပြီးမှ ညဉ့်အခါကာလဝယ် မစင်ဘင်ပုပ်ကိုစား၍

လူများအပေါင်းတို့ ကိုယ်လက်သန့်ရှင်း သုတ်သင်ခြင်းငှါ သွားလာသော ကာလ၌ ဇမ္ဗုက အာဇီဝက အစေလကသည် တစ်ခုသောလက်ဖြင့် ကျောက်ဖျာ၏အစွန်းကို ထောက်ပြီးသော် တစ်ဖက်သောခြေကို ပင့်မြှောက်၍ ဒူးဖြင့် ထောက်ပြီးမှ အထက်လေသို့ ရှေရှုခံတွင်းကို ဖွင့်၍ ဟည်၏။

## ဇမ္ဗုကအား ကိုးကွယ်ပူဇော်ကြခြင်း

လူများအပေါင်းသည် ထိုသို့သော အခြင်းအရာကို မြင်သောကာလ ချဉ်းကပ်ရှိခိုး၍ အရှင်ဘုရား အရှင်မြတ်သည် အဘယ်ကြောင့် ခံတွင်းကိုဖွင့်၍ တည်ဘိသနည်းဟု မေးလျှောက်၏။ ဒါယကာတို့ ငါသည် လေကို စားသုံးအပ်၏။ ငါ့အား လေမှတစ်ပါးသော အစာအာဟာရမရှိဟု ဆို၏။ ထိုနောက်တစ်ဖန် တစ်ခုသောခြေကို ထောက်ပြီးသည်ကာလ ဒူးထောက်၍ အဘယ်ကြောင့်တည်ပြန်သနည်းဟု မေးပြန်လျှင် ငါသည် မြတ်သောကျင့်ခြင်းရှိ၏ ကြမ်းတမ်းပြင်းပြသော အကျင့်ရှိ၏။ငါသည် ခြေနှစ်ဘက်တို့ဖြင့် နင်းထောက်အပ်သည် ရှိသော် မြေကြီးတုန်လှုပ်လတ္တံ့၊ ထို့ကြောင့် တစ်ခုသောခြေကို မြှောက်ပြီးသောကာလ ဒူးဖြင့်ထောက်တည်ရသည်၊ ငါသည် နေ့ညဉ့်ပတ်လုံး ဤကဲ့သို့အခြင်းအရာဖြင့် ပင် ကာလကိုလွန်စေ၏၊ ထိုင်နေခြင်းမရှိ၊ အိပ်နေခြင်း မရှိဟု ပြော၏။လူတို့မည်သည်ကား များသောအားဖြင့် စကားမျှကိုပင်သော်လည်း အလွန်ယုံကြည်ကုန်၏။ ထို့ကြောင့် အရှင်မြတ်အား ဤသို့ သဘောရှိသော အကျင့်ကို ကျင့်ဘိသည်။ အံ့ဩဖွယ်ရှိလေစွတကား ငါတို့အား ရှေးအခါကာလက ဤသို့ သဘောရှိသော ပြင်းထန်သောအကျင့် အာစာရကို မမြင်ဘူးလေစွတကားဟု များစွာပြောဆို ချီးမွမ်း၍ များသောအားဖြင့် အင်္ဂ-မဂဓဟုဆိုအပ်သော တိုင်းကြီးနှစ်တိုင်း၌ နေလေ့ရှိကုန်သော သူတို့သည် ခြောက်ခြား တုန်လှုပ်ခြင်းဖြစ်ကုန်၍ မှိဝဲဆည်းကပ်ကုန်ပြီးသော ကာလ လတိုင်း လတိုင်း ကြီးစွာသော ပူဇော်သက္ကာရကို ဆောင်ကြကုန်၏။ ထိုဇမ္ဗုက အာဇီဝကသည် ငါကား လေတည်းဟူသော အစာကိုသာ စား၏။ တစ်ပါးသော အာဟာရကို မမှီဝဲ မသုံးဆောင် တစ်ပါးသောအစာ အာဟာရကို မှီဝဲသုံးဆောင်သည်ရှိသော် အကျင့်ပျက်လတ္တံ့ဟု ထိုသူတို့ဆောင်ယူလာသော အစာအာဟာရကို တစ်စုံတစ်ခုမျှ အလိုမရှိသောအားဖြင့် မြစ်ပယ်၏။ လူတို့ကလည်း အရှင်ဘုရား အကျွန်ုပ်တို့အား ဖျက်ဆီးခြင်းကို မပြုပါလင့်။ အရှင်ကဲ့သို့ သဘောရှိသော ပြင်းပြသော အကျင့်ရှိသောပုဂ္ဂိုလ်သည် သုံးဆောင်ခြင်းကို ပြုအပ်သည်ရှိသော် အကျွန်ုပ်တို့အား မြင့်ရှည်စွာသော နေ့ညဉ့်ပတ်လုံး အကျိုးစီးပွါး များပြားချမ်းသာခြင်းငှါ ဖြစ်ပါလိမ့်မည်ဟု အဖန်တလဲလဲ တောင်းပန်ကုန်၏။ ဇမ္ဗုကသည် ငါ့အား တစ်ပါးသော အစာအာဟာရဖြင့်မနှစ်သက်ဟု ပယ်ဖျက်

ပါသော်လည်း လူတို့ အတန်တန်တောင်းပန်ခြင်းဖြင့် နှိပ်စက်အပ်သည်ဖြစ်၍ ထိုလူတို့သည် ဆောင်ယူခဲ့အပ်ကုန်သော ထောပတ် တင်လဲ စသည်တို့ကို မြက်ဖျားဖြင့်ယူ၍ လျှာထက် တင်ထားပြီးလျှင် သွားကြကုန်လော့၊ ဤမျှ လောက်ဖြင့် အသင်တို့အား အကျိုးစီးပွား များလောက်ပေပြီဟု လွှတ်လိုက်၏။ ဤသို့သောနည်းဖြင့် ဇမ္ဗုကသည် ငါးဆယ့်ငါးနှစ်တိုင်တိုင်လုံး အချည်းနှီးအဝတ် မကပ် မစင်ဘင်ပုပ်ကိုစား၍ ဆံတို့ကို နုတ်လျက် မြေ၌အိပ်ပြီးလျှင် ကာလကို လွန်စေ၏။

## မြတ်စွာဘုရား ဇမ္ဗုကထံသို့ ကြွတော်မူခြင်း

မြတ်စွာဘုရား ကိုယ်တော်မြတ်တို့အားလည်း မိုးသောက်ယံ ကာလ နံနက်ထတိုင်း၌ လောကကိုကြည့်ရှုတော်မူခြင်း သဘောကို မစွန့်လွှတ်အပ်သည် သာလျှင် ဖြစ်ပေ၏။ ထိုကြောင့် တစ်နေ့သောနေ့၌ လောကကို ကြည့်တော်မူ သော မြတ်စွာဘုရားကိုယ်တော်မြတ်အား ဤဇမ္ဗုကအာဇီဝကသည် ဉာဏ်တော် တည်းဟူသောကွန်ရက်၏အတွင်း၌ ထင်လာ၏ မြတ်စွာဘုရားသခင်သည် အသို ဖြစ်လတ္တံ့နည်းဟု ဆင်ခြင်တော်မူပြန်သည်ရှိသော် ထိုဇမ္ဗုက အာဇီဝကအား ပဋိသမ္ဘိဒါ တို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်အံ့သော ဥပနိဿယ၏ ပြည့်စုံခြင်းကို မြင်တော်မူ၍ ငါဘုရားသည် ထိုဇမ္ဗုကကို အစပြု၍ တစ်ခုသော ဂါထာကို ဟောကြားတော်မူပေအံ့၊ ထိုဒေသနာဂါထာ၏ အဆုံး၌ ရှစ်သောင်း လေးထောင်ကုန်သော သတ္တဝါတို့အား အကျွတ်တရားကို ရခြင်းဖြစ်ပေလတ္တံ့၊ ဤအမျိုးကောင်းသားကို အမှီပြုပြီးသော ကာလ လူများ အပေါင်းအား ချမ်းသာခြင်းသို့ ရောက်ပေလတ္တံ့ဟု မြင်တော်မူသောကြောင့် တဖန်မိုးသောက် ရောက်သောအခါ ရာဇဂြိုဟ်ပြည်၌ ဆွမ်းအလို့ငှါ လှည့်လည်တော်မူ၍ ဆွမ်းခံ ရာမှ ဖဲကြွတော်မူသည်ရှိသော် အရှင်အာနန္ဒာမထေရ်ကို ခေါ်တော်မူပြီးလျှင် ချစ်သားအာနန္ဒာ ငါဘုရားသည် ဇမ္ဗုက အာဇီဝက၏ အထံသို့ ကြွတော်မူအံ့ဟု မိန့်တော်မူ၏ ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား၊ အရှင်ဘုရားတို့ တစ်ပါးတည်းသာ ကြွသွားတော်မူကုန်အံ့လောဟု အရှင်အာနန္ဒာမထေရ်က မေး လျှောက်လျှင် ပြော်ဟုတ်ပေ၏။ အာနန္ဒာ ငါဘုရား တစ်ပါးတည်းသာ ကြွသွားတော်မူအံ့ဟု မိန့်တော်မူပြီး၍ ညနေချမ်းအခါ၀ယ် ဇမ္ဗုကအာဇီဝက၏ အထံသို့ မြတ်စွာဘုရား ကြွသွားတော်မူ၏။

နတ်များအပေါင်းတို့လည်း မြတ်စွာဘုရား သခင်သည် ဇမ္ဗုက အာဇီ ဝက၏အထံသို့ ကြွသွားတော်မူ၏။ ထိုဇမ္ဗုက အာဇီဝကသည် ကျင်ကြီး ကျင်ငယ် ဒန်ပူ စားဘတ် စသော စက်ဆုပ်ဖွယ်သော အညစ် အကြေး ရှုပ်ထွေးသော ကျောက်ဖျာ အပြင်နေရာ၌ နေဘိ၏။ မိုးကို ရှာစေခြင်းငှါ

သင့်လျော်၏ဟုကြံ၍ မိမိတို့၏အာနုဘော်ဖြင့် ထိုခဏ၌သာလျှင် မိုးကိုရွာစေကုန်၏၊ ကျောက်ဖျာအပြင်သည် အညစ်အကြေးကင်း၍ စင်ကြယ်သန့်ရှင်းခြင်း ဖြစ်လေ၏၊ ထိုနောက်မှ ကျောက်ဖျာ၏ အထက်၌ ငါးပါးသော အဆင်းရှိသော ပန်းမိုးကို ရွာစေကုန်၏။

## ဇမ္ဗုကသည် မြတ်စွာဘုရားအား အမျက်ထွက်ခြင်း

မြတ်စွာဘုရားသခင်သည် ညချမ်းသောအခါ၌ ဇမ္ဗုကအာဇီဝက ၏ အထံသို့ ကြွတော်မူ၍ ဇမ္ဗုက-ဟု အသံတော်ကို ပြုတော်မူ၏၊ ဇမ္ဗုကလည်း အဘယ်သို့သော သူယုတ်မာသည် ငါ့အား ဇမ္ဗုက-ဟူသော ခေါ်ဝေါ်ခြင်းဖြင့် ခေါ်ဝေါ်ပါလိမ့်မည်နည်းဟု ကြံ၍ ငါ့အား ခေါ်သောသူသည် အဘယ်သူဖြစ်သနည်းဟု မေး၏ ဘုရားကိုယ်တော်မြတ်က ဇမ္ဗုက ငါခေါ်အပ်သည်ဟု မိန့်တော်မူလျှင် ရဟန်းကြီး အဘယ်အကြောင်းကြောင့် ခေါ်သနည်းဟု မေး၏။ ဇမ္ဗုက ဤအရပ်ဒေသ၌ တစ်ညဉ့်မျှ တည်းခိုနေထိုင်ခြင်းငှါ တစ်ခုသောနေရာကို ပေးပါလော့ဟု မိန့်တော်မူလျှင် ရဟန်းကြီး ဤနေရာဌာန၌ တည်းခိုနေထိုင်စရာ တစ်စုံတစ်ခုမျှမရှိဟု မြစ်ပယ်၏ ဇမ္ဗုက ဤသို့မပြုလင့်၊ တစ်ညဉ့်မျှကာလ နေရာဌာနကို ငါ့အား ပေးဘိလော့၊ ရဟန်းမည်သည်ကား ရဟန်းကို ရောနှောစပ်ယှက် နှစ်သက်တောင့်တကုန်၏၊ လူတို့မည်သည် လူအချင်းချင်းကို ရောနှောစပ်ယှက် နှစ်သက် တောင့်တကုန်၏၊ သားတို့မည်သည် သားအချင်းချင်းကို ရောနှောစပ်ယှက် နှစ်သက်တောင့်တကုန်၏ဟု မြတ်စွာဘုရား မိန့်တော်မူလျှင် အသို့နည်း၊ အသင်သည် ရဟန်းပင်လောဟု ပြန်၍မေးသဖြင့် သြော် ရဟန်းဟုတ်ပေ၏ဟု မိန့်တော်မူသည်ရှိသော် အသင်အား ရဟန်းဖြစ်ခဲ့ပါလျှင် ဗူးအုံ အခိုးတံ မီးမွှေယောက်မတို့သည် အဘယ်မှာရှိသနည်း၊ ယဇ်ပူဇော်သော ချည်သည် အဘယ်မှာရှိသနည်းဟု မေးပြန်သဖြင့် ဇမ္ဗုက ငါ့အား ဗူးအုံ အခိုးတံ စသည်တို့ သည်ရှိ၏။ အသီးသီး ယူငင်၍ လှည့်လည်ရခြင်းသည် ဆင်းရဲငြိုငြင် ပင်ပန်း သည်၏အဖြစ်ကြောင့် အတွင်း၌သာလျှင် သွင်းထားပြီးသောကာလ လှည့်လည် ဘိသည်၊ အသို့နည်း၊ အသင်သည် ထိုဗူးအုံ အခိုးတံ စသည်တို့ကို ကိုင်ငင်ဆွဲယူ၍ လှည့်လည်ဘိသလောဟု မေးတော်မူသည်ရှိသော် ဇမ္ဗုကသည် အမျက်ထွက်လေ၏။

ထိုအခါ ဘုရားကိုယ်တော်မြတ်က ဇမ္ဗုကရှိပါစေတော့၊ အသင်သည် ငါ့အား အမျက်မထွက်လင့်၊ ငါ့အား တည်းခိုနေထိုင်ရာ နေရာတစ်ခုကိုသာ ကြားလော့ဟု မိန့်တော်မူပြန်သောအခါ ရဟန်းကြီး ဤနေရာဌာန၌ တည်းခို နေထိုင်ရာ မရှိပါဟူ၍သာ မြစ်ပယ်၏၊ မြတ်စွာဘုရားသခင်သည် ဇမ္ဗုက၏နေရာမှ မနီးမဝေးဖြစ်သော အရပ်၌ တစ်ခုသော တောင်ဝှမ်းသည်ရှိ၏၊ ထိုတောင်

ဝှမ်းကို စူးစမ်းတော်မူ၍ ဇမ္ဗုက ဤတောင်ဝှမ်း၌ အဘယ်သူနေသနည်းဟု မေးတော်မူလျှင် ရဟန်းကြီး ဤနေရာ၌မူကားနေသောသူတစ်စုံတစ်ယောက်မျှ မရှိပေဟု ပြောဆိုသဖြင့် ထိုသို့တပြီးကား ငါ့အား ဤနေရာကိုခွင့်ပေးဘိလော့ဟု မိန့်တော်မူသောကာလ ရဟန်းကြီး အသင်သည်ပင် စိစစ်ကြည့်ရှု၍ နေလေတော့ဟု ခွင့်ပြု၏ မြတ်စွာဘုရားသခင်သည် တောင်ဝှမ်း၌ နိသီဒိုင်ကို ခင်းတော်မူပြီးသောကာလ ထိုင်နေသီတင်းသုံးတော်မူ၏။

## မြတ်စွာဘုရားအား နတ်-ဗြဟ္မာအပေါင်းတို့ လာရောက် ပူဇော်ကြခြင်း

ညဉ့်၏ ပထမယာမ်၌ လေးယောက်ကုန်သော နတ်မင်းကြီးတို့သည် လေးပါးကုန်သော အရပ်မျက်နှာတို့က တချက်တည်းသော အရောင်အလင်းကို ပြုကုန်လျက် မြတ်စွာဘုရားသို့ ခစားခြင်းငှါ လာရောက်ကြကုန်၏ ဇမ္ဗုကသည် အရောင်အလင်းကို မြင်၍ ဤအရောင်သည် အဘယ်သို့သော အရောင် ပါမည်နည်းဟု ကြံ၏။ မဇ္ဈိမယာမ်၌ သိကြားမင်းသည်လာ၏။ ဇမ္ဗုကသည် သိကြားမင်း၏ကိုယ်ရောင်ကိုမြင်၍ ဤအရောင်သည်လည်း အဘယ်အရောင် ဖြစ်ပါလိမ့်မည်နည်းဟု ကြံ၏၊ ပစ္ဆိမယာမ်၌ တစ်ချောင်းသောလက်ဖြင့် စကြဝဠာတစ်သောင်းကို နှစ်ချောင်းကုန်သော လက်တို့ဖြင့် စကြဝဠာနှစ်သောင်း တို့ကို အရောင်ဖြင့် နှံ့ခြင်းငှါ စွမ်းနိုင်သော မဟာဗြဟ္မာမင်းသည် အလုံးစုံသော တောအုပ်ကို တပြိုင်နက်တည်း အရောင်အလင်းကို ပြုလျက် ဆည်းကပ်လာ၏ ဇမ္ဗုကသည် ဤအရောင်သည်လည်း အဘယ်သို့သော အရောင်ပေနည်းဟု ကြံ၍ နံနက်မိုးသောက် ကျရောက်သောအခါ စောစောကပင်လျှင် မြတ်စွာဘုရားသခင်၏ အထံသို့သွားရောက်၍ ပဋိသန္ထာရကိုပြုပြီးသော် တင့်အပ်လျောက်ပတ်သော အရပ်၌တည်၍ မြတ်စွာဘုရားသခင်ကို ရဟန်းကြီး လေးပါးကုန်သော အရပ်တို့ကို တလျှပ်လျှပ် တဝင်းဝင်း ထွန်းလင်းတောက်ပစေလျက် အသင်၏ ထံမှောက်သို့ အဘယ်သူတို့သည် လာရောက်ကုန်သနည်းဟု မေး၏ စတုမဟာရာဇ် နတ်မင်းကြီးတို့ပေတည်းဟု မိန့်တော်မူလျှင် အဘယ် အကြောင်းကြောင့် လာကုန်သနည်းဟု မေးပြန်၏၊ ငါ့အား ခစားမှီဝဲ ဆည်းကပ်ခြင်းငှါ လာကုန်သည်ဟု မိန့်တော်မူပြန်သော် အသို့နည်း ရဟန်းကြီး အသင်သည် ထိုနတ်မင်းကြီးတို့ထက်ပင် မြတ်သေးသလောဟု မေးပြန်၏။ ဩော် ဟုတ်ပေ၏ ဇမ္ဗုက ငါသည် ထိုနတ်မင်းကြီးတို့ထက် ကဲလွန်ထူးမြတ်သော နတ်မင်းအစစ် ဖြစ်ပေသည်ဟု မိန့်တော်မူလျက် မဇ္ဈိမယာမ်၌ အဘယ်သူ လာသနည်းဟု မေးပြန်၏ ဇမ္ဗုက နတ်တို့ကို အစိုးရသော သိကြားမင်း လာသည်ဟု မိန့်တော်မူသောကာလ အဘယ်အကြောင်းကြောင့် လာသနည်းဟု

မေးသဖြင့် ငါ့အား ခစားမှီဝဲ ဆည်းကပ်ခြင်းငှါ လာသည်ဟု မိန့်တော်မူသော် အသို့နည်း၊ အသင်သည် သိကြားနတ်မင်းထက်ပင် မြတ်သေးသလောဟု မေးပြန်သောကာလ ဩဘ်ဟုတ်လှပေ၏၊ ဇမ္ဗုက သိကြားနတ်မင်းထက်ပင် သော်လည်း ငါသည် မြတ်၏ ဤသိကြားနတ်မင်းသည် ငါ့အား သူနာအလုပ် အကျွေးဖြစ်သော ကပ္ပိယကာရက သာမဏေနှင့် တူ၏ဟု မိန့်တော်မူ၏။

ဇမ္ဗုက-ာ ရဟန်းကြီး ထိုနောက် ပစ္ဆိမယာမ်၌ အလုံးစုံသော တောအုပ်ကို ဖုံးအုပ်မောက်လွှမ်း အရောင်ဖြင့် ထွန်းလင်းစေလျက် အဘယ်သူသည် လာသနည်းဟု မေးပြန်၏၊ ဇမ္ဗုက လောက၌ ပုဏ္ဏားစသော လူမျိုးတို့ချေဆတ်သည် ရှိသော် ချတ်ချော်သည်ရှိသော် "နမော မဟာဗြဟ္မုနော" ဟု ဆိုရကုန်၏ ထိုပုဏ္ဏားစသော လူမျိုးတို့ ညွတ်သျှိုးကြည့်လင် ဦးတင်ဆည်းကပ်ရာဖြစ်သော မဟာဗြဟ္မာမည်သည် ရှိပေ၏။ ထိုဗြဟ္မာမင်းပေတည်းဟု မိန့်တော်မူလျှင် အသို့နည်း အသင်သည် မဟာဗြဟ္မာကြီးထက်ပင် မြတ်သေးသလောဟု မေးလျှောက်ပြန်သဖြင့် ဇမ္ဗုက ဩဘ်-ဟုတ်လှပေ၏ ငါသည် ဗြဟ္မာတကာ တို့ထက် ထွတ်မြတ်လွန်ကဲသော ဗြဟ္မာပေတည်းဟု မိန့်တော်မူသည်ရှိသော် ရဟန်းကြီး အသင်သည် အလွန်အကျူး အထူးသဖြင့် ချီးမွမ်းအံ့ဩဖွယ် ရှိလေစွ ငါးဆယ့်ငါးနှစ်ပတ်လုံး ဤအရပ်၌နေသော ငါ့အား စတုမဟာရာဇ် နတ်မင်း၊ သိကြားမင်း ဗြဟ္မာမင်းတို့တွင် တစ်စုံတစ်ယောက်မျှပင်သော်လည်း ခစားဆည်းကပ်ခြင်းငှါ လာဖူးသည် မရှိ။

## ဇမ္ဗုကသည် မြတ်စွာဘုရားအား လှည့်ပတ်၍ လျှောက်ထားခြင်း

ငါသည် ဤမျှလောက် ရှည်စွာသော ကာလပတ်လုံး လေကိုသာ စားပြီး-သော ကာလ ရပ်တည်လျက်သာလျှင် ကာလကို လွန်စေ၍ ကျင့်ကြံ အားထုတ်၏ ထိုမျှလောက် အားထုတ်ပါသော်လည်း ငါ့အား တစ်စုံတစ်ယောက် မျှသော နတ်, သိကြား, ဗြဟ္မာသည် ဆည်းကပ်အံ့သောငှါ မလာဖူးလေဟု ပြောဆိုလျှင် မြတ်စွာဘုရားသခင်က ဇမ္ဗုက အသင်သည် လောက၌ မိုက်မဲ တွေဝေသော လူများအပေါင်းကို လှည့်ပတ်၍ ရသဖြင့် ယခု ငါဘုရားအား လှည့်ပတ်ခြင်းငှါ အသင် အလိုရှိဘိ၏ အသင်သည် ငါးဆယ့်ငါးနှစ်တို့ပတ်လုံး မစင်ဘင်ပုပ်ကိုသာ စား၍ မြေ၌သာလျှင် အိပ်ပြီးသောကာလ အဝတ်မဝတ်ဘဲ အချည်းနှီး လှည့်လည်၍ နေဘိသည် မဟုတ်တုံလော ထန်းစစ်ညှပ်ဖြင့် ဆံတို့ကို နုတ်သည် မဟုတ်တုံလော ဤသို့သော အခြင်းအရာ ဖြစ်ပါလျက် လောက၌ လူအပေါင်းကို လှည့်ပတ်ပြီးသောကာလ ငါသည် လေကိုစား၏ တစ်ခုသော ခြေဖြင့်သာ ရပ်တည်၏ ထိုင်နေခြင်း, အိပ်နေခြင်း မရှိဟု ပြောဆိုဘိ၏

ယခုလည်း ငါဘုရားအား လှည့်ပတ်လိုဘိ၏ ဇမ္ဗုက အသင်သည် ရှေးရှေးသော ကာလ ဘဝဖြစ်စဉ်၌ ယုတ်မာသော အယူကိုမှီ၍ ဤမျှလောက်သော ကာလ ပတ်လုံး မစင်ဘင်ပုပ်ကို စားလျက် မြေ၌ အိပ်ပြီးသောအခါ အချည်းနှီး လှည့်လည်၍ ထန်းစစ်ညှပ်ဖြင့် ဆံပင်ကို နုတ်ရခြင်းသို့ ရောက်၏။ ဤယခုအခါ ၌လည်း ယုတ်မာသော အယူကို ယူပြန်ဘိသည်ဟု မိန့်တော်မူ၏။

ဇမ္ဗုက-က ရဟန်းကြီး ငါသည် အဘယ်သို့သော မကောင်းမှုကို ပြုဖူး သနည်းဟု မေးသဖြင့် ထိုအခါ မြတ်စွာဘုရားသခင်သည် ရှေးကပြုခဲ့ဖူးသော မကောင်းမှုကို ပြန်ကြားတော်မူ၏။ မြတ်စွာဘုရား ပြန်ကြား၍ ဟောစဉ်ပင် ဇမ္ဗုကအား ထိတ်လန့်တုန်လှုပ် ပြီးသောကာလ ရှက်ခြင်း, ကြောက်ခြင်း ဟိရီ, ဩတ္တပ္ပတရား ဖြစ်ပေါ်လာပြီးလျှင် ဆောင့်ကြောင့် ထိုင်နေ၏။

## ဇမ္ဗုကသည် ပဋိသမ္ဘိဒါပတ္တ "ဟေဘိက္ခု" ရဟန်းဖြစ်ခြင်း

ထိုအခါ မြတ်စွာဘုရားသခင်သည် ရေသနုပ်ကို ပစ်၍ ပေးသနားတော်မူ၏ ဇမ္ဗုကသည် ထိုရေသနုပ်ကို ဝတ်၍ မြတ်စွာဘုရားကို ရိုသေစွာ ရှိခိုးပြီးသော် သင့်တင့် လျောက်ပတ်သော နေရာ၌ ထိုင်နေ၏၊ မြတ်စွာဘုရား သခင်သည်လည်း ထိုဇမ္ဗုကအား အစဉ်သော တရားစကားကို ဟောကြား တော်မူသည်ရှိသော် ဒေသနာ၏အဆုံး၌ ဇမ္ဗုကသည် ပဋိသမ္ဘိဒါတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်၍ နေရာမှထပြီးလျှင် မြတ်စွာဘုရားသခင်ကို ကြည်ညို ညွတ်လျှိုး ရှိခိုးပြီးသော် ရှင်အဖြစ်ကိုလည်းကောင်း၊ ပဉ္စင်းအဖြစ်ကိုလည်း ကောင်း တောင်းပန်၏ ဤမျှလောက်သော အပြစ်ဝိပါကကို ခံစားရသဖြင့် ထိုဇမ္ဗုကအား ရှေး၌ပြုအပ်သော ကံသည်ကုန်ခြင်းသို့ ရောက်လေ၏။ ထိုစကား မှန်၏။ ဤဇမ္ဗုကသည် ရဟန္တာမထေရ်မြတ်ကို လေးပါးကုန်သော ဆဲရေး ရေရွတ်ခြင်းတို့ဖြင့်ဆဲရေးရေရွတ်၍ မဟာပထဝီမြေကြီး တစ်ယူဇနာနှင့်သုံးဂါဝုတ် အထက်သို့ တက်ကြွမြင့်မောက်သည်တိုင်အောင် အဝီစိငရဲ၌ကျက်၍ ခံစားရ ပြီးလျှင် ထိုအဝီစိငရဲ၌ ခံစားရပြီးသော အကျိုးအကြွင်း၏အစွမ်းဖြင့် ငါးဆယ့် ငါးနှစ်တို့ပတ်လုံး ဤသို့သော ဖောက်ပြန်ပျက်စီးခြင်းကို ရောက်ရလေ၏။ ထိုမျှ လောက်ဖြင့် ဇမ္ဗုကအား ထိုအကုသိုလ် မကောင်းမှုကံသည် ကုန်းခြင်းသို့ ရောက်လေ၏၊ အဘယ်ကြောင့် ကုန်ခြင်းသို့ ရောက်လေသနည်း ဟူမူကား ကဿပမြတ်စွာဘုရား သာသနာတော်က အနှစ်နှစ်သောင်းတို့ ပတ်လုံး ဤဇမ္ဗုကသည် ကြိုးစားအားထုတ် ပြုလုပ်ခဲ့ဖူးသော ရဟန်းတရား၏ အကျိုးအာနိသံကို ဤအကုသိုလ်ကံသည် ပယ်လှန်ဖျက်ဆီး တားမြစ်ခြင်းငှါ မစွမ်းနိုင်လေ ထိုကြောင့် ကုန်ခြင်းသို့ ရောက်ရလေသတည်း ထိုကြောင့် ရှင်း အဋ္ဌကထာ၌—

အယံ၌ ခီဏာသဝမဟာထေရံ စတူဟိ အင်္ဂေါသဝတ္ထူဟိ အင်္ဂေါသေတွာ ယာဝါယံ မဟာပထဝီ တိဂါဝုတာဓိကံ ယောဇနံ ဥဿန္နံ၊ တာဝ အဝီစိမှိ ပစိတ္ဗာ တတ္ထ ပက္ကာဝသေသေန ပဉ္စပညာသဝဿာနိ ဣမံ ဝိပ္ပကာရံ ပတ္တော။ တေနဿ တံ ကမ္မံ ခီဏံ။ ဝီသတိ ပန ဝဿသဟဿာနိ ဣမိနာ ကတဿ သမဏဓမ္မဿ ဖလံ နာသေတုံ န သက္ကာ–ဟု

**အနက်ကား**။ ။ဟိ၊ ထိုစကားသည် ထင်ရှားကြောင်း မှန်ပေ၏။ **အယံ**၊ ဤဇမ္ဗုကသည်။ ခီဏာသဝ မဟာထေရံ၊ ရဟန္တာဖြစ်သော မဟာထေရ်ကို။ စတူဟိအင်္ဂေါသဝတ္ထူဟိ၊ လေးပါးကုန်သောအင်္ဂေါသဝတ္ထုတို့ဖြင့်။အင်္ဂေါသေတွာ၊ ဆဲရေးရေရွတ်၍။ ဝါ၊ ဆဲရေးရေရွတ်သောကြောင့်။ ယာဝ၊ အကြင်မျှလောက်။ အယံ မဟာပထဝီ၊ ဤ မဟာပထဝီမြေကြီးသည်။ တိဂါဝုတာဓိကံ၊ သုံးဂါဝုတ်အလွန်ရှိသော။ ယောဇနံ၊ ယူဇနာတိုင်တိုင်။ ဝါ။ ယူဇနာသို့။ ဥဿန္နံ၊ ပြန့်ပြောမြင့်မောက် ရောက်၍တက်လာ၏။ တာဝ၊ ထို့မျှလောက်။ အဝီစိမှိ၊ အကြားမရှိ ပြည့်တုံဘိသော အဝီစိငရဲကြီး၌။ ပစိတ္ဗာ၊ ကျက်၍ ခံစားပြီးသော်။ တတ္ထ၊ ထိုငရဲ၌။ ပက္ကာဝသေသေန၊ ကျက်၍ခံစားအပ်သော အကျိုးအကြွင်းဖြင့်။ ပဉ္စပညာသဝဿာနိ၊ ငါးဆယ့်ငါးနှစ်တို့ပတ်လုံး။ ဣမံ ဝိပ္ပကာရံ၊ ဤသို့သော ဖောက်ပြန်ပျက်စီးခြင်းသို့။ ပတ္တော၊ ရောက်ရလေ၏။ တေန၊ ထိုမျှလောက်ဖြင့်။ အဿ၊ ထိုဇမ္ဗုကအား။ ဝါ၊ ဇမ္ဗုက၏။ တံ ကမ္မံ၊ ထိုအကုသိုလ်ကံသည်။ ခီဏံ၊ ကုန်လေ၏။ ဝီသတိ ဝဿသဟဿာနိ၊ အနှစ်နှစ်သောင်းတို့ ကာလပတ်လုံး။ ဣမိနာ၊ ဤဇမ္ဗုကသည်။ ကတဿ၊ ပြုအပ်သော။ သမဏဓမ္မဿ၊ ရဟန်းတရား၏။ ဖလံ ပန၊ အကျိုးကိုကား။ နာသေတုံ၊ ဖျက်ဆီးခြင်း ပျက်စီးစေခြင်းငှါ။ န သက္ကာ၊ မစွမ်းနိုင်။ ဤကား အနက်။

မြတ်စွာဘုရားသခင်သည် ထိုဇမ္ဗုက-က ရဟန်းပြုပါမည်အကြောင်းကို တောင်းပန်လျှောက်ထားသောကာလ လက်ျာလက်တော်ကို ဆန့်တော်မူ၍–

ဧဟိ ဘိက္ခု၊ ဗြဟ္မစရိယံ စရ သမ္မာဒုက္ခဿ အန္တကိရိယာယ–

ဟူသောပါဠ်ကို မိန့်တော်မူ၏။

**အနက်ကား**။ ။ဘိက္ခု၊ ရဟန်း။ ဧဟိ၊ လာလှည့်။ ဒုက္ခဿ၊ ဆင်းရဲ အပေါင်း၏။ အန္တကိရိယာယ၊ အဆုံးကိုပြုခြင်းငှါ။ ဗြဟ္မစရိယံ မြတ်သော အကျင့်ကို။ စရ၊ ကျင့်လေလော့။ ဤကား အနက်။

**အဓိပ္ပာယ်ကား။** ။ချစ်သားရဟန်း လာလည့် အလုံးစုံသော ဆင်းရဲ အပေါင်း၏ အဆုံးကို ပြုခြင်းငှါ မြတ်သောအကျင့်ကို ကောင်းစွာကျင့်ဘိလော့ ဟုမိန့်တော်မူ၏။ ထိုသို့ မိန့်တော်မူသောခဏ၌သာလျှင် ထိုဇမ္ဗုကအား လူတို့၏ အသွင် ကွယ်ပျောက်၍ ရှစ်ပါးသော ပရိက္ခရာတို့ကို ဆောင်လျက် အဝါ ခြောက်ဆယ် ရင့်ကြွယ်သော မထေရ်ကြီးကဲ့သို့ တရည်ထည်း အထမြောက်သည် ဖြစ်လေ၏။

## လူအပေါင်းတို့၏ ယုံမှားမှုကို ဇမ္ဗုကသည် ပယ်ရှား၍ပြခြင်း

ထိုနေ့သည်ကား အင်္ဂ မဂဓ နှစ်ဌာနခရိုင် နိုင်ငံနေလူ ပြည်သူပြည်သား အပေါင်းတို့၏ ထိုဇမ္ဗုကအား ပူဇာသက္ကာရကို ယူ၍ပြီးသည်ကာလ အလှည့် အကြိမ် ကျ၍ လာကြကုန်သော နေ့ဖြစ်ပေသတတ် ထိုကြောင့် နှစ်တိုင်း ပြည်သား ယောကျ်ား မိန်းမတို့သည် ပေးလှူ ပူဇော်ဖွယ်ဝတ္ထုကို ပြုစုမပျက် လက်၌ ကိုင်စွဲ၍ လာကြကုန်သည်ရှိသော် မြတ်စွာဘုရားသခင်နှင့် အရှင်ဇမ္ဗုက နေကြသည်ကို တွေ့မြင်သောအခါ အသို့နည်း ငါတို့ဆရာဖြစ်သော အရှင် ဇမ္ဗုကပင် တန်ခိုးကြီးမြတ်သလော၊ သို့တည်းမဟုတ် ရဟန်းဂေါတမပင် တန်ခိုး ကြီးမြတ်သလောဟု ကြံ၍ ရဟန်းဂေါတမသည် အကယ်၍ တန်ခိုး ကြီးမြတ်သည် ဖြစ်ခဲ့တုံအံ့ ဤအရှင်ဇမ္ဗုကသည် ရဟန်းဂေါတမ၏ အထံသို့ သွားပေရာ၏ ဇမ္ဗုကအာဇီဝက၏ တန်ခိုးကြီးမြတ်သည်၏ အဖြစ်ကြောင့်သာလျှင် ရဟန်း ဂေါတမသည် ဇမ္ဗုကအာဇီဝက၏ အထံသို့ လာရသည်ဟု ကြံကြကုန်၏။ မြတ်စွာဘုရားသခင်သည် လူများအပေါင်း၏ အကြံကို ရွှေဉာဏ်တော်ဖြင့် မြင်တော်မူ၍ ဇမ္ဗုက အသင့် အလုပ်အကျွေး ဖြစ်ကုန်သော ဒါယကာ ဒါယိကာမ တို့၏ ယုံမှားသံသယကို ပယ်ရှား ဖြတ်တောက်ဘိလော့ဟု မိန့်တော်မူ၏ ဇမ္ဗုက ကလည်း ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား တပည့်တော် သည်လည်း ဤသို့သော အခြင်းအရာကိုသာလျှင် တောင့်တ၍ နေပါသည်ဟု လျှောက် ကြား၍ပြီးလျှင် စတုတ္ထဈာန်ကို ဝင်စား၍ ဈာန်မှ ထတော်မူသည်ရှိသော် ထန်းပင် တစ်ဆင့်ခန့် ပမာဏရှိသော ကောင်းကင်သို့ ပျံတက်၍ ဘုန်းတော် ကြီးတော် မူပေသော မြတ်စွာဘုရား အရှင်မြတ်သည် ဆရာပါပေတည်း တပည့်တော် သည် အရှင်မြတ်၏ တပည့်သာဝကပါတည်းဟု ကြားလျှောက်၍ အောက်သို့ သက်ဆင်းပြီးသောကာလ ခြေတော်စုံကို ရှိခိုးဦးတိုက်၏ ထိုနောက် တစ်ဖန် ထန်းနှစ်ဆင့် ထန်းသုံးဆင့်ခန့် စသည်တို့ဖြင့် ပွါး၍ ပွါး၍ ထန်းခုနစ်ဆင့် တိုင်အောင် ကောင်းကင်သို့ တက်၍ ဆင်းသက်ပြီးသောအခါ မိမိ၏ တပည့် သာဝကအဖြစ်ကို သိစေ၏ ထိုသို့သော အခြင်းအရာကို မြင်၍ လူအပေါင်း တို့သည် ဘုရားတို့ မည်သည်ကား အလွန်အကျူး အထူးသဖြင့် အံ့ဩဖွယ်

ရှိပေစွတကား မနိုင်းမယှဉ်နိုင်သော ကျေးဇူးတော် ဂုဏ်တော် ရှိပါပေ၏ဟု ကြံဆင်ခြင်ကြကုန်၏။

မြတ်စွာဘုရားသခင်သည် လူများအပေါင်းနှင့် အတူတကွ စကားပြောဆိုတော်မူလိုသည် ဖြစ်သောကြောင့် ဤသို့သော စကားကို မိန့်တော်မူ၏။ ဤဇမ္ဗုကသည် ဤမျှလောက်သော ကာလပတ်လုံး အသင်တို့သည် ဆောင်ယူခဲ့သော ပူဇော်သက္ကာရကို မြက်ဖျားဖြင့် လျှာဖျား၌ တင်ထား ပြီးသောအခါ ပြင်းပြပူပန်သော အကျင့်ကို ကျင့်အံ့ဟူ၍ ဤအရပ်၌ နေ၏ ဤသို့သော အကြောင်းဖြင့် အနှစ်တစ်ရာပတ်လုံး ပူပန်ပြင်းပြသော အကျင့်ကို ဖြည့်ကျင့်စေကာမူ ဤယခုအခါ အချိန်ကာလကိုလည်းကောင်း ဆွမ်းကိုလည်းကောင်း သံသယ ကုက္ကုစ္စ ဖြစ်ပွါး၍ မစားဘဲ နေအပ်သော အစာဖြတ်ခြင်း ကုသိုလ်စေတနာသည် ရှိ၏ ထိုကုသိုလ်စေတနာကို တစ်ဆယ့်ခြောက်စိတ် စိတ်၍ တစ်စိတ်သော အဖိုးမျှသော်လည်း ထိုအနှစ်တစ်ရာ ပြင်းပြစွာ ကျင့်ကြံအားထုတ်အပ်သော အကျင့် အာစာရသည် အဖိုးမထိုက် မလိုက်မမှီနိုင်ပေဟု မိန့်တော်မူပြီးလျှင် အနုသန္ဓေစပ်၍ တရားတော်ကို ဟောကြားတော်မူလိုသောကြောင့်—

၇၀။ မာသေ မာသေ ကုသဂ္ဂေန၊ ဗာလော ဘုဉ္ဇေယျ ဘောဇနံ။
န သော သင်္ခတဓမ္မာနံ၊ ကလံ အဂ္ဃတိ သောဠသိံ—

ဟူသော ဂါထာကို မိန့်တော်မူ၏။

## ဒေသနာတော်၏ အကျိုးအာနိသင်

ထိုဒေသနာဂါထာ၏ အဆုံး၌ ရှစ်သောင်း လေးထောင်ကုန်သော သတ္တဝါတို့အား တရားကို ထိုးထွင်း၍ သိသဖြင့် အကျွတ်တရားကို ရလေကုန်၏။

**အနက်ကား။** ။ဗာလော၊ မသိမလိမ္မာ ပညာကင်းကြိုက် မိုက်သော သူသည်။ မာသေ မာသေ၊ လတိုင်း လတိုင်း။ ကုသဂ္ဂေန၊ သမန်း မြက်ဖျားဖြင့်သာလျှင်။ ဘောဇနံ၊ ခဲဖွယ်ဘောဇဉ်ကို။ ဘုဉ္ဇေယျ၊ အကျင့်ခေါင်းပါး လှည့်ပတ်ငြားသဖြင့် စားခဲ့ငြားအံ့။ တဒါပိ၊ ထိုသို့ကုန်ခန်း တစ်လဆန်းဝယ် သမန်းမြက်ဖျားဖြင့် စားသုံး၍ ကျင့်သော်လည်း သော ဗာလော၊ မသိမလိမ္မာ 'ပညာကင်းကြိုက် ထိုသူမိုက်သည်။ သင်္ခတဓမ္မာနံ၊ အမှန်တည့်တည့် ထိုးထွင်း၍ သိအပ်သော တရားရှိကုန်သော။ ပုဂ္ဂလာနံ၊ ပုဂ္ဂိုလ်တို့၏။ သောဠသိံ ကလံ၊ နှစ်ရာ့ငါးဆယ် ခြောက်စိတ် စိတ်၍ တစ်စိတ်ကိုမျှ။ န အဂ္ဃတိ၊ အဖိုးမထိုက် မလိုက်မမှီနိုင်။ ဤကားအနက်။

သောဠသိံ ကလံ·ဟူသော ပါဌ်၏ အနက်ယောဇနာမှာ–

တံ သောဠသကောဋ္ဌာသေ ကတွာ တတော ဧကေကံ ပုန သောဠသ· ကောဋ္ဌာသေ ကတွာ တတော ဧကော ကောဋ္ဌာသော ယံ ဖလံ· စသော အဋ္ဌကထာဖွင့်ကို ထောက်ပါလေ။

ဓမ္မပဒဗာလဝဂ်၌ တစ်ဆယ့်တစ်ခုမြောက်သော ဇမ္ဗုကမထေရ်၏ ဝတ္ထုစကားစဉ်ကား ဤတွင်ရွေ့ပြီး၏။

## ၁၂။ အဟိပေတ မြွေပြိတ္တာ၏ အကြောင်း

### ပစ္စုပ္ပန်ဝတ္ထု

**န ဟိ ပါပံ ကတံ ကမ္မံ–** အစခံသော သုတ္တန်ဒေသနာ ပါဌ်ဂါထာကို ခေမာအောင်မြို့ ရွှေဖောင်ဖြင့် ပို့တတ်သော ကူးတို့သူကြီး ဦးစီးရွှေဆောင် ဘုန်းခေါင် မြတ်ဖျား ဘုရားသခင်သည် ပြည်ခွင် ရာဇဂြိုဟ် နုပျိုသာလွန် ဝေဠုဝန် မင်းကျောင်း၌ ကိန်းအောင်း စံပယ်တော်မူလျက် အမှတ်မထင်သော မြွေပြိတ္တာတစ်ကောင်ကို အကြောင်းပြုသောအားဖြင့် ဟောကြားတော်မူခဲ့ပေ သတည်း။

### အကြောင်း အတ္တုပ္ပတ္တိ အစဉ်ကား ဤသို့တည်း

တစ်ရံခါသောနေ့၌ ဥရုဝေဠကဿပ အမျိုးရှိကုန်သော ရှင်တစ်ထောင်၌ အဝင်အပါဖြစ်သော အရှင်လက္ခဏမထေရ်, အရှင်မောဂ္ဂလာန်မထေရ် ထိုမထေရ် နှစ်ပါးတို့သည် ရာဇဂြိုဟ်ပြည်၌ ဆွမ်းခံ လှည့်လည်ကုန်အံ့ဟု ဂိဇ္ဈကုဋ်တောင်မှ သက်ခဲ့ကြကုန်၏။ ထိုမထေရ်နှစ်ပါးတို့တွင် အရှင် မဟာမောဂ္ဂလာန် မထေရ် သည် တစ်ကောင်သော မြွေပြိတ္တာကို မြင်၍ ပြုံးရယ်ခြင်းကို ပြုတော်မူ၏။ ထိုအခါ လက္ခဏမထေရ်က အရှင်မဟာမောဂ္ဂလာန်ကို ငါ့ရှင် အဘယ်ကြောင့် ပြုံးရယ်ခြင်းကို ပြုဘိသနည်းဟု ပြုံးရယ်ခြင်း အကြောင်းကို မေး၏။ ရှင်မောဂ္ဂလာန် မထေရ်မြတ်က ငါ့ရှင် လက္ခဏ အသင် မေးအပ်သော ဤပြဿနာ၏ အဖြေ ဝိဿဇ္ဇနာကို ဖြေဆိုအံ့သော အခွင့်သည် မသင့်လျော် မလျောက်ပတ်ချေသေး၊ ဘုန်းတော် အလွန် ကဲမွန်ချုပ်သော အနုတ္တရ လောကထွတ်ထား ဘုရား ကိုယ်တော်မြတ်၏ ထံမှောက်သို့ ကျရောက်သော အခါ ကောင်းစွာ စစ်ဆေး ငါ့ကို မေးဦးလော့ဟု မိန့်ဆိုတော်မူ၏။ ထိုမထေရ် မြတ် နှစ်ပါးတို့သည် ရာဇဂြိုဟ် မြို့တွင်းသို့ ဆွမ်းခံခြင်းငှါ လှည့်လည် ပြီး၍ မြတ်စွာဘုရား ကိုယ်တော်မြတ်၏အထံသို့ သွားရောက်ကြ၍ နေထိုင်ကုန်ပြီးသော်

အရှင်လက္ခဏမထေရ်က ငါ့ရှင် မောဂ္ဂလာန် ဂိဇ္ဈကုဋ်တောင်ယံမှ ဆွမ်းခံခြင်းငှါ သက်ဆင်းလာကြသော ကာလ၌ အသင် ပြုံးရယ်ခြင်းကို ပြု၍ ပြုံးရယ်ခြင်း အကြောင်းကို ကောင်းစွာ စစ်ဆေး ငါ မေးမြန်းသောကာလ မြတ်စွာဘုရား၏ ထံတော်၌ မေးရမည် အကြောင်းဖြင့် အသင် ပြောဆို ဝန်ခံသည်မှာ ယခု မြတ်စွာဘုရား၏ အထံသို့ ရောက်ခဲ့ချေပြီ၊ အသင် ဝန်ခံသော အတိုင်းအားဖြင့် ပြန်ကြား ဖြေဆိုဘိလော့ဟု မေးတော်မူ၏။ အရှင်မောဂ္ဂလာန် ကိုယ်တော်မြတ်ကလည်း ငါ့ရှင် လက္ခဏ ငါသည် တစ်ကောင်သော မြေပြိတ္တာကို မြင်သောကြောင့် ပြုံး ရွှင်ခြင်းကိုပြုမိပေသည်။ ထိုပြိတ္တာ၏ ခန္ဓာကိုယ်အတ္တဘောသည်ကား ဦးခေါင်းသည် လူတို့၏ ဦးခေါင်းကဲ့သို့ သဏ္ဌာန်ရှိ၏၊ ကြွင်းသော ကိုယ်သည် မြွေနှင့် တူ၏။ ထိုကြောင့် ၎င်းပြိတ္တာသည် မြေပြိတ္တာ မည်၏။ အတိုင်းအရှည် ပမာဏသည်ကား နှစ်ဆယ့်ငါး ယူဇနာမျှလောက် ရှိ၏ ထိုပြိတ္တာ၏ ဦးခေါင်းမှ ထသော မီးလျှံသည် အမြီးအဆုံးသို့ တိုင်အောင် တောက်လောင်၍ သွား၏။ အမြီးမှထသော မီးလျှံသည် ဦးခေါင်းအဆုံးသို့တိုင်အောင် တောက်လောင်၍ သွား၏။ အလယ်မှ ထသော မီးလျှံသည် နံပါးနှစ်ဖက်သို့ ပြေးထွက်၍ သွား၏။ နံပါးနှစ်ဖက်တို့မှ ပြေးထွက်၍လာသော အလျှံတို့သည် အလယ်သို့ သက်ကုန်၏ဟု ဖြေဆိုတော်မူ၏။

ထိုစကားကို ထင်ရှားအောင် ပြလိုက်ဦးအံ့။ ဤမြေပြိတ္တာသည်လည်းကောင်း ထိုမှတပါးသော ကျီးပြိတ္တာသည်လည်းကောင်း ဤနှစ်ဦးကုန်သော ပြိတ္တာတို့၏ အတ္တဘောသည်သာလျှင် နှစ်ဆယ့်ငါးယူဇနာ ပမာဏရှိကုန်၏။ ကြွင်းကုန်သော ပြိတ္တာတို့မူကား သုံးဂါဝုတ် ပမာဏ ရှိကုန်၏။ ထိုကြောင့် ၎င်းအဋ္ဌကထာ၌——

> ဒွိန္နံ ကိရ ပေတာနံ အတ္တဘာဝေါ ပဉ္စဝီသတိယောဇနိကော၊ အဝသေသာနံ တိဂါဝုတပ္ပမာဏော၊ ဣမဿ စေဝ အဟိပေတဿ ကာကပေတဿ စ ပဉ္စဝီသတိယောဇနိကော—

ဟု မိန့်တော်မူ၏။

အနက်ကား။ ။ဒွိန္နံ၊ နှစ်ဦးကုန်သော။ ပေတာနံ၊ ပြိတ္တာတို့၏။ အတ္တဘာဝေါ၊ အတ္တဘောသည်။ ပဉ္စဝီသတိယောဇနိကော ကိရ၊ နှစ်ဆယ့်ငါး ယူဇနာ ရှိသတတ်။ အဝသေသာနံ၊ ကြွင်းကုန်သော။ ပေတာနံ၊ ပြိတ္တာတို့၏။ အတ္တဘာဝေါ၊ အတ္တဘောသည်။ တိဂါဝုတပ္ပမာဏော၊ သုံးဂါဝုတ်ပမာဏရှိ၏။ ဣမဿ စေဝ အဟိပေတဿ၊ ဤမြေပြိတ္တာ၏လည်းကောင်း။ ကာကပေတဿ စ၊ ကျီးပြိတ္တာ၏လည်းကောင်း။ အတ္တဘာဝေါ၊ သည်။ ပဉ္စဝီသတိယောဇနိကော၊ နှစ်ဆယ့်ငါးယူဇနာ ပမာဏရှိ၏။ ဤကား အနက်။

## ကျီးပြိတ္တာ အကြောင်း

ကျီးပြိတ္တာ၏ အကြောင်းကို ဆက်၍ပြလိုက်ဦးအံ့– တရံသောအခါ၌ မြတ်စွာဘုရား လက်ဝဲရံ တန်ခိုးထန်သော မဟာမောဂ္ဂလာန် မထေရ်မြတ်သည် ဂိဇ္ဈကုဋ်တောင်ယံ၌ ရှင်စံနှလုံး သီတင်းသုံးတော်မူစဉ် ထိုဂိဇ္ဈကုဋ်တောင်ထိပ်၌ ကျက်၍ခံစားရသော ကျီးပြိတ္တာတစ်ကောင်ကို မြင်၍ ထိုပြိတ္တာ၏ ရှေးခါပြုဟန် ကံအကြောင်းပုံ အလုံးစုံကို အကုန်မေးမြန်းတော်မူလိုသောကြောင့်—

ပဥ္စယောဇနိကာ ဇိဝှါ၊ သီသံ တေ နဝယောဇနံ။

ကာယော အစ္စုဂ္ဂတော တုယှံ၊ ပဥ္စဝီသတိယောဇနံ။

ကိံ နု ကမ္မံ ကရိတွာန၊ ပတ္တောသိ ဒုက္ခမီဒိသံ–

ဟူသောဂါထာကို ရွတ်ဆိုတော်မူ၏။

**အနက်ကား**။ ။ဘော၊ အိုကျီးပြိတ္တာ။ တေ၊ သင်၏။ ဇိဝှါ၊ အရသာကို သေချာစွာ သိတတ်သော လျှာသည်။ ပဥ္စယောဇနိကာ၊ ငါးယူဇနာ မှန်စွာ တည့်တည့် ရှိပါပေ၏။ တေ၊ သင်၏။ သီသံ၊ ဦးခေါင်းသည်။ နဝယောဇနံ၊ ကိုးယူဇနာ မှန်စွာတည့်တည့် ရှိပေ၏။ တုယှံ၊ သင်၏။ အစ္စုဂ္ဂတော၊ စို့စို့ တက်သော။ ကာယော၊ ကိုယ်သည်။ ပဥ္စဝီသတိယောဇနံ၊ နှစ်ဆယ့်ငါးယူဇနာ မှန်စွာတည့်တည့် ရှိပါပေ၏။ ကိံ ကမ္မံ၊ မသင့်မတော် မလျော်ရည်ရှု အဘယ်သို့သော အမှုကို။ ကရိတွာန၊ ပြုခဲ့မိခြင်းကြောင့်။ ဤဒိသံ၊ ဤသို့သဘော ရှိသော။ ဒုက္ခံ၊ အလွန်တမင်း ဆင်းရဲခြင်းသို့။ ပတ္တော၊ ရောက်ရသည်။အသိ နု၊ ဖြစ်ရလေဘိသနည်း။ ဤကားအနက်။

**အဓိပ္ပါယ်ကား**။ ။အို အသင်ကျီးပြိတ္တာ အသင်၏ လျှာသည် ငါးယူဇနာ တည့်တည့် ရှိပေ၏။ အသင်၏ ဦးခေါင်းသည် ကိုးယူဇနာတည့်တည့် ရှိပေ၏။ အသင်၏ စို့စို့တက်သော ကိုယ်သည် နှစ်ဆယ့်ငါးယူဇနာ မှန်စွာတည့်တည့် ရှိပေ၏။ အဘယ်သို့သော မကောင်းမှု အကုသိုလ်ကံကို စီမံပြုလုပ်ခဲ့ဖူးသော ကြောင့် ဤသို့သဘောရှိသော ဆင်းရဲဒုက္ခကို ငြိုငြင်ပင်ပန်းစွာ ခံစားရသည်၏ အဖြစ်သို့ ရောက်ရလေဘိသနည်းဟု မေးတော်မူ၏။ ထိုသို့ မေးတော်မူသော် အခါ ကျီးပြိတ္တာက အရှင်မဟာမောဂ္ဂလာန် မထေရ်မြတ်အား ပြန်ကြား လျှောက်ဆိုလိုသည် ဖြစ်သောကြောင့်—

အဟံ ဘန္တေ မောဂ္ဂလာန၊ ကဿပဿ မဟေသိနော။

သံဃဿ အာဘတံ ဘတ္တံ၊ အာဟရေသိံ ယာဒိစ္ဆကံ–

ဟူသော ဂါထာကို ရွတ်ဆို၏။

**အနက်ကား**။ ။ဘန္တေ မောဂ္ဂလာန၊ ဘုန်းတော်အလျှံ တောက်ပမှန်ပေသော အရှင်ဘုရား မောဂ္ဂလာန်။ အဟံ၊ အရှင့်မျက်မြင် ပူပင်ဒုက္ခ ခံစားရသော တပည့်တော် ကျီးပြိတ္တာသည်။ မဟေသိနော၊ သီလက္ခန္ဓ စသည်ကျေးဇူးဂုဏ်အထူးကို ရှင်မြူးဝမ်းသာ ရှာတော်မူပြီးထသော။ ကဿပဿ၊ကဿပနွယ်ဝင် ရှင်တော်မြတ်ဖျား စောဘုရား၏။ ကာလေ၊ ပွင့်တော်မူရာ ပေါက်ထက်ခါ၌။ သံဃဿ၊ သံဃာတော်အား။ ဝါ၊ သံဃာတော်၏။ အုတ္တာယ၊ အကျိုးငှါ။ အာဘတံ၊ ဆောင်ယူအပ်သော။ ဘတ္တံ၊ ရန့်ကြိုင်သင်း အာဟာရထမင်းကို။ ယဒိစ္ဆကံ၊လောဘငင်မင် အကြင်အလိုရှိတိုင်း။ ဝါ၊အလိုရှိဝိုင်းကို။ အာဟရေသိံ၊ ထိုး၍ ဆောင်ယူခဲ့ဖူးပါသည်ဘုရား။ ဤကားအနက်။

**အဓိပ္ပါယ်ကား**။ ။ဘုန်းတော်အလျှံ တောက်ပမှန်ပေသော အရှင်ဘုရား မောဂ္ဂလာန် တပည့်တော် ကျီးပြိတ္တာ ဒုက္ခိတသတ္တဝါသည် သီလက္ခန္ဓ စသည် ကျေးဇူး ဂုဏ်အထူးကို ရှင်မြူးဝမ်းသာ ရှာတော်မူပြီးထသော ကဿပအနွယ်ဝင် ရှင်တော်မြတ်ဖျား ဘုရားသခင်၏ လက်ထက်တော် အခါကာလက မြတ်စွာဘုရား တပည့်သား များစွာကုန်သော ရဟန်းတို့သည် ရွာ၏အတွင်းသို့ ဆွမ်းရှာ ခံခြင်းငှါ ကြွဝင်ကုန်သည် ရှိသော် လူအပေါင်းတို့သည် ရဟန်းတော်သခင် အရှင်မြတ်တို့ကို ဖူးမြင်ရသောကာလ ကြည်ရွှင်လှသော စိတ်ဖြင့် တိုင်ပင် ညီညွတ်ကုန်ပြီးသော် ဆွမ်းစားဇရပ်၌ ပင့်ဖိတ်ထိုင်နေ သီတင်းသုံးစေပြီးသည် ကာလ ယာဂုခဲဖွယ် အသွယ်သွယ်တို့ကိုလှူဒါန်း၍ မထေရ်တို့၏ခြေကို ဆေးကြော လိမ်းကျံပြီးလျှင် ဆွမ်းစားချိန် တိုင်အောင်သော ကာလပတ်လုံး ငုံ့လင့်ဆိုင်းတွ တရားတော်ကိုကြားနာ၍ နေကုန်၏။ တရားစကား ဟောကြား ပြီးဆုံးသော အခါ၌ မထေရ်တို့၏ သပိတ်တို့ကို ယူဆောင်ပြီးသော် မိမိတို့၏အိမ်၌ စီမံချက် ပြုတ်အပ်သော အထူးထူးသော ဆွမ်းဘောဇဉ်တို့ဖြင့် ပြည့်စေ၍ ဆောင်ယူခဲ့ ကုန်၏။ ထိုအခါ တပည့်တော်သည် တိရစ္ဆာန်ဖြစ်သော ကျီးသတ္တဝါဖြစ်၍ ဆွမ်းစားဇရပ်၏ အမိုးအပြင်၌ နားနေပြီးသောအခါ တစ်ယောက်သောသူ ယူဆောင်လာအပ်သော ဆွမ်းပြည့်သောသပိတ်မှ သုံးကြိမ်တိုင်အောင် မိမိ၏ ခံတွင်းနှုတ်သီးကို ပြည့်စေလျက် သုံးလုပ်သော ထမင်းလုပ်တို့ကို ထိုးသုပ် ချီ ဆောင်၍ ယူဖူးပါ၏ ထိုဆွမ်းသည် သံဃာ၏စိုးပိုင်သော ပစ္စည်းဥစ္စာလည်း မဟုတ်သေး။ သံဃာအား ဆောက်နှင်းပေးလှူအပ်သော ဥစ္စာလည်း မဟုတ်သေး။ ရဟန်းတို့သည် ခံယူ၍စားသုံးအပ်သော စားကြွင်းမဟုတ်သေး၊ စင်စစ် မှာမူကား လူတို့သည် မိမိတို့စားသုံးဖို့ရာ စီမံချက်ပြုတ်၍ အိမ်မှ ထုတ်ဆောင် အပ်သော သက်သက် သံဃာအား ရည်ညွှန်းပြီးသောကာလ ဆောင်အပ်သော ဆွမ်းမျှသာ ဖြစ်ပါ၏။ ထိုသို့ သံဃာအား ရည်ညွှန်းဆောင်ယူအပ်သော ဆွမ်း ကို ထိုးဆောင်ချီငင်၍ စားသောက်ခဲ့သော မကောင်းမှု အကုသိုလ်ကံကြောင့်

တိရစ္ဆာန် ကျီးဘဝမှ ပြောင်းကြွသေလွန်ခဲ့ရသည်ရှိသော် ထိုကံ၏ အကျိုးဆက်ဖြင့် အဝီစိငရဲ၌ ကျက်၍ခံစားခဲ့ရပြီးသော် ထိုကံ၌ အကျိုးအကြွင်း၏အစွမ်းဖြင့် ဤဂိဇ္ဈကုဋ်တောင်ထိပ်၌ ယခုအခါ ကျီးပြိတ္တာ ဖြစ်လာရပါသည် ဘုရားဟု လျှောက်ကြားလေသတည်း။ ဤကား ကျီးပြိတ္တာ၏ ဝတ္ထုစကား အမြွက်တည်း။

## မြွေပြိတ္တာ အကြောင်း

ဤသို့အရှင်မဟာမောဂ္ဂလာန်မထေရ်ကမြွေပြိတ္တာကိုမြင်၍ပြုံးရယ်ကြောင်းကို အရှင်လက္ခဏအား ပြန်ကြားသည်ရှိသော် မြတ်စွာဘုရားသခင်သည် သက်သေအရာ၌ တည်တော်မူလျက် ချစ်သားရဟန်းတို့ ငါ၏သားတော်ဖြစ်သော မောဂ္ဂလာန်သည် ဟုတ်မှန်သည်ကိုသာလျှင် ပြောဆိုပေ၏။ ငါဘုရားသည်လည်း ဘုရားအဖြစ်သို့ ရောက်တော်မူသော နေ့၌သာလျှင် မြင်တော်မူအပ်ပေ၏။ ငါဘုရားဟောကြားသော်လည်း ငါဘုရားစကားတော်ကို မယုံကြည်ဘဲ ရှိကုန်ပေလိမ့်မည်။ မယုံကြည်ဘဲ ရှိကလည်း သတ္တဝါတို့အား ချွတ်ယွင်းပျက်ပြား အကျိုးစီးပွါးမဲ့ကုန်ရာသည်ဟု သတ္တဝါတို့အား အစဉ်သနားတော်မူသဖြင့် ငါဘုရား မဟောကြားဘဲ နေတော်မူသည်ဟု မိန့်တော်မူသောကာလ ဓမ္မပဋိဂ္ဂါဟက ဖြစ်သော ရဟန်းတို့က ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ထိုမြွေပြိတ္တာသည် ရှေးအခါကာလက အဘယ်ကဲ့သို့သော မကောင်းမှုကံကို စီမံပြုလုပ်ခဲ့ဖူးပါသနည်းဟု မေးလျှောက်ကုန်၏။ မြတ်စွာဘုရားကိုယ်တော်မြတ်သည် အတိတ်ကို ဆောင်တော်မူ၏။ ချစ်သားရဟန်းတို့ ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်ကို အမှီတစ်ခု နေထိုင်ခြင်းပြုကုန်သော လူတို့သည် ထို ဗာရာဏသီပြည်နှင့် မနီးမဝေး မြစ်ကမ်းဖြစ်သော တစ်ခုသောအရပ်၌ ပစ္စေကဗုဒ္ဓါ အရှင်မြတ်တစ်ဆူအား ကြည်ဖြူသော စေတနာဖြင့် သီတင်းသုံး ကိန်းအောင်းဖို့ရာ တစ်ဆောင်သော သစ်ရွက်မိုးသောကျောင်းကို ဆောက်လုပ် လှူဒါန်းကြကုန်၏၊ ပစ္စေကဗုဒ္ဓါ အရှင်သည်သည်း ထိုကျောင်း၌ ကိန်းအောင်း မျှတတော်မူလျက် အမြဲမပြတ်သာလျှင် မြို့တွင်းသို့ ဆွမ်းခံကြွဝင်လှည့်လည်တော်မူ၏၊ မြို့သူ မြို့သားယောကျ်ားမိန်းမ အပေါင်းတို့သည်လည်း ပန်းနံ့သာ စသည်လက်စွဲကုန်လျက် အမြဲမပျက် ညဉ့်နံနက်ပတ်လုံး အရှင်ပစ္စေကဗုဒ္ဓါအား ခစားဆည်းကပ်သွားရောက်ကြကုန်၏။

## အရှင်ပစ္စေကဗုဒ္ဓါကျောင်းကို မီးရှို့ခဲ့ဖူးခြင်း

ဗာရာဏသီပြည်သား ယောကျ်ားတယောက်သည် ထိုလမ်းခရီး၏ အနီးအပါး လမ်းခရီးကိုမှီ၍ လယ်ထွန်ခြင်းအမှုကိုပြုသဖြင့် လူများအပေါင်းသည် ညချမ်း နံနက် အဆက်မပြတ် ပစ္စေကဗုဒ္ဓါ အရှင်မြတ်အား ဆည်းကပ်ခြင်းငှါ သွားကြ

ကုန်သည်ရှိသော် ထိုလယ်ကို နင်းနယ်ချိုးဖဲ့လျက် သွားလာကြကုန်၏။ ထိုလယ်ထွန်သမား ယောကျာ်းသည် ငါ၏လယ်ကို နင်းနယ်ချိုးဖဲ့ဖြတ်သန်း၍ မသွားပါလင့်ဟု တားမြစ်တောင်းပန်ပါသော်လည်း တားမြစ်တောင်းပန်၍ မရသည်ဖြစ်သောကြောင့် လယ်ထွန်သမား ထိုယောကျာ်းအား အကြံဖြစ်သည်မှာ ပစ္စေကဗုဒ္ဓါ၏ သိတင်းသုံး စံတော်မူရာဖြစ်သော သစ်ရွက်မိုးသော ကျောင်းသည် ဤနေရာဒေသ ရပ်ဌာန၌ အကယ်၍ မရှိခဲ့သည်ဖြစ်အံ့။ လူအပေါင်းတို့သည် ငါပြုစုလုပ်ကိုင်အပ်သော လယ်ကို နင်းနယ်ချိုး ဖဲ့ဖြတ်ကျော်ခြင်းကို မပြုကုန်ရာဟု ကြံ၏။ ဤသို့ ကြံဆင်ခြင်ပြီး၍ ပစ္စေကဗုဒ္ဓါအရှင်သည် ဆွမ်းခံကြွဝင်တော်မူခိုက်အခါ ပစ္စေကဗုဒ္ဓါ အရှင်မြတ် သုံးဆောင်အပ်သော အိုးခွက်တို့ကို ရိုက်ခွဲ၍ သစ်ရွက်မိုးသော ကျောင်းကို မီးဖြင့် တိုက်လေ၏ ဆွမ်းခံရွာမှ ပြန်လည် ကြွလာတော်မူသော ပစ္စေကဗုဒ္ဓါ အရှင်သည် မီးလျှံဖြင့် စွဲလောင်သော မိမိ၏ ကျောင်းသခ်မ်းကို မြင်၍ အလိုရှိတော်မူသည်အား လျော်စွာ အရပ်တစ်ပါးသို့ ဖဲ့ကြွ၍ သွားတော်မူ၏။ လူများအပေါင်းလည်း နံ့သာပန်းစသည်ကို လက်စွဲကိုင်ဆောင်လျက် လာသည်ရှိသော် မီးဖြင့် လောင်မြိုက်သော ပစ္စေကဗုဒ္ဓါ၏ ကျောင်းကို တွေ့မြင်၍ အရှင်မြတ်သည် အဘယ်သို့သောအရပ်သို့ ကြွသွားတော် မူပါလိမ့်မည်နည်းဟု ပြောဆိုမေးမြန်း မြည်တမ်းကြကုန်၏။ လယ်ထွန်သမား ထိုယောကျာ်းသည်လည်း လူများအပေါင်း၏ အလယ်၌ ပါလာသည် ရှိသောကြောင့် ပစ္စေကဗုဒ္ဓါ၏ သိတင်းသုံးရာကျောင်းကို ငါသည် မီးဖြင့် တိုက်အပ်ပေသည်ဟု ပြော၏ ထိုအခါ များစွာသော လူတို့က ဤသူယုတ်မာကို အမှီပြုပြီးသည်ကာလ ငါတို့သည် ပစ္စေကဗုဒ္ဓါကို ဖူးမြင်ခြင်းငှါ မရကုန်ဟု ဆဲရေး ရေရွတ်ကြ၍ တုတ်လှုင်ကန် စသည်တို့ဖြင့် ရိုက်ခတ်ထောင်းထု၍ အသက်ကုန်ခြင်းသို့ ရောက်စေကုန်၏။ ထို လယ်ထွန်သမား ယောကျာ်းလည်း စုတိမနေ သေလွန်သည်ရှိသော် အဝီစိငရဲကြီး၌ ဖြစ်၍ ဤမဟာပထဝီမြေကြီးသည် ယူဇနာမျှလောက် မြင့်မောက်သည်တိုင်အောင် ငရဲ၌ ကျက်၍ခံစားရပြီးသော်အကျိုးအကြွင်း၏ အစွမ်းအားဖြင့်ဤ ဂိဇ္ဈကုဋ်တောင်၌ မြေပြိတ္တာ ဖြစ်လေသည်ဟု ထိုပြိတ္တာ၏ ရှေး၌ ပြုခဲ့ဖူးသော မကောင်းမှုကံကို ဟောကြားတော်မူပြီး၍ ချစ်သား ရဟန်းတို့ အကုသိုလ် မကောင်းမှုကံတို့မည်သည်ကား နို့ရည်နှင့်တူ၏ နို့ရည်တို့ သဘောသည် ညှစ်သစ်စသောကာလ၌ မပုပ်မသိုး အခိုးမလွတ်သေး သကဲ့သို့ ထိုအတူသာလျှင် အကုသိုလ်ကံသည်လည်း စီမံပြုသစ်စသော အခါ၌ အကျိုးမပေးသေး၊ အကြင်အခါ၌ကား မကောင်းမှုကံသည် အကျိုးကိုပေး၏။ ထိုအခါမှာကား ဤသို့သဘောရှိသော ဆင်းရဲပြိုငြင် ပင်ပန်းခြင်းဖြင့် ဆုံးခန်းမမျှ ပူပန်ရလေသည်ဟု အနုသန္ဓေကို ဧပ်တော်မူ၍ တရားကို ဟောကြားတော်မူလိုသောကြောင့်—

၇၁။ န ဟိ ပါပံ ကတံ ကမ္မံ၊ သဇ္ဇုခီရံဝ မုစ္စတိ။
ဍဟန္တံ ဗာလမန္ဝေတိ၊ ဘသ္မာ ဆန္နောဝ ပါဝကော–
သော ဂါထာကို မိန့်တော်မူ၏။

ဒေသနာတော်၏ အကျိုးအာနိသင်

ထိုဒေသနာဂါထာ၏ အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပန် အစရှိသည်တို့ ဖြစ်ကုန်၏။

**အနက်ကား။** ။သဇ္ဇုခီရံ၊ ယူညှစ်သစ်စ နို့ရည်သည်။ န မုစ္စတိ ဣဝ၊ မချဉ်မသိုး၊ အခိုးမလွတ်သေး သကဲ့သို့။ ကတံ၊ ပြုသစ်စသာ ဖြစ်သော။ ပါပံ ကမ္မံ၊ ဒုစရိတ ပါပညစ်ကျူ မကောင်းမှုကံသည်။ န ဟိ မုစ္စတိ၊ မိမိ၏ အကျိုး အခိုးကို မလွတ်သေး။ မုစ္စန္တော၊ မိမိ၏အကျိုး အခိုးကို လွတ်သည် ရှိသော်။ ဘသ္မာ ဆန္နော၊ အလျှံမကင်း အတွင်းပူငုပ် ပြာဖြင့်အုပ်သော။ ပါဝကော ဣဝ၊ ကျွမ်းလောင်စေတတ်သော မီးကဲ့သို့။ ဗာလံ၊ လူမိုက်ကို။ ဍဟန္တံ၊ ဒုတိယ တတိယ စသော ဘဝတို့၌ နိရယဂတိ၊ ဖိစီးကျွမ်းလောင် စေလျက်။ အန္ဝေတိ၊ အစဉ်တစိုက် လိုက်လေ၏။ ဤကားအနက်။

ဓမ္မပဒဗာလဝဂ်၌ တဆယ့်နှစ်ခုမြောက်ဖြစ်သော မြွေပြိတ္တာ၏ ဝတ္ထုစကားအစဉ်ကား ဤတွင်ရွေ့ပြီး၏။

---

၁၃။ သဋ္ဌိကူဋပြိတ္တာ အကြောင်း

ပစ္စုပ္ပန်ဝတ္ထု

**ယာဝ ဒေဝ အနတ္ထာယ–** ဤသို့ စသည့် ဓမ္မဒေသနာ ပါဌ်ဂါထာကို ပြဟ္မာနတ်ဘုံ ခိုက်ခိုက်တုန်အောင် ဂုဏ်အနန္တ ဘက်မရှိသား မိပတိထွတ်ထား ဘုရားကိုယ်တော်မြတ်သည် ငါးရပ်တောင်ညို ခြံရံခိုသော ရာဇဂြိုဟ်ပြည်မွန် ဝေဠုဝန် မင်းကျောင်း၌ ကိန်းအောင်း စံပယ်တော်မူလျက် သံတူခြောက် သောင်း အလုံးပေါင်းတို့ဖြင့် ဦးခေါင်းကို မပြတ် ရိုက်နှက်ပြီးသောကာလ ခံစား၍နေရသော သဋ္ဌိကူဋပြိတ္တာကို အကြောင်းပြုသောအားဖြင့် ဟော ကြားတော် မူခဲ့ပေသတည်း။

## အကြောင်း အတ္ထုပ္ပတ္တိအစဉ်ကား ဤသို့တည်း

တစ်ရံရောအခါ ရှေးနည်း အတူသာလျှင် အရှင် မဟာမောဂ္ဂလာန် မထေရ်သည် အရှင် လက္ခဏမထေရ်နှင့် အတူတကွ ဂိဇ္ဈကုဋ်တောင်ယံမှ ဆွမ်းခံ လှည့်လည်အံ့သောငှါ သက်ဆင်း ကြွလာတော် မူသည်ရှိသော် အမှတ်မရှိ တစ်စုံတစ်ခုသော အရပ်၌ ပြုံးရယ်ခြင်းကို ပြုသဖြင့် အရှင် လက္ခဏမထေရ်က ငါ့ရှင် မောဂ္ဂလာန် အသင်သည် အဘယ်သို့သော အကြောင်း ဖြစ်အင်ကို တွေ့မြင်သိရှိသောကြောင့် ပြုံးရယ်ခြင်းကို ပြုဘိသနည်းဟု ပြုံးရယ်ခြင်းအကြောင်းကို မေးသည်ရှိသော် မဟာမောဂ္ဂလာန် မထေရ်ကလည်း ရှေးနည်းအတူသာလျှင် ငါ့ရှင်လက္ခဏ ဘုရားသခင်၏ ထံတော်၌ တည်ခိုက်သောအခါ ငါ့ကို မေးဘိလော့ ငါသည် ဖြေဆိုအံ့ဟု ပြောဆိုဝန်ခံပြီးသော် ဆွမ်းခံရွာမှ ပြန်လည် ကြွလာတော်မူခဲ့ကြ၍ မြတ်စွာဘုရား ကိုယ်တော်မြတ်၏အထံတော်သို့ ချဉ်းကပ်ညွတ်လျှိုးရှိခိုးထိုင်နေကြသောအခါ အရှင်လက္ခဏမထေရ်က ငါ့ရှင်မောဂ္ဂလာန် အသင်သည် ဆွမ်းရွာခံနီး လမ်းခရီးဒေသ၌ မြွက်ဟပြုံးရယ်ခြင်းကို ပြုသဖြင့် ငါမေးအပ်သည်ရှိသော် ဘုရားသခင်၏ ထံမှောက်သို့ ကျရောက်သောအခါ ဖြေဆိုပါမည်ဟု ပြောဆိုဝန်ခံလေဘိသည်။ အသင်ဝန်ခံသော အတိုင်းအားဖြင့်လည်း ယခုမြတ်စွာဘုရားသခင်၏ ထံတော်မှောက်သို့ ကျရောက်ချေပြီ၊ ပြုံးရယ်ခြင်း၏ အကြောင်းကို ဖြေဆိုဘိလော့ဟု မိန့်ဆိုတော်မူ၏။ အရှင်မောဂ္ဂလာန်ကလည်း ငါ့ရှင်လက္ခဏ ဂိဇ္ဈကုဋ်တောင်ယံမှ ဆွမ်းခံခြင်းငှါ သက်ဆင်းလာခဲ့ကြသောကာလ ငါသည် တစ်ကောင်သော ပြိတ္တာကို မြင်ရပေသည်။ ထိုပြိတ္တာသည် သုံးဂါဝုတ်မျှ ပမာဏရှိသော အတ္တဘော ခန္ဓာကိုယ်ဖြင့် ခြောက်သောင်းမျှလောက်ကုန်သော သံတူသံတုံးတို့သည် အလျှံရဲရဲ လောင်စွဲကုန်လျက် ထိုပြိတ္တာ၏ ဦးခေါင်းဦးထိပ်ထက်သို့ကျ၍ ရိုက်ခွဲကုန်၏။ ယင်းသို့ သံတူသံတုံးတို့ဖြင့် ထုရိုက်ခွဲနှက်သဖြင့် ကြေမွပျက်ပြားသွားလေပြီးသောအခါ ရှေးအတိုင်း ပကတိသာ ဖြစ်ပြန်လာ၏။ ဤသို့သဘောရှိသော အတ္တဘောကို မြင်ရသည် ဖြစ်သောကြောင့် ဤသို့သဘောရှိသော အတ္တဘောကို ရှေး၌ တစ်ရံတစ်ခါမျှ မမြင်ဖူးပေဟု ကြံပြီးသောကာလ ငါသည် ပြုံးရယ်ခြင်းကို ပြုမိပေသည်ဟု ပြောဆို၏။

မြတ်စွာဘုရားသည်လည်း အရှင်မဟာမောဂ္ဂလာန် မထေရ်၏ စကားကို ကြားတော်မူ၍ ချစ်သား ရဟန်းတို့ ငါဘုရားသည်လည်း ဤသတ္တဝါကို ဗောဓိမဏ္ဍိုင်၌ သီတင်းသုံးစံနေတော်မူလျက် ဘုရားဖြစ်တော်မူစကပင် မြင်တော်မူပေ၏။ ငါဘုရားသိမြင်သဖြင့် ဟောကြားတော်မူသော်လည်း ငါဘုရားစကားကို မယုံကြည်ကုန်သော အကြင်သူတို့သည် ရှိကြကုန်၏။ ထိုသူတို့အား အကျိုးစီးပွါးမဲ့သည် ဖြစ်ပေလိမ့်မည်ဟု သူတစ်ပါးတို့အား အစဉ်သနားသဖြင့် ငါဘုရား

မဟောကြားဘဲ နေတော်မူသည်။ ယခုမှာမူကား ငါ့သားတော် မောဂ္ဂလာန်၏ သက်သေ၏ အရာ၌ တည်သည်၏အဖြစ်ကြောင့် ဟောကြားတော်မူတော့အံ့ဟု မိန့်တော်မူ၏။ ထိုစကားကိုကြား၍ တရားနာကုန်သော ရဟန်းတို့က ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ထိုပြိတ္တာသည် အဘယ်သို့သော မကောင်းမှုကံကို စီမံပြုလုပ် အားထုတ်ခဲ့ဖူးသောကြောင့် ဤသို့သော အပြစ် ဝိပါကကို ခံစားရပါလေသနည်းဟု မေးလျှောက်ကြသောကြောင့် မြတ်စွာဘုရားသခင်သည် ထိုရဟန်းတို့အား ဟောကြားတော်မူပေ၏။

## ကျောက်စရစ်ပစ်တတ်သော သူဆွံ့ အကြောင်း

ချစ်သားရဟန်းတို့ ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်ကြီးဝယ် ကျောက်စရစ်ကို လက်ဖြင့် ပစ်ခတ်သော အတတ်၌ အပြီးတိုင် တတ်မြောက်သော တစ်ယောက်သော သူဆွံ့သည်ရှိ၏။ ထိုသူဆွံ့သည် မြို့တံခါးအနီးဖြစ်သော ပညောင်ပင်၏ အရင်း၌နေလျက် ကျောက်စရစ်တို့ကို ပစ်၍ ညောင်ရွက်တို့ကို ပြတ်စေလျက် ဆင်ရုပ်ကို ငါတို့အား ပြပါကုန်လော့, မြင်းရုပ်ကို ငါတို့အား ပြပါလေလော့ဟု ရွာသူ သားငယ်တို့သည် ဆိုအပ်သည်ရှိသော် အလိုရှိအပ်သော အရုပ်တို့ကို ပြပြီးသည်ကာလ ထိုရွာသူသားငယ်တို့ ဆောင်ယူလာခဲ့သော အထံမှ ခဲဖွယ်ဘောဇဉ် စားသောက်ရန်ကို ရပေ၏။

တစ်နေ့သောအခါ၌ ပြည့်ရှင်မင်းမြတ်သည် ဥယျာဉ်တော်သို့ ရှင်ပျော်ကစားခြင်းငှါ ထွက်သွားတော်မူသည်ရှိသော် ထိုအရပ်သို့ ကျရောက်တော်မူ၏။ ရွာသူသားငယ်တို့သည် ထိုသူဆွံ့ကို သစ်ပင်းပျဉ်ကြား၌ ထားခဲ့၍ ထွက်ပြေးတိမ်းရှောင်ကြကုန်၏။ မင်းကြီးသည် မွန်းတည့်ဆဲဆဲသော အခါကာလဖြစ်၍ ပညောင်ပင် အရင်းသို့ ချဉ်းကပ် ဝင်ရောက်သည် ရှိသော် ညောင်ရွက်တို့မှ အပေါက် အပေါက်ဖြစ်၍ နေပြောက်နေရှိန်သည် မင်းကြီး၏ ကိုယ်ကို ထိခိုက်လာ၏။ မင်းကြီးသည်လည်း ဤအကြောင်းကား အဘယ်အကြောင်းနည်းဟု အထက်သို့မော်၍ ကြည့်မျှော်တော်မူသည်ရှိသော် သစ်ရွက်တို့၌ ဆင်ရုပ်စသည်တို့ကို မြင်၍ ဤအမှုသည် အဘယ်သူ ပြုအပ်သော အမှုနည်းဟု မေးတော်မူသည်ရှိသော် တစ်ယောက်သော သူဆွံ့သည် ပြုအပ်ပါသည်ဟု လျှောက်ထားသော စကားကို ကြားသိတော်မူသောအခါ ထိုသူဆွံ့ကို ခေါ်စေတော်မူ၍ အချင်းယောကျ်ား၊ ငါ့အား နှုတ်ကြမ်းကြုတ်လှတော ပုဏ္ဏားတစ်ယောက်သည် ရှိ၏။ ထိုပုရောဟိတ်ပုဏ္ဏားသည် ငါကစကားအနည်းငယ်မျှ ပြောဆိုသည်ရှိသော် များစွာသောစကားတို့ဖြင့် ဖိစီးပြောဆိုပြီးသောကာလ ငါ့အား ချုပ်ချယ်ညှဉ်းပန်း၏။ အသင်သည် ထိုပုရောဟိတ်ပုဏ္ဏား၏ခံတွင်းသို့ တကွမ်းစားမျှလောက်သော ဆိတ်ချေးကို ပစ်ချခြင်းငှါ စွမ်းနိုင်ပါလတ္တံ့လောဟု မေး

တော်မူ၏။ သူဆွံ့ကလည်း ဘုန်းတော်ကြီးတော်မူသော အရှင်မင်းမြတ်၊ စွမ်းနိုင်ပါလတ္တံ့၊ ဆိတ်ချေးတို့ကို ဆောင်ယူစေပြီးသောကာလ အရှင်မင်းမြတ်နှင့် ပုရောဟိတ်ပုဏ္ဏားတို့ စကားပြောဆိုတော်မူကြသော ကာလ အကျွန်ုပ်ကို တင်းတိမ်အကာအရံ၏ အတွင်း၌ ထားပါကုန်လော့။အကျွန်ုပ်သည် ထိုတင်းတိမ် အရံ အတွင်းကနေပြီးသည်ကာလ ပြုအပ်သောအမှုကိစ္စကို သိပါစေအံ့ဟု လျှောက်ကြား၏။

## စကားများလွန်းသော ပုရောဟိတ်ပုဏ္ဏား

ထိုအခါ မင်းကြီးလည်း ကောင်းပြီဟု ဝန်ခံ၍ ထိုသူဆွံ့ ပြောဆိုသော အတိုင်းကို စီမံပြုလုပ်စေ၏။ ပုရောဟိတ်ပုဏ္ဏားသည် မင်းကြီးနှင့် စကားပြောဆိုသောအခါ သူဆွံ့သည် တင်းတိမ်ကို ကတ်ကျေးဖြင့် အပေါက်ဖောက်သည်ကို ပြု၍ တင်းတိမ် အရံတွင်းက နေပြီးသည် ကာလ ၎င်းအပေါက်ဖြင့်ပုရောဟိတ်ပုဏ္ဏား၏ခံတွင်းဟတိုင်း ဟတိုင်း ခံတွင်းသို့ တစ်လုံးတစ်လုံးသော ဆိတ်ချေးကို ပစ်ချ၏၊ ပုရောဟိတ်ပုဏ္ဏားလည်း မိမိ၏ခံဘွင်းသို့ ဝင်လာတိုင်း ဝင်လာတိုင်းသော ဆိတ်ချေးတို့ကို ဝမ်းတွင်းသို့ မျို၏။ သူဆွံ့သည် မိမိ၌ရှိသော ဆိတ်ချေး၊ တကွမ်းစားမျှလောက်ကုန်ခြင်းသို့ ရောက်သောအခါ၌ တင်းတိမ်ကို လှုပ်လိုက်၏။ မင်းကြီးသည် ထိုတင်းတိမ်လှုပ်သော အခြင်းအရာဖြင့်ဆိတ်ချေး ကုန်သည်၏ အဖြစ်ကိုသိ၍ ပုရောဟိတ်ပုဏ္ဏားကို ဤသို့မိန့်တော်မူ၏။ ဆရာ အသင်တို့နှင့်အတူတကွ စကားပြောဆိုရခြင်းသည် စကားပြီးဆုံး စေခြင်းငှါ မစွမ်းနိုင်၊ အသင်ဆရာသည် အလွန်တရာ နှုတ်ကြမ်းကြုတ်သည် ဖြစ်သော ကြောင့် တကွမ်းစားမျှလောက်သော ဆိတ်ချေးတို့ကို မျို၍သော်လည်း နှုတ်၏ တိတ်ဆိတ်ခြင်းသို့ မရောက်ပေသေးသည် တကားဟု မိန့်တော်မူသောကာလ ပုရောဟိတ်ပုဏ္ဏားသည် မသက်မသာ မျက်နှာတွန့်တိုခြင်းသို့ရောက်ပြီးလျှင် ထို အခါမှစ၍ ခံတွင်းကိုဖွင့်ဟလျက် မင်းကြီးနှင့်အတူတကွ စကားပြောဆိုခြင်းငှါ မစွမ်းနိုင်လေ။

ပြည့်ရှင်မင်းမြတ်လည်း ပုရောဟိတ်ပုဏ္ဏား စကားဆိတ်ခြင်းသို့ ရောက်သည် မှစ၍ စိတ်ချမ်းသာ သုခကိုရသဖြင့် သူဆွံ့၏ဂုဏ်ကျေးဇူးကို အထူးနှလုံးသွင်း အောက်မေ့တော်မူပြီးသော် ထိုသူဆွံ့ကို ခေါ်စေတော်မူ၍ အချင်း ယောကျ်ား၊ အသင်ကို အမှီပြုပြီးသည်ကာလ ပုရောဟိတ်ပုဏ္ဏား၏စကားကို မကြားရခြင်း တည်းဟူသော ချမ်းသာသုခကို ငါ အားရပေသည်၊ အသင်ကို နှစ်သက် သောအားဖြင့် ဆုမြတ်ကို ပေးသနားအံ့ဟု မိန့်တော်မူပြီးသော် သဗ္ဗဋ္ဌက မည်သော အလုံးစုံရှစ်ခု အရေအတွက်ရှိသော ပစ္စည်းဥစ္စာတို့ကို ပေးသနား တော်မူပြီး၍ မြို့၏လေးမျက်နှာတို့၌ လေးခုကုန်သော ရွာမြတ်တို့ကို ပေး သနားတော်မူ၏။

ချစ်သားရဟန်းတို့၊ ထိုအခါ ငါဘုရားအလောင်းသည် ထိုမင်းကြီး၏အကျိုး အကြောင်း ကောင်း မကောင်း အရာတို့ကို သေချာညွှန်ပြ ဆုံးမတတ်သော အမတ်ပညာရှိဖြစ်၍ ကျောက်စရစ် ပစ်တတ်သော အတတ်မျှဖြင့် မင်းကြီး ချီးမြှင့်အပ်သော ကြီးမြတ်သော စည်းစိမ်ချမ်းသာရှိသော ထိုသူဆွံ့ကို သက်သေညွှန်ကြား မျက်မှောက်ထားလျက် မင်းကြီးအား ဆုံးမလိုသော ဘုရားအလောင်း အမတ်ပညာရှိသည်—

သာဓု ခေါ သိပ္ပကံနာမ၊ အပိ ယာဒိသကီ ဒိသံ။

ပဿ ခဉ္ဇပ္ပဟာရေန၊ လဒ္ဓါ ဂါမာ စတုဒ္ဒိသာ—

ဟူသောဂါထာကိုရွတ်ဆို၍ လျှောက်တင်ပေ၏။

**အနက်ကား။** ။မဟာရာဇ၊ ဗာရာဏသီ ပုရိကြငှန်း **သိမ်းမြန်းစိုးအပ်** ရှင်မင်းမြတ်။ ယာဒိသကီဒိသံ၊အလေးမပြုအပ် အမှတ်မဲ့သာ ရှုရသောသဘော ရှိသော။ သိပ္ပကံနာမ အပိ၊ အတတ်ဖြစ်လင့်ကစား။ ဝါ၊ အတတ်သော်လည်း။ **သာဓု ခေါ ယေဝ၊**အကြီးအကျယ် ချီးမွမ်းဖွယ် အကြောင်း ကောင်းမြတ် သည်သာလျှင်တည်း။ တွံ၊ အရှင်မင်းမြတ်သည်။ ပဿ၊ ရွှေဉာဏ်စက္ခုဖြင့် ကြည့်တော်မူပါ။ ပီဌသပ္ပိနာ၊ မသန်မစွမ်း ဉာဏ်မချွန်သော ဤသူဆွံ့ သည်။ ခဉ္ဇပ္ပဟာရေန၊ အငေးမဖြစ် ဆိတ်ချေးကို ပစ်သဖြင့်။ စတုဒ္ဒိသာ၊ အရပ် လေးမျက်နှာ၌ ရှိကုန်သော။ ဂါမာ၊ ရွာမြတ်တို့ကို။ လဒ္ဓါ၊ အရှင် မင်းမြတ် သနားမှစ်သောကြောင့် ရအပ်ပါကုန်၏။ ဤကား အနက်။

**အဓိပ္ပါယ်ကား။** ။ဗာရာဏသီ ပူရိကြငှါန်းကို သိမ်းမြန်းစိုးအုပ်တော်မူသော အရှင်မင်းမြတ် အလေးမပြုအပ် အမှတ်မဲ့သာ ရှုရသော သဘောရှိသောအတတ် ဖြစ်လင့်ကစား အကြီးတကျယ် ချီးမွမ်းဖွယ် အကြောင်းဖြင့် ကောင်းမြတ်သည် သာလျှင် ဖြစ်ပေ၏။ အရှင်မင်းမြတ်သည် ပညာတည်းဟူသော စက္ခု ကြည့်ရှုစဉ်းစားတော်မူပါ၊ မသန်မစွမ်း ဉာဏ်မချွန် ဤသူဆွံ့သည် မပြောပ လောက်သော အတတ်ဖြစ်သော ဆိတ်ချေးကို ပစ်ခါမျှဖြင့် အရပ်လေးမျက်နှာ၌ တည်ရှိကုန်သော လေးခုကုန်သေဝ ရွာမြတ်တို့ကို အရှင်မင်းမြတ် သနားတော် မူအပ်သဖြင့် ရအပ်ပါကုန်၏ဟု ပြောဆို လျှောက်တင်၏။

## ဆရာဆွံ့၏ တပည့်သည် အရှင်ပစ္စေကဗုဒ္ဓါကို ပစ်သတ်ခြင်း

ချစ်သားရဟန်းတို့ ထိုအခါ ယောကျ်ားတစ်ယောက်သည် သူဆွံ့သည် ရအပ် ခံစားအပ်သော စည်းစိမ်ချမ်းသာကိုမြင်၍ ကြံဆင်ခြင်သည်မှာ ဤသူကား ဆွံ့အ-ထိုင်းမှိုင်းသောသူ ဖြစ်ပါလျက်ပင်သော်လည်း ဤသို့ သဘောရှိသော

အတတ်ပညာကို အမှီပြု၍ ကြီးကျယ် မြင့်မြတ်သော စည်းစိမ်ချမ်းသာသို့ ရောက်လေ၏။ ငါသည်လည်း ထိုအတတ်ပညာကို သင်ယူခြင်းငှါ အပ်၏ဟု ကြံ၏။ ကြံပြီး၍ကား ထိုယောကျ်ားသည် သူဆွံ၏ထံမှောက်သို့ သွားရောက် ချဉ်းကပ်ပြီးသောကာလ ဆရာအရှင်တတ်သော အတတ်ပညာကို အကျွန်ုပ်အား သင်ကြား ပေးသနားပါဟု ပြောဆိုတောင်းပန်၏။ အသင့်ကို ငါသည် ပေးသနားခြင်းငှါ မစွမ်းနိုင်ဟု မြစ်ပယ်သည်ရှိသော် ထိုယောကျ်ားလည်း မြစ်ပယ်စေကာမူ ဆရာကို နှစ်သက်အောင် ပြုပြီးမှ ငါသင်ယူအံ့ဟု ကြံ၍ ဆရာထံကို ချဉ်းကပ်မှီဝဲပြီးမှ လက်ခြေဆုပ်နယ်ခြင်း အစရှိသော ဝတ်ကြီး ဝတ်ငယ် အသွယ်သွယ်တို့ကို ပြု၍ ရှည်ကြာလေးမြင့်စွာ သူဆွံ့ဆရာကို နှစ်သက် စေပြီးသောအခါ အတတ်ပညာကို သင်ပါမည်အကြောင်းဖြင့် အဖန်ဖန် တောင်းပန်၏။ သူဆွံ့ဆရာသည်လည်း ထိုယောကျ်ားက ကျေးဇူးဥပကာရ အလွန်များလှသည် ဖြစ်သောကြောင့် တားမြစ်ခြင်းငှါ မစွမ်းနိုင်ဘဲ သင်ကြား ပြသ၍ ပေးရသမြင့် တတ်မြောက်ပြီးဆုံးသောအခါ ဆရာ ဆွံ့က အမောင် အသင်အား အတတ်ပညာ အပြီးအဆုံးတိုင်အောင် တတ်မြောက်လေပြီ၊ ယခု အခါ၌ အသို့ပြုအံ့နည်းဟု မေး၏။ ဆရာ အကျွန်ုပ်သည် မြို့၏ပြင်ပသို့ ထွက်သွားပြီးသည်ကာလ အတတ်ပညာကို စူးစမ်းအံ့ဟု ဆို၏။ အမောင် အဘယ်ဝတ္ထုကို စူးစမ်းအံ့နည်းဟု မေးလျှင် နွားမတို့ကိုလည်းကောင်း လူတို့ကို လည်းကောင်း ပစ်ခတ်၍ စူးစမ်းအံ့ဟု ပြော၏။ အမောင် နွားတို့ကိုသတ်သော သူသည် တစ်ရာသောဒဏ်ကို ပေးဆောင်ရ၏။ လူကိုသတ်သောသူအား တစ်ထောင်သောဒဏ်ကို ပေးဆောင်ရ၏။ သင်သည် မယား သားသမီး သိမ်းဆည်းစောင့်ရှောက်တတ်သော အမိ အဖ အစိုးရသောသူ ကင်းမဲ့လွတ်ရှင်း သည်ကိုလည်းကောင်း စိုးပိုင် စောင့်ရှောက်သောသူ ထင်ရှားရှိသည်ကို လည်းကောင်း မသိနိုင်ဘဲ ရှိလိမ့်မည်။ အမောင် အသင်၏ကိုယ်ကို အသင် မဖျက်ဆီးပါလင့် အကြင်သူအား ပစ်ခတ်စမ်းသပ်အပ်သည်ရှိသော် ဒဏ်ကို ပေးဆောင်ရခြင်းမရှိ၊ ထိုကဲ့သို့ သဘောရှိသော အမိ အဖ စသည်ကွယ်ပျောက် စောင့်ရှောက်စိုးပိုင်သူ ကင်းရှင်းသောသူတို့အား စူးစမ်း၍ ကြည့်ရှုပါလော့ဟု ပြောဆိုမှာထား၍ လွှတ်လိုက်၏။

ထိုယောကျ်ားလည်း ကောင်းပါပြီဝန်ခံ၍ ကျောက်စရစ်တို့ကို ရင်ခွင်ထက်၌ ပိုက်ဖက်ယူဆောင်လျက် ထိုသို့သဘောရှိသော စောင့်ရှောက်စိုးပိုင်သူ ကင်းရှင်း သည်ကို ရှာဖွေလှည့်လည်ရာ နွားတို့ကို တွေ့ပြန်ပါလည်း စိုးပိုင်သူ ပစ္စည်းရှင် ရှိသောကြောင့် ပစ်ခတ်ခြင်းငှါ မစွမ်းနိုင် လူတို့ကို တွေ့ပြန်ပါသော်လည်း ဆွေမျိုးဉာတိ ဖခင်ပေါက်ဖော် တော်စပ်သည်အလျောက် စောင့်ရှောက်သော သူတို့သည် ထင်ရှားရှိသောကြောင့် ပစ်ခတ်ခြင်းငှါ မဝံ့လေ။ ထိုအခါကာလ၌

သုနေတ္တအမည်ရှိသော ပစ္စေကဗုဒ္ဓါသည် ဗာရာဏသီပြည်ကိုအမှီပြု၍ သီတင်းသုံး စံနေတော်မူ၏။ ထိုပစ္စေကဗုဒ္ဓါအရှင်သည် ဆွမ်းရှာခံခြင်းငှါ ကြွဝင်တော်မူလာ သည်ရှိသော် ကျောက်စရစ်အတတ်ကို ပစ်ခတ်စူးစမ်းအံ့သောငှါ လှည့်ပတ် ရှာဖွေ၍နေသော ထိုယောကျ်ားသည် မြို့တံခါးအကြားသို့အဝင် ပစ္စေကဗုဒ္ဓါ ကိုမြင်၍ ဤသူသည်ကား အမိ အဖ ဆွေမျိုးဉာတိ စောင့်ရှောက်စိုးပိုင်သူတို့မှ ကင်း၏၊ ဤသူ၌ ပစ်ခတ်အပ်သည်ရှိသော် ဒဏ်မရှိသည် ဖြစ်ပေလိမ့်မည်၊ ဤသူကို ပစ်ခတ်ပြီးသော ကာလ အတတ်ကို စူးစမ်းတော့အံ့ဟု ကြံ၍ ပစ္စေကဗုဒ္ဓါအရှင်၏ လက်ယာနားတွင်းကို ရည်မှတ်လျက် ကျောက်စရစ်ကို ပစ်လွှတ်လိုက်၏။ ထိုပစ်လွှတ်လိုက်အပ်သောကျောက်စရစ်သည် လက်ယာနား တွင်းဖြင့်ဝင်၍ လက်ဝဲနားတွင်းဖြင့် ထွက်သွား၏။ ကြီးစွာသော ဆင်းရဲဝေဒနာ ဖြစ်သဖြင့် ပစ္စေကဗုဒ္ဓါသည် ဆွမ်းခံကြွဝင်တော်မူခြင်းငှါ မစွမ်းနိုင်၊ ကောင်းကင် ခရီးဖြင့် သီတင်းသုံးတော်မူရာဖြစ်သော သစ်ရွက်မိုးကျောင်းသို့ ပြန်ကြွတော် မူ၍ ပရိနိဗ္ဗာန်စံတော်မူ၏။

မြို့၌နေသူ လူများအပေါင်းသည် ပစ္စေကဗုဒ္ဓါ အရှင်သည် ဆွမ်းခံ မကြွ မဝင်လာသည်ရှိသော် တစ်စုံတစ်ခုသော မချမ်းမသာ ရောဂါစွဲကပ်ခြင်း ဖြစ်ပေ လိမ့်မည်ဟုကြံ၍ အရှင်မြတ်ကိန်းအောင်းသော ကျောင်းသို့ သွားရောက်၍ ကြည့်ရှုဖူးမြော် ကုန်သည်ကာလ ပရိနိဗ္ဗာန် စံတော်မူသော ပစ္စေကဗုဒ္ဓါ၏ အလောင်းတော်ကို မြင်သဖြင့် ပူပင်လှိုက်ဆွေး ငိုကြွေးမြည်တမ်း ကြကုန်၏။ ကျောက်စရစ် ပစ်ခတ်သော ယောကျ်ားမိုက်လည်း လူများအပေါင်း သောင်းသောင်းဖြဖြ သွားလာကြသည်ကိုမြင်၍ မိမိလည်း ထိုသူတို့နှင့် အတူ တကွ လိုက်ပါသွားပြီးသော် ကျောင်းသို့ရောက်သောအခါ ပစ္စေကဗုဒ္ဓါအရှင်ကို မြင်လျှင် မှတ်မိသောကြောင့် မြို့သို့ရှေးရှု ကြွဝင်တော်မူလာသော ဤအရှင်ကို အတတ်ပညာကို စူးစမ်းလိုသောကြောင့် ငါသည်ကျောက်စရစ်ဖြင့် ပစ်ခတ် လိုက်မိပေသည်ဟုပြော၏။ လူတို့သည်လည်း ဤသူယုတ်မာသည် ငါတို့အရှင်ကို သတ်ပုတ်ဘိသည် ဖမ်းဆီးကြကုန်လော့ဟု ပြောဆိုဝန်းဝိုင်း ဖမ်းဆီးရိုက်ပုတ် ကြလျက် ထိုနေရာ၌ပင်လျှင် အသက်ကုန်ခြင်းသို့ ရောက်စေ၏။

ထိုယောကျ်ားမိုက်သည် စုတိသေလွန်သည်ကာလ အဝီစိငရဲကြီး၌ဖြစ်ရ၍ ထိုငရဲကြီးဝယ် မဟာပထဝီမြေကြီး တစ်ယူဇနာ တက်ကြွ မြင့်မောက်အောင် ခံစားခဲ့ရပြီး၍ အကျိုးအကြွင်း၏ အစွမ်းဖြင့် ဂိဇ္ဈကုဋ်တောင်ထိပ်၌ သဋ္ဌိကူဋ ပြိတ္တာ၏ အဖြစ်ဖြင့် ဖြစ်ရလေ၏။

မြတ်စွာဘုရားသခင်သည် ထိုပြိတ္တာ၏ ရှေးမကောင်းမှုကံကို ပြန်ကြား မိန့်ဟောတော်မူပြီး၍ ချစ်သားရဟန်းတို့ ပညာသတိ မရှိသော သူမိုက်အား

အတတ်ပညာ တတ်မြောက်ခြင်းသည် လည်းကောင်း အစိုးရခြင်းသည်လည်း ကောင်း အကျိုးမဲ့ အချည်းနှီးသာလျှင် ဖြစ်၏၊ ထိုစကားမှန်၏ ပညာသတိ မရှိကင်းကြိုက် မိုက်မဲတွေဝေသော သတ္တဝါသည် အတတ်ပညာကိုလည်း ကောင်း အစိုးရခြင်းကို လည်းကောင်း ရ၍ မိမိ၏ အကျိုးစီးပွားမဲ့ကိုသာ ပြုလေသတည်းဟု မိန့်တော်မူပြီးလျှင် အနုသန္ဓေကို စပ်တော်မူ၍ တရားကို ဟောကြားတော် မူလိုရကား—

၇၂။ ॥ယာဝ ဒေဝ အနတ္ထာယ ဉတ္တံ ဗာလဿ ဇာယတိ॥

ဟန္တိ ဗာလဿ သုက္ကံသံ၊ မုဒ္ဓမဿ ဝိပါတယံ—

ဟူသောဂါထာကို မိန့်တော်မူ၏။

## ဒေသနာတော်၏ အကျိုးအာနိသင်

ထိုဒေသနာတော်၏ အဆုံး၌ များစွာကုန်သော သူတို့သည် သောတာ ပတ္တိဖိုလ်-စသည်တို့သို့ ရောက်ကုန်၏။

**အနက်ကား॥** ॥ဗာလဿ၊ ပညာမျက်စိ မရှိကင်းကြိုက် မိုက်သောသူ၏။ ဉတ္တံ၊ လောကီလောကုတ် မယုတ်အကျိုး ပွားတိုးစေတတ် အတတ်ပညာ သိလိမ်မာသော အဖြစ်သည်။ ဗာလဿ၊ ပညာမျက်စိ မရှိကင်းကြိုက် မိုက်သော သူအား။ ယာဝ ဒေဝ အနတ္ထာယ၊ ကိုယ်၌ဆင်းရဲ ငဲကျရောက် ပျောက်ပျက် ပြုန်းတီး အချီးနှီးအကျိုးမဲ့ဖြစ်ခြင်းငှါသာလျှင်။ ဇာယတိ၊ ဖြစ်၏။ ဗာလဿ၊ ပညာမျက်စိ မရှိကင်းကြိုက် မိုက်သောသူ၏။ သုက္ကံသံ၊ ဖြူစင်နှစ်မြို့ ကုသိုလ် အဖို့ကို။ ဟန္တိ၊ ပယ်ဖျောက်တတ်သည်။ ဟောတိ၊ ဖြစ်၏။ အဿ၊ ထိုသူမိုက်၏။ မုဒ္ဓံ၊ ပညာတည်းဟူသောဦးထိပ်ကို။ ဝိပါတယံ၊ ကြေမွပြုန်းတီး ပျက်စီး၍ ကျစေတတ်သည်။ ဟောတိ၊ ဖြစ်၏။ ॥ဤကားအနက်॥

ဓမ္မပဒဗာလဝဂ်၌ တဆယ့်သုံးခုမြောက်သော သဋ္ဌိကူဋပြိတ္တာ၏ ဝတ္ထုစကားစဉ်ကား ဤတွင်ရွှေပြီး၏။

---

## ၁၄။ သုဓမ္မမထေရ်နှင့် စိတ္တသူကြွယ်အကြောင်း

### ပစ္စုပ္ပန်ဝတ္ထု

**အသန္တံ ဘာဝနမိစ္ဆေယျ**—ယင်းသို့စသည့် ဤဓမ္မဒေသနာ ပါဠိဂါထာကို နတ် ပြဟ္မာလူ သုံးဘုံသူတို့၏ သရဖူဦးစိုက် မကိုဋ်အောင်လံ အရဟံဘဝန္တဂူဖြစ်တော် မူသော အောင်သူတို့ထွတ်ထား ဘုရားကိုယ်တော်မြတ်သည် အရပ်ရပ်အဖုံဖုံ

အလုံးစုံသော ရတနာမျိုးတို့ဖြင့် ပြည့်ဖြိုးလျှံ ဘိ သာဝတ္ထိပြည်မှန် တောင်စွန် အဖေါင်း ဇေတဝန်ရွှေကျောင်း၌ ကိန်းအောင်းစံပယ်တော် မူစဉ်အခါ ဒါယကာ စိတ္တသူကြွယ်ကို ဘက်ဆွယ်မာန်ငုတ် ရန်ပြုလုပ်၍ သမ္ဗုဒ္ဓဘုရား၏ ထံပါးတော် ရွှေမှောက်လာရောက်ညွတ်ခသော သုဓမ္မမထေရ်ကို အကြောင်းပြုသောအားဖြင့် ဟောကြားတော် မူခဲ့ပေသတည်း။ ဝတ္ထုသည်ကား မစ္ဆိကာသဏ္ဍမြို့၌ဖြစ်၏ ဒေသနာကိုကား သာဝတ္ထိပြည်၌ ပြီးဆုံးစေ၏။

## အကြောင်းအတ္ထုပ္ပတ္တိ အစဉ်ကား ဤသို့ပေတည်း

မစ္ဆိကာသဏ္ဍမြို့၌ နေထိုင်လေ့ရှိသော စိတ္တသူကြွယ်သည် ပဉ္စဝဂ္ဂီမထေရ် ငါးဦးတို့တွင်အကျုံးဝင်သော အရှင်မဟာနာမ မထေရ်သည် ဆွမ်းခံလှည့်လည် တော်မူသည်ကို မြင်လျှင် ထိုမထေရ် သခင်၏ သွင်ပြင်မူရာ ဣရိယာပထ၌ ကြည်ညိုခြင်းရှိလှသဖြင့် သပိတ်တော်ကို ယူပြီးသောအခါ အိမ်သို့ပင့်သွင်း၍ ဆွမ်းဘောဇဉ်တို့ဖြင့် လုပ်ကျွေး ပြုစုပြီးသောအခါ ဆွမ်းစားခြင်းကိစ္စ အပြီး အဆုံး၌ တရားတော်ကို ကြားနာလျက် သောတာပတ္တိဖိုလ်သို့ ရောက်လေရ ကား မတုန်မလှုပ် အစလသဒ္ဓါတရားဖြစ်၍ အမ္ဗဋကမည်သော မိမိဥယျာဉ်ကို သံဃာတော်တို့ သိတင်းသုံးရာ သံဃာအရံကို ပြုလိုသောကြောင့် မထေရ်၏ လက်၌ ရေစက်သွန်းချ ဆောင်နှင်းအပ်နှံ၏။

ထိုခဏဝယ် ဘုရားသာသနာတော် တည်အပ်ပေပြီဟု ရေလျှင် အဆုံး ရှိသည်ကိုပြု၍ မဟာပထဝီမြေကြီး ပြင်းစွာတုန်လှုပ်၏။ စိတ္တသူကြွယ်သည် ဥယျာဉ်၏ အတွင်း၌ ကျောင်းကို ဆောက်လုပ်၍ အလုံးစုံကုန်သော အရပ် မျက်နှာတို့မှ ကြွလာကုန်သော ရဟန်းသံဃာတော်တို့အား ဖွင့်ထားအပ်သော တံခါးသဖွယ် ဖြစ်ပေ၏ ထိုမစ္ဆိကာသဏ္ဍမြို့၌ သုဓမ္မမထေရ်သည် ကျောင်းနေ ရဟန်းတည်း။

## အဂ္ဂသာဝကနှစ်ပါးနှင့် သံဃာတော် တစ်ထောင်အား ဆွမ်းလှူဒါန်းခြင်း။

တပါးသောအခါ၌ စိတ္တသူကြွယ်၏ ဂုဏ်ကျေးဇူး စကားကို ပျံ့နှံ့စွာ ကြားသိရသည် ဖြစ်သောကြောင့် အရှင်သာရိပုတ္တရာ အရှင်မဟာမောဂ္ဂလာန် ဟူကုန်သော နှစ်ပါးကုန်သော အဂ္ဂသာဝကတို့သည် စိတ္တသူကြွယ်အား ချီးမြင့် ခြင်းကို ပြုတော်မူလိုသောကြောင့် မစ္ဆိကာသဏ္ဍမြို့သို့ ကြွတော်မူလာကြကုန်၏။ စိတ္တသူကြွယ်သည် မထေရ်တို့ကြွတော်မူလာလော သတင်းစကားကို ကြားသိ၍ ယူဇနာဝက်မျှလောက်သော ခရီးသို့ ထွက်သွားဆီးကြိုပြီး၍ မထေရ်တို့ကို ပင့်ခဲ့

ပြီးသော် မိမိဆောက်လုပ်လှူဒါန်းအပ်သော ကျောင်းသို့သွင်း၍အာဂန္တုကဝတ်ကို ညီညွတ်ပြည့်စုံအောင် ပြုပြီးသောအခါ အရှင်ဘုရား တပည့်တော်အား အနည်းငယ်သော တရားစကား ဟောကြားတော်မူပါဟု အရှင်သာရိပုတ္တရာမထေရ်မြတ်ကို တောင်းပန်လျှောက်ထား၏။

ထိုအခါအရှင်သာရိပုတ္တရာ မထေရ်မြတ်ကလည်း ဒါယကာ ငါတို့သည် အဓွန့်ရှည်စွာသော ခရီးသို့လာခဲ့ရသဖြင့် ပင်ပန်းနွမ်းနယ်သော သဘောရှိကုန်၏။ များစွာသော တရားတော်ကို ဟောကြားခြင်းငှါ မစွမ်းနိုင် အနည်းငယ်မျှသော တရားတော်ကိုသာ နာဦးတော့ဟု မိန့်တော်မူပြီးမှ အနည်းငယ်မျှသော တရားစကားကို ဟောကြားတော်မူ၏။ သူကြွယ်လည်း မထေရ်၏ တရားကို နာလျက်သာလျှင် အနာဂါမိဖိုလ်သို့ ရောက်လေ၏။ တရားဟောပြီးသည်၏ အဆုံး၌ စိတ္တသူကြွယ်သည် နှစ်ပါးကုန်သော အဂ္ဂသာဝကမထေရ်တို့ကို ရှိသေညွတ်လျှိုး ရှိခိုးပြီး၍ အရှင်ဘုရားတို့ အရှင်မြတ်တို့သည် အရံနောက်ပါ တစ်ထောင်မျှလောက်ကုန်သော သံဃာတော်နှင့်တကွ တပည့်တော်၏ အိမ်၌ ဆွမ်းကို အလှူခံတော်မူပါဟု ပင့်ဖိတ်လျှောက်ထားပြီး၍ နောက်မှ ကျောင်းနေ ဖြစ်သော သုဓမ္မမထေရ်၏အထံသို့ သွား၍ အရှင်မြတ်တို့သည်လည်း နက်ဖြန်ခါဝယ် မထေရ်တို့နှင့်အတူတကွ တပည့်တော်၏အိမ်သို့ ကြွတော်မူပါကုန်ဟု ပင့်ဖိတ်၏။

## သုဓမ္မမထေရ်သည် စိတ္တသူကြွယ်အား တောင်းပန်ရခြင်း

သုဓမ္မမထေရ်သည် ဤသူကြွယ်ကား ငါ့ကို နောက်မှပင့်ဖိတ်ဘိသည်ဟု အမျက်ထွက်၍ မြစ်ပယ်၏။ ဤသူကြွယ်လည်း အတန်တန်တောင်းပန် လျှောက်ကြားပါသော်လည်း တားမြစ်သည်သာ ဖြစ်သောကြောင့် အရှင်ဘုရား ဤအမူကား ထင်ရှားဖြစ်ပါလိမ့်မည်ဟု လျှောက်ကြား၍ အိမ်သို့ ပြန်သွားပြီးသောအခါ တဖန်မိုးသောက် ရောက်သောနေ့၌ မိမိအိမ်ဝယ် ကြီးကျယ် လျှောက်ပတ်ကောင်းမြတ်သော ဒါနဝတ္ထုကို စီရင်၏၊ သုဓမ္မမထေရ်လည်း ကျောင်းဒါယကာသည် မိုးသောက်ယံ၌ အဂ္ဂသာဝကမထေရ်အရှင်မြတ်တို့အား ကျွေးမွေးလှူဒါန်းဖွယ်ကို အဘယ်သို့စီရင် ပါလေသနည်း။ နက်ဖြန်ခါ၌သွားရောက်၍ကြည့်ရှုဦးအံ့ဟု ကြံပြီးလျှင် နက်ဖြန်မိုးသောက် ရောက်သောအခါ နံနက်စောစောကပင် သပိတ်သင်္ကန်းကိုယူ၍ သူကြွယ်၏အိမ်သို့ ကြွသွား၏။ သူကြွယ်သည် မထေရ်ကိုမြင်လျှင် အရှင်ဘုရား ဤနေရာ၌ ထိုင်နေသီတင်းသုံးပါကုန်ဟု လျှောက်၏။ သုဓမ္မမထေရ်က ဒါယကာ ငါသည် ထိုင်နေခြင်းငှါ အလိုမရှိ၊ ဆွမ်းခံခြင်းငှါ လှည့်လည်တော့အံ့ဟု ပြောဆိုပြီးလျှင် မထေရ်တို့၏အလို့ငှါ ပြုစုစီရင်၍ ထားအပ်သော လှူဖွယ်ဝတ္ထု အစုစုကို ကြည့်ရှုပြီးသောကာလ သူကြွယ်ကို အမျိုးအားဖြင့် ထိပါးပုတ်ခတ် ပြောဆိုလိုသည် ဖြစ်သောကြောင့် ဒါယကာသူကြွယ် အသင်သည်

ပြုပြင်စီရင်၍ထားအပ်သော ကျွေးမွေးလှူဒါန်းဖွယ်သည် အလွန်ပင် မြတ်ပေ၏။ သို့သော်လည်း ဤအလှူ ဝတ္ထုအစု၌ တစ်ခုသော ပစ္စည်းဝတ္ထု မပါခြင်းမျှသာ ဆိုဖွယ်ရာရှိသည်ဟု ပြောသည်ကာလ အရှင်ဘုရား အဘယ်ဝတ္ထုပါနည်းဟု မေးလျှင် ဒါယကာ နှမ်းမုန့်ကြွပ်တည်းဟု ပြောသဖြင့် အရှင်ဘုရားသည် "ကောက္ကလိအာ"ဟု မြည်သော ကျီး၏တမျှ ပမာဏဖြင့် ပြောဆိုမောင်းမဲသည်ရှိသော် သုဓမ္မမထေရ်သည် အမျက်ထွက်၍ ဒါယကာ အသင်၏ ကျောင်းကို အသင် သိမ်းဆည်းစောင့်ရှောက်လေတော့၊ ငါသည် အရပ်တပါးသို့ ဖဲသွားတော့အံ့ဟု ပြောဆိုသည်ကာလ စိတ္တသူကြွယ်သည် သုံးကြိမ်တိုင်အောင် တားမြစ်တောင်းပန်၏။ ယင်းသို့ တားမြစ်တောင်းပန်ပါသော်လည်း မနာမယူ ဖဲသွား၍ မြတ်စွာဘုရား ကိုယ်တော်မြတ်၏ အထံသို့ သွားရောက်ပြီးသော် စိတ္တသူကြွယ်သည်လည်းကောင်း၊ မိမိသည်လည်းကောင်း ပြောဆိုအပ်သော စကားအလုံးစုံကို အကုန်ပြန်ကြား လျှောက်ထား၏။

မြတ်စွာဘုရား ကိုယ်တော်မြတ်က- အသင် ရဟန်း သင်သည် ဒါယကာ၏ သဒ္ဓါကြည်ညို ရှိသေလေးမြတ်ခြင်းကို ကဲ့ရဲ့ရှုံ့ချ ဂရဟိတ သဘော ပြောဆိုဘိသည်ဟု ထိုသုဓမ္မမထေရ်အားသာလျှင် အပြစ်သို့တင်၍ ပဋိသာရဏီယကံကို ပြုစေပြီး၍ သွားတဲ့ချေ၊ အသင်သည် စိတ္တသူကြွယ်ကို သည်းခံစေလော့ဟု မိန့်တော်မူ၏။ သုဓမ္မမထေရ်သည် ထိုမစ္ဆိကာသဏ္ဍမြို့သို့ ပြန်သွား၍ စိတ္တသူကြွယ်ကို ဒါယကာ အသင်၏ အပြစ် အာစာရကား မရှိ၊ ငါ၏ အပြစ်အာစာရသာ ရှိပေသည်။ ငါ့အား သည်းခံပါလော့ဟု တောင်းပန် ဝန်ချသော်လည်း တပည့်တော်သည် သည်းမခံနိုင်ဟု မျက်မှောင်ကြုတ်၍ နေသောကြောင့် ထိုစိတ္တသူကြွယ်ကို သည်းခံစေတော့အံ့သော်ငှါ မစွမ်းနိုင်ရကား မြတ်စွာဘုရားသခင်၏ အထံသို့တဖန်ပြန်လာခဲ့ပြန်၏။ မြတ်စွာဘုရားသခင်သည် ထိုမထေရ်အား ဒါယကာ သည်းမခံသဖြင့် ပြန်လည်၍ လာရမည့်အဖြစ်ကို သိတော်မူသော်လည်း ဤရဟန်းသည် ကြမ်းထမ်းခက်ထန်သော မာန်ရှိ၏။ ယူဇနာ သုံးဆယ်ရှိသော ဤလမ်းခရီးကို လူးလာတုံခေါက် သွားရောက်စေဦးဟု နှလုံးသွင်းတော်မူ၍ သည်းခံအံ့သော အကြောင်းကို မပြောမကြားမူ၍သာလျှင် လွှတ်လိုက်၏။ တစ်ခေါက်တစ်ဖန် ပြန်လာသောကာလ၌ ပယ်ချုံစွန့်လျှင်း ကင်းသော မာန်မာန ရှိသော သုဓမ္မမထေရ်အား အတူလိုက်သွားရန် တမန်ကို ပေးသနားတော်မူ၍ ဤတမန်နှင့် အတူတကွ သွားလော့၊ ဒါယကာကို သည်းခံစေဘိလော့ဟု မိန့်တော်မူပြီ ၍ ချစ်သားရဟန်း ငါဘုရားသာသနာတော်၌ ကောင်းစွာထမ်းရွက်သော ရဟန်းမည်သည်ကား ငါ၏နေရာကျောင်း၊ ငါ၏နေရာ အရပ်ဒေသ၊ ငါ၏ ဒါယကာ၊ ငါ၏ ဒါယိကာမဟူ၍ အလွန်အကဲ စွဲလမ်းနှစ်မြို့ အလိုကို မပြုအပ်။ ဤသို့ပြုလုပ်သော ရဟန်းအား အလိုဆိုးရမ္မက် နှောင့်ယှက်များစွာ ကိလေသာ

တို့သည် လွန်စွာပွါးများလေကုန်သတည်းဟု အနုသန္ဓေကို စပ်တော်မူ၍ တရားဟောကြားတော် မူလိုသောကြောင့်–

၇၃။ အသန္တံ ဘာဝန မိစ္ဆေယျ၊ ပုရေက္ခာရဉ္စ ဘိက္ခုသု။
အာဝါသေသု စ ဣဿရိယံ၊ ပူဇာ ပရကုလေသု စ။

၇၄။ မမေဝ ကတံ မညန္တု၊ ဂိဟိပဗ္ဗဇိတာ ဥဘော။
မမေဝါတိ ဝသာ အဿု၊ ကိစ္စာကိစ္စေသု ကိသ္မိဉ္စိ။
ဣတိ ဗာလဿ သင်္ကပ္ပေါ၊ ဣစ္ဆာ မာနော စ ဝဍ္ဎတိ–

ဟူသော ပါဠိဂါထာတို့ကို မိန့်တော်မူ၏။

## ဒေသနာတော်၏ အကျိုးအာနိသင်

ဤဒေသနာတော်၏ အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်လေကုန်၏။

အနက်ကား။ ။ဗာလော၊ ပညာမျက်စိ မရှိကင်းကြိုက် မိုက်သောသူသည်။ အသန္တံ ဘာဝနံ၊ မိမိကိုယ်တွင် ထင်ရှားတစ်ံ မရှိလုံးစုံ ဂုဏ်ဖြင့်တင်မွမ်း ချီးမွမ်းခြင်းကိုလည်းကောင်း။ ဘိက္ခုသု၊ ရဟန်းတို့၌။ ပုရေက္ခာရဉ္စ၊ မိမိကိုခြံရံခြင်းကိုလည်းကောင်း။ အာဝါသေသု၊ နေရာဌာန ကျောင်းအရိပ် အာဝါသတို့၌။ ဣဿရိယဉ္စ၊ ပိုင်နိုင်ခြင်း အစိုးရခြင်းကိုလည်းကောင်း။ ပရကုလေသု စ၊ မိဘမှ တစ်ပါး အခြားသော ဒါယကာ ဒါယိကာမတို့၌။ ပူဇာစ၊ ရှိသေညွှတ်ပြတ် ဆည်းကပ်ကော်ရော် ပူဇော်လှူဒါန်းခြင်းတို့ကိုလည်းကောင်း။ ဣစ္ဆေယျ၊ အလိုရှိရာ၏။

မမေဝ၊ ငါ့ကိုသာလျှင်။ ကတံ၊ သေနာသန စသည်မချွတ် ဝတ်ကိုပြု၏ဟူ၍။ ဥဘော၊ နှစ်ဦးကုန်သော။ ဂိဟိပဗ္ဗဇိတာ၊ လူ ရဟန်းတို့သည်။ မညန္တု၊ အောက်မေ့ မှတ်ထင်စေကုန်သတည်း။ ကိသ္မိဉ္စိ၊ တစ်စုံတစ်ခုသောကာလ၌။ ကိစ္စာကိစ္စေသု၊ အမှုကြီးငယ် ရွက်ဆောင်ဖွယ်တို့သည်။ ဇာတေသု၊ သင့်တင့်အလျော် ဖြစ်ပေါ် လာကုန်သည်ရှိသော်။ မမေဝ၊ ငါ၏သာလျှင်။ အတိဝသာ၊ စိတ်အိုင်နှစ်မြိုက် အလိုသို့ လိုက်ကုန်သည်။ အဿု၊ ဖြစ်စေကုန်သတည်း။ မမေဝ၊ ငါ့အားသာလျှင်။ အာပုစ္ဆိတွာ၊ ပန်ကြား၍။ ကရောန္တု၊ ပြုစေကုန်သတည်း။ ဣတိ၊ ဤသို့။ ယဿ ဗာလဿ၊ အကြင်မိုက်သော သတ္တဝါအား။ သင်္ကပ္ပေါ စ၊ အကြံသည်လည်းကောင်း။ ဣစ္ဆာ စ၊ အလိုသည်လည်းကောင်း။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တဿ ဗာလဿ၊ ထိုသူမိုက်အား။ ဣစ္ဆာ စ၊ အလိုရမက်သည်လည်းကောင်း။ မာနော စ၊ ခြောက်ဒွါရထဲ ဝင်စွဲတကျော ကိုးဖြာဘေဒ မာနတရားသည်လည်းကောင်း။ ဝဍ္ဎတိ၊ တစ်နေ့တခြား တိုးပွါးလေ၏။ ဤကားအနက်။

## သုမမ္မထေရ် ရဟန္တာဖြစ်ခြင်း

သုဓမ္မထေရ်သည်လည်း ဤသို့သော ဆုံးမသြဝါဒကိုကြားနာ၍ မြတ်စွာဘုရား ကိုယ်တော်မြတ်ကို ရှိခိုးပြီးသော် နေရာမှထပြီးသည်ကာလ လက်ယာရစ် လှည့်လည်သည်ကို ပြုပြီးလျှင် မြတ်စွာဘုရား ပေးသနားတော်မူအပ်သော တမန်ရဟန်းနှင့် အတူတကွ မစ္ဆိကာသဏ္ဍမြို့သို့ သွားရောက်၍ စိတ္တသူကြွယ် မျက်မှောက်ဝယ် အာပတ်ကို ကုစားပြီးသော် ဒါယကာ စိတ္တသူကြွယ်ကိုသည်းခံ စေ၏။ စိတ္တသူကြွယ်ကလည်း အရှင်ဘုရား အရှင်မြတ် ကျူးလွန်အပ်သော အပြစ်ကိုလည်း တပည့်တော် သည်းခံပါ၏။ တပည့်တော်က ပြစ်မှား ကျူးလွန် သော အပြစ်ဒေါသ ရှိခဲ့ပါလျှင်လည်း အရှင်ဘုရားသည် သည်းခံတော်မူပါဟု ပြန်၍ ကန်တော့ဝန်ချ၏၊ သုဓမ္မထေရ်သည် မြတ်စွာဘုရား ပေးသနားတော်မူ အပ်သော အဆုံးအမ ဩဝါဒ၌တည်၍ နှစ်ရက် သုံးရက်ဖြင့်သာလျှင် ပဋိသမ္ဘိဒါ နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်လေ၏။

## စိတ္တသူကြွယ်သည် မြတ်စွာဘုရားထံ သွားရောက်ဖူးမြော်ခြင်း

စိတ္တသူကြွယ်သည် ကြံဆင်ခြင်သည်မှာ ငါသည် ဆရာဖြစ်တော်မူသော ဘုရား ကိုယ်တော်မြတ်ကို တပ်အပ်ထင်ထင် မဖူးမြင် မတွေ့ဆုံရဘဲလျက်နှင့် သောတာ- ပတ္တိဖိုလ်သို့ ရောက်ရလေ၏။ မြတ်စွာဘုရားအရှင်ကို မဖူးမြင်ရဘဲသာလျှင် အနာ- ဂါမိဖိုလ်၌ တည်၏။ ဤသို့ ကြောင်းအင် ဘုရားရှင်ကို မဖူးမြင်ဘဲ နေခြင်းငှါ အခွင့်မလျော်ချေ။ အစိမ္ဘယျ အတုလထွတ်ထား ဘုရားကိုယ်တော်မြတ်ကို ငါ သွား၍ ဖူးမြော်ခြင်းငှါ အပ်ပေသည်ဟု ကြံ၏။ ယင်းသို့ ကြံဆင်ခြင်ပြီး၍ကား ထိုသူကြွယ်သည် နှမ်း, ဆန်, တင်လဲ, ထောပတ်, ပျား, သကာ, အဝတ်စသည် တို့ဖြင့် ပြည့်ကုန်သော ငါးရာကုန်သော လှည်းတို့ကို ပြုပြင် ယှဉ်ကစေပြီးသော အခါ အကြင်သူတို့သည် မြတ်စွာဘုရား ကိုယ်တော်မြတ်ကို ဖူးမြော်ခြင်းငှါ လိုကုန်၏။ ထိုသူတို့သည် ငါနှင့်အတူတကွ လိုက်လှည့်ကြကုန်။ ဆွမ်းထမင်း အစရှိကုန်သော အသုံးအဆောင်ဟူသမျှတို့သည် အနည်းငယ်မျှသော်လည်း ဆင်းရဲ ပင်ပန်းခြင်းမရှိ ပကတိ ချမ်းသာစွာ ဖြစ်ပေကုန်လတ္တံ့ဟု ရဟန်းယောကျ်ား ရဟန်းမိန်းမ ဒါယကာယောကျ်ား ဒါယိကာမိန်းမအပေါင်းတို့အား ကြားစေ၏။ ထိုသို့ အကြောင်းကြားသောအခါ စိတ္တသူကြွယ်နှင့် အတူတကွ ဘုရားကို ဖူးမြော်အံ့သောငှါ လိုက်ကုန်အံ့ဟု ငါးရာကုန်သော ရဟန်းယောကျ်ားတို့သည် လည်းကောင်း၊ ငါးရာကုန်သော ရဟန်းမိန်းမတို့သည်လည်းကောင်း ငါးရာ ကုန်သော ဒါယကာ ငါးရာကုန်သော ဒါယိကာမတို့သည်လည်းကောင်း ထွက် လာကြကုန်၏။ ထိုသို့ လိုက်ပါကြလာသော ရဟန်းယောကျ်ား၊ ရဟန်းမိန်းမ၊

ဒါယကာ ဒါယိကာမတို့နှင့် မိမိကပါလာသော ပရိသတ်အပေါင်း စပ်မိသည် ရှိသော် သုံးထောင်မျှလောက်သော လူထုသည် ရှိပေသတည်း။

## နတ်များက စောင့်ရှောက်ကာ ပန်းမိုးရွာချခြင်း

ယူဇနာ သုံးဆယ် ရှိသော လမ်းခရီး၌ ထိုသုံးထောင်မျှလောက်သော လူထု ပရိသတ်ကို မွန်မြတ်သော ယာဂု ထမင်း စသည်တို့ဖြင့် မကြွင်းမကျန် ပိုလျှံ ပြည့်စုံ သုံးမကုန်အောင် ကြည့်ရှုစောင့်ရှောက် ပြုစုပေ၏။ စိတ္တသူကြွယ်နှင့်တကွ များစွာသော လူအပေါင်းတို့သည် ထွက်လာကြသည်ကိုသိ၍ တစ်ယူဇနာ တစ်ယူဇနာရှိရာ အရပ်၌လည်း နတ်တို့ကလည်း သစ်ခက်တဲ မဏ္ဍပ်တို့ကို ဖွဲ့၍ပြု၍ နတ်၌ဖြစ်သော ယာဂု ခဲဖွယ် ထမင်း အဖျော်စသည်တို့ဖြင့်လုပ်ကျွေး ကြကုန်၏။ တစ်စုံတစ်ယောက်မျှသော သူအားလည်း ကြွင်းကျန် ပင်ပန်း နွမ်းနယ် ချို့နဲ့ခြင်း မရှိလေ။ ဤသို့ နတ်အပေါင်းတို့ ကောင်းစွာ လုပ်ကျွေးအပ်သဖြင့် တစ်နေ့တစ်နေ့လျှင် တစ်ယူဇနာ တစ်ယူဇနာသွားခဲ့ရာ တစ်လပြည့် မြောက်သဖြင့် သာဝတ္ထိပြည်သို့ ရောက်သတည်း။ လှည်းငါးရာတို့၌ တင်ဆောင် ယူလာသော ပစ္စည်းဥစ္စာ ဘဏ္ဍာအစုတို့သည်လည်းပကတိပြည့်မြဲတိုင်းသာလျှင် ရှိကုန်၏။ လမ်းတစ်လျှောက်၌ နတ်တို့သည်လည်းကောင်း လူတို့သည် လည်းကောင်း ဆောင်ယူပေးပို့လာသောလက်ဆောင် ပဏ္ဏာကာရကို စွန့်ကြဲပေးကမ်း လှူဒါန်းရသော လာခဲ့၏။ မြတ်စွာဘုရား ကိုယ်တော်မြတ်သည် အာနန္ဒာ မထေရ်ကို ခေါ်တော်မူပြီးသောအခါ ချစ်သားအာနန္ဒာ ယနေ့ ညချမ်းသော အခါ၌ စိတ္တသူကြွယ်သည် ငါးရာကုန်သော လှည်းစီးတို့ဖြင့် ပစ္စည်းဥစ္စာ ဘဏ္ဍာ အစုစုတို့ကို ပြည့်စေကုန်ပြီးသောအခါ လာရောက်၍ ငါဘုရားကိုဖူးမြော်လတ္တံ့ ဟု မိန့်တော်မူ၏။ ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား၊ ဤသို့မြတ်စွာ ဘုရားအား စိတ္တသူကြွယ်ဖူးမြော်လာသောအခါတစ်စုံတစ်ခုသောယမိုက်ပြာဋိဟာ သည် ဖြစ်ပါလတ္တံ့လောဟု အာနန္ဒာမထေရ်က လျှောက်ထားလျှင် ချစ်သား အာနန္ဒာ ဖြစ်ပေလတ္တံ့ဟု မိန့်တော်မူသဖြင့် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား အဘယ်သို့ ဖြစ်ပါလတ္တံ့နည်းဟု မေးလျှောက်ပြန်သော် ချစ်သား အာနန္ဒာ စိတ္တသူကြွယ်သည် ငါဘုရားကို ရှိခိုးလာသောအခါ ရှစ်မင်း ပယ်မျှလောက် ပမာဏရှိသော အရပ်၌ ဒူးဆစ်အဝန်း မြုပ်လောက်သော နတ်၌ဖြစ်သော ပန်းဖြင့် တခဲနက်ထည်း ပန်းမိုးရွာလတ္တံ့ဟု မိန့်တော်မူ၏။

ထိုသို့ မြတ်စွာဘုရား မိန့်တော်မူသော စကားကို အဆင့်ဆင့် အားဖြင့် ကြားသိကုန်သည်ရှိသော် မြို့သူမြို့သား ယောကျ်ား မိန်းမ အပေါင်းတို့သည် ဤသို့သဘောရှိသော ကောင်းမှုဘုန်းကံနှင့် ပြည့်စုံသော စိတ္တမည်သောသူကြွယ် သည် လာရောက်၍ ယနေ့ မြတ်စွာဘုရားသခင်ကို ဖူးမြော်လတ္တံ့။ ဤသို့

သဘောရှိသော တန်ခိုးပြာဋိဟာသည်လည်း ဖြစ်ပေလတ္တံ့။ ငါတို့သည် ထိုစိတ္တသူကြွယ်၏ ကောင်းမှုဘုန်းကံကို ကြည့်ရှုကုန်အံ့ဟု ပူဇာသက္ကာရကိုယူ၍ လမ်းခရီး၏ နံပါးနှစ်ဖက်တို့၌ တည်ကြကုန်၏။ ကျောင်းတော်၏ အနီးသို့ ကျရောက်သောအခါ ငါးရာကုန်သော ရဟန်းတို့သည် ရှေဦးစွာ လာကုန်၏၊ စိတ္တသူကြွယ်လည်း မိခင်တို့ အသင်တို့သည် ငါတို့၏နောက်မှ လာခဲ့ကြကုန်လော့ဟု မှာထား၍ ဥပါသိကာမကြီးတို့ကို ထားခဲ့ပြီးလျှင် ငါးရာကုန်သော ဥပါသကာတို့ဖြင့် ခြံရံလျက် မြတ်စွာဘုရားသခင်၏ အထံသို့သွား၏၊ ဘုရားရှင်တို့၏ ရှေ့ရှုတည့်တည့်ဖြစ်သောအရပ်၌ ရပ်နေသော သူတို့သည်လည်းကောင်း၊ ထိုင်နေသော သူတို့သည်လည်းကောင်း၊ ဤမှထိုမှ ကူးသန်းသူတို့သည် လည်းကောင်း မရှိကုန်။ မြတ်စွာဘုရား ရှေ့တော်ခရီး၏ နှစ်ဖက်ကုန်သော နံပါးတို့၌ မတုန်မလှုပ်သာလျှင် တည်ကုန်၏။ စိတ္တသူကြွယ်သည် မြတ်စွာဘုရားရှင် ရှေ့တူရူ ဖြစ်သော ခရီးသို့သက်၏၊ သုံးပါးသော မဂ်ဖိုလ်သို့ရောက်ပြီးသော အရိယာသာဝက စိတ္တသူကြွယ်သည် ကြည့်တိုင်းကြည့်တိုင်းသော အရပ်သည်တုန်လှုပ်၏။ မြတ်စွာဘုရား ကိုယ်တော်မြတ်၏ အထံသို့ ရှေ့ရှုသွားသော လမ်းခရီးနံပါးနှစ်ဖက်၌ ရပ်လျက်တည်ကုန်သော များစွာကုန်သော လူပရိသတ်အပေါင်းတို့သည် စိတ္တသူကြွယ်ဟူသည် ဤသူ ဖြစ်ပေသတတ်ဟု တိုးဝှေ့၍ ကြည့်ရှုကြကုန်၏။ စိတ္တသူကြွယ်သည် မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်သို့ ချဉ်းကပ်၍ ခြောက်သွယ်သော ရောင်ခြည်တော် ကွန်ရက်၏ အတွင်းသို့ ဝင်ပြီးသော် အစုံသော မြတ်စွာဘုရားသခင်၏ ခြေဖမျက်တော်၌ လက်ဖြင့် ကိုင်ထိပြီးသော ကာလ ရှိခိုး၏၊ ထိုသို့ရှိခိုးသော ခဏ၌သာလျှင် မြတ်စွာဘုရားမိန့်ကြားတော်မူအပ်ပြီးသော နတ်၌ဖြစ်သော ပန်းမိုးသည် ရွာ၏၊ ကောင်းချီး တစ်ထောင်တို့သည်လည်း ဖြစ်ကုန်၏။ ထိုစိတ္တသူကြွယ်သည် တစ်လပတ်လုံးနေထိုင်ပြီးသော အခါ ဘုရားအမှူးရှိသော အလုံးစုံကုန်သော သံဃာတော်တို့ကို ကျောင်း၌သာလျှင် သီတင်းသုံးစေတော်မူ၍ ကြီးစွာသော အလှူကြီးကို ပေးလှူ၏။ မိမိနှင့်အတူတကွ လိုက်ပါလာကုန်သော သူတို့ကိုလည်း ကျောင်းတော်၌သာလျှင် တည်းခိုနေထိုင်စေ၍ လုပ်ကျွေး ပြုစုသုတ်သင်၏၊ တစ်နေ့သော နေ့မျှသော်လည်း မိမိ၏ ပါလာသော လှည်းတို့မှ တစ်စုံတစ်ခုကို ယူရသည်မရှိ၊ နတ် လူ တို့သည် ဆောင်ယူပို့လာသော ပဏ္ဏာကာရဖြင့်သာလျှင် အလှူကို ပေး၏။ အလုံးစုံသော ကိစ္စတို့ကိုလည်း ပြုစု၏။

ထိုနောက် စိတ္တ သူကြွယ်သည် မြတ်စွာ ဘုရား သခင်ကို ရှိခိုးလျက် ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား၊ တပည့်တော်သည် အရှင်မြတ်တို့အား ဒါနဝတ္ထုကို ပြုစု ပေးလှူမည် ကြံရည်စိတ်တွင်း နှလုံးသွင်းလျက် လာခဲ့ရာ လမ်းခရီးဌာန၌ တစ်လခန့် ပမာဏ ကြာမြင့်စွာ လာခဲ့ရ

ပါသည်။ ကျောင်းတော်သို့ ရောက်၍ ချီးမြှောက်ပေးကမ်း လှူဒါန်းသော တပည့်တော်သည် တစ်လလောက်တာ ဤ၌ ကြာပါပြီ၊ အခါတွက်ထောက် သို့လောက်မြင့်စွာ ကာလကြာသော်လည်း တပည့်တော် ဆောင်ယူခဲ့သော ပစ္စည်းဥစ္စာ ပဏ္ဏာကာရကို အနည်းငယ်မျှ ယူထုတ်၍ ပြုလုပ်လှူဒါန်း ပေးကမ်းခြင်းငှါ မရပါ။ ဤမျှလောက် ကာလကြာအောင် ကောင်းစွာကြည်ဖြူ နတ်တို့ဆောင်ယူ၍ ထောက်ကူ ချီးမြှင့်အပ်သော ပစ္စည်းဥစ္စာ ပဏ္ဏာကာရ ဖြင့်သာလျှင် အလှူဒါနကို ပေးလှူ၍ နေရပါသည်။ တပည့်တော်သည် ဤအရပ် ဌာန ဤဒေသ၌ တစ်နှစ်မျှ ကာလကြာအောင် ငံ့ဆိုင်းကာ နေစေကာမူ တပည့်တော်၏ လှူဖွယ်ဝတ္ထု ပစ္စည်းအစုကို ပြုစုပေးကမ်း လှူဒါန်းခွင့် ရနိုင် တော့မည် မဟုတ်ချေ။ သို့ဖြစ်၍ တပည့်တော်သည် ပစ္စည်းဥစ္စာ ဘဏ္ဍာ အလုံးစုံတို့ကို အကုန်ပြီးစီး လှည်းတို့မှ ချချ၍ ဌာနရပ်ထံသို့ ပြန်သွားခြင်းငှါ အလိုရှိပါပြီ။ တပည့်တော်အား ပစ္စည်းဥစ္စာ သိမ်းစရာ အရပ်တစ်ခုကို သာ ညွှန်ပြတော်မူပါကုန်လော့ဟု လျှောက်ထား၏။ မြတ်စွာဘုရားသခင် ကိုယ်တော် မြတ်က အာနန္ဒာမထေရ်ကို ချစ်သားအာနန္ဒာ ဤသူကြွယ် ဒါယကာအား အချည်းနှီး ပစ္စည်းသိုထားခြင်း မရှိသော နေရာလွတ် တစ်ခုကိုပြု၍ ပေးဘိ လော့ဟု မိန့်တော်မူ၏။ အရှင်အာနန္ဒာလည်း မြတ်စွာဘုရား မိန့်တော်မူသော အတိုင်းကို ပြုတော်မူ၏။ မြတ်စွာဘုရားသခင်သည်လည်း စိတ္တသူကြွယ်အား ကပ္ပိယမြေ ဖြစ်သောကြောင့် ခွင့်ပေးတော်မူပေ၏။

စိတ္တသူကြွယ်သည်လည်း လှည်း၌ တင်ဆောင်ယူလာသော ပစ္စည်းဥစ္စာ ဘဏ္ဍာ အလုံးစုံတို့ကို အကုန်သွန်ချ လှူဒါန်းခဲ့ပြီးမှ မိမိနှင့် ပါလာသော သုံးထောင်မျှလောက်ကုန်သော သူတို့နှင့် အတူတကွ အချည်းနှီးသော လှည်းဖြင့်သာလျှင် မစ္ဆိကာသဏ္ဍမြို့သို့ ပြန်၏။ ထိုအခါ နတ် လူအပေါင်းတို့သည် ထကြွကုန်ပြီးသောကာလ အရှင် အရှင်သည် အချည်းနှီးသော လှည်းတို့ဖြင့် သွားအံ့သော အမှုကို ပြုသည်ကား မသင့်လျော် မလျောက်ပတ်ဟု ဆို၍ ရတနာခုနစ်ပါးတို့ဖြင့် လှည်းတို့ကို ပြည့်စေကုန်၏။ စိတ္တသူကြွယ်သည် ဆောင် အပ်သော လက်ဆောင် ပဏ္ဏာကာရဖြင့် သာလျှင် လူများအပေါင်းကို ပြုစု လုပ်ကျွေး၍ သွား၏။ အာနန္ဒာမထေရ်သည် မြတ်စွာဘုရား ကိုယ်တော်မြတ်ကို ရှိသေညွှတ်လျိုး ရှိခိုးချဉ်းကပ်၍ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား စိတ္တသူကြွယ်သည် အရှင်ဘုရားတို့၏ အထံသို့လာရသည်ရှိသော် တစ်လတိုင်တိုင် လမ်းခရီး၌ ကြာမြင့်သည်ဖြစ်၍ လာခဲ့ရ၏၊ ဤဇေတဝန် ကျောင်းတော် ၌လည်း တစ်လတိုင်တိုင်မျှ နေ၏။ ဤမျှလောက်သော ကာလပတ်လုံး နတ် လူတို့သည် ဆောင်ယူပေးကမ်းအပ်သော ပဏ္ဏာကာရဖြင့်သာလျှင် ကြီးမြတ် သော အလှူဒါနကို ပေးလှူ၏။ ဤယခုအခါ ငါးရာကုန်သော လှည်းတို့ကို

အချည်းနှီး ပြုပြီးသည်ကာလ တစ်လမျှဖြင့် မိမိ၏ ဒေသဌာန ရပ်ဌာနသို့ ပြန်လည်လတ္တံ့သည်ကို နတ် လူတို့က ကြည်ဖြူနှစ်သက် စုံမက်ခင်မင် သူကြွယ် အရှင်သည် ဝန်းကျင်များဖျည်း အချည်းနှီးသော လှည်းတို့ဖြင့် ပြန်လည် သွားသည်ကို ပြုအပ်၏ဟု ငါးရာကုန်သော လှည်းတို့ကို ရတနာခုနစ်ပါးတို့ဖြင့် ပြည့်စေကုန်၏။ ထိုစိတ္တသူကြွယ်သည် မိမိဆောင်ယူခဲ့သော ပစ္စည်း ဘဏ္ဍာ ပဏ္ဏာကာရဖြင့်သာလျှင် လူများအပေါင်းကို ပြုစုလုပ်ကျွေး၍ သွားပေလတ္တံ့၊ ဘုန်းတော်ကြီးတော်မူပေသော မြတ်စွာဘုရား အသို့ပေနည်း၊ ထိုစိတ္တသူကြွယ် အား အရှင်မြတ်တို့၏ ထံမှောက်သို့ လာရောက်ချဉ်းကပ်သော အခါ၌သာလျှင် ဤသို့သော လာဘသက္ကာရ ပူဇော်ချီးမြှင့်ခြင်း ဖြစ်ရပါသလော၊ သို့တည်း မဟုတ် တစ်ပါးသော အရပ်သို့ သွားသော်လည်း ဤသို့ သဘောရှိသော လာဘသက္ကာရ ပူဇော်ချီးမြှင့်ခြင်း ဖြစ်ပါအံ့လောဟု မေးလျှောက်၏။ မြတ်စွာဘုရား ကိုယ်တော်မြတ်က ချစ်သားအာနန္ဒာ ငါဘုရား၏ အထံသို့ လာသော် လည်းကောင်း၊ တစ်ပါးသော အရပ်သို့ သွားသော်လည်းကောင်း ထိုသူကြွယ် အား ဤသို့ သဘောရှိသော ပူဇော်သက္ကာရသည် ဖြစ်သည်သာလျှင်တည်း။ ချစ်သားအာနန္ဒာ ဤဥပါသကာ ဒါယကာသည် သဒ္ဓါကြည်ညို ရှိသေ လေးမြတ်ခြင်း ရှိ၏။ သီတင်း သီလ အာစာရ အကျင့်ဂုဏ်နှင့်လည်း ပြည့်စုံ၏။ ဤသို့ သဘောရှိသော ပုဂ္ဂိုလ်သည် အကြင် အကြင်သို့သော အရပ်သို့ ဆည်းကပ် သွားရောက်၏၊ ထိုထိုသို့သော ရောက်ရာအရပ်၌ လာဘသက္ကာရ စသည်ပြန့်ပြော များမြတ်သော ပူဇော်ခြင်း ရှိသည်သာလျှင်တည်းဟု မိန့်တော်မူ၍—

သဒ္ဓေါ သီလေန သမ္ပန္နော၊ ယသော ဘောဂသမပ္ပိတော။

ယံ ယံ ပဒေသံ ဘဇတိ၊ တတ္ထ တတ္ထေဝ ပူဇိတော—

ပကိဏ္ဏကဝဂ် အလာ ဤသို့သော ဂါထာကို ဟောကြားတော်မူ၏။ ထိုဒေသနာ တော်၏ အဆုံး၌လည်း များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကုန်၏။

**အနက်ကား**။ ။သဒ္ဓေါ၊ ရတနာသုံးတန် ကံကံ၏ အကျိုးကို မြတ်နိုး ယုံကြည်ခြင်း လက္ခဏာ လောကုတ္တရာ လောကီ နှစ်လီယှက်ပွါး သဒ္ဓါတရား ရှိထသော။ သီလေန၊ အိမ်ရာမွေ့ ထောင် လူတို့ဘောင်၌ ကျင့်ဆောင်အပ်သော အာဂါရိကသီလနှင့်။ သမ္ပန္နော၊ ပြောက်ကျားမထင် ဖြူစင်ပြည့်စုံသောသူသည်။ ယသော၊ သီတင်းသီလ ဖြူစင်စွာသော ဥပါသကာတို့ဖြင့် ကောင်းစွာခြံရံ အကျော်အစော ရှိသည်ဖြစ်၍။ ဘောဂသမပ္ပိတော၊ သူတော်ကောင်းဥစ္စာ

ခုနစ်ပါး စပါးရွှေငွေ အထွေထွေသော စည်းစိမ်ချမ်းသာနှင့် ပြည့်စုံသည်ဖြစ်၍။ ယံ ယံ ပဒေသံ၊ အကြင် အကြင်သို့သော အရပ်သို့။ ဘဇတိ၊ ဆည်းကပ် သွားရောက်၏။ တတ္ထ တတ္ထေဝ၊ ထိုထိုသို့သော သွားရောက်ရာ အရပ်၌ သာလျှင်။ ပူဇိတော၊ နတ် လူ များစွာ သဒ္ဓါကြည်ညို ရိုသေ ပူဇော်အပ်ပေ၏။ ဤကား အနက်။

## စိတ္တသူကြွယ်၏ ရှေးဆုတောင်းအကြောင်း

### အတိတ်ဝတ္ထု

ဤသို့ မြတ်စွာဘုရား ဟောကြားတော်မူအပ်သည်ရှိသော် အာနန္ဒာ မထေရ်သည် စိတ္တသူကြွယ်၏ ရှေး၌ ပြုခဲ့ဖူးသော ကောင်းမှုကို မေးလျှောက်၏။ ထိုအခါ မြတ်စွာဘုရားသခင်သည် အရှင်အာနန္ဒာအား ဟောကြားတော်မူလိုသည် ဖြစ်သောကြောင့် ဤသို့ မိန့်တော်မူ၏။

ချစ်သား အာနန္ဒာ ဤစိတ္တသူကြွယ်သည် ပဒုမုတ္တရ မြတ်စွာဘုရားသခင်၏ ခြေတော်ရင်း၌ ပြုအပ်သော ဆုတောင်းခြင်း ရှိသည်ဖြစ်၍ ကမ္ဘာတစ်သိန်း ကာလပတ်လုံး နတ် လူ ဘဝတို့၌ ကျင်လည်ခဲ့ပြီး၍ ကဿပမြတ်စွာဘုရား သခင်၏ လက်ထက်တော်၌ သမင် သား ငါး များစွာကုန်သော သတ္တဝါတို့၏ အသက်ကို သတ်ဖြတ် အသက်မွေးလေ့ရှိသော မုဆိုး၏ အမျိုး၌ ဖြစ်၍ ကြီးပွားထွက်မြောက် အရွယ်သို့ ရောက်ခဲ့လျှင် တစ်နေ့သောအခါ မိုး သည်းထန်စွာ ရွာလျက် သား သမင်တို့ကို သတ်ခြင်းငှါ လှံကို ယူပြီးသောကာလ တောသို့ သွား၍ သား သမင်တို့ကို ကြည့်ရှုသည်ရှိသော် တစ်ခုသော တောင် ဝှမ်း၌ ဦးခေါင်းနှင့် တကွ သိမ်းရုံး၍ ထိုင်နေတော်မူသော ရဟန်းတစ်ပါးကို မြင်၍ ဤအရှင်သည် ဖြူစင်နူလုံး ကျင့်သုံးပွါးများ ရဟန်းတို့ တရားကို အားထုတ်၍ သီတင်းသုံးတော်မူသည် ဖြစ်ပေ လိမ့်မည်၊ ထိုမထေရ် အရှင်မြတ်ကို ရည်မှတ်ပေးကမ်း လှူဒါန်းရအောင် ဆွမ်းကို ဆောင်အံ့ဟု ကြံ၍ လျင်မြန်သော အဟုန်ဖြင့် အိမ်သို့ ပြန်လာပြီးသော် တစ်နေ့သော ခုန်လောက်ထက်၌ ယမန် နေ့က ဆောင်ယူ၍ ထားအပ်သော သားငါးကိုလည်းကောင်း၊ တစ်ခုသော အိုး၌ ထမင်းကိုလည်းကောင်း ချက်စေပြီးလျှင် ဆွမ်းခံလှည့်လည်တော်မူသော ရဟန်းတစ်ပါးကို မြင်၍ ထိုအရှင်၏ သပိတ်ကိုလည်း ယူပြီးသောအခါ ကောင်းမွန်စွာ ခင်းထားအပ်သော နေရာ၌ ထိုင်နေ သီတင်းသုံးစေတော်မူ ပြီးသော် ၊ ဆွမ်း ခဲဖွယ် ဘောဇဉ်တို့ကို ပြုပြင်စီရင်၍ အရှင်အား လှူဒါန်း လုပ်ကျွေးလိုက်ကြပါကုန်လော့ဟု တစ်ပါးသောသူတို့ကို မှာထား စေခိုင်း ပြီးလျှင် ချက်ပြုတ်၍ပြီးသော ထိုထမင်းကို အထုပ်၌ ထည့်သွင်း ထုပ်ပိုး

ယူဆောင်၍ လာခဲ့သောအခါ လမ်းခရီးအကြား၌ များစွာသော ပန်းတို့ကို ချွေလှမ်းခူးနှုတ် ထမင်းထုပ်၌ ဖုံးအုပ် စည်းစုသည်ကို ပြု၏။ မထေရ်၏ ထံမှောက်သို့ သွားရောက်ပြီးသောအခါ အရှင်ဘုရား တပည့်တော်အား အစဉ်သနားသဖြင့် ချီးမြှင့်ခြင်းကို ပြုတော်မူပါလော့ဟု လျှောက်ကြားပြီးလျှင် သပိတ်ကိုယူ၍ ဆွမ်းတို့ဖြင့်ထည့်သွင်းပြည့်စေပြီးသောကာလ မထေရ်၏ လက်သို့ ဆက်ကပ် လှူဒါန်းပြီးသောအခါ ဆောင်ယူလာခဲ့သော ပန်းတို့ဖြင့် ပူဇော်ခြင်းကို ပြု၍ အရှင်ဘုရား တပည့်တော်သည် ပန်းပူဇော်ခြင်းနှင့်တကွ အရသာ ရှိလှသော ဆွမ်းကို ရည်ညွှန်းပိုင်းဖြတ် အရှင်မြတ်၏ စိတ်ကို နှစ်သက်ခြင်းကို ဖြစ်စေလျက် ပေးကမ်း လှူဒါန်းပါသည်။ ဤသို့ ပြုရသော ကုသိုလ်ကံကြောင့် တစ်ဖန်ဘာ၊ နောင်ကာလဟု ဆိုအပ်သော ဖြစ်တိုင်းဖြစ်တိုင်းသော ဌာန၌ လက်ဆောင်ပဏ္ဏာကာရ တစ်ထောင်များလောက်တို့သည် လာရောက် ပေးကမ်း၍ ရှင်လန်းတပ်မက် အကျွန်ုပ်၏ စိတ်ကို နှစ်သက်ပါစေလော့၊ ငါးပါးအဆင်း ရှိသော မုလေးပန်းတို့သည်လည်း ဖြိုးဖြိုးလှိုင်ကာ ရှာပါစေလော့ဟု ဆုတောင်း ပတ္တနာခြင်းကို ဖြစ်စေ၏။

ထို သားမုဆိုးသည် အသက် ရှည်သမျှ ကာလ ပတ်လုံး ကုသိုလ် ကောင်းမှုကို ပြုစုစီရင်၍ သေလွန်ပြောင်းကြွ နောင်ဘဝဝယ် နတ်ပြည်၌ ဖြစ်လေ၏။ ဖြစ်ရာဒေသ ရပ်ဌာနဝယ် သလုံးမြင်းခေါင်း ကျုံ့နစ်မျှလောက် သော ပန်းမိုးသည် ဖြိုးဖြိုးသွန်းကာရွာ၏။ ဤ ယခုဘဝ၌လည်း ထိုစိတ္တသူကြွယ် အား ဖွားမြင်သော နေ့၌လည်းကောင်း၊ ငါဘုရားသခင် ကိုယ်တော်မြတ်၏ အဆံဖြစ်သော ဤအရပ်သို့ လာသောအခါ၌လည်းကောင်း နတ်၌ဖြစ်သော ပန်းမိုးသည် တခဲနက်ဖြစ်၍ ရွာ၏။ ပစ္စည်း ဥစ္စာ လက်ဆောင်ပဏ္ဏာကိုလည်း ကောင်းစွာဆောင်အပ်သည် ဖြစ်၍ ခုနစ်ပါးကုန်သော ရတနာတို့ဖြင့် ငါးရာ ကုန်သော လှည်းတို့၌ ပြည့်စေကုန်၏။ ချစ်သားအာနန္ဒာ ဤသို့သော အံ့ဖွယ် ရှိသော ပန်းမိုးရွာခြင်း၊ ခုနစ်ပါးသော ရတနာ ဥစ္စာလက်ဆောင်တို့ကို များမြောင်စွာ ပေးပို့လာရခြင်း အကျိုးဆက်သည် သားမုဆိုးဖြစ်စဉ်အခါက ကောင်းစွာရှေးရှု ပြုစုလှူဒါန်းခဲ့သော ဒါန၏အကျိုး အာနိသံပေတည်းဟု အတိတ်ကိုဆောင်၍ ဟောတော်မူ၏။

ဓမ္မပဒဗာလဝဂ်၌ တစ်ဆယ့်လေးခုမြောက်ဖြစ်သော သုဓမ္မမထေရ်နှင့်

စိတ္တသူကြွယ်၏ ဝတ္ထုစကားစဉ်ကား ဤတွင်ရွေ့ ပြီး၏။

## ၁၅။ ဝနဝါသီတိဿသာမဏေ အကြောင်း

### ပစ္စုပ္ပန်ဝတ္ထု

အညာဟိ လာဘူပနိသာ– အစဖြာသော ဤဒေသနာ ပါဌ်ဂါထာကို ဗြဟ္မာ လူ နတ်၊ မင်းမင်းမြတ်တို့ သဘာပတ် ဝတ်မှုံ ခြေတော်စုံဟု ခိုင်ရုံမဍ္ဍု ကြိုင်သင်းကြူကို ကြည်ဖြူနှစ်သက် တောင့်တမက်သို့ ပိုက်ဖက်ဦးညွတ် ဆည်းကပ်ဝပ်ရသည့် လူထွဋ်မဟေ ပရမေခေါင်ဖျား မြတ်ဘုရားအံ့ည် ကျွန်းများသရဖူ ဇမ္ဗူလက်ယာ ချက်အခြာတွင် မြတ်စွာနေဝင်ဘုန်းတို့ မျှသုံးတော်မူရာဝယ် အနာထပိဏ် ဂုဏ်သိမ်ပျံ့မွှေး ရန့်အေးသည့် သူဌေးဝယ်ယူ ဆောက်လှူဆက်သအပ်သော ဇေတဝန်မဟာဝိဟာရ၌ ယာပထ လေးဖော် ဖြင့် မျှတတော်မူသော်အခါ ဂါမဝါသီ ရွာအမှီကို မသတီဆုံး အလွန်မုန်းသောကြောင့် ရေးဘုန်းရှေကံ ကြီးသည်မှန်ကို ပယ်လှန်ပစ်ရှောင်း ရည့်ဝါ တော်ကျောင်း၌ ကိန်းအောင်းနေမျှသော ဗျုပ္ပတ္တိအရဖြင့် ဝနဝါသီတိဿ နာမ ဘွဲ့ထူးဖြင့် ချီးကျူးသတ်မှတ် မထေရ်မြတ်ကို ရည်မှတ်သမူ အကြောင်းပြုသော အားဖြင့် ဟောကြားတော်မူခဲ့ပေသတည်း။ ဒေသနာတော်သည် ရာဇဂြိုဟ်ပြည် ၌ ဖြစ်၏။

### အကြောင်းအဋ္ဌုတ္တိ အစဉ်ကား ဤသို့တည်း

အရှင်မဟာသာရိပုတ္တရာ မထေရ်မြတ် ဖခင် ဖြစ်တော်မူသော ဝင်္ဂန္တပုဏ္ဏား ကြီး၏ အဖော်ခင်ပွန်း ချစ်ကျွမ်းဝင်လှသော မဟာသေန အမည်ရှိသော ပုဏ္ဏား ကြီးသည် ရာဇဂြိုဟ်ပြည်၌ နေ၏။ အရှင်သာရိပုတ္တရာမထေရ်သည် တစ်ရံခါ၌သော် နေ့၌ ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းခံခြင်းငှါ ကြွဝင်လှည့်လည်တော် မူသည်ရှိသော် ထိုမဟာသေန ပုဏ္ဏားကြီး၌ အစဉ်သနားသောအားဖြင့် ပုဏ္ဏားကြီး၏ အိမ် တံခါးသို့ ကြွသွားတော်မူ၏။

### ဆင်းရဲလှသော မဟာသေန ပုဏ္ဏားကြီး စေတနာကောင်းလှခြင်း

မဟာသေနပုဏ္ဏားကြီးလည်း ပစ္စည်းဥစ္စာ မချမ်းသာမကုံလုံ ကုန်ခန်း ပျက် စီး အချည်းနှီးသော စည်းစိမ်ရှိသဖြင့် အတိဒုက္ခိတ ဆင်းရဲလှရကား ငါ၏သား သာရိပုတ္တရာသည် ငါနေရာ အိမ်တံခါးသို့ ဆွမ်းခံခြင်းငှါ ကြွဝင်တော်မူလာသည် ဖြစ်ပေလိမ့်မည်။ ယခုအခါ ငါသည်လည်း ဆင်းရဲနွမ်းပါးခြင်းသို့ ရောက်ခဲ့၏။ ငါ၏သားသည် ငါဆင်းရဲနွမ်းပါး၍ နေသည်ကိုလည်း သိမည်မဟုတ်၊ တစ်စုံတစ်ခု သော လှူဒါန်းပေးကမ်းဖွယ်ဝတ္ထု သည်လည်း မရှိဟုကြံ၍ ထို ပုဏ္ဏားကြီးသည် မထေရ်၏ မျက်မှောက် လာရောက်တွေ့ခံလျက် ပြန်လှန်စကား လျှောက်ထား ပြောဆိုခြင်းငှါ မစွမ်းနိုင်ဘဲ ဖယ်လွှဲတိမ်းရှောင်း ပုန်းအောင်း၍သာနေ၏။

မထေရ်သည် တစ်ပါးလည်းဖြစ်သော နေ့၌လည်း ထိုသူ၏ အိမ်တံခါးကို ကြွသွားတော်မူသည်သာလျှင်တည်း။ ပုဏ္ဏားကြီးလည်း ရှေးနည်းအတူ လွှဲဖယ် တိမ်းရှောင်း ပုန်းအောင်း၍သာနေ၏။ တစ်စုံတစ်ခုသော လှူဖွယ်ဝတ္ထုကို ရသောအခါ လှူဒါန်းပေးကမ်းအံ့ဟု ကြံပါသော်လည်း တစ်စုံတစ်ခုကိုမျှ မရလေ၊ ထိုနောက် တစ်နေ့သောအခါ၌ ပုဏ္ဏားကြီးတို့ကို ပင့်ဖိတ်ဖတ်ရွတ်ရာမှ ထူထဲသော ပုဆိုးပိုင်းနှင့်တကွ နို့ထမင်းခွက်ကိုရ၍ အိမ်သို့ ယူဆောင်လာပြီးသောအခါ ဤဆွမ်းကို ငါသည် ရှင်သာရိပုတ္တရာမထေရ်အား ပေးလှူခြင်းငှါ အပ်၏ဟု ကြံ၍ မထေရ်ကို အောက်မေ့မျှော်လင့် ပြီးသည်ကာလ နေ၏။ အရှင်သာရိပုတ္တရာမထေရ်သည်လည်း ထိုခဏ၌ စျာန်သမာပတ်ကို ဝင်စား၍ သမာပတ်မှ ထတော်မူသည်ရှိသော် ထိုပုဏ္ဏားကြီးကို မြင်တော်မူ၍ ပုဏ္ဏားကြီးသည် လှူဖွယ်ဝတ္ထုကို ရရှိသောကြောင့် ငါ၏ လာရောက်ခြင်းကို တောင့်တမျှော်လင့်၍ နေပေ၏။ ငါသည် ထိုအရပ်သို့ ကြွသွားခြင်းငှါ သင့်လျော်လျောက်ပတ်ပေ၏ဟု ကြံတော်မူ၍ ဒုကုဋ်ကို ရုံတော်မူပြီးသောအခါ သပိတ်ကို ယူတော်မူ၍ ထိုပုဏ္ဏားကြီး၏ အိမ်တံခါးဝသို့ ကြွရောက်တန့်ရပ်တော်မူပြီးသော ကာလ မိမိကိုယ်ကို ပြပေ၏။

မဟာသေန ပုဏ္ဏားကြီးသည် မထေရ်ကိုမြင်လျှင် ကြည်ရွှင်နှစ်သက် ဦးယုက် ရိုသေပြီးနောက် မထေရ်ထံမှောက်သို့ သွားရောက် ချဉ်းကပ် ဦးထိပ်၌ တင်အပ်သော ရှိခိုးခြင်းဖြင့် ဝပ်လျှိုးပြီးသောအခါ ပဋိသန္ထာရ ကထာကို ပြု၍ အိမ်အတွင်း၌ ပင့်သွင်း ထိုင်နေစေပြီးသော် နို့ဖြင့် ချက်အပ်သော ထမင်းခွက်ကို ယူပြီးသောအခါ မထေရ်၏ သပိတ်၌ ထည့်လောင်း လှူဒါန်း၏။ မထေရ်သည်လည်း ထက်ဝက်မျှလောက်ကိုသာ ခံယူလျက် သပိတ်ကို ပိတ်တော်မူ၏။ ထိုအခါ ပုဏ္ဏားကြီးက အရှင်ဘုရား ဤနို့ထမင်းသည် တစ်ယောက်စာမျှလောက်ရုံမျှသော အဖို့ဖြစ်ပါသည်၊ အကျွန်ုပ်အား တမလွန်လောက နောက်ဘဝကို ချီးမြှင့်ခြင်းကို ပြုတော်မူပါကုန်။ ဤပစ္စုပ္ပန်လောက ပစ္စက္ခ၌ ချီးမြှင့်ခြင်းကို ပြုတော်မမူပါကုန်လင့်ဟု လျှောက်ထား၍ ကြွင်းမဲ့အားဖြင့် ပေးကမ်း လှူဒါန်းခြင်းငှါ အလိုရှိရကား အလုံးစုံ အကုန်ကိုပင် သွန်းလောင်း၏။ မထေရ်သည်လည်း ထိုနေရာ၌ပင် ဘုဉ်းပေးသုံးဆောင်တော်မူ၏။ မထေရ် ဆွမ်း ဘုဉ်းပေးပြီးသည့်နောက်၌ မိမိအား ရရှိသော ပုဆိုးကိုပေးလှူ၍ ကြည်ဖြူ ညွတ်လျှိုး ရှိခိုးဦးချပြီးသောအခါ အရှင်ဘုရား အကျွန်ုပ်သည် ဤသို့ ပြုလုပ် လှူဒါန်းအပ်သော ကုသိုလ်စေတနာကြောင့် အရှင်မြတ်တို့ သိမြင်အပ်သော တရားကို ထင်ရှားသိရှိ အပြီးအဆုံးသို့ ရောက်သည်ဖြစ်ရပါလို၏ဟု ဆုတောင်း လျှောက်ထား၏။ မထေရ်အရှင်မြတ်ကလည်း ဒါယကာ ပုဏ္ဏားကြီး အသင် ဆုတောင်းတိုင်း ပြည့်စုံစေလော့ဟု မိန့်တော်မူ၍အနုမောဒနာကို ပြုပြီးသော

အခါ နေရာမှထ၍ ဖဲကြွတော်မူလျှင် အစဉ်အတိုင်းအားဖြင့် လှည့်လည်၍ ဇေတဝန်ကျောင်းတော်သို့ ကြွတော်မူ၏။

ဆင်းရဲငြိုငြင် ပင်ပန်းသော ကာလ၌ လှူဒါန်းအပ်သော ဒါနမည်သည် အလှူပေး ပစ္စည်းရှင် ဒါယကာအား လွန်စွာ နှစ်သက်ခြင်းကို ဖြစ်စေ၏။ မဟာသေန ပုဏ္ဏားကြီးလည်း ထိုအလှူဒါနကို ပေးလှူပြီး၍ ကြည်ညို နှစ်သက် လျှမ်းတက်ပွါးရောက် လွန်စွာ ဝမ်းမြောက်ခြင်း ဖြစ်၏။ အရှင် သာရိပုတ္တရာမထေရ်၌ အလွန်အကဲသော ချစ်ခင်ခြင်းသည် ဖြစ်လေ၏။

## မဟာသေနပုဏ္ဏားကြီး နောက်ဘဝ လူပြန်ဖြစ်ခြင်း

ထိုပုဏ္ဏားကြီးသည် ယင်းသို့သော အခြင်းအရာ မထေရ်၌ ချစ်ခင်ခြင်းဖြင့် သာလျှင် သေလွန်ခြင်းကို ပြုခဲ့၍ သာဝတ္ထိပြည်ဝယ် အရှင် သာရိပုတ္တရာ မထေရ်၏ အလုပ်အကျွေးဖြစ်သော အမျိုးအိမ်၌ ပဋိသန္ဓေ တည်နေစွဲယူလေ၏။ ထိုခဏ၌သာလျှင် ပဋိသန္ဓေတည်နေသော သူငယ်၏ မိခင်သည် ငါ၏ဝမ်း၌ ပဋိသန္ဓေ တည်နေပြီဟု သိ၍ အရှင် ခင်ပွန်း ယောကျ်ားအား ပြောကြား သဖြင့် အရှင် ခင်ပွန်းယောကျ်ားက ထို မိန်းမအား ပဋိသန္ဓေ၏ အစောင့် အရှောက်ကို ပေး၏။ အလွန် ပူစပ်လွန်းသော အရသာ၊ အလွန်အေးလွန်းသော အရသာ၊ အလွန် ချဉ်လွန်းသော အရသာ အစရှိသည်တို့ကို သုံးဆောင် စားသောက်ခြင်းမှ ကြဉ်ရှောင်လျက် ကောင်းမွန် ချမ်းသာစွာ ကိုယ်ဝန် ဆောင်လျက် ထိုမိခင်ဖြစ်သော မိန်းမအား ငါသည် သာရိပုတ္တရာ မထေရ် အမှူးရှိကုန်သော ငါးရာကုန်သော ရဟန်းတော်တို့ကို ပင့်ခေါ် ဖိတ်မန်ပြီးသော ကာလ အိမ်၌ ထိုင်နေစေ၍ ရေမရောသော နို့ဆွမ်းကို ပေးလှူပြီးသော်အခါ မိမိသည်လည်း ဖန်ရည်ဆွန်းသော အဝတ်တို့ကို ဝတ်ရုံ၍ ရွှေခွက်ကိုယူပြီးလျှင် ရဟန်းသံဃာတော်တို့ နေရာ အဆုံး၌ ထိုင်နေ၍ ဤမျှလောက် ကုန်သော ရဟန်းတို့ ဘုဉ်းပေးသုံးဆောင်၍ ကြွင်းကျန်သော စားကြွင်း နို့ထမင်းကို စားသုံးရပါမူကား ဩော်- ကောင်းလေစွ ဟူသော တောင့်တသော ချင်ခြင်း သည် ဖြစ်လေ၏။

ဖန်ရည်စွန်းသော အဝတ်ကို ဝတ်ရုံခြင်း၌ ချင်ခြင်း ဖြစ်ရသည်ကား ထို မိန်းမ၏ ဝမ်း၌ ပဋိသန္ဓေ တည်နေသော သူငယ်၏ မြတ်စွာဘုရား သခင်၏ သာသနာတော်၌ ရဟန်းဖြစ်အံ့သော ပုဗ္ဗနိမိတ်ပေတည်း။ ထိုကြောင့် ၎င်း အဋ္ဌကထာ၌—

တဿာ ကိရ ကာသာယ ဝတ္ထပရိဒဟနေ ဒေါဟဠော ကုစ္ဆိယံ
ပုတ္တဿ ဗုဒ္ဓသာသနေ ပဗ္ဗဇ္ဇာယ ပုဗ္ဗနိမိတ္တမဟောသိ—

ဟု မိန့်တော်မူ၏။

အနက်ကား။ ။တဿာ၊ ထိုကိုယ်ဝန်ဆောင်သော မိန်းမအား။ ဝါ၊ မိန်းမ၏။ ကာသာဝဝတ္ထပရိဒဟနေ၊ ဖန်ရည်စွန်းသော အဝတ်ကို ဝတ်ရုံခြင်း၌။ ဒေါဟဠော၊ ချင်ခြင်းသည်။ ကုစ္ဆိယံ၊ ဝမ်း၌။ ဌိတဿ၊ ပဋိသန္ဓေ တည်စွဲနေသော။ ပုတ္တဿ၊ သားငယ်၏။ ဗုဒ္ဓသာသနေ၊ ဘုရားမြတ်စွာ သာသနာတော်၌။ ပဗ္ဗဇ္ဇာယ၊ ရဟန်းဖြစ်ခြင်းငှါ။ ဝါ၊ ရဟန်းဖြစ်ခြင်း၏၊ ပုဗ္ဗနိမိတ္တံ၊ ပုဗ္ဗနိမိတ်သည်။ အဟောသိ ကိရ၊ ဖြစ်သတတ်။ ဤကားအနက်။

ထိုအခါ ကိုယ်ဝန်ကိုဆောင်သော မိန်းမ၏ ဆွေမျိုးဉာတိ ဘမိတို့သည် ငါတို့၏ သမီးအား တရားအားလျော်သော ချင်ခြင်းသည် ဖြစ်ပေ၏ဟု သာရိ-ပုတ္တရာမထေရ်မြတ်ကို သံဃာ့ထေရ်ပြုပြီးသောကာလ ငါးရကုန်သော ရဟန်းတို့အား ရေမရှေသော နို့ထမင်းကို ပေးလှူကုန်၏။ ထိုသတို့သမီးသည်လည်း တစ်ခုသော ဖန်ရည်စွန်းသော အဝတ်ကိုဝတ်၍ ကစ်ဆည်သော အဝတ်ကို ရုံပြီးသောအခါ ရွှေခွက်ကိုကိုင်၍ အရှင်မြတ်ဘို့၏ နေရာအဆုံး၌ ထိုင်နေလျက် စားကြွင်းဖြစ်သော နို့ထမင်းကို စား၏။ ထိုခဏ၌သာလျှင် ချင်ခြင်းသည် ငြိမ်းပျောက်လေ၏။ ထိုသတို့သမီးအား ကိုယ်ဝန်ကို ဖွားမြင်၍ ကိုယ်ဝန်မှ ထမြောက်သည်တိုင်အောင် အကြားအကြားဝယ် ပြုအပ်သော မင်္ဂလာတို့၌လည်းကောင်း၊ ဆယ်လကို လွန်သဖြင့် ဖွားမြင်အပ်သောအခါ မင်္ဂလာကို ပြုရာတို့၌လည်းကောင်း သာရိပုတ္တရာမထေရ်လျှင် အမှူးရှိကုန် ငါးရာကုန်သော ရဟန်းတို့အား ရေမရှေသော ရေနည်းသော နို့ထမင်းကိုသာလျှင် ပေးလှူကုန်၏။ ဤအလုံးစုံသည် ပဋိသန္ဓေတည်နေ ဖွားမြင်လာသော သူငယ်သည် ပုဏ္ဏားဖြစ်စဉ် ဘဝက ပေးကမ်းလှူဒါန်းခဲ့သော နို့ထမင်း၏ အကျိုးဆက် ဖြစ်ပေသတတ်။ ထို့ကြောင့် ရင်းအဋ္ဌကထာ၌—

သဗ္ဗော ကိရေသ ဒါရကေန ဗြာဟ္မဏကာလေ ဒိန္နပါယာသဿ နိဿန္ဒော—ဟု မိန့်တော်မူ၏။

အနက်ကား။ ။သော သဗ္ဗော၊ ဤအလုံးစုံသည်။ ဒါရကေန၊ သူငယ်သည်။ ဗြာဟ္မဏကာလေ၊ လွန်လေပြီးဘဝ ပုဏ္ဏားဖြစ်စဉ်ကာလ၌။ ဒိန္နပါယာ-သဿ၊ ပေးကမ်းလှူဒါန်းအပ်သော နို့ထမင်းအကျော်၏။ နိဿန္ဒော ကိရ၊ အကျိုးဆက် ဖြစ်ပေသတတ်။ ဤကားအနက်။

## သူငယ်ကလေး၏ အုံ့ဩဖွယ် ဒါနကုသိုလ်

သားဖွားခြင်းမင်္ဂလာကို ပြုသောနေ့၌ ထိုသူငယ်ကို နံနက်စောစောကပင်လျှင် ရေချိုးစေ၍ တန်ဆာဆင်ပြီးသောအခါ ကျက်သရေရှိသော အိပ်ရာဝယ် အဖိုးတစ်သိန်းထိုက်သော ကမ္ဗလာ၏ အထက်၌ ပက်လက်တစောင်း ပြန်ပြောင်း

ခွေသိပ် အိပ်စေကုန်၏။ ထိုသူငယ်ကလေးသည် အိပ်ရာထက်ဝယ် အိပ်လျက်သာလျှင် အရှင်သာရိပုတ္တရာ မထေရ်ကို စိမ်းစိမ်းကြည့်၍ ဤမထေရ်သည် ငါဆည်းကပ်ဖူးသော လက်ဦးဆရာပေတည်း၊ ဤမထေရ်ကို အမှီပြု၍ ဤသို့သော စည်းစိမ်ရိပ်ငြိမ် ချမ်းသာကို ကောင်းစွာရရှိပေသည်။ ငါသည် ဤမထေရ်အား ကြံရည်ရွေရှု တစ်ခုသောပစ္စည်းဝတ္ထုကို ကြည့်ရှုပေးကမ်း လှူဒါန်းစွန့်ကြဲခြင်းငှါ အင်၏ဟု ကြံ၍ သိက္ခာပုဒ်သီလကို ခံယူဆောက်တည်ခြင်းငှါ သူငယ်ကို ဆောင်ယူအပ်သည်ရှိသော် ထိုကမ္ဗလာကို လက်ချောင်းငယ်ဖြင့် ရစ်ပတ်ဖွဲ့ညှပ်၍ ယူ၏။ ထိုအခါ သူငယ်ကို ဆောင်ယူသောသူက သူငယ်၏လက်၌ ကမ္ဗလာကပ်ငြိသည်ဟု မှတ်ထင်သောကြောင့် ကမ္ဗလာကို ဆွဲဖယ်ခြင်းငှါ အားထုတ်၏။ သူငယ်သည် ပြင်းစွာဟစ်အော်၍ ငိုကြွေး၏။ အဆွေအမျိုး အပေါင်းတို့လည်း အသင်တို့သည် ဖယ်ကြကုန်လော့၊ သူငယ်ကို မငိုကြွေးပါစေကုန်လင့်ဟု တားမြစ်၍ ကမ္ဗလာနှင့်တကွသာလျှင် ဆောင်ယူကုန်၏။ သူငယ်သည် မထေရ်ကို ရှိခိုးသောကာလ ကမ္ဗလာမှ လက်ကိုဆွဲငင်၍ ကမ္ဗလာကို မထေရ်၏ခြေတော်ရင်း၌ ကျစေ၏။ ဆွေမျိုးအပေါင်းတို့သည် သူငယ်ကား မသိသောကြောင့် ပြုလေဘိသည်ဟု မဆိုမူ၍ အရှင်ဘုရား တပည့်တော်တို့၏ သားငယ်သည် စွန့်ကြဲပေးကမ်း လှူဒါန်းအပ်သည် ရှိသော် လှူဒါန်းပေးကမ်းအပ်သည်ပင် ဖြစ်ပါစေလော့ဟု လျှောက်ကြား၍ အရှင်ဘုရား အဖိုးတစ်သိန်းထိုက်သော ကမ္ဗလာဖြင့် ပူဇော်လှူဒါန်းခြင်းကို ပြုသော အရှင့်ကျွန်သူငယ်အား သိက္ခာပုဒ်တို့ကို ပေးသနားပါကုန်လော့ဟု လျှောက်ထားကြကုန်၏။ ဤသူငယ်သည် အဘယ်အမည် ရှိသနည်းဟု မထေရ်က မေးသည်ရှိသော် အရှင်ဘုရား အရှင်မြတ်တို့နှင့်တူသော အမည်ရှိသော တိဿ မည်သော အမည်သည် ဖြစ်ပါလိမ့်မည်ဟု ကြားလျှောက်၏။

အရှင်မြတ်တို့နှင့် တူသောအမည် ရှိပါလိမ့်မည်ဟု လျှောက်ထား ခြင်းမှာ အရှင်သာရိပုတ္တရာမထေရ်သည် လူဖြစ်စဉ်ကာလက ဥပတိဿ လုလင်မည်ပေ၏။ ထိုကြောင့် လျှောက်ထားလေသတည်း။ သူငယ်၏မိခင်လည်း ငါ့သားငယ်၏ အလိုဆန္ဒ အဇ္ဈာသယကို အဘယ်အခါကာလမှ မဖျက်ဆီးအံ့ဟု ကြံ၍ သူငယ်အား အမည်မှည့်မင်္ဂလာကို ပြုသောအခါ၊ ထမင်းဘောဇဉ် ကျွေးမွေးခြင်း မင်္ဂလာကို ပြုသောအခါ၊ နားထွင်းမင်္ဂလာကိုပြုသောအခါ၊ ပုဆိုးဖွဲ့မင်္ဂလာကို ပြုသောအခါ၊ ဦးစွန်းဖွဲ့မင်္ဂလာကို ပြုသောအခါ ဤသို့အားဖြင့် များစွာကုန်သော မင်္ဂလာပြုသော အခါတို့၌ အရှင်သာရိပုတ္တရာမထေရ် အမှူးရှိကုန်သော ငါးရာကုန်သော ရဟန်းတို့အား ရေမရောသော နို့ထမင်းကိုသာ ပေးလှူကုန်၏။

## တိဿသူငယ် ရှင်သာမဏေပြုခြင်း

သူငယ်သည်လည်း ချမ်းသာသုခ ရှိပေလှသော မိဘဆွေမျိုးတို့ အလယ်တင့်တယ်ကြီးပွါး ခုနစ်နှစ်သားအရွယ်သို့ ရောက်သောကာလ မိခင်၏ထံသို့ ချဉ်းကပ်၍ အိုမိခင် အကျွန်ုပ်သည် သာရိပုတ္တရာမထေရ်မြတ်အထံ၌ ရဟန်းပြုလိုပါသည်ဟု ခွင့်တောင်းပန်ကြား ပြောဆို၏။မိခင်ကလည်း ချစ်သား ကောင်းလှပါပြီ၊ ရှေးအခါကာလမှစ၍ ယခုတိုင်ကျအောင် ငါ့သား၏အလိုဆန္ဒ အဇ္ဈာသယကို ဘယ်အခါကာလမှ ဖျက်ဆီးခြင်းကို မပြုအံ့ဟု မိခင်၏ စိတ်တွင်းဝယ် နှလုံးသွင်းရှိပါသည်။ သို့ဖြစ်၍ အသင်အလိုရှိတိုင်း ရဟန်းပြုပါတော့ဟု ခွင့်ပေးပြီးမှ မထေရ်ကို ပင့်ဖိတ်ပြီးလျှင် ကြွတော်မူလာသော ထိုမထေရ်အား ဆွမ်းကို ပေးလှူ၍ အရှင်ဘုရား အရှင်မြတ်၏ ကျွန်ဖြစ်သော ဤသူငယ်သည် အရှင်မြတ်၏ အထံတော်၌ ရဟန်းပြုလိုပါကြောင်းဖြင့် ခွင့်တောင်း ပြောဆိုပါသည်။ ဤသူငယ်ကို ယူပြီးသောကာလ ညနေချမ်းသောအခါ ကျောင်းသို့ ပဉ့်တော်မူ၍ လာခဲ့ပါအံ့ဟု လျှောက်ကြားပြီးလျှင်မထေရ်ကိုလွှတ်လိုက်၏။ ညနေချမ်းသောအခါဝယ် ကြီးစွာသော ပူဇော်သက္ကာရဖြင့် ချီးမြှင့်ပြီးသောကာလ သားငယ်ကို ကျောင်းသို့ယူဆောင်၍ မထေရ်အားဆောက်နှင်းအပ်နှံ၏၊

အရှင်သာရိပုတ္တရာမထေရ်သည် ထိုသူငယ်နှင့်အတူတကွ စကားပြောဆိုလိုသည်ဖြစ်သောကြောင့်သူငယ်တိဿ ရဟန်းပြုရခြင်းမည်သည်ကား ခဲယဉ်းလှ၏။ ပူသောဝတ္ထုဖြင့် အလိုရှိသော် အေးသောဝတ္ထုကို ရသော်လည်း ရတတ်၏၊ အေးသောဝတ္ထုဖြင့် အလိုရှိသည်ရှိသော် ပူသောဝတ္ထုကိုရသော်လည်း ရတတ်၏၊ ငြိုငြင် ပင်ပန်းသဖြင့်သာ အသက်ရှည်အပ်၏၊ အသင်သူငယ်သည် ချမ်းသာသုခ ကြွယ်ဝသောအားဖြင့်သာလျှင် ကြီးပွါး၍ ဂ ာခဲ့၏၊ ထိုကြောင့် အသင်သည် ရဟန်းပြုခြင်းငှါ စွမ်းနိုင်ပါလတ္တံ့လောဟု ဤသို့သောစကားကို မိန့်တော်မူ၏၊ သူငယ်ကလည်း အရှင်ဘုရား တပည့်တော်သည် အရှင်မြတ်သုံ့ တားမြစ်ဆုံးမသောနည်းအတိုင်း ညွှတ်ရှိုင်းကုံလုံ အလုံးစုံကိုပြုခြင်းငှါ စွမ်းနိုင်ပါလတ္တံ့ဟု လျှောက်ကြား၏။ မထေရ်လည်း ကောင်းလှပေပြီဟု မိန့်တော်မူ၍ ထိုသူငယ်အား စက်ဆုပ်ရွံရှာဖွယ်သော အခြင်းအရာကို နှလုံးသွင်းသည်၏ အစွမ်းဖြင့် "တစပဉ္စက" ကမ္မဋ္ဌာန်းကို ကြားတော်မူပြီးသောကာလ ရှင်သာမဏေ ပြုတော်မူ၏။ မထေရ်သည် ရှင်ပြုသောအခါ "တစပဉ္စက" ကမ္မဋ္ဌာန်းကို ကြားခြင်းမှာကား အလုံးစုံသော ဒွတ္တိံသာကာရကို ရွတ်ဆိုခြင်းငှါ စွမ်းနိုင်သည်ရှိသော် အလုံးစုံကိုပင် ရွတ်ဆိုစေသင့်သည်သာတည်း။အလုံးစုံကို ရွတ်ဆိုခြင်းငှါ မစွမ်းနိုင်သည်ရှိသော်ကား ကေသာ, လောမာ, နခါ, ဒန္တာ, တစော ဟူသော အရေလျှင် ငါးခုမြောက်ဖြစ်သော "တစပဉ္စက" ကမ္မဋ္ဌာန်းကို ဆိုအပ်သည်သာ

လျှင်တည်း။ ထိုစကားမှန်၏။ ဤဒွတ္တိံသာကာရ ဝါစပဉ္စက ကမ္မဋ္ဌာန်းသည် အလုံးစုံသော ဘုရားရှင်တို့အား မစွန့်အပ်သော ကမ္မဋ္ဌာန်းသာတည်း။ ဆံ-အစရှိသည်တို့တွင် တစ်ခုတစ်ခုသော ကောဋ္ဌာသတို့၌ အရဟတ္တဖိုလ်သို့ ရောက်ကုန်သော ရဟန်းယောကျ်ားတို့၏ လည်းကောင်း၊ ရဟန်းမိန်းမတို့၏ လည်းကောင်း၊ ဥပါသကာ ဥပါသိကာမတို့၏ လည်းကောင်း အပိုင်းအခြားအရေ အတွက်သည် မရှိ၊ ပညာအရာ လိမ္မာ ထက်မြက်ခြင်း မရှိကုန်သော အဗျတ္တ ရဟန်းတို့သည် ရှင်ရဟန်းပြုကုန်သည်ရှိသော် အရဟတ္တဖိုလ်၏အကြောင်းပြည့်စုံခြင်း ဥပနိဿယကို ဖျက်ဆီးကြကုန်၏။ ထိုကြောင့် မထေရ်သည် ကမ္မဋ္ဌာန်းကို ကြား၍သာလျှင် ရှင်ပြုပြီးလျှင် ဆယ်ပါးသောသီလတို့၌ တည်စေသတည်း။ ထိုကြောင့် ဋ္ဌကထာ၌ —

> သကလမ္ပိ ဟိ ဒွတ္တိံသာကာရံ ကထေတုံ ဝဋ္ဋတိယေဝ၊ သဗ္ဗံ ကထေတုံ အသက္ကောန္တေန ပန တစပဉ္စက ကမ္မဋ္ဌာနံ ကထေတဗ္ဗမေဝ။ ဣဒဉှိ ကမ္မဋ္ဌာနံ သဗ္ဗဗုဒ္ဓါနံ အဝိဇဟိတမေဝ။ ကေသာဒီသု ဧကေကကောဋ္ဌာသေ အရဟတ္တံ ပတ္တာနံ ဘိက္ခူနမ္ပိ ဘိက္ခုနီနမ္ပိ ဥပါသကာနမ္ပိ ဥပါသိကာနမ္ပိ ပရိစ္ဆေဒေါ နတ္ထိ။ အဗျတ္တာ ဘိက္ခူ ပန ပဗ္ဗာဇေန္တာ အရဟတ္တဿူပနိဿယံ နာသေန္တိ။ တသ္မာ ထေရော ကမ္မဋ္ဌာနံ အာစိက္ခိတွာ ပဗ္ဗာဇေတွာ ဒသသု သီလေသု ပတိဋ္ဌာပေသိ—

ဟု မိန့်တော်မူ၏။

အနက်ကား။ ။ဟိ၊ ထိုစကားကို ထင်ရှားအောင် ချဲ့လိုက်ဦးအံ့။ သကလမ္ပိ၊ အလုံးစုံလည်းဖြစ်သော။ ဒွတ္တိံသာကာရံ၊ ကေသာ လောမာ စသည် အပြား သုံးဆယ့်နှစ်ပါးသော အခြင်းအရာဟု ဆိုအပ်သော ဒွတ္တိံသာကာရကို။ ကထေတုံ၊ ဆိုခြင်းငှါ။ ဝဋ္ဋတိ၊ အပ်၏။ ပန၊ အလုံးစုံ ရွတ်ဆိုရသည် မှတစ်ပါး မရွတ်ဆိုရသည်ကို ဆိုဦးအံ့။ သဗ္ဗံ၊ အလုံးစုံကို။ ကထေတုံ၊ ဆိုခြင်းငှါ။ အသက္ကောန္တေန၊ မစွမ်းနိုင်သဖြင့်။ တစပဉ္စက ကမ္မဋ္ဌာနံ၊ တစပဉ္စက ကမ္မဋ္ဌာန်းကို။ ကထေတဗ္ဗမေဝ၊ ရွတ်ဆိုအပ်သည် သာလျှင်။ ဟောတိ၊ ဖြစ်၏။ ဟိ၊ ထိုစကားသင့်စွ။ ဣဒံ ကမ္မဋ္ဌာနံ၊ ဤဒွတ္တိံသ ကမ္မဋ္ဌာန်းကို။ သဗ္ဗဗုဒ္ဓါနံ၊ ဂင်္ဂါသဲပုံ ပွင့်တော်မူကုန်သော အလုံးစုံသော ဘုရားရှင်တို့အား။ အဝိဇဟိတမေဝ၊ မစွန့်အပ်သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ ကေသာဒီသု၊ ဆံ-အစရှိသည်တို့တွင်။ ဝါ၊ ဆံ-အစရှိကုန်သော။ ဧကေကကောဋ္ဌာသေသု၊ တစ်ခုတစ်ခုသော ကောဋ္ဌာသတို့၌။ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ ပတ္တာနံ၊ ရောက်ကုန်သော။ ဘိက္ခူနမ္ပိ၊ ရဟန်းတို့၏လည်းကောင်း။ ဘိက္ခုနီနမ္ပိ၊ ရဟန်း မိန်းမတို့၏လည်းကောင်း။ ဥပါသကာနမ္ပိ၊ ဒါယကာ ယောကျ်ားတို့၏ လည်း

ကောင်း။ ဥပါသိကာနမ္ပိ၊ ဒါယိကာ မိန်းမတို့၏ လည်းကောင်း၊ ပရိဝေဏ်ဒေါ၊ အပိုင်းအခြားသည်။ နတ္ထိ၊ မရှိ။ အဗျတ္တာ၊ လိမ်မာထက်မြက်ခြင်း မရှိကုန်သော။ ဘိက္ခူ ပန၊ ရဟန်းတို့သည်ကား။ ပဗ္ဗာဇေန္တာ၊ ရှင်ရဟန်းပြုကုန်လျက်။ ဝါ၊ ပြုကုန်သည်ရှိသော်။ အရဟတ္တဿူပနိဿယံ၊ အရဟတ္တဖိုလ်အကြောင်း၏ ပြည့်စုံခြင်းကို။ ယသ္မာ၊ အကြင်ကြောင့်။ နာသေန္တိ၊ ဖျက်ဆီးကုန်၏။ တသ္မာ၊ ထို့ကြောင့်၊ ထေရော၊ အရှင်သာရိပုတ္တရာ မထေရ်သည်။ ကမ္မဋ္ဌာနံ၊ ကမ္မဋ္ဌာန်းကို။ အာစိက္ခိတွာဝ၊ ကြား၍သာလျှင်။ ပဗ္ဗာဇေတွာ၊ ရှင်ပြု၍။ ဝါ၊ ရှင်ပြုပြီးသည်ရှိသော်။ ဒသသု သီလေသု၊ ဆယ်ပါးကုန်သော သီလတို့၌။ ပတိဋ္ဌာပေသိ၊ တည်စေ၏။ ။ဤကားအနက်။

## တိဿသာမဏေအား လှူဒါန်းသူ ပေါ်များခြင်း

သူငယ်၏ မိခင်ဖခင်တို့သည် မိမိတို့၏သားအား ရှင်ရဟန်း၏အဖြစ် ပူဇော်သက္ကာရကို ပြုလျက် ခုနစ်ရက်ပတ်လုံး ကျောင်း၌သာလျှင် နေပြီးသော ကာလ ဘုရားအမှူးရှိသော ရဟန်းသံဃာတော် အပေါင်းအား ရေမရောသော နို့ထမင်း အဖျော်ကိုသာလျှင် ပေးလှူကုန်၏။ ရဟန်းတို့သည်လည်း ငါတို့သည် နေ့တိုင်းနေ့တိုင်း ရေမရောသော နို့ထမင်းအဖျော်ကိုသာ သုံးဆောင်စားသောက်၍ နေခြင်းငှါမစွမ်းနိုင်ဟူသော ကဲ့ရဲ့ရှုတ်ချခြင်းကိုပင်သော်လည်း ဖြစ်စေကြရကုန်၏။ မောင်ရှင် သာမဏေငယ်၏ မိခင်ဖခင်တို့သည် ခုနစ်ရက်မြောက်ကျရောက်သော နေ့၌ ညနေချမ်းကာလ အိမ်သို့ပြန်သွားကြကုန်၏။ သာမဏေသည်လည်း ရှစ်ရက်မြောက်သောနေ့ဝယ် ရဟန်းတို့နှင့်အတူတကွ ဆွမ်းခံခြင်းအလို့ငှါ ကြွဝင်တော်မူ၏။ သာဝတ္ထိပြည်၌ နေလေ့ရှိကုန်သော ဒါယကာဒါယိကာမတို့သည် မောင်ရှင်သာမဏေသည် ယနေ့ ဆွမ်းခံခြင်းအလို့ငှါ ကြွဝင်တော်မူလာလိမ့်မည်။ထိုမောင်ရှင်သာမဏေအား ပူဇော်လှူဒါန်းခြင်းကို ပြုကုန်အံ့ဟု ငါးရာကုန်သော ပုဆိုးတို့ဖြင့် ခေါင်းခုဟိုက်ပြု၍ ငါးရာကုန်သော ဆွမ်းတို့ကို စီရင်ပြီးသောအခါ ယူငင်လာပြီးလျှင် လမ်းခရီး၌ ဆီးကြိုမျှော်ငံ့၍ တည်ကြကုန်ပြီးသောကာလ ပေးလှူကြကုန်၏။ နက်ဖြန်မိုးသောက် ရောက်ပြန်သော တစ်နေ့၌ ကျောင်း၏ ဥပစာရသို့ လာရောက်၍ ပေးလှူကြကုန်၏။ ဤသို့သော နည်းဖြင့် မောင်ရှင် သာမဏေသည် နှစ်ရက်သော နေ့တို့ဖြင့်သာလျှင် တစ်ထောင် မျှသောက်သော ပုဆိုးတို့နှင့်တကွ တစ်ထောင် မျှသောက်သော ဆွမ်းတို့ကိုရ၍ ရဟန်းသံဃာအပေါင်းအား ပေးလှူလေ၏။

ဤသို့သော လာဘ်လာဘကို ကောင်းမွန်စွာ ရခြင်းသည်ကား ပုဏ္ဏား ဖြစ်စဉ်က ထူထဲကောင်းမွန်သော ပုဆိုးကို လှူဒါန်းရခြင်း၏ အကျိုးဆက်

အာနိသင် ဖြစ်ပေသတည်း။ ထိုအခါ တိဿ သာမဏေငယ်ကို ၊ ရဟန်းတို့သည် ပိဏ္ဍပါတ ဒါယကတိဿ-ဟူသော အမည်ကို ပြုလေကုန်၏။ ထိုကြောင့် ရှင်း အဋ္ဌကထာ၌–

ပြာဟ္မဏကာလေ ဒိန္နထုလသာဋကဿ ကရေသ နိဿန္ဒေန၊ အထဿ ဘိက္ခူ ပိဏ္ဍပါတဒါယကတိဿောတိ နာမံ ကရိံသု–

ဟု မိန့်တော်မူ၏။

**အနက်ကား**။ ပြာဟ္မဏကာလေ၊ ပုဏ္ဏားဖြစ်စဉ် ရှေးဘဝ၌။ ဒိန္နထုလ သာဋကဿ၊ ပေးကမ်းလှူဒါန်းအပ်သော ထူထဲသော ပုဆိုး၏။ သေ ဧသော နိဿန္ဒော၊ ဤသို့သော အကျိုးဆက်သည်။ အဟောသိ ကိရ၊ ဖြစ်သတတ်။ အထ၊ ထိုအခါ၌။ အဿ၊ ထိုတိဿသာမဏေအား။ ဘိက္ခူ၊ ရဟန်းတို့သည်။ ပိဏ္ဍပါတဒါယက တိဿောတိ နာမံ၊ ပိဏ္ဍပါတဒါယကတိဿ-ဟူသော အမည်ကို။ ကရိံသု၊ ပြုကြကုန်၏။ ဤကား အနက်။

### တိဿသာမဏေငယ်သည် သံဃာတော်တစ်ထောင်အား ကမ္ဗလာ သက်န်း လှူဒါန်းခြင်း

တစ်ဖန်မိုးသောက် တစ်နေ့မြောက်သို့ ကျရောက်စဉ် ရှေး ချမ်းအေးသော အခါ ကျောင်းစဉ် လှည့်လည်ခြင်းသို့ လှည့်လည်ကြသွားသည် ရှိသော် ရဟန်း သံဃာတော်တို့သည် ထိုသို့သော မီးတင်းကုပ် စသည်တို့၌ မီးလှုံ၍နေသည် တို့ကို တွေ့မြင်၍ အရှင်ဘုရားတို့ အသို့နည်း၊ မီးကိုကင်လှုံ၍ နေကြပါကုန် သလော ဟု မေးလျှောက်၏။ ရဟန်းတော်တို့က မောင်ရှင်သာမဏေ ငါတို့အား ချမ်းအေးလှသောကြောင့် မီးကင်လှုံပေသည် ဟု မိန့်ကုန်သည် ရှိသော်၊ သာမဏေလည်း အရှင်ဘုရားတို့ ချမ်းအေးသော အခါဝယ် ကမ္ဗလာတို့ကို ဝတ်ရုံအပ်သည် မဟုတ်ပါတုံလော၊ ထိုကမ္ဗလာသည် အချမ်းကို တားမြစ် လုံခြုံစေနိုင်သည် မဟုတ်ပါတုံလော ဟု လျှောက်လျှင်။ ငါရှင် သာမဏေ အသင်တို့မှာ ရှေးဘုန်းရှေးကံ ကုသိုလ်ဖန်သောကြောင့် လျှင်မြန်ခဏ ဒ လိုရှိက ကမ္ဗလာကို ရပေရာ၏။ ဘုန်းကံနည်းပါးသော ငါတို့မှာကား အဘယ်မှာ ဝတ်ရုံစရာ ကမ္ဗလာကို ရနိုင်ပါအံ့နည်းဟု ပြောကြကုန်၏။ ထိုသို့ ထပြီးကား အရှင်ဘုရားတို့ ကမ္ဗလာကို အလိုရှိကုန်သော ရဟန်းတို့သည် တပည့်တော်နှင့် အတူတကွ ကြွလိုက်တော် မူကြပါစေကုန်သတည်းဟု အလုံးစုံသော ကျောင်း၌ ကြားစေ၏။

ထိုအခါ ရဟန်းတို့သည် သာမဏေနှင့် အတူတကွ သွား၍ ကမ္ဗလာကို ဆောင်ယူကုန်အံ့ဟု ခုနစ်နှစ်သားမျှသာ ရှိသေးသော သာမဏေငယ်ကို မှီ၍ တစ်ထောင် မျှလောက်ကုန်သော ရဟန်းတို့သည် ထွက်ကုန်၏။ ထိုသာမဏေငယ်လည်း ဤမျှလောက် များပြားသော ရဟန်း သံဃာတော်တို့အား အဘယ်မှာ ကမ္ဗလာကို ရနိုင်ပါအံ့နည်း ဟူသော စိတ်၌ ကြောင့်ကြစိုးရိမ်ခြင်းကိုမျှလည်း မဖြစ်စေမူ၍ ထိုမထေရ် အရှင်မြတ်တို့ကို ပင့်ဆောင်ပြီးသည်ကာလ မြို့သို့ ရှေးရှုကြွသွားတော်မူ၏။ ကောင်းမွန်ကြည်ဖြူ ပေးလှူအပ်သော ဒါန၏ ဤသို့ သဘောရှိသော တန်ခိုးအာနုဘော်သည် ဖြစ်သည်သာလျှင်တည်း။ ထိုတိဿ သာမဏေသည် မြို့၏ အပဥ္စသာလျှင် အိမ်စဉ်အတိုင်းအားဖြင့် လှည့်လည်လျက် ငါးရာကုန်သော ကမ္ဗလာတို့ကို ရ၍ မြို့တွင်းသို့ ကြွဝင်တော်မူခဲ့၏။ လူတို့သည် ကမ္ဗလာတို့ကို နေရာရွှေ့ပြောင်းသော အားဖြင့် ထိုမှ ဤမှ သယ်ယူ၍ နေကြကုန်၏။ ယောကျ်ားတစ်ယောက်သည် အိမ်ဈေးတံခါးဖြင့် သွားလာသည်ရှိသော် ငါးရာကုန်သော ကမ္ဗလာတို့ကို ဖြန့်၍ ထိုင်နေသော တစ်ယောက်သော ဈေးသည်ကိုမြင်၍ အို အချင်း တစ်ပါးသော သာမဏေသည် ကမ္ဗလာတို့ကို ဆောင်ယူလျက် ကြွလာတော်မူ၏။ အသင်၏ ကမ္ဗလာတို့ကို ဖုံးလွှမ်းလျှို့ဝှက်၍ ထားလေလောဟု ပြော၏။ အသို့နည်း၊ ထိုသာမဏေသည် လှူဒါန်းအပ်သည်ကိုသာ ယူသလော၊ သို့တည်းမဟုတ် မပေးမလှူဘဲပင် ယူသလောဟု မေး၏။ အသင် ပေးလှူသည်ကိုသာ ယူသည်၊ မပေးမလှူသည်ကိုကား မယူပေ ပြောသောအခါ၊ ထိုသို့ ဖြစ်ခဲ့သည်ရှိသော် ငါသည် ပေးလှူခြင်းငှါ အလိုရှိသည်ဖြစ်က ပေးလှူအံ့၊ ငါသည် မပေးလှူလိုသည်ရှိက မပေးလှူဘဲ နေအံ့။ အသင်သည် သွားလေတော့ဟု လွှတ်လိုက်၏။

ထိုစကားကို အနည်းငယ်ချဲ့၍ ပြလိုက်ဦးအံ့။ ဤလောက၌ ပစ္စည်းဥစ္စာ ရတနာကို မပေးလှူလို၊ ဝန်တို လျှို့ဝှက်တတ်ကုန်သော အချို့ကုန်သော လူမိုက်တို့သည် ဤသို့ သဘောရှိကုန်သော ဒါနကို ပေးလှူကုန်သည်ရှိသော် မကြည်မညို ဝန်တို လျှို့ဝှက်တတ်သော သဘောရှိကုန်၏။ ထိုသို့ ဝန်တို လျှို့ဝှက်တတ်သော သဘောရှိသော သူတို့သည် မိမိတို့ ဝန်တိုလျှို့ဝှက်ခြင်းတည်း ဟူသော အကြောင်းကြောင့် ပသေနဒီကောသလ မင်းကြီးသည် ပေးလှူအပ်သော အသဒိသဒါနကို မြင်၍ ဝန်တိုလျှို့ဝှက်သော ကာဠအမတ်ကဲ့သို့ အပါယ်ဆင်းရဲ ငရဲ၌ကျရောက် ခံစားရတတ်သည်ဟု မှတ်ရာ၏။ ထိုကြောင့် ရင်းအဋ္ဌကထာ၌—

မစ္ဆရိနော ဟိ အန္ဓဗာလာ ဝေရူပေသု ဒါနံ ဒဒမာနေသု
မစ္ဆရာယိတွာ အသဒိသဒါနံ ဒိသွာ မစ္ဆရာယန္တော ကာဠေ့ာ ဝိယ
နိရယေ နိဗ္ဗတ္တန္တိ—

ဟူ မိန့်တော်မူ၏။

**အနက်ကား**။ ။ဟိ၊ထိုစကားကို ထင်ရှားအောင်ချဲ့လိုက်ဦးအံ့။မစ္ဆရိနော၊ မပေးလှူလို ဝန်တို လျှို့ဝှက်တတ်ကုန်သော။ အန္ဓဗာလာ၊ ပညာမျက်စိမြင်မသိဘဲ အကန်းအတ်ဖြစ်ကုန်သော သူမိုက်တို့သည်။ ဝေရူပေသု၊ ဤသို့သဘောရှိကုန်သော။ ဝါ၊ ဤသို့သဘောရှိကုန်သော သူတို့သည်။ဒါနံ၊အလှူကို။ ဒဒမာနေသု၊ ပေးလှူအပ်ကုန်သည်ရှိသော်။ မစ္ဆရာယိတွာ၊ ဝန်တို လျှို့ဝှက်၍။ ဝါ၊ ဝန်တိုလျှို့ဝှက်သောကြောင့်။ အသဒိသဒါနံ၊ အသဒိသဒါနကို။ ဒိသွာ။ မြင်၍။ မစ္ဆရာယန္တော၊ ဝန်တိုသော။ ကာဠေ့ာ ဝိယ၊ ကာဠအမတ်ကဲ့သို့၊ နိရယေ၊ ငရဲ၌။ နိဗ္ဗတ္တန္တိ၊ ဖြစ်ကုန်၏။ ဤကားအနက်။

### အထည်ကုန်သည်၏ ထူးမြတ်သော စေတနာ

ကမ္ဗလာရောင်း ကုန်သည်သည် ကြံဆင်ခြင်သည်မှာ ဤ ကောကျော်သည် မိမိအလိုအားလျော်စွာ လာ၍ အသင်၏ ကမ္ဗလာကို ဖုံးလွှမ်းလေလော့ဟု ဆို၏၊ ထိုသာမဏေသည် ပေးလှူသည်ကိုသာ ယူသည်ဖြစ်ခဲ့အံ့၊ ငါ၏ ပစ္စည်းဥစ္စာကို ငါပေးလိုသည်ရှိသော် ပေးလှူအံ့၊ မပေးလိုသည်ရှိသော် မပေးဘဲနေအံ့ဟု ငါဆိုလိုက်မိပေသည်။ ကြည့်ရှုထင်ထင် တွေ့မြင်ပါလျက် မပေးမလှူခဲ့သည်ရှိသော် ရှက်ဖွယ်လိလိ ရှိချေသည်။ မိမိ၏ ပစ္စည်းဥစ္စာကို မိမိဖုံးလွှမ်းခြင်းမှာမူကား အပြစ်မရှိ။ ဤငါးရာကုန်သော ကမ္ဗလာတို့တွင် နှစ်ထည်ကုန်သော ကမ္ဗလာတို့သည် အဖိုးတစ်သိန်း ထိုက်ကုန်၏၊ ထို နှစ်ထည်ကုန်သော ကမ္ဗလာတို့ကို ဖုံးလွှမ်းခြင်းငှါ သင့်၏ဟု ကြံ၏၊ ကြံပြီး၍ကား ကုန်သည်သည် နှစ်ထည်သောကမ္ဗလာတို့ကိုအစွန်းအမြိတ်ကို အစွန်းအမြိတ်ချင်း စပ်ဖွဲ့၍ များစွာကုန်သော ကမ္ဗလာတို့၏ အတွင်း၌ ထည့်သွင်း၍ ဖုံးလွှမ်း၏၊ မောင်ရှင်သာမဏေကလည်း ရဟန်းတစ်ထောင်နှင့်တကွ ထိုအရပ်သို့ ရောက်လာ၏၊ ကုန်သည်အား သာမဏေကို တွေ့မြင်ရသော ခဏ၌သာလျှင် သား တည်းဟူသော ချစ်ခင်ခြင်းသည်ဖြစ်၏၊ အလုံးစုံသော ကိုယ်သည် သားတည်း ဟူသော ချစ်ခင်ခြင်းဖြင့် ပြည့်သည် ဖြစ်လေ၏၊ ထိုကုန်သည်သည် ဤကမ္ဗလာတို့ကို ထားဘိဦး၊ မောင်ရှင်သာမဏေကို မြင်ရသောကြောင့် မောင်ရှင်သာမဏေက အလိုရှိသည်ရှိသော် နှလုံးသားကိုပင်သော်လည်း ပေးခြင်းငှါ သင့်လျော်လျောက်ပတ်၏ဟုကြံ၍ အဖိုးတစ်သိန်းထိုက်သောနှစ်ထည်ကုန်သော

ကမ္ဗလာတို့ကို ထုတ်ယူ၍ ရှင်သာမဏေ၏ ခြေရင်း၌ ချထားပြီးသောအခါ ရိုသေစွာ ရှိခိုးပြီးသော်—

ဘန္တေ တယာ ဒိဋ္ဌဓမ္မဿ ဘာဂီ အဿ—

ဟူသောပါဠိဖြင့် ဆုတောင်း ပတ္ထနာ၏။

**အနက်ကား။** ။ဘန္တေ၊ ရှင်သွေးအသွင် မြင်တဲ့လျှင်က ခင်မင်ရပေသော အရှင်ဘုရား သာမဏေ။ တယာ၊ သား၏အသွင် သင် မောင်ရှင်သာမဏေ သည်။ ဒိဋ္ဌဓမ္မဿ၊ သိမြင်ထုတ်ချောက် မျက်မှောက်ပြုအပ်သော တရား၏။ ဘာဂီ၊ အဖို့ရှိသည်။ အဿ၊ ဖြစ်ရပါလို၏။ ဤကား အနက်။

**အဓိပ္ပါယ်ကား။** ။ရှင်သွေးအသွင် မြင်တဲ့လျှင်ငြင် ခင်မင်ခြင်းဖြစ်ပေသော မောင်ရှင်သာမဏေ သား၏အသွင် သင်မောင်ရှင် သာမဏေသည် သိမြင် ထုတ်ချောက် မျက်မှောက်ပြုအပ်သော တရား၏ အဖို့ရှိသည် ဖြစ်ရပါလို၏ဟု ဆုတောင်းပတ္ထနာ၍ ပေးလှူ၏။ သာမဏေကလည်း အသင် ဆုတောင်း ပတ္ထနာကိုင်း ဖြစ်စေလော့ဟု အနုမောဒနာကို ပြုတော်မူ၏။ သာမဏေသည် မြို့အတွင်း၌လည်း ငါးရာကုန်သော ကမ္ဗလာတို့ကို ရ၏၊ ဤသို့လျှင် တစ်နေ့ ချင်း၌ တစ်ထောင်သော ကမ္ဗလာကိုရ၍တစ်ထောင်မျှလောက်သောရဟန်းတော် အပေါင်းအား ပေးလှူ၏။ ထိုအခါမှစ၍ သာမဏေအား ကမ္ဗလ ဒါယကတိဿ ထေရ်ဟူသောအမည်ကို ပြုကြကုန်၏။

သာမဏေယ်သည် အမည်ကို ပြုသောနေ့၌ လှူဒါန်းပေးကမ်းအပ်သော ကမ္ဗလာဒါနသည် ခုနစ်နှစ်ရှိသော ကာလ၌ ကမ္ဗလာတစ်ထောင် ရသည်၏ အဖြစ်သို့ ရောက်လေ၏၊ ထိုစကားမှန်၏။ အကြင်ပုဂ္ဂိုလ်၌ လှူဒါန်းအပ်သော အနည်းငယ်မျှသော အလှူဒါနသည် ကြီးမြတ်သော အကျိုးရှိသည် ဖြစ်ပေ၏၊ များစွာသော ဒါနကို လှူဒါန်းသောကြောင့် များမြတ်သော အကျိုးထက် အထူးသဖြင့် များမြတ်သော အကျိုးရှိပေ၏။ ထိုသို့သော အရာသည် မြတ်စွာဘုရား သာသနာတော်မှ တစ်ပါးသောနေရာ၌ မရှိပေ။ ထိုကြောင့် ရှင်းအဋ္ဌကထာ၌—

ဗုဒ္ဓသာသနံ ဟိ ဌပေတွာ နတ္ထညံ ဟံ ဌာနံ၊ ယတ္ထ အပ္ပံ ဒိန္နံ ဗဟုံ

ဟောတိ၊ ဗတုံ ဒိန္နံ ဗဟုတရံ—

ဟု မိန့်တော်မူ၏။

အနက်ကား။ ။ဟိသ စွံ၊ ထို စ ကား သည် မှန် ၏။ ဗုဒ္ဓသာသနံ၊ မြတ်စွာဘုရား သာသ နာ တော် ကို။ ဌ ပေ တွာ၊ ထား ၍။ ယတ္ထ၊ အကြင်ပုဂ္ဂိုလ်၌။ အပ္ပံ၊ အနည်းငယ်။ ဒိန္နံ၊ လှူအပ်သောအလှူသည်။ ဗဟုံ၊ များသော အကျိုးရှိသည်။ ဟောတိ၊ ဖြစ်၏။ ဗဟုံ၊ များစွာသော။ ဒိန္နံ၊ လှူဒါန်းအပ်သော အလှူသည်။ ဗဟုတရံ၊ များသည်ထက် များသော အကျိုးသည်။ ဟောတိ၊ ဖြစ်၏။ အညံ၊ သာသနာတော်မှ တပါးသော။ တံဌာနံ၊ ထိုသို့သော အရာသည်။ နတ္ထိ၊ မရှိ။ ဤကား အနက်။

## တိဿ သာမဏေငယ်သည် တောရကျောင်း၌ သီတင်းသုံးခြင်း

ဇေတဝန်ကျောင်းတော်၌ နေသော ထိုတိဿသာမဏေအား ဆွေမျိုး အပေါင်းတို့သည် မပြတ်မလပ်သာလျှင် အထံသို့လာ၍ စကားပြောဆိုခြင်းကို ပြုကုန်၏။ ထိုသာမဏေလည်း ကြံဆင်ခြင်သည်မှာ ငါသည် ဤအရပ် ဒေသ ဤဌာန၌ နေသဖြင့် ဆွေမျိုးဉာတိ အပေါင်းတို့သည် လာရောက်ကုန်ပြီးသော အခါ စကားပြောဆိုကုန်သည် ရှိသော် စကားမပြောမဆိုဘဲ နေခြင်းငှါ မတတ်ကောင်း။ ထိုသူတို့နှင့် အတူတကွ စကားပြောဆို၍ နေရခြင်း ကြာမြင့်သဖြင့် မိမိ၏ တည်ရာတရားကို ရှာခြင်းငှါ မစွမ်းနိုင်၊ ငါသည် မြတ်စွာဘုရား ကိုယ်တော်မြတ်၏ အထံ၌ ကမ္မဋ္ဌာန်းကို သင်ယူပြီးသောအခါ တောအုပ်သို့ဝင်၍ နေရပါမူကား သင့်လျော်လျောက်ပတ် ကောင်းမြတ် ပေလိမ့်မည်ဟု ကြံဆင်ခြင်တော်မူ၏။ ကြံဆင်ခြင်ပြီး၍ကား ထိုသာမဏေသည် မြတ်စွာဘုရားသခင်၏ အထံသို့ ချဉ်းကပ်၍ အရဟတ္တဖိုလ် တိုင်အောင်သော ကမ္မဋ္ဌာန်းကို ၊ မိန့်ဟောတော်မူစေပြီးလျှင် လေ့ကျက်သင်ယူ၍ ဥပဇ္ဈာယ် ဆရာကို ကောင်းစွာညွတ်လျှိုး ရှိခိုးဦးချပြီးသော် သပိတ် သင်္ကန်းကို ယူပြီးသောကာလ ကျောင်းမှ ထွက်ကြွပြီးလျှင် ငါသည် နီးသော အရပ်၌ အကယ်၍ နေခဲ့သည် ဖြစ်အံ့၊ ဆွေမျိုး ဉာတိတို့သည် ငါ့အား ပင့်ခေါ်ကုန် လတ္တံ့ဟု ကြံ၍ သာဝတ္ထိပြည်မှ ယူဇနာ တစ်ရာ့နှစ်ဆယ် ကွာသော အရပ်သို့ သွား၏။ ထိုအခါ တစ်ခုသော ရွာတံခါးဖြင့် ထွက်လာသော သူအိုယောကျ်ား တစ်ယောက်ကို မြင်၍ ဒါယကာကြီး ဤရွာ၌ နေကုန်သော ရဟန်းတို့အား တစ်စုံတစ်ခုသော တောကျောင်း ရှိပါသလောဟု မေး၏။ အရှင်ဘုရား ရှိပါ၏ဟု လျှောက်ကြားသည်ရှိသော် ထိုသို့တပြီးကား ငါ့အား လမ်းခရီးကို ညွှန်ကြားပါလော့ဟု ပြော၏။ ဥပါသကာကြီးသည်လည်း ထိုသာမဏေကို မြင်၍သာလျှင် သားတည်းဟူသော ချစ်ခင်ခြင်းသည် ဖြစ်၏။

ထိုအခါ ဥပါသကာကြီးသည် ထိုအရပ်၌ တန့်ရပ်ပြီးသောကာလ ဤအမည်ရှိသော ဒေသတည်းဟု မကြားလိုက်မူ၍ အရှင်ဘုရား လာလှည့် တပည့်တော်ပြောကြားပေအံ့ဟု ပြောဆို၍ သာမဏေကို ရှေ့ညွှန် ဆောင်ယူပြီးသည်ကာလ သွား၏။ သာမဏေလည်း ဥပါသကာကြီးနှင့် အတူတကွ သွားကြကုန်သည်ရှိသော် ခရီးအကြား၌ အထူးထူးသော အပွင့်အသီးတို့ဖြင့် ကြည့်ရှုစချင့်တင့်တယ်မောင်းဆင်ယင်လှကျ သစ်ပင် တောင်ထပ် လွန်သင့်မြတ်သော အရပ်တို့ကို မြင်၍ ဥပါသကာကြီး ဤအရပ်သည် အဘယ်အမည် ရှိသနည်းဟု မေး၏။ ဥပါသကာကြီးလည်း သာမဏေအား ထိုအရပ်၏ အမည်ကို ပြောကြားလျက် တောကျောင်းသို့ သွားရောက်ပြီးသော် အရှင်ဘုရား ဤနေရာသည် ချမ်းသာသုခ ရနိုင်သော နေရာပေတည်း။ ဤနေရာဒေသ၌ မျှတ သီတင်းသုံးတော်မူပါလော့ဟု လျှောက်ကြားပြီးသော် အရှင်ဘုရား အရှင်မြတ်သည် အဘယ်အမည် ရှိပါသနည်းဟု မေးလျှောက်၍ နက်ဖြန်ခါငယ် တပည့်တော်တို့၏ ရွာ၌ ဆွမ်းခံခြင်းငှါ ဝင့်လျှော်ပါသည်ဟု လျှောက်ကြားပြီးလျှင် ပြန်လာပြီးသောအခါ ရွာတွင်းသို့ သွား၍ ဝနဝါသီတိဿထေရ်မည်သော အရှင်မြတ် တစ်ပါးသည် ကျောင်းသို့ လာရောက်တော်မူ၏။ ထိုအရှင်အား လှူဒါန်းရန် ယာဂု ထမင်း စသည်တို့ကို စီရင်ကြကုန်လော့ဟု လူတို့အား ကြားသိစေ၏။

## တိဿ သာမဏေသည် ပဋိသမ္ဘိဒါပတ္တ ရဟန္တာဖြစ်ခြင်း

သာမဏေသည် ရှေးဦးစွာသာလျှင် တိဿ အမည်ရှိလျက် ထိုနောက်မှ ပိဏ္ဍပါတဒါယက တိဿ၊ ကမ္ဗလဒါယက တိဿ၊ ဝနဝါသီတိဿ ဟူကုန်သော သုံးပါးကုန်သော အမည်တို့ကို ရ၍ ခုနစ်နှစ်၏ အတွင်း၌သာလျှင် လေးပါးကုန်သော အမည်တို့ကို ရရှိလေ၏။ ထိုသာမဏေသည် နက်ဖြန်မိုးသောက်ရောက်သောနေ့၌ နံနက်စောစောအခါ ရွာသို့ ဆွမ်းခံခြင်းငှါ ကြွဝင်တော်မူ၏။ လူများအပေါင်းလည်း ဆွမ်းကို ပေးလှူ၍ ရှိခိုးပူဇော်ကြကုန်၏။ သာမဏေသည် "သုခိတာ ဟောထ၊ ဒုက္ခာ မုစ္စထ" ဟူသော ပါဠိဖြင့် "အသင် ဥပါသကာ ဥပါသိကာအပေါင်း သူတော်ကောင်းတို့သည် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းဖြစ်ကြပါစေကုန်သတည်း၊ ကိုယ်စိတ်ညစ်နွမ်း ပင်ပန်း ဆင်းရဲခြင်းတို့မှ လွတ်ကင်းပါစေကုန်သတည်း" ဟု မိန့်ဆို၏။ တစ်ယောက်သောသူမျှလည်း ဆွမ်းကိုပေးလှူပြီး၍ အိမ်သို့ပြန်သွားခြင်းငှါ မစွမ်းနိုင်။ အလုံးစုံသော လူတို့သည် သာမဏေကို တစိမ့်စိမ့် ကြည့်ရှုဖူးမြော်၍သာ တည်ကြကုန်၏။ သာမဏေသည်လည်း မိမိအား မျှလောက်ရုံမျှသော ဆွမ်းကိုသာလျှင် ခံယူ၏။ အလုံးစုံသော ရွာသူရွာသားး ယောကျ်ား မိန်းမအပေါင်းတို့သည် သာမဏေ၏ ခြေရင်း၌ ရင်ဖြင့် ဝပ်စင်းပြီးသောအခါ အရှင်ဘုရား အရှင်မြတ်သည် ဤအရပ်၌

ဝါတွင်းသုံးလပတ်လုံး သီတင်းသုံးတော်မူကုန်သည်ရှိသော် အကျွန်ုပ်တို့သည် သရဏဂုံတို့ကို ခံယူပြီးလျှင် ငါးပါးကုန်သော သီလတို့၌တည်၍ ဝါတွင်းသုံးလ၏ အတွင်းဝယ် ရှစ်ပါးကုန်သော ဥပုသ်သီလတို့ကို ခံယူကျင့်သုံး နေပါကုန်အံ့၊ ဤနေရာအရပ်၌ လျှောက်ပတ်ဖြည့်တင်း သီတင်းသုံးမည်အရာ အကျွန်ုပ်တို့အား ပဋိညာဉ်ကို ပေးသနားတော် မူပါကုန်လော့ဟု တောင်းပန် လျှောက်ကြား ကြကုန်၏။

သာမဏေလည်း ကျေးဇူး ဥပကာရ များပြားလှမည်ကို စိတ်ကရည်လတ် မှတ်ထင်တော်မူပြီးလျှင် လူအပေါင်းတို့အား ပဋိညာဉ်ကို ပေးသနားတော်မူ၍ အမြဲပြတ် ထိုရွာအရပ်သို့သာ ချဉ်းကပ် ဆောက်တည် ဆွမ်းခံလှည့်လည်တော် မူ၏။ ရွာသူရွာသား ယောကျ်ား မိန်းမအပေါင်းတို့သည်. ဦးခေါင်းညွတ်လျှိုး ရှိခိုးဦးချိကုန်သည်ရှိသော် "သုခိတာ ဟောထ၊ ဒုက္ခာ မုစ္စထ" ဟူသော ပုဒ်နှစ်ခု အပေါင်းကိုသာလျှင် ရွတ်ဆို၍ ဖယ်ကြွ၏။ ထိုသာမဏေသည် ဤသို့သော အမှတ်ဖြင့် ရွေးဦးစွာသော လကိုလည်းကောင်း၊ နှစ်ခုမြောက်သော လကို လည်းကောင်း လွန်စေ၍ သုံးခုမြောက်သော လသို့ကျရောက်သည် ရှိသော် ပဋိသမ္ဘိဒါတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်လေ၏။

## ရှင်သာရိပုတ္တရာနှင့်တကွ သံဃာတော်လေးထောင် တိဿ သာမဏေထံသို့ ကြွတော်မူခြင်း။

ထိုနောက် ဝါလကျွတ်ခြင်းသို့ ရောက်၍ ပဝါရဏာပြုပြီးသောအခါ ဥပဇ္ဈာယ် ဆရာဖြစ်သော အရှင်သာရိပုတ္တရာမထေရ်သည် မြတ်စွာဘုရား ကိုယ်တော်မြတ်၏ အထံတော်သို့ ချဉ်းကပ်၍ ဘုန်းတော်ကြီးမြတ်တော်မူလှပေသော မြတ်စွာဘုရား တပည့်တော်သည် တိဿသာမဏေဃ်၏ အထံသို့ သွားပါဦးအံ့ဟု လျှောက် ကြား ခွင့်ပန်တောင်း၏။ မြတ်စွာဘုရားကိုယ်တော်မြတ်က ချစ်သားသာရိပုတ္တရာ ကောင်းပြီ သွားလေလော့ဟု ခွင့်ပြုတော်မူ၏။ ရှင်သာရိပုတ္တရာမထေရ်သည် မိမိ၏အခြံအရံဖြစ်ကုန်သော ငါးရာကုန်သော ရဟန်းတို့ကိုယူ၍ ဖယ်ကြွတော် မူသည်ရှိသော် အရှင်မောဂ္ဂလာန် မထေရ်ကို ငါ့ရှင် မောဂ္ဂလာန် ငါသည် တိဿသာမဏေ၏ အထံသို့ သွားဦးအံ့ဟု ပြော၏။ အရှင်မောဂ္ဂလာန် မထေရ် ကလည်း ငါ့ရှင် သာရိပုတ္တရာ ငါသည်လည်း သာမဏေ၏အထံသို့ သွားဦးအံ့ ပြော၍ အခြံအရံဖြစ်ကုန်သော ငါးရာကုန်သော ရဟန်းတို့နှင့် အတူတကွ ထွက်ကြွတော်မူ၏။ ဤသို့သော နည်းဖြင့် မဟာကဿပမထေရ်၊ အနုရုဒ္ဓါမထေရ်၊ ဥပါလိမထေရ်၊ ပုဏ္ဏမထေရ် ဟူကုန်သော အလုံးစုံသော မဟာသာဝကတို့သည် ငါးရာ ငါးရာကုန်သော ရဟန်းအခြံအရံတို့နှင့် အတူတကွ ထွက်ကြွတော်မူကြ ကုန်၏။ အလုံးစုံသော မဟာသာဝကတို့၏ / အခြံအရံ ရဟန်းတော်တို့သည်

လေးထောင်မျှ ဖြစ်ကုန်၏။ ထိုအလုံးစုံသော ရဟန်းတို့သည် ယူဇနာ တစ်ရာ့နှစ်ဆယ်ရှိသော ခရီးသို့ ကြွသွားတော်မူကြ၍ သာမဏေ၏ ဆွမ်းခံရွာသို့ ကျရောက်တော်မူကြသည်ရှိသော် သာမဏေ၏ အမြဲအလုပ်အကျွေးဖြစ်သော ဒါယကာသည် ရွာ၏တံခါး၌ မထေရ်တို့ကို မြင်၍ ခရီးဦးကြိုဆိုပြီးသောအခါ ကြည်လင်ညွတ်လျှိုး ရှိခိုးဦးချ၍ ထိုအခါ ဒါယကာကို အရှင်သာရိပုတ္တရာမထေရ်က ဒါယကာ ဤအရပ်၌ တစ်စုံတစ်ခုသော တောကျောင်းသည် ရှိပါသလောဟု မေးတော်မူ၏။ ရှိပါသည် ဘုရားဟု ဒါယကာက လျှောက်ကြားလျှင် ထိုကျောင်း၌ သီတင်းသုံးသော ရဟန်းရှိသလော မရှိသလောဟု မေးတော်မူပြန်သဖြင့် ရှိပါသည်ဘုရားဟု လျှောက်ကြားသောအခါ ထိုကျောင်း၌ အဘယ်မည်သော ရဟန်းသည် နေထိုင်သီတင်းသုံးသနည်းဟု မေးတော်မူပြန်သည် ကာလ အရှင်ဘုရား ဝနဝါသီတိဿထေရ-အမည်ရှိသော ရဟန်းသည် သီတင်းသုံးပါသည်ဟု လျှောက်လျှင် ထိုသို့တပြီးကား ငါတို့အား လမ်းခရီးကို ညွှန်ကြားပါလေ့ဟု မိန့်တော်မူ၏။ အရှင်ဘုရားတို့သည် အဘယ်အရပ်သို့ ကြွတော်မူကြပါကုန်အံ့နည်းဟု ဒါယကာ မေးလျှောက်လျှင် ဒါယကာ ငါတို့သည် သာမဏေ၏ အထံသို့ လာကုန်သည်ဟု မိန့်တော်မူ၏။

ဒါယကာသည် အဖန်ဖန် အထပ်ထပ် မပြတ်ကြည့်ရှု ဖူးမြော်သည်ရှိသော် တရားစစ်သူကြီး ဖြစ်တော်မူသော အရှင်သာရိပုတ္တရာ မထေရ်မြတ်ကို အစပြု၍ အလုံးစုံသော မဟာသာဝကတို့ကို မှတ်မိသောကြောင့် မပြတ်သော ပီတိဖြင့် လွှမ်းပြည့် တွေ့ထိသော ကိုယ်ရှိသည်ဖြစ်၍ အရှင်မြတ်တို့ ခဏခေတ္တမျှ ဆိုင်းငံ့ရပ်တန့်တော်မူပါဦးဟု လျှောက်ကြားပြီးသောအခါ လျင်စွာသော အဟုန်ဖြင့် ရွာတွင်းသို့ဝင်၍ အရှင်သာရိပုတ္တရာမထေရ်-အစရှိကုန်သော မဟာသာဝကကြီးတို့သည် မိမိ၏ အခြံအရံနှင့်တကွ ငါတို့ကိုးကွယ်ရာ မောင်ရှင်သာမဏေ၏အထံသို့ ကြွလာတော်မူကြကုန်သည် ညောင်စောင်း အင်းပျဉ် အိပ်ရာခင်း ဆီမီးစသည်တို့ကိုယူ၍ လျင်စွာသော အဟုန်ဖြင့် လာခဲ့ကြကုန်လေ့ဟု ကြွေးကြော်ပြောဆို၏၊ ရွာ၌ နေသူ လူများအပေါင်းတို့သည် ထိုခဏ၌သာလျှင် ညောင်စောင်းအင်းပျဉ်-စသည်တို့ကိုယူ၍ မထေရ်တို့သို့ အစဉ်မှီအောင်လိုက်သည် ဖြစ်၍သာလျှင် မထေရ်တို့နှင့် အတူတကွ ကျောင်းသို့ သွားရောက်၍ ဝင်ကြကုန်၏၊ သာမဏေသည် မထေရ်တို့ကို ကြွလာတော်မူသည်ကိုသိ၍ အစဉ်အတိုင်းအားဖြင့် မထေရ်တို့၏ သပိတ်သင်္ကန်းတို့ကို သိမ်းဆည်း ယူငင်ပြီးသောကာလ ဝတ်ကြီးဝတ်ငယ်ကိုပြု၏၊ သာမဏေသည် မထေရ်တို့၏ သီတင်းသုံးတော်မူရန် နေရာကို စီရင်တော်မူစဉ်ကပင်လျှင် သပိတ် သင်္ကန်း-စသည်တို့ကို သိုမှီးစဉ်ပင်လျှင် နေဝင်ခါရောက် အလင်းပျောက်ပြီးသောကာလ အမိုက်အတိုက်ကျလာသဖြင့် ညအခါ ဖြစ်လေ၏။

အရှင်သာရိပုတ္တရာ မထေရ်သည် ဒါယကာတို့ကို ခေါ်တော်မူ၍ ဒါယကာတို့ အသင်တို့သည် ပြန်လည်ကြကုန်လော့ ညအခါကာလ အမိုက်အတိုက် ကျခဲ့ချေပြီဟု မိန့်တော်မူလျှင် အရှင်ဘုရား တပည့်တော်တို့သည် ယနေ့အခါသည်ကား တရားနာခွမည့် အခါပေတည်၊ တရားတော်ကို မကြားမနာရဘဲပြန်တော့မည် မဟုတ် တပည့်တော်တို့မှာ ရှေးအခါက တရားတော်ကို ကြားနာရဖူးသည် မရှိပါဟု ဒါယကာတို့လျှောက်ကြားသောအခါ မထေရ်သည် သာမဏေကို ခေါ်တော်မူ၍ ငါ့ရှင်သာမဏေ ဆီမီးတိုင်ကို ညှိထွန်း၍ တရားနာအံ့သော ကာလကို ကြွေးကြော် လေလော့ဟု မိန့်တော်မူ၏ သာမဏေသည်လည်း မထေရ်ဆိုတော်မူတိုင်း အလုံးစုံတို့ကို အကုန်ပြုပေ၏၊ ထို့နောက်မှ ရှင်သာရိပုတ္တရာမထေရ်က သာမဏေကို တိဿ အသင်၏ အလုပ်အကျွေး ဖြစ်ကုန်သော ဒါယကာ ဒါယိကာမတို့သည် တရားနာခြင်းငှါ အလိုရှိကုန်သည်ဟု လျှောက်ကြား ကြကုန်၏။ ထိုဒါယကာ ဒါယိကာမတို့အား ငါ့ရှင် တိဿသည် တရားဟောဘိလော့ဟု မိန့်တော်မူ၏။

## တိဿသာမဏေသည် ဆန်းကြယ်စွာ တရားဟောတော်မူခြင်း

ထိုအခါ စည်းဝေး ရောက်လာကုန်သော ဒါယကာ ဒါယိကာမတို့ဘည် တပြိုင်နက် တစ်ချက်တည်းထ၍ အရှင်ဘုရား တပည့်တော်တို့၏ အရှင်ဖြစ်တော်မူသော အရှင်တိဿသည် "သုခိတာ ဟောထ၊ ဒုက္ခာ မုစ္စထ" ဤတရားနှစ်ပုဒ်တို့ကိုထား၍ အခြားသော တရားများကို သိမည်မထင်ပါ တပည့်တော်တို့အား တစ်ပါးသော တရားစကား ဟောကြားတတ်သော ပုဂ္ဂိုလ်ကို ဟောကြားတော်မူပါစေကုန်လော့ဟု လျှောက်ကြားကြကုန်၏၊ ဤသို့ လျှောက်ထားခြင်းမှာကား သာမဏေသည် အရဟတ္တဖိုလ်သို့ ရောက်သော်လည်း ထိုအလုပ်အကျွေး ဖြစ်ကုန်သော ဒါယကာ ဒါယိကာမတို့အား တစ်ရံတစ်ခါ၌သော်လည်း တစ်စုံတစ်ခုသော တရားကိုမျှ ဟောကြားဖူးသည် မရှိပေ။ ထို့ကြောင့် လျှောက်ကြကုန်သတည်း။ ထိုအခါ ဥပဇ္ဈာယ် ဆရာဖြစ်တော်မူသော အရှင်သာရိပုတ္တရာ မထေရ်က သာမဏေကို ငါ့ရှင်သာမဏေ "သုခိတာ ဟောထ" ဟူသည် အဘယ်ကိုဆိုသနည်း "ဒုက္ခာ မုစ္စထ" ဟူသည် အဘယ်ကို ဆိုသနည်း ဤနှစ်ပုဒ်တို့၏ အနက်ကို ငါတို့အား ဟောကြားဦးလော့ဟု မိန့်တော်မူ၏၊ သာမဏေလည်း အရှင်ဘုရား ကောင်းပါပြီဟု ဝန်ခံ၍ ဆန်းကြယ်သောယပ်ကို ကိုင်ပြီးသောအခါ တရားဟောနေရာသို့ တက်ကြွ၍ ငါးပါးကုန်သော နိကာယ်တို့မှ အကျိုးကိုလည်းကောင်း၊ အကြောင်းကိုလည်းကောင်း ယူငင်ပြီးလျှင် လေးပါးကုန်သော အရပ်မျက်နှာတို့မှ တက်လာသွန်းလှဲ မရပ်မစဲဘဲ တခဲနက်

ရှာသော မိုးကြိုးကဲ့သို့ ခန္ဓာ-ဓာတ်-အာယတန-ပဋိစ္စသမုပ္ပါဒ်-တရားတို့ကို ဝေဖန်လျက် အရဟတ္တဖိုလ်အထွတ်တပ်သောအားဖြင့်တရားစကားကိုဟောကြားတော်မူ၍ အရှင်ဘုရား ဤသို့ပြဆိုအပ်ခဲ့ပြီးသော အစဉ်အတိုင်းအားဖြင့် အရဟတ္တဖိုလ်သို့ ရောက်သော ပုဂ္ဂိုလ်အား ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းသည် ဖြစ်ပေ၏။ အရဟတ္တဖိုလ်သို့ ရောက်သောသူအားသာလျှင် ဆင်းရဲ အပေါင်းမှ လွတ်ပေ၏။ ကြွင်းကုန်သော သတ္တဝါတို့သည် ပဋိသန္ဓေ တည်နေခြင်း, အိုခြင်း, နာခြင်း, သေခြင်း အစရှိကုန်သော ဆင်းရဲတို့မှလည်းကောင်း၊ ငရဲစသော အပါယ်လေးပါးသို့ ရောက်သော ခံစားရခြင်း ဆင်းရဲ စသည်တို့မှလည်းကောင်း မလွတ်နိုင်ကြကုန်သည်သာတည်းဟု လျှောက်၏။

မထေရ်ကလည်း သာမဏေ အသင်သည် စီစဉ်ညွှန်ထား ဟောကြား အပ်သော တရားသည် ကောင်းပါပေ၏။ ယခုအခါ၌ သရဘညဝတ်ကို ရွတ်ဆို ဦးလော့ဟု မိန့်တော်မူသဖြင့် သရဘညဝတ်ကိုလည်း ရွတ်တော်မူ၏။ အရှေ့ပြုဗ္ဗ ဝိဒေဟာကျွန်းတက်မှ ထွန်းတက်သော နေ၏အရောင်ဟုန် အရုဏ် တက်လာသည်ရှိသော် သာမဏေ၏ အလုပ်အကျွေးဖြစ်ကုန်သော လူတို့သည် နှစ်ဖို့နှစ်ခု ကွဲပြားကုန်၏။ အချို့ကုန်သော လူတို့သည် ငါတို့အား ဤကဲ့သို့ သဘောရှိသော ကြမ်းကြုတ်သော သူကို မမြင်ဖူးလေစွတကား၊ ဤသို့သဘော ရှိသော တရားကို သိမြင်ပါလျက်သားနှင့် ဤမျှလောက်သော ကာလပတ်လုံး အမိ အဖ၏ အရာ၌တည်လျက် လုပ်ကျွေးကုန်သော လူတို့အား တစ်ပုဒ် တစ်ပါဒသော တရားကိုမျှ ဟောကြားခြင်းကိုမပြုလေဟု အမျက်ထွက်ကြ ကုန်၏။ အချို့ကုန်သော လူတို့သည် ငါတို့အား အရတော်လေစွတကား၊ ငါတို့သည် ဤသို့သဘောရှိသော ဂုဏ်ကျေးဇူးအထူးနှင့် ပြည့်စုံသော အရှင်ကို ဂုဏ်ကျေးဇူးရှိသည်ကိုလည်းကောင်း၊ မရှိသည်ကိုလည်းကောင်း မသိကုန်ဘဲ လုပ်ကျွေးရကုန်၏။ ဤယခုအခါ၌ ငါတို့အား ထိုအရှင်၏အထံ၌ တရားနာခြင်းငှါ ရပေကုန်ပြီဟု နှစ်သက်ကုန်၏။

## တိဿ သာမဏေယ်ထံ မြတ်စွာဘုရား ကြွတော်မူခြင်း

မြတ်စွာဘုရား ကိုယ်တော်မြတ်သည် ထိုနေ့ မိုးသောက်ထအခါ လောကကို ကြည့်ရှုတော်မူသည် ရှိသော် ဝနဝါသီ တိဿသာမဏေ၏ အလုပ်အကျွေး ဖြစ်ကုန်သော ဒါယကာ ဒါယိကာမတို့သည် ကိုယ်တော်မြတ် ဉာဏ်တော်တည်းဟူသော ကွန်ရက်၏ အတွင်းသို့ ဝင်လာသည်တို့ကို မြင်တော်မူ၍ အဘယ်သို့ ဖြစ်လတ္တံ့နည်းဟု စူးစမ်း ဆင်ခြင်တော်မူသည်ရှိသော် ဝနဝါသီတိဿသာမဏေ အား အလုပ်အကျွေးဖြစ်ကုန်သော ဒါယကာ ဒါယိကာမ အချို့တို့သည်

နှစ်သက်ကုန်၏။ ဒါယကာ ဒါယိကာမ အချို့တို့သည် အမျက်ထွက်ကုန်၏။ ငါ၏ သားတော် တိဿသာမဏေအား အမျက်ထွက်သော သူတို့သည် ငရဲသို့ ကျရောက်ခြင်း အဖို့ရှိသည် ဖြစ်ကုန်လတ္တံ့။ ငါဘုရားသည် ထိုအရပ်သို့ ကြွသွားခြင်းငှါ အပ်ပေ၏။ ငါဘုရားသည် ထိုအရပ်သို့ ကြွတော်မူရသည်ရှိသော် အလုံးစုံသော ဒါယကာ ဒါယိကာမ အပေါင်းတို့သည် သာမဏေ၌ မေတ္တာသက်ဝင် ချစ်ခင်ခြင်းကိုပြု၍ ဆင်းရဲအပေါင်းတို့မှ လွတ်မြောက်ကုန်လတ္တံ့ဟု စူးစမ်း ဆင်ခြင်၍ မြင်တော်မူ၏။ တရားတော်ကို နာကုန်သော ရွာသူ ရွာသား ယောကျ်ား မိန်းမ အပေါင်းတို့သည်လည်း ရဟန်းသံဃာတော်ကို ပင့်ဖိတ်၍ ရွာသို့ သွားရောက်ပြီးလျှင် သင့်တင့် ကောင်းမွန်သော မဏ္ဍပ်ကိုပြု၍ ယာဂု ဆွမ်း စသည်တို့ကို စီရင်ပြီးလျှင် နေရာတို့ကို ခင်းထားပြီးသော ကာလ သံဃာ တော်တို့၏ ကြွတော်မူလာအံ့သော လမ်းခရီးကို မျှော်ငံ့ဆိုင်းလင့်၍ နေကြ ကုန်၏။ ရဟန်းအပေါင်းတို့သည် ကိုယ်လက်သန့်ရှင်း သုတ်သင်ခြင်းအမှုကို ပြုပြီးလျှင် ဆွမ်းခံချိန်တိုင်သော အခါ၌ ဆွမ်းအလို့ငှါ ကြွဝင်တော်မူကုန်သည် ရှိသော် ငါ့ရှင် သာမဏေ အသို့နည်း၊ အသင်သည် ငါတို့နှင့် အတူတကွပင် လိုက်ကုန်အံ့လော၊ ထိုသို့မဟုတ် နောက်မှပင် လာခဲ့အံ့လောဟု မေးကုန်၏။ အရှင်ဘုရားတို့ တပည့်တော်သည် သွားအံ့သော အချိန်ကာလ တိုင်မှပင် လိုက်လာ ခဲ့ပါတော့အံ့။ အရှင်ဘုရားတို့သည် ဖြေးဦးစွာ ကြွနှင့်ကြပါကုန်လော့ဟု လျှောက်ကြားလိုက်၏၊ ရဟန်းသံဃာတို့သည်လည်း သပိတ် သင်္ကန်းကို ဆင်မြန်း လက်စွဲလျက် ရွာတဲသို့ ကြွဝင်ကုန်၏။

မြတ်စွာဘုရား ကိုယ်တော်မြတ်သည် ဇေတဝန်ကျောင်းတော်၌သာလျှင် သင်္ကန်းတော်ကို ရုံတော်မူ၍ သပိတ်တော်ကို ယူတော်မူပြီးသောအခါ တစ်ခုသော စိတ္တက္ခဏဖြင့်သာ ကြွသွားတော်မူ၍ ရဟန်းသံဃာတော်တို့၏ ရှေ့၌ တည့်တည့်မတ်မတ် ရပ်တော်မူ၍ ကိုယ်တော်ကို ထင်ရှားပြတော်မူ၏။ မြတ်စွာဘုရား ကိုယ်တော် ကိုယ်တိုင် ကြွတော်မူလာသည်ဟု အလုံးစုံသော မြို့ရွာသည် တုန်လှုပ်ပြီးသောကာလ တပိုင်နက်သော အုတ်အုတ်ကျက်ကျက် သည် ဖြစ်လေ၏။ လူများအပေါင်းတို့သည် ရှင်လန်းနှစ်သက် တက်ကြွသောစိတ် ရှိကုန်သည်ဖြစ်၍ ဘုရားအမှူးရှိသော သံဃာတော်အပေါင်းကို ကောင်းမွန်စွာ ခင်းထားအပ်သောနေရာ၌ သီတင်းသုံးစေတော်မူပြီးလျှင် ယာဂု ခဲဖွယ် အသွယ် သွယ်သော ဘောဇဉ်တို့ကို ပြုပြင် လှူဒါန်းကုန်၏။ တိဿသာမဏေသည် ဘုရား အမှူးရှိသော သံဃာတော်တို့ ဆွမ်းစားခြင်းကိစ္စ မပြီးမီသာလျှင် ရွာတွင်းသို့ ဝင်လာခဲ့၏။ ရွာသူရွာသားတို့သည်လည်း သာမဏေကို မဏ္ဍပ်၏အတွင်းသို့ ဆောင်ယူ ပင့်သွင်းပြီးသောအခါ ရိုသေကောင်းမွန်စွာ လှူဒါန်းကျွေးမွေး ကုန်၏။

သာမဏေသည် မိမိမျှလောက်ရှိသော ဆွမ်းကို အလှူခံ၍ မြတ်စွာဘုရား သခင်၏ အထံသို့ ချဉ်းကပ်ပြီးသောကာလ သပိတ်ကို ဇပ်လှူ၏။ ချစ်သား တိဿ သပိတ်ကို ဆောင်ယူခဲ့လော့ဟု လက်တော်ကိုဆန့်၍ သပိတ်ကို လှမ်းယူတော်မူပြီးသောအခါ ချစ်သား သာရိပုတ္တရာ အသင်၏ တပည့်ရင်း ဖြစ်သော တိဿ၏သပိတ်ကို ကြည့်ရှုပါလော့ဟု အရှင်သာရိပုတ္တရာသို့ လှမ်း၍ ပြတော်မူ၏။ အရှင်သာရိပုတ္တရာ မထေရ်သည် မြတ်စွာဘုရားလက်တော်မှ သပိတ်ကို လှမ်းယူပြီးသောအခါ သာမဏေအား ပေး၍။ ငါ့ရှင်သာမဏေ အသင်အား ရောက်သောနေရာ၌ သွားရောက်ထိုင်နေပြီးလျှင် ဆွမ်းစားခြင်း ကိစ္စကို ပြုလေလော့ဟု မိန့်တော်မူ၏။ ရွာသူရွာသား ယောကျ်ား မိန်းမ အပေါင်းတို့သည် ဘုရားအမှူးရှိသော သံဃာကို ရှိသေကောင်းမွန်စွာ လုပ်ကျွေး ပြုစုပြီး၍ မြတ်စွာဘုရားသခင်ကို ကြည်လင်ညွတ်လျှိုး ရှိခိုးဦးချပြီးသော် အနုမောဒနာကို ပြုပါစိမ့်သောငှါ တောင်းပန်ကြကုန်၏။

မြတ်စွာဘုရားသခင်သည် အနုမောဒနာကို ပြုတော်မူလျက် ဤသို့သော စကားကို မိန့်တော်မူ၏။ ဒါယကာ ဒါယိကာမအပေါင်းတို့ အသင်တို့အား အရတော်လေစွတကား၊ အသင်တို့သည် အိမ်သို့ကပ်၍ မပြတ်ဆွမ်းခံ လာရောက်လေ့ရှိသော သာမဏေကို အမှီပြုပြီးသောကာလ သာရိပုတ္တရာ၊ မောဂ္ဂလာန်၊ ကဿပ၊ အနုရုဒ္ဓါ ဟူကုန်သော အသီတိ မဟာဝကတို့ကို ဖူးမြင် ခြင်းငှါ ရကုန်၏။ ငါဘုရားသည်လည်း အသင်တို့၏ အိမ်သို့ကပ်၍ မပြတ် ဆွမ်းခံလေ့ရှိသော ကုလူပက တိဿသာမဏေကို မှီ၍သာလျှင် ကြွလာတော် မူခဲ့ပေ၏။ အသင်တို့အား ငါဘုရားကို ကြည့်ရှု ဖူးမြော်ခြင်းကိုလည်း ထိုသာမဏေကို အမှီပြုသဖြင့်သာလျှင် ရအပ်၏။ အသင်တို့အား အရတော် လေစွတကား၊ ဂုဏ်အားကြီးကျယ် ထူးမြတ်သော ပုဂ္ဂိုလ်ကို အသင်တို့အား ကောင်းစွာ ရအပ်လေစွတကားဟု မိန့်တော်မူ၏။ မြတ်စွာဘုရား မိန့်တော်မူသော စကားကိုကြားလျှင် လူတို့သည် ဩော် အံ့ဖွယ်ရှိလေစွတကား ငါတို့အား အရတော်လေစွတကား မြတ်စွာဘုရားအားလည်းကောင်း သံဃာအပေါင်းအား လည်းကောင်း နှစ်သက်စေခြင်းငှါ စွမ်းနိုင်သော ငါတို့၏ အရှင်ကို အမှီပြုပြီးသော ကာလ ဘုရားအမှူးရှိကုန်သော အသီတိ မဟာသာဝကကြီးတို့ကို ဖူးမြော်ရပေ သည် ပူဇော်သက္ကာရ ဒါနဝတ္ထုတို့ဖြင့် ပြုစုလှူဒါန်း ပူဇော်ခြင်းငှါ ရပေသည်ဟု သာမဏေအား အမျက်ထွက်၍ ရှိနှင့်ကြကုန်သော အချို့ကုန်သော ဒါယကာ ဒါယိကာမတို့သည် နှစ်သက်ကြကုန်၏။ ရှေးက နှစ်သက်ပြီး ဖြစ်ကုန်သော ဒါယကာ ဒါယိကာမတို့သည် ရှေးကထက် တဘိုးတိုး၍ ကြည်ညိုမြတ်နိုးကြ ကုန်၏။

အနုမောဒနာ၏ အဆုံး၌ များစွာကုန်သော လူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကုန်၏။ မြတ်စွာဘုရား ကိုယ်တော်မြတ်သည် နေရာမှထ၍ ဖယ်ကြွတော်မူသည်ရှိသော် လူများအပေါင်းသည် အစဉ်လိုက်၍ ပို့ပြီးလျှင် လမ်းခရီးဌာနသို့ ကျရောက်သောအခါ ရှိခိုးဦးချ၍ ပြန်ကုန်၏။ မြတ်စွာဘုရား သခင်သည် တိဿသာမဏေနှင့် အတူတကွ ကြွတော်မူသည်ရှိသော် သာယာ စွာသော အသံဖြင့် သာမဏေ ဤအရပ်သည် အဘယ်အမည်ရှိသနည်း၊ ဤအရပ်ကို အဘယ်သို့ခေါ်သနည်း စသည်ဖြင့် ရှေးရောက်စ ဒါယကာကြီးက သာမဏေအား ညွှန်ကြားပြောဆိုသော နည်းဖြင့်သာ မေးမြန်း၍ ကြွတော်မူ၏။

## ငိုကြွေးခဲ့ရသောမျက်ရည်သည် သမုဒ္ဒရာရေမျှမက များခြင်း

သာမဏေသည်လည်း ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဤအရပ်သည်ကား ဤအမည်ရှိသော အရပ်ပါတည်း။ ဤအရပ်ကို ဤသို့မှည့်ခေါ် သမုတ်ပါသည်ဟု လျှောက်ကြားလျက် လိုက်သွား၏။ မြတ်စွာဘုရားသခင်သည် သာမဏေ၏ နေရာဌာနသို့ သွားရောက်၍ တောင်ထိပ်သို့ တက်ကြွတော်မူ၏။ ထို တောင်ထိပ်၌ တည်ကုန်သောသူတို့အား မဟာသမုဒ္ဒရာသို့ကြည့်ရှုလျှင် မြင်ရကုန်၏။ တောင်ထိပ်ပေါ်သို့ ကျရောက်တော်မူသောကာလ မြတ်စွာဘုရား ကိုယ်တော်မြတ်က ချစ်သားတိဿ ဤတောင်ထိပ်၌ တည်လျက် ထို ဤဒေသ ရပ်ဌာန အလုံးစုံကို အကုန် ကြည့်ရှုလိုက်က အဘယ်ကို မြင်သနည်းဟု သာမဏေကို မေးတော်မူ၏။ သာမဏေက ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား မဟာသမုဒ္ဒရာကို မြင်ရပါသည်ဟု လျှောက်ကြားလျှင် ချစ်သားတိဿ ထိုမဟာသမုဒ္ဒရာကို မြင်ရသောကာလ အသင်၏စိတ်၌ အဘယ်သို့ကြံစည် အောက်မေ့သနည်းဟု မေးတော်မူပြန်သဖြင့် သံသရာဝဋ်ဒုက္ခ ကျင်လည်ပြေး သွား၍ နေရစဉ်အခါ ကိုယ်စိတ်နှစ်ဖြာ ကြင်နာဖေါက်လွဲ ဆင်းရဲဒုက္ခ တွေ့ကြုံ ရသော ကာလ၌ စိုးရိမ်ပူဆွေး ငိုကြွေးရသော ငါ့အား ဤသမုဒ္ဒရာလေးစင်း ရေထက် ပိုလွန်သောအားဖြင့် များပြားသောမျက်ရည်သည် ကျထွက်ယိုစီး၍ ရှိရလေပြီဟု ကြံစည်ဆင်ခြင် ထင်မြင်အောက်မေ့ပါသည်ဟု လျှောက်ကြားသော အခါဝယ် မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်က သာဓု-သာဓု ချစ်သားတိဿ အသင်လျှောက်ကြားသော စကားအတိုင်း ဟုတ်မှန်လှပေ၏။ တစ်ယောက် တစ်ယောက်သော သတ္တဝါအား ဆင်းရဲငြိုငြင် ပင်ပန်းခြင်းဒုက္ခ တွေ့ကြုံရသော ကာလ ငိုကြွေး ယိုစီးကျထွက်ရသော မျက်ရည်တို့သည် လေးစင်းကုန်သော မဟာသမုဒ္ဒရာတို့ထက် အထူးသဖြင့် ပိုလွန်သည်သာဘည်းဟု ဤသို့သော စကားကို မိန့်တော်မူပြီး၍—

စတူသု သမုဒ္ဒေသု ဇလံ ပရိတ္တကံ၊
တတော ဗဟုံ အဿုဇလံ အနပ္ပကံ။
ဒုက္ခေန ဖုဋ္ဌဿ နရဿ သောစနာ၊
ကိံ ကာရဏာ သမ္မ တုဝံ ပမဇ္ဇသိ—

ဟူသောဂါထာကို ဟောတော်မူ၏။

**အနက်ကား**။ ။စတူသု သမုဒ္ဒေသု၊ အရှေ့အနောက် **တောင်မြောက်** လေးမြာ သမုဒ္ဒရာတို့၌။ ဇလံ၊ တည်ရှိသောရေသည်။ ပရိတ္တကံ၊ မပြောပဖွယ် အနည်းငယ်သာရှိသည်။ ဟောတိ၊ ဖြစ်၏။ တတော၊ လှိုင်းဂယက်ပုတ် သဲသဲ လှုပ်သော ထိုသမုဒ္ဒရာ လေးစင်းရေထက်။ အနပ္ပကံ၊ မရေတွက်နိုင်သော။ အဿုဇလံ၊ စက္ခုပသာဒ လူမှုကျလျက် ယိုစီးထွက်သော မျက်ရည်သည်။ ဗဟုံ၊ များ၏။ ဝါ၊ အနပ္ပကံ၊ မရေတွက်သာ များပြားစွာတည်း။ အနပ္ပကံ-အနပ္ပကေန၊ အနည်းငယ်မဟုတ် ချုပ်ချယ်များပြားသော။ ဒုက္ခေန၊ ဆင်းရဲငြိုငြင် ပင်ပန်းခြင်းဖြင့်။ ဖုဋ္ဌဿ၊ တွေ့ထိရသော။ နရဿ၊ လူများအပေါင်းအား။ သောစနာ၊ စိုးရိမ် ပူပန်ရခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဝါ၊ နရဿ၊ လူ၏။ သောစနာ၊ စိုးရိမ်ပူဆွေး ငိုကြွေးရသောကြောင့်၊ ဇာတံ၊ ဖြစ်သော၊ အဿုဇလံ၊ မျက်ရည်သည်။ ဗဟုံ၊ များပြား၏။ သမ္မ၊ အချင်း။ တုဝံ၊ သင်သည်။ ကိံ ကာရဏာ၊ အဘယ်သို့သော အကြောင်းကြောင့်။ ပမဇ္ဇသိ၊ မေ့လျော့၍သာ နေလေပါသနည်း။ ဤကား အနက်။

မသေဖူးသော နေရာ မရှိခြင်း

ထိုနောက်မှ မြတ်စွာဘုရားကိုယ်တော်မြတ်က အသင်သည် အဘယ်မှာ နေသနည်းဟု မေးတော်မူ၏။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဤတောင်အဝှမ်း၌သာ နေပါသည်ဟု လျှောက်ကြားသဖြင့် ဤတောင်ဝှမ်း၌ နေသော အသင်အား အဘယ်သို့သော အောက်မေ့ကြံစည်ခြင်း ဖြစ်သနည်းဟု မေးတော်မူလျှင် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဤတောင်ဝှမ်း၌ နေသော ငါသည် ရှေးရှေးသောကာလ သံသရာဝဋ်ဒုက္ခဝယ် ပြေးသွားကျင်လည်၍ နေရာ ငါသည် စုတိချုပ်ကွေ သေလွန်ခြင်းကြောင့် ဤတောင်ဝှမ်း အရပ်ဌာန၌ ပစ်ပယ်သွန်ချအပ်သော ငါ၏ခန္ဓာကိုယ် အကောင်ပုပ်သည်ကား ဤရွှေဤမျှ ပမာဏရှိသည်ကို ရေတွက်ပိုင်းခြားအပ်သော အရာသည် မရှိချေ ပြီဟု အောက်မေ့ကြံဆင်ခြင်မိပါသည်ဘုရားဟု လျှောက်ကြား၏။ မြတ်စွာဘုရား ကိုယ်တော်မြတ်က ချစ်သားတိဿ အသင် အောက်မေ့ကြံစည်တိုင်း ပတ်မှန်လှပေ၏။ ပုပ္ပုရွှ မြင်သမျှ ဤသတ္တဝါတို့အား မဟာပထဝီမြေထက်

ပက်လက်တစောင်း စသည် လျောင်းလျက် ပြန်ပြောင်းအိပ်ကာ မသေဖူးသော နေရာမရှိဟု မိန့်တော်မူ၍—

ဥပသာလကနာမာနိ၊ သဟဿာနိ စတုဒ္ဒသ။
အသ္မိံ ပဒေသေ ဒဍ္ဍာနိ၊ နတ္ထိ လောကေ အနာမတံ။
ယမှိ သစ္စဥ္စ ဓမ္မော စ၊ အဟိံသာ သံယမော ဒမော။
တံ အရိယာ သေဝန္တိ၊ တံ လောကေ အနာမတံ–

ဒုကနိပါတ် ဥပသာလက ပုဏ္ဏားကြီး၏ဇာတ်၌ ဟောကြားတော်မူအပ်သော ဤနှစ်ဂါထာပါဌ်တို့ ကို ဆောင်၍ ဟောတော်မူပြန်၏။

**အနက်ကား**။ ။မာဏဝ၊ ဥပသာလက ပုဏ္ဏားသည် သက်ဖျားတသွင် လွန်ချစ်ခင်ပေသော အို အမောင်လုလင်။ အသ္မိံ ပဒေသေ၊ ဂိဇ္ဈကုဋ်ဟု သမုတ်ထင်ရှား တောင်ထွတ်ကြားဖြစ်သော ဤအရပ်၌။ ဥပသာလက နာမာနိ၊ ရာဇဂြိုဟ်ပြည်သား ဥပသာလကအမည်ဖြင့် ထင်ရှားကုန်သော။ စတုဒ္ဒသ သဟဿာနိ၊ တစ်သောင်းလေးထောင် မြားမြောင်စွာသောသူတို့ကို။ ဒဍ္ဍာနိ၊ ဖုတ်ကြည်း သင်္ဂြိုဟ်အပ်ကုန်ပြီ။ လောကေ၊ လူ့ဘောင်လောက၌။ အနာမတံ၊ မသေတည်ကျန် အမြဲစံ၍ သုဿာန် သင်းချိုင်း လုပ်တိုင်းတပ်မှတ် မဟုတ်သောအရပ်မည်သည်။ နတ္ထိ၊ မရှိခဲ့ချေ။ မာဏဝ၊ အမောင်လုလင်။ ယမှိ၊ အကြင်ပုဂ္ဂိုလ်၌။ သစ္စဥ္စ၊ လောကုတ္တရာ၏ ရွှေအဖို့၌ ဖြစ်သော သစ္စာ လေးထွေကို ဝေဖန်၍သိနိုင်သောဉာဏ်လည်းကောင်း။ ဓမ္မော စ၊ လောကုတ္တရာ ချမ်းသာပွါးများ မြတ်တရားလည်းကောင်း။ အဟိံသာစ၊ သူတစ်ပါးကို မညှဉ်း ပန်းဘဲ စွဲလမ်းကြင်နာသနားတတ်သော ကရုဏာလည်းကောင်း။ သံယမော စ၊ ဝိရမိတဗ္ဗ စသည်ဝတ္ထုကိုတစ်ခုမလပ် ရှောင်ကြဉ်အပ်သောသီလလည်းကောင်း။ ဒမော စ၊ စက္ခု သောတ ဤသို့စသည့် ဒွါရအလုံးစုံကို လုံခြုံအောင် စောင့် ရှောက် ဆုံးမတတ်သော ဣန္ဒြိယသံဝရသီလလည်းကောင်း။ ဣဒံ ဂုဏဇာတံ၊ ဤဂုဏ်လေးပါးအပေါင်းသည်။ အတ္ထိ၊ ရှိ၏။ တံ ပုဂ္ဂလံ၊ ထိုပုဂ္ဂိုလ်ကို။ အရိယာ၊ အရိယာအပေါင်း သူတော်ကောင်းတို့သည်။ သေဝန္တိ၊ အမြဲမပြတ် မှီဝဲဆည်းကပ်ကုန်၏။ တံ ဂုဏဇာတံ၊ ဤသို့ပြဆိုခဲ့ပြီးသော ဂုဏ်လေးပါး အပေါင်းသည်။ လောကေ၊ လူ့ဘောင်လောက၌။ အနာမတံ၊ သေခြင်း ကင်းသည်ကို ပြီးစေတတ်သည်၏ အဖြစ်ကြောင့် အနာမတ-မည်ပေ၏။ ဤကား အနက်။

ဤသို့ မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော ဒေသနာတော်နည်း အတိုင်း ဤသတ္တဝါအပေါင်းတို့သည် မြေ၌ခန္ဓာကိုယ် အကောင်ပုပ်ကို ပစ်ချ ခြင်းကိုပြု၍ သေလွန်ရကုန်သည်ရှိသော် ရှေးအခါကာလ ဘဝတုန်းက မသေရ မစွန့်ပြစ်ရဖူးသေးသော နေရာအရပ်၌ သေရသည် စွန့်ပြစ်ရသည်မရှိ၊ အာနန္ဒာ မထေရ်နှင့်တူကုန်သော ပုဂ္ဂိုလ်တို့သည်သာ မသေဖူးသောအရပ်၌ ပရိနိဗ္ဗာန် ပြုတော်မူရကုန်၏။ ထိုကြောင့် ၎င်းအဋ္ဌကထာ၌–

အာနန္ဒထေရသဒိသာ ပန အမတပုဗ္ဗေ ပဒေသေ ပရိနိဗ္ဗာယန္တိ– ဟု မိန့်တော်မူ၏။

**အနက်ကား**။ "အာနန္ဒာထေရသဒိသာ ပန၊ အာနန္ဒာမထေရ်နှင့် တူကုန် သော ပုဂ္ဂိုလ်တို့သည်ကား။ အမတပုဗ္ဗေ၊ ရှေး၌မသေဖူးသော။ ပဒေသေ၊ အရပ်၌။ ပရိနိဗ္ဗာယန္တိ။ ပရိနိဗ္ဗာန်စံယူ သေလွန်ရကုန်၏"။ ဤကားအနက်။

အရှင်အာနန္ဒာမထေရ်သည် မသေဖူးသောနေရာ၌ ပရိနိဗ္ဗာန် ပြုတော်မူသော အကြောင်းကို အဋ္ဌကထာဖွင့်မှာသည့် အတိုင်း အကျဉ်းအမြွတ်မျှ ဆက်၍ ပြလိုက်ဦးအံ့။

## အရှင်အာနန္ဒ ပရိနိဗ္ဗာန်ပြုသောအရပ်

မြတ်စွာဘုရား ပရိနိဗ္ဗာန် စံယူတော်မူပြီးမှနောက် သုံးလမြောက်အကျ ပထမသံဂါယနာ တင်သောအခါ ရဟန္တာအဖြစ်သို့ရောက်သော အရှင်အာနန္ဒာ မထေရ်သည် ထိုပြည် ထိုပြည်သို့ လှည့်လည်ဒေသစာ ဖြန့်ကြကာဖြင့် သံဃာ တော်အများတို့အား ဘုရားရှိတော်မူသော အခါကကဲ့သို့ စောက်ရှောက် မစ လေးဝသောသစ္စည်းတို့ဖြင့် ခံ့မျှင့်လျှဒါန်းလျက်သာ သီတင်းသုံးတော်မူရာ ထိုအရှင်အာနန္ဒာမထေရ်သည် မျှးသောအားဖြင့် ကပိလပြည်၊ ကောလိယပြည် နှစ်ပြည်ထောင်တို့၏ အကြား၌တည်ရှိသော ရောဟိဏီမြစ်ကို အမှီပြုပြီးသော ကာလ ထိုမှာဘက်ကမ်း ဤမှာဘက်ကမ်း ရွာကြီးတို့၌ အမြဲသီတင်းသုံးတော် မူလေ့ရှိ၏။

မြတ်စွာဘုရား ပရိနိဗ္ဗာန် စံယူတော်မူပြီးသည် မှနောက် အနှစ်လေးဆယ် မြောက် ကျရောက်တော်မူသောအခါ အရှင်အာနန္ဒာမထေရ်သည် သက်တော် တစ်ရာ့နှစ်ဆယ် ပြည့်သဖြင့် မိမိ၏ ဇီဝိတိန္ဒြေအသက် ပျက်စီးကုန်ခန်းအံ့သော အာယုသင်္ခါရကို ကြည့်ရှု ဆင်ခြင်တော်မူသည်ရှိသော် ဇီဝိတိန္ဒြေအသက် ကုန်ပျက်ခြင်းသို့ ရောက်သည်၏အဖြစ်ကို သိတော်မူ၍ ဤနေ့မှနောက် ခုနှစ်ရက်

မြောက် ကျရောက်သော အခါ၌ ငါသည် ပရိနိဗ္ဗာန် ပြုတော့အံ့-ဟု လူများ အပေါင်းအား ကြားတော်မူ၏။ ထိုအကြောင်းကို ကြားသိ၍ ရောဟိဏီမြစ်၏ နှစ်ဘက်ကုန်သော ကမ်းခြေတို့၌ တည်နေကုန်သောလူတို့တွင် ဤမှာဘက်ကမ်း၌ နေလေ့ရှိသောလူတို့က အရှင်အာနန္ဒာမထေရ်အား ပြုစု လုပ်ကျွေးသော အရာဝယ် ငါတို့ကသာ၍ ကျေးဇူးဥပကာရ များကုန်၏ ထိုကြောင့် မထေရ်သည် ဤမှာဘက်ကမ်းဖြစ်သော ငါတို့၏အထံ၌ ပရိနိဗ္ဗာန်ပြုလတ္တံ့ ဟု ပြောဆိုကြကုန်၏။ ထိုမှာဘက်ကမ်း၌ နေလေ့ရှိကုန်သော လူတို့ကလည်း အရှင်အာနန္ဒာမထေရ်ကို ပြုစုလုပ်ကျွေးသောအရာမှာ ငါတို့ သာ၍ ကျေးဇူးများကုန်သည်၊ ထိုကြောင့် ငါတို့နေရာဖြစ်သော ဤမှာဘက်ကမ်း၌ မထေရ်သည် ပရိနိဗ္ဗာန် ပြုလတ္တံ့ ဟု ပြောဆိုကြကုန်၏။

အရှင်အာနန္ဒာမထေရ်သည် နှစ်ဘက်သောကမ်း၌ တည်ရှိကုန်သော လူအများတို့ ပြောကြား စည်းဝေး ငြင်းခုံ ကြသောစကားကို ကြားသိသော်မူ၍ နှစ်ဘက်သော ကမ်းခြေ၌ တည်နေကုန်သော ဤလူများအပေါင်းတို့သည် ငါ့အား ကျေးဇူး ဥပကာရ များလှသော သူတို့ချည်းသာ ဖြစ်လေသည်။ အဘယ်သူတို့သည်ကား ကျေးဇူးနည်းပါးသည်ဟု ဆိုခြင်းငှါ မတတ်ကောင်း။ အကယ်၍ ငါသည် ဤမှာဘက်ကမ်း၌ ပရိနိဗ္ဗာန်ပြုသည် ဖြစ်ခဲ့အံ့၊ ထိုမှာဘက်ကမ်း၌ နေသူလူများအပေါင်းတို့သည် ငါ၏ဓာတ်တော်ကို ယူခြင်းငှါ ဤမှာဘက်ကမ်း၌ နေကြသောသူတို့နှင့် ခိုက်ရန်ငြင်းခုံ ကွဲပြားခြင်း ဖြစ်ကြပေလိမ့်မည်၊ ထိုမှာဘက်ကမ်း၌ ပရိနိဗ္ဗာန်ပြုပြန်လျှင်လည်း ဤအတူသာ ဤမှာဘက်ကမ်း၌နေသူ လူများအပေါင်းတို့နှင့် ခိုက်ရန်ငြင်းခုံ ကွဲပြားခြင်းဖြစ်ကြပေလိမ့်မည်၊ ကမ်းနှစ်ဘက်၌ တည်ရှိကုန်သော ဤသူတို့သည် ခိုက်ရန်ငြင်းခုံခြင်း ဖြစ်ရမည်မှာ ငါ့ကိုသာ အမှီပြု၍ ဖြစ်ရပေမည်။ ခိုက်ရန်ငြင်းခုံခြင်း မဖြစ်မူ၍ ငြိမ်းအေးချမ်းသာရသည်မှာလည်း ငါ့ကိုသာ အမှီပြု၍ ချမ်းသာ ငြိမ်းအေးရပေမည်ဟု ကြံစည်ဆင်ခြင်တော် မူပြီးသောအခါ နှစ်ဦးနှစ်ဘက်သော ကမ်း၌ ရှိကုန်သော လူများအပေါင်းတို့ကို ခေါ်တော်မူပြီးလျှင် အသင်တို့သည် ငါ့အား ကျေးဇူးများသော သူတို့ချည်းသာ ဖြစ်ပါလေသည်။ ငါ့အား ကျေးဇူးမများသော သူသည် မရှိ၊ သို့ဖြစ်၍ ဤမှာဘက်ကမ်း၌ နေလေ့ရှိကုန်သော သူတို့သည် ဤမှာဘက်ကမ်း၌သာ စုရုံးစည်းဝေးကြကုန်လော့၊ ထိုမှာဘက်ကမ်း၌ နေလေ့ရှိကုန်သော သူတို့သည် ထိုမှာဘက်ကမ်း၌သာ စုရုံးစည်းဝေးကြကုန်လော့ဟု မိန့်တော်မူ၏။

ထိုနောက် ခုနစ်ရက်မြောက် ကျရောက်သောအခါ မြစ်၏အလယ်တည့်တည့် ထန်းခုနစ်ဆင့်ခန့်မျှ ပမာဏအမြင့်ရှိသော ကောင်းကင်ထက်၌ ထက်ပယ်ဖွဲ့ခွေ ထိုင်နေသီတင်းသုံးတော်မူပြီးလျှင် များစွာသော လူများအပေါင်းအား တရား

စကားကို ဟောကြားတော်မူလျက် ငါ၏ကိုယ်သည် အလယ်၌ တည့်တည့် မတ်မတ် ကွဲဖြပြီးသောကာလ တစ်ခုတစ်ဖို့သော ကိုယ်အစိတ် အခြမ်းသည် ဤမှာဘက်ကမ်း၌ ကျပါစေသတည်း၊ တစ်ခုတစ်ဖို့သော ကိုယ်အစိတ်အခြမ်း သည် ထိုမှာဘက်ကမ်းမှာ ကျပါစေသတည်းဟု ဓိဋ္ဌာန်တော်မူ၍ ထိုင်နေတော် မူလျက်သာလျှင် တေဇောဓာတ်ကို ဝင်စားတော်မူ၍ မီးလျှံမီးတောက်တို့သည် ထကုန်၏၊ ကိုယ်တော်မြတ်၏ ဥတုဇရုပ်တော်သည်လည်း အလယ်တည့်တည့် ကွဲ၍ တစ်ခုတစ်ဖို့သော ကိုယ်အစိတ်အခြမ်းသည် ဓိဋ္ဌာန်တော်မူတိုင်း ဤမှာ ဘက်ကမ်း၌ ကျ၏။ တစ်ခုတစ်ဖို့သော ကိုယ်အစိတ်အခြမ်းသည် ထိုမှာဘက် ကမ်း၌ ကျ၏၊ ထိုသို့ ကိုယ်တော်မြတ် အလောင်းတော်သည် နှစ်စိတ်နှစ်ဖြာ ကွဲ၍ ကျပြီးသည်နောက် နှစ်ဘက်သော ကမ်းခြေ၌ တည်နေ စုဝေးကြကုန် သော လူများအပေါင်းတို့သည် ရင်ခတ်လက်တီး မြေကြီးလူးလှိမ့်လျက် ဟစ်အော်ငိုကြွေးကြကုန်၏။ အလောင်းတော် မြေသို့ရောက်သည်နှင့် တပြိုင်နက် နှစ်ဘက်သော ကမ်းခြေရှိလူတို့ ဟစ်အော် ငိုကြွေးလိုက်သော အသံသည် မဟာပထဝီ မဟီပြိုကွဲ တော်လဲ အရပ် ပဲ့တင်ထပ်သော အသံကဲ့သို့ပင် ဖြစ်လေ၏။

အရှင်အာနန္ဒာမထေရ် ပရိနိဗ္ဗာန်ပြုတော်မူသော ထိုအခါ၌ ဟစ်အော် ငိုကြွေးကြကုန်သော အသံတို့သည် မြတ်စွာဘုရားသခင်သည် မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်ဝယ် ပရိနိဗ္ဗာန် စံတော်မူစဉ် အခါက ဟစ်အော် ငိုကြွေးကြ ကုန်သော အသံထက်ပင် သာလွန်ပိုမို၍ သနားကြင်နာဖွယ်ရာ ကောင်းလှပေ၏။ ထိုကြောင့် ၎င်းအဋ္ဌကထာ၌–

သတ္ထု ပရိနိဗ္ဗာနေ အာရောဒနသဒ္ဒတောပိ ကာရုညတရော—

ဟု မိန့်တော်မူ၏။

အနက်ကား။ ။"တဒါ၊ ထိုအရှင်အာနန် ထေရ်အရဟံသည် နိဗ္ဗာန်စံယူ ပြုတော်မူသောအခါ၌။ ရောဒနသဒ္ဒေါ၊ ရင်ခတ်လက်တီး မြေကြီးလှိမ့်ကာ ပြင်းစွာ တသ ဟစ်အော်ငိုကြွေးကြကုန်သော အသံသည်။ သတ္ထုပရိနိဗ္ဗာနေ၊ ဘုရားမြတ်စွာ နိဗ္ဗာန်သာသို့ စံဝင်တော်မူသောအခါ၌။ အာရောဒနသဒ္ဒတောပိ၊ ပြင်းစွာပူဆွေး ငိုကြွေးကြကုန်သော အသံထက်ပင်သော်လည်း။ ကာရုညတရော၊ မြင်သူအများ အသည်းကြား၌ လှုံ့ဖျားတင်ဆွ ပမာဏသို့ သောကဖြစ်ကာ အလွန်တရာပင် သနားကြင်နာဖွယ်ရာ ကောင်းလှပေ၏။ ။ဤကားအနက်။

အရှင်အာနန္ဒာမထေရ်သည် ပရိနိဗ္ဗာန်ယူပြီးသည်နောက် လေးလမြောက်ကြာအောင်ပင် များစွာသော လူအပေါင်းတို့သည် မြတ်စွာဘုရားသခင်သည် ပရိနိဗ္ဗာန်စံယူတော်မူသော်လည်း မြတ်စွာဘုရား၏ သပိတ်သင်္ကန်းတော်တို့ကို သည်ပိုးရွက်ဆောင် လုပ်ကျွေးပြုစုတော်မူသော အရှင်အာနန္ဒာမထေရ်သည် တည်နေထင်ရှားရှိသောအားဖြင့် ဘုရားရှိတော်မူဘိသကဲ့သို့ အောက်မေ့မှတ်ထင် မထေရ်ရှင်ကို ဝန်းကျင်ခယ ပူဇော်ရှိခိုး ကိုးကွယ်၍ နေရ၏။ ယခုအခါ အာနန္ဒာမထေရ်သည် ရွှေပြည်နိဗ္ဗာန် ဝင်စံခါရောက် ရှေးမျက်မှောက်သို့ မရောက်မလာ စွန့်ခွာတို့အား ထားခဲ့သည့်တမျှ ယခုမှလျှင် လူ့ဘုံထွတ် ထား တို့ဘုရားသည် ကြွသွားအမှန် နိဗ္ဗာန်ယူတော်မူချေပြီ တကားဟု ပြောဆိုမြည်တမ်း ယောင်ယမ်းဟစ်အော်လျက် လေးလတို့ပတ်လုံး ငိုကြွေး၍သာ နေကြကုန်၏။ ဤကား အရှင်အာနန္ဒာမထေရ် ပရိနိဗ္ဗာန် ပြုသော အကြောင်း အမြွက်တည်း။

ထိုနောက်တဖန် မြတ်စွာဘုရား ကိုယ်တော်မြတ်က သာမဏေကို ချစ်သားတိဿ ဤတောအုပ်၌ သစ်-အစရှိသော တောသားသတ္တဝါတို့၏အသံကို ကြားရသဖြင့် အသင်အား ကြောက်ရွံ့တုန်လှုပ်ခြင်းဖြစ်လေသလော၊မဖြစ်လေသလောဟု မေးတော်မူသည်ရှိသော် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား တပည့်တော်အား ကြောက်ရွံ့တုန်လှုပ်ခြင်း မဖြစ်ပါ၊ စင်စစ်မှာကား ထိုသတ္တဝါတို့၏ အသံကို ကြားရသည်ရှိသော် တော တည်းဟူသော မွေ့လျော်ခြင်းသာ ဖြစ်ပါသည်ဟု လျှောက်ကြား၍ ခြောက်ဆယ်မျှလောက်ကုန်သော ဂါထာတို့ဖြင့် ဝနဝဏ္ဏမည်သော တော၏ဂုဏ်ကျေးဇူးကို ရွတ်ဆို၏။ ထိုနောက် သာမဏေကို ချစ်သားတိဿဟု ခေါ်တော်မူ၏။ သာမဏေကလည်း ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား အကြောင်းအသို့ပါနည်းဟု မေးလျှောက်၏။ ချစ်သားတိဿ ငါတို့သည် ပြန်သွားတော့အံ့၊ အသင်သည် ငါတို့နှင့် အတူတကွ လိုက်ခဲ့အံ့လော၊ သို့တည်းမဟုတ် ဆုတ်နစ် ပြန်လည်၍ ဤနေရာ၌ပင် နေရစ်ခဲ့အံ့လောဟု မေးတော်မူ၏။ သာမဏေကလည်း ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား တပည့်တော်၏ ဥပဇ္ဈာယ်ဆရာ မထေရ်မြတ်သည် တပည့်တော်အား ခေါ်ဆောင်၍ သွားလိုသည်ဖြစ်အံ့၊ တပည့်တော် လိုက်ပါရပါလတ္တံ့၊ ဥပဇ္ဈာယ်ဆရာက ဆုတ်နစ်ပြန်လည်စေသည် ဖြစ်ပါအံ့၊ တပည့်တော် ပြန်လည်၍ နေရစ်ပါအံ့ဟု လျှောက်၏၊ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်သည်လည်း ရဟန်းသံဃာတော် အပေါင်းနှင့်တကွ ဖဲကြွတော်မူ၏။ တိဿသာမဏေသည်ကား ဆုတ်နစ်ပြန်လည်၍ နေခြင်းငှါ အလိုရှိ၏၊ ထိုသို့ နေရစ်လိုသည်အဖြစ်ကို အရှင်သာရိပုတ္တရာ မထေရ်မြတ်သည် သိတော်မူ၏။ ငါ့ရှင်တိဿ ပြန်လည်၍ နေလိုသောဆန္ဒ ရှိမူကား ဆုတ်နစ်လေလော့ဟု မိန့်တော်မူ၏။ ထိုသာသာမဏေသည်

မြတ်စွာဘုရားသခင်ကိုလည်းကောင်း၊ ရဟန်းသံဃာတော် အပေါင်းကိုလည်းကောင်း ညွှတ်ပျောင်းတုပ်ကွ ဦးချရှိခိုးပြီးသော် မိမိ၏နေရာသို့ ဆုတ်နစ် ပြန်လည်၍ နေရစ်ခဲ့၏။

မြတ်စွာဘုရားသခင်သည် ဇေတဝန်ကျောင်းတော်သို့ကြွတော်မူ၍ ဇေတဝန်ကျောင်းတော်သို့ ကျရောက်သောအခါ ရဟန်းသံဃာတော် အပေါင်းတို့အား တရားသဘင်၌ ငါ့ရှင်တို့ ဩော် အံ့ဖွယ်ရှိလေစွတကား၊ ဝနဝါသီတိဿ သာမဏေသည် ပြုနိုင်ခဲသောအမှုကို ပြုလေစွတကား၊ ပဋိသန္ဓေ တည်နေစွဲယူသော ကာလမှစ၍ ထိုတိဿသာမဏေ၏ ဆွေမျိုးဉာတိတို့သည် ခုနစ်ပါးကုန်သော မင်္ဂလာတို့၌ ငါးရာ ငါးရာကုန်သော ရဟန်းတို့အား ရေမရောသော နို့ထမင်း အဖျော်ကို ပေးလှူကုန်၏။ ရဟန်းပြုသော ကာလဝယ် ကျောင်း၏ အတွင်း၌သာလျှင် ဘုရားအမှူးရှိသော ရဟန်းသံဃာတော် အပေါင်းတို့အား ခုနစ်ရက်တို့ပတ်လုံး ရေမရောသော နို့ထမင်း အဖျော်ကိုသာ ပေးလှူကုန်၏။ ရဟန်းပြုပြီး၍ ရှစ်ရက်မြောက်သောနေ့၌ ရွာတွင်းသို့ ဆွမ်းခံကြွဝင်တော်မူသည်ရှိသော် နှစ်ရက်တို့ဖြင့် တစ်ထောင်သော ပုဆိုးနှင့်တကွသော ဆွမ်းတစ်ထောင်ကိုရ၏။ တဖန်မိုးသောက်ရောက်သောနေ့၌ တစ်ထောင်သော ကမ္ဗလာ, တဖန်မိုးသောက် ရောက်သောနေ့၌ တစ်ထောင်သော ကမ္ဗလာအားဖြင့် နှစ်ထောင်သော ကမ္ဗလာတို့ကို ရ၏။ ထိုတိဿသာမဏေအား ဤအရပ်ဒေသ၌ နေသောအခါ ပြန့်ပြောသော လာဘသက္ကာရ ဖြစ်ပေ၏။ ဤသို့ သဘောရှိသော လာဘ်ပူဇော်သက္ကာရကို စွန့်ပြီးသောအခါ တောသို့ဝင်၍ သစ်သီး သစ်ရွက် စသည်တို့ဖြင့် ရောနှော ချက်ပြုတ်အပ်သော အာဟာရဖြင့် မျှတ၍ နေနိုင်ပေသည်။ သာမဏေသည် ပြုနိုင်ခဲသောအမှုကို ပြုလေစွတကား စသောအားဖြင့် များစွာကုန်သော စကားတို့ကို ပြောဆိုချီးမွမ်း၍ နေကြကုန်၏။

မြတ်စွာဘုရား ကိုယ်တော်မြတ်သည် ကြွတော်မူလာ၍ ချစ်သားရဟန်းတို့ ငါဘုရားကြွတော်မူလာသော ဤယခုအခါ၌ အဘယ်မည်သော တရားစကားဖြင့် ပြောကြား စည်းဝေးထိုင်နေကုန်ဘိသနည်းဟု မေးတော်မူ၍ ဤအမည်ရှိသော အကြောင်းပါတည်းဟု လျှောက်ကြားသည်ရှိသော် ဩော်- ဟုတ်လှပေ၏။ ချစ်သားရဟန်းတို့ လာဘ်ကိုမှီသော အကျင့်သည် တစ်ပါးသည်သာတည်း။ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော အကျင့်သည်ကား တစ်ပါးသည်သာတည်း။ ဤသို့ ကျင့်အပ်သည်ရှိသော် လာဘ်လာဘကို ရပေလတ္တံ့ဟု အရညကင် ဓုတင်တေရသ် ပဋိပတ်ကို မပြတ်ကျင့်သုံး ဆောက်တည်သည်၏ အစွမ်းအားဖြင့် လာဘ်သပ္ပကာ ပူဇော်ရာကို ရည်ကာသမျှ ပြုလုပ်သော ရဟန်းအား လေးပါးကုန်သော အပါယ်တံခါးတို့သည် ဟန့်တားပိတ်ပင်ခြင်းမရှိ၊ ဟင်းလင်းအတိ ပွင့်ဘိသည်

ဖြစ်၍သာလျှင် တည်ကုန်၏။ နိဗ္ဗာန်သို့ ထုတ်ဆောင် ရောက်စေတတ်သော အကျင့်ဖြင့် ဖြစ်ပေါ်လာသော လာဘသက္ကာရကို စွန့်ချပယ်ခွာလျက် တောသို့ ဝင်ပြီးသောအခါ ကောင်းမွန်စွာ စေ့ဆော်အပ်သော လုံ့လဥဿာဟ ဝီရိယ ရှိသော ရဟန်းသည် အရဟတ္တဖိုလ်ကို ယူရ၏ ဟု ဤသို့သော အနုသန္ဓေကို စပ်တော်မူ၍ တရားကို ဟောကြားတော်မူလိုသည် ဖြစ်သောကြောင့်—

၇၅။ အညာဟိ လာဘူပနိသာ၊
အညာ နိဗ္ဗာနဂါမိနီ။

ဧဝမေတံ အဘိညာယ၊
ဘိက္ခု ဗုဒ္ဓဿ သာဝကော။

သက္ကာရံ နာဘိနန္ဒေယျ၊
ဝိဝေကမနုဗြူဟယေ—

ဟူသော ဤဂါထာတို့ကို မိန့်တော်မူ၏။

**ဒေသနာတော်၏ အကျိုးအာနိသင်**

ထိုဒေသနာ ပါဋ်ဂါထာ၏ အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကုန်၏။

**အနက်ကား**။ ။လာဘူပနိသာ၊ ပူဇာသက္ကာရ လာဘ်လာဘကို ရကြောင်း ဖြစ်သော အကျင့်သည်။ အညာဟိ အညာ ဧဝ၊ တစ်ပါးသာလျှင်တည်း။ နိဗ္ဗာနဂါမိနီ၊ ခေမာရပ်ဌာန် နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်သည်။ အညာ၊ တပါး တည်း။ ဧဝံ၊ ဤသို့။ ဧတံ ဒွယံ၊ ထိုအကျင့်တရား နှစ်ပါးအပေါင်းကို။ အဘိညာယ၊ ထူးသောဉာဏ်ဖြင့်သိ၍။ ဗုဒ္ဓဿ၊ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြား သိမြင် ဘုရားရှင်၏။ သာဝကော၊ တပည့်သာဝက ဖြစ်သော။ ဘိက္ခု၊ သံသရာ ဘေး လာမည်ရေးကို မြော်တွေးရှုတတ် ရဟန်းမြတ်သည်။ သက္ကာရံ၊ ပစ္စည်း ဥစ္စာ များစွာချီးငေါ် ပူဇော်သက္ကာရကို။ နာဘိ နန္ဒေယျ၊ တဏှာရစ်လျက် အမြစ် ယှက်၍ မနှစ်သက်ပေရာ။ ဝိဝေကံ၊ စိမ့်စမ်းအိုင်ပေါက် တောတောင်အောက်တွင် မလှောက်ဖော်မှီး တစ်ကိုယ်တည်းနေခြင်း ကာယဝိဝေက ရှစ်သမာပတ် မပြတ် ဝင်မျှ စိတ္တဝိဝေက နိဗ္ဗာန်ဘုံမှီ အမည်ရှိသော ဥပဓိဝိဝေကကို။ အနုဗြူဟယေ၊ သမ္မပ္ပဓာန် အတန်တန်ဖြင့် အမှန်ပွားစေရာ၏။ ဤကားအနက်။

ဓမ္မပဒဗာလဝဂ်၌ တစ်ဆယ့်ငါးခုမြောက်ဖြစ်သော ဝနဝါသီ
တိဿသာမဏေ၏ ဝတ္ထုစကားစဉ်ကား
ဤတွင်ရွေ ပြီး၏။

---

ဣတိ ဟံသာဝတီနဂရေ တိဂုမ္ဗစေတိယသ ဥတ္တရာနုဒိသာဘာဂေ မဟာအာရညိကဝိဟာရေ ဝသန္တေန စန္ဒိမာတိ လဒ္ဓနာမေန အင်္ဂဝသာမိ- ကေန ဂဏ္ဍဝါစကေန ဘိက္ခုနာ မရမ္မဘာသာယ ဒေသိတော ကတော ဓမ္မပဒတ္ထော မဟာပကရဏော ပဉ္စမဗာလဝဂ္ဂဿ မရမ္မဘာသတ္ထော နိဋ္ဌိတော။

ဓမ္မပဒပါဠိတော် အဋ္ဌကထာဘာသာဋီကာ ငါးခုမြောက်ဖြစ်သော

ဗာလဝဂ်ကား ဤတွင်ရွေ့ ပြီး၏။

# ၆။ ပဏ္ဏာသဝဂ်

## ၁။ ရာဓမထေရ်အကြောင်း

### ပစ္စုပ္ပန်ဝတ္ထု

နိမိနံဝ ပဝတ္တာရံ– အစခံသော သုတ္တန်ဒေသနာ ဤသို့သော ပါဠိဂါထာကို သုံးရှာဘုံရပ် မှဲ့ဘင်ထပ်လျက် မပြတ်ဩဘာ ထောမနာဖြင့် ဆရာတစ်ဆူ ဖြစ်တော်မူသော နတ်လူထွတ်ထား ဘုရားကိုယ်တော်မြတ်သည် သုဒတ္တ ငယ်မည် တောင်းမှီ ရပ်ခံလာသော ယာစကာ ဘုန်းတောင်းစား ကိုးကွယ်ရာမဲ့တို့အား သနားပေးကမ်းတတ်သည်အရကြောင့် အနာထပိဏ်ဟု အမည်ရသော သူဌေးကြီးသည် ချီးမြှင့်ကြည်ဖြူ ဆောက်လုပ်လှူသော ဇေတဝန် မဟာဝိဟာရ၌ ယာပထလေးဖော်တို့ဖြင့် မျှတတော်မူစဉ်အခါ အရှင်ရာဓ နာမထင်ရှား မထေရ်မြတ်တစ်ပါးကို အကြောင်းပြုသောအားဖြင့် ဟောကြားတော် မူခဲ့ပေသတည်း။

### အကြောင်းအတ္ထုပ္ပတ္တိ အစဉ်ကား ဤသို့ပေတည်း

ထိုရာဓမထေရ်သည် လူဖြစ်စဉ်ကာလ၌ သာဝတ္ထိပြည်ဝယ် ပစ္စည်းဥစ္စာ လွန်စွာကင်းရှင်းဆင်းရဲနွမ်းပါးသော ဒုက္ခိတပုဂ္ဂိုလ်ဖြစ်၍ ငါသည် ရဟန်းတော် အရှင်မြတ်တို့ထံရပ်သို့ ချဉ်းကပ်မှီခို၍ အမြဲမှီခိုလျက် အသက်ကို မွေးမြူတော့အံ့ဟု ကြံ၍ ကျောင်းတော်သို့ သွားရောက်ပြီးသော် ကျောင်းပရိဝုဏ်အတွင်း စိမ်းစိုပေါက်ရောက်သော မြက်ပင်တို့ကို သုတ်သင်ရှင်းလင်းခြင်း ပရိဝုဏ်ကို တံမြက်လှည်းခြင်း မျက်နှာသစ်ရေ သောက်ရေ သုံးဆောင်ရေ တည်ထားခြင်း စသည့်တို့ကို ပြုလျက် ကျောင်း၏အတွင်း၌ သာလျှင် နေလေ့ပြု၏၊ ရဟန်းတို့သည်လည်း ထိုဒုက္ခိတ ပုဏ္ဏားသူဆင်းရဲကို မြှောက်စားချီးပင့်ကြကုန်၏၊ ရဟန်းပြုခြင်းငှါကား အလိုမရှိကြသောကြောင့် ရဟန်းပြု၍ မပေးကြလေကုန်၊ ထိုပုဏ္ဏားအိုသည်လည်း ရဟန်းအဖြစ်ကို တောင်းပန်ပြောဆို၍ မရသောကြောင့် မိမိ၏ရုပကာသည် ညှိုးငယ်ကြုံလှီ ခြင်း ဖြစ်လေ၏။

### ရာဓပုဏ္ဏားသည် ရဟန်းပြုပြီး ရဟန္တာဖြစ်ခြင်း

ထိုနောက် တစ်နေ့သောအခါဝယ် မြတ်စွာဘုရား ကိုယ်တော်မြတ်သည် မိုးသောက်ယာမ်ကာလ နံနက်ထ၌ လောကကို ကြည့်ရှုတော်မူသည်ရှိသော် ထိုပုဏ္ဏားအိုကို မြင်တော်မူ၍ အသို့ဖြစ်လတ္တံ့နည်းဟု ဆင်ခြင်တော်မူသည်

ကာလ အရဟတ္တမဂ်ဖိုလ်သို့ မငြိုမငြင် လျင်စွာထုတ်ချောက် ရောက်ခြင်းဖြစ်ပေလတ္တံ့ဟု သိတော်မူ၍ ညချမ်းသောအခါ ကျောင်းစဉ်လှည့်လည်ခြင်းသို့ လှည့်လည်တော်မူဘိသကဲ့သို့ ပုဏ္ဏား၏အထံသို့ ကြွတော်မူလျက် ပုဏ္ဏားကြီး အဘယ်သို့သောအမှုကို ပြုပြီးလျှင် လှည့်လည်ဘိသနည်းဟု မေးတော်မူ၏၊ ပုဏ္ဏားကြီးကလည်း ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ရဟန်း သံဃာတို့၏ ဝတ်ကြီးဝတ်ငယ် အသွယ်သွယ် အဝဝကို ပြုစုဆောင်ရွက်၍ နေရပါသည်လျှောက်ကြား၏၊ ထိုရဟန်းများအထံမှ တစ်စုံတစ်ခု ထောက်ပင့်ချီးမြှင့်ခြင်းကို ရပါ၏လောဟု မေးတော်မူပြန်လျှင် ဘုန်းတော်ကြီးတော်မူသောမြတ်စွာဘုရား၊ ညြော်-ဟုတ်ပေ၏၊ အစာအာဟာရ ချီးမြှင့်ခြင်းမျှကိုကား ရပါ၏၊စင်စစ်မှာ တပည့်တော်ကို ရဟန်းပြု၍ချီးမြှင့်သင်္ဂြိုဟ်ခြင်းကို မပြုကြပါဟု လျှောက်ထားသောကာလ မြတ်စွာဘုရားသခင်သည် ထိုအကြောင်း၌ ရဟန်းသံဃာကို စည်းဝေးစေ၍ ထိုသို့သော အကြောင်းကို မေးမြန်း စိစစ်တော် မူပြီးသော် ချစ်သားရဟန်းတို့ ဤပုဏ္ဏားကြီးသည် ပြုစုဖူးသော ကျေးဇူးဝိသေသ အဓိကာရကို အောက်မေ့နှလုံးသွင်းမိသောသူသည် တစ်စုံတစ်ယောက် ရှိပါလေသလောဟု မေးတော်မူလျှင် အရှင်သာရိပုတ္တရာ မထေရ်က ဘုန်းတော်ကြီးတော်မူသောမြတ်စွာဘုရား တပည့်တော်သည် အောက်မေ့နှလုံးသွင်းမိပါ၏၊ ဤပုဏ္ဏားကြီးသည် ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းခံခြင်းငှါ လှည့်လည်ကြွသွားသော တပည့်တော်အား ရှေ့ရှုဆောင်အပ်သော တစ်ယောက်ချီမျှလောက်သော မိမိ၏- ထမင်းအာဟာရကို ပေးလှူသည် ဖြစ်ပေ၏၊ ဤပုဏ္ဏား လှူဒါန်းပေးကမ်းသော ကျေးဇူးကို တပည့်တော်အောက်မေ့ နှလုံးသွင်းမိပါသည်ဟု လျှောက်သည်ကာလ မြတ်စွာဘုရားကိုယ်တော်မြတ်က ချစ်သား သာရိပုတ္တရာ အသို့ပေနည်း၊ ဤသို့မိမိပြုဖူးသော ကျေးဇူးရှိသောသူကို ဆင်းရဲအပေါင်းမှ လွတ်စေခြင်းငှါ မပြုအပ်ပါသလောဟု မေးတော်မူသည်ရှိသော် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ကောင်းလှပါပြီ တပည့်တော် ရဟန်းပြုပါစေတော့အံ့ဟု ဝန်ခံ၍ အရှင်သာရိပုတ္တရာသည် ထိုပုဏ္ဏားကြီးကို ရဟန်းပြုတော်မူ၏။

ထိုရဟန်းကြီးသည် ဆွမ်းစားရာ၀ရပ်၌ စည်းဝေးနေထိုင်ကြသည်·ရှိသော် အစွန်ဆုံးဖြစ်သောနေရာသို့ ရောက်၏၊ ယာဂုဆွမ်း စသည်တို့ဖြင့် ပင်ပန်းနွမ်းနယ်၏၊ အရှင်သာရိပုတ္တရာမထေရ်သည် ထိုရဟန်းကြီးကို ခေါ်ယူတော်မူပြီး၍ ဒေသစာရီ လှည့်လည်ဖဲကြွတော်မူ၏၊ အစဉ်မပြတ်လည်း အသင်အား ဤအမှုကို ပြုအပ်၏၊ ဤအမှုကို မပြုအပ်ဟု အထပ်ထပ်သွန်သင် ဆုံးမတော်မူပေ၏။ ထိုရဟန်းကြီးသည် ပြောဆိုဆုံးမလွယ်သော သုဗ္ဗစ-ပုဂ္ဂိုလ်သည်ဖြစ်စေ၍ ရှိသေတုံ့ဝပ်သဖြင့် ဩဝါဒကို ခံယူ၏။ ထိုသို့ဩဝါဒကို ခံယူသောကြောင့် ပြောဆိုဆုံးမ

တိုင်း ကျင့်အပ်သည်ရှိသော် နှစ်ရက်သုံးရက်မျှဖြင့်သာလျှင် အရဟတ္တဖိုလ်သို့ ရောက်လေ၏။ အရှင် သာရိပုတ္တရာမထေရ်သည် ထိုရဟန်းကြီးကို ခေါ်ယူပြီးသောကာလ မြတ်စွာဘုရား ကိုယ်တော်မြတ်၏ အထံသို့ သွားရောက်ပြီးလျှင် ရိုသေညွတ်လျှိုး ရှိခိုးဦးချ၍ ထိုင်နေ၏။ ထိုအခါ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်က ပဋိသန္ထာရကို ပြုပြီးသောအခါ ချစ်သားသာရိပုတ္တရာ အသင်၏ အန္တေဝါသိကဖြစ်သော တပည့် ရဟန်းကြီးသည် ပြောဆိုဆုံးမ၍ လွယ်ပါ၏လောဟု မေးတော်မူသည်ရှိသော် ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား ဤရဟန်းကြီးသည် အလွန်ပင် သွန်သင်ဆုံးမ၍ လွယ်ပါသည်၊ တစ်စုံတစ်ခုသော အပြစ်ကိုပြု၍ ဆုံးမပြောဆိုသော်လည်း အမျက်ဒေါသ မာန တက်ကြွခြင်း တစ်ရံခါမျှ မရှိပါဟု အရှင်သာရိပုတ္တရာ မထေရ်က လျှောက်ထားသဖြင့် ချစ်သား သာရိပုတ္တရာ ဤသို့သဘောရှိသော သဒ္ဒိဝိဟာရိက အတူနေတပည့်ကို ရသည်ရှိသော် အဘယ်မျှလောက်သော တပည့်တို့ကို မွေးကျွေးပြုပြင် သွန်သင်ဆုံးမ သိမ်းဆည်းစောင့်ရှောက် နိုင်ပါလတ္တံ့နည်းဟု မေးတော်မူပြန်လျှင် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဤကဲ့သို့ သဘောရှိသော တပည့်တို့များစွာပင် ဖြစ်လေငြားသော်လည်း ပြောဆို ဆုံးမ သွန်သင်သိမ်းဆည်းခြင်းငှါ စွမ်းနိုင်ပါ၏ ဘုရားဟု လျှောက်ထား၏။

ထို့နောက် တစ်နေ့သောအခါ၌ တရားသဘင်ဝယ် ရဟန်းအများတို့သည် အရှင်သာရိပုတ္တရာမထေရ်သည်ကား သူပြုဖူးသော ကျေးဇူးကို အထူးဝိသေသ သိတတ်လှပေစွ၊ တစ်ယောက်ချို မျှလောက်သောဆွမ်းကို ကြည်ဖြူရွှင်လန်း လှူဒါန်းပေးကမ်းဖူးသော ကျေးဇူး ဥပကာရကို အောက်မေ့ပြီးသောကာလ ဆင်းရဲငြိုငြင် ပင်ပန်းလှသော ပုဏ္ဏားကြီးကို ရဟန်းပြု၍ ချီးမြှင့်တော်မူပေ၏။ မထေရ်သည်လည်း အဆုံးအမခန့်သော ပုဂ္ဂိုလ်ဖြစ်၍ ဆုံးမခြင်းငှာ ခန့်သော တပည့်ကိုသာလျှင် ရရှိလေ၏-ဟူသော စကားကို ဖြစ်စေကြကုန်၏။ မြတ်စွာ ဘုရားသခင်သည် ထိုရဟန်းတို့၏ စကားကို ကြားတော်မူသည်ရှိသော် ချစ်သား ရဟန်းတို့ ငါ၏ သားတော်ဖြစ်သော သာရိပုတ္တရာသည် ဤယခုအခါ၌သာ သူပြုဖူးသော ကျေးဇူးကို အထူးဝိသေသသိတတ်လှသည် မဟုတ်သေး၊ ရှေးအခါကာလကလည်း သူပြုဖူးသော ကျေးဇူးဝိသေသကို သိတတ်လှသည်သာ တည်းဟု မိန့်တော်မူပြီး၍ ထိုအကြောင်းကို ပြတော်မူအံ့သောငှါ အတိတ်ဖြစ်သော ဒုကနိပါတ် အလီနစိတ္တဇာတ်ကို ဆောင်တော်မူ၏။

## ရှင်သာရိပုတ္တရာ၏ ရှေးအကြောင်း

## အတိတ်ဝတ္ထု

## ကျေးဇူးသိတတ်လှသော ဆင်

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်မြတ်၌ ဗြဟ္မဒတ်မင်း တရားသည့် ဆယ်ပါးကုန်သော မင်း၏ ကျင့်ဝတ်တို့ဖြင့် မချွတ်ကုံလုံ ပြည့်စုံညီမှု စောင်မရှုလျက် မင်းပြုတော်မူသည်ရှိသော် ဗာရာဏသီပြည်မှ မနီးမဝေးသော အရပ်၌ ငါးရာကုန်သောလက်သမား အများတို့၏ နေရာဖြစ်သော တစ်ခုသောရွာသည် ရှိပေ၏။ ထိုရွာ၌ နေကုန်သော လက်သမားတို့သည် လှေဖြင့် အထက်မြစ်ညာသို့ ဆန်တက်သွားရောက်ပြီးလျှင် ကြီးစွာသော တောအုပ်သို့ ဝင်ရောက်၍ အိမ်၏ အဆောက်အဦအလို့ငှါ သစ်တို့ကို ရွေ့ပြီးလျှင် ထိုနေရာတောအုပ်၌ပင် ဘုံတစ်ဆင့် ဘုံနှစ်ဆင့်-စသည်ပြားကုန်သော များစွာကုန်သော အဆောက်အဦတို့ကို စီရင်၍သိတိုင် နံရံ မှစ၍ အလုံးစုံသော သစ်တို့ကို အမှတ်သညာပြုပြီးလျှင် မြစ်ကမ်းသို့ ဆောင်ယူပြီးသော် လှေထက်သို့တင်၍ အစဉ်အတိုင်းသော မြစ်ရေအလျဉ်ဖြင့် စုန်ဆင်းလိုက်လာပြီးသည်ကာလ မြို့သို့ သွားရောက်၍ အကြင်သူသည် အကြင်သို့သဘောရှိသော အိမ်တို့ကို အလိုရှိကုန်၏။ ထိုသူတို့ အလိုရှိတိုင်းသော အိမ်တို့ကို ပြုပြင်ဆောက်လုပ်၍ပေးပြီးလျှင် ရတိုင်းသောအဘိုးအခ အသပြာတို့ကိုယူပြီးသော် တဖန် ထိုအရပ်တောအုပ်သို့သာ သွားရောက်၍ အိမ်၏ အဆောက်အဦတို့ကို ဆောင်ကြပြန်၏။ ဤသို့သောနည်းဖြင့် အသက်မွေးခြင်းကို ပြုကုန်သော ငါးရာကုန်သော လက်သမားတို့အား တစ်ရံသော အခါ၌ မြို့မှပြန်သွား၍ တောအုပ်၌ သစ်ခက်တဲအိမ်ကို ဖွဲ့၍ပြုပြင်လျက် နေကုန်သည်ရှိသော် သစ်ကိုရွေကုန်သော ထိုလက်သမားတို့၏ မနီးမဝေး၌ တစ်ကောင်သောဆင်သည် ရှားသစ်ငုတ်ကို နင်းမိလေ၏၊ ရှားသစ်ငုတ်သည် ဆင်၏ခြေကို ထိုးဖေါက်သဖြင့် အားကြီးပြင်းပြ ကြင်နာလှသော ဆင်းရဲဝေဒနာ ဖြစ်ပြီးလျှင် ခြေသည်ဖူးဖူးရောင်၍ ပြည်ကို ယူလေ၏။

ထိုဆင်သည် ပြင်းစွာ ကြင်နာသော ဝေဒနာသို့ ရောက်သဖြင့် သစ်ကို ရွေကုန်သော လက်သမားတို့၏ အသံကို ကြားလျှင် ဤလက်သမားတို့ကို အမှီပြုပြီးသည့်ကာလ ငါ့အား သက်သာချမ်းသာခြင်း ဖြစ်ပေလိမ့်မည်ဟု အောက်မေ့ မှတ်ထင်လျက် သုံးချောင်းကုန်သော ခြေတို့ဖြင့် ထိုလက်သမားတို့၏ အထံသို့ သွားရောက်၍ မနီးမဝေး၌ အိပ်၏။ လက်သမားတို့သည် ဖူးဖူးရောင်သော အနာရှိသော ခြေကိုမြင်၍ အနီးကို ချဉ်းကပ်ပြီးသော် ကြည့်ရှုသည့်ကာလ ခြေ၌ စူးဝင်၍နေသော ရှားသစ်ငုတ်ကိုမြင်၍ ထက်စွာသော

ပဲကွပ်ဖြင့် သစ်ငုတ်၏ ထက်ဝန်းကျင်မှ အရေးအရစ်ကို ပြုပြီးသောအခါ ကြိုးဖြင့် ဖွဲ့ချည်ဆွဲငင်လျက် ရှားငုတ်ကိုထုတ်ပြီးလျှင် ပြည်ကိုလွှတ်စေလျက် ရေနွေးဖြင့် ဆေးကြောပြီး၍ ထိုအနာအား သင့်လျော် လျော်ကပ်သော ဆေးတို့ဖြင့် လိမ်းကျံပြီးသော် မကြာမြင့်မီပင်လျှင် အမာကို ချမ်းသာအောင် ပြုကြကုန်၏။ ဆင်သည် အနာမရှိသည်ဖြစ်၍ ကြံဆင်ခြင်သည်မှာ ငါသည် ဤ လက်သမားတို့ကို အမှီပြုပြီးသည်ကာလ အသက် ဇီဝိတိန္ဒြေကို ရအပ်ပေ၏။ ဤယခုအခါ၌ ထိုသူတို့၏ ကျေးဇူးဥပကာရကို ငါသည် တုံ့ဆပ်ပြုစခြင်းငှါ အပ်၏ ဟု ကြံဆင်ခြင်၏။ ကြံဆင်ခြင်ပြီး၍ကား ထိုအခါမှစ၍ မိမိသည် လက်သမားတို့နှင့် အတူတကွ သွာလျှင် သစ်ပင်တို့ကို ထုတ်ဆောင်၏။ သစ်ကို ရွေကုန်သော လက်သမားတို့အား သစ်ကိုလှဲလှိမ့်၍ ပေး၏။ ပဲကွပ် စသည် ဆောင်ယူ၍ ပေး၏။ နှာမောင်းဖြင့် တမျဉ်းချည်၏ အစွန်းကို ရစ်ပတ်၍ ကိုင်၏။ လက်သမားတို့သည် ထမင်းစားသောက်သော အခါ၌ တစ်ယောက် တစ်ယောက်အား တစ်ခုတစ်ခုသော ထမင်းခဲကို ဆောင်ယူလာခဲ့ကြ၍ ငါးရာ ကုန်သော ထမင်းခဲတို့ကို ပေးကုန်၏။

## သားငယ်ဆင်ဖြူတော်ကလေးကို လက်သမားတို့အား ပေးခြင်း

ထိုဆင်အား အလုံးစုံ တစ်ကိုယ်လုံး ဖွေးဖွေးဖြူသော အာဇာနည် ဖြစ်သော သားဖြစ်သော ဆင်ငယ်ကလေး တစ်ကောင်သည် ရှိ၏။ ထို့ကြောင့် ဆင်ကြီး အား ကြံဆင်ခြင်သည်မှာ ဤ ယခု အခါ၌ ငါသည် အိုမင်းကြီးရင့်လေပြီးသော အရွယ်ရောက်ခဲ့ချေပြီ။ ဤကျေးဇူးရှင် ဖြစ်ကုန်သော လက်သမားတို့၏ အမှုကို ပြုစုဆောင်ရွက် လုပ်ကိုင်စေခြင်းငှါ ငါ၏ သားငယ်ကို ဆောက်နှင်း ပေးအပ်ခဲ့ ပြီးသည်ကာလ ဖဲ့သွားခြင်းငှါ အပ်တော့သည်သာဟု ကြံ၏၊ ကြံပြီး၍ကား ထိုဆင်သည် လက်သမားတို့ကို မပြောကြားဘဲ တောသို့ဝင်၍ သားဖြစ်သော ဆင်ဖြူငယ်ကို ဆောင်ယူခဲ့ပြီးလျှင် ဤဆင်ငယ်သည် ငါ၏ သားငယ်ပေတည်း၊ အသင်တို့သည် ငါ့အား ဇီဝိတိန္ဒြေ အသက်ကို ပေးအပ်၏။ ငါသည် အသင်တို့ အား ဆေးကုခြင်း၏ အဖိုးအခအလို့ငှါ ဤဆင်ငယ်ကို ပေးပါ၏။ ဤနေ့မှ စ၍ အသင်တို့၏ အမှုကိစ္စကို ပြုပေလတ္တံ့ဟု ပြောဆိုပြီးသော အခါ မိမိသားငယ် ဖြစ်သော ဆင်ငယ်ကို အသင်သည် ဤနေ့မှစ၍ ငါသည် ပြုလုပ်အပ်သော အမှုကိစ္စကို မချွတ်မယွင်းရအောင် ပြုစု ရွက်ဆောင်လေလော့ဟု သားငယ်ကို ဆုံးမ၍ လက်သမားတို့အား ပေးအပ် ဆောက်နှင်းခဲ့ပြီးသော် မိမိသည် တောသို့ ဝင်လေ၏။ ထိုအခါမှစ၍ ဆင်ငယ်သည် လက်သမားတို့၏ စကားကိုပြုလျက် အဆုံးအမ ခံသည်ဖြစ်၍ အလုံးစုံကုန်သော အမှုကိစ္စ အဝဝတို့ကို မချွတ်မယွင်း ရအောင် ရွက်ဆောင် ပြုစုပေ၏။ လက်သမားတို့သည် ထိုဆင်ငယ်ကို ငါးရာ ကုန်သော ထမင်းခဲတို့ဖြင့် ပေးကျွေး၍ မွေးမြူကုန်၏။

ထိုဆင်ငယ်သည် အမှုကိစ္စကို ပြုပြီးသည်ရှိသော် မြစ်ဆိပ်သို့ သက်၍ ရေချိုး ကစား ပျော်မြူးပြီးလျှင် တက်လာ၏။ လက်သမား၏ သားငယ်တို့သည်လည်း ထိုဆင်ငယ်၏ နှာမောင်း စသည်တို့၌ ကိုင်ငင်ဆွဲယူ၍ ရေ၌လည်းကောင်း၊ ကုန်းကြည်း၌ လည်းကောင်း၊ ဆင်ငယ်နှင့် အတူတကွ ကစားမြူးတူးကြကုန်၏။ အာဇာနီ ဖြစ်ကုန်သော ဆင်၊ မြင်း၊ လူ တို့သည် သဘောအားဖြင့် ရေ၌ ကျင်ကြီး ကျင်ငယ် စွန့်ခြင်း မပြုကြကုန်။ ထိုကြောင့် ဒုကနိပါတ် အဋ္ဌကထာ၌–

အာဇာနိယာ ပန ဟတ္ထိနောပိ အဿာပိ ပုရိသာပိ ဥဒကေ ဥစ္စာရံ ဝါ ပဿာဝံ ဝါ န ကရောန္တိ—

ဟု မိန့်တော်မူ၏။

**အနက်ကား။** ။ပန၊ အကြောင်းထူးကို ဆိုဦးအံ့။ **အာဇာနိယာ၊ အာဇာနီ** ဖြစ်ကုန်သော။ ဟတ္ထိနောပိ၊ ဆင်တို့သည်လည်းကောင်း။ အဿာပိ၊ မြင်းတို့သည်လည်းကောင်း။ ပုရိသာပိ၊ ယောကျ်ားတို့သည် လည်းကောင်း။ ဥဒကေ၊ ရေ၌။ ဥစ္စာရံ ဝါ၊ ကျင်ကြီးကိုလည်းကောင်း။ ပဿာဝံ ဝါ၊ ကျင်ငယ်ကို လည်းကောင်း။ န ကရောန္တိ၊ မပြုကြလေကုန်။ ဤကားအနက်။

ထိုကြောင့် ၎င်းဆင်အာဇာနီသည် ရေ၌ ကျင်ကြီး ကျင်ငယ် စွန့်ခြင်းကို မပြုမူ၍မြစ်ရေမှ အပဖြစ်သော ကမ်းထက်၌သာလျှင် ကျင်ကြီးကျင်ငယ် စွန့်ခြင်း ကိုပြု၏။ထိုနေ့သော် တစ်နေ့သောနေ့၌ အထက် ဖြစ်သော မြစ်ညာဝယ် မိုးကြီး သည်းထန်စွာ ရွာသည်ရှိသော် ဆင်အာဇာနည် စွန့်ထားသော ဆင်ချေး ခြောက်ကို ရေဖြင့် လွှမ်းမိုးတိုက်ယူ မျောပါသွား၍ ဗာရာဏသီမြို့၏ မြစ်ဆိပ် တစ်ခုသော ချုံ၌ ငြိ၍တည်၏။ ထိုအခါ ပြည့်ရှင်မင်းကြီး၏ ဆင်ထိန်းတို့သည် ဆင်တို့ကို ရေချိုးစေအံ့ဟူ၍ ငါးရာကုန်သော ဆင်တို့ကို ဆောင်ယူကုန်၏။ အာဇာနီ ဆင်ချေး၏ အနံ့ကို နံ၍ တစ်ကောင်သော ဆင်မျှလည်း မြစ်သို့ သက်ဆင်းခြင်းငှါ မဝံ့လေ။ ဒုံ့လိုးစုံကုန်သော ဆင်တို့သည် အမြီးကို ပင့်မြှောက် လျက် ထွက်ပြေးခြင်းငှါ အားထုတ်ကုန်၏။ ဆင်ထိန်းတို့သည် ဆင်ဆရာတို့အား ပြောကြားကုန်၏၊ ဆင်ဆရာတို့လည်း ရေ၌ ဘေးရန်ရှိသည် ဖြစ်ပေလိမ့်မည်ဟု ရေကို သုတ်သင်စေသောအခါ ချုံ၌ ငြိတင်၍နေသော အာဇာနီဆင်၏ ချေးကို မြင်၍ ဆင်တို့သည် မြစ်သို့ မသက်ဝံ့ခြင်းသည်ကား ဤဆင်ချေးကြောင့် ဖြစ်လေ သည်ဟု သိသည်ဖြစ်၍ ရေအိုးကို ဆောင်ယူပြီးသော် ရေဖြင့် ပြည့်စေပြီးသော ကာလ ထိုဆင်ချေးကို ရေနှင့် ဖျော်နယ်ပြီးလျှင် ဆင်တို့၏ ကိုယ်တို့၌ သွန်းလောင်း လိမ်းကျံစေ၏။ ဆင်တို့၏ ကိုယ်တို့သည် ကောင်းသော အနံ့ရှိကုန်

သည်ဖြစ်၍ ထိုအခါ၌ မြစ်သို့ သက်ဆင်း၍ ရေချိုးကုန်၏။ ဆင်ဆရာတို့သည် ထိုသို့သော အကြောင်းကို မင်းကြီးအား ကြားလျှောက်၍ အရှင်မင်းမြတ် ထိုအာဇာနီဖြစ်သော ဆင်ကို ရှာဖွေ ယူဆောင်ခြင်းငှါ သင့်လျော် လျောက်ပတ် လှပါသည်ဟု ကြားလျှောက်ကုန်၏။

## ဗာရာဏသီမင်းကြီး ဆင်ဖြူတော်ရတနာကို ဝယ်ယူတော်မူခဲ့ခြင်း

မင်းကြီးသည်လည်း ကောင်းပြီဟု ဝန်ခံ၍ လှေဖောင်တို့ကို ဖွဲ့ပြီးသောအခါ အထက်မြစ်ညာသို့ ဆန်တက်လာခဲ့သဖြင့် လက်သမားတို့၏ နေရာ ဌာနသို့ ရောက်၏။ အာဇာနီ ဆင်ငယ်သည်လည်း မြစ်၌ ကစား မြူးထူးစဉ် စည်သံကို ကြား၍ တက်လာပြီးသော ကာလ လက်သမားတို့၏ အထံ၌ တည်နေ၏။ လက်သမား အပေါင်းတို့လည်း ပြည့်ရှင်မင်းမြတ်အား ဆည်းကပ်နှစ်မျိုး ခရီးဦး ကြိုဆိုလျက် အရှင်မင်းမြတ် သစ်တို့ဖြင့် အလိုရှိတော်မူပါသည် ဖြစ်ခဲ့အံ့။ အဘယ် ကြောင့် ထွက်ကြွတော် မူလာခဲ့ပါသနည်း။ မင်းချင်း ယောကျ်ားတို့ကို စေလွှတ် ပြီးသည် ကာလ ဆောင်ယူတော် မူပါလျှင် အလိုတော် ရှိသမျှကို ပြည့်ဝ လောက်လုံ အကုန်ပင် ရနိုင်ပါသည် မဟုတ်လောဟု လျှောက်ကြကုန်၏။ မင်းကြီးကလည်း အချင်း လက်သမားတို့ ငါသည် သစ်တို့ကို အလိုရှိ၍ လာခဲ့ ပေသည် မဟုတ်။ ဤဆင်ကို ဆောင်ယူခြင်း အကျိုးငှါ လာခဲ့ပေသည်ဟု မိန့်တော်မူသည် ရှိသော် ထိုသို့ တပြီးကား အရှင်မင်းမြတ်သည် အလိုရှိတော် မူတိုင်း ဆောင်ယူ၍ ကြွတော်မူပါကုန်ဟု လျှောက်ကြကုန်၏။ ဆင်ငယ်သည် သွားခြင်းငှါ အလိုမရှိသဖြင့် အို အချင်းတို့ ဤဆင်ငယ်သည် အဘယ်ကို ပြုစေ လိုဘိသနည်းဟု မေးတော်မူလျှင် အရှင်မင်းမြတ် လက်သမားတို့အား မွေးကျွေး သော အဖိုးအခကို ဆောင်ယူ၍ ပေးစေလိုပါသည်ဟု လျှောက်လျှင် မင်းကြီး လည်း အို အချင်းတို့ ကောင်းလှပေပြီ။ ဆင်၏ အမြဲလေးချောင်း နှာမောင်း အမြီးတို့၌ တစ်သိန်း တစ်သိန်းစီသော အသပြာတို့ကို ထားစေ၏။ ဆင်ငယ်သည် ဤမျှလောက်ဖြင့် မလိုက်မလာသေးသည် ရှိသော် လက်သမားတို့အား အစုံအစုံ သော ပုဆိုးအဝတ်တို့ကို ပေး၍ လက်သမား၏ သားမယားတို့အား အဝတ် ပုဆိုးတို့ကို ပေးကုန်သည်ရှိသော် ဤမျှလောက်ဖြင့် တော်သင့်ပြီဟု ကြံလျက် ဆင်သည် ဆုတ်နစ် ပြန်လည်၍ လက်သမားတို့ကိုလည်းကောင်း၊ လက်သမား တို့၏ မိန်းမတို့ကိုလည်းကောင်း၊ မိမိနှင့်ကစားဖက် အဖော်ဖြစ်ကုန်သော သူငယ် တို့ကိုလည်းကောင်း သေချာစွာ စိစစ်ကြည့်ရှု၍ မင်းကြီးနှင့် အတူတကွ လိုက်သွား၏။

မင်းကြီးသည် ထိုဆင်ကို ဆောင်ယူခဲ့၍ မြို့သို့ ရောက်သည် ရှိသော် မြို့ကိုလည်းကောင်း၊ ဆင်တင်းကုပ်ကိုလည်းကောင်း တန်ဆာ ဆင်စေ၍ မြို့ကို

လက်ျာရစ် လှည့်လည်သည်သို့ ပြု၍ ဆင်တင်၊ကုပ်သို့ သွင်းပြီးလျှင် အလုံးစုံသော တန်ဆာတို့ဖြင့် တန်ဆာဆင်စေ၍ ဘိသိက်သွန်းလောင်း စောင့်ရှောက် ထိန်းသိမ်း ဆောက်နှင်းသည်ကို ပြုပြီးလျှင် မိမိ၏ အဖော် အဆွေ ခင်ပွန်း၏ အထံ၌ ထားပြီးသည်ကာလ ထက်ဝက်သော တိုင်းပြည်ကို ဆင်အားပေး၍ မိမိနှင့် ထပ်တူထပ်မျှသော အစောင့်အရှောက်ကို ပြုပေ၏။ ဆင်အာဇာနီ ရောက်လာသော ကာလမှစ၍ မင်းအား အလုံးစုံသော ဇမ္ဗူဒိပ်ကျွန်း၌ မင်း၏ အဖြစ်သည် လက်တော်သို့ ရောက်သည်သာလျှင် ဖြစ်ပေ၏။ ထိုကြောင့် ဂုဏ်းနိပါတ်အဋ္ဌကထာ၌—

ဟတ္ထိဿ အာဂတကာလတော ပဋ္ဌာယ ရညော သကလ ဇမ္ဗုဒီပေ ရဇ္ဇံ ဟတ္ထဂတမေဝ အဟောသိ—

ဟု မိန့်တော်မူ၏။

**အနက်ကား။** ။ဟတ္ထိဿ၊ ဆင်အာဇာနီ၏။ အာဂတကာလတော၊ ရောက်လာသော ကာလမှ၊ ပဋ္ဌာယ၊ စ၍။ ရညော၊ မင်းကြီးအား။ သကလဇမ္ဗုဒီပေ၊ အလုံးစုံသော ဇမ္ဗူဒိပ်ကျွန်း၌။ ရဇ္ဇံ။ မင်း၏ အဖြစ်သည်။ ဟတ္ထဂတမေဝ၊ လက်သို့ ရောက်သည်သာလျှင်။ အဟောသိ၊ ဖြစ်လေ၏။ ဤကားအနက်။

## ဆင်အာဇာနီသည် ရန်သူ ကောသလမင်းကို တိုက်ခိုက် အောင်မြင်ခြင်း

ဤသို့သော အခြင်းအရာဖြင့် ကာလမြင့်ကြာခြင်းသို့ ရောက်သည် ရှိသော် ဘုရားအလောင်းတော်သည် ထိုဗြဟ္မဒတ်မင်း၏ မိဖုရားကြီးဝမ်း၌ ပဋိသန္ဓေ တည်နေစွဲယူလေ၏။ ထိုမိဖုရားကြီး၏ ကိုယ်ဝန်ရင့်ခြင်းသို့ ရောက်သော ကာလ မင်းကြီးသည် နတ်ရွာစံလွန်လေ၏။ ဤကဲ့သို့ မင်းကြီး နတ်ရွာစံလွန်သည်ကို အာဇာနီ ဆင်မင်းသည် အကယ်၍ သိခဲ့သည် ဖြစ်အံ့။ ထိုနေရာ၌ပင် နှလုံးပြိုကွဲ လဲ၍ သေပေရာ၏။ ထိုကြောင့် ဆင်မင်းအား မင်းကြီး၏ နတ်ရွာစံလွန်သည်၏ အဖြစ်ကို မသိစေဘဲ ပကတိ ပြုစု လုပ်ကျွေးမြဲ ဘိုင်းသာ ပြုစုလုပ်ကျွေးကုန်၏။ မင်းကြီး နတ်ရွာစံလွန်သော အဖြစ်ကို ကြားသိ၍ ဗာရာဏသီပြည်ကြီးသည် အုပ်ထိန်းသောမင်း ကင်းမဲ့၍ အချည်းနှီး ဖြစ်ခဲ့ပြီဟု ထိုဗာရာဏသီပြည်၏ အခြားမဲ့ အနီးဖြစ်သော ကောသလမင်းသည် အားကြီးစွာသော စစ်သည်ဗိုလ်ပါဖြင့် ချီတက်လာ၍ မြို့ကို ဝန်းရံ၏။ စစ်သူကြီး မှူး မတ်-စသော သူတို့သည် မြို့တံခါးတို့ကို လုံခြုံစွာ ပိတ်ထားကုန်ပြီးသော် ငါတို့ မင်းကြီး၏ မိဖုရားဝမ်းဝယ် ရင့်မာသော ပဋိသန္ဓေ ရှိလေသည်၊ ဤနေ့မှ ခုနစ်ရက်မြောက်သောနေ့၌ သား

ရတနာကို ဖွားမြင်လိမ့်မည်ဟု နိမိတ်ဖတ်တတ်သော ပညာရှိတို့က ပြောဆိုကြသည်။ မိဖုရားကြီးသည် အကယ်၍ သားရတနာကို ဖွားမြင်ခဲ့သည် ဖြစ်အံ့။ ငါတို့သည် ခုနစ်ရက်မြောက်သော နေ့၌ စစ်ဆင်လိုပါကုန်သည်၊ တိုင်းပြည်ကို မပေးလိုပါကုန်။ သို့ဖြစ်၍ ဤမျှလောက်သော ကာလကို ငံ့လင့်တော်မူကြပါကုန်လော့ဟု ကောသလမင်းကြီးအား သတင်းစကားကို ပို့ကြားစေလွှတ်လိုက်ကုန်၏။

ကောသလ မင်းကြီးလည်း ကောင်းပြီဟု ဝန်ခံ၏။ မိဖုရားကြီးသည် ခုနစ်ရက်မြောက်သော နေ့၌ သားယော်ကို ဖွားမြင်၏။ ထိုမင်းသားယော်ကို အမည်မှည့်အံ့သော နေ့သို့ ကျရောက်သည်ရှိသော် လူများအပေါင်း၏ တွန့်တိုသော စိတ်ကို ချီးမြှင့်လျက် ဖွားမြင်သောကြောင့် အလီနစိတ္တ-ဟူသော အမည်ကို ပြုကုန်၏။ ထိုမင်းသား၏ ဖွားမြင်သော နေ့မှ စ၍ မြို့သူမြို့သားအပေါင်းတို့သည် ကောသလမင်းကြီးနှင့် အတူတကွ စစ်ထိုးကြကုန်၏။ အကြီးအမှူး ဦးစီးကင်းမဲ့သည် အဖြစ်ကြောင့် များစွာလည်း ဖြစ်သော စစ်သည်သည် စစ်ထိုးသည်ရှိသော် အနည်းငယ် အနည်းငယ် ဆုတ်နစ်၏။ အမတ်တို့သည် မိဖုရားကြီးအား ထိုအကြောင်းကို ကြားပြီးသော် အရှင်မိဖုရား အကျွန်ုပ်တို့သည် ဤသို့ ဆုတ်နစ်သည်ရှိသော် စစ်သည်အပေါင်းတို့သည်လည်း မင်းမရှိသည်၏ အဖြစ်ကြောင့် ကြောက်ရွံ့ကုန်၏။ ငါတို့၏ မင်းကြီး နတ်ရွာစံလွန်သည်ကိုလည်းကောင်း၊ သားတော် ဖွားမြင်သည်၏အဖြစ်ကိုလည်းကောင်း၊ ကောသလမင်းကြီး လာရောက်၍ စစ်ဆင်ထိုးရသည်၏ အဖြစ်ကိုလည်းကောင်း မင်းကြီး၏ မင်္ဂလာဆင်တော်သည် တစ်စုံတစ်ခုကိုမျှ မသိရပါ။ ထိုမင်္ဂလာဆင်တော်ကို သိစေကုန်သော်သာ သင့်လျော်ပါမည်ဟု ကြားလျှောက်ကုန်၏။

မိဖုရားကြီးလည်း ကောင်းပါပြီဟု ဝန်ခံ၍ သားယော်ကို တန်ဆာ ဆင်ယင်ပြီးသော် ဘွဲ့ဖြူပုဆိုး ခေါင်းခုပေါ်၌ အိပ်စေလျက် ပြာသာဒ်မှ ဆင်းသက်ပြီးလျှင် အမတ်အပေါင်းတို့ဖြင့် ခြံရံ၍ ဆင်တင်းကုပ်သို့ သွားရောက်ပြီးသော် ဘုရားအလောင်း မင်းသားယော်ကို ဆင်တော်၏ ခြေရင်း၌ အိပ်စေ၍—

> သာမိ သဟာယော တေ ကာလကတော၊ မယံ တုမှာကံ ဟဒယဖလနဘယေန နာရောစယိမှာ၊ အယံ တေ သဟာယဿ ပုတ္တော၊ ကောသလရာဇာ အာဂန္တွာ နဂရံ ပရိဝါရေတွာ ဇာဝ ပုတ္တေန သဒ္ဓိံ ယုဇ္ဈတိ၊ ဗလံ ဩသက္ကတိ၊ တဝ ပုတ္တံ တွညေဝ မာရေဟိ၊ ရဇ္ဇံ ဝါ ဇဿ ဂဏှိတွာ ဒေဟိ—

ဟူသော ပါဠိတို့ဖြင့် ပြော၏။

**အနက်ကား။** ။သာမိ၊ အရှင်ဆင်မင်း။ တေ၊ အသင် ဆင်မင်း၏။ သဟာယော၊ တိုင်းပြည်ခွဲဝက် ပေးလျှက်ကြည့်မြော် အဖော်ခင်ပွန်း ကျွမ်းဝင်ပေငြား ထွတ်မင်းဖျားသည်။ကာလကိရိယာတော၊နတ်ရွာပြောင်းကျွန် စံလွန်တော် မူခဲ့လေပြီ။ မယံ၊ အကျွန်ုပ်တို့သည်။ တုမှာကံ၊ အရှင်ဆင်မင်းတို့၏။ ဝါ၊ အရှင်ဆင်မင်းတို့အား။ ဟဒယဖလနဘာဧယန၊ ချစ်သူသေဆုံး ညှိုးပိန်ချုံး၍ နှလုံးကွဲအံ့သည်မှ စိုးရိမ်ကြောက်ရွံ့သဖြင့်။ နာရောစယိမှာ၊ ရှင်ဆင်မင်းအား ကြောင်းမကြားဘဲ ဖုံးဝှက်၍ ထားပါကုန်၏။ အယံ ဒါရကော၊ တန်ဆာဆင်ယင် သွင်ပြင်နုနယ် ဤသူငယ်ကလေးသည်။ ဘော၊ သင်ဆင်မင်း၏။ သဟာယဿ၊ ချစ်ကျွမ်းဝင်လျှင်း အဖော်မင်း၏။ ပုတ္တော၊ သည်းတွင်းနှလုံး ယူကျုံးဘိလား ရင်သွေးသားပါတည်း။ကောသလရဇာ ပစ်ဘိုင်းပြည်က ကောသလမင်းကြီးသည်။အာဂန္တွာန၊ စစ်သည်ဗိုလ်ပါ များစွာလုံလောက် ခုလာရောက်၍။ နဂရံ၊ မြို့ကို။ ပရိဝါရေတွာ၊ ထက်ဝန်းကျင်ဝန်းရံ၍။ တဝ၊ အရှင်ဆင်မင်း၏။ ပုတ္တေန၊ နုနယ်ပျိုထွား သူငယ်သားနှင့်။ သဒ္ဓိံ၊ အတူတကွ။ ယုဇ္ဈတိ၊ စစ်ဆင်၏။ ဗလံ၊ စစ်သည်ဗိုလ်ပါသည်။ ဩသက္ကတိ၊ ဆုတ်နစ်ခဲ့၏။ တဝ၊ အရှင်ဆင်မင်း၏။ ပုတ္တံ၊ နုနယ်ပျိုထွား သူငယ်သားကို။ တုမှေ၊ အရှင်ဆင်မင်းသည်သာလျှင်။ မာရေဟိ ဝါ၊ ရန်သူ၏လက် သေသည်ထက်လည်း အထက်တန်းကျ သေလွန်ရအောင် သတ်ချမူလည်း သတ်ချတော်မူပါလေလော့။ တဿ၊ ထိုသားသူငယ်၏။ ဝါ၊ သားသူငယ်အား၊ ရဇ္ဇံ ဝါ၊ မင်းအဖြစ်ကိုမူလည်း။ ဂဏှိတွာ၊ ယူ၍။ ဒေဟိ၊ ပေးသနားတော်မူပါလော့။ ဤကားအနက်၊

**အဓိပ္ပါယ်ကား။** ။အရှင်ဆင်မင်း၏တိုင်းပြည်ကို ခွဲဝက်ပေးပြီးသည်ကာလ စောင့်ရှောက် ပြုစုတော်မူသော အဖော်ခင်ပွန်း ဖြစ်သောမင်းကြီးသည် နတ်ရွာပြောင်းကျွန် စံလွန်တော် မူခဲ့လေပြီ၊ အကျွန်ုပ်တို့သည် အရှင် ဆင်မင်းအား ချစ်သူသေဆုံး ညှိုးပိန်ချုံး၍ နှလုံးကွဲအံ့သည်မှ ရွံ့ကြောက်သဖြင့် အရှင်ဆင်မင်းအား အကြောင်းမကြားဘဲ ဖုံးဝှက်၍ ထားပါကုန်သည်။ တန်ဆာဆင်ယင် သွင်ပြင်နုနယ် ဤသူငယ်ကလေးသည်ကား အရှင်ဆင်မင်း အဖော်ခင်ပွန်းဖြစ်ပေသော ပြည့်ရှင်မင်းမြတ်၏ သည်းတွင်း နှလုံး ယူကျုံးဘိသောလား ရင်သွေးသားပါတည်း၊ တခြားသော တိုင်းပြည်က ကောသလမင်းကြီးသည် များစွာကုန်သော စစ်သည်ဗိုလ်ပါတို့နှင့်တကွ လာရောက်ပြီးသည်ကာလ တိုင်းပြည်ကို ထက်ဝန်းကျင် ဝန်းရံ၍ ထားပါကုန်သည်၊ အရှင်ဆင်မင်း၏ သားငယ်စစ်သည်တို့နှင့် ကောသလမင်းတို့ စစ်ချင်းရင်ဆိုင် ဆိုင်ပြိုင်တိုက်ခိုက်သည်ရှိသော် အရှင်သားတော် စစ်သည်တို့က ဆုတ်နစ်၍ ရှိပါချေသည်၊ အရှင်ဆင်မင်း၏သားတော်ကို အရှင်ဆင်မင်းနတ်ရွာစံလွန်သော အဖော်ခင်ပွန်းကို ရည်ညွှန်းသောက်သား၍ ကြိုးစားစောင့်ရှောက်တော်မူ

ပါလော့၊ အရှင်မှ မဆောင့်ရောက်သည် ရှိသော် ဤသူငယ်သည် ရန်သူ့လက်၌ ငယ်အသက်သေဆုံး လုံးလုံးတိုင်းပြည်ကြီး ပျက်စီးရမည်ဖြစ်ခဲ့ပါလျှင် အရှင်သည်သာ ဤသူငယ်ကို သတ်တော်မူပါလော့၊ သို့မဟုတ်ငြား အသင့်သားဖြစ်သော ဤသူငယ်ကို ဖခင်၏အမွေဖြစ်သော ထီးနန်းစည်းစိမ်ကို ရန်သူ့လက်ထဲမှ ဆွဲငင်ယူဆောင်၍ပေးပါလော့ဟု ပြောဆို၏။

မိဖုရားပြောဆိုသောစကားကို ကြားသိသောထိုအခါ၌ ဆင်မင်းသည် ဘုရားလောင်း သူငယ်ကို နှာမောင်းဖြင့် သုံးသပ်၍ မြောက်ပင့်ပြီးသောကာလ ဦးကင်းထက်သို့ တင်ထားပြီးသော် သည်းစွာငိုကြွေး၍ ဘုရားလောင်းကို ချထားပြီးသော် မိဖုရား၏လက်၌ အိပ်စေပြီးလျှင် ကောသလမင်းကြီးကို ဖမ်းယူအံ့ဟု ဆင်တင်းကုပ်မှ ထွက်၏၊ ထိုအခါ အမတ်တို့သည် စစ်ဝတ်တန်ဆာတို့ကို ဆင်ယင်ဝတ်စားလျက် ဆင်တော်ကို တန်ဆာဆင်၍ မြို့တံခါးကို ဖွင့်ပြီးလျှင် ဆင်တော်ကို ခြံရံပြီးသည့်ကာလ ထွက်ကြကုန်၏။ ဆင်တော်သည် မြို့မှ ထွက်ပြီးသော် ကြိုးကြာသံကဲ့သို့ပြု၍ လူအများအပေါင်းကို ထိတ်လန့်တုန်လှုပ်ထွက်ပြေးစေ၍ စစ်သည်အပေါင်းကို ခွဲစင်ပြီးသောကာလ ကောသလမင်းကြီး၏ ဦးစွန်း၌ ဆွဲငင်၍ ဆောင်ယူလာပြီးလျှင် ဘုရားလောင်း၏ ခြေရင်း၌ ဝပ်စေ၍ မင်းကြီးကို သတ်ဖြတ်ခြင်းငှါ ထကြွကုန်သော သူတို့ကို တားမြစ်ပြီးသော် ဤအခါမှစ၍ မမေ့မလျော့သည် ဖြစ်လေလော့၊ မင်းသားသည် သေးငယ်၏ဟု မထေမဲ့မြင် မပြုလေလင့်ဟု ဆုံးမပြီးလျှင် လွှတ်လိုက်၏။ ထိုအခါမှစ၍ အလုံးစုံသော ဇမ္ဗူဒိပ်ကျွန်း၌ မင်း၏အဖြစ်သည် ဘုရားအလောင်း လက်သို့ ရောက်သည်ဖြစ်လေ၏။ ရန်သူဖြစ်၍ ထကြွဝံ့သောတစ်စုံတစ်ယောက်မျှသော မင်းမည်သည် မရှိလေ၊ ဘုရားလောင်းသည် ခုနစ်နှစ်ရှယ်သို့ ကျရောက်သော ကာလ၌ အဘိသိက်သွန်းခြင်းသို့ရောက်၍ အလီနစိတ္တမင်းဟူသော အမည်ရှိ၍သာလျှင် တရားသဖြင့်မင်းပြု၍ အသက်၏အဆုံး၌ နတ်ပြည်သို့ လားရလေ၏။ မြတ်စွာဘုရားသခင်သည် ဤသို့သော အတိတ်ဇာတ်ကို ဆောင်တော်မူ၏။ ဘုရားဖြစ်တော် မူပြီး၍သာလျှင်—

အလီနစိတ္တံ နိဿာယ၊ ပဟဋ္ဌာ မဟတီ စမူ။
ကောသလံ သေနာ သန္တုဋ္ဌံ၊ ဇီဝဂ္ဂါဟံ အဂါဟယိ။
ဧဝံ နိဿယ သမ္ပန္နော၊ ဘိက္ခု အာရဒ္ဓဝီရိယော။
ဘာဝယံ ကုသလံ ဓမ္မံ၊ ယောဂက္ခေမဿ ပတ္တိယာ။
ပါပုဏေ အနုပုဗ္ဗေန၊ သဗ္ဗသံယောဇနက္ခယံ—

ဟူသော ဂါထာတို့ကို ဟောတော်မူ၏။

**အနက်ကား**။ ။ ဘိက္ခု၊ ရဟန်း။ မဟတိ။ များစွာသော။ စမ္မူ၊ ဗာရာဏသီ စစ်သည်အပေါင်းသည်။ အလီနစိတ္တံ၊ အလီနစိတ္တမင်းသားကို။ နိဿာယ၊ အမှီချ၍။ နော၊ ငါတို့၏။ ပဝေဏိရဇ္ဇံ၊ ငါတို့မင်းရိုး စိုးမိုးကွန့်သွယ် အနွယ်အဆက်ဖြစ်သော တိုင်းပြည်ကို။ လဒ္ဓတ္တိ၊ ရပေတော့မည်ဟု။ ပဟဋ္ဌာ၊ ရွှင်ရွှင် လန်းလန်း ဝမ်းပန်းတသာ ကောင်းစွာ ဖြစ်လတ်၍။ သေန၊ မိမိ၏ ဉစ္စာဖြစ်သော။ ရဇ္ဇေန၊ တိုင်းပြည်ဖြင့်။ အသန္တုဋ္ဌံ၊ မရောင့်ရဲမူ၍။ ပရရဇ္ဇလောဘေန၊ သူတစ်ပါး တိုင်းပြည်ကို လိုချင်ငန်းငန်း စွဲလမ်းနှစ်သက်ရမက်ကပ်သဖြင့်။ အာဂတံ၊ စစ်သည်ဗိုလ်ပါ စုရုံးကာဖြင့် ချီလာသော။ ကောလလံ၊ လောသလမင်းကို။ ဇီဝဂ္ဂါဟံ၊ အသက်မသတ် လပ်လပ်ငန်းငန်း အရှင်ဖမ်းသည်ကို။ အဂါဟယီယထာ၊ ဆင်မင်းကို ဖမ်းစေဘိသကဲ့သို့။ ဧဝံ တထာ၊ ထိုအတူ။ ယောဂက္ခေမဿ၊ ယောဂလေးတန် ကုန်ငြိမ်းမှန်သော နိဗ္ဗာန်ပြည်မြတ်သို့။ ပတ္တိယာ၊ ရောက်ခြင်းငှါ၊ ကုသလံ၊ အပြစ်ကင်းမှောင်း ကောင်းသောအကျိုးကို ပေးခြင်းလက္ခဏာရှိသော။ ဓမ္မံ၊ သုံးဆယ့်ခုနစ်ပါး ဗောဓိပက္ခိယတရားကို။ ဘာဝယံ ဘာဝယန္တော။ နေ့ညမကွေ့ ပွါးများစေသော။ နိဿယ သမ္ပန္နော၊ ကလျာဏမိတ္တ သပ္ပုရိသမည် အမှီကောင်းနှင့် ပြည့်စုံသော။ အာရဒ္ဓဝီရိယော၊ မနှစ်မဆုတ် အားထုတ်အပ်သော သမ္မပ္ပဓာန လုံ့လလေးအင် ပြည့်စုံလင်သော။ ဘိက္ခု၊ ဖြူစင်သီလ ပြည့်ဝစုံလင်သော သီလရှိသော ပုဂ္ဂိုလ်သည်။ အနုပုဗ္ဗေန၊ ဝိပဿနာဉာဏ် မဂ်ဉာဏ်ဖိုလ်တည် အစဉ်အားဖြင့်။ သဗ္ဗသံယောဇနက္ခယံ၊ ကြွင်းမဲ့ညှိုး အလုံးစုံသော သံယောဇဉ်တို့၏ ကုန်ရာဖြစ်သော အရဟတ္တဖိုလ်သို့၊ ပါပုဏေ၊ လျင်မြန်ထုတ်ချောက် ရောက်ပေရာ၏။ ဤကားအနက်။

## အလီနစိတ္တဇာတ်တော် ပေါင်းခြင်း

ဤသို့ မြတ်စွာဘုရားသခင်သည် အမြိုက်နိဗ္ဗာန်လျှင် အထွတ်တပ်သော ဒေသနာတော်ဖြင့် ဟောကြားတော်မူပြီးသော် ထိုထက်လွန်မှာ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကိုပေါင်းတော်မူ၏။ ချစ်သား ရဟန်းတို့…ထိုအခါကာလက အလီနစိတ္တမင်းသား၏ မယ်တော် မိဖုရားကြီးသည် ယခုအခါ ငါဘုရား၏ မယ်တော်ရင်းစစ် ဖြစ်ပေသော မဟာမာယာဒေဝီ မိဖုရားကြီးဖြစ်လာ၏၊ ထိုအခါကာလက ဗာရာဏသီပြည်ကို အစိုးရတော်မူသော ဗြဟ္မဒတ်မင်းကြီးသည် ယခုအခါ ကပိလဝတ်ပြည်ကို အစိုးရတော်မူသော ခမည်းတော် သုဒ္ဓေါဒနမင်းကြီးဖြစ်လာ၏။ အလီနစိတ္တမင်းသားအား တိုင်းပြည်ကိုယူ၍ ပေးပေသော မင်္ဂလာဆင်တော်သည် ယခုအခါ စွန့်လွှတ်အပ်သော ဝီရိယရှိသော ရဟန်းငယ် ဖြစ်လာ၏။ အနီးဖြစ်သော ကောသလမင်းသည် ယခုအခါ ငါ၏သားတော်

မောဂ္ဂလာန်ဖြစ်လာ၏။ အလီနစိတ္တမင်းသားသည် ငါဘုရားပင်တည်း။ ထိုအခါ ကာလက လတ်သမားတို့သည် ခြေ၏အနာရောဂါ မရှိစေဘဲ မိမိအားပြုအပ်သော ကျေးဇူးဥပကာရကိုသိ၍ အလုံးစုံ ကိုယ်လုံးဖွေးဖွေးဖြူသော ဆင်ငယ်ကို ပေးသော တစ်ကောင်တည်း လှည့်လည်ကျက်စား သွားလာလေ့ရှိသော ဆင်ကြီးသည် ငါ့သားတော် သာရိပုတ္တရာ ဖြစ်လာသည်ဟု ဤသို့သောအခြင်း အရာဖြင့် မထေရ်ကို အကြောင်းပြု၍ အလီနစိတ္တဇာတ်ကို ဟောကြားတော်မူပြီး သောအခါ ရာဓမထေရ်ကို အကြောင်းပြုတော်မူ၍ ချစ်သား ရဟန်းတို့ ရဟန်း မည်သည်ကား ရာဓမထေရ်ကဲ့သို့ ပြောဆိုဆုံးမလွယ်သည် ဖြစ်ပေရာ၏။ အပြစ် အာစာရကိုပြ၍ ပြောဆိုဆုံးမသဖြင့်လည်း အမျက်ကို မထွက်စေအပ်၊ အဆုံးအမ ဩဝါဒပေးလာသူကို ရတနာရွှေအိုးကို လက်ညှိုးညွှန်ထား ပြောကြားလာသော သူကဲ့သို့ မှတ်ရမည်ဟု မိန့်တော်မူပြီးသော် အနုသန္ဓေကို စပ်တော်မူ၍ တရား တော်ကို ဟောကြားတော်မူလိုသောကြောင့်—

၇၆။ နိဓီနံဝ ပဝတ္တာရံ၊ ယံ ပဿေ ဝဇ္ဇဒဿိနံ။
နိဂ္ဂယှဝါဒိံ မေဓာဝိံ၊ တာဒိသံ ပဏ္ဍိတံ ဘဇေ။
တာဒိသံ ဘဇမာနဿ၊ သေယျော ဟောတိ န ပါပိယော—

ဟူသော ဤဂါထာတို့ကို ဟောကြားတော်မူ၏။

## ဒေသနာတော်၏ အကျိုးအာနိသင်

ဒေသနာတော်၏အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်လေကုန်၏။

**အနက်ကား။** ။ဝဇ္ဇဒဿိနံ၊ မိမိပြုကျင့် သင့် မသင့်၏ ထောက်ချင့် စိစစ် အပြစ်ကို ဖော်ပြ ပေတတ်ထသော။ နိဂ္ဂယှဝါဒိံ၊ မိမိပြုကျင့် မှုမသင့် ကို ပစ်လှင့်နှိပ်စက်၍ ဆိုပေတတ်သော။ မေဓာဝိံ၊ ကြောင်းကျိုး မြင်သိ ပညာရှိကို။ နိဓိနံ၊ မျက်စိမမြင် မထင်ကွယ်မြုပ် မြှုပ်နှံ၍ ထားအပ်သော ရတနာ ရွှေအိုးကို။ ပဝတ္တာရံ ဣဝ၊ ဤကားရွှေအိုး လက်ညှိုးညွှန်ထား ပြောကြား လာသော သူကဲ့သို့။ ယံ ပဿေ၊ နှလုံးရင်ပန်း လန်းလန်းရှင်ရှင် အကြင်မှတ်ပိုက် ရှုခြင်းငှါ ထိုက်၏။ တေန ဒဿနာရဟေန၊ ထိုသို့မှတ်ပိုက် ရှုထိုက်သောကြောင့်။ တာဒိသံ၊ အပြစ်မြင်လျက် ပယ်ဖျက်လိုစိတ် နှိပ်စက်၍ ဆုံးမတတ်သော ထိုသို့ သဘောရှိသော။ ပဏ္ဍိတံ၊ ကြောင်းကျိုးမြင်သိ ပညာရှိကို။ ဘဇေ၊ မှီဝဲဆည်းကပ် ရာ၏။ တာဒိသံ၊ ထိုသို့သဘောရှိသော။ ပဏ္ဍိတံ၊ ပညာရှိကို။ ဘဇမာနဿ၊ မြတ်နိုးငုံမက် နှစ်သက်မပြတ် ဆည်းကပ်သောသူအား။ သေယျော၊ လောကီ

လောကုတ္တရာ နှစ်ဖြာကျိုးစပ် ပွားများလတ်၍ မြတ်သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ ပါပိယော၊ လောကီလောကုတ် အကျိုးမြဲ့ပ်၍ ယုတ်မာသည်။ နဟောတိ၊ မဖြစ်။ ဤကား အနက်။

[ဤဝတ္ထု၌ အလီနစိတ္တမင်းသားဝတ္ထုကို ဆောင်ရ်ေဝယ် ဤဓမ္မပဒ အဋ္ဌကထာမှာ အရှင်သာရိပုတ္တရာ မထေရ်ကို အကြောင်းပြု၍ ဟော တော်မူသည်ဟု မိန့်မှာတော်မူ၏။ ဒုကနိပါတ် အလီနစိတ္တဇာတ် အဖွင့် ဖြစ်သော နိပါတ်အဋ္ဌကထာမူကား ဇွန်လွှတ်သော ဝီရိယရှိသော အညတရရဟန်းတစ်ပါးကို အကြောင်းပြုသောအားဖြင့် ဟောကြား တော်မူသည်ဟု မိန့်တော်မူခဲ့၏။ အကြောင်းကို ဆင်ခြင်ကြပါလေကုန်။ ဤကား အမှာ။]

ဓမ္မပဒပဏ္ဍိတဝဂ်၌ ဒွေးဦးစွာ ရာဓမထေရ်၏ ဝတ္ထုစကားအစဉ်ကား

ဤတွင်ရှေ့ ပြီး၏။

---

## ၂။ ဒ္ ဿဇိပုနဗ္ဗသုကတို့ အကြောင်း

### ပစ္စုပ္ပန်ဝတ္ထု

ဩဝဒေယျ— ဤသို့စသည် ဓမ္မဒေသနာ ပါဠ်ဂါထာကို တဏှာရစ်ဝုစ် မောဟ အုပ်၍ ငုပ်တုပ်မှောက်လှန် ရောက်ရက်ဆန်မျှ ပြင်းထန်ဒုက္ခ ခံစားရသော ဝေနေယျသတ္တဝါကို ရာဟုလာ ရင်သွေးနှင့် မရွေးထပ်တူ သနားတော်မူလှ သဖြင့် ပြောထူများစွာ ဒွေမူလမှ မုချထွက်မြောက်ရာ ဒေသနာလမ်းစဉ်ဖြင့် သွန်သင်ဆုံးမတတ်သော သကတ်ဂုဏ်ရိပ် ဝိသိဋ္ဌထောမနာကြောင့် သတ္တာ မည်တော်မူသော မြတ်စွာဘုရားသခင်သည် ပြည့်ခွင်ဘုမ္မိ သာဝတ္ထိတောင်စွန် ဇေတဝန်ရွှေကျောင်း၌ ကိန်းအောင်းတော်မူစဉ်အခါ ကီဋာဂိရိ ဇနပုဒ်၌ မျှပိုက်၍ နေလေ့ရှိကုန်သော အဿဇိပုနဗ္ဗသုက ရဟန်းတို့ကို ရည်မှန်းသမှု အကြောင်းပြုသောအားဖြင့် ဟောကြားတော်မူခဲ့ပေသတည်း။ ဒေသနာသည် ကား ကီဋာဂိရိဇနပုဒ်၌ ဖြစ်၏။

### အကြောင်း အတ္ထုပ္ပတ္တိ အစဉ်ကား ဤသို့တည်း

ထိုအဿဇိပုနဗ္ဗသုက ရဟန်းတို့သည် အဂ္ဂသာဝကအစစ် ဖြစ်တော်မူသော အရှင်သာရိပုတ္တရာမထေရ်မြတ်၏ အတူနေတပည့်တို့ပေတည်း။ ယင်းသို့ အရှင် သာရိပုတ္တရာမထေရ်၏ အတူနေတပည့်တို့ ဖြစ်သော်လည်း ထိုရဟန်းတို့သည် အရှက်မရှိ၊ ယုတ်မာပျက်စီးသော အကျင့်ရှိသော အလဇ္ဇီတို့သည်ဖြစ်၍ မိမိ၏

အခြံအရံဖြစ်သော ငါးရာကုန်သော ရဟန်းတို့နှင့်တကွ ကိဋာဂိရိ၌ နေကုန်လျက် မိမိတို့ကိုယ်တိုင် ပန်းပင်ကို စိုက်ပျိုးခြင်း သူတပါးကို စိုက်ပျိုးစေခြင်း အစရှိကုန်သော အထူးထူးအပြားပြား များစွာကုန်သော မပြုမကျင့်ထိုက်သော အနာစာရကို ပြုကျင့်ကုန်လျက် ဒါယကာတို့၏ သဒ္ဓါတရားကို ဖျက်ဆီးခြင်း ကုလဒူသကအမှုကို ပြုပြီးသောအခါ ထိုအနေသန ကုလဒူသကအမှုဖြင့် ရအပ်ကုန်သော ပစ္စည်းတို့ဖြင့် အသက်မွေးခြင်းကို ပြုကုန်လျက် ထိုကျောင်း အရိပ်အာဝါသကို သီလကိုချစ်မြတ်နိုးကုန်သော သီလဝန္တရဟန်းသံဃာတော်တို့ နေနိုင်ဖွယ်ရာသော သဘောမရှိလေသဖြင့် သီလဝန္တ ရဟန်းသံဃာတော်တို့မှ ကင်းဆိတ်အောင် ပြုကုန်ဘိ၏။

မြတ်စွာဘုရားသခင်သည် ထိုသို့သော အကြောင်းကို ကြားတော်မူ၍ ထိုအသဉ်ပုနဗ္ဗသုက ရဟန်းတို့အား ပဗ္ဗာဇနီယကံကို ပြုခြင်းငှါ တပည့် အခြံအရံနှင့် တကွကုန်သော နှစ်ပါးကုန်သော အဂ္ဂသာဝက တို့ကို ခေါ်တော်မူ၍ ချစ်သား သာရိပုတ္တရာ အသင်တို့သည် သွားတဲ့ကြကုန်။ ထိုရဟန်းတို့တွင် အကြင်ရဟန်းတို့သည် အသင်တို့၏စကားကို လိုက်နာခြင်းကို မပြုကုန်၊ ထိုရဟန်းတို့အား ပဗ္ဗာဇနီယကံကို ပြုကြကုန်လော့၊ အကြင်ရဟန်းတို့သည် အသင်တို့၏ စကားကို လိုက်နာခြင်း ပြုကုန်၏။ ထိုရဟန်းတို့ကိုသာလျှင် ပြောဆိုဆုံးမကြကုန်လော့၊ ချစ်သား ရဟန်းတို့ ထိုစကား မှန်၏၊ ပြောဆိုဆုံးမ သွန်သင်ပြသသော သူကို ပညာကင်းရှင်း မိုက်ဖျင်းနုတ်စွာ သူယုတ်မာတို့သည်သာ ပညာသတိ မရှိသည်အလိုက် မကြိုက်မနှစ်သက် စုံမက်မြတ်နိုးခြင်း မရှိလေသည်၊ ပညာသတိ ရှိသူအပေါင်း သူတော်ကောင်းတို့အားကား နှစ်သက်မြတ်နိုးတိုး၍ စုံမက်ခြင်း ဖြစ်သည်သာလျှင်တည်းဟု အနုသန္ဓေကို စပ်တော်မူပြီး၍ တရားတော်ကို ဟောကြားတော် မူလိုသောကြောင့်—

၇၇။ ဩဝဒေယျာနုသာသေယျ၊
အသဗ္ဘာ စ နိဝါရယေ။
သတံ ဟိ သော ပိယော ဟောတိ၊
အသတံ ဟောတိ အပ္ပိယော–

ဟူသော ဒေသနာတော်မြတ်ကို ဟောကြားတော်မူ၏။

အနက်ကား။ ။ဩဝဒေယျ၊ အမှုရောက်ခါ မျက်မှောက်သာလျှင် ကောင်းစွာညွှန်ပြ ဆိုဆုံးမရာ၏။ အနုသာသေယျ၊ မှုမရောက်မီ ကြောင်းကျိုးချီလျက် အလီလီအသွယ်သွယ် မျက်ကွယ်ညွှန်ပြ ဆိုဆုံးမရာ၏။ အသဗ္ဘာ စ၊ သူတော်မဟုတ်ကုန် လူယုတ်ကျင့်ကြံ မကောင်းကံမှုလည်း။ နိဝါရယေ၊ ပြောဆို

ညွှန်ထား အကြောင်းအားဖြင့် ဟားမြစ်ပေရာ၏။ သော၊ ထိုသို့ဆုံးမ ညွှန်ပြ ပြောဆိုတတ်သောသူကို။ သတံ၊ သပ္ပုရိသ ပဏ္ဍိတအပေါင်းတို့၏။ ဝါ၊ ပဏ္ဍိတ အပေါင်းတို့ သည်။ ပိယော၊ ခင်မင်တပ်မက် နှစ်သက်မြတ်နိုးအပ်သည်။ ဟောတိ၊ ဖြစ်၏။ အသတံ၊ သူတော်မဟုတ် သူယုတ်ဘို့၏။ ဝါ၊ လူသူယုတ်တို့သည်။ အပ္ပိယော၊ မချစ်မတပ် မမြတ်နိုးအပ်သည်။ ဟောတိ၊ ဖြစ်၏။ ဤကား ဒေနက်။

## ဒေသနာတော်၏ အကျိုးအာနိသင်

ထိုဒေသနာပါဠ်ဂါထာ၏ အဆုံး၌ များစွာကုန်သော သူတို့သည် သောတာ ပတ္တိဖိုလ် စသည်တို့သို့ ရောက်ကုန်၏။ အရှင်သာရိပုတ္တရာ, အရှင်မောဂ္ဂလာန် တို့သည်လည်း တပည့်နောက်ပါ သံဃာတော်များနှင့်တကွ ထိုကီဋာဂိရိ နေပုဒ်သို့ ကြွသွားတော်မူကြ၍ မြတ်စွာဘုရား ပေးသနားတော်မူအပ်သော နည်းဖြင့် ထိုရဟန်းတို့ကို ဆုံးမတော်မူကြကုန်၏။ ထိုကီဋာဂိရိ၌ နေကုန်သော ရဟန်းတို့တွင် အချို့ကုန်သော ရဟန်းတို့သည် အဆုံးအမ ဩဝါဒကို လိုက်နာခံယူ၍ ကောင်းစွာ ကျင့်ဆောင်ကြကုန်၏၊ အချို့ကုန်သော ရဟန်းတို့သည် လူထွက်ကုန်၏။ အချို့ကုန်သော ရဟန်းတို့သည် ပဗ္ဗာဇနီယကံသို့ ရောက်ကုန်၏။

[ဤအရာကို ပါရာဇိကဏ် ပါဠိတော် အနေသန ကုလဒူသကသိက္ခာ ပုဒ် ဝင်းအဋ္ဌကထာတို့၌ အကျယ်ချဲ့စွာပင် ဆိုသေး၏။ ကျေးဇူး အထူးများအံ့ မထင်သောကြောင့် မချဲ့လိုက်ပြီ၊ အကျယ်ကို ၎င်း မှာယူ။ ဤကားအမှာ။]

ဓမ္မပဒပဏ္ဍိတဝဂ်၌ နှစ်ခုမြောက်သော အဿဇိပုနဗ္ဗသုကရဟန်းတို့၏ ဝတ္ထုစကားစဉ်ကား ဤတွင်ရွှေ ပြီး၏။

---

## ၃။ ဆန္နမထေရ် အကြောင်း

### ပစ္စုပ္ပန်ဝတ္ထု

န ဘဇေ ပါပကေ မိတ္တေ– အစထွေသော ဤဒေသနာ ပါဠ်ဂါထာကို သတ္တာဝါဝေနေ ဗိုလ်ချေတစ်သင်းတို့ကို လွှမ်းမင်းအတန်တန် ပူပန်စေတတ် နှိပ်စက် တတ်လျက် မပြတ်ပြောင်းပြောင် ပူလောင်တတ်သော ရာဂ အစရှိသော မီးတစ်ဆယ့်တစ်ပါးတို့ကို ဟန့်တားပယ်သတ် ငြိမ်းစေတတ်သော တရားမြတ် ရေစင်ကို တသွင်သွင် စီးလျှောစေလျက် ဆုံးမတော်မူသော သကတ်ဂုဏ်ရိပ် ဝိသိဋ္ဌထောမနာကြောင့် သတ္တာမည်တော်မူသော မြတ်စွာဘုရားသခင်သည်

ပြည်ခွင်ဘုမ္မိ သာဝတ္ထိတောင်စွန် ဇေတဝန်ရွှေကျောင်း၌ ကိန်းအောင်းတော်မူလျက် ဖွားဖက်တော်မည် အရှင်ဆန္နမထေရ်ကို မျှရည်သမှု ကြောင်းပြုသော အားဖြင့် ဟောကြားတော်မူခဲ့ပေသတည်း။

## အကြောင်း အတ္ထုပ္ပတ္တိအစဉ်ကား ဤသို့ပေတည်း

ငါတို့ ဘုရားအလောင်းတော်သည်ႉ တုသိတာနတ်ပြည်၌ သေတကေတု နတ်သား၏ အဖြစ်မှ များစွာကုန်သော နတ်ပြဟ္မာအပေါင်းတို့ တောင်းပန်ခြင်းကို အရင်းပြုသောအားဖြင့် ငါးပါးသောကြည့်ရှုခြင်းတို့ဖြင့် ကြည့်ရှုတော်မူပြီးသောအခါ စုတိလာခဲ့၍ ကပိလပြည်ကျော်တွင် သုဒ္ဓေါဒ မင်းမြတ်၏ ညာနတ်လက်ယာ မာယာဒေဝီ ဝမ်းတိုက်၌ ကိန်းပိုက်သန္ဓေ တည်နေပြီးမှ ကဆုန်လ ပုဏ္ဏမီ တိထိ ရက်မြတ်တွင် လောကဓာတ် တိုက်အလုံး ပြောပချီးမွမ်း၍ မဆုံးနိုင်ဖွယ်ရာသော အံ့ဖွယ်သရဲတို့ကို ဖြစ်စေလျက် မြတ်စွာဘုရား ကိုယ်တော်မြတ်၏ အလောင်းတော်ကို ဖွားမြင်တော်မူ၏။

## ဖွားဖက်တော် ခုနစ်ယောက်

ဘုရားအလောင်းတော်ကို ဖွားမြင်သော နေ့၌ပင်လျှင် ရွှေအိုးကြီးတို့သည် ပေါ်ထွက် လာပေ၏။ ဘုရားဖြစ် ပွင့်တော်မူရာ သစ္စာလေးပါးတရားတို့ကို ထင်ရှား သိမြင်တော်မူရာ ဖြစ်သော ဗောဓိညောင်ပင် သည်လည်း မြေမှ ပေါ် ပေါက်၍ ထွက်လာ၏။ ဘဒ္ဒကစ္စနာ ယသောဓရာဒေဝီ, ညီတော်အာနန္ဒာ, ကာဠုဒါယီအမတ်, ဆန္နအမတ်, ကဏ္ဍကမြင်းတော် တို့ကိုလည်း ထိုနေ့၌ပင် ဖွားမြင်တော် မူလာကုန်၏။ ထိုဘုရားလောင်း ဖွားဖက်တော်တို့တွင် ဆန္နအမတ်သည် ဘုရားအလောင်းတော်သည် သက်တော် နှစ်ဆယ့်ကိုးနှစ်သို့ ကျရောက်တော်မူသောအခါ သန်းခေါင်ယံ၌ ကဏ္ဍကမြင်းတော်ကို စီးနင်းလျက်မြတ်သော တောထွက်တော်မူခြင်းဖြင့် ဘောထွက်တော်မူရာဝယ် အတူတကွ ပါလာ၏။ အနော်မာ မြစ်ကမ်းသို့ ကူးသန်းထုတ်ချောက် ရောက်ထော်မူပြီးမှ ဆန္နအမတ်ကို ကိုယ်တော်မြတ် ဆင်အပ်သော တန်ဆာတို့ကို အပ်နှံလျက် မြင်းပျံဖြစ်သော ကဏ္ဍကနှင့် အတူတကွ ကပိလဝတ် ပြည်ရှိသို့ ပြန်လည်စေလွှတ်လျှင် ဦးညွှတ်ဝပ်တွား အတန်တန် လျှောက်ကြားပါသော်လည်း ပယ်ရှားတော်မူသောကြောင့် ပြန်လည်လာခဲ့သည်ကာလ လမ်းခရီးဒေသ ကဏ္ဍကမြင်းတော်သည် စုတိပြောင်းကြွေ သေလွန်ပြန်သဖြင့် ဆန္နအမတ် အထပ်ထပ်သောက တသင်ငိုကြွေး ပူဆွေး ဟစ်အော်လျက် မြင်းတော်၏ အလောင်းကို ကောင်းမွန်စွာ ဘုတ်ကြည်းသင်္ဂြိုဟ်ပြီးမှ နေရာဒေသဖြစ်သော ကပိလပြည်သို့ ပြန်လည် လာရောက်ခဲ့ရ၏။

## ဆန္နအမတ်သည် ရဟန်းပြုလျက် ဆဲရေးရေရွတ်ခြင်း

ငင်းဆန္နအမတ်သည် တစ်ရံခါသောကာလ၌ မြတ်စွာဘုရားကိုယ်တော်မြတ်ကို ဆည်းကပ်ဝပ်တွား လျှောက်ကြား တောင်းပန်၍ ကိုယ်တော်မြတ်၏ အထံ၀ယ် ရဟန်းအဖြစ်ကို ပြု၏၊ ရဟန်းပြုပြီး၍ကား တရားကို အားမထုတ် မျက်ကြုတ် ဒေါသ ခြောင်းခြောင်းထလျက် အရှင် ကောင်းသား ဘုရားဖြစ်ရန်အချက် တောထွက်တော်မူခြင်းဖြင့် တောထွက်တော်မူသည့်အခါ မည်သူမည်ဝါ တစ်စုံ တစ်ရာ ခြားနားလျက် တစ်ပါးတစ်ယောက်ကိုမျှ မထင်မြင်ပါ၊ ယခု လူသုံးပါး၌ ဘုရားအတုလ သမ္ဗုဒ္ဓအဖြစ်သို့ ရောက်မှ ငါကား သာရိပုတ္တရာမည်သည် ငါကား မောဂ္ဂလာန်မည်သည် ငါတို့သည် အဂ္ဂသာဝက မည်ကုန်သည် ထို ဤလှည့်ပတ် ချဉ်းကပ်ပြောပ ထောင်လွှား လှည့်လည်ကြသည်စသည်ဖြင့် နှစ်ပါးကုန်သော အဂ္ဂသာဝက အရှင်သာရိပုတ္တရာ အရှင်မောဂ္ဂလာန်တို့ကို ဆဲရေးရေရွတ်ဘိ၏။

မြတ်စွာဘုရား ကိုယ်တော်မြတ်သည် ရဟန်းတို့၏ အထံမှ ထိုအကြောင်းကို ကြားသိတော်မူရ၍ ဆန္နမထေရ်ကို ခေါ်စေတော်မူပြီးလျှင် ဆုံးမတော်မူ၏။ ထိုဆန္နမထေရ်သည် မြတ်စွာဘုရား ဆုံးမတော်မူသော ခဏ၌ကား ဆိတ်ဆိတ် နေလျက် နောက်၌တဖန် ဆဲရေးရေရွတ်ပြန်သည်သာလျှင်တည်း။ ဤသို့သော နည်းဖြင့် သုံးကြိမ်တိုင်အောင် ဆဲရေးရေရွတ်သည်ကို ခေါ်စေတော်မူ၍ မြတ်စွာ ဘုရားသခင်သည် ထိုကာလ၌ အသင် ဆန္န နှစ်ဦးကုန်သော အဂ္ဂသာဝက တို့သည်ကား အသင်၏ ကောင်းသော အဆွေခင်ပွန်း ကျွမ်းဝင် ဆက်ဆံ ပေါင်းဖော်ရန် လျှောက်ပတ်၍ မြတ်လှသော ယောကျ်ားတို့ပေတည်း။ ဤကဲ့သို့ သဘောရှိပေသော ကောင်းသော အဆွေခင်ပွန်းတို့ကို ဆည်းကပ်မှီဝဲ အမြဲ ပေါင်းဖော် ဘိလေလော့ဟု ပြောဆို မိန့်ဟတော်မူပြီး၍ တရားတော်ကို ဟောဖော်မိန့်မြွက်တော်မူလိုသောကြောင့်——

၇၈။ န ဘဇေ ပါပကေ မိတ္တေ၊ န ဘဇေ ပုရိသာဓမေ။
ဘဇေထ မိတ္တေ ကလျာဏေ၊ ဘဇေထ ပုရိသုတ္တမေ-

ဟူသော ဂါထာကို မိန့်တော်မူ၏။

### ဒေသနာတော်၏ အကျိုးအာနိသင်

ထိုဒေသနာတော်အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိ ဖိုလ် စသည်တို့သို့ ရောက်ကုန်၏။

အနက်ကား။ ။ပါပကေ၊ ဒုစရိုက စသည်လိုက်စား မိုက်မှားယုတ်မာ ကုန်သော။ မိတ္တေ၊ အဆွေခင်ပွန်းတို့ကို။ န ဘဇေ၊ မမှီဝဲ မဆည်းကပ်ပေရာ။

ပုရိသာဝမေ၊ တိုက်စပ်ဖောက်လျှိုး ခိုးယူခြင်းအစ နှစ်ဆယ့်တစ်ပါးကုန်သော အနေသနဥ္စ ဓပြောပြဆွဲငင် ယှဉ်စေတတ်သော ယောကျ်ားယုတ်တို့ကို။ န ဘဇေ၊ မမှီဝဲ မဆည်းကပ်ပေရာ။ ကလျာဏေ၊ သီတင်းသီလ စသည့်မွေးထုံ ဂုဏ်ဖြင့် ကောင်းမြတ်ကုန်သော။ မိတ္တေ၊ အဆွေခင်ပွန်းတို့ကို။ ဘဇေထ၊ မပြတ်မစဲ မှီဝဲ ဆည်းကပ်ပေကုန်ရာ၏။ ပုရိသုတ္တမေ၊ ယောကျ်ားမြတ်တို့ကို။ ဘဇေထ၊ မပြတ် မစဲ မှီဝဲဆည်းကပ်ပေကုန်ရာ၏။ ဤကား အနက်။

ဆန္နမထေရ်သည် ထိုသို့သော အဆုံးအမ ဩဝါဒ ဒေသနာကို အခါခါ ကြား နာရပါလျက်လည်း ရှေးနည်းအတူ ငြူစူစောင်းမြောင်း မောင်းမဲဆဲရေး ရေရွတ် ပြန်၏။ တဖန် မြတ်စွာဘုရား ကိုယ်တော်မြတ်ကို ကြားလျှောက် ကြကုန်၏။ မြတ်စွာဘုရား ကိုယ်တော်မြတ်က ချစ်သား ရဟန်းတို့ ငါဘုရား သက်တော် ထင်ရှားရှိတော်မူစဉ်အခါ ငြိမ်သက်ဣန္ဒြေ တည့်စေသဖြင့် ကျင့်စေခြင်းငှါ မစွမ်း နိုင်ပေလတ္တံ့။ ငါဘုရား ပရိနိဗ္ဗာန် စံယူတော်မူသည်ရှိသော် စွမ်းနိုင်ပေလတ္တံ့ဟု မိန့်တော်မူ၍ မသ်သူ တစ်စုံတစ်ယောက်မျှ မပြောဆို မဆုံးမ ဩဝါဒ မပေး အရေးမယူ လျစ်လျူ ဥပေက္ခာဖြင့်သာ နေကြ၏။

## အရှင်ဆန္နမထေရ် ပဋိသမ္ဘိဒါပတ္တ ရဟန္တာဖြစ်ခြင်း

မြတ်စွာဘုရားသခင်သည် လေးဆယ့်ငါးဝါမြောက် ကျရောက်တော်မူ၍ မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်အကြား ခင်းထားအပ်သော ပရိနိဗ္ဗာန်ပြူရာ ညောင်စောင်း၌ လျောင်းစက်တော်မူသောအခါ အရှင်အာနန္ဒာမထေရ်က လက် အုပ်ချီမိုး ရှိခိုးဦးတိုက်လျက် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား အရှင် မြတ်သည် ပြည့်ရပ်နိဗ္ဗာန်သို့ စံဝင်တော်မူသည်မှ နောက်အကျ၌ ဆန္နမထေရ်ကို တပည့်တော်တို့ အဘယ်သို့ ပြုကျင့်ရပါမည်နည်းဟု လျှောက်ကြားလျှင် ဘုရား သခင် ကိုယ်တော်မြတ်က ချစ်သားအာနန္ဒာ ငါဘုရားမရှိသည် နောက်အကျဝယ် ဆန္နမထေရ်ကို ဗြဟ္မဒဏ် ထားကြကုန်လော့ဟု စေခိုင်းတော်မူ၏။ ထိုအခါ ညီတော်အာနန္ဒာမထေရ်က ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဗြဟ္မ ဒဏ် ထားသောဟူသည် အဘယ်သို့ ပြုကျင့်ရပါသနည်းဟု လျှောက်ထားပြန် သဖြင့် ချစ်သား အာနန္ဒာ ဆန္နမထေရ်သည် အကြင်သို့သောစကား အကြင် သို့သော အမှုကို ပြောဆိုခြင်း ပြုလုပ်ခြင်းငှါ အလိုဆန္ဒရှိပေ၏။ ထိုသို့အလိုဆန္ဒ ပြောဆို ပြုလုပ်လိုသောအတိုင်း ပြောဆိုပြုလုပ်စေ တစ်စုံတစ်ယောက်သော ရဟန်းမျှ ပြောဆိုပိတ်ပင်ခြင်း တားမြစ်ဆုံးမခြင်းကို မပြုရဟု မိန့်တော်မူ၏။

ထိုနောက် မြတ်စွာဘုရား ပရိနိဗ္ဗာန် စံယူတော်မူပြီးသောအခါ ရဟန်းသံဃာ တော်ဘို့၏အလယ်တွင် ဘုန်းကြွယ်မြတ်ဖျား ဘုရားအမိန့်တော်အရကို ညီတော် အာနန္ဒာ အရှင်မြတ်က ပြန်ကြားမိန့်ဆိုသောကာလ ဆန္နမထေရ်သည် ဘုန်းစည်

ထွတ်တင် ငါ့အရှင်သည် ပြည်ခွင်နိဗ္ဗာန် ကြွဝင်စံလစ် မျက်ကွယ်ဖြစ်၍ တားမြစ်စာနာ ငဲ့ညှာမည့်သူ တလူမပေါ် မထောက်မျှော်ဘဲ မခေါ်လွှတ်အောင် သံဃာဘောင်က ပယ်ရှောင်ထားလစ် တားမြစ်ချေပြီတကားဟု သည်းကြွားနှလုံး ညှိုးချုံးဗျာပါ သည်းစွာသော သောကဖြင့် ထိုသံဃာဘောင် ဌာနဝယ် သုံးကြိမ် တိုင်အောင် မူးမေ့တွေဝေ၍ လဲသွားလေ၏။ ထိုနောက်ခဏ သတိရလျှင် ထပြီးသည်ကာလ ခ ယ ညွတ်လျှိုး ရှိခိုးဦးတင်လျက် အရှင်သူမြတ်တို့ တပည့် တော်အား ဖျက်ဆီးခြင်းကို ပြုတော်မမူကြပါကုန်လင့်ဟု အတန်တန် အထပ်ထပ် လျှောက်ကြား တောင်းပန်လျက် ရဟန်းကျင့်ဝတ် မယွင်းမချွတ် မပျက်ပြားရအောင် ကြိုးစား အားထုတ်သည် ရှိသော် မကြာမြင့်မီပင်လျှင် ပဋိသမ္ဘိဒါ လေးပါးတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်၍ ရဟန္တာ ဖြစ်လေသည်။

ဓမ္မပဒပဏ္ဍိတဝဂ်၌ သုံးခုမြောက်သော ဆန္နမထေရ်၏

ဝတ္ထုစကားစဉ်ကား ဤတွင်ရွေ ပြီး၏။

## ၄။ မဟာကပ္ပိနမထေရ်၏ အကြောင်း

အတိတ်ဝတ္ထု

**ဓမ္မပီတိ သုခံ သေတိ–** အစရှိသော ဤဓမ္မဒေသနာ ဂါဠ်ဂါထာကို သုံးရွာဘုံတိုက် ချုန်းရိုက်ထစ်ဟီး ပွဲတင့်တီးစေလျက် ကောင်းချီးကျေညာ ဆရာတစ်ဆူ ဖြစ်တော်မူသော သပ္ပမ္ဗုဒ္ဓထွတ်ထား ဘုရားကိုယ်တော်မြတ်သည် ပြည်ရပ်ဘုမ္မိ သာဝတ္ထိမှ ယွန်းဘိလက်ယာ သချ်ာမှန်လှ တစ်ကောသ၌ ဇေတမင်းသား၏ ဥယျာဉ်သားကို အနာထပိဏ် ဂုဏ်သိန်မွှေးပျံ့ ရန့်ထုံကြူ ကြည်ဖြူသဒ္ဓါ ခိုရာနည်းဝေး ရှင်သူဌေးသည် ငါးဆယ့်လေးကုဋေ အသပြာငွေကို မစွေမယုက် ရက်ရက်ရောရော မက်မောပဟာန် ပေးစွန့်လွှတ်၍ ဆွတ်ဆွတ်ကြည်ဖြူ ဆောက်လှူဆက်သအပ်သော ဇေတဝန် မဟာဝိဟာရ၌ ယာပထလေးဖော်ဖြင့် မျှတ တော်မူသောကာလ ကပ္ပိနမထေရ်ကို ဦးတည်သမှု အကြောင်းပြုသော အားဖြင့် ဟောကြားတော်မူခဲ့ပေသတည်း။

### ဤဆိုလတ္တံ့သည်ကား အစဉ်သော စကားပေတည်း

ရှေးလွန်လေပြီးသောအခါ ဤဘဒ္ဒကမ္ဘာမှ သချ်ာတွက်ကိန်း ကပ်တစ်သိန်း အကျ ကပ္ပိနမထေရ်အလောင်းသည် ပဒုမုတ္တရ သမ္မာသမ္ဗုဒ္ဓထွတ်ထား ဘုရားရှင် ခြေတော်ရင်း၌ ဝပ်စင်းညွတ်လျှောင်း ပြုအပ်သော ဆုတောင်း ပတ္ထနာခြင်း ရှိလျက် သံသရာ၌ ကျင်လည်ရသည်ရှိသော် ဗာရာဏသီပြည်မှ မနီးမဝေးသော

တစ်ခုသော ရက်ကန်းသည်ရွာ၌ အကြီးအမှူး ရက်ကန်းသည်၏ အဖြစ်ဖြင့် ဖြစ်လေ၏။ ထိုအခါ တစ်ထောင်မျှလောက်ကုန်သော အရှင်ပစ္စေကဗုဒ္ဓါတို့သည် ရှစ်လတို့ဖြင့် ဟိမဝန္တာ မဟာဂနိုင် မြိုင်စုံသာမော တော၌ သီတင်းသုံးတော်မူကြပြီး၍ မိုးလေးလပတ်လုံး မြို့ရွာဇနပုဒ် စသည်တို့၌ နေခြင်းပြုလေ့ရှိကုန်၏။ တစ်ကြိမ်သောအလှည့်အခါ ထိုပစ္စေကဗုဒ္ဓါ အရှင်တို့သည် ဗာရာဏသီပြည်၏အနီး ခရီးမဝေးသောအရပ်၌ ကောင်းကင်အထက်မှ သက်ဆင်းတော်မူပြီးသော် ကျောင်းကိုဆောက်လုပ်ခြင်းငှါ လက်အမှုပြုလုပ်သူကို တောင်းခံကြချေကုန်လော့ဟု ပြည့်ရှင်မင်းကြီး၏ အထံသို့ ရှစ်ပါးကုန်သော ပစ္စေကဗုဒ္ဓါတို့ကို စေလွှတ်ကုန်၏။ ထိုအခါ ပြည့်ရှင်မင်းကြီးအား လယ်ယာစိုက်ပျိုးထွန်ယက်ခြင်းမင်္ဂလာ ပွဲဆဲဖြစ်ပေ၏။ မင်းကြီးသည် ပစ္စေကဗုဒ္ဓါ အရှင်တို့ ကြွလာတော်မူကုန်သတဲ့ဟု ကြားသိ၍ ထိုခဏ၌ ထွက်လာပြီးသောအခါ ကြွလာတော်မူလာသော အကြောင်းကို မေးမြန်း လျှောက်ထားပြီးသော ကာလ အရှင်ဘုရား ဒကာတော်အား ယနေ့ အခွင့်မရှိပါ၊ နက်ဖြန်ခါ၌ ဒကာတော်တို့အား ဝပ္ပမင်္ဂလာ ပြုလုပ်မည်ဆဲဆဲ ဖြစ်ပါသည်။ သုံးရက်မြောက်သော နေ့မှာ မူကား ဒကာတော်ပြုလုပ်ပါအံ့ဟု လျှောက်ကြား၍ ထိုမင်းကြီးသည် ပစ္စေကဗုဒ္ဓါတို့ကို မပင့်ဖိတ်ဘဲသာလျှင် နန်းအိမ်ခန်းတွင်းသို့ ဝင်သွားလေ၏။

## ရက်ကန်းသည်တို့က ဝါဆိုကျောင်းလှူဒါန်းကြခြင်း

ပစ္စေကဗုဒ္ဓါ အရှင်တို့သည်လည်း အရပ်တစ်ပါးသို့ သွားတော့အံ့ဟု ဖဲကြွတော်မူကုန်၏။ ထိုခဏ၌ ရက်ကန်းသည် အကြီးအမှူး၏ မယားခင်ပွန်းမသည် တစ်စုံတစ်ခု ပြုဖွယ်ကိစ္စဖြင့် ဗာရာဏသီမြို့ကြီးသို့ သွားရောက်သည် ရှိသော် ထိုပစ္စေကဗုဒ္ဓါတို့ကို တွေ့မြင်၍ ကြည်လင်သွတ်လျှိုး ရှိခိုးဦးချပြီးသော် အရှင်ဘုရားတို့ အချိန်သမယ ကာလမဟုတ်သည်အခါ အဘယ်မှ ကြွလာတော်မူကြပါကုန်သနည်းဟု ဆီးကြို၍လျှောက်ထား မေးမြန်းသောကာလ မူလပကတူပမှစ၍ အကြောင်းအလုံးစုံတို့ကိုအကုန်ပြန်ကြားပြောဆိုကုန်သဖြင့် ထိုအကြောင်းကို ကြားသိသောအခါ သဒ္ဓါတရားနှင့် ပြည့်စုံသော ထိုမိန်းမသည် အရှင်ဘုရားတို့ နက်ဖြန်နံနက် အရုဏ်တက်အခါ တပည့်တော်မတို့၏ ဆွမ်းကို ခံယူတော်မူပါကုန်လောဟု လျှောက်ကြားပင့်ဖိတ်၏။ နှစ်မ ါတို့သည် အလွန်ပင်များကုန်သည်ဟု မိန့်တော်မူကြကုန်သည် ရှိသော် အရှင်ဘုရားတို့ အတိမျှလောက် ရှိပါကုန်သနည်းဟု မေးလျှောက်သဖြင့် နှစ်မ တစ်ထောင်မျှလောက် ရှိပေကုန်သည်ဟု မိန့်တော်မူလျှင် အရှင်ဘုရား တပည့်တော်မတို့၏ နေရာဖြစ်သော ဤရွာ၌ တစ်ထောင်မျှလောက်ကုန်သောရက်ကန်းသည်တို့သည် နေထိုင်ကြပါကုန်သည်။ တစ်ဦးတစ်ဦးသော သူသည် တစ်ပါး တစ်ပါးသော အရှင်

တို့အား ကြည်ရွှင်သောသဒ္ဓါဖြင့် ကောင်းမွန်စွာ ဆွမ်းကို လှူဒါန်းပါလတ္တံ့၊ တပည့်တော်မဖိတ်ကြားသောဆွမ်းကို သည်းခံတော်မူပါကုန်လော့။ တပည့်တော် မသည်ပင် အရှင်ဘုရားတို့ သီတင်းသုံးတော်မူရာ ဖြစ်သော ကျောင်းနေရာကို ပြုပါအံ့ဟု လျှောက်ကြား၏။ ပစ္စေကဗုဒ္ဓါအရှင်တို့သည်လည်း သည်းခံတော်မူကုန်၏။

ထို ဒါယိကာမသည် ရွာသို့ ပြန်သွား ဝင်ရောက်ပြီးသော် ငါသည် တစ်ထောင်မျှလောက် ကုန်သော ပစ္စေကဗုဒ္ဓါ အရှင်တို့ကို ဖူးမြင် တွေ့ကြုံသဖြင့် အလုံးစုံသော အရှင်တို့ကို ပင့်ဖိတ်ခဲ့၏။ အရှင်တို့၏ ထိုင်နေ သီတင်းသုံးတော်မူရာဖြစ်သော နေရာကို စီရင်ကြကုန်လော့။ ယာဂု ဆွမ်း စသည်တို့ကို ပြည့်စုံစေကြကုန်လော့ဟု ဟစ်အော် ကြွေးကြော်၍ ရွာ၏ အလယ်၌ မဏ္ဍပ်ကို ပြုလုပ်စေပြီးသော် နေရာတို့ကို ခင်းကျင်းပြီးလျှင် နက်ဖြန်မိုးသောက် ရောက်သောနေ့၌ ပစ္စေကဗုဒ္ဓါတို့ကို ထိုင်နေ သီတင်း သုံးတော်မူစေ၍ မွန်မြတ်သော ဘောဇဉ်ဖြင့် ကြည်ရွှင် ပေးကမ်း လှူဒါန်း လုပ်ကျွေးပြီးလျှင် ဆွမ်းစားပြီးသည်၏ အဆုံး၌ ထိုရွာ၌အလုံးစုံသော မိန်းမ တို့ကို ခေါ်ယူပြီးသောကာလ ထိုမိန်းမတို့နှင့် အတူတကွ ပစ္စေကဗုဒ္ဓါတို့ကို ရှိခိုးဦးချပြီးလျှင် သုံးလပတ်လုံး ဤအရပ်၌ ချဉ်းကပ်ရှင်ပြုံး သီတင်းသုံးရန် ပဋိညာဉ်ကို ယူငင်ပန်ကြား လျှောက်ထားပြီး၍ ရွာ၌တစ်ဖန် ကြွေးကြော်ပြန် သည်မှာ အို မိခင် ဖခင်တို့ တစ်ဦးတစ်ဦးသောအမျိုးမှ တစ်ယောက် တစ်ယောက်သော ယောကျ်ားသည် ပေါက်ဆိန် ပဲခွပ် စသည်တို့ကို ယူ၍ တောသို့ ဝင်ပြီးသောကာလ အဆောက်အဦတို့ကို ဆောင်ယူခဲ့၍ အရှင်မြတ် တို့၏ သီတင်းသုံးတော်မူရာဖြစ်သောကျောင်းကို ပြုပါကုန်လော့ဟု တိုက်တွန်း ကြွေးကြော်၏။ ရွာ၌နေသူ လူများအပေါင်းတို့သည် ထိုမိန်းမ၏ ဟစ်အော် ကြွေးကြော်သော အသံကိုကြား၍ တစ်ယောက် တစ်ယောက်သော သူသည် တစ်ပါး တစ်ပါးသော ပစ္စေကဗုဒ္ဓါ အရှင်၏ အဖို့ကိုပြုလျက် နေ့သန့်ရာ ညဉ့် သန့်ရာတို့နှင့်တကွ သစ်ရွက်မိုးသောကျောင်းဆောင် တစ်ထောင်ကို ပြီးပြင်အောင် ပြုစေပြီးသော် မိမိဆောက်လုပ်အပ်သော ကျောင်း၌ ဝါကပ် သီတင်းသုံး ကုန်သော ပစ္စေကဗုဒ္ဓါတို့ကို ငါသည် လုပ်ကျွေးပြုစုအံ့ ငါသည် လုပ်ကျွေး ပြုစုအံ့ဟု တိုင်ပင်၍ အသီးအသီး ရိုသေကောင်းမွန်စွာ လုပ်ကျွေး ပြုစုကုန်၏။ မိုးသုံးလအရောက် ဝါ မှ ထ မြောက်တော်မူကြသောကာလ မိမိတို့၏ သစ်ရွက် မိုးသောကျောင်း၌ သီတင်းသုံး၍ ဝါမှထ မြောက်ကုန်သော အရှင်ပစ္စေကဗုဒ္ဓါ တို့အား လှူကောင်းဖွယ်ရာ သင်္ကန်းသျှာ ပုဆိုးကို စီရင်ကြကုန်လော့ဟု စီရင် ပြုလုပ်စေ၍ ပစ္စေကဗုဒ္ဓါ အရှင်အပေါင်းအား အသပြာတစ်ထောင်မျှလောက်

ထိုက်တန်သော သက်နိုးကို ပေးလှူစေ၏။ ပစ္စေကဗုဒ္ဓါအရှင်တို့သည် ဝါကျွတ်ကုန်သည် ရှိသော် အနုမောဒနာကို ပြု၍ ဖဲကြွတော်မူကုန်၏။

ရက်ကန်းသည်ရွာနေဖြစ်သော လူများအပေါင်းတို့သည်လည်း ဤသို့သော ကုသိုလ်ကောင်းမှုကို စီမံပြုလုပ်ပြီးသောကာလ ထိုဘဝမှ ပြောင်းကြွ စုတေဆည်ရှိသော် တာဝတိံသာနတ်ပြည်၌ ဖြစ်ကြ၍ အပေါင်းအစု အဖွဲ့ဖြစ်သော ဂဏနတ်သားတို့မည်သည် ဖြစ်ကုန်၏။ ထိုနတ်အပေါင်းတို့သည် နတ်ပြည်၌ ဖြစ်သော စည်းစိမ်ချမ်းသာကို ကောင်းစွာ ခံစားပြီး၍ စုတိခဲ့ကြပြန်သည် ရှိသော် ကဿပမြတ်စွာဘုရား ပွင့်တော်မူသောကာလ ဗာရာဏသီပြည်ကြီးဝယ် သူကြွယ်၏အိမ်တို့၌ ဖြစ်ကြကုန်၏။ အကြီးအမှူးဖြစ်သော ရက်ကန်းသည်သည် အကြီးအမှူးသူကြွယ်၏သားဖြစ်၏။ ထိုရက်ကန်းသည် အကြီးအမှူး၏ခင်ပွန်း မယားဟောင်းသည်လည်း အကြီးအမှူးဖြစ်သော သူကြွယ်သမီး ဖြစ်လေ၏။ ထိုမိန်းမတို့သည် ဇနီးအယ်သို့ ရောက်ကုန်သည်ဖြစ်၍ အမျိုးတစ်ပါး ဖြစ်သော ခင်ပွန်းအရှင် လင်၏အိမ်သို့ သွားရကုန်သည်ရှိသော် လွန်လေသော ဘဝ ဟောင်းက ပေါင်းသင်းဆက်ဆံ သက်နှံခင်မင်ခဲ့ဖူးသော ထိုထိုသောအရှင်လင် တို့၏သာလျှင် အိမ်သို့ရောက်ရကုန်၏၊ ထိုနောက် တစ်နေ့သောအခါ ကျောင်းတော်၌ တရားနာကြွေးကြော်၍ မြတ်စွာသုံးလူ့ သဗ္ဗညူ့ ရှင်တော်ဘုရားသည် တရားတော်ကို ဟောတော်မူလတ္တံ့ ဟု ကြားသိ၍ အလုံးစုံကုန်သောထိုသူကြွယ် တို့သည် တရားတော်ကို နာကုန်အံ့ဟု မိမိတို့၏ မယား ခင်ပွန်း တို့နှင့်တကွ ကျောင်းတော်သို့ လာခဲ့ကြ၏၊ ထိုသူတို့၏ ကျောင်းအလယ်သို့ ဝင်ရောက်သော ခဏ၌သာလျှင် မိုးကြီး သည်းထန်စွာ ထ၍ ရွာခဲ့၏။ အကြင်လူတို့အား မိမိတို့၏ အိမ်သို့ ချဉ်းကပ် ဆွမ်းခံကုန်သော ရဟန်းတို့သည်လည်းကောင်း၊ ဆွေမျိုးတော်စပ်ကုန်သော ရဟန်းသာမဏေတို့သည်လည်းကောင်း ရှိကြကုန်၏။ ထိုလူတို့သည် မိမိတို့နှင့် သိကျွမ်းတော်စပ်ကုန်သော ရဟန်းသာမဏေတို့၏ ပရိဝုဏ် ကျောင်းခွင်သို့ ပြေးဝင်ကြကုန်၏၊ ထိုသူတို့အား ထိုသို့သော ရဟန်း သာမဏေတစ်ပါးမှ မရှိသောကြောင့် တစ်စုံတစ်ခုသော ပရိဝုဏ်ကျောင်းခွင်သို့ ပြေးဝင်ခြင်းငှါ မစွမ်းနိုင်ဘဲ ကျောင်းအလယ်ဖြစ်သော ဟင်းလင်းအပြင်၌သာ ရပ်တည်၍ နေကြရကုန်၏။

## အမျိုးသား အမျိုးသမီး နှစ်ထောင်တို့သည် ညီညွတ်ပေါင်းစု၍ ကောင်းမှုပြုခြင်း

ထိုအခါ အကြီးအမှူးဖြစ်သော သူကြွယ်က အို အချင်းတို့ ငါတို့၏ ပျက်စီးခြင်းကို ကြည့်ရှုကြပါကုန်လော့၊ အမျိုးကောင်းသား အမျိုးကောင်း သမီးတို့သည်ကား ဤမျှဖြင့် ရှက်ဖွယ်ရာ သင့်လှပြီဟု ဆို၏၊ အရှင်

ယင်းသို့ ဖြစ်ခဲ့လျှင် အဘယ်သို့ ပြုကုန်အံ့နည်းဟု မေးသဖြင့် ငါတို့သည် အကျမ်းဝင်သော နေရာဌာန တစ်ခုမျှ မရှိသောကြောင့် ဤသို့သော ပျက်စီးခြင်းသို့ ရောက်ရကုန်သည် အလုံးစုံသော ငါတို့သည် ပစ္စည်းဥစ္စာ အသပြာကို စုဆောင်း၍ ပရိဝုဏ်အရံကို ပြုကုန်အံ့ဟု ပြောလျှင် အရှင် ကောင်းလှပါပြီဟု ဝန်ခံပြောဆိုသဖြင့် အကြီးအမှူးဖြစ်သော သူကြွယ်သည် တစ်ထောင်သော အသပြာကို ထည့်သွင်း ပေးလှူ၏။ ကြွင်းကုန်သော သူကြွယ်ငယ်တို့သည် ငါးရာငါးရာစီသော အသပြာတို့ကို ထည့်သွင်း ပေးလှူကုန်၏။ မိန်းမတို့သည် နှစ်ရာ့ ငါးဆယ်စီသော အသပြာတို့ကို ထည့်သွင်းပေးလှူကုန်၏။ ထိုသူတို့၏ ဥစ္စာအပေါင်းကို စုဆောင်းသိမ်းယူပြီးသောကာလ အထွတ်တပ်သော ကျောင်း တစ်ထောင်အရံရှိသော မြတ်စွာဘုရားသီတင်းသုံးတော်မူရန် အလို့ငှါကြီးစွာသော ပရိဝုဏ်ကို ပြုခြင်းငှါ အားထုတ်ကြကုန်၏၊ ပြုလုပ်ရှက်ဆောင်ဖွယ်ဖြစ်သော ဒီမှု သစ်ကိစ္စက များပြားကျယ်ဝန်းလှသည်ဖြစ်၍ စုဆောင်းအပ်သော ဥစ္စာတို့ဖြင့် မလောက်ကုန်သည် ရှိသော် ရှေးက လှူဒါန်းအပ်သော ပစ္စည်းထက် ထက်ဝက် ပိုလွန်ထပ်မံ၍ လှူဒါန်းကြရကုန်ပြန်၏ ကျောင်းပရိဝုဏ် ပြုလုပ်ခြင်း ကိစ္စပြီး၍ ကျောင်းလှူဒါန်း ပူဇော်ခြင်းကို ပြုကုန်သည် ရှိသော် ဘုရားအမှူးရှိသော သံဃာတော်အား ခုနစ်ရက်တို့ပတ်လုံး အလှူဒါနကို ပေးလှူ ပူဇော်၍ နှစ်သောင်းမျှလောက်ကုန်သော သံဃာတော် အရှင်တို့အား သင်္ကန်းအလှူ ကြည်ဖြူသဒ္ဓါ ကောင်းမွန်စွာ စီရင်ပေးလှူကုန်၏ အကြီးအမှူးဖြစ်သော သူကြွယ်၏ မယားသည် တစ်ပါးသောမိန်းမတို့နှင့် ထပ်တူမျှသာ မပြုမူ၍ မိမိ ဉာဏ်ပညာဖြင့် ကောင်းစွာ စီရင်လျက် သူတစ်ပါးတို့ထက် ပိုလွန်သည်ကို ပြု၍ မြတ်စွာဘုရားကို ပူဇော်အံ့ဟု ကြံ၍ အနောဇာပန်း အဆင်းရှိသော အဖိုး တစ်ထောင်ထိုက်သော ပုဆိုးနှင့် အတူတကွ အနောဇာပန်းတောင်းကို ကောင်းစွာ ယူခဲ့၍ အနုမောဒနာ ပြုသောကာလ၌ မြတ်စွာဘုရား သခင်ကို အနောဇာပန်းတို့ဖြင့် ပူဇော်လှူဒါန်း၍ ထိုသင်္ကန်းလျာပုဆိုးကို ဘုရားခြေတော် ရင်း၌ထားပြီးလျှင်—

> ဘန္တေ နိဗ္ဗတ္တနိဗ္ဗတ္တဋ္ဌာနေ အနောဇပုပ္ဖဝဏ္ဏံ ယေဝ မေ သရီရံ ဟောတု၊ အနောဇာ ဧဝ စ မေ နာမံ ဟောတု—

ဟူသောပါဠိဖြင့် ဆုတောင်းပတ္ထနာ၍ ပေးလှူ၏။

**အနက်ကား။** ။ဘန္တေ၊ ဘုန်းတော်အလွန် ကဲမွန်ချုပ်သော အနုတ္တရ လောကထွတ်ထားမြတ်ဘုရား။ မယာ၊ တပည့်တော်မသည်။ ကတေန၊ ပြုအပ် သော။ဣမိနာ ပုညကမ္မေန၊ဤသို့သောကောင်းမှုကံကြောင့်။နိဗ္ဗတ္တနိဗ္ဗတ္တဋ္ဌာနေ၊

ဖြစ်တိုင်း ဖြစ်တိုင်းသောဌာန ဘုံဘဝ၌။ မေ–မမ၊ တပည့်တော်မအား။ ဝါ၊ တပည့်တော်မ၏။ အနောဇပုပ္ဖဝဏ္ဏံယေဝ၊ အနောဇာပန်းအဆင်း ရှိသည်သာ လျှင်ဖြစ်သော။ သရီရံ၊ ကိုယ်သည်။ ဟောတု၊ ဖြစ်ပါစေသတည်း။ မေ-မမ၊ တပည့်တော်မအား။ အနောဇာ ဧဝ စ၊အနောဇာ မည်သည်သာလျှင်ဖြစ်သော။ နာမံ၊ အမည်သည်။ ဟောတု၊ ဖြစ်ပါစေသတည်း။   ဤကား အနက်။

**အဓိပ္ပါယ်ကား။** ။ဘုန်းတော်အလွန် ကဲမွန်ချုပ်သော အနုတ္တရ လောက ထွတ်ထားမြတ်ဘုရား တပည့်တော်မသည် ပြုစုလှူဒါန်းအပ်သော ဤကောင်းမှု ကံကြောင့် ဖြစ်တိုင်းဖြစ်တိုင်းသောဌာန ဘုံဘဝ၌တပည့်တော်မအား အနောဇာ ပန်းအဆင်း ရှိသည်သာလျှင်ဖြစ်သော ခန္ဓာကိုယ်သည် ဖြစ်ပါစေသတည်း အမည်အားဖြင့်လည်း အနောဇာမည်သည်သာလျှင် ဖြစ်ပါစေ သတည်းဟု ဆုတောင်းပတ္ထနာ၏။

## မဟာကပ္ပိနမင်းကြီးနှင့် အနောဇာဒေဝီတို့၏

## ကြီးကျယ်သော မင်းစည်းစိမ်

မြတ်စွာဘုရားသခင်သည်လည်း ဤသို့ တောင့်တတိုင်း ဖြစ်စေသတည်းဟု အနုမောဒနာကို ပြုတော်မူ၏၊ ထိုအလုံးစုံသော သူတို့သည် အသက်ရှည်သမျှ ကာလပတ်လုံးတည်နေပြီး၍ ထိုဘဝမှပြောင်းကြွသေလွန်သည်ရှိသော်နတ်ပြည်၌ ဖြစ်၍ ငါတို့ဂေါတမ လောကထွတ်ထား ဘုရားသခင်သည် လူတွင်ထင်ရှား ဘုရားဖြစ်တော်မူသော ဤအခါ၌ နတ်ပြည်မှ စုတိလာခဲ့၍ အကြီးအမှူး ဖြစ်သော သူကြွယ်သည် ကုက္ကုဋဝတီမည်သော ပြည်မြတ်ဝယ် ဆယ်ရပ်သော ရာဇဒဏ် လေးတန်သော သင်္ဂဟတို့ဖြင့် ညီမျှတင့်တယ် ကြီးကျယ်သော တန်ခိုးရှိသော မင်းမျိုး၌ဖြစ်၍ အရွယ်သို့ရောက်သည်ရှိသော် မဟာကပ္ပိနအမည် ရသော မင်းသည် ဖြစ်လေ၏၊ ကြွင်းကုန်သော သူကြွယ်တို့သည် အမတ်တို့၏ အမျိုး၌ ဖြစ်ကုန်၏၊ အကြီးအမှူး သူကြွယ်၏ မယားသည် မဒ္ဒရာဇ်တိုင်း သာဂလမြို့ မင်းမျိုး၌ ဖြစ်၍ အဆင်းအင်္ဂါ လက္ခဏာသည် အနောဇာ ပန်းနှင့် တူသော သဘောရှိသဖြင့် ထိုမင်းသမီးအား အနောဇာ ဟူသော အမည်ကို ပြုကုန်၏။ ထိုမင်းသမီးသည် အရွယ်သို့ ကျရောက်သည်ကာလ မဟာကပ္ပိန မင်းကြီးအား ဆောက်နှင်း ထိမ်းမြားသဖြင့် မဟာကပ္ပိန မင်းကြီး၏ နန်းတော်သို့ လိုက်ပါသွားရောက်၍ အနောဇာဒေဝီမည်သော မိဖုရား ကြီး ဖြစ်လေ၏။ ကြွင်းကုန်သော မိန်းမတို့သည်လည်း အမတ်၏ အမျိုးတို့၌ ဖြစ်ကြ၍ အရွယ်သို့ ကျရောက်ကြကုန်သည် ရှိသော် ရွေးဘဝဟောင်းက

ပေါင်းသင်းဆက်ဆံခဲ့ဖူးသော အမတ်သားတို့၏ အိမ်တို့သို့သာ အသီးသီး လိုက်ပါသွားရောက်ရလေကုန်၏။ ထိုအလုံးစုံကုန်သော အမတ်တို့သည် မင်းကြီးနှင့် တူမျှသော စည်းစိမ်ချမ်းသာတို့ကို ခံစားရကုန်၏။

မင်းကြီးသည် အလုံးစုံသော တန်ဆာတို့ဖြင့် တန်ဆာဆင်လျက် ဆင်ကို တက်စီး၍ လှည့်လည်၏။ ထိုအမတ်တို့သည်လည်း ထိုအတူသာလျှင် ဆင်ကို တက်စီး၍ မင်းကြီးနှင့် အတူတကွ လှည့်လည်ကုန်၏။ မင်းကြီးသည် မြင်းကိုလည်းကောင်း၊ ရထားကိုလည်းကောင်း တက်စီးလှည့်လည်သည် ရှိသော် ထိုအမတ်တို့သည်လည်း မင်းကြီးနှင့် ထပ်တူထပ်မျှ တက်စီးဆင်ယင်၍ လှည့်လည်ကုန်၏။ ဤသို့သော အခြင်းအရာဖြင့် ထိုမင်း အမတ်တို့သည် ပေါင်းစပ်ရင်းနှီး တစ်ချက်တည်း ပြုအပ်သော ကောင်းမှုကုသိုလ်ကံတို့၏ အာနိသံ အကျိုးဆက်ဖြင့် တစ်ချက်တစ်ပေါင်းတည်း ပေါင်းစည်းရိပ်ငြိမ် စည်းစိမ်ချမ်းသာကို ကောင်းမွန်စွာ ခံစားကုန်၏။ မဟာကပ္ပိနမင်းကြီးအား ဗလ-မည်သော မြင်း၊ ဗလဝါဟန မည်သော မြင်း၊ ပုပ္ဖ-မည်သောမြင်း၊ ပုပ္ဖဝါဟန-မည်သော မြင်း၊ သုပတ္တ မည်သော မြင်းအားဖြင့် မြင်းလျှင် ငါးစီးတို့သည် ရှိသည် ဖြစ်ကုန်၏။ ထိုငါးစီး ကုန်သော မြင်းယာဉ်တို့တွင် သုပတ္တ မည်သော မြင်းကို မင်းကြီးစီးနင်းလျက် ကြွင်း လေးစီးကုန်သော မြင်းယာဉ်တို့ကို သတင်းစကားကို ဆောင်ယူခြင်းငှါ ပေးလိုက်၏။ ကပ္ပိနမင်းကြီးသည် လေးယောက်ကုန်သော မင်းချင်းယောကျ်ားတို့ကို နံနက်စောစောကပင် ဘောဇဉ်အာဟာရ ကျွေးမွေး၍ အချင်းတို့ သွားတဲ့ကြချေကုန်။ နှစ်ယူဇနာ သုံးယူဇနာမျှလောက်သော ခရီးဒေသတို့သို့ သွားရောက် လှည့်လည်၍ မြတ်စွာဘုရား ကိုယ်တော်မြတ်၏ လည်းကောင်း၊ တရားတော်မြတ်၏လည်းကောင်း၊ သံဃာတော်မြတ်၏လည်းကောင်း ထင်ရှား ဖြစ်ပေါ်သည်, မဖြစ်ပေါ်သည်တို့ကို သိအောင် ပြု၍ ငါ့အား ချမ်းသာဖွယ်ရာ သော အကျိုးစီးပွားနှင့် စပ်သော သတင်းစကားကို ဆောင်ယူခဲ့ကြကုန်လော့ ဟု စေလွှတ်၏။ ထိုမင်းချင်းယောကျ်ားတို့လည်း လေးခုသော တံခါးတို့မှ လေးမျက်နှာသော အရပ်တို့သို့ ထွက်သွား၍ နှစ်ယူဇနာ သုံးယူဇနာမျှလောက် သော ဒေသခရီးသို့ လှည့်လည်၍ သတင်းစကားကို မရသောကြောင့် ပြန်လည်၍ လာခဲ့ကြကုန်၏။

## မဟာကပ္ပိနမင်းကြီး အမတ်တစ်ထောင်နှင့်တကွ မြတ်စွာဘုရားထံ သွားခြင်း

ထိုနောက် တစ်နေ့သောနေ့၌ ကပ္ပိနမင်းကြီးသည် သုပတ္တ-အမည်ရှိသော မြင်းကို တက်စီးပြီးလျှင် အမတ်တစ်ထောင် ခြံရံလျက် ဥယျာဉ်တော်သို့ ထွက်တော်မူသည်ရှိသော် ခရီးစခန်း ပင်ပန်းသော သဘောရှိကုန်သော ငါးရာ

ကုန်သော လှည်းကုန်သည်တို့ မြို့သို့ ဝင်သွားသည်တို့ကို မြင်၍ စင်စစ်မချွတ်လျှင် ဤသူတို့သည် ပင်ပန်း နွမ်းနယ်သော အခွန့်ရှည်သော ခရီးသွားကုန်သည်တို့ ဖြစ်ပေလိမ့်မည်။ ဤခရီးသွားတို့၏ အထံမှ ကောင်းမြတ်သော သတင်းစကား တစ်ခုကို ငါနားထောင်အံ့ဟု ကြံ၍ ထိုကုန်သည်တို့ကို ခေါ်စေတော်မူပြီးသော် အသင်တို့သည် အဘယ်အရပ်မှ လာခဲ့ကြကုန်သနည်းဟု မေး၏။ ကုန်သည်တို့က အရှင်မင်းမြတ် ဤကုံ့ကုဋ္ဋဝတီပြည်မှ ယူဇနာ တစ်ရာ့နှစ်ဆယ်ထက်၌ သာဝတ္ထိ အမည်ရှိသော မြို့ကြီးသည် ရှိပါသည်။ ထိုသာဝတ္ထိမြို့ကြီးမှ လာခဲ့ပါကုန်သည်ဟု ကြားလျှောက်လျှင် အိုအသင်၊ အသင်တို့၏ အရပ်ဒေသ ဌာန၌ တစ်စုံတစ်ခု သော သတင်းစကား မှတ်သားကြားသိဖွယ်ရာ ဖြစ်ပေါ်ပါသလောဟု မေးတော်မူက အရှင်မင်းမြတ် တပါးသော အကြောင်းထူး ဝိသေသသည်ကား မရှိပါ၊ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူတတ်သော မြတ်စွာဘုရားကိုယ်တော်မြတ် ဖြစ်ပါသည်ဟု လျှောက်ကြား၏။

ထိုခဏ၌သာလျှင် ကပ္ပိနမင်းကြီးသည် ငါးပါးသော အဆင်းရှိသော ပီတိဖြင့် တွေ့ထိသော ကိုယ်ရှိသည်ဖြစ်၍ တစ်စုံတစ်ခုသော စကားကို မှတ်သားခြင်းငှါ မစွမ်းနိုင်ဘဲ မိန်းမောလျက် တစ်ခဏမျှလောက်ကို လွန်စေပြီးသော် အမောင်တို့ အသင်တို့သည် အဘယ်ကို ပြောကြားလိုက်ကြပါကုန်ဘိသနည်းဟု မေးတော်မူလျှင် အရှင်မင်းမြတ် မြတ်စွာဘုရားကိုယ်တော်မြတ် ဖြစ်တော်မူပါသည်ဟု လျှောက်သည်ရှိသော် ရှေးနည်းအတူသာလျှင် သုံးကြိမ်တိုင်အောင် မိန်းမောပြီး သည်ကာလ လေးကြိမ်မြောက်အကျမှ သတိရ၍ အသင်တို့သည် ဘုရားဖြစ်တော် မူ၏ ဟူသော သတင်းစကားကို ငါ့အားရအပ်ပေ၏။ ထိုကြောင့် အသင်တို့အား တစ်သိန်းသော အသပြာကို ငါပူဇော်ပါ၏ဟု ဆို၍ တပါးလည်း ဖြစ်သော တစ်စုံတစ်ခုသော သတင်းစကားသည် ရှိပါသေးသလောဟု မေးတော်မူလျှင် အရှင်မင်းမြတ် ရှိပါသေး၏။ တရားရတနာ ဖြစ်တော်မူပါသည်ဟု လျှောက် ကြား၏။ မင်းကြီးသည် ထိုစကားကို ကြား၍လည်း ရှေးနည်းအတူ သုံးကြိမ် တိုင်တိုင် မိန်းမောလွန်မြောက်စေပြီး၍ လေးကြိမ်မြောက်အကျ၌ အသင်တို့အား ဤတရားရတနာ ဖြစ်ပေါ်သော သတင်းစကားကို ကြားရာ၌လည်း တစ်သိန်း သော အသပြာကို အသင်တို့အား ငါပေး၏ဟု မိန့်တော်မူပြီး၍ အမောင်တို့ တပါးသော သတင်းစကား ရှိပါသေးသလောဟု မေးတော်မူပြန်လျှင် အရှင် မင်းမြတ် ရှိပါသေးသည် သံဃာရတနာ ဖြစ်ပါသည်ဟု လျှောက်ကြားသော အခါ၌လည်း ထိုစကားကို ကြား၍ ရှေးနည်းအတူသာလျှင် တွေ့ဝေမိန်းမော ပြီးသော် သတိရ၍ လေးကြိမ်မြောက်အကျ၌ ဤသံဃာရတနာတည်းဟူသော သတင်းစကားကို ပြောကြားရာ၌လည်း အသင်တို့အား တစ်သိန်းသော အသပြာကို ပေးသနားအံ့ဟု မိန့်တော်မူပြီးလျှင် တစ်ထောင်သော အမတ်တို့ကို

စောင်းငဲ့ကြည့်ရှုတော်မူ၍ အမောင်တို့ ယခုအခါ၌ အသို့ပြုကုန်လတ္တံ့နည်းဟု မေးတော်မူ၏။ အမတ်တို့က အရှင်မင်းမြတ်သည် အသို့ပြုကုန်လတ္တံ့နည်းဟု တဖန် ပြန်၍ မေး၏။ အမောင်တို့ ငါသည်ကား ဘုရားရတနာ ဖြစ်တော်မူသည်၊ တရားရတနာ ဖြစ်တော်မူသည်၊ သံဃာရတနာ ဖြစ်တော်မူသည်ဟု ကြားပြီး၍ ပြန်သွားဆုတ်နစ်ဖို့ရာကို တစ်ကြိမ်တစ်ခါမျှ မကြံအောက်မေ့မိပေ။ မြတ်စွာဘုရား ကိုယ်တော်မြတ်ကို ရည်ညွှန်းသွားရောက်၍ ထိုမြတ်စွာဘုရား ကိုယ်တော်မြတ်၏ အထံ၌ ရဟန်းပြုတော့အံ့ဟု မိန့်တော်မူသည်ကာလ အမတ်တို့ကလည်း အရှင်မင်းကြီးနှင့် အတူတကွ ရဟန်းပြုပါကုန်အံ့ဟု လျှောက်၏။ မင်းကြီးသည် ရွှေပြား၌ အက္ခရာတို့ကို ရေးစေ၍ အသင် ကုန်သည်အပေါင်းတို့ အသင်တို့အား အနောဇာဒေဝီ မိဖုရားသည် သုံးသိန်းကုန်သော အသပြာတို့ကို ပေးလတ္တံ့၊ ဤသို့လည်း လျှောက်တင်လေကုန်လော့၊ မင်းကြီးသည် အရှင်မအား အစိုးရသော မင်း၏ စည်းစိမ်ချမ်းသာကို စွန့်လွှတ်အပ်၏။ အရှင်မတို့သည် အလိုတော်ရှိတိုင်း စည်းစိမ်ချမ်းသာကို ခံစားတော်မူပါလော့ဟု စွန့်လွှတ်လိုက်သော အခြင်းအရာကို လျှောက်လေလော။ အကယ်၍ မင်းကြီးသည် အဘယ်သို့ သွားသနည်းဟု ငါတို့ကို မေးသည်ရှိသော် မြတ်စွာဘုရားကို ရည်မှန်း၍ ရဟန်းပြုအံ့သောငှါ သွားသည်ကို လျှောက်ကြား လိုက်ကုန်လော့ဟု သတင်းစကား မှာကြားလိုက်၏။ အမတ်တို့သည်လည်း အသီးသီး မိမိ၏ မယားခင်ပွန်းတို့ထံသို့ သတင်းစကား မှာကြားပေးပို့လိုက်ကုန်၏။ ကပ္ပိနမင်းကြီးသည် လှည်းကုန်သည်တို့ကို လွှတ်လိုက်ပြီးသော် မြင်းဘော်ကို တက်စီးလျက် အမတ်တစ်ထောင် ခြံရံပြီးသောအခါ ထိုခဏ၌ပင် ထွက်၏။

## မြတ်စွာဘုရားသည် ခရီးဦးကြိုဆိုတော်မူခြင်း

မြတ်စွာဘုရား ကိုယ်တော်မြတ်သည်လည်း ထိုနေ့ မိုးသောက်သံ ကာလ၌ လောကကို ကြည့်ရှုဆင်ခြင်တော်မူသည် ရှိသော် အခြံအရံနှင့် တကွသော ကပ္ပိနမင်းကြီးကို မြင်တော်မူ၍ ဤကပ္ပိန မင်းကြီးသည် ကုန်သည်တို့အထံမှ သုံးတန်သော ရတနာတို့ ထင်ရှားဖြစ်ပေါ်သည်ကို ကြား၍ ထိုကုန်သည်တို့ သတင်းစကားကို သုံးသိန်းကုန်သော အသပြာတို့ဖြင့် ပူဇော်ချီးမြှင့်၍ တိုင်းပြည်နှင့်တကွသော မင်း၏စည်းစိမ်ချမ်းသာကို ပယ်စွန့်ပြီးလျှင် အမတ်တစ်ထောင်တို့ဖြင့် ခြံရံလျက် ငါဘုရားကို ရည်မှန်းပြီးသောအခါ ရဟန်းပြုခြင်းငှါ အလိုရှိသည်ဖြစ်၍ နက်ဖြန်၌ ထွက်လာလတ္တံ့။ အမတ် တစ်ထောင် အခြံရံနှင့်တကွသော ထိုမင်းကြီးသည် ပဋိသမ္ဘိဒါတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်လတ္တံ့။ ငါဘုရားသည် ခရီးဦးကြိုခြင်းကို ပြုခြင်းငှါ သင့်လျော်ပေသည်ဟု ကြံဆင်ခြင်တော်မူ၍ နက်ဖြန်မိုးသောက် ရောက်သောနေ့၌ သေးသိမ်သော ရွာငယ်ကို ပိုင်စားသော

ရှာစား သူကြီးကို လေးကျွန်းလုံးကို အစိုးရသော စကြာမင်းသည် ခရီးဦး ကြိုဆိုခြင်းငှါ သွားဘိသကဲ့သို့ ကိုယ်တော်တိုင်သာလျှင် သပိတ်သင်္ကန်းကို ယူတော်မူ၍ ယူဇနာ တစ်ရာ့နှစ်ဆယ် ဝေးကွာသော လမ်းခရီးသို့ ကြွသွားတော်မူပြီးသည်ကာလ စန္ဒဘာဂါမြစ်၏ ကမ်းနားဖြစ်သော ပညောင်ပင်ရင်း၌ ခြောက်သွယ်ကုန်သော ရောင်ခြည်တော်တို့ကို လွှတ်လျက် သီတင်းသုံး ထိုင်နေတော်မူ၏။

## ရတနာသုံးပါးဂုဏ်ကို ယုံကြည်မိဌာန်လျက် မြစ်သုံးတန်ကို ကူးမြောက်ခြင်း

ကပ္ပိနမင်းကြီးသည်လည်း ခရီးအစဉ်အတိုင်း ထွက်လာခဲ့သည် ရှိသော် တစ်ခုသော မြစ်သို့ ရောက်၍ ဤမြစ်သည်ကား အဘယ်အမည် ရှိသနည်းဟု မေးတော်မူ၏။ အရှင်မင်းမြတ် အပရစ္ဆ မြစ်မည်ပါသည်ဟု လျှောက်လျှင် ဤမြစ်၏ ပမာဏသည် အဘယ်မျှလောက် ရှိသနည်းဟု မေးတော်မူပြန်သဖြင့် အရှင်မင်းမြတ် ဤမြစ်သည် အနက်အားဖြင့် တစ်ဂါဝုတ်မျှလောက် ရှိပါသည်၊ အကျယ်အားဖြင့် နှစ်ဂါဝုတ်မျှလောက် ရှိပါသည်ဟု ကြားလျှောက်သော် ဤမြစ်၌ လှေသည်လည်းကောင်း ဖောင်သည်လည်းကောင်း တစ်စုံတစ်ခုသည် ရှိပါသလော၊ မေးပြန်သဖြင့် အရှင်မင်းမြတ် ရှိပါ၏ဟု လျှောက်တင်လျှင် လှေစသည်တို့ကို ရှာဖွေကြည့်ရှု၍ နေသောငါတို့ကို ပဋိသန္ဓေနေခြင်း၊ အိုခြင်း၊ နာခြင်း စသည်တို့သည် မပြတ်ကပ်၍ ဆောင်၏။ ငါလည်း အိုခြင်း၊ နာခြင်း စသည်တို့ကို ငြီးငွေ့စက်ဆုပ်လှသည်ဖြစ်၍ သုံးပါးကုန်သော ရတနာမြတ်တို့ကို ရည်မှန်းလျက် ရဟန်းပြုခြင်းငှါ ထွက်လာခဲ့၏။ ထိုသုံးပါးကုန်သော ရတနာမြတ်တို့ အစွမ်းသတ္တိအာနုဘော်ကြောင့် ဤမြစ်ရေသည် ရေအလျဉ်ကဲ့သို့ မဖြစ်ပါစေသတည်းဟု အောက်မေ့မိဌာန်လျက် ရတနာသုံးပါးတို့၏ ဂုဏ်ကို ဆင်ခြင်ပြီးလျှင် "ဣတိပိ သော ဘဂဝါ၊ အရဟံ သမ္မာသမ္ဗုဒ္ဓေါ" အစရှိသော ဘုရားဂုဏ်တော်ကို အောက်မေ့နှလုံးသွင်းလျက် အခြံအရံ ဖြစ်သော မြင်း တစ်ထောင်နှင့် ရေအပြင်ထက်သို့ နင်းတက်ပြေးသွား၏။ မြင်းတို့သည် ရေအပြင်ထက်သို့ နင်းတက်ပြေးသွားကုန်သည် ရှိသော် ကျောက်ဖျာ အပြင်ကဲ့သို့ဖြစ်၍ မြင်းတို့၏ ခွါအဖျားမျှတို့ကိုသာလျှင် ရေစိုစွတ်ကုန်၏။ ထိုမင်းကြီးသည် ဖြတ်သန်းကူးတက်လျက် ရှေးရှုသွားပြန်သည်ရှိသော် ထိုမှတပါးလည်းဖြစ်သော မြစ်ကို တွေ့မြင်သဖြင့် ဤမြစ်သည်ကား အဘယ်အမည်ရှိသနည်းဟု မေး၏။ အရှင်မင်းမြတ် နီလဝါဟန-မည်ပါသည်ဟု လျှောက်တင်လျှင် ဤမြစ်၏ ပမာဏ ကား အဘယ်မျှ ရှိသနည်းဟု မေးတော်မူသဖြင့် အရှင်မင်းမြတ် အစောက် အနက်အားဖြင့် လည်းကောင်း၊ အကျယ်အားဖြင့် လည်းကောင်း ယူဇနာဝက်

မျှလောက် ရှိပါသည်ဟု လျှောက်တင်သည် ရှိသော် ရှေးနည်းအတူ လှေဘောင် စသည်ကို မေးမြန်း ရှာဖွေ မရသဖြင့် "သုဂတော ဘဂဝတာ ဓမ္မော" အစရှိသော တရားတော် ဂုဏ်တော် အာရုံပြု၍ ရေအပြင်ထက်သို့ နင်းတက် ပြေးသွားသည်ကာလ ထိုမှတပါးလည်း ဖြစ်သော မြစ်တစ်ခုကို တွေ့ပြန်၏။ ဤမြစ်သည် အဘယ်အမည်ရှိသနည်းဟု မေးတော်မူလျှင် အရှင်မင်းမြတ် စန္ဒဘာဂါ အမည်ရှိပါသည်ဟု လျှောက်ကြားသဖြင့် ဤမြစ်၏ ပမာဏသည် အဘယ်မျှလောက် ရှိပေသနည်းဟု မေးတော်မူလျှင် အရှင်မင်းမြတ် အနက် အစောက်အားဖြင့် လည်းကောင်း၊ အပြန့်အကျယ်အားဖြင့် လည်းကောင်း တစ်ယူဇနာမျှလောက် ရှိပါသည်ဟု လျှောက်ကြား၍ ရှေးနည်းအတူသာလျှင် မေးမြန်းတော်မူပြီးသောအခါ ဤမြစ်ကို ကူးရာ၌ "သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော" အစရှိသော သံဃာတော်၏ ဂုဏ်တော် အောက်မေ့ ဆင်ခြင်လျက် ရေအပြင်ထက်သို့ ကူးသန်းပြေးသွားလေ၏။

## အမတ်တစ်ထောင်တို့နှင့် ကပ္ပိနမင်းကြီး သောတာပန် ဖိုလ်ကို ရဟန်း ဖြစ်ခြင်း

ထိုမြစ်ကို လွန်မြောက်၍ ရှေးရှုသွားပြန်သည် ရှိသော် မြတ်စွာဘုရား ကိုယ်တော်မြတ်မှ ထွန်းလင်းတောက်ပ ထွက်ကြကုန်သော ရောင်ခြည်တော်တို့ကို မြင်ရကုန်၏။ ပညောင်ပင်ကြီး၏ အကိုင်း အခက် အရွက် ဟူသမျှတို့သည် ရွှေဖြင့် ပြီးသကဲ့သို့ ဖြစ်ကုန်၏။ ကပ္ပိနမင်းကြီးသည် ကြံဆင်ခြင်သည်မှာ ဤအရောင်တို့သည်ကား လ၏ အရောင်လည်း မဟုတ်၊ နေ၏ အရောင်လည်း မဟုတ်၊ နတ်အသူရာ ဗြဟ္မာ သုပဏ္ဏ မာရ တဖုံ ဂဠုန် နဂါးတို့၏ အရောင်လည်း မဟုတ်။ စင်စစ်မူကား ငါသည် ဘုရားကို ရည်မှန်းလျက် ရဟန်းပြုအံ့ဟု ထွက် လာသည်ကို ဂေါတမဘုရားသည် ထင်ရှားစွာ သိမြင်တော်မူပေလိမ့်မည်ဟု ကြံဆင်ခြင်ပြီးမှ ထိုခဏ၌သာလျှင် မင်းကြီးသည် မြင်း၏ ကျောက်ကုန်းထက်မှ ဆင်းသက်၍ ညွတ်ရှိုင်းသော ကိုယ်ရှိလျက် ရောင်ခြည်တော်ကို အစဉ်အောက်မေ့ ရှုမျှော်သဖြင့် ဘုရားကိုယ်တော်မြတ်၏ အထံသို့ ချဉ်းကပ်၍ ဆေးဒါန်း မြင်းသီလာရေ၌ ငုပ်သကဲ့သို့ ဘုရားရောင်ခြည်တော်တို့၏ အတွင်းသို့ ဝင်၍ မြတ်စွာဘုရားကိုယ်တော်မြတ်ကို ကြည်လင်ညွတ်လျိုး ရှိခိုးဦးချပြီးသော် သင့်တင့်လျောက်ပတ်သော အရပ်၌ အမတ် တစ်ထောင်တို့နှင့်တကွ ထိုင်နေ၏။ မြတ်စွာဘုရားသခင်သည် ထိုမင်းကြီးအား အစဉ်အတိုင်းသော တရားစကားကို ဟောကြားတော်မူ၏။ ဒေသနာတော်၏ အဆုံး၌ မင်းကြီးသည် အခြံအရံနှင့် တကွ သောတာပတ္တိဖိုလ်၌ တည်လေ၏။ ထိုအခါ အလုံးစုံသော သူတို့သည် နေရာမှထ၍ လက်အုပ်ချီမိုး ရှိခိုးပြီးသော် ရဟန်းအဖြစ်ကို တောင်းပန်ကြကုန်၏။

မြတ်စွာဘုရားသခင်သည် အသို့နည်း၊ ဤအမျိုးကောင်းသားတို့အား တန်ခိုးဖြင့် ပြီးသော သပိတ် သက်န်းတို့သည် လာရောက်ကုန် လတ္တံ့လောဟု စုံစမ်းဆင်ခြင်တော်မူသည်ရှိသော် ဤအမျိုးကောင်းသားတို့သည် ပစ္စေကဗုဒ္ဓါ အရှင်တစ်ထောင်တို့အား တစ်ထောင်သော သင်္ကန်းတို့ကို ပေးလှူဖူးကုန်၏။ ကဿပ မြတ်စွာဘုရားသခင် လက်ထက်၌လည်း နှစ်သောင်းမျှကုန်သော ရဟန်းတို့အား ၊ နှစ်သောင်းကုန်သော သင်္ကန်းတို့ကို ပေးလှူဖူးကုန်ပြီ။ ဤအမျိုးကောင်းသားတို့အား အံ့ဖွယ်ရှိသော တန်ခိုးဖြင့် ပြီးသော သပိတ်သင်္ကန်းသည် လာရောက်ပေလတ္တံ့ဟု သိတော်မူ၍ လက်ယာ လက်မောင်းတော်ကို ဆန့်တန်းတော်မူပြီးသော် "ဧထ ဘိက္ခဝေါ၊ စရထ ဗြဟ္မစရိယံ သမ္မာဒုက္ခဿ အန္တကိရိယာယ"ဟူသော ပါဠိဖြင့် ဧဟိဘိက္ခု ခေါ်တော်မူ၏။ ထိုခဏ၌သာလျှင် ရှစ်ပါးကုန်သော ပရိက္ခရာတို့ကို ဆောင်လွယ်လျက် အဝါ ခြောက်ဆယ်ရင့်ကြွယ် လေပြီး မထေရ်ကြီးကဲ့သို့ တရည်ထည်း အထမြောက်၍ ကောင်းကင်အထက်သို့ တက်ကြွတော်မူပြီးသောအခါ သက်ဆင်းလာခဲ့၍ မြတ်စွာဘုရားသခင်ကို ကြည့်လင် ညွတ်လျှိုး ရှိခိုးဦးချ၍ ထိုင်နေကြကုန်၏။

## ရတနာသုံးပါးသတင်း ပြောကြားသူတို့အား အနောဇာဒေဝီ မိဖုရားသည် အသပြာကိုးသိန်းတို့ဖြင့် ပူဇော်ခြင်း

မင်းကြီးသည် သတင်းစကား မှာကြား စေလွှတ်လိုက်သော လှည်းကုန်သည် အပေါင်းတို့သည် မင်းအိမ်နန်းတော်သို့ သွားရောက်၍ ၊မင်းကြီးစေလွှတ်အပ်သော သတင်းစကားကို ကြားစေသည် ကာလ အနောဇာမိဖုရားက လာခဲ့ကုန်လော့ဟု မိန့်ခေါ်သည်ရှိသော် နန်းတော်တွင်းသို့ ချဉ်းကပ်ဝင်ရောက် လျောက်ပတ် သင့်တင့်သောနေရာ၌ ရှိခိုးဦးချ၍ တည်ကြကုန်၏။ ထိုအခါ မိဖုရားက ကုန်သည်တို့ကို အမောင်တို့သည် အဘယ်အကြောင်းကြောင့် လာခဲ့ကြကုန်သနည်းဟု မေးလျှင် အရှင်မိဖုရား မင်းကြီးသည် အကျွန်ုပ်တို့ကို အရှင်မိဖုရားတို့ အထံသို့ စေလွှတ်အပ်ကုန်၏။ သုံးသိန်းကုန်သော အသပြာတို့ကို အကျွန်ုပ်တို့အား ပေးလိုက်စေလိုကုန်ပါသည်ဟု လျှောက်ကြားသည်ကာလ အမောင်တို့ အသင်တို့သည် အလွန်များသည်တို့ကို ပြု၍ တောင်းဆိုကုန်ဘိသည် အသို့နည်း အသင်တို့သည် အဘယ်သို့သော အမှုသတင်းစကားကို မင်းကြီးအား ဂုဏ်ပြု ပြောကြား ကြည်ညိုစေ၍ ဤမျှလောက်သောဥစ္စာကို ပေးစေဘိသနည်းဟု မေးပြန်လျှင် အရှင်မိဖုရား မင်းကြီး၏ တစ်စုံတစ်ခုသောအမှုကို ပြုစုရွက်ဆောင်ရသည် မဟုတ်ပါ။ စင်စစ်မှာ ဤမျှသော သတင်းစကားကို လျှောက်ကြားကုန်သောကြောင့် ပေးသနားတော်မူပါသည်ဟု လျှောက်သည်ကာလ အသို့နည်း၊ အမောင်တို့ ထိုသတင်းစကားကို ငါ့အားလည်း ပြောကြားခြင်းငှါ

တတ်ကောင်းသည် မဟုတ်ပါလောဟု မေးသဖြင့် အရှင်မိဖုရား တတ်ကောင်းပါ၏ဟု လျှောက်လျှင် အမောင်တို့ ထိုသို့တပြီးကား ငါ့အားလည်း ပြောကြားပါကုန်လော့ဟု မိန့်ဆိုသည်ကာလ အရှင်မိဖုရား ဘုံသုံးပါး၌ ဘုရားဖြစ်တော်မူပါသည်ဟု လျှောက်၏။ မိဖုရားသည် ထိုသို့လျှောက်တင်သော စကားကို ကြား၍ ရွှေနည်းဖြင့်သာလျှင် ပီတိဖြင့်တွေ့ထိသော ကိုယ်ရှိသည်ဖြစ်၍ သုံးကြိမ်တိုင်တိုင် တစ်စုံတစ်ခုကိုမျှ မမှတ်သားနိုင်ဘဲ မိန်းမော၍ သွားပြီးမှ လေးကြိမ်မြောက် အကျ၌ သတိရ၍ အမောင်တို့ ဤသို့သော သတင်းစကားကို ကြားရ၌ အသင်တို့အား မင်းကြီးသည် အဘယ်မျှလောက် ချီးမြှင့်ပေးသနားတော်မူသနည်းဟု မေးလျှင် အရှင်မိဖုရား တစ်သိန်းမျှလောက်သော အသပြာ ဆုတော်ကို ပေးသနားပါသည်ဟု လျှောက်သောအခါ အမောင်တို့ မင်းကြီးသည် အသင်တို့အား ဤသို့သော သတင်းစကားကို လျှောက်ကြားရာ၌ တစ်သိန်းသော အသပြာကို ပေးသနား၍ ထိုက်သည်အားလျော်စွာ ချီးမြှင့်တော်မူ၏။ ငါသည် အသင်တို့အား ဆင်းရဲသားတို့၏ ပေးကမ်းသော လက်ဆောင်ပဏ္ဏာကာရ သုံးသိန်းကုန်သော အသပြာတို့ကို ပေးပါ၏ဟု ဆိုပြီး၍ ထိုမှတစ်ပါး မင်းကြီးအား ကြားအပ်သော သတင်းစကား ရှိပါသလောဟု မေးပြန်လျှင် ကြွင်းကျန်သော သတင်းစကား နှစ်ပါးကုန်သော ရတနာတို့၏ ဖြစ်ခြင်းကို လျှောက်ထားပြန်ကုန်၏။ ၎င်းစကားတို့ကို လျှောက်ကြားရာ၌လည်း ရွှေနည်းအတူ သာလျှင် သုံးကြိမ်တိုင်အောင် မိန်းမောပြီး၍ လေးကြိမ်မြောက် အကျအကျတို့၌ သုံးသိန်း သုံးသိန်းမျှလောက်ကုန်သော အသပြာတို့ကို ပေးဧ၏။ ဤသို့သော အစဉ်အားဖြင့် ထိုကုန်သည်တို့သည် တစ်သန်းနှစ်သိန်းကုန်သော အသပြာတို့ကို ရကုန်၏။

ထို့နောက် မိဖုရားက အမောင်တို့ မင်းကြီးသည် အဘယ်မှာနည်းဟု မေး၏။ အရှင်မိဖုရား မြတ်စွာဘုရား ကိုယ်တော်မြတ်ကို ရည်မှန်းလျက် ရဟန်းပြုအံ့ဟု ထွက်ကြွတော်မူကြောင်းကို လျှောက်ထားလျှင် ငါ့အား အဘယ်သို့သော သတင်းစကားကို မင်းကြီးသည် မှာကြားမိန့်ဆိုခဲ့ပေသနည်းဟု မေးသဖြင့် အလုံးစုံအစိုးရသော စည်းစိမ်ချမ်းသာဟူသမျှကို အရှင်မတို့အား စွန့်လွှတ်ပြီးသောကာလ အရှင်မတို့သည် အလိုရှိတိုင်း စည်းစိမ်ချမ်းသာကို ခံစားစေကုန်လော့ဟု မှာထားခဲ့ကြောင်းကို လျှောက်လျှင် အမောင်တို့ အမတ်တို့သည် အဘယ်အရပ်သို့ သွားကြကုန်သနည်းဟု မေးပြန်သောကာလ အရှင်မိဖုရား ထိုအမတ်တို့လည်း မင်းကြီးနှင့်အတူတကွ ရဟန်းပြုအံ့သောငှါ လိုက်သွားပါကုန်သည်ဟု ကြားလျှောက်သဖြင့် မိဖုရားသည် အမတ်တို့၏ မယားခင်ပွန်းတို့ကို ခေါ်စေပြီးသော် မိခင်တို့ အသင်တို့၏ အရှင် ချစ်လင်တို့သည် မင်းကြီးနှင့် အတူတကွ ရဟန်းပြုအံ့ဟု လိုက်ပါ၍သွားကုန်ပြီ။ အသင်တို့သည် အသို့ပြုကုန်

လတ္တံ့နည်းဟု မေး၏။ အရှင်မိဖုရား ကျွန်တော်မတို့အား အဘယ်သို့သော သတင်းကို မှာကြား စေလွှတ်လိုက်ပါသနည်းဟု မေးလျှောက်သဖြင့် ထိုအမတ်တို့က အသင်တို့အား မိမိစုံးပိုင်သော စည်းစိမ်ချမ်းသာကို စွန့်လွှတ်အပ်၏။ အသင်တို့သည် အလိုရှိတိုင်း စည်းစိမ်ချမ်းသာကို ခံစားကြကုန်လော့ဟု မှာထား စေလွှတ်လိုက်ပေသည်ဟု ပြောလျှင် အရှင်မိဖုရား အသင်တို့ကား အသို့ပြုကုန်အံ့နည်းဟု မေးလျှောက်ပြန်၏။

## မှူးမတ်ကတော်တစ်ထောင်နှင့် အနောဇာဒေဝီသည် ရဟန်းပြုရန် တိုင်းပြည်မှ ထွက်သွားခြင်း

မိခင်တို့ ငါတို့၏ အရှင်သခင်မင်းမြတ်သည် လမ်းခရီးအရပ်၌ တန့်ရပ်တွေ့ဆုံ ရတနာသုံးပါးတို့ဖြစ်ပုံကို ကြားရ၍ သတင်းစကားမျှဖြင့် ခရီးအကြား၌ တည်လျက်ပင် သုံးသိန်းကုန်သော အသပြာတို့ဖြင့် ရတနာသုံးပါးတို့ကို ပူဇော် ချီးမြှင့်၍ ကြီးမြင့်သော စည်းစိမ် ရိပ်ငြိမ်ချမ်းသာကို ထွေးကာ စွန့်မြောက် တံတွေးပေါက်ကဲ့သို့ ခေါက်ခေါက်ရက်ရက်ကြီး စွန့်လွှတ်တော်မူပြီးသည်ကာလ ဘုရားထံမှောက် ချဉ်းရောက်သမှု ရဟန်းပြုတော့မည်ဟု ကြံစည်စိတ်ထား ထွက် သွားတော်မူချေပြီ။ ငါသည်လည်း သုံးပါးကုန်သော ရတနာတို့၏ ပေါ်လာ စင်စစ် ဖြစ်သောသတင်းစကားကို ကြားသိရ၍ သုံးပါးကုန်သော ရတနာတို့ကို ကိုးသိန်းကုန်သော အသပြာတို့ဖြင့် ကောင်းစွာ ပေးလှူ ပူဇော်အပ်ကုန်ပြီ။ တိုင်းပြည်အုပ်ချုပ် မင်းလုပ်၍ နှစ်မြို့ခံစား ပျော်ပါးမွေ့လျော်အပ်သော ဤစည်းစိမ်ချမ်းသာသည် မင်းကြီးအားသာ ဆင်းရဲဒုက္ခ ဖြစ်ရသည်မဟုတ် ငါ့အားလည်း ဆင်းရဲဒုက္ခ တွေ့ရောက်ရမည် ဧကန် အမှန်ဖြစ်ချေသည်။ ပြည်ကြီး သခင် ဘုရင်မင်းမြတ်၏ မတပ်မမက် မနှစ်သက်၍ ထွေးလျက် စွန့်ပစ်အပ်သော တံတွေးပေါက်ကို ဒူးပုဆစ်တို့ထောက်၍ အဘယ်သူသည် ခံတွင်းဖြင့် ကောက်ယူ ပါအံ့နည်း။ ငါ့အား စည်းစိမ်ချမ်းသာကို ခံစားခြင်းဖြင့် စွဲရင်းနှလုံး ယူကျုံး တပ်မက် နှစ်သက်ရှင်မြို့ အလိုမရှိပြီ။ ငါသည်လည်း ဆရာမြတ်ဖျား ဘုရား သခင်ကို ရည်မှန်းသွားရောက်၍ ဝဋ်မှထွက်မြောက်ရန်အမှု ရဟန်းပြုတော့အံ့ဟု ပြော၏။

ထိုမိန်းမတို့ကလည်း အရှင်မိဖုရား ကျွန်တော်မတို့သည် အရှင်မနှင့်အတူတကွ ပင် ရဟန်းပြုပါကုန်အံ့ဟု ပြောဆိုကြသောကာလ မိခင်တို့ စွမ်းနိုင်ပါလျှင် ကောင်းပါ၏ဟု ဆိုသဖြင့် စွမ်းနိုင်ပါ၏ဟု လျှောက်လျှင် မိခင်တို့ ကောင်းလှ ပေပြီ။ ထိုသို့တပြီးကား လာလှည့်ကုန်လော့ဟု ခေါ်ငင်၍ ရထားတစ်ထောင် တို့ကို ပြုပြင် ယှဉ်ကစေပြီးသောအခါ ရထားထက်သို့ တက်စီး၍ ထိုမိန်းမတို့နှင့်

အတူတကွ ထွက်လာခဲ့၍ ခရီးအကြား၌ မြစ်ကို တွေ့မြင်သောအခါ မင်းကြီး မေးမြန်းအပ်သော အခြင်းအရာဖြင့် မေးမြန်းစိစစ် လျှောက်ထားသည်ကို ကြားသိရပြီး၍ မင်းကြီးကြွသွားသော လမ်းခရီးကို ကြည့်ရှုရှာဖွေကြကုန် လော့ဟု မိန့်တော်မူသဖြင့် အရှင်မီဖုရား မြင်းတို့၏ ခြေရာတို့ကို မမြင်ပါကုန်ဟု လျှောက်သည်ရှိသော် မင်းကြီးသည် ရတနာသုံးပါးကို စိတ်ထားရည်မှန်းလျက် ရဟန်းပြုအံ့သောငှါ ထွက်သွားသည် ဖြစ်ပေ၏။ မချွတ်ကေန် မှန်ကန်လှစွာ တစ်ခုသော သစ္စာကို ပြုပြီးသောကာလ ကူးသွားသည် ဖြစ်ပေလိမ့်မည်။ ငါသည်လည်း ရတနာသုံးပါးတို့ကို ရည်မှန်းလျက် ရဟန်းပြုအံ့သောငှါ ထွက် လာခဲ့ပေ၏။ ထိုသုံးပါးကုန်သော ရတနာတို့၏ အာနုဘော်ဖြင့် ငါ့အား ဤ ရေသည် ရေအလျဉ်ကဲ့သို့ မဖြစ်ပါစေသတည်းဟု ရတနာသုံးပါးတို့၏ ဂုဏ်ကို ယုံကြည်စိတ်ထား နှလုံးသွင်း၍ ရထားတစ်ထောင်ကို စေလွှတ် မောင်းနှင်၏။ ရေအလျဉ်သည် ကျောက်ဖျာအပြင်ကဲ့သို့ ဖြစ်၍ ရထားလှည်းဘီးစက်တို့၏ အဖျားအကွပ်မျှကိုသာ စိုစွတ်ကုန်၏။ ဤသို့သောအကြောင်းနည်းလမ်းဖြင့်သာ နောက်၌ နှစ်တန်ကုန်သော မြစ်တို့ကိုလည်း လွန်မြောက်လေ၏။

## မူးမတ်ကတော်တစ်ထောင်နှင့် အနောဇာဒေဝီသည်

## သောတာပန်တည်ခြင်း

ထိုအခါ မြတ်စွာဘုရားကိုယ်တော်မြတ်သည် ထိုမိဖုရား၏ လာသောအဖြစ်ကို သိ၍ အကြင်သို့သောအခြင်းအရာဖြင့် ပြုအပ်သည်ရှိသော် မိမိ၏အထံ၌ ထိုင်နေ ကုန်သော ရဟန်းတို့ကို မသိမထင် မမြင်နိုင်ကုန်။ ထိုသို့သော အခြင်းအရာကို တန်ခိုးတော်ဖြင့် ပြုတော်မူ၏။ အနောဇာ မိဖုရားသည်လည်း အစဉ်အတိုင်း လာခဲ့သည်ရှိသော် မြတ်စွာဘုရား ကိုယ်တော်မြတ်မှ တလျှပ်လျှပ် တဝင်းဝင်း ထွန်းလင်းတောက်ပ တက်ကြွသော ရောင်ခြည်တော်တို့ကို မြင်၍ ကပ္ပိနမင်း ကြံဆင်ခြင်သော နည်းအတိုင်း ကြံဆင်ခြင်ပြီးသည်ကာလ မြတ်စွာဘုရား ကိုယ်တော်မြတ်သို့ ချဉ်းကပ်ဝပ်လျှိုး ရှိခိုးဦးချပြီးလျှင် ဘုန်းတော်အလွန် ကဲမွန်ချုပ်သော အနုတ္တရ လောကထွတ်ထား မြတ်စွာဘုရား တပည့်တော်မ၏ အရှင်သခင် ဖြစ်တော်မူသော ကပ္ပိနမင်းကျော်သည် ကိုယ်တော်အရှင်မြတ်တို့ အား ရည်မှန်းလျက် ရဟန်းပြုအံ့သောငှါ ထွက်သွားပါသည်။ အရှင်ဘုရားတို့၏ ထံမှောက်သို့ လာရောက်ဟန်ရှိချေသည်တကား၊ ထိုကပ္ပိနမင်းကြီးသည် အဘယ်မှာ ရှိပါလေသနည်းဟု မေး၍ တပည့်တော်မအား ထိုကပ္ပိနမင်းကြီးကို ညွှန်ပြ တော်မူပါကုန်လော့ဟု လျှောက်ကြား၏။

မြတ်စွာဘုရားသခင်က အသင်တို့သည် ဤအရပ်တွင်ပင် ထိုင်နေကြဦးလော့၊ အသင်တို့သည် ဤအရပ်၌ ထိုင်နေလျက်ပင် ထိုကပ္ပိနမင်းကြီးကို တွေ့မြင်ရလတ္တံ့ ဟု မိန့်တော်မူ၏။ အနောဇာဒေဝီ အမှူးရှိကုန်သော အလုံးစုံသောမိန်းမတို့သည် ဤအရပ်၌ ထိုင်နေလျက်ပင် ငါတို့အရှင် ခင်ပွန်းလင်တို့ကို တွေ့မြင်ရပေကုန်လတ္တံ့ ဟု ရှင်လန်းနှစ်သက် တက်ကြွသော စိတ်ရှိကုန်သည်ဖြစ်၍ ထိုင်နေကြကုန်၏။ မြတ်စွာဘုရားကိုယ်တော်မြတ်သည် ထိုမိန်းမတို့ကို အစဉ်သော တရားစကားဖြင့် ဟောကြား ဆုံးမတော်မူပေ၏။ အနောဇာဒေဝီ မဟေသီသည် အစဉ်သော တရား ဟောကြားပြီးသည့်အဆုံး၌ အခြံအရံ ဖြစ်ကုန်သော မိန်းမတို့နှင့်အတူတကွ သောတာပတ္တိဖိုလ်သို့ ရောက်လေ၏။ မဟာကပ္ပိနမထေရ်သည်လည်း အနောဇာဒေဝီ အမှူးရှိကုန်သော ထိုမိန်းမတို့အား ရည်ညွှန်းပွါးများ ဟောကြားအပ်သော တရားဒေသနာကို အနီးအပါးဖြစ်သော တစ်ခုသောနေရာက ထိုင်နေကြားနာရလျက် အခြံအရံ ဖြစ်ကုန်သော အမတ်ရဟန်းတို့နှင့်အတူတကွ ပဋိသမ္ဘိဒါလေးပါးတို့နှင့်တကွသော အရဟတ္တဖိုလ်သို့ ရောက်လေ၏၊ ထိုခဏ၌သာ မြတ်စွာဘုရား ကိုယ်တော်မြတ်သည် အနောဇာဒေဝီ အမှူးရှိကုန်သော ထိုမိန်းမတို့အား အရဟတ္တဖိုလ်သို့ ရောက်ကုန်ပြီးသော မဟာကပ္ပိနမထေရ် အမှူးရှိကုန်သော ရဟန်းတို့ကို ပြတော်မူသောအားဖြင့် မြင်စေတော်မူ၏။

ထိုအနောဇာမိဖုရားနှင့် တကွသော မိန်းမတို့အား လာရောက်စ ဖြစ်သော မေးလျှောက်စဉ် ကာလက ပြတော်မမူဦးဘဲ တရား ဟောကြားပြီးသည့်၏အဆုံး၌မှ ပြတော်မူခြင်းအကြောင်းမှာ ထိုမိန်းမတို့အား ရောက်လာသောခဏ၌သာလျှင် ဦးပြည်းသည်ဖြစ်၍ ဖန်ရည်စွန်းသော အဝတ်ကို ဆင်မြန်းဝတ်ဆင်ကုန်သော မိမိအရှင် ခင်ပွန်းလင်တို့ကို တွေ့မြင်ရကုန်သည်ရှိသော် စိတ်၏တည်ကြည်ခြင်း မဖြစ်ပေကုန်ရာ၊ ထိုသို့ စိတ်တည်ကြည်ခြင်း မဖြစ်က တရားဟောကြားသော်လည်း မဂ်ဖိုလ်သို့ ရောက်ခြင်းငှါ မစွမ်းနိုင်ပေကုန်ရာ။ ထို့ကြောင့် မတုန်မလှုပ်သော အစလသဒ္ဓါ၌ တည်သောကာလဝယ် ထိုမိန်းမတို့အား အရဟတ္တဖိုလ်သို့ ရောက်ကုန်ပြီးသော ထိုရဟန်းတို့ကို ပြတော်မူသည်ဟု မှတ်သားရာ၏၊ ထို့ကြောင့် အဋ္ဌကထာ၌—

> တာသံ ကိရ အာဂတက္ခဏေယေဝ အတ္တနော သာမိကေ
> ကာသာဝဓရေ မုဏ္ဍကသီသေ ဒိသွာ စိတ္တံ ကေဂ္ဂံ န ဘဝေယျ။
> တေန မဂ္ဂဖလာနိ ပတ္တုံ န သက္ကုဏေယျုံ၊ တသ္မာ အစလသဒ္ဓါယ
> ပတိဋ္ဌိတကာလေ တာသံ တေ ဘိက္ခူ အရဟတ္တံ ပတ္တေ
> ဒဿေသိ–

ဟု မိန့်တော်မူ၏။

အနက်ကား။ ။တာသံ၊ ထို မိန်းမတို့အား။ ဝါ၊ ထို မိန်းမတို့၏။ အာဂတက္ခဏေ ယေဝ၊ ရောက်လာသော ခဏ၌သာလျှင်။ ကာသာဝ-ဓရေ၊ ဖန်ရည်စွန်းသော အဝတ်သင်္ကန်းကို ဝတ်ဆောင်ကုန်သော။ မုဏ္ဍက-သီသေ၊ ဦးပြည်း ရိတ်အပ်သော ဦးခေါင်း ရှိကုန်သော။ အတ္တနော၊ မိမိ၏။ သာမိကေ၊ ငယ်ကကျွမ်းဝင် ခင်ပွန်းလင်တို့ကို။ ဒိသွာ၊ မြင်ရကုန်သည်ရှိသော်။ ဝါ၊ မြင်ရကုန်သောကြောင့်။ စိတ္တံ၊ စိတ်သည်။ ဧကဂ္ဂံ၊ တည်ကြည်ဖြောင့်မတ်သည်။ န ဘဝေယျ၊ မဖြစ်နိုင်ပေရာ။ တေန၊ ထိုသို့ စိတ်မတည်ကြည်ခြင်းဖြင့်။ ဝါ၊ မတည်ကြည်ခြင်းကြောင့်။ မဂ္ဂဖလာနိ၊ မဂ်ဖိုလ်တို့သို့။ ပတ္တုံ၊ ရောက်ခြင်းငှါ။ ယသ္မာ၊ အကြင်ကြောင့်။ န သက္ကုဏေယျုံ၊ မစွမ်းနိုင်ပေကုန်ရာ။ တသ္မာ၊ ထိုကြောင့်။ အစလသဒ္ဓါယ၊ မတုန်လှုပ်သော သဒ္ဓါ၌။ ပတိဋ္ဌိတကာလေ၊ တည်သောကာလ၌။ တာသံ၊ ထိုမိန်းမတို့အား။ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ ပတ္တေ၊ ရောက်ကုန်သော။ တေ ဘိက္ခူ၊ ထိုရဟန်းတို့ကို။ ဒဿေသိ ကိရ၊ ပြတော်မူသတတ်။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ ဤကားအနက်။

## မှူးမတ်ကတော် တစ်ထောင်တို့နှင့် အနောဇာဒေဝီသည် ရဟန္တာထေရီမ ဖြစ်ခြင်း

အနောဇာဒေဝီ အမှူးရှိကုန်သော ထိုမိန်းမတို့သည် ကပ္ပိနမထေရ်နှင့်တကွကုန်သော ထိုမထေရ်တို့ကို မြင်ရ၍ ငါးပါးသော တည်ခြင်းရှိသော ရှိခိုးခြင်းဖြင့် ကြည်လင်ညွတ်လျှိုး ရှိခိုးပြီးသော် အရှင်ဘုရားတို့ အရှင်မြတ်တို့အား ရှေးဦးစွာပင် ရဟန်းကိစ္စ ပြီးဆုံးခြင်းသို့ ရောက်ပေကုန်သည်ဟု လျှောက်ကြားပြီးလျှင် မြတ်စွာဘုရားသခင်ကို ကြည်လင်ညွတ်လျှိုး ရှိခိုးဦးချ သင့်တင့်ကောင်းမြတ် လျှောက်ပတ်သော နေရာ၌ တည်နေပြီး၍ ရဟန်း အဖြစ်ကို တောင်းပန် လျှောက်ကြားကြကုန်၏။ မြတ်စွာဘုရား သခင်သည် ထိုဒါယိကာမတို့ကို အသင်တို့သည် သာဝတ္ထိပြည်သို့ သွားရောက်၍ ဘိက္ခုနီမတို့၏ ကျောင်း၌ ရဟန်းပြုကုန်လော့ ဟု မိန့်တော်မူ၏။

ဤနေရာ၌ အချို့ကုန်သော ဆရာတို့သည် အနောဇာဒေဝီ အမှူးရှိကုန်သော ဥပါသိကာမတို့သည် ရဟန်းပြုရန် တောင်းပန် လျှောက်ကြားသည်ရှိသော် မြတ်စွာဘုရား သခင်သည် ဥပ္ပလဝဏ္ဏာ ထေရီမ၏ လာခြင်းကို ကြံစည်တော်မူသဖြင့် ဥပ္ပလဝဏ္ဏာ ထေရီမ ရောက်လာ၍ ထိုနေရာ၌ပင် ရဟန်းပြုသည် ဟု ဆိုကြကုန်၏။ ထို့ကြောင့် ၎င်းအဋ္ဌ-ကထာ၌—

ဧဝံ ကိရ ဝုတ္တေ သတ္ထာ ဥပ္ပလဝဏ္ဏာယ အာဂမနံ စိန္တေသီတိ ကေစ္စေ ဝဒန္တိ–

ဟု မိန့်တော်မူ၏။

**အနက်ကား**။ ။ဧဝံ၊ ဤသို့ ရဟန်းပြုရန် အကြောင်းကို။ ဝုတ္တေ၊ လျှောက်ကြား တောင်းပန်သည်ရှိသော်။ သတ္ထာ၊ မြတ်စွာဘုရားသခင်သည်။ ဥပ္ပလဝဏ္ဏာယ၊ ဥပ္ပလဝဏ္ဏာထေရီမ၏။ အာဂမနံ၊ လာရောက်ခြင်းကို။ စိန္တေသိ ကိရ၊ ကြံစည်တော်မူသတတ်။ ဣတိ၊ ဤသို့။ ကေစ္စေ၊ အချို့ကုန်သော ဆရာတို့သည်။ ဝဒန္တိ၊ ဆိုကုန်၏။ ဤကား အနက်။

အနောဇာဒေဝီ အမှူးရှိကုန်သော ထိုဒါယိကာမတို့သည် ခရီးအစဉ်အတိုင်း ဇနပုဒ် မြို့-ရွာ-သို့ လှည့်လည်ဆိုက်ရောက် သွားလာ၍ လမ်းခရီးအကြားဝယ် များစွာသော လူအပေါင်းတို့သည် ရှေးရှူယူဆောင် ချီးမြှင့် လုပ်ကျွေးအပ်သော ပူဇာသက္ကာရကို ခံယူသုံးစားလျက် ခြေဖြင့်သာလျှင် ယူဇနာ တစ်ရာ့နှစ်ဆယ်ရှိသော သာဝတ္ထိပြည်သို့ သွားရောက်ပြီးသော် ဘိက္ခုနီမကျောင်း၌ ရဟန်းပြု၍ အရဟတ္တဖိုလ်သို့ ရောက်ကုန်၏။

မြတ်စွာဘုရား ကိုယ်တော်မြတ်သည်လည်း ရဟန်းတစ်ထောင်ကို ယူတော်မူ၍ ကောင်းကင်ခရီးဖြင့်သာလျှင် ဇေတဝန် ကျောင်းတော်သို့ ကြွတော်မူ၏။ ထိုဇေတဝန်ကျောင်းတော်သို့ ကျရောက်သောအခါ မဟာကပ္ပိနမထေရ်သည် နေ့သန့်ရာ ညဉ့်သန့်ရာ အစရှိသည်တို့၌ "အဟော သုခံ၊ အဟော သုခံ=ဪ-ချမ်းသာလေစွ၊ ဪ-ချမ်းသာလေစွ" ဟူသော ဥဒါန်းကို ကျူးရင့်တော်မူသည်ဖြစ်၍သာလျှင် လှည့်လည် သွားလာ နေထိုင်လေ့ရှိ၏။ ရဟန်းတို့သည် မြတ်စွာဘုရား ကိုယ်တော်မြတ်သို့ ချဉ်းကပ် ဝပ်တွားလျက် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ မဟာကပ္ပိနမထေရ်သည် "ဪ-ချမ်းသာလေစွ၊ ဪ-ချမ်းသာလေစွ" ဟူသော ဥဒါန်းကို မြည်တမ်းရွတ်ဆိုလျက် လှည့်လည်ဘိသည်၊ ထိုမထေရ်အား မိမိ၏တိုင်းပြည် မင်းအဖြစ်တည်းဟူသော စည်းစိမ် ချမ်းသာကို ပြန်ကာ စေ့စေ့ ကြံအောက်မေ့၍ ရွတ်ဆိုလေ့ရှိယောင်တကား ဟု လျှောက်ကြားကြကုန်၍။ မြတ်စွာဘုရား သခင်သည် မဟာကပ္ပိန မထေရ်ကို ခေါ်စေတော်မူပြီးလျှင် ချစ်သား ကပ္ပိန အသင်သည် ကာမ-တည်း ဟူသော ချမ်းသာကို ရည်မှန်းလျက် ဥဒါန်းကျူးရင့်သော ဟူသည် မှန်ပေသလော ဟု မေးတော်မူသည်ကာလ ဘုန်းတော် ကြီးတော်မူပေသော မြတ်စွာဘုရား တပည့်တော်သည် ကာမဂုဏ် – ချမ်းသာကို ရည်မှန်းလျက် ဥဒါန်း ကျူးရင့်သည်၏ အဖြစ်ကိုလည်းကောင်း၊ ကာမဂုဏ်

ချမ်းသာကို မရည်မှန်းဘဲ ဉဒါန်း ကျူးရင့်အပ်သည်၏ အဖြစ်ကိုလည်းကောင်း အရှင်ဘုရား သိတော်မူပါသည်ဟု လျှောက်၏။ ထိုအခါ မြတ်စွာဘုရား ကိုယ်တော်မြတ်က ချစ်သားရဟန်းတို့ ငါ၏ သားတော်ဖြစ်သော ကပ္ပိနသည် ကာမချမ်းသာ ပြည်ရွာရိပ်ငြိမ် မင်းစည်းစိမ်ကို စိတ်မြိန်လိုက်စား အကြောင်း ပြုသောအားဖြင့် ဤသို့သောစကား ဉဒါန်းကို ရွတ်ဆိုကျူးရင့်သည် မဟုတ်ချေ။ ငါ၏သားတော်အား တရားတည်းဟူသော ပီတိသည် မွမ်းပြည့်တက်လစ် ကိုယ်၌ဖြစ်၏။ ထိုငါ၏သားတော်သည် သေခြင်းတရားကင်းရာ ချမ်းသာကေန် နိဗ္ဗာန်ကို ရည်မှန်းလျက် ဉဒါန်းကျူးရင့် လေပြီဟု မိန့်တော်မူပြီးလျှင် အနုသန္ဓေ ကို စပ်ကော်မူ၍ တရားကို ဟောကြားတော်မူလိုသောကြောင့်–

၇၉။ ဓမ္မပီတိ သုခံ သေတိ၊ ဝိပ္ပသန္နေန စေတသာ။
အရိယပ္ပဝေဒိတေ ဓမ္မေ၊ သဒါ ရမတိ ပဏ္ဍိတော—

ဟူသော ဂါထာကို မိန့်တော်မူ၏။

ဒေသနာတော်၏ အကျိုးအာနိသင်

ထိုဒေသနာ ပါဠ်ဂါထာ၏အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပန် စသည်တို့ ဖြစ်ကြလေကုန်၏။

**အနက်ကား**။ ။ဓမ္မပီတိ၊ လောကုတ္တရာ ကိုးဖြာဆင့်ပွား တရားအမြိုက်သို့ တစ်ကြိုက်ဘဲပေါက် သောက်ရသောသူသည်။ သုခံ၊ ချမ်းသာစွာ။ သေတိ၊ ထကြွ ထိုင် လျောင်း ကောင်းသော ဣရိယာပထဖြင့် အိပ်နေရ၏။ ပဏ္ဍိတော၊ ပညာရှိသောသူသည်။ အရိယပ္ပဝေဒိတေ၊ ဘုရားအစ သဗ္ဗပဏ္ဍိတာ အရိယာတို့ ကောင်းစွာတိဘ် သိမြင်အပ်သော။ ဓမ္မေ၊ ဗောဓိပက္ခိယတရား၌။ ဝိပ္ပသန္နေန စေတသာ၊ ဉပက္ကိလေသ စသည်ညစ်ညူး မကပ်လူးဘဲ အထူးသဖြင့် ကြင်လင် စွာသော စိတ်ရှိသည်ဖြစ်၍။ သဒါ၊ အခါခပ်သိမ်း။ ရမတိ၊ မွေ့လျော်ရပေ၏။ ဤကား အနက်။

ဓမ္မပဒပဏ္ဍိတဝဂ်၌ လေးခုမြောက်သော မဟာကပ္ပိနမထေရ်၏ ဝတ္ထုစကားစဉ်အား ဤတွင်ရွေ့ ပြီး၏။

## ၇။ ပဏ္ဍိတသာမဏေ အကြောင်း

### အတိတ်ဝတ္ထု

ဥဒကံ ဟိ နယန္တိ–အစရှိသော ပါဠိဂါထာ ဒေသနာကို ဇေတဝန်ကျောင်းမြတ်၌ သီတင်းသုံးမှု တတော်မူလျက် ... 

ဥဒကံ ဟိ နယန္တိ–အစရှိသော ပါဠိဂါထာ ဒေသနာကို ဝေနေယျလူ ဟိန္ဒဂူကို ကြည်ဖြူသဘ်မှတ် ဆုံးမတတ်သော သကတ်ဂုဏ်ဟိတ် အလာကြောင့် သတ္တာ မည်တော်မူသော မြတ်စွာဘုရား သခင်သည် ဖြိုးအင်ပြည့်ဘိ ဂုဏ်ထူးရှိသော သာဝတ္ထိပြည်ကြီးမှ ခရီးတောင်စွန် ဇေတဝန်ကျောင်းမြတ်၌ ချဉ်းကပ်ရှင်ဖြိုး သီတင်းသုံးမှု တတော်မူလျက် ပဏ္ဍိတသာမဏေကို ရည်ထွေသမှု အကြောင်း ပြုသောအားဖြင့် ဟောကြားတော် မူခဲ့ပေသတည်း။

### အကြောင်းအတ္ထုပ္ပတ္တိ အစဉ်ကား ဤသို့ပေတည်း

ရှေးလွန်လေပြီးသောအခါ ဤဘဒ္ဒကပ်ကမ္ဘာ၌ပင် ကဿပမည်တော်မူသော မြတ်စွာဘုရားသခင်သည် လူဘုံထင်ရှား ဘုရားဖြစ်တော်မူသည်ရှိသော် ထိုမြတ်စွာဘုရားသခင်သည် ဝန်းကျင်ရံပေါင်း နှစ်သောင်းမျှလောက်ကုန်သော ရဟန္တာပရိသတ်တို့ဖြင့် ဝန်းပတ်ခြံရံလျက် နက်သံဘုမ္မိ ဂုဏ်ထူးရှိသဖြင့် နှံ့သိကျော်ချီ ဗာရာဏသီ ပြည်ကြီးသို့ ခရီးဒေသစာ ကောင်းစွာ ကြွချီတော် မူခဲ့လေသတည်း။

ထိုအခါ များစွာကုန်သော လူတို့သည် မိမိတို့ စွမ်းနိုင်လောက်သော အခြင်းအရာကို မှတ်၍ ရှစ်ယောက်မျှကုန်သော သူတို့သည်လည်းကောင်း ဆယ်ယောက်မျှကုန်သော သူတို့သည်လည်းကောင်း တစ်ပေါင်းတစ်စုတည်း ပြုပြီးသည်ကာလ အာဂန္တုကဒါနကို ပေးလှူကြကုန်၏။ ထိုနောက်တစ်နေ့သော နေ့၌ အိုးတိုက်မကူ၌ အတုလထွတ်ထား မြတ်စွာဘုရားသည် ဆွမ်းစားခြင်းကိစ္စ ပြီးဆုံးသောအခါ တရားအနုမောဒနာကို ပြုတော်မူသည်ရှိသော် အိုဒါယကာ ဒါယိကာမ အပေါင်းတို့ ဤလောက၌ အချို့ကုန်သော သူတို့သည် မိမိ၏ပစ္စည်း ဥစ္စာကိုသာ ပေးလှူခြင်းငှါ အပ်၏။ သူတစ်ပါးတို့ကို ဆောက်တည်လှူဒါန်းစေ သဖြင့် အဘယ်အကျိုး ရှိအံ့နည်းဟု နှလုံးသွင်း ရှေးရှုလျက် မိမိ၏ ပစ္စည်းဥစ္စာ ကိုသာ ပေးလှူ၏။ သူတစ်ပါးကို မဆောက်တည် မလှူဒါန်း မပေးကမ်းစေ၊ ထိုသူသည် ဖြစ်တိုင်းဖြစ်တိုင်းသော ဘုံဘဝဌာန၌ စည်းစိမ် ချမ်းသာ၏ ပြည့်စုံခြင်းကိုမူကား ရ၏။ အခြံအရံ၏ပြည့်ခြင်းကို မရ။ အချို့သောသူသည် သူတပါးကို ဆောက်တည်လှူဒါန်းစေ၏၊ မိမိသည် ပစ္စည်းဥစ္စာကို မပေးမကမ်း မလှူဒါန်း။ ထိုသူသည် ဖြစ်တိုင်း ဖြစ်တိုင်းသော ဘုံဘဝ ဌာန၌ အခြံအရံ၏ ပြည့်စုံခြင်းကို မူကားရ၏။ စည်းစိမ်ချမ်းသာ၏ ပြည့်စုံခြင်းကိုမူကား မရလေ။ အချို့သော သူသည် မိမိသည် မပေးကမ်း မလှူဒါန်း သူတစ်ပါးကိုလည်း မဆောက်တည်

မလှူဒါန်းစေ။ ထိုသူသည် ဖြစ်တိုင်း ဖြစ်တိုင်းသော ဘုံဘဝဌာနဌ် စည်းစိမ် ချမ်းသာ၏ ပြည့်စုံခြင်းကိုလည်းမရ၊ အခြံအရံ၏ ပြည့်စုံခြင်းကိုလည်း မရ၊ စားကြွင်းစားဖြစ်၍ အသက်မြင့်ရှည် တည်နေရ၏၊ အချို့သောသူသည် မိမိ သည်လည်း ပေးဂမ်းလှူဒါန်း၏၊ သူတစ်ပါးကိုလည်း ဆောက်တည် လှူဒါန်း စေ၏။ ထိုသူသည် ဖြစ်တိုင်းဖြစ်တိုင်းသော ဘုံဘဝဌာနဌ် စည်းစိမ် ချမ်းသာ၏ ပြည့်စုံခြင်းကိုလည်း ရ၏။ အခြံအရံ၏ ပြည့်စုံခြင်းကိုလည်း ရ၏ဟုဟောကြား မိန့်မြွက်တော်မူ၏။

## သံဃာတော် နှစ်သောင်းနှင့် ကဿပမြတ်စွာဘုရားအား ဆွမ်းလှူပူဇော်ပွဲကြီး

ထိုသို့ ဟောကြားတော်မူသောအခါ အနီးအပါး၌ တရားနာ၍နေသော ပညာရှိသော တစ်ယောက်သော ယောကျ်ားသည် ကြားနာရသည် ဖြစ်၍ ကြံဆင်ခြင်သည်မှာ ငါသည် ယခုအခါ ထိုကဲ့သို့သော အခြင်းအရာကိုပြုရသည် ရှိသော် ငါ့အား နှစ်ပါးကုန်သော စည်းစိမ် ချမ်းသာတို့သည် ဖြစ်ပေကုန် လတ္တံ့ဟု ကြံ၏၊ ကြံပြီး၍ကား ထိုပညာရှိယောကျ်ားသည် မြတ်စွာဘုရား ကိုယ်တော်မြတ်ကို ခဦးကင်ဝပ်လျှိုး ရှိခိုးဦးချပြီးသော် ဘုန်းတော်ကြီးမြတ် တော်မူပေသော မြတ်စွာဘုရား၊ နက်ဖြန်ခါ၌ တပည့်တော်၏ ဆွမ်းကို ခံယူ တော်မူပါကုန်လော့ဟု လျှောက်ကြားပင့်ဖိတ်၏၊ မြတ်စွာဘုရား ကိုယ်တော် မြတ်က ဒါယကာ အသင်အား အဘယ်မျှလောက်သော ရဟန်းတို့ဖြင့် အလိုရှိ ဘိသနည်းဟု မေးတော်မူလျှင် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား အရှင်မြတ်တို့၏ အခြံအရံ ရဟန်းတို့သည် အဘယ်မျှ အရေအတွက်ရှိပါ သနည်းဟု မေးလျှောက်သဖြင့် ဒါယကာ နှစ်သောင်းမျှလောက်ပင် ရှိသည်ဟု မိန့်တော်မူပြန်သည် ရှိသော် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ထိုအလုံးစုံကုန်သော ရဟန်းတို့နှင့် အတူတကွ နက်ဖြန်ခါ၌ တပည့်တော်၏ ဆွမ်းကို ခံယူတော်မူပါကုန်လော့ဟု ပင့်ဖိတ်လေလျှင် မြတ်စွာဘုရားသခင်သည် သည်းခံတော်မူ၏၊ ထိုပညာရှိယောကျ်ားသည် ရွာတွင်းသို့ ဝင်၍ အိုမိခင် ဖခင်တို့ အကျွန်ုပ်သည် နက်ဖြန်အလို့ငှါ ဘုရားအမှူးရှိသောသံဃာဒေပေါင်းကို ပင့်ဖိတ်ခဲ့၏။ အသင်တို့သည် အကြင်မျှလောက်ကုန်သော ရဟန်းတို့အား ပေးဂမ်းလှူဒါန်းခြင်းငှါ စွမ်းနိုင်ကုန်၏။ ထိုမျှလောက်တာ စွမ်းနိုင်ကုန်သော ရဟန်း သံဃာတို့အား ဒါနဝတ္ထုတို့ကို ပြုစုလှူဒါန်းပါကုန်လော့ဟု ပြောကြား လှည့်လည်သည်ရှိသော် ထိုသူတို့သည် မိမိတို့ စွမ်းနိုင်သော ခွန်အားကို ထောက်ချင့်တိုင်းထွာလျက် ငါတို့သည် တစ်ကျိပ်မျှလောက်သော သံဃာတော် တို့အား လှူဒါန်းပြုစုအံ့၊ ငါတို့သည် နှစ်ကျိပ်သော သံဃာတော်တို့အား,

ငါတို့သည် တစ်ရာသော သံဃာတော်တို့အား, ငါတို့သည် ငါးရာကုန်သော သံဃာတော်တို့အား လှူဒါန်းပြုစု လုပ်ကျွေးအံ့ဟု အသီးသီး ဝန်ခံပြောဆိုသည် ရှိသော် အလုံးစုံသော သူတို့၏စကားကို အစမှစ၍ အစဉ်အတိုင်းကမ္ပည်းစာ၌ ရေးမှတ်တင်ယူ၏။

## အလွန်ဆင်းရဲသော မဟာဒုတ်အကြောင်း

ထိုအခါ ၎င်းဗာရာဏသီမြို့၌ အလွန်ဆင်းရဲ အထီးကျန်သော အဖြစ်ကြောင့် မဟာဒုတ်ဟူ၍ ထင်ရှားသောတစ်ယောက်သောယောက်ျားသည်ရှိ၏။ထိုကမ္ပည်း စာရင်းကိုကိုင်သော ယောကျ်ားပညာရှိသည် မိမိ၏မျက်မှောက်ရှေ့တွင် ထင်ရှား တည်ရှိသော မဟာဒုတ်ကို မြင်၍ အချင်းမဟာဒုတ် ငါသည် နက်ဖြန်အလို့ငှါ ဘုရားအမှူးရှိသော ရဟန်းသံဃာကို ပင့်ဖိတ်အပ်၏၊ နက်ဖြန်ခါ၌ မြို့သူမြို့သား ယောကျ်ား မိန်းမအပေါင်းတို့သည် အလှူဒါနကို လှူဒါန်းပေးကုန်မ်းကုန် လတ္တံ့၊ အသင်သည် အဘယ်မျှလောက်သော သံဃာတော်ကို ဆွမ်း လုပ် ကျွေးပူဇော်နိုင်လတ္တံ့နည်းဟု မေးလျှင် မဟာဒုတ်က အချင်း ငါ့အား ရဟန်း သံဃာတို့ဖြင့် အဘယ်မှာ အလိုရှိပါအံ့နည်း၊ ပစ္စည်းဥစ္စာ ချမ်းသာကြွယ်ဝ ကုန်သောသူတို့သည်သာ ရဟန်းသံဃာတို့ဖြင့် အလိုရှိချိမ့်မည်၊ငါ့အားမှာမူကား နက်ဖြန်ခါဝယ် ဝမ်းတစ်ထွာမျှ သူများကဲ့သို့ လုံလောက်အောင် ထမင်းကို မစားရဘဲ ယာဂုမျှကိုသာ သုံးဆောင် စားသောက်ရသဖြင့် ယာဂု ကျိုချက်ရန်အလို့ငှါ ဖြစ်သော ဆန်မျှတစ်ခြမ်းတစ်လုံး မရှိသေးပါ၊ သူတစ်ပါး တို့၏ ထံမှောက်သို့ သွားရောက်သောအား အခစားဖြင့် ဝမ်းအား ရှာကျွေး အသက်မွေးရသော အကျွန်ုပ်သည် ရဟန်းသံဃာဖြင့် အဘယ်မှာ အလိုရှိနိုင် ပါအံ့နည်းဟု ပြော၏။

သူတပါးတို့ကို တိုက်တွန်းနှိုးဆော်တတ်သောသူမည်သည် လိမ္မာထက်မြက်သည် ဖြစ်ပေရာ၏။ထိုကြောင့် ၎င်းနှိုးဆော်သော ယောကျ်ားသည် မဟာဒုတ်ကမရှိဟူ၍ ပြောသော စကားမျှဖြင့် ဆိတ်ဆိတ်မနေမူ၍ မဟာဒုတ်၏ အနီးသို့ ချဉ်းကပ် လာရောက်ပြီးသော် အချင်းမဟာဒုတ် ဤဗာရာဏသီမြို့ကြီး၌ ကောင်းမွန်သော ဘောဇဉ် အရသာကို စားသုံးလျက် နူးညံ့သိမ်မွေ့ ချောမွေ့လှသော အဝတ် အရုံကို ဝတ်ရုံပြီးသောအခါ အထူးထူးသော တန်ဆာတို့ဖြင့် တန်ဆာဆင်ယင် လျက် အသရေရှိသော အိပ်ရာနေရာ၌ ကောင်းစွာအိပ်နေကုန်ပြီးလျှင် များစွာ ကုန်သော လူအပေါင်းတို့သည် ကောင်းမြတ်သော စည်းစိမ်ချမ်းသာကို ခံစား ကုန်၏။အသင်သည် တစ်နေ့ပတ်လုံး အခစားအမှုကို ပြုလုပ်ပြီးသော ကာလ အသက်မွေးရပါသော်လည်း ဝမ်းပြည့်ရုံမျှကို မရချေ။ ဤသို့ ဝမ်းပြည့်ရုံမျှ မစားမသောက်ရသည် ရှိသော်လည်း ငါသည် ရှေးရှေးသော အခါကာလ၌

ဒါနစသော ကောင်းမှု ကုသိုလ်ကံကို စီမံပြုလုပ်ခြင်း မရှိသောကြောင့် တစ်စုံတစ်ခုမျှမရ ဝမ်းဝအောင် မစားရဟု အသင်အောက်မေ့ဆင်ခြင်မိ၍ သိပါ၏လောဟု မေးလျှင် အရှင်သိပါ၏ ဟု ပြန်ပြောသဖြင့် ထိုသို့သိပါလျက် ယခုအခါ အဘယ်ကြောင့် အသင်သည် ကောင်းမှုကို မပြုလုပ်ပါသနည်း အသင်သည် ပျိုမြစ်နုနယ် ငယ်ရွယ်ကာလ အားခွန်ဗလနှင့် ပြည့်စုံသည် အဖြစ်ကြောင့် အခစားအမှုကို ပြုပြီးသောအခါ အစွမ်းသတ္တိ ရှိသည်အလျောက် အလှူဒါနကို ပြုလုပ်အပ်သည်မဟုတ်ပါတုံလောဟု ပြော၏။ မဟာဒုတ်သည် ပညာရှိယောက်ျား ပြောဆိုသောစကားကို နားထောင်လျက်ပင် ထိတ်လန့်ခြင်းသို့ ရောက်သည်ဖြစ်၍ အရှင် အကျွန်ုပ်အား တစ်ပါးသောရဟန်းကို ကမ္ပည်းစာ၌ ရေးတင်မှတ်သားလိုက်ပါလော့၊ အကျွန်ုပ်သည် တစ်စုံတစ်ခုမျှ အခစားအမှုကိစ္စ ပြုလုပ်ပြီးသည်ကာလ တစ်ပါးသောရဟန်းအား ဆွမ်းလှူဒါန်းပါအံ့ဟုပြောဆိုဝန်ခံ၏။

စာရင်းကိုင်သော ပညာရှိ ယောကျ်ားလည်း သံဃာတော်တစ်ပါးကိုမျှ စာရင်း၌ ရေးမှတ်တင်ထားသဖြင့် အဘယ်အကျိုး ရှိအံ့နည်းဟု စာရင်း၌ မတင်ထားမိဘဲ ရှိလေ၏။ မဟာဒုတ်လည်း အိမ်သို့ပြန်လာပြီးသော် မိမိ၏ ခင်ပွန်း မယားကို ချစ်နှမ နက်ဖြန်ခါ၌ မြို့၌နေလေ့ရှိကုန်သော လူအပေါင်းတို့သည် သံဃာတော်အား ဆွမ်းလှူဒါန်းခြင်း သံဃာဘတ်ကို ပြုကြကုန်လတ္တံ့၊ ငါ့ကိုလည်း နှိုးဆော်တိုက်တွန်းသော ယောကျ်ားက သံဃာတော်တစ်ပါးအား ဆွမ်းကို ပေးလှူလေဝလော့ဟု နှိုးဆော်တိုက်တွန်းပြောဆိုအပ်သည်ဖြစ်၍ ငါတို့သည်လည်း နက်ဖြန်ခါ၌ တစ်ပါးသော သံဃာအား ဆွမ်းလှူအံ့သောငှါ ဝန်ခံပြောဆို၍ လာခဲ့ပေသည်ဟု ပြော၏။ ထိုသူ၏ မယားခင်ပွန်းကလည်း ငါတို့သည် ပစ္စည်း ဥစ္စာ ဘလာကင်းရှင်း ဆင်းရဲနွမ်းပါးကုန်၏။ အဘယ်ကြောင့် အသင်သည် ဝန်ခံပြောဆိုခဲ့သနည်းဟု မငြိုးမငြူ မပယ်ရှားမူ၍ အရှင် အသင်သည် ကောင်းမြတ်သည်ကို ပြုအပ်ပေ၏ ငါတို့သည် ရှေးရှေးသောဘဝ၌ တစ်စုံတစ်ခုသော ဒါနဝတ္ထုကို ပြုလုပ်လှူဒါန်းခြင်း မရှိသောကြောင့် ယခုဘဝ၌ ဆင်းရဲပင်ပန်းခြင်း ဖြစ်ရကုန်ဘိသည် နှစ်ဦးကုန်သော ငါတို့သည် အခစားအမှုကို ပြုလုပ်ပြီးသောကာလ တစ်ပါးသော သံဃာတော်အရှင်အား ဆွမ်းကို ပေးလှူကုန်အံ့ဟု ပြောဆိုပြီးသည်ကာလ နှစ်ဦးကုန်သော ခင်ပွန်း လင်မယားတို့သည် အိမ်မှထွက်၍ အခစားအမှု လုပ်ဆုအရပ်သို့ သွားကြကုန်၏။

သူဌေးကြီး တစ်ယောက်သည် မဟာဒုတ်ကို မြင်၍ အချင်း မဟာဒုတ် အသင်သည် အခစားအမှုကို ပြုလတ္တံ့လောဟု မေး၏။ သြော်-ဟုတ်ပါ၏။ အရှင်ပြုပါအံ့ဟု ဆိုသည်ရှိသော် အဘယ်အမှုမျိုးကို ပြုလတ္တံ့နည်းဟု မေးသဖြင့် အရှင် သူဌေးမင်း အရှင်တို့သည် အကြင်သို့သော အမှုကို ပြုစေလိုကုန်ဘိ၏။

အရှင်တို့ အလိုရှိသော ထိုအမှုကိုသာ ပြုပါအံ့ဟု ပြောသည်ကာလ ထိုသို့တပြီးကား နက်ဖြန်ခါ၌ ငါတို့သည် နှစ်ရာသုံးရာမျှလောက်ကုန်သော သံဃာတော်အရှင်မြတ်တို့ကို မွန်မြတ်ကုန်သော ဆွမ်းဘောဇဉ်တို့ဖြင့် ပြုပြင်လုပ်ကျွေးကုန်အံ့၊ လာလှည့် ထင်းသင်တို့ကို ခွဲစိပ်လေလော့ဟု ပဲခွပ်·ပုဆိန်ကို ထုတ်ဆောင်၍ ပေးစေ၏။ မဟာဒုတ်သည် ပုဆိုးကို မြဲမြံစွာ အောက်ပိုးကြိုက်၍ ဖွဲ့ပြီးသောအခါ ကြီးစွာသော အားထုတ်ခြင်းသို့ ရောက်သည်ဖြစ်၍ ပဲခွပ်ကို ပယ်သောအခါ ပုဆိန်ကို ကိုင်ယူလျက်၊ ပုဆိန်ကို စွန့်လွှတ်ချထားသောအခါ ပဲခွပ်ကိုကိုင်ယူလျက် လဲလှယ်ကာ ထင်းတို့ကို ပေါက်ခွဲ၏။ ထိုအခါ မဟာဒုတ်ကို သူဌေးကြီးကအချင်းမဟာဒုတ် အသင်သည် ယနေ့ အလွန်သောလုံ့လဥဿာဟစိရိယသို့ ရောက်သည်ဖြစ်၍ အမှုကိစ္စကို ပြုလေဘိသည်။ အသင်အား အကြောင်းအသို့ရှိသနည်းဟု မေး၏။ အရှင် အကျွန်ုပ်သည် နက်ဖြန်ခါ၌ တစ်ပါးသောရဟန်းသံဃာတော်ကို ဆွမ်းကျွေးခြင်းအလို့ငှါ ပြောဆိုဝန်ခံခဲ့ပါသည်ဟု ပြော၏။ သူဌေးကြီးသည် မဟာဒုတ် ပြောကြားသောစကားကို ကြားလျှင် ကြည်ရွှင်သော စိတ်ရှိသည်ဖြစ်၍ ကြံဆင်ခြင်သည်မှာ ဤသူပြုအပ်သော အမှုသည်ကားခြော် အံ့ဖွယ် ရှိလေစွတကား၊ ငါသည် ဆင်းရဲငြိုငြင် ပင်ပန်းသောသူတည်းဟု ဆိုတ်သိတ်နေခြင်းသို့ မရောက်မူ၍ အခစားအမှုကို ပြုလုပ်ပြီးသော ကာလ သံဃာတော်တစ်ပါးကို ဆွမ်းကျွေးအံ့ဟု ပြောဆိုဝန်ခံဘိသည်ဟု ကြံ၏။ ကြံပြီး၍ကား သူဌေးကြီးက မဟာဒုတ်အား ထင်းတို့ကို ပေါက်ခွဲရာ၌ အသင်အား အဖိုးအခ ဤမျှပေတည်းဟု လေးကွမ်းစားသော သလေးဆန်တို့ကို ပေးစေပြီးမှ ဤသည်ကား အသင်အား ငါသည် ပြုလုပ်အပ်သော အမှုအရာ၌ နှစ်သက်၍ ပေးခြင်းပေတည်းဟု တစ်ပါးလည်းဖြစ်ကုန်သော သလေးဆန် လေးကွမ်းစားတို့ကို ပေးစေ၏။

## မဟာဒုတ်မယား-သူဆင်းရဲမ

သူဌေးကတော်သည်လည်း မဟာဒုတ်၏ မယားခင်ပွန်းဖြစ်သော သူဆင်းရဲမကိုမြင်၍ မိခင် အသင်သည် အဘယ်သို့သော အမှုကို ပြုအံ့နည်းဟု မေးသည်ဖြစ်၍ အရှင်မ အကြင်အမှုကို အရှင်မတို့သည် ပြုလိုကုန်၏၊ ထိုအမှုကိုပြုပါအံ့ဟု ပြောဆိုသည်ရှိသော် မောင်းတင်းကုပ်သို့သွင်း၍ ကျည်ပွေ့ ဘန်း ဆန်ကောစသည်တို့ကို ပေးစေ၏။ ထိုသူဆင်းရဲမသည် သီချင်းကို ရွတ်ဆို၍ က-ဘိသကဲ့သို့ ရွှင်လန်းနှစ်သက်သော စိတ်ရှိသည်ဖြစ်၍ ကောက်ကို ထောင်းဖွပ် ပြာလွင့်၏။ ထိုအခါ သူဆင်းရဲမကို သူဌေးကတော်က မိခင်အသင်သည် အလွန်လျှင် ရွှင်လန်းနှစ်သက်ခြင်းကို ဖြစ်စေလျက် အမှုကိစ္စကို ပြုစု ဆောင်ရွက်ဘိ၏။ အသင့်အား အကြောင်း အသို့ရှိသနည်းဟု မေးလျှင် အရှင်မ ကျွန်တော်မတို့သည်လည်း ဤသို့ အခစားအမှုကို ပြုလုပ်ပြီးသော ကာလ ရဟန်းသံဃာတော်

တစ်ပါးကို ဆွမ်းကျွေးပါကုန်အံ့ဟု ပြောဆိုသည်ရှိသော် ထိုစကားကို ကြား၍ သူဌေးကတော်သည်လည်း ဩော် အံ့ဖွယ် ရှိလေစွတကား၊ ပြုနိုင်ခဲသောအမှုကို ပြုလေစွတကားဟု ကြည်ညိုနှစ်သက်ခြင်း ဖြစ်လေ၏။ ယင်းသို့ ကြည်ညိုနှစ်သက်ခြင်း ဖြစ်သောကြောင့် သူဌေးကတော်ကလည်း ထိုသူဆင်းရဲမအား တစ်ခုသော ထောပတ် အိုးငယ်ကိုလည်းကောင်း၊ နို့ဓမ်းအိုးကိုလည်းကောင်း၊ ငရုတ်ဂျုံးကိုလည်းကောင်း၊ စင်ကြယ်သန့်ရှင်းသော ဆန်တစ်ကွမ်းစားကိုလည်းကောင်း၊ ပေးစေ၏။ ဤသို့သော အခြင်းအရာဖြင့် နှစ်ဦးကုန်သော ခင်ပွန်းလင်မယားတို့ ရအပ်သော ဆန်တို့သည်ကား ငါးကွမ်းစားမျှ ရှိကုန်၏။ ထိုမဟာဒုတ်သည် အိမ်သို့ပြန်လာ၍ ခင်ပွန်းမယားကို ချစ်နှမ ငါသည် အခစားအမှုကိုပြုအပ်သည် ဖြစ်၍ သလေးဆန်ကို ရအပ်၏။ ဤဆန်သည် ကျွေးမွေးရာ ရိက္ခာ ထမင်းဟင်းသည် ဖြစ်ပေလတ္တံ့။ အသင်သည် ရအပ်သောအခါဖြင့် နို့ဓမ်း ဆီ ငရုတ် ဂျုံး တို့ကို ဖလှယ် ဝယ်ယူပါလေလော့ဟု ဆို၏။

ထိုခင်ပွန်း လင်မယားတို့သည် ပေးလှူဖွယ်ဝတ္ထု ပစ္စည်းအစုကို ယခုဖို့ ငါတို့သည်ရအပ်ခပေပြီဟု ကြည်သင်ရှင်လန်း နှစ်သက်ဝမ်းသာခြင်း ရှိသည်ဖြစ်၍ နံနက်စောစောကပင် ထကြကုန်၏။ မယားခင်ပွန်းမက မဟာဒုတ်ကို အမောင် ချစ်လင် အိုအရှင် သွားတော့ပါချေ၊ အထွေထွေသော ဟင်းရွက်ကို နှစ်သက် ကောင်းနိုးရာ ဖွေရှာယူဆောင်ခဲ့ပါလော့ဟု ဆို၏။ မဟာဒုတ်သည် ခရီးအကြား အိမ်ဈေးသို့ သွားရောက် ရှာဖွေသည်ရှိသော် ဟင်းရွက်ကို မရသောကြောင့် မြစ်ကမ်းသို့ သွားရောက်ပြီးသောကာလ ယနေ့ အရှင်မြတ်တို့အား ဆွမ်းဘောဇဉ် သုဒ္ဓါဘတ်ကို ဆက်ကပ်လုပ်ကျွေးခြင်းငှါ ရပေတော့မည်ဟု နှစ်သက်ရှင်မျို သီချင်းကိုသီဆိုလျက် သစ်ရွက်တို့ကို ရွေးချယ်ဆွတ်ခူး၏။ ပိုက်ကွန်ကြီးကိုပစ်ချ၍ တည်နေသော တံငါသည်က ဤသီချင်းသီဆိုသော အသံသည်ကား မဟာဒုတ်၏ အသံဖြစ်ပေလိမ့်မည်ဟု ကြံ၍ မဟာဒုတ်ကိုခေါ်ပြီးလျှင် အချင်းမဟာဒုတ် အသင်သည် အလွန်လျှင် ရှင်လန်းနှစ်သက်သော စိတ်ရှိသည်ဖြစ်၍ သီချင်းကို သီဘိ၏။ အဘယ်သို့သော အကြောင်းကြောင့် ဟင်းရွက်ကို ရွေးချယ်ဆွတ်ခူး ဘိသနည်း၊ အဘယ်အမှုကို ပြုလတ္တံ့နည်းဟု မေးလျှင် တစ်ပါးသော ရဟန်း တော်ကို ဆွမ်းလုပ်ကျွေးပါမည်ဟု ပြောသဖြင့် ဩော်-အံ့ဖွယ်ရှိစွ။ချမ်းသာခြင်း ရှိတော်မူကုန်သော ရဟန်းတော် သခင်မြတ်တို့သည် အသင်၏ သစ်ရွက်ကို နှစ်သက်ကောင်းမွန်စွာ အဘယ်မှာ ဘုဉ်းပေးလိုပါအံ့နည်းဟု ဆိုသည်ရှိသော် အချင်း အသို့ ပြုပါအံ့နည်း မိမိအားရအပ်သော သစ်ရွက်ဖြင့်သာ ကျွေးမွေး ပြုစုရပါတော့သည်ဟု ဆိုလျှင် ထိုသို့ဖြစ်ပြီးကား လာလှည့်ဟု ခေါ်သဖြင့် အချင်းအဘယ်ကိုပြုရမည်နည်းဟုမေးသည့်အခါ ဤငါးတို့ကို ယူပြီးသောကာလ တစ်မတ်ထိုက်သောငါး နှစ်မတ်ထိုက်သောငါး တစ်ကျပ်ထိုက်သော ငါးတို့ကို

ခြားနားစီရင်၍ ရွေးချယ် တင်ဆောင်ခြင်းတို့ကို ပြုပါဘိလော့ဟု စေခိုင်းသဖြင့် ထိုသို့ စေခိုင်းတိုင်းကို ပြုပေ၏။ ဖွဲ့ဘိုင်းဖွဲ့တိုင်းသော ငါးတို့ကို မြို့သူမြို့သား များစွာကုန်သော လူအပေါင်းတို့သည် ပင့်ဖိတ်အပ်ကုန်သော ရဟန်း သံဃာတော်တို့၏ အကျိုးငှါ ဆောင်ယူကြကုန်၏။ ထိုမဟာဒုတ်၏ ငါးကို ရွေးချယ် ထုပ်ပိုးစီစစ်၍ နေစဉ်ပင်လျှင် ဆွမ်းစားချိန် တန်သောအခါသို့ ရောက်လေ၏။

## မဟာဒုတ်လင်မယားကို ကဿပမြတ်စွာဘုရား မြင်တော်မူခြင်း

မဟာဒုတ်သည် အခါကို မှတ်ပြီးသောကာလ အချင်း ငါသည် သွားတော့အံ့။ ဤယခု အခါသည်ကား ရဟန်း သံဃာတော်တို့ ကြွလာအံ့သောအခါသို့ ကျရောက်ချေပြီဟု ဆို၏။ အသင်အား တစ်စုံတစ်ခု ထုတ်ဆောင် ဖွဲ့သီအပ်သော တစ်ကောင်မျှသော ငါးကိုသော်လည်း ရအပ်သည် ဖြစ်ပါ၏လောဟု မေးသဖြင့် အချင်း တစ်စုံတစ်ခုမျှမရှိပါ။ အလုံးစုံသော ငါးတို့သည် ကုန်လေပြီဟု ဆိုသော် ထိုသို့တပြီးကား ငါသည် မိမိ၏အလို့ငှါ သဲ၌တူးမြှုပ်၍ သေးကောင်ကုန်သော ငါးကြင်တို့ကို ထားအပ်ကုန်၏။ အသင်သည် သံဃာတော်အရှင်အား အကယ်၍ ဆွမ်းကျွေးလိုသည်ဖြစ်အံ့။ ဤငါးကြင်းတို့ကိုဖော်ယူ၍ သွားလေတော့ဟု ထိုငါး တို့ကို မဟာဒုတ်အား ပေးသိုက်၏။ ထိုနေ့၌ပင် မြတ်စွာဘုရား သခင်သည် လင်းစင်ရောက်စ နံနက်ထကာလက လောကကို ကြည့်ရှုတော်မူသည်ရှိသော် မဟာဒုတ်သည် ကိုယ်တော်မြတ်၏၊ ဉာဏ်တော် တည်းဟူသော ကွန်ရက်အတွင်းသို့ ဝင်သည်ကို မြင်တော်မူ၍ အသို့ဖြစ်လတ္တံ့နည်းဟု ဆင်ခြင်တော် မူပြန်သည် ရှိသော် မဟာဒုတ်သည် တစ်ပါးသော ရဟန်းကို ဆွမ်းပြုစု လုပ်ကျွေးအံ့ဟု မယား ခင်ပွန်းနှင့် အတူတကွ ယမန်နေ့က အခစားအမှုကို ပြုသည်ကို မြင်တော် မူ၏။ အဘယ်ရဟန်းကို ရလတ္တံ့နည်းဟု ကြံစည်တော်မူပြန်သည် ရှိသော် လူများအပေါင်းတို့သည် ကမ္ပည်းစာ၌ တင်ရေးမှတ်သားသော အမှတ်သညာဖြင့် ရဟန်းတော်ကို အသီးသီး ပင့်ယူကုန်လျက် မိမိတို့အိမ်တို့၌ ထိုင်နေစေကုန် လတ္တံ့၊ မဟာဒုတ်သည် ငါဘုရားကိုထား၍ တစ်ပါးသော ရဟန်းကိုမျှ မရဘဲ ရှိလတ္တံ့ဟု စူးစမ်းဆင်ခြင်တော်မူမိ၏ မြတ်စွာဘုရား ကိုယ်တော်မြတ်တို့၏ အလေ့ အကျင့်တော်သည်ကား လောက၌ အမိအဖ နှစ်ပါးတို့သည် မွေးဖွားရ၍ထား ကုန်သော သား သမီးအများတို့တွင် ဆင်းရဲငြိုငြင် ပင်ပန်းလျက် အထီးကျန် သော သားသမီးကိုသာ သာလွန်ကြင်နာ ကရုဏာ အားကြီးသဖြင့် အထူးပင် စောင့်ရှောက် မ-စဘိသကဲ့သို့ ဆင်းရဲငြိုငြင် ပင်ပန်းလျက် အထီးကျန်သော သတ္တဝါတို့၌ သနားကြင်နာ သာ၍ငဲ့ညှာတော်မူတတ်၏။ ထို့ကြောင့် မြတ်စွာ ဘုရားသခင်သည် နံနက်စောစောကပင်လျှင် ကိုယ်လက် သုတ်သင်ခြင်းကို ပြုတော်မူ၍ မဟာဒုတ်အား ချီမြှင့်အံ့ဟု အောက်မေ့ဆင်ခြင်တော်မူလျက် ဂန္ဓကုဋိတိုက်သို့ ကြွဝင်၍ သီတင်းသုံး ထိုင်နေတော်မူ၏။

## မဟာဒုတ်အား သိကြားမင်းက ကူညီလုပ်ကိုင်ပေးခြင်း

မဟာဒုတ်သည်လည်း ငါးကြင်းတို့ကို ဆွဲငင်ယူဆောင် အိမ်သို့ဝင်သည်ရှိသော် သိကြားမင်းနေရာ ပဏ္ဍုကမ္ဗလာ ကျောက်နေရာသည် ကြမ်းမာ ပူလောင်သော အခြင်းအရာကို ပြ၏။ သိကြားမင်းသည် အကြောင်းအသို့ပေနည်းဟု ကြည့်ရှုသည်ရှိသော် ယမန်နေ့က မဟာဒုတ်သည် သံဃာတော် တစ်ပါးအား ဆွမ်းလုပ်ကျွေးအံ့ဟု မိမိမယားခင်ပွန်းနှင့်တကွ အခစားအမှုကို ပြုပေ၏။ အဘယ် ရဟန်းကို ရလတ္တံ့နည်းဟု ဆင်ခြင်ပြန်သောကာလ ထိုမဟာဒုတ်အား တစ်ပါးသော ရဟန်းသည်မရှိ မြတ်စွာဘုရား ကိုယ်တော်မြတ်သည် မဟာဒုတ်အား ချီးမြှင့်ခြင်းကို ပြုအံ့ဟု ဂန္ဓကုဋိတိုက်၌ သီတင်းသုံး ထိုင်နေတော်မူ၏။

မဟာဒုတ်သည် မိမိအား စွမ်းနိုင်သည်အလျောက် ပင့်မြှောက်စီမံ လျော်ကန်သမှု ယာဂုဆွမ်း ဟင်းရွက် ဟင်းလျာကိုလည်း မြတ်စွာဘုရားအား ပေးလှူပေရာ၏၊ ယခုအခါငါသည်မဟာဒုတ်၏အိမ်သို့သွားရောက်ပြီးသောကာလ ထမင်းချက်အမှုကို ပြုမှုပင် သင့်လျော်ချေမည်ဟု ကြံ၏။ကြံပြီး၍ကား ထိုသိကြားမင်းသည် မထင်ရှားသော ယောကျ်ား၏ အသွင်ဖြင့် မဟာဒုတ်၏ အိမ်အနီးအပါးသို့ သွားရောက်၍ တစ်စုံတစ်ယောက်သောသူအား အခဖြင့် ငါးရမ်း၍ တစ်စုံတစ်ခု ပြုဖွယ်ကိစ္စသည် ရှိပါသလောဟု မေး၏။ မဟာဒုတ်သည် ထိုလုလင်ကိုမြင်၍ အဘယ်သို့သော အမှုကို ပြုလတ္တံ့နည်းဟု ဆို၏။ အရှင် ငါသည် အလုံးစုံသော အတတ်ကို တတ်မြောက်၏။ ငါမသိမမြင်သော အတတ်မည်သည်မရှိ ယာဂုထမင်းစသည်တို့ကို ပြည့်စုံကောင်းမြတ်အောင် စီရင်ခြင်းငှါ စွမ်းနိုင်ပါ၏ဟု ပြောလျှင် အချင်း ငါတို့သည် အသင်၏ ပြုလုပ်အပ်သော အမှုကိစ္စဖြင့် အလိုရှိပါကုန်၏။ အသင်အား ပေးကမ်းဖွယ်ရှိသော အဖိုးအခဝတ္ထုကို ကြည့်ရှု၍၊ ငါတို့မှာ မမြင်ကုန်ဟု ပြောသည်ကာလ အသင့်အား ပြုဖွယ်ကိစ္စသည် အဘယ်နည်းဟု မေးလျှင် တစ်ပါးသော ရဟန်းအား ဆွမ်းကို ပေးလှူခြင်းငှါ အလိုရှိပေ၏။ ထိုသို့ ပေးလှူသောအခါ ယာဂုဆွမ်းကို ကြည့်ရှုစီမံရန် အလိုရှိပါသည်ဟု ပြောပြန်သဖြင့် ရဟန်း သံဃာတော်အား ဆွမ်းကို အကယ်၍ ပြုစုလုပ်ကျွေးလိုသည် ဖြစ်ပါအံ့။ ငါ့အား အဖိုးအခဖြင့် အလိုမရှိပါပြီ၊ ငါ့အား ကုသိုလ်ကောင်းမှု အဖို့ကို ပေးခြင်းငှါ မအပ်ပါသလောဟု ဆို၏၊ ထိုသို့တပြီးကား အချင်းလာလှည့် ကောင်းစွာချက်ပြုတ် စီမံပါလောဟု ပြောဆိုဝန်ခံ၏။ သိကြားမင်းသည် မဟာဒုတ်၏ အိမ်သို့ဝင်၍ ဆီ ဆန် စသည်တို့ကို ဆောင်ယူစေပြီးလျှင် အချင်း မဟာဒုတ် သွားတော့ချေ" မိမိအား ရောက်အပ် ရအပ်သော ရဟန်းကို ပင့်ဆောင်ခဲ့ပါလောဟု ပြောဆို၍ လွှတ်လိုက်၏။"

အလှူဝတ် စီမံကြည့်ရှု ပြုစုရှက်ဆောင် စာရင်းကိုင်သော ပညာရှိ ယောကျ်ားသည် ကမ္ပည်းစာ၌ ရေးသားတင်ထားအပ်သော အမှတ်ဖြင့်သာလျှင် ထိုထိုသို့ သော လူတို့၏ အိမ်တို့သို့ ရဟန်းတို့ကို လျှောက်ကြားပင့်လွှတ်ပေ၏။ မဟာဒုတ်သည်း စာရင်းကိုင် ယောကျ်ား၏ အထံသို့သွား၍ အကျွန်ုပ်အား ဆောက်အပ် ရအပ်သော ရဟန်းကို ပေးသနားတော်မူပါဟု တောင်းဆို၏။ စာရင်းကိုင် ယောကျ်ားလည်း ထိုသို့ တောင်းဆိုသောအခါ၌ သတိကိုရ၍ အချင်း မဟာဒုတ် သင့်အဘွက် သံဃာကို ငါမေ့လျော့၍ ရှိချေပြီဟု ပြော၏။ မဟာဒုတ်သည် ထိုစကားကိုကြားလျှင် ယက်လှစွာသော လှံသွားဖြင့် နှံကြ ား ရင်ဝမ်းကို ထက်ဝန်းကျင် ပုဘ်ခတ်ထိုးဆွဘိသကဲ့သို့ အချင်း ပညာရှိယောကျ်ား အဘယ်ကြောင့် အကျွန်ုပ်အား ဖျက်ဆီးပါသနည်း။ ငါသည် မတတ်မစွမ်းနိုင် သောကြောင့် မြစ်ပ သံပါလျက်ကို ယမန်နေ့က အသင်သည် ငါ့အား တိုက်တွန်း ဆောက်တည် နှုးဆော်အပ်သည် မဟုတ်ပါတုံလော၊ အသင်သည် နှုးဆော် တိုက်တွန်းခြင်းကြောင့် မယား ခင်ပွန်းမနှင့်တကွ ယမန်နေ့က တနေ့ပတ်လုံး ကိုယ်သက် ခန္ဓာ မငဲ့ညှာဘဲ ပင်ပန်းကြီးစွာကို ခံလျက် သူတပါးတို့၏ အထံ၌ အစားအမှုကို ပြုလုပ်ပြီးမှ ယနေ့ စောစောကပင် ဟင်းရွက်အလို့ငှါ မြစ်ဆိပ် ကမ်းပါး၌ လှည့်ပတ်ဖွေရှာလျက် လာခဲ့ပါသည်။ အကျွန်ုပ်အား သနားကြင်နာ ငဲ့ညှာတော်မူပါသဖြင့် တစ်ပါးသော ရဟန်း သံဃာကို ပေးသနားတော်မူပါဟု အခါခါ တောင်းဆိုလျက် နှစ်ဖက်သော မောင်းလက်တို့ကို အထက်သို့ ချီမြှောက်ပြီးသည်ကာလ သည်းထန်စွာ ဟစ်အော် ငိုကြွေးလေ၏။

## မဟာဒုတ်သည် မြတ်ဘုရား သပိတ်တော်ကိုရခြင်း

လူအပေါင်းတို့သည် စုရုံးစည်းဝေးလာ၍ မဟာဒုတ် ဤအမှုကား အကြောင်း အသို့နည်းဟု မေးကုန်သည်ရှိသော် မဟာဒုတ်က ထိုအကြောင်းကို ပြန်ကြား၏၊ လူများအပေါင်းတို့သည် အလှူဝတ္တုကို စီစဉ်သော စာရင်းကိုင် ယောကျ်ားကို အချင်း အသင်သည် ဤမဟာဒုတ်ကို အစားအမှုကို ပြုလုပ် ပြီးသော ကာလ တစ်ပါးသော ရဟန်းအား ဆွမ်းအလှူကို ကြည်ဖြူရွှင်လန်း ပေးကမ်းလှူဒါန်းပါဟု နှုးဆော်တိုက်တွန်း ဆောက်တည်စေသော ဟူသည် ဟုတ်မှန်ပါသလောဟု မေးကြကုန်၏။ အရှင်တို့ ဩော် ဟုတ်ပါပေ၏ဟု ဝန်ခံပြောဆိုသည်ရှိသော် အသင်သည် ဝန်လေးသောအမှုကို ပြုလေစွတကား၊ အသင်သည် ဤချီးသောက်ကုန်သော ရဟန်းတို့ကို ကြည့်ရှုဆင်ခြင်၍ နေပါ လျက်နှင့် ထိုမဟာဒုတ်အား တစ်ပါးသော ရဟန်းကိုမျှ ပေးခြင်းငှါ မစွမ်းနိုင်ပါ ကုန်သလောဟု ပြောဆိုကြကုန်၏။ စာရင်းကိုင် ယောကျ်ားလည်း ထိုလူတို့ ပြောဆိုသော စကားဖြင့် နှလုံးမသက်သာ မျက်နှာဘွန့်တိုခြင်းသို့ ရောက်သည်

ဖြစ်၍ အချင်း မဟာဒုတ် ငါ့ကို ဖျက်ဆီးခြင်း မပြုပါလင့်၊ အသင်၏ အကြောင်းကြောင့် ငါသည် ကြီးစွာသော ပျက်စီးခြင်းသို့ ရောက်ရတော့မည် ဖြစ်ချေပြီ။ လူများအပေါင်းတို့သည် ကမ္ဘည်းစာ၌ ရေးတင် မှတ်သားသော အတိုင်းအားဖြင့် မိမိအား ရောက်အပ် ရအပ်ကုန်သော ရဟန်းတို့ကို ပင့်ဆောင်၍ သွားကြချေကုန်ပြီ။ မိမိတို့၏ အိမ်၌ ထိုင်နေသီတင်းသုံးပြီးသော ရဟန်းကိုလည်း တဖန် ထုတ်ဆောင်၍ ပေးရမည်အရာလည်း ပေးနိုင်သည် မရှိပေရာ။ မြတ်စွာဘုရား ကိုယ်တော်မြတ်သည်ကား ခံတွင်း ဆေးတော်မူပြီး၍ ဂန္ဓကုဋိတိုက် အတွင်း၌သာ သီတင်းသုံးတော်မူလျက် ရှိတော်မူချေသည်။ ပြည့်ရှင်မင်း မင်းသား အမတ် စက်သူကြီး အစရှိကုန်သော သူတို့သည်လည်း မြတ်စွာဘုရား ဂန္ဓကုဋိတိုက်မှ ထွက်ကြွတော်မူခြင်းကို ကြည့်ရှုကုန်လျက် မြတ်စွာဘုရား သပိတ်တော်ကိုယူအံ့ဟု မျှော်မှန်းဆိုင်းတွ၍ နေကြကုန်သည်။ ဘုရားသခင်တို့ မည်သည်ကား ဆင်းရဲငြိုငြင် ပင်ပန်းသောသူကို အစဉ် သနားတော်မူတတ်သည်၊ အသင်သည် ကျောင်းသို့ သွားရောက်ပြီးသောကာလ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား တပည့်တော်သည် အလွန်ဆင်းရဲ ဆင်းရဲနွမ်းနယ်သောသူ ဖြစ်ပါသည်။ တပည့်တော်အား အစဉ်သနားတော် မူပါသဖြင့် ချီးမြှင့်ခြင်းကို ပြုတော်မူပါကုန်လော့ဟု လျှောက်ကြား၍ မြတ်စွာ ဘုရားကို ရှိခိုးလေလော့။ အသင်အား အကယ်၍ ကောင်းမှုဘုန်းကံရှိသည် ဖြစ်ခဲ့အံ့၊ မချွတ် မြတ်စွာဘုရား သပိတ်တော်ကို အသင် ရလတ္တံ့ဟု ညွှန်ကြား ပြောဆို၍ စေလွှတ်လိုက်၏။

မဟာဒုတ်သည်လည်း ကျောင်းသို့သွား၏။ ထိုအခါ မဟာဒုတ်ကို တစ်ပါး ကုန်သော နေ့တို့၌ ကျောင်းတော်ဝယ် စားကြွင်းစား၏ အဖြစ်ဖြင့် မြင်ဖူး သောကြောင့် မင်း မင်းသား မင်းချင်းယောကျ်ား စသည်တို့က အချင်း မဟာဒုတ် ယခုအခါ၌ ဆွမ်းစားသော အချိန်အခါ မဟုတ်သေး၊ အဘယ်ကြောင့် အသင် လာဘိသနည်းဟု ဆိုကြကုန်၏။ မဟာဒုတ်လည်း အရှင်တို့ အကျွန်ုပ် သည် ဆွမ်းစားချိန် မဟုတ်သေးသည်ကို သိပါ၏။ မြတ်စွာဘုရားသခင်ကို ကြည်လင် ညွတ်ညျိုး ရှိခိုးခြင်းငှါ လာရောက်ပါသည်ဟု ပြောဆိုပြီးလျှင် သွားရောက်၍ ဂန္ဓကုဋိတိုက်လှေကားခုံ၌ ဦးခေါင်းကိုထားပြီးသော် ငါးပါးသော တည်ရာ ထိခြင်းဖြင့် ရှိခိုးပြီးသော်—

ဘန္တေ ဣမသ္မိံ နဂရေ မယာ ဒုဂ္ဂတတရော နတ္ထိ၊ အဝဿယော မေ ဟောထ ကရောထ မေ သင်္ဂဟံ—

ဟူသောပါဠိဖြင့် လျှောက်ကြား၏။

**အနက်ကား။** ။ဘန္တေ၊ ဘုန်းတော်ကြီးတော်မူပေသော မြတ်စွာဘုရား။ ဣမသ္မိံ နဂရေ၊ဤဗာရာဏသီမြို့တော်ကြီး၌။မယာ၊ဘုရားတပည့်တော်အောက်။ ဒုဂ္ဂတတရော၊ ဆင်းရဲပင်ပန်းသော သတ္တဝါသည်။ နတ္ထိ၊ တစ်စုံတစ်ယောက်မျှ မရှိတော့ပါ။ တုမ္ဟေ၊ အရှင်ဘုရားတို့သည်။ မေ မမ၊ ဆင်းရဲဒုက္ခိတ ပင်ပန်းလှသော တပည့်တော်၏။ အဝဿယော၊ ကိုးကွယ်ရာသည်။ ဟောထ၊ ဖြစ်တော်မူကြပါကုန်လော့။ မေ မမ၊ ဆင်းရဲဒုက္ခိတ ပင်ပန်းလှသော တပည့်တော်အား။ သင်္ဂဟံ၊ ချီးမြှင့်ထောက်ပင့်ခြင်းကို။ ကရောထ၊ ပြုတော်မူကြပါကုန်လော့။ ဤကားအနက်။

**အဓိပ္ပါယ်ကား။** ။ဘုန်းတော်ကြီးတော် မူပေသော မြတ်စွာဘုရား ဤဗာရာဏသီ မြို့တော်ကြီး၌ တပည့်တော်အောက် ယုတ်နိမ့်ပြီးသည်ကာလ ဆင်းရဲငြိုငြင် ပင်ပန်းသောသတ္တဝါသည် တစ်စုံတစ်ယောက်မျှ မရှိပါ။ အရှင်ဘုရားတို့သည် တပည့်တော်၏ ကိုးကွယ်ရာ မှီခိုရာ ဖြစ်တော်မူပါကုန်လော့။ တပည့်တော်အား အစဉ်သနားတော်မူပါသဖြင့် သင်္ဂြိုဟ် ချီးမြှင့်ခြင်းကို ပြုတော်မူပါကုန်လော့ဟု လျှောက်ကြား၏။ မြတ်စွာဘုရားသခင်သည် ဂန္ဓကုဋီ တိုက်တံခါးကို ဖွင့်၍ သပိတ်တော်ကို ထုတ်တော်မူပြီးလျှင် မဟာဒုတ်၏လက်၌ တင်ထားပေးလွှတ်လိုက်၏။ မဟာဒုတ်လည်း မြတ်စွာဘုရား သပိတ်တော်ကို ရလျှင် စကြာမင်း၏ အဖြစ်သို့ ရောက်သကဲ့သို့ ဖြစ်လေ၏။

## မဟာဒုတ်ထံမှ မြတ်စွာဘုရား သပိတ်တော်ကို ဝယ်ကြခြင်း

မင်း မင်းသား အမတ် စစ်သူကြီး စသည်တို့သည် အချင်းချင်း တစ်ယောက်သည် တစ်ယောက်အား မျက်နှာကို ကြည့်ရှုကြကုန်၏။ မြတ်စွာဘုရား ကိုယ်တော်မြတ်သည် ပေးသနားတော်မူအပ်သော သပိတ်တော်ဖြစ်၍ တစ်စုံတစ်ယောက်သော သူမျှလည်း အစိုးရသဖြင့် ယူခြင်းငှါ စွမ်းနိုင်သောသူမည်သည် မရှိလေ။ အချင်း မဟာဒုတ် ငါတို့အား မြတ်စွာဘုရား သပိတ်တော်ကို ပေးပါလော့ အသင်အား ဤမျှလောက်ကုန်သောအသပြာတို့ကို ပေးပါကုန်အံ့၊ အသင်သည် ဆင်းရဲငြိုငြင် ပင်ပန်းလှသည် ဖြစ်သောကြောင့် ပစ္စည်းဥစ္စာကိုသာ ယူပါဘိလောဟု ဘုရားသပိတ်တော်ဖြင့် သင့်အား အဘယ်အကျိုး ရှိအံ့နည်းဟု ပြောဆိုကြကုန်၏။ မဟာဒုတ်ကလည်း တစ်စုံတစ်ယောက်သော သူကို မပေးတော့အံ့၊ ငါ့အား ဥစ္စာဖြင့် အလိုမရှိ၊ မြတ်စွာဘုရား သခင်ကိုသာ ဆွမ်းလုပ်ကျွေးအံ့ဟု ပြော၏။ ကြွင်းကုန်သော လူများအပေါင်းတို့သည် သပိတ်ကိုတောင်း၍ မရသောကြောင့် ပြန်သွားကြကုန်၏။ ပြည့်ရှင် မင်းကြီးသည်ကား ကြံဆင်ခြင်တော်မူသည်မှာ မဟာဒုတ်သည် ပစ္စည်းဥစ္စာဖြင့် ဖြားယောင်းချောင်းဖြပါသော်လည်း မြတ်စွာဘုရား သပိတ်တော်ကို မပေး

မြတ်စွာဘုရားသခင်သည် ကိုယ်တော်တိုင် သနားတော်မူအပ်သော သပိတ်တော် ဖြစ်၍ အတင်း ယူဆောင်ခြင်းငှါလည်း မစွမ်းနိုင်၊ ဤမဟာဒုတ် လှူဒါန်းဖွယ် ဝတ္ထုကား အဘယ်မျှ ဖြစ်လတ္တံ့နည်း၊ မဟာဒုတ်သည် လှူဖွယ်ဝတ္ထုကို ပြုစု ပေးလှူသောကာလ၌ မြတ်စွာဘုရားကို ပင့်ယူ၍ နန်းအိမ်တော်သို့ ဆောင်ပြီး လျှင် စီရင်အပ်သော ငါ၏ဆွမ်းဘောဇဉ်အာဟာရကို လှူဒါန်းအံ့ဟု ကြံ၍ မြတ်စွာဘုရား ကိုယ်တော်မြတ်နှင့် အတူတကွသာလျှင် လိုက်သွား၏။ သိကြားနတ်မင်းသည်လည်း ယာဂု ခဲဖွယ် ဆွမ်း-ဆွမ်းဟင်း-စသည်တို့ကို ပြည့်စုံစေ၍ မြတ်စွာဘုရား ကိုယ်တော်မြတ်တို့သည်သာ ထိုင်နေ သီတင်းသုံးခြင်းငှါ ထိုက် သော နေရာကို ခင်းစေ၍ ထိုင်နေ၏။

မဟာဒုက်သည် မြတ်စွာဘုရားသခင်ကို ပင့်ဆောင်၍ အရှင်ဘုရား ကြွဝင် တော်မူပါကုန်လော့ဟု လျှောက်ကြား၏။ ထိုမဟာဒုတ်၏ နေရာဖြစ်သော အိမ်သည်ကား နိမ့်၏။ မညွတ်ရှိုင်း မကိုင်းညွတ်ဘဲ ဝင်ခြင်းငှါ မစွမ်းနိုင်၊ ဘုရားတို့မည်သည် ကြွဝင်တော်မူသည်ရှိသော် ညွတ်ကိုင်း၍ ကြွဝင်တော်မူခြင်း မည်သည် မရှိ၊ ထို့ကြောင့် မြတ်စွာဘုရားသည် မဟာဒုတ်၏ အိမ်သို့ ကြွဝင် တော်မူသော အခါ၌ မဟာပထဝီမြေကြီးသည် အောက်သို့ နိမ့်၍ သက်၏။ အိမ်သည် အထက်သို့မြင့်၍ တက်၏။ အဝိညာဏက ဖြစ်ကုန်သော မြေ အိမ်တို့ ဤသို့ ဖြစ်ရခြင်းသည်ကား ထိုမြတ်စွာဘုရား ကိုယ်တော်မြတ်တို့အား ပါရမီကို ပြည့်ဆည်းပူးတော်မူစဉ်ကာလက ကောင်းစွာပေးကမ်း လှူဒါန်းအပ်သော ဒါန၏ အကျိုးဆက် အာနိသံသပေတည်း။ တဖန် မြတ်စွာဘုရား ထွက်ကြွတော် မူသောကာလ၌ မြေ, အိမ်တို့သည် ပကတိအတိုင်းသာလျှင် ဖြစ်လေ၏။ ထို့ကြောင့် မြတ်စွာဘုရား သခင်သည် တံ့တံ့မတ်မတ် ရပ်တော်မူလျက်သာလျှင် မဟာဒုက်၏ အိမ်သို့ ကြွဝင်တော်မူ၍ သိကြားမင်း ခင်းထားအပ်သော နေရာ၌ ထိုင်နေ သီတင်းသုံးတော်မူ၏။

မြတ်စွာဘုရား ထိုင်နေသီတင်းသုံးတော်မူသည်ရှိသော် မင်းကြီးက အချင်း မဟာဒုတ် ငါတို့ ဘောင်းပါကုန်သော်လည်း မြတ်စွာဘုရား သပိတ်တော်ကို မပေး၊ ငါတို့သည် ကြည့်ရှု ကုန်အံ့။ အသင်သည် အဘယ်သို့သော လှူဖွယ်ဝတ္ထု ဖြင့် မြတ်စွာဘုရားသခင်ကို ပြုစုလှူဒါန်းလတ္တံ့နည်းဟု ဆို၏။ ထိုအခါ မင်းကြီး အား သိကြားမင်းသည် ယာဂု ခဲဖွယ်-စသည်တို့ကို ဖွင့်လှစ်၍ ပြပေ၏။ ထို ယာဂု ခဲဖွယ်တို့၏ ထုံအပ်သော အနံ့သည် အလုံးစုံသော မြို့ကိုဖုံးအုပ်ပျံ့နှံ့၍ တည်၏။ မင်းကြီးသည် ယာဂု ခဲဖွယ်-အစရှိသည်တို့ကို ကြည့်ရှုပြီးသော် မြတ်စွာဘုရားသခင်ကို ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဒကာတော် သည် မဟာဒုတ်၏ လှူဖွယ်ဝတ္ထုသည် အဘယ်သို့ ကောင်းမွန်လတ္တံ့နည်း၊ ဤ

ဤမဟာဒုတ်သည် မကောင်းညှိုဖျင်းသောလျှုဖွယ်ဝတ္ထုကို ပေးလှူသောအခါ၌ မြတ်စွာဘုရားသခင်ကို နန်းအိမ်ဘော်သို့ ဆောင်၍ မိမိအား စီရင်၍ ထားအပ်သော ခဲဖွယ် ဘောဇဉ် အာဟာရကို လှူဒါန်း ပေးကမ်းမည် ကြံရည်စိတ်တွင်း နှလုံးသွင်း၍ လိုက်လာခဲ့ပါသည် ဒကာတော်သည် ဤသို့သဘောရှိသော အစာ အာဟာရကို ရှေးအခါ ကာလက တစ်ရံခါမျှ မတွေ့မထင် မမြင်ဖူးပါ ဒကာ တော်သည် ဤအရပ်၌ တည်နေသည်ရှိသော် မဟာဒုတ်သည် ပင်ပန်းနွမ်းနယ် ခြင်း ဖြစ်ပေလိမ့်မည်။ ဒကာတော်သည် သွားပါတော့အံ့ဟု လျှောက်ကြား၍ မြတ်စွာဘုရားကို ရှိခိုးဦးချပြီးသော် ဖဲ့သွားလေ၏။

## မဟာဒုတ်အိမ်၌ ရတနာခုနစ်ပါး မိုးကြိုးရွာခြင်း

သိကြားမင်းသည်လည်း မြတ်စွာဘုရားသခင် ကိုတ်တော်မြတ်ကို ယာဂု ခဲဖွယ်စသည်ဘို့ဖြင့် ရိုသေကောင်းမွန်စွာ လုပ်ကျွေး ပြုစု၏။ မြတ်စွာဘုရား သခင်သည် ဆွမ်းဘုဉ်းပေ.ပြီးသည်အဆုံး၌ အနုမောဒနာကိုပြု၍နေရာမှ ထတော် မူပြီးသည်ကာလ ဖဲကြွတော်မူ၏။ သိကြားမင်းသည် မဟာဒုတ်အား အမှတ် သညာကို ပေးသဖြင့် မဟာဒုတ်သည် သပိတ်တော်ကို ယူပြီးသောအခါ မြတ်စွာ ဘုရား ကိုယ်တော်မြတ်၏ နောက်တော်သို့ အစဉ်လိုက်၍ပို့၏။ သိကြားမင်း သည် ဆုတ်နစ်ပြန်လည်ပြီးသောကာလ မဟာဒုတ်၏ အိမ်တံခါးဝ၌ ရပ်လျက် ကောင်းကင်သို့ ကြည့်ရှု၏၊ ထိုခဏ၌သာလျှင် ကောင်းကင်မှ ရတနာခုနစ်ပါး အတိပြီးသော မိုးကြိုးရွာ၍ မဟာဒုတ်၏ အိမ်၌ အလုံးစုံသော အိုးခွက်တို့ကို ပြည့်စေပြီးလျှင် တစ်အိမ်လုံးကို ပြည့်လျှံပေသဖြင့် ထိုအိမ်၌ လူနေရာဖြစ်သာ တစ်စုံတခုသော နေရာသည် မကြွင်းမကျန်ဘဲ ရှိလေ၏၊ မဟာဒုတ်၏ မယားခင်ပွန်းမသည် သားတို့ကိုလက်တို့၌ ဆွဲကိုင်ထုတ်ဆောင်လျက် အိမ်၏ အပ ပြင်ဘက်၌ ရပ်တည်၍ နေရ၏။ မဟာဒုတ်သည် မြတ်စွာဘုရား သခင် ကို အစဉ် ပို့လိုက်ပြီးမှ ဆုတ် နစ် ပြန်လည်၍ လာခဲ့သောအခါ အိမ်မှ အပ၌ တည်နေရကုန်သော သားငယ်တို့ကို မြင်၍ ဤအမှုကား အကြောင်း အဘယ်သို့ နည်းပေနည်းဟု မေး၏။ အရှင် ါတို့ အိမ်အလုံးစုံသည် ရတနာ ခုနစ်ပါးတို့ဖြင့် ပြည့်သည်ဖြစ်၍ ဝင်ခြင်းငှါ အခွင့်ကို မရ၊ အရပ်ဒေသ- မရှိပါဟု ပြော၏။ မဟာဒုတ်သည် ယနေ့ပင်လျှင် ငါလှူဒါန်းအပ်သော ဒါနသည် အကျိုး ပေးလေပြီဟု သိ၍ မင်းကြီး၏ ထံမှောက်သို့ သွားရောက် ရှိခိုးရပ်တည်၏။ အဘယ်ကြောင့် လာရောက်သနည်းဟု မင်းကြီး မေးတော်မူသည်ရှိသော် မဟာဒုတ်က အရှင်မင်းမြတ် အကျွန်ုပ်၏အိမ်သည် ရတနာခုနစ်ပါး တို့ဖြင့် ပြည့်၍နေ၏။ ထိုပစ္စည်း ဥစ္စာတို့ကို သိမ်းဆည်းတော်မူပါလော့ ဟု လျှောက်ကြား၏။ မင်းကြီးသည် ယနေ့ အံ့ဖွယ်ရှိလေစွ ဘုရားရှင်တို့အား

လှူဒါန်းအပ်သော ဒါနသည် ယနေ့ပင် အဆုံးသို့ ရောက်လေသည်ဟု ကြံပြီးသော် မဟာဒုတ်ကို အဘယ်ကိုရခြင်းငှါ အပ်ပေသနည်း ဟု မေးတော်မူလျှင် အရှင်မင်းမြတ် ပစ္စည်းဥစ္စာကို ဆောင်ယူသည်ပိုးခြင်းငှါ လှည်းတစ်ထောင်တို့ကို ရခြင်းငှါ အပ်ပါသည်ဟု လျှောက်ကြား၏။ မင်းကြီးသည် လှည်းတစ်ထောင်တို့ကို စေသွတ်၍ ဆောင်ယူစေပြီးလျှင် မင်းယင်ပြင်၌ စုပုံစေသဖြင့် ထန်းတပင် အရပ်မျှ ပမာဏရှိသော ရတနာအစုအပုံသည် ဖြစ်လေ၏။ မင်းကြီးသည် မြို့သူမြို့သား အပေါင်းတို့ကို စည်းဝေးစေ၍ ဤမြို့၏ အတွင်း၌ ဤမျှသော ပစ္စည်းဥစ္စာ ပေါများကြွယ်ဝသော တစ်စုံတစ်ယောက်သော သူသည် ရှိပါသလောဟု မေးတော်မူ၏။ အရှင်မင်းမြတ် တစ်စုံတစ်ယောက်မျှ မရှိပါဟု လျှောက်ကြားကုန်သည်ရှိသော် ဤမျှလောက် ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာသောသူကို အသို့ပြုခြင်းငှါ အပ်ပါသနည်းဟု မေးတော်မူပြန်သဖြင့် အရှင်မင်းမြတ် သူဌေးကြီးတို့ ရာထူးကို ချီးကျူးချီးမြှောက်စား ပေးသနားတော်မူခြင်းငှါ အပ်ပါသည် ဟူ၍ လျှောက်ကြားကြသောကြောင့် ထိုမဟာဒုတ်အား ကြီးစွာသော ပူဇာသက္ကာရကို ပြု၍ သူဌေးကြီး ရာထူးကို ပေးသနားတော်မူ၏။

ထိုနောက် သူဌေးရာထူးကို ရပြီးသော မဟာဒုတ်အား ရှေးအခါ တစ်ဦးသော သူဌေးသည် နေဘူးသော အိမ်နေရာကို ညွှန်ကြား၍ ဤနေရာ၌ ပေါက်ရောက်ကုန်သော ချုံပိတ်ပေါင်းတို့ကို ထုတ်ဆောင် ရှင်းလင်းစေပြီးသော ကာလ၊ အိမ်ကို ဆောက်လုပ်၍ နေလော့ဟု ဆို၏။ မဟာဒုတ် သူဌေးအား ထိုနေရာကို သုတ်သင် ရှင်းလင်း၍ ညီညွတ်သည်ကို ပြုပြီးသော ကာလ မြေ၌ တူးဆွအပ်သည် ရှိသော် အချင်းအချင်း ထိခိုက်ကုန်သော ရွှေအိုးကြီးတို့သည် ထပေါက်၍ လာကုန်၏၊ ထိုအကြောင်းကို မင်းကြီးအား ကြားအပ်ကုန်သည် ရှိသော် အသင်၏ ကောင်းမှု ဘုန်းကံကြောင့် ဖြစ်ပေသည်ကို အသင်ပင် သိမ်းဆည်း၍ ယူလေလော့ ဟု ပေးသနားတော်မူ၏။ ထိုမဟာဒုတ်သူဌေးသည် အိမ်ကို ဆောက်လုပ်ပြုပြင်ပြီးသောအခါ ခုနစ်ရက်ပတ်လုံး ဘုရားအမှူးရှိသော ရဟန်းသံဃာတော် အပေါင်းအား ကြီးစွာသော အလှူကြီးကို ပေးလှူ၏။ ထို့နောက်၌လည်း အသက်ရှည်သမျှ ကာလပတ်လုံး ကြီးကျယ်စွာသော စည်းစိမ်ချမ်းသာ၌ တည်လျက် ကောင်းမှုတို့ကို ပြုပြီးလျှင် အသက်၏ အဆုံး၌ နတ်ပြည်၌ ဖြစ်လေ၏။

## မိခင်သူဌေးသမီးအား ချင်ခြင်းတပ်ခြင်း

## ပစ္စုပ္ပန်ဝတ္ထု

ဘစ်ဆူသော ဘုရားရှင်၏ အကြားကာလပတ်လုံး နတ်ပြည်၌ ဖြစ်သော စည်းစိမ်ချမ်းသာကို အစည်ခံစား၍ ဤဂေါတမ မြတ်စွာဘုရား ပွင့်တော်မူသော

အခါ၌ နတ်ပြည်မှ စုတိသေလွန်လာခဲ့၍ သာဝတ္ထိပြည်ဝယ် အရှင်သာရိပုတ္တရာ မထေရ်၏ အလုပ်အကျွေးဖြစ်သော တစ်ဦးသော သူဌေးသမီး၏ ဝမ်းဝယ် ပဋိသန္ဓေ တည်နေ စွဲယူလေ၏။ ထိုအခါ သူဌေးသမီး၏ မိခင် ဖခင်တို့သည် ကိုယ်ဝန်၏ တည်နေသောအဖြစ်ကို သိ၍ ကိုယ်ဝန်၏ အစောင့်အရှောက်ကို ပေးကြကုန်၏။ နောက်အဖို့ဖြစ်သော တစ်ပါးသော အခါ၌ ထိုသူဌေးသမီး အား ငါသည် တရားစစ်သူကြီး ဖြစ်တော်မူသော အရှင်သာရိပုတ္တရာမထေရ်ကို အစပြု၍ ငါးရာကုန်သော ရဟန်းတို့အား ငါး ကြောင်း အရသာဖြင့် အလှူကို ပေးလှူပြီးသောအခါ ဖန်ရည်စွန်းသော အဝတ် သင်္ကန်းကို ဝတ်ရုံလျက် ရဟန်း သံဃာတော်တို့၏ အဆုံးစွန်ဖြစ်သော နေရာ၌ ထိုင်နေပြီး၍ ရဟန်း တို့၏ စားကြွင်းကို စားရပါမူကား ကောင်းလေစွ ဟူသော ချင်ခြင်းသည် ဖြစ်၍ ထိုသူဌေးသမီးသည် မိခင် ဖခင်တို့အား အကြောင်းကိုကြား၍ထိုသို့သော အခြင်းအရာကို ပြုပေ၏။ ချင်ခြင်းသည်လည်း ငြိမ်းပျောက်လေ၏။ ထိုနောက် သူဌေးသမီးအား တစ်ပါးကုန်သော ခုနစ်ပါးကုန်သော မင်္ဂလာအခါတို့၌ ငါး ကြောင်း အရသာတို့ဖြင့်သာလျှင် တရားစစ်သူကြီး ဖြစ်တော်မူသော အရှင်သာရိ ပုတ္တရာ မထေရ်အမှူးရှိကုန်သော ငါးရာကုန်သော ရဟန်းတို့ကို ဆွမ်းကျွေး ကုန်၏။ ဤသို့သောနည်းဖြင့် အလုံးစုံကို တိဿသတို့သား၏ ဝတ္ထု၌ ဆိုအပ် ပြီးသောနည်းဖြင့် သိအပ်၏၊ သတို့သားအားမှာမူကား မဟာဒုတ်ဖြစ်စဉ် ကာလ၌ ပေးကမ်းလှူဒါန်းအပ်သော ငါးကြောင်းအရသာ အလှူဒါန၏သာလျှင် အကျိုးဆက်အာနိသံပေတည်း၊ ထိုကြောင့် ရင်းအဋ္ဌကထာ၌—

> သဗ္ဗံ တိဿကုမာရဿ ဝတ္ထုမှိ ဝုတ္တနိယာမေနေဝ ဝေဒိတဗ္ဗံ၊ အယမဿ ပန မဟာဒုဂ္ဂတကာလေ ဒိန္နဿ ရောဟိတမစ္ဆရသ ဒါနဿေဝ နိဿန္ဒော—

ဟု မိန့်တော်မူ၏။

**အနက်ကား**။ ။သဗ္ဗံ၊ အလုံးစုံကို။ တိဿကုမာရဿ၊ တိဿသတို့သား၏။ ဝတ္ထုမှိ၊ ဝတ္ထု၌။ ဝုတ္တနိယာမေနေဝ၊ ဆိုအပ်ပြီးသော အမှတ်ဖြင့်သာလျှင်။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ ပန၊ အထူးမှာကား။ ဣမဿ၊ ဤသတို့သားအား။ မဟာဒုဂ္ဂတကာလေ၊ မဟာဒုတ်ဖြစ်စဉ်ကာလ၌။ ဒိန္နဿ၊ ပေးကမ်း လှူဒါန်း အပ်သော။ အယံရောဟိတ မစ္ဆ ရသ ဒါနဿေဝ၊ ဤငါးကြောင်း အရသာကို ပေးလှူသော ဒါန၏သာလျှင်။ နိဿန္ဒော၊ ကျိုးဆက် ဂုဏ်အင် အာနိသင် ပေတည်း။ ဤကားအနက်။

အမည်မှည့်အံ့သော နေ့၌လည်း အရှင်သာရိပုတ္တရာအား အရှင်ဘုန်း အရှင်မြတ်တို့၏ ကျွန်အား သိက္ခာပုဒ်တို့ကို ပေးသနားတော်မူပါကုန်လော့ဟု

သူငယ်၏မိခင်က လျှောက်ကြားသည်ရှိသော် ဤသူငယ်သည် အဘယ်အမည် ရှိသနည်းဟု မထေရ်က မေးတော်မူ၏။ ဤသူငယ် ပဋိသန္ဓေတည်နေသော အခါမှစ၍ ဤအိမ်၌ ဆွံ့အ ထုံထိုင်းမှိုင်းကုန်သော သူတို့သည် ပညာရှိဖြစ်ကုန် သည်။ ထို့ကြောင့် တပည့်တော်၏ သားအား ပဏ္ဍိတဟူသော အမည်သည်သာ ဖြစ်ပါလိမ့်မည်ဟု လျှောက်ကြား၏။ အရှင်သာရိပုတ္တရာ မထေရ်သည် သိက္ခာပုဒ် တို့ကို ပေးတော်မူ၏။ ဖွားမြင်သော နေ့မှစ၍ သူငယ်၏မိခင်က ငါ့သား၏ အလိုဆန္ဒ အဇ္ဈာသယကို ဘယ်အခါကာလမှ မဖျက်ဆီးအံ့ဟူသော စိတ်အကြံ သည် ဖြစ်၏။

## ပဏ္ဍိတသူငယ် ရှင်သာမဏေပြုခြင်း

ထိုသတို့သားသည် ခုနစ်နှစ်သားရှိသောအခါ မိခင်ကို မိခင် အကျွန်ုပ်သည် အရှင်သာရိပုတ္တရာ မထေရ်၏ အထံတော်၌ ရဟန်းပြုတော့အံ့ဟု ပန်ကြား ခွင့်တောင်း၏။ အမောင် ချစ်သား ကောင်းပြီ ငါမိခင်သည် အသင်ချစ်သား၏ အလိုဆန္ဒ အဇ္ဈာသယကို မဖျက်ဆီးအံ့ဟု ကြံစည်၍ထားပေသည်ဟု ပြောဆို၍ အရှင်သာရိပုတ္တရာ မထေရ်ကို ပင့်ဖိတ်ပြီးသောအခါ ဆွမ်းကို ကျွေးမွေး၍ အရှင်ဘုရား အရှင်မြတ်တို့၏ ကျွန်ဖြစ်သော ဤသူငယ်သည် ရဟန်းပြုခြင်းငှါ အလိုရှိပါသည်၊ တပည့်တော်မသည် ညချမ်းသောအခါ၌ ဤသူငယ်ကို ကျောင်းသို့ ပို့ဆောင်ပါအံ့ဟု လျှောက်ကြားပြောဆို မထေရ်ကို လွှတ်လိုက် ပြီး၍ ဆွေမျိုးအပေါင်းတို့ကို စည်းဝေးစေပြီးသောအခါ ငါ၏ သားအား လူအဖြစ်၌ ပြုစုချီးမြှင့်ဖွယ်ဟူသမျှ အလုံးစုံသော ပူဇော်သက္ကာရကို ယနေ့ပင် ပြီးဆုံးအောင် ပြုအံ့ဟု ကြံ၍ ကြီးစွာသော ပူဇော်သက္ကာရကိုပြုပြီးသောအခါ သူငယ်ကို ဆောင်ယူ၍ ကျောင်းသို့ သွားရောက်ပြီးသောကာလ ဤသူငယ်ကို ရဟန်းပြုပါကုန်လော့ဟု မထေရ်အား ဆောင်နှင်းပေးလှူ၏။

အရှင်သာရိပုတ္တရာမထေရ်သည် ရဟန်းပြုရသော အဖြစ်၌ ခဲယဉ်းလှသော အဖြစ်ကို ပြန်ကြား၍ အရှင်ဘုရား တပည့်တော်သည် အရှင်မြတ်တို့ ပေးအပ် သော အဆုံးအမ ဩဝါဒကို လိုက်နာ၍ ပြုပါကုန်အံ့ဟု လျှောက်ကြားသည် ရှိသော် ထိုသို့တပြီးကား လာလှည့်ဟု ခေါ်တော်မူပြီးလျှင် ဆံတို့ကို ရေဖြင့် ဆွတ်၍ "တစပဉ္စက"ကမ္မဋ္ဌာန်းကို ကြားပြီးလျှင်ဆံကိုရိတ်၍ ရှင်ပြု၏ သူငယ်၏ မိခင် ဖခင်တို့သည်လည်း ခုနစ်ရက်ပတ်လုံး ကျောင်း၌သာနေကုန်လျက် ဘုရား အမှူးရှိသော ရဟန်း သံဃာတော်အား ငါးငကြင်း အလှူသာလျှင်ဖြစ်သော အလှူဒါနကို ပေးလှူ၍ ခုနစ်ရက်မြောက်သောနေ့ ညချမ်းအခါ၌ အိမ်သို့ ပြန်သွားကြကုန်၏။ အရှင်သာရိပုတ္တရာမထေရ်သည် ရှစ်ရက်မြောက်သောနေ့၌ ရွာတွင်းသို့ ဆွမ်းခံကြွဝင်တော်မူသည်ရှိသော် ထိုသာမဏေကို ခေါ်ယူတော်

မှုရ်၊ ကြွသွား၏ အရှင်သာရိပုတ္တရာမထေရ်သည် ရဟန်းတို့နှင့် အတူတကွ ကြွသွားတော်မမူ နောက်မှသာလျှင် ကြွသွားတော်မူ၏။ အဘယ်အကြောင်း ကြောင့်နည်းဟူမူကား ရှေဦးစွာ ထိုသာမဏေငယ်အား သက်န်းသပိတ်တို့ကို ကိုင်ယူခြင်းတို့သည်လည်းကောင်း၊ သွင်ပြင်မူရာ ဣရိယာပထ၌ မျှတ နှင့်မျှ ကြည်ညိုဖွယ်ရှိသည် မဖြစ်သေး၊ ထိုကြောင့် ကြွတော်မမူသည်။ တနည်း အကြောင်းမှာ ကျောင်း၌ အရှင်သာရိပုတ္တရာမထေရ်အား ပြုဖွယ်ကိစ္စဖြစ်သော ဝတ်သည် ရှိပေ၏။ ထိုကြောင့် ရဟန်းသံဃာတို့နှင့် အတူတကွ ကြွဝင်တော် မမူဘဲ နောက်မှ ကြွဝင်တော်မူသတည်း။

အရှင်သာရိပုတ္တရာမထေရ် ပြုတော်မူသောဝတ်ကား ရဟန်းသံဃာတော်တို့ ရွာတွင်းသို့ ကြွဝင်ကုန်သည်ရှိသော် အလုံးစုံသောကျောင်းသို့ လှည့်လည်လျက် တံမြက်မလှည်းသေးသော နေရာကို တံမြက်လှည်း၍ အချည်းနှီး ကုန်သော၊ အိုးခွက်တို့၌ သောက်ရေ သုံးဆောင်ရေတို့ကို ထည့်ထားထည့်သွင်း သွန်းလောင်း ပြီး၍ မကောင်းသဖြင့် ထားအပ်ကုန်သော ညောင်စောင်း အင်းပျဉ်တို့ကို သိမ်းဆည်းသိုမှီးပြီး၍ နောက်မှ ရွာတွင်းသို့ ကြွဝင်တော်မူ၏။ ဤကား မထေရ် ပြုတော်မူအပ်သော ဝတ်တည်း။ ဤသို့သော ဝတ်ကို မထေရ်ပြုတော်မူခြင်းမှာ သာသနာတော်မှ အပဖြစ်ကုန်သော တိတ္ထိတို့သည် အချည်းနှီးသော ကျောင်းသို့ ဝင်ရောက် ကြည့်ရှုပြီးသောကာလ၊ အိုဒ ချင်းတို့ ရှင်ကြီးဂေါတမ၏ တပည့် သာဝကတို့ နေထိုင်သော နေရာတို့ကို ကြည့်ရှုပါကုန်လော့ဟု ပြောဆို ပြစ်တင် ကဲ့ရဲ့ ရှုံ့ချခြင်းကို မရပါစေသတည်းဟု ရည်ညွှန်းဆောက်တည်တော်မူ၍ အလုံး စုံသော ကျောင်းကို သုတ်သင်ပြီးသည့်ကာလ နောက်မှ ရွာတွင်းသို့ ကြွဝင် တော်မူ၏။

**ပဏ္ဍိတသာမဏေငယ်သည် ရှင်သာရိပုတ္တရာအား**

**မေးမြန်းလျှောက်ထားခြင်း**

ထိုနေ့၌လည်း အရှင်သာရိပုတ္တရာ မထေရ်သည် သာမဏေကို ပရိက္ခရာ ဘဏ္ဍာကို ယူစေ၍ နေမြင့်မှ ဆွမ်းအလို့ငှါ ကြွဝင်တော်မူ၏။ သာမဏေသည် ဥပဇ္ဈာယ်ဆရာနှင့် အတူတကွ သွားသည်ရှိသော် လမ်းခရီးအကြား၌ မြောင်းကို မြင်၍ အရှင်ဘုရား ဤပတ္တုသည်ကား အဘယ်အမည် ရှိပါသနည်းဟု မေးလျှောက်၏။ ငါ့ရှင် သာမဏေ မြောင်းမည်သည်ဟု မိန့်တော်မူလျှင် ဤ မြောင်းဖြင့် အဘယ်အမှုကို ပြုသနည်းဟု မေးလျှောက်ပြန်သဖြင့် ထိုမှ ဤမှ ရေကို ထုတ်ဆောင်ယူပြီးသည်ကာလ မိမိ၏ကောက်အမှုကို ပြုကြကုန်သတည်းဟု မိန့်တော်မူပြန်သည်ရှိသော် အရှင်ဘုရား အသို့နည်း။ ရေအားစိတ်ရှိပါသလော

ဟု မေးလျှောက်ပြန်၏။ ငါ့ရှင်သာမဏေ ရေအား စိတ်မရှိဟု မိန့်တော်မူလျှင် အရှင်ဘုရား ဤသို့ သဘောရှိသော စိတ်မရှိသည်ကို မိမိအလိုရှိရာသို့ဆောင်ခြင်းငှါ စွမ်းနိုင်ပါသလောဟု မေးလျှောက်ပြန်သဖြင့် ဩော်-ဟုတ်ပေ၏။ ငါ့ရှင်ဟု မိန့်တော်မူ၏။ သာမဏေသည် ကြံဆင်ခြင်သည်မှာ ဤသို့ သဘောရှိသော ရေကို မိမိအလိုရှိအပ်သော အရပ်သို့ ထုတ်ဆောင်ပြီးကာလ အမှုကိစ္စကို အကယ်၍ ပြုလုပ်ခြင်းငှါ စွမ်းနိုင်ကုန်သည် ဖြစ်ခဲ့အံ့။ စိတ်ရှိသော ဤခန္ဓာကိုယ်၌ စိတ်ကို မိမိ၏ အလိုသို့ လိုက်စေလျက် ရဟန်းတရားကို အားထုတ်ဆည်းပူး ပြုလုပ်ခြင်းငှါ အဘယ်ကြောင့် မစွမ်းနိုင်ဘဲ ရှိပါအံ့နည်းဟု ကြံ၏။ ထိုနောက် သာမဏေသည် ရှေ့သို့ သွားပြန်သည်ရှိသော် မြားသမားတို့သည် မြားတုတ်တံကို မီး၌ ကင်၍ မျက်စိအစွန်းဖြင့် ငဲ့ယှဉ်းစောင်းညွှာ ပြန်လှန်ကာ ကြည့်ရှုပြီးသည့်ကာလ ဖြောင့်မတ်အောင် ပြုလုပ်သည်တို့ကို မြင်၍ အရှင်ဘုရား ဤသူတို့သည် အဘယ်အမည် ရှိသနည်းဟု လျှောက်၏။ ငါ့ရှင်သာမဏေ မြားပြုလုပ်သော မြားသမားတို့ မည်ကုန်သည်ဟု မိန့်တော်မူသော် ထိုသူတို့သည် အသို့ပြုပါကုန်သနည်းဟု မေးလျှောက်ပြန်သဖြင့် မီး၌ ကင်၍ မြားတံကို ဖြောင့်ကုန်သည်ဟု မိန့်တော်မူလျှင် အရှင်ဘုရား ထိုမြားသည် စိတ်ရှိပါသလောဟု မေးလျှောက်ပြန်သဖြင့် ငါ့ရှင်သာမဏေ စိတ်မရှိပေဟု အမိန့်တော်ရှိ၏။ သာမဏေသည် ကြံဆင်ခြင်တော်မူပြန်သည်မှာ စိတ်မရှိသည်ကို ယူပြီးသည်ကာလ မီး၌ ကင်၍ ဖြောင့်မတ်သည်ကို အကယ်၍ ပြုနိုင်ကုန်သည် ဖြစ်အံ့၊ စိတ်ရှိသည်လည်းဖြစ်သော မိမိ၏ စိတ်ကို အလိုသို့ လိုက်ပါစေသည်ဖြစ်၍ ရဟန်းတရားကို အားထုတ် ပြုလုပ်ခြင်းငှါ အဘယ်ကြောင့် မစွမ်းနိုင်ဘဲ ရှိပါကုန်အံ့နည်းဟု ကြံ၏။

ထိုနောက် ရှေ့သို့ လျှောက်၍ ကြွတော်မူပြန်သည်ရှိသော် သစ်တို့ကို ရထား လှည်းဘီး အကန့် အကွပ် ချက်-စသည် ရွေကုန်သော သစ်ရွေသမားတို့ကို တွေ့မြင်၍ အရှင်ဘုရား ဤသူတို့သည်ကား အဘယ်အမည် ရှိကုန်ပါသနည်းဟု မေးလျှောက်၏။ ငါ့ရှင် သာမဏေ သစ်ရွေသမားတို့ မည်ကုန်သည်ဟု မိန့်တော်မူသော် ထိုသူတို့သည် အဘယ်အမှုကို ပြုပါကုန်သနည်းဟု မေးလျှောက်ပြန်သဖြင့် သစ်တို့ကို ယူပြီးသည်ကာလ ရွေနှောခွဲစိတ်၍ မိမိတို့ အလိုရှိကုန်သော လှည်းဘီးစက် အစရှိသည်တို့ကို ပြုကုန်သည်ဟု မိန့်တော်မူ၏။ အရှင်ဘုရား ထိုသစ်တို့သည် စိတ်ရှိပါကုန်သလောဟု မေးလျှောက်ပြန်သော် ငါ့ရှင် စိတ်မရှိကုန်ဟု မိန့်တော်မူ၏။ ထိုအခါ သာမဏေအား ဤသို့သော အကြံသည် ဖြစ်၏။ စိတ်မရှိကုန်သော ထင်းသစ်တို့ကို ယူလျက် လှည်းဘီးစက် စသည်တို့ကို အကယ်၍ ပြုခြင်းငှါ စွမ်းနိုင်ကုန်သည်ဖြစ်အံ့ စိတ်ရှိသောမိမိ၏ စိတ်ကိုအလိုသို့ လိုက်စေလျက် ရဟန်းတရားကို

အားထုတ်ပြုလုပ်ခြင်းငှါ အဘယ်ကြောင့် မစွမ်းနိုင်ဘဲရှိပါကုန်အံ့နည်းဟူသော အကြံသည်ဖြစ်၏။ ထိုသာမဏေသည် ဤအကြောင်းတို့ကို မြင်ပြီး၍ အရှင်ဘုရား အရှင်ဘုရားတို့၏ သပိတ် သင်္ကန်းတို့ကိုအရှင်ဘုရားတို့ အကယ်၍ယူပါကုန်သည် ဖြစ်အံ့၊ တပည့်တော်သည် ဆုတ်နစ်ပြန်လည် လိုပါသည် ဟု လျှောက်၏။ အရှင်သာရိပုတ္တရာ မထေရ်သည် ဤသာမဏေငယ်သည် ယခုရဟန်းပြု၍ မကြာ မြင့်မီ ငါ၏နောက်သို့ လိုက်လာသည်ဖြစ်ပါလျက် ဤသို့ပြောဆိုဘိသည် ဟု ကြံစည်တော်မူခြင်း တည်းဟူသော စိတ်ကို မဖြစ်စေမူ၍ သာမဏေဆောင်ယူခဲ့လော့ဟု မိန့်တော်မူပြီးလျှင် မိမိ၏ သပိတ် သင်္ကန်းကို ယူတော်မူ၏။

## ပဏ္ဍိတသာမဏေအား သိကြား နတ်မင်းတို့က စောင့်ရှောက်ခြင်း

သာမဏေသည် ဥပဇ္ဈာယ်ဆရာ အရှင်သာရိပုတ္တရာ မထေရ်ကို ရှိခိုးပြီးသော် ဆုတ်နစ်ပြန်လည်လျက် အရှင်ဘုရား တပည့်တော်အား အာဟာရကိုဆောင်ယူခဲ့ပါလျှင် ကြေင်းသား အရသာဖြင့် သာလျှင် အာဟာရကို ဆောင်ယူတော်မူခဲ့ပါကုန်လော့ဟု လျှောက်ကြား၏၊ အဘယ်မှာရနိုင်ပါအံ့နည်း ငါ့ရှင်သာမဏေ ဟု မိန့်တော်မူလျှင် အရှင်မြတ်၏ ဘုန်းကံကြောင့် မရသော်လည်း တပည့်တော်၏ ကောင်းမှုဘုန်းကံကြောင့် ရပါလတ္တံ့ဟု လျှောက်ကြား၏။ မထေရ်သည် အပပြင်ဘက်၌ နေရသောသာမဏေအား တစ်စုံတစ်ခုသော ဘေးအန္တရာယ် ဖြစ်သော်လည်း ဖြစ်ပေရာ၏ဟု ကြံ၍ သံကောက်ကိုပေး၍ ငါ၏တိုက်ခန်း တံခါးကို ဖွင့်ပြီးသောကာလ အတွင်းသို့ဝင်၍ နေလေလော့ဟု မိန့်တော်မူ၏။ သာမဏေသည် မထေရ်ကြားမှာတိုင်းသော ထိုထိုသို့သော အခြင်းအရာကိုပြု၍ မိမိ၏ ကရဇကာယ၌ ဉာဏ်ကိုသက်စေပြီးသောအခါ အတ္တဘောကို ဆင်ခြင်သုံးသပ်လျက် ထိုင်နေ၏၊ ထိုအခါ သာမဏေ၏ ဂုဏ်ကျေးဇူး တန်ခိုးကြောင့် သိကြားမင်း နေရာသည် ပူလောင်သော အခြင်းအရာကိုပြ၏ သိကြားမင်းသည် အကြောင်းအသို့နည်း ဟု စူးစမ်း ဆင်ခြင်သည်ရှိသော် ပဏ္ဍိတ သာမဏေသည် ဥပဇ္ဈာယ် ဆရာအား သပိတ်သင်္ကန်းကို ပေးလျက် ရဟန်းတရားကို ပြုအံ့ဟု ဆုတ်နစ်ပြန်လည်လာ၏ ငါသည်လည်း ထိုအရပ်သို့သွားခြင်းငှါ အပ်၏ဟုကြံ၍ လေးယောက်ကုန်သော နတ်မင်းကြီးတို့ကို ခေါ်ပြီးသော် ကျောင်း၏ ဥပစာရ၌ နေကုန်သော ငှက်အပေါင်းတို့ကို ဖယ်ရှောင် သုက်ပြေးစေလျက် ထက်ဝန်းကျင်မှ အစောင့်အရှောက်ကို ယူကုန်လော့ဟု ပြောဆို၍ လ-နတ်သားကို လဝန်းကိုဆွဲငင်ယူထားလေလော့၊ နေနတ်သားကို နေဝန်းကို ဆွဲငင်ယူထားလော့ ဟု ပြောဆိုစေခိုင်းပြီးသော် မိမိသည် ကိုယ်တိုင် သွားရောက်ပြီးသောကာလ လှည့်သောကြိုးကွင်း၏ ကျရာအရပ်၌ အစောင့်အရှောက်ကို ယူလျက်ရပ်တည်၏။ ကျောင်း၌ကြွေကျသော သစ်ရွက်ဟောင်း၏ ကြွေကျသော အသံမျှသော်လည်း မရှိလေ။

သာမဏေ၏စိတ်သည် တည်ကြည်ခြင်း ဖြစ်၏၊ သာမဏေသည် ဆွမ်းမစားမီ အကြား၌သာလျှင် အတ္တဘောကို သုံးသပ်၍ သုံးပါးကုန်သော ဖိုလ်တို့သို့ ရောက်လေ၏၊ အရှင်သာရိပုတ္တရာ မထေရ်သည်လည်း သာမဏေသည်ကျောင်း၌ နေ၏၊ ထိုသာမဏေအား လျောက်ပတ်သော ဘောဇဉ်ကို ဤအမည်ရှိသော အမျိုး၌မှာမူကားရခြင်းငှာ တတ်ကောင်းလတ္တံ့ဟုကြံ၍ တစ်ဦးသော ချစ်ခြင်း ရှိသေကိုင်းညွတ်ခြင်းရှိသော အမျိုးသို့ ကြွတော်မူ၏၊ ထိုအိမ်၌လည်း လူတို့သည် ထိုနေ့၌ ငါးကြင်းတို့ကိုရ၍ မထေရ်၏ ကြွတော် မူလာခြင်းကိုသာ မျှော်လင့်ကြည့်ရှု၍ ထိုင်နေကြကုန်၏ လူတို့သည် မထေရ် ကြွလာသည်ကို မြင်လျှင် အရှင်ဘုရား အရှင်မြတ်၏ ကြွလာတော်မူခြင်းသည် သင့်တင့်ကောင်းမြတ်သော ကြွလာတော်မူခြင်း ပေတည်း။ အရှင်ဘုရား၊ ဤအရပ်သို့ ကြွလာတော်မူပါလော့ ဟု အိမ်အတွင်း၌ သွင်း၍ ယဂု ခဲဖွယ် စသည်တို့ကို ပေးလှူပြီးသော် ငါးကြင်းအရသာဖြင့် မထေရ်၏ သပိတ်တော်ကို ပြည့်စေပြီးလျှင် ဆွမ်းကိုပေးလှူကုန်၏၊ မထေရ်သည် ဆောင်ယူ၍ သွားအံ့သော အခြင်းအရာကိုပြ၏ လူတို့သည် မြင်သည်ကာလ ဘုန်းပေး သုံးဆောင်တော်မူပါဦးလော့ ဆောင်ယူ၍ သွားဖို့ရာဖြစ်သော ဆွမ်းကိုလည်း ရပါလတ္တံ့ဟု လျှောက်ကြား၍ မထေရ်ဆွမ်းစားပြီးသည်၏ အဆုံး၌ သပိတ်တော်ကို ငါးကြင်းသား အရသာရှိသော ဘောဇဉ်ဖြင့် ပြည့်စေပြီးသည်ကာလ ပေးလှူကုန်ပြန်၏၊ မထေရ်သည်း သာမဏေသည် ဆာလောင် မွတ်သိပ်ပေလိမ့်မည်ဟု လျင်စွာ ပြန်ကြွတော်မူလာ၏။

## မြတ်စွာဘုရားသည် ရှင်သာရိပုတ္တရာအား ပုစ္ဆာလေးခု မေးတော်မူခြင်း

မြတ်စွာဘုရားသခင်သည် ထိုနေ့စောစောကပင်လျှင် ဆွမ်းဘုဉ်းပေးပြီး၍ ကျောင်းတော်သို့ ကြွတော်မူပြီး၍ ကြံဆင်ခြင်တော် မူသည်မှာ ပဏ္ဍိတ သာမဏေသည် ဥပဇ္ဈာယ် ဆရာအား သပိတ် သင်္ကန်းတို့ကို ပေးလျက် ရဟန်းတရားကို အားထုတ်ပြုလုပ်အံ့ဟု ဆုတ်နစ်ပြန်လည်၍ လာ၏။ အသို့နည်း ထိုသာမဏေအား ရဟန်းကိစ္စပြီးဆုံးလတ္တံ့လောဟု စူးစမ်း ဆင်ခြင်သည် ရှိသော် သုံးပါးကုန်သော ဖိုလ်တို့သို့ ရောက်သည်၏အဖြစ်ကို သိတော်မူ၍ အရဟတ္တဖိုလ်သို့ ရောက်အံ့သော ဥပနိဿယအကြောင်း၏ ပြည့်စုံခြင်းသည် ရှိလေသလော မရှိလေသလောဟု စူးစမ်းတော်မူပြန်သည်ကာလ ရှိသည်၏ အဖြစ်ကို မြင်တော်မူ၍ ယနေ့ နံနက်ပင် ရောက်ခြင်းငှါ စွမ်းနိုင်လတ္တံ့လော မစွမ်းနိုင်လတ္တံ့လော ဟု စူးစမ်းဆင်ခြင်တော် မူပြန်သည် ရှိသော် စွမ်းနိုင်လတ္တံ့သည်ကို သိမြင်တော် မူလေ၏။ ထို့နောက် မြတ်စွာဘုရားကိုယ်တော်မြတ်အား အကြံဖြစ်တော်မူပြန်

သည်မှာ သာရိပုတ္တရာသည် သာမဏေအား ပေးရန် ဆွမ်းကို လျင်စွာ ဆောင်၍ လာ၏။ သာမဏေအား ရဟန်းတရား ပြီးဆုံးခြင်း အန္တရာယ်ကိုသော်လည်း ပြုပေရာ၏။ တံခါးမုခ်၌ အစောင့်အရှောက်ကိုယူ၍ ငါဘုရားသည် နေနှင့်အံ့၊ ထို တံခါးမုခ်၌သာရိပုတ္တရာကို လေးပါးကုန်သော အမေးပုစ္ဆာတို့ကို မေးအံ့၊ ထို အမေးပုစ္ဆာကို ဖြေဆိုသည် ရှိသော် သာမဏေသည် ပဋိသမ္ဘိဒါတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်လတ္တံ့ဟု ဆင်ခြင်တော်မူ၏။ ထို့နောက် တံခါးမုခ်သို့ ကြွသွားတော်မူ၍ တံခါးမုခ်၌ တည်တော်မူပြီးလျှင် ရောက်လာသော အရှင် သာရိပုတ္တရာမထေရ်ကို ချစ်သားသာရိပုတ္တရာ အသင်အား အဘယ်သို့ ရအပ် ပေသနည်းဟု မေးတော်မူ၏။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား အာဟာရကို ရအပ်ပါသည်ဟု လျှောက်ကြား၏ ချစ်သား သာရိပုတ္တရာ အာဟာရ မည်သည် အဘယ်ကို ဆောင်တတ်သနည်းဟု မေးတော်မူ၏။ ဘုန်းတော်ကြီး တော်မူသော မြတ်စွာဘုရား ဝေဒနာကို ဆောင်တတ်ပါသည်ဟု လျှောက်ကြား ၏။ ချစ်သား သာရိပုတ္တရာ ဝေဒနာသည် အဘယ်ကို ဆောင်တတ်သနည်းဟု မေးတော်မူ၏။ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ရုပ်ကို ဆောင်တတ် ပါသည်ဟု လျှောက်ကြား၏။ ချစ်သားသာရိပုတ္တရာ ရုပ်သည် အဘယ်ကို ဆောင် သနည်းဟု မေးတော်မူ၏။ ဘုန်းတော် ကြီးမြတ်တော်မူသော မြတ်စွာဘုရား ဖဿကိုဆောင်ပါသည်ဟု လျှောက်ကြား၏။

မြတ်စွာဘုရား အမေးတော်ကို အရှင်သာရိပုတ္တရာ ဖြေဆိုလျှောက်ထားသော စကားအဓိပ္ပါယ်မှာ ဤသို့ မှတ်သားရာ၏။ မွတ်သိပ် ဆာလောင်သဖြင့် သုံး ဆောင်သော အာဟာရသည် ထိုသူ၏ မွတ်သိပ်ဆာလောင်ခြင်းကို ပယ်ဖျောက်၍ သုခဝေဒနာကို ဆောင်၏။ အာဟာရကို သုံးဆောင် စားသောက်ရသဖြင့် ချမ်းသာခြင်းရှိသော သူအား သုခ ဝေဒနာကြောင့် ကိုယ်၌ အဆင်းသဏ္ဌာန် ကြန်အင်လက္ခဏာ ကြည်လင်လှပ ပြည့်စုံခြင်းသည် ဖြစ်လေ၏။ ဤသို့သော အခြင်းအရာဖြင့် ဝေဒနာသည် ရုပ်ကို ဆောင်၏၊ ချမ်းသာခြင်း ရှိသူအား အာဟာရဇရုပ်၏ အစွမ်းအားဖြင့်ဖြစ်သော သုခသောမနဿရှိသည်ဖြစ်၍ ဤ ယခုအခါ၌ ငါ့အား သက်သာခြင်း ဖြစ်ပေပြီဟု အိပ်သော်လည်းကောင်း၊ ထိုင် နေသော်လည်းကောင်း ကောင်းသော အတွေ့တည်းဟူသော သုခ သမ္ဖဿကို ခံစားရ၏။

ဤကား အမေးပုစ္ဆာ အဖြေဝိဿဇ္ဇနာတို့၏ အကျဉ်းဖြစ်သော အဓိပ္ပါယ် တည်း။

ပါဠိသာဓကကို အလိုရှိကြပါကုန်မူကား ဓမ္မပဒအဋ္ဌကထာမှာ ကြည့်ရှု၍ ယူတော်မူကြပါကုန်။

## ခုနစ်နှစ်သား ပဏ္ဍိတသာမဏေသည် ရှင်ပြုပြီး ရှစ်ရက်မြောက်၌ ရဟန္တာဖြစ်ခြင်း

ဤသို့သော အခြင်းအရာဖြင့် အရှင်သာရိပုတ္တရာ မထေရ်သည် လေးပါးကုန်သော အမေး ပုစ္ဆာတို့ကို ဖြေဆိုကုန်သည် ရှိသော် သာမဏေသည်ပဋိသမ္ဘိဒါတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်လေ၏။ မြတ်စွာဘုရားသခင်သည်လည်း အရှင်သာရိပုတ္တရာမထေရ်ကို ချစ်သား သာရိပုတ္တရာ သွားတဲ့ချေ့အသင်၏သာမဏေအား ဆွမ်းကိုပေးလေ့ဟု မိန့်တော်မူ၏။ အရှင်သာရိပုတ္တရာမထေရ်သည် ကြွသွားတော်မူ၍ တိုက်ခန်းတံခါးကို ခေါက်တော်မူ၏။ သာမဏေသည် ထွက်လာပြီးလျှင် မထေရ်၏လက်တော်မှ သပိတ်တော်ကို ယူ၍ သင့်တင့် လျောက်ပတ်သောအရပ်၌ ထားပြီးသော် ထန်းရွက်ယပ်ဖြင့် မထေရ်ကို ယပ်ခတ်၍နေ၏။ ထိုအခါ သာမဏေကို မထေရ်က ငါ့ရှင်သာမဏေ ဆွမ်းစားခြင်းကိစ္စကို ပြုလေလော့ဟု မိန့်တော်မူ၏။ အရှင်ဘုရား အရှင်မြတ်တို့သည် ပြီးပါပြီလောဟု မေးလျှောက်သဖြင့် သာမဏေ ငါသည် ဆွမ်းစားခြင်းကိစ္စကို ပြု၍ပြီးပေပြီ၊ သင်သည်သာ ပြုလေလော့ဟု မိန့်တော်မူ၏။ ခုနစ်နှစ်သားမျှသာ ရှိသေးသော သူငယ်သည် ရဟန်းပြု၍ ရှစ်ရက်မြောက်သောနေ့၌ ထိုခဏတွင် ကြည်လင်စွင့်စွင့်ပွင့်သော ပဒုမ္မာ ကြာပန်းနှင့် တူသည်ဖြစ်၍ အရဟတ္တဖိုလ်သို့ ရောက်လေ၏။ ဆင်ခြင်အပ်သောအရာကို ဆင်ခြင်လျက် ထိုင်နေတော်မူပြီးသောအခါ ဆွမ်းစားခြင်းကိစ္စကို ပြုတော်မူ၏။ ထိုသာမဏေသည် သပိတ်ကို ဆေးကြော၍ သိမ်းသောအခါ လနတ်သားသည် လကိုလွှတ်၍ နေနတ်သားသည် နေကိုလွှတ်၍ လေးယောက်ကုန်သော နတ်မင်းကြီးတို့သည် လေးပါးကုန်သောအရပ်မျက်နှာမှ အစောင့်အရှောက်ကို လွှတ်ကုန်၏။ သိကြားမင်းသည် ကြိုးလှည့်လည်ရာ၌ အစောင့်အရှောက်ကို လွှတ်၏။ အရိပ်သည် ပိုလွန်သော ပမာဏရှိသည်ဖြစ်၍ နေ့သည်မွန်းတည့်သော အရပ်၌ာနမှ လျောကျ၍သွား၏။ သာမဏေသည်လည်း ဤယခုအခါ၌သာလျှင် ဆွမ်းစား၍ပြီး၏။ ဤသို့သောအကြောင်းသည် အသို့ပေနည်းဟု ရဟန်းတို့သည် ထိုသို့သော အကြောင်းကို မြတ်စွာဘုရား ကိုယ်တော်မြတ်အား သွားရောက်၍ မေးလျှောက်ကြကုန်၏။

မြတ်စွာဘုရားကိုယ်တော်မြတ်က ချစ်သားရဟန်းတို့ အဘယ်ကို ပြောဆိုကြကုန်သနည်းဟု မေးတော်မူသည်ရှိသော် ဤအမည်ရှိသော အကြောင်းပါဟု လျှောက်ကြားကြသဖြင့် ချစ်သားရဟန်းတို့ သြော် ဟုတ်မှန်ပေ၏။ ကောင်းမှုဘုန်းကံရှိသောသူ၏ ရဟန်းတရားကို အားထုတ်ပြုလုပ်သောအခါ၌ လနတ်သားသည် လကိုဆွဲငင် ဖမ်းထား၏။ နေနတ်သားသည် နေကို ဆွဲငင်ဖမ်းထား၏။ လေးယောက်ကုန်သော နတ်မင်းကြီးတို့သည် ကျောင်း၏ အထောင့် အကွေ့၌

လေးပါးကုန်သော အရပ်မျက်နှာ အစောင့်အရှောက်ကို ယူကုန်၏။ သိကြားမင်းသည် ကြိုးလှည့်လည်ရာအရပ်၌ အစောင့်အရှောက်ကိုယူ၍ ငါဘုရားသည်လည်း ဘုရားဖြစ်သည်ဟု ကြောင့်ကြမဲ့နေခြင်းငှါ မရမူ၍ သွားရောက်ပြီးလျှင် တံခါးမုခ်၌ ငါ၏ သားတော် အစောင့်အရှောက်ကို ယူရလေပြီ၊ ထို သာမဏေသည် ရေကို ဆောင်ယူကုန်သော မြောင်းတို့၌ ရေဆောင်ယူသည်တို့ကိုလည်းကောင်း မြားသမားတို့ မြားဖြောင့်ခြင်း ပြုသည်တို့ကိုလည်းကောင်း၊ သစ်ရွေသမားတို့ သစ်ရွေသည်တို့ကိုလည်းကောင်း ကြည့်ရှုထင်ထင် မြင်ခဲ့၍ ဤမျှလောက်သော အာရုံကို ယူပြီးသော် ပညာရှိတို့သည် မိမိကိုယ်ကို ဆုံးမပြီးသော ကာလ အရဟတ္တဖိုလ်ကို ယူကုန်သည်သာလျှင်တည်းဟု မိန့်တော်မူပြီး၍ အနုသန္ဓေကိုစပ်၍ တရားကို ဟောကြားတော်မူလိုရကား—

၈၀။ ဥဒကဉှိ နယန္တိ နေတ္တိကာ၊
ဥသုကာရာ ဒမယန္တိ တေဇနံ။
ဒါရုံ ဒမယန္တိ တစ္ဆကာ၊
အတ္တာနံ ဒမယန္တိ ပဏ္ဍိတာ—

ဟူသော ဂါထာကို ဟောကြားတော်မူ၏။

ဒေသနာတော်၏ အကျိုးအာနိသင်

ဒေသနာတော်၏ အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကုန်၏။

**အနက်ကား**။ ။နေတ္တိကာ၊ လယ်လုပ်သောသူ ထောင်သူယောကျ်ား လူအများတို့သည်။ ဥဒကံ၊ မြစ်ချောင်း အိုင်အင်း တွင်းကန် စသည်၌တည်သော ရေကို။ နယန္တိ၊ မြောင်းကြီးမြောင်းငယ် ငင်ဆွယ်ဖောက်မြောင် ယူဆောင်ကုန်၏။ ဥသုကာရာ၊ မြားသမားတို့သည်။ တေဇနံ၊ ကောက်ကျစ် လိမ်ကွေးသော မြားကို။ ဒမယန္တိ၊ မီးနှင့်ကင်ပြ အလိုရအောင် ဖြောင့်ကြကုန်၏။ တစ္ဆကာ၊ သစ်ကိုရွေနှာ ဗိသုကာတို့သည်။ ဒါရုံ၊ တောမြိုင်အောက်၌ အလိုအလျောက် ပေါက်ရောက်သော သစ်ကို။ ဒမယန္တိ၊ ပုံတောင်းအကွပ် စသည်ပြုခြင်းငှာ ရွေနှာ ခွဲစိတ်ကုန်၏။ ပဏ္ဍိတာ၊ ပညာရှိသော သူတို့သည်။ အတ္တာနံ၊ မိမိ၏စိတ်ကို။ ဝါ၊ မိမိကိုယ်ကို။ ဒမယန္တိ၊ ဆုံးမကြကုန်၏။ ဤကားအနက်။

ဓမ္မပဒပဏ္ဍိတဝဂ်၌ ငါးခုမြောက်သော ပဏ္ဍိတသာမဏေ၏

ဝတ္ထုအစဉ်ကား ဤတွင်ရွေပြီး၏။

## ၆။ လကုဏ္ဍကဘဒ္ဒိယမထေရ်အကြောင်း

### ပစ္စုပ္ပန်ဝတ္ထု

**သေလော** ယထာ-အစဖြာသော ဤဂါထာပါဌ်ထွက် ဓမ္မစက် ဒေသနာကို သွန်းကာရွာဖြိုး မိုးဃ်းကြီးပမာ သုံးရပ်သော ဒေသနာဖြင့် ဝေနေယျာ တစ်သင်းစုတို့ကို ကြည့်ရှုဆောက်ချင့် အသင့်အလျော်ဆုံးမတော်မူတတ်သော လူနတ်ကိုဋိမကိုဋ္ဌ သုံးကိုက်ဘဝ်ထား မြတ်စွာဘုရားသည် ကိုးပါး နဝရတ် စီချယ်အပ်သော နတ်မြတ်ရိပ်ငြိမ် လောင်ထိန်ပြင်းထန် ဗိမာန်ဘုံဆောင်ကို လူ့ဘောင်ဒေသ ရပ်ဌာနဌ် စိုက်ထူ၍ ပြဘိသကဲ့သို့ ချီးပအံ့ဩ ပြော၍မကုန် ဇေတဝန်ရွှေဘုံ၌ လေးစုံသော ယာပထဖြင့် မျှတတော်မူခိုက်အခါ ရှေး မသမာကံ ပြုစီခံ၍ လူဟန်သေးလှ ပုက္ခ·သော အရကြောင့် လကုဏ္ဍက ဘဒ္ဒိယ အမည်ရသော ရဟန္တာ အရှင်မြတ်တစ်ပါးကို အကြောင်းပြုသော အားဖြင့် ဟောကြားတော်မူခဲ့ပေသတည်း။

### အကြောင်းအတ္ထုပ္ပတ္တိ အစဉ်ကား ဤသို့တည်း

လကုဏ္ဍက ဘဒ္ဒိယမထေရ်သည် ပုက္ကု-သော အဆင်းသဏ္ဍာန်ရှိ၏။ သာမဏေတို့သည်လည်းကောင်း၊ ရဟန်းငယ်တို့သည်လည်းကောင်း မထေရ်ကို မြင်ကုန်သည်ရှိသော် ဦးခေါင်း နား နှာခေါင်းတို့၌လည်း ဆွဲငင်ကိုင်ယူ၍ အသို့နည်း ဘခထွေး မြတ်စွာဘုရား သာသနာ၌ မဆန့်ကျင်ဘဲ ရှိပါ၏လော၊ မွေ့လျော်ခြင်း ရှိပါ၏လောဟု ပြက်ချယ်ပြောဆိုကုန်၏။ မထေရ်သည် ထိုသာမဏေ ရဟန်းငယ်တို့၌ အမျက်မထွက် စိတ်ဖြင့် ပြစ်မှားခြင်းမျှကိုသော်လည်း မပြုလေ။ ရဟန်းတို့သည် တရားသဘင်၌ ငါ့ရှင်တို့ လကုဏ္ဍကဘဒ္ဒိယ မထေရ်ကို ကြည့်ရှုကြပါကုန်လော့၊ မထေရ်ကိုမြင်၍ သာမဏေ စသည်တို့သည် ဤသို့သော စကားတို့ကို ပြောဆိုလျက် ညှင်းပန်းကြကုန်၏၊ မထေရ်သည် ထိုသာမဏေ စသည်တို့၌ အမျက်မထွက် စိတ်ဖြင့် ပြစ်မှားခြင်းမျှကိုသော်လည်း မပြုပေဟု ဤသို့သော စကားကို ဖြစ်စေကြကုန်၏။ မြတ်စွာဘုရားကိုယ်တော်မြတ်သည် ကြွတော်မူလာ၍ ချစ်သားရဟန်းတို့ အဘယ်သို့သော စကားကို ပြောကြား စည်းဝေးကုန်ဘိသနည်းဟု မေးတော်မူသည်ကာလ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဤအမည်ရှိသော အကြောင်းပါတည်းဟု လျှောက်ကြားသည် ရှိသော် ဩော် ဟုတ်ပေ၏။ ချစ်သား ရဟန်းတို့ ကုန်ပြီးသော အာသဝေါတရား ရှိကုန်သော ရဟန္တာတို့ မည်သည်ကား အမျက်ထွက်ခြင်းကို မပြုကုန်။ စိတ်ဖြင့် ပြစ်မှားခြင်းကို မပြုကုန်။ ထိုရဟန္တာတို့သည် တစ်ခဲနက်သော ကျောက်တိုင် ကျောက်တောင်နှင့် တူကုန်သည်ဖြစ်၍ မတုန်မလှုပ်သော

သဘောရှိကုန်သည် သာလျှင်တည်းဟု မိန့်တော်မူပြီးသော် အနုသန္ဓေ စပ်တော်မူ၍ တရားတော်ကို ဟောကြားတော်မူလိုသောကြောင့်—

၈၁။ သေလော ယထာ ဧကဃနော၊ ဝါတေန န သမီရတိ။

ဧဝံ နိန္ဒာပသံသာသု၊ န သမိဉ္ဇန္တိ ပဏ္ဍိတာ—

ဟူသော ဂါထာကို ဟောကြားတော်မူ၏။

ဒေသနာတော်၏ အကျိုးအာနိသင်

ဒေသနာတော်၏ အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကုန်၏။

အနက်ကား။ ။ဧကဃနော၊ အခေါင်း မသက် တစ်ခဲနက်သော။ သေလော၊ ကျောက်တိုင် ကျောက်တောင်သည်။ ဝါတေန၊ အရပ်ရှစ်မျက်နှာ ဆင်ကာဝိုင်းလှိုက် တိုက်သောလေကြောင့်။ န သမီရတိ ယထာ၊ မသွားမခုန် မတုန်မလှုပ်နိုင်ဘိသကဲ့သို့။ ဧဝံ တထာ၊ ဤအတူ။ ပဏ္ဍိတာ၊ ပညာရှိတို့သည်။ နိန္ဒာပသံသာသု၊ ချီးမွမ်းခြင်း ကဲ့ရဲ့ခြင်းတို့ကြောင့်။ ဝါ၊ ချီးမွမ်းခြင်း ကဲ့ရဲ့ခြင်း အစရှိကုန်သော လောကဓံတရား ရှစ်ပါးတို့ကြောင့်။ န သမိဉ္ဇန္တိ၊ မတုန် မလှုပ်ကုန်။ ဤကား အနက်။

ဓမ္မပဒပဏ္ဍိတဝဂ်၌ ခြောက်ခုမြောက်ဖြစ်သော လကုဏ္ဍကဘဒ္ဒိယ မထေရ်၏ ဝတ္ထုစကားအစဉ်ကား ဤတွင်ရွေ ပြီး၏။

---

၄။ ကာဏသတို့သမီး၏ မိခင်အကြောင်း

ပစ္စုပ္ပန်ဝတ္ထု

ယထာပိ ရဟဒေ၊—အစရှိသော ဤ ဓမ္မဒေသနာ ပါဌ်ဂါထာကို သံသရာဝဋ် ဩဃညွတ်၌ မလွတ်နိုင်ငြိ အတင်းမိသော ဒုက္ခိဝေနေ ဗိုလ်ခြေတစ်သင်းတို့ကို ညွတ်ကွင်း ဩဃမှ မုချထွက်မြောက်ရာ ဒေသနာ သမုဒ္ဒာန် ဖြေရန် ဖြေဆေးကို တိုက်ကျွေး ဆုံးမတတ်သော သကတ်ဝိသိဌ် အလာကြောင့် သတ္တာမည်တော်မူသော မြတ်စွာဘုရားသခင်သည် သာဝတ္ထိ ပြည်သား ယောကျ်ားအာဇာ အနာထပိဏ် ဂုဏ်သိန်ပျံ့မွှေး ရန့်အေးသည့် သူဌေးဝယ်ယူ ဆောင်လှူ၊ ဆက်သအပ်သော ဇေတဝန်မဟာဝိဟာရ၌ ယာပထ

ဓမ္မပဒဝတ္ထု (၃) ၂၅—စ-ဓ-သ-ရ

လေးဘော်ဖြင့် မျှတတော်မူသောအခါ ကာဏမာတာ အမည်ရှိသော ဒါယိကာမကြီးကို အကြောင်းတစ်ခု ရည်ညွှန်းပြုသောအားဖြင့် ဟောကြား တော်မူခဲ့ပေသတည်း။

## အကြောင်းအတ္ထုပ္ပတ္တိ အစဉ်ကား ဤသို့ပေတည်း

မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်သည် သာဝတ္ထိပြည်၌ **အနာထပိဏ်** သူဌေးကြီးသည် ကောင်းစွာ ဆောက်လုပ်အပ်သော ဇေတဝန်ကျောင်းရာမ်၌ လေးတန်သော ယာပထဖြင့် မျှတတော်မူသောအခါ သာဝတ္ထိပြည်အတွင်း၌ သဒ္ဓါအားဖြင့် သုံးပါးသောရတနာကို လွန်စွာမြတ်နိုးကြည်ညိုသော သဘောရှိ သောအရိယာသာဝိကာမဖြစ်သော ဥပါသိကာမကြီး တစ်ယောက်အား ကာဏ-အမည်ရှိသော သမီးငယ်တစ်ယောက်ရှိ၏။ သမီးဖြစ်သော ကာ-ဏာကိုအစွဲပြုသော အားဖြ ့် ထိုဒါယိကာမကြီးကိုလည်း ကာဏမာတာဟူ၍ မှည့်ခေါ်သမုတ်ကြ၏။ သမီးဖြစ်သော ကာဏာသည် အရွယ်သို့ ကျရောက်သောကာလ တစ်ခုသောရွာက တစ်ယောက်သော ယောကျ်ားနှင့် ဟမ်းမြားဆောင်နှင်းခြင်းကိုပြု၍ ခင်ပွန်းအရှင် လင်၏အိမ်သို့ ထည့်သိုက်ရ၏။ ထိုနောက် တရံတခါ၌ ကာဏာအမည်ရှိသော သတို့သမီးသည် တစ်စုံတစ်ခု ပြုဖွယ်ကိစ္စဖြင့် မိခင်၏အိမ်သို့ ပြန်လာ၏။ ယင်းသို့ ပြန်လာသော ကာဏာသတို့သမီးကို ခင်ပွန်းအရှင် လင်ယောကျ်ားက ကာဏာသည် ပြန်လာခဲ့ပါလေ့၊ ကာဏာ၏ ပြန်လာခြင်းကို ငါသည် မျှော်ငံ့ဆိုင်းလင့်၍ နေပေ သည်ဟု ကာဏာသတို့သမီး၏အထံသို့ တမန်ကိုစေလွှတ်လိုက်၏။ တမန် လာရောက် ပြောကြားသဖြင့် စကားကို ကြားသိရလေသောအခါ ကာဏာသတို့သမီးသည် သွားမည်ဟု ပြုပြင်လျှင် မိခင်ဖြစ်သော ဒါယိကာမကြီးက ချစ်သမီး အချည်းနှီး လက်ဖြင့်သွားခြင်းငှါ မသင့်လျော်ပေ၊ လက်ဆောင်ပဏ္ဏာ ပေးကမ်းဖို့ရာဖြစ်သော ပစ္စည်းဝတ္ထုသည် တစ်ခုခုပါမှသာ သင့်လျော်လျောက်ပတ်ချေမည်ဟု ပြောဆို ပြီး၍ လက်ဆောင်အလို့ငှါ မုန့်ကိုချက်၏။

## ကာဏမာတာသည် လက်ဆောင်အတွက် မုန့်ကို အကြိမ်ကြိမ် လှူဒါန်းခြင်း

မုန့်ချက်သောအခါ ရဟန်းကြီးတစ်ပါးသည် ကြွတော်မူလာ၍ ကာဏာ၏ အိမ်သို့ ကြွင်ပြီးသည်ကာလ မုန့်တို့ကိုဒလှူခံ၏။ ကာဏာ၏ မိခင်ဖြစ်သော ဒါယိကာမကြီးသည် ထိုရဟန်းကြီးအား မုန့်ကိုပေးလှူ၏။ ထိုရဟန်းကြီးသည် မုန့်ကိုရသည်ကာလ ထွက်သွားပြီးလျှင် တစ်ပါးသော ရဟန်းကြီးကို လမ်းခရီး၌ တွေ့၍ ကာဏာ၏အိမ်၌ မုန့်တို့ကို ချက်လုပ်၍နေသဖြင့် ကြွသွားရန် အကြောင်းကို ညွှန်ကြားပြောဆိုလိုက်၏။ ဤသို့ အဆင့်ဆင့်သောစကားကို ပြောဆို ညွှန်ကြား သဖြင့် များစွာကုန်သော ရဟန်းကြီးတို့သည်လည်း လာရောက်၍ အလှူကို

ခံကုန်၏။ ကာဏမာတာ ဥပါသိကာမကြီးသည် အရိယာသာဝိကာမ-ဖြစ်သော ကြောင့် အလျှုခံပုဂ္ဂိုလ် ထိုထိုအရှင်မြတ်တို့ ကြွရောက်အပ်သည်ရှိသော် လျှုဖွယ်ဝတ္ထုပစ္စည်း အစုသည် လက်ဘွင် ထင်ရှားရှိက မလှူဘဲနေခြင်းငှါ မစွမ်းနိုင်ရကား ကြွတော်မူလာသော ရဟန်းတို့ကို လှူဒါန်းပေးကမ်းခြင်းကို ပြုသဖြင့် ချက်လုပ်အပ်သော မုန့်သည် ကုန်ခန်းခြင်းသို့ ရောက်လေ၏။ ကာဏ သတ္တိုသမီး၏ အရှင်ခင်ပွန်းလင်သည်လည်း ရှေးနည်းအတူ တမန်ကို စေလွှတ်ပြန်၏ ကာဏမာတာ ဥပါသိကာမကြီးသည်လည်း ရှေးနည်းအတူ မုန့်တို့ကို ချက်လုပ် သည်ကာလ ရဟန်းတော်တို့ ကြွလာတော်မူသဖြင့် လှူဒါန်းရသောကြောင့် ကုန်ခန်းခြင်းသို့ ရောက်ကုန်၏၊ သုံးကြိမ်မြောက်အကျဝယ် ကာဏသတ္တိုသမီး၏ ခင်ပွန်းလင်က ချစ်နှမကာဏသည် ပြန်လာခဲ့ပါလော့၊ အသင်၏ ပြန်လာခြင်းကို ငါသည် မျှော်ငံ့၍ နေပေသည် အသင်မပြန်လာသည်ရှိသော် တစ်ပါး တစ်ယောက်သော မယားခင်ပွန်းကို ငါသည် ဆောင်ယူပါလတ္တံ့ဟု တမန်ကို စေလွှတ်သိုက်ပြန်၏။ ယင်းသို့ စေလွှတ်ပြန်ပါသော်လည်း ရှေးနည်းအတူသာ ဖြစ်ပြန်၏။ ဤသို့သော နည်းဖြင့် လေးကြိမ်မြောက်အကျ စတုတ္ထဝယ် မြတ်စွာဘုရားသခင်သည် ထိုသို့သောဝတ္ထု၌ ဒုတိယပတ္တသိက္ခာပုဒ်ကို ရဟန်းတို့ အား ပညတ်တော်မူ၏။

## ကာဏသတ္တိုသမီး သောတာပန်တည်ခြင်း

ကာဏသတ္တိုသမီးသည် ကာလမြင့်ကြာ သွားခြင်းငှါ အခွင့်မရသဖြင့် ကာဏသတ္တိုသမီး၏အရှင် ခင်ပွန်းလင်သည် တစ်ပါးတစ်ယောက်သော မယား ခင်ပွန်းကို ဆောင်ယူသောကြောင့် ထိုအကြောင်းကို ကာဏသတ္တိုသမီးကြား လျှင် ရဟန်းတို့သည် ငါ၏ အိမ်ရာထောင်ခြင်းကို ဖျက်ဆီးဘိသည်ဟု အမျက် ထွက်၍ မြင်တိုင်းမြင်တိုင်းကုန်သော ရဟန်းတို့ကို ဆဲရေးရေရွှတ်၏၊ ရဟန်းတို့ သည် ထိုကာဏသတ္တိုသမီး အိမ်ရှိရာ လမ်းခရီးသို့ သွားခြင်းငှါ မဝံ့ကုန်။ မြတ်စွာဘုရားသခင်သည် ထိုအကြောင်းကို သိတော်မူ၍ ကာဏမာတာ ဥပါသိကာမကြီး၏အိမ်သို့ ကြွတော်မူ၏၊ ကာဏမာတာ ဥပါသိကာမကြီးသည် မြတ်စွာဘုရားသခင်ကို ကြည်လင်စွာညွှတ်လျှိုး ရှိခိုးပြီးသော် ခင်ထားအပ်သော နေရာ၌ ထိုင်နေသီတင်းသုံးတော်မူစေပြီး၍ ယာဂုခဲဖွယ်ကို ပေးလှူ၏။ မြတ်စွာ ဘုရားသခင်သည် နံနက်ဆွမ်းစားခြင်းကိစ္စ ပြီးသောအခါ ကာဏသည် အဘယ် မှာနည်းဟု မေးတော်မူ၏။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ကာဏသည် အရှင်မြတ်တို့ကိုမြင်၍ မျက်မှောင်ကြုတ်ပြီးသောကာလ ငိုကြွေး၍ နေပါသည်ဟု လျှောက်၏။ အဘယ်ကြောင့်နည်းဟု မေးတော်မူပြန်သော် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ထိုကာဏသည် ရဟန်းတော်တို့ကို

သာ ဆဲရေးရေရွတ်၍ နေပါသည်။ ထိုကြောင့် အရှင်ဘုရားတို့ကို မြင်သည့်ကာလ မြက်မှောင်ကြုတ်ပြီးသည့်ကာလ ငိုကြွေး၍နေပါသည်ဟု လျှောက်ကြား၏။ ထိုအခါ မြတ်စွာဘုရားသခင်သည် ကာဏသတို့သမီးကို ခေါ်စေ၍ ကာဏ-အဘယ်ကြောင့် ငါဘုရားကိုမြင်လျှင် မျက်မှောင်ကြုတ်သည်ဖြစ်၍ ပုန်းအောင်းကွယ်ကာပြီးသောကာလ သည်းစွာငိုကြွေးဘိသနည်းဟု မေးတော်မူ၏။ ထိုအခါ ကာဏ၏မိခင်ဖြစ်သော ဒါယကာမကြီးက ကာဏသည် ပြုခဲ့ဖြစ်ခဲ့သမျှသော အကြောင်းအလုံးစုံတို့ကို အကုန်ပြန်ကြားလျှောက်ထား၏။ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်က ကာဏသတို့သမီး၏မိခင် ဒါယိကာမကြီးကို ဒါယိကာမကြီး ငါ၏သားတော်ဖြစ်ကုန်သော သာဝကတို့သည် အသင်ပေးလှူအပ်သည်ကိုသာ ယူကုန်သလော။ သို့တည်းမဟုတ် မပေးလှူဘဲသော်လည်း ယူကုန်သလောဟု မေးတော်မူ၏။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ပေးလှူသည့်ကိုသာ ယူပါကုန်သည်ဟု လျှောက်ကြားသည်ရှိသော် ငါဘုရား၏တပည့် သာဝကတို့သည် ဆွမ်းအလို့ငှါ လှည့်လည်သောအခါ အသင်၏အိမ်တံခါးသို့ ကျရောက်လာသဖြင့် ပေးလှူသည်ကိုသာ အကယ်၍ ယူကုန်သည်ဖြစ်အံ့၊ ထိုရဟန်းတို့တို့အား အဘယ်သို့ အပြစ်ရှိသနည်းဟု မေးတော်မူလျှင် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ အရှင်မြတ်တို့အား အပြစ်မရှိပါ၊ ထိုကာဏသည်သာလျှင် အပြစ်ရှိပါသည်ဟု လျှောက်ကြား၏။ ထိုနောက် မြတ်စွာဘုရားသခင်သည် ကာဏသတို့သမီးကို အသင်ကာဏ ငါ၏တပည့်သားတော်တို့သည် ဆွမ်းခံခြင်းငှါ လှည့်လည်ကြကုန်သည်ရှိသော် အသင်တို့၏ အိမ်တံခါးဝသို့ ကျရောက်လာကြကုန်၏၊ ထိုအခါ အသင်၏မိခင်သည် ရဟန်းတို့အား မုန့်တို့ကို ပေးလှူ၏။ ဤသို့ ပေးလှူရာ၌ ငါ၏တပည့်သားတော်တို့အား အဘယ်မည်သော အပြစ်သည်ရှိပေသနည်းဟု မေးတော်မူလျှင် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ရဟန်းတော်အရှင်မြတ်တို့အား အပြစ်မရှိပါ၊ တပည့်တော်မအားသာ အပြစ်ရှိပါသည်ဟု လျှောက်ကြားပြီးမှ မြတ်စွာဘုရားသခင်ကို ရှိသေမြတ်နိုး ရှိခိုးဦးချ၍ သည်းခံစေ၏။ ထိုနောက် မြတ်စွာဘုရားသခင်သည် ကာဏသတို့သမီးအား အစဉ်သော တရားစကားကို ဟောကြားတော်မူ၏။ ဒေသနာတော်၏အဆုံး၌ ကာဏသတို့သမီးသည် သောတာပတ္တိဖိုလ်သို့ ရောက်လေ၏။

### ကာဏသတို့သမီးကို ကောသလမင်းကြီးက သမီးအဖြစ် ချီးမြှောက်ခြင်း

မြတ်စွာဘုရားကိုယ်တော်မြတ်သည် နေရာမှထ၍ ဖဲကြွတော်မူသည်ရှိသော် မင်းရင်ပြင်ခရီးဖြင့် ကြွတော်မူ၏။ ပသေနဒီကောသလမင်းကြီးသည်၊ မြင်၍

အို...အချင်းတို့ မင်းရင်ပြင်ခရီးဖြင့် ကြွသွားတော်မူသည်ကား မြတ်စွာဘုရားသို့ ထင်ချေသည်တကား။ ဘုရားကိုယ်တော်မြတ် မဟုတ်တုံလောဟု မေးတော်မူလျှင် အရှင်မင်းမြတ် ဟုတ်ပါ၏ဟု လျှောက်ကြားသည်ရှိသော် သွားတဲ့ကြကုန်လော့၊ ငါသည်လာရောက်၍ ရှိခိုးမည်ကို ကြားလျှောက်ကုန်လော့ဟု စေလွှတ်၍ မင်းရင်ပြင်၌ ရပ်တည်တော်မူသော မြတ်စွာဘုရားသို့ ချဉ်းကပ်သွတ်ကျိုး ရှိခိုးပြီး၍ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ အဘယ်သို့ ကြွတော်မူ မူပါကုန်သနည်းဟု မေးလျှောက်၏။ တကာတော်မင်းကြီး ကာဏာမာတာ ဥပါသိကာမကြီး၏အိမ်သို့ ကြွတော်မူသည်ဟု မိန့်တော်မူလျှင် ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား၊ အဘယ်သို့သော အကြောင်းကြောင့် ကြွတော်မူပါသနည်းဟု မေးလျှောက်သဖြင့် ကာဏာသတ္တိသမီးသည် ရဟန်း တို့ကို ဆဲရေးရေရွတ် သတတ်-စသည်ဖြင့် ကာဏာသတ္တိသမီးသည် မိခင်၏ အိမ်သို့ပြန်လာသော ကာလမှစ၍ အကြောင်းမျိုးအလုံးစုံတို့ကို အကုန်ပြန်ကြား တော်မူ၏။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ထိုကာဏာသတ္တိသမီး အား မဆဲရေးမရေရွတ်အောင် ဆုံးမခြင်းကို ပြုအပ်ပါပြီလောဟု လျှောက်ပြန် သဖြင့် ဩော်-ဟုတ်ပေ၏။ ဒကာတော်မင်းကြီး ရဟန်းတို့အား မဆဲရေးအပ် သည်ကိုလည်း ပြုအပ်၏။ လောကုတ္တရာဖြစ်သော သူကြွယ်တို့၏ စည်းစိမ်ချမ်း သာ ပစ္စည်းဥစ္စာ၏အရှင်ကိုလည်း ပြုအပ်၏ဟု မိန့်တော်မူ၏။ ဘုန်းတော်ကြီး တော်မူသော မြတ်စွာဘုရား အရှင်မြတ်တို့သည် ထိုသတ္တိသမီးအား လောကုတ္တရာ ဖြစ်သော သူကြွယ်တို့စည်းစိမ် ချမ်းသာပစ္စည်းဥစ္စာ၏ အရှင်ကို ပြုအပ်သည်မှာ ရှိပါစေတော့၊ ဒကာတော်သည်လည်း ထိုသတ္တိသမီးကို လောကီ၌ ဖြစ်သော သူကြွယ်တို့၏ စည်းစိမ်ချမ်းသာ ပစ္စည်းဥစ္စာ၏ အရှင်ကိုပြုပါအံ့ဟု လျှောက်ကြား ပြီးလျှင် မင်းကြီးသည် မြတ်စွာဘုရားသခင်ကို ရှိခိုးပြီးလျှင် ဆုတ်နစ်ပြန်လည် ၍ ကောင်းစွာ ဖုံးလွှမ်းမိုးကာအပ်သော ယာဉ်ထမ်းစင်ကို စေလွှတ်၍ ကာဏာ သတ္တိသမီးကို ခေါ်စေပြီးသောကာလ အလုံးစုံကုန်သော တန်ဆာတို့ဖြင့် တန်ဆာဆင်ယင်၍ သမီးအကြီး၏ အရာ၌ ထားပြီးလျှင် ငါ၏ သတ္တိသမီးတော် ကို မွေးကျွေးခြင်းငှါ စွမ်းနိုင်သောသူသည် ယူစေသတည်းဟု မိန့်တော်မူ၏။

## ရဟန်းသံဃာတော်တို့အား အစဉ်မပြတ် လှူဒါန်းခြင်း

ထိုအခါ မင်းကြီး၏ အမှုကိစ္စ အလုံးစုံကို အကုန်ရွက်ဆောင်တတ်သော များမြတ်သော စည်းစိမ်ချမ်းသာရှိသော အမတ်တစ်ယောက်သည် အကျွန်ုပ် သည် အရှင်မင်းမြတ်၏ သမီးတော်ကိုမွေးမြူပါမည်ဟု လျှောက်ကြားတောင်းယူ ပြီးသောကာလ ကာဏာသတ္တိသမီးကို မိမိ၏ အိမ်သို့ ဆောင်လျက် အလုံးစုံသော စည်းစိမ်ချမ်းသာကို လွှဲအပ်ဆောက်နှင်းစေပြီးသောကာလ သင်သည် အလို ရှိတိုင်း ကောင်းမှုကို ပြုလေလော့ဟု ဆို၏။ ထိုအခါကာလမှစ၍ ကာဏာသတ္တိ

သမီးသည် လေးမျက်နှာကုန်သော တံခါးတို့၌ ယောကျ်ား အစောင့်အရှောက်ထား၍ ရဟန်းယောကျ်ား၊ ရဟန်းမိန်းမ ဟူသမျှတို့ကို ပင့်ဖိတ် ပြီးသည်ကာလ ပေးလှူ၏။ မိမိသည် မလှူဒါန်း မလုပ်ကျွေးဖူးသော ရဟန်း ယောကျ်ား ရဟန်းမိန်းမတို့ကို ရှာဖွေ၍ မရလေ။ ကာဏသတို့သမီး၏ အိမ်တံခါးဝ၌ ပြုပြင်စီရင်၍ ထားအပ်သော ခဲဖွယ်ဘောဇဉ်သည် ကြီးစွာသော ရေအဟုန်ကဲ့သို့ ဖြစ်လေ၏။ ရဟန်းတို့သည် တရားသဘင် အစည်းအဝေးခွင်၌ ငါ့ရှင်တို့ ရှေးအခါ၌ လေးယောက်ကုန်သော ရဟန်းကြီးတို့သည် ကာဏသတို့သမီးအား နှလုံးမသာယာခြင်းကို ပြုကုန်၏။ ထိုကာဏသည် ဤသို့သော အခြင်းအရာဖြင့် နှလုံးမသာယာသည် ဖြစ်ပြီးလျက်လည်း မြတ်စွာဘုရား ကိုယ်တော်မြတ်ကို အစွဲပြု၍ သဒ္ဓါတရား တက်ပွါးပြည့်စုံခြင်းကို ရ၍ မြတ်စွာဘုရားကိုယ်တော်မြတ်သည် တဖန် ထိုကာဏသတို့သမီး၏ အိမ်တံခါးသို့ ရဟန်းတို့ ချဉ်းကပ်သွားရောက်ခြင်းငှါ ထိုက်သည်ကို ပြုအပ်၏။ ဤယခုအခါ၌ ထိုကာဏသတို့သမီး မပြုစု မလုပ်ကျွေးဖူးသော ရဟန်းယောကျ်ား ရဟန်းမိန်းမတို့ကို ရှာဖွေပါသော်လည်း မရ၊ မြတ်စွာဘုရားသခင်တို့ မည်သည် ဩဇာ အံ့ဖွယ်သော ဂုဏ်ကျေးဇူးရှိတော်မူပေစွတကားဟု ပြောဆို ချီးမွမ်းသော စကားကို ဖြစ်စေကုန်၏။

မြတ်စွာဘုရား ကိုယ်တော်မြတ်သည် ကြွတော်မူလာပြီးသောအခါ ချစ်သားရဟန်းတို့ ငါဘုရားကြွလာတော်မူသော ဤယခုအခါ၌ အဘယ်မည်သော စကားဖြင့် ပြောကြားစည်းဝေး ထိုင်နေကုန်ဘိသနည်းဟု မေးတော်မူ၍ ဤမည်သော စကားပါတည်းဟု လျှောက်ကြားကုန်သည် ရှိသော် ချစ်သားရဟန်းတို့ ဤလေးယောက်ကုန်သော ရဟန်းကြီးတို့သည် ဤယခုအခါ၌သာ ကာဏသတို့သမီး၏ နှလုံးမသက်သာခြင်းကို ပြုအပ်သည် မဟုတ်သေး၊ ရှေးအခါ၌လည်း ပြုဖူးသည်သာတည်း၊ ဤယခုအခါ၌သာ ကာဏသတို့သမီးသည် ငါဘုရား၏စကားကို လိုက်နာ၍ ပြုသည် မဟုတ်တုံသေး။ ရှေး၌လည်း ပြုဖူးသည်သာလျှင်တည်းဟု မိန့်တော်မူသည်ကာလ ထိုအကြောင်းကို ကြားနာလိုကုန်သော ရဟန်းတို့သည် တောင်းပန် လျှောက်ကြားအပ်သည် ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

## ကာဏသတို့သမီး ရှေးအကြောင်း

### အတိတ်ဝတ္ထု

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်မြတ်၌ ဗြဟ္မဒတ်မင်းကြီးသည် မင်းပြုတော်မူသည် ရှိသော် ဘုရားအလောင်းသည် ကျောက်ဆစ်သမား၏

အမျိုး၌ဖြစ်၍ အရွယ်သို့ရောက်သည်ရှိသော် ပြီးဆုံးအောင် တတ်မြောက်သော အတတ်ပညာ ရှိပေ၏။ ကာသိကတိုင်း အဝင်အပါတစ်ခုသော နိဂုံးရွာ၌ စည်းစိမ်ချမ်းသာ များစွာကြွယ်ဝ ပေါများလှသော ပစ္စည်းဥစ္စာရှင် ဖြစ်သော သူဌေးကြီးတစ်ယောက်သည် ရှိ၏။ ထိုသူဌေးကြီးအား မြေ၌မြှုပ်နှံ၍ထားအပ်သော ရွှေငွေသည် ကုဋေလေးဆယ်မျှ ရှိသည်ဖြစ်ကုန်၏။ ထိုအခါ သူဌေး၏ မယားဖြစ်သော သူဌေးကတော်သည် စုတိချုပ်ကြေ သေလွန်ခြင်းကို ပြုသည် ရှိသော် ဥစ္စာ၌ တပ်မက်နှစ်သက်သော တဏှာကြောင့် သွားရောက်၍ ထိုဥစ္စာ၏ အပြင်၌ ကြွက်မ၏ အဖြစ်ဖြင့် ဖြစ်လေ၏။ ဤသို့သောနည်းဖြင့် အလုံးစုံသော အမျိုးသည် ပျက်စီးခြင်းသို့ ရောက်လေ၍ အဆက်အနွယ်သည် ပြတ်လေ၏။ ထိုရွာသည်လည်း လူတို့ စွန့်လွှတ်အပ်သည်ဖြစ်၍ အချည်းနှီး အိမ်မရှိသည်၏ အဖြစ်သို့ ရောက်လေ၏။ ထိုအခါ ဘုရားလောင်းသည် ရွာဟောင်းပျက်ဖြစ်သော ထိုနေရာ၌ ကျောက်တို့ကို တူးဖော် ထုတ်ဆောင်ပြီးသောကာလ ရိုက်နှက် ဆစ်ထု၏။ ကြွက်မသည် ကျက်စားရာအရပ်ဖြင့် လှည့်ပတ် သွားလာသည် ရှိသော် ဘုရားလောင်းကို အဖန်ဖန်အထပ်ထပ် မပြတ်တွေ့မြင်ရသော နေသော ကြောင့် ဖြစ်သော ချစ်ခင်ခြင်းရှိသည်ဖြစ်၍ ကြံဆင်ခြင်သည်မှာ ငါ၏ပစ္စည်း ဥစ္စာ များစွာတို့သည် အကြောင်းမဲ့ အချည်းနှီး ပျက်စီးလတ္တံ့။ ဤသူနှင့် အတူတကွ တပေါင်းတည်းဖြစ်၍ ဤဥစ္စာတို့ကို သုံးဆောင်တော့အံ့ဟု ကြံ၏။ ကြံပြီး၍ကား ထိုကြွက်မသည် တစ်နေ့သောအခါ၌ တစ်ခုသော အသပြာကို နှုတ်သီးဖြင့် ကိုက်ချီလျက် ဘုရားလောင်း၏ အထံသို့လာ၏။ ဘုရားလောင်းသည် ချစ်ဖွယ်သော စကားဖြင့် ခေါ်ယူလျက် မိခင် အဘယ်ကြောင့် အသပြာကို ကိုက်ချီယူခဲ့၍ လာဘိသနည်းဟု မေး၏။ အမောင် ဤအသပြာကို ယူသွား၍ မိမိသည်သည်း သုံးဆောင် စားသောက်ပါ။ ငါ၏အဖို့ အသားဟင်းမျိုးကိုလည်း ဆောင်ယူခဲ့ပါဟု ပြောဆို၏။ ဘုရားလောင်းလည်း ကောင်းပြီဟု ဝန်ခံ၍ အသပြာကို ယူပြီးသောကာလ အိမ်သို့ သွားရောက်၍ တစ်ပဲသော အသပြာဖြင့် အသားဟင်းမျိုးကို ဝယ်ယူပြီးလျှင် ဆောင်ယူခဲ့၍ ကြွက်မအား ပေး၏။ ကြွက်မသည် ထိုအသားဟင်းမျိုးကို ယူပြီးသော် မိမိ၏နေရာသို့ သွားရောက်၍ အလိုရှိတိုင်း စား၏။ ထိုအခါ ကာလမှစ၍ ဤသို့သော အမှတ်ဖြင့်သာလျှင် နေ့တိုင်းနေ့တိုင်း ဘုရားလောင်းအား အသပြာကို ပေး၏။ ဘုရားလောင်းလည်း ထိုကြွက်မအား အသားဟင်းမျိုးကို ဆောင်ယူ၍ ပေး၏။

## ဥစ္စာစောင့်ကြွက်မနှင့် ကြောင်လေးကောင်တို့ အကြောင်း

ထိုနောက် တစ်နေ့သောအခါ၌ ထိုကြွက်မကို တစ်ကောင်သော ကြောင်သည် ဖမ်း၏၊ ထိုအခါ ကြောင်ကို ကြွက်မက အမောင် ငါ့ကို မသတ်ပါလင့်ဟု ဆို၏။ အဘယ်ကြောင့် အသင့်ကို မသတ်ဘဲ နေရမည်နည်း ငါသည် ဆာလောင်

မွတ်သိပ်သည် ဖြစ်သောကြောင့် အသင်၏ အသားကို စားလို၏။ ငါသည် မသတ်ဘဲနေခြင်းငှါ မစွမ်းနိုင်ဟု ဆို၏။ အသို့နည်း အသင်သည် တစ်နေ့သော စားလိုသလော၊ သို့တည်းမဟုတ် အမြဲမပြတ် အခါခပ်သိမ်းပင် စားလိုသလောဟု မေး၏။ ရခဲ့သည်ရှိသော် အမြဲမပြတ် အခါခပ်သိမ်းပင် အသားဟင်းမျိုးကို စားလိုပေသည်ဟု ဆို၏။ ဤသို့ စားလိုသည်ရှိသော် ငါ့ကို လွှတ်ဘိလော့ အသင်အား ငါသည် အမြဲမပြတ် အသားဟင်းမျိုးကို ပေးပါအံ့ဟု ဆို၏။ ထိုအခါ ကြောင်သည် ထိုသို့တပြီးကား မမေ့မလျော့သည် ဖြစ်လေလော့ဟု ပြောဆို၍ လွှတ်လိုက်၏။ ထိုအခါမှစ၍ ကြွက်မသည် မိမိ၏အလို့ငှါ ဆောင်ယူအပ်သော အသားဟင်းမျိုးကို နှစ်ဖို့နှစ်စု ပြုပြီးသောကာလ တစ်စုကို ကြောင်အားပေး၏ တစ်စုကို မိမိစား၏။ ထိုနောက် ကြွက်မကို တစ်နေ့သော အခါ၌ တစ်ပါးဖြစ်သော တစ်ကောင်သော ကြောင်သည် ဖမ်းယူပြန်၏။ ထိုကြောင်ကိုလည်း ရှေးနည်းအတိုင်း သိစေ၍ မိမိကို လွှတ်စေ၏။ ထိုအခါမှစ၍ သုံးဖို့သုံးစု ပြုပြီးသောကာလ စားကြရကုန်၏။ တဖန် တစ်ကောင်သော ကြောင်သည် ဖမ်းယူပြန်၏။ ထိုကြောင်ကိုလည်း ရှေးနည်းအတူသာလျှင် သိစေ၍ မိမိကို လွှတ်စေ၏။ ထိုအခါမှစ၍ လေးပုံ လေးစု ပြုပြီးသော် စားကြရကုန်၏။ တဖန် ကြောင်တစ်ကောင်သည် ဖမ်းယူပြန်၏။ ထိုကြောင်ကိုလည်း ရှေးနည်းအတူသာလျှင် သိစေ၍ မိမိကို လွှတ်စေ၏။ ထိုအခါမှစ၍ ငါးပုံငါးစုကို ပြုပြီးသောကာလ စားကြရကုန်၏။ ထိုကြွက်မသည် ငါးပုံငါးစု ပြုပြီးသော ကာလ စားရသည်ရှိသော် နည်းသော အာဟာရရှိသည်၏ အဖြစ်ကြောင့် ပင်ပန်းနွမ်းနယ်သည်ဖြစ်၍ ကြုံသော ကိုယ်ရှိ၏။ နည်းသော အသားအသွေး ရှိသည် ဖြစ်လေ၏။

## ဘုရားလောင်း အကူအညီကြောင့် ကြောင်တို့ စားရန်မှ လွတ်ခြင်း

ဘုရားအလောင်းသည် ကြွက်မကိုမြင်၍ မိခင် အဘယ့်ကြောင့် ညစ်နွမ်း ညှိုးငယ်ခြင်း ဖြစ်ခဲပသနည်းဟု မေး၏။ ဤအမည်ရှိသော အကြောင်းကြောင့် ပေတည်းဟု ဆိုသည်ရှိသော် အသင်သည် ဤမျှလောက်ကာလပတ်လုံး အဘယ့်ကြောင့် ငါ့အား မပြောမကြားဘိသနည်း ငါသည် ဤအရာကိစ္စကိုသိစေ အံ့ဟု ပြောဆို၍ ထိုကြွက်မကို သက်သာရာကို ရစေပြီးသောကာလ ပွတ်သပ် စင်ကြယ်စေအပ်သည်ဖြစ်၍ ဖန်ရောင်တောက်သောကျောက်ဖြင့် ဂူလိုဏ်ငယ်ကို ပြုပြီးသောကာလ ဆောင်ယူ၍ မိခင် အသင်သည် ဤဂူလိုဏ်သို့ ဝင်ပြီးလျှင် အိပ်နေလျက် လာတိုင်းလာတိုင်းကုန်သော ကြောင်တို့အား ကြမ်းကြုတ် ခက်ထန်သော စကားတို့ဖြင့် ပြောဆိုခြိမ်းခြောက်လေလော့ဟု မှာထား၏။ ကြွက်မသည် ဂူလိုဏ်သို့ဝင်ရောက်ပြီးသော် အိပ်နေ၏။ ထိုအခါ တစ်ကောင်သော ကြောင်သည်လာ၍ငါ့အားယခုအသားဟင်းမျိုးကိုပေးဘိလော့ဟုတောင်းဆို၏။

ကြွက်မက အချင်း ကြမ်းတမ်းယုတ်မာသော ကြောင်မိုက် အသင်သည် အဘယ်သို့သောစကားကို ပြောဆိုဘိသနည်း၊ ငါသည် အသင်၏ အသားဟင်းမျိုးကို ဆောင်သောသူ မှတ်သလော၊ အသင်သည် သားငယ်တို့၏ အသားကို စားပါလေလော့ဟုခြိမ်းခြောက်ပြောဆို၏။ ကြောင်သည် ဖန်ဂူလိုဏ်၌အိပ်နေသည်အဖြစ်ကို မသိသောကြောင့် အမျက်၏အစွမ်းဖြင့် ကြွက်ကိုဖမ်းယူအံ့ဟု အဆောတလျင် လျင်စွာပြေးသွားသဖြင့် နှလုံးရင်သားဖြင့် ဖန်ဂူလိုဏ်ကို တိုက်ခိုက်မိ၏။ ထိုခဏ၌သာလျှင် ကြောင်အား နှလုံးသားသည် ကွဲလေ၏။ မျက်စိတို့သည် ထွက်အံ့သော အခြင်းအရာသို့ ရောက်သည်ဖြစ်ကုန်၏၊ ကြောင်သည် ထိုအရပ်၌ပင် အသက်ကုန်ခြင်းသို့ ရောက်၍ တစ်ခုသော ဖုံးကွယ်သော နေရာ၌လဲ၍ သေလေ၏။ ဤသို့သောအကြောင်းဖြင့် တပါးကုန်သော ကြောင်တို့သည်လည်း အသက်ကုန်ခြင်းသို့ ရောက်သဖြင့် လေးကောင်ကုန်သော ကြောင်တို့သည် အသက်ကုန်ခြင်းသို့ ရောက်ကုန်၏။ ထိုအခါမှစ၍ ကြွက်မသည် ဘေးမရှိသည်ဖြစ်၍ ဘုရားလောင်းအား နေ့တိုင်းနေ့တိုင်း နှစ်သပြာ သုံးသပြာ တို့ကို ပေး၏။ ဤသို့ အစဉ်အတိုင်းအားဖြင့် အလုံးစုံလည်းဖြစ်သော အသပြာ ကို ဘုရားလောင်းအား ပေး၏။ ထိုနှစ်ဦးကုန်သော သူတို့သည် အသက်ရှည် သမျှကာလပတ်လုံး ချစ်ခင်သော အဆွေခင်ပွန်း ချစ်ကျွမ်းဝင်သည်ကို မဖျက် မဆီးမူ၍ သေလွန်သည်ရှိသော် ကံအားလျော်စွာ လားလေ၏။ မြတ်စွာဘုရား ကိုယ်တော်မြတ်သည် ဤသို့သော ဓမ္မဒေသနာကို ဆောင်တော်မူပြီးသော် ဘုရားဖြစ်တော်မူပြီး၍သာလျှင်—

ယတ္ထေကော လဗ္ဘတေ ဗဗ္ဗု၊ ဒုတိယော တတ္ထ ဇာယတိ။
တတိယော စ စတုတ္ထော စ၊ ဣဒံတေ ဗဗ္ဗုကာ ဗိလံ။

ကေကနိပါတ် ဗဗ္ဗုကဇာတ်အလာ ဤဂါထာကို ဟောကြားတော်မူ၏။

အနက်ကား။ ။ယတ္ထ၊ အကြင်အရပ်၌။ ဧကော၊ တစ်ကောင်သော။ ဗဗ္ဗု၊ ကြောင်သည်။ မုသိကံ ဝါ၊ ကြွက်ကိုလည်းကောင်း။ မံသံ ဝါ၊ အသားဟင်းမျိုး ကိုလည်းကောင်း။ လဗ္ဘတေ၊ ရအပ်၏။ တတ္ထ၊ ထိုကြောင်တစ်ကောင် ရရာ အရပ်၌။ ဒုတိယော စ၊ နှစ်ကောင်မြောက်သော ကြောင်သည်လည်းကောင်း။ တတိယော စ၊သုံးကောင်မြောက်သောကြောင်သည်လည်းကောင်း။စတုတ္ထော စ၊ လေးကောင်မြောက်သော ကြောင်သည်လည်းကောင်း။ ဇာယတိ၊ ရှိသည် ဖြစ်ပေ၏။ တေ ဗဗ္ဗုကာ၊ ထိုလေးကောင်သော ကြောင်တို့သည်။ ဣဒံ ဗိလံ၊ ဤဖန်ဖြင့်ပြီးသော ကျင်းလိုဏ်ဂူကို။ ဥရေန၊ ရင်ဖြင့်။ ပဟရိတွာ၊ ပုတ်ခတ် တိုက်ခိုက်၍။ သဗ္ဗေ၊အလုံးစုံသော ကြောင်တို့သည်။ ဇီဝိတက္ခယံ၊ အသက် ကုန်ခြင်းသို့။ ပတ္တာ၊ ရောက်လေကုန်၏။ ဤကား အနက်။

ဗဗ္ဗုတိ ဗိဋ္ဌာရော၊ ဣဒံ ဖလိကာမယံ ဗိလံ ဥရေန ပဟာရိတွာ သမ္ဘေပ်
ဇီဝိတက္ခယံ ပတ္တာ–

ဟုသော အဋ္ဌကထာအဖွင့်တို့၌ သင့်လျော်အောင် အနက်ယောဇနာလိုက်
ပေသည်။

မြတ်စွာဘုရားသခင်သည် ဤသို့သော ဗဗ္ဗုဇာတ်ကို အကျယ်အားဖြင့်
ဟောကြားတော်မူပြီး၍ချစ်သားရဟန်းတို့ ဤယခုအခါ လေးယောက်ကုန်သော
ရဟန်းကြီးတို့သည် ထိုအခါကာလက လေးကောင်ကုန်သော ကြောင်တို့
ဖြစ်ကုန်ပြီ။ ထိုအခါကာလက ကြွက်မသည် ယခုအခါ ကာဏာသတို့သမီး
ဖြစ်လာ၏။ ကျောက်ဆစ်သမားယောကျ်ားသည် ငါဘုရားပင်တည်းဟု ဇာတ်
တော်ကို ပေါင်းတော်မူ၍ ချစ်သားရဟန်းတို့ ဤသို့သော အခြင်းအရာဖြင့်
ရှေးသွန်လေပြီးသောအခါ၌လည်း ကာဏာသတို့သမီးသည် မသာက်မသာ ကျင်နာ
နောက်ကျု ကြည့်ရှုမသင့် ပြန့်သွင့်သော စိတ်ရှိသည်ဖြစ်၍ ငါဘုရား၏စကားဖြင့်
ကြည်လင်အေးမြသော ရေကဲ့သို့ ကြည်လင်သော စိတ်ရှိခဲ့ဖူးပြီဟု မိန့်တော်မူ
ပြီးသော် အနုသန္ဓေကို စပ်၍ တရားဟောကြားတော်မူလိုသောကြောင့်—

၈၂။ ယထာပိ ရဟဒေါ ဂမ္ဘီရော၊ ဝိပ္ပသန္နော အနာဝိလော။
ဧဝံ ဓမ္မာနိ သုတွာန၊ ဝိပ္ပသီဒန္တိ ပဏ္ဍိတာ—

ဟူသော ဤဂါထာကို ဟောကြားတော်မူ၏။

## ဒေသနာတော်၏ အကျိုးအာ သင်

ဒေသနာတော်၏အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ်
စသည်တို့သို့ ရောက်ကုန်၏။

**အနက်ကား**။ ။ဂမ္ဘီရော၊ နက်စွာသော။ ရဟဒေါ၊ ရေလျှဉ်ကြီးစွာ သမုဒ္ဒရာ
သည်။ ဝိပ္ပသန္နော ယထာပိ၊ မနှောင့်ယှက်နိုင်သည် ဖြစ်၍ ကြည်လင်သကဲ့သို့
လည်းကောင်း။ အနာဝိလော ယထာပိ၊ မတုန်လှုပ်နိုင်သည်ဖြစ်၍ မနောက်ကျု
သကဲ့သို့လည်းကောင်း။ ဧဝံ တထာ၊ ထိုအတူ။ ပဏ္ဍိတာ၊ ပညာရှိတို့သည်။
ဓမ္မာနိ၊ ဘုရားဟောကြား မြတ်တရားတို့ကို။ သုတွာ၊ ကြားနာပြီး၍။ ဝိပ္ပသီဒန္တိ၊
ဥပက္ကိလေသ ကင်းဝေးပလျက် မဂ် အစရှိသော စိတ်ဖြင့် ကြည်လင်ကုန်၏။
ဤကား အနက်။

[ဤ ကာဏာသတို့သမီးကို ဆောင်ယူရာ၌ ဤဝတ္ထုအတိုင်း ဓမ္မပဒ
အဋ္ဌကထာကြီး၌ လာသည်။ ဝိနည်း ပါစိတျာဒိအဋ္ဌကထာကြီးမှာ
ကာဏာ၏အိမ်သို့ မြတ်စွာဘုရား ကြွတော်မူသည်ကို ကြား၍ ခင်ပွန်း

အရှင် လင်ဟောင်းပင် ပြန်၍ ဆောင်ယူသကဲ့သို့ ဆိုသည်။ ကျမ်းပြု ဆရာ အရှင်မဟာဗုဒ္ဓဃောသ တစ်ဦးထဲပင် ဤသို့ နှစ်ဝါဒ ကွဲပြားခြင်းသည် ဇာတကဘာဏက ဝိနယဘာဏက အရှင်တို့၏ အလိုတော်သို့ လိုက်၍ မိန့်သည်ဟူ၍ ထင်မိပေသည်။ ဆင်ခြင်တော်မူကြပါကုန်။ ဤကားအမှာ။]

ဓမ္မပဒပဏ္ဏိတဝဂ်၌ ခုနစ်ခုမြောက်သော ကာဏသတို့သမီးမိခင်၏ ဝတ္ထုစကားအစဉ်ကား ဤတွင်ရှေ့ပြီး၏။

---

## ၈။ ငါးရာကုန်သော ရဟန်းတို့အကြောင်း

### ပစ္စုပ္ပန်ဝတ္ထု

**သဗ္ဗတ္ထ ဝေ သပ္ပုရိသာ စဇန္တိ**—အစရှိသည့် ဥပဇာတိဂါထာ ဤဒေသနာကို အဝိဇ္ဇာ အစ အကုသလမ္မတို့ကို ပယ်ချသတ်ဖြတ် ဆုံးမတတ်သော သကတ် ဂုဏ်ဟိတ်အလာကြောင့် သတ္ထာ မည်တော်မူသော မြတ်စွာဘုရားသခင်သည် ဝန်းကျင်ဗိုလ်ပါ များစွာသော လူအပေါင်းတို့ ခိုအောင်းရာမှန်ဘိ သာဝတ္ထိ ပြည်ကြီး၏ တောင်စွန် ဇေတဝန်ရွှေကျောင်း၌ ကိန်းအောင်းတော်မူလျက် ရှေးရှုသဒ္ဒါ ငါးရာကုန်သော ရဟန်းတို့ကို အကြောင်းပြုသောအားဖြင့် ဟော ကြားတော် မူခဲ့ပေသတည်း။ ဒေသနာတော်သည် ဝေရဉ္ဇာ ပြည်၌ ဖြစ်၏။

### အကြောင်းအတ္ထုပ္ပတ္တိ အစဉ်ကား ဤသို့တည်း

မြတ်စွာဘုရားသခင်သည် ဝါတော်နှစ်ဆယ်အတွင်းကျသော ပဌမဗောဓိ၌ ဒေသစာရီ လှည့်လည်တော် မူသည်ရှိသော် ဝေရဉ္ဇာပြည်သို့ ကြွရောက်တော်မူ၍ နဠေရုမည်သော တမာပင်ရင်း၌ ချဉ်းကပ်ရှင်ပြုံး သီတင်းသုံးတော်မူ၏။

### အရှင်မောဂ္ဂလာန်၏ တန်ခိုးပြခြင်းကို မြတ်စွာဘုရား တားမြစ်ခြင်း

ဝေရဉ္ဇာပြည်၌ ပစ္စည်းဥစ္စာ များစွာကြွယ်ဝ ပေါများလှသော ဝေရဉ္ဇပုဏ္ဏား ကြီးသည် ဘုရားကြွတော်မူလာကြောင်း ကောင်းသော သတင်းစကားကို ကြား သိ၍ မြတ်စွာဘုရားကိုယ်တော်မြတ်၏ ထံတော်မှောက်သို့ လာရောက်ချဉ်းကပ် လျှောက်ထားအပ်သဖြင့် မြတ်စွာဘုရား ဟောကြားဖြေဆိုတော်မူသည်ရှိသော် ဝေရဉ္ဇပုဏ္ဏားကြီးသည် ဘုရား၌ ကြည်ညိုသဖြင့် ပင့်ဖိတ်အပ်သည်ဖြစ်၍ ငါးရာ

ကုန်သော ရဟန်းတို့နှင့်အတူတကွ ဝါကပ်ဆိုတော်မူ၏။ ဝေရဉ္စပုဏ္ဏားကြီးသည် ဘုရားကို ပင့်ဖိတ်အပ်သော်လည်း မာရ်မင်းသည် လှည့်ပတ်အပ်သဖြင့် တစ်နေ့သောနေ့မျှ၌လည်း မြတ်စွာဘုရားသခင်ကို ကြည်လင်ညွတ်ပျောင်း အောက်မေ့နှလုံးသွင်းခြင်း သတိကို မဖြစ်စေနိုင်။ ဝေရဉ္စပြည်သည်လည်း ငတ်မွတ်ခြင်းဘေးဖြင့် ယှက်ထွေး နှိပ်စက်အပ်သည် ဖြစ်လေကုန်၏။ ရဟန်း သံဃာတော်အပေါင်းတို့လည်း ဝေရဉ္စ မြို့တွင်း မြို့ပ၌ ဆွမ်းခံ လှည့်လည် ကြပါကုန်သော်လည်း တစ်ယောက်ချိုမျှသော ဆွမ်းကိုမရသည်ဖြစ်၍ ပင်ပန်းနွမ်းနယ်ကြကုန်၏။ ထိုရဟန်းသံဃာတော်တို့အား ဥတ္တရာပထတိုင်းမှ လာရောက် မိုးခိုကုန်သောမြင်းကုန်သည်တို့သည် တစ်ကွမ်းစား တစ်ကွမ်းစားမျှကုန်သော မုယောဆန်တို့ကို ဆွမ်းဝတ်ပြု၍ ဆောက်တည်ကြကုန်၏။

ဆွမ်းအာဟာရဖြင့် ပင်ပန်းနွမ်းနယ်ကုန်သော ထိုရဟန်းတို့ကို မြင်လျှင် အရှင်မောဂ္ဂလာန် မထေရ်သည် မဟာပထဝီ မြေကြီး၏ အတွင်း၌ တည်ရှိသော မြေဆီမြေလွှာကို သုံးဆောင်စေလိုသည်ဖြစ်၍ မြေကြီးကို တန်ခိုးတော်ဖြင့် ပယ်လှန်ရန် အကြောင်းကိုလည်းကောင်း မြောက်ကျွန်းသို့ ဆွမ်းခံခြင်းငှါ စေလွှတ်လိုသည်ကိုလည်းကောင်း ဤနှစ်ပါးသောအကြောင်းတို့ဖြင့် တောင်းပန်ပါသည်ကို မြတ်စွာဘုရားသခင်သည် ပယ်ရှားတော်မူ၍ ရဟန်းအပေါင်းတို့သည်လည်း တစ်နေ့သော နေ့မျှ၌သော်လည်း ဆွမ်းအာဟာရကို အကြောင်းပြုသောအားဖြင့် အရိပ်အရောင်ပြုခြင်းမည်သည် မရှိ၊ အလွန်တပ်မက် နှစ်သက်တောင့်တသော အလိုဆိုးကို ပယ်ရှားကြဉ်ရှောင်သည် ဖြစ်၍သာ သီတင်းသုံးတော်မူကြကုန်၏။ မြတ်စွာဘုရားသခင်သည် ထို ဝေရဉ္စပြည်၌ ဝါတွင်းသုံးလတို့ပတ်လုံး သီတင်းသုံး ဝါဆိုတော်မူပြီး၍ ဝါလကျွတ်လတ်သော် ဝေရဉ္စပုဏ္ဏားကြီးကို ပန်ကြား၍ ထိုဝေရဉ္စပုဏ္ဏားကြီးသည် ဝါတွင်းသုံးလတို့ပတ်လုံး လှူဒါန်းလုပ်ကျွေးပြုစုဘွယ်ရာသော ပစ္စည်းအနုကို တစ်နေ့တည်းဖြင့် ပြီးဆုံးအောင် လှူဒါန်း လုပ်ကျွေးအပ်သော ပူဇာသက္ကာရကို ခံယူတော်မူလျက် ထိုပုဏ္ဏားကြီးကို သရဏဂုံသီလတို့၌ တည်စေပြီးသော် ထိုဝေရဉ္စပြည်မှ ထွက်ကြွတော်မူလျက် အစဉ်အတိုင်းအားဖြင့် ဒေသစာရီ အစဉ်အတိုင်း လှည့်လည်တော်မူသည်ရှိသော် တစ်ရံခါ၌ သာဝတ္ထိပြည်ကြီးသို့ ခရီးအစဉ်အတိုင်းကြွရောက်တော်မူလာ၍ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူ၏။ သာဝတ္ထိပြည်၌ နေလေ့ရှိကုန်သော ဒါယကာ ဒါယိကာမ အပေါင်းတို့သည် မြတ်စွာဘုရား ကိုယ်တော်မြတ်အား အာဂန္တုကဘတ်ကို ပြုကြကုန်၏။

## ကစားပျော်ရွှင်ကြသော စားကြွင်းစား ငါးရာ

ထိုအခါ ငါးရာမျှလောက်ကုန်သော စားကြွင်းစားတို့သည် ရဟန်းသံဃာတော်တို့ကိုမှီ၍ ကျောင်း၏အတွင်း၌သာလျှင် နေကြကုန်၏၊ ထို စားကြွင်းစားတို့သည် ရဟန်းတော်တို့ သုံးဆောင်ပြီးဖြစ်သော မွန်မြတ်သော ခဲဖွယ် ဘောဇဉ်တို့ကို စားသောက်၍ အိပ်ပြီးလျှင် အိပ်ရာမှထသည်ရှိသော် မြစ်ကမ်းဆိပ်သို့သွားလျက် ကျူးရင့် ကြွေးကြော် ဟစ်အော်ပေါင်းမှုအစုအစုကိုဖွဲ့၍ လက်ပမ်းလုံးမွေ့ခြင်း ကစားမြူးတူးခြင်းတို့ကို ပြုကုန်လျက် ကျောင်းအတွင်း၌ လည်းကောင်း ကျောင်း၏အပ၌ လည်းကောင်း မပြုမကျင့်အပ်သော အနာစာရကိုသာလျှင် ပြုကျင့်လျက် လှည့်လည်ကုန်၏။ရဟန်းတို့သည် တရားသဘင် အစည်းအဝေးခွင်၌ ငါ့ရှင်တို့ ဤစားကြွင်းစားတို့ကို ကြည့်ရှုကြပါကုန်လော့။ ဤစားကြွင်းစားတို့အား တော်မွတ်ခေါင်းပါးစဉ် ကာလဖြစ်သော ဝေရဉ္ဇပြည်၌ တစ်စုံတစ်ခု ဖောက်ပြန်ပျက်ချော် မထင့်လျော်သည်ကို မပြုကြကုန်။ ဤယခုအခါ၌မူကား ဤသို့ သဘောရှိသော မွန်မြတ်ကုန်သော ဘောဇဉ်တို့ကို စားသောက်သုံးဆောင်၍ များစွာကုန်သော ဖောက်ပြန်ပျက်စီးသော အခြင်းအရာတို့ကို ပြုလျက် လှည့်ပတ်ကုန်ဘိသည်၊ ရဟန်းတို့မှာမူကား ဝေရဉ္ဇပြည်၌လည်း ငြိမ်သက် တည်ကြည်သော သဘောရှိကုန်သည်ဖြစ်၍ ဤယခုအခါ၌လည်း ငြိမ်သက်တည်ကြည်သည်ဖြစ်၍သာ နေကြကုန်သည်ဟု ပြောဆိုကြကုန်၏။ မြတ်စွာဘုရားသခင်သည် တရားသဘင်သို့ ကြွတော်မူလာ၍ ချစ်သားရဟန်းတို့ အဘယ်သို့သော စကားတို့ကို ပြောကြား စည်းဝေးကုန်ဘိသနည်းဟု မေးတော်မူသည်ကာလ ဤအမည်ရှိသော စကားပါတည်းဟု လျှောက်ကြားကုန်သည်ရှိသော် ချစ်သားရဟန်းတို့ ဤစားကြွင်းစား ငါးရာတို့သည် ရှေးအခါ၌ မြည်း၏အမျိုး၌ ဖြစ်ကုန်သော ငါးရာကုန်သော မြည်းတို့ဖြစ်၍ ငါးရာကုန်သော အာဇာနည် သိန္ဓောမြင်းတို့၏ စိုသော မုဒရက်သီးဖြင့် ဖျော်အပ်သော အဖျော်သောက်ကြွင်းဖြစ်သော စားကြွင်းအဖတ်ကို ရေဖြင့်ဖျော်နယ်၍ သင်ပန်းလျှော်ပုဆိုးတို့ဖြင့် စစ်အပ်သည်၏ အဖြစ်ကြောင့် ဝါလောဒကဟူ၍ ခေါ်ဝေါ်ရေတွက်ခြင်းသို့ ရောက်သော နည်းသော အရသာရှိသော ယုတ်သောသေကို သောက်၍ မူးယစ်ကုန်သကဲ့သို့ ကျူးရင့်ကုန်လျက် လှည့်လည်ကုန်ဘိသည်ဟု မိန့်တော်မူပြီးမှ ရဟန်းတို့သည် တောင်းပန်အပ်သည်ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

## စားကြွင်းစားငါးရာတို့ ရှေးအကြောင်း
## အတိတ်ဝတ္ထု

ရှေး လွန်လေပြီးသော အခါ ဗာရာဏသီပြည်ကြီး၌ ဗြဟ္မဒတ် မင်းသည် မင်းအဖြစ်ကို ပြုတော်မူသည် ရှိသော် ဘုရား အလောင်းတော်သည်

အမတ်၏ အမျိုး၌ဖြစ်၍ အရွယ်သို့ ကျရောက်သောအခါ မင်းကြီး၏ အကြောင်း အကျိုး ကောင်းဆိုး ယုတ်မြတ်ကို ဆုံးမတတ်သော အမတ်ပညာရှိသည် ဖြစ်ပေ၏။ ထိုအခါ တစ်နေ့သ၌ ဗြဟ္မဒတ်မင်းကြီးသည် ပစ္စန္တရစ် ဟိုက်စီးသည်ဟု ကြားသောကြောင့် ငါးရာကုန်သော သိန္ဓောမြင်းတို့ကို ကကြိုးတန်ဆာဆင်စေ၍ အင်္ဂါလေးပါးရှိသော စစ်သည်ဖြင့် ထွက်ကြွတော်မူပြီးသောအခါ ပစ္စန္တရစ်ကို ငြိမ်းစေလျက် ဗာရာဏသီပြည်သို့သာလျှင် ပြန်လာတော်မူပြီးသော် ပင်ပန်းနွမ်းနယ်သော သဘောရှိကုန်သော မြင်းတို့အား စိုစွတ်သည်သာလျှင် ဖြစ်သော မုဒရက်အဖျော်ကို ပေးကြကုန်လော့ဟု စေခိုင်း၏။ သိန္ဓောမြင်းတို့သည် ဖျော်၍ပေးအပ်သော မွှေးကြိုင် ကောင်းမြတ်သော အဖျော်ကို သောက်ပြီးရွဲ့ မြင်းတင်းကုပ်သို့ သွားပြီးလျှင် မိမိတို့၏နေရာ၌ တည်နေကုန်၏။ ထိုသိန္ဓောမြင်းတို့ကို ပေးအပ်သည့်မှ ကြွင်းကျန်သော နည်းသော အရသာရှိသော များစွာကုန်သော အဖတ်တို့သည် ဖြစ်ပေ၏။ လူများအပေါင်းတို့သည် ဤကြွင်းကျန်သော အဖတ်ကို အသို့ပြုကုန်အံ့နည်းဟု မင်းကြီးကို မေးလျှောက်ကုန်၏။ မင်းကြီးက နှစ်ဆတက်လောက်သော ရေတို့ဖြင့် ဖျော်နယ်ပြီးသော် သင်ပန်းလျှော်ဖြင့် ရက်အပ်သော ပုဆိုးဖြင့် စစ်၍ အကြွင် မြည်းတို့သည် မျိုးရိက္ခာတို့ကို ရွက်ဆောင် စေလွှတ်ရကုန်၏။ ထိုမြည်းတို့ကို ပေးကုန်လော့ဟု မိန့်တော်မူ၏။ လူတို့သည်လည်း ထိုသို့သော အခြင်းအရာကို ပြုပေ၏။ မြည်းတို့သည် အဖတ်ဖြင့် ရောနယ်အပ်သော ရေကို သောက်ကုန်လျက် ယစ်မူးမေ့လျော့ကုန်သည်ဖြစ်၍ လှည့်လည်လျက် မင်းရင်ပြင်၌ ပြေးသွားမြူးတူးကုန်၏၊ မင်းကြီးသည် လေသာပြူတင်းကို ဖွင့်၍ မင်းရင်ပြင်ကို ကြည့်ရှုလျက် အနီး၌ တည်နေသော ဘုရားလောင်းကို ခေါ်တော်မူပြီးလျှင် အို အချင်း အသင်တို့သည် ကြည့်ရှုကြပါကုန်လော့၊ ဤမြည်းတို့သည် ကြွင်းကျန်သော အဖတ်ကို ရေဖြင့်ဖျော်သော ဝါလောဒက မည်သော အဖျော်ကို သောက်ရပါလျက် ယစ်မူး ကုန်သည်ဖြစ်၍ မြည်တွန် မြူးဟစ်ကုန်လျက် လှည့်လည်ကုန်ဘိသည်။ သိန္ဓောမြင်း၏ အမျိုး၌ ဖြစ်ကုန်သော သိန္ဓော မြင်းတို့သည်ကား အနံ့အရသာဖြင့် ထုံအပ်သော အဖျော်ကို သောက်ရပါလျက် အသံကင်းတိတ်ဆိတ်သည်ဖြစ်၍ ကောင်းမွန်စွာ နေကြကုန်၏။ မလျှပ်ပေါ်ကုန် အကြောင်းကား အဘယ်သို့ပေနည်းဟု မေးတော်မူလိုသောကြောင့်—

ဝါလောဒကံ အပ္ပရသံ နိဟီနံ၊
ပိတွာ မဒေါ ဇာယတိ ဂဒြဘာနံ။
ဣမဥ္စ ပိတွာန ရသံ ပဏီတံ၊
မဒေါ န သဉ္ဇာယတိ သိန္ဓဝါနံ–

ဟူသော ဤပထမဂါထာကို ရွတ်၏။

**အနက်ကား။** ။ဝယသ၊ အဆွေအမတ်ကြီး။ ဂဒြဘာနံ၊ မြည်းတို့အား။ နိဟီနံ၊ ယုတ်ထသော။ အပ္ပရသံ၊ နည်းသော အရသာရှိထသော။ ဝါလောဒကံ၊ သင်ပန်းလျှော်ဖြင့် ရက်အပ်သော အဝတ်ဖြင့် စစ်အပ်သော မုဒရက်ရေကို။ ပိတွာ၊ သောက်ရ၍။ မဒေါ၊ ယစ်မူးခြင်းသည်။ ဇာယတိ၊ ဖြစ်၏။ သိန္ဓဝါနံ၊ သိန္ဓော၏ အမျိုး၌ ဖြစ်ကုန်သော မြင်းတို့အား။ ပဏီတံ၊ မွန်မြတ်လှသော။ ဣမဥ္စ ရသံ၊ ဤမုဒရက် အဖျော်ကိုလည်း။ ပိတွာန၊ သောက်ရ၍။ မဒေါ၊ ယစ်မူးခြင်းသည်။ န သဥ္စာယတိ၊ မဖြစ်။ ကာရဏံ၊ အကြောင်းကား။ ကိံ နု ခေါ၊ အသို့ပေနည်း။ ဤကားအနက်။

အဆွေ အမတ်ကြီး မြည်းတို့အား ယုတ်သော နည်းသော အရသာရှိသော သင်ပန်းလျှော်ဖြင့် ရက်အပ်သော အဝတ်ဖြင့် စစ်အပ်သော မုဒရက် အဖျော်ရေကို သောက်၍ ယစ်မူးခြင်းသည် ဖြစ်ပေ၏။ သိန္ဓောမြင်း၏ အမျိုး၌ ဖြစ်ကုန်သော မြင်းတို့အား မွန်မြတ်လှသော ဤမုဒရက် အဖျော်ရေကို သောက်ရပါလျက်လည်း ယစ်မူးခြင်း မဖြစ်။ အကြောင်းကား အသို့ဖြစ်ပေသနည်းဟု မေးတော်မူ၏။

[ဤ ဂါထာမှာ ဝါလောဒကဉ္စ ဝါလုဒက ဟူ၍လည်း ရှိတတ်သည်ဟု အဋ္ဌကထာမိန့်၏။ အနက်တူ။]

ထိုအခါ ဘုရားလောင်း အမတ်သည် မင်းကြီးမေးတော်မူသည်ကို ဖြေကြားလိုသောကြောင့်—

> အပ္ပံ ပိဝိတွာန နိဟီနဇစ္စော။
> သော မဇ္ဇတိ တေန ဇနိန္ဒ ဖုဋ္ဌော။
> ဓောရယှသီလီ စ ကုလမှိ ဇာတော၊
> န မဇ္ဇတိ အဂ္ဂရသံ ပိဝိတွာ—

ဟူသောဂါထာကို ရွတ်ဆို၍လျှောက်၏။

**အနက်ကား။** ။ဇနိန္ဒ၊ လူတို့ကို အစိုးရတော်မူသော မင်းမြတ်။ ယော၊ အကြင် မြည်းအပေါင်းသည်။ နိဟီနဇစ္စော၊ ယုတ်သော အမျိုးဇာတ်ရှိပေ၏။ သော၊ ထိုမြည်းအပေါင်းသည်။ တေန နိဟီန ဇစ္စ ဘာဝေန၊ ထိုသို့ ယုတ်သော ဇာတ်ရှိသည်၏ အဖြစ်သည်။ ဖုဋ္ဌော၊ နှိပ်စက်အပ်သည်ဖြစ်၍။ အပ္ပံ၊ နည်းသော အရသာရှိသော မုဒရက်အဖျော်ကို။ ပိဝိတွာန၊ သောက်ရ၍။ မဇ္ဇတိ၊ ယစ်မူး၏။ ကုလမှိ၊ မြတ်သောအမျိုး၌။ ဇာတော၊ ဖြစ်သော။ ဓောရယှသီလီ စ၊ ဝန်ကိုဆောင်တတ်သော သဘောသတ္တိနှင့် ပြည့်စုံသော သိန္ဓောမြင်းအပေါင်းသည်ကား။ အဂ္ဂရသံ၊ ရှေးဦးစွာ ယူအပ်သော မုဒရက်အဖျော်ရေကို။ **ပိဝိတွာ၊ သောက်ရ၍။ န မဇ္ဇတိ၊ မယစ်လေ။ ဤကား အနက်။**

**အဓိပ္ပါယ်ကား။** ။လူဘို့ကို အစိုးရတော်မူသော မင်းမြတ်၊ အကြင် မြည်းအပေါင်းသည် ယုတ်သော အမျိုးဇာတ် ရှိပေ၏။ ထိုမြည်းအပေါင်းသည် ထိုသို့ယုတ်သော ဇာတ်ရှိသည်၏အဖြစ်သည် နှိပ်စက်အပ်သည်ဖြစ်၍ နည်းသော အရသာရှိသော မုဒရက်အဖျော်ကို သောက်ရ၍ ယစ်မူးလေ၏။ မြတ်သော အမျိုး၌ဖြစ်သော ဝန်ကို ဆောင်တတ်သော သတ္တိနှင့် ပြည့်စုံသော သိန္ဓော မြင်းအပေါင်းသည်ကား ရှေးဦးစွာ ယူအပ်သော မုဒရက်အဖျော်ရေကို သောက်ရ၍သော်လည်း မယစ်မူးလေဟု ဖြေဆို၏။

## ဇာတ်ကို ပေါင်းတော်မူခြင်း

မြတ်စွာဘုရား ကိုယ်တော်မြတ်သည် ဤသို့သော တရားဒေသနာကို ဆောင်တော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။ ထိုအခါကာလ ငါးရာကုန်သော မြည်းတို့သည် ဤစားကြွင်းစားတို့ ဖြစ်ကုန်ပြီ၊ ထိုအခါကာလက ငါးရာကုန်သော သိန္ဓောမြင်းတို့သည် ယခုအခါ ငါးရာကုန်သော ရဟန်းတို့ ဖြစ်လာကုန်၏။ ထိုအခါ ဗြဟ္မဒတ်မင်းကြီးသည် ယခုအခါ အာနန္ဒာဖြစ်လာ၏။ ထိုအခါ အမတ်ပညာရှိသည် ယခုအခါ ငါဘုရားဖြစ်လာ၏ဟု ဇာတ်တော်ကို ပြီးဆုံး စေတော်မူ၏။ မြတ်စွာဘုရား ကိုယ်တော်မြတ်သည် ဒုကနိပါတ်၌ ဤဝါလောဒက ဇာတ်ကို အကျယ်အားဖြင့် ဟောတော်မူပြီးသော် ချစ်သား ရဟန်းတို့ ဤသို့ ပြုအပ်ပြီးသော အခြင်းအရာအားဖြင့် သူတော်ကောင်းတို့သည် လောကဓမ္မကို ကြည့်၍ ချမ်းသာသောအခါ၌လည်းကောင်း ဆင်းရဲသောအခါ၌လည်းကောင်း ဖောက်ပြန်ခြင်း ကင်းကုန်သည်သာလျှင်တည်းဟု မိန့်တော်မူပြီးသော် အနုသန္ဓေ ကိုစပ်၍ တရားကို ဟောကြားတော် မူလိုသောကြောင့်—

**၈၃။ သဗ္ဗတ္ထ ဝေ သပ္ပုရိသာ စဇန္တိ၊**
**န ကာမကာမာ လပယန္တိ သန္တော။**
**သုခေန ဖုဋ္ဌာ အထဝါ ဒုက္ခေန၊**
**န ဥစ္စာဝစံ ပဏ္ဍိတာ ဒဿယန္တိ—**

ဟူသော ဤဂါထာကို မိန့်တော်မူ၏။

## ဒေသနာတော်၏ အကျိုးအာနိသင်

ဒေသနာတော်၏ အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိ ဖိုလ် စသည်တို့သို့ ရောက်ကုန်၏။

**အနက်ကား။** ။သဗ္ဗတ္ထ၊ အလုံးစုံကုန်သော ခန္ဓာ-အစရှိသောတရား၌။ ဆန္ဒရာဂံ၊ ဆန္ဒရာဂကို။ ဝေ၊ စင်စစ်။ သပ္ပုရိသာ၊ သူတော်ကောင်းတို့သည်။ စဇန္တိ၊ နုတ်ပယ်စွန့်လွှတ်တော် မူကြကုန်၏။ သန္တော၊ ဘုရားအစရှိသော သပ္ပုရိသအပေါင်း သူတော်ကောင်းတို့သည်။ ကာမကာမာ၊ ကာမဂုဏ်ကို

ခုံမင်နှစ်မြို့ အလိုရှိကုန်သည်ဖြစ်၍။ န လပယန္တိ၊ မဆိုမပြက်ကုန်။ ပဏ္ဍိတာ၊ ပညာရှိတို့သည်။ သုခေန၊ ချမ်းသာဖြင့်။ ဖုဋ္ဌာ ဝါ၊ တွေ့ထိသော်လည်းကောင်း။ အထ၊ ထိုမှို့။ ဒုက္ခေန၊ ဆင်းရဲခြင်းပြင်ပင်ပန်းခြင်းနှင့်။ ဖုဋ္ဌာ ဝါ၊ တွေ့ထိသော် လည်းကောင်း။ ဥစ္စာဝစံ၊ ချီးမွမ်းခြင်း, ကဲ့ရဲ့ခြင်း, နှစ်သက်ခြင်း, အမျက်ထွက် ခြင်း၏ အစွမ်းဖြင့် တက်ကြွ,နိမ့်ကျခြင်း အခြင်းအရာကို။ န ဒဿယန္တိ၊ မပြကုန်။ ဤကားအနက်။

[ဤဝတ္ထု၌ အတိတ်ဆောင်ရာ အကြောင်းမှာ ဤခမ္မပဒ အဋ္ဌကထာ၌ ငါးရာကုန်သော ရဟန်း၊ ငါးရာကုန်သော စားကြွင်းစားတို့ကို အကြောင်းပြုလျက် ရဟန်းတို့ လျှောက်ကြားသောကြောင့် ဟောတော်မူသည်ဟု လာသည်။ ဒုကနိပါတ် ဇာတ်အဋ္ဌကထာမှာ ငါးရာကုန်သော သီတင်းသည် ငါးရာကုန်သော စားကြွင်းစားတို့ကို အကြောင်းပြုလျက် အရှင်အာနန္ဒာ လျှောက်ထားသောကြောင့် ဟောတော်မူသည်ဟု လာသည်၊ အဋ္ဌကထာချင်း ညီညွတ်အောင် ညှိနှိုင်းကြပါလေ။ ဤကား အမှာ။]

ဓမ္မပဒပဏ္ဍိတဝဂ်၌ ရှစ်ခုမြောက်သော ငါးရာကုန်သော ရဟန်းတို့၏ ဝတ္ထုစကားအစဉ်ကား ဤတွင်ရွေ့ ပြီး၏။

---

## ၉။ ခမ္ဘိကမထေရ်အကြောင်း

### ပစ္စုပ္ပန်ဝတ္ထု

န အတ္တဟေတု–အစပြုသည့် ဓမ္မပဒေသ နယဂါဟာ ဤဂါထာကို သတ္တဝါဓေဝနေ၊ ဗိုလ်ခြေဉဿုံ၊ အလုံးစုံကို အဟုန်ပြင်းထန် ကရုဏာ်ဧရွှေဉာဏ်ဖြင့် အတန်တန် ဆုံးမတော်မူတတ်သည့် အလာကြောင့် သတ္ထာ မည်တော်မူသော မြတ်စွာဘုရားသခင်သည် ပြည်ခွင်ဘုမ္မိ သာဝတ္ထိတောင်စွန် ဇေတဝန် ရွှေကျောင်း၌ ကိန်းအောင်းတော်မူသောအခါကာလ ဓမ္မိက အမည်ရှိသော မထေရ်ကို ရည်ညွှန်းသမှု အကြောင်းပြုသောအားဖြင့် ဟောကြားတော်မူခဲ့ ပေသတည်း။

### အကြောင်းအတ္ထုပ္ပတ္တိ အစဉ်ကား ဤသို့တည်း

သာဝတ္ထိပြည်ဝယ် တစ်ယောက်သော ဥပါသကာသည် သူတော်ကောင်း တို့၏ တရားနှင့် တစ်သားတည်း ညီမျှသဖြင့် သင့်လျော် လျောက်ပတ်အောင် အိမ်ရာထောင်သော လူ့ဘောင်၌နေသတည်း။ ထိုဥပါသကာသည် ဘုရား သာသနာ ကောင်းစွာဝင်ထမ်း ရဟန်းပြုလိုသည်ဖြစ်၍ တစ်နေ့သောနေ့၌

ခင်ပွန်းမဖြစ်သော မယားနှင့် အတူတကွ ထိုင်နေပြီးသောအခါ ချမ်းသာကောင်းမြတ်သောစကားကို ပြောဆိုလျက် အို-ချစ်နှမ ငါသည် မြတ်စွာဘုရားသာသနာတော်ထမ်း ရဟန်းပြုခြင်းငှါ အလိုရှိပါသည်ဟု ဆို၏၊ ထိုအခါ ခင်ပွန်းမယားက အမောင်ချစ်လင် အရှင့်ကြင်ဖော် ကျွန်တော်မမှာ တည်ခသန္ဓေစွဲနေရှိပါသည်။ ကျွန်တော်မသည် အကြင်မျှလောက် ကာလကြာလျှင် ဝမ်း၌တည်သော သူငယ်ကို ဖွားမြင်ပါလတ္တံ့၊ ထိုမျှလောက်တာ ကာလကြာအောင် ငံ့လင့်ဆိုင်းတွ တော်မူပါဦးဟု တောင်းပန် ပြောဆို၏။ ထိုဥပါသကာသည် ငံ့လင့်ဆိုင်းတွ၍ ကာလမြင့်ကြာ ဖွားမြင်လာသော သားငယ်၏ ခြေဖြင့် သွားနိုင်သော အရွယ်သို့ ကျရောက်သောအခါ တစ်ဖန် ပန်ကြား ခွင့်တောင်းပြန်သည် ရှိသော် အမောင်ချစ်လင် ကျွန်တော်မ မွေးဖွားသော အသင်၏သားငယ်သည် အကြင်မျှလောက် အရွယ်သို့ရောက်ခြင်းငှါ၏။ ထိုမျှလောက် ကာလကြာအောင် ငံ့လင့်တော်မူပါဦးဟု တောင်းပန်ပြောဆိုပြန်သည်ရှိသော် ထိုအခါ ဥပါသကာသည် ဤသူအား ပန်ကြားခြင်းဖြင့်လည်းကောင်း၊ မပန်ကြားခြင်းဖြင့် လည်းကောင်း အဘယ်သို့ အကျိုးရှိအံ့နည်း၊ မိမိ၏သာလျှင် ဒုက္ခမှ ထွက်မြောက်ရာကို ကောင်းစွာ ပြုလုပ်တော့အံ့ဟုကြံ၍ အိမ်ရာထောင်သော လူ့ဘောင်မှ ထွက်သွားပြီးသော် ရဟန်းပြုလေ၏။

ထိုရဟန်းမထေရ်သည် ကမ္မဋ္ဌာန်းကို သင်ယူ၍ စေ့ဆော် လုံ့လ ဝီရိယကို ပြုလျက် မိမိ၏ရဟန်းကိစ္စကို ပြီးဆုံးစေလျက် ထိုသားသူငယ် ခင်ပွန်းတို့အား ကြည့်ရှုခြင်းငှါ တစ်ဖန် သာဝတ္ထိပြည်သို့ သွား၍ သားငယ်အားတရားစကားကို ဟောကြား၏။ ထိုသားငယ်သည်လည်း လူ့ဘောင်မှ ထွက်ပြီးသည်ကာလ ရဟန်းပြု၏၊ ရဟန်းပြုပြီး၍ကား မကြာမြင့်မီပင် အရဟတ္တဖိုလ်သို့ရောက်လေ၏။ ထိုမထေရ်၏ မယားဟောင်းဖြစ်သော ခင်ပွန်းမသည်လည်း အကြင် သား လင် ခင်ပွန်းတို့၏ အကျိုးငှါ ငါသည် ဃရာဝါသ ကိစ္စဖွဲ့နှောင် လူ့ဘောင်ဌာန၌ နေရပေ၏၊ ထိုသား လင် ခင်ပွန်း နှစ်ဦးတို့သည် ရှင်မြူး သဒ္ဒါ သာသနာဝယ် ကောင်းစွာဝင်မြန်း ရဟန်းပြုကြလေကုန်ပြီ၊ ဤယခုအခါ ငါတစ်ယောက်တည်း အချည်းနှီး ဖွဲ့နှောင် အိမ်ရာထောင်သည့် လူ့ဘောင်မှာ နေသဖြင့် အဘယ် အကျိုးရှိတော့အံ့နည်း ရဟန်းပြုတော့အံ့ဟု ကြံ၍ လူ့ဘောင်မှထွက်၍ ရဟန်းပြုလေ၏၊ ရဟန်းပြုပြီး၍ကား မကြာမြင့်မီပင် အရဟတ္တဖိုလ်သို့ ရောက်လေ၏၊ ထိုအခါ တစ်နေ့သောနေ့၌ ရဟန်းတို့သည် တရားသဘင်ဝယ် ငါ့ရှင်တို့ ဓမ္မိကဥပါသကာသည် မိမိသည် တရား၌ တည်သည်၏အဖြစ်ကြောင့် လူ့ဘောင်မှ ထွက်ပြီးသည်ကာလ ရဟန်းပြု၍ အရဟတ္တဖိုလ်သို့ ရောက်လေသည်။ သားမယားအားလည်း အရဟတ္တဖိုလ်၌ တည်စေတတ်သည်ဟူသော စကားကို ဖြစ်စေကုန်၏။

မြတ်စွာဘုရား သခင်သည် ကြွတော်မူလာ၍ ချစ်သား ရဟန်းတို့ ငါဘုရား ကြွတော်မူလာသော ဤယခုအခါ၌ အဘယ်မည်သော စကားကို ပြောကြား စည်းဝေးကုန်ဘိသနည်းဟု မေးတော်မူ၍ ဤအမည်ရှိသော စကားပါတည်းဟု လျှောက်ကြားသည်ရှိသော် ချစ်သား ရဟန်းတို့ ပညာရှိသော သူမည်သည်ကား မိမိတည်းဟူသောအကြောင်း, သူတစ်ပါးတည်းဟူသော အကြောင်းကြောင့် လောကီရိပ်ငြိမ် စည်းစိမ်ချမ်းသာ၏ ပြည့်စုံခြင်းကို အလိုမရှိအပ်၊ တရားအားလျော်သဖြင့် သာလျှင် တရားတည်းဟူသော ထွက်မြောက်ခြင်းဖြင့် နေထိုင်မျှတင်း နှလုံးသွင်းခြင်း ဖြစ်ပေရာ၏ဟု အနုသန္ဓေကိုစပ်တော်မူ၍ တရားတော်ကို ဟောကြားတော်မူလိုသောကြောင့်—

၈၄။ န အတ္တဟေတု န ပရဿ ဟေတု၊
န ပုတ္တမိစ္ဆေ န ဓနံ န ရဋ္ဌံ။
န ဣစ္ဆေယျ အဓမ္မေန သမိဒ္ဓိ မတ္တနော၊
သ သီလဝါ သ ပညဝါ ဓမ္မိကော သိယာ—

ဟူသော ဤဂါထာကို ဟောကြားတော်မူ၏။

ဒေသနာတော်၏ အကျိုးအာနိသင်

ဒေသနာတော်၏အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကုန်၏။

**အနက်ကား**။ ။ပဏ္ဍိတော၊ ပညာရှိသောသူသည်၊ အတ္တဟေတု၊ မိမိ၏ အကြောင်းကြောင့်။ ပါပံ၊ ယုတ်မာညစ်ကျုု မကောင်းမှုကို။ န ကရောတိ၊ မပြု။ ပရဿ၊ သူတစ်ပါး၏။ ဟေတု အကြောင်းကြောင့်။ ပါပံ၊ ယုတ်မာ ညစ်ကျုု မကောင်းမှုကို။ န ကရောတိ၊ မပြု။ ပုတ္တံ၊ ရင်သွေးဖြစ်ကြသော သမီးသားကို။ န ဣစ္ဆေ၊ အလိုမရှိရာ။ ဓနံ၊ ပစ္စည်းဥစ္စာကို။ န ဣစ္ဆေ၊ အလိုမရှိရာ။ ရဋ္ဌံ၊ ပြည်ရွာတိုင်းကားကို။ န ဣစ္ဆေ၊ အလိုမရှိရာ။ အဓမ္မေန၊ မတရားသော အားဖြင့်။ အတ္တနော၊ မိမိ၏။ သမိဒ္ဓိံ၊ ပြည့်စုံ ကြွယ်ဝခြင်းကို။ န ဣစ္ဆေယျ၊ အလိုမရှိရာ။ သော ပဏ္ဍိတော၊ ထိုပညာရှိသည်။ သီလဝါ၊ သီလရှိသည် လည်းကောင်း။ သော ပဏ္ဍိတော၊ ထိုပညာရှိသည်။ ပညဝါ၊ ပညာရှိသည် လည်းကောင်း။ ဓမ္မိကော၊ တရားကို ကျင့်သည်လည်းကောင်း။ သိယာ၊ ဖြစ်ပေရာ၏။ ဤကား အနက်။

ဓမ္မပဒပဏ္ဏိတဝဂ်၌ ကိုးခုမြောက်ဖြစ်သော ဓမ္မိကမထေရ်၏

ဝတ္ထုစကားအစဉ်ကား ဤတွင်ရွေပြီး၏။

## ၁၀။ ဓမ္မသဝနဝတ္ထု ငါးရာသော တရားနာပုဂ္ဂိုလ်တို့ အကြောင်း

### ပစ္စုပ္ပန်ဝတ္ထု

အပ္ပကာတေမနုဿေသု–အစပြုသည့် ဥပဒေသာ ဂါထာကို များစွာပြောထူ ဟိန္ဒူကုံ ချိန်ယူရွေညာဏ် အနေမှန်အောင် ဝေဖန်သတ်မှတ် ဆုံးမတော်မူတတ်သော သဗ္ဗညုတ်ဂုဏ် အလာကြောင့် သတ္တာမည်ရှိ စောမုနိသည် အတိတေသ လွန်ကာလ၌ စူးခန်ရပျော်လေ့ ရှင်ရသေ့သည် စံမွေ့နေရာ တသညာကို တင်ကာခေါ်ဘိ အမည်ရှိသည့် သာဝတ္ထိအောင်ချာ လက်ယာမှန်လှ တစ်ကောသ အကွာ ဝတ်သာဝယ် ဣန္ဒာနတ်မှန် ပျော်စံလွန်သော နန္ဒဝံဥယျာဉ်၏ ပမာ လွန်စွာနှပျို စိမ်းစိုပွင့်သီး ပင်ကြီး ပင်ငယ်တို့ဖြင့် တုဆွယ်မရ ကောင်းမြတ်လှသော ဇေတမင်းသား၏ ဥယျာဉ်တော်ကို လူကျော် အနာထပိဏ် ဂုဏ်သိမ်ပုံ့မွေး သူဌေးဝယ်ယူ၍ ဆောက်လုပ်ဆက်သအပ်သော ဇေတဝန်မဟာဝိဟာရ၌ ယာပထလေးဖော်ဖြင့် မျှတတော်မူခိုက်အခါ တရားနာကုန်သော ငါးရာသော လူတို့ကို အကြောင်းပြုသောအားဖြင့် ဟောကြားတော်မူခဲ့ပေသတည်း။

### အကြောင်း အတ္ထုပ္ပတ္တိ အစဉ်ကား ဤသို့တည်း

များစွာကုန်သော ရတနာတို့ဖြင့် လွန်စွာပြည့်ဘိ ဂုဏ်ထူးရှိသော သာဝတ္ထိပြည်ကြီးဝယ် တစ်ခုသော လမ်းခရီး၌ မျှမျှပျော်မွေ့ နေထိုင်လေ့ရှိကုန်သော လူများအပေါင်းတို့သည် နည်းကောင်းညီမျှ ညွန်ပြတည်ပုံ အသင်းအစုကို ဖွဲ့ကြသဖြင့် ဒါနဝတ္ထုကို ပြုစုလှူဒါန်းပြီးသော် အလုံးစုံသော ညဉ့်အခါကာလ၌ တရားတော်ကို ကြားနာခြင်းကို ပြုကြကုန်၏။ အလုံးစုံသော ညဉ့်သုံးယာမ်ပတ်လုံး တရားနာခြင်းငှါ မစွမ်းနိုင်ကြကုန်။ အချို့ကုန်သော လူတို့သည် ကာမဖြင့် မွေ့လျော် ပျော်ပါးခြင်းကို မှီကုန်သည်ဖြစ်၍ တစ်ဖန် အိမ်သို့သာလျှင် ပြန်သွားကုန်၏။ အချို့ကုန်သော သူတို့သည် ဒေါသကို မှီကုန်သည်ဖြစ်၍၊ အချို့ကုန်သော သူတို့သည် မာနကို မှီကုန်သည်ဖြစ်၍ အချို့ကုန်သော သူတို့သည် ငိုက်မြည်းအိပ်ပျော် ကုန်သည်ဖြစ်၍၊ ထိုတရားနာသော နေရာ၌သာလျှင် ထိုင်နေကုန်ပြီးသောကာလ လျှပ်ပေါ်လော်လည်ကုန်သည်ဖြစ်၍ တရားတော်ကို ကောင်းမွန်စွာ နာယူခြင်းငှါ မစွမ်းနိုင်ကြလေကုန်။ တစ်ဖန် မိုးသောက် ရောက်သောနေ့၌ ရဟန်းတို့သည် ထိုသို့သော အကြောင်းကို ကြားသိ၍ တရားသဘင် အစည်းအဝေးခွင်၌ စကားကို ဖြစ်စေကြကုန်၏။

မြတ်စွာဘုရားသခင်သည် ကြွတော်မူလာ၍ ချစ်သား ရဟန်းတို့ ငါဘုရား ကြွတော်မူလာသော ယခုအခါ၌ အဘယ်သို့သော စကားကို ပြောကြားစည်းဝေး ထိုင်နေကုန်သနည်းဟု မေးတော်မူသောကာလ ဤအမည်ရှိသော အကြောင်း

ပါတည်းဟု လျှောက်ကြားသည်ရှိသော် ချစ်သား ရဟန်းတို့ ဤသတ္တဝါတို့မည်သည်ကား များသောအားဖြင့် ဘဝကို မှီကုန်၏။ ဘဝတို့၌ ကပ်ငြိ စွဲလမ်း၍သာ နေကြကုန်၏။ ဘဝ၏ တစ်ဖက်ကမ်းဖြစ်သော နိဗ္ဗာန်သို့ သွားရောက်နိုင်သော သူမည်သည်ကား အနည်းငယ်မျှသာရှိသည်ဟု အနုသန္ဓေကို စပ်တော်မူ၍ တရားတော်ကို ဟောကြားတော် မူလိုသောကြောင့်–

**၈၅။ အပ္ပကာ တေ မနုဿေသု၊ ယေ ဇနာ ပါရဂါမိနော။**
**အထာယံ ဣတရာ ပဇာ၊ တီရမေဝါနုဓာဝတိ။**

**၈၆။ ယေ စ ခေါ သမ္မဒက္ခာတေ၊ ဓမ္မေ ဓမ္မာနုဝတ္တိနော။**
**တေ ဇနာ ပါရမေဿန္တိ၊ မစ္စုဓေယျံ သုဒုတ္တရံ–**

ဟူသော နှစ်ဂါထာတို့ကို မိန့်တော်မူ၏။

**ဒေသနာတော်၏ အကျိုးအာနိသင်**

ထိုဒေသနာတော်၏ အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကုန်၏။

**အနက်ကား။** ။မနုဿေသု၊ လူတို့တွင်။ ယေ ဇနာ၊ အကြင်လူတို့သည်။ ပါရဂါမိနော၊ ထိုမှာဘက်စွန်း နိဗ္ဗာန်ကျွန်းသို့ ကူးသန်းထုတ်ချောက် ရောက်ပေါက်နိုင်ကုန်၏။ တေ ဇနာ၊ နိဗ္ဗာန်ကျွန်းသို့ ကူးသန်းထုတ်ချောက် ရောက်ပေါက်နိုင်သော ထိုလူတို့သည်။ အပ္ပကာ၊ အနည်းငယ်မျှသာ ဖြစ်ကုန်၏။ ဣတရာ၊ နိဗ္ဗာန်ကျွန်းသို့ ကူးသန်းထုတ်ချောက် ရောက်ပေါက်နိုင်သော ဤသူမှ တစ်ပါးသော။ အယံ ပဇာ၊ ဤသတ္တဝါအများသည်။ တီရမေဝ၊ သက္ကာယဒိဋ္ဌိ စွန်းငြိနှောက်ယှက် ဤမှာဘက်ကမ်းသို့ သာလျှင်။ အနုဓာဝတိ၊ စွဲလမ်းစူးငင် ပြေးဝင်လေ၏။ (အထ၏ အနက်ကို အဋ္ဌကထာမဖွင့်)။ ယေ စ ခေါ၊ အကြင်သူတို့သည်ကား။ သမ္မဒက္ခာတေ၊ အာဒိ မဇ္ဈ အန္တကလျာ သုံးဖြာသော ပြည့်စုံခြင်းဖြင့် ကောင်းစွာ ဟောအပ်သော။ ဓမ္မေ၊ ဒေသနာတော်၌။ ဓမ္မာနု‌ဝတ္တိနော၊ ဘုရားဟောကြား နာအပ်သော တရားအားလျော်စွာ လိုက်နာကျင့်ဆောင်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တေ ဇနာ၊ ထိုလူများဒႉပေါင်းတို့သည်။ သုဒုတ္တရံ၊ အလွန်အကြူး ထွက်ကူးလွန်မြောက်နိုင်ခဲသော။ မစ္စုဓေယျံ၊ ကိလေသာဟု ဆိုအပ်သော သေမင်းနေရာ သုံးဖြာသော ဘုံ၌ ဖြစ်သော ဝဋ်ကို။ တရိတွာ၊ ကူးသန်းထုတ်ချောက် လွန်မြောက်၍။ ပါရံ၊ ထိုမှာဘက်စွန်း နိဗ္ဗာန်ကျွန်းသို့။ ဧဿန္တိ၊ ရောက်ကုန်လတ္တံ့။ ဤကား အနက်။

ဓမ္မပဒပဏ္ဏိတဝဂ်၌ ဆယ်ခုမြောက်သော ဓမ္မသဝနဝတ္ထု၊
အစဉ်သည်ကား ဤတွင်ရွှေပြီး၏။

## ၁၁။ ငါးရာကုန်သော အာဂန္တုက ရဟန်းတို့အကြောင်း

ပဈ္စုပ္ပန်ဝတ္ထု

**ကဏှံ ဓမ္မံ ဝိပ္ပဟာယ**–ဤသို့စသည့် ဓမ္မဒေသနာ ပါဠိဂါထာတို့ကို ကိလေသာမာရ်၏ သူပုန်ရန်သည် ပြင်းထန်စွာ နှိပ်စက်လျက် အဆက်မပြတ် အထပ်ထပ် အခါခါ သံသရာဝဋ်ဆင်းရဲ၌ အမြဲကျင်လည် ပြေးသွား မျောပါးနစ်မွန်း၍ နေကုန်သော အလုံးစုံသော သတ္တဝါတို့ကို မြင်တော်မူလျှင် ရွှေစင်ဇမ္ဗူရာဇ်ကို သွန်းသစ်သည့်ပမာ ယသောဓရာဒေဝီ မဟေသီဖွားမြင်သော စင်ကြယ်နုသေး ရှင်သေွးမျက်ရှု သားရဟုကဲ့သို့ ကရုဏာဓရွှေဉာဏ်တော်ဖြင့် နှိုးဆော်သတိမှတ်ဆုံးမတတ်သော သကတ်ဝိသိဋ္ဌ ဂုဏ်ထူးဟိတ်အလာကြောင့် သတ္တာ မည်တော်မူသော မြတ်စွာဘုရားသခင်သည် အရှင်နောင်မြတ်ဟို မစွန့်အပ်သော ဌာန ဇေတဝန်ဝိဟာရ၌ မျှတရှင်ပြုံး သီတင်းသုံးတော်မူခိုက်အခါ ဘုရားရှင်ကို ဖူးမြင်ခြင်းငှါ လာရောက်ကုန်သော ငါးရာကုန်သော အာဂန္တုက ရဟန်းတို့ကို ရည်မှန်းသမှု အကြောင်းပြုသောကြောင့် ဟောကြားတော်မူခဲ့ပေသတည်း။

### အကြောင်း အတ္ထုပ္ပတ္တိ အစဉ်ကား ဤသို့ပေတည်း

သာဝတ္ထိပြည်ကြီးကို ဆယ်သီးသော ရာဇဓမ္မ သင်္ဂဟဝတ္ထု အစုစုတို့ဖြင့် ကြည့်ရှုထောက်မျှော်လျက် မင်းပြုတော်မူသော ပသေနဒီ ကောသလမင်းကြီး၏ ပိုင်ရာ လွန်စွာ စည်ကားလှသော ကောသလတိုင်းကြီး၌ မျှတရှင်ပြုံး သီတင်းသုံးတော်မူကြကုန်သော ငါးရာကုန်သော ရဟန်းတို့သည် ဝါလကျွတ်မြောက် အခါရောက်က ဘုန်းတောက် မြတ်စွာ စောသတ္ထာကို သဒ္ဓါကြည်လင် ဖူးမြင်ကုန်အံ့ဟု ကြံ၍ ဇေတဝန်ကျောင်းတော်သို့ သွားရောက်၍ မြတ်စွာဘုရား ကိုယ်တော်မြတ်ကို ညွတ်ပျပ်ဝပ်လျှိုး ရှိခိုးကြပြီးသော် တင့်အပ်လျောက်ပတ်သော နေရပ်၌ ထိုင်နေကြကုန်၏။ မြတ်စွာဘုရား ကိုယ်တော်မြတ်သည် ထိုရဟန်းတို့၏ စရိုက် ဆန္ဒကျင့်ထုံးကို မှတ်တော်မူပြီးလျှင် တရားတော်ကို ဟောကြားတော် မူလိုသောကြောင့်—

၈၇။ ကဏှံ ဓမ္မံ ဝိပ္ပဟာယ၊ သုက္ကံ ဘာဝေထ ပဏ္ဍိတော။
ဩကာ အနောကမာဂမ္မ၊ ဝိဝေကေ ယတ္ထ ဒူရမံ။

၈၈။ တတြာဘိရတိ မိစ္ဆေယျ၊ ဟိတွာ ကာမေ အကိဉ္စနော။
ပရိယောဒပေယျ အတ္တာနံ၊ စိတ္တက္လေသေဟိ ပဏ္ဍိတော။

၈၉။ ယေသံ သမ္ဗောဓိယင်္ဂေသု၊ သမ္မာ စိတ္တံ သုဘာဝိတံ။
အာဒါနပဋိနိဿဂ္ဂေ၊ အနုပါဒါယ ယေ ရတာ။
ခီဏာသဝါ ဇုတိမန္တော၊ တေ လောကေ ပရိနိဗ္ဗုတာ —
• ဟူသော ဤဂါထာတော်ကို မိန့်တော်မူ၏။

ဒေသနာတော်၏ အကျိုးအာနိသင်

ဒေသနာတော်တို့၏ အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကုန်၏။

**အနက်ကား။** ။ပဏ္ဍိတော၊ ပညာရှိသည်။ ကဏှံ ဓမ္မံ၊ မဲညစ်သောအဖို့ရှိသော ဒုစရိုက်တရားကို။ ဝိပ္ပဟာယ၊ ပယ်စွန့်၍။ သြကာ၊ ဩကာ ဟု ဆိုအပ်သော အာလယမှ။ နိက္ခမိတွာ၊ ထွက်မြောက်၍။ အနောကံ၊ တဏှာကင်းရာချမ်းသာဟုတ်မှန် ပြည်နိဗ္ဗာန်ကို။ အာဂမ္မ၊ မပြတ်မစဲ အာရုံစွဲ၍။ သုက္ကံ၊ ဖြူစင်သန့်ရှင်းသော သုစရိုက်တရားကို။ ဘာဝေထ၊ ပွါးများရာ၏။ ယတ္ထ ဝိဝေကေ၊ အပေါင်းကင်းကွာ တစ်ယောက်တည်းသာ နေခြင်းတည်း ဟူသော ကာယဝိဝေက, ကိလေသာကို ပယ်ခွါကင်းဆိတ်စေတတ်သော သမာပတ်ဟုဆိုအပ်သော စိတ္တဝိဝေက, ခန္ဓာကင်းဆိတ်၍ နိဗ္ဗာန်ကို ရခြင်းတည်း ဟူသော ဥပဓိဝိဝေက, သုံးပါးသော အကြင်ဝိဝေက၌။ ဒူရမံ၊ မွေ့လျော်နိုင်ခဲ၏။ ကာမေ၊ ငါးပါးအာရုံ ကာမဂုဏ်တို့ကို။ ဟိတွာ၊ စွန့်လွှတ်၍။ အကိဉ္စနော၊ စိုးစဉ်းမျှအကြွင်းမရှိသည်ဖြစ်၍။ တတြ ဝိဝေကေ၊ ထိုဝိဝေက သုံးဌာန၌။ အဘိရတိံ၊ အလွန်မွေ့လျော်ခြင်းကို။ ဣစ္ဆေယျ၊ အလိုရှိရာ၏။ ပဏ္ဍိတော၊ ပညာရှိသောသူသည်။ စိတ္တက္လေသေဟိ၊ စိတ်ကိုညစ်ညူးစေတတ်သော ငါးပါးကုန်သော နီဝရဏတို့မှ။ အတ္တာနံ၊ မိမိကိုယ်ကို။ ပရိယောဒပေယျ၊ သန့်ရှင်းသုတ်သင်ဖြူစင်စေရာ၏။ ယေသံ၊ အကြင်ပုဂ္ဂိုလ်တို့အား။ သမ္ဗောဓိယင်္ဂေသု၊ သမ္ဗောဇ္ဈင်အင်္ဂါတို့၌။ သမ္မာ၊ အကြောင်းအခွင့် နည်းအသင့်ဖြင့်။ သုဘာဝိတံ၊ ကောင်းစွာပွါးများအပ်သော။ စိတ္တံ၊ စိတ်သည်။ အတ္ထိ၊ ရှိ၏။ တေ ပုဂ္ဂလာ၊ ထိုပုဂ္ဂိုလ်တို့သည်။ အနုပါဒါယ၊ မစွဲလမ်းမူ၍။ အာဒါနပဋိနိဿဂ္ဂေ၊ ဥပါဒါန်ကို စွန့်အပ်ရာမှန် နိဗ္ဗာန်ပြည်မြတ်၌။ ရတာ၊ မွေ့လျော်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ လောကေ၊ လောက၌။ ခီဏာသဝါ၊ ကုန်ပြီးသော အာသဝေါ ရှိကုန်သော။ ဇုတိမန္တော၊ ကြီးသော အာနုဘော်ရှိကုန်သော။ တေ ပုဂ္ဂလာ၊ ထိုပုဂ္ဂိုလ်တို့သည်။ ပရိနိဗ္ဗုတာ၊ သဉပါဒိသေသ, အနုပါဒိသေသဓာတ်ဖြင့် ငြိမ်းကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဤကားအနက်။

ဓမ္မပဒပဏ္ဍိတဝဂ်၌ တစ်ဆယ့်တစ်ခုမြောက် ဖြစ်သော ငါးရာကုန်သော
အာဂန္တုကရဟန်းတို့၏ ဝတ္ထုစကားစဉ်ကား ဤတွင်ရွေ့ ပြီး၏။

ဣတိ ဟံသာဝတီနဂရဿ တိဂုမ္ဘစေတိယဿ ဥတ္တရာနုဒိသာဘာဂေ မဟာအာရညိကဝိဟာရေ ဝသန္တေန စန္ဒိမာတိလဒ္ဓနာမေန အဋ္ဌဝဿိ· ကေန ဂဏဝါစကေန ဘိက္ခုနာ မရမ္မဘာသာယ ဒေသန္တော ကတော ဓမ္မပဒဝတ္ထော မဟာပကရဏေ ဆဋ္ဌ ပဏ္ဍိတဝဂ္ဂဿ မရမ္မဘာသဝတ္ထော နိဋ္ဌိတော။

ဓမ္မပဒပါဠိတော် အဋ္ဌကထာတို့၌ ခြောက်ခုမြောက်ဖြစ်သော

ပဏ္ဍိတဝဂ်သည်ကား ဤတွင်ရွေ့ ပြီးဆုံး၏။

ဓမ္မပဒဝတ္ထုတော်ကြီး ဒုတိယတွဲပြီး၏။

ပ·မ·သ·စ—၃၇—၂၆·၇·၈၂ (၁၀၀၀)